
မြိုင်
ဗန်းမော်တင်အောင်
ပြန်လည်ရိုက်နှိပ်ခြင်း

မြိုင်

ဗန်းမော်တင်အောင်

About Us

ကျွန်တော်တို့ အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက E-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများအတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ်ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။

တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီဖြစ်သော်လည်း နိုင်ငံတွင်းမှာတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန်ခက်ခဲလျက်ရှိသည်။ ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝ မရှိသလောက် ဖြစ်သည်။

ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့်ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်းဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီး ကိုယ်ကျိုးအတွက် လုံးဝ(လုံးဝ) အသုံးမပြုပါ။

"စာရေးဆရာများနှင့် စာပေထုတ်လုပ်ရေးများသို့ ပန်ကြားချက်"

စာပေထုတ်ဝေသူတို့ နှင့် ဆရာ၊ ဆရာမများအနေဖြင့် မြန်မာနိုင်ငံအတွင်းက e-Books Market အတွက်ကိုလည်း ဖြည့်ဆည်းပေးနိုင်ရန် အကြံပြုလိုပါသည်။ eBooks Digital Market ဟာ မြန်မာနိုင်ငံမှာ ကြီးမားစွာရှိနေပါပြီ။ Digital Product ဖြစ်သည့် အတွက် ဆရာ၊ ဆရာမများအတွက်လည်း ပိုမိုအကျိုးများပါသည်။

ကျွန်ုပ်တို့ ယခုကဲ့သို့ မူပိုင်ခွင့်ချိုးဖေါက်နေမှုများကိုလည်း လိုအပ်ချက်အရဟု နားလည်ခွင့်လွှတ်ပေးပြီး စာချစ်သူ၊ စာဖတ်သူများဆီသို့ တစ်နည်းနည်းနှင့် ပို့ပေးနေသည်ဟု နားလည်ပေးကြပါရန် ပန်ကြားတောင်းဆိုအပ်ပါသည်။

"စာဖတ်သူများသို့ ပန်ကြားချက်"

စာဖတ်သူများသို့ ပန်ကြားလိုသည်မှာ E-Book ဖတ်ပြီးလို့ "ကြိုက်နှစ်သက်တယ်" စာရေးသူများအား "အသိမှတ်ပြုသင့်တယ်"လို့ ယူဆပြီး ဖတ်ပြီးသွားလျှင်တောင် လက်လှမ်းမှီပါက မူရင်းစာအုပ်ကို ဝယ်ယူအားပေးကြပါ။ စာအုပ်များဝယ်ယူမှု မရှိလျှင် မိမိကြိုက်သော ဆရာ၊ ဆရာမတို့ နောက်ထပ်နောက်ထပ်သော ဖန်တီးမှုတို့ ပြုလုပ်ရန် ခက်ခဲပါလိမ့်မည်။ ထိုအခါ စာချစ်သူ၊ စာဖတ်သူများနှင့် မြန်မာနိုင်ငံ စာပေလောကအတွက် အနာဂတ်ကလေးငယ်များအတွက် များစွာ နစ်နာကြပါလိမ့်မည်။

ကျွန်တော်တို့ အဖွဲ့သားများဆိုလျှင်လည်း (E-book ရှိလျှင်) E-book များကို အဓိက ဖတ်ကြပါသည်။ ပြီးလျှင် စာရေးဆရာတို့အား "အသိမှတ်ပြုသောအားဖြင့်" တစ်ခုတည်းကို ရည်ရွယ်ပြီး စာအုပ် ဝယ်လိုက်တာတွေ များစွာရှိပါသည်။ ထို့ကြောင့် လက်လှမ်းမှီပါက မိမိကြိုက်နှစ်သက်သော ဆရာ၊ ဆရာမတို့၏ မူရင်းစာအုပ်များကို ဝယ်ယူအားပေးကြဖို့ တိုက်တွန်းပါသည်။

Be careful

အခကြေးငွေဖြင့် ရောင်းချခြင်း မပြုရ

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

Whisper of Words

ထောင်ကျနေတုန်းအခိုက်
ဝတ္ထုရှည်ကြီးတစ်ပုဒ်လောက်
ရေးပါလားဟု
တိုက်တွန်းဖူးသော
'ခင်ဦး'
သို့

ဗန်းမော်တင်အောင် (၁၉၂၀-၁၉၇၈)

ပဲခူးမြို့တွင် အဖ ကျောင်းဆရာ ဦးနေ၊ အမိ ဒေါ်စောမြိုင်တို့က ၁၉၂၀ ပြည့်နှစ် ဇွန်လ ၉ရက်နေ့တွင် မွေးဖွားသည်။ မွေးချင်းသုံးယောက်တွင် အကြီးဆုံးဖြစ်သည်။ ဇာတာအမည် မောင်တင်ဦး၊ အမည်ရင်း ဦးတင်အောင် ဖြစ်သည်။ ပဲခူး၊ တောင်ငူ၊ စစ်ကိုင်း၊ ဗန်းမော် အစိုးရ အထက်တန်းကျောင်းများ တွင် ပညာသင်ကြားခဲ့ပြီး ရန်ကုန် ဟိုက်စကူးကျောင်းမှ ၁၉၃၈ တွင် ဆယ်တန်းအောင်သည်။

ဆယ်တန်းအောင်ပြီးနောက် မြန်မာ့အလင်းသတင်းစာတွင် အလုပ်သင် သတင်းထောက် (၁၉၃၈)၊ စတီးဘရားသား သစ်ကိုယ်စားလှယ် (၁၉၃၉-၄၀) ဗြိတိသျှစစ်တပ် အထက်မြန်မာပြည်တပ်ရင်း တပ်စုမှူး (တပ်ကြပ်ကြီး) (၁၉၄၁-၄၂)၊ သစ်တောဌာန သစ်ဖြတ်ဝန်ထောက် (၁၉၄၂-၄၅)၊ စတီးဘရားသား သစ်ကိုယ်စားလှယ် (၁၉၄၅-၄၆)၊ ၁၉၄၆-၄၉ တွင် သစ်ကုန်သည်၊ သစ်အဝယ်တော်လုပ်ငန်းများ လုပ်ကိုင်ခဲ့သည်။

၁၉ နှစ်သားအရွယ်မှ စ၍ ဘုန်းမေ့နိုင်ဘူး ဝတ္ထုကို ရေးခဲ့သည်။ မောင်တင်အောင်၊ ဟိုက်စကူးကျောင်း အမည်ဖြင့် မြန်မာ့ရုပ်ရှင်၊ ဘားမားဂျာနယ်၊ မြန်မာ့တာဝန် မဂ္ဂဇင်းများတွင် ဝတ္ထုများ ရေးသည်။ မဟာအောင် ကလောင်အမည်ဖြင့် ဂျာနယ်ကျော်တွင် ဝတ္ထုများ ရေးခဲ့သည်။ နော်မူဂေးမှာ ဗန်းမော်တင်အောင်အမည်ဖြင့် စတင်ရေးသော ဝတ္ထုတိုဖြစ်သည်။ ဗန်းမော်တင်အောင်၏ ထင်ရှားသောဝတ္ထုများမှာ 'ဘုန်းမောင့်တယောက်တည်းရယ်' (၁၉၄၇)၊ 'ဒေါက်တာ ရေချမ်း' (၁၉၅၀)၊ 'သူပုန်ကြီး' (၁၉၅၁)၊ 'ပြည်တော်သာ ခင်ခင်ဦး' (၁၉၅၂)၊ "အမေ" (၁၉၅၃)၊ 'မုန်တိုင်းကထန်' (၁၉၅၇)၊ 'မြိုင်' (၁၉၅၈)၊ 'ငြေ' (၁၉၆၁)၊ 'ချစ်အဏ္ဏဝါတွေ' (၁၉၆၂) တို့ ဖြစ်သည်။

သူသည် "လင်းယုန်'ကို ၁၉၄၆ ခုနှစ်ကတည်းကပင် ပြည်မြို့မှ ထုတ်ဝေရန် ကြိုးစားခဲ့သည်။ ၁၉၅၀ ခုနှစ်တွင် မှ ရန်ကုန်မြို့ ၃၉ လမ်း၊

တိုက်အိုတိုက်ပျက်များ အကြားမှ နေ၍ စတင်ထုတ်ဝေနိုင်သည်။ ပထမတွင် လင်းယုန်ဂျာနယ်၊ နောက် လင်းယုန်သတင်းစာ၊ နောက် ဗမာစာပေမဂ္ဂဇင်း။ သူ၏ ဂျာနယ်၊ သတင်းစာနှင့် မဂ္ဂဇင်းတို့သည် အဖိနှိပ်ခံ ပြည်သူတို့ ဘက်မှ ရပ်တည်ရန် ကြိုးစားခဲ့သည်ကို သမိုင်းဆရာများ ငြင်းနိုင်မည် မဟုတ်ချေ။ ၁၉၅၁-၅၂ တွင် လင်းယုန်သတင်းစာ၊ ၁၉၅၈ တွင် မြန်မာစာပေမဂ္ဂဇင်း ထုတ်ဝေခဲ့သည်။ ၁၉၄၉ တွင် တာရာမဂ္ဂဇင်းတွင် တွဲဖက်အယ်ဒီတာ လုပ်ခဲ့သည်။

ဗန်းမော်တင်အောင်သည် ဖဆပလ အစိုးရခေတ်တွင် စာပေအရေး အသားကြောင့် ပထမဆုံး အဖမ်းခံရသူဖြစ်သည်။ ဗန်းမော်တင်အောင်သည် သူယုံကြည်သည်များကို စာပေဖြင့် ရေးသားတင်ပြရုံမျှမက လူထုလှုပ်ရှားမှုများတွင်လည်း ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့သည် ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက် မြန်မာနိုင်ငံတွင် အမှုဆောင်လူကြီး (၁၉၅၀-၆၃)၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းအမှုဆောင် (၁၉၅၀-၅၁)၊ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ အတွင်းရေးမှူးအဖွဲ့ဝင် (၁၉၅၇-၆၃)၊ စာရေးဆရာ စာပေကလပ်အမှုဆောင် (၁၉၆၁)၊ မြန်မာနိုင်ငံ စာရေးဆရာသမဂ္ဂ ဥက္ကဋ္ဌ (၁၉၆၃-၆၄) တာဝန်များကို ထမ်းဆောင်ခဲ့သည်။

၁၉၇၈ ခု အောက်တိုဘာလ ၂၃ ရက်တွင် အဆုတ်ကင်ဆာရောဂါဖြင့် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ခဲ့သည်။

(မလိခ၏ မြန်မာဝတ္ထုအညွှန်းမှ)

စာရေးသူ၏ အမှာ

ရန်ကုန်ထောင်ကြီးအတွင်း၌ လေးနှစ်ကျော်ကျော်မျှ အချိန်ကုန်လွန်ခြင်း ပြုလာခဲ့ရသော ကာလအတွင်း တန်ဖိုးရှိလှသော အချိန်ကို အလဟဿ အကုန်မခံနိုင်၍ စာရေးသူသည် စာအုပ်လေးအုပ်မျှ ရေးသားပြီးစီးခဲ့သည်။ ထိုစာအုပ်များမှ (၁) မြန်မာနိုင်ငံသမိုင်း၊ (၂) မှောင်မိုက်သော နေ့များ၊ (၃) မုန်တိုင်းကထန်နှင့် (၄) မြိုင်ဝတ္ထုများ ဖြစ်ကြသည်။

မုန်တိုင်းကထန်ဝတ္ထုကို ၁၉၅၇ ခုနှစ်၊ မတ်လအတွင်းက မြို့မစာနယ်ဇင်းမှ စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေခြင်း ပြုခဲ့လျက်၊ ဤ "မြိုင်" ဝတ္ထုကို ၁၉၅၇ ခု၊ ဇူလိုင်လထုတ် ရှုမဝမဂ္ဂဇင်းမှ အစပြု၍ အခန်းဆက် ဖော်ပြခြင်းပြုခဲ့သည်။ ကျန်စာအုပ်များ ဖြစ်ကြသော မြန်မာနိုင်ငံသမိုင်းနှင့် မှောင်မိုက်သောနေ့များကို ပုံနှိပ်ထုတ်ဝေခြင်း ပြုရန်အတွက် ထုတ်ဝေသူများနှင့် စကားပြောဆို စေ့စပ်နေဆဲဖြစ်၍ ပုံနှိပ်ထုတ်ဝေခြင်းကား မပြုရသေးပေ။

ရှုမဝမဂ္ဂဇင်းအခန်းဆက် ဝတ္ထုရှည်ကြီးအဖြစ်ဖြင့် ၈ လတိုင်တိုင် ဖော်ပြခဲ့ပြီးဖြစ်သော ဤ "မြိုင်" ဝတ္ထုအား ယခုတစ်ဖန် စာအုပ်အဖြစ်ဖြင့် ထုတ်ဝေသူများက ကြိုးကြိုးပမ်းပမ်းနှင့် စွန့်စွန့်စားစား ပုံနှိပ်ထုတ်ဝေခြင်း ပြုလုပ်ကြပြန်လေပြီ။ ဝတ္ထုရှည်ဆိုလျှင် ပုံသေနှစ်ကျပ်တန် စာအုပ်အဖြစ်သာလျှင် လက်ခံနေကြသော ယခုခေတ်၌ ဤ "မြိုင်" ဝတ္ထုအားအဘယ်သို့ လက်ခံခြင်း ပြုကြလိမ့်မည်ကိုကား မတွေးတော၊ မခန့်မှန်း တတ်သေးပေ။

ဇာတ်လမ်းတစ်ခုကို ဇာတ်ကောင်ခပ်များများ ဖန်ဆင်းထည့်သွင်းကာ ဇာတ်အိမ် ဇာတ်ကွက်တည်ဆောက်၍ ဖွဲ့နွဲ့ရေးသားခြင်းပြုသော မြန်မာဝတ္ထုများ အကြောင်းကို ၁၉၄၉ ခုနှစ်လောက်ပင် စာရေးသူသည် စာရေးသူမိတ်ဆွေအချို့နှင့် ဆွေးနွေးပြောဆိုဖူးသည်။ ထိုစာရေးသူ မိတ်ဆွေများထဲတွင် ဒဂုန်တာရာ၊ ဂျာနယ်ကျော်မမလေး၊ မန်းတင်၊ မြသန်း၊ ကျော်အောင်၊ ဘုန်းမြင့်နှင့် ကွယ်လွန်သူ မောင်ကြည်လင်လည်းပါသည် ထင်၏။ အထူးသဖြင့် ကွယ်လွန်သူ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၏ မန္တလေးမောင်ခင်မောင့်နာမည်ဖြင့် ရေးသားခဲ့သော မှိုင်းဝေဝေ၊ တင်တင်မြ၊ သန်းသန်း စသော ဝတ္ထုရှည်ကြီးများ အကြောင်း ပြောဆိုကြသည်ကို မှတ်မိ၏။ စာရေးဆရာကြီး မဟာဆွေ၏ ဈေးချိုသူဝတ္ထုကြီးလည်း ပါ၏။

ဇဝန၏ ကောလိပ်ကျောင်းသားဝတ္ထုကြီးလည်း ပါ၏။

ဤကဲ့သို့ မြန်မာဝတ္ထုရှည်ကြီးများ အကြောင်းကို ပြောဆိုကြရင်း နိုင်ငံခြားဝတ္ထုရှည်ကြီးများ အကြောင်းသို့ ကူးစက်သွားကြ၏။ ဒဂုန်တာရာက ဝိတိုရိယခေတ် အင်္ဂလိပ်ဝတ္ထုရှည်ကြီးများ အကြောင်းကို ပြောဆို၍ ကွယ်လွန်သူ မောင်ကြည်လင်က ရုရှားစာပေမှ တားဂီနစ်(ဗ်)၊ ဒိုတို့(ဗ်)စကီးနှင့် တော်(လ်)စတွိုင်းတို့၏ ဇာတ်ကောင်များများ နှင့် ဇာတ်အိမ်ရှည်လျားသော ဝတ္ထုရှည်ကြီးများ အကြောင်းကို ပြောဆို၏။

ထိုအချိန်ကာလလောက်မှ အစပြု၍ အင်္ဂလိပ်ဘာသာ အခေါ်အဝေါ်အားဖြင့် (Novel) ခေါ် ဝတ္ထုရှည်ကြီးများကို ရေးသားခြင်းပြုနိုင်ရန်အတွက် စာရေးသူသည် မိမိကိုယ်တိုင် စတင်ပြင်ဆင်ခြင်း ပြုလာခဲ့သည်။ မြန်မာဝတ္ထုရှည်ကြီးများထဲမှ လက်လှမ်းမီ၍ ရနိုင်သမျှ စာအုပ်များကို ရှာဖွေဖတ်ရှု လေ့လာခဲ့သည်။ သို့ရာတွင် ထိုအချိန်က လင်းယုန် သတင်းစာနှင့် ဂျာနယ်များကိုသာ အချိန်ပြည့်ပေး၍ လုပ်ကိုင်ခြင်း ပြုနေခဲ့ရသောကြောင့် ပြီးလွယ်နပ်လွယ် ဝတ္ထုများကိုသာ ရေးသားနိုင်လျက် စိတ်ထဲ၌ စွဲလမ်းနေခဲ့သော ဝတ္ထုရှည်ကြီးတစ်ပုဒ်ကိုကား မရေးသားနိုင်ခဲ့ပေ။

၁၉၅၂ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် စာရေးသူအား လင်းယုန် သတင်းစာနှင့် ဂျာနယ်များ ပုံနှိပ်ထုတ်ဝေခြင်းပြုနေသော အလုပ်ကို နိုင်ငံတော်အစိုးရမင်းများက ပိတ်ပင်ရပ်ဆိုင်းစေလျက် အုတ်နံရံလေးဖက် ကာထားသော ကျောင်းတော်ကြီးသို့ ပို့ဆောင်လိုက်သောအခါ အားလပ်သော အချိန် အတော်များများ ရရှိခဲ့သည် ထိုကဲ့သို့သော အခွင့်အရေးများသည် အလွန်တရာရနိုင်ခဲ့သည့် အားလျော်စွာ၊ ရတုန်း ရခိုက်၌ "မြိုင်" ဝတ္ထုရှည်ကြီးများ ရေးချနိုင်ခဲ့ခြင်းမျှသာ ဖြစ်သည်။ သို့ ရာတွင် မြိုင်ဝတ္ထုအား ရန်ကုန်ထောင်ကြီးအတွင်း၌ ရေးသားနိုင်ခဲ့သည်ကား မဟုတ်ပေ။ မြိုင်ဝတ္ထု၌ အခန်းပေါင်း (၃၃)မျှ ရှိသည့်အနက်၊ အခန်း (၂၃) ထိသာ ရေးသားပြီးစီးခဲ့ခြင်းဖြစ်သည်။ မြိုင်ဝတ္ထုမှာ အခန်း (၂၃)မှ နိဂုံးအထိ ပြန်လည်၍ အသစ်ထုတ်ဝေခြင်းပြုရသော လင်းယုန် သတင်းစာ ဂျာနယ်များနှင့် နပန်းလုံးရင်း ရေးသားခြင်းပြုရသောကြောင့် "ပြီးလွယ်နပ်လွယ်" များ ဖြစ်သွားလေမည်လား မသိတတ်ပေ။။

ဗန်းမော်တင်အောင်

အခန်း[၁]

(က)

နံနက်လင်းခါစဖြစ်၍ နှင်းများ တဖွဲဖွဲကျဆင်းကာ မြောက်လေသည် ဝေ့ယမ်းတိုက်ခတ်လျက် ရှိသည်။ ဤပြတင်းပေါက်ကျင်းများ အကြားမှ တစ်ချက်တစ်ချက် လေသင့်လာသောအခါ ဥသြငှက်၏ တွန်မြည်သံကို မသဲမကွဲ ကြားရစပြုလေပြီ။ သို့ရာတွင် သည်းထန်သော မြောက်လေနှင့် ထူထပ်သော နှင်းထုကြီးကို ဖောက်ထွင်းရန်းကန်ကာ ထွက်လာရသောကြောင့် နွေ၏တေးသံသည် ပီပီသသတော့ မရှိလှသေး။ တေးကတော့ နွေ၏ တေးပင် ဖြစ်လေသည်။

လင်းခါစဖြစ်၍ သစ်ရိပ်ဝါးရိပ်များဖြင့် ညို့ညို့မှိုင်းနေသော ရန်ကုန်အထက်လွှာများ၏ ရွှေတောင်ကြား ရိပ်သာဘက် တစ်လျှောက်တွင် နှင်းများ ထူထပ်စွာ တဖွဲဖွဲကျဆင်းလျက် ရှိသည်။ ထိုသို့နှင်းများ ထူထပ်နေသဖြင့် သစ်ခါစနေ့၏ အလင်းရောင်သည် နှင်းထုကြီးကို မထိုးဖောက် မရှင်းလင်းနိုင်သေး။ မြောက်လေကလည်း ဝေ့ယမ်း တိုက်ခိုက်နေသေးသည်။

မိုးလင်းခဲ့သည်မှာ အတန်ကြာသွားပြီဖြစ်သော်လည်း နှင်းများကား စဲနိုင်သည်မရှိ။ တဖွဲဖွဲကျဆင်းလျက်သာ နေလေသည်။ ခွဲလုခွဲရခါနီးဖြစ်သော ဆောင်းက ရှိရှိသမျှသော နှင်းကွင်းနှင်းကျန်များဖြင့် အလွမ်းသည် နှုတ်ဆက်နေခြင်း ဖြစ်ရော့သလား။ သို့မှမဟုတ်ဘဲ မခွဲနိုင်မခွာရက်၍ အတင်းအဓမ္မတွယ်ကပ်နေခြင်းပင် ဖြစ်ရော့သလား။ အမှန်ကိုကား မသိနိုင်ပေ။

လေဝေ့သဖြင့် ရိုးတံ၌ ညောင်းညာနေသော သစ်ရွက်၊ ဝါးရွက်များသည် ကြွေလဲလွင့်စဉ်ကြလေပြီ။ သို့ရာတွင် ပုရစ်က မကိုက်တတ်သေးသဖြင့် သစ်ပင်ဝါးပင်များသည် ငုံးတိတိနှင့် ဟာလာဟင်းလင်း ဖြစ်နေကြသည်။ ဟင်းလင်းပွင့်၍ နေသော ဝါးရုံပင်ထက် တစ်ခုဝယ် တစ်ကောင်သော ဥသြငှက်သည် မြောက်လေနှင့် နှင်းထုကို ပြက်ရယ်ပြုကာ နွေ၏ နှုတ်ခွန်းဆက် တေးဂီတကို ဖွဲ့နွဲ့ သီကုံးလျက်ရှိလေပြီ။ သို့ရာတွင် သည်းထန်သော မြောက်လေနှင့် ထူထပ်သော နှင်းထုကြီးကို ဖောက်ထွင်း ရန်းကန်ကာ ထွက်လာရသော ကြောင့် နွေ၏တေးသံသည် မပီမသဖြစ်နေသည်။ တေးကတော့မူ

နွေ၏ တေးပင်ဖြစ်လေသည်။

ရွှေတောင်ကြား၏ အတွင်းဘက် ခပ်ကျကျရှိ ကျယ်ဝန်းသော ခြံကြီးတစ်ခုအတွင်း၌ကား နှင်းများ တဖွဲဖွဲကျဆင်းကာ တိတ်ဆိတ်ငြိမ်သက်လျက် ရှိလေသည်။ စည်းစိမ်ရှင်များဖြစ်သော အိမ်သားများသည် အိပ်ရာမှ မထနိုင်ကြသေးသကဲ့သို့ အိမ်တံခါးများပင် မဖွင့်ကြသေးပေ။ စောင်ထူထူနှင့် အိပ်ရာထက်ဝယ် စည်းစိမ်ခံနေကြဟန် ရှိသည်။ ခြံကြီး၏ အစေခံဖြစ်သော မာလီကုလားတစ်ယောက်သည်သာ သူ၏ဝတ္တရားအတိုင်း ချမ်းချမ်းစီးစီးကြီးထဲတွင်ထကာ တိုက်၏ မျက်နှာစာတွင် တခမ်းတနား စိုက်ပျိုးထားသော ပန်းပင်များကို ရေလောင်းလျက် ရှိလေသည်။

ခြံ၏ ခေါင်းရင်းဘက်ရှိ ဝါးရုံဘက်မှ ဥသြသံကိုစ၍ ကြားရကတည်းက "မြိုင်" သည် အိပ်ရာမှ နိုးနေ၏။ သို့ရာတွင် နံနက်ခင်းသည် တော်တော်ကလေး အေးလျက် ရှိသောကြောင့် မြိုင်သည် အိပ်ရာမှ မထနိုင်သေးဘဲ ကွေး၍ ကောင်းတိုင်း ကွေးနေခြင်းဖြစ်သည်။ စောစောစီးစီး အိပ်ရာမှထ၍ လုပ်စရာ ကိုင်စရာ ဘာမျှလည်း ရှိသည်မဟုတ်။ အိမ်တွင် အစေခံများရှိ၏။ ဒေါ်လေး တစ်ယောက်လုံးလည်း ရှိသေး၏။ မြိုင့်အတွက် ပူစရာ ပင်စရာဆို၍ ဘာမျှရှိသည် မဟုတ်ပေ။ အိပ်ရာထက်ဝယ် စောင်ထူထူနှင့် စည်းစိမ်ယူဖို့သာ ရှိသည်။ ဤသို့သော စည်းစိမ်မျိုးကို လူတိုင်းလူတိုင်း ခံစားနိုင်သည်လည်း မဟုတ်။

အိပ်ရာထက်ဝယ် စောင်ထူထူနှင့် ကွေးရင်း မြိုင်သည် မပီသလှသေးသော နွေ၏ တေးသံကို နားသောတဆင်လျက် ရှိသည်။

မြောက်လေနှင့် နှင်းထု၏ အကြားမှာ ဥသြငှက်သည် နွေဦးကို ကြိုလင့်သည်။ မကြာမမြင့်မီ ဥတ္တရယဉ်နန်းသို့ ဥဒေါင်းငှက် ပျံသန်းရောက်ရှိလာတော့မည့် သတင်းစကားကို သံလေး သံတွဲနှင့် ဂါထာဖွဲ့လေပြီ။ ထိုလာလတ္တံ့သော ကာလ၌ မြိုင်ညိုတွင် သဇင် ချယားနှင့် စံပယ်ပန်းများ ဖူးပွင့်ကြတော့မည့်သတင်းစကားကိုလည်း ပြောကြားလျက် ရှိလေပြီ။

နွေ၏ တေးသံကို ကြားနာရသောအခါ အကြင်သူတစ်ဦး၏ နှလုံးသားအတွင်း၌ တစ်စုံတစ်ရာကို အောက်မေ့လွမ်းဆွတ်လာသလို ခံစားရ၏။ သို့ရာတွင် ဘာကိုအောက်မေ့လွမ်းဆွတ်ရမှန်းလည်း မသိ။

ဆောင်းကုန်လုနီးသော အခါတိုင်းလွမ်းဆွတ်ဖွယ်ရာ ကြားနာရတတ်သော ဥသြငှက်၏ တွန်မြည်သံကို အိပ်ရာထက်တွင် ကွေး၍ နေရာမှ မြိုင်သည် စဉ်းစားကြည့်မိ၏။ နွေသစ်တော့မည့်အကြောင်းကို ဥသြငှက်အား အဘယ်သူက အထောက်တော်လွှတ်၍ ပြောကြားစေခိုင်းသနည်း။ ဤသို့ ကွန်းထောက်ရသည့်အတွက် နွေ၏ ကျေးကျွန်သည် အဘယ်သို့သော အဖိုးအခကို ရရှိသနည်း။

အနက်မထင်သော နွေ၏ တေးသံကို စဉ်းစားလိုက်သောအခါ မြိုင်၏ ဦးနှောက် သည် ရှုပ်ထွေးလာ၏။ စိတ်ညစ်ညူးသလိုလည်း ဖြစ်လာ၏။ တကယ်တော့ မြိုင်သည် လေးနက်ခက်ခဲသော အကြောင်းအရာများကို အပင်ပန်းခံ၍ လည်းကောင်း၊ စိတ်ညစ်ညူး ခြင်းခံ၍ လည်းကောင်း၊ ဘယ်သောအခါမျှ စဉ်းစားခြင်းမပြုတတ်ပေ။ မြိုင်၏ အသိဉာဏ် နှင့် ဦးနှောက်သည် ပေါ့ပါး၍ လှပသော အကြောင်းအရာများလောက်သာ လက်ခံလေ့ရှိ သည်။ ထို့ကြောင့် လေးနက်ခက်ခဲသော ဥသြငှက်၏ ပဟေဠိကို မြိုင်သည် ဦးနှောက် အတွင်းမှ ထုတ်ပယ်ပစ်လိုက်သည်။ မေ့ပစ်လိုက်သည်။ ပင်ပန်းစရာများနှင့် ဦးနှောက် ရှုပ်စရာများကို မြိုင်သည် မုန်းတီးသည်။ တတ်နိုင်သမျှလည်း ရှောင်ကွင်းထွက်ပြေးလေ့ ရှိသည်။ မြိုင်သည် သာယာလှပသော အကြောင်းအရာတစ်ခုခုကို စဉ်းစားရန် ရှာဖွေ ကြည့်လေသည်။ သို့ရာတွင် မြိုင်တို့၏ ခြံခေါင်းရင်းဘက်၌ ဝါးရုံထက်မှ ဥသြငှက်ကတော့ သည်းထန်သော မြောက်လေနှင့် တဖွဲဖွဲကျဆင်းလျက်ရှိသော နှင်းများကို ကြောက်ရွံ့ခြင်း အလျဉ်းမရှိဘဲ နွေ၏ နှုတ်ခွန်းဆက် တေးဂီတကို ကျူးရင့်သီဆိုလျက် ရှိလေသည်။

လှပသော အကြောင်းအရာများကို ရှာဖွေရင်း ၎င်း၏ အချစ်တော် နှင်းဆီပန်းများကို မြိုင်သည် သတိရလာ၏။ သတိရခြင်းနှင့်အတူ မြိုင်တွင် စိုးရိမ်ပူပန်ရသော စိတ်များလည်း တစ်ပါတည်း ဝင်လာသည်။ အိပ်ရာထက်တွင် စောင်ထူထူနှင့် စည်းစိမ်ယူနေရသော ဘဝကိုပင် စိတ်ထဲ၌ မဖြောင့်လှတော့။ ခြံထဲသို့ပြေးဆင်း၍ နှင်းဆီပန်းများကို ကြည့်ချင်သည်။ အချစ်တော်ကလေးများအတွက် မြိုင်သည် စိတ်မချနိုင်အောင်ဖြစ်လာသည်။

မနေ့ညက ပြဇာတ်သို့သွားရင်း 'ကိုကိုလတ်' သည် မြိုင်တို့တိုက်သို့ ဝင်သွား၏။ ဤသို့ဝင်သွားသောအခါတိုင်း ကိုကိုလတ်သည် မြိုင်၏ အချစ်တော် နှင်းဆီပန်းများကို လစ်လျှင် လစ်သလို ခိုးသွားတတ်သည်။ ထိုသို့ ခိုးယူသွားသော နှင်းဆီပန်းများကို ၎င်းနှစ်သက်ပိုးပန်းလျက်ရှိသော

နာမည်ကျော် ရုပ်ရှင်နှင့် ပြဇာတ်မင်းသမီးဖြစ်သူ 'မေမေခင်' အား လက်ဆောင်ပေးလေ့ရှိသည်။ ဤသို့သော အလေ့အကျင့်ကို မကြိုက်ကြောင်း မြိုင်သည်ဒေါသတကြီးနှင့် ပြောပြတတ်သော်လည်း ရုပ်ရှင်နှင့် ပြဇာတ်မင်းသမီးကို အစွဲကြီး စွဲနေဟန်ရှိသော ကိုကိုလတ်ကတော့ အလျှော့ပေးခြင်း မရှိပေ။ သူ့အတွက် သူပိုးပန်းလျက် ရှိသော မိန်းကလေးတစ်ဦးက နှစ်သက်တတ်သည့်ပစ္စည်းကို လက်ဆောင်ပေးနိုင်ရန်သာ အရေးကြီးလျက်ရှိသည်။

မိမိအမြတ်တနိုးထားရှိသောပစ္စည်းကို ခိုးယူ၍ သူပိုးပန်းလျက်ရှိသည့် ကချေသည်မအား လက်ဆောင်ပေးသော ကိုကိုလတ်အပေါ်၌ မြိုင်သည် များစွာပင် စိတ်ဆိုးလေသည်။

"ကိုကိုလတ်ရဲ့ ကချေသည်မကို မျက်နှာလုပ်ချင်ရင် တခြားတစ်နေရာက သွားရှာ ပြီး မျက်နှာလုပ်ပါလား..."

ဟု မြိုင်က ကိုကိုလတ်အား မျက်နှာထားတင်းတင်းထား၍ ပြောဆိုပစ်လိုက်သည်။

ကိုကိုလတ်ကတော့ အပြုံးပင် မပျက်ပေ။ သူသည် မြိုင့်အကြောင်းကို ကောင်းစွာ သိရှိနားလည်ထားသူတစ်ယောက် ဖြစ်လေသည်။

"တခြားနေရာတွေမှာလည်း မေမေခင် ကြိုက်တတ်တဲ့ နှင်းဆီပန်းများကို ရှာမရ သေးလို့ပါ မြိုင်ရယ်..."

"ရှာမရရင်လည်း သူများပစ္စည်းနဲ့ ဘာပြုလို့ လောကွတ်ချော်ချင်ရတာလဲ..."

"မေမေခင်တစ်ယောက်ကလည်း မြိုင်လိုပဲ ဒီနှင်းဆီမျိုးကို သိပ်ချစ်တာ.."

မိမိအား ကချေသည်မနှင့်နှိုင်းယှဉ်၍ ပြောဆိုလာသည့်အတွက် မြိုင်သည် သာလွန်၍ ခံရခက်မိလေသည်။

"တော်ပါတော့ ကိုကိုလတ်ရဲ့ ကချေသည်မအကြောင်းကို... နောက်လည်း မြိုင်နဲ့ နှိုင်းယှဉ်ပြီး မပြောပါနဲ့...."

"ဒီလိုဆိုလည်း ကောင်းပါပြီခင်ဗျာ..."

မြိုင်က အဘယ်သို့ပင် နာကြည်းသွားအောင် ပြောဆိုခဲ့သော်လည်း ကိုကိုလတ် တစ်ယောက်ကတော့ ရှေးမူမပျက်ပေ။ သူအလိုရှိသောအခါတိုင်း မြိုင်၏ အချစ်တော် နှင်းဆီပန်းများကို လာရောက်ခိုးယူမြဲခိုးယူလေသည်။ သို့ရာတွင် မနေ့ညက ကိုကိုလတ်သည် မြိုင်အိမ်သို့ဝင်၍ ပြန်ထွက်သွားသောအခါ အမှုမဲ့အမှတ်မဲ့ဖြစ်၍ မြိုင်သည် သတိလစ်သွားသည်။ ယနေ့နံနက်ကျမှပင် လုပသောအကြောင်းအရာများကို ရှာဖွေရင်း ၎င်း၏ အချစ်တော် နှင်းဆီပန်းများကို မြိုင်သည် ပြန်လည် သတိရလာခြင်း ဖြစ်လေသည်။ ထိုသို့ သတိရခြင်းနှင့်အတူ မြိုင့်တွင် စိုးရိမ်ပူပန်ရသော စိတ်များလည်း တစ်ပါတည်း ဝင်လာသည်။ မြိုင်သည် သင်္ကာလတ်စောင်ကြီးကို ကတိုက်ကရိုက်ခွာချလိုက်ပြီးလျှင် အိပ်ရာထက်မှ ဆင်းလေသည်။ ညဝတ်အင်္ကျီကို ကပျာကယာလဲသည်။ မျက်နှာသစ်ရန် သတိမရနိုင်သေးဘဲ နက်ပြာရောင် သင်္ကာလတ်လောင်းကုတ်ကြီးကို ဆွဲဝတ်ကာ အခန်းတွင်းမှ ထွက်လာပြီးနောက် အောက်ထပ်သို့ ကမန်းကတန်း ဆင်းလာခဲ့လေသည်။

ထမင်းစားသော ခန်းမကြီးဘက်တွင် ကော်ဖီသောက်ရန် ပြင်ဆင်လျက်ရှိသော မြိုင်၏ ဒေါ်လေးသည် အိမ်အပေါ်ထပ်လှေကားမှ ဆင်းလာသော မြိုင်၏ ခြေသံကို ကြားရသဖြင့်...

"မြိုင်ရေ... နိုးပလားဟေ့"

ဟု လှမ်း၍ မေးလိုက်လေသည်။

"ဟုတ်ကဲ့ဒေါ်လေး"

ဟု ပြန်ပြောရင်း မြိုင်သည် ခြံထဲသို့ဆင်း၍ နှင်းဆီပန်းများ ကိုသာ အရေးတကြီးသွားရောက်ကြည့်ရှုလိုသော ဖောဖြင့် တိုက်ရှေ့သို့သာ ခပ်သုတ်သုတ် ထွက်လာသည်။

"ကော်ဖီသောက်တော့မလားဟေ့"

ဟု မြိုင်၏ ဒေါ်လေးက နောက်ထပ်၍ မေးလိုက် ပြန်၏။

"ဖေဖေကော သောက်ပြီးပလား... ဒေါ်လေး"

တိုက်အပြင်သို့ မထွက်သေးဘဲ စေ့ရုံသာ စေ့ထားသော အိမ်ရှေ့တံခါးဝ၌ ရပ်ရင်း မြိုင်က ပြန်၍ မေးလိုက်သည်။

"အစ်ကိုကြီး သောက်ပြီးလို့တောင် လမ်းလျှောက်ရအောင် ထွက်သွားပါပကော လား"

"ဒါဖြင့်လည်း ဒေါ်လေးသောက်နှင့်တော့လေ... မြိုင့်ကို စောင့်မနေပါနဲ့"

"ခြံထဲဆင်းပြီး မြိုင့်နှင်းဆီပန်းတွေ ခဏကလေးကြည့်လိုက်ဦးမယ် ဒေါ်လေး"

ဟု ပြန်၍ ပြောဆိုခဲ့ပြီးနောက် စေ့ရုံမျှစေ့ထားသော တံခါးကို တွန်းဖွင့်ကာ မြိုင်သည် တိုက်မျက်နှာစာ၌ သပ်သပ်ရပ်ရပ်

လှလှပပစိုက်ပျိုးထားသော နှင်းဆီပန်းပင်များ အကြားသို့ အပြေးကလေး ဆင်းသွားသည်။ ဤသို့ပန်းခြံထဲသို့ ဆင်းသွားစဉ်...

"ဒီကလေးမ တစ်ယောက်မို့ မချမ်းမစီးကွယ်"

ဟု နောက်ပိုင်း၌ ပြစ်တင်ညည်းတွားလိုက်သော ဒေါ်လေး၏ စကားကိုမူ မြိုင်သည် မကြားတော့၊ မြိုင်သည် မိမိပြုလုပ်လိုသော ကိစ္စတစ်ခုကို ငယ်စဉ်ကစ၍ ဇွတ်တရွတ်ပြုလုပ်လေ့ရှိသည်။

ခြံထဲတွင် မြောက်လေသည် ဖော့ယမ်းတိုက်ခတ်လျက် နှင်းများ တဖွဲဖွဲကျဆင်းနေသည်။ ဝါးရုံပင်ထက်မှ နွေ၏ အထောက်တော်ကလည်း သစ်တောမည့် နွေ၏ သဘင်ကို ဝါဒဖြန့်လျက်ရှိသည်။

စောစောစီးစီး ပန်းခြံထဲသို့ မြိုင်ဆင်း၍ ကြည့်သဖြင့် ခပ်စောစောက သူ့ဘာသာသူ ဣန္ဒြေရရ ရေလောင်းနေသော မာလီကုလားသည် ရေပင် ဖြောင့်ဖြောင့်တန်းတန်း မလောင်းနိုင်တော့ဘဲ ပျာပျာသလဲ ဖြစ်နေရှာလေသည်။ သခင်မလေးထံမှ မည်ကဲ့သို့သော အမိန့်မျိုးကို ကြားနာရပါမည်လဲဟူ၍ နားစွင့်နေလေသည်။

ချမ်းအေးလှသော နံနက်ခင်းနှင့် ပျာပျာသလဲဖြစ်နေသော မာလီကုလားကိုပါ သတိမထားမိဘဲ ရဲရဲနီနေအောင် ပွင့်လျက်ရှိသော နှင်းဆီပန်းများကို မြိုင်သည် လှည့်ပတ်ကြည့်ရှု နေသည်။ နှင်းဆီနီများကိုတော့ မြိုင်သည် တပ်မက်၏။ ချစ်၏။ ထို့ကြောင့် နှင်းဆီနီ မျိုးကို တကူးတကမှာယူ စိုက်ပျိုးခဲ့ခြင်းပင် ဖြစ်လေသည်။ ခြံထဲတွင် စိုက်ပျိုးထားသော အခြားပန်းပင်များထက် ဤနှင်းဆီများကို အထူးဂရုစိုက်ရန် မြိုင်သည် မာလီကုလားအား မကြာခဏအမိန့်ပေးတတ်သည်။ ညွှန်ကြားချက်များကိုလည်း ထုတ်လေသည်။

တစ်ခိုင်တည်းတွင် အပွင့်ကြီးငါးပွင့်မျှပွင့်လျက်ရှိသော နှင်းဆီခိုင်တစ်ခိုင်ကို မြိုင်သည် အတန်ကြာမျှ ရပ်၍ ရှုန်းရှုန်းစားစားကြည့်လေသည်။ ထိုပန်းခိုင်သည် များစွာလှပ သဖြင့် ဘုရားတင်ရလျှင် ကောင်းမည်လားဟုလည်း စဉ်းစားမိသည်။ တစ်ခိုင်တည်းတွင် ပန်းက ငါးပွင့်ဖြစ်နေ၍ အနန္တော-အနန္တငါးပါးနှင့်လည်း ဆက်စပ်စဉ်းစားမိလေသည်။ ဘဒ္ဒကမ္ဘာ၏ ဘုရားငါးဆူနှင့်လည်း

ဆက်စပ်စဉ်းစားမိလေသည်။ ဗုဒ္ဓဘာသာ မိရိုးဖလာမှ ဆင်းသက်လာသော မိန်းကလေးတစ်ယောက်ပီပီ မြိုင်သည် ဘာသာတရားကို အလေးဂရုပြုလေ့ရှိသည်။ ရတနာသုံးပါးကိုလည်း အမြဲဆည်းကပ်ကိုးကွယ်၍ အစဉ်အလာများကိုလည်း တစ်သဝေမတိမ်း လိုက်နာသည်။ သီတင်းရက်များတွင် မြိုင်သည် သက်သတ်လွတ်စားလျက် လပြည့်လကွယ်နေ့များတွင်ကား ဥပုသ်စောင့်လေသည်။

ဘုရားကပ်ရန်အတွက် ထိုနှင်းဆီခိုင်အား မာလီကုလားကို အဖြတ်ခိုင်းလိုက်ပြီး နောက် အိမ်ထဲသို့ပြန်ဝင်တော့မည်ပြုလုပ်ပြီးမှ မြိုင်သည် တစ်စုံတစ်ခုကို ရုတ်တရက် ပြန်လည်သတိရလာသကဲ့သို့ မဝင်သေးဘဲ နှင်းဆီပန်းများကို တစ်ပွင့်ချင်း လိုက်လံရေတွက်ကြည့်လေသည်။

"မြိုင်ရေ.... ကော်ဖီမသောက်သေးဘူးလားဟေ့-တော်တော်ကြာရင် အေးကုန်လိမ့် မယ်"

နှင်းဆီပန်းများကို တစ်ပွင့်ချင်းလိုက်လံ၍ ရေတွက်ကြည့်နေသည့်အခိုက် မြိုင်၏ ဒေါ်လေးက ကော်ဖီသောက်ရန် လှမ်း၍ သတိပေးလေသည်။ နှင်းဆီပန်းများကို ရေလက်စ ဖြစ်သဖြင့် အရေပျက်သွားမည်စိုး၍ မြိုင်သည် ဒေါ်လေးလုပ်သူအား ဘာမျှပြန်၍ မပြောနိုင်ဘဲ ရေလက်စဖြစ်သော နှင်းဆီပန်းများကိုသာ ဆက်၍ ရေနေသည်။ မနေ့ညနေခင်းက အိမ်ပေါ်သို့မတက်မီကလေးပင် မြိုင်သည် ၎င်း၏ နှင်းဆီပန်းများကို သေသေချာချာ ရေ ခဲ့သေး၏။ စုစုပေါင်း သုံးဆယ့်ငါးပွင့်တိတိရှိလေသည်။

"နှစ်ဆယ့်ရှစ် ... နှစ်ဆယ့်ကိုး ... သုံးဆယ် ဟင် ... ဒါပဲလား ..."

မြိုင်သည် မျက်နှာပျက်သွား၏။ မနေ့က အိမ်ပေါ်သို့ နောက်ဆုံးမတက်မီ ပန်းပွင့်များကို ရေကြည့်ခဲ့စဉ်က အားလုံးပေါင်း သုံးဆယ့်ငါးပွင့်မျှရှိခဲ့၏။ သို့ရာတွင် ယခု၌မူကား ငါးပွင့်တိတိ လျော့သွားလေပြီ။ မြိုင်၏ နှင်းဆီပန်း ငါးပွင့်ကို အဘယ်ရန်သူတော်သည် ဆောင်ကြဉ်းသွားပြီနည်း။

ထိုရန်သူတော်ကိုတော့ မြိုင်သည် တပ်အပ်သေချာစွာ သိရှိနှင့်ပြီးဖြစ်လေသည်။ ထိုသူသည် ကိုကိုလတ်အပြင်

အခြားအဘယ်သူဖြစ်နိုင်ဦးမည်နည်း။ မြိုင်သည် ကိုကိုလတ် အပေါ်၌ တော်တော်ကလေး ဒေါသဖြစ်မိသည်။ ခံပြင်းမိသည်။

ကိုကိုလတ်သည် သူစွဲလမ်းပိုးပန်းလျက်ရှိသော ရုပ်ရှင်နှင့်ပြဇာတ်မင်းသမီးသည် မြိုင့်နည်းတူ နှင်းဆီနီများကို အလွန်တရာနှစ်သက်ကြောင်း မြိုင့်အား မကြာခဏ ပြောပြလေ့ရှိသည်။ မိမိအား ဤကဲ့သို့ ကချေသည်မတစ်ယောက်နှင့် နှိုင်းယှဉ်၍ ပြောဆိုလာကတည်းက မြိုင်သည် ကိုကိုလတ်အပေါ်၌ အတော်ပင် မကျေမချမ်းဖြစ်မိလေသည်။ မိမိကဲ့သို့ ဂုဏ်သရေရှိအထက်တန်းစား မိန်းကလေးတစ်ဦးတစ်ယောက်ကို ကြေးတန်းစား ဇာတ်သမနှင့် နှိုင်းယှဉ်ခြင်းအား မြိုင်သည် များစွာအခံရခက်သည်။ မိမိ၏ နှင်းဆီပန်းကို ခိုးယူသွားသည်ထက် အခံရခက်သည်။

မြိုင်သည် ကိုကိုလတ် ပိုးပန်းနေသော ရုပ်ရှင်နှင့် ပြဇာတ်မင်းသမီးကို အနုပညာသည်တစ်ဦးအဖြစ်နှင့်ကား မမြင်ပေ။ အကျင့်စာရိတ္တလျော့ပါးသော အပေါစား မိန်းမတစ်ယောက်ဟူ၍ လောက်သာ သဘောထားလေသည်။ ထို့ကြောင့်လည်း တစ်ဖက်သတ်ပင် အထင်အမြင်သေးလျက် ရှိသည်။ တကယ်ဆိုတော့ ထိုအပေါစားမိန်းမတစ်ယောက်သည် သူ၏ အတတ်ပညာဖြင့် သူ့အသက်မွေးဝမ်းကျောင်းသူ လုပ်ကိုင်စားသောက်နေသည် မဟုတ်လား။ မိဘ၏ ထမင်းအိုးထဲမှ အေးအေးဆေးဆေး ခူးခပ် စားသောက်နေသော မြိုင်က သည်အထိတော့ မမြင်သေးပေ။

နောက်တစ်ချက်လည်း ရှိသေး၏။ ထိုအချက်မှာ အခြားမဟုတ်။ လဲ့လဲ့ကဲ့သို့ ဂုဏ်ရည်တူ သူဌေးသမီးကိုတော့ မလေးမခန့်ပြုကာ အကျင့်စာရိတ္တလျော့ပါးသော ကချေသည်မကို တမ်းတမ်းစွဲဖြစ်နေသော ကိုကိုလတ်၏ စိတ်နေသဘောထားပင်ဖြစ်လေသည်။ လဲ့လဲ့နှင့် ကိုကိုလတ်တို့သည် နှစ်ဦးနှစ်ဖက်သော လူကြီးမိဘများက ရည်မှန်းထားပြီးသော လူငယ်များဖြစ်ကြသည်။ မြိုင်နှင့် လဲ့လဲ့တို့သည်လည်း အလွန်တရာ ခင်မင်ရင်းနှီးကြသော ကျောင်းနေဘက် သူငယ်ချင်းများဖြစ်ကြသဖြင့် မြိုင်သည် ကိုကိုလတ်အား လဲ့လဲ့နှင့်များစွာ သဘောတူ ကျေနပ်လျက်ရှိခဲ့သည်။ သို့သော် ကိုကိုလတ်သည် မြိုင်၏ သဘောတူကျေနပ်မှုကို ပြက်ရယ်ပြုကာ ကချေသည်မတစ်ယောက်အား မြိုင်၏ အချစ်တော် နှင်းဆီပန်းများကို ခိုးယူ၍ မျက်နှာလုပ်လျက် ရှိလေသည်။

မြိုင်သည် ကိုကိုလတ်အပေါ်၌ ခွင့်မလွှတ်နိုင်လောက်အောင်ပင် ဒေါသဖြစ်လာသည်။ သည်တစ်ခေါက် မြိုင်တို့ တိုက်သို့ ကိုကိုလတ်လာလျှင် ဆူပူ၍ ရန်တွေ့ လွှတ်လိုက် ဦးမည်ဟုလည်း မြိုင်က ငြိုးထားလိုက်သည်။

"မြိုင်ရေ… ခုထက်ထိ မလာသေးဘူးလားဟေ့ …၊ ကော်ဖီတွေတောင် အေးလာပြီ…"

မြိုင်၏ ဒေါ်လေးသည် မြိုင်အား လှမ်း၍ ခေါ်လိုက်သည်။

မြိုင်ကတော့ မကြားလိုက်ပေ။ ခိုးယူသွားခြင်းခံရသော အချစ်တော်နှင်းဆီပန်းကလေးများအတွက် စိတ်မကောင်းဖြစ်နေသည်။ ခိုးယူသွားသော ကိုကိုလတ်အပေါ်၌ လည်း ဒေါသထွက်နေသည်။

ဥသြသည် နွေဘွဲ့ကို မမောမပန်း သီဆိုလျက်ရှိတုန်းပင် ဖြစ်၏။ သို့ရာတွင် မြိုင်သည် နွေ၏ တေးသံကို မကြားမိ။ ကြားလည်းမကြားချင်ပေ။

နှင်းများသည် စောစောကထက်ပင် ထူထပ်စွာ ကျလာ၏။ လေကလည်း ဖေ့ယမ်း တိုက်ခတ်လျက် ရှိ၏။ သို့ရာတွင် ချမ်းအေးရခြင်းကိုပင် သတိမရနိုင်လောက်အောင် မြိုင်သည် ကိုကိုလတ်အပေါ်၌ ဒေါသဖြစ်နေ၏။ နှမဖြစ်သူ အမြတ်တနိုးထားရှိသော ပစ္စည်းကို ခိုးယူသွားပြီးလျှင် အပေါစားဇာတ်သမတစ်ယောက်အား မျက်နှာလိုမျက်နှာရသွား၍ လက်ဆောင်ပေးသော မောင်လုပ်သူကို အဘယ်နှမဖြစ်သူက နှစ်သိမ့်ကြည်ဖြူ နိုင်လိမ့်မည်နည်း။

အိမ်ထဲသို့ပြန်မဝင်ဖြစ်သေးဘဲ နှင်းဆီပင်များအကြား၌ မြိုင်သည် ငိုင်၍ ရပ်မြဲ ရပ်နေသည့်အခိုက်အော်စတင်ကားကလေးတစ်စီးသည် မြိုင်တို့ခြံအတွင်းသို့ တံခါးဝမှ ခပ်ဖြည်းဖြည်း မှန်မှန်မောင်း၍ ဝင်လာ၏။ ထို့နောက် တိုက်ရှေ့ဆင်ဝင်အောက်တွင် ညင်သာစွာ ထိုး၍ ရပ်လိုက်၏။

ခြံအတွင်းသို့ ကားတစ်စီးဝင်လာသည်ကိုပင် မြိုင်သည် မသိလိုက်ပေ။ မြိုင်၏ အကျင့်တစ်ခုကား တစ်စုံတစ်ရာ၌ စူးစိုက်မိလျှင် ဘေးပတ်ဝန်းကျင်တစ်ခုလုံးကို သတိမရတော့ခြင်းပင် ဖြစ်လေသည်။

အော်စတင်ကားကို ကိုယ်တိုင်မောင်းလာသော လူရည်သန့်သန့်နှင့် အသက်အစိတ် သာသာခန့် လူရွယ်သည် ကားတံခါးကိုဖွင့်၍ ဆင်းလာပြီးလျှင်... "မြိုင်... ဟေး မြိုင်" ဟု ခပ်အုပ်အုပ်ကလေးခေါ်ကာ မြိုင်ရပ်နေသော နှင်းဆီပင်များအကြားသို့ အူယားဖားယား ပြေးလာသည်။

မြိုင်သည် ရုတ်ခနဲ လှည့်ကြည့်လိုက်သည်။ ထိုလူရွယ်ကို မြင်လိုက်လျှင်ပင် မြိုင်သည် ထိုလူရွယ်အား မျက်နှာချင်းပင် ဆိုင်၍ မကြည့်လို၊ မမြင်လိုသကဲ့သို့ ချာကနဲ တစ်ဖက်သို့ မျက်နှာလှည့်သွားပြီးလျှင် ကျောခိုင်းပစ်လိုက်လေသည်။

"ကိုလတ် ချောက်ကျလာလို့ မြိုင်ရယ် ကိုလတ်ကို ကူပါဦး..."

တစ်စုံတစ်ခုသော အကျပ်တည်းနှင့် တွေ့လာရာမှ သူ၏ ထွက်ပေါက်ကို မရှာဖွေတတ်သကဲ့သို့ ကျောခိုင်း လျက်ရှိသော

နှမဝမ်းကွဲဖြစ်သူအား ကိုကိုလတ်သည် မျက်နှာသေကလေးဖြင့် တောင်းပန် ပြောဆိုလေသည်။

"သွား... သွား... မြိုင့်ကို ဘာမှလာမပြောနဲ့တော့"

မြိုင်သည် နောက်သို့ပင် လှည့် မကြည့်ဘဲ ခပ်ကျယ်ကျယ်ကလေးပင် အော်ငေါက် ပြောဆိုလိုက်လေသည်။ မွေးချင်း ပေါက်ဖော်ရှားပါးသဖြင့် ဝမ်းကွဲအစ်ကိုဖြစ်သူကိုပင် အစ်ကိုအရင်းနှင့်မခြား ချစ်ခင်လေ့ ရှိသော မြိုင်သည် အခုအခါ၌ ကိုကိုလတ်အား မျက်နှာချင်းပင် မဆိုင်လိုတော့အောင် မကျေမချမ်းဖြစ်နေ၏။

"တကယ်ပြောတာပါ မြိုင်ရယ်..."

ဟု ကိုကိုလတ်က အသံတိမ်ကလေးနှင့် ဆက်လက်၍ တောင်းပန်နေပြန်၏။

"သွား... သွား... ကိုကိုလတ် ပြောတာ မြိုင် ဘာမှ မကြားချင်ဘူး"

"ကိုကိုလတ်တကယ့်ကို ချောက်ကျလာလို့ပါ မြိုင် ဒီတစ်ခေါက်သာ မြိုင်မကယ်ရင် ကိုလတ်တော့ ဒုက္ခပဲ..."

မြိုင်သည် ဘာမျှပြန်၍ မပြောဘဲ ကျောခိုင်းထားမြဲ ထားလေသည်။ ကိုကိုလတ်သည် နှမဖြစ်သူ၏ အကြောင်း ကောင်းစွာသိရှိထားပြီး ဖြစ်သည့် အလျောက် မိမိအား ကျောခိုင်း၍ နေသော မြိုင်နှင့် မျက်နှာချင်းဆိုင်နိုင်ရန် ကြိုးစားကြည့် လေသည်။ ကိုကိုလတ်က မြိုင်နှင့် မျက်နှာချင်းဆိုင်သွား၍ ရပ်လိုက်သောအခါ မြိုင်သည် တစ်ဖက်သို့ လှည့်၍ နေလိုက်ပြန်လေ၏။

ကိုကိုလတ်သည် သက်ပြင်းတစ်ချက်ချလိုက်ကာ...

"အရေးထဲမှာ အလကားနေရင်းပဲ စိတ်ကောက်နေရသေးသလား မြိုင်ရယ်"

ဟု ညည်းညူပြောဆိုလေသည်။ ထိုသို့ပြောဆိုလိုက်လျှင် မြိုင်သည် ကျောခိုင်း၍ ရပ်နေရာမှ ချာခနဲလှည့်လာ၏။

"ဘာအလကားနေရင်း စိတ်ကောက်နေသတဲ့လား... ကိုကိုလတ်

ကချေသည်မကို ပိုးကြေးပေးဖို့ မြိုင့်နှင်းဆီ ပန်းငါးပွင့်ခိုးသွားပြီးတော့မှ ဟင်း…”

ဟု ဒေါသကလေးဖြင့် ပြောချလိုက်လေသည်။ ဤတစ်ကြိမ်တွင် မိမိလည်း မခိုးရသောကြောင့် ကိုကိုလတ်သည် ရုတ်တရက် ဘာမျှပြန်၍ မပြောတတ်ဘဲ မြိုင့်အား မျက်လုံးအပြူးသားနှင့် ကြည့်နေမိသည်။

"ဘာလဲ သူများနှင်းဆီပန်းတွေ ခိုးသွားပြီးမှ ဘာငြင်းဦးမလို့လဲ”

“ကိုလတ် မခိုးရပါဘူး မြိုင်ရယ်…”

“ကိုကိုလတ် မခိုးရင် ဘယ်သူခိုးဦးမှာလဲ… မြိုင်ကို မညာစမ်းပါနဲ့…"

“တကယ်ပြောတာပါမြိုင်ရယ်၊ ခါတိုင်းယူရင် ယူတယ်လို့ ဝန်ခံသားပဲ မဟုတ်လား”

“ခိုးတာနဲ့ အားမရသေးဘဲ ထပ်ညာချင်သေးလို့လား…”

ကိုကိုလတ်သည် ဤကိစ္စကိုသာ ဆက်လက်၍ ငြင်းခုံနေလျှင် မိမိ၏ လိုရင်းကိစ္စကို တော်တော်နှင့် ပြော၍ မပြီးစီးဘဲ ဖြစ်နေတော့မည်အရေးကို စဉ်းစားမိသဖြင့်…

“ဒါဖြင့်လည်း မြိုင့်နှင်းဆီပန်းတွေအစား မြိုင်ကျေနပ်အောင် လျော်ပေးပါ့မယ် မြိုင်ရယ် ဒီတစ်ခေါက်တော့ ကိုလတ်ကို ကူပါဦး..”

ဟု အလျှော့ပေး၍ တောင်းပန်ပြောဆိုလေသည်။

“မြိုင်ကျေနပ်အောင် လျော်ပေးမယ်ဆိုပြီး ဒီလိုပဲ လုပ်နေတာ ဘယ်နှခါရှိပြီလဲ”

“နောက်မလုပ်တော့ပါဘူး မြိုင်ရယ်… ဒီတစ်ခါသာ ကိုလတ်ကို ဆက်ဆက်ကူပါဦး”

“ဘာနောက်တစ်ခါ မလုပ်တော့ဘူးလဲ၊ တော်ပါ… ကိုကိုလတ်စကားဆိုရင် မြိုင် ဘယ်တော့မှ မယုံတော့ဘူး…"

"ကိုလတ် တောင်းပန်ပါတယ် မြိုင်ရယ် ဒီကိစ္စအသာထားပြီး ကိုလတ်ကိစ္စကိုတော့ ဒီတစ်ခါကူညီပေးပါဦး..."

"ကိုကိုလတ်ကိစ္စက ဘယ်လိုကိစ္စလဲ တစ်ခုခုဖြစ်လာရင် မြိုင်ကို လာလာပူတာပဲ"

မြိုင်သည် ပြေလွယ်ပျောက်လွယ်သော မိန်းကလေးလည်း ဖြစ်သည်။ အစွဲမထားတတ်။ ခွင့်လွှတ်တတ်သည်။

"ကိုလတ် မနေ့ညက အိမ်ပြန်မအိပ်နိုင်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး မေမေနဲ့ ဖေဖေတို့ကို မြိုင်ကကူပြီး လိမ်ပေးစမ်းပါဦး... ဘာဖြစ်ဖြစ် မြိုင်ပြောရင် လူကြီးတွေက ယုံကြတယ်..."

မိမိ၏ နှင်းဆီးပန်းများကို ခိုးယူသွားပြီးနောက် ယခုတစ်ဖန် ခေါ်းခုတ်ရာတွင် ဘာမဆိုင် ညာမဆိုင်နှင့် မိမိကိုပင် လက်ဝင်လျှိုခိုင်းလာပြန်သော ကိုကိုလတ်အား မြိုင်သည် ခံပြင်းမိသည်။ စောစောက ပြေလည်စပြုလာသော စိတ်သည်ပင် ပြန်၍ ဆိုးလာသည်။ သူ့ဘာသာသူ စည်းမဲ့ကမ်းမဲ့လျှောက်လည်၍ အိပ်ချင်ရာနေရာ၌ အိပ်နေခဲ့ပြီးမှ မိမိအား လူကြီးမိဘများကို လာ၍ အလိမ်ခိုင်းနေသော ကိုကိုလတ်ကို မြိုင်သည် တော်တော်ကလေး စက်ဆုပ်မိသည်။

"သွား... သွား... သွား.. သူများနှင်းဆီပန်းလည်း ခိုးယူပြီး သူများကိုလည်း သူခိုး သေဖော် လာညှိနေသေးတယ်... သွား... သွား... မြိုင်ကို ဘာမှလာမပြောနဲ့တော့"

ဟု မြိုင်က ငြင်းဆန်ပြောဆိုနေသည့်အခိုက် စောစောက ဘုရားတင်ရန် ဖြတ်ခိုင်းခဲ့သော နှင်းဆီ ပန်းခိုင်ကို ရေမိုးသွားရောက် ဆေးကြောပြီးနောက် မာလီကုလားသည် မြိုင့်အား လာ၍ ပေးလေသည်။ ထိုသို့ နှင်းဆီပန်းခိုင်ကို မာလီကုလားလာ၍ ပေးတော့မှ စောစောက မိမိ အရေမှားမိခဲ့သောအဖြစ်ကို ပြန်၍ သတိရကာ ကိုကိုလတ်အပေါ်၌ မိမိတစ်ဖက်သတ် စွပ်စွဲခဲ့သောအဖြစ်ကို နောင်တရလေသည်။ သို့ရာတွင် မြိုင်သည် မိမိအား သူခိုးသေဖော် ညှိနေသော ကိုကိုလတ်ကို မျက်နှာသာ မပေးလိုသေးသဖြင့် မိမိ၏ အမှားကို ဖုံးထားလိုက်သည်။ နောက်တစ်နေ့မှပဲ အေးအေးဆေးဆေး ပြောပြမည်ဟု အောက်မေ့ထားလိုက်သည်။

"တကယ်ပြောနေတာပါ မြိုင်ရယ်... ညက ပြဇာတ်ကအပြန် ကိုလတ် မိတ်ဆွေ တစ်ယောက်ကို အရေးတကြီးကိစ္စတစ်ခုအတွက်နဲ့ ပဲခူးကိုလိုက်ပို့ပေးခဲ့ရလို့ပါ... အဲဒါကို ဖေဖေနဲ့မေမေ့ကို ပြောပြရင်လည်း ယုံချင်မှ ယုံကြမှာ"

"မြိုင်ကကော... ကိုကိုလတ် အခုပြောတာကို ယုံရမှာလား"

"အရေးထဲမှာ မြိုင်ကလည်းကွာ..."

"မိတ်ဆွေတစ်ယောက်ကို ပဲခူးလိုက်ပို့ရတယ်ဆိုပြီး တကယ်ကျတော့ ကချေသည်မရဲ့အိမ်မှာ ဒရဝမ် သွားလုပ်နေရသလားမှ မပြောတတ်တာ"

မြိုင်က ခပ်တည်တည်နှင့် ပြောဆိုလိုက်သောအခါ ကိုကိုလတ်သည် ရုတ်တရက် မျက်နှာပျက်၍ သွားလေသည်။ သူသည် မြိုင်၏ စွပ်စွဲချက်အား အဘယ်သို့ငြင်းကွယ်ရမည်ကိုပင် အစရှာ၍ မရနိုင်အောင်လည်း ဖြစ်သွားသည်။ မြိုင်သည် ထိုစကားကို လွှတ်ခနဲ ပြောလိုက်ခြင်းမျှသာ ဖြစ်သော်လည်း ကိုကိုလတ်အဖို့ရာ၌ကား ကြောက်မက်ဖွယ်ပင် မှန်နေသည်။

မနေ့ညက ပြဇာတ်အပြီးတွင် မေမေခင်က တရုတ်တန်းဘက်တွင် ဘဲသား ဆန်ပြုတ် စားချင်သည်ဆို၍ ကိုကိုလတ်သည် လိုက်၍ ပို့ပေးခဲ့ရသည်။ တရုတ်တန်းဘက်တွင် ဘဲသားဆန်ပြုတ် စားသောက်ပြီးစီးသောအခါ ၎င်း၏ ကားနှင့်ပင် မေမေခင် ငှားရမ်းနေသော ကျောက်မြောင်းဘက်ရှိ အိမ်သို့လိုက်ပို့ရပြန်လေသည်။ မေမေခင်၏အိမ် သို့ရောက်သောအခါတွင် နာရီပြန်တစ်ချက်ပင် တီးသွားခဲ့လေပြီ။ သို့ရာတွင် မေမေခင်က သူ့အားပြန်၍ မလွှတ်သေးဘဲ ကော်ဖီဖျော်တိုက်နေပြန်သဖြင့် မငြင်းဆန်နိုင်ဘဲ သောက်ရ ပြန်လေသည်။ ကော်ဖီသောက်ရင်း မေမေခင်က သူငယ်စဉ်က သီလရှင်ကျောင်း၌ နေခဲ့ဖူးသောအကြောင်းအရာ အဖြစ်အပျက်များကို ပြောပြနေသဖြင့် နှစ်နာရီထိုးသွားခဲ့သည်။ နှစ်နာရီထိုးပြီဖြစ်၍ မိမိအားအိမ်သို့ ပြန်ခွင့်ပြုရန် ခွင့်တောင်းသောအခါ ညဉ့်နက်နေပြီ ဖြစ်၍ ၎င်းအိမ်၌အိပ်စက်သွားရန် မေမေခင်က ပြောဆိုလာသည်။ မေမေခင်ကသာလျှင် မဟုတ်၊ ၎င်းအား ထိန်းသိမ်းစောင့်ရှောက်နေဟန်ရှိသော အဒေါ်ကြီးကပါ အိပ်စက်သွားရန် ဝင်ရောက်ပြောဆိုလာပေသည်။ တကယ်ဆိုသောအခါလည်း မိမိနှစ်သက်ပိုးပန်းနေသော မိန်းကလေးတစ်ယောက်က ၎င်း၏ အိမ်၌ အိပ်စက်ရန်ဖိတ်ခေါ်သော အခွင့်အရေးသည် ကြုံရခဲဘိသော

မဟာအခွင့်အရေးပင် ဖြစ်သည်။ သို့ရာတွင် စည်းကမ်းကြီးသော အိမ်သို့ပြန်၍ မှ မအိပ်ခဲ့လျှင် အဘိုးကြီးရော အဘွားကြီးပါဝိုင်း၍ လောင်ကြလိမ့်မည် ဖြစ်ရကား ကိုကိုလတ်သည် မပြန်၍ မဖြစ်ကြောင်း ပြောဆိုကာ မေမေခင်အား ပြန်ခွင့် တောင်းရလေသည်။

"ဒီအသက် ဒီအရွယ်ရှိလာမှ မိဘအရိပ်ခိုနေရရင် ကိုယ့်သဘောနဲ့ကိုယ် ဘယ်နေနိုင်ပါ့မလဲ"

ဟု မေမေခင်က သူ့အားလှောင်သလိုလို ခနဲ့သလိုလိုနှင့် ပြောလာ၏။

"အဘိုးကြီး အဘွားကြီးတွေနဲ့ အိုးစားမခွဲနိုင်သေးတဲ့အခါတော့ သူတို့စည်းကမ်းကို မဖျက်ဝံ့သေးဘူး မေ..."

ဟု သူက သူ၏ လေ့သူမထိုးနိုင်သေးသောဘဝကို ဝန်ခံလိုက်ရသည်။ ဤသို့နို့သက်ခံ၍ စို့နေရသော မိမိ၏ ဘဝကို ဝန်ခံလိုက်ရသည့်အတွင် ကိုကိုလတ်သည် မေမေခင့်ရှေ့တွင် သိမ်ငယ်သလိုတော့ ဖြစ်မိ၏။ မိန်းမသားမျှဖြစ်သော မေမေခင်သည် သူ့လှေ့တွင် သူသည် လှေ့သူကြီးမဟုတ်သလော။

ကိုကိုလတ်သည် အိမ်သို့ပြန်ရန် သူ၏ ကားကို စက်နှိုးသောအခါ နှိုး၍ မရပေ။ သူသည် စက်နှိုးရန် အမျိုးမျိုး ကြိုးစားစမ်းကြည့်၏။ သို့ရာတွင် ကားစက်သည် တစ်စုံ တစ်ရာချို့ယွင်းနေသကဲ့သို့ နိုးလာခြင်းမရှိပေ။ သူသည် နာရီတစ်မတ်သာသာခန့်မျှ စက်၏ ချို့ယွင်းချက်ကို ရှာဖွေကြည့်လေသည်။ သို့ရာတွင် ကားကိုသာမန်မျှသာ မောင်းတတ်သော ကိုကိုလတ်သည် စက်၏ချို့ယွင်းချက်ကို ရှာဖွေမရပေ။ ထို့ကြောင့် နောက်ဆုံး၌ သူသည် မေမေခင်၏အိမ်၌ အိပ်စက်ရလေသည်။

မြိုင်က မှန်သောစကားကို ပြောဆိုလိုက်သဖြင့် ရုတ်တရက် မျက်နှာပျက်သွားခဲ့ရသော ကိုကိုလတ်သည် ပျက်သွားသော ၎င်း၏မျက်နှာကို အမြန်ဆုံး ပြင်ဆင်ရန် ကြိုးစား ရလေသည်။

"တကယ် ပြောနေတာပါ မြိုင်ရယ်... အဲဒီတော့ မနေ့ညက ညဉ့်နက်သွားလို့ မြိုင်တို့အိမ်မှာ ကိုလတ် အိပ်သွားရတဲ့အကြောင်း ဖေဖေနဲ့ မေမေတို့က မေးလာခဲ့ရင် ကြည့်ပြီး ကူပြောပေးစမ်းပါဦး...

"မြိုင်ဘယ်တော့မှ လိမ်မပြောတတ်ဘူးဆိုတာ ကိုကိုလတ် သိသားပဲ

မဟုတ်လား”

“ဒီတစ်ခါတော့ ကိုလတ်ကို ကူပါဦးမြိုင်ရယ် မဟုတ်ရင်တော့ ကိုလတ်အိမ်က ထွက်ပြေးရလိမ့်မယ်…"

“မြိုင့်နှင်းဆီပန်းတွေ ခိုးခိုးပြီး ကချေသည်မကို ပိုးကြေးပန်းကြေးပေးတဲ့ လူတစ်ယောက်ကို မြိုင်က ဘာပြုလို့ ငရဲခံပြီးကူရဦးမှာတဲ့လဲ ကိုယ်အပြစ်နဲ့ ကိုယ့်ဘာသာပဲခံပေါ့…”

မြိုင့်အား သူခိုးသေဖော်ညှိ၍ မရနိုင်သောကြောင့် ကိုကိုလတ်သည် စိတ်ရှုပ်၍ သွားသည်။ နားဝင်အောင် မြိုင့်အား နောက်ထပ်၍ မည်သို့ပြောဆိုရမည်ကို စဉ်းစားမရတော့သဖြင့်လည်း ငိုင်နေမိသည်။

လေက ဇော့ယမ်းတိုက်ခတ်လျက် နှင်းများတဖွဲဖွဲကျဆင်းနေသော နှင်းဆီပင်များ အကြား၌ ချမ်းအေးရခြင်းကိုမှ သတိမရနိုင်လောက်အောင် မြိုင်နှင့် ကိုကိုလတ်တို့ မောင်နှမသည် ငြင်းခုံနေကြသည့်အခိုက် မြိုင့်အား ကော်ဖီသောက်ရန် ခေါ်၍ မရသဖြင့် ဒေါ်လေးသည် အိမ်ထဲမှထွက်လိုက်လာသည်။ မြိုင်နှင့် ကိုကိုလတ်တို့ မောင်နှမသည် ဒေါ်လေးကို မမြင်မိကြပေ။ မြိုင်တစ်ယောက်တည်း မဟုတ်ဘဲ စောစောစီးစီး မလာစဖူးလာနေသော ကိုကိုလတ်ကိုပါတွေ့ရသဖြင့် ဒေါ်လေးသည် လှမ်းမခေါ်သေးဘဲ တံခါးဝ၌ရပ်ကာ သူတို့ မောင်နှမ၏အရိပ်အခြည်ကို ကြည့်ရှုနေလေသည်။

“တစ်ဆိတ်ရှိရင် မြိုင်ကိုပဲ လာလာညှဉ်းတာ ခုလို ကိုကိုလတ် ချောက်ကျတဲ့အခါ ကျတော့ ကိုကိုလတ်ရဲ့ ကချေသည်မကိုပါ ဘာပြုလို့ သွားပြီး အကူအညီမတောင်းတာလဲ သူ့ဆီပဲ သွားပါလား”

ငိုင်နေသော ကိုကိုလတ်အား မြိုင်သည် ၎င်း၏ဝမ်းထဲ၌ မြုံ့ထားရသော အချက်အလက်များကို ပြောဆိုလိုက်သည်။ မိမိနှစ်သက်စွဲလမ်းနေသော မိန်းကလေးတစ်ဦးအား မိမိ၏နှမဖြစ်သူက ဤသို့အခွင့်အရေးယူ၍ ပြောဆိုလိုက်ခြင်းကိုကား ကိုကိုလတ်သည် တော်တော်တော့ အခံရခက်မိလေသည်။ သို့ရာတွင် ယခုအခါ၌ သူသည် မြိုင့်အကူအညီ ကို တောင်းခံနေရသော ကရုဏာခံဘဝတွင် ကျရောက်နေပြီဖြစ်သောကြောင့် သူ၏ခံရခက်သော စိတ်ဓာတ်ကို ချိုးနှိမ်ရပေသည်။

"ဒီတစ်ခါတော့ တောင်းပန်ပါတယ် မြိုင်ရယ်"

ဟု ထပ်မံ၍ တောင်းပန်တိုးလျှိုး ရပြန်လေသည်။

အိမ်ရှေ့တံခါးတွင် ရပ်၍ အတန်ကြာမျှ အကဲခတ်ကြည့်ရှုနေခဲ့ရာမှ...

"ဟဲ့-မြိုင်နဲ့ မောင်မောင်လတ် လေ ဒါလောက်တိုက်ပြီး နှင်းတွေ ဒါလောက်ကျနေတဲ့အထဲမှာ နင်တို့ မောင်နှမမို့ မချမ်းမစီးဟယ်... လာ.. လာ.. အထဲကိုလာကြ..."

ဟု လှမ်းအော်၍ ခေါ် လိုက်သဖြင့် နှင်းဆီပင်များအကြား မြိုင်နှင့် မောင်မောင်လတ်တို့သည် ဒေါ်လေးအား ပြိုင်တူလှမ်း၍ ကြည့်ကြလေသည်။

"ဘာတွေများဒါလောက် အရေးတကြီး ပြောစရာရှိနေလို့ ချမ်းချမ်းစီးစီးကြီးထဲမှာ နင်တို့မောင်နှမက ပြောနေကြရတာလဲ... လာ.. လာ.. လာ အိမ်ထဲကို မြန်မြန်လာ လာကြစမ်းကွယ်..."

ဟု ဒေါ်လေးက စိုးရိမ်ပူပန်စွာဖြင့် နောက်ထပ်၍ ခေါ်လိုက်ပြန်သဖြင့်....

"ဒေါ်လေးတူက စောစောစီးစီး မြိုင့်ကို သူခိုး သေဖော်လာညှိနေတယ် ဒေါ်လေးရဲ့"

ဟု မြိုင်သည် အရင်ဦးအောင် ဒေါ်လေးအား ဆီး၍ ပြောကာ မောင်မောင်လတ်ထက် အရင် ရောက်အောင် ဒေါ်လေးရှိရာသို့ ခပ်သုတ်သုတ်ကလေးပြေးလာခဲ့လေသည်။

အပြစ်ရှိနေသော မောင်မောင်လတ်သည် ဒေါ်လေးအား လှမ်း၍ မျက်နှာချိုသွေးရင်း နောက်မှ ခပ်ဖြည်းဖြည်း လိုက်ပါလာသည်။

ကျယ်ဝန်းသော ထမင်းစားခန်းအလယ်ရှိ လက်ဖက်ရည်စားပွဲတွင် တူဝရီးသုံး ယောက်ဝိုင်း၍ ထိုင်မိကြသောအခါ အိမ်တွင် ခိုင်းစေထားသော အသက်ဆယ့်လေးငါးနှစ်ခန့် မိန်းကလေးတစ်ယောက်သည် အသင့်မီးကင်ထားပြီးဖြစ်သော ပေါင်မုန့်သုံးလေးချပ်နှင့် ကြက်ဥတစ်ဝက်ကျက် ကြော်ပြီးသားများကို လှပသော ဘိလပ်လုပ် ပန်းကန်ပြားကြီး တစ်ချပ်တွင် ထည့်ယူ၍ လာပြီးလျှင် စားပွဲပေါ်သို့ချပေးလေသည်။ ဒေါ်လေးသည် ခပ်စောစောကအသင့်ဖောက်ထားသော ကော်ဖီကိုဖျော်၍ နေရာမှ…

“အကိုကြီး လမ်းလျှောက် ရာက ပြန်လာရင် ရေနွေးနဲ့ ရေချိုးဖို့ အဆင်သင့်လုပ်ထားပြီးပြီလား ဟဲ့ မယ်အေး…”

ဟု အစေခံမိန်းကလေးအား လှမ်း၍ မေးလိုက်သည်။

“ဟုတ်ကဲ့ ကြီးကြီး… အားလုံးအဆင်သင့်လုပ်ထားပြီးပါပြီ…”

ဟု မယ်အေးက တရိုတသေပြန်ပြောပြီးနောက် အခြားလုပ်စရာ အလုပ်များရှိသေးသကဲ့သို့ မီးဖိုချောင်ဘက်သို့ ထွက်သွားလေသည်။

ကော်ဖီဖျော်၍ ပြီးစီးသွားသောအခါ ဒေါ်လေးသည် မြိုင်နှင့် မောင်မောင်လတ်တို့အား ကော်ဖီထည့်ပေးရင်း…

“မလာစဖူး စောစောစီးစီး ပေါက်လာရတာက ဘယ်လိုများ အကြောင်းထူးလာလို့လဲကွဲ့ မောင်မောင်လတ်ရဲ့..”

ဟု ရုတ်တရက်ကောက်၍ မေးလိုက်၏။ မောင်မောင်လတ်သည် အဖြေမပေးတတ်အောင် အကျပ်အတည်း တွေ့နေသဖြင့် စိတ်ကူတောင်းသော အမူအရာဖြင့် မြိုင့်အား လှမ်း၍ ကြည့်လိုက်သည်။ မြိုင်သည် မောင်မောင်လတ်အား မျက်နှာလွှဲကာ မသိယောင် မမြင်ယောင်ပြုလျက် မျက်နှာလွှဲနေ သောကြောင့် မောင်မောင်လတ်သည် အနေရ အထိုင်ရကျပ်လာကာ မတတ်နိုင်သည့် အဆုံးတွင် စားပွဲအောက်မှ နေ၍ ဒေါ်လေး မမြင်အောင် မြိုင်၏ခြေထောက်အား ၎င်း၏ ခြေများဖြင့် ထိုးလေသည်။ ဤသို့ခိုးကြောင်ခိုးဝှက်နှင့် သူရဲဘောနည်းလှသော မောင်မောင်လတ်၏အပြုအမူကိုကား မြိုင်သည် မကြိုက်ပေ။

"ဘာလဲ… ဒါက ကိုကိုလတ်ဘာသာဖြစ်လာတဲ့ ကိစ္စ ကိုကိုလတ်ဘာသာပြောပါလား"

ဟု မြိုင်က ခပ်ဆတ်ဆတ်ကလေး ငေါက်၍ ပြောလိုက်သည်။

"မင်းဟာက ဘာများဖြစ်လာရပြန်ပြီလဲဟင် မောင်မောင်လတ်… ဒေါ်လေးကို ရှင်းရှင်းလင်းလင်း ပြောပြစမ်းပါဦးကွယ်"

ဟု ဒေါ်လေးကလည်း စိုးရိမ်ပူပန်စွာ မေးလာ ၏။

မောင်မောင်လတ်သည် ဒေါ်လေး၏မေးခွန်းကိုလည်း မဖြေနိုင်ဘဲ မြိုင့်ကိုသာလျှင် အားကိုးရာကင်းမဲ့သော ကလေးသူငယ်တစ်ယောက်၏အမူအရာမျိုးဖြင့် လှမ်း၍ ကြည့်နေသည်။

"ဒေါ်လေး မေးနေတာပဲ ပြောပြလိုက်ပါလား"

ဟု မြိုင်က အမိန့်ပေးသောလေသံ ဖြင့် နောက်ထပ်၍ ပြောလိုက်ပြန်၏။

မောင်မောင်လတ်သည် ဒေါ်လေးအား မရဲတရဲလှမ်း၍ ကြည့်နေသည်။ ပြောရန် ရှိသောစကားကိုကား မပြောပေ။

"မင်းဟာကလည်း ဘာကဘယ်လိုဖြစ်လာတယ်ဆိုတာကိုတော့ ရှင်းရှင်းလင်းလင်း ပြောဦးမှပေါ့ကွဲ့…"

ဟု ဒေါ်လေးက ထပ်မံ၍ အပြောခိုင်းနေသည့်တိုင်အောင် မောင်မောင်လတ်သည် သူ၏ဇာတ်ထုပ်ကြီးကို မပြောဝံ့ မဆိုရဲဖြစ်ကာ ခေါင်းငုံ့နေလေသည်။

မောင်မောင်လတ်၏ အမူအရာကို မြိုင်သည် စိတ်မရှည်သကဲ့သို့ ဖြစ်လာမိလေသည်။ မိမိဖြစ်ခဲ့ပြီးသော ကိစ္စကိုပင် မပြောရဲမဆိုရဲသလို လုပ်နေပုံအား စိတ်တိုလာမိလေသည်။ မောင်မောင်လတ်၏ မထုံတက်သေးလုပ်နေပုံကို ကြည့်နေရင်းက မချင့်မရဲဖြစ်လာ သောကြောင့်…

"ဒေါ်လေးတူတော်မောင် မနေ့ညက အိမ်ပြန်မအိပ်မိလို့တဲ့

ဒေါ်လေးရဲ့... အဲဒီလိုပြန်မအိပ်တာဟာ ညက မြိုင်တို့အိမ်မှာ အိပ်နေရလို့ဆိုပြီး ဦးကြီးနဲ့ ကြီးကြီးကို သက်သေခံပေးဖို့ မြိုင့်ကို စောစောက သူခိုးသေဖော်လာညှိနေတာ...”

ဟု မြိုင်သည် မောင်မောင်လတ် မဖြေဝံ့သော သူ၏အထုပ်ကြီးကို စိတ်ပေါက်ပေါက်နှင့် ဖြေချပေးလိုက်၏။

ဒေါ်လေးသည် မျက်လုံးပြူးသွားသည်။

“ဟုတ်သလားဟင်... မောင်မောင်လတ်..."

မောင်မောင်လတ်သည် ခေါင်းငုံ့၍သာ နေ၏။ ဘာမျှတော့ ပြန်မပြောနိုင်ပေ။ ဒေါ်လေးသည် တာဝန်မဲ့သောကလေးသူငယ်တစ်ယောက်နှင့် များစွာခြားနားခြင်း မရှိသော သူ၏တူကို မသက်မသာကြည့်ကာ သက်ပြင်းချမိရင်း...

“မင်းဒီလို မလိမ္မာလို့ တစ်လောက မမ ငါ့ဆီလာပြီး ညည်းသွားတာ ထင်ပါရဲ့ကွယ်”

ဟု ညည်းညူလိုက်သည်။

“မမေက ကျွန်တော့်အတွက် ဘာတွေများ ညည်းသွားသေးသလဲ ဒေါ်လေးရဲ့...”

ဟု မောင်မောင်လတ်ကစ၍ ပြောဆိုမေးမြန်းခြင်းပြုလာသည်။ သူ၏ မိခင်က သူ့အတွက် ညည်းသွားရသည်ဟု ကြားရသဖြင့် မောင်မောင်လတ်သည်လှုပ်ရှားသွားလေသည်။

“မင်း ထင်ရာမြင်ရာ လျှောက်လည်ပြီး သုံးနေဖြုန်းနေတာတွေကိုပေါ့ကွာ..."

“ရုပ်ရှင်နဲ့ တနင်္ဂနွေတစ်ပတ်မှ တစ်ခါလောက်မြင်းပွဲသွားတာကလေးကို မမေက ညည်းရသတဲ့လားဗျာ... ကျွန်တော် သုံးတယ် ဖြုန်းတယ်ဆိုရအောင်က တစ်လတစ်လကို ကျွန်တော်သုံးတာစွဲတာ ငါးရာ တစ်ထောင်ထက်ပိုမကုန်ပါဘူး ဒေါ်လေးရဲ့”

"ဟင်... တစ်လ တစ်လကို ကိုကိုလတ်တစ်ယောက်တည်း သုံးတာချည်းပဲ ငါးရာ တစ်ထောင်အထိ ကုန်သလား"

ဟု ပေါင်မုန့်တစ်ချပ်ကို ထောပတ်ခပ်ထူထူကလေး သုတ်၍ နေရာမှ မြိုင်သည် အလန့်တကြားမေးလိုက်သည်။

မြိုင်၏မေးခွန်းကို ပြန်၍ ဖြေကြားရန် မောင်မောင်လတ်သည် များစွာ ပမာဏမထား လှတော့ပေ။ သူသည် ကြက်ဥတစ်ဝက်ကျက်အကြော်တစ်ခုကို ခပ်အေးအေး လှမ်းယူ၍ စားနေသည်။

"တစ်လ တစ်လကို ငါးရာ တစ်ထောင်သုံးတယ်ဆိုတာ နည်းနည်းနောနောမှ မဟုတ်တာကွယ် မင်းဟာက မလွန်လွန်ဘူးလား"

"ဖေဖေနဲ့မေမေတို့မှာ ဒါလောက်ချမ်းသာနေတာကို ကျွန်တော်မှ မသုံးရင်ဘယ်သူ က သုံးဦးမှာလဲ ဒေါ်လေးရဲ့.."

"မင်းမိဘ ပစ္စည်း မင်းသုံးတာတော့ ဟုတ်သပေါ့ကွယ်... ဒါပေမဲ့ စဉ်းစဉ်းစားစား သုံးဖို့ စွဲဖို့တော့ ကောင်းတယ်... ကိုယ့်မှာရှိတိုင်း သုံးပေမဲ့ သုံးတိုင်းလည်း ကောင်းတာ မဟုတ်ဘူးကွဲ့"

"ဖေဖေနဲ့မေမေတို့ပစ္စည်းတွေ ကျွန်တော့် တစ်သက်လုံးဖြုန်းလို့တောင် မကုန်ပါဘူးဗျာ ကျွန်တော်တစ်လတစ်လသုံးတဲ့ ငွေက ငါးရာတစ်ထောင်လောက်ဆိုတာဟာလည်း အနောက်ပိုင်းနဲ့ ရွှေတောင်တန်းဘက်က တစ်လတစ်လရနေတဲ့ တိုက်လခတောင် မရှိပါဘူး ဒေါ်လေးရဲ့..."

"မင်းသုံးလို့ စွဲလို့ကုန်တာကို ပြောနေတာမှ မဟုတ်ဘဲ မောင်မောင်လတ်ရဲ့ လူကုံထံသားသမီးပီပီ စည်းနဲ့ ကမ်းနဲ့သွားလာနေထိုင်ပြီး စည်းနဲ့ စနစ်နဲ့ သုံးစွဲဖို့အတွက် မင်းမိဘတွေက ပြောနေကြတာ"

"ဖေဖေတို့ မေမေတို့ စည်းကမ်းကလည်း လွန်ပဲ လွန်အားကြီးလှပါတယ် ဒေါ်လေးရာ ကျွန်တော့်ကို ခုအသက်အရွယ်အထိ ကလေးတစ်ယောက်လို နေရာတကာလိုက်ပြီး ချုပ်ချယ်ထားချင်ထားကြတုန်းပဲ..."

"ဒါကတော့ သားသမီးကိုချစ်တဲ့ မိဘတိုင်းရဲ့ထုံးစံပဲလေ..."

"ထုံးစံကလည်း ထုံးစံလွန်းလှပါတယ် ဒေါ်လေးရာ၊ ခြံထဲက ခြံပြင်ထွက်တာတောင် လိုက်ချုပ်ချယ်နေတာပဲ"

"ဒါလောက် စည်းကမ်းကျပ်နေတဲ့ကြားထဲကတောင် မနေ့ညက မင်းအိမ်ကိုမှ မင်းပြန်အိပ်သေးရဲ့လားကွယ်..."

"ဒါကတော့ ကျွန်တော့်မိတ်ဆွေတစ်ယောက် ညတွင်းချင်းဖြစ်လာတဲ့ အရေးတကြီး ကိစ္စတစ်ခုအတွက်နဲ့ ပဲခူးကိုမလွှဲသာ မရှောင်သာ လိုက်ပို့ပေးနေရလို့ပါလေ"

ငင်းထက် ငယ်ရွယ်သော နှမဖြစ်သူ မြိုင့်အား ခပ်စောစောက လိမ်ခဲ့သည့်အလုံး အတိုင်း ငင်းမိခင်၏ဝမ်းကွဲညီမ တော်စပ်သူအား မောင်မောင်လတ်သည် ခပ်တည်တည် လိမ့်လိုက်ပြန်၏။ သို့ရာတွင် ငယ်ရွယ်သူဖြစ်သော မြိုင်ကပင်လျှင် ယုံစားခြင်းမရှိခဲ့သော ဤဒဏ္ဍာရီကို သူ၏ဒေါ်လေးလုပ်သူက လက်ခံယုံကြည်ခြင်း ရှိလိမ့်မည်-မရှိလိမ့်မည် ကိုကား မောင်မောင်လတ်သည် ဆင်ခြင်စဉ်းစားမိပုံမရလှပေ။

"ဒါကတော့ မင်းပြောသမျှကိုသာ ဒေါ်လေးတို့နားထောင် ကြရတာပဲ မဟုတ်လား... အဲဒီတော့ မင်းမိဘများက စည်းကမ်းလုပ်တာကိုလည်း အပြစ်မတင်ထိုက်ဘူးပေါ့ကွယ်..."

ဒေါ်လေးဖြစ်သူက
အကျိုးနှင့်အကြောင်းပြောဆိုဆုံးမနေသည့်အတွက် ရှေ့ဆက်၍ လည်း စောဒကမတက်နိုင်သော မောင်မောင်လတ်သည် မြိုင်က အဆင်သင့်ထောပတ် သုတ်ပေးထားသော ပေါင်မုန့်တစ်ချပ်ကို ယူ၍ စားရင်း ကော်ဖီသောက်နေလေသည်။

သို့ရာတွင် သူ၏ချို့ယွင်းချက်ကိုကား ဝန်ခံလိုပုံမရပေ။ လောလောဆယ် ရင်ဆိုင်နေရသည့်သူ၏ အရေးပေါ်ပြဿနာကို ဖြေရှင်းကျော်လွှားရာ၌ မြိုင်နှင့် ဒေါ်လေးတို့ တူဝရီးအား အကာအကွယ်ယူလို၍သာ မောင်မောင်လတ်သည် နောက်ထပ်၍ ဘာမျှ ဆင်ခြေတက်ရန် မကြိုးစားခြင်းဖြစ်လေသည်။

ဒေါ်လေးနှင့် မောင်မောင်လတ်တို့ တူဝရီးနှစ်ယောက် စကားပြောနေကြခြင်းကို ကော်ဖီသောက်ရင်းဘေးမှ ငြိမ်သက်စွာ

ကြည့်နေခဲ့ရသော မြိုင်သည် မည်သည့်အရာ၌ မဆို လေးနက်ခြင်းမရှိဘဲ ပေါ့ပေါ့ဆဆနှင့် ပမာမခန့်နိုင်လှသော မောင်မောင်လတ်ကို တော်တော်ကလေး မကျေမနပ်ဖြစ်လာမိလေသည်။ ပညာသင်ကြားရေးဘက်တွင်လည်း ထိထိရောက်ရောက် သင်ကြားခြင်းမရှိဘဲ မိဘတို့၏ လုပ်ငန်း၌လည်း ဘာတစ်ခုမျှ ကူဖော်လောင်ဘက်မပြုခဲ့သော မိမိ၏ အစ်ကိုဝမ်းကွဲတော်စပ်သူအား မြိုင်သည် အမြင်ကပ်သလိုရှိလာသည်။

"ကိုကိုလတ်တစ်ယောက်ဟာ ဒီအသက်အရွယ်ရှိလာတာတောင်လည်း ဟိုငယ်ငယ်တုန်းကနဲ့ ဘာမှမထူးဘူး.. ကလေးလိုပဲ"

ဟု မြိုင်က ဝမ်းထဲတွင်ရှိလာသော မကျေနပ်ချက်ကို ဖွင့်ထုတ်၍ ပြောလိုက်သည်။

မောင်မောင်လတ်သည် မြိုင့်ကို ဘာမျှပြန်၍ မပြောဘဲ သူ့အားဘာမျှမပြောသလို ကော်ဖီကိုသာ ခပ်အေးအေး သောက်၍ နေသဖြင့် မြိုင်သည် ၎င်းအစ်ကို၏ ပမာမခန့်နိုင်လှခြင်းကို ခံပြင်းမိလေသည်။ မိမိထက်သာ အငယ်ဆိုခဲ့လျှင် မြိုင်သည် မောင်မောင်လတ်အား ထ၍ ခေါင်းခေါက်လိုက်မည်ပင် ဖြစ်လေသည်။ မောင်မောင်လတ်သည် မြိုင်ထက် ငါးနှစ်ခန့်မျှ ကြီးသည်။

"တစ်လောက မမခင်တို့သားအမိ တို့ဆီလာလည်ရင်း မင်းအကြောင်းတောင် ပြောသွားကြသေးတယ်"

ဟု ဒေါ်လေးက အကြောင်းအရာသစ်ကို ထပ်မံပြောဆိုလိုက်လေသည်။ ဒေါ်လေးပြောဆိုလိုက်သော အကြောင်းအရာသစ်ကို မောင်မောင်လတ်သည် များစွာ သဘောကျလှပုံမရပေ။ သူ၏ဒေါ်လေးပြောဆိုလာသော "မမခင်တို့သားအမိ" ဆိုသည်မှာ သူနှင့်လူကြီးများ အချင်းချင်းရည်ရွယ်ထားကြသော လဲ့လဲ့နှင့် ၎င်း၏မုဆိုးမ မိခင်ကြီး ဒေါ်မိမိခင်တို့ကို ဆိုလိုခြင်း ဖြစ်ပေသည်။

"ဒီအမယ်ကြီးက သူ့ဘာသာသူ လူကြီးပီပီ အေးအေးမနေသေးဘဲနဲ့ ဘာဆိုင်လို့ ကျွန်တော့်အကြောင်းပြောရတာလဲ..."

ဟု မောင်မောင်လတ်က ပြောဆိုလိုက်လေသည်။ မောင်မောင်လတ်က ၎င်း၏ယောက္ခမလောင်းအား ဤသို့ ခပ်ရိုင်းပျပျကလေးပြော ဆိုလိုက်သောအခါ ဒေါ်လေးရော မြိုင်ပါ နှစ်ယောက်စလုံး မျက်နှာမကောင်း ဖြစ်သွားကြသည်။ တော်တော်ကလေးလည်း စိတ်မကောင်းဖြစ်သွားကြပုံရသည်။

မောင်မောင်လတ်ကတော့ များစွာ အရေးထားလှပုံမရပေ။

"လူငယ်ကိစ္စမှာ နေရာတကာတိုင်း လူကြီးက ဝင်ပါတာတော့ ကျွန်တော်မကြိုက် ဆုံးပဲ"

ဟု ပြောဆိုလိုက်ပြန်သည်။

နောက်တစ်ဆင့်တက်၍ လာသော မောင်မောင်လတ်၏ မောက်မာသော စကားကို ဒေါ်လေးသည် ငြိမ်သက်၍ မနေနိုင်တော့ဘဲ...

"မမခင်ဟာ တခြားလူလည်း မဟုတ်ဘူးနော် မောင်မောင်လတ်- မင်းခုလိုပြောတာ လွန်ပြီထင်တယ်... တကယ်လို့... မင်း ခုပြော လိုက်တဲ့စကားကိုသာ မမခင်ပဲဖြစ်ဖြစ် မင်းမိဘတွေပဲဖြစ်ဖြစ် ကြားများသွားရင်..."

ဟု မျက်နှာခပ်တင်းတင်းထား၍ ပြောဆိုလိုက်လေသည်။

ဤသို့ ၎င်း၏ဒေါ်လေးလုပ်သူက သတိပေး ပြောကြားလိုက်သည်တိုင်အောင် မောင်မောင်လတ်သည် သတိထားဆင်ခြင်လိုပုံမရသေးဘဲ...

"မိန်းမတန်မဲ့ ဒီအသက်အရွယ်ကြီး ရှိနေမှာတောင် အရက်သောက်၊ ဖဲရိုက်ပြီး မြင်းပွဲသွားနေသေးတဲ့ဟာတွေကိုတော့ တော်ပါပြီဗျာ... ကျွန်တော် မပြောချင်ပါဘူး"

ဟု ၎င်း၏ယောက္ခမလောင်းအပေါ် စကားကိုဆက်၍ ပြောနေပြန်၏။ သို့ရာတွင် သူသည် သူပြောစရာရှိသောစကားကို ဆုံးအောင်ကား မပြောပေ။ ဒိုင်အာခီအုပ်ချုပ်ရေးခေတ်က ဝန်ကြီးကတော်ဖြစ်ခဲ့သော ဒေါ်မိမိခင်၏ အကြောင်းကို သမက်တော်ရမည့်သူက ထုတ်ပြောရန် ဝန်လေးသွားပုံရသည်။

ဒေါ်လေးရော မြှင်ပါတော်တော် မျက်နှာပျက်သွားကြလေသည်။ သို့ရာတွင် မောင်မောင်လတ် ပြောဆိုလိုက်သော အချက်အလက်များသည် အမှန်ချည်းသာ ဖြစ်နေသောကြောင့် သူတို့သည် ဘာပြန်ပြောရမှန်း အစရှာမရအောင် ဖြစ်နေသည်။

"အစ်ကိုကြီး ကိုသက်ထွန်းကိုတော့ ကျွန်တော် ရိုသေပါတယ်၊ လဲ့လဲ့ကလေး တစ်ယောက်ကိုလည်း သနားတာပါပဲ။ ဒါပေမဲ့ ဒေါ်မိမိခင်ကို လန့်တာနဲ့... အိုဗျာ မြှင်ရှေ့မှာ မပြောချင်ပါဘူး ဒေါ်လေးရယ်"

ဟု အပြီးသတ် ပြောဆိုရင်း မောင်မောင်လတ်သည် လောဟာဖြင့် လှပစွာပြုလုပ်ထားသော စီးကရက်ဘူးအတွင်းမှ စီးကရက်တစ်လိပ်ကို ထုတ်ယူကာ မီးညှိနေသည်။

"မင်း ခုတင်ကပြောတော့ လူငယ်တွေကိစ္စမှာနေရာတကာတိုင်း လူကြီးတွေဝင်ပါတာ မကြိုက်ဘူးလို့ဆိုတယ် မဟုတ်လား... မင်းခုပြောတာကတော့ကော လူကြီးတွေ ကိစ္စမှာ လူငယ်တွေ ဝင်ပါတာပဲ မဟုတ်လား..."

ဟု ဒေါ်လေးသည် မျက်နှာပျက်ပျက်နှင့် မေးမြန်းပြောဆိုရလေသည်။

"လူကြီးတွေက ကျွန်တော်တို့ လူငယ်တွေနဲ့ ပြိုင်ပြီး မိုက်နေလို့ ကောင်းပါဦး မလား ဒေါ်လေးရဲ့"

ဟု မောင်မောင်လတ်က ခပ်သော့သော့ ခပ်ပေါ့ပေါ့ပြန်၍ ပြောရင်း သူ့စကားကို သူသဘောကျသွားသကဲ့သို့ ခပ်အုပ်အုပ်ကလေး ရယ်မောနေလေသည်။

"မင်းစကားတွေဟာ လွန်လာပြီထင်တယ် မောင်မောင်လတ်"

ဟု ဒေါ်လေးက မျက်နှာထားခပ်တင်းတင်းနှင့် ပြောလိုက်တော့မှ မောင်မောင်လတ်သည် သူ၏ဒေါ်လေး တော်တော်စိတ်ဆိုးနေမှန်း ရိပ်မိသကဲ့သို့ မျက်နှာပိုးသတ်လိုက်သည်။

"နောက်ပြီးတော့ မင်းနားလည်ထားဖို့တစ်ခုရှိတယ်... မမခင်တို့ကောင်းစားတုန်းက မင်းမိဘတွေအပေါ်မှာ ပြုထားခဲ့တဲ့ကျေးဇူးတွေ အများကြီးရှိတယ်ဆိုတာပဲ..."

"ဒါတွေ ကျွန်တော် သိပြီးသားပါ ဒေါ်လေးရဲ့"

"သိပြီးသားဆိုရင် မင်းကိုပြောနေစရာ ဘာလိုသေးသလဲ..."

မောင်မောင်လတ်သည် ဒေါ်လေးအား နောက်ထပ်၍ ဤကိစ္စကို ဆက်လက်ပြောဆို ငြင်းခုံခြင်းမပြုလိုတော့သဖြင့်...

"ဒါထက် ကိုသက်တင်တစ်ယောက် မြိုင်တို့ဆီ လာသွားသေးသလား... ဟင်..."

ဟု မြိုင့်အား လှမ်း၍ ကြည့်ရင်း အကြောင်းအရာသစ်တစ်ခုကို လွှဲပြောင်း၍ ပေးလိုက်သည်။ မောင်မောင်လတ်က မြိုင့်အား မေးမြန်းလိုက်သော "ကိုသက်တင်"ဆိုသူမှာ ဒေါ်မိမိခင်၏ တူဖြစ်၍ ကိုသက်ထွန်းနှင့် လဲ့လဲ့တို့မောင်နှမနှင့် မောင်နှမ ဝမ်းကွဲတော်စပ်သည်။ သူသည် စက်သူဌေးသားတစ်ယောက်ဖြစ်၍ နှစ်ဦးနှစ်ဖက်သော လူကြီးများကလည်း "မြိုင်"က နှစ်သက်သဘောတူမှုသော တစ်နေ့၌ လက်ထပ်ပေးစားရန် ရည်မှန်းထားသူဖြစ်လေသည်။

"လွန်ခဲ့တဲ့အပတ်ကလာရင်း သူဘန်ကောက်ကဝယ်လာတဲ့ ဘန်ကောက်ပိုးတစ်အုပ်တောင် လက်ဆောင် ပေးသွားသေးတယ်"

ဟု မြိုင်က ပြန်၍ ပြောသည်။

"ဟင် ဒီလူ ဘယ်တုန်းက ယိုးဒယားသွားလိုက်ပါလိမ့်... ကိုလတ်ကိုတောင် ပြောမသွားဘူး..."

"ဖေဖေက ဆန်အကြောင်း သွားစုံစမ်းခိုင်းလို့ ပြောတာပဲ..."

"သြ..."

မောင်မောင်လတ်ပါးစပ်မှ ဤအာမေဋိတ်သံသာ ထွက်သွား၏။ ထို့နောက် သူ့ဘာသာသူ သဘောကျသွားသကဲ့သို့ ပြုံးလိုက်သည်။ မိဘဖြစ်သူများက ဆန်စပါး လုပ်ငန်းကို သိန်းနှင့်ချီ၍ လုပ်ကိုင်ကြသူများဖြစ်သော်လည်း "ဧည့်မထ" နှင့် "လုံးသွယ်" ကိုပင် မခွဲခြားတတ်သော ကိုသက်တင်က မြိုင့်အား ဘန်ကောက်သို့ ဆန်အကြောင်း

စုံစမ်းရန် သွားသည်ဟု ပြောဆိုသွားပုံကလေးကို သဘောကျလွန်း၍ ပြုံးလိုက်မိခြင်းဖြစ်သည်။ တကယ်ဆိုတော့ ပိုက်ဆံကို ရေလိုသုံးနေကြသော သူဌေးသားများပီပီ၊ မောင်မောင်လတ်နှင့် ကိုသက်တင်တို့သည် အာရှတိုက်၏ 'ပါရီ' ဖြစ်သော ဘန်ကောက်မြို့သို့ မကြာခဏသွားရောက် "ပွေဘက်" များသာ ဖြစ်လေသည်။ သို့ရာတွင် နာမည်ကျော် ရုပ်ရှင်နှင့် ပြဇာတ်မင်းသမီး "မေမေခင်" အား စတင်တွေ့ ရှိ၍ စွဲလမ်းခင်မင်ခဲ့သော လွန်ခဲ့သည့် ခြောက်လလောက်ခန့်မှစ၍ မောင်မောင်လတ်သည် ကိုသက်တင်နှင့် လမ်းခွဲကျန်ရစ် ခဲ့လေပြီ။

"ကိုသက်တင်ကတောင် ကိုကိုလတ်နဲ့ လူချင်းမတွေ့ ရတာ တော်တော်ကြာ သွားပြီလို့ ပြောသွားသေးတယ်…"

ဟု မြိုင်က ဆက်၍ ပြောဆိုလာ၏။

"ကိုလတ်လည်း သူ့ကိုတော့ တွေ့ချင်သေးတယ်"

"ကိုသက်တင်တောင် ကနေ့ဖြစ်ဖြစ်၊ မနက်ဖြန်ဖြစ်ဖြစ် လာလိမ့်မယ်ထင်တယ် အရင်တစ်ပတ် မြိုင်တို့အိမ်လာလည်ရင်း ပြောသွားတာပဲ…"

"ဒီလိုဆိုရင် သူလာတဲ့အခါ နောက်အပတ် မြင်းပွဲမှာ ကိုလတ်နဲ့ ဆုံရအောင်လို့ ပြောလိုက်စမ်းပါဦး မြိုင်ရယ်…"

ဤသို့ လက်ဖက်ရည်စားပွဲမှ မထကြသေးဘဲနှင့် စကားပြောဆိုနေကြသည့်အခိုက် ခပ်စောစောပိုင်းက နံနက်ခင်းလမ်းလျှောက်ထွက်သွားသော မြိုင်၏ဖေဖေသည် လမ်းလျှောက်ရာမှ ပြန်၍ ရောက်လာသည်။

"ဟဲ့ မောင်မောင်လတ် ပါလား"

ဟု မြိုင်၏ဖေဖေက မောင်မောင်လတ်အား ဤသို့ တွေ့ ရသဖြင့် အံ့အားသင့်သွားသလို လှမ်း၍ နှုတ်ဆက်ရင်း လက်ဖက်ရည်စားပွဲ ဆီသို့ လျှောက်လာခဲ့လေသည်။

"ဟုတ်ကဲ့ ဦးလေးလမ်းလျှောက်ရာက ပြန်လာတာလား…"

မောင်မောင်လတ်သည် ထိုင်ရာမှထ၍ အရိုအသေပေးရင်း ပြန်လည်ပြောဆိုလိုက်ရသော်လည်း ၎င်း၏အသံမှာ မူမှန်ခြင်းမရှိလှဘဲ ခြောက်သွေ့နေလေသည်။

"အေး-ငါခုမနက်ထလမ်းလျှောက်ရင်း မင်းတို့အိမ်ကို ရောက်ခဲ့တယ်၊ ငါမင်းတို့ အိမ်တို့ရောက်တော့ အစ်ကိုကြီးနဲ့ မမက ညက မင်းအိမ်ပြန်မအိပ်လို့ တော်တော်ကလေး စိတ်ပူနေကြပါကလား..."

ဦးလေးဖြစ်သူ၏အမေးကို ပြန်၍ မဖြေနိုင်သဖြင့် မောင်မောင်လတ်သည် အနေရ အထိုင်ရကျပ်လျက်ရှိရာမှ ဒေါ်လေးနှင့် မြိုင်တို့အား စစ်ကူတောင်းသော အကြည့်ဖြင့် တစ်လှည့်စီသာ လှမ်း၍ ကြည့်လေသည်။

"မင်းမေမေကတော့ မင်းခုလိုအိမ်ပြန်မအိပ်တဲ့အတွက်နဲ့ တော်တော်ကြီး စိတ်ဆိုး နေပုံရတယ်"

ဟု မြိုင်၏ဖေဖေက ပြောဆိုလာသောအခါ၌ တူဖြစ်သူအား ဤအတိုင်း ကြည့်၍ မနေနိုင်ရှာသော ၎င်း၏ဒေါ်လေးက...

"မနေ့ညက သူတို့ မောင်နှမ စစ်တုရင်ကစားရင်း ညဉ့်နက်သွားလို့ ဒီအိမ်မှာ မောင်မောင်အိပ်သွားတာကို မမက စိတ်ဆိုးနေစရာတော့ မဟုတ်ဘူး ထင်ပါရဲ့ အစ်ကိုကြီး.."

ဟု ဝင်ရောက်ပြောဆိုလာရလေသည်။

မြိုင်၏ဖေဖေသည် ရုတ်တရက် အံ့သြသွားသော အမူအရာဖြင့်....

"မောင်မောင်လတ် မနေ့ညက တို့အိမ်မှာအိပ်တာ ငါလည်း မသိလိုက်ပါလားဟဲ့ စောခင်ရဲ့.."

ဟု နှမလုပ်သူအား မေးလေသည်။ သူ၏စိတ်ထဲ၌ ဇဝေဇဝါဖြစ်နေဟန်တူ၏။ မနေ့ညက မောင်မောင် လတ်သည် ၇ နာရီခန့်တွင် မိမိတို့တိုက်သို့ လာသွားကြောင်းကိုတော့ သတိရ၏။ သို့ရာတွင် မောင်မောင်လတ် ဤအိမ်တွင် အိပ်သွားသည်ကိုတော့ကား များစွာသတိမထားမိလိုက်ပေ။

“ပထမတစ်ခေါက်လာလို့ ပြန်ထွက်သွားပြီး ကိုကိုလတ် နောက်တစ်ခေါက်ပြန်ဝင် လာတော့ ဖေဖေ အိပ်ရာဝင်ပြီးမှပဲ”

မြိုင်သည်လည်း မနေသာတော့သဖြင့် ၎င်း၏ဒေါ်လေး ဒေါ်စောခင်နှင့်အတူ ပူးပေါင်း၍ မောင်မောင်လတ်အား ဝင်ရောက်ကာကွယ်ရပေတော့သည်။

“ဟေ ဟုတ်ရဲ့လား... ငါမနက်အိပ်ရာက ထတော့လည်း မမြင်မိပါကလား စောခင်"

“မမြင်မိဆို အစ်ကိုကြီးတူကို သူ့အစ်ကို မောင်ဇော်ဝင်းရဲ့ အခန်းမှာ သိပ်ရတာကိုး”

ဟု ဒေါ်စောခင်သည် လိမ်မိလက်စရှိသည့်အလျောက် ယုတ္တိရှိရှိဖြင့် ဆက်၍ လိမ်ရတော့ သည်။ “မောင်ဇော်ဝင်း” မှာ ဘိလပ်သို့သွားရောက်၍ ဝတ်လုံတော်ရအတတ်ပညာကို သင်ကြားလျက်ရှိသော မြို့ငှ်ထက်အကြီးဖြစ်သည်။

"ဒီလိုဆိုရင်တော့ မောင်မောင်လတ်အိမ်ပြန်တဲ့အခါ အစ်ကိုကြီးနဲ့ မမတို့ကျေနပ်သွားအောင် နင်ကိုယ်တိုင်လိုက်သွားပြီး ရှင်းပြမှဖြစ်မယ် မဟုတ်ရင် ဆူဆူပူပူဖြစ်နေလိမ့် မယ်...”

ဟု ပြောဆိုကာ မြိုင်၏ဖေဖေသည် ရေမိုးချိုးရန်ထွက်သွားလေသည်။

လက်ဖက်ရည်စားပွဲတွင် ကျန်ရစ်ခဲ့ကြသော တူဝရီးသုံးယောက်တို့သည် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ရင်း မပြုံးမိ မရယ်မိကြရအောင် တော်တော်ကြီး ကြိုးစားနေကြရလေသည်။

❦ ❦ ❦

အခန်း[၂]

(က)

တစ်စထက်တစ်စ နေ၏အရှိန် ပူပြင်းလာသောအခါ နှင်းများစဲ၍ လေသည်လည်း ငြိမ်သက်စပြုလာ၏။ နံနက်လင်းစကမပီမသကြားရသော နွေ၏တေးသံသည်လည်း တဖြည်းဖြည်းကျယ်လောင်ကာ ပီပီသသဖြစ်လာ၏။ နွေ၏တေးသံသည် ပီပီသသဖြစ်လာသောအခါ ကြားနာရသူအဖို့သာလွန်၍ လွမ်းဆွတ်ဖွယ်ရာကောင်းလာ၏။ သို့ရာတွင် မည်မည်ရရနှင့် ဘာကို လွမ်းဆွတ်မိမှန်းတော့မသိ။

ဥသြငှက်သည် နွေ၏လွမ်းရတုကို ဖွဲ့နွဲ့ရာ၌ မောပန်းခြင်းအလျဉ်းမရှိ၊ ဖွဲ့ကောင်း လှပေ၏။ ကြောက်ရွံ့ခြင်းလည်း အလျဉ်းမရှိ၊ သူ့ရသတ္တိနှင့်ပြည့်စုံလှပေ၏။

နံနက်လင်းစက နှင်းများဖြင့် ပေကျံ၍ မှိုင်းမှိုင်းပျပျဖြစ်ခဲ့သော ပန်းချီကားချပ်သည် ပူပြင်းသောနေ၏အပူရှိန်ကြောင့် နှင်းများအရည်ပျော်ကုန်သဖြင့် သစ်လင်း၍ လာသည်။ တောင်ဘက် အရပ်ဆီမှ ယှက်သန်းလာသော နွေ၏အရိပ်သည်လည်း ဝိုးတဝါးထင်ဟပ်စ ပြုလေပြီ။

ဥသြငှက်သည် ရပ်နားခြင်းမရှိ၊ နွေဘွဲ့ကို မမောမပန်းသီဆိုလျက်ရှိသည်။ သို့ရာတွင် ရတုကို လွှဲပြောင်း၍ မော်ကွန်းကို ကြွေးကြော်လျက်ကားရှိလေပြီ။

ထိုနေ့ နေ့လယ်ခင်းတွင် အိမ်ကြီးတစ်ခုလုံး၌ မြိုင်သည်တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ နံနက်စာကို ဆယ်နာရီခွဲခန့်တွင် စားသောက်ပြီးစီးသွားသောအခါ ဒေါ်လေးသည် ကုက္ကိုင်းဘက်ရှိ မောင်မောင်လတ်တို့အိမ်သို့ လိုက်ပါသွား၏။ မနေ့ညက မောင်မောင်လတ်သည် ဤအိမ်၌ အိပ်စက်ကြောင်း မတရားသက်သေခံရန်အတွက် ဖြစ်လေသည်။

သူ၏မိဘများသည် ထိုသို့မှ ဒေါ်လေး မလိုက်သွားလျှင် မောင်မောင်လတ်၏ဒဏ္ဍာရီကို ကြားနာခြင်းပင် ပြုကြလိမ့်မည်မဟုတ်။ မောင်မောင်လတ်နှင့်အတူ ကားပေါ်သို့ တက်ခါနီး၌ ညနေအအေးလောက်မှ

၎င်းပြန်လာမည့်အကြောင်း ဒေါ်လေးသည် မြိုင့်အား မှာကြားသွားခဲ့၏။

ဒေါ်လေးတို့ တူဝရီးနှစ်ယောက်အိမ်မှ ထွက်သွားကြပြီးနောက် နာရီဝက်ခန့် အကြာတွင် မြိုင်၏ဖေဖေသည် အိမ်မှ အော်စတင်ကားဟောင်းကလေးနှင့် မြို့ထဲသို့ ထွက်သွားပြန်၏။ ညနေ လေးနာရီလောက်မှ ပြန်လာမည့်အကြောင်း မြိုင်အား မှာကြား သွားခဲ့၏။ မြိုင်၏ဖေဖေသည် ၎င်း၏အငြိမ်းစားယူ၍ ပင်စင်ရရှိထားသော စက်ရှင်တရား သူကြီး လစာထဲမှ အချို့အဝက်ကို မကြာမီက ပြန်လည်ရောင်းချထားသော ကိစ္စအတွက် အတွင်းဝန်များရုံးရှိ ဘဏ္ဍာရေးဌာနအတွင်းဝန်နှင့် စကားပြောဆိုရန် မြို့ထဲသို့ထွက်သွားခြင်းဖြစ်သည်။ ဘိလပ်တွင် ဝတ်လုံတော်ရ အတတ်ပညာကို သင်ကြားလျက်ရှိသော သားဖြစ်သူ မောင်ဇော်ဝင်းအတွက် ပေါင်ငါးရာပို့ရန် မြိုင်၏ဖေဖေအတွက် များစွာ အရေးကြီးလျက် ရှိသည်။ အချိန်မီပို့ပေးနိုင်ရန်အတွက်လည်း သူ့ဘာသာသူသည် တစ်ယောက်တည်းကြိတ်၍ ပူပန်နေပုံရသည်။ စင်စစ် ပေါင်ငါးရာသည် ဗမာငွေ ခြောက်ထောင်သာသာခန့်လောက်သာ တန်ဖိုးရှိပေသည်။ ဤခြောက်ထောင်ခန့်မျှသော ငွေကို ၎င်း၏အစ်မ ဖြစ်သူ မောင်မောင်လတ်၏မိခင်ထံ၌ အကျိုးအကြောင်းပြောပြ၍ သွားဆွဲလျှင် အလွယ်တကူနှင့်ပင် ရနိုင်သည်။ သို့ရာတွင် မြိုင်၏ဖေဖေသည် ၎င်း၏သားသမီးများအတွက် အစ်မအရင်းခေါက်ခေါက်ကိုပင် တာဝန်ပေးလိုသူ မဟုတ်ပေ။ ခပ်အေးအေး နေတတ် ထိုင်တတ်သော သူ၏သဘာဝအလျောက် သူ့ဘာသာသူဖြစ်သလို ကြံဖန်၍ သူ၏တာဝန်ကို ထမ်းဆောင်တတ်သည်။ သူမသေဆုံးမီ သားအကြီး မောင်ဇော်ဝင်းအား ဝတ်လုံတော်ရ အတတ်ပညာကိုပြီးမြောက်အောင် သင်ကြားပေးခဲ့ရန် စီစဉ်ထားသကဲ့သို့ သမီးအငယ် ဖြစ်သော မြိုင့်ကိုလည်း သင့်လျော်သလို အိမ်ထောင်ရက်သားချထားလျက် ငွေနှစ်သောင်းနှင့် လက်ဝတ်လက်စားအပြည့်အစုံကို လက်ဖွဲ့ ရန်အတွက် မြိုင်၏နာမည်ဖြင့် ဘဏ်တိုက်ကြီးတစ်ခုတွင် အပ်နှံထားပြီး ဖြစ်ပေသည်။

မြိုင်နှင့်မောင်ဇော်ဝင်းတို့၏ မိခင်ကွယ်လွန်သွားခဲ့သော အချိန်မှစ၍ အိမ်ထောင်ကြီးတစ်ခုတွင် ပူပန်စရာရှိသော ကိစ္စများအလုံးစုံအတွက် မြိုင်၏ဖေဖေသည် ၎င်းတစ်ယောက်တည်းသာ ကြိတ်၍ ပူပန်ခြင်းပြုလျက် သားသမီးများကို အတတ်နိုင်ဆုံး သိမ်ငယ်ခြင်းမရှိရအောင် ထားရှိခဲ့လေသည်။ ၎င်းမုဆိုးဖိုဖြစ်ခဲ့သော အချိန်မှစ၍ ၎င်းတို့ သားအဖ သုံးယောက်တို့ကို အိမ်တွင် လာရောက်နေထိုင်၍ ထိန်းသိမ်း

စောင့်ရှောက်လျက်ရှိသော ၎င်း၏ နှမဝမ်းကွဲဖြစ်သူ ဒေါ်စောခင်ကိုပင်လျှင် မြိုင်၏ဖေဖေသည် မလွဲသာ မရှောင်သာ၍ အသိပေးလျှင်လည်း မဖြစ်နိုင်သော အိမ်မှုကိစ္စမျိုး၌သာ အသိပေးလေသည်။

မြိုင်၏ဖေဖေရော ဒေါ်လေးစောခင်ပါ အိမ်၌ မရှိကြသဖြင့် မြိုင်သည် တစ်ယောက်တည်းပျင်းနေ၏။ ထို့ကြောင့် ထိုနေ့ထုတ် သတင်းစာများကို ဖတ်ရန် မြိုင်သည် ဧည့်ခန်းဘက်သို့ ကူးလာခဲ့လေသည်။

အိမ်တွင်ဖတ်ရှုရန် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော သတင်းစာတစ်စောင်နှင့် မြန်မာသတင်းစာတစ်စောင်ကို မြိုင်၏ဖေဖေက ဝယ်ယူထားရှိလေသည်။ ဤသို့ ဝယ်ယူ ထားရှိသော သတင်းစာနှစ်စောင်အပြင် မေတ္တာလက်ဆောင်အဖြစ် ရရှိထားသော မြန်မာသတင်းစာတစ်စောင်လည်း ရှိသေးသည်။ ထိုမြန်မာသတင်းစာမှာ များမကြာမီကလေးကမှ စတင်ထုတ်ဝေခြင်းပြုသော "ပြည်သူ့အလင်း" သတင်းစာဖြစ်လေသည်။ ထိုပြည်သူ့ အလင်းသတင်းစာကို ဒေါ်မိမိခင်၏သား လဲ့လဲ့၏အစ်ကိုကြီးဖြစ်သူ ကိုသက်ထွန်းက တည်ထောင်၍ ၎င်းကိုယ်တိုင် မန်နေဂျင်းဒါရိုက်တာအဖြစ် စီမံအုပ်ချုပ်လျက်ထုတ်ဝေ လေသည်။

မြန်မာသတင်းစာများကို အထင်မကြီးသော မြိုင်သည် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော သတင်းစာကို ရှေးဦးစွာကောက်ယူ၍ ဖတ်ရှုလေသည်။ ထိုအင်္ဂလိပ် သတင်းစာရှယ်ယာအများစုကို ဝယ်ယူထားသူသည် နိုင်ငံခြားသားတစ်ဦးဖြစ်ကြောင်းကိုကား မြိုင်သည် မသိရှိခဲ့ပေ။ ထိုသို့ အင်္ဂလိပ်သတင်းစာကို ရှေးဦးစွာ ဖတ်ရှုသည်ဟု ဆိုရာ၌ မြိုင်သည် နိုင်ငံရေးသတင်းနှင့် အရေးကြီးသော ကမ္ဘာ့ကြေးနန်းသတင်းများကို သတင်းခေါင်းစဉ်မှလွဲ၍ သတင်းအကျယ်ကိုကား ဖတ်သည်မဟုတ်ပေ။ မြိုင်သည် နိုင်ငံရေးဆိုသော ဝေါဟာရကို သက်သက်ပိုနေသော ဝေါဟာရတစ်ခုအဖြစ် နားလည်ထားပေသည်။ ထိုသို့ပြည်တွင်းပြည်ပ နိုင်ငံရေးသတင်းများနှင့် အခြားကမ္ဘာ့ကြေးနန်းသတင်းများကိုပင် လေးနက်ခြင်းမရှိသောအခါ၌ ခေါင်းကြီးပိုင်းနှင့်အခြား နိုင်ငံရေးဝေဖန်ချက် ဆောင်းပါးများသည် မြိုင့်အတွက် ဖတ်ရှုရန် မဟုတ်တော့သကဲ့သို့ ဖြစ်နေပေသည်။ မြိုင်သည် သာရေးနာရေးသတင်းများကို ဖတ်သည်။ မိမိတို့နှင့် သိကျွမ်းခဲ့ဖူးသော အသိမိတ်ဆွေများထဲမှ ဘယ်သူသေ၍၊ ဘယ်သူမင်္ဂလာဆောင်သည်၊ ဘယ်သူတော့ဖြင့် နိုင်ငံခြားသို့သွားသည် စသောသတင်းများလောက်သာ

ဖတ်ရှုကြည့်မိသည်။

အင်္ဂလိပ်သတင်းစာကို ဖတ်ရှုပြီးစီးသောအခါမှ မြိုင်သည် မြန်မာသတင်းစာ နှစ်စောင်ရှိသည့်အနက် မေတ္တာလက်ဆောင်အဖြစ် ရရှိထားသော သတင်းစာကို မဖတ်သေးဘဲ အခြားသတင်းစာ တစ်စောင်ကိုသာ အလျင်ဖတ်လေ့ရှိသည်။ ဗမာတစ်မျိုးသားလုံးအတွက် အရေးကြီးသော သတင်းများကို ချန်လှပ်၍ သမီးရည်းစားနှင့် လင်နောက်လိုက်ပြေးသော သတင်းများ၊ ဥစ္စာစောင့်နှင့် နာနာဘာဝသတင်းများ၊ မယ်ရွေးပွဲသတင်းများကိုသာ ဧရာမ စာလုံးမည်းကြီးများဖြင့် အလန့်တကြားခေါင်းစဥ်တပ်၍ မျက်နှာဖုံး၌ အသားပေးဖော်ပြလျက် ရှိသော သတင်းစာကို မြိုင်သည် ဖတ်ရှုပြီးစီးမှ ပြည်သူ့အလင်းသတင်းစာကို ဝတ္တရား ကျေရုံမျှ ကိုင်တွယ်ကြည့်လေ့ရှိသည်။ ပြည်သူ့အလင်းသတင်းစာကို ဖတ်ရှုကြည့်ရန်အတွက် မြိုင်သည် များစွာဝန်လေး လျက်ရှိသည်။ အဘယ့်ကြောင့်ဆိုသော် ထိုသတင်းစာ၌ မြိုင်ဖတ်ချင်သော သတင်းများ ရှာဖွေ၍ မရသောကြောင့်ဖြစ်လေသည်။ ကိုသက်ထွန်း ကိုယ်တိုင်စီမံအုပ်ချုပ်၍ နေ့စဉ်မှန်မှန် ထုတ်ဝေလျက်ရှိသော ပြည်သူ့အလင်းသတင်းစာသည် ရန်ကုန်မြို့တော်မှ ထုတ်ဝေလျက်ရှိသော အခြားအခြားသော သတင်းစာများနှင့် လုံးဝမတူဘဲ တစ်မူတစ်ဘာသာဖြစ်လေသည်။ သတင်းစာ၏ အဆင်အပြင်ကစ၍ အခြားသတင်းစာများနှင့်မတူဘဲ ဣန္ဒြေရရနှင့် ခံ့ခံ့ညားညားပြင်ဆင်ထား၏။ သတင်းစာ၏အရွယ်မှာလည်း အခြားမြန်မာသတင်းစာများကဲ့သို့ မဟုတ်ဘဲ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေလျက်ရှိကြသော သတင်းစာများအရွယ် ဖြစ်သည်။ ပြည်သူ့အလင်းသတင်းစာ၌ ကလေးကလားနိုင်သော သတင်းမျိုးဖော်ပြခြင်း မရှိဘဲ၊ တစ်မျိုးသားလုံးနှင့်သက်ဆိုင်၍ အရေးကြီးသောသတင်းများကိုသာ ဖော်ပြလေ့ရှိသည်။ ပြည်တွင်းပြည်ပနိုင်ငံရေး သတင်းများနှင့် ထင်မြင်ချက်၊ ဝေဖန်သုံးသပ်ချက် ဆောင်းပါးများကို အထူးအသားပေးဖော်ပြသည်။ ထို့ကြောင့် နိုင်ငံရေးဆိုသော စကားတစ်လုံးအား သက်သက်ပိုနေသော ဝေါဟာရအဖြစ် နားလည်နေသော မြိုင်တစ်ယောက်အတွက် ပြည်သူ့အလင်း၏သတင်းများသည် ပင်ပန်းစရာကောင်းနေသည်။ ဤသို့ နိုင်ငံရေးသတင်းများအပြင် အခြားဖော်ပြလေ့ရှိသော သတင်းများသည်လည်း မြိုင် စိတ်ပါ ဝင်စားနိုင်လောက်သော သတင်းမျိုး မဟုတ်ပြန်ပေ။ အလုပ်သမားများ သပိတ်မှောက်၍ ဆူပူသောသတင်းများ၊ နယ်များ၌ အမတော်ကြေး မရရှိသေးသော လယ်သမားသတင်းများ၊ ကျောင်းဆရာ-

ဆရာမများ လုံလောက်အောင်မထားရှိသဖြင့် ကျောင်းသူကျောင်းသားများ ဆူပူကြသော သတင်းများ၊ မြန်မာကုန်သည်ကြီးအသင်းမှ အစိုးရအားဆူပူတောင်းဆိုသော သတင်းများနှင့် ပြည်နယ်သတင်းများကို မြိုင်သည် ကြိုးစား၍ ဖတ်ကြည့်သည့်တိုင်အောင် နားမလည်မိပေ။ ထိုကြောင့် ဤပြည်သူ့အလင်းသတင်းစာကို လူတွေဖတ်မှ ဖတ်ကြပါသေး၏လောဟု စဉ်းစားကြည့်ဖူးသည်။

ဤသတင်းစာ၏အကြောင်းကို လဲ့လဲ့တစ်ယောက်တည်း အလည်လာသောအပတ်က မြိုင်သည် ပြောဆိုမေးမြန်းကြည့်ခဲ့ဖူးလေသည်။ လဲ့လဲ့သည်လည်း ၎င်း၏အစ်ကိုကြီး ထုတ်ဝေသော သတင်းစာကို စိတ်မဝင်စားပေ။

"အစ်ကိုကြီးလုပ်နေတဲ့အလုပ်ကို မေမေကလည်း နည်းနည်းမှသဘောတူတာ မဟုတ်ဘူး မြိုင်ရဲ့ ဘယ်လိုမှ ပြောမရလို့သာ ဒီအတိုင်း ကြည့်ထားရတာပဲ"

ဟု လဲ့လဲ့က ပြန်၍ ပြောပြလေသည်။ လဲ့လဲ့ထံမှ အတွင်းရေးကို သိလာရသောအခါ ပြည်သူ့အလင်းသတင်းစာနှင့် အစ်ကိုကြီး ကိုသက်ထွန်းကို ပိုမို၍ အံ့သြသွားလေသည်။ သို့ရာတွင် မြိုင် သိရှိထားသလောက်တော့ ကိုသက်ထွန်းသည် အလွန်တရာ တည်ကြည်သော လူတစ်ယောက်ဖြစ်သည်။ အသက် ၃၀ သာသာခန့် လူလတ်တစ်ယောက်မျှသာဖြစ်သော်လည်း လူကြီးများ အားလုံးက လေးစားရှိသေ၍ လူတော်တစ်ယောက်အဖြစ် အသိအမှတ်ပြုခြင်းခံထားရသူလည်း ဖြစ်လေသည်။

သတင်းစာများ ဖတ်ပြီးသွားသောအခါ မြိုင်သည် နေ့လယ်နေ့ခင်းဘက်များတွင် တရေးတမော အိပ်စက်တတ်သော အလေ့အကျင့်ရှိသဖြင့် အောက်ထပ်မှ အိမ်ပေါ်သို့ တက်လာခဲ့လေသည်။ မြိုင်သည် ၎င်း၏အိပ်ခန်းအတွင်းသို့ ဝင်ခဲ့ပြီးနောက် သီချင်းတစ်ပုဒ်ကို ခပ်အေးအေး ညည်းရင်း အဝတ်အစားလဲလေသည်။ ထိုနောက် ၎င်း၏အလှပြင်သော စားပွဲပေါ်တွင် ထားရှိသော အင်္ဂလိပ်ကဗျာဆရာကြီး "တင်နီဆင်" ၏ ကဗျာ့ပဒေသာစာအုပ်ကြီးကို လှမ်းယူလိုက်ပြီးလျှင် သီချင်းတအေးအေးနှင့် အိပ်ရာထက်တွင် လှဲလေသည်။

❦ ❦ ❦

မြိုင်သည် အိပ်ရာဝင်ခါနီးသောအခါတိုင်း ကဗျာဖတ်ရှုသော အလေ့အထရှိသည်။ ဤကဲ့သို့ ကဗျာကို ဖတ်ရှုရင်း မျက်လုံးများ လေးလာကာ အိပ်ပျော်သွားတတ်လေသည်။ သို့ရာတွင် မြိုင်ဖတ်သော ကဗျာများသည် မြန်မာကဗျာများ မဟုတ်ပေ။ အင်္ဂလိပ်ကဗျာ များသာဖြစ်၍ အထူးသဖြင့် အင်္ဂလိပ်ကဗျာ၌ ထင်ရှားကျော်ကြားလျက်ရှိသော တင်နီ ဆင်၊ ဝဒ်(စ်)ဝပ်(သ်)၊ ကိ(တ်)(စ်)နှင့် ရှယ်လီစသော ကဗျာဆရာကြီးများ၏ ကဗျာများကို မြိုင်သည် များစွာနှစ်သက်တတ်လေသည်။ ခေတ်သစ်ကဗျာဆရာများအနက် ဒီလားမားနှင့် ဂျိမ်း(စ်)ဂျွိုက်(စ်)တို့၏ ကဗျာတချို့ လောက်သာ ဖတ်ရှုလေသည်။

အိပ်ရာထက်တွင် လှဲရင်း မြိုင်သည် စာအုပ်၏ မာတိကာကို ကြည့်လေသည်။ စင်စစ်တော့ တင်နီဆင်၏ ကဗျာပဒေသာစာအုပ်အား မြိုင်သည် မာတိကာကိုပင် ကြည့်ရှု ရန်မလိုပေ။ သီလရှင်ကျောင်း၌ နေခဲ့စဉ်ကပင် မြိုင်သည် ဤစာအုပ်ကို ကိုင်တွယ်ခဲ့ရ လေသည်။ တစ်နှစ်က မကျန်းမာ၍ တက္ကသိုလ်ဥပစာအထက်တန်းမှ မထွက်လာမီ ကလေးကလည်း ကျောင်း၌ ဤစာအုပ်ကိုပင် သင်ကြားခဲ့ရသည်။

မြိုင်သည် တင်နီဆင်ရေးစပ်သော ‘မာရီးယားနား’ ဆိုသော ကဗျာတစ်ပုဒ်ကို စတင်၍ ဖတ်ရှုကြည့်သည်။ ဤကဗျာကို မြိုင် ဖတ်ရှုခဲ့ဖူးသော အကြိမ်ပေါင်းလည်း များလှပေပြီ အလွတ်ပင် ရလုခမန်း ဖြစ်လေသည်။ တင်နီဆင်၏ ဤကဗျာတစ်ပုဒ်ကတော့ ‘အမျှော်စိုက်မယ်ဘွဲ့’ ထဲက ဖြစ်သည်။ ‘ခန်းတွင်းရိပ်သာ မယ့်အိပ်ရာ’ ဟူ၍ နာမည်ပေးထားဖို့ကောင်းလေသည်။ နှစ်လတွေ ကြာညောင်းလှပြီဖြစ်သော်လည်း ပေါ်၍ မလာနိုင်သေးသော “မောင်”အား ရှေ့လည်တိုင် ဖော့ရိုး-ကျိုးရလုမတတ် စောင့်မျှော်နေရသော မိန်းမသားတစ်ဦး၏ ခံစားရသော ဝေဒနာကို ထိုင်းထိုင်းမှိုင်းမှိုင်း ဖွဲ့နွဲ့၍ ဖော်ပြထားသော ကဗျာတစ်ပုဒ်ဟု ဆိုရပေမည်။

“သေလုပါပြီ… ကြွေလုပါပြီ… ဘုန်းဘယ့်ထွက်မလာသေး… မယ့်မှာလေ လွမ်းတာနဲ့ ဆွေး….” ဟူသော ကဗျာ၏ တစ်ပိုဒ်သည် မြိုင့်အတွက် လေးလေးနက်နက် ရှိလှသည်။ သို့ရာတွင် မြိုင့်မှာမူကား ‘လွမ်းတာနဲ့ဆွေး’ ရသည့်အထိ အမျှော်စိုက်နေခဲ့ရသော “မောင်” ကား

ယခုထက်တိုင်တော့ မရှိသေးပေ။ လူကြီးမိဘများအချင်းချင်း ရည်ရွယ်ထားကြဟန်ရှိသော ကိုသက်တင် တစ်ယောက်သည်လည်း မြိုင်၏ရင်ထဲအသည်းထဲက အမျှော်စိုက်နေခဲ့ရသော မောင်ကား မဟုတ်ပေ။ ကိုသက်တင်အား မြိုင်သည် အသိမိတ်ဆွေတစ်ယောက်လိုသာ သဘောထားတုန်းဖြစ်သည်။

ကဗျာဆုံးသွားသောအခါ မြိုင်သည် ကဗျာစာအုပ်ကို ပိတ်လိုက်၏။ ထို့နောက် ၎င်းကိုယ်တိုင်မသိရမမြင်ရသေးဘဲနှင့် အပျိုစင်သဘာဝ မျှော်စိုက်နေခဲ့ရသော 'မောင်' ကို စိတ်ကူးယဉ်၍ ကြည့်မိသည်။ အပျိုဖော်ဝင်၍ ဆန့်ကျင်ဘက်လိင်ကို တောင့်တတတ်သော အသက်အရွယ်မှ အစပြုလျက် မြိုင်သည် မောင့်ကိုတစ်ယောက်တည်း ပျင်းရိနေတတ်သော အချိန်များ၌ စိတ်ကူး ကြည့်လေ့ရှိသည်။ ကိုသက်တင်သည် မြိုင်၏ စိတ်ကူးထဲက မောင်ဖြစ်၍ ကားမလာပေ။ ဖြစ်စေလိုသော စေတနာနှင့်ဖြစ်လာအောင် အမျိုးမျိုး ကြိုးစား၍ မြိုင်သည် အကြိမ်ကြိမ်လည်း စိတ်ကူးခဲ့လေပြီ။ သို့ရာတွင် ကိုသက်တင်နှင့် မြိုင်၏မောင်တို့သည် အဘယ်သို့မျှဖက်စပ်၍ မရနိုင်လောက်အောင် သဘာဝတစ်ခုစီ ဖြစ်နေသည်။ တောင်နှင့် မြောက် ဝင်ရိုးစွန်းများကဲ့သို့ပင် ဖြစ်နေခဲ့သည်။

သီလရှင်ကျောင်းသူကလေးဘဝနှင့်တုန်းက မြိုင်၏မောင်များသည် ကျောင်း၌ သင်ကြားရသော ဆာဝေါလတာစကော့၏စာအုပ်ထဲမှ သူရဲကောင်းဇာတ်လိုက်များ ဖြစ်ခဲ့ ဖူးလေသည်။ "အိုင်ဗင်ဟို" နှင့်ပင်လျှင် မြိုင်သည် အိပ်မက်ထဲ၌ တွေ့ဆုံဖူး၏။ ဂါဝန်ကို ချွတ်ခဲ့ရပြီးနောက် တက္ကသိုလ်ကျောင်းသူဖြစ်လာသောအခါ မြိုင်သည် စကော့၏ဇာတ်လိုက်များနှင့် ပြတ်စဲသွားလေသည်။ ထိုအချိန်မှစ၍ မြိုင်၏ 'မောင်'သည် ရုပ်လုံးမပေါ်တော့ပေ။ နှင်းများဝေလျက်ရှိသော ဂြိုဟ်ကြီးတစ်လုံးမှ လောင်းကုတ်ကြီး ဝတ်ဆင်လျက် မျက်မှန်နက်ကြီးကို တပ်ဆင်ထားသော သတ္တဝါတစ်ကောင်ကဲ့သို့ ဖြစ်သွားလေသည်။

"သေလုပါပြီ... ကြွေလုပါပြီ ... ဘုန်းဘယ့်ထွက်မလာသေး.. မယ့်မှာလေ လွမ်းတာနဲ့ဆွေး..."

မြိုင်သည် ကဗျာ၏အဆုံးပိုဒ်ကို လေသံကလေးဖြင့် ရွတ်ကြည့်လိုက်သေး၏။ သို့ရာတွင် မျက်တောင်များ စင်းနေပြီဖြစ်ရကား ရေ့ဆက်၍ ဘာမျှမစဉ်းစားနိုင်တော့ဘဲ သတိလစ်သွားလေသည်။

မြိုင်သည် အိပ်ပျော်သွား၏။ သို့ရာတွင် အဘယ်မျှကြာအောင် အိပ်ပျော်သွားသည်ကိုကား သတိမထားလိုက်မိ။ "မမမြိုင်... မမမြိုင်" ဟု မယ်အေးခေါ်သံကို ကြားလိုက်ရတော့မှ လန့်၍ နိုးလာကာ မျက်လုံးကို ဖွင့်ကြည့်မိသည်။ မယ်အေးသည် မြိုင်၏ခုတင်ခြေရင်းဘက်တွင်ရပ်၍ မိမိအား နှိုးနေသည်ကို တွေ့ရလေသည်။

"ဧည့်သည်တွေရောက်နေတယ် မမမြိုင်"

ဟုမယ်အေးသည် မရဲတရဲနှင့် ပြော၏။

"ဘယ်က ဧည့်သည်တွေလဲဟင် မယ်အေး"

ဟု အိပ်မှထ၍ ထိုင်ရင်း မြိုင်က ပြန် ၍ မေးလိုက်သည်။

"ဟို... မမလဲ့လဲ့တို့မောင်နှမ...."

"အစ်ကိုကြီးကိုသက်ထွန်းပါပါသလား"

"ဦးသက်ထွန်း မဟုတ်ဘူး မမမြိုင်ရဲ့"

"ဟင်"

"အစ်ကိုကြီး ကိုသက်ထွန်းမဟုတ်ရင် ဘယ်သူဖြစ်ဦးမလဲဟဲ့ မယ်အေးရဲ့..."

မယ်အေးသည်။ ၎င်းပြောလိုသော ထိုသူ၏နာမည်ကို စဉ်းစား၍ မပေါ်သဖြင့် အခက်အခဲတွေ့ ကာ ခပ်ကြောင်ကြောင် ဖြစ်နေသည်။ ဤအခိုက်မှာပင်...

"မြိုင်ရေ မြိုင်"

ဟူသော ခေါ်သံနှင့်အတူ လှေကားမှတက်လိုက်၍ လာသော လဲ့လဲ့၏အသံကိုကြားရသဖြင့် မြိုင်သည် ခုတင်ပေါ်မှ ဆင်းလိုက်သည်။

ဟေး

"ဟေးမြိုင်..."

ဟုခေါ်ရင်း မြိုင်နှင့်အသက်အရွယ်တူဖြစ်သော လဲ့လဲ့သည် မြိုင်အခန်းတွင်းသို့ အူယားဖားယားနှင့် အပြေးကလေးဝင်လာသည်။

မြိုင်က လဲ့လဲ့ကိုပြုံး၍ ကြည့်လေသည်။ သို့ရာတွင် လဲ့လဲ့သည် မြိုင့်ဆီသို့ရောက်သည်အထိ အပြေးကလေးလျှောက်လာခဲ့ပြီးလျှင် မြိုင့်ဆီသို့ရောက်သောအခါ မြိုင့်အား သူငယ်ချင်းဘာဝ တစ်ချက်မျှ ဖက်လိုက်သည်။ ထိုသို့ဖက်ထားရာမှ...

"ကိုသက်တင်လည်း ပါလာတယ်မြိုင်ရဲ့..."

ဟု ၎င်းနှင့်အတူပါလာသော ၎င်း၏အစ်ကိုဝမ်းကွဲအကြောင်းကို ပြောလေသည်။ သည်တော့မှ ဘေးမှခပ်ရိုရို ရပ်၍ ကြည့်နေသော မယ်အေးသည် ၎င်းခပ်စောစောက စဉ်းစား၍ မပေါ်သော ကိုသက်တင်၏နာမည်ကို သတိရလေသည်။

"ကိုသက်တင်နဲ့ ဘယ်မှာတွေ့ လို့ ခေါ်ခဲ့တာလဲ.. လဲ့လဲ့"

ဟု မြိုင်က လဲ့လဲ့နှင့် အတူ မလာစဖူးသော ကိုသက်တင်အကြောင်းကို မေးကြည့်လေသည်။

"မေမေ မြို့ထဲသွားတုန်း သူ လဲ့လဲ့တို့အိမ်မျက်စိလည် လမ်းမှားရင်း ဝင်လာလို့ ကိုယ်ကလည်း မြိုင့်ဆီလာချင်တုန်း သူ့ကို လိုက်အပို့ခိုင်းရတာ"

ထိုအခိုက် အိမ်အောက်ထပ် ဧည့်ခန်းဘက်တွင်ထားရှိသော မြိုင်၏ပီယာနိုအဖုံး ဖွင့်သံကြားရပြီးနောက် မတီးတတ် တီးတတ်နှင့် ပီယာနိုတီးသံကိုကြားရ၏။ ရန်ကုန် အထက်တန်းလွှာတို့၏ သားသမီးများသည် ပီယာနိုတီးတတ်မှ ဂုဏ်ရှိသည်ဟု အထင်ရောက်နေကြသည့်အလျောက် ကိုသက်တင်သည်လည်း ပီယာနိုကို စိတ်မပါသော်လည်း သင်ကြားနေသူတစ်ယောက် ဖြစ်သည်။ သို့ရာတွင် မိမိစိတ်ပါဝင်စားခြင်း မရှိသော အတတ်ပညာကို ပကာသနအနေနှင့် သင်ကြားသူတစ်ဦးတစ်ယောက်အတွက် ထိုသင်ကြားခြင်းသည် အချည်းနှီးသာ ဖြစ်လေသည်။ တတ်ယောင်ကားသာဖြစ်ပေမည်။

"ဟော-ကိုသက်တင်တောင် တစ်ယောက်တည်းစောင့်နေရတာ

ပျင်းလို့ ထင်တယ်”

ဟု လဲ့လဲ့က ပြောလေသည်။

“ပီယာနို အတီးသင်နေတာလည်း ကြာလှပြီ၊ ကိုသက်တင်တစ်ယောက်လည်း ခုထက်ထိ ဘာမှကိုမတတ်သေးဘူး...”

ဟု မြိုင်က မှတ်ချက်ချလိုက်၏။

“သူသင်တာက သေသေချာချာနဲ့ ကြိုးကြိုးစားစားသင်တာမှ မဟုတ်ဘဲ... သူ့ ဘာသာသူစိတ်ကူးရတဲ့အခါမှ စန္ဒရားသင်တဲ့ ဆရာအိမ်သွားတာ...”

ကိုသက်တင်သည် ယိုးဒယားပိန်းချားကလေးကို မပီကလာပီကလာတီး၍ နေရတာကိုကမှ သီချင်းသားကို ကျေအောင်မရထားသဖြင့် လုံးချာလိုက်နေ၏။ သို့ရာတွင် သူသည် တတ်ယောင်ကား တစ်ဦးဖြစ်သည့်အလျောက် သူ့တီးကွက်များ လုံးချာလိုက်နေသည်ကိုကား မသိရှာပေ။ ဟုတ်သည်ထင်နေ၏။

လဲ့လဲ့သည် ယိုးဒယားနှင့် မြန်မာသီချင်းကြီး သီချင်းခန့်များ မသင်ကြားဖူး၍ ကိုသက်တင်၏ လုံးချာလိုက်နေပုံကို မသိပေ။ အင်္ဂလိပ်သီချင်းများကိုတော့ ဆရာနှင့် လက်ထပ်သင်ကြားဖူး၍ ကောင်းစွာလည်း တီးတတ်သောကြောင့် ကိုသက်တင်၏ မပီမသ ဖြစ်နေသော လက်ကွက်များကိုတော့ သိသည်။

မြိုင်သည် ကိုသက်တင်၏ပိန်းချားကလေးကို ပြုံး၍ နားထောင်နေရာမှ...

“မင်းတို့ မောင်နှမ ဘာသောက်ကြမလဲဟင် လဲ့လဲ့၊ လိမ္မော်နဲ့ သံပရာလည်း ရှိတယ် ခရင်(မ်)ဆိုဒါ လည်း ရှိတယ်”

ဟု လဲ့လဲ့အား မေးလိုက်၏။

“ကိုယ်တော့ သံပရာပဲ ကြိုက်တယ်... ဒါပေမဲ့ ကိုသက်တင်ကတော့ လိမ္မော် သောက်တယ်ကွဲ့”

မြိုင်သည့်ရပ်၍ စောင့်နေသော မယ်အေးအား သံပရာနှင့် လိမ္မော်ရည်များကို အထည့်ခိုင်းလိုက်ပြီးနောက် ၎င်း၏အဝတ်အစားဗီရိုဘက်သို့ လျှောက်သွားပြီးလျှင် အဝတ်အစားလဲလေသည်။

လဲ့လဲ့နှင့် မြိုင်တို့နှစ်ယောက် ညှော့ခန်းသို့ ရောက်လာကြသည်တိုင်အောင်လည်း တတ်ယောင်ကားဆရာသည် ပိန်းချားကလေး၏ဝ က်ပါ၌ ထွက်ပေါက်မတွေ့ သေးပေ။ "စုံမြိုင်ယံ.. မောင်နှံ့ချိမ့်ဦး ရွှေပတုန်းငယ် ယူသုံးစားရှာ တမာရွှေကြက်တော" အပိုဒ်တွင် ပြန်၍ ပြန်၍ ကျော့နေသည်။ "ဥဩမြည်သံသာ..." အချပိုဒ်ကို မကူးတတ်ပေ။ မြိုင်နှင့် လဲ့လဲ့သည် စန္ဒရားဆရာ၏ တစ်ဖက်တစ်ချက်စီတွင် ဝင်၍ ရပ်လိုက်ကြသည်။ သည်တော့မှ ကိုသက်တင်သည် စန္ဒရားတီးနေရာမှ မြိုင့်ကိုမော့၍ ကြည့်မိလေသည်။ ထိုသို့ မော့ကြည့်ရင်း သူသည် 'စုံမြိုင်ယံ"ကိုပြန်၍ ကောက်နေပြန်သဖြင့် မြိုင်က သူ့ကိုပြုံးလိုက်သည်။ "ရွှေပိတုန်းငယ် ယူသုံးစားရှာ တမာရွှေကြက်တော" အပိုဒ်သို့ရောက်သောအခါ သူသည် သုံးလေးကြိမ်မျှပြန်၍ ပြန်၍ ကျော့ခဲ့မိသောအဖြစ်ကို သတိရလာသည်။ သို့ရာတွင် အချပိုဒ်ကို မဆက်တတ်သဖြင့် ရှက်ကိုးရှက်ကန်းနှင့် ပီယာနိုခုံမှ ရုတ်တရက် ထလိုက်လေသည်။

"ဥဩမြည်သံသာ... မြိုင်ယံပြည်စိုး... ဆက်လေ"

ဟု မြိုင်က ဘေးမှကြောင်းပေး ရင်း ပြောဆိုလိုက်၏။

"အဲဒီအပိုဒ်ကို မေ့နေလို့ တီးပြစမ်းပါဦး မြိုင်ရဲ့.."

ဟု မိမိ၏ချို့ယွင်းချက်ကို ဖုံးကွယ်ရန် အရှက်ပြေပြောလိုက်ရင်း ကိုသက်တင်သည် ပီယာနိုထိုင်ခုံမှ ဘေးသို့ဖယ်ကာ မြိုင်အား အပြခိုင်းလေသည်။

မြိုင်သည် ပီယာနိုခုံတွင် အသာဝင်၍ ထိုင်လိုက်ပြီးလျှင် ကိုသက်တင် လုံးချာလိုက်နေသော ပိန်းချားကလေး၏တတိယပိုဒ်မှနေ၍ ကောက်ကာငင်ကာ တီးပြလေသည်။ ဆရာသမားနှင့်စနစ်တကျ သင်ကြားတတ်မြောက်ထားသော မြိုင်သည် တွဲလုံးခတ်လုံးများနှင့် ပိုင်ပိုင်နိုင်နိုင် တီးခတ်နိုင်လေသည်။

ကိုသက်တင်နှင့် လဲ့လဲ့တို့မောင်နှမသည် စန္ဒရားခလုတ်ကလေးများပေါ်တွင် လိပ်ပြာမောင်နှံ့ပျံသလို လှပစွာလှုပ်ရှားပြေးလွှားနေသော မြိုင်၏ လက်ချောင်းကလေးများကို

ငေးမော၍ ကြည့်နေကြလေသည်။ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသောကြောင့်လည်း စန္ဒရားသံမှာ ငြိမ့်ငြိမ့်ညောင်းညောင်းရှိလှပေသည်။

ရွှေတောင်ကြားတစ်လျှောက်တွင် ဂုဏ်ခံ၍ မိမိတို့ ရဲတိုက်ကြီးများဖြင့် တခမ်းတနား နေထိုင်လျက်ရှိကြသော အထက်လွှာတို့၏ ပတ်ဝန်းကျင်၌ကား စက်ရှင်တရားသူကြီးဟောင်း ဦးထွန်းမင်း၏ သမီး မြိုင်သည် စန္ဒရားတီးသောအတတ်၌ များစွာ ထင်ရှား ကျော်ကြားခြင်း ရှိပေသည်။ သူတို့၏ပျော်ပွဲရွှင်ပွဲများ၌ စန္ဒရားခုံတွင် မြိုင်အား ဦးစားပေးကြလေ သည်။ ရွှေတောင်ကြားတစ်လျှောက်၌ ကျင်းပလေ့ရှိသော ဥယျာဉ်တော်ပွဲ၊ မွေးနေ့ သဘင် နှင့် ဘုရားကိုးဆူပွဲများတွင် မြိုင်အား စန္ဒရားတီးရန် ဝိုင်းဝန်း၍ ပွဲတောင်းကြလေ့ရှိသည်။ မြန်မာသီချင်းဖြစ်စေ၊ အင်္ဂလိပ်သီချင်းဖြစ်စေ၊ မြိုင်သည် ကြေးတန်းစား ပညာသည်များလောက်နီးနီး ပိုင်ပိုင်နိုင်နိုင် တီးနိုင်သည်။ အရှူ၊ အရှိုက်နှင့် မှင်၊ မောင်းများကိုပါ မြိုင်သည် နိုင်နင်းသည်။

လဲ့လဲ့နှင့် ကိုသက်တင်တို့သည် လှပစွာ တီးခတ်လျက်ရှိသော မြိုင်၏ စန္ဒရားသံ၌ ငိုက်မျဉ်းနေကြသည့်ပမာ ငြိမ်သက်စွာ နားထောင်လျက်ရှိလေသည်။ အာဟာရတစ်ခုကို မှီဝဲရသလို ကျေနပ်လျက်လည်း ရှိလေသည်။

မြိုင်သည် နောက်ဆုံးပိုဒ်ကို သီချင်းသား၏ သဘာဝအလိုက် ခပ်ကြွမ်းကြွမ်းတမ်းတမ်းကလေးပင် တီးခတ်လေသည်။

"တွန်ကြော်ညံကြွေး ခွန်းလေးယူလို့... လူလိုဟန် စုံမြိုင်ယံ... ဘာသာမြူးရာကြသလေး."

မြိုင်သည် နောက်တစ်ခေါက်ပြန်ကျော့၍ ယူလာပြီးနောက် သဖြန်တစ်ပိုဒ်ဖြင့် သီချင်းကို သိမ်သိမ်မွေ့ မွေ့ ကလေး အဆုံးသတ်လိုက်ပြီးလျှင် ပီယာနိုခုံမှ ရုတ်တရက် ထလိုက်လေသည်။

"မြိုင်က သိပ်တော်တာပဲ"

ဟု လဲ့လဲ့က အံ့သြချီးမွမ်းလေသည်။

"မြိုင်တီးသံကြားရတာနဲ့ ကိုသက်တင်ဖြင့် စန္ဒရားကိုကြည့်ရမှာတောင် လိပ်ပြာ မလုံလာတော့ဘူး..."

ဟု ကိုသက်တင်ကလည်း မြိုင့်အား လွန်လွန်ကျူးကျူးချီးမွမ်းလိုက်သည်။

ထိုအခိုက် မယ်အေးသည် ငွေလင်ပန်းတစ်ခုပေါ်တွင် တင်၍ အဖျော်သုံးခွက်ကို ယူလာသည်။ မြိုင်သည် မယ်အေးယူလာပေးသော လင်ပန်းထဲမှ လိမ္မော်ရည်ကို ကိုသက်တင်အား လှမ်း၍ ပေးလေသည်။ လဲ့လဲ့ကမူ သံပရာရည်ကို သူ့ဘာသာသူ ယူလိုက်သည်။ မြိုင်သည် သူ့အတွက် ခရင်(မ်)ဆိုဒါကို ယူ၍ သောက်ရင်း ရေဒီယိုအနီးတွင်ထား ရှိသော စားပွဲတင်နာရီကို လှမ်း၍ ကြည့်လိုက်သည်။ သုံးနာရီ ထိုးလုနီးပေပြီ။

လဲ့လဲ့သည် ဆရာဝန်မှာကြားထားသည့်အတိုင်း သံပရာရည်ကို သောက်ပြီး သွားသောအခါ...

"အော် ဒါထက် ကိုကိုလတ်တစ်ယောက် မတွေ့တာကြာလို့ မြိုင်တို့ဆီကောလာရဲ့လား"

ဟု ၎င်းအတွက် စိတ်ဝင်စားစရာ အကောင်းဆုံးဖြစ်သော ကိုကိုလတ်၏သတင်းကို မေးလေသည်။

"ကနေ့မနက်ပဲ လာလို့ ဒေါ်လေးတောင် ကုက္ကိုင်းဘက် လိုက်သွားသေးတယ်"

"ကိုယ်တို့ဆီ ပေါ်မလာတာ နှစ်လလောက်တောင် ရှိသွားပြီ၊ ဒါကြောင့် ဟိုတစ်နေ့ ကလည်း မေမေက မေးသေးတယ်"

"မနက်က မြိုင်တို့ဆီလာရင်း လဲ့လဲ့အကြောင်းတောင် ပြောသေးတယ်"

ဟု မြိုင်က လဲ့လဲ့အား စိတ်ချမ်းသာမှု ရှိစေရန် ပြောဆိုလိုက်သည်။ ဤသို့ မြိုင်က ပြောဆိုလိုက်သောအခါ စောစောက ခပ်မှိန်မှိန်ဖြစ်နေသော လဲ့လဲ့၏ မျက်လုံးများသည် ဝင်းလက်ကြည်လင်၍ လာနေ၏။ အနည်းငယ်လေးကန်နေသော အမူအရာမှာလည်း ပေါ့ပါးသွက်လက် ၍ လာ၏။

"ကိုယ့်အကြောင်း ပြောသွားသတဲ့လားဟင်..."

ဟု လဲ့လဲ့က သွက်လက်စွာ မေးလာ၏။

မြိုင်သည် လိမ္မော်ရည်သောက်ပြီးနောက် စီးကရက်တစ်လိပ်ကို မီးညှိ၍ ဖွာနေသော ကိုသက်တင်အား တစ်ချက်မျှလှမ်း၍ ကြည့်ရှုလိုက်ပြီးလျှင်...

"လဲ့လဲ့တို့ဆီ မရောက်တာ တော်တော်ကလေးကြာသွားလို့ သွားရဦးမယ်ဆိုတဲ့အကြောင်း ပြောသွားတာပါ"

ဟု မြိုင်သည် မိမိ၏သူငယ်ချင်းဖြစ်သူ လဲ့လဲ့ စိတ်ချမ်းသာအောင် မလွှဲသာဘဲ လိမ်၍ ပြောဆိုလိုက် ရလေသည်။ ဤသို့မြိုင်က ပြောဆိုလိုက်ခြင်းကြောင့် လဲ့လဲ့သည် တော်တော်ကလေး ကျေနပ်သွားဟန်ရှိသည်။ အကယ်၍သာ မနက်ပိုင်းက မောင်မောင်လတ်ပြောဆိုခဲ့သော စကားများအတိုင်းသာ လဲ့လဲ့အား ဖွင့်ပြောလိုက်ပါမူ အဘယ်သို့ ဖြစ်သွားလိမ့်မည်နည်း။ ကချေသည်မ တစ်ယောက်အား စွဲစွဲလမ်းလမ်း ပိုးပန်းနေသော မောင်မောင်လတ်၏အဖြစ်မှန်ကိုသာ လဲ့လဲ့သည် သိရှိသွားခဲ့ပါမူ တော်တော်ခက်ကုန်ပေလိမ့်မည်။ လဲ့လဲ့အပြင် ၎င်း၏မိခင်နှင့် အစ်ကိုကြီး ကိုသက်ထွန်းတို့ပါ ဤအကြောင်းများကိုသာ သိရှိသွားခဲ့လျှင် လဲ့လဲ့နှင့် မောင်မောင်လတ်တို့၏ အရေးသည် များစွာ ထိတ်လန့်ဖွယ်ကောင်းပေသည်။

"ကိုကိုလတ် လာတယ်ဆိုလို့... ကိုသက်တင်မှာထားတာများ ပြောလိုက်မိသေးသလား မြိုင်"

ဟု ဘေးမှ စီးကရက်ဖွာရင်း ငြိမ်သက်စွာ နားထောင်၍ နေခဲ့သော ကိုသက်တင်က မေးလာ၏။

"လာမယ့်အပတ် မြင်းပွဲမှာ သူစောင့်နေမယ်လို့ ပြောသွားတယ်..."

"ဒီလူတစ်ယောက် ခုတစ်လော ပျောက်ပျောက်နေတယ်... တွေ့တော့မှ ပြောရဦးမယ်..."

"ဒါထက် မြိုင်တို့ဖေဖေတစ်ယောက် မမြင်မိသေးပါလား..."

ဟု လဲ့လဲ့က အကြောင်းအရာသစ်ကို မေးလိုက်လေသည်။

"ဖေဖေနေ့ခင်းကပဲ မြို့ထဲကို သွားတယ် ညနေလေးနာရီလောက်မှ ပြန်လာလိမ့် မယ် ထင်တာပဲ..."

ဟု ပြောရင်း မြိုင်သည် စားပွဲတင်နာရီကလေးကို လှမ်း၍ ကြည့်လိုက်သည်။ သုံးနာရီထိုး၍ ဆယ်မိနစ်ကျော်သွားခဲ့လေပြီ။ ထိုအခိုက် မယ်အေးသည် ဧည့်ခန်းအတွင်းသို့ဝင်လာပြီးလျှင် ဖန်ခွက်များသိမ်းဆည်းနေလေသည်။ သိမ်းဆည်းပြီးနောက် နောက်ထပ်၍ မြိုင်ထံမှ အမိန့်တစ်စုံတစ်ရာရရှိလေမည်လောဟု နာခံသောအကြည့်ဖြင့် ၎င်း၏မမမြိုင်အား လှမ်း၍ ကြည့်လေသည်။ မြိုင်က ခေါင်းခါပြလိုက်သောအခါမှ ဖန်ခွက်များယူ၍ ထွက်သွားသည်။

ဤအခိုက်ဝယ် ကိုသက်တင်သည် ဧည့်ခန်းစားပွဲပေါ်၌ တင်ထားသော သတင်းစာများအနက် ပြည်သူ့အလင်းသတင်းစာကို ဆွဲ၍ ယူကာ ဖတ်ကြည့်နေရာမှ...

"အစ်ကိုကြီး သတင်းစာကိုတော့ အစိုးရက ဘယ်နေ့ပိတ်မလဲ မသိဘူး၊ ခုအတိုင်းသာ ရေးရင် ပိတ်မှာ တော့ အသေအချာပဲ"

ဟု သူ၏ထင်မြင်ချက်ကို ပြောဆိုလိုက်သည်။

"ပိတ်လိုက်ရင် သာကောင်းတယ်။ မေမေကတော့ သူ့သားကို ပြောလို့မနိုင်တာနဲ့ပဲ အစိုးရကမြန်မြန်ပိတ်ပါစေလို့ နေ့တိုင်းဆုတောင်းနေတယ်"

ဟု လဲ့လဲ့က ပြောလေသည်။

မြိုင်သည် ကိုသက်ထွန်းနှင့် လဲ့လဲ့တို့ မောင်နှမပြောနေဆိုနေကြသော စကားလုံးများကို နားမလည်သဖြင့် ခပ်ကြောင်ကြောင်ဖြစ်နေလေသည်။ ပြည်သူ့အလင်းသတင်းစာကို အစိုးရက ဘာကြောင့်ပိတ်မည်နည်း။ သားဖြစ်သူ၏လုပ်ငန်းကြီးတစ်ခု အကျိုးမဲ့ပျက်စီးသွားသည်အထိ မိခင်လုပ်သူက အဘယ့်အတွက် ဆုတောင်းရသနည်း။

ထိုအချိန်သည် ၁၉၅၀ ခုနှစ်၏ ဒုတိယနှစ်ဝက်ကုန်ခါနီး အချိန်ဖြစ်လေသည်။ ကိုရီးယားပြည်တောင်ပိုင်းနှင့် မြောက်ပိုင်းတို့ ပြည်တွင်းစစ်မက်ဖြစ်ပွားနေချိန်လည်း ဖြစ်သည်။ ကိုရီးယား ပြည်တွင်းစစ်၌ တောင်ပိုင်းက ကျူးကျော်သည် သို့မဟုတ် မြောက်ပိုင်းက

ကျူးကျော်သည်သည်ဟူ၍ အငြင်းပွားနေချိန်ဖြစ်သည်။

ကမ္ဘာ့ငြိမ်းချမ်းရေးကို အဓိကတာဝန်ယူ၍ ထိန်းသိမ်းစောင့်ရှောက်ခြင်းပြုရသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီး၏ လုံခြုံရေးကောင်စီ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံအား ကုလသမဂ္ဂတွင် လက်ခံရေး မခံရေးနှင့်ပတ်သက်၍ အနောက်အုပ်စုနိုင်ငံများ၏ နှောင့်ယှက်နေမှုကြောင့် လက်နက်နိုင်ငံကြီး ငါးနိုင်ငံအနက် ဆိုဗီယက်ယူနီယံသည် ကန့်ကွက်ကာ ဆန္ဒပြသပိတ်မှောက်နေသည့်အခိုက် အနောက်အုပ်စုနိုင်ငံများက မြောက်ကိုရီးယားအား ကျူးကျော်သူအဖြစ် မတရားသဖြင့် တစ်ဖက်သတ်ကြေညာလိုက်ခဲ့ပေသည်။ ထိုသို့ ကြေညာပြီးနောက် အင်္ဂလိပ်အမေရိကန်တို့ ကွပ်ကဲသော နိုင်ငံပေါင်း ၁၆ နိုင်ငံတို့က ကိုရီးယားပြည်တွင်းစစ်မက်တွင် တောင်ပိုင်းကိုရီးယားဘက်မှ ဝင်ရောက်စွက်ဖက်၍ တိုက်ခိုက်ကြလေသည်။

ကမ္ဘာ့ကုလသမဂ္ဂဝင် နိုင်ငံတစ်နိုင်ငံဖြစ်သော ဗမာနိုင်ငံ၌ ကိုရီးယားအရေးတော်ပုံသည် ကြားနေရေးဝါဒကို လက်ကိုင်ပြုပါသည်ဆိုသော ဗမာအစိုးရအတွက် ပြည်သူ့လွှတ်တော်၌ အစိုးရ၏ဝါဒနှင့်သဘောထားကို တင်သွင်းရသော အချိန်ဖြစ်လေသည်။ သို့ရာတွင် လွှတ်တော်၏ သဘောတူညီချက်မယူမီကပင် အစိုးရသည် အနောက်အုပ်စုနိုင်ငံများနှင့် ပူးပေါင်းကာ မြောက်ကိုရီးယားအား ကျူးကျော်သူအဖြစ် ကြေညာခဲ့လေပြီ။

ဤသို့ဗမာအစိုးရ၏အပြုအမူနှင့် ပတ်သက်၍ ပြည်သူ့အလင်းသတင်းစာက တင်းတင်းမာမာ ရေးသားဝေဖန်ခြင်း ပြုလေသည်။ နှစ်ဦးနှစ်ဖက်၏စကားကို ကြားနာခြင်းမပြုဘဲ ကြားနေရေးဝါဒနှင့်လည်း သွေဖည်ကာ တစ်ဖက်သတ်ကြားနာ၍ အဆုံးဖြတ်ပြုခြင်း သည် များစွာမှားယွင်းကြောင်း ရေးသားလေသည်။

ကမ္ဘာ့ကြေးနန်းသတင်းများနှင့် သတင်းစာခေါင်းကြီးပိုင်းများကို ဖတ်ရမှန်းမသိသေးသော မြိုင့်အတွက် ကိုသက်တင်က ပြောဆိုလိုက်သောစကားကို နားလည်နိုင်ရန် အခြေခံ ကင်းမဲ့နေလေသည်။ သည့်ထက်တော့ မြိုင်သည် ဘာမျှမသိပေ။

ကိုသက်တင်သည် စိတ်ပျက်လှသော အမူအရာဖြင့် ၎င်းလက်ထဲမှ သတင်းစာကို စားပွဲပေါ်သို့ ပြန်၍ တင်ထားလိုက်ပြီးနောက်

စီးကရက်တစ်လိပ်ကို မီးညှိလေသည်။

"ဒီလူတစ်ယောက်နဲ့ ပေါင်းမိကတည်းက အစ်ကိုကြီးလည်း လုံးလုံးပျက်စီးတော့တာပဲ"

ဟု လဲ့လဲ့က မြိုင့်အား ကြည့်ရင်း ညည်းတွားလိုက်သည်။

အလွန်တရာတည်ကြည်၍ လူကြီးများကပင် ခန့်ညားကြရသော ကိုသက်ထွန်းအား လုံးလုံးပျက်စီးသွားပြီဟု ၎င်း၏နှမဖြစ်သူက မိမိရှေ့တွင် ထုတ်ဖော် ပြောဆိုသွားသောအခါ၌ မြိုင်သည် ထိတ်လန့် အံ့သြသွားမိလေသည်။ မိမိကြားရသိရသလောက် ကိုသက်ထွန်းသည် ၎င်းမိခင်သဘော မတူသော သတင်းစာလုပ်ငန်းတစ်ခုကို လုပ်ခြင်းကလွဲ၍ အခြားကိုယ်ကျင့်သိက္ခာ ပျက်ပြားစေသည့် မည်သည့်လုပ်ငန်းကိုမှ လုပ်ကိုင်သည်ဟူ၍ကား မကြားသိရသေးပေ။

"အစ်ကိုကြီး ကိုသက်ထွန်းက ဘာတွေများလုပ်နေလို့လဲ လဲ့လဲ့ရဲ့"

ဟု မြိုင်က သိရှိလိုသောစိတ်ဖြင့် မေးကြည့်လေသည်။

မြိုင်၏အမေးအား လဲ့လဲ့သည် အံ့သြသောအမူအရာ ပြလေသည်။ နောက် သက်ပြင်းလည်း ချလိုက်သည်။

"အစ်ကိုကြီးအတွက်နဲ့တော့ ခက်တာပဲ... မြိုင်ရယ်၊ သူက ဘာမဆိုလုပ်မိရင် နောက်ဆုတ်တတ်တဲ့ လူစားလည်း မဟုတ်တော့..."

"ဒါထက် အစ်ကိုကြီးကိုသက်ထွန်းက ဘာတွေလုပ်နေတယ်ဆိုတာကိုလည်း ပြောစမ်းဦးကွဲ့"

"တခြားတော့ မဟုတ်ပါဘူး မြိုင်ရယ် အဲဒီသတင်းစာထုတ်တဲ့ အလုပ်ပေါ့"

"သူထုတ်နေတဲ့ သတင်းစာက အစိုးရမကြိုက်တဲ့ သတင်းစာမျိုးထဲက မြိုင်ရဲ့"

ဟု ဘေးတွင် လဲ့လဲ့နှင့် မြိုင်တို့ ပြောဆိုနေကြသောစကားကို ငြိမ်သက်စွာ နားထောင်နေသော ကိုသက်တင်က မြိုင် ရှင်းရှင်းလင်းလင်း

နားလည်သွားအောင်ဝင်၍ ပြောပြ၏။ လဲ့လဲ့တို့၏ အိမ်အတွင်းရေးကို ကြားသိရသော မြိုင်သည် စိတ်ရှုပ်သွားလေ၏။

စိတ်ရှင်းရှင်းနှင့် အေးအေးလူလူနေချင်တတ်သော မြိုင်သည် လဲ့လဲ့တို့အိမ်အတွင်းရေးနှင့် ပတ်သက်၍ နောက်ထပ်စိတ်အရှုပ် မခံချင်သဖြင့် အခြားကိစ္စတစ်ခုကို ပြောင်းလွဲပြောဆိုရန် စဉ်းစားနေလေသည်။ သို့ရာတွင် ရုတ်တရက် စဉ်းစား၍ မရနိုင်အောင် ဖြစ်နေပြန်၏။

"မေမေက အစ်ကိုကြီးကို အပြစ်ပြောပေမဲ့ ကိုယ်ကတော့ ဒီကိစ္စကို ကိုတင်ဦးဆိုတဲ့ လူကိုသာ စိတ်ဆိုးမိတာပဲ"

ဟု လဲ့လဲ့က ဆက်လက်၍ ပြောဆိုလာပြန်သည်။ ကိုတင်ဦးဆိုသော လူကိုကား လဲ့လဲ့ပြောပြသောကြောင့် မြိုင်သည် ယခုတစ်ကြိမ်သည် ပထမဦးဆုံးအကြိမ် ကြားဖူးခြင်းဖြစ်သည်။ နာမည်ကိုကား မြိုင် သိရှိထားသော ပတ်ဝန်းကျင်၌ ယခင်က မကြားမိဖူးပေ။

"ကိုတင်ဦးဆိုတဲ့လူက ဘယ်ကလူလဲ လဲ့လဲ့"

"အစ်ကိုကြီး အိမ်ကိုခေါ်လာလို့ တစ်ခါနှစ်ခါလောက်ပဲ မြင်ဖူးသေးတယ်.. ဘယ်လိုလူမှန်းလည်း မသိဘူး။ ဒါပေမဲ့ ဒီလူဟာ အစ်ကိုကြီးအပေါ်မှာ တော်တော်ဩဇာ ညောင်းပုံရတယ်..."

"သူက ဘာအလုပ်လုပ်သတဲ့လဲ.. လဲ့လဲ့"

"အခုတော့... အစ်ကိုကြီးသတင်းစာတိုက်မှာ အလုပ်လုပ်တယ်လို့ ပြောတာပဲ"

"သူ့ လက်အောက်က အလုပ်သမားတစ်ယောက်က အစ်ကိုကြီးအပေါ် ဩဇာညောင်းသတဲ့လားကွယ်..."

"အဲဒါကြောင့် ကိုယ်က ဒီကိုတင်ဦးဆိုတဲ့ လူကို မုန်းတာပေါ့မြိုင်ရဲ့... သူသာ မရှိရင် အစ်ကိုကြီးဟာ ခုလို ပျက်စီးမှာ မဟုတ်ဘူး"

"သတင်းစာထုတ်တဲ့အလုပ်လုပ်တာနဲ့ လူတစ်ယောက်ကို ပျက်စီးသွားပြီလို့ ဆိုတာတော့ လွန်အားမကြီးဘူးလားကွဲ့"

"ဟော... မြိုင်ကတောင် အစ်ကိုကြီးဘက်က ပါနေပြီလား ဟင်..."

မြိုင်သည် လဲ့လဲ့နှင့် ဆန့်ကျင်သော စကားကိုဆက်၍ မပြောလိုသဖြင့် ထိုစကားကို ထိုနေရာတွင် ရပ်လိုက်သည်။ ထိုကဲ့သို့ မြိုင်က စကားဆက်ကို ဖြတ်ထားလိုက်သည့် အခိုက်....

"သြော်.. မေမေကတောင် မြိုင်တစ်ယောက် အိမ်လာမလည်တာ တော်တော်ကြာသွားပြီလို့ ပြောနေတဲ့အကြောင်း မြိုင့်ကိုပြောပြဖို့ မေ့နေလိုက်တာ... ခုမှသတိရလို့"

ဟု ကိုသက်တင်က ပြောလေသည်။

"ကြီးကြီးကော နေကောင်းရဲ့ မဟုတ်လား"

"သူ့လေရောဂါက လွဲလို့တော့ နေကောင်းပါတယ်"

"ကိုသက်တင် ပြောကာမှပဲ သတိရတယ်... မြိုင်လည်း ခုတစ်လော ဘယ်မှ မရောက်မိဘူး"

"ဒါဖြင့် မြိုင်ဘယ်တော့လောက် အလည်လာလိမ့်မယ်လို့ မေမေ့ကို ပြောထားလိုက်ရမလဲဟင်"

"ရက် ပြောထားလို့မဖြစ်သေးဘူး ထင်တယ်၊ တော်တော်ကြာ တခြားအကြောင်း တစ်ခုခုကြောင့် မလာဖြစ်ရင် လူကြီးတွေကို လိမ်ရာကျနေပါဦးမယ်"

လူကြီးများကို လိမ်မိမည့်အဖြစ်အား ကြောက်ရွံ့သည်ဆိုသော မြိုင်အား ကိုသက်တင်သည် နောက်ထပ်ဘာမျှမပြောဆိုတော့ဘဲ အသာအယာပြုံး၍ ကြည့်နေသည်။ သူသည် တစ်နေ့သ၌ သားမယားအဖြစ် လက်ထပ်ယူရလိမ့်မည်ဟု နားလည်ထားသော မြိုင့်အား များစွာကျေနပ်မိလေသည်။ မိမိကိုယ်၌က အဘယ်မျှ ပွေနေစေကာမူ မည်သည့်ယောကျ်ားမဆို ခြောက်ပြစ်ကင်း၍ သဲလဲစင်သော အပျိုစင်တစ်ယောက်ကိုသာ မယားလုပ်ချင်ကြသည်ချည်း မဟုတ်လော။

ကိုသက်တင်နှင့် မြိုင်တို့နှစ်ယောက် စကားစပြတ်သွားသောအခါ လဲ့လဲ့က မြိုင်၏ နှင်းဆီပန်းများကို ကြည့်ချင်၍ လိုက်ပြရန်

ပြောဆိုလေသည်။ လဲ့လဲ့က ဤသို့ နှင်းဆီပန်းများကို လိုက်ပြရန်ပြောဆိုသောအခါ ကိုသက်တင်က မြိုင့်အား နှင်းဆီပန်းများ လိုက်မပြမီ ပီယာနိုနှင့် သီချင်းတစ်ပုဒ်တီးပြရန် ကတ်သီးကတ်သပ် တောင်းဆိုလိုက်ပြန်၏။ မြိုင်သည် လဲ့လဲ့နှင့် ကိုသက်တင်တို့ မောင်နှမအား တစ်လှည့်စီကြည့်ကာ ပြုံးရယ် လိုက်သည်။ မြိုင်သည် ပန်းပင်များကို အရင်ပြရမည်လား၊ သို့မဟုတ် သီချင်းတစ်ပုဒ်ကို တီးပြရမည်လား၊ သူငယ်ချင်းနှင့် လက်ထပ်ရမည့်သူ၏အကြားဝယ် မြိုင်သည် မဝေခွဲ နိုင်အောင် ဖြစ်နေသည်။ ဘာတစ်ခုခုကိုဖြစ်ဖြစ် မြိုင်သည် ရဲရဲဝံ့ဝံ့ မဝေခွဲတတ်ပေ။ တွန့်ဆုတ်နေတတ်၏။ မှားသွားမည်ကို အလွန်ကြောက်၏။

လဲ့လဲ့က ကိုသက်တင်အား မျက်စောင်း ကလေးထိုး၍ ကြည့်၏။ ကိုသက်တင်က မမြင်ချင်ယောင်ပြုနေသည်။ အိမ်ကြီးတစ်ခုလုံးသည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

"နှင်းဆီပန်းတွေ အရင်ကြည့်မလား ဒါမှမဟုတ်ရင် ပီယာနိုအရင် တီးရမလား"

မြိုင်က လဲ့လဲ့နှင့် ကိုသက်တင်တို့အား တစ်လှည့်စီကြည့်ရင်း မေးလိုက်သည်။ အလုပ်နှစ်ခုကို တစ်ပြိုင်နက် စေခိုင်းကြသော အရှင်နှစ်ဦးကို အဘယ်သူခံနိုင်မည်နည်း။ နောက်ဆုံး၌ ကိုသက်တင်က တင်း၍ ခံနေသဖြင့် နှမဖြစ်သူ လဲ့လဲ့က မကျေမချမ်း နှင့် အလျှော့ပေးလိုက်ရလေသည်။

(ဃ)

လဲ့လဲ့နှင့် ကိုသက်တင်တို့မောင်နှမ အိမ်သို့အလည်လာ၍ ပြန်သွားကြပြီးနောက် ထိုနေ့က မတော်တဆဖြစ်ပွားခဲ့ရသော ကိစ္စကလေးတစ်ခုအတွက်နှင့် မြိုင်သည် သုံးလေးရက်ခန့် စိတ်မကောင်းဖြစ်နေခဲ့လေသည်။ စင်စစ် ဤကိစ္စသည် ဘာမျှကြီးကျယ်သော ကိစ္စတော့ကား မဟုတ်ပေ။ မဖြစ်လောက်သော ကိစ္စအသေးအဖွဲ့ ကလေးသာ ဖြစ်လေသည်။ သို့ရာတွင် မြိုင်သည် ဤမျှလောက်သော အသေးအဖွဲကိစ္စကလေးများကိုပင် တစ်ခါတရံ ဗာရာဏသီချဲ၍ စိတ်မကောင်းဖြစ်ချင်ကဖြစ်နေတတ်လေသည်။

တစ်ယောက်က ပီယာနို အတီးခိုင်း၍ တစ်ယောက်က နှင်းဆီပန်းများ အပြခိုင်းသော ကိစ္စသာလျှင် မဟုတ်သေး။ သူငယ်ချင်းဖြစ်သူ လဲ့လဲ့အား မိမိအစ်ကိုဝမ်းကွဲ မောင်မောင်လတ်ကိစ္စနှင့် ပတ်သက်၍ လိမ်ပြောခဲ့ရသောကိစ္စအတွက်ပါ မြိုင်သည် တော်တော်ကလေး စိတ်မကောင်းဖြစ်နေသည်။ ထိုသို့စိတ်မကောင်းဖြစ်ရသည့်အတွက် မောင်မောင်လတ်အပေါ်၌ မချင့်မရဲဖြစ်မိလေသည်။ စိတ်လည်း ဆိုးမိပြန်လေသည်။ မည်သည့်ဘက်ကမှ အပြစ်ပြောဆိုရန် မရှိသော လဲ့လဲ့အပေါ်တွင် စိမ်းစိမ်းကားကား ပြုမူဆက်ဆံလျက် ဘာမဟုတ်သော ဖက်ခွက်စား ကချေသည်မအား တမ်းတမ်းစွဲဖြစ်နေရသော မောင်မောင်လတ်အပေါ်၌ မြိုင်သည် တွေးမိတိုင်းမကျေမချမ်းဖြစ်နေသည်။ နှစ်ဦး နှစ်ဖက်လူကြီးများအားလည်းကောင်း၊ ကာယကံရှင်ဖြစ်သော လဲ့လဲ့အားလည်းကောင်း၊ မောင်မောင်လတ်၏ တကယ့်အခြေအနေနှင့် အတွင်းရေးများကို မပေါက်ကြားစေရန် အတွက် မြိုင်သည်ကြားထဲမှ အမျိုးမျိုးဆို့နေ ပိတ်နေရသည်။ ဆို့ရပိတ်ရဖန်များ၍ နံနက် အိပ်ရာအထတွင် ဘုရားဆွမ်းတော်ကပ်ရင်း ယူလေ့ရှိသော ငါးပါးသီလမှာလည်း ညအိပ်ရာဝင်သော အချိန်အထိပင် မခံတော့။

လဲ့လဲ့နှင့် မောင်မောင်လတ်တို့၏ အရေးကို မကြာခဏဆိုသလို ပူပန်ရသည့်အတွက် မြိုင်သည် မိမိ၏ကိစ္စကိုပင် မစဉ်းစားနိုင်အားပေ။ ထို့ကြောင့် လဲ့လဲ့နှင့် မောင်မောင်လတ်တို့ကိစ္စချောချောမောမောဖြစ်သွားပြီးသည့်နောက်မှ မိမိကိစ္စကို စိတ်အေးလက်အေးစဉ်းစားပေတော့မည်ဟု မြိုင်သည် ဆုံးဖြတ်ထားခဲ့ဟန်ရှိသည်။

တစ်ခါတစ်ရံ လဲ့လဲ့နှင့် မောင်မောင်လတ်တို့၏အရေးကို စဉ်းစားရင်း မြိုင်သည် ညဘက်များတွင် တော်တော်နှင့် အိပ်မပျော်နိုင်သော ဝေဒနာများကို ခံစားရလေသည်။ ထိုအခါများ၌ မြိုင်သည် အလွန်တရာ စိတ်ရှုပ်လာတတ်သည်။ ထိုသို့စိတ်ရှုပ်လာသည့် အတွက် မြိုင့်အတွက် အစစအရာရာတိုင်ပင်ရန်ဖြစ်သော ဒေါ်လေးလုပ်သူအား အကြောင်းစုံဖွင့်ပြောကာ တိုင်ပင်ရလျှင် ကောင်းလေမည်လားဟု စဉ်းစားမိလေသည်။ သို့ရာတွင် ဒေါ်လေးအား အကြောင်းစုံဖွင့်ပြော၍ တိုင်ပင်လိုက်ကာမှ 'ဆေးအတွက်လေး''လာလေမည် လားဟူ၍ လည်း စိုးရိမ်ရပြန်၏။ ဤကိစ္စများကို ဒေါ်လေးသိရှိ၍ သူ့နားထဲတွင်သာမထားဘဲ လူကြီးများနားသို့ ပို့လိုက်လျှင် မြိုင်၏အစီအစဉ်များ အားလုံးပျက်စီးကုန်ပေလိမ့်မည်။

စိတ်ညစ်ညူးစရာများကို တတ်နိုင်သမျှ ရှောင်ကွင်းထွက်ပြေး၍ စိတ်သက်သာ ကိုယ်သက်သာအောင်သာ နေထိုင်လေ့ရှိခဲ့သော မြိုင်သည် အဆင်မပြေဖြစ်နေကြသော လဲ့လဲ့နှင့် မောင်မောင်လတ်တို့၏အကြားတွင် အပူသည်ကလေးဖြစ်နေခဲ့ရလေသည်။ ထိုသို့ ကြားထဲမှ ပူနေရသော မြိုင်၏အဖြစ်ကိုကား ကာယကံရှင်များဖြစ်ကြသော လဲ့လဲ့နှင့် မောင်မောင်လတ်တို့ကလည်း မသိကြပေ။

ဤသို့ ကြိတ်၍ ပူပန်နေရသူသည် မြိုင်တစ်ယောက်သာလျှင် မဟုတ်ပေ။ မြိုင်၏ ဖေဖေ ဦးထွန်းမင်းသည်လည်း သားအကြီးဖြစ်သူ မောင်ဇော်ဝင်းအတွက် ပေါင်ငါးရာပို့ရန်အတွက် အခက်အခဲတွေ့ ရ၍ သူ့ထုံးစံအတိုင်းတစ်ယောက်တည်း ကြိတ်၍ ပူပန် သောကရောက်လျက် ရှိသည်။ ထိုပေါင်ငါးရာပို့ပေးရန် များစွာ အရေးကြီးလျက်ရှိသောကြောင့် မိမိထံ၌လည်း ငွေပိုငွေလျှံမရှိသည့်အတွက် နောက်ဆုံးပင်စင်လစာအချို့အဝက်ကို အစိုးရသို့ပင် တိတ်တဆိတ် ပြန်လည်ရောင်းချရန် ကြံစည်ခဲ့သော ကိစ္စမှာလည်း အဆင်မပြေဖြစ်နေလေသည်။ နိုင်ငံတော်အစိုးရသည် ငွေအသုံးအစွဲများပြားနေ၍ အခိုက်အတန့်အားဖြင့် ပင်စင်ဝယ်ယူသော လုပ်ငန်းများကို ရပ်ဆိုင်းထားလေသည်။ ၎င်းနှင့် အသိဟောင်း အကျွမ်းဟောင်းဖြစ်သော ဘဏ္ဍာရေးဌာနအတွင်းဝန်က အစိုးရဌာနတိုင်းတွင် ခြိုးခြံရန် ညွှန်ကြားထားသော 'ဆာကျူလာ' ကိုပင် မြိုင်၏ဖေဖေအား အားနာပါးနာနှင့် ထုတ်ပြလိုက်သည်။

ဦးထွန်းမင်းသည် ၎င်း၏ကိစ္စအတွက် ဟန်မကျသဖြင့်

အတွင်းဝန်များရုံးမှပြန်လာခဲ့သောနေ့မှစ၍ နံနက်ခင်းလမ်းလျှောက်ထွက်တတ်သော ကျန်းမာရေးလေ့ကျင့်ခန်းကိုပင် မလုပ်နိုင်တော့ပေ။ ၎င်း၏အခန်းမှပင် ထွက်လာခြင်း မပြုတော့ဘဲ ကုတ်၍ နေလေသည်။ ဤသို့ ဦးထွန်းမင်းအခန်းထဲတွင် ကုတ်၍ စိတ်ညစ်နေသောအဖြစ်ကိုကား ၎င်း၏ နှမနှင့်သမီးတို့သည် မရိပ်မိကြပေ။ မြိုင်သည် သူ့အပူနှင့်သူဖြစ်၍ ဖခင်ကြီးကိုပင် ခါတိုင်း လောက် ဂရုမစိုက်မိအောင်ဖြစ်နေသည်။ ဒေါ်စောခင်မှာလည်း အိမ်ကြီးတစ်ခုလုံး၏ ဝေယျာဝစ္စကို စေ့စေ့လောက်လောက်ဖြစ်အောင် ထိန်းသိမ်းလုပ်ကိုင်နေရသဖြင့် သတိလစ် နေသည်။

မိမိအခန်းတွင်း၌ ကုတ်၍သာ နေသည်ဆိုသော်လည်း မြိုင်၏ဖေဖေသည် ပေါင်ငါးရာ ပို့ရန်ရှိသောကိစ္စကို အမြန်ပို့နိုင်ရန်အတွက် အမျိုးမျိုးကြံစည်ကာ နည်းလမ်းများ ရှာဖွေလျက်ရှိသည်။ ဤပေါင်ငါးရာကို မြိုင့်နာမည်နှင့် ဘဏ်တိုက်တွင် အပ်နှံထားသော ငွေများထဲမှ ထုတ်ယူ၍ ပို့ပေးလိုက်နိုင်သည်တော့ ဟုတ်သည်။ သို့ရာတွင် သမီး မိန်းကလေးအတွက် ခွဲဝေပေးထားသော ငွေများထဲမှ ပြန်ထုတ်ယူ၍ သား၏ပညာသင်ကြားရေးတွင် သုံးစွဲလိုက်ပါက မိမိအနေနှင့် သားအပေါ် မျက်နှာလိုက်၍ သမီးအပေါ် ၌ကား မငဲ့ညှာရာကျပေတော့မည်။ သားနှင့်သမီးကို ညီတူမျှတူ ချစ်သည်မှန်သော်လည်း အနည်းနှင့်အများဆိုသကဲ့သို့ အားနွဲ့သော သမီးမိန်းကလေးအပေါ်၌ ဖခင်တိုင်း ကရုဏာ ထားတတ်ကြသည်။ မြိုင်၏ဖေဖေသည် သမီးမိန်းကလေးဖြစ်သော မြိုင်အပေါ်၌ ကရုဏာ ထားသည်။ ထို့ကြောင့်ပင်လျှင် မြိုင့်မျက်နှာကိုထောက် နောက်အိမ်ထောင်ပင် မပြုရက်နိုင်ခဲ့ခြင်းလည်း ဖြစ်လေသည်။ သို့ရာတွင် ဘိလပ်၌ ပညာသင်ကြားလျက်ရှိသော သားဖြစ်သူထံ ပေါင်ငါးရာမပို့ပေးနိုင်ပါက သား၏ပညာသင်ကြားရေး ပျက်စီးတော့မည်သာမက သားတစ်ယောက်ကိုပင်ဖြစ်မြောက်အောင် ပညာမသင်ပေးနိုင်သော လူတစ်ယောက်အဖြစ် ဘေးပတ်ဝန်းကျင်က အထင်အမြင်သေးကြလိမ့်မည်။ ထိုသို့ဘေးပတ်ဝန်းကျင်၏ အထင်သေးခြင်းကို ခံရသည်သာမက သားဖြစ်သူ မောင်ဇော်ဝင်း၏လူတစ်ယောက် သူတစ်ယောက် ဖြစ်နိုင်မည့်အရေးသည်လည်း ကျပ်တည်းခက်ခဲပေလိမ့်ဦးမည်။ မည်သည့် ဖခင်မဆို မိမိ၏သားကို အခွင့်အရေး အကောင်းဆုံးရစေချင်လျက် ကံအကောင်းဆုံး လူတစ်ယောက်လည်း ဖြစ်စေချင်သည် မဟုတ်လော။

ပေါင်ငါးရာကို ရနိုင်သော နောက်တစ်ခုသောနည်းလမ်းမှာ

မိမိတိုက်ကို ပေါင်နှံရန်ပင် ဖြစ်လေသည်။ သို့ရာတွင် မိမိတိုက်ကို ပေါင်နှံလိုက်ရလျှင် လူအများ သိရှိသွားမည် ဖြစ်ရကား ဂုဏ်သိက္ခာညှိုးနွမ်းမည့်အရေးကို များစွာပမာဏမထားလှသော်လည်း သမီးအပျို၏ရှေ့ရေးနှင့် ဝတ်လုံတော်ရဖြစ်လာမည့် သား၏ရှေ့ရေးများကို လေးလေးနက်နက် စဉ်းစားရပေမည်။ ထိုသို့ စဉ်းစားလိုက်သောအခါ ဦးထွန်းမင်းသည် ထိုအကြံအစည်ကို ရှေ့ဆက်၍ မတွေးဝံ့အောင်ဖြစ်လာလေသည်။

စင်စစ် ပေါင်ငါးရာကို ညီမျှသော ငွေခြောက်ထောင်ကျော် ခုနစ်ထောင်ခန့်ကို များစွာ ချမ်းသာကြွယ်ဝ၍ ငွေပိုငွေလျှံအများအပြားရှိနေသော ၎င်း၏အစ်မနှင့် ယောက်ဖ များဖြစ်သော မောင်မောင်လတ်၏မိဘများထံ ဦးထွန်းမင်းသည် သွားရောက်၍ အကျိုးသင့်အကြောင်းသင့်နှင့် ရှင်းပြကာ ဆွဲယူနိုင်သော နည်းလမ်းတော့ ရှိသည်။ သို့ရာတွင် ငွေကြေးကိုသာ အဓိကထား ရှေ့တန်းထုတ်ကာ လူလူချင်း ပေါင်းသင်းဆက်ဆံလျက် ရှိသော ခေတ်သမယကြီးအကြောင်းကို ကောင်းစွာနားလည်ထားပြီးဖြစ်သော စက်ရှင် တရားသူကြီးဟောင်းသည် မိမိ၏သားရေး သမီးရေးကိစ္စအတွက် ဆွေမျိုးသားချင်းများအား အားကိုးအားထား မပြုအပ်ကြောင်း စဉ်းစားထားမိပြီဖြစ်သည်။

သားဖြစ်သူအတွက် အရေးတကြီး ပို့ပေးရမည့်ဖြစ်သော ငွေအတွက် နည်းလမ်းရှာ မရနိုင်အောင် ဖြစ်နေသော ဦးထွန်းမင်းသည် တော်တော်ကလေး စိတ်ဆင်းရဲရလေသည်။ စိတ်အေးလက်အေးနှင့် မျက်လုံးနှစ်လုံးမှိတ်သွားခဲ့ပြီဖြစ်သော ဇနီးဖြစ်သူအားလည်း သတိရမိသည်။ အကယ်၍ မြိုင်နှင့်မောင်ဇော်ဝင်းတို့မေမေသာ အသက်မသေသေးဘဲ ရှိနေခဲ့လျှင် ဤကဲ့သို့ အရေးကိစ္စမျိုးနှင့် ကြုံလာပါက တိုင်ပင်ဖော် တိုင်ပင်ဖက် ရပေမည်။ ပူစရာရှိက နှစ်ယောက်မျှ၍ ပူနိုင်ပေမည်။

ကွယ်လွန်သွားသော မြိုင်၏မေမေကို သတိရလာသဖြင့် ဦးထွန်းမင်းသည် ၎င်း၏အခန်းထဲတွင် ချိတ်ဆွဲထားသော ဇနီးသည်၏ဓာတ်ပုံကြီးဆီသို့ လျှောက်သွားပြီးလျှင် ငေးစိုက်၍ ကြည့်နေသည်။ ထိုသို့ငေးစိုက်၍ ကြည့်ရင်းရှေးဟောင်းနှောင်းဖြစ်များကို တရေးရေးသတိရကာ ဝမ်းနည်းလာမိသည်။ ဓာတ်ပုံထဲက ချစ်ဇနီးအား ၎င်းရင်ဆိုင်နေရသော အခက်အခဲကို ဝမ်းထဲမှပဲ ပြောဆိုနေမိသည်။

ဤသို့မြိုင့်မေမေ၏ဓာတ်ပုံကြီးရှေ့တွင် မတုန်မလှုပ်ရပ်ကာ

ငေးစိုက်၍ ကြည့်ရင်း ဝမ်းနည်းပက်လက်ဖြစ်ကာ ယောက်ျားတန်မဲ့မျက်ရည်များပင် လည်လာသည့်အခိုက် အတော်ကလေးလည်း မှောင်စပြုနေပြီဖြစ်သဖြင့် ညစာစားဖို့ ၎င်း၏ဖေဖေကိုခေါ်ရန် မြိုင်သည် ရုတ်တရက် အခန်းတွင်းသို့ ဝင်လာ၏။ မိမိ၏ဝမ်းနည်းခြင်းတစ်ခုတည်း၌သာ နစ်မြုပ်၍ နေသဖြင့် မိမိအခန်းတွင်းသို့ မြိုင် ဝင်လာသည်ကိုပင် ဦးထွန်းမင်းသည် မသိ လိုက်ပေ။ ဦးထွန်းမင်အခန်းတွင်းသို့ဝင်လာသော မြိုင်သည်လည်း ၎င်း၏မိခင်ဓာတ်ပုံ ရှေ့တွင် မတုန်မလှုပ်နှင့် ကျောက်ရုပ်ကြီးပမာရပ်၍ ငိုင်နေသော ဖခင်ဖြစ်သူကို မြင်လိုက်သောအခါ ခြေလှမ်းများတုံ့သွားသည်။ ထိုသို့ခြေလှမ်းများ တုံ့သွားသော နေရာမှာပင်ရပ်၍ မြိုင်သည် ၎င်း၏ဖခင်၏အမူအရာကို အကဲခတ်၍ ငြိမ်သက်စွာ ကြည့်နေမိလေသည်။ ထိုသို့ကြည့်နေမိရင်း မြိုင်သည်လည်း ဝမ်းနည်းပက်လက် ဖြစ်လာသည်။

ဦးထွန်းမင်းသည် ဇနီးဖြစ်သူ၏ဓာတ်ပုံကို ငေးမော၍ ကြည့်နေရာမှ မျက်ရည်များ ကျလာသဖြင့် မျက်ရည်များကို သုတ်လိုက်သောအခါ "ဖေဖေ" ဟု ငိုသံပါကြီးနှင့် ရုတ်တရက် အော်ခေါ်လိုက်မိပြီးလျှင် မြိုင်သည် ဖခင်ဖြစ်သူဆီသို့ ပြေးသွားကာ ခြေသလုံးများကို တင်းကျပ်စွာ ဖက်ထားလိုက်လေသည်။

ရုတ်တရက်ဖြစ်သော်လည်း တရားသူကြီးလုပ်ခဲ့ဖူးသော ဦးထွန်းမင်းသည် များစွာ သတိထားနိုင်လေသည်။ သူသည် ဘာမျှမဖြစ်သကဲ့သို့…

"ဟဲ့ သမီး မြိုင် ဘာဖြစ်တာလဲ ဟင်"

ဟု အသံကိုထိန်းကာ မေးလိုက်၏။

မြိုင်သည် ဖခင်ဖြစ်သူ၏ခြေသလုံးကိုသာ တင်းကျပ်စွာဖက်လျက် ငိုနေသည်။ ဘာမျှတော့ ပြန်မပြောနိုင်ပေ။

"ဟဲ့သမီး ဘာဖြစ်လို့များ ဝမ်းနည်းပန်းနည်းငိုနေရတာလဲဟင်…"

ဟု သမီးဖြစ်သူ၏ကျောကိုကြင်နာစွာ သပ်ပေးရင်း မြိုင်၏ဖေဖေက မေးလေသည်။

မြိုင်သည် မျက်ရည်များဖြင့် လျှံလျက်ရှိသောမျက်လုံးများဖြင့်

၎င်း၏ဖခင်အား မော်၍ ကြည့်သည်။ ဟန်လုပ်၍ တင်းထားရသဖြင့် များစွာ သဘာဝမကျလှသော ဖခင်လုပ် သူ၏မျက်နှာကို မြိုင်သည် သတိပြုမိပေသည်။ မြိုင်သည် ဖခင်လုပ်သူအား မော့၍ ကြည့် နေရာမှ...

"ဖေဖေ ခုတစ်လော တော်တော်စိတ်ညစ်နေတာ မြိုင် သိပါပြီ ဖေဖေရဲ့"

ဟု ပြောလိုက်သည်။ ထိုသို့ သမီးလုပ်သူက သိပါပြီဟု ပြောဆိုလိုက်သည့်အတွက် ဦးထွန်းမင်းသည် ဣန္ဒြေဆည်၍ မရလောက်အောင် မျက်နှာပျက်သွားလေသည်။ သို့ရာတွင် ကြိုးစား၍ တော့ ဟန်လုပ်မြဲလုပ်လေသည်။

မြိုင်သည် ဖြည်းညင်းစွာ ရပ်လိုက်သည်။

"အစ်ကိုကြီးအတွက် ဖေဖေ ငွေပို့မပေးနိုင်သေးလို့ စိတ်ညစ်နေတာ မြိုင် သိပါတယ် ဖေဖေ..."

ဟု မြိုင်က အတိအကျ ပြောဆို လိုက်ပြန်၏။ ထိုကိစ္စကို မြိုင်သည် ယခင်သုံးလေးရက်လောက်က အတိအကျ မသိပေ။ ယနေ့မှ ၎င်းဖခင် ရေချိုးနေသည့်အခိုက် ဖခင်လုပ်သူ၏အိပ်ရာကို ပြင်ဆင်သန့်ရှင်းပေးစဉ် ဘိလပ်မှ ငွေအမြန်ဆုံးပို့ပေးရန် မောင်ဇော်ဝင်းက ရိုက်ကြားလိုက်သော သံကြိုးစာသုံးစောင်ကို ခေါင်းအုံးအောက်တွင် တွေ့ရှိမိသောကြောင့် သိရှိခြင်းဖြစ်လေသည်။

ဦးထွန်းမင်းသည် သမီးဖြစ်သူအား ဘာမျှပြန်၍ မပြောနိုင်တော့ဘဲ အရုပ်ကြိုးပြတ် သွားသလို ဦးခေါင်းငိုက်စိုက်ကျသွားသည်။ သမီးဖြစ်သူမျက်နှာငယ်၍ စိတ်ဆင်းရဲမည် စိုးသည့်အတွက် ဖုံးဖိထားခဲ့သမျှ ပေါ်သွားခဲ့လေပြီ။ ပေါ်နေပြီဖြစ်သော ကိစ္စတစ်ခုကို နောက်ထပ်ဖုံးဖိရန် ကြိုးစား၍ လည်း အချည်းနှီးသာဖြစ်ပေတော့မည်။

"ဒီအတွက်နဲ့ ဘာပြုလို့စိတ်ညစ်နေရတာလဲ ဖေဖေ၊ ဖေဖေ့လက်ထဲမှာ ဒီလောက် ငွေအလွယ်တကူမရှိသေးရင်လည်း မြိုင်အတွက် ဖေဖေခွဲထားပေးတဲ့ ငွေထဲက ပို့လိုက်ရောပေါ့ဖေဖေရယ်.."

ဟု မြိုင်သည် ဖခင်ဖြစ်သူ၏လက်မောင်းကို ကိုင်တွယ်မှီရမ်းရင်း သူ့ အတွက် အမွေကဲ့သို့ ခွဲထားပေးသော ငွေများထဲမှ

အစ်ကိုဖြစ်သူ၏ ပညာသင်ကြားရေး စရိတ်အတွက် ပို့ပေးရန် ပြောလိုက်သည်။

ငယ်ရွယ်သော်လည်း လူကြီးကဲ့သို့ သဘောထားနိုင်သော သမီးဖြစ်သူအား ဦးထွန်းမင်းသည် များစွာ လေးစားမိသည်။ မိမိပြောဆိုရမည့်ကိစ္စကို မိမိမပြောဆိုရသေးမီ သမီးငယ်က သူ့သဘောနှင့်သူစီမံခန့်ခွဲထားပြီးလေပြီ၊ ဦးထွန်းမင်းသည် သမီးလုပ်သူ၏ ဦးခေါင်းကို အသာအယာသပ်ပေးရင်း...

"ငါ့သမီးဘုန်းကြီးပါစေ အသက်ရှည်ပါစေကွယ်"

ဟု နှစ်ဆို့ဆို့အသံအိုကြီးဖြင့် ဆုပေးလိုက်လေသည်။

ထိုအခိုက်မှာပင်...

"မြိုင်ရေ ထမင်းတွေ အေးကုန်လိမ့်မယ်ဟေ့.."

ဟူသော ဒေါ်လေး၏ သတိပေးလိုက်သော အသံသည် အိမ်အောက်ထပ်ထမင်းစားခန်းဆီမှ ခပ်ကျယ်ကျယ်ကလေး ပေါ်လာလေ၏။

❦ ❦ ❦

အခန်း[၃]

(က)

လှပသော နွေရာသီ၏ တစ်ညနေခင်း၌ မိမိအခန်းတွင်းရှိ အလှပြင်သော စားပွဲတွင် ထိုင်ကာ အလှပြင်ရင်း နွေရာသီ၏အလှအပများဖြင့် ဖွဲ့နွဲ့ထားသော သီချင်းဟောင်း တစ်ပုဒ်ကို မြိုင်သည် ခပ်အေးအေးညည်းလျက် ရှိလေသည် အလှပြင်သော စားပွဲဘေး တွင် ပြတင်းတံခါးပေါက်သည် ပွင့်လျက်ရှိရာ မြိုင်သည် အလှပြင်နေရာမှ အပြင်ဘက်သို့ လှမ်းမျှော်ကြည့်လိုက်မည်ဆိုလျှင် တိမ်တွေကလည်း တောက်ပလျက်ရှိသောကြောင့် ချစ်စရာကောင်းသော နွေရာသီ၏ညနေခင်းပန်းချီကားချပ်ကို တွေ့မြင်ရမည်ဖြစ်လေ၏။

"မိန်ရာသီ.. ခါမီလသာခေါင်မြလွှာမှောင် တောင်ခိုးမြူး ရွှေဖီဖူးပေါ်ရော့မယ်"

ဟောင်းမြင်းလှပြီကား ဖြစ်သော သို့ရာတွင် ရိုးနိုင်ခြင်းမရှိသေးသော နွေဘွဲ့ ပတ် ပျိုးတစ်ပုဒ်ကို မြိုင်သည် ၎င်းတစ်ကိုယ်ကြားလောက်ရုံခပ်တိုးတိုးညည်းနေသည်။ နွေရာသီတော်ဦး၏အလှအပများကို နောက်ခံကားထားလျက် သဇင် ချယား သရဖီပန်းများဖြင့် တန်ဆာဆင်ထားသောကြောင်းသာလျှင် နွေဘွဲ့ ပတ်ပျိုးဟူ၍ ယေဘုယျခေါ်ဝေါ်လျက် ရှိနေကြသော်လည်း သီချင်း၏ အနှစ်သာရကတော့ အမျှော်စိုက်မယ်ဘွဲ့ပင် ဖြစ်လေသည်။ ပူသူများကသာ ပူနေရသော်လည်း မေ့လျော့နေ့ရက်နိုင်သူက ရှောင်ဖယ်တိမ်းနေသည့် အတွက် ရေနှင့် ဝေးသောကြာနှင့်မခြား နွမ်းနယ်နေရသော မိန်းမသားတစ်ဦး၏ခံစားရချက်ဝေဒနာကို လင်္ကာဆင်၍ ဖွဲ့ဖွဲ့နွဲ့နွဲ့သီကုံးထားပေသည်။

နွမ်းနယ်သော ဝေဒနာကို ခံစားနေရသောကြောင့် ဤပတ်ပျိုးကို မြိုင်သည် ညည်းနေခြင်းတော့ကား မဟုတ်ပေ။ စိတ်လက်ပေါ့ပါးနေရာမှ ပါးစပ်ထဲတွင် လွယ်လင့်တကူ ရှိသော သီချင်းတစ်ပုဒ်ကို အမှတ်မထင် ညည်းလိုက်ခြင်းသာ ဖြစ်လေသည်။

ယခုအတောအတွင်း မြိုင်သည် များစွာပေါ့ပါးရွှင်လန်းလျက် ရှိသည်။ ပတ်ဝန်းကျင်၌ ရာသီဥတုသာယာခြင်းသည်လည်း

အကြောင်းတစ်ကြောင်းတော့ ဖြစ်ပေသည်။ သို့ရာတွင် ဤအကြောင်းသည် အဓိက အကြောင်းရင်းတော့ကား မဟုတ်ပေ။ များမကြာမီက ဘိလပ်တွင်ပညာသင်ကြားလျက်ရှိသော ၎င်း၏အစ်ကိုကြီး ကိုဇော်ဝင်း၏ ပညာသင်ကြားရေးစရိတ်နှင့်ပတ်သက်၍ မြိုင်တို့ သားအဖသည်တော်တော်ကလေး အကျပ်အတည်း တွေ့၍ စိတ်မကောင်းဖြစ်ခဲ့ရလေသည်။ သို့ရာတွင် ယခုအချိန်၌ မြိုင်၏ ဖေဖေက မြိုင့် အတွက် သတ်သတ်ခွဲ၍ ဘဏ်တိုက်တစ်ခုတွင် အပ်နှံပေးထားသော ငွေများထဲမှ မောင်ဇော်ဝင်းထံသို့ သူလိုနေသော ငွေကိုလည်း ပို့ပြီးသွားပြီဖြစ်သည်။ ဤအကြောင်းများအပြင် မြိုင်အတွက် စိတ်မချမ်းသာစရာဖြစ်ခဲ့ရသောအကြောင်းတစ်ခုဖြစ်သည့် လှဲ့လှဲ့နှင့် မောင်မောင်လတ်တို့၏ ဆက်ဆံရေးသည်လည်း လွန်ခဲ့သော တစ်လလောက်ကစ၍ များစွာ အဆင်ပြေကောင်းမွန်လာသော တိုးတက်မှုပင်ဖြစ်လေသည်။ မောင်မောင်လတ်သည် ၎င်း စွဲလမ်းလျက်ရှိသော ကချေသည်မနှင့် အဆက်ပြတ်၍ သွားပြီဖြစ်သည့်အလား မြိုင့်အား ထိုအကြောင်းအရာများကို လေသံမျှပင် မဟတော့ပေ။ သူသည် လွန်ခဲ့သော တစ်လခန့် အတွင်း လှဲ့လှဲ့တို့အိမ်သို့ သုံးလေးခါက်မျှ အလည်အပတ်ရောက်ရှိလျက် ကုန်လွန်ခဲ့သော အပတ်ကပင် လှဲ့လှဲ့အား ၎င်း၏ကားကလေးနှင့် မြိုင်တို့အိမ်သို့ အလည်အပတ်ခေါ်လာခဲ့ သေးသည်။ ဤသို့အဆင်ပြေ ချောမောလျက်ရှိသောအကြောင်းများကြောင့် ယခုအခါတွင် အပူပင်အကြောင့်ကြများ ကင်းစင်သွားကာ မြိုင်သည် ပေါ့ပါးရွှင်လန်းလျက်ရှိလေသည်။

"သဇင်... ချယား စကား စံပယ် စံဒီရွှေသွယ်... ဝတ်မှုန်ပြာလယ်မွှေး.."

မြိုင်သည် သီချင်းတအေးအေးနှင့် အလှပြင်လျက်ရှိသည်။ ထိုအခိုက် မြိုင်၏ အခန်းအတွင်းသို့ မယ်အေးသည် မရဲတရဲနှင့် ဝင်၍ လာသဖြင့်...

"ဘာလဲဟဲ့... မယ်အေး"

ဟု အလှပြင်၍ နေရာမှ မြိုင်က လှမ်း၍ မေးလိုက်သည်။

"ဧည့်သည်ရောက်နေတယ် မမမြိုင်ရဲ့"

ဟု မယ်အေးက ပြန်၍ ပြော၏။

"ဘယ်သူလဲ"

ဟု မြိုင်ကပြန်၍ မေးလိုက်သောအခါ မယ်အေးသည် မြိုင်ဆီသို့ မကြာခဏလာနေကျ ဧည့်သည်ပင်ဖြစ်သော်လည်း နာမည်ကို ခေါ်၍ မထွက်သဖြင့် နှုတ်အ,နေလေသည်။

ယခုညနေပိုင်းတွင် ကိုသက်တင်တစ်ယောက်ကလွဲ၍ အခြားမည်သည့်ဧည့်သည် တစ်ဦးတစ်ယောက်ကိုမျှ မြိုင်သည် မျှော်လင့်ခြင်းကား မရှိပေ။ ကိုသက်တင်တစ်ယောက်တည်းကိုသာ မျှော်လင့်နေခြင်းမှာလည်း လဲ့လဲ့တို့အိမ်တွင် ယနေ့ညကပ်လှူမည့် ဘုရားကိုးဆူပွဲသို့ ၎င်း၏မော်တော်ကားဖြင့် မြိုင်အားလာရောက်ခေါ်၍ အသွားအပြန် ပို့ဆောင်ပေးရန်အတွက် တာဝန်ယူထားသောကြောင့်သာ ဖြစ်လေသည်။ ကိုသက်တင်သည် ဒေါ်မိမိခင်ရှေ့မှာပင် ဤတာဝန်ကိုယူခဲ့ခြင်း ဖြစ်သည်။

မယ်အေးသည် ၎င်း၏မေးခွန်းကို တော်တော်နှင့်မဖြေနိုင်ဘဲ ရှိနေသောအခါ မြိုင်သည် အလှပြင်နေရာမှ မယ်အေးအား မျက်မှောင်ကုတ်ကာ လှမ်း၍ ကြည့်ရင်း...

"ကိုသက်တင် မဟုတ်လားဟဲ့ မယ်အေးရဲ့"

ဟု ဧည့်သည်၏ နာမည်ကိုဖော်ထုတ်၍ မေးလိုက်တော့မှ...

"ဟုတ် ဟုတ်တယ် မမမြိုင်"

ဟု မယ်အေးသည် ပြန်၍ ပြောနိုင်ရှာ၏။

"ဒါဖြင့်လည်း နင်လုပ်စရာတာလုပ်တော့လေ"

ဟု မြိုင်က ပြောဆိုလွှတ်လိုက်သော အခါ၌လည်း မယ်အေးသည် ပြန်ထွက်၍ မသွားသေးဘဲ...

"ဧည့်ခန်းထဲမှာ တစ်ယောက်တည်း မမမြိုင်ရဲ့"

ဟု မရဲတရဲနှင့် ပြောဆိုလေသည်

"ဖေဖေ ရှိသားပဲ မဟုတ်လား..."

"ခြံထဲမှာ အညှောင်းပြေ လမ်းလျှောက်နေတယ် မမမြိုင်ရဲ့"

"ဒေါ်လေးကကော...."

"ကြီးကြီးလည်း ဟိုဘက်ကခြံထဲကို သွားနေတယ်..."

မြိုင်သည် ခပ်တွေတွေကလေးလုပ်နေလိုက်ပြီးမှ...

"အေး အေး နင်သွားတော့"

ဟု သာ ပြန်ပြော၍ ဆွဲလက်စဖြစ်သော မျက်ခုံးမွေးကိုသာ ခပ်အေးအေးဆွဲနေသောကြောင့် မယ်အေးသည် ပြန်၍ ထွက်သွားလေသည်။

မယ်အေး ပြန်ထွက်၍ သွားသောအခါ မြိုင်သည် ၎င်းအား လာရောက်၍ အကြိုတော်ဆက်သော ကိုသက်တင်၏အကြောင်းကို နောက်ထပ် ဘာမျှမစဉ်းစားတော့ဘဲ မျက်ခုံးမွေးကိုသာ ခပ်အေးအေးဆွဲနေရင်းက ထိုည လဲ့လဲ့တို့အိမ် ဘုရားကိုးဆူတွင် ၎င်း တီးရမည့်သီချင်းတစ်ပုဒ်ကို စဉ်းစားရွေးချယ်လျက်ရှိလေသည်။

လဲ့လဲ့တို့အိမ်၌ ပြုလုပ်သော ဘုရားကိုးဆူပွဲသဘင်၌ကား ရန်ကုန်မြို့တော်၏ အထက်လွှာမှ မင်းစိုးရာဇာနှင့် သူဌေးကုန်သည် ပရိသတ်များ တော်တော်စုံပေလိမ့်မည်။ မြို့တော်၏နားကြီးမျက်စိကြီးများဖြစ်ကြသော ဆင်နှင့်ဖိုးကွက်ပရိသတ်ဗိုလ်ပုံအလယ်၌ ဖြစ်ကတတ်ဆန်းသီချင်းမျိုးနှင့်ကား မတော်ပေ။ ဝန်ကြီးကတော်ဟောင်း ဒေါ်မိမိခင်သည် တော်တော်အပေါင်းအသင်းဆံ့၍ မိတ်သင်္ဂဟပေါများသည်။ လဲ့လဲ့မှာလည်း သူငယ်ချင်း မိတ်ဆွေခပ်များများရှိလေသည်။ သူတို့သားအမိအပြင် ကိုသက်ထွန်း၏ပရိသတ်လည်း ရှိသေးသည်။ ကိုသက်ထွန်းသည် လူကြီးလူငယ်ပိုင်းရော၊ အစိုးရ ကုန်သည်ပိုင်းပါ များစွာ ဝင်ဆံ့၍ ထင်ရှားသူတစ်ဦးဖြစ်ရကား သူတို့အိမ်၌ ကျင်းပသော ဘုရားကိုးဆူပွဲ၌ ဆင်နှင့် ဖိုးကွက်ခပ်များများ ခပ်စုံစုံလာရောက်ကြဖွယ်ရှိလေသည်။ ဤမျှထည်ဝါ၍ ခံ့ညားသော

ဗိုလ်ပုံအလယ်၌ တော်ရုံသင့်ရုံသီချင်းတစ်ပုဒ်လောက်ကို ဖြစ်ကတတ်ဆန်း တီးပြ၍ တော့ မဖြစ်ပေ။ ပရိသတ်အထင်ကြီးအောင်တော့ သီချင်းကောင်းကောင်းနှင့် ခန့်ခန့်တစ်ပုဒ်ကို တီးပြရပေမည်။ အထင်ကြီးအောင် မတီးပြနိုင်က အထင်သေးသွားပေမည်။ ကဲ့ရဲ့လွယ်တတ်သူများကလည်း ကဲ့ရဲ့ကြပေဦးမည်။ မြိုင်သည် အထင်ကြီးခြင်းကိုသာ ခံယူလို၏။ ကဲ့ရဲ့ခံရမည့်အရေးကိုတော့ ကြောက်ရွံ့လေသည်။

ငင်းတို့အိမ် ဘုရားကိုးဆူကပ်ပွဲ၌ ပီယာနိုနှင့် သီချင်းတစ်ပုဒ်တီးပေးဖို့ လဲ့လဲ့နှင့် ငင်း၏မိခင်ဖြစ်သူတို့လာရောက်တိုက်တွန်းပြောကြားစဉ်က မြိုင်သည် အလွယ်တကူနှင့် ကတိပြုလက်ခံလိုက်ရင်း နံ့သာနီတောင် နိဗ္ဗိန္ဒပတ်ပျိုးကြီးကို တီးပြရန် ရည်ရွယ်ထားခဲ့ လေသည်။ သို့ရာတွင် နေ့ခင်းက နံ့သာနီတောင်ပတ်ပျိုးကို အိမ်တွင်ရှိသော ပီယာနိုဖြင့် တီးစမ်းကြည့်သောအခါ ထိုပတ်ပျိုးကို မတီးမိသည်မှာ တော်တော်ကြာသွားပြီဖြစ်ရကား အချို့သော အထွက်အဝင်အပိုဒ်များ၌ အတောများမှု ကာစည်းကွက်များလွတ်နေကြောင်း အထိတ်အလန့်တွေ့ရှိရလေသည်။ မြိုင်သည် မိမိလက်ကွက်များကို မကျေနပ်၍ ထိုပတ်ပျိုးကို သုံးလေးကျော့ပြန်၍ တီးစမ်းကြည့်သည်။ သို့ရာတွင် တောကွက်များ ကျန်မြဲကျန်၍ နေသောကြောင့် စည်းလွတ်ဝါးလွတ်ဖြစ်မြဲဖြစ်နေသည်။ မြိုင်သည် တော်တော်ကလေး စိတ်ရှုပ်သွား၏။ ထို့ကြောင့် နံ့သာနီတောင်ပတ်ပျိုးကို တီးမည့်စိတ်ကူးအားစွန့်လွှတ်ရ ပြီးလျှင် အခြားမိမိပိုင်ပိုင်နိုင်နိုင်ရရှိထားသော ပတ်ပျိုးလေးငါးဆယ်ပုဒ်ထဲမှ တစ်ပုဒ်ပုဒ်ကို တီးတော့မည်ဟု အောက်မေ့ထားခဲ့လေသည်။ သို့ရာတွင် ယခုအလှပြင်နေသော အချိန် အထိကား ဘယ်သီချင်းတီးမည်ဟူ၍ တိတိကျကျတော့ မရွေးချယ်မဆုံးဖြတ်ရသေးပေ။

မြိုင်သည် ငင်းရရှိထားသော ပတ်ပျိုးများကို တစ်ပုဒ်ပြီးတစ်ပုဒ်လျှောက်၍ စဉ်းစား ကြည့်လေသည်။ ငင်းရရှိထားသော ပတ်ပျိုးများအနက် နံ့သာနီတောင်လောက်ပြည့်ဝ ခံ့ညားသော ပတ်ပျိုးများမရှိပေ။

စောစောက အလှပြင်ရင်း စိတ်အေးလက်အေး ညည်းနေခဲ့သော "မြမြမောင်းမောင်း" ပတ်ပျိုးကို မြိုင်သည် စဉ်းစားကြည့်လေသည်။ သို့ရာတွင် ဤကဲ့သို့သော 'ခါးဖြတ်' ပတ်ပျိုးကလေးမျိုးသည်

နားကြီးမျက်စိကြီးတို့၏ ပွဲသဘင်၌ သိမ်ငယ်နေလိမ့်မည်ဟု စဉ်းစားမိပြန်၏။ ကောင်းကောင်းနှင့် ခန့်ခန့်ကိုသာလျှင် ကြိုက်တတ်သော ဤအရပ်ဒေသများ၌ကား မသင့်လျော်လှပေ။ မျက်ခုံးမွေးဆွဲ၍ ပြီးသွားပြီဖြစ်သောကြောင့် ထိုအလှပြင်သော တန်ဆာပလာကို သူ့နေရာတွင်ပြန်၍ ထားရင်း မြိုင်သည် ၎င်းအလွန်တရာ နှစ်သက်မိသော "ယမုန်နာ" ပတ်ပျိုးကြီးတီးရလျှင် ကောင်းမည်လားဟု စဉ်းစားကြည့်ပြန်သည်။ ယမုန်နာပတ်ပျိုးသည် ခံ့ညားပြည့်ဝလှသော ပတ်ပျိုးကြီးတစ်ပုဒ်ကား မှန်၏။ သို့ရာတွင် တော်ဂီဏ်းဂင်များဖြစ်ကြသော အထက်လွှာပရိသတ်အတွက် ဤတံငါသည်းသံ သည် ဆင်တော်နှင့် ခလောက်လိုဖြစ်နေမည်လားဟု စဉ်းစားမိပြန်၏။

မိမိစိတ်ကြိုက်ဖြစ်သော ပတ်ပျိုးတစ်ပုဒ်ကို စဉ်းစားရှာဖွေ၍ မရသဖြင့် သက်သက် သာသာနေတတ်လေ့ရှိသော မြိုင်သည် စိတ်ညစ်ညူးစပြုလာသည်။ သို့ရာတွင် စိတ်ညစ်ညူးနေ၍ ပြီးသောကိစ္စမဟုတ်သေးသဖြင့် မြိုင်သည် စဉ်းစားရပြန်၏။

မြိုင်သည် ၎င်းပိုင်ပိုင်နိုင်နိုင်ရရှိထားသော ပတ်ပျိုးများထဲမှ 'ရွှေပြည်တော်သည်' ကိုစိတ်ကူးကြည့်ပြန်သည်။ သို့ရာတွင် ဤပတ်ပျိုးကိုကား မြိုင်၏ကိုယ်တိုင်က ဟက်ဟက် ပက်ပက်မရှိလှပေ။ မြိုင့်တွင်ခက်နေသော သဘာဝတစ်ခုတည်းကား မိမိကိုယ်တိုင်က မနှစ်သက်သော အရာတစ်ခုကို သူတစ်ပါးအတွက် ပြုလုပ်ပေးရန် နှောင့်နှေးဖင့်နွှဲတတ် ခြင်းပင် ဖြစ်လေသည်။

စိတ်ညစ်ညူးရာမှ မြိုင်သည် စိတ်ပျက်စပြုလာသည်။ လဲ့လဲ့တို့အိမ်သို့သွားရောက် ရမည့်အရေးအတွက်ပင် စိတ်ရှုပ်သလိုလည်း ရှိလာသည်။ ထို့ကြောင့် ရုတ်တရက် ခေါင်းကိုက်သည်ဟု အကြောင်းပြကာ မသွားဘဲပင် နေလိုက်ရလျှင် ကောင်းများကောင်းမည်လား ဟု တွေးမိသည်။ သို့ရာတွင် ဤသို့ပြုလုပ်၍ တော့ကား မတော်ပေ။ ၎င်းအပြင် မြိုင်၏ကိုယ်တိုင်ကလည်း ဤသို့ မင်းခမ်းမင်းနားကို စုံမက်လေသည်။

အလုပြင်စားပွဲထိုင်ရင်း တစ်ယောက်တည်း စိတ်သောက ရောက်နေရသည့်အတွက် အိမ်အောက်ထပ်ဧည့်ခန်းအလယ်၌ လာရောက်ကာ အကြိုတော်ထောက်နေရှာတဲ့ ကိုသက်တင် တစ်ယောက်လုံးကို မြိုင်သည် ထည့်မစဉ်းစားနိုင်လောက်အောင် မေ့နေလေသည်။

ဆင်းလာလိမ့် နိုးနိုးနှင့် ဧည့်ခန်းလယ်၌ တစ်ယောက်တည်းထိုင်၍ စောင့်စားနေရသော လူတစ်ယောက်သည်လည်း ဆင်းလာခဲ့ဘိသော မြိုင့်အား ကြာမြင့်စွာ စောင့်ဆိုင်းနေရသည့်အတွက်နှင့် တဖြည်းဖြည်း ပျင်းရိငြီးငွေ့လာ၍ လာလေသည်။ အကြိုတော်ထောက်ရင်း စောင့်ဆိုင်းနေခဲ့စဉ် ထိုသူသည် စီးကရက်သုံးလိပ်ကို မီးရှို့ခဲ့ပြီးလေပြီ။ ဧည့်ခန်း စားပွဲပေါ်၌ ထားရှိသော အင်္ဂလိပ်ရုပ်စုံ မဂ္ဂဇင်းနှစ်အုပ်၏ စာမျက်နှာကိုလည်း ရေတွက်၍ ပြီးစီးခဲ့လေပြီ။

ကိုသက်တင်သည် ထိုင်၍ စောင့်ဆိုင်းရသော အလုပ်ကို စိတ်ပျက်လာ၏။ သူသည် တီထွင်သစ်ဆန်းသောအလုပ်တစ်ခုကို ရှာဖွေစဉ်းစားကြည့်လေသည်။ အိမ်အတွင်း၌ကား လူကြီးမရှိကြပေ။ အပေါ်ထပ်၌ မြိုင်တစ်ယောက်တည်းရှိလေသည်။ ဤကဲ့သို့သော အခွင့်အရေးကြီးကို သက်သက်သာသာ ရရှိထားသည့်အခိုက်အခါဝယ် သူသည် အိမ် အပေါ်ထပ်သို့တက်၍ သူမေးမြန်းပြောဆိုလိုသော စကားကို မြိုင့်အား ရင်းရင်းနှီးနှီးတွေ့ ဆုံကာ လွတ်လွတ်လပ်လပ် မေးမြန်းပြောဆိုလိုသော စိတ်ကူးများ ပေါ်ပေါက်လာလေသည်။ ၎င်းအပြင် သူနှင့် မြိုင်သည်လည်း နှစ်ဦးနှစ်ဖက်သော လူကြီးမိဘများကပင် သဘောတူ ရည်မှန်းထားကြသော 'လင်မယားလောင်း' များဖြစ်ကြရကား ဤသို့သူက အခွင့်အရေးယူသည့်အတွက်နှင့်တော့ မြိုင်သည် ခါးခါးသီးသီး ကန့်ကွက်စရာရှိလိမ့်မည် မဟုတ်ဟု သူက ထင်လေသည်။ ကိုသက်တင်သည် ခြေသံမကြားနိုင်အောင် ခပ်ဖွဖွကလေးနင်း၍ အိမ်ပေါ်သို့ တက်လာခဲ့လေသည်။ မြိုင်၏အခန်းဝသို့ရောက်သောအခါ ရုတ်တရက်မဝင်သေးဘဲနှင့် ခေတ္တမျှရပ်ရင်း အခန်းတွင်းရှိ မြိုင်၏အရိပ်အခြည်ကို ခန်းဆီးမှ လှမ်း၍ ကြည့်လိုက်သည်။ အလှပြင်စားပွဲတွင် တင်ပါးလွှဲထိုင်ကာ မြိုင်သည် ပြတင်းပေါက်ကို ကျော်လွန်၍ အပြင်ဘက်သို့ ငေးမောကြည့်ရှုလျက် ရှိသည်။ သို့ရာတွင် မြိုင်သည် ကိုသက်တင်ကိုကား သတိပြုမိဟန် မေ့လျော့နေပုံရလေသည်။

ကိုသက်တင်သည် တံခါးဝတွင် အတန်ကြာမျှရပ်နေပြီးမှ ချောင်းတစ်ချက်ဟန့် လိုက်ပြီးလျှင် မြိုင့်ထံမှ ခွင့်မတောင်းဘဲ အပျိုစင်၏ အခန်းအတွင်းသို့ ရဲရဲတင်းတင်း ဝင်ရောက်သွားလေသည်။

"ဟင်...ကိုသက်တင်.."

မြိုင်သည် အလန့်တကြား ဖြစ်သွားဟန်ရှိ၏။ ရဲရဲတင်းတင်းနှင့်

မဝင်စဖူး မိမိအခန်းတွင်းသို့ ဝင်၍ လာသော ကိုသက်တင်အား မျက်လုံး ပြူးပြူး မျက်ဆံပြူးပြူးနှင့် ကြည့်နေ၏။

ကိုသက်တင်က ခပ်ပြုံးပြုံးနှင့်ပင် မြိုင့်အနီးသို့ လျှောက်လာခဲ့ပြီးလျှင် ပြတင်းပေါက် အနီးတွင် ကျောပေး၍ ရပ်လိုက်သည်။

"မြိုင့်အခန်းထဲအထိတောင် ဝင်လိုက်လာရသလားဟင်... ကိုသက်တင်"

မြိုင်က ပြန်၍ မေးလိုက်လေသည်။

"မြိုင့်ကို ကိုသက်တင် မေးစမ်းကြည့်ချင်တာကလေး တစ်ခုရှိနေလို့ပါ"

ကိုသက်တင်က အေးအေးဆေးဆေး ပြောဆိုသည်။

"မေးစရာရှိတာက ဘယ်လောက်များ အရေးကြီးနေလို့ မြိုင့်အခန်းထဲအထိ လိုက်လာပြီးမေးရတာလဲ ကိုသက်တင်... အချိန်တွေ နေရာတွေရှိပါသေးတယ်..."

မိမိ၏အခန်းတွင်းသို့ ပိုင်နက်ကျူးလွန်၍ ဝင်ရောက်လာသော ကိုသက်တင်၏အပြုအမူကို သဘောမတူနိုင်သကဲ့သို့ မြိုင်သည် ကန့်ကွက်ပြောဆိုလိုက်လေသည်။ မြိုင်က ဤသို့ခပ်တည်တည်နှင့် ကန့်ကွက် ပြောဆိုလိုက်သောကြောင့် ကိုသက်တင်သည် ရုတ်တရက် မျက်နှာပျက်သွားလေသည်။ တစ်နေ့သောအခါဝယ် သူ၏မယားဖြစ်ရမည့် မိန်းကလေးထံမှ ဤသို့တင်းမာသော တုံ့ပြန်မှုကို တွေ့ကြုံရလိမ့်မည်ဟူ၍ ကိုသက်တင်သည် ယခင်က မမျှော်လင့်ခဲ့ဖူးပေ။ ဤသို့ မမျှော်လင့်သော တုံ့ပြန်မှုကို ဖြုန်းခနဲ ရင်ဆိုင်လိုက်ရသည့်အတွက် သူသည် အောင့်သက်သက် ခံစားလိုက်ရပေသည်။ သို့ရာတွင် သူသည် ကြိုးစား၍ ပြုံးလေသည်။

"ကိုသက်တင်အတွက်တော့ အင်မတန်အရေးကြီးနေလို့ပါ မြိုင်..."

ဟု သူက ခပ်အေးအေးပင် ပြောဆိုလိုက်သည်။

"အရေးကြီးရင်လည်း နောက်တော့မှပဲ မေးစေချင်တယ် ကိုသက်တင်..ရှင်ခုလို မြိုင့်အခန်းထဲအထိ ဝင်လိုက်လာတာကို ဖေဖေတို့

ဒေါ်လေးတို့ပဲဖြစ်ဖြစ်၊ တခြားဘယ်သူပဲ ဖြစ်ဖြစ် တွေ့သွား မြင်သွားရင် မသင့်တော်ဘူးထင်တယ်....''

''ဒါတွေအတွက်နဲ့ ဒါလောက်တောင်လည်း စိုးရိမ်စရာ ပူပန်စရာ မဟုတ်တော့ဘူး ထင်ပါရဲ့ မြိုင်ရယ်''

''ဘယ်လိုအဓိပ္ပာယ်နဲ့ စိုးရိမ်ပူပန်စရာမဟုတ်တော့ဘူးလို့ ပြောလိုက်တာလဲ ကိုသက်တင်... မြိုင်ဟာ အဖေရဲ့အုပ်ထိန်းမှုအောက်မှာ ကြီးပြင်းလာရတဲ့ မိန်းကလေးတစ်ယောက် ဆိုတာကိုလည်း ထည့်စဉ်းစားမိစမ်းပါဦးလေ...''

ကိုသက်တင်သည် စီးကရက်တစ်လိပ်ကို ထုတ်ယူကာ အေးအေးဆေးဆေး မီးညှိလေသည်။

ခပ်စောစောက သီချင်းတစ်ပုဒ် ရွေးချယ်စဉ်းစား၍ မရသည့်အတွက်နှင့် စိတ်တို သလိုဖြစ်လျက်ရှိသော မြိုင်သည် ယခုကဲ့သို့ ပိုင်စိုးပိုင်နင်းနှင့် ပမာမခန့်နိုင်လှသော ကိုသက်တင်အား ရင်ဆိုင်လာရပြန်သောအခါ အတော်ကလေး ထူထူပူပူဖြစ်လာသည်။ ကိုသက်တင်ကိုလည်း ၎င်း၏ လောလောဆယ် အပြုအမူနှင့်ပတ်သက်၍ အထင်အမြင် သေးသိမ်လာမိသည်။ ခေတ်ပညာတတ် တစ်ဦးအဖြစ်နှင့်လည်းကောင်း မိကောင်းဖခင် သားသမီးတစ်ယောက်အဖြစ်နှင့်လည်းကောင်း ကိုသက်တင်အား မြိုင်သည် ဤအထိ လွန်ကဲလိမ့်မည်မဟုတ်တန်ရာဟု သဘောထားခဲ့ဖူးလေသည်။

''ကိုသက်တင်ကို စိတ်ဆိုးသလား မြိုင်''

စီးကရက်မီးခိုးများကို မှုတ်ထုတ်ဆော့ကစားရင်း ကိုသက်တင်သည် ခပ်အေးအေးပေါ့ပေါ့ အမူအရာနှင့် မေးလာပြန်သူ၏ အမူအရာမှာ မြိုင်က စိတ်ဆိုးလျက် ရှိသည့်တိုင်အောင် များစွာ ဂရုစိုက်အရေးထားနေစရာ မဟုတ်သကဲ့သို့ ရှိနေလေသည်

မိဘပစ္စည်းကို သုံးဖြုန်း၍ တာဝန်မဲ့နေထိုင်လျက်ရှိသော ကိုသက်တင်၏ သဘောသဘာဝကို ငယ်ရွယ်သူဖြစ်သော်လည်း သိတန်သလောက် သိပေသည်။ ထို့အတွက်ကြောင့် မြိုင်သည် ကိုသက်တင်အပေါ်၌ ဝတ္တရားကျေဆက်ဆံနေရခြင်းထက် လွန်ကဲ၍

အထင်ကြီးခြင်းကား မရှိခဲ့။ သို့ရာတွင် ယခုကဲ့သို့ သူ၏သားမယားမဖြစ်ရသေးမီ ပိုင်စိုးပိုင်နင်းပြုမူဆက်ဆံလာသော အခါဝယ် လင်လုပ်ရမည့်လူအပေါ်၌ မြိုင်သည် များစွာစိတ်ပျက်သွားလေသည်။

"မှန်တဲ့အတိုင်း ရိုးရိုးသားသားပြောရင်တော့ ဒါမျိုးတွေ မြိုင်နည်းနည်းမှ မကြိုက် ဘူး"

ဟု မြိုင်သည် ရင်းရင်ထဲ၌ ခဲနေသော အစိုင်အခဲကို ထုခွဲပစ်လိုက်သည်

"ကိုသက်တင်ဟာ တခြားလူလည်း မဟုတ်ပါဘူး မြိုင်"

"တခြားလူမဟုတ်လို့သာ မြိုင်ဒီအထိ လက်ခံစကားပြောနေရတာပေါ့.."

"ဒါလောက်ဟာကလေးနဲ့တော့ မကြိုက်နိုင်စရာလည်း မဟုတ်ဘူးထင်တယ်"

မြိုင်သည် ပိုမို၍ စိတ်ရှုပ်ထွေးလာသောအမူအရာဖြင့် ၎င်း၏ လက်ပတ်နာရီကို တစ်ချက်မျှ ငုံ့ကြည့်လိုက်ပြီးနောက်...

"အချိန်လည်း သိပ်မရှိတော့ဘူး ကိုသက်တင် မြိုင်တို့သွားကြမှပဲထင်တယ်.."

စကားစကို ဖြတ်ရင်းမြိုင်သည် ထိုင်ရာမှ ထလိုက်သည်။ ဤသို့ မြိုင်က အကြောင်းအရာသစ်ကို ပြောဆိုလျက်ရှိနေပြီဖြစ်သော်လည်း ကိုသက်တင်မူကား စောစောကပြောလက်စ ဖြစ်သော အကြောင်းအရာကို မစွန့်လွှတ်ချင်သေးသကဲ့သို့..

"ကိုင်း.. တိုတိုတုတ်တုတ်ပဲ မေးပါရစေ... မြိုင့်ကို ဘယ်တော့လောက် ကိုသက်တင် လက်ထပ်နိုင်မလဲဟင်..."

ဟု ကျားပိန်တွယ်တွယ်၍ မေးနေပြန်၏။

မြိုင်သည် ရင်ကိုမ၍ သက်ပြင်းရှူထုတ်လိုက်သည်။ သို့ရာတွင် ကိုသက်တင်၏ အမေးကိုကား ပြန်၍ မဖြေပေ။ မိမိမဖြေလိုသေးသော

မေးခွန်းကို ဖွင့်မေးနေသောသူအား ယခုအခါ၌သာ ဖြေလိုက်ရလျှင် အဆင်မပြေစရာများသာ ဖြစ်နိုင်စရာရှိသည်။ ကိုးရိုးကားရားပင် ဖြစ်နိုင်စရာ ရှိသည်။ ထို့ကြောင့် မြိုင်သည် ပြန်၍ မဖြေလိုက်ခြင်းဖြစ်လေသည်။

"ကိုသက်တင်မေးနေတာကို ပြန်ဖြေစမ်းပါဦး မြိုင်"

ဟု တစ်ဖက်သားကလည်း သည်းညည်းမခံနိုင်သည့်အလား တွယ်ကပ်၍ မေးလာပြန်၏။ မြိုင်သည် ကိုသက်တင်အား မသက်မသာ သက်ပြင်းရှူရင်း တစ်ချက်မျှ မျက်လွှာပင့်ကာ ကြည့်လေသည်။ ထိုသူသည် မိမိအား အနိုင်ကျင့်နေသလား၊ သို့မဟုတ် မသိတတ်၍ ပဲလားဆိုသည်ကို မြိုင်သည် မခွဲခြားတတ်အောင် ဖြစ်နေသည်။

"ဘယ်လိုများလဲ မြိုင်ရဲ့"

ကိုသက်တင်ကတော့ ဖွင့်အတင်းသာ မရမက မေးနေ၏။ မြိုင်သည် တော်တော်စိတ်ညစ်လာပုံရလေသည်။ မိမိမပြောမဆိုချင်သေးသော စကားကို ဖွင့်အတင်းပြောဆိုရန် အကျပ်ကိုင် ခိုင်းစေလျက်ရှိသော ကိုသက်တင်အား ဝမ်းထဲ၌ ခပ်ချဉ်ချဉ်ဖြစ်လာမိသည်။ ဤကဲ့သို့သော လူတစ်ယောက်နှင့် တစ်သက်တာ ပေါင်းသင်းရမည့်အရေးကိုလည်း စိတ်ပျက်မိလေသည်။ သားမယား မဖြစ်သေးမီကပင် အားနွဲ့သူအပေါ်၌ အကျပ်ကိုင်တတ်သော သူသည် နောက်ကာလ၌ အဘယ်သို့ရှိလိမ့် မည်နည်း။

မြိုင်သည် ဝိုးတဝါးဖြစ်နေသောဆည်းဆာ၏အလှကို ငေးကြည့်နေ၏။ အဖြေ တော့မပေး။

ဤသို့ မိမိကသိရှိလို၍ မေးမြန်းနေသောကိစ္စကို မြိုင်သည် ပြန်၍ မဖြေကြားဘဲ တုဏှိဘာဝေလုပ်နေသဖြင့် ကိုသက်တင်သည်လည်း ခံရခက်သလို ဖြစ်လာသည်။ သူတို့ နှစ်ဦး၏ကိစ္စမှာ လူကြီးချင်းလည်း ပြီးထားသလောက်ပင် ဖြစ်၏။ ဤအကြားထဲမှ တင်းမာသလို ရှိလှသော မြိုင်၏သဘောထားမှာ သူ့အတွက် အခံရခက်ကောင်းခက်ပေမည်။ သို့ရာတွင် လူသားတို့၏နှလုံးသားအတွင်းမှ ယိုစီးဆင်းသော ချစ်ခြင်းမေတ္တာသည် ကုန်တိုက်တစ်ခုအတွင်းမှ ကုန်ပစ္စည်းတစ်ခုကို ဝင်ရောက်ဈေးဆစ်၍ ဝယ်ယူသလိုမလွယ်ကူကြောင်းကိုကား ကိုသက်တင်သည် မစဉ်းစားမိပေ။ ထို့ကြောင့်ပင်လျှင် သူ၏အပြောအဆိုမှာ မြိုင့်အား မော်တော်ကားတစ်စီးဝယ်ယူသလို ဖြစ်နေပေသည်။

“ကိုသက်တင်မေးတာကိုလည်း ပြန်များဖြေစမ်းပါဦးမြိုင်..."

ဟု သူက မော်တော် ကား၏စျေးကိုမေးသလို မေးလိုက်ပြန်၏။

“မြိုင် မပြောနိုင်သေးတဲ့စကားကို ဇွတ်မေးနေတာတော့ မတော်ဘူးထင်တယ် ကိုသက်တင်"

“ဘယ်လို အခက်အခဲတွေများရှိနေလို့လဲ မြိုင်ရဲ့...”

မိမိစိတ်ထဲတွင် ဖြစ်ပေါ်နေသော အဖြေကို ပေးလိုက်ရလျှင် ကိုသက်တင်စိတ် မကောင်းဖြစ်သွားမည်ကိုလည်း စဉ်းစားမိသဖြင့် မြိုင်သည် ကိုသက်တင်ကိုယ်တိုင် ဝယ်ပေးခဲ့သော ၎င်း၏ လက်ဆွဲအိတ်ကလေးကို လှမ်းယူလိုက်ပြီး...

“နောက်တော့မှ မြိုင် အေးအေး ဆေးဆေး စဉ်းစားပြီး ပြောပါ့မယ်..”

ဟုပြောဆိုရင်း ၎င်း၏ လက်ပတ်နာရီကို မြှောက်၍ ကြည့်လိုက်သောအခါ ခြောက်နာရီကျော်နေပြီကို တွေ့ရသဖြင့်...

“ဟော ခြောက်နာရီတောင် ထိုးပြီးသွားပြီ ကိုသက်တင် မြိုင်တို့သွားကြတော့မှ ထင်တယ်... တော်တော်ကြာ လဲ့လဲ့ မျှော်နေလိမ့်မယ်..”

ဟု ပြောပြောဆိုဆိုနှင့် ထွက်သွားသောကြောင့် မိမိစိတ်ကျေနပ်လောက်သောအဖြေကို မရလိုက်သော ကိုသက်တင်သည် မကျေမချမ်းနှင့်ပင် မြိုင့်နောက်မှလိုက် ပါခဲ့ရလေသည်။

ရှစ်မိုင်ဘက်ရှိ ကျယ်ဝန်းလှသော ခြံကြီးတစ်ခုအတွင်း၌ လမ်းပေါ်မှလူများ မေးမော့ကြည့်ရှုရလောက်အောင် တခမ်းတနား ဆောက်လုပ်မွမ်းမံ၍ ထားသော ဒိုင်အာခီခေတ် ဝန်ကြီးကတော်ဟောင်း ဒေါ်မိမိခင်၏ တိုက်ကြီးသည် ဘေးပတ်ဝန်းကျင်တွင်ရှိသော အခြား တိုက်ကြီးများနှင့်မတူ တမူထူးခြားသော ဗြိတိန်ကျွန်းစု၏ခေတ်လယ်ရဲတိုက်ကြီးတစ်လုံးနှင့် တူလှပေသည်။ ၎င်းတို့မိုးကောင်းခဲ့ကြသော ဒိုင်အာခီအုပ်ချုပ်ရေးခေတ်အတွင်းက ဘိလပ်မှ တိုက်ပုံစံကို တကူးတကန့်မှာယူရေးဆွဲ၍ အကောင်းဆုံး ဗိသုကာများနှင့် ဆောက်လုပ်ခဲ့သော တိုက်ကြီးသည် လွတ်လပ်ရေးများ ကြေညာပြီးဖြစ်သော ပြည်ထောင်စုသမ္မတ နိုင်ငံခေတ်တွင် ရှေးခေတ်ဟောင်းကို အောက်မေ့လွမ်းဆွတ်သကဲ့သို့ ရှိလှပေသည်။

ကိုသက်တင်၏ကားကလေးနှင့် လိုက်ပါလာသော မြိုင်သည် လဲ့လဲ့တို့တိုက်သို့ ရောက်ရှိသောအခါ လဲလဲ့ကိုယ်တိုင်ဆင်ဝင်အထိ ထွက်၍ ကြိုကာ တိုက်၏အတွင်းသို့ ခေါ် ဆောင်သွားလေသည်။ ကိုသက်တင်သည် မြိုင်အား လဲ့လဲ့တို့တိုက်သို့ပို့ထားခဲ့ပြီးနောက် ၎င်း၏မိခင်ကို သွားရောက်ကြိုဆိုရန် ရှိနေသေးသည့်အတွက် သူ့ကားနှင့်သူ ပြန်၍ ထွက်သွားလေသည်။

ဘုရားကိုးဆူကပ်ပွဲသည် ညရှစ်နာရီလောက်မှသာ စလိမ့်မည်ဖြစ်၍ အချိန်မှာ တော်တော်စောနေသေးသဖြင့် အခြားဧည့်သည်များ တစ်ဦးတစ်ယောက်မျှတော့ မရောက်ကြသေးပေ။ မြိုင်တစ်ယောက်တည်းသာလျှင် အိမ်ရှင်များ၏ အထူးအခွင့်အရေးပေးခြင်း ခံရသော ဧည့်သည်အဖြစ် ရောက်ရှိလာခြင်းဖြစ်သည်။ သို့ရာတွင် ဧည့်သည်များ ရောက်ရှိလာသောအခါ အဆင်သင့် ကျွေးမွေးဧည့်ခံရန်အတွက် နာမည်ကျော်ကြားသော ရန်ကုန်မှ မုန့်တိုက်ကြီးတစ်ခုမှ စားပွဲထိုးကုလားလေးငါးယောက်နှင့် လဲ့လဲ့တို့ တိုက်တွင် ထားခဲ့သော အခိုင်းအစေသုံးယောက်တို့သည်လည်း သူ့အလုပ်နှင့်သူ လုပ်ကိုင်ပြင်ဆင်လျက်တော့ ရှိကြလေသည်။

လဲ့လဲ့သည် မြိုင့်အား တိုက်အပေါ်ထပ်တွင်ရှိသော ၎င်းအခန်းအတွင်းသို့ ခေါ် ဆောင်ခဲ့လေသည်။ လဲ့လဲ့၏အခန်းတွင်းသို့ရောက်သောအခါ လဲ့လဲ့၏တစ်ယောက်အိပ်

ခုတင်ပေါ်တွင် နှစ်ယောက်သားအတူထိုင်ကြကာ အပျိုဖော်ချင်းတို့ဘာဝ ဟိုအကြောင်း ဒီအကြောင်းကလေးများကို ယိုးမယ်ဖွဲ့၍ ပြောဆိုကြလေသည်။ သူတို့နှစ်ဦးပြောဆိုလျက် ရှိကြသော အကြောင်းအရာများမှာ ကြီးကျယ်သော အကြောင်းအရာများတော့ မဟုတ်။ ဘယ်သူ့အိမ်က ဘာပန်းတွေ စိုက်သည်။ အတွင်းဝန်ကတော် နုနု၏ ရွှေဝါဆိုသော ကြောင်ကလေး ငါးမြွာပူးမွေးသည်။ ဘယ်သူ့သားနှင့် ဘယ်သူ့သမီး စေ့စပ်ကြောင်းလမ်းသည် အစရှိသော ပေါင်းသင်းဆက်ဆံရေးသတင်းများထဲကသာ ဖြစ်လေသည်။ လဲ့လဲ့ရော မြိုင်ပါ ကိုရီးယားစစ်ပွဲအကြောင်းကို ပြောဆိုကြခြင်း မရှိပေ။ ကုလသမဂ္ဂအလံကို ဓောက်ထိုးလွှင့်ထူ၍ ကျူးကျော်လျက်ရှိသူများအား ကိုရီးယားပြည်သူတို့နှင့်အတူ လက်တွဲ၍ တွန်းလှန်လျက်ရှိကြသော တရုတ်အပျော်တမ်းစစ်တပ်များ၏ သတင်းထက် ဒေါ်နုနု၏ ရွှေဝါဆိုသော ကြောင်မကလေးက ငါးမြွာပူးမွေးသည်ဆိုသော သတင်းသည်သာ သူတို့ အတွက် အရေးပေးပြောဆိုရသော သတင်းဖြစ်နေသည်။

ဤ ပေါင်းသင်းဆက်ဆံရေးသတင်းများကို ပြောဆိုပြီးစီးကြသောအခါ ရယ်စရာ မောစရာသတင်းကလေးများကို ပြောဆိုရင်း ခပ်အုပ်အုပ်ကလေးများကို ရယ်မောကြပြန် လေသည်။ လဲ့လဲ့က အင်္ဂလန်မှ စောင်ရေအများဆုံးထုတ်ဝေရသော ကြေးမုံ နေ့စဉ် သတင်းစာမှ ဇစ်တီ၏ကာတွန်းရုပ်ပြောင်များအကြောင်းကို ပြောဆိုလေသည်။ ထို့နောက် လဲ့လဲ့သည် သူနောက်ဆုံးဝယ်ယူခဲ့သော ရွှေချည်ထိုး ထဘီတစ်ထည်နှင့် အမေရိကန်နိုင်လွန်အသစ်အဆန်းများကို ဗီရိုအတွင်းမှ ထုတ်ယူ၍ မြိုင့်အား ပြသပြန်လေသည်။ မိမိ ထက်စာလျှင် များစွာကံကောင်းသည်ဟု ဆိုရလိမ့်မည်ဖြစ်သော လဲ့လဲ့က ပြသလျက်ရှိ သော ပစ္စည်းများကို မြိုင်သည် ကြည့်ရှုရင်း ချီးမွမ်းရလေသည်။ အဝတ်အစားများကို ပြသပြီးနောက် လဲ့လဲ့သည် များမကြာမီက ဝယ်ယူသော ပုလဲပုတီးအား ထုတ်ယူကာ မြိုင့်အား ပြသနေပြန်သည်။

ဤသို့ လဲ့လဲ့က ပြသလျက်ရှိသော ပုလဲပုတီးကို မြိုင်သည် ကိုင်တွယ်ကြည့်ရှုနေသည့်အခိုက် တိုက်၏အောက်ထပ် ဧည့်ခန်းမှ ရုတ်တရက်စမ်းသပ် တီးခတ်လိုက်သော ပီယာနိုသံကို ကြားရလေသည်။ ပီယာနိုအား စမ်းသပ်တီးခတ်သူသည် တကယ့်ကြေးတန်းစား ပညာသည်တစ်ဦးနှင့်မခြား ပိုင်ပိုင်နိုင်နိုင်ကြီး စမ်းသပ်တီးခတ်လေသည်။ သူသည် ပီယာနိုကြီးတစ်ခုလုံးကို ဖောက်ခွဲဖျက်ဆီးလိုက်တော့မည့်ပမာ ခပ်ကြမ်းကြမ်းတီးခတ်နေရာမှာ ပီယာနိုခလုတ်ကလေးများကိုပင် လက်ဖျားနှင့်ထိရမှာ စိုးရွံ့ ထိတ်လန့်ခြင်းရှိသကဲ့သို့

မထိတရိတို့ထိကစားကြည့်လေသည်။

ပီယာနိုသံကိုကြားမိတော့မှပင် ကနေ့ညအဖို့ မိမိတီးပြရမည့် သီချင်းတစ်ပုဒ်အား မရွေးချယ်မဆုံးဖြတ်ရသေးသည်အဖြစ်ကို မြိုင်သည် သတိရလာလေသည်။ ကိုသက်တင် မိမိအား လာရောက်မကြိုဆိုမီကလေးအထိ မြိုင်သည် ယနေ့ညတီးပြရမည့်သီချင်းတစ်ပုဒ်ကို စဉ်းစားနေတုန်းဖြစ်သည်။ ကိုသက်တင် မိမိအခန်းတွင်းသို့ ကျူးကျော်ဝင်ရောက်လာသည့်အတွက်ကြောင့်သာလျှင် ဤကိစ္စကို ပြီးပြတ်သွားအောင် မစဉ်းစားမရွေးချယ် နိုင်ခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် ယခုအချိန်အထိလည်း မြိုင်သည် မိမိတီးပြရမည့်သီချင်း တစ်ပုဒ်ကို မရွေးချယ်မဆုံးဖြတ်ရသေးပေ။

ဧည့်ခန်းမှ ပီယာနိုတီးနေသူသည် ခြောက်ပေါက်ကို စမ်းသပ်လျက်ရှိရာမှ မသိလိုက် မသိဘာသာ ငါးပေါက်ခန်းသို့ ကျွမ်းကျင်စွာကူးပြောင်းစမ်းသပ်လျက်ရှိရာမှ ယိုးဒယား ပိန်းချားကြီးမှ "ညီနောင်မူရာ သူသာမြင်" ခါးလယ်ပိုဒ်ကို စမ်းသပ်တီးခတ်နေသည်

မြိုင်သည် လဲ့လဲ့၏ထောင့်နှစ်ရာကျော်ပေးရသော ပုလဲပုတီးကို စိတ်မဝင်စားနိုင်တော့ဘဲ ဒဿဂီရိနှင့်အတူလိုက်ပါ၍ သွားရသော သီတာဒေဝီမင်းသမီးနည်းတူ အောက်ထပ်မှ မတိုးမကျယ် ပျံ့လွင့်လျက်ရှိသော ပီယာနိုသံနောက်သို့ ကောက်ကောက်ပါသွားလေသည်။ အောက်ထပ်မှ ပီယာနိုအား စမ်းသပ်တီးခတ်နေသူသည် သူ၏တေးသံနောက်မှ တကောက်ကောက်လိုက်ပါနေသူတစ်ဦး ရှိနေကြောင်းကို များစွာအရေးထားမိဟန်မတူပေ။ သူသည် "စုံဆယ်ဖြာ" အား စမ်းသပ်ပြီးစီးသွားသောအခါ တီးလက်စသီချင်းကို ဖြတ်လိုက်ပြီးလျှင် သံမှန်ပြောင်းလိုက်ပြန်သည်။ ထို့နောက် သူသည် ပတ်ပျိုးတစ်ပုဒ်အား စမ်းသပ်ရန် ပြင်ဆင်သည့်အလား ဘွဲ့ ခံလေသည်။ ဘွဲ့ခံ၍ ပြီးသည်နှင့် သူသည် မိမိစမ်းသပ်လိုသော ပတ်ပျိုးကို စတင်လေသည်။

“နံ့သာနီတောင်… ကမ္ဘာရှည်အောင်.. ဖန်ဆိုးနှင့် လဲဝတ်ကြောင်… ကေဥသျှောင် ပယ်လီး… စျာန်နှင့်နီး..ပုတီးလက်တွင်ဆောင် ခရီးမဂ္ဂင်ဖောင်”

ထိုသူသည် မြိုင်တပ်မက်လှသော နိဗ္ဗိန္ဒပတ်ပျိုးကြီးကို ခပ်မှန်မှန်နှင့် ပြည့်ပြည့်တီးလျက် ရှိသည်။ ထိုသူက တီးပြလိုက်တော့မှပင် မြိုင်သည် ရင့်မေ့ကျန်နေသော အကွက်များကို ပြန်လည်သတိရလာသည်။

တကယ်ဆိုတော့ ထိုသူသည် မြိုင့်အား အချိန်မီပြသပေးနေသကဲ့သို့ ရှိနေပေသည်။

ပီယာနိုတီးသူနှင့် တေးသံကိုသာ မြိုင်သည် စိတ်ညွတ်လျက်ရှိသည်။ ဤအိမ်ကြီးတစ်ခုလုံးတွင် လဲ့လဲ့တစ်ယောက်ကလွဲ၍ ပီယာနိုတီးတတ်သူလည်း မရှိပေ။ လဲ့လဲ့၏ အစ်ကိုကြီးသည်လည်း ရေးမြန်မာသီချင်းကြီးသီချင်းခန့်များကို ကြိုက်နှစ်သက်၍ နားထောင်တတ်သည်က လွဲ၍ ဘောလယ်တစ်ပုဒ်ဖြစ်အောင်ပင် တီးတတ်သူမဟုတ်ပေ။

မြိုင်သည် လဲ့လဲ့အား အကဲခတ်သလို လှမ်းကြည့်လိုက်သည်။ လဲ့လဲ့ကတော့ ပီယာနိုသံကို အလျဉ်းပင် ဂရုမစိုက်သလို သူ့ပုလဲပုတီးကိုသာ သိမ်းဆည်းနေလေသည်။

“ဟေး လဲ့လဲ့ အခု ပီယာနိုတီးနေတာ ဘယ်သူလဲကွဲ့ ”

မအောင့်အည်းထားနိုင်၍ မြိုင်က မေးလိုက်မိ၏။

“အလကားလူတစ်ယောက်ပါ မြိုင်ရယ်.. ဘယ်ကမှန်းလည်း မသိပါဘူး"

လဲ့လဲ့ မပြောချင်ပြောချင်နှင့် ပြန်ပြောသည်။

လဲ့လဲ့၏ တင်းမာ၍ ခက်ထန်သော အဖြေကြောင့် မြိုင်သည် ရုတ်တရက် အံ့သြသွားသည်။ နောက်တွန့်၍ လည်းသွားသည်။ လဲ့လဲ့၏ အပြောက တင်းမာခက်ထန်လာရအောင် မိမိအမေး၌ ဘာများ အမှားအယွင်းပါရှိသွားလေသနည်းဟု မြိုင်သည် မိမိအမေးကို ပြန်၍ စဉ်းစားကြည့်မိလေသည်။ မြိုင်သည် အမှားအယွင်းဟူ၍ ဘာတစ်ခုမျှတော့ မတွေ့မိပေ။ ထိုသို့ဖြစ်လျှင် လဲ့လဲ့သည် မိမိ၏ရိုးသားသော မေးခွန်းကို အဘယ်အတွက်ကြောင့် ယခုကဲ့သို့ တင်းတင်းမာမာ ဖြေကြားရသနည်း။ မြိုင်သည် အနေရ အထိုင်ရ ကျုံ့သွား၏။

“ဒီလူတစ်ယောက်တော့ ကိုယ်သိပ်မုန်းတာပဲ"

လဲ့လဲ့က ၎င်း၏သဘာဝကို ပြန်၍ ပြောလာ၏။

စိတ်သက်သာမှုအနည်းငယ်ရသော်လည်း လဲ့လဲ့၏စကားကို လိပ်ပတ်မလည်နိုင်သေးသော မြိုင်သည် အကြောင်သားငေး၍ နေသည်။ သို့ရာတွင် မြိုင်သည် ဧည့်ခန်းမှ ခပ်မှန်မှန်ကြားနေရသော ပီယာနိုသံနှင့်တော့ အဆက်မပြတ်ပေ။

"စိန်ကျောက်ရောင်ပြောင်လင်း... တောင်များမင်း.. ပယင်းနန်းရွှေကူတလင်းပ ပန်းမဥ္ဇူ..."

လဲ့လဲ့ "သိပ်မုန်း" သော ထိုလူကတော့ သူတီးလက်စဖြစ်သော ပတ်ပျိုးကိုသာ ခပ်လေးလေး ခပ်မှန်မှန် တီးခတ်လျက် ရှိလေသည်။ ဤသို့ ပီယာနိုကို ကြေးစားပညာသည်များနှင့်မခြား ပိုင်ပိုင်နိုင်နိုင်ကြီး တီးခတ်မိသည့်အတွက်နှင့် သူ၏အပေါ်၌ မလိုတမာဖြစ်နေသော မိန်းမပျိုတစ်ဦး ဤအိမ်၏အပေါ်ထပ်၌ ရှိနေကြောင်းကိုကား ထိုသူသည် ထည့်သွင်းစဉ်းစားခြင်း ရှိပုံမရပေ။ ထို့အတူ သူ၏ပီယာနိုသံကို အထင်ကြီးကာ တေးသံ၏ နောက်မှ တကောက်ကောက်လိုက်ပါ၍ နေသော မိန်းမပျိုတစ်ဦးကိုလည်း သူသည် အရေး ထားမိပုံမရပေ။ သူသည် အနုပညာကို ဝိဇ္ဇာနှင့် သိပ္ပံ ပညာရပ်များကဲ့သို့ သဘောထား တီးခတ်နေပုံရလေသည်။

မြိုင်သည် ထိုသူ ခေါ်ဆောင်လျက်ရှိသော နံ့သာနီတောင်သို့ ရောက်နေ၏။ ထိုသူကလည်း သူမသိသော မိန်းမပျိုတစ်ယောက်ကို တံတိုင်းကျောက်နီလာနှင့် ကသိဏ်း ဆောက်တည်ရာ နိဗ္ဗိန္ဒချောင်သို့လှလှပပ ခေါ်ဆောင်လျက်ရှိသည်။

"အစ်ကိုကြီးကို ပြောမရလွန်းလို့သာပေါ့ မြိုင်ရဲ့... မေမေကဆိုရင် ဒီလူကို မျက်နှာတောင် မကြည့်ချင်ဘူး"

ပီယာနိုတီးသူ၏အကြောင်းကို လဲ့လဲ့သည် ထပ်မံ၍ ပြောဆိုပြန်လေ၏။

ဘာအပြစ်ရှိမှန်းလည်း စွဲချက်မတင်သေးဘဲနှင့် တစ်ဖက်သတ်အပြစ်တင်ပြောဆို လျက်ရှိသော လဲ့လဲ့၏စကားကို မြိုင်သည် ကြားရခက်သလို ဖြစ်လာမိလေသည်။ တကယ် ဆိုတော့ ထိုသူကိုလည်း မြိုင်သည် ဘာမှန်းသိသေးသည်ကား မဟုတ်ပေ။ မြိုင်သည်ထိုသူတီးပြသော နံ့သာနီတောင်ပတ်ပျိုးကို ကြားရရုံမျှနှင့် ထိုသူ၏ဘက်မှ ဖြစ်နေ၏။

"တစ်လောကလည်း ဒီလူကို အိမ်ခေါ်လာပြီး ညသန်းခေါင်လောက်အထိ ပီယာနို အတီးခိုင်းလို့ မေမေက အစ်ကိုကြီးကို တော်တော်စိတ်ဆိုးပြီး သူ့လူရှေ့မှာပဲ ဆူပစ်လိုက် သေးတယ်"

"အားနာစရာကြီး ဖြစ်မနေဘူးလားဟင်"

"အားနာနေရအောင် ဒီလူက ကိုယ်တို့နဲ့ ညီတူတန်းတူ လူစားထဲကမှ မဟုတ်ဘဲ"

"ဒါထက် ဒီလူက ဘယ်သူလဲကွဲ့"

"သူ့သတင်းစာတိုက်က အလုပ်သမားတစ်ယောက်ပါကွာ။ အစ်ကိုကြီးနဲ့ တန်းတူထဲကလည်း မဟုတ်ပါဘူး"

ဤသို့ လဲ့လဲ့က ပြောဆိုလိုက်တော့မှ မြိုင်သည် မိမိ မတွေ့ဖူး မမြင်ဖူးသေးသော ထိုသူ၏နာမည်ကိုပင် ပြန်လည်သတိရလာသည်။ လဲ့လဲ့နှင့် ကိုသက်တင်တို့မောင်နှမ နှစ်ယောက် မိမိတို့အိမ်သို့ အတူတကွ လာရောက်လည်ပတ်စဉ်က အစ်ကိုကြီး ကိုသက်ထွန်း၏သတင်းစာတိုက်နှင့်ပတ်သက်၍ ထိုသူ၏အကြောင်းကို ပြောဆိုသွားဖူးလေသည်။

"မေမေက အစ်ကိုကြီးကို အပြစ်ပြောပေမဲ့ ကိုယ်ကတော့ ဒီကိစ္စမှာ ဟို ကိုတင်ဦးဆိုတဲ့ လူကိုသာ စိတ်ဆိုးမိတာပဲ" ဟူ၍ လဲ့လဲ့ ပြောကြားသွားခဲ့သော စကားကလေးများကိုပါ မြိုင်သည် သတိရလျက်ရှိသည်။

"ကိုယ်သတိရပြီ.. မင်းပြောနေတဲ့လူရဲ့နာမည်က ကိုတင်ဦးဆို မဟုတ်လား"

ဟု မြိုင်က ထိုသူ၏နာမည်ကိုပင် ပြောဆိုလိုက်သည့်အတွက် လဲ့လဲ့သည် အံ့သြ၍ သွား ရာမှ...

"ဒီ ကိုတင်ဦးဆိုတဲ့လူကိုကော မင်းက သိနေပလားကွဲ့"

ဟု ပြန်လည်၍ မေးမြန်းလိုက်လေသည်။

"ကိုယ်က သိလို့တော့မဟုတ်ပါဘူးကွဲ့။ တစ်ခါက မင်းတို့အိမ်လာလည်ရင်း ပြောသွားဖူးတာကို သတိရမိလို့ပါ"

"ဟုတ်တယ် မြိုင်ရဲ့ ... အဲဒီ ကိုတင်ဦးဆိုတဲ့လူပဲ။ ဒီလူဟာ ဘယ်လိုလူစားမှန်း လည်း မပြောတတ်ပါဘူးကွာ"

"ဒီလူက အစ်ကိုကြီးရဲ့ သတင်းစာတိုက်က သာမန်အလုပ်သမား၊ ရိုးရိုးတန်းတန်းထဲပဲလားကွဲ့"

"အယ်ဒီတာဆိုလား၊ ဘာဆိုလား မပြောတတ်ပါဘူးကွာ"

"အစ်ကိုကြီးနဲ့ သိကြတာကော ကြာပတဲ့လားဟင်"

"မင်းကလည်း ဒီလူ့အကြောင်း ဘာပြုလို့ ဒါလောက်သိချင်နေရတာလဲကွာ။ ကိုယ် မုန်းလွန်းလို့ မပြောပါရစေနဲ့တော့"

မြိုင်က မဲ့ပြုံးကလေးပြုံးရင်း ငြိမ်နေလိုက်သည်။ ထိုအခိုက်...

"သမီးရေ ...... လာပါ ဦးဟေ့"

ဟု ဒေါ်မိမိခင်၏ ခေါ်သံကို ကြားလိုက်ရသဖြင့် လဲ့လဲ့သည် ၎င်း၏ခာတ်ပုံ အယ်(လ်)ဘမ်တစ်ခုကို လှမ်းယူ၍ မြိုင့်အားပေးကာ အကျိုးအကြောင်း ပြောဆိုပြီးနောက် ၎င်းမိခင်ရှိရာသို့ ထွက်သွားလေသည်။

မြိုင်သည် လဲ့လဲ့ပေးထားခဲ့သော ဓာတ်ပုံအယ်(လ်)ဘမ်ကို မကြည့်အားသေးဘဲ မိမိ ဝေ့လည်လည်ဖြစ်နေသော နံ့သာနီတောင်ပတ်ပျိုး၏ နောက်ဆုံးအပိုဒ်ကို ဂရုစိုက်၍ နားထောင်နေမိသည်။

"စံပယ်လေချပ် ... မြတ်လေးနှင့် ကံ့ကော် ... ပန်းစုံတဲ့ မြိုင်ဟေမော်"

ထိုသူသည် ကျန်ရှိနေသေးသော သဖြန်ကို မဆက်တော့ဘဲ ရတ်ခနဲ သီချင်းကို ဖြတ်ပစ်လိုက်လေသည်။ ရုတ်တရက် ပီယာနိုသံ ရပ်သွားသဖြင့် မြိုင်၏ရင်ထဲတွင် ဟာ၍ ကျန်ရစ်ခဲ့သည်။

နောက်ထပ်၍ ပီယာနိုသံ ပေါ်လာဦးမည်လားဟု မြိုင်သည် နားစွင့်နေမိသေး၏။ သို့ရာတွင် နောက်ထပ်၍ ကား ပီယာနိုသံသည် ပြန်၍

ပေါ်မလာတော့။

မြိုင်သည် လဲ့လဲ့၏ဓာတ်ပုံအယ်(လ်)ဘမ်ကို ဆုံးအောင်ကြည့်ရှုပြီးသွားသည့်နောက် ပြန်၍ ပေါ်မလာသေးသော လဲ့လဲ့အား ငါးမိနစ်ခန့် စောင့်လေသည်။ လဲ့လဲ့သည် နောက်ထပ်၍ တော်တော်နှင့် ပေါ်မလာသောအခါ တစ်ယောက်တည်း စောင့်နေရသော မြိုင်သည် ပျင်းရိလာသဖြင့် လဲ့လဲ့အခန်းတွင်းမှထွက်၍ အိမ်အောက်ထပ်သို့ ဆင်းလာသည်။ အောက်ထပ်သို့ရောက်သောအခါ စောစောက ပီယာနိုသံ ကြားရသော ဧည့်ခန်းဘက်သို့ မြိုင်သည် မသိမသာ လှမ်း၍ ကြည့်လိုက်မိသည်။ ဧည့်ခန်းတွင်း၌ကား လူ တစ်ယောက်မျှမရှိ။ သို့ရာတွင် စောစောက တီးသွားသော လဲ့လဲ့၏ ပီယာနိုအဖုံးကိုကား ထိုသူသည် ပိတ်မသွားသဖြင့် ပွင့်နေသည်။

အဖုံးပွင့်နေသော ပီယာနိုကြီးက မြိုင့်အား လာစမ်းပါဦးဟု ဖိတ်ခေါ်နေသည် ထင်ရ၏။ သို့ရာတွင် မြိုင်သည် ယခုညအဖို့ မိမိတီးရမည့် သီချင်းကိုပင် မရွေးချယ်ရ သေး။ ထိုအခိုက် မီးများ လင်းလာသည်။

မြိုင်သည် ဧည့်ခန်းအတွင်းသို့ ဝင်လာခဲ့လေသည်။ ထို့နောက် ပီယာနိုအနီးတွင် ရပ်လိုက်သည်။ ပီယာနိုဘေးတွင် ရပ်ရင်း မြိုင်သည် ဘေးပတ်ဝန်းကျင်ကို လျင်မြန်စွာ လှည့်ပတ်ကြည့်ရှုလေသည်။ လူတစ်ဦးတစ်ယောက်ကိုမျှတော့ မတွေ့မိ။

မြိုင်သည် မရဲတရဲနှင့် ပီယာနိုခလုတ်ကလေးများကို နှိပ်စမ်းကြည့်လိုက်သည်။ မြိုင်၏ ပီယာနိုသံ ကြားရသဖြင့် ဧည့်ခန်းနှင့် ဆက်၍ နေသော စာကြည့်ခန်းထဲမှ လဲ့လဲ့၏ အစ်ကိုကြီးဖြစ်သူ ကိုသက်ထွန်းက ထွက်၍ ကြည့်လေသည်။ ကိုသက်ထွန်းကိုကား မြိုင်သည် မမြင်မိပေ။ ထို့ကြောင့် အသံများကို ရှေ့ဆက်၍ စမ်းမြဲစမ်းနေရာမှ စိတ်ကျေနပ်လောက်အောင် လက်တွေ့ လာသောအခါ ဘွဲ့ ခံလေသည်။ ဘွဲ့ခံပြီး၍ ဆုံးသည်နှင့် ပတ်ပျိုးကို စ၍ တီးလေသည်။ မြိုင်သည် ပထမပိုဒ်ကို ချောချောမောမော တီးနိုင်လေ သည်။ ထိုသို့ တီးနိုင်သည့်အတွက် တော်တော်အားတက်မိသည်။ ထို့ကြောင့် နောက်တစ်ခေါက်ပြန်၍ ကျော့လေသည်။

စာကြည့်တခါးဝမှ မြိုင် ပီယာနိုတီးနေသည်ကို သဘောကျသော အမူအရာဖြင့် ငြိမ်သက်စွာ ရပ်၍ ကြည့်နေသော ကိုသက်ထွန်းသည် စာကြည့်ခန်းအတွင်းသို့ ပြန်လှည့် ၍ ကြည့်ရင်း စာအုပ်စင်မှ စာအုပ်တစ်အုပ်ကို ထုတ်ယူကြည့်ရှုနေသော ၎င်းနှင့် သက်တူ ရွယ်တူ လူတစ်ယောက်အား ခပ်တိုးတိုး လက်ဖျောက်တီး၍ ခေါ်လိုက်သည်။ ကိုသက်ထွန်း၏ လက်ဖျောက်တီး၍ ခေါ်သံကို ကြားရသဖြင့် စာအုပ်ကို ကြည့်ရှုနေသူသည် လှမ်း၍ ကြည့်လေသည်။

“ဘာများလဲဗျ ဦးသက်ထွန်း”

ဟု ထိုသူက ၎င်းနှင့် သက်တူရွယ်တူလောက်ပင် ဖြစ်သော်လည်း ကိုသက်ထွန်းအား ရိုသေသောအသုံးအနှုန်းဖြင့် ဦးသက်ထွန်းဟုခေါ် ကာ ပြန်၍ မေးလိုက်သည်။

ကိုသက်ထွန်းက ၎င်းပါးစပ်ကိုပိတ်၍ လက်ခါပြ၏။ စကားမပြောပါနှင့်ဟူ၍ ပြောလိုက်သော အမူအရာပင်ဖြစ်၏။

ထိုသူသည် ကိုသက်ထွန်း၏ အမူအရာကို ကောင်းစွာ နားမလည်သကဲ့သို့ ရပ်၍ ကြည့်နေ၏။ ဧည့်ခန်း၌ ပီယာနိုတီးနေသူမှာ လဲ့လဲ့ဖြစ်လိမ့်မည်ဟု သူက ထင်မှတ်နေဟန်ရှိပေသည်။ လဲ့လဲ့သည် မိမိအား မကြိုက်နှစ်သက်ကြောင်းကိုလည်း ကိုသက်ထွန်း ကိုယ်တိုင် ကောင်းစွာ သိရှိထားပြီးဖြစ်သည်။ သို့စဉ်လျက် ကိုသက်ထွန်းသည် မည်ကဲ့ သို့သော ရည်ရွယ်ချက်ဖြင့် မိမိအား ယခုကဲ့သို့ လှမ်းခေါ်နေရသနည်း။

ကိုသက်ထွန်းက သူ့အား လက်ယပ်၍ လှမ်းခေါ်နေပြန်၏။ ထို့ကြောင့် ထိုသူသည် ကိုသက်ထွန်းဆီသို့ လာရလေသည်။

ပထမပိုဒ်ကို ကောင်းစွာ တီးခတ်နိုင်ခဲ့ပြီးသည့်နောက် မြိုင်သည် နောက်အပိုဒ်များကို အထစ်အငေါ့မရှိဘဲ ချောချောမောမောပင် တီးနိုင်လေသည်။ စောစောက မိမိ စိုးရိမ် သလောက် ခက်ခဲခြင်းမရှိလှသဖြင့် မြိုင်သည် တော်တော်ကလေး အားတက်လာသဖြင့် လက်ကလည်း လိုက်၍ လာလေသည်။

"တံတိုင်းကျောက်နီလာ … ကသိုဏ်းပဆောက်တည်ရာ" အပိုဒ်ကို ပြန်၍ ကျော့ကာ နောက်အပိုဒ်ဖြစ်သော "မကြာလေဖန်ဝတ်နှင့်သွား .. ဘာဝနာ ချန်လွတ်လို့ပွား" သို့ ဆက်ဝင်သောအခါ ရုတ်တရက် ဆက်၍ မဖြစ်ဘဲ ကြောင်သွားလေသည်။ ထို့ကြောင့် ပီယာနိုလည်း ရပ်သွားသည်။ သို့ရာတွင် မြိုင်သည် တံတိုင်းကျောက်နီလာ အပိုဒ်က ပြန်ကောက်၍ ထိုအပိုဒ်ကို ဆက်ကြည့်ရန် ထပ်မံကာ ကြိုးစားပြန်လေသည်။

မြိုင်၏ ကြိုးပမ်းမှုနှင့် အခက်အခဲကို ကိုသက်ထွန်းနှင့် ၎င်း၏မိတ်ဆွေသည် စိတ်ဝင်စားစွာ ကြည့်ရှုနေကြ၏။ သို့ရာတွင် မိမိအခက်အခဲအား ရန်းကန်တိုက်ခိုက်နေသော မြိုင်ကတော့ မမြင်မိရှာပေ။

မြိုင်သည် မကြာဖန်ဝတ်နှင့်သွား အပိုဒ်ကိုဆက်၍ ဝင်ရာ၌ စည်းကျန်နေသဖြင့် ကြောင်မြဲ ကြောင်သွားပြန်လေ၏။ ပီယာနိုလည်း အလိုလိုရပ်သွား၏။ တစ်ကြိမ် နှစ်ကြိမ်မျှ ကြိုးစားကြည့်၍ ဖြစ်မလာသောအခါဝယ် မြိုင်သည် စိတ်ပျက်သလိုဖြစ်လာ၏။ သို့ရာတွင် စိတ်အားတော့ မလျှော့သေးပေ။ မြိုင်သည် နောက်ထပ်တစ်ကြိမ် ကြိုးစား ကြည့်ဦးမည်ဟူသော ဖွဲ့ဖြင့် တံတိုင်းကျောက်နီလာအပိုဒ်မှ ပြန်၍ ကောက်ပြန်သည်။

ကိုသက်ထွန်း၏မိတ်ဆွေသည် မြိုင့်အား ငေးမောကြည့်ရှုနေရာမှ ကိုသက်ထွန်းအား မသိမသာ လှမ်း၍ ကြည့်လေသည်။ ကိုသက်ထွန်းကတော့ မြိုင့်ကို သနားစရာ ကောင်းသော သူငယ်မလေးတစ်ယောက်လို ကြည့်ရှုနေ၏။

မြိုင်သည် တတိယအကြိမ်နှင့် နောက်ဆုံးကြိုးပမ်းကြည့်ရာ၌လည်း အောင်မြင်ခြင်းနှင့် မတွေ့ ရသဖြင့် များစွာ စိတ်ပျက်သွားသော အမူအရာဖြင့် ထိုင်၍ နေရာမှ ရုတ်ခနဲ ထလိုက်သည်။ ထိုသို့ထလိုက်ပြီးခါမှ မိမိ၏ အဖြစ်သနစ်ကို ဘေးမှ တစ်စုံတစ် ယောက်များ တွေ့သွား မြင်သွားလေမည်လားဟူသော တွေးတောစိုးရိမ်ချက်ဖြင့် ဟိုဟို ဒီဒီ လှည့်ပတ်ကြည့်ရှုမိလေသည်။

"အို"

မြိုင့်ပါးစပ်မှ အသံထွက်သွား၏။ မျက်နှာတစ်ခုလုံးလည်း နီရဲသွားလေသည်။

လဲ့လဲ့၏အစ်ကိုကြီး ကိုသက်ထွန်းနှင့် မိမိ မတွေ့မြင်ဖူးသော လူစိမ်းတစ်ဦးကပါ မိမိအား ရပ်၍ ကြည့်ရှုနေကြသည်ကို ဖြုန်းခနဲတွေ့ မြင်လိုက်ရသောအခါဝယ် မြိုင်သည် အနေရအထိုင်ရ ခက်လောက်အောင် များစွာ အနေကျုံ့ သွားလေသည်။ ကိုသက်ထွန်း တစ်ယောက်တည်းသာဆိုလျှင်လည်း ယခုလောက် မြိုင်သည် ရှက်နေလိမ့်မည်တော့ကား မဟုတ်ပေ။ တစ်ဦးနှင့်တစ်ဦးမှာ အစ်ကိုကြီးနှင့် နှမကလေးလိုဖြစ်ကြသည်။ သို့ရာတွင် ယခုမူ လူစိမ်းတစ်ယောက်ပါ ရှိနေပေသည်။

မနေတတ် မထိုင်တတ်အောင် အနေကျုံ့လျက်ရှိသော မြိုင်သည် ရှက်ရှက်နှင့် ထွက်သွားတော့မည်အပြုတွင်...

"ဘယ်ထသွားဦးမလို့လဲ မြိုင်"

ဟု ကိုသက်ထွန်းက ဟန့်တားလိုက်သဖြင့် လှမ်းမည့်ခြေလှမ်းမှာ တန့်၍ သွားလေသည်။

မြိုင်သည် ကိုသက်ထွန်းနှင့် လူစိမ်း၏မျက်နှာကို တစ်လှည့်စီ ကြည့်နေမိသည်။ ဘာမျှတော့ ပြန်၍ မပြောပေ။

"ခုည မြိုင် ဒီပတ်ပျိုး တီးမလို့ထင်တယ်"

ဟု မေးရင်း ကိုသက်ထွန်းသည် မြိုင့် ဆီသို့ ခပ်မှန်မှန် လျှောက်လာခဲ့ပြီးနောက် ပီယာနိုအနီးတွင် ရပ်လိုက်သည်။

"ဒီပတ်ပျိုးတီးချင်ပေမဲ့ တီးလို့မှမဖြစ်တာပဲ အစ်ကိုကြီးရဲ့..."

မြိုင်က ခေါင်းကိုငုံ့၍ ထားရင်း ခပ်တိုးတိုး ပြောလေသည်။

ကိုသက်ထွန်းသည် ၎င်း၏မိတ်ဆွေအား တစ်ချက်မျှ လှမ်း၍ ကြည့်လိုက်ပြီးနောက်...

"မြိုင်လည်း ဒီပတ်ပျိုးကို တော်တော်သဘောကျနေတယ်ထင်ပါရဲ့"

ဟု မြိုင့်အား မေးလေသည်။

မြိုင်သည် ကိုသက်ထွန်းအား တစ်ချက်မျှ မော်၍ ကြည့်ပြီးလျှင် ခေါင်းပြန်၍ ငုံ့သွား၏ ဘာမျှတော့ကား ပြန်မပြောပေ။

"ခုည မြိုင် ဒီပတ်ပျိုးကို တီးမယ်ဆိုရင်တော့ မြိုင် ထစ်နေတဲ့အပိုဒ်ကို အစ်ကိုကြီးရဲ့ မိတ်ဆွေက ပြပေးပါလိမ့်မယ်"

ဟု မြိုင့်အား ပြောဆိုနှစ်သိမ့်ရာမှ ၎င်း၏မိတ်ဆွေဖြစ်သူအား စစ်ကူတောင်းသော အမူအရာဖြင့် လှမ်း၍ ကြည့်ကာ...

"ကျွန်တော့်နမကလေးကို တစ်ဆိတ်လောက် ပြပေးနိုင်ရင်လည်း ပြပေးစမ်းပါဦးဗျာ ကိုတင်ဦး"

ဟု ကိုသက်ထွန်းက ပြောဆိုလိုက်လေသည်

ကိုတင်ဦးသည် မြိုင်နှင့် ကိုသက်ထွန်းတို့ဆီသို့ လျှောက်လာသည်။ ၎င်းတို့အနီးသို့ ကိုတင်ဦး ရောက်ရှိလာသောအခါ ကိုသက်ထွန်းက မြိုင်နှင့် ကိုတင်ဦးတို့ကို အသိ အကျွမ်းအဖြစ် မိတ်ဆက်ပေးလေသည်။

"ဒါက စက်ရှင်တရားသူကြီးဟောင်း ဦးထွန်းမင်းရဲ့သမီး မြိုင်ဗျ ကိုတင်ဦး၊ ကျွန်တော့်နမ လဲ့လဲ့ရဲ့ သူငယ်ချင်း။ ဒါက အစ်ကိုကြီးရဲ့ မိတ်ဆွေ

ကိုတင်ဦးဆိုတာပဲ မြိုင်ရဲ့။ အစ်ကိုကြီးတို့သတင်းစာတိုက်မှာ အလုပ်လုပ်တယ်"

မြိုင်က ကိုတင်ဦးအား အသိအကျွမ်းတစ်ယောက်အဖြစ် အသိအမှတ်ပြုသော အမူအရာဖြင့် ပြုံး၍ ခေါင်းညိတ်ပြ လေသည်။ ကိုတင်ဦးဆိုသော သတင်းစာတိုက်မှ အလုပ်သမား တစ်ယောက်ကလည်း မြိုင့်အား အလားတူပင် တုံ့ပြန်သည်။ သို့ရာတွင် တစ်ဦးနှင့်တစ်ဦး လက်ဆွဲနှုတ်ဆက်ကြခြင်းတော့ကား မပြုကြပေ။ အထက်လွှာတို့၏ ဓလေ့ထုံးစံတွင် မိမိတို့နှင့် ညီတူ တန်းတူဟူ၍ သဘောမထားသော အသိအကျွမ်းတစ်ယောက်ကို ဘယ်သောအခါမျှ လက်ဆွဲနှုတ်ဆက်ခြင်း ပြုလေ့မရှိကြပေ။ ညီတူ တန်းတူ ထဲကပင် ဖြစ်ကြသည့်တိုင်အောင် ဆန့်ကျင်ဘက်လိင်ချင်း ဖြစ်နေကြလျှင် အားနည်းသော လိင်က လက်ကမ်းပေးသောအခါမှသာ လက်ဆွဲနှုတ်ဆက်လေ့ ရှိကြပေသည်။

တစ်ဦးနှင့်တစ်ဦး အသိအကျွမ်းများအဖြစ် အသိအမှတ်ပြုခံယူကြပြီးသောအခါ...

"လဲ့လဲ့ပြောပြလို့ ကိုတင်ဦးရဲ့ နာမည်ကိုတော့ မြိုင် ကြားဖူးပါပြီ"

ဟု မြိုင်က တစ်ဦးနှင့် တစ်ဦး ရင်းရင်းနှီးနှီးရှိသွားအောင် ပြောဆိုလိုက်မိသည်။

"ဩ ... လဲ့လဲ့က ကျွန်တော့်အကြောင်း ပြောပြသလား"

ဟု ကိုတင်ဦးက အံ့ဩသွားသောအမူအရာဖြင့် စိတ်ပါဝင်စားစွာ မေးမြန်းလိုက်သည်။ မြိုင်က ထိုအမေးကို မဖြေမီ...

"လဲ့လဲ့ကသာ ကိုတင်ဦးအကြောင်း ပြောပြရင်တော့ ဘာတစ်ခုမှ အကောင်းရှိတော့မှာမဟုတ်ဘူး"

ဟု ကိုသက်ထွန်းက ပြောဆိုလိုက်လေသည်။

မြိုင်သည် ဘာမျှပြန်မပြောတတ်အောင် ကြောင်၍ နေလေသည်။ ထိုသို့ ကြောင်၍ နေရာမှ ကိုသက်ထွန်းနှင့် ကိုတင်ဦးတို့၏ မျက်နှာများကို တစ်လှည့်စီ ကြည့်နေမိသည်။ သူတို့နှစ်ယောက်စလုံးပင် ပြုံးနေကြသည်။

မြိုင်သည် တစ်ကြိမ်က ကိုသက်ထွန်းနှင့် ကိုတင်ဦးတို့ ဆက်ဆံရေးနှင့် ပတ်သက်၍ လဲ့လဲ့ကပင် ပြောဆိုသွားခဲ့ဖူးသော စကားကလေးများကို ပြန်လည်သတိရလာသည်။

"အစ်ကိုကြီး အိမ်ကိုခေါ်လာလို့ တစ်ခါ နှစ်ခါလောက်ပဲ မြင်ဖူးသေးတယ်။ ဘယ်လိုလူ မှန်းလည်း မသိဘူး။ ဒါပေမဲ့ ဒီလူဟာ အစ်ကိုကြီးအပေါ်မှာ တော်တော် သြဇာညောင်း ပုံရတယ်"

ဟု လဲ့လဲ့က ပြောဆိုသွားပေသည်။ ဤစကားမှာ ယခု လက်တွေ့ အခြေအနေတွင် ဟုတ်သလောက် ဟုတ်မှန်လိမ့်မည်ဟု မြိုင်က စဉ်းစားမိလေသည်။ မြိုင်သည် ကိုသက်ထွန်းက သူ၏ အလုပ်သမားတစ်ယောက်အား မိတ်ဆွေဟု ခေါ်ငင်ကာ ညီတူ တန်းတူ ပြောဆိုဆက်ဆံနေပုံကိုလည်း နားမလည်သလိုဖြစ်နေသည်။ မြိုင် သိရှိနားလည် ထားသော သူဌေးနှင့် အလုပ်သမား၏ ဆက်ဆံရေးမှာ ဤသို့မဟုတ်ပေ။ မည်သည့် အလုပ်ရှင်ကမှလည်း မိမိ၏ လက်အောက်ခံ အလုပ်သမားကို မိတ်ဆွေဟူ၍ ခေါ်ဝေါ် ဆက်ဆံခြင်းမပြုပေ။ သို့ရာတွင် ကိုသက်ထွန်းနှင့် သူ၏ လက်အောက်ခံ အလုပ်သမား တစ်ယောက်ဖြစ်သော ကိုတင်ဦးတို့၏ ဆက်ဆံရေးသည် ဆန့်ကျင်ဘက်ပင်ဖြစ်လေသည်။ ထိုမျှသာမကသေး အလုပ်ရှင် ကိုသက်ထွန်းသည် မိမိနှမဖြစ်သူ၏ ရှုတ်ချ ပြောဆိုခြင်းခံထားရသော မိမိ၏ အလုပ်သမားဘက်မှပင် ခုခံကာကွယ်လျက်ရှိပေသည်။

"ကဲ ... ကဲ ဒါတွေ ဖယ်ထားပြီး မြိုင် ထစ်နေတဲ့ အပိုဒ်ကို ကိုတင်ဦး တီးပြတာ နားထောင်စမ်းရအောင်လေ"

ဟု ကိုသက်ထွန်းက မြိုင့်တွင် လောလောဆယ် ရင်ဆိုင်၍ နေရသော ပြဿနာကို ဖြေရှင်းရန် ပြောဆိုလိုက်သည်

မြိုင်က နေရာဖယ်ပေးလေသည်။

ကိုတင်ဦးသည် ပီယာနိုထိုင်ခုံတွင် ဣန္ဒြေရရ ဝင်၍ ထိုင်လိုက်ပြီးလျှင် "တံတိုင်း ကျောက်နီလာ ကသိုဏ်း၊ ဆောက်တည်ရာ" အပိုဒ်မှ စတင်၍ ခပ်လေးလေး ခပ်မှန်မှန် တီးပြလေသည်။ ထိုအပိုဒ် ဆုံးသွားသောအခါ သူသည် နောက်အပိုဒ်ကို ခပ်ဖြည်းဖြည်းနှင့် ခပ်လေးလေး ဆွဲ၍ တီးပြသည်။ သူသည် ထိုအပိုဒ်ကို မြိုင်၏နားထဲတွင် စွဲသွား နိုင်အောင် သုံးခေါက်တိတိ

ပြန်၍ ကျော့လေသည်။ ထို့နောက် သူသည် ထိုင်ရာမှထ၍ မြိုင့်အား စမ်းသပ်တီးခတ်ကြည့်ရန်အတွက် နေရာဖယ်ပေးသည်။

မြိုင်သည် မရဲတရဲနှင့် ထိုင်လိုက်သည်။ ထိုင်ပြီးနောက် ကိုတင်ဦး တီးပြသွားသော အပိုဒ်ကို သူ၏လက်ကွက်များအတိုင်း လိုက်၍ တီးကြည့်လေသည်။ မြိုင်သည် "မကြာ လေဖန်ဝတ်နှင့်သွား" ဟူသော အပိုဒ်ကို အခက်အခဲမရှိဘဲ တီးသွားနိုင်သည်။ ထို့ကြောင့် "စုံခြေတောဖျား ကျင့်တရား" အပိုဒ်ကို ဆက်လက်၍ တီးစမ်းကြည့်ရန် ကြိုးစားကြည့် လေသည်။ သို့ရာတွင် အပိုဒ်၏အဝင်စဉ်ပင် အကွက်ကျန်သဖြင့် စည်းကျိုးသွားသည်။ မြိုင်သည် ပြန်၍ မကောက်တတ်သဖြင့် ပီယာနိုကို ရပ်ထားလိုက်ပြီးလျှင် ကိုတင်ဦးအား လှမ်း၍ ကြည့်လိုက်သည်။

"စုံခြေ တောဖျား ကျင့်တရားအပိုဒ်ကတော့ လက်ဦးက အပိုဒ်သုံးပိုဒ်အတိုင်း ပါပဲ"

ဟု ကိုတင်ဦးက မြိုင်တွေ့ကြုံလျက်ရှိသော အခက်အခဲကို လွယ်လွယ်ကူကူနှင့် နားလည်သွားအောင် ရှင်းလင်းပြောပြသည်တိုင်အောင် မြိုင်သည် ကိုတင်ဦး ပြောဆို လိုက်သော သဘောကို ကောင်းစွာ မငုံမိနိုင်သေးသကဲ့သို့ ကိုတင်ဦးကိုသာ ခပ်ငေးငေး ကြည့်နေလေသည်။

ဤအခိုက်ဝယ် အသစ်စက်စက် အမေရိကန်လုပ် ကားတစ်စီးသည် ခြံထဲသို့ ခပ်ဖြည်းဖြည်းမောင်း၍ ဝင်လာပြီးလျှင် တိုက်၏ဆင်ဝင်ရှေ့တွင် ရပ်လိုက်သည်။ ကား ရပ်သွားပြီးနောက် ကား၏နောက်ခန်းပြတင်းပေါက်မှ အသက်ငါးဆယ်သာသာခန့် လူ ကြီးတစ်ယောက်သည် ဦးခေါင်းပြူ၍ ကြည့်လေသည်။

"ဩော် ... ဦးဘခက်ပါလား"

ဟု ကိုသက်ထွန်းက လှမ်း၍ နှုတ်ဆက်လိုက်ရင်း မြိုင်နှင့် ကိုတင်ဦးတို့နှစ်ယောက်ကို ထားပစ်ခဲ့ကာ ဧည့်ခန်းထဲမှ အပြေးကလေး ထွက်သွား၍ ကြိုဆိုနှုတ်ဆက်လေသည်။ ကိုသက်ထွန်းသည် ဦးဘခက်ဆိုသော ပုဂ္ဂိုလ်နှင့် အခြားသူများ မသိသော၊ မကြားစေလိုသော အရေးကိစ္စတစ်ခုခုကို နှစ်ယောက်ချင်း ပြောဆိုလိုပုံရသောကြောင့် ဧည့်သည်အား ထုံးစံအတိုင်း ဧည့်ခန်းသို့ပင် ခေါ်ငင်လာခြင်း မပြုတော့ဘဲ တိုက်၏မျက်နှာစာရှိ ပန်းပင်များဆီသို့ စကားတပြောပြောနှင့် ခေါ်ဆောင်

သွားလေသည်။

မြိုင်နှင့် ကိုတင်ဦးတို့သည် ကိုသက်ထွန်းနှင့် ကိုဘခက်တို့အား ဝေးမောလျက် ကြည့်ရှုနေရာမှ တစ်ယောက်၏မျက်နှာကို တစ်ယောက်က ကြည့်မိကြလေသည်။ ဤသို့ အကြည့်ချင်းဆုံသွားသဖြင့် မြိုင်သည် ရှက်သွားသကဲ့သို့ ခေါင်းငုံ့လိုက်လေသည်။ မြိုင်သည် မိမိနှင့် မသိကျွမ်းသော သူစိမ်းယောကျာ်းများနှင့် ယခုကဲ့သို့ နှစ်ယောက်တည်း နီးနီးကပ်ကပ် မတွေ့ကြုံဖူးပေ။

"ခုနက ကိုတင်ဦးပြောတာ မြိုင် သဘောပေါက်ရဲ့လား"

ဟု ကိုတင်ဦးက စောစော ကထက် ရင်းနှီးလာသော လေသံဖြင့် နောက်ထပ်၍ မေးလိုက်သည်။ စောစောကမူ သူ သည် သူ့ကိုယ်သူ "ကျွန်တော်' ဟု သုံးစွဲသော်လည်း ယခု ကိုတင်ဦးဟု သုံးစွဲလာသည်။

၎င်းအပြင် မြိုင့်ကိုလည်း ရဲရဲတင်းတင်း 'မြိုင်' ဟူ၍ ခေါ်ဝေါ်လာ၏။ မြိုင်သည် ကိုတင်ဦးကို တစ်ချက်မျှ မျက်လွှာပင့်၍ ကြည့်၏။ ထို့နောက် ခေါင်း ငုံ့မြဲ ငုံ့သွား၏။ နှုတ်မှ ဘာမျှလည်း မပြော။

"ပိုပြီး သဘောပေါက်သွားအောင် ကိုတင်ဦး တစ်ခေါက်ထပ်ပြီး တီးပြပါရစေ"

ဟု သူသည် ခွင့်တောင်း၍ ပီယာနိုထိုင်ခုံတွင် ထိုင်လိုက်သည်။ ထို့နောက် သူသည် ပတ်ပျိုးကို ခပ်အုပ်အုပ်လိုက်၍ ဆိုရင်း ခပ်လေးလေးနှင့် မှန်မှန် တီးလေသည်။ မြိုင်ထစ်၍ ကြောင်ကြောင်သွားသော အပိုဒ်များတွင် သူသည် အထူးဂရုစိုက်ကာ သုံးလေး ခေါက်စီ တီးပြသည် သူသည် နံ့သာနီတောင် ပတ်ပျိုးကို အစမှ အဆုံးအထိ သဖြန်ပါ မကျန် တစ်ပုဒ်လုံး တီးပြီးစီးသောအခါ ထိုင်ရာမှ ထလိုက်သည်။

နာရီပိုင်းအတွင်းလောက်ကမှ စတင်၍ တွေ့ ဆုံသိကျွမ်းခါစ လူတစ်ယောက်က မိမိအား ယခုကဲ့သို့ စိတ်ရှည်လက်ရှည်နှင့် လုံးစေ့ပတ်စေ့ ပြသပေးနေသဖြင့် မြိုင်သည် ထိုလူတစ်ဖက်သားအပေါ်၌ များစွာ အားနာကာ အနေရအထိုင်ရခက်နေလေသည်။ သို့ ရာတွင် ဤသို့ ပြသပေးခြင်းအတွက် ကျေးဇူးတင်ကြောင်းကိုလည်း မပြောဆိုမိ။ ခေါင်း ငုံ့၍သာ နေသည်။

ကိုတင်ဦးသည် လူ့လောက၏ အတွေ့

အကြုံတော်တော်ကလေးရှိသည့်အလား မြိုင်၏ အခြေအနေကို ရိပ်မိလေသည် ထို့ကြောင့် သူသည် ဘေးသို့ဖယ်၍ ဆင်းလာ ခဲ့ပြီးလျှင်…

"မြိုင့်ဘာသာတစ်ယောက်တည်း စိတ်အေးလက်အေး တီးစမ်းကြည့်ပါဦး၊ စာကြည့်ခန်းထဲမှာ ကိစ္စကလေးတစ်ခုရှိနေသေးလို့ သွားလိုက်ပါဦးမယ်။ တီးမှာသာ ရဲရဲ တီးတာပေါ့ ဟုတ်လား။ မြိုင် ထစ်နေရင် ကိုတင်ဦး လာပြင်ပေးပါ့မယ်"

ဟု သူ့ဘာသာ သူကပင် အကြောင်းရှာ ပြောဆို၍ ပီယာနိုဘေးတွင် မြိုင့်အား တစ်ယောက်တည်းထားခဲ့ကာ စာကြည့်ခန်းဘက်သို့ ထွက်သွားလေသည်။ ကိုတင်ဦး စာကြည့်ခန်းထဲသို့ ဝင်ရောက်သွားသည်အထိ မြိုင်သည် ကလေးသူငယ်မကလေးလို ငေးမောကြည့်ရှုရင်း ကျန်ရစ်ခဲ့သည်။ သူငယ်ချင်းဖြစ်သူ လဲ့လဲ့က အလကားလူတစ်ယောက်ပါ ဟူ၍ ပြောဆိုခြင်းခံရသော အစ်ကိုကြီးကိုသက်ထွန်း၏ သတင်းစာတိုက်မှ အလုပ်သမားတစ်ယောက်ကို မြိုင်သည် လေးစားမိသည်။ ထိုအလုပ်သမားတစ်ယောက်၏ ပြောဆိုဆက်ဆံပုံနှင့်အမူအရာများသည် မြိုင့်အဖို့ ဆန်းနေပေသည်။ အထင်ကြီးစရာလည်း ဖြစ်ပေသည်။ တက္ကသိုလ်ကျောင်းကြီးထွက်များနှင့် အထက်လွှာ ပညာတတ်များသည်သာလျှင် သိမ်မွေ့ ယဉ်ကျေးခြင်းရှိကြသည်ဟူ၍ အထင်ရောက်နေ ခဲ့ဖူးသော မြိုင်သည် သတင်းစာတိုက်မှ အလုပ်သမားတစ်ယောက်၏ သိမ်မွေ့ယဉ်ကျေးပုံကို အံ့ဩလျက်ရှိလေသည်။

မိမိဘာသာ တစ်ယောက်တည်း လွတ်လွတ်လပ်လပ်ရှိသောအခါ မြိုင်သည် ပီယာနို ထိုင်ခုံတွင် စိတ်အေးလက်အေး ထိုင်လေသည် မြိုင်သည် ကိုတင်ဦးပြသပေးသွားသော အကွက်များအတိုင်း ပတ်ပျိုးကို စ၍ တီးစမ်းကြည့်လေသည် ယခုတစ်ခေါက် ပီယာနိုနှင့် ဤပတ်ပျိုးကို တီးစမ်းကြည့်ရာ၌ မြိုင်၏အတွက် များစွာလွယ်ကူ၍ ချောမောသွားပေသည်။ တစ်ကွက်တလေမျှပင် မကျန်ပေ။ အစမှအဆုံးအထိ တစ်ပိုဒ်တလေမှလည်း ထစ်ငေါ့ခြင်းမရှိပေ။ ပြည့်ပြည့်ဝဝနှင့် သွက်သွက်လက်လက် တီးနိုင်သည်။

မိမိ၏ မှန်းထားချက် အဆင်ပြေသွားပြီဖြစ်သဖြင့် မြိုင်သည် ကျေနပ်နှစ်သိမ့်ခြင်း ရရှိလေသည်။ စောစောက လေးလံကျဉ်းကျပ်ခဲ့ရသော စိတ်သည်လည်း ပေါ့ပါးရှင်းလင်း သွားလေသည်။ ယခုညအဖို့ မိမိတီးပြလိုသော ဤ နိဗ္ဗိန္ဒပတ်ပျိုးကြီးကို မင်းပရိသတ် ဗိုလ်ပုံအလယ်တွင်

ဖြောင့်ဖြောင့်တန်းတန်း တီးပြနိုင်ပေတော့မည်။

မြိုင်သည် ပီယာနိုထိုင်ခုံပေါ်မှ ပေါ့ပါးစွာ ဆင်းလာသည်။ ထို့နောက် မိမိအား စိတ်ရှည်လက်ရှည်နှင့် ကူညီပြသပေးသွားသော စာကြည့်ခန်းထဲမှလူကိုလည်း ကျေးဇူးတင် စကား ပြောဆိုသင့်သေးသည်ဟု ထင်မြင်မိလေသည်။ သို့ရာတွင် ထိုသူရှိနေသော စာကြည့်ခန်းထဲသို့ လိုက်သွားပြီးလျှင် ကျေးဇူးတင်ကြောင်း စကားပြောဆိုရမည်ကိုလည်း ရှက်သလို ကြောက်သလို ဖြစ်မိပြန်လေသည်။ ထိုသို့မှ မပြောမဆိုဘဲ ထားလိုက်မည်ဆို လျှင် မိမိအနေနှင့် တော်တော်ကလေး ရိုင်းစိုင်းရာလည်း ကျနေမည့်အဖြစ်ကို စဉ်းစားမိ သောအခါ မြိုင်သည် ချီတုံချတုံဖြစ်နေလေသည်။

နောက်ဆုံး၌ မြိုင်သည် စာကြည့်ခန်းဘက်သို့ ရောက်ရှိလာခဲ့ပြီးလျှင် တံခါးဝတွင် ရပ်ကာ စာကြည့်ခန်းထဲသို့ လှမ်း၍ ကြည့်လိုက်သည်။ မြိုင့်အား စိတ်ရှည်လက်ရှည်နှင့် နံ့သာနီတောင်ပတ်ပျိုးကို ပြသပေးသွားသော ထိုသူသည် စာအုပ်စင်တစ်ခုမှ စာအုပ်ကြီး တစ်အုပ်ကို ဆွဲယူကာ စူးစူးစိုက်စိုက် ဖတ်ရှုနေလေသည် မိမိဖတ်ရှုနေသော စာအုပ်ထဲ၌ စူးစိုက်နစ်မြုပ်နေဟန်ရှိသော ထိုသူသည် မြိုင်က ကျေးဇူးတင်စကားပြောဆိုလို၍ စာကြည့် ခန်းတံခါးဝသို့ ရောက်ရှိနေသည်ကိုမှပင် သတိပြုမိပုံ မပေါ်ပေ။

မြိုင်သည် စာကြည့်ခန်းတံခါးဝမှ အတန်ကြာရပ်၍ ထိုသူ၏ အရိပ်အခြည်ကို ကြည့်လေသည်။ ထိုသူသည် စာရွက်တစ်ရွက်ပြီးဆုံးသွားသဖြင့် နောက်တစ်ရွက်ကို လှန်၍ ကြည့်ရှုနေပြန်၏။ သို့ရာတွင် မြိုင့်ကိုကား မြင်မိဟန်မရှိသေး။

"ကိုတင်ဦး"

ဟု မရဲတရဲနှင့် မတိုးမကျယ် မြိုင်က ခေါ်လိုက်သည်။

သည်တော့မှ သူသည် မြိုင့်ကို လှမ်း၍ ကြည့်သည်။ မြိုင်က သူရှိရာသို့ ယခုကဲ့သို့ တကူးတကန့် လိုက်လာရသည့်အတွက် သူသည် များစွာအားနာသွားပုံရသည်။

"ဒီစာအုပ်တွေကို တွေ့နေတာနဲ့ မြိုင့်ကိုတောင် မေ့နေတယ်"

ကိုတင်ဦးသည် လက်ထဲမှစာအုပ်ကို ပြန်၍ မချထားသေးဘဲ မြိုင့်အား သူ၏မေ့လျော့ခြင်းကို ဖွင့်ဟပြောဆို လိုက်သည်။ ထိုသို့ပြောဆိုပြီးမှ သူသည် စာအုပ်ကိုကိုင်ရင်း မြိုင့်ဆီသို့ ခပ်မှန်မှန် လျှောက်လာလေသည်။

စာအုပ်နှင့်တွေ့သဖြင့် မြိုင့်အား မေ့သွားသည်ဆိုသော ထိုသူ၏စကားကို ပိုလွန်း သွားသည်ဟု မြိုင်က ထင်လေသည်။ သို့ရာတွင် ထိုသူ၏ ရိုးသားပွင့်လင်းစွာပြောဆိုလိုက်ခြင်းကိုကား မြိုင်သည် နားမလည်နိုင်ပေ။ အထက်တန်းလွှာတို့၏ ပတ်ဝန်းကျင်အပေါ်၌ အပေါ်ယံဟန်လုပ်တတ်ခြင်းကိုသာ အဟုတ်တကယ်ဟူ၍ တတ်သိနားလည်ထားသောမြိုင်၏အတွက် အလုပ်သမားတစ်ယောက်၏ ရိုးသားပွင့်လင်းစွာ ဝန်ခံပြောဆိုတတ်ခြင်းကို နားမလည်နိုင်ရှာခြင်းမှာ စင်စစ်တော့ ဆန်းကြယ်လှသည်မဟုတ်ပေ။ စောစောက ထိုသူ၏ အပေါ်၌ အထင်ကြီးခဲ့မိခြင်းသည်ပင် စောများစောနေပြီလားဟု မြိုင်က ပြန်စဉ်းစားမိသည်။

မြိုင်သည် မိမိကိုပင် မေ့လျော့သွားအောင် ထိုသူ စူးစိုက်ခဲ့သော ထိုသူ၏လက်ထဲမှ စာအုပ်ကို မသိမသာ လှမ်း၍ ကြည့်လိုက်မိ၏။ ထိုသူ၏လက်ထဲက စာအုပ်မှာ "ဖောက္ကနာ" ရေးသော "အမေရိကန် ဘောဂဗေဒသမိုင်း" ဆိုသော စာအုပ်ဖြစ်သဖြင့် ထိုစာအုပ်နှင့် ထိုသူ အဘယ်သို့ဆက်စပ်နိုင်သည်ကို မြိုင်သည် နားမလည်နိုင်အောင် ရှိသွားသည်။ သတင်းစာတိုက်မှ အလုပ်သမားတစ်ယောက်က ယနေ့ကမ္ဘာပေါ်တွင် အချမ်းသာအကြွယ်ဝဆုံးနှင့် တန်ခိုးအကြီးဆုံးနိုင်ငံကြီးတစ်နိုင်ငံ၏ ဘောဂဗေဒသမိုင်းကို ဖတ်ရှုနေခြင်းမှာ ကြီးကျယ် လွန်းလှသည်ဟု မြိုင်က ထင်နေသည်။

"ဒီစာအုပ်ကို တွေ့ရတော့မှပဲ မွန်ရိုဝါဒနဲ့ ထရူးမင်းဝါဒ နှစ်ခုရဲ့ ဆက်စပ်ဖြစ်ပေါ် လာပုံကို ကောင်းကောင်း သဘောပေါက်မိတယ်"

ကိုတင်ဦးသည် မြိုင်၏ နံ့သာနီတောင် ပတ်ပျိုးအကြောင်း ပြောရမည့်အစား ၎င်းလက်ဝယ်၌ ကိုင်ထားသော စာအုပ်အကြောင်း ကိုသာ ပြောဆိုလေသည်။ ထိုသူပြောဆို၍သာ ကြားလိုက်ရသော်လည်း သူပြောဆိုသွားသော စကားများအနက် ဘာတစ်လုံးမျှပင် မြိုင် နားမလည်လိုက်မိပေ။ ထိုသူပြောဆိုသွားသော စကားသည် ဗမာစကားပင် ဟုတ်များမှ ဟုတ်ပါလေစဟု မြိုင်သည် သံသယဖြစ်နေမိလေသည်။

တက္ကသိုလ် ကျောင်းကြီးထွက်ဖြစ်သော်လည်း မြိုင်သည် ဘောဂဗေဒဌာနဘက်ဆိုင်ရာ ပညာရပ်များကိုကား မသင်ယူဖူးပေ။ ခက်ခဲ၍ ပျင်းရိစရာကောင်းသည်ဟု သဘော ထားခဲ့လေသည်။ ပိုက်ဆံဆိုသည်မှာ အဘယ်နည်း ဟူသော မေးခွန်းမျိုးကို ဖြေကြားရန် မြိုင်သည် စိတ်ဝင်စားခြင်းမရှိခဲ့ပေ။ ထို့ကြောင့် အမေရိကန်ပြည်၏ ဘောဂဗေဒကိုလည်း မသိရှိပေ။ ထိုသို့ မသိရှိသည့်အတွက် အမေရိကန်ပြည်တွင် လူလက်တစ်ဆုပ်စာကလေး လောက်က အမေရိကန်တစ်မျိုးသားလုံး၏ ဝင်ငွေ ရာခိုင်နှုန်း ခုနစ်ဆယ်နီးပါးခန့်ကို လက်ဝါးကြီးအုပ်သိမ်းပိုက်ယူငင်နေကြောင်းကိုလည်း သိရှိနားလည်နိုင်ရန် ဉာဏ်မမီသည့် အတွက်ကြောင့်လည်း အမေရိကန်ပြည်၏ ကုန်လုပ်စွမ်းအားစုများနှင့် ကုန်လုပ်ဆက်ဆံ ရေးပေါ်တွင် အခြေခံ၍ မလွဲမရှောင်သာ ပေါ်ပေါက်လာခဲ့သော မွန်ရိုဝါဒ”နှင့် ‘ထရူးမင်း ဝါဒများ ဆက်စပ်ဖြစ်ပေါ်လာပုံကို မြိုင်သည် နားဝေးနေဖွယ်ရာသာ ရှိလေသည်။

စင်စစ်တော့ မွန်ရိုဝါဒဆိုသည်မှာ ဆယ့်ကိုးရာစုအတွင်းက အမေရိကန်ပြည်၏ စီးပွားရေးနှင့် စက်မှုလုပ်ငန်းဖွံ့ဖြိုးမှုပေါ်တွင် အခြေခံ၍ ပေါက်ဖွားလာခဲ့သော အနောက် ကမ္ဘာတစ်ခြမ်းတွင် အမေရိကန်၏ နယ်ချဲ့ ရေးဝါဒဖြစ်ပေသည်။ ထရူးမင်းဝါဒဆိုသည်မှာလည်း နှစ်ဆယ်ရာစုအတွင်း အထူးသဖြင့် ဒုတိယကမ္ဘာစစ်ကြီးအပြီး အမေရိကန်ပြည်၏ အဆမတန် တိုးတက်ပိုလျှံလာသော ငွေရင်းနှင့် ကုန်ချောများပေါ်တွင် အခြေခံ၍ ကြီးထွား လာခဲ့သော အမေရိကန်၏ တစ်ကမ္ဘာလုံးအား လွှမ်းမိုးကြီးစိုးရေးနယ်ချဲ့ဝါဒ ဖြစ်လေသည်။

နိုင်ငံခြားကြေးနန်းသတင်းများကိုပင် ဖတ်ရစကောင်းမှန်းမသိသော မြိုင်၏အတွက် ထိုသူပြောဆိုလျှက်ရှိသော စကားသည် နံ့ပီစုတ်အား မော်တာနှင့်ထုသကဲ့သို့ အရုပ်ဆိုးလှသည်။

မြိုင်သည် သတင်းစာတိုက်မှ အလုပ်သမားတစ်ယောက်ပြောဆိုလိုက်သော စကားကို နားမလည်၍ မခံယူနိုင်သောကြောင့် ဦးခေါင်းကို ငုံ့ထားလိုက်မိသည်။ နံ့သာနီတောင် ပတ်ပျိုးအကြောင်းကို ပြောဆိုရမည့်အစားမဆီမဆိုင်သော အမေရိကန် ဘောဂဗေဒကျမ်းကို သူ့ဘာသာသူဖတ်ပြီး အေးအေးမနေလိုက်သေးဘဲ သူ၏သဘောထားကို ပြောပြလျက်ရှိသော ထိုအလုပ်သမားအား မြိုင်သည် နားမလည်နိုင်အောင်ဖြစ်မိသည်။ ထိုသူသည် ပီယာနိုတီးတတ်သော်လည်း ဂုဏ်သရေရှိသော ဧည့်ခန်းဆောင်လယ်၌ ခေတ်ပညာတတ်

အမျိုးသမီးတစ်ယောက်နှင့် စကားပြောဆိုတတ်သူ မဟုတ်ဟု မြိုင်က အကဲဖြတ်မိလေသည်။

သူပြောဆိုလိုက်သောစကားနှင့် အကြောင်းအရာများသည် တစ်ဖက်သားနှင့် များစွာ နားဝေးလံလျက်ရှိကြောင်းကို ရိပ်မိလာပုံရသော ကိုတင်ဦးသည် သူဆက်လက်၍ ပြောရန်ပြုလုပ်နေသော အမေရိကန်၏ တရုတ်ပြည်အပေါ်ထားရှိခဲ့သော သာလာယံဇရပ်ဝါဒ အကြောင်းကို ဆက်လက်၍ မပြောဆိုတော့ဘဲ ဘရိပ်အုပ်ထားလိုက်ရသည်။ ထို့ကြောင့် သူသည် မြိုင်နှင့်သင့်လျော်သော ပြောဆိုရန်အကြောင်းအရာသစ်ကို ရှာဖွေစဉ်းစားရလေသည်။ စက်ရှင်မင်းကြီးဟောင်း၏ ခေတ်ပညာတတ်ဖြစ်သောသမီးတစ်ယောက်ကို သူသည် ဘာအကြောင်းပြောဆိုရမည်နည်း။ သို့ရာတွင် သူသည် မြိုင် များစွာ စိတ်ပါဝင်စားလျက် ရှိသော နံ့သာနီတောင် ပတ်ပျိုးအကြောင်းကိုကား လုံးလုံးပင် မေ့လျော့နေပေသည်။

နောက်ထပ်၍ မည်ကဲ့သို့သော ပဟေဠိစကားမျိုးများ ပြောဆိုလာဦးမည်နည်းဟူ၍ အကဲခတ်သော ကြည့်ရှုခြင်းမျိုးဖြင့် မြိုင်သည် ဘောဂဗေဒ ပါရဂူနှင့်တူသော ထိုသူကို မျက်လွှာပင့်၍ ကြည့်လေသည်။ မြိုင်က ထိုသို့ကြည့်နေသဖြင့် နောက်ထပ်၍ ပြောဆိုရန် အကြောင်းအရာသစ်ကို ရှာဖွေစဉ်းစား၍ မရနိုင်သေးသော ထိုသူသည်လည်း မြိုင်၏ ရှေ့မှောက်တွင် အနေရအထိုင်ရခက်သလို ဖြစ်လာပုံရလေသည်။

ထိုသူ၏ ကျရောက်နေသော အခက်အခဲကို တွေ့ရသဖြင့် မြိုင်သည် ဘောဂဗေဒ သမားအား သနားသွားလေသည်။ ခပ်စောစောက ဘောဂဗေဒပါရဂူသည် ယခုတော့ စာမရသော ကျောင်းသားကလေးနှင့် တူနေသည်။

"မြိုင် ခုနကတီးတာ ဘယ်လိုနေပါသလဲ ကိုတင်ဦး...."

ဟု မြိုင်ကပင် စတင်၍ မေးလိုက်သည်။

သည်တော့မှပင် သူသည် အမေရိကန်ပြည်၏ ဘောဂဗေဒသမိုင်းကို မတွေ့ ရှိရမီ သူပြုလုပ်ခဲ့သောအလုပ်ကို ပြန်လည်၍ သတိရလာသည်။ သို့ရာတွင် စာအုပ်ကိုတွေ့သောအခါ ပီယာနိုကို မေ့သွားသဖြင့် သူသည် ဘာမျှပြန်မပြောနိုင်ပေ။

မြိုင်သည် သူ၏စကားကို နားစွင့်နေ၏။ သူက ပြောဆိုပြီးမှသာ မိမိက ကျေးဇူးတင်စကား ပြောဆိုနိုင်မည်ဖြစ်၏။ သို့ရာတွင် သူကိုယ်၌က ဘာမျှမပြောဆိုနိုင်သောအခါ မြိုင်သည်လည်း ကြောင်၍ သွားပေသည်။

ဤအခိုက်ဝယ် မြိုင့်အား လိုက်လံရှာဖွေနေဟန်ရှိသော လဲ့လဲ့သည် အိမ်အပေါ်ထပ်တွင် မြိုင့်အားရှာဖွေ၍ မတွေ့သဖြင့် အောက်ထပ်သို့ ဆင်းလိုက်လာသည်။ လဲ့လဲ့သည် မြိုင့်အား ရှာဖွေရင်း ဧည့်ခန်းအတွင်းသို့ဝင်ရောက်လာသောအခါ ဧည့်ခန်းတံခါးဝတွင် မတုန်မလှုပ် ရပ်နေသောမြိုင့်အား ထူးထူးခြားခြားတွေ့ လိုက်ရသဖြင့်...

"ဟေး. . .မြိုင်. ."

ဟု ရုတ်တရက် ခပ်ကျယ်ကျယ်ကလေး လှမ်းခေါ်လိုက်မိလေသည်။ စာကြည့်ခန်းအတွင်းဘက် တွင် ၎င်းသိပ်မုန်းသော လူတစ်ယောက်ကိုကား လဲ့လဲ့သည် တွေ့ မြင်မိဟန် မရှိသေးပေ။ လဲ့လဲ့၏ ခေါ်သံကို ကြားလိုက်ရသဖြင့် မြိုင်သည် လှည့်၍ ကြည့်လေသည်။ သို့ရာတွင် ဘာမျှတော့ ပြန်မပြောလိုက်ပေ။

"မင်းတစ်ယောက်တည်း ဒီမှာ ဘာလာလုပ်နေတာလဲကွဲ့ မြိုင်ရဲ့၊ ကိုယ်ကဖြင့် လိုက်ရှာလိုက်ရတာ နှံ့နေပြီ"

ဟု မြိုင့်အား မကျေနပ်သလို အပြစ်တင်သော လေသံကလေးနှင့် ပြောဆိုရင်း မြိုင့်အနီးသို့ ရောက်လာသောအခါ မြိုင်သည် တစ်ယောက်တည်းမဟုတ်တော့ဘဲ ၎င်းမျက်နှာချင်းမဆိုင်ချင်သော လူတစ်ယောက်ကိုပါ မြိုင်နှင့်အတူ တွေ့နေရသဖြင့် လဲ့လဲ့သည် ရုတ်တရက် နားမလည်နိုင်အောင် ဖြစ်သွားလေသည်။ လဲ့လဲ့သည် ၎င်း၏ မျက်လုံးများကို သံသယဖြစ်နေပုံလည်း ရလေသည်။

မြိုင်ကတော့ လဲ့လဲ့နှင့် ကိုတင်ဦးတို့၏ မျက်နှာနှစ်ခုကိုသာ တစ်လှည့်စီလှမ်း၍ ကြည့်နေမိသည်။

လဲ့လဲ့သည် မြိုင့်အား ခြေဆုံးခေါင်းဖျား ကြည့်ရှုလိုက်ပြီးနောက်...

"ဟင် ... မြိုင် မင်း ဒီမှာ ဘာလာလုပ်နေရတာလဲကွ..."

ဟု အလွန်တရာ လှုပ်ရှားနေသောအသံဖြင့် ထိတ်ထိတ်ပျာပျာ မေးလေသည်။

မြိုင်ကတော့ ဘာမျှပြန်မပြောဘဲ လဲ့လဲ့နှင့် ကိုတင်ဦးတို့ မျက်နှာနှစ်ခုကိုသာ တစ်လှည့်စီ ကြည့်မြဲကြည့်နေသဖြင့် လဲ့လဲ့သည် အားမလိုအားမရဖြစ်လာရာမှ ကိုတင်ဦးအား နှုတ်ခမ်းစူပြကာ မျက်စောင်းထိုး၍ ကြည့်ရှုလိုက်ပြီးနောက်...

"မင်းကလည်းကွာ လာစမ်းပါ"

ဟု ပြောပြောဆိုဆိုနှင့်ပင် မြိုင့်အား လက်မောင်းမှကိုင်ကာ ဆွဲခေါ်၍ သွားသဖြင့် မြိုင်သည် လဲ့လဲ့ကိုလည်း မရုန်းနိုင် မငြင်းဆန်နိုင်သောကြောင့် လေးကန်စွာနှင့် လိုက်ပါသွားရသည်တိုင်အောင် စာကြည့်ခန်းတွင် ဣန္ဒြေမပျက် ရပ်နေရင်း ကျန်ရစ်ခဲ့သော ဘောဂဗေဒပါရဂူအား များစွာအားနာလှသောအမူအရာဖြင့် တစ်ချက်တော့ လှမ်း၍ ကြည့်သွားရှာလေသည်။

❦ ❦ ❦

အခန်း[၄]

(က)

ရှစ်မိုင်ဘက်ရှိ ဝန်ကြီးကတော်ဟောင်း ဒေါ်မိမိခင်၏နေအိမ်၌၊ တခမ်းတနားပြုလုပ်သော ဘုရားကိုးဆူကပ်လှူပွဲသည် ဗုဒ္ဓဘာသာဝင်စစ်စစ်များ ဘုရားဝတ်ပြုသောပွဲနှင့်ကား မတူပေ။ မိမိတို့အမွေးအတောင်တူသူများအချင်းချင်း ပေါင်းသင်းဆက်ဆံရေးအတွက် အထက်လွှာပိုင်း၌ ပြုလေ့ပြုထရှိသော ပျော်ပွဲစားပွဲနှင့်သာ တူလေသည်။ အမှန်စင်စစ်တော့ ဘုရားကိုးဆူဟူသော ဝေါဟာရသည် ဗုဒ္ဓရှင်တော်ဟောမြွက်ခဲ့သည်ဆိုသော ပါဠိတော်မှ မဟုတ်ပေ။ ဗြဟ္မဏ ဟိန္ဒူဘာသာဝင်များ၏ သင်္ကရိုက် ကျမ်းဟောင်းများထဲမှ အိုမင်းလှပြီဖြစ်သော ပေါရာဏစကားဟောင်းသာ ဖြစ်လေသည်။ သို့ရာတွင် ပျော်ပွဲလမ်းပွဲများ လုပ်ရဖန်များအားကြီး၍ မွေးရက်၊ သေရက်စသော ရက်များနှင့်ပင် မလုံလောက်နိုင်သောအခါ အလွယ်တကူရနိုင်သော ဘုရားကိုးဆူကို ယခုကဲ့သို့ ပျော်ပျော်ပါးပါး ဖူးမြော်ကြခြင်း ဖြစ်ဟန်တူလေသည်။

ဘုရားကိုးဆူကပ်ပွဲ၌ လူသိပ်မများလှသော်လည်း လူစုံသည်။ ယောကျ်ား-မိန်းမ စုစုပေါင်း လူသုံးလေးဆယ်ခန့်သာရှိလိမ့်မည်ဟုခန့်မှန်းရသော်လည်း အစိုးရပိုင်း ကုန်သည်ပိုင်းနှင့် ပညာတတ်ပိုင်းမှလူများ တော်တော်ကလေး စုံစုံလင်လင်ပါဝင်လေသည်။ အစိုးရပိုင်းမှဆိုလျှင် အတွင်းဝန်နှင့် ပြည်သူ့လွှတ်တော်အမတ်မှစ၍ တရားလွှတ်တော်မှ တရား ဝန်ကြီးများလည်း လာရောက်ကြသည်။ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် တရားဥပဒေပြု ဌာန သုံးဌာနစလုံးမှ ကိုယ်စားလှယ်များပင် ဖြစ်သည်။ ကုန်သည်ပိုင်းမှဆိုလျှင်လည်း မြန်မာ ကုန်သည်ကြီးများအသင်းတွင် ဖျောက်ဆိပ်လုပ်နေကြသော ထိတ်ထိတ်ကြဲ လူစုများအပြင် စက်သူဌေးတစ်ဦးလည်း ပါဝင်သည်။ ပညာတတ်ပိုင်းမှလည်း တက္ကသိုလ်ကောင်စီ လူကြီးနှစ်ဦးနှင့် ပါမောက္ခတစ်ဦးတို့အပြင် ကထိကနှစ်ယောက်တို့ လာရောက်ကြသည်။ ကထိကနှစ်ဦးအနက် တစ်ဦးမှာ အမျိုးသမီးဖြစ်၍ များမကြာမီကလေးကမှ အင်္ဂလန်က ပြန်ရောက်လာသူဖြစ်လေသည်။

ဘုရားကိုးဆူအား တကူးတကန့် လာရောက်၍ ဖူးမြော်ပူဇော်ကြသူများကို ဒေါ်မိမိခင်သည် ရန်ကုန်မြို့ရှိ

အကောင်းဆုံးဟိုတယ်ကြီးတစ်ခုမှ အဖိုးထိုက် အဖိုးတန် စားစရာသောက်စရာများ အထူးမှာယူကာ ဘာမျှလိုလေသေးမရှိအောင် တည်ခင်းကျွေးမွေး ပေသည်။ ဧည့်ဝတ်ပြုပေသည်။ ဒေါ်မိမိခင်အိမ်၌ ထားရှိသော အခိုင်းအစေများသာမက ဟိုတယ်မှ ဘွိုင်ကုလားများပါ လက်မလည်အောင် သွားလာလုပ်ကိုင်လျက် ရှိကြသည်။

ဘုရားကိုးဆူသို့ ဖူးမြော်ရန် လာရောက်ကြသော ဥပါသကာနှင့် ဥပါသကီများသည် အိမ်ရှင်များက လှလှပပကျွေးမွေးသော စားစရာသောက်စရာများကို အတုံ့အလှည့်သဘောဖြင့် လှလှပပယဉ်ယဉ်ကျေးကျေးသုံးဆောင်ကြရင်း ဖိုလ်တရား မဂ်တရား စကားများနှီးနှော ပြောဆိုရမည့်အစား ပေါင်းသင်းဆက်ဆံရေးစကားများသာ ပြောဆိုကြလေသည်။ အတွင်းဝန်မင်းနှင့် တရားလွှတ်တော်ဝန်ကြီးတို့က ၎င်းတို့ဌာနအသီးသီးမှ တွေ့ကြုံလျက်ရှိကြသော အခက်အခဲများအကြောင်းကို ညည်းတွားပြောဆိုနေကြသည့်အခိုက် ပြောက်ကျားဗိုလ်ဘဝမှ အခြေအနေအရ လွှတ်တော်အမတ်ဖြစ်လာသော ပြည်သူ့ကိုယ်စားလှယ်လူကြီးမင်းသည် ၎င်း ဘာမျှမသိသော နိုင်ငံတော်၏ဘဏ္ဍာရေးအခြေအနေကို ပြုံး၍ နားထောင်နေသော ဘောဂဗေဒဌာနမှ ကထိကအား လက်ဟန်ခြေဟန်ဖြင့် အသေးစိတ် ရှင်းလင်းပြနေ၏။ နေရှင်နယ်အင်ကမ်း ဆိုသော အင်္ဂလိပ်ဘာသာအခေါ်အဝေါ်အား ဗမာလို အမျိုးသားဝင်ငွေ ဟု ခေါ်ဝေါ်နိုင်ပါလျက် သူသည် မပီကလာ ပီကလာနှင့် အင်္ဂလိပ်လိုပြောဆိုလျက်ရှိသည်။ ကထိကလုပ်သူသည် သူ့အား အထင်ကြီးသွားစေလိုဟန် ရှိပေသည်။ နိုင်ငံတော်တစ်ခု၏ ဘဏ္ဍာရေးကို ခန့်ခွဲရာ၌ ထိုလူကြီးမင်းသည် ပြောက်ကျားတပ်ဖွဲ့ဖြင့် လူအုပ်ကြီးတစ်အုပ်ကို မဲရုံတစ်ခုအတွင်းသို့ ခြောက်လှန့်မောင်းသွင်းရသလို အထင်ရောက်နေဟန်လည်း ရှိလေသည်။

မြန်မာ ကုန်သည်ကြီးတစ်စုကလည်း ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ချပေး လျက်ရှိသော 'လိုင်စင်'များအကြောင်းကို မကျေမနပ်ပြောဆိုလျက် ရှိကြလေသည်။ လွတ်လပ်ရေးရပြီးသည့်နောက်၌ပင် ဆက်လက်၍ မိုက်ကြေးခွဲယူနေတုန်းဖြစ်သော အင်္ဂလိပ်၊ ကုလားနှင့် တရုတ်ကုန်သည်ကြီးများ ဗိုလ်ကျနေပုံကိုလည်း အချင်းချင်းပြောဆို နေကြသည်။ စက်သူဌေးလုပ်သူက အစိုးရသည် ကုန်သည်အလုပ်ကို နားမလည်ဘဲနှင့် ဘုတ်များဖွဲ့ကာ ကုန်သည်လုပ်နေခြင်းကို

နားထောင်မည့်သူမရှိဘဲ ပြောဆိုနေ၏။ စင်စစ်တော့ ထိုစက်သူဌေးသည် နိုင်ငံတော်၏ ဘဏ္ဍာရေးအကြောင်း ပြောဆိုလျက်ရှိသော ပြောက်ကျားမိုလ်လောက်မှ အရည်အချင်းမရှိဟူ၍သာ ဆိုရပေမည်။ အကယ်၍သာ ထိုသူဌေးမင်းသည် ဘဏ္ဍာရေး ဇော်ဂနီလောက် အရည်အချင်းပြည့်ဝခဲ့လျှင် သူ၏ကိုယ်ကို ပြည်သူ့ကိုယ်စားလှယ်ဖြစ်အောင် လုပ်ကိုင်ပြီး နောက်တစ်နှစ် ၂-ကြိမ်ပြုလုပ်ရတုန်းရှိသော ပြည်သူ့လွှတ်တော်၌ နိုင်ငံတော်အစိုးရအား သူသည် စွဲချက်တင်နိုင်သည် မဟုတ်သလော။

အစိုးရပိုင်းနှင့် ကုန်သည်ပိုင်း အုပ်စုနှစ်စုအပြင် ပညာတတ်အုပ်စုတစ်စုလည်း ရှိသေး၏။ တက္ကသိုလ်ကျောင်းတော်ကြီးမှ သုခမိန်များကတော့ ၎င်းတို့ ရင်ဆိုင်နေရသော အခက်အခဲနှင့် အကျပ်အတည်းများကို အခွင့်သာသည့်အခိုက် ကောင်စီလူကြီးမင်းများအား တိုင်ကြားပြောဆိုလျက်ရှိလေသည်။ နိုင်ငံတော်အစိုးရ၏ အခမဲ့ပညာသင်ကြားရေးစီမံကိန်း ကြောင့် တက္ကသိုလ်အဆောက်အဦများ တစ်နှစ်ထက်တစ်နှစ် ကျဉ်းမြောင်းကျပ်တည်းလာ သဖြင့် အဆောက်အဦများနှင့် ဆရာ ဆရာမများ နောက်ထပ် မတိုးချဲ့ မထားရှိနိုင်သေးမီ အထက်ပါစီမံကိန်းအား ခေတ္တလောက် ရပ်ဆိုင်းထားသင့်ကြောင်း နိုင်ငံတော်အစိုးရအား အကြံပေးပါရန် ပြောဆိုကြလေသည်။ အစိုးရက ခန့်သော ကောင်စီလူကြီးများကလည်း ထိုအကျပ်အတည်းကို နိုင်ငံတော်အစိုးရကိုယ်တိုင် သိရှိ၍ သင့်တော်သလို အရေးယူနိုင်ရန် နည်းလမ်း ရှာဖွေလျက်ရှိကြောင်း ရှင်းလင်းပြောပြလေသည်။

ဤသို့ ယောက်ျားအုပ်စုများအပြင် မိန်းမအုပ်စုကလည်း ၎င်းတို့ အမွေးအတောင်တူသူ အချင်းချင်း အုပ်စုခွဲကလေးများဖွဲ့စည်းကာ ၎င်းတို့၏ပေါင်းသင်းဆက်ဆံရေး သတင်းများကို ပြောဆိုလျက် ရှိကြလေသည်။ အသက်လေးဆယ်အထက်ပိုင်းက လင်အကြောင်း သားအကြောင်း ပြောဆို၍ အသက်နှစ်ဆယ်ပိုင်းကမူ နောက်ဆုံးပေါ် အမေရိကန်နိုင်လွန်နှင့် ပန်းအကြောင်း၊ ရုပ်ရှင်အကြောင်းကို ပြောဆိုနေကြသည်။ နှစ်ဆယ်နှင့် လေးဆယ် အကြားရှိ မိန်းမလတ်ပိုင်းအုပ်စုကတော့ မြင်းပွဲကပွဲနှင့် ပိုကာဝိုင်း မာကျောက်ဝိုင်းများ အကြောင်းကိုသာ မြိန်ရေရှက်ရေ ပြောဆိုလျက်ရှိကြလေသည်

ထို့ကြောင့်ပင်လျှင် အထက်ပါ ဘုရားကိုးဆူကပ်လှူပွဲသည်

ဗုဒ္ဓဘာသာဝင်စစ်စစ် တို့၏ ဘုရားဝတ်ပြုပွဲနှင့် မတူလှဘဲ ရန်ကုန်အထက်လွှာပိုင်းမှ မိမိတို့ အမွေးအတောင်တူသူ အချင်းချင်း ပေါင်းသင်းဆက်ဆံရေးအတွက် ပြုလေ့ပြုထရှိသော ပျော်ပွဲစားပွဲနှင့်တူသည်ဟု ဆိုလိုက်ခြင်းဖြစ်လေသည်။

ဘုရားကိုးဆူပွဲ၌ မြိုင်သည် အနည်းငယ်လေးလံ၍ နေသည်။ သွက်လက်ခြင်းမရှိ လှပေ။ လဲ့လဲ့က အတင်းအဓမ္မဆွဲခေါ်၍ သွားသောကြောင့် ထိုလူတစ်ဖက်သားအား ဝတ္တရားကျေ ကျေးဇူးတင်စကားကလေးလောက်မှ မပြောဆိုခဲ့ရသဖြင့် မြိုင်သည် တော်တော်စိတ် မကောင်း ဖြစ်မိလေသည်။ ထိုသူသည် မြိုင် အခက်အခဲဖြစ်နေသော ပတ်ပျိုးတစ်ပုဒ်ကို စိတ်ရှည်လက်ရှည် ပြသပေးသွားသည်။ သို့ရာတွင် လဲ့လဲ့ကြောင့် မြိုင်သည် ထိုသူအား ရိုင်းပျစွာ ထားပစ်ခဲ့ရသည်။ ထိုသူသည် မိမိအား တစ်ဖက်သတ် အထင်လွဲမှားသွားမည့် အရေးကို မြိုင်သည် စိုးရိမ်လေသည်။ ထိုသူသည် အလုပ်သမားတစ်ယောက်ဖြစ်သည်ဟု ဆိုသော်လည်း အကိုကြီး ကိုသက်ထွန်း၏ မိတ်ဆွေဖြစ်သေးသည် မဟုတ်လော...။ အလုပ် သမားတစ်ယောက်ကို အရေးစိုက်လောက်စရာ မဟုတ်သော်လည်း ကိုသက်ထွန်းနှင့် ဆက်စပ်နေ၍ ဂရုစိုက်တန်သလောက် စိုက်ရပေမည်။

ဘုရားကိုးဆူကပ်သောအချိန်တွင် ကိုတင်ဦးအား တွေ့ ကောင်းတွေ့ရလိမ့်မည် ဟူသော အထင်နှင့် မြိုင်သည် လူအုပ်ထဲ၌ရှာဖွေမိသည်။ သို့ရာတွင် အမေရိကန်ဘောဂဗေဒ အကြောင်း ပြောဆိုသွားသော သတင်းစာတိုက်မှ အလုပ်သမားကိုကား ဂုဏ်အသရေရှိ သော ပရိသတ်ထဲတွင် မြိုင်သည် ရှာဖွေ၍ မရပေ။

ထိုအလုပ်သမားသည် ပြန်၍ များ သွားလေပြီလား...။

သို့မှမဟုတ် သူ၏မိတ်ဆွေနှင့် သူဌေးဖြစ်သူ ကိုသက်ထွန်းက ဖိတ်ကြားသည့်တိုင်အောင် လဲ့လဲ့နှင့်ဒေါ်မိမိခင်တို့သားအမိက နှုတ်သီးကောင်းလျှာပါးနှင့် နှင်ထုတ်လိုက်ကြ လေပြီလား။

မိမိ ပီယာနိုတီးပြရသောအချိန်မတိုင်မီအထိ မြိုင်သည် မျက်လုံးရှာလျက် ရှိသည်။ သို့ရာတွင် ပီယာနိုတီးပြရသောအချိန်သာ တိုင်ခဲ့လေပြီ။ ထိုလူတစ်ယောက်ကိုကား မတွေ့ ရ။

အချိန်ကျ၍ ပီယာနိုတီးရသောအခါ မြိုင်သည် ခါတိုင်းပွဲများတွင်တီးရသလို ရွှင်ပျ တက်ကြွခြင်း မရှိမိပေ။ စိတ်မပါလှဘဲ ဝတ်ကျေဝတ်ကုန်လုပ်နေရသော အလုပ်တစ်ခုကဲ့သို့ ဖြစ်လေသည်။

ထို့ကြောင့် ပီယာနိုကိုသာတီးနေရသော်လည်း လက်မသွက်လှဘဲ ခပ်လေးလေး ခပ်ဆွဲဆွဲ ဖြစ်နေသည်။နံ့သာနီတောင်ပတ်ပျိုးတစ်ပုဒ်လုံးကို ချောချောမောမောနှင့် ပြီးဆုံး၍ သွားအောင် မြိုင်သည် တော်တော်ကြိုးစား တီးခတ်ရလေသည်။

ငင်း၏ကဏ္ဍပြီးဆုံးသွားသောအခါ မြိုင်သည် ပီယာနိုထိုင်ခုံမှ ထ,လိုက်၏။ မြိုင်သည် ငြိုးစီစီကြီးဖြစ်နေ၏။ ခေါင်းထဲ၌လည်းမူးနောက်နောက်နှင့် ဇက်လည်းလေးလာသလိုလို ဖြစ်နေ၏။ လူများလှသောဤအခန်းထဲမှ မြိုင်သည် ထွက်ပြေးချင်စိတ်ပေါက်လာသည်။ မင်းပရိသတ်က ထုံးစံအတိုင်း မြိုင့်ကို ချီးမွမ်းကြ၏။ နံ့သာနီတောင် ပတ်ပျိုးကို အရသာမခံတတ်ဟန်ရှိသော ပရိသတ်အချို့က နောက်ထပ်၍ ကာလပေါ်သီချင်းတစ်ပုဒ်လောက် ထပ်မံတီးပြရန် တောင်းပန်ကြပြန်၏။ မြပန်းခွေတီးပြခိုင်းသူက ခိုင်း၍ 'မြားနတ်မောင် 'တီးပြခိုင်းသူက ခိုင်းနေ၏။

မြိုင်သည် စိတ်ညစ်ညစ်နှင့်ပင် ပီယာနိုထက်တွင် ပြန်၍ ထိုင်ရလေသည်။ စိတ်မပါဘဲနှင့်လည်း တီးပြရပေဦးမည်။ ထို့ကြောင့် ငင်းစိတ်ထဲ၌ အလွယ်တကူပေါ်ပေါက်လာ သော ဆရာမ ဒေါ်သန်းအေး သီဆိုခဲ့သည့် ချစ်ရောင်ခြည် သီချင်းကို တီးပြလေသည်။ ‘ချစ်ရောင်ခြည် သီချင်း တီးပြ၍ ပြီးစီးသွားသောအခါ မြိုင်သည် ဧည့်ခန်းအတွင်းမှ အမှတ်တမဲ့ ထွက်လာခဲ့သည်။ ထိုသို့မထွက်လာမီ လဲ့လဲ့က မိမိအား တွေ့သွားဦးမည်လော ဟု စိုးရိမ်သေးသဖြင့် မြိုင်သည် လဲ့လဲ့ကို လှမ်း၍ ကြည့်မိ၏။ လဲ့လဲ့သည် ချောင်တစ်ချောင်၌ မောင်မောင်လတ်နှင့် စကားပြောနေသဖြင့် မြိုင့်ကို သတိထားမိဟန်မရှိပေ။

ဧည့်ခန်းအပြင်ဘက်သို့ထွက်လာသောအခါ မြိုင်သည် စောစောကထက် ပေါ့ပါး လာသည်။ ငြိုးစီစီနှင့် မူးနောက်နောက် ဖြစ်နေသောကြောင့် မြိုင်သည် လေကောင်းလေသန့် ရသော လဟာပြင်တွင် မိမိဘာသာ တစ်ယောက်တည်း လွတ်လပ်စွာ နားနေချင်သည်။ သို့ရာတွင် မြိုင်သည် အိမ်သို့ကား မပြန်ချင်သေးပေ။ ထိုသို့မပြန်ချင်သေးသော အကြောင်းရင်းမှာ အဘယ်အကြောင်းကြောင့်ဟူ၍ လည်း မြိုင်သည် မိမိကိုယ်တိုင် မစဉ်းစားမိပေ။

မြိုင့်အား မျက်ခြည်မပြတ် ကြည့်ရှုနေဟန်ရှိသော ကိုသက်တင်သည် မြိုင်တစ်ယောက်တည်း ဧည့်ခန်းအပြင်သို့ ထွက်သွားသည်ကို

မြင်လိုက်သည်နှင့် ၎င်းစကားပြောဆို လျက်ရှိသော လူအုပ်ထဲမှ ကမန်းကတန်းထ၍ မြိုင့်နောက်သို့ လိုက်ပါသွားပြီးလျှင် မြိုင့် အခန်းအပြင်ဘက်၌ မီသောအခါ...

"မြိုင် အိမ်ပြန်ချင်ပလား. . . မြိုင် ပြန်ချင်ရင် ကိုသက်တင် လိုက်ပို့မယ်လေ..."

ဟု ပြောဆိုလေသည်။

မြိုင်သည် အိမ်သို့ကား မပြန်လိုသေးပေ။ ၎င်းအပြင် ယခုအခိုက်အတန့်၌ ကိုသက်တင်ကိုလည်း မတွေ့ လိုသေးပေ။ မြိုင်သည် လေကောင်းလေသန့်ရသော တစ်နေရာရာ၌သာ မိမိဘာသာ တစ်ယောက်တည်း အေးအေးချမ်းချမ်း နေလိုသည်။

"မြိုင်- ခု မပြန်ချင်သေးပါဘူး ကိုသက်တင်"

မြိုင်သည် စကားဆက် ပြတ်သွားအောင် ခပ်တိုတို ပြတ်ပြတ် ပြန်ပြောသည်။ ကိုသက်တင်အား မြိုင်သည် စိတ်ရှည်လက်ရှည် နှင့် စကားလက်ခံ၍ ပြောချင်ပုံမရပေ။

ကိုသက်တင်သည် မြိုင်၏ အမူအရာနှင့် စိတ်နေသဘောထားကို အလျဉ်း နားလည် ခြင်း မရှိသူတစ်ဦးကဲ့သို့ ရှေ့ဆက်၍ လေရှည်နေပြန်၏။

"မြိုင့်ကိုကြည့်ရတာ တော်တော်ကလေး ပင်ပန်းနေသလိုပဲ"

မြိုင်သည် မျက်နှာလွှဲထား၏။ ဘာမျှပြန်၍ လည်း ပြောဆိုခြင်းမပြု။

"ပင်ပန်းနေရင်လည်း အိမ်ပြန်ကြပါစို့လား မြိုင်"

မြိုင်သည် နားကန်းနေမျက်နှာကိုလည်း လွှဲထားမြဲ ထားသည်။

"ကိုသက်တင် မြိုင့်ကို လိုက်ပို့ပေးပါရစေတော့လား မြိုင်ရယ်. . ."

ကိုသက်တင်သည် ၎င်း၏ ဆန္ဒကိုသာ ဇွတ်အတင်းပြောဆိုမြဲ ပြောဆိုနေသောအခါ မြိုင်သည် နားကြားပြင်း ကပ်သလို ရှိလာ၏။

"မြိုင်- အခု မပြန်ချင်သေးဘူးလို့ ပြောထားပြီးပါပကောလား ကိုသက်တင်"

မြိုင်သည် စိတ်မရှည်နိုင်တော့သဖြင့် ခပ်ဆတ်ဆတ်နှင့် မာမာကလေး ပြန်ပြောလိုက်သည်။

ကိုသက်တင်သည် နောက်ဆုတ်သွားလိုဟန်ကား မရှိသေး။

"မြိုင် ပင်ပန်းနေမှာစိုးလို့ စေတနာနဲ့ ပြောနေရတာပါ မြိုင်ရယ် . . ."

"မြိုင့်ကိုပြောချင်နေတာ ဒါပဲမဟုတ်လား…မြိုင် ပြန်ချင်တဲ့အခါတော့ ပြောမယ်လေ …ဟုတ်လား"

ဤသို့ ဇွတ်အတင်းပင် စကားဆက်ဖြတ်၍ ကိုသက်တင်ကို ထားခဲ့ပြီးလျှင် မြိုင်သည် ခပ်သုတ်သုတ် ထွက်လာခဲ့၏။

ကိုသက်တင်သည် မြိုင်က ၎င်းအပေါ်၌ စိတ်ဆိုးမပြေသေးမှန်းသိရှိသဖြင့် နောက်ထပ်၍ မြိုင့်နောက်သို့မလိုက်သွားတော့ဘဲ နေရစ်သည်။ သူသည် မြိုင်၏စိတ်နေ သဘောထားကို သိတန်သလောက်လည်း သိလေသည်။ မြိုင်သည် လူတစ်ဖက်သား အပေါ်၌ တော်တော် စိတ်ဆိုးခဲသည်။ စိတ်ဆိုးမိသောအခါ၌လည်း တော်တော်နှင့်တော့ မပြေတတ်ပေ။ ဤဘုရားကိုးဆူကပ်ပွဲသို့ မလာမီညနေခင်းက ကိုသက်တင်သည် မြိုင်၏ သဘောတူညီချက်နှင့် ခွင့်ပြုချက်မရဘဲ သူ၏အခန်းအတွင်းသို့ ပိုင်စိုးပိုင်နင်း ဝင်ရောက်ခဲ့ ပြီးနောက် မြိုင့်အား အကျပ်ကိုင်၍ မေးမြန်းခဲ့သော ကိစ္စအတွက်နှင့် မြိုင်သည် ယခုတိုင်စိတ်ဆိုးပြေဟန် မရှိသေးပေ။

မြိုင်သည် ကိုသက်တင်အား စောင်းငဲ့၍ ပင်လှည့်မကြည့်။ ခြံထဲသို့ ထွက်သွားလေ သည်။

အပြင်ဘက်တွင်မူ ငွေလမင်းသည် ထိန်လင်းသာယာလျက်ရှိသောကြောင့် နွေရာသီ၏ ညသည် များစွာလှပ၍ နေပေသည်။ မိုးကောင်းကင်၌ မြူတိမ်များကင်းစင်သဖြင့် ပြာလဲ့သော ကမ္ဘလာပြင်၌ စိန်ကျောက်မျက်ရွဲများသည် ဝင်းလက်တောက်ပလျက် ရှိကြသည်

အတားအဆီးမရှိသော လဟာပြင်၌ လေသည် လွတ်လပ်စွာ ဇာ့ယမ်းတိုက်ခတ်၍ နေသည်။ လေဇာ့သဖြင့် စံပယ်နံ့သည် သင်းပျံ့လျက် ရှိပေသည်။

ကိုသက်တင်အား ထားပစ်ခဲ့ပြီးနောက် မြိုင်သည် လဲ့လဲ့တို့၏တိုက်ဘေးတွင် အရေးပေး၍ စိုက်ပျိုးထားသော စံပယ်ရုံကြီးဘက်ဆီသို့ ထွက်လာခဲ့လေသည်။ ထိုစံပယ်ရုံကြီးမှာ လဲ့လဲ့၏အချစ်တော်ဖြစ်သည်။ ထို့ကြောင့် စံပယ်ရုံကြီးအား ယုယုယယပျိုးထောင်ထားပုံ ရသည်။

စပယ်ရုံဘေးတွင် ပြုလုပ်ထားသော ခုံတန်းလျားကလေးအပေါ်၌ မြိုင်သည် စိတ်အေးလက်အေး ထိုင်လိုက်သည်။ လွတ်လွတ်လပ်လပ် ရှိလာပြီးလျှင် လတ်ဆတ်သော လေကိုလည်း အားရပါးရ ရှူရှိုက်ရသဖြင့် မြိုင်၏ဦးနှောက်သည် ကြည်ကြည်လင်လင် ရှိလာသည်။ လူသည်လည်း ပေါ့ပေါ့ပါးပါးဖြစ်လာသည်။

မြိုင်သည် စောစောက ဧည့်ခန်းကိုပင် မေ့လျော့စပြုလာ၍ ခုံ၏ နောက်တန်း ကလေးကို မှီလိုက်ရင်း ကြယ် လ-နက္ခတ်တာရာများဖြင့် လှပလျက်ရှိသော မိုးကောင်းကင်ကို မော်ကြည့်နေ၏။ မြိုင်သည် သဘာဝ၏ အလှအပများကိုတော့ ချစ်တတ်သည်။ ဖိုးလမင်းနှင့် ကြယ်များကို မော်၍ ကြည့်ရင်း မြိုင်သည် ငယ်ငယ်ရွယ်ရွယ်စဉ်က သင်ကြား ခဲ့ရသော "မှိတ်တုံ့-လင်းတုံ့ ငယ်သောကြယ်" ဆိုသော ကဗျာလေးကို သတိရမိ၏။ "ထမင်းဆီဆမ်း-ရွှေလင်ပန်း" ကိုလည်း သတိရမိ၏။

လင်းထိန်လျက်ရှိသော ငွေလမင်းနှင့် တောက်ပသောကြယ်များကို မော်၍ ကြည့်ရင်း မြိုင်၏မျက်လုံးများသည် လေးလံလာ၏။ ထို့ကြောင့် မြိုင်သည် မျက်လုံးများကို မှိတ်၍ ထားလိုက်သည်။ မြိုင်သည် စောစောက

ဘုရားကိုးဆူကပ်လှူပွဲကိုပင် မေ့လျော့လေပြီ။

ဤအခိုက် စံပယ်ရုံ၏ တစ်ဖက်ဘေးမှ လူတစ်ယောက်သည် လှုပ်လှုပ်လှုပ်လှုပ်နှင့် လေးကန်စွာထွက်လာ၏။ ထိုသူသည် မည်သည့်အချိန်က စံပယ်ရုံ၏တစ်ဖက်ဘေးသို့ ရောက်ရှိကာ ဘာလုပ်နေသည်ကိုတော့ မသိ။ ထိုသူသည် တစ်စုံတစ်ခုသောအကြောင်းကို လေးလေးနက်နက် စဉ်းစားတွေးတောခြင်းပြုလာသည့်ပမာ သူ၏ဦးခေါင်းကို ငိုက်စိုက်ချ၍ မြေကြီးကိုသာ စူးစူးစိုက်စိုက်ငုံ့ကြည့်ရင်း မြိုင် ငိုက်မျဉ်းလျက်ရှိသော ခုံတန်းလျားဆီသို့ တရွေ့ရွေ့ လျှောက်လာသည်။ ထို့ကြောင့် ထိုသူသည် မိုးကောင်းကင်ကို မော်ကြည့်ရင်း ငိုက်မျဉ်းနေသော မြိုင်အား မြင်နိုင်ဟန်မရှိ။ ထို့အတူ မိမိမျက်လုံးနှစ်လုံးကို မှိတ်ထား သော မြိုင်သည်လည်း ငွေလရောင်အောက်၌ မိမိအရိပ်ကိုပင် လေးလံစွာဆွဲယူသွားလာနေရသော ထိုလူတစ်ယောက်အား မြင်နိုင်ဟန်မရှိပေ။ တစ်ယောက်နှင့်တစ်ယောက် လူချင်းတိုးမိလုခမန်း အလွန်တရာနီးကပ်၍ လာတော့မှ မြိုင်နှင့်ထိုသူသည် တစ်ဦးကိုတစ်ဦးက ရုတ်တရက်တွေ့ မြင်သွားကြလေသည်။ ရုတ်တရက်ဖြစ်၍ မြိုင်သည်ထိတ်လန့်တုန်လှုပ်သွား၏။ ထိုသူသည်လည်း လှုပ်ရှားသွားပုံရသည်။ ထိုသူသည် အဘယ်သူနည်း။ ကိုသက်တင်သည် နောက်ထပ်၍ မိမိအား အကျပ်ကိုင်ပြန်ရန်အတွက် လိုက်လာခြင်းဖြစ်သလော။ သို့ရာတွင် ထိုသူသည် ကိုသက်တင်တော့ကား မဟုတ်နိုင်ပေ။ ကိုသက်တင်သည် နွဲ့နှောင်း၍ ထိုသူသည်ကား ကြံ့ခိုင်လေသည်။

ဘာမျှ မေးမြန်းပြောဆိုခြင်း မပြုနိုင်ဘဲ အတန်ကြာ ကြက်သေသေ ကြည့်နေမိပြီးမှ...

"ရှင် ဘယ်သူလဲဟင် . . ရှင်ဘယ်ကလဲ"

ဟု မြိုင်သည် တုန်တုန်ရီရီနှင့် အလန့်တကြား မေးမြန်းရင်း ထိုင်ရာမှ ရုတ်တရက် ထလိုက်မိသည်။

ထိုသူသည် ရုတ်တရက် ပြန်မဖြေသေးဘဲ ငိုင်နေ၏။ အတန်ကြာမှ...

"ကျွန်တော် ဦးသက်ထွန်းရဲ့ သတင်းစာတိုက်က အလုပ်သမားတစ်ယောက်ပါ"

ထိုသူသည် သူ ဘယ်သူဘယ်ဝါဖြစ်ကြောင်း ဒါလောက်ပဲ ပြန်၍ ပြောသည်။ သူ့အသံသည်

တည်ငြိမ်ခြင်းတော့ ရှိ၏။

"သြ… ကိုတင်ဦး…"

မြိုင်၏ပါးစပ်သည် ရုတ်တရက် ဟ၍ အသံထွက်သွား၏။ မမျှော်လင့်သောအချိန်နှင့် နေရာတွင် ရုတ်တရက်တွေ့ဆုံရသောကြောင့် မြိုင်သည် အံ့သြသွားပုံရသည်။

ကိုတင်ဦးသည် ငြိမ်သက်အေးချမ်းသောအသွင်ဖြင့် မိုးကောင်းကင်ကို မော်၍ ကြည့်လေသည်။ မြိုင်ကတော့ ခန့်ညား၍ တည်ငြိမ်ခြင်းရှိသော အလုပ်သမား၏မျက်နှာကိုသာ ငေးမောကြည့်နေ၏။ ထိုသူ၏ ကြံ့ခိုင်သောမေးရိုး၊ ထက်မြက်သောမျက်လုံးနှင့် ပေါ်လွင်သော နှာရိုးနှာတံများသည် လရောင်အောက်၌မှာပင်လျှင် ထင်ရှားပေါ်လွင်လျက်ရှိလေသည်။

“စောစောက ပတ်ပျိုးကို မြိုင် ကောင်းကောင်းတီးနိုင်သားပဲ…"

မြိုင့်ကိုပင် မကြည့်ဘဲ ခပ်စောစောက ဧည့်ခန်းသာ၌ မြိုင်တီးပြခဲ့သော ပတ်ပျိုးအကြောင်းကို ကိုတင်ဦးက ပြောဆိုလိုက်သည်။ သူသည် ယခုတစ်ခေါက်မှပင် ဤပတ်ပျိုးအကြောင်းကို စတင်၍ ပြောဆိုလာပေသည်။

ကိုတင်ဦးက ဤသို့ပြောဆိုသဖြင့် မြိုင်သည် များစွာ အံ့သြသွား၏။ ဧည့်ခန်းထဲ၌ မြိုင် ဤပတ်ပျိုးကို တီးပြနေသောအချိန်က သူ့ကို မြိုင်သည် မတွေ့မိပေ။ သူသည်
အဘယ်အရပ်မှ ဤပတ်ပျိုးကို ကြားနာရသနည်း။

“မြိုင် ပီယာနိုတီးနေတုန်း ဧည့်ခန်းထဲမှာ ကိုတင်ဦး ရှိသလားဟင်…"

မြိုင်က စူးစမ်းသလို ပြန်၍ မေးလိုက်မိ၏။

ထိုသူသည် ပါးစပ်မပါသောသတ္တဝါလို သူ၏ဦးခေါင်းကိုသာ ခါရမ်း၍

ပြလေသည်။

"ဒါဖြင့် ကိုတင်ဦး ဘယ်ကကြားရသလဲဟင်..."

"မြိုင် နံ့သာနီတောင်တီးနေတုန်း ဦးသက်ထွန်းရဲ့စာကြည့်ခန်းထဲမှာ ကိုတင်ဦးရှိတယ်..."

"ဘာပြုလို့ ဧည့်ခန်းထဲ မလာရတာလဲဟင်"

"ကိုတင်ဦးကိုမှ မဖိတ်တာ .."

"ဟင် ... အစ်ကိုကြီး ကိုသက်ထွန်းက ကိုတင်ဦးကို မဖိတ်ဘူးလား..."

"ဦးသက်ထွန်းကတော့ ဖိတ်ချင်ပါလိမ့်မယ်. .ဒါပေမဲ့ သူ့မေမေနဲ့ သူ့နှမများ လက်မခံကြလို့နဲ့ တူပါတယ်. . ."

"ဟင် .....ကြီးကြီးနဲ့ လဲ့လဲ့တို့က ဒီအထိတောင်မှပဲလား.."

"သူတို့ကို အပြစ်တင်လို့လည်း မမှန်သေးဘူး မြိုင်"

"ဘာပြုလို့လဲဟင်. . . ကိုတင်ဦး..."

"ကိုတင်ဦးဟာ သူတို့လက်အောက်ခံအလုပ်သမားတစ်ယောက်ဆိုတာကို စဉ်းစားမိရင် ဒီအဖြေဟာ လွယ်လွယ်ကလေးပဲ"

ကိုတင်ဦးက ထိုသို့ပြောဆိုသွားသော စကားကလေးများကို မြိုင်သည် ပါးစပ်အဟောင်းသားနှင့် နားထောင်နေမိ၏။ သဘောထားကြီးကြီးနှင့် မှန်မှန်ကန်ကန်ပြောဆိုသွားခဲ့သော ကိုတင်ဦး၏ စိတ်နေသဘောထားကို မြိုင်သည် ငိုင်ရင်းစဉ်းစားနေမိ၏။ ထိုသို့ စဉ်းစားမိရင်း ခပ်စောစောပိုင်းက မြိုင်နှင့် ကိုတင်ဦးတို့ နှစ်ယောက်တည်း စကားပြော ဆိုနေကြသည့်အခိုက် လဲ့လဲ့သည် မြိုင့်နောက်သို့လိုက်လာပြီးနောက် ကိုတင်ဦးကဲ့သို့ ၎င်းတို့၏ လက်အောက်ခံ အလုပ်သမားတစ်ယောက်နှင့် စကားမပြောစေလိုသကဲ့သို့ မြိုင့်အား အတင်းဆွဲခေါ်သွားခြင်းကိုလည်း သတိရလာမိသည်။ အကယ်၍ ကိုတင်ဦး၏ နေရာ၌ ကိုသက်တင်ဖြစ်စေ၊ အခြား ဂုဏ်ရည်တူချင်းထဲက လူတစ်ယောက်ဖြစ်စေ မြိုင်နှင့် စကားပြောနေသည်ဖြစ်ခဲ့လျှင် လဲ့လဲ့သည်

ယခုကဲ့သို့ ရိုင်းရိုင်းပျပျ ဆွဲခေါ်သွားလိမ့် မည်ကား မဟုတ်ပေ။

မြိုင်သည် ကိုတင်ဦးအပေါ်၌ များစွာအားနာသလိုရှိလာသည်။ သို့ရာတွင် ကိုယ်ချင်းစာနိုင်လောက်အောင်တော့ကား မဟုတ်သေးပေ။ မြိုင်သည် လဲ့လဲ့အပေါ်၌ တင်းမာလှသည်ဟု ထင်မိပေသည်။ အမေရိကန် ဘောဂဗေဒသမိုင်းအကြောင်း နားလည်၍ ပီယာနိုနှင့် သီချင်းကြီးများ တီးနိုင်သော အလုပ်သမားတစ်ယောက်ကိုကား လဲ့လဲ့သည် ဤမျှနှိမ့်ချစွာ မဆက်ဆံသင့်ဟုလည်း မြိုင်က ထင်လေသည်။ "အလုပ်သမားတစ်ယောက်ဆိုတာ သူ့ နေရာနဲ့သူ နေမှကြိုက်တယ် ဧည့်ခန်းဟာ သူ့နေရာလား" ဤသို့ လဲ့လဲ့က ပြောဆိုသွားသော စကားကလေးများကိုလည်း မြိုင်သည် ပြန်၍ သတိရမိသည်။ သို့ရာတွင် မြိုင့်အား ထိုသူနှင့် မိတ်ဆက်ပေးစဉ်က ကိုသက်ထွန်းကတော့ သူ၏မိတ်ဆွေပါဟူ၍ လေးလေးမြတ်မြတ် ပြောဆိုသွား၏။ သူတို့နှစ်ဦး၏ ဆက်ဆံရေးမှာလည်း အထက်နှင့်အောက် ဆက်ဆံရေးအမျိုးအစားထဲက မဟုတ်ဘဲ ညီတူတန်းတူ အမျိုးအစားထဲကသာဖြစ်ကြောင်း မြိုင် ခန့်မှန်းမိသည်။ အသက်အရွယ်အားဖြင့် မတိမ်းမယိမ်းရှိကြစေကာမူ ကိုတင်ဦးက သူ၏ အလုပ်ရှင်အား ဦးသက်ထွန်းဟု ရိုရိုသေသေ ခေါ်ဝေါ်ဆက်ဆံသည်။

"ဒါတွေ စဉ်းစားမနေပါနဲ့လေ... အကျိုးမများပါဘူး။ နောက်ပြီးတော့ ဒီလို အသေးအဖွဲကလေးတွေဟာ အရေးစိုက် စဉ်းစားရလောက်အောင်လည်း မလိုဘူးထင်ပါတယ်"

ကိုတင်ဦးသည် မြိုင်၏မျက်နှာကို ကြည့်ရင်း မြိုင် စဉ်းစားနေဟန်ရှိသော အကြောင်းအရာကို လွှဲပြောင်းပစ်ရန် ပြောဆိုလိုက်လေသည်။

သူ့အား လူရာမသွင်းနိုင်သည်အထိ ဝိုင်း၍ နှိမ်လျက်ရှိသော သူ့အလုပ်ရှင်၏ မိခင်နှင့် နှမဖြစ်သူတို့အား ဘာမျှသဘောထားလောက်စရာ မဟုတ်သကဲ့သို့ ပြောဆိုလိုက်သော ကိုတင်ဦး၏စကားကို မြိုင်သည် အံ့ဩမိ၏။ လဲ့လဲ့သည် မိမိ၏သူငယ်ချင်းဖြစ်သော်လည်း မြိုင်သည် ယခုကိစ္စနှင့် ပတ်သက်၍ မကျေနပ်ပေ။ လဲ့လဲ့နှင့် ဒေါ်မိမိခင်တို့သည် ဤကိစ္စ၌ များစွာ လွန်လျက်ရှိသည်ဟု မြိုင်က သဘောရမိ၏။

"မြိုင်က မြန်မာ သီချင်းကြီး သီချင်းခန့်တွေ

တော်တော်ဝါသနာပါတယ်ထင်ပါ ရဲ့ ..”

အကြောင်းအရာဟောင်းကို မမေ့နိုင်သေးသော မြိုင့်အား အကြောင်းအရာသစ်ဖြင့် ကိုတင်ဦးသည် လွှဲပြောင်း၍ မေးမြန်းလိုက်ပြန်သည်။

“အစ်ကိုကြီး ကိုသက်ထွန်းနဲ့သိကြတာ တော်တော်ကြာပြီထင်တယ်..."

မြိုင်သည် အကြောင်းအရာသစ်ကို မကြားနိုင်သေးသဖြင့် အဟောင်းကိုသာ မေးလေသည်။

ကိုတင်ဦးသည် မိုးကောင်းကင်ကို မော်၍ ကြည့်လိုက်ရင်း...

“ဟုတ်ကဲ့.... တော်တော် ကြာသွားပါပြီ. . .”

ဟု မဖြေချင့်ဖြေချင်နှင့် ဖြေ၏။

“ကောလိပ်မှာ တူတူနေခဲ့ကြတယ်ထင်တယ်"

ကိုတင်ဦးက မြိုင်၏အမေးကို သဘောကျသွားသကဲ့သို့ ပြုံးလိုက်မိသည်။

“ကိုတင်ဦး အထက်တန်းကျောင်းမှာတောင် ပညာမသင်ခဲ့ရဘူး မြိုင်ရဲ့..."

အမေရိကန်ပြည်၏ ဘောဂဗေဒသမိုင်းအကြောင်း ပြောဆိုသွားသော သူသည် အထက်တန်းကျောင်း၌ပင် ပညာမသင်ကြားခဲ့ရဖူးပါဟု ကြားလိုက်ရသောအခါ မြိုင်သည် ထိုသူ၏စကားကို ခဲခဲယဉ်းယဉ်းနှင့် လက်ခံယုံကြည်ရမည်ကဲ့သို့ ဖြစ်သွားလေသည်။ ထို့ကြောင့် ကိုတင်ဦး၏မျက်နှာကို မြိုင်သည် ငေးမော၍ ကြည့်နေမိ၏။

“မြိုင် ပီယာနိုတီးတတ်တာ ကြာပလား”

ဟု ကိုတင်ဦးက လွှဲပြောင်း၍ မေးလာပြန်၏။

"သုံးနှစ်လောက်ပဲ ရှိပါသေးတယ်"

ဟု မြိုင်သည် သူ၏အမေးကို ပြန်၍ ဖြေလိုက်သည်။

"သီချင်းတော်တော်များများ တက်ဖူးသလား. ."

"မြိုင်ကတော့ အသင့်အတင့်လောက်ပါပဲ ကိုတင်ဦးကော တော်တော်တက်ဖူး သလား..."

"ငယ်ငယ်ကတော့ မသင်မနေရလို့ သင်ခဲ့ဖူးပါတယ်၊ ဒါပေမဲ့ ကိုယ့်ထမင်းကိုယ် ရှာဖွေစားသောက်လာရတဲ့အချိန်က စပြီးတော့ ဒါတွေကို အလေ့အကျင့်မလုပ်နိုင်တာနဲ့ မေ့တာတွေလည်း မေ့ကုန်ပါပြီ..."

ကိုတင်ဦး ပြောဆိုသွားသော စကားသည် ဗမာစကား ရိုးရိုးပင် ဖြစ်သော်လည်း မြိုင်၏အတွက် နားမလည်နိုင်သော ဗမာစကားဖြစ်နေ၏။

"ကိုယ့်ထမင်းကိုယ်ရှာ စားသောက်လာရတဲ့အချိန်ကစပြီး" ဆိုသော အပိုဒ်ကို မြိုင်သည် ဘာမှန်းနားမလည်လိုက်ပေ။ တကယ်ဆိုတော့ ယခုအသက်အရွယ်နှင့် အချိန်ကာလအထိ မိဘတို့က အဆင်သင့်ရှာဖွေထားသော အိုးထဲမှဆန်ကိုပင် ထမင်းဖြစ်အောင် မြိုင်သည် တစ်ကြိမ်တခါမျှ မချက်မပြုတ်ခဲ့ရစဖူးပေ။ အသင့်ခူးခပ်ထားသော ထမင်းကို အေးအေး ဝင်ထိုင်၍ လက်ဆေး စားခဲ့ရသည်သာ ဖြစ်လေသည်။

"ရှေးလူကြီးသူမတွေ ရေးစပ်ခဲ့ကြတဲ့ သီချင်းကြီးသီချင်းခံတွေဟာ တော်တော့်ကို ကြွယ်ဝပါတယ်။ ကောင်းလည်း ကောင်းပါတယ်။ ဒါပေမဲ့ ဒီသီချင်းတွေဟာ ရွှေနန်းတော်ကြီးနဲ့ ဆွေတော်မျိုးတော်တွေရဲ့ အနုပညာပါပဲလေ.."

မိုးကောင်းကင်ကို မော်ကြည့်ရင်း သူ့ဘာသာသူ တစ်ယောက်တည်းပြောသလို ကိုတင်ဦးသည် ပြောဆိုလိုက်သည်။

ခက်သည်ထက် ခက်လာသော ထိုသူ၏ဝေါဟာရများအတွက် မြိုင်သည် မြန်မာ အဘိဓာန် စာအုပ်တစ်အုပ် လိုချင်မိပေသည်။ ခပ်စောစောက အမေရိကန် ဘောဂဗေဒ သမိုင်းအကြောင်း ပြောခဲ့စဉ် "မွန်ရိုဝါဒ"နှင့် "ထရူးမင်းဝါဒ"ဆိုသော ဝေါဟာရများသည် နိုင်ငံရေးနှင့် နိုင်ငံခြားဝေါဟာရများဖြစ်နေ၍ မြိုင်သည် နားမလည်နိုင်ဘဲ ရှိနေခဲ့ခြင်းမှာ

သဘာဝကျသေးသည်။ သို့ရာတွင် "ရွှေနန်းတော်ကြီးနဲ့ ဆွေတော်မျိုးတော်တွေရဲ့ အနုပညာ" ဆိုသောဝေါဟာရသည် မြန်မာဝေါဟာရစစ်စစ်ကြီးသာ ဖြစ်သည်။ ထိုဝေါဟာရ၏ အဓိပ္ပာယ်သည်လည်း ရှင်းရှင်းကလေးဖြစ်သည်။ သို့ရာတွင် ဤဝေါဟာရကိုလည်း မြိုင်သည် နားမလည်ပေ။ ဤသို့သာ နားမလည်သော်လည်း မြိုင်သည် ကျောင်းကြီးက ထွက်ပီပီ ငြိမ်၍သာ နားထောင်နေ၏။

"ဪ .. မြန်မာသီချင်းကြီး သီချင်းကောင်းတွေထဲက တျာချင်း အိုင်ချင်းနဲ့ ဗုံကြီးသံတွေကိုကော မြိုင် ဝါသနာပါရဲ့လား"

မြန်မာသီချင်းအမျိုးအစား သုံးလေးဆယ်ခန့် ရှိသည့်အထဲမှ ယခုခေတ်တွင် အင်မတန် လူသိနည်းပါးလှသော ချောင်ထဲကသီချင်း များ၏ အကြောင်းကို ထိုသူသည် ကပ်ကပ်သပ်သပ် မေးမြန်းလာပြန်၏။

ကြိုး၊ ဘွဲ့၊ သီချင်းခံပတ်ပျိုးယိုးဒယား၊ တလိုင်းနှင့် တေးထပ်၊ ဘောလယ် စသော မြန်မာသီချင်း အမျိုးအစား ခပ်စုံစုံကို မြိုင်သည် ကြားဖူး၍ သင်သလောက်လည်း သင်ကြားဖူး၏။ သို့ရာတွင် ထိုသူ မေးမြန်းသော သီချင်းများကိုကား သင်ကြားရကောင်း မှန်းလည်း မသိ။ ထို့ကြောင့်လည်း မသင်ကြားဖူး၊ အမှန်အတိုင်းသာ ဝန်ခံရလျှင် မြိုင်သည် ကြားပင်မကြားဖူးခဲ့ပေ။

မြိုင်သည် ဦးခေါင်းကိုသာ ခါရမ်း၍ ပြလိုက်သည်။

"ဆောမြို့စား ရေးသွားတယ်လို့ အဆိုရှိတဲ့ ကောက်စိုက်မ ဗုံကြီးသံနဲ့ တခြား ကောက်စိုက်မ အိုင်ချင်းတွေဟာ မြန်မာသီချင်းဟောင်း လက်ကျန်တွေထဲမှာတော့ တကယ့် လူဆန်ပြီး လူနဲ့လည်း နီးစပ်တဲ့သီချင်းတွေပဲ..."

မြိုင် နားရိုင်းလျက်ရှိသော သီချင်းများအကြောင်းကိုသာ ထိုသူသည် ချီးမွမ်းပြောဆိုလျက် ရှိသဖြင့် မြိုင်သည် ဘာမျှလည်း ဝင်၍ မပြောတတ်သောကြောင့် ငြိမ်သက်စွာ နားထောင်နေရလေသည်။ ၎င်းအပြင် "လူဆန်သည်-လူနဲ့နီးစပ်သည်" ဆိုသော သူ၏ ဝေါဟာရများကိုလည်း မြိုင်သည် နားမလည်လိုက်မိပေ။

"ရှေးရှေးက ဆင်းရဲသားလူထုတွေ သူတို့ဘာသာဘာဝအလျောက် သီဆိုလေ့ရှိကြတဲ့ သီချင်းဟောင်းတွေ တော်တော်များများ ရှိခဲ့ဖူးတယ်လို့ လူကြီးမိဘနဲ့ ဆရာသမားတွေ ပြောတာဆိုတာ မှတ်ထားဖူးတယ်။ ဒါပေမဲ့ ဒီရှေးဟောင်း အမွေအနှစ်ပစ္စည်းတွေကို ထိန်းသိမ်းစုဆောင်းပေးမယ့်လူတွေ မရှိတော့ တဖြည်းဖြည်း ပျောက်ပျက်သွားကုန်တယ်"

အခ်ိပ္ပာယ် ကောင်းစွာမပေါက်လှဘဲ မြိုင်သည် နားထောင်နေပုံရလေသည်။

"အထူးသဖြင့်တော့ နယ်ချဲ့ ယဉ်ကျေးမှု မထိုးဖောက်နိုင်တဲ့ အထက်ဗမာပြည် ချောင်ကြိုချောင်ကြား ရွာတွေမှာ ဒီသီချင်းတွေ ရှိနေလိမ့်ဦးမယ်တော့ ထင်ရတာပဲ... တစ်နေ့ ခေတ်ကောင်းလာတော့မှ ဒီလိုယဉ်ကျေးမှု ပစ္စည်းဟောင်းတွေ လိုက်ပြီး စုဆောင်း ရမှာပဲလေ..."

မြိုင်သည် နားထောင်နေရသူသက်သက် ဖြစ်နေ၏။ သို့ရာတွင် ပျင်းရိငြီးငွေ့ခြင်းတော့ကား မဖြစ်မိ။

"နောက်ပြီးတော့ . . တျာချင်းတွေလည်း ရှိသေးတယ်၊ တျာချင်းတွေထဲမှာတော့ ဝန်ကြီး ပဒေသရာဇာ ရေးခဲ့တဲ့ တျာချင်းတွေဟာ ခုတွေ့ထားရသလောက်တင် တော်တော် လေးစားအံ့ဩဖို့ကောင်းတာပဲ။ သူက အသည်ဝန်ကြီးမို့ ထင်တယ်၊ သူ့ခေတ်က လုပ်စားကိုင်စားတွေ ဖြစ်ကြတဲ့ အသည်သားတွေရဲ့ ဘဝအခြေအနေကို အသေးစိတ် ဖော်ပြ ထားခဲ့တယ်"

မြိုင်သည် ဝန်ကြီး ပဒေသရာဇာနှင့်ပတ်သက်၍ မြန်မာ့ဂန္ထဝင်၌ ထင်ရှားလှသော သူ့ဇာပျို့ တစ်ပုဒ်အကြောင်းလောက်သာ ကြားဖူး၏။ ဝန်ကြီး ပဒေသရာဇာ ရေးခဲ့သော တျာချင်းအကြောင်းများကို ထားဘိဦး အသည်ဝန်ကြီးဆိုသည်ကိုပင် မသိခဲ့ပေ။ ၎င်းအပြင် အထက်တန်းကျောင်း၌ မနေခဲ့ဖူးရှာသော အလုပ်သမားတစ်ယောက်က မြန်မာ့ဂီတဝင်နှင့် ဂန္ထဝင်ကို အသေးစိတ်ပြောဆိုနေသဖြင့် များစွာ အံ့ဩရမည်ကဲ့သို့ ဖြစ်နေသည်။

ကိုတင်ဦးဆိုသော လူတစ်ယောက်သည် ၎င်း ပြောဆိုလျက်ရှိသော အကြောင်းအရာများကို တစ်ဖက်သား လိုက်နိုင်သည် - မလိုက်နိုင်သည်ကို များစွာ စဉ်းစားတတ်ပုံမရပေ။ သူသည် အလုပ်သမားတစ်ယောက်ဖြစ်နေ၍ အလုပ်သမားတစ်ယောက်၏ ရိုးသားခြင်းရှိသော သဘာဝအတိုင်း

အလုပ်သမားတစ်ယောက်၏ အဖြစ်ကိုသာလျှင် ပြောဆိုလျက် ရှိလေသည်။ သူသည် အလုပ်သမားပီပီ တတ်ယောင်ကားများကဲ့သို့ ဟန်မလုပ်တတ်ပေ။ ပြောလည်း ပြောတတ်ပုံမရပေ။

ထိုသူ ပြောဆိုသမျှကို တပည့်မကလေးတစ်ဦးက ဆရာ့ရှေ့တွင် ငြိမ်သက်စွာ နားထောင်ရသလို ကြာမြင့်စွာ နားထောင်နေခဲ့ရသော မြိုင်သည် တစ်ဖက်သက်သတ် နားထောင်ရသောအလုပ်ကို ငြီးငွေ့ လာသကဲ့သို့...

"ယိုးဒယားသီချင်းတွေကော ကိုတင်ဦး သဘောကျရဲ့လားဟင်. . ."

ဟု ပြန်၍ မေးလိုက်လေသည်။

ကိုတင်ဦးသည် လမင်းနှင့် ကြယ်များကို မော်ကြည့်နေ၏။ မြိုင်၏အမေးကို ရုတ်တရက်မဖြေ။

"မြိုင်ကတော့ ယိုးဒယားသီချင်းတွေကို တော်တော်ကြိုက်တာပဲ.."

"ယိုးဒယားနဲ့ ကလိုင်းသံတွေ မြန်မာဂီတထဲကို ရောက်လာတဲ့အတွက် မြန်မာသီချင်းတွေဟာ ပြည့်သည်ထက်ပြည့်ပြီး ကြွယ်သည်ထက် ကြွယ်လာတာတော့ အမှန်ပဲ။ သီချင်းတွေကလည်း အင်မတန် ကောင်းပါတယ်၊ ဒါပေမဲ့ ဒီသီချင်းတွေရဲ့ ရောက်လာပုံ ရောက်လာနည်းကတော့ ဝမ်းနည်းစရာပဲ"

"ဘာပြုလို့လဲရှင့် . ."

"တိုက်ရာပါ ပစ္စည်းတွေ ဖြစ်နေလို့ပေါ့..."

မြိုင်သည် ကျောင်းတုန်းက မြန်မာနိုင်ငံသမိုင်းနှင့် ရာဇဝင်များကို သင်ကြားခဲ့ဖူးသော်လည်း ယိုးဒယားနှင့် တလိုင်းသံများသည် မြန်မာတို့၏ တိုက်ရာပါပစ္စည်းဖြစ်ကြောင်းကိုကား မသိရှိပေ။ အဘယ်ကြောင့်ဆိုသော် မြိုင် သင်ကြားခဲ့ရသော သမိုင်းနှင့် ရာဇဝင် စာအုပ်များသည် မြန်မာ ရာဇဝင် ဆရာများက မြန်မာတို့၏ တစ်ဖက်သတ်အမြင်နှင့် ရေးသားထားခဲ့သောကြောင့်ပင် ဖြစ်လေသည်။

"ဒါတွေကတော့ ရာဇဝင်ကြွေးပဲ။ တစ်နေ့တော့ ပြန်ဆပ်ပေးရမှာပေါ့လေ။ ဒါပေမဲ့ သူတို့က မတောင်းခင် ကိုယ်က ပြန်ဆပ်ဖို့

လိုလိမ့်မယ်၊ ဪ .. ဒါထက် မြိုင် မေးတဲ့ ယိုးဒယားသီချင်းတွေအကြောင်း ပြောမလို့လုပ်ရင်း ဘယ့်နှယ် သမိုင်းအကြောင်း ရောက် သွားပါလိမ့်မလဲ..."

မြိုင်က သဘောကျသွားသလို ပြုံး၍ နေလိုက်သည်၊

"မြန်မာ့ဂီတဝင်မှာ ယိုးဒယားသီချင်းတွေ ကြွယ်ဝလာတဲ့အတွက် ပြင်စည်မင်းသားကြီးနဲ့ မြဝတီမင်းကြီး ဦးစရဲ့ ကျေးဇူးဟာ တော်တော်ကြီးမားပါတယ်။ နောက်ပြီးတော့ ဝက်မစွတ်ဝန်ထောက်လည်း ရှိသေးတယ်..."

ထိုသူသည် မြိုင် ပြောဆိုသော ယိုးဒယားသီချင်းများ အကြောင်းကိုသာ ပြောဆိုနေခြင်းပင် ဖြစ်သော်ငြားလည်း သူပြောဆိုလျက်ရှိသော ယိုးဒယားသီချင်း၏ အကြောင်းကိုကား မြိုင်သည် ကောင်းစွာ သဘောမပေါက်လှပေ။ ယိုးဒယားသီချင်းအကြောင်းဆိုလျှင် ပိန်းများ၊ ငုံစိ၊ ခမိန်၊ တနောက် စသော ယိုးဒယားအခေါ်အဝေါ်များလောက်သာ မြိုင် နားလည် သည်။ သို့ရာတွင် ထိုသူသည် အရင်းအမြစ်က စတင်၍ ပြောဆိုနေခြင်းသာဖြစ်သည်။

"ဒါထက် ခိုင်ပန်းစုံသီချင်း ကိုတင်ဦး ရသလား..."

မြိုင်သည် ၎င်းသိချင်သော ယိုးဒယားသီချင်းတစ်ပုဒ်အကြောင်းကို ဖောက်၍ မေးလိုက်လေသည်။

"ထပ်တွန့် ယိုးဒယားခေါ်တယ်... မတီးတာကြာလို့ ရမှ ရပါဦးမလားတော့ မဆိုနိုင်ဘူး . ."

"မြိုင်တော့ တောတောင်စွယ်ကြီးကို တော်တော်ကြိုက်တယ်..."

"ကောင်းပါတယ်"

"တောမြိုင် ခြေလှမ်းကိုကော ကိုတင်ဦး မကြိုက်ဘူးလား"

ကိုတင်ဦးသည် ဦးခေါင်းကိုသာ ညိတ်ပြလေသည်။

ဤသို့ဖြင့် မြိုင်နှင့် ကိုတင်ဦးတို့နှစ်ယောက်တည်း စံပယ်ရုံကြီးဘေးတွင် လွတ်လွတ် လပ်လပ်

စကားပြောကောင်းနေကြသည့်အခိုက် ကိုတင်ဦးအား ၎င်းတို့အိမ်မှ ကားနှင့် လိုက်မပို့နိုင်သဖြင့် ကိုသက်ထွန်းသည် မောင်မောင်လတ်အား ၎င်း၏ကားကလေးနှင့် လိုက်၍ ပို့ပေးရန် ပြောဆိုကာ ကိုတင်ဦးရှိရာသို့ စေလွှတ်လိုက်လေသည်။ ကိုသက်ထွန်းသည် အခြားဧည့်သည်များနှင့် စကားဆက် မပြတ်နိုင်၍ ကိုတင်ဦးရှိရာသို့ ၎င်းကိုယ်တိုင် မလိုက်ပါလာနိုင်တော့ဘဲ မောင်မောင်လတ်ကိုသာ အကျိုးအကြောင်း ပြောပြပြီးနောက် တစ်ယောက်တည်း လွှတ်လိုက်ပေသည်။ မောင်မောင်လတ်သည် ၎င်း၏ကားနှင့် ယနေ့ ညနေစောင်းကပင် ကိုသက်ထွန်းနှင့် ကိုတင်ဦးတို့နှစ်ယောက်အား မြို့ထဲရှိ သတင်းစာတိုက်မှ ဤအိမ်သို့ ခေါ်ဆောင်လာခဲ့ဖူးပြီဖြစ်သောကြောင့် ကိုတင်ဦးနှင့်လည်း တွေ့ဆုံဖူးပြီဖြစ်သည်။

စံပယ်ရုံဘေးတွင် စကားပြောနေကြသော ကိုတင်ဦးနှင့် မြိုင်တို့ကို မြင်မိဟန်မရှိသော မောင်မောင်လတ်သည် အသံလည်းမပြုမိဘဲ စံပယ်ရုံဆီသို့ ခပ်သွက်သွက် လျှောက်လာခဲ့လေသည်။ သူသည် ကိုတင်ဦးအား မြို့ထဲသို့ လိုက်ပို့ပေးရခြင်းအတွက် သူ့အကြံ အစည်နှင့်သူ စိတ်ကူးယဉ်လာသည့်အလား ကာလပေါ် အင်္ဂလိပ်သီချင်းတစ်ပုဒ်ကို ခပ်တိုးတိုး လေချွန်လာသည်။

စံပယ်ရုံကြီးအနီးသို့ မောင်မောင်လတ် နီးကပ်စွာ ရောက်ရှိလာသောအခါမှ မြိုင်သည် စတင်၍ မြင်လေသည်။ မြိုင်သည် ရင်ထဲ၌ လှုပ်လှုပ်ရှားရှားဖြစ်သွားပေသည်။

“ဟိုမှာ . . လူတစ်ယောက် . . . ကိုတင်ဦးဘယ်သူလဲတော့မသိဘူး”

ဟု မြိုင်သည် ထိတ်လန့်တကြား ပြောဆိုလိုက်သည်။ ကိုတင်ဦးကတော့ များစွာ လှုပ်ရှားခြင်း မရှိလှပေ။

“ဦးသက်ထွန်း ဖြစ်ပါလိမ့်မယ်"

ဟု ခပ်အေးအေး ပြောရင်း လှမ်း၍ ကြည့်လေသည်။ မောင်မောင်လက်သည် စံပယ်ရုံကြီးအနီးသို့ ရောက်လာတော့မှ ကိုတင်ဦးနှင့် မြိုင်တို့ကို မြင်လေသည်။

“ဟင် မြိုင်ပါလား”

သူသည် ကိုတင်ဦးနှင့်အတူ မြိုင့်ကို ထူးဆန်းစွာ တွေ့နေရသဖြင့် များစွာ လှုပ်ရှားသွားပုံရသည်။

ကိုတင်ဦးသည် မြိုင်နှင့် မောင်မောင်လတ်တို့၏ မျက်နှာကို နားမလည်သလို တစ်လှည့်စီ ကြည့်ရှုနေမိ၏။

"ကိုကိုလတ်. . ."

မြိုင်က နာမည်ကိုသာ ခေါ်လိုက်သည်။

"မြိုင့်ကို လဲ့လဲ့တစ်ယောက် လိုက်ရှာနေပါကလား"

"မြိုင် ခေါင်းထဲက မူးလာလို့ ဒီဘက်ထွက်လာရင်း ကိုတင်ဦးနဲ့တွေ့ နေလို့ စကား ပြောနေတာပဲ"

မြိုင်သည် မောင်မောင်လတ်က တလွဲထင်သွားမည်စိုးသည့်အလား သူ့အမူ ကို မစစ်ဘဲနှင့် ဖော်နေ၏။

မောင်မောင်လတ်သည် မြိုင့်အား နောက်ထပ်ဘာမျှပြောဆိုရန်မရှိတော့သကဲ့သို့ ကိုတင်ဦးဘက်သို့ လှည့်သွား၏။

"အစ်ကိုကြီးက ကျွန်တော့်ကို ခိုင်းလိုက်လို့ဗျ၊ ကိုတင်ဦး"

"ဘာခိုင်းလိုက်တာလဲဗျ၊ ခင်ဗျားစကားကလည်း . .."

"ခင်ဗျားကို မြို့ထဲ ပြန်လိုက်ပို့ဖို့ပေါ့ဗျာ..."

"ဦးသက်ထွန်းကော မြို့ထဲ ပြန်လိုက်ဦးမတဲ့လားဗျ..."

"မလိုက်နိုင်တော့တဲ့အကြောင်း ပြောလိုက်ပါတဲ့..."

"ဒါဖြင့်လည်း သွားကြမှ ထင်တယ်။ သတင်းစာတိုက်လည်း ဝင်စရာက ရှိနေသေး လို့..."

ဟု မောင်မောင်လက်အား ပြောဆိုပြီးနောက် မြိုင့်ဘက်သို့ လှည့်သွားပြီးလျှင်...

"သွားလိုက်ပါဦးမယ်"

ဟု နှုတ်ဆက်လေသည်။

မောင်မောင်လတ် ရှိနေ၍ ခပ်ရှက်ရှက်ဖြစ်နေပုံရသော မြိုင်သည် ခေါင်းငုံ့နေလေသည်။ ဘာမျှတော့ ပြန်၍ မပြောပေ။

ကိုတင်ဦးနှင့် မောင်မောင်လတ်တို့နှစ်ယောက် ရှစ်မိုင်ဘက်ရှိ ဒေါ်မိမိခင်၏ ခြံကြီးအတွင်းမှ ထွက်လာကြသောအခါ ရှစ်နာရီခွဲခန့်သာ ရှိသေးသည်။ သို့ရာတွင် မောင်မောင်လတ်သည် ကိုတင်ဦးအား မြို့ထဲရှိ ပြည်သူ့အလင်း သတင်းစာတိုက်သို့ ပို့ပေးပြီးသောအခါ အခြားအရေးကြီးသောကိစ္စတစ်ခုအတွက် သွားရောက်ရန် ရှိနေသေးသကဲ့သို့ ရှစ်မိုင်ဘက်မှ စ၍ ထွက်ကတည်းက မော်တော်ကားကို တစ်နာရီလျှင် မိုင်လေးဆယ်နှုန်းခန့်နှင့် ခပ် ကြမ်းကြမ်း မောင်းလေသည်။ အခိပ္ပာယ်ကင်းမဲ့စွာ ကားမှောက်၍ သေချင်ပုံမရသော ကိုတင်ဦးသည် မောင်မောင်လတ်၏ဘေးတွင် မသက်မသာထိုင်ရင်း လိုက်ပါလာရလေသည်။

မောင်မောင်လတ် မောင်းနှင်လာသော မော်တော်ကားသည် တစ်စထက်တစ်စ လူနှင့် ယာဉ်အသွားအလာ များပြားရှုပ်ထွေးစပြုလာသော ကမာရွတ်ဘက်သို့ ရောက်ရှိလာခဲ့သည်တိုင်အောင် မောင်မောင်လတ်သည် စက်၏အရှိန်ကို လျှော့ပေါ့ခြင်းမပြုဘဲ ခပ်ကြမ်းကြမ်းပင် မောင်းမြဲမောင်းလေသည်။ ကားမောင်းသူ၏ လက်ဝယ်၌ မိမိအသက်ကို အပ်ထားရသော ခရီးသည် ကိုတင်ဦးသည် မောင်မောင်လတ်နှင့်အတူ ကားမစီးဝံ့အောင် ဖြစ်လာသည်။ မောင်မောင်လတ်အား ကားကိုရပ်ခိုင်းပြီးလျှင် ကြုံရာ ဘတ်(စ်)ကား စောင့်၍ စီးပြန်ရန်ပင် စိတ်ကူးမိလေသည်။

ကိုလိုနီစနစ်၏ အကြွင်းအကျန်ဖြစ်သော ရန်ကုန်မြို့၏ ကျဉ်းမြောင်းလှသော လမ်းမများ၌ မော်တော်ကားကို တာဝန်မဲ့မောင်းတတ်သော အကျင့်ဆိုးကြောင့် တနင်္ဂနွေ တစ်ပတ်လျှင် မြို့တော်၌ ကားတိုက်မှုများသည် ထိတ်လန့်ဖွယ်ရာ ကြီးပွားလျက် ရှိသည်။ လူ အသေအပျောက်မှာလည်း ကြောက်မက်ဖွယ် ကောင်းနေသည်။

ကမာရွတ် အဝိုင်းကြီးကို ကျော်လွန်လာခဲ့ပြီးနောက် လူနှင့် ယာဉ် အသွားအလာများ ရှုပ်ထွေးများပြားနေသည့်အကြား၌ပင် မောင်မောင်လတ်သည် ကား၏ စက်ရှိန်ကို လျှော့ပါးခြင်း မပြုသောအခါ ကိုတင်ဦးသည် သည်းညည်းမခံနိုင်တော့သဖြင့်...

"ခင်ဗျားနဲ့ ကားအတူတူစီးရတာ ကျုပ်တော့ ကျောထဲက စိမ့်လာပြီဗျ"

ဟု ပြောမိသည်။

ကားသည် လျင်မြန်သောအရှိန်ဖြင့် ပြေးလွှားနေသည်ဖြစ်သောကြောင့် ကားကိုသာ ဂရုစိုက်၍ မောင်းနေသော မောင်မောင်လတ်သည် ကိုတင်ဦးက ၎င်းအား တစ်စုံတစ်ရာ ပြောဆိုလိုက်သည်ကို သိသော်လည်း ဘာပြောလိုက်မှန်းတော့ကား ကွဲကွဲပြားပြား မကြား လိုက်သောကြောင့်…

"ခင်ဗျားပြောတာ မကြားလိုက်ဘူးဗျ. . . ကိုတင်ဦး. ."

ဟု စက်ရှိန်ကို အနည်းငယ်လျှော့ရင်း ပြန်၍ မေးလေသည်။ ကိုတင်ဦးသည် မောင်မောင်လတ်၏ နား အနားသို့ ကပ်သွားပြီးလျှင်…

"ခင်ဗျားနဲ့ကားစီးရတာ ကျားမြီးဆွဲရတာထက် ကြောက်စရာကောင်းတဲ့အကြောင်း ပြောတာပါဗျ… "

ဟု ပြောလိုက်သည်။ မောင်မောင်လတ်သည် ကိုတင်ဦး၏ စကားများကို များစွာ သဘောကျသွားသကဲ့သို့ အသံထွက်လောက်အောင် ရယ်မောရင်း ကား၏ စက်ရှိန်ကို လျှော့လိုက်သည်။

"ဆောရီးပါဗျာ.. ကျွန်တော့်မှာ ခင်ဗျားကို မြို့ထဲပြန်ပို့ပေးရင်း တခြား အရေးကြီးတဲ့ ကိစ္စတစ်ခုကို သွားစရာက ရှိနေသေးလို့ပါ။"

"ကျုပ်ကို ပို့ပေးပြီးမှ ခင်ဗျားကားကို မိုးပျံအောင်ပဲ မောင်းချင်မောင်းပါဗျာ.. ခုနေခါတော့ ကားမှောက်ပြီး မသေချင်သေးလို့ပါ"

"ကျွန်တော့်ကိစ္စကိုသာ ခင်ဗျားသိရင် ကျွန်တော့်ကို ခင်ဗျား ခွင့်လွှတ်နိုင်ပါလိမ့်မယ် ထင်တယ်ဗျ၊ ကိုတင်ဦး"

ကိုတင်ဦးသည် သူတစ်ပါးကိစ္စများကို များစွာ စိတ်ဝင်စားခြင်းတော့ကား မရှိတတ်ပေ။ သို့ရာတွင် မောင်မောင်လတ်အား ယခုကဲ့သို့ စကားပြောနေစေခြင်းဖြင့် မော်တော်ကားကို ယခုကဲ့သို့ ခပ်မှန်မှန်ကလေး မောင်းနေစေချင်သောကြောင့်…

"ဘယ်လိုအရေးကြီးတဲ့ ကိစ္စမျိုးမို့လဲဗျ.."

ဟု လိုက်လိုက်လျောလျော ပြန်၍ မေးလိုက်မိသည်။

မောင်မောင်လတ်သည် ရုတ်တရက် ပြန်၍ မဖြေသေးဘဲ ၎င်း၏ စီးကရက်ဘူးကို ထုတ်ယူ၍ ကိုတင်ဦးအား စီးကရက် လှမ်းပေးပြီးနောက် ၎င်း၏အတွက်လည်း စီးကရက် တစ်လိပ် ယူပြီးလျှင် မော်တော်ကားစက် အရှိန်ကို ယခင်ကထက်ပင် လျှော့ကာ စီးကရက် များ မီးညှိလေသည်။ သူသည် စီးကရက်ကို ကျေနပ်လောက်အောင် သုံးလေးဖွာမျှ အားရ ပါးရ ဖွာလိုက်ပြီးနောက်...

"ဒါထက် ပြဇာတ်တို့ ရုပ်ရှင်တို့ကို ကိုတင်ဦး ဝါသနာပါသလား. . ."

"ဝါသနာပါလှတယ်တော့ မဟုတ်ဘူး။ တစ်ခါတလေ မိတ်ဆွေတွေက ခေါ်ရင်တော့ ကြည့်ပါတယ်။ အင်မတန် ကောင်းတယ်လို့ကြားရရင်လည်း ကြည့်ပါတယ်..."

"အောင်မင်္ဂလာ ပြဇာတ်ကုမ္ပဏီက တင်တဲ့ ပြဇာတ်တွေကိုကော ကြည့်ဖူးသလားဗျ"

"အရင်ကတော့ တစ်ခါမှ မကြည့်မိဖူးသေးဘူး။ ဒါပေမဲ့ ကနေ့ညတော့ မိတ်ဆွေ တစ်ဦးက လာကြည့်ဖြစ်အောင် ကြည့်စမ်းပါဆိုပြီး မေတ္တာလက်ဆောင် လက်မှတ်ပေးသွားလို့ အချိန်ရရင်တော့ ကြည့်ဖြစ်လည်း ကြည့်ဖြစ်မလား မပြောတတ်သေးဘူး..."

"ခင်ဗျားအချိန်ကို ကနေ့ညအဖို့ အသာဘေးဖယ်ပြီး ကြည့်ဖြစ်အောင် ကြည့်စမ်းပါ ဗျ... ကျွန်တော် စောစောကပြောတဲ့ ကျွန်တော့်ကိစ္စဆိုတာက ခင်ဗျားကို မြို့ထဲပို့ပြီးရင် ပြဇာတ်သွားဖို့ပဲဗျ. . ."

"ခင်ဗျား ပြဇာတ်သွားကြည့်ဖို့အတွက်နဲ့ ကျုပ် ကားမှောက်ပြီး မသေပါရစေနဲ့ဗျာလို့ တောင်းပန်ရမလိုဖြစ်နေပြီထင်ပါရဲ့ဗျာ.. ဟုတ်လား... ကိုမောင်မောင်လတ်"

ကိုတင်ဦးသည် ရယ်မောရင်း မောင်မောင်လတ်၏ပခုံးကို ပုတ်ကာ ပြောလေသည်။

မောင်မောင်လတ်သည် သဘောကျသွားသကဲ့သို့ ရယ်မောရင်း...

“တကယ်ပြောတာပါဗျ၊ ကိုတင်ဦး ခင်ဗျားသာ ကျွန်တော်နဲ့အတူတူ လိုက်ကြည့်မယ်ဆိုရင် ကနေ့ည ပြဇာတ်မှာ ခေါင်းဆောင်တဲ့မင်းသမီးနဲ့ ခင်ဗျားကို မိတ်ဆက်ပေးနိုင်ပါတယ်ဗျ”

ဟု လူငယ် သဘာဝ ခပ်ကြွားကြွား ပြောဆိုလာ၏။

ပြဇာတ်ခေါင်းဆောင်မင်းသမီးနှင့် မိတ်ဆက်ပေးနိုင်ပါသည်ဟု မောင်မောင်လတ်က ပြောဆိုလိုက်သည့်အတွက် ကိုတင်ဦးသည် မျက်လုံးပြူးသွားပေသည်။ သို့ရာတွင် သူသည် လျင်မြန်စွာ ဣန္ဒြေပြန်ဆည်လိုက်ပြီးနောက်. .

“ခင်ဗျားပြောလိုက်တဲ့ ခေါင်းဆောင်မင်းသမီးဆိုတာက ဘယ်သူ့ကိုပြောတာလဲဗျ ကိုမောင်မောင်လတ် .."

ဟု လိုက်လျော၍ မေးလေသည်။

“ဒီမင်းသမီးကိုမှမသိရင်တော့ ခင်ဗျားကို တော်တော်ရှော်တဲ့သတင်းစာဆရာ တစ်ယောက်ပဲလို့ လူတွေက ပြောကြလိမ့်မယ် . . ."

“ခင်ဗျားကကော အဲဒီ ခေါင်းဆောင်မင်းသမီးနဲ့ ကျုပ်ကို မိတ်ဆက်ပေးနိုင်လောက်အောင် တော်တော်ရင်းရင်းနှီးနှီးပဲလားဗျာ."

“တော်ရုံတန်ရုံ ရင်းနှီးလောက်ရုံနဲ့တော့ ဘယ်ပြောနေပါ့မလဲဗျာ၊ ကျွန်တော်နဲ့ မကြာခင် လက်ထပ်တော့မလို့ဗျ.."

ကိုတင်ဦးသည် မျက်လုံးပြူး မျက်ဆံပြူးဖြစ်သွား၏။ သူသည် မောင်မောင်လတ်၏ စကားကို လက်ခံယုံကြည်နိုင်ဖို့ များစွာ ခက်ခဲလှပေသည်။ မောင်မောင်လတ်သည် ချမ်းသာကြွယ်ဝသော သူဌေးသားတစ်ယောက်ဖြစ်ပြီးလျှင် လဲ့လဲ့နှင့် လူကြီးများအချင်းချင်း မှန်းထားသော ကိစ္စကိုလည်း ကိုတင်ဦးသည် တိတိကျကျမသိရှိသော်လည်း နားစွန်နားဖျား လောက်တော့ ကြားဖူးလေသည်။

“ခင်ဗျားမေမေခင်နဲ့ လက်ထပ်မလို့ ဟုတ်ကဲ့လားဗျ..”

ကိုတင်ဦးက သေသေချာချာ မေးလိုက်မိသည်။

"မေမေခင်က သိပ်လက်ထပ်ချင်သေးတာတော့ မဟုတ်ဘူးဗျ. . . ကျွန်တော်က အတင်းပူဆာလို့သာ သူက ကတိပေးရတာပါ"

"ဪ. . . မေမေခင်ကတောင် လက်ထပ်ဖို့ ကတိပေးထားပြီးမှကိုး..."

"ပြဇာတ်မင်းသမီးပေမဲ့ မေမေခင်လို မိန်းမစားမျိုးက ဗမာပြည်မှာ အရှားသားပဲ"

"ဒါလောက်တောင်မှပဲလားဗျ ကိုမောင်မောင်လတ်"

"မေမေခင်ကို တွေ့တဲ့အခါ ခင်ဗျား သိပ်အံ့သြသွားမယ်. . ."

"ခင်ဗျား မေမေခင်က ကျုပ်တို့သူဌေး ဦးသက်ထွန်းရဲ့ နှမ လဲ့လဲ့ထက် သာသေးသလားဗျ .."

"တခြားစီပါဗျာ . ကဲပါလေ သူနဲ့မိတ်ဆက်ပေးတဲ့အခါကျတော့ ခင်ဗျား သိလာပါလိမ့်မယ်"

"ပြဇာတ်မင်းသမီးတစ်ယောက်ဟာ ခင်ဗျား ခု ချီးမွမ်းသလောက် ဟုတ်နိုင်ပါ့ မလားဗျ၊ ကိုမောင်မောင်လတ် . ."

"မေမေခင်နဲ့တွေ့တဲ့အခါ ခင်ဗျား ဘာအကြောင်းပြောမလဲ ပြောချင်တဲ့အကြောင်း ပြောစမ်းကြည့်ပါလား၊ ဒီတော့မှ ခင်ဗျား သိလိမ့်မယ်..."

"ခင်ဗျား အပြောနဲ့ပဲ တွေ့ စမ်းကြည့်ချင်လှပါပြီဗျာ"

ဤသို့ စကားတပြောပြောနှင့်ပင် ကားသည် မြို့ထဲသို့ ရောက်လာ၏။

ကိုတင်ဦးသည် မောင်မောင်လတ်အား ပြည်သူ့အလင်း သတင်းစာတိုက်သို့ ပို့ခိုင်း၍ ၎င်း ကြည့်ရှုရန်ရှိသော အလုပ်များကို ကြည့်ရှုပြီးနောက် မောင်မောင်လတ်နှင့်အတူ အောင်မင်္ဂလာပြဇာတ်ကုမ္ပဏီမှ တင်သော ပြဇာတ်ကို ကြည့်ရှုရန် လိုက်ပါလာခဲ့လေသည်။

ပြဇာတ်ရုံသို့ ရောက်သောအခါ ကိုးနာရီထိုးနေပြီဖြစ်၍ အားလပ်ခွင့်နှင့် ကြုံကြိုက် နေလေသည်။ ထို့ကြောင့် မောင်မောင်လတ်သည် ရုံထဲသို့ မဝင်တော့ဘဲ ကိုတင်ဦးကို တစ်ပါတည်းခေါ်ငင်ကာ ပြဇာတ်ခုံပေါ်သို့ နောက်ဖေးပေါက်မှ တက်လာခဲ့လေသည်။

ဇာတ်ကောင်များ ဖြီးလိမ်းပြင်ဆင်သော ဇာတ်ခုံနောက်ပိုင်းတွင်ကား 'ဇာတ်ရှုပ်ကြီး' ဟူသော စကားအတိုင်း ရှုပ်ထွေးဆူညံလျက် ရှိလေသည်။ အချို့သော ဇာတ်ကောင်များသည် ဖြီးလိမ်းပြင်ဆင်နေကြ၏။ အချို့ကား စကားများရင်း ရန်ဖြစ်နေကြသည်။

မောင်မောင်လတ်သည် ဇာတ်ခုံ၏နောက်ပိုင်း အဖြစ်အပျက်များကို အလျဉ်း ဂရုမစိုက်ဘဲ ၎င်း ဝင်ထွက်သွားလာနေကျ ဖြစ်ဟန်တူသော ခေါင်းဆောင်မင်းသမီးအတွက်သာ သီးသန့်ထားရှိသည့် အလှပြင်ဆင်သောအခန်းသို့ တန်းတန်းမတ်မတ် လျှောက်သွားသည်။ ကိုတင်ဦးသည် မောင်မောင်လတ်နောက်မှ ကြွန္တြေရရပင် လိုက်ပါလာခဲ့လေသည်။

ခေါင်းဆောင်မင်းသမီး၏ အလှပြင်သောအခန်းအား အတွင်းမှ ပိတ်၍ ထားသဖြင့် အကြောင်းသိထားနှင့်ပြီးဖြစ်ဟန်တူသော မောင်မောင်လတ်သည် အပြင်မှနေ၍ တံခါးကို သုံးလေးချက်ခေါက်လိုက်သည်။

"ဘယ်သူလဲ....ဟင်..."

အတွင်းမှ သာယာကြည်လင်သော မိန်းမသံကို ကြားရ၏။

"ကိုလတ်ပါ"

မောင်မောင်လတ်သည် ၎င်းဖြစ်ကြောင်း ပြန်ပြောဆိုရင်း သူ့နောက်နားတွင် ခပ်ပြုံးပြုံးရပ်နေသော ကိုတင်ဦးအား ကြွားဝါသလိုလှည့်၍ ကြည့်လေသည်။

"ဟင် . . . ကိုလတ် ခုမှလာသလား"

အတွင်းမှတံခါးသည် ပွင့်လာရင်း အသက် အစိတ်ခန့်

ချောမောလှပသော မိန်းမပျိုတစ်ယောက်သည် ထွက်လာ၏။ ထိုမိန်းမသားသည် တံခါးဝတွင် ရပ်၍ နေရာမှ ၎င်းချစ်သူအပြင် သူနှင့်အတူ မမျှော်လင့်ဘဲ လိုက်၍ လာသော ကိုတင်ဦးကိုပါ တွေ့လိုက်ရသောအခါ မိမိ၏မျက်လုံးများကိုပင် စိတ်မချနိုင်လောက်အောင် အံ့ဩသွားပုံရလေသည်။ ထို့ကြောင့် မိန်းမပျိုသည် မောင်မောင်လတ်နှင့် ကိုတင်ဦး တို့ကို ဆက်စပ်၍ မရသလို နားမလည်နိုင်သလို မျက်လုံးအပြူးသားနှင့် တစ်လှည့်စီ ကြည့်ရှုနေသည်။

၎င်းချစ်သူ၏ အမူအရာကို နားမလည်သော မောင်မောင်လတ်က…

"ဘာဖြစ်နေ လို့လဲ မေရဲ့၊ ဒါက ကိုလတ်ခေါ်လာတဲ့ ကိုလတ်ရဲ့ မိတ်ဆွေ ကိုတင်ဦးဆိုတာပါ၊ ကိုတင်ဦးက မေ့ကို တွေ့ဖူး မြင်ဖူးချင်တယ်ပြောလို့ မေနဲ့မိတ်ဆက်ပေးရအောင် ကိုလတ်ခေါ်ခဲ့တာ ပါ..."

ဟု ပြောဆိုလေသည်။

"အို. . . ကိုလတ် ဘာတွေလျှောက်ပြီး ပြောနေရတာလဲ"

ဟု ရှက်စနိုးအမူအရာနှင့် မေမေခင်က ပြန်ပြောဆိုလိုက်သောအခါဝယ် မောင်မောင်လတ်သည် မေမေခင်၏စကားကို နားမလည်ဘဲ ခပ်ကြောင်ကြောင်ဖြစ်သွားရာမှ ၎င်းနှင့်အတူပါလာသော ကိုတင်ဦးကိုအရှက်ပြေ လှည့်ကြည့်မိလေသည်။

ကိုတင်ဦးဆိုသူကတော့ အသာအယာပြုံးနေ၏။

မောင်မောင်လတ်သည် မေမေခင်၏ ရှက်ကိုးရှက်ကန်းဖြစ်နေပုံနှင့် ကိုတင်ဦး၏ ပြုံးနေပုံတို့ကို ဆက်စပ်၍ နားမလည်နိုင်အောင်ဖြစ်ကာ မေမေခင်အား ပြန်၍ လှည့်ကြည့် ပြန်၏။

"အစ်ကိုကြီးနဲ့ ဘယ်မှာတွေ့ လို့ မေခင့်ဆီ ခေါ်လာခဲ့ရတာလဲဟင်…"

ဟု မေမေခင်က အရှက်ပြေ မေးလေသည်။

မိမိနှင့်အတူပါလာသော ကိုတင်ဦးအား မေမေခင်က "အစ်ကိုကြီး" ဟု ရည်ညွှန်း ပြောဆိုသွားလိုက်သောအခါ အကိုနှင့်နှမဖြစ်သူအား မိတ်ဆက်ပေးပါမည်ဟု လူလည်လုပ်၍ ခေါ်လာခဲ့မိသော

မောင်မောင်လတ်သည် နားရှုပ်သည်ထက် ရှုပ်လာပြီးလျှင် ဘာပြော၍ ဘာဆိုရမှန်းမသိအောင် ဖြစ်နေပေသည်။ သူသည် ကိုတင်ဦးကိုလည်း လှည့်၍ မကြည့်ရဲ၊ မေမေခင့်ကိုလည်း မကြည့်ရဲ ဖြစ်နေ၏။

မောင်မောင်လတ်နှင့် မေမေခင်တို့နှစ်ယောက် ဖြစ်ပျက်နေပုံကို ဘေးမှ ငြိမ်သက်စွာ ပြုံး၍ ကြည့်နေသော ကိုတင်ဦးက…

“ငါလည်း အလုပ်တွေများနေတာနဲ့ မရောက်နိုင်တာပဲ မေခင်၊ ခုတောင် ကိုမောင်မောင်လတ်နဲ့ကြုံလို့ ရောက်တာ ..”

ဟု လှမ်း၍ ပြောလိုက်သည်။

“အစ်ကိုကြီးကတော့ တစ်သက်လုံး အလုပ်များနေမှာပဲမဟုတ်လား”

“ပြောတော့ မေခင်. . ငါ့အလုပ်က နင်သိတဲ့အတိုင်းပဲလေ”

“ဩော် အစ်ကိုကြီးကို မေခင် အိမ်ဝယ်မယ့်သတင်း ပြောရဦးမယ်…"

“နင်ကတောင် အိမ်တွေဘာတွေ ဝယ်တော့မလို့လား"

“ဘောက်ထော်ဘက်မှာ ဝင်းနဲ့ခြံနဲ့ တိုက်ကလေးတစ်လုံးကို ခုနစ်ထောင်လောက်နဲ့ ရမှာမို့လို့ပါ။”

“ဘောက်ထော်ဆိုရင် အေးသားပဲ၊ ခုနစ်ထောင်လောက်နဲ့ ရတယ်ဆိုတော့ တော်တာပဲ”

“တိုက်ကတော့ ကုလားသူဌေးတစ်ယောက်ရဲ့တိုက်ပဲ.. အိန္ဒိယကိုပြန်မှာမို့ ဒီဈေးနဲ့ ရောင်းသွားတာပါ…"

“ဩော်… ဒါထက် ငါသတင်းကောင်းတစ်ခုရထားတာနဲ့ နင်နဲ့တွေ့တုန်း မေးရဦးမယ်”

“ဘာသတင်းလဲ ဟင် …. အစ်ကိုကြီး”

“တခြားတော့ မဟုတ်ပါဘူး…နင် ကိုမောင်မောင်လတ်နဲ့ လက်ထပ်တော့မလို့ဆို … ဟုတ်ရဲ့လား …”

မေမေခင်သည် ကိုတင်ဦး၏အမေးကိုရှောင်ဖယ်ကာ ကြားမှ ငြိမ်သက်စွာရပ်ကြည့်နေသော မောင်မောင်လတ်အား မျက်စောင်းထိုး၍ ကြည့်ရင်း…

"ရှင် အစ်ကိုကြီးကို ဘာတွေ များ လျှောက်ပြောထားသလဲ"

ဟု အရှက်ပြေ မေးလိုက်သည်။

မောင်မောင်လတ်သည် မေမေခင်နှင့် ကိုတင်ဦးတို့၏ မောင်နှမအကြားတွင် ညှပ်ပူး ညှပ်ပိတ်ဖြစ်နေသော မိမိ၏အခြေအနေကို ယခုမှ ကောင်းကောင်းကြီး ရိပ်မိသိရှိလာတော့သကဲ့သို့ ရှက်ရှက်နှင့် ချာကနဲ ရှောင်ကွင်းထွက်ပြေးသွားမည်အပြု ကိုတင်ဦးက သူ၏ လက်မောင်းတစ်ဖက်ကို ဖမ်း၍ ဆွဲထားရင်း…

"ဘယ်သွားမလို့တုံးဗျ ကိုမောင်မောင်လတ်၊ အေးအေးဆေးဆေးပြဇာတ်ကြည့်ရအောင် နေပါဦး…"

ဟု ပြောဆိုနေသဖြင့် မလှုပ်သာ မလွန့်သာသည့်အဆုံး ငြိမ်နေလိုက်ရပေတော့သည်။

အခန်း[၅]

(က)

ရှစ်မိုင်ဘက်ရှိ လဲ့လဲ့တို့၏အိမ်၌ ဘုရားကိုးဆူ ကပ်လှူသောညက မြိုင်သည် တော်တော်ကြီး ညဥ့်နက်မှ အိမ်သို့ပြန်၍ ရောက်လေသည်။ မြိုင်သည် အိမ်သို့ပြန်ရောက်သောအခါ၌ ၁၁ နာရီထိုးလုနီးပေပြီ။ ဤသို့ ညဥ့်နက်အောင် နေလေ့နေထမရှိသော မြိုင့်အား ၎င်း၏ဖေဖေနှင့် ဒေါ်လေးတို့သည် စိုးရိမ်ပူပန်စွာ စောင့်မျှော်လျက်ရှိကြလေသည်။

မြိုင်သည် ဘုရားကိုးဆူ ကပ်လှူပြီးလျှင်ပြီးချင်း အိမ်သို့ပြန်ချင်လှပေပြီ။ သို့ရာတွင် ဧည့်ပရိသတ်များအားလုံးလိုလို ပြန်သွားကြပြီးသည့်နောက်မှာပင် လဲ့လဲ့သည် မြိုင့် အား ပြန်ခွင့်မပြုသေးဘဲ…

"နေပါဦး မြိုင်ရယ် .. အရေးကြီးတာကလေးတစ်ခု ကိုယ်ပြော စရာရှိသေးလို့ပါ"

ဟု အတင်းဆွဲ၍ ထားသဖြင့် မြိုင်သည် စိတ်လက်မပါလှဘဲ လဲ့လဲ့ နှင့် စကားပြောဆိုရလေသည်။ စကားပြောဆိုရသည်ဟုသာ ဆိုသော်လည်း လဲ့လဲ့က ပြော၍ မြိုင်က နားထောင်ရသူသက်သက် ဖြစ်လေသည်။

ငြီးစီစီဖြစ်၍ အိမ်သို့ပြန်ချင်လှပြီဖြစ်သော မြိုင်သည် လဲ့လဲ့က အရေးတကြီး ပြောဆိုသောအကြောင်းအရာများကို စိတ်ဝင်စားခြင်းမရှိဘဲ အောင့်သက်သက်နှင့်ပင် နားထောင်ရပေသည်။ လဲ့လဲ့သည် ထုံးစံအတိုင်း ၎င်းနှင့်လက်ထပ်ရမည့် မောင်မောင်လတ် အကြောင်းကိုသာ ယိုးမယ်ဖွဲ့လေသည်။

လဲ့လဲ့နှင့် ဒေါ်မိမိခင်တို့သားအမိသည် မောင်မောင်လတ်၏ ကိစ္စနှင့်ပတ်သက်၍ ၎င်းတို့က တစ်စုံတစ်ရာ ပြောချင်ဆိုချင်ရှိခဲ့လျှင် မောင်မောင်လတ်အား တိုက်ရိုက်မပြောဝံ့ကြသည့်အလျောက် မြိုင့်ကိုသာ ပြောလေ့ဆိုလေ့ရှိကြသည်။ ဤသို့ မြိုင့်ကို ပြောဆိုခြင်း အားဖြင့် ၎င်းတို့သိရှိစေလိုသော အကြောင်းအရာနှင့် ကိစ္စများကို မောင်မောင်လတ်သည် တစ်ဆင့် သိရှိသွားနိုင်ကြောင်း လဲ့လဲ့တို့သားအမိ သိရှိထားပြီးဖြစ်ကြသည်။ ထို့ကြောင့် လဲ့လဲ့တို့သားအမိနှင့်

မောင်မောင်လတ်တို့အကြား၌ မြိုင်သည် ဆက်သားဖြစ်နေသည်။ လဲ့လဲ့နှင့် မောင်မောင်လတ်တို့လက်ထပ်မပြီးစီးမီကာလအတွင်း ၎င်းသည် ဤဆက်သား အလုပ်ကို လုပ်နေရဦးမည့်ဘဝကိုလည်း မြိုင်သည် ကောင်းစွာသိရှိထားပြီးဖြစ်လေသည်။

ဘုရားကိုးဆူကပ်လှူပွဲ ပြီးဆုံးသည့်တိုင်အောင်မှ မနေနိုင်ဘဲ လစ်၍ ပြန်သွားသော မောင်မောင်လတ်၏ အပြုအမူကို လဲ့လဲ့က အပြစ်တင်ပြောဆိုခြင်း ပြုလေသည်။ လဲ့လဲ့သည် မောင်မောင်လတ်၏ အပြုအမူနှင့်ပတ်သက်၍ ၎င်းမကျေမနပ်ဖြစ်နေသော ကိစ္စ ကို "ရှောမွေးမသာနှင့် ဗာရာဏသီပြည်ချဲ့ ငိုသလို" ဖွဲ့ဖွဲ့နွဲ့နွဲ့နှင့် ရှည်ရှည်ဝေးဝေး ပြောဆိုနေသဖြင့် မြိုင်သည် စကားဆုံးလျှင် အိမ်ပြန်ရကောင်းရဲ့ဟုသာ သဘောထား၍ သည်းညည်းခံကာ နားထောင်ရပေသည်။ သို့ရာတွင် "ရှောမွေး" မသာရှင်၏ ငိုချင်းရှည်မှာ တော်တော်နှင့်လည်း မဆုံးနိုင်ပေ။ ထိုသို့ မဆုံးနိုင်အောင် ရှည်ဝေးနေသည့်အထဲ မီး လောင်ရာလေပင့်ဆိုသည့်အလား ဒေါ်မိမိခင်သည် နောက်ထပ်၍ ရောက်လာပြန်၏။ ရောက်လာပြီးနောက် အဘွားကြီးကလည်း သမီးလုပ်သူနှင့်ဝင်ရော၍ မောင်မောင်လတ် အကြောင်းကို တိုးချဲ့ပြောဆိုနေပြန်၏။

မြိုင်သည် တော်တော် စိတ်အိုက်သွားလေသည်။ မအေရော သမီးပါ မောင်မောင်လတ်၏အကြောင်း ချဲ့ထွင်ပြောဆိုနေကြပြီဖြစ်သဖြင့် တော်တော်နှင့် စကားဆက် ပြတ်နိုင်ပုံကား မပေါ်ပေ။ စကားဆက် မပြတ်လျှင်လည်း တော်တော်နှင့် အိမ်သို့ပြန်ရမည်မဟုတ်။ ထို့ကြောင့် စကားဆက်ပြတ်သွားစေရန် အတွက် ကိုသက်ထွန်းက စေခိုင်းသဖြင့် မောင်မောင်လတ်က သူ၏မော်တော်ကားဖြင့် ကိုတင်ဦးအား မြို့ထဲရှိ သတင်းစာတိုက်သို့ လိုက်ပို့ပေးနေရသည့်အကြောင်းကို ၎င်း သိရှိထားသရွေ့ မြိုင်သည် ပြောပြလိုက်ရလေသည်။ ဤသို့ ပြတ်သွားအောင် မြိုင်က ပြောပြလိုက်ကာမှပင် စကားဆက်သည် မပြတ်ဘဲ ရှည်ထွက်၍ လာနေပြန်၏။ မြိုင်သည် လဲ့လဲ့နှင့် ဒေါ်မိမိခင်တို့ သားအမိအပေါ်၌ တော်တော်ပင် စိတ်ပျက်သွား မိသည်။

စောစောက မောင်မောင်လတ်တစ်ယောက်၏ အကြောင်းကိုသာ ပြောဆိုလျက်ရှိကြသော သားအမိသည် ယခုတစ်ဖန် ကိုသက်ထွန်းနှင့် သူ၏အလုပ်သမားတို့၏ အကြောင်းများကို ဆက်လက်၍ ပြောဆို၍ လဲ့လဲ့သည် သူ့အစ်ကိုကြီးကို ဖြားယောင်း သွေးဆောင်၍ မပျက်စီး

ပျက်စီးအောင် အမျိုးမျိုးဖျက်ဆီးနေသည်ဆိုသော သတင်းစာတိုက်မှ အလုပ်သမားအကြောင်းကို ရစရာမရှိလောက်အောင် မှုံချိုးမှျစ်ချိုးပြောဆိုလျက်

ရှိလေသည်။ လူတစ်ဖက်သား၏အပေါ်၌ ၎င်း၏မျက်ကွယ်ရာတွင် ဘာတစ်ခုမျှ အကောင်း မရှိတော့သလောက် နင့်နင့်သီးသီး ပြောဆိုနေခြင်းကို ကြားရသောအခါ မြိုင်သည် သူငယ်ချင်းဖြစ်သော လဲ့လဲ့၏ စိတ်နေသဘောထားကို သဘောမကျနိုင်သကဲ့သို့ ဖြစ်လာ မိသည်။ ထိုသို့ တစ်ဖက်သားအပေါ်၌ သဘောမကျနိုင်သလိုဖြစ်လာသည့်အလျောက် ကျန်တစ်ဖက်သားအပေါ်၌ စာနာသလို သက်ညှာသလို ရှိလာသည်။ သို့ရာတွင် ရေရေ ရာရာတော့ မဟုတ်လှ။ ခံရသူ၏ဘက်မှ စာနာတတ်လေ့ရှိသော လူ၏သဘာဝသာသာ မျှသာ ဖြစ်ပေသည်။

သားဖြစ်သူ၏အကြောင်းကို စိတ်ကျေနပ်လောက်အောင် ပြောဆို၍ ပြီးစီးသွား သောအခါ ဒေါ်မိမိခင်သည် အခြားကိစ္စတစ်ခုခုကို ပြုလုပ်စရာရှိနေသေးသကဲ့သို့ ထ၍ သွားပြန်လေသည်။ ဒေါ်မိမိခင် ထ၍ သွားသဖြင့် မြိုင်သည် တော်တော်ကလေး စိတ်သက်သာခြင်း ရရှိသွားသည်။ အမေပြီး၍ သမီးတစ်ယောက်သာ ကျန်တော့သဖြင့် ထိုသမီး၏ ကိစ္စ ပြီးစီးသောအခါတွင်ကား အိမ်သို့ မြန်မြန်ပြန်ရပေတော့မည်ဟု မြိုင်သည် တွက်မိပုံ ရလေသည်။

လဲ့လဲ့သည် ကိုတင်ဦး၏ အတင်းကို ရစရာမရှိအောင် မြိန်ရေရှက်ရေ ပြောနေတုန်းပင် ဖြစ်၏။ မောင်မောင်လတ်အကြောင်းကို မေ့သွားပုံရသည်။ လက်အောက်ခံ အလုပ်သမားတစ်ယောက်က သူ့နေရာနှင့်သူ မနေဘဲ သူဌေးဖြစ်သော ၎င်း၏အစ်ကိုနှင့် ညီတူတန်းတူသဖွယ် ဆက်ဆံပေါင်းသင်းနေသောအဖြစ်ကို အနည်းငယ်မျှ မရှုဆိတ်မကျေချမ်းနိုင်သကဲ့သို့ လဲ့လဲ့သည် မိန်းမကြမ်းတစ်ယောက်နှင့်မခြား ခါးခါးသီးသီးနှင့် ကြမ်းကြမ်းတမ်းတမ်း ပြောဆိုလျက်ရှိလေသည်။

အိမ်သို့ မပြန်ရသေးဘဲ လဲ့လဲ့၏ တစ်ဖက်သတ်ပြောဆိုလျက်ရှိသော စကားများကို သည်းညည်းခံကာ နားထောင်နေလာခဲ့ရသော မြိုင်သည် နားကြားပြင်းကတ်သလိုပင် ရှိလာ၏။ သို့ရာတွင် အိမ်ရှင်၏စကားကို မဆုံးမချင်း နားထောင်နေရဦးမည့် အခြေအနေတွင် ရှိနေသောမြိုင်သည် နားကြားပြင်းကပ်ကပ်နှင့်ပင် အောင့်အည်း၍ နားထောင်ရ လေသည်။ ဤသို့ ကြိုးကြိုးစားစားနှင့် သည်းညည်းခံ၍ နားထောင်နေရသည်အခိုက် မြိုင့်အား ၎င်း၏မော်တော်ကားနှင့် ပြန်၍ ပို့ပေးရန်စောင့်နေသော ကိုသက်တင်သည်

ခပ်စောစောက ကိုသက်ထွန်းနှင့် သွားရောက်စကားပြောဆိုနေရာမှ မြိုင်နှင့် လဲ့လဲ့တို့ စကား ပြောဆိုနေကြသော ဧည့်ခန်းအတွင်းသို့ ဝင်ရောက်လာလေသည်။ ထိုသို့ ကိုသက်တင် ပြန်၍ ရောက်ရှိလာသည့်အတွက် လဲ့လဲ့သည် ၎င်း၏စကားကို ဖြတ်တော့မည်ဟု အောက် မေ့နေသည့်အခိုက် နောက်ထပ်၍ ရောက်လာသော ကိုသက်တင်ကပါ လဲ့လဲ့နှင့်အတူ လိုက်ရော၍ ထိုလူတစ်ယောက်၏အကြောင်းကို ဆက်လက်ပြောဆိုနေပြန်၏။ မြိုင်သည် စိတ်ညစ်ညျုးလျက်ရှိရာမှ စိတ်မရှည်ချင်သလိုဖြစ်လာ၏။ သို့ရာတွင် ထုံးစံအတိုင်း ဟန်လုပ်၍သာ နေရလေသည်။

"ဒီလူ့အကြောင်းကို ဟိုအရင်တစ်ပတ် မြင်းပွဲမှာ စုံထောက်မင်းကြီး ဦးဘသက်နဲ့ တွေ့လို့ပြောတော့ ဒီလူဟာ အရင် ကွန်မြူနစ်တွေ တောမခိုခင်တုန်းက ကွန်မြူနစ်ပါတီ ခေါင်းဆောင်တွေနဲ့ ရင်းရင်းနှီးနှီး ပေါင်းသင်းနေတဲ့ လူတစ်ယောက်ဆိုပဲ မြိုင်ရဲ့"

"ဟုတ်တယ် မြိုင်ရဲ့ .. ပုလိပ်မင်းကြီး ဦးမောင်မောင်ရဲ့သမီး နယ်လီကလည်း ဒီလူဟာ ကွန်မြူနစ်တစ်ယောက်လိုလို ပုလိပ်ဘက်က သတင်းရထားတဲ့အကြောင်း ပြောဖူးတယ်။ အခုလို အန်ကယ်(လ်)ဘသက်ကလည်း ပြောပြန်ရင်တော့ ဟုတ်မှာပါပဲ"

ကိုသက်တင်၏ ပြောဆိုချက်ကို လဲ့လဲ့က ဖြည့်စွက်၍ ပြောဆိုလိုက်ပြန်သည်။

ကွန်မြူနစ်ဆိုသော ဝေါဟာရစကားတစ်လုံးကို ကြားလိုက်ရကတည်းက မြိုင်သည် ကြက်သီးများပင် ထသွားသည်။ ရင်ထဲ၌လည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ အဘယ်ကြောင့်ဆိုသော် ကွန်မြူနစ်ဆိုသူများသည် ဘာသာတရား ကိုးကွယ်ဝတ်ပြုမှုမရှိဘဲ အကြမ်းဖက်
ဆူပူလှုပ်ရှားမှုများ၌လည်းကောင်းသွေးထွက်သံယိုမှုများ၌လည်းကောင်း
သာယာမွေ့ လျော်တတ်သူများသာ ဖြစ်ကြောင်းဖြင့် မြိုင်သည် တစ်ဖက်သတ်စကားများကို ကြားဖူးနားဝ ရှိထားသောကြောင့် ဖြစ်လေသည်။ ၎င်းအပြင် ကွန်မြူနစ်ဆိုလျှင် လူကြီး လူကောင်းများနှင့် အစိုးရပိုင်းမှ ပုဂ္ဂိုလ်ကြီးငယ်များကပါ များစွာ ရွံရှာမုန်းတီးကြောင်းအပေါင်းအသင်းလည်း မလုပ်ကြကြောင်း ပြောသံဆိုသံ ကြားဖူးထားလေသည်။

"ဒီလူနဲ့သာ ကြာရှည်သဖြင့်ပေါင်းသင်းသွားရင်တော့ အစ်ကိုကြီးတစ်ယောက်လည်း ပျက်စီးသွားမှာ စိုးရိမ်ရတယ်။ ဒါကြောင့် ဒီလူနဲ့ အစ်ကိုကြီးနဲ့ မကွဲ ကွဲအောင် ခွဲပစ်ဖို့လိုပြီ"

ကိုသက်တင်က မီးလောင်ရာ လေပင့်ပေးသကဲ့သို့ ပြောဆိုလိုက်ပြန်သည်။

"ဟုတ်တယ် မြိုင်ရဲ့ ... အစ်ကိုကြီးကိုလည်း ဒီလူနဲ့ ဒီအတိုင်း လွှတ်ပေးထားပြီး ကြည့်နေလို့တော့ မဖြစ်ဘူး"

လဲ့လဲ့ကလည်း ၎င်း၏သဘောထားကို ပြောဆိုလေသည်။ ခပ်စောစောက လဲ့လဲ့နှင့် ကိုသက်တင်တို့မောင်နှမနှစ်ယောက် ပြောဆိုလျက်ရှိသော စကားများကို စိတ်ပါဝင်စားခြင်းမရှိခဲ့သော မြိုင်သည် ယခုအခါတွင် စိတ်ဝင်စားစ ပြုလာ၏။ ခပ်စောစောက ကိုတင်ဦးဆိုသူ၏အကြောင်းကို ဘာတစ်ခုမျှ ရစရာမရှိလောက်အောင် ပြောကြားကြစဉ်က ထိုအပြောအဆို ခံနေရသူ၏ဘက်မှ မြိုင်သည် ခံခက်သလို ရှိ၏။ ထိုသူ၏အပေါ်၌လည်း စာနာသလိုရှိမိ၏။ သို့ရာတွင် ယခုတစ်ဖန် ကိုသက်တင် နှင့် လဲ့လဲ့တို့ မောင်နှမနှစ်ယောက်က ကိုတင်ဦးဆိုသူသည် မြိုင်၏ အသိဉာဏ်ကလေး ၌ အလွန်တရာ ထိတ်လန့်ကြောက်မက်ဖွယ်ရာ ကောင်းနေသော ကွန်မြူနစ်ကြီးတစ်ယောက်လိုလို ပြောဆိုလိုက်ကြခြင်းကို ကြားသိရသောအခါ မြိုင်သည် ထိတ်လန့်သလိုလို ဝမ်းနည်းလာသလိုလို ဖြစ်မိသည်။ သို့ရာတွင် မည်မည်ရရတော့လည်း မဟုတ်ပေ။ လဲ့လဲ့နှင့် ကိုသက်တင်တို့မောင်နှမနှစ်ယောက်သည် ကိုတင်ဦးဆိုသူအား ကွန်မြူနစ်ကြီးတစ်ယောက်ဖြစ်သလိုလို ပြောလက်စနှင့် ကွန်မြူနစ်ဆန့်ကျင်ရေးအကြောင်းများကို ဆက်လက်၍ ပြောဆိုနေကြပြန်၏။ ကွန်မြူနစ်ဆန့်ကျင်ရေးသမားများဖြစ်ကြသော အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ် ကြေးနန်းသတင်းများနှင့် အစိုးရ၏ ပြန်ကြားရေးဌာနမှ ထုတ်ဝေသော သတင်းများလောက်သာ တစ်ဖက်သတ်သတ် ဖတ်ရှု၍ အဟုတ်ကြီးထင် နေကြသူများဖြစ်သည့်အလျောက် ကိုရီးယားအင်ဒိုချိုင်းနားနှင့် မလေးတို့၌ ကွန်မြူနစ်များ ဆူပူသောင်းကျန်းနေကြပုံ၊ ဗမာပြည်၌လည်း ကွန်မြူနစ်များသည် သက်သက်မဲ့ ဆူပူ၍ တံတားဖျက်၊ မီးရှို့ လုပ်နေကြပုံများကိုပါ ဆက်လက်ပြောဆိုလျက်ရှိကြလေသည်။ ကွန်မြူနစ်များသည် အဓိပ္ပာယ်ကင်းမဲ့စွာ

ဆူပူသောင်းကျန်းတတ်သူများဖြစ်ကြောင်းလောက်သာ ကြားဖူးနားဝရှိသော မြိုင်သည် လဲ့လဲ့နှင့် ကိုသက်တင်တို့မောင်နှမ၏ ကွန်မြူနစ်ဆန့်ကျင်ရေးဒေသနာကို ငြိမ်သက်စွာ နားထောင်ရင်း ၎င်းတို့ပြောဆိုသမျှသည် ဘုရားဟောပါဠိတော်များပမာ ဟုတ်မှာပါပဲဟု အောက်မေ့လျက်ရှိလေသည်။

လဲ့လဲ့တို့၏ ခြံကြီးအတွင်းမှ ကိုသက်တင်၏ကားကလေးနှင့် ထွက်လာကြသောအခါ ဆယ်နာရီပင် ခွဲသွားခဲ့လေပြီ။ ကိုသက်တင်သည် ကားကို ဖြည်းညင်းစွာ မောင်း၍ လာရင်း ညနေစောင်းက အဆုံးမသတ်ခဲ့ရသော သူ၏စကားကို ဆက်ရန် ကြိုးစားခြင်း ပြုပြန်၏။ လူကြီးမိဘများက စိတ်ချယုံကြည်၍ ယခုကဲ့သို့ လွတ်လပ်စွာ သွားလာခွင့် ပြုထားခြင်းကို မတရားသဖြင့် အခွင့်အရေးယူ၍ အကျပ်ကိုင်ရန် ကြိုးစားလျက်ရှိသော ကိုသက်တင်အား မြိုင်သည် တော်တော်ကလေး အထင်သေးမိ၏။ ကိုသက်တင်သည် ခေတ်ပညာတတ် မိကောင်းဖခင်သားတစ်ယောက်ဖြစ်ပါလျက် အားနွဲ့သော မိန်းကလေးတစ်ယောက်၏ အလိုမတူသေးသော ကိစ္စကို အဘယ့်အတွက် အကျပ်ကိုင်ချင်ရသနည်း။ နှစ်ဖက်သော လူကြီးမိဘချင်းကပင် သဘောတူကျေနပ်ပြီးသော ကိစ္စလည်းဖြစ်၏။ တစ်နေ့သောအခါတွင် မိမိသားမယားဖြစ်ရမည့် မိန်းကလေးတစ်ဦးအပေါ်၌ ယခုကဲ့သို့ ဘာမျှ အလောတကြီး ပြုလုပ်ရန်မလိုပေဟု မြိုင်က သဘောရ၏။

"မြိုင့်ကို အကျပ်မကိုင်ချင်စမ်းပါနဲ့ ကိုသက်တင်ရယ်"

ဟု မြိုင်က ခပ်ပြတ်ပြတ် ပြောချလိုက်၏။

"အကျပ်ကိုင်တာမဟုတ်ပါဘူး မြိုင်ရဲ့။ ကိုသက်တင်မှာ ခုလိုမေးထိုက်တဲ့အခွင့် အရေးရှိလိမ့်မယ်ထင်လို့ မေးတာပါ"

မေးထိုက်တဲ့အခွင့်အရေးရှိလိမ့်မည်ထင်၍ မေးသည်ဟု ဆိုလိုက်ခြင်းအတွက် မြိုင်သည် ခံရခက်မိ၏။ ထိုမေးထိုက်သော အခွင့်အရေးကို အဘယ်ဘုရားသခင်က သူ့အား ပေးလိုက်သနည်း။

"ကိုသက်တင်မှာ ခုလို အကျပ်ကိုင်ချင်တတ်တဲ့ ဝတေသီကလေးတွေ မစွန့်လွှတ်သေးရင်တော့ ခက်သေးတယ် "

“ဘာတွေများ ခက်နေတာလဲ မြိုင်”

မြိုင်သည် ဘာမျှတော့ ပြန်၍ မပြောလိုက်ပေ။ တော်တော် ချုပ်တည်းထားရဟန် ရှိသည်။

“ပြောပြစမ်းပါဦး မြိုင်ရဲ့။ ဘာတွေများ ခက်နေသလဲဆိုတာ”

“တော်ပါတော့ ကိုသက်တင် ... မြိုင် စိတ်ညစ်လာပြီ”

“ခက်တာကလေးလောက်တော့ မပြောနိုင်စရာမရှိပါဘူးထင်တယ်”

မြိုင်သည် ၎င်းပြောချလိုက်ချင်သော စကားကို မပြောလိုက်မိစေရန်အတွက် တော်တော် အောင့်အည်းထားလိုက်ရလေသည်။ စိတ်လိုက်မာန်ပါပြောဆိုလိုက်ခြင်းအားဖြင့်တော့ အကျိုးဖြစ်ထွန်းစရာ မရှိပေ။ ပျက်စရာသာရှိသည်။

“ပြောပြစမ်းပါဦး မြိုင်ရဲ့ ဘာတွေများ ခက်နေသလဲဆိုတာ”

မြိုင်သည် ချုပ်တည်းခြင်းငှာ အားမရှိတော့ပေ။

“ဒီအတိုင်းသာဆိုရင်တော့..ကိုသက်တင်ကို မြိုင်လက်ထပ်ဖို့ တော်တော်ခက်ပါသေးတယ်”

“ဒီအထိတောင်မှပဲလား... မြိုင်ရဲ့”

တစ်ဖက်သားစိတ်မတို တိုအောင်ပြုလုပ်ပြီးနောက် စိတ်တိုနေမှန်းသိလျက်နှင့် နောက်ထပ်၍ ဆင့်ဆင့်သာ ကဲလာသော ကိုသက်တင်အား မြိုင်သည် သည်းညည်းမခံနိုင်တော့လောက်အောင် ဖြစ်လာ၏။ အလွန်တရာ စိတ်ဆိုးလျက်ရှိနေပြီဖြစ်သောကြောင့် မြိုင်သည် စိတ်လိုက်မာန်ပါ နင့်နင့်သီးသီးပြန်ပြောဆိုလိုက်ရန် ပါးစပ်ပင်ဟလိုက်မိသေး၏။ သို့ရာတွင် အရှည်ကို စဉ်းစားမိသဖြင့် မြိုင်သည် မိမိပြောလိုက်ချင်သောစကားကို မပြောဖြစ်အောင် ထိန်းသိမ်းထားလိုက်သည်

ရင်တွင်း၌ ပေါက်ကွဲမှုကို သဘာဝအတိုင်း အပြင်သို့ ထုတ်မပစ်လိုက်ရသဖြင့် မြိုင်သည် ကတုန်ကယင် ဖြစ်လာသည် မျက်နှာလည်း နီ၍ အသားများလည်း တုန်လာသည်။

မြိုင်၏အကဲကိုခတ်မိသော ကိုသက်တင်သည် နောက်ထပ်၍ ဘာမျှမပြောမဆို တော့ပေ။ မြိုင်ကလည်း အိမ်သို့ ပြန်ရောက်သည်အထိ ကိုသက်တင်၏ မျက်နှာကိုပင် မကြည့်တော့ချေ။ အိမ်သို့ရောက်သောအခါ မြိုင်သည် ကိုသက်တင်ကို ခါတိုင်းကဲ့သို့ပင် နှုတ်မဆက်တော့ဘဲ အိမ်အပေါ်ထပ်သို့သာ ခပ်သုတ်သုတ်ကလေး တက်လာခဲ့လေသည်။

ကိုသက်တင်၏အပြုအမူနှင့်ပတ်သက်၍ တော်တော်ကလေး မကျေမချမ်း ဖြစ်လာခဲ့သော မြိုင်သည် ထိုညက အိပ်၍ မရနိုင်အောင် ဖြစ်နေခဲ့လေသည်။ မိမိအား စိတ်ဆိုးအောင် ပြုလုပ်ခဲ့သော လူတစ်ယောက်၏အကြောင်းကို ဘာမျှမစဉ်းစားမိစေရန် မြိုင်သည် ကြိုးစား ကြည့်၏။ ထွက်သက် ဝင်သက် ကမ္မဋ္ဌာန်းကိုလည်း ပြုလုပ်ကြည့်၏။ သို့ရာတွင် မြိုင် သည် စိတ်ဆိုးလျက်ရှိသော အာရုံကိုဖြတ်တောက်ခြင်းမပြုနိုင်သဖြင့် ငြိမ်သက်ခြင်းကိုကားမရရှိပေ။

မြိုင်သည် အိပ်ရာထက်တွင် ငြိမ်သက်စွာ မှေး၍ အိပ်ပျော်အောင် အိပ်ကြည့်၏။ တစ်ဖက်သို့ စောင်းရလွန်း၍ ညောင်းညာလာသဖြင့် အခြားတစ်ဖက်သို့ ပြောင်းရ၏။ သို့ရာတွင် အိပ်၍ ကား မပျော်ပေ။ ယခုထက်တိုင်ပင် မြိုင်သည် ကိုသက်တင်၏ ပြုမူဆက်ဆံ ပုံနှင့်ပတ်သက်၍ စိတ်ဆိုးမပြေသေးပေ။ ဒေါသထွက်နေတုန်းပင် ဖြစ်လေသည်။

ယခင်အခါများက မြိုင်သည် ယခုတစ်ကြိမ်လောက် တစ်ခါမျှ စိတ်မဆိုးခဲ့ဖူးပေ။ ယခုတစ်ခေါက် စိတ်ဆိုးရာ၌ ကိုသက်တင်၏ မျက်နှာကိုပင် ပြန်၍ မကြည့်ချင်တော့ လောက်အောင် စိတ်ဆိုးမိလေသည်။ မိမိ တစ်သက်ပန် ပေါင်းသင်းရမည့် လူတစ်ယောက်က သူ၏ သားမယားမဖြစ်ရသေးမီ ဘဝဌ်ပင်လျှင် ဤမျှ နိုင့်ထက်စီးနင်းအကျပ်ကိုင်ပြုမူ ဆက်ဆံနေခဲ့ပါမူ ပုဆိုးတန်းတင် အကြင်လင်မယားဘဝသို့ ရောက်ရှိကြသော ကာလ၌ အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း။ ရှေ့ရေးအတွက် ဤသို့တွေးမိသောအခါ ကိုသက်တင် ကဲ့သို့ လူတစ်ယောက်နှင့် လက်ထပ်ရမည့် တစ်သက်ပန်အရေးကို မြိုင်သည် ရွံရှာမိသလို ရှိလာ၏။ စိတ်ပျက်မိ၏။ မစဉ်းစားချင်လောက်အောင်လည်း ဖြစ်လာ၏။

တစ်ခါတစ်ရံ စိတ်သာယာကြည်နူး၍ မြိုင်စိတ်ကူးယဉ်မိတတ်သော အိမ်ထောင်ရေးသည် လင်နှင့်မယား ညီတူတန်းတူ ပေါင်းသင်းဆက်ဆံကြသော အိမ်ထောင်ရေးဖြစ်၏။ လင်က ပစ္စည်းရှာဖွေရ၍လည်း ဆရာမလုပ်ရ၊ မယားလုပ်သူကလည်း အိမ်ထောင်ကို တာဝန်ယူထိန်းသိမ်းရသဖြင့် ဆရာမကြီး မလုပ်ရ၊ လူနှစ်ဦးပေါင်းစပ်၍ ဖြစ်ပေါ်လာရသော အိမ်ထောင်တွင် မိမိတာဝန်နှင့်မိမိ ထမ်းဆောင်ကြရေးသာ ဖြစ်သည်။ သို့ရာတွင် မိမိ လက်ထပ်ရမည့် လူသည်

သဘောထားမြင့်မြတ်၍ ယောကျ်ားကောင်းတစ်ယောက်တော့ မြိုင်က ဖြစ်စေချင်သည်။ ဤဆန္ဒမှာလည်း သဘာဝကျသော ဆန္ဒဖြစ်၍ မိန်းမသားတိုင်းလိုလို ဤဆန္ဒမျိုးရှိကြသည်ချည်းပင် ဖြစ်လေသည်။

ယခုပုံအတိုင်းသာဆိုလျှင် တစ်နေ့သောအခါ၌ မြိုင်လက်ထပ်ရမည့် ကိုသက်တင်သည် မြိုင်ဖြစ်စေချင်သော မြိုင်၏ အိမ်ထောင်ဖက် တစ်ယောက်မဖြစ်နိုင်ဟု မြိုင်က ထင်၏။ အမှတ်တစ်ရာ ပေးရမည်ဆိုလျှင် သူသည် အမှတ်ငါးဆယ်ပင်ပြည့်အောင်မရထိုက်ဟု မြိုင်က သဘောရမိ၏။ နှစ်ဦးနှစ်ဖက်သော လူကြီးချင်းကလည်း စီစဉ်ထားသည်ကတစ် ကြောင်း၊ ၎င်းအပြင် ခါးခါးသီးသီး ငြင်းပယ်ရလောက်အောင် မဟုတ်သည်က တစ်ကြောင်းကြောင့် ကိုသက်တင်အား လင်သားအဖြစ် လက်ခံပေါင်းဖော်ရသည်တိုင်အောင် ထိုသူသည် ဤအချိုးမျိုးကို မဖျောက်ခဲ့လျှင် တော်တော် စိတ်ဆင်းရဲရမည့်အဖြစ်ကို မြိုင်သည် တစ်သီတစ်တန်းကြီး လျှောက်၍ စဉ်းစားမိပြန်၏။ မိမိကိုယ်တိုင်က နှစ်နှစ်ကာကာ မချစ်နှစ်သက်ဘဲနှင့် အခြေအနေနှင့်အကြောင်း အမျိုးမျိုးကြောင့် အိမ်ထောင်ပြုလိုက်ရပြီးနောက် စိတ်ဆင်းရဲခံရမည့်အဖြစ်ကိုကား မြိုင်သည် မခံလိုပေ။ များစွာ ကြောက်ပါ၏။

ယခင်အခါများကလည်း အားနွဲ့သော မြိုင်၏အပေါ်၌ ကိုသက်တင်သည် ဘာမျှ မဟုတ်သော အသေးအဖွဲကိစ္စကလေးများကအစ ကြိမ်ဖန်များစွာ အနိုင်ကျင့်ခြင်းနှင့် အကျပ်ကိုင်ခြင်းများ ပြုလုပ်ခဲ့ဖူးလှလေပြီ။ နှစ်ဦးနှစ်ဖက်၏ ကျေနပ်မှုမဟုတ်ဘဲ ဤသို့ နိုင့်ထက်စီးနင်း ဆက်ဆံပြုမူခြင်းမျိုးကိုကား မြိုင်သည် လက်မခံတတ်ပေ။ အလွန်တရာလည်း ရွံရှာမုန်းတီးသည်။ ထို့ကြောင့်လည်း ကိုသက်တင်က ဤသို့ အနိုင်ကျင့်ရန် ကြိုးစားသော အခါတိုင်း မကြာခဏ ဆိုသကဲ့သို့ မြိုင်နှင့် စကားကတောက်ကဆများကြရသည်ချည်း ဖြစ်လေသည်။ ဤသို့ စကားကတောက်ကဆ များရပြီးနောက် တစ်ယောက်နှင့်တစ်ယောက် စိတ်ကောက်ကာ ရက်အတော်ကြာကြာမျှ မခေါ်ဘဲ မပြောဘဲ နေခဲ့ကြဖူးသည်။ သို့ရာတွင် နောက်ဆုံး၌ကား ကိုသက်တင်သည် သူ၏အမှားကို လဲ့လဲ့မှတစ်ဆင့်ဖြစ်စေ၊ သူကိုယ်တိုင် ဖြစ်စေ၊ ဝန်ချတောင်းပန်တတ်လေ့ ရှိသည်။ ထိုသို့ တစ်ဖက်သားက တောင်းပန်လာပြန် သောအခါ၌လည်း စိတ်သဘောလွယ်သော မြိုင်သည် ခွင့်လွှတ်ကျေအေးတတ်ပေသည်။

သို့ရာတွင် ယခုတစ်ခေါက် ဖြစ်ပွားသော ကိစ္စ၌ မြိုင်သည် ယခင်အခါများကထက် အခံရ ခက်လေသည်။ ကိုသက်တင်သည် ယခုတစ်ခေါက်တွင် ယခင်အခါများကထက် ဗိုလ်ကျလွန်း အားကြီးသည်ဟု မြိုင်က သဘောထားသည်။ အသာတကြည်နှင့် ခွင့်လွှတ် ကျေအေး၍ လည်း မဖြစ်တော့ဟု သတ်မှတ်လိုက်သည်။ ထုံးစံအတိုင်း သူ၏အမှားကို သတိရ၍ လာရောက်ဝန်ချတောင်းပန်စေကာမူလည်း သူ့အား တော်တော်နှင့် အတွေ့မခံဘဲ ထားဦးမည်ဟု တင်းတင်းမာမာ သဘောထားလိုက်သည်။ နောက်နောင်တွင် ယခုကဲ့သို့ မပြုမူ၊ မဆက်ဆံရဲအောင် ညှဉ်းထားရန်လည်း မြိုင်သည် ဆုံးဖြတ်လိုက်လေသည်။

ကိုသက်တင်အား စိတ်ဆိုးလျက်ရှိရာမှ သူ၏အကြောင်းကို လျှောက်၍ တွေးရင်း အိမ်သို့ မပြန်လာမီကလေး မောင်မောင်လတ်၏ ကိစ္စနှင့်ပတ်သက်၍ လဲ့လဲ့ကပြောပြလိုက်သော အကြောင်းအရာများကို မြိုင်သည် ဆက်၍ တွေးမိပြန်၏။ လဲ့လဲ့နှင့် မောင်မောင်လတ်တို့၏ ကိစ္စအတွက်နှင့်တော့ မကြာခဏဆိုသလိုပင် ကြားထဲမှမြိုင်သည် စိတ်မောလူမော ဖြစ်ခဲ့ရသည်။ စိတ်ညစ်ညူးခဲ့ရသည်။ သူတို့နှစ်ဦး၏ အဆင်မပြေမှုများအကြားတွင် မြိုင်သည် ပုဏ္ဏားတိုင် လုပ်နေရသည်။ အဆင်ပြေအောင်လည်း လုပ်ပေးနေရသည်။ တစ်ဦးက တစ်မျိုးပြော၍ အခြားတစ်ဦးက ဆန့်ကျင်ဘက်လုပ်နေတတ်သည်။ ဒါကို ကြားထဲမှ မြိုင်က အုပ်အုပ်ဆိုင်းဆိုင်းနှင့် ထိန်းသိမ်းပေးနေရသည်။ စေ့စပ်ပေးနေရသည်။ ဤသို့ ပုဏ္ဏားတိုင် လုပ်နေရခြင်းကို မြိုင်သည်စိတ်ပျက်လှပေပြီ။ ထို့ကြောင့် သူတို့နှစ်ဦး၏ ကိစ္စကို မြန်မြန်ကလေး ပြီးစီးသွားစေချင်သည်။ သို့ရာတွင် ယခုထက်တိုင်တော့ သူတို့နှစ်ဦး၏ လက်ထပ်ကြမည့် အလားအလာနှင့် အရိပ်အရောင်ကိုကား စိတ်ကျေနပ် နှစ်သိမ့်ရ လောက်အောင် မတွေ့ရှိရသေးပေ။ လက်ထပ်ရေးကိစ္စတွင် မိန်းကလေးဖြစ်သော လဲ့လဲ့က အရေးတကြီးနှင့် စိတ်ဝင်စားသလောက် ယောက်ျားကလေးဖြစ်သော မောင်မောင်လတ်ကတော့ ထုံးစံအတိုင်း ခပ်ပေါ့ပေါ့ သဘောထားပုံရသည်။ နှစ်ဖက်သော လူကြီးများက လူငယ်များ၏ အရိပ်အကဲကိုကြည့်နေကြသည်။ လူငယ်များက သူတို့ဘာသာသူတို့ တောင်းဆိုလာကြတော့မှပင် ဝတ္တရားအတိုင်းစီစဉ်ပေးမည့် လက္ခဏာရှိလေသည်။ ဤ အခြေအနေအတိုင်းသာဆိုလျှင် လဲ့လဲ့နှင့်မောင်မောင်လတ်တို့၏ လက်ထပ်ရေးကိစ္စသည် တော်တော်နှင့် ပြီးစီးနိုင်မည့်ပုံ မပေါ်သေး။ သူတို့နှစ်ဦး၏ ကိစ္စမပြီးမချင်း မြိုင်သည် ကြားထဲမှ ပုဏ္ဏားတိုင် လုပ်ပေးနေရဦးမည်သာဖြစ်၏။ တစ်ဖက်ပိတ်ရ၊ တစ်ဖက်ဖာရနှင့် စိတ်မော

လူမော ဖြစ်နေရဦးမည်လည်း ဖြစ်သည်။

ကိုသက်တင်ကိစ္စပြီးသွားပြီးနောက် လှဲ့လှဲ့နှင့်မောင်မောင်လတ်တို့၏ ကိစ္စကိုပါ ဆက်လက်၍ စဉ်းစားနေမိသောကြောင့် မြိုင်သည် ဇက်များလေးကာ ခေါင်းထဲကလည်း နောက်ကျိကျိ ဖြစ်လာသည်။ အိပ်ရာထက်တွင် သက်သက်သာသာ လှဲနေရသည့်တိုင်အောင် စိတ်ထဲ၌ ကျဉ်းကျပ်သလို ဖြစ်လာသည်။ မွန်းနေသလိုလည်း ဖြစ်လာသည်။ သန်းခေါင်သည်ပင် ကျော်လွန်ခဲ့ပြီ ဖြစ်သည်။

မြိုင်၏ ခုတင်ခေါင်းရင်းဘက်ရှိ မှန်ပြတင်းတံခါးမှ ငွေလရောင်သည် တစိမ့်စိမ့် ယိုစီး၍ ဝင်နေ၏။ နွေ၏ ညပင်ဖြစ်သော်ငြားလည်း သန်းခေါင်ယံ လွန်မြောက်လာခဲ့ပြီ ဖြစ်၍ အေးမြစ ပြုလာ၏။

မြိုင်သည် အိပ်ရာထက်၌ မွန်းသလိုရှိသဖြင့် ခြင်ထောင်ကိုလှစ်၍ ခုတင်ပေါ်မှ ဆင်းလိုက်သည်။ အိပ်ရာထက်၌ လှဲနေရခြင်းကိုပင်စိတ်ပျက်သလို ရှိလာ၏။ မြိုင်သည် ငွေလရောင် ထိုးဝင်နေသော ခေါင်းရင်းပြတင်းပေါက်ဘက်သို့ လျှောက်လာသည်။ ပြတင်း တံခါးဝတွင် အတန်ကြာရပ်နေမိပြီးမှ တံခါးကို ဖြည်းညင်းစွာ ဖွင့်လိုက်သည်။

အပြင်အပမှ လေသည် ဖော့ယမ်းတိုက်ခတ်၍ ဝင်လာ၏။ မြိုင်သည် စိမ့်ခနဲ ဖြစ်သွား၏။

လင်းပွင့်နေသော နွေ၏ညသည် လရောင်ကြယ်ရောင်များအောက်၌လှပလျက် ရှိသည်။ မြိုင်သည် လတ်ဆတ်သော ညလေကို အားရပါးရ ရှူရှိုက်ရင်း မိုးကောင်းကင် ပြင်မှ ငွေလမင်းကို မော်၍ ကြည့်လေသည်။ မိုးကောင်းကင်သည် မြူတိမ်များကင်းစင်သဖြင့် ပြာလဲ့နေသည်။

ပြတင်းပေါက်ဝတွင် ရပ်ကာ မြိုင်သည် လှပသော မိုးကောင်းကင်ကို မော်ကြည့်ရင်း လတ်ဆတ်သော လေကိုရှူရှိုက်နေရသဖြင့် အနည်းငယ်ကြည်လင်လန်းဆန်းစ ပြုလာသည်။ စောစောက နောက်ကျိရှုပ်ထွေးနေသော ဦးနှောက်သည်လည်း ရှင်းလင်းစပြုလာသည်

လေက ခပ်ထန်ထန်ကလေး ဖော့ယမ်းတိုက်ခက်နေသဖြင့် ခြံ၏ ခေါင်းရင်းဘက်ရှိ ဝါးပင်များသည် လရောင်အောက်၌

ယိမ်းနွဲ့လှုပ်ရှားနေကြသည်။ ဝါးရွက်များ တစ်ရွက်နှင့် တစ်ရွက် ပွတ်သပ်တိုးဝှေ့မိကြသဖြင့် တရှီးရှီးမြည်သံများကိုလည်း မသဲမကွဲ ကြားရလေသည်။

မြိုင်သည် လေအလျင်၌ ယိမ်းနွဲ့လှုပ်ရှားလျက်ရှိသော ဝါးရုံပင်များကို ငေးမော ကြည့်ရှုနေရင်း ၎င်း၏ ကျဉ်းမြောင်းလှသော ကမ္ဘာကလေးထဲသို့ မသိမသာ ဝင်ရောက်စ ပြုနေပြီဖြစ်သော လူသစ်တစ်ယောက်၏အကြောင်းကို စိတ်ကမစောဘဲနှင့် အလိုလို စဉ်းစားလာမိသည်။ ထိုလူသစ်အကြောင်းကို စဉ်းစားရင်း မြိုင်သည် သာယာကြည်နူးသလိုတော့ ရှိသည်။ သို့ရာတွင် မည်မည်ရရတော့လည်းမဟုတ်။

ထိုသူသည် သတင်းစာတိုက်တွင် အလုပ်လုပ်ရသော အလုပ်သမားတစ်ယောက်သာ ဖြစ်၏။ နမဖြစ်သော လဲ့လဲ့က အလကားလူတစ်ယောက်ဟုသာ ဆိုသော်လည်း အစ်ကိုကြီးကိုသက်ထွန်းကတော့ သူ၏ သတင်းစာလုပ်ငန်း၌ သူနှင့် လုပ်ဖော်ကိုင်ဖက် မိတ်ဆွေတစ်ယောက်ပါဟု မြိုင့်အား ညီတူတန်းတူသဖွယ် မိတ်ဆက်ပေးခဲ့သည်။ ထိုသူ တစ်ယောက်သည် မြိုင် သိကျွမ်းသော အထက်လွှာ ပတ်ဝန်းကျင်မှ အခြားအခြားသော လူများနှင့် မတူဘဲ တစ်ဘာသာတစ်မူ သက်သက် ဖြစ်ကြောင်းကိုကား စ၍ တွေ့ဆုံလျှင် တွေ့ဆုံရချင်း မြိုင်က သတိပြုမိပြီး ဖြစ်လေသည်။ လဲ့လဲ့၏ အစ်ကိုကြီး ကိုသက်ထွန်း မိတ်ဆက်ပေးသဖြင့် အသိအကျွမ်းတစ်ယောက်အဖြစ် အသိအမှတ်ပြု၍ လက်ခံလိုက်ရ သော်လည်း ထိုလူတစ်ယောက်သည် ဂုဏ်အသရေရှိသော ဧည့်ခန်းဆောင်မှ ခေတ်ပညာတတ် လူယဉ်ကျေးများနှင့် မတူပေ။ ထိုသို့ မတူခြင်းကပင်လျှင် မြိုင်အဖို့ ထိုသူအား အသိအမှတ်ပြုရန် အကြောင်းတစ်ခု ဖြစ်လာပုံရသည်။

ထိုသူသည် ကျန်းမာသန်စွမ်းသော လူတစ်ယောက်ဖြစ်၏။ ခါးချိကလေးနှင့်တော့ကား မဟုတ်။ လူ့ဘဝ၏ တိုက်ပွဲကို ဆိုးဝါးသော ရာသီဥတုများအကြား၌ အလူးအလဲ ရှန်းကန်ခဲ့ရဟန်ရှိ၏။ ခံနိုင်ရည်လည်း ရှိပုံရ၏။ နေပူမိုးရွာထဲ၌ ပြေးလွှားနေခဲ့ရသဖြင့် သူ၏ အသားအရေမှာ ခပ်ညိုညိုဖြစ်လေသည်။ သို့ရာတွင် တော်တော်ခန့်ညားသော လူတစ်ယောက်ကား ဖြစ်သည်။

အလုပ်သမားတစ်ယောက်သာ ဆိုရသော်ငြားလည်း

သူ၏အမူအရာနှင့် အသွင်အပြင်သည် တည်ငြိမ်၍ ဣန္ဒြေရသည်။ သူ့ကို နှိမ့်ချသူကိုပင် များစွာ ပမာထားပုံမရ။ သို့ရာတွင် မထီလေးစားသော အမူအရာလည်းမဟုတ်။ မြိုင် သိရှိထားသော ဥပေက္ခာ သဘော ခပ်ဆန်ဆန်ဖြစ်၏။

မင်းပရိသတ်စုံညီသော ပွဲသဘင်၌သာ ရွှေနားတော်သွင်းရသော မြန်မာသီချင်းကြီး သီချင်းခံများနှင့် ပတ်ပျိုးယိုးဒယားစသော သီချင်းများကို အတော်များများတတ်မြောက်ထားဟန်ရှိသော်လည်း ထိုသူသည် လယ်ကွက်နှင့် ရွာအကြိုအကြားမှ သီချင်းများလောက်သာ အရေးထားပုံရ၏။ ဆင်းရဲသား ကျွန်တော်မျိုးများ၏ သီချင်းအကြောင်းကိုသာ အမွှမ်းတင်ပြောဆို၏။ ရွှေနန်းတော်ကြီး၏ အနုပညာကို မထီမဲ့မြင်ပြုကာ နောက်ပိတ်ခွေးတို့၏ အိုင်ချင်းနှင့်ညည်းချင်းများကိုသာ မြတ်နိုးပုံရ၏။ သူသည် နံ့သာနီတောင် ပတ်ပျိုးကို လုလုပပနှင့် ပီပီသသ တီးပြသွား၏။ ငယ်စဉ်က ဂီတနှင့် တူရိယာကို စနစ်တကျ သင်ကြားခဲ့ရဖူးကြောင်းလည်း ပြောသွား၏။ သူသည် ဘယ်သူဘယ်ဝါ၏ သားဖြစ်သနည်း။ သူ၏မိဘနှင့် မျိုးနွယ်တို့သည် အဘယ်အတန်းအစားထဲက ဖြစ်ကြသနည်း။

သို့ရာတွင် ထိုသူ၌ မြိုင့်အမြင်တွင် အနည်းငယ်ရိုင်းပျသည် ထင်ရသော အားနည်းချက်ကလေးတစ်ချက်ရှိသည်။ ထိုအချက်သည် အခြားမဟုတ်။ ဂီတအကြောင်းသာ ပြောဆိုခြင်းပြုရသည့် အချိန်တစ်ခု၌ သူသည် အမေရိကန်ပြည်၏ ဘောဂဗေဒအကြောင်းကို ပြောဆိုလျက်ရှိ၏။ မွန်ရိုနှင့် ထရူးမင်းအစိုးရအဖွဲ့များ၏ နယ်ချဲ့ဝါဒသမိုင်းပမာဏကို ပြောဆိုနေ၏။ ထိုသို့ပြောဆိုနေသော အချိန်၌ မြိုင်သည် ထိုအလုပ်သမားကို နားမလည် နိုင်ရှာတော့ပေ။ သူသည် ဧည့်ခန်းဆောင်လည်မှ ဂုဏ်အသရေရှိ အမျိုးသမီးတစ်ဦး တစ်ယောက်အား ဘာတွေလျှောက်ပြောဆို နေသနည်း။ စင်စစ်တော့လည်း မြိုင်သည် ထိုအလုပ်သမား၏ အသိကို မမီနိုင်သေးခြင်းသာဖြစ်သည်။ အသိချင်း မညီမျှသည့် အတွက်ကြောင့်လည်း သူ့အား အနည်းငယ် ရိုင်းပျသည်ဟု သဘောထားခဲ့မိခြင်းဖြစ် လေသည်။ ရိုင်းပျသည်ဟုဆိုရာ၌ ရုန့်ရင်းသော သဘောမဟုတ်။ အလိုက်မသိတတ်သော သဘောမျှသာဖြစ်လေသည်။

မြန်မာဂီတဝင်၌ တင်ရှိနေသေးသော ကြွေးအကြောင်းကို သူကပြောဆိုပြန်၏။ သူသည် ရှင်းလင်းသော မြန်မာဝေါဟာရစကားများကိုသာ ပြောဆိုခြင်းဖြစ်သော်လည်း မြိုင်ကတော့

သူဘာဆိုလိုမှန်း နားမလည်လိုက်မိပေ။ သူ့ ဝေါဟာရသည် ရိုးသားပါ၏။ သို့ရာတွင် မြိုင်သည် အဘယ်တွက်ကြောင့် နားမလည်နိုင်ရသနည်း တစ်ယောက်နှင့် တစ်ယောက် အဘယ်သို့ ကွဲပြားကြသနည်း။

ဘောဂဗေဒ ပညာရပ်အကြောင်းကို ကျွမ်းကျွမ်းကျင်ကျင် ပြောဆိုသွား၏။ သို့အတွက် ထိုအလုပ်သမားသည် ကျောင်းကြီးထွက်တစ်ယောက်များ ဖြစ်လေမည်လားဟူ၍ သိချင်သောစိတ်ဖြင့် မြိုင်က လူကုံထံ ပညာတတ် အမျိုးသမီးတစ်ဦးပီသစွာ သွယ်ဝိုက် လှည့်ပတ်၍ မေးမြန်းကြည့်မိ၏။ သို့ရာတွင် ဘောဂဗေဒသမိုင်းအကြောင်း ပြောဆိုသူက သူသည် အထက်တန်းကျောင်း၌မှာပင် ပညာမသင်ကြားခဲ့ရပါဟု ပြန်လည်ဖြေကြားသွား၏။ ထိုသို့ဆိုသောအခါ သူ့အပေါ်၌ အဘယ်သို့ နားလည်ရမှန်းမသိအောင် ဖြစ်ရပြန်လေ၏။ အလယ်တန်းကျောင်းထွက်တစ်ယောက်သည် နိုင်ငံတစ်ခု၏ အမျိုးသားဝင်ငွေနှင့် လူတစ်ဦး၏ အချိုးကျဝင်ငွေကို အဘယ်သို့ တွက်စစ်တတ်ပါမည်နည်း။

ကိုတင်ဦးဆိုသော လူတစ်ယောက်သည် မြိုင့်အဖို့ လူသစ်တစ်ယောက်ဖြစ်၏။ အခြားအခြားသော လူများနှင့်မတူ၊ တသီးတခြားနှင့် တစ်ဘာသာဖြစ်၏။ ထို့ကြောင့်လည်း မြိုင်သည် ထိုလူတစ်ယောက်အပေါ်၌ အထူးအဆန်းသဖွယ် စိတ်ဝင်စားမိခြင်း ဖြစ်ပုံရ၏။ သို့ရာတွင် ထိုသူပီယာနိုတီးတတ်ပုံကိုတော့ကား မြိုင်သည် များစွာနှစ်ခြိုက် အံ့သြပါ၏။

မြိုင်သည် ထိုညက တော်တော်ကြီး ညဥ့်နက်မှ အိပ်ရာဝင်၏။ အိပ်ရာအဝင်၌ ဖတ်နေကျဖြစ်သော ကဗျာဆရာတင်နီဆင်၏ ကဗျာ့ပဒေသာ စာအုပ်မှကဗျာတစ်ပုဒ်ကို ဖတ်မိအောင် ဖတ်လိုက်သေး၏။ ထိုညက မြိုင်ဖတ်သော ကဗျာတစ်ပုဒ်မှာ အမျှော်စိုက် မယ်ဘွဲ့ ကဗျာတစ်ပုဒ်ဖြစ်သည့် "မာရီးယားနား" ဖြစ်၏။

"သေလုပါပြီ... ကြွေလုပါပြီ.... ဘုန်းဘယ့်တွက် မလာသေး.. လွမ်းတာနဲ့ဆွေး...."

ကဗျာဆုံးသွားသောအခါ မြိုင်လည်း တစ်ခါတည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်။ ထိုသို့အိပ်၍ ပျော်သွားစဉ် မြိုင်သည် လှပသော

အိပ်မက်တစ်ခုကို မြင်မက်လေသည်။ ထိုလုပသော အိပ်မက်ထဲ၌ ကိုတင်ဦးနှင့် မြိုင်သည် တွေ့ ရပြန်၏။ တစ်ဦးနှင့်တစ်ဦး တွေ့ဆုံကြရပုံမှာလည်း ချစ်စရာတော့ ကောင်းသည်။ သူက မြိုင်၏ ပီယာနိုခုံ၌ ထိုင်ကာ ထင်ရှားကျော်ကြားလျက်ရှိသော "ဂန္ဓမာတောင်" သီချင်းကို တီးပြ၏။ သူသည်ပီယာနိုကို တီးခတ်ရာ၌ ကြေးစားပညာသည်များနှင့်မခြား ပိပိရိရိရှိသည်။ ဣန္ဒြေလည်းရသည်။

မြိုင်ကတော့ သူ့ဘေးတွင်ရပ်၍ နားထောင်၏။ မဉ္ဇူသက နတ်ပန်းဘွဲ့ကို တီးခတ်သွားရာ၌ "ယက္ခတ်ငယ် နတ်မှုူး... ဘီလူးငယ် ဂုမ္ဘာဏ် ချိုသာနိုင်ပဲ နေမြဲစောင့်ကာရံ" ဟူသော အပိုဒ်သို့ ရောက်သောအခါ၊ သူ့ဘာသာ သူ ဘာအဓိပ္ပာယ်နှင့်တော့မသိ။ သုံးလေးခေါက်မျှ ပြန်၍ ကျော့ပြီးရင်းကျော့လေသည်။ ထိုအပိုဒ်ကို သုံးလေးခေါက်မျှ ပြန်၍ ကျော့ရင်း၊ သူသည် မြိုင့်အားအသနားခံသော အမူ အရာဖြင့် လှမ်း၍ လှမ်း၍ ကြည့်လေသည်။

မြိုင်က သူ့အပေါ်၌ ကရုဏာအရှိသား၊ သို့ရာတွင် အနေရကျပ်သလိုရှိသောကြောင့် ခေါင်းငုံ့နေလိုက်ရသည်။

❦ ❦ ❦

လဲ့လဲ့တို့အိမ်၌ ပြုလုပ်သော ဘုရားကိုးဆူ ကပ်လှူပွဲမှ ပြန်လာခဲ့သော ညမှစ၍၊ မြိုင်၏ ကျဉ်းမြောင်းလှသော အသိအကျွမ်းများစာရင်းထဲတွင် ကိုတင်ဦးဆိုသူ ပါဝင်လာသည်။ ထိုသူ ပါဝင်လာသဖြင့် မြိုင်၏ ဘဝကို အဘယ်သို့ ပြောင်းလဲခြင်းဖြစ်စေဦးမည့် အရေးကို မြိုင်သည် မသိနိုင်သေးသကဲ့သို့ ထိုသူသည်လည်း သိနိုင်ရှာသည်မဟုတ်ပေ။

မြိုင်၏ အသိအကျွမ်းများ စာရင်းထဲ၌၊ အထက်တန်းစား ပညာတတ်များ၊ အရာရှိကြီးများနှင့် မြို့တော်၏ မျက်နှာဖုံးများ ပါရှိပေသည်။ သို့ရာတွင် ထိုအသိအကျွမ်းများ အပေါ်၌ မြိုင်သည် ထူးထူးခြားခြား စိတ်ဝင်စားခြင်းမျိုးကား မရှိခဲ့ဖူးပေ။ သူတို့ အားလုံး လိုလိုပင်၊ တစ်နည်းမဟုတ်၊ တစ်နည်းအားဖြင့် စိတ်ဝင်စားစရာ ကောင်းသော၊ လူတော် လူတတ်ကြီးများသာ ဖြစ်ကြလေသည်။ သို့ရာတွင် ထူးထူးခြားခြား စိတ်ဝင်စားရလောက်အောင်၊ အသိအမှတ်ပြုရလောက်အောင် မြိုင်သည် မတွေ့ရှိမိပေ။ သူတို့ပြောဆိုကြသော မြင်းပွဲနှင့်ပြည်ထောင်စုကလပ် ဖဲဝိုင်းအကြောင်းကိုလည်းကောင်း၊ ကပွဲနှင့်အမေရိကန်၊ ကျွဲဂေါ်ပြားများအကြောင်းကိုလည်းကောင်း၊ မြိုင်သည် ကြားရဖူးပေါင်းလည်း များလှပေပြီ။ သူတို့အထဲ၌ ဗမာပြည်အဂသို့၊ အခွန်ထမ်းများ၏ စရိတ်ဖြင့် ရောက်ဖူး ပေါက်ဖူးကြသူများက မြိန်ရေရှက်ရေ ပြောဆိုလေ့ရှိကြသော မောင်တီကာလိုမြို့တော်၏ ကာစီနိုများ၊ လန်ဒန် မြို့တော်၏ ဒါဘီနှင့်အမေရိကန်ပြည်၏ "အင်ပါယာ အဆောက်အဦ" ကြီးများအကြောင်းကိုလည်း မြိုင်သည် ကြားရဖန်များ၍ စိတ်ဝင်စားခြင်းပင်မရှိတော့။ သို့ရာတွင် အလယ်တန်းကျောင်းမှ ထွက်၍၊ ဘောဂဗေဒပညာရပ်အကြောင်းကို ပြောဆိုကာ ပီယာနိုကို ကြေးစား ပညာသည်များနှင့်မခြား တီးခတ်ပြသွားခဲ့သော သတင်းစာတိုက်မှ အလုပ်သမားတစ်ယောက်ကိုကား မြိုင်သည် ထူးထူးခြားခြားစိတ်ဝင်စားမိသည်။ ရွှေနန်းတော်ကြီး၏ အနုပညာရပ်များကို မထီမဲ့မြင်ပြု၍ လယ်တောသူမ၏ မယဉ်ကျေးသော အိုင်ချင်းများကိုသာ ဂုဏ်တင်နေခြင်းသည် မြိုင့်အတွက် ထူးခြားလျက်ရှိသည်။

မြိုင်သည် ထိုလူတစ်ယောက်အပေါ်၌ စိတ်ဝင်စားလာသဖြင့် သူ့အကြောင်းကိုလည်း သိချင်သလိုဖြစ်လာသည်။ သို့ရာတွင် ဘယ်အမျိုးအနွယ်နှင့် ဘယ်သူဘယ်ဝါ၏ သားသမီးမှန်းပင် မသိရှိသော ထိုအလုပ်သမား၏ အကြောင်းကို ရွှေတောင်ကြားထဲ၌ စုံပယ်လျက်ရှိသော

မိဖုရားကလေး မြိုင်က အဘယ်သို့ သိရှိရပါမည်နည်း။

သိနိုင်ခက်ခဲသော ထိုလူအညတြ၏ အကြောင်းကို မြိုင်သည်သိရှိချင်သည်ထက်သာ သိရှိလို၏။ ထို့ကြောင့် ထိုသူနှင့် စတင်တွေ့ခဲ့ရပုံ ထိုသူပြောဆိုသွားသော စကားများနှင့် ထိုသူ၏ အမူအရာ အနေအထားများကို တစ်ခုပြီးတစ်ခု မြိုင်သည် ပြန်လည်၍ တွေးခေါ် ကြည့်မိသည်။ စဉ်းစားစိတ်ကူးမိသည်။

ထိုသူ၏ ရုပ်လုံးသည် ခပ်ဝါးဝါးလောက်သာ ပေါ်၏။

စံပယ်ရုံဘေး၌ နှစ်ယောက်သားစကားပြောဆိုနေကြရာမှ မောင်မောင်လတ်ရောက်ရှိ လာပြီးနောက် မောင်မောင်လတ်နှင့် ထွက်သွားကြပုံများကို စိတ်ကူးကြည့်မိသောအခါ သူ့ အကြောင်းကိုတော့ မောင်မောင်လတ်သည် သိရှိသလောက် သိရှိလိမ့်မည်ဟု တွေးတော မိ၏။ ထို့ကြောင့် မောင်မောင်လတ် ၎င်းတို့အိမ်သို့ လာလည်သောအခါ မသိမသာစုံစမ်း ကြည့်ဦးမည်ဟု အောက်မေ့ကာ မောင်မောင်လတ်ကိုပင် ခါတိုင်းထက် မျှော်မိ၏။ ထိုသို့ မျှော်မိကာမှ မောင်မောင်လတ်တစ်ယောက်ကား မြုပ်ချက်သားကောင်းနေ၏။ လဲ့လဲ့တို့အိမ်၌ ဘုရားကိုးဆူ ကပ်လှူသောညက အိမ်သို့ပြန်လာခဲ့ပြီးနောက် ဆယ်ရက်ခန့်အတွင်း မြိုင်တို့အိမ်သို့ ဘယ်သူမျှလာမလည်ကြပေ။ ထို့ကြောင့် မြိုင်သည် များစွာ ပျင်းရိနေမိသည်။ သို့ရာတွင် နောက်ဆုံး၌ မြိုင်သည် ကိုတင်ဦး၏ အကြောင်းကို စုံစမ်းရန် သဲလွန်စကို တွေ့လေသည်။ ထိုသဲလွန်စဆိုသည်မှာ အခြားတော့မဟုတ်။ ယခင်က မြိုင် ဘယ်တုန်းကမှ မဖတ်ခဲ့သော ပြည်သူ့အလင်း သတင်းစာပင် ဖြစ်လေသည်။

မြိုင်သည် ယခင်က မည်သည့်သတင်းစာကိုမဆို လေးလေးနက်နက် ဖတ်ရှုစဉ်းစားခြင်း မပြုတတ်ပေ။ ထို့ထက်အလွန်တရာ လေးလေးနက်နက် ရေးသားလေ့ရှိသော ပြည်သူ့အလင်း သတင်းစာကို ဘယ်တုန်းကမှ မဖတ်ကြည့်ခဲ့မိပေ။ သို့ရာတွင် မန်နေဂျင်း ဒါရိုက်တာ ဦးသက်ထွန်းနှင့် အယ်ဒီတာ မောင်တင်ဦးတို့က တာဝန်ခံ ပုံနှိပ်ထုတ်ဝေသည် ဆိုသော ပြည်သူ့အလင်းသတင်းစာကို ယခုအခါတွင် မြိုင်သည် စိတ်ဝင်စားစပြုလာလေပြီ။ ထိုသတင်းစာကို ဖတ်ရှုခြင်းဖြင့် ထိုသတင်းစာ အယ်ဒီတာ၏ စိတ်နေသဘောထားကို ရနိုင်သမျှ အကဲခတ်လိုသည်။ သို့ရာတွင် သတင်းစာ အယ်ဒီတာ၏ ဥပမိရုပ်ကို စိစစ် အကဲခတ်နိုင်လောက်သည့် အရည်အချင်းနှင့် အခြေခံ မိမိ၌ ရှိသည်

မရှိသည်ကိုတော့ မြိုင်သည် ထည့်သွင်း စဉ်းစားမိဟန်မရှိပေ။

ပြည်သူ့အလင်း သတင်းစာသည် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေလျက်ရှိကြသော သတင်းစာများ၏ အရွယ်ဖြစ်၍ သတင်းစာ၏ မျက်နှာဖုံးလက်ယာဘက် နှစ်ကော်လံတွင် သတင်းစာ၏ အာဘော်ဖြစ်သော ခေါင်းကြီးပိုင်းကို ရေးသားဖော်ပြထားလေသည်။

မြိုင်သည် ခေါင်းကြီးပိုင်းကို အရင်ဦးစွာ ဖတ်ရှုကြည့်ရန် အားထုတ်၏။ ခေါင်းကြီး ပိုင်းဆိုသည်မှာလည်း သတင်းစာ တာဝန်ခံ အယ်ဒီတာ၏ အယူအဆနှင့် သဘောထားများ သာလျှင် ဖြစ်တတ်ရကား ခေါင်းကြီးပိုင်းကိုဖတ်၍ မြိုင်သည် ထိုသူ၏စိတ်နေသဘောထားကို အကဲခတ်ကြည့်ရှုရန် စဉ်းစားမိပုံရလေသည်။

ထိုအချိန်သည် အာရှအရှေ့ဖျားရှိ ကိုရီးယားကျွန်းဆွယ်ကလေး၌ ကုလသမဂ္ဂ အမည်ခံ အမေရိကန်နှင့် အင်္ဂလိပ်တို့ ဦးစီးထားသော ဆယ့်ခြောက်ပြည်ထောင်တပ်များနှင့် ကိုရီးယား ပြည်သူ ပြည်သားတို့ တစ်ဖက်နှင့်တစ်ဖက် ပြင်းပြင်းထန်ထန် တိုက်ခိုက်နေကြ သော အချိန်ဖြစ်သည်။ ၎င်းတို့၏ လွတ်လပ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် သူ့ရသတ္တိနှင့် ခုခံတိုက်ခိုက်နေကြသော ကိုရီးယား ပြည်သူပြည်သားများအား ကျူးကျော်ရေးသမားများသည် ၎င်းတို့၌ ရှိရှိသမျှသော လက်နက်ကြီးများဖြင့် သတ်ဖြတ်နှိပ်ကွပ်၍ မနိုင်နိုင်သဖြင့် ကမ္ဘာ့ပဋိညာဉ် စည်းကမ်းစာချုပ်ကြီးများနှင့် သဘောတူ ကြေညာချက်ကြီးများကိုပင် ဖောက်ဖျက်ကာ စစ်နှင့်မစပ်ဆိုင်သော သူများကိုပါ အစုလိုက် အပြုံလိုက် သေကျေစေမည့် အဆိပ်ပိုးမွှားဗုံးများကို ကြဲချသုံးစွဲနေကြလေသည်။ အနုမြူဗုံးကိုပင်လျှင် သုံးစွဲဦးမည်ဟု ထိတ်လန့်တကြား ခြိမ်းခြောက်နေပေသည်။

ပြည်သူ့အလင်းသတင်းစာက ထိုသတင်းများကို ဖော်ပြရင်းသတင်းစာ၏ အာဘော် အနေနှင့် အဆိပ်ပိုးမွှားနှင့် အနုမြူဗုံး ဟိုက်ဒရိုဂျင်ဗုံးများကို လုံးဝပိတ်ပင်ပစ်ရန် ခေါင်းကြီး ပိုင်းက တင်းတင်းမာမာရေးသားဖော်ပြလေသည်။

ကိုရီးယား စစ်ပွဲ၏အကြောင်းကို သာမန်မျှလောက်သာ သိရှိထားသော မြိုင်သည် ကမ္ဘာ့ကုလသမဂ္ဂတပ်များ၏ စက်ဆုပ်ဖွယ်ရာ ကျူးလွန်သောအဖြစ်အပျက်ကို ယခုကဲ့သို့ ဖတ်ရှုလိုက်ရသောအခါ များစွာတုန်လှုပ် ချောက်ချားသွားလေသည်။ ကမ္ဘာ့ငြိမ်းချမ်းရေး အတွက်

ငြိမ်းချမ်းရေးကို လိုလားချစ်မြတ်နိုးသော နိုင်ငံများ တည်ထောင်ထားသည့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးသည် ကိုရီးယားပြည်သူပြည်သားတို့အား အဘယ့်ကြောင့် ဤမျှရက်ရက်စက်စက်နှင့် ယုတ်ယုတ်မာမာနှိပ်စက် သတ်ဖြတ်နေရသနည်း။ မြိုင်သည် အဘယ်သို့မျှ နားမလည်နိုင်အောင် ဖြစ်မိသည်။ ယခင်ကမူ ကွန်မြူနစ်များက ကျူးကျော်၍ ကုလသမဂ္ဂအဖွဲ့က ဝင်ရောက်တားဆီးရသလို ဝိုးတဝါးလောက်သာ သိထားခဲ့သည်။ ယခုတော့မူ ဝင်ရောက် တားဆီးရသည်ဆိုသော ကုလသမဂ္ဂက ကိုရီးယား ပြည်သူပြည်သားများအား မျိုးဖြုတ်နေသည်နှင့် တူနေသလော။

ထိုသတင်းစာတိုက်မှ အလုပ်သမား၏ စိတ်နေသဘောထားကို အကဲခတ်နိုင်ရန်အတွက် ၎င်းရေးသားသော သတင်းစာ ခေါင်းကြီးပိုင်းကို ဖတ်ရင်း ထိုသူ၏အကဲကိုကား မခတ်နိုင်ဘဲ ထိုသူ ဆွဲဆောင်ရာသို့ မြိုင်သည် လိုက်ပါသွားလေ၏။ ဤအခြေအနေ၌မှာပင် ထိုသူသည် မိမိထက် အဆမတန် အင်အားကြီးမားသူဖြစ်ကြောင်းကို မြိုင်သည် မစဉ်းစားမိပေ။ သတင်းစာ၏ ခေါင်းကြီးပိုင်းကို အစမှ အဆုံးဖတ်ရှုပြီးစီးသွားသောအခါ မြိုင်သည် အယ်ဒီတာလုပ်သူ ရေးသားဖော်ပြသည့်အတိုင်း ဤမျှကြောက်မက်ဖွယ်ရာကောင်းသော အဆိပ်ပိုးမွှားနှင့် အဏုမြူဗုံး ဟိုက်ဒရိုဂျင်ဗုံးများကို လုံးဝတားမြစ်ပိတ်ပင်မှသာလျှင် လူ့လောကကြီးသည် သက်သာချမ်းသာခွင့်ရတော့မည်ဟု သဘောရလာမိ၏။

ခေါင်းကြီးပိုင်းကို ဖတ်ရှုပြီးနောက်မှ သတင်းစာမျက်နှာဖုံးအပြည့်မျှ ဓာတ်ပုံများနှင့် အကျယ်တဝင့် ရေးသားဖော်ပြထားသော သတင်းကို ဖတ်လေသည်။ ထိုသတင်းကို ဖတ်ရင်း မြိုင်သည် ကျောထဲကပင် စိမ့်လာမိ၏။ သဘာဝ၌ဖြစ်လာတတ်သော ရောဂါဆိုး များကို ကာကွယ်တွန်းလှန်ပစ်ရမည့်အစား ထိုရောဂါဆိုးကိုပင်လျှင် လူ့လောကကြီးအား ဆိတ်သုဉ်းပျက်စီးသွားစေရန်အတွက် မိုက်မဲခြင်းကြီးလှစွာ ကြိုးပမ်းအားထုတ်လျက် ရှိချေပြီလော။

နိုင်ငံခြား ကြေးနန်းသတင်းများကို ဖတ်ရှုကြည့်ပြီးနောက် အတွင်းဘက်၌ ဖော်ပြထားသော ပြည်တွင်းသတင်းများကို မြိုင်သည် ဆက်လက်ဖတ်ကြည့်မိသည်။ ထိုသူသည် မြိုင်ကို ဆွဲခေါ်လျက်ရှိပေပြီ။ သို့ရာတွင် မြိုင်သည် မသိလိုက်ပေ။

ပြည်တွင်းသတင်းကဏ္ဍ၌ ရန်ကုန်မြို့တော် သတင်း၊ နယ်သတင်းနှင့် ပြည်နယ်များ သတင်းဟူ၍ သုံးပိုင်း သုံးကန့်ခွဲကာ ဖော်ပြထားလေသည်။

မြိုင်သည် ထိုသတင်း များအားလုံးလိုလို ဖတ်ကြည့်မိ၏။ မြိုင် ဖတ်ရှုလိုက်ရသော သတင်းများအနက် သာယာသော သတင်းတစ်ပုဒ်တလေမျှပင် မတွေ့မိပေ။ ပြည်တွင်းဆူပူလှုပ်ရှားမှုသတင်းများ၊ ငတ်ပြတ်နာကျင်သော သတင်းများနှင့် နောက်ပိတ်ခွေးတို့၏ ငိုကြွေးမြည်တမ်းသံဖြစ်သော သတင်းများသာဖြစ်ကြလေသည်။

မြိုင်သည် ပြည်တွင်းသတင်းများကို ဖတ်ရင်း ခေါင်းကိုက်ချင်သလို ဖြစ်လာမိ၏။ ရွှေတောင်ကြားထဲ၌ ပီယာနိုတီးနေသူဖြစ်၍ တိုင်းပြည်၌ ဤမျှ ကမောက်ကမ ဖြစ်နေသော အကြောင်းအရာများသည် ရှိနေလိမ့်မည်ဟူ၍ မထင်မိခဲ့ပေ။

ဤသို့သော သတင်းများအပြင် မြန်မာ့ကြေးမုံ ဆောင်းပါး၊ သတင်းနှင့် ဝေဖန်ချက်ဆောင်းပါးအပြင် အယ်ဒီတာထံပေးစာ အစရှိသော အခန်းများကိုပါ တစ်ခုမကျန် မြိုင်သည် စိတ်ရှည်လက်ရှည် လျှောက်၍ ဖတ်ကြည့်လေသည်။

မြန်မာ့ကြေးမုံဆောင်းပါး၌ ကြားနေပါမည်ဆိုသော ပြည်ထောင်စုအစိုးရက အမေရိကန်အစိုးရ၏ ကိုလိုနီစီမံကိန်းအသစ်ဖြစ်သော "စီးပွားရေးအကူအညီ" ကို ရွှေသွား ပါသော နွားကြီးဟု ချီးကျူးလက်ခံသောကိစ္စအား သရော်ထား၏။ ထိုသူ တစ်ခါက ပြောဆိုသွားဖူးသော "ထရူးမင်းဝါဒ" ကို ဘာမှန်းမသိသော မြိုင်သည် ဤဆောင်းပါးကို ဘာမျှနားမလည်လိုက်ပေ။

သတင်းနှင့် ဝေဖန်ချက်ဆောင်းပါးကိုလည်း မြိုင်၏အသိသည် မမီပေ။ ဥရောပ ကာကွယ်ရေးအုပ်စုထဲသို့ ဂျာမနီအနောက်ပိုင်းကို အတင်းအဓမ္မ ထည့်သွင်း၍ စစ်တပ်ကြီးများ ထူထောင်ပေးရန် အားထုတ်ကြိုးပမ်းလျက်ရှိသော အမေရိကန်အစိုးရ၏ နိုင်ငံခြားရေးဝါဒကို အချက်အလက်အထောက်အထားများနှင့် ဝေဖန်ထား၏။ ပထမကမ္ဘာစစ်ကြီး အပြီး ဗာဆိုင်းစာချုပ်နောက်ပိုင်းတွင် အမေရိကန်၏ "ဒေါနှင့်ယန်း" စီမံကိန်းများကြောင့် ဂျာမနီတွင် နာဇီနှင့် စစ်ဝါဒီသမားများ ခေါင်းထောင်လာခဲ့ပြီးလျှင် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့ရပုံကိုလည်း ဖော်ပြထား၏။ သို့ရာတွင် "ဒေါနှင့်ယန်း" စီမံကိန်းများကို ခတ်တော်လားဆိတ်ချေးလားမှ ခွဲခြားမသိတတ်သော မြိုင်သည် ဥရောပကာကွယ်ရေးအုပ်စုနှင့် ဂျာမနီလက်နက်တပ်ဆင်ရေးကိစ္စများကို

အဘယ်သို့ ဆက်စပ်နားလည်နိုင်ပါ့မည်နည်း။

အယ်ဒီတာပေးစာများ၌ နယ်များတွင် လက်နက်ကိုင်လူတစ်စု၏ စစ်ဖိနပ်အောက်တွင် ပြားပြားဝပ်နေကြရသော နောက်ပိတ်ခွေးတို့၏ ငိုချင်းရှည်ကို ဖွဲ့ဖွဲ့နွဲ့နွဲ့ ဖော်ပြထား သည်။ ရန်ကုန်မြို့၏ အပြင်ဘက်ဆို၍ ရှစ်မိုင်ဘက်ရှိ လဲ့လဲ့တို့၏အိမ်ထက် လွန်ကာ မင်္ဂလာဒုံသော်မှ မရောက်ဖူးမပေါက်ဖူးရှာသော မြိုင်သည် တောက ငဘတို့၏ဇာတ်ခုံကို အဘယ်သို့ နားလည်နိုင်ပါ့မည်နည်း။ ထိုသူက ဆွဲဆောင်နိုင်အားကြီးသောကြောင့်သာ ဖတ်လိုက်ရသော် မြန်မာစကားပြေရိုးရိုးနှင့် ရှင်းရှင်းလင်းလင်း ရေးထားသော ထိုဆောင်းပါးများကို မြိုင်သည် ရေရေရာရာနားလည်ခြင်းမရှိပေ။

သတင်းစာကို မဖတ်စဖူး အစမှအဆုံးအထိ ဖတ်ရှုပြီးစီးသွားသောအခါ မြိုင်သည် တော်တော်ကလေး စိတ်မကောင်းဖြစ်ကျန်ရစ်ခဲ့လေသည်။ ယခင်က ဤကဲ့သို့သော သတင်းစာကို မဖတ်မိဖူးသဖြင့် ဤကဲ့သို့လည်း စိတ်မကောင်းမဖြစ်ခဲ့ရစဖူးပေ။ ယခုမှပင် ဤလူနှင့်ပတ်သက်၍ ဤသတင်းစာကို ဖတ်ကြည့်မိသဖြင့် မိမိ နေထိုင်လျက်ရှိသော တိုင်းပြည်နှင့် ကမ္ဘာမြေတစ်ခွင်၌ ဘာတွေဖြစ်ပျက်နေကြသည်ကို ဝိုးတဝါးကား သိရှိစ ပြုလာရပေ၏။ ထိုသို့ သိရှိလာရသောအခါ၌ စိတ်သက်သာ ပျော်မွေ့ဖွယ်ရာဆို၍ ဘာတစ်ခုမျှ မတွေ့မိပေ။ မည်သို့ပင်ဖြစ်စေကာမူ မိမိနေထိုင်ကြီးပြင်းလာခဲ့ရသော ကမ္ဘာကလေးအတွင်းမှ ခေါင်းပြူထွက်၍ လူသန်း ထောင်ပေါင်းများစွာ နေထိုင်လျက်ရှိကြသော အပြင်အပ ကမ္ဘာကြီးအား တစေ့တစောင်း ကြည့်ရှုလိုစိတ်များသည် မြိုင်၏အသိတွင် မသိမသာ ဝင်ရောက်ကိန်းအောင်းစပြုလာလေပြီ။

မူလက ထိုသတင်းစာတိုက်မှ အလုပ်သမားတစ်ယောက်၏အကြောင်းကို စူးစမ်း သိရှိလို၍ ဘယ်တုန်းကမှ ယောင်၍ ပင် ဖတ်မကြည့်ဖူးသော ထိုသတင်းစာကို ဖတ်ကြည့် ခြင်းမျှသာ ဖြစ်၏။ သို့ရာတွင် ထိုသတင်းစာကို ဖတ်ရှုရင်း မြိုင်၏ရည်မှန်းချက်သည် သတင်းစာဆရာ၏ ကြီးမားသော အင်အားကြောင့် မှေးမှိန်အားနည်းသွားသည်။ ထိုသူသည် မြိုင့်ကိုပင်လျှင် ကျဉ်းမြောင်းလှသော သူမ၏ကမ္ဘာကလေးထဲမှ ဆွဲထုတ်ကာ လူ သတ္တဝါများ နေထိုင်လျက်ရှိသော ဂြိုဟ်ကြီးတွင် စိတ်မချမ်းမြေ့ဖွယ်ရာ တရားလက်လွတ် ဖြစ်ပျက်နေသော လူ့ဇာတ်ထုပ်ကြီးကို ကျွမ်းကျင်စွာ

ဖွင့်လှစ်ပြောပြလျက်ရှိသည်။ နာကျင်ခြင်းကြောင့် လူသား၏ ဟစ်အော်သည်းတွားသံများငိုကြွေးသံများနှင့် နာကျင်ရခြင်းကို မခံမရပ်နိုင်တော့၍ ရုန်းကန်လှုပ်ရှားလျက်ရှိသော လူသား၏တိုက်ပွဲများကိုလည်း မသိမသာ ဖော်ပြသည်။ သို့ရာတွင် ပေါင်မုန့်တစ်ချပ်တည်းကိုပင်လျှင် နှစ်ဖက်စလုံး ထောပတ်သုတ်၍ စားနေခဲ့ရသော မြိုင်သည် ထိုလူခြယ်ပြလျက်ရှိသော လူ့ဇာတ်ထုပ်ကြီးကိုကား နှစ်နှစ်ကာကာ သဘောပေါက်နားလည်နိုင်ဦးမည်တော့ မဟုတ်သေး။ အပေါ်ယံမျှလောက်သာ ဖြစ်လိမ့်မည်။ မည်သို့ပင်ဖြစ်စေကာမူလည်း ကိုတင်ဦးဆိုသော လူတစ်ယောက်နှင့် စတင်တွေ့ရှိလိုက်ရသည့်အတွက် ရွှေတောင်ကြားထဲတွင် ပီယာနိုတီး၍ စိတ်ကူးယဉ် ကဗျာများ ဖတ်နေခဲ့သော မြိုင်တစ်ယောက်သည် ၎င်း၏ သေးကွေးလှသော ဥခွံကလေးထဲမှ ခေါင်းပြူထွက်ကာ ၎င်းနေထိုင်လျက်ရှိသော ဤပြဲပြဲဟ်ကြီးအား တစေ့တစောင်း ကြည့်ရှုတတ်စပြုခဲ့လေပြီ။ စိတ်ဝင်စားရကောင်းမှန်းလည်း သိရှိစပြုလေပြီ။

ထိုသူတစ်ယောက်၏ အတွက်နှင့် ပတ်သက်၍ တစ်ခုတော့ မြိုင်သည် စိုးရိမ် ကြောင့်ကြမိလေသည်။ ထိုတစ်ခုသည် အခြားတော့ကား မဟုတ်။ ကိုတင်ဦးဆိုသူသည် မြိုင်၏ အသိ၌ အလွန်တရာထိတ်လန့် ကြောက်ရွံ့စရာကောင်းနေသော ကွန်မြူနစ်ကြီး တစ်ယောက်များ ဖြစ်နေမည်လားဆိုသော အချက်ပင် ဖြစ်လေသည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် တစ်ကမ္ဘာလုံး၌ရော၊ ဗမာပြည်၌ပါ လူသိများလာသော ကွန်မြူနစ်ဆိုသည့် ဝေါဟာရတစ်ရပ်နှင့်ပတ်သက်၍ ရွှေတောင်ကြားတွင် နေထိုင် ကြီးပြင်းလာရသော မြိုင်သည် အလွန်တရာ ထိတ်လန့်ကြောက်ရွံ့စရာအကြောင်းအရာ ကြီးအဖြစ် တစ်ခုနှင့်သာ တစ်ဖက်သတ်သတ် နားလည်မှတ်သားခဲ့လေသည်။ စင်စစ် တော့ကား အသိဉာဏ်ခေါင်းပါးလျက်ရှိသော လူကြီးအချို့က အကျိုးအကြောင်း ဘာမျှ ဆက်စပ်စူးစမ်းခြင်းမပြုတတ်သေးသော ကလေးသူငယ်များအား တကယ်လည်း မရှိသော တစ္ဆေ၊ သရဲ စသော ဝေါဟာရများဖြင့် ခြောက်လှန့်ခြင်းပြုတတ်သည့်နည်းတူ မြိုင်သည်လည်း ခြောက်လှန့်ခြင်းခံခဲ့ရသော မိန်းကလေးတစ်ဦးသာ ဖြစ်သည်။

ကွန်မြူနစ်ဝါဒနှင့် ပတ်သက်၍ လည်းကောင်းကွန်မြူနစ်ပါတီများ၏ ဝါဒလုပ်ငန်းစဉ်နှင့် ပတ်သက်၍ လည်းကောင်း မြိုင်သည် ဘာတစ်ခုမျှ သိရှိထားသည်ကား မဟုတ်ပေ။ ကွန်မြူနစ်ဆန့်ကျင်ရေး အသင်းအဖွဲ့များ သတင်းစာဂျာနယ်၊ မဂ္ဂဇင်းနှင့် လူပုဂ္ဂိုလ်များ ရေးသားပြောဆိုကြသလောက်၊ ဝါဒဖြန့်ကြသလောက်သာလျှင် မြိုင်သည် နားစွန် နားဖျား ကြားဖူးလေသည်။ ဝိုးတဝါး သိရှိလေသည်။ မြိုင်ကြားဖူးထားသလောက်၊ သိရှိ မှတ်သားထားသလောက်တွင်ကား ကွန်မြူနစ်ဆိုသူများသည် အလွန်တရာ ထိတ်လန့် ကြောက်မက်ဖွယ်ရာကောင်းသော အကြမ်းသမားအရမ်းသမားနှင့် ဘာသာတရားမရှိသော မိစ္ဆာဒိဋ္ဌိများသာ ဖြစ်လေသည်။ သည့်ထက်သော်ကား မြိုင်သည် ဘာမျှမသိပေ။ သိရှိရန်လည်း ကြိုးပမ်းခြင်းမပြုပေ။

ဂုဏ်အသရေရှိကြသော လူကြီးလူကောင်းနှင့် အထက်တန်းစားများက ကွန်မြူနစ် ဆိုသူများအား "အနီ"ဟု ခေါ်ဝေါ်လေ့ရှိကာ ပေါင်းသင်းဆက်ဆံရန်လည်း ငြင်းဆန်တတ် ကြသည်။ မလွှဲသာ မရှောင်သာ၍ ပြောဆိုဆက်ဆံကြရသောအခါလည်း နောက်ကွယ်ရာ၌ နှာခေါင်းရှုံ့တတ်ကြသည်။ မဲ့တတ်၊ ရွဲ့တတ်ကြသည်။

တတ်နိုင်သမျှ ရှောင်ကွင်းရန်လည်း ကြိုးပမ်းကြလေသည်။

အထက်လွှာများက ကွန်မြူနစ်အပေါ်၌ ဤသို့ ပညတ်ထားရှိသော စည်းကမ်းနှင့် ဆက်ဆံရေးကိုကား အထက်လွှာပတ်ဝန်းကျင်၌ ကြီးပြင်းလာရသော မြိုင်သည် သိတန်သရွေ့ သိရှိထားသည်။ ဤသို့ သိရှိထားသောကြောင့် မိမိက အသိအကျွမ်းတစ်ယောက် အဖြစ်ဖြင့် လွယ်လင့်တကူ လက်ခံလိုက်ကာ အသိအမှတ်ပြုထားခဲ့သော ကိစ္စသည်ပင် လက်လွန်၍ များ သွားလေပြီလား။ သို့မဟုတ် မှားယွင်းသွားလေပြီလားဟု တွေးတော ပူပန်မိလေသည်။ အထက်လွှာ၏ သမီးငယ်တစ်ယောက်သည် မိဘတို့၏ စည်းကမ်းနှင့် အလေ့အကျင့်ကို ချိုးဖျက်ခြင်းငှာ ခွန်အားမရှိပေ။

သို့ရာတွင် ထိုသူတစ်ယောက်အား ၎င်း၏ မိတ်ဆွေပါ၊ လုပ်ဖော်ကိုင်ဖက်တစ်ယောက်ပါဟု ထောက်ခံ၍ မြိုင်နှင့် မိတ်ဖွဲ့ပေးသူမှာလည်း အခြားသူမဟုတ်။ အထက်လွှာမှ လူကြီးလူကောင်းတစ်ဦးအဖြစ် နေရာပေးထားရသော ဦးသက်ထွန်းဖြစ်သည်။ ဦးသက်ထွန်းသည် အစိုးရပိုင်းကရောကုန်သည်ကြီးများအပိုင်းကပါ အသိအမှတ်ပြုထားရသော လူတစ်ယောက်လည်း ဖြစ်သည်။ ထိုကဲ့သို့သော လူကြီးလူကောင်းတစ်ဦးသည် ကွန်မြူနစ်တစ်ယောက်နှင့် မိတ်ဆွေဖြစ်နိုင်စရာ မရှိသကဲ့သို့ ခေတ်ပညာတတ်အထက်တန်းစား အမျိုးသမီးတစ်ဦးနှင့်လည်း အမြော်အမြင်ကင်းမဲ့စွာ မိတ်ဖွဲ့ပေးလိမ့်မည်မဟုတ်ဟု မြိုင်သည် တွေးမိသည်။

ဤသို့ တွေးမိသောအခါ မြိုင်သည် စိတ်သက်သာရာရလေသည်။ ၎င်းအပြင် ထိုသူ၏ ရုပ်ရည်နှင့် အပြောအဆို အမူအရာများကို အကဲခတ်ကြည့်ရသလောက် ထိုသူသည် ကွန်မြူနစ်အကြမ်းသမားကြီးတစ်ယောက်တော့ မဖြစ်နိုင်ဟု မြိုင်က ထင်လေသည်။ အလုပ်သမားတစ်ယောက်ဟူ၍သာ ဆိုရငြားသော်လည်း ထိုသူသည် အလုပ်သမား တစ်ယောက်ကဲ့သို့ ရုန့်ရင်းကြမ်းတမ်းခြင်းမရှိ။ သူ၏ အပြောအဆိုသည် သိမ်မွေ့ခြင်းရှိ၍ အမူအရာမှာလည်း ဣန္ဒြေရသည်။ ထိုသူသည် အထက်တန်းစားများသာလျှင် အိမ်၌ထားရှိ၍ အရသာခံတတ်သော ပီယာနိုကို အမြတ်တနိုးတီးခတ်တတ်သည်။ ထို့ကြောင့် ခနရှင် အထက်လွှာများ၏ အခမ်းအနားအဆောင်အယောင်ကို ရွံရှာမုန်းတီးတတ်သည်ဆိုသော ကွန်မြူနစ်တစ်ယောက်တော့ ထိုသူသည် ဘယ်နည်းနှင့်မျှ ဖြစ်စရာမရှိနိုင်ဟု မြိုင်သည် တွေးမိပြန်လေသည်။

ထိုသူသည် ဂုဏ်သရေရှိသော ဧည့်ခန်းဆောင်မှ ပီယာနိုကို တီးခတ်ပြသွားပေပြီ။

သူသည် အထက်လွှာတို့၏ တူရိယာကို ကျွမ်းကျွမ်းကျင်ကျင် တီးခတ်တတ်သော လူတစ်ယောက်ဖြစ်လေသည်။ ထို့ကြောင့် ယဉ်ကျေးမှုအနုပညာရပ်များကို မထီမဲ့မြင်ပြုတတ်သည်ဆိုသော 'အနီ'တစ်ယောက်တော့ကား ဘယ်နည်းနှင့်မျှ မဖြစ်တန်ရာပေ။ တစ်ခါတစ်ရံ ထိုသူသည် ကွန်မြူနစ်တစ်ယောက် ဖြစ်နေမည့်အရေးကို မြိုင်သည် တွေးတောစိုးရိမ်မိလေသည်။ ထိုသူအား 'အနီ'တစ်ယောက် မဖြစ်ပါစေနှင့်ဟုလည်း စိုးရိမ် ပူပန်စွာ အောက်မေ့မိလေသည်။ မြိုင်သည် ဘာသာတရားကို အလွန်တရာ ရိုသေကိုင်းရှိုင်းသူကလေးဖြစ်သောကြောင့် မိစ္ဆာဒိဋ္ဌိများဟု ဆိုထားသော ကွန်မြူနစ်များနှင့်ကား တွေ့ဆုံဆက်ဆံခြင်းနှင့် သိကျွမ်းခြင်းမပြုလိုပေ။ ဘာသာတရားမရှိသူများကို ထားပါဘိဦး။ အခြားဘာသာတရားကို ကိုးကွယ်ဝတ်ပြုကြသူများကိုပင်လျှင် မြိုင်သည် စိတ်ထဲက မသန့်လှပေ။

မည်သို့ပင် ဆိုစေကာမူ လဲ့လဲ့တို့အိမ်တွင် ဘုရားကိုးဆူ ကပ်လှူသော ညမှစ၍ မြိုင်၏ အသိအကျွမ်းများ စာရင်းထဲသို့ တိုးဝင်လာသော ကိုတင်ဦးဆိုသူသည် အခြား အခြားသော သူများနှင့်မတူဘဲ မြိုင့်အဖို့ရာတွင် စိတ်ဝင်စားစရာကောင်းသော လူတစ်ယောက် ဖြစ်သည်။ ထိုလူတစ်ယောက်နှင့် ပတ်သက်၍ တစ်ခုတော့ မြိုင်သည် စိုးရိမ်ကြောင့်ကြနေရပေသည်။ ထိုသူသည် ကွန်မြူနစ်များနှင့် အပေါင်းအသင်းလုပ်ဖူးသူဖြစ်၍ ကွန်မြူနစ်ကြီး တစ်ယောက်များ ဖြစ်နေမည်လားဆိုသော အချက်ပင်ဖြစ်လေသည်။ ထို့ကြောင့် ကိုတင်ဦး၏အကြောင်းကို သိရှိတန်သလောက် သိရှိနိုင်စရာရှိသော မောင်မောင်လတ်တစ်ယောက်ကို မြိုင်သည် ခါတိုင်းထက် မျှော်လင့်မိပေသည်။ ထိုသို့ မျှော်လင့်နေကာမှပင် မောင်မောင်လတ်သည် မြိုင်တို့အိမ်သို့ ပေါ်မလာနိုင်ဘဲ ပျောက်ချက်သား ကောင်းနေလေသည်။

❧ ❧ ❧

အခန်း[၆]

(က)

တနင်္ဂနွေနေ့ဖြစ်သောကြောင့် ရန်ကုန်မြို့တော်၏ ဆင်ခြေဖုံးရပ်ကွက်ဖြစ်သော ဘောက်ထော်ဘက်တွင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိလေသည်။ ဘောက်ထော်ဘုတာရုံနှင့် မလှမ်းမကမ်းတွင် နှင်းဆီပင်များဖြင့် စိတ်ကူးခပ်ယဉ်ယဉ် မွမ်းမံဆောက်လုပ်ထားသော တိုက်ပုကလေးတစ်လုံးအတွင်းသို့ အော်စတင်ကားကလေးတစ်စီးသည် ခပ်ဖြည်းဖြည်း ခပ်မှန်မှန်မောင်းဝင်လာပြီးနောက် ဆင်ဝင်ရှေ့တွင် ညင်သာစွာ ထိုးရပ်၍ သွားလေသည်။

အချိန်မှာ နာရီပြန်တစ်ချက်တီးသာသာခန့် ဖြစ်သည်။ တိုက်ပုကလေးအတွင်း၌ကား အိမ်သူအိမ်သားများ တစ်ယောက်မျှမရှိကြသကဲ့သို့ တိတ်ဆိတ်ငြိမ်သက်လျက် ရှိလေသည်။

မောင်မောင်လတ်သည် ကားတံခါးကို ဖွင့်၍ ဆင်းလာပြီးနောက် တိုက်ထဲသို့ ဝင်မည်အပြုတွင်…

"မောင်လတ်ရေ … ခဏဟေ့"

ဟူသောအသံကို ကြားလိုက်ရသဖြင့် ရုတ်တရက် အတွင်းသို့မဝင်ဖြစ်သေးဘဲ အသံလာရာ တိုက်၏ဘေးဘက်ဆီသို့ လှမ်း၍ ကြည့်လိုက်သည်။ မေမေခင်၏ ဒေါ်လေးသည် တိုက်ဘေးဘက်ရှိ အဝတ်လှန်းသော ကြိုးတန်းတွင် လျှော်ဖွပ်ပြီးသော အဝတ်စိုများကို လှန်း၍ နေရာမှ မောင်မောင်လတ် ရပ်စောင့်နေသော လေ့ကားဘက်ဆီသို့ ခပ်သုတ်သုတ် လျှောက်လာလေသည်။

"မင်း မလာနိုင်လို့ မေခင်တစ်ယောက်တော့ တော်တော်စိတ်ဆိုးနေတယ်ဟေ့ မနက်စာတောင်မှ မစားဘူးကွဲ့"

"ကျွန်တော်လည်း ခပ်စောစောကတည်းက လာဖို့ပါပဲ။ ဒါပေမဲ့ ဖေဖေက တစ်မနက်လုံး ဟိုခိုင်းဒီခိုင်း ခိုင်းနေတာ လျှောက်လုပ်ပေးနေရလို့ နောက်ကျသွားတာပါ ဒေါ်လေးရဲ့ …"

"ဘာပဲဖြစ်ဖြစ်ပေါ့ကွယ် ... မင်းဘာသာမင်း လိမ္မာသလို ကြည့်ပြီး သူစိတ်ကျေနပ်သွားအောင် ချော့လိုက်စမ်းပါဦး။ ငါတော့ ထမင်းစားဖို့တောင် ပြောလို့မရဘူးကွဲ့ .."

ဟု ၎င်းသတိပေးပြောဆိုလိုသော အကြောင်းကိစ္စကို ပြောဆိုပြီးနောက် ဒေါ်လေးသည် စောစောက အဝတ်စိုများလှန်းနေသော ကြိုးတန်းဘက်ဆီသို့ ပြန်လှည့်၍ ထွက်သွားလေသည်။

တိုက်အတွင်းသို့ မဝင်ဖြစ်သေးဘဲ ဒေါ်လေးက သတိပေးပြောဆိုသွားသော ကိစ္စကို မောင်မောင်လတ်သည် လှေကားထက်တွင် ငိုင်ရင်း စဉ်းစားနေမိသည်။ နံနက်စာကိုပင် မစားနိုင် မသောက်နိုင်လောက်အောင်အထိ တော်တော်ကလေး စိတ်ဆိုးနေသည် ဆိုသော မေမေခင်အား ဒေါ်လေးတိုက်တွန်းပြောဆိုသွားခဲ့သည့်အတိုင်း အဘယ်သို့ "လိမ္မာသလိုကြည့်ပြီး စိတ်ကျေနပ်သွားအောင်" ချော့မော့နှစ်သိမ့်ခြင်း ပြုရပါမည်နည်းဟု သူသည် ငိုင်ရင်း စဉ်းစားနေမိသည်။ မေမေခင်သည် အကျိုးသင့် အကြောင်းသင့် စဉ်းစား ဆုံးဖြတ်တတ်သော မိန်းမသားတစ်ယောက်ပင် ဖြစ်သည်။ တော်ရုံသင့်ရုံ စိတ်ဆိုးစရာ ရှိသော ကိစ္စလောက်ကို စိတ်ဆိုးတတ်၊ စိတ်ကောက်တတ်သော မိန်းမအမျိုးအစားထဲ ကတော့ကား မဟုတ်ပေ။ ချို့ယွင်းချက်တစ်ခုခုကိုပင်လျှင် အကျိုးနှင့် အကြောင်း ရှင်းလင်းပြောပြနိုင်ခဲ့လျှင် မေမေခင်၌ အလွယ်တကူ ခွင့်လွှတ်တတ်သော သဘောရှိလေ သည်။ ယခု နံနက်စာမစားနိုင်လောက်အောင် တော်တော်ကလေး စိတ်ဆိုးနေသည်ဆိုသော ကိစ္စမှာလည်း မောင်မောင်လတ်၏ အကြိမ်ကြိမ်ပျက်ကွက်ချက်များနှင့် အလွန်အမင်း အားနည်းချက်များကြောင့်သာလျှင် ဖြစ်၍ စိတ်ဆိုးသင့် စိတ်ဆိုးထိုက်သော ကိစ္စလည်း ဖြစ်ပေသည်။

မေမေခင်သည် ရန်ကုန်မြို့တော်၏ အထက်တန်းလွှာမှ လူကြီးလူကောင်းများ တရားဥပဒေ၏ ခွင့်ပြုချက်အရ အကြီးအကျယ် လောင်းကစားလေ့ရှိသော မြင်းပွဲသို့ မောင်မောင်လတ်အား လိုက်၍ အပို့ခိုင်းသည်မှာ ယခုအပတ်ပါနှင့်ဆိုလျှင် တနင်္ဂနွေ သုံးပတ်မျှပင် ရှိသွားခဲ့ပြီဖြစ်လေသည်။ စင်စစ်တော့ကား မေမေခင်သည် မြင်းလောင်း ကစားတတ်သော မိန်းမပေါ့အမျိုးအစားထဲကတော့ကား မဟုတ်ပေ။ အခြားနာမည်ကြီး ရုပ်ရှင်မင်းသား၊ မင်းသမီးများနှင့် ဒါရိုက်တာလုပ်သူများကိုယ်တိုင် မြင်းပွဲသို့ အပတ်စဉ် မှန်မှန်သွားရောက်

လောင်းကစားလေ့ရှိသော အကျင့်ကိုပင် များစွာနှစ်ခြိုက်လှသူတစ်ယောက်လည်း မဟုတ်ပေ။ မောင်မောင်လတ်အား မြင်းပွဲသို့လိုက်၍ အပို့ခိုင်းခြင်းမှာ အလွန်တရာ နာမည်ကျော်ကြားလျက်ရှိနေသော ကစားဝိုင်းကြီးသို့ ပြောသံသာလျှင် ကြားဖူးလျက် တစ်ကြိမ်တစ်ခါမျှ မရောက်ဖူး မပေါက်ဖူး၍ ရောက်ဖူး ပေါက်ဖူးအောင် ရှိသည်ကလည်း တစ်ကြောင်း၊ ၎င်းအပြင် မိမိလက်ထပ်ရမည့် ချစ်သူနှင့်အတူ မင်းပရိသတ် စုံညီလှသော ပွဲသဘင်သို့ အတူယှဉ်တွဲ၍ သွားရောက်လိုသည်ကတစ်ကြောင်းမျှသာ ဖြစ်လေသည်။ ဤသို့ ၎င်း၏မြင်းပွဲသို့ သွားရောက်လည်ပတ်ကြည့်ရှုလိုခြင်း၏ ဆန္ဒကိုလည်း မေမေခင်သည် ချစ်သူမောင်မောင်လတ်အား အကြိမ်ကြိမ် ဖွင့်ဟပြောဆိုခဲ့ပေသည်။ ပူဆာတောင်းဆိုခဲ့ပေသည်။ မိမိလက်ထပ်ယူငင်မည့် ချစ်သူမိန်းကလေးတစ်ယောက်အား ဗဟုသုတအနေဖြင့် မြင်းပွဲသို့ တစ်ကြိမ်တစ်ခါ လိုက်လံပို့ဆောင်ပေးရသော ကိစ္စမှာ မောင်မောင်လတ်၏ အတွက် များစွာ ကျပ်တည်းခက်ခဲလှသော ကိစ္စတစ်ခုမဟုတ်ဟူ၍ ထင်စရာရှိပေသည်။ မောင်မောင်လတ်ကိုယ်တိုင်ပင်လျှင် မြင်းပွဲကလပ်တွင် မင်းဘား လူကြီးတစ်ယောက် မဟုတ်သလော။ မင်းဘား လူကြီးတစ်ဦးသည် မိမိ၏အသိမိတ်ဆွေတစ်ဦးအားလည်းကောင်း သို့တည်းမဟုတ် သားမယားများအားလည်းကောင်း မြင်းပွဲသို့ လွယ်လင့်တကူ ဖိတ်ကြားခေါ်ဆောင်နိုင်သော အခွင့်အရေးများရှိလေသည်။ သို့ရာတွင် ဤသို့အခွင့်အရေးများရှိသော မင်းဘားလူကြီးတစ်ဦးဖြစ်သူ မောင်မောင်လတ်သည် မြင်းပွဲသို့ တစ်ခါ တစ်ခေါက်လောက် လည်ပတ်ကြည့်ရှုလိုသော ချစ်သူ မေမေခင်အား အဘယ်အတွက်ကြောင့် လိုက်လံ၍ မပို့ဆောင်နိုင်ဘဲ ရှိနေရသနည်း။ မည်ကဲ့သို့သော အခက်အခဲများ ရှိနေရသနည်း။

မောင်မောင်လတ်၌ ကြီးမားသော အခက်အခဲရှိလေသည်။ ထိုအခက်အခဲသည် အခြားမဟုတ်။ မြင်းပွဲသို့ တနင်္ဂနွေအပတ်တိုင်း လက်မလွတ်တမ်း လာရောက်လောင်း ကစားလေ့ရှိသော လဲ့လဲ့တို့သားအမိနှင့် မြင်းပွဲလယ်ကောင်တွင် ရင်ဆိုင်တိုးနေရမည့် အရေးပင် ဖြစ်လေသည်။ မောင်မောင်လတ်သည် ပြဇာတ်နှင့် ရုပ်ရှင်မင်းသမီးတစ်ယောက်အား လက်တွဲ၍ မင်းပရိသတ်စုံညီသော မြင်းပွဲလယ်ကောင်တွင် ဒေါ်မိမိခင်နှင့် လဲ့လဲ့တို့ သားအမိအား ၎င်း၏ လက်ရှိအခြေအနေအရ မည်သည့်နည်းနှင့်မျှ မျက်နှာပြောင်

မတိုက်ဝံ့သေးပေ။ ယခုကဲ့သို့သော အချိန်တွင် မဆင်ခြင်ဘဲ မိုက်မိုက်ကန်းကန်း ပြုလုပ်လိုက်ပါက မိဘများ၏ နို့သက်ကို လုံးလုံးလျားလျားခံ၍ စို့နေသေးတုန်းဖြစ်သော မောင်မောင်လတ်အဖို့ များစွာကျပ်တည်းခက်ခဲသွားစရာသာ ရှိလေသည်။ မမေခင်နှင့် တိတ်တိတ်ပုန်းဖြစ်နေသောကိစ္စကို ယခုအခိုက်အတန့်အတွင်း မည်သူတစ်ဦးတစ်ယောက်မျှ မသိရှိရအောင် တတ်စွမ်းနိုင်သမျှ အစွမ်းကုန်ဖုံးဖိထားဖို့ လိုသည်။ ဒေါ်မိမိခင်နှင့် ဆက်စပ်နေသော အသိုင်းအဝိုင်းများထဲကသော်လည်းကောင်း
မိမိ၏မိဘများနှင့်ပတ်သက်နေသော အသိုင်းအဝိုင်းများထဲက သော်လည်းကောင်း မိမိ၏ တိတ်တိတ်ပုန်းဖြစ်နေသော ကိစ္စကြီးကို လုံးဝမသိရှိ မရိပ်မိရအောင် လျှို့လျှို့ဝှက်ဝှက်နှင့် ပိပိရိရိပြုလုပ်ရပေမည်။ အကယ်၍သာလျှင် မမေခင်နှင့် လွန်လွန်ကျူးကျူးဖြစ်ပျက်နေကြသော ကိစ္စများကို

ယခုကဲ့သို့ အချိန်အခါတွင် နှစ်ဦးနှစ်ဖက်သော လူကြီးပိုင်းက သိရှိသွားခဲ့ပါမူ မောင်မောင်လတ်အတွက် မိုးမီးလောင်သည်အထိ ချောက်ကျသွားစရာ ရှိလေသည်။

လူကြီးမိဘများက သင့်လျော်သည်ထင်၍ စီမံထားသော ကိစ္စကို မနာခံဘဲ အရွဲ့တိုက်သော သားဖြစ်သူအား မိဘတို့သည် အိမ်ပေါ်မှနှင်ချတော့မည် ဖြစ်သည်။ ထိုကာလ၌ ၎င်း၏ဖခင်က လစဉ်ပေးနေကျဖြစ်သော အသုံးစရိတ်ငွေကြေးများကိုလည်း ဖြတ်တောက်လိုက်တော့မည်ဖြစ်ရကား အဘယ်သို့ ကြံနိုင်ပါဦးမည်နည်း။ အဘယ်သို့ နေထိုင် စားသောက်ရဦးမည်နည်း။ မောင်မောင်လတ်သည် မည်သည့်အလုပ်အကိုင်မျှ ရေရေရာရာ တိတိကျကျ လုပ်ကိုင်တတ်သည် မဟုတ်ပေ။ မိဘတို့၏ ပေးစာကမ်းစာဖြင့် ခပ်အေးအေး ခပ်ပေါ့ပေါ့ သုံးဖြုန်းနေထိုင်လာခဲ့သော လူငယ်တစ်ယောက်ဖြစ်၍ ထိုကဲ့သို့သော အခြေအနေမျိုးနှင့်သာ ဗြုန်းခနဲ ရင်ဆိုင်လိုက်ရချေလျှင် ဘာမှလုပ်တတ်ကိုင်တတ်မည်လည်း မဟုတ်ပေ။ ဘယ်ကမှလည်း ရှာတတ်၊ ဖွေတတ်မည် မဟုတ်ပေ။ ဤကား မောင်မောင်လတ်၏ အခက်အခဲနှင့် အကျပ်အတည်းပင် ဖြစ်လေသည်။

ဤအခက်အခဲ အကျပ်အတည်းများနှင့် မလွှဲသာမရှောင်သာ ရင်ဆိုင်ရမည့်အရေးကို ပူပင်နေရသော မောင်မောင်လတ်သည် မြင်းပွဲသို့ လိုက်လံအပို့ခိုင်းလျက် ရှိနေသော ချစ်သူမမေခင်အား တနင်္ဂနွေနေ့ မြင်းပွဲအပတ်တိုင်း တတ်နိုင်သမျှ ရှောင်ကွင်းလှည့်စား လာခြင်း

ဖြစ်လေသည်။ ပထမ တနင်္ဂနွေတစ်ပတ်ကမူ ခေါင်းကိုက်နေ၍ ဟု ခပ်လွယ်လွယ် ဆင်ခြေပေးခဲ့သည်။ ပထမအကြိမ်ဖြစ်၍ မေမေခင်သည် သူ၏ခေါင်းကိုက်သော ဝေဒနာကို ကျေကျေနပ်နပ် လက်ခံလေသည်။ သို့နှင့် ဒုတိယ တနင်္ဂနွေတစ်ပတ်သို့ ရောက်ရှိ လာပြန်သောအခါ မောင်မောင်လတ်သည် ယခင်အပတ်ကကဲ့သို့ ခေါင်းကိုက်သည်ဟု ပြော၍ မဖြစ်တော့ပေ။ ထို့ကြောင့် "အဖေက ဟိုခိုင်းဒီခိုင်း ခိုင်းနေတာ လျှောက်လုပ်ပေး နေရလို့ တစ်နေ့လုံးမအားတာနဲ့ မြင်းပွဲပြီးမှပဲ လာခဲ့ရတယ် .." ဟူသော ဆင်ခြေကို ပေးရပြန်သည်။ ပါးနပ်ပြီးဖြစ်သော ရုပ်ရှင်နှင့်ပြဇာတ်မင်းသမီးသည် ဒုတိယအကြိမ် ပေးထားသော ဆင်ခြေဆင်လက်များကို များးစွာယုံကြည်လက်ခံလိုဟန် မရှိတော့ပေ။ ဘယ်တုန်းကမှ ၎င်း၏ ဖခင်လုပ်သူက ခိုင်းစေသည်ဟူ၍ ပြောသံဆိုသံ မကြားဖူးသော မောင်မောင်လတ်၏စကားကို မေမေခင်သည် အလိမ္မာဖက်၍ လက်ခံလိုက်ပြီးနောက် ၎င်း၏အကဲကို ဆက်လက်ကြည့်ရှုရန် နောက်တစ်ပတ်တော့ ဆက်ဆက်ပို့ပေးရမည်ဟုသာ ပြောဆိုခဲ့သည်။ ယခု တတိယအပတ်တွင်ကား မည်သို့သော ဆင်ခြေဆင်လက်ကို ရှာကြံပေးရပါဦးမည်နည်း။ ၎င်း၏ဆင်ခြေကို မကြားမနာရမီကပင်လျှင် မေမေခင်သည် နံနက်စာမစားနိုင်၊ မသောက်နိုင်လောက်အောင်အထိ မိမိအပေါ်၌ အတော်ကလေး စိတ်ဆိုးနေခဲ့လေပြီ။ အင်မတန် စိတ်ဆိုးခဲ၍ စိတ်ဆိုးတတ်သော အခါကာလများ၌လည်း တော်တော်နှင့် မပြေတတ်သော မေမေခင်အား သူသည် ဘယ်နည်းဘယ်ပုံ ချော့မော့နှစ်သိမ့်ရပါမည်နည်း

"ဘာပဲဖြစ်ဖြစ်ပေါ့ကွယ် … မင်းဘာသာမင်း လိမ္မာသလိုကြည့်ပြီး သူ စိတ်ကျေ နပ်သွားအောင် ချော့လိုက်စမ်းပါဦး" ဟူ၍ ခုတင်လေးက ဒေါ်လေးလာရောက်သတိပေး ပြောဆိုသွားသော စကားများကို ပြန်လည်ကြားယောင်လာသည်။ မေမေခင်အား အပျို ဖော်ဝင်စ အသက်အရွယ်လောက်မှစ၍ ထိန်းကျောင်းစောင့်ရှောက်လာခဲ့ရသော အဒေါ် တစ်ယောက်လုံးက လက်လျှော့ထားခဲ့ရမည့်ကိစ္စကို မောင်မောင်လတ်သည် အဘယ်သို့ကိုင်တွယ်ရပါမည်နည်း။

ရှောင်လွှဲ၍ မရနိုင်သော ဤကိစ္စကို ဖြစ်သည့်နည်းနှင့် ရင်ဆိုင်ရန် နောက်ဆုံး၌ မောင်မောင်လတ်သည် အိမ်အတွင်းသို့ ခပ်လေးလေးနှင့်ပင် ဝင်ရောက်လာလေသည်။

❧ ❧ ❧

အိမ်ရှေ့ခန်း၌ မေမေခင်သည် မရှိပေ။ အိပ်ခန်းထဲတွင်ရှိနေသည်နှင့်သာ တူလေသည်။

မောင်မောင်လတ်သည် ၎င်း၏ အပေါ်အင်္ကျီကို ချိတ်တွင်ချိတ်ထားလိုက်ပြီးနောက် အိမ်ဦးခန်းဘက်ရှိ နောက်ဆုံးပေါ် အသံဖမ်းစက်ကြီး တခမ်းတနားတင်ထားသော စားပွဲ အနီးရှိ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ ထိုသို့ဝင်ထိုင်လိုက်သည့်အခိုက်မှာပင် အတွင်းမှ မေမေခင်၏ ချောင်းဟန့်သံကို ကြားရလေသည်။ ခါတိုင်းကဲ့သို့ဆို လျှင် မောင်မောင်လတ်သည် အခန်းအတွင်းသို့ တန်းတန်းမတ်မတ် ဝင်သွားမည်ဖြစ်သော်လည်း ယခုတစ်ကြိမ်တွင်ကား အခန်းတွင်းမှ မ-သံပေးနေသည့်တိုင်အောင် သူသည် သူ့တပ်မလုံသဖြင့် မဝင်ရဲအောင် ဖြစ်နေသည်။ သူက မဝင်ရဲ၍ မေမေခင်က ထွက်လိုက် လာလျှင် အဆင်သင့် ခုခံနိုင်ရေးအတွက် မောင်မောင်လတ်သည် ဆင်ခြေဆင်လက်များကို စဉ်းစားရလေသည်။

ဆယ့်ငါးမိနစ်လောက် အချိန်ကုန်သွားလေသည်။ မောင်မောင်လတ်သည် ခိုင်လုံသော ဆင်ခြေဆင်လက်ကို ရှာဖွေစဉ်းစား၍ ကား မရသေးပေ။ သူသည် စီးကရက် တစ်လိပ်ကို မီးညှိ၍ သောက်လေသည်။ တလိပ်လိပ် တက်နေသော စီးကရက်မီးခိုးများကို ငေးစိုက်၍ ကြည့်ရင်း သူ့အတွက် လက်နက်ကောင်းကို ရှာဖွေမိသည်။ ထိုအခိုက် အိမ်တွင် တောက်တိုမည်ရ ခိုင်းစေရန်အတွက် ငှားရမ်းခေါ်ယူထားသော ကလေးမသည် အသင့် ဖျော်ပြီးသား လက်ဖက်ရည်နှင့် မန္တလေးထိုးမုန့်တို့ကို ယွန်းထည်ဖြင့်ပြုလုပ်ထားသော လင်ပန်းတစ်ခုတွင် ထည့်ယူလာပြီးလျှင် မောင်မောင်လတ်အား လာရောက်ချပေးလေသည်။ ထိုကလေးမသည် လက်ဖက်ရည်နှင့် မုန့်များကို လာရောက်ချပေးပြီးနောက် ပြန်၍ လှည့်ထွက်သွားမည်အပြုတွင်...

“ဟဲ့ ... သက်မေ၊ နင့်မမကော သောက်ပြီးပလားဟင်”

ဟု မောင်မောင်လတ်က မေးလိုက်လေသည်။

"ကနေ့ မမ ထမင်းတောင်မစားဘူး အစ်ကိုကြီးရဲ့...

နေမကောင်းလို့များလားတော့ မပြောတတ်ဘူး”

ဟု သက်မေသည် ၎င်းပြောဆိုရန်ရှိသောစကားကို ပြောဆိုပြီးနောက် နောက်ထပ်ကိုလည်း ပြောဆိုစရာမရှိတော့သဖြင့် မီးဖိုချောင်ဘက်သို့ ပြန်ထွက် သွားသည်။

သက်မေ လာရောက်ချပေးသွားသော လက်ဖက်ရည်နှင့် မုန့်များကို စားသောက်ရန် သတိမရနိုင်သေးဘဲ သူ၏အားနည်းချက်ကို ခုခံကာနိုင်ရန်အတွက်သာလျှင် မောင်မောင်လတ်သည် ယုတ္တိယုတ္တာ ခိုင်လုံမည့် ဆင်ခြေဆင်လက်များကို စဉ်းစားရှာဖွေ၍ နေလေသည်။ ဇာတ်ခုံ၏ နောက်ဖေးဘက် ခန်းမထဲ၌ လူမျိုးစုံကို တွေ့ဆုံညှိ့ခံ၍ စကားပြောဖူးသော နာမည်ကျော်ရုပ်ရှင်နှင့် ပြဇာတ်မင်းသမီးတစ်ယောက်ကို သူသည် ဂါဝန်ဝတ်နေရတုန်းဖြစ်သော ကျောင်းသူကလေးတစ်ယောက်အား လွယ်လင့်တကူ လှည့်စားသလို လှည့်စား၍ မဖြစ်နိုင်တော့မှန်း နားလည်ထားပေသည်။ ယခုအပတ်တွင် ခိုင်ခန့်လုံလောက်သော ဆင်ခြေကို ပေးနိုင်ရန်အတွက် ပြီးခဲ့သော တနင်္ဂနွေနှစ်ပတ်အတွင်းက ပြီးစလွယ်ပေးခဲ့သော သူ၏ဆင်ခြေဆင်လက်များကိုလည်း စဉ်းစားကြည့်ရလေသည်။ ပထမအပတ်က မေမေခင်သည် သူ၏ဆင်ခြေကို အမေးအမြန်းမရှိဘဲ လက်ခံခဲ့သော်လည်း ဒုတိယအပတ်၌ကား သူ၏ ကလေးကလားနိုင်လှသော အကြောင်းပြချက်ကို ယခုကဲ့သို့ ပြန်လည်စဉ်းစားကြည့်သောအခါ သူ့ဘာသာသူ မလုံမလဲဖြစ်ကာ အနေရ အထိုင်ရ ကျပ်သလို ဖြစ်လာသည်။ နာမည်ကျော်ကြားလျက်ရှိနေသော ရုပ်ရှင်နှင့် ပြဇာတ်မင်းသမီးသည် သူ၏ သူရဲဘောနည်းကြောင်းစွာ ရှောင်ကွင်းလှည့်ဖျားနေသော ကိစ္စကြီးတစ်ခုလုံးကို ရိပ်မိသိရှိနေ၍ ယခုကဲ့သို့ တမင်သက်သက် စမ်းသပ်ခြင်းများ ဖြစ်လေမည်လော။ ဤသို့ တွေးတောစဉ်းစားမိရင်း သူ့ဘာသာသူ တစ်ယောက်တည်း အတွေးခေါင်ကာ မေမေခင်နှင့် မလွဲသာ မရှောင်သာ ရင်ဆိုင်ရမည့်အရေးကို မောင်မောင်လတ်သည် ပိုမို၍ သွေးလန့်လာမိသည်။

နောက်ထပ်၍ ဆယ့်ငါးမိနစ်လောက်အချိန်သည် ကုန်သွားပြန်လေသည်။ မောင်မောင်လတ်သည် နောက်ထပ်၍ ခိုင်လုံသောဆင်ခြေဆင်လက်များကို စဉ်းစားရှာ ဖွေ၍ မရတော့သည့်အပြင်၊ သူ့လိပ်ပြာသူ မလုံသလို ဖြစ်လာသဖြင့် ထိုင်၍ နေရာမှ ပြန်ထွက်ပြေးချင်စိတ်များပင်လျှင် ပေါ်ပေါက်လာလေသည်။ အခါတိုင်း သူ အင်မတန် နှစ်ခြိုက်ပျော်မွေ့ ခဲ့သော ဤအိမ်ကလေးသည်လည်း

ယခုတစ်ခေါက်တွင် သူ့အတွက် လုံးလုံးလျားလျားကြီး ဆန့်ကျင်ဘက်ဖြစ်နေသည်။ သူသည် ရွှေးများပင် ပြန်လျက် ရှိလေသည်။

ထိုအခိုက် ဒေါ်လေးသည် နောက်ထပ်၍ ဝင်လာပြန်ကာ မောင်မောင်လတ်အနီးရှိ ကုလားထိုင်လွတ်တစ်လုံးတွင် ထိုင်လိုက်သည်။

"ဟဲ့...လက်ဖက်ရည်တွေတောင် အေးစက်လို့နေပါပကောလား မောင်လတ်... သောက်လိုက်ဦးလေ ..."

"သက်မေ လက်ဖက်ရည်လာချပေးသွားတာတောင် မေ့နေလိုက်တာ"

ဟု သူ့ဘာသာသူ အရှက်ပြေ ပြောဆိုလိုက်ပြီးနောက် မုန့်ကိုမစားတော့ဘဲ လက်ဖက်ရည်ကိုသာ ယူ၍ သောက်လေသည်။

"မန္တလေးက ပို့လိုက်တဲ့ ထိုးမုန့်တွေ စားစမ်းပါဦးဟဲ့..."

"တော်ပါပြီ ဒေါ်လေး ..."

ဒေါ်လေးသည် မောင်မောင်လတ်အား အကဲခတ်သလို ကြည့်နေပြီးမှ...

"မေခင်ကို သွားပြီး စကားစမြည်ပြောလိုက်ပါဦးလားကွဲ့။ သူကတော့ အခန်းထဲက ထွက်လာ မှာ မဟုတ်ဘူး.."

ဟု မောင်မောင်လတ်အနီးသို့ကပ်၍ ခပ်တိုးတိုး ခပ်အုပ်အုပ် ပြောဆိုကာ အခြားအလုပ်အကိုင်များ လုပ်ကိုင်စရာရှိသေးသကဲ့သို့ ထထွက်သွားလေသည်။

မောင်မောင်လတ်သည် စီးကရက်တစ်လိပ်ကို မီးညှိ၍ သုံးလေးဖွာမျှ ဖွာလိုက်ပြီးနောက် ထိုင်ရာမှထလေသည်။ ကြာရှည်သဖြင့် အချိန်ဆွဲနေ၍ ကော အဘယ်သို့များ အကြောင်းထူးလာဦးမည်နည်း။ လာမည့်ဘေး ပြေးတွေ့ ဆိုသော စကားရှိသည့်အတိုင်း ရှောင်လွှဲ၍ မရတော့ဘဲ ရင်ဆိုင်ရန်ရှိသော ပြဿနာကို မြန်မြန်ဆန်ဆန် ရင်ဆိုင်လိုက်ခြင်းသည်သာလျှင် အကောင်းဆုံးဖြစ်ပေတော့မည်။

အခါတိုင်း တံခါးမရှိ ဓားမရှိ ဝင်ချင်သလို ဝင်၍ ထွက်ချင်သလို

ထွက်နေသော အိပ်ရာခန်းကို ယခုတစ်ခေါက် ဝင်ရောက်ရမည့်အရေးတွင် ခဲခဲယဉ်းယဉ်းဖြစ်နေသည်။ မောင်မောင်လတ်သည် ဧည့်ခန်းမှထွက်လာပြီးနောက် အိပ်ခန်းတံခါးဝတွင် လေးလံစွာ ရပ်လိုက်သည်။ ထို့နောက် မိုးပြာရောင် ခန်းဆီးကို အသစ် အတွင်းဘက်သို့လှပ်၍ ခိုး ကြောင်ခိုးဝှက် လှမ်းကြည့်လိုက်သည်။

နှစ်ယောက်အိပ် ကျွန်းသားခုတင်ကြီးထက်တွင် အိအိစက်စက် ခင်းကျင်း၍ ထားသော ဖဲမွေ့ရာပေါ်ဝယ် မေမေခင်သည် မောင်မောင်လတ်ဝင်လာမည့် တံခါးဘက်ကို ကျောခိုင်းလျက် တုံးလုံးလှဲကာ အနောက်နိုင်ငံများကထုတ်ဝေသော ရုပ်ရှင်စာစောင်များကို ဖတ်ရှုနေသည်။ မောင်မောင်လတ်တစ်ယောက်လုံး အိမ်ထဲသို့ရောက်ရှိနေခြင်းကို အလျဉ်းအရေးထားစရာမဟုတ်သကဲ့သို့ ၎င်းဖတ်ရှုလိုသော ရုပ်ရှင်စာစောင်များကိုသာ ဣန္ဒြေရရ ဖတ်နေရသည်။

အခန်းတံခါးဝဝယ် ချီတုံချတုံ ဖြစ်ရင်း မောင်မောင်လတ်သည် အတန်ကြာရပ် နေပြီးမှ နောက်ဆုံး အခန်းတွင်းသို့ဝင်လာလေသည်။ သူသည် မေမေခင် တုံးလုံးလှဲ၍ ကျောခိုင်းကာ စာဖတ်နေသော နှစ်ယောက်အိပ်ခုတင်ကြီးဆီသို့ သူ့လိပ်ပြာ သူမလုံ၍ ခြေသံမကြားအောင် ခပ်ဖြည်းဖြည်း ခပ်ဖွဖွလျှောက်လာပြီးလျှင် ခုတင်အနီးတွင် ရပ်လိုက်သည်။ မေမေခင်သည် မောင်မောင်လတ်၏ အသက်ရှူသံကို ကြားလိုက်ရသဖြင့် စာဖတ်နေရာမှ နောက်သို့လှည့်၍ ကြည့်လေသည်။ ထို့နောက် မောင်မောင်လတ်အား အဖက်လုပ်စရာလူတစ်ယောက်ကဲ့သို့ သဘောမထားသည့်ပမာ ချာခနဲ ပြန်လှည့်သွား ပြီးလျှင် စောစောက ဖတ်လက်စဖြစ်သော ရုပ်ရှင်စာစောင်ကို ဣန္ဒြေမပျက် ဖတ်မြဲဖတ်နေလေသည်။

မောင်မောင်လတ်သည် သာလွန်၍ အနေရ အထိုင်ရ ကျပ်လျက်ရှိနေရာမှ နောက်ဆုံး၌...

"မေခင်"

ဟု အားတင်း၍ ခေါ်ကြည့်လိုက်သည်။

မေမေခင်သည် ၎င်းဖတ်ရှုနေသော ရုပ်ရှင်စာစောင်ကို ဘေးသို့အသာအယာချ ထားလိုက်ပြီးနောက် တုံးလုံးလှဲ၍ နေရာမှ

အသာအယာထ၍ ထိုင်ရင်း ....

"ဘယ်လို သတင်းထူးများ ပါလာသေးသလဲ .. ကိုလတ်"

ဟု မျက်နှာထား ခပ်တည်တည်နှင့် ပြန် ၍ မေးလိုက်သည်။

မျက်နှာတည် မျက်နှာထားနှင့် ခပ်တည်တည်လုပ်၍ မေးမြန်းလိုက်သော မေမေခင်၏ မေးခွန်းကို မောင်မောင်လတ်သည် အဘယ်သို့ ပြန်လည်ဖြေကြားရမှန်း မသိတော့ပေ ...။ မေမေခင်သည် သူ့အား သတင်းထူးကို မေးမြန်းလျက်ရှိသည်။ ပြီးခဲ့သော ယခင်အပတ်များကထက် အဘယ်သို့ ထူးခြားလာမည့်သတင်းကို မျှော်လင့်ဟန်တူသည်။ ကြားချင်သေးဟန်တူသည်။

"အရင်အပတ်ကထက် ထူးသေးသလားဟင်... ကိုလတ် ..."

မေမေခင်သည် မျက်နှာထားခပ်တည်တည်နှင့်ပင် နောက်ထပ်၍ မေးမြန်းလိုက်ပြန်သည်။

"ပြောတော့ မေခင် ... ဒီအပတ်လည်း ကိုလတ်ဘက်က ပျက်ကွက်ရပြန်တာကိုးလေ ..."

မောင်မောင်လတ်သည် ခုတင်ဘေးတွင် တင်ပါးလွှဲဝင်၍ ထိုင်လိုက်ပြီးနောက် စောစောက မေမေခင်ဖတ်ရှုနေသော ရုပ်ရှင်စာစောင်တစ်ခုကို လှမ်းယူ၍ ကြည့်ရှုရင်း ပြန်လည်ပြောဆိုလေသည်။

ရုပ်ရှင်မင်းသားဟန်ပါလှသော မောင်မောင်လတ်၏ အပြောအဆိုနှင့် အမူအရာကို သဘောကျလှသကဲ့သို့ မေမေခင်သည် ပြုံးလိုက်သည်။ ထို့နောက် ၎င်း၏ ပြုံးရောင် သမ်းလာသော မျက်နှာအမူအရာကို နာမည်ကျော်ကြားသော ရုပ်ရှင်နှင့် ပြဇာတ်မင်းသမီး တစ်ယောက် ပီသစွာ ပြန်လည်၍ ခပ်တည်တည်ပြောင်းလွှဲလိုက်ပြန်သည်။

"ဩော် ... ဒီအပတ်အထိတောင်.. ကိုလတ်ဟာက ပျက်ကွက်နေရတုန်းကိုး"

မေမေခင်သည် ပကတိ အံ့ဩသောအမူအရာဖြင့် ပြန်လည်မေးမြန်းရင်း မောင်မောင်လတ် လှန်လှော၍ ကြည့်ရှုနေသော

ရုပ်ရှင်စာစောင်ကို ၎င်း၏လက်ထဲမှ ဆတ်ခနဲ လှမ်း၍ ဆွဲယူလိုက်သည်။

မောင်မောင်လတ်သည် အနေရအထိုင်ရကျပ်သလိုဖြစ်ကာ ထပြေးချင်စိတ်များ ပေါက်လာမိသည်။ သူသည် မေမေခင် စိတ်ကျေနပ်အောင် အဘယ်သို့ ကြံဖန်၍ ပြောဆို ရဦးမည်နည်း။ မေမေခင် ကြားနာလက်ခံနိုင်မည့် ဝေါဟာရများကိုလည်း သူသည် အဘယ်သို့ ရှာကြံရပါဦးမည်နည်း။ တကယ်ဆိုသောအခါ သူသည် ဝေါဟာရ မွဲကျန်လှသည် သာမက အသိဉာဏ်လည်း ခေါင်းပါးလျက်ရှိပေသည်။

"ကိုလတ် ပျက်ကွက်တာကို ပြောနေလို့တော့ အလကားပဲထင်တယ်။ ပြောချင် နေသေးလို့ ပြောဦးမယ်ဆိုရင်လည်း လေကုန်ရုံပဲ ရှိလိမ့်မယ်.. ဘာပြုလို့လဲဆိုတော့ ကိုလတ် သူ့ရဲဘောကြောင်နေတာကို ကိုလတ်ဘာသာ ကိုလတ် ဖုံးဖိထားလို့ပဲရှင့် ...."

မောင်မောင်လတ်သည် မျက်လုံးပြူး မျက်ဆံပြူး ဖြစ်သွားလေသည်။ သူသည် မေမေခင် ထိုသို့ဖွင့်ဟပြောဆိုလိုက်တော့မှပင် ပိုမို၍ ထိတ်လန့်သွားပုံရသည်။ သူ ဖုံးဖိ ထားခဲ့သော အလုပ်များအားလုံးကို မေမေခင်သည် ခပ်စောစောပိုင်းလောက်မှ စ၍ ရိပ်မိ သိရှိပြီးဖြစ်ကြောင်း ပေါ်လွင်လျက်ရှိပေပြီ။ သူ့သဘောကို စမ်းသပ်သိရှိလို၍ မေမေခင်က လက်လျှော့ထားခဲ့သောကိစ္စများကိုလည်း ယခုမှပင် မောင်မောင်လတ်သည် မေမေခင်အား မျက်နှာပြောင်ပြောင်နှင့်ပင် ဆက်လက်၍ ရင်ဆိုင်ရမည်လော၊ သို့တည်းမှမဟုတ် သူ့ရဲဘောနည်းကြောင်လှသူပီပီ ပြန်လှည့်၍ ထွက်ပြေးရမည်လော။

"အဲဒီတော့ ကိုလတ်ပျက်ကွက်တာတွေကို လေကုန်ခံပြီး လျှောက်ပြောနေမယ့် အစား အဲဒီပျက်ကွက်နေရခြင်းရဲ့ အကြောင်းရင်းဖြစ်တဲ့ သူ့ရဲဘောကြောင်တာကို ပြောကြရင် ပိုပြီးအကျိုးရှိလိမ့်မယ်ထင်တယ် ...

"မေခင် ပြောတာ ကိုလတ် ကောင်းကောင်းနားမလည်လိုက်ဘူး"

"ပြောတာကတော့ ဗုဒ္ဓဘာသာ မြန်မာစကားပါပဲ ကိုလတ်ရဲ့။ ဒါကိုမှ နားမလည်ဘူးဆိုရင် နားလည်အောင် ဘာ ဘာသာစကားနဲ့ ပြောပြစေချင်သေးသလဲ ဟင်"

"ကောင်းကောင်းနားမရှင်းလိုက်လို့ ပြောတာပါ"

"နားမရှင်းသေးဘူးဆိုရင် နားရှင်းသွားအောင် နောက်ထပ်ပြန်ပြောရသေးတာပေါ့ရှင် ... ဟုတ်လား။ ကိုင်း အခုပြောခဲ့တဲ့ စကားတွေကိုတော့ နားရှင်းရဲ့မဟုတ်လား"

မောင်မောင်လတ်သည် ရှက်စနိုးအမူအရာဖြင့် ဦးခေါင်းကို ညိတ်ပြလိုက်သည်။ သူသည် ဆရာမ၏မျက်စိရှေ့၌ အလိမ်ပေါ်သော ကျောင်းသားကလေးတစ်ယောက်ကဲ့သို့ အနေရအထိုင်ရ ခက်လျက်ရှိသည့်အတွက် စီးကရက်တစ်လိပ်ကို မီးညှိ၍ ဖွာနေလေ သည်။

"ဒီလို ပျက်ကွက်ခဲ့ရတာကို ခေါင်းကိုက်လို့၊ အဖေကခိုင်းလို့ဆိုပြီး အရင်နှစ်ပတ်လောက်က ကိုလတ် အကြောင်းပြခဲ့တယ်။ အဲဒီလို ကိုလတ်ပြခဲ့တဲ့အကြောင်းတွေဟာ တစ်ခုမှမဟုတ်ဘူးမဟုတ်လား"

မောင်မောင်လတ်သည် မည်သို့မျှပြန်လည်ပြောဆို ပြောကြားခြင်းမပြုဘဲ အလိပ်လိပ်တက်နေသော စီးကရက်မီးခိုးများကိုသာ ငေးမောကြည့်ရှုနေသည်။

"ကိုလတ်ရဲ့ပါးစပ်က ဖွင့်ပြီးဝန်မခံသေးပေမဲ့ မေခင်ကတော့ လုံးလုံး အယုံ အကြည်မရှိဘူး။ ဒီအပတ်ကျပြန်တော့လည်း ကိုလတ် ပျက်ကွက်တာပဲမဟုတ်လား။ ဒီအတိုင်းသာသွားရင် မြင်းပွဲပိတ်လိုက်တဲ့အချိန်အထိ ကိုလတ်ဟာ အပတ်တိုင်း ခုလို ပျက်ကွက်နေရမှာ သေချာတယ်။ ဒီလိုပျက်ကွက်ရတာ ဘာပြုလို့လဲဆိုရင် မေခင့်အဖို့ အဖြေက လွယ်လွယ်ကလေးပဲ ...."

"ဆိုစမ်းပါဦး..."

မောင်မောင်လတ်က အသံအနည်းငယ် ပြန်၍ ထွက်လာသည်။

"ကိုလတ်ဟာ ယောက်ျားတစ်ယောက်လုံး လုပ်နေပြီး သူရဲဘောကြောင်လို့ အစကတည်းက ပြောထားပြီးပါပကော..."

"ဘယ်လိုသူရဲဘောကြောင်တာလဲ"

မောင်မောင်လတ်သည် တစ်စထက် တစ်စ အသံထွက်လာလေသည်။

"ကိုလတ် သူရဲဘောကြောင်နေတာကို ကိုလတ် သိရက်သားနဲ့

မေခင့်ကို ခုလို အကြောင်ရိုက်နေတာကတော့ မကောင်းဘူး။ ဒါပေမဲ့ ကိုလတ်အဖို့ တအုံနွေးနွေး ဖြစ်နေခဲ့ရတဲ့ ဒီကိစ္စကို အခုလို အခွင့်အရေးရတုန်း ပြီးပြတ်သွားအောင် ရှင်းပစ်လိုက်တာက ပိုကောင်းလိမ့်မယ်ထင်တယ်"

မောင်မောင်လတ်သည် မေမေခင့်အား ယခုအပတ်တွင်လည်း ထပ်မံ၍ အကြောင် ရိုက်ကြည့်ရန် အကြံအစည်နှင့် စိတ်ကူးများကို လုံးလုံးစွန့်လွှတ်လိုက်ပြီးနောက် မေမေခင် ကိုယ်တိုင် ကောင်းစွာရိပ်မိသိရှိနေနှင့်ပုံရသော ၎င်းတို့နှစ်ဦး၏ အတွင်းရေးကိစ္စများကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ဝန်ခံ၍ နည်းလမ်းများ ရှာဖွေရန် ဆုံးဖြတ်လိုက်လေသည်။ သူသည် ဤမျှ အရေးကြီးလှသော ကိစ္စကြီးတစ်ခုကို နောက်ထပ်၍ မည်မျှကြာမြင့် အောင် ဖုံးဖိထားနိုင်ပါမည်နည်း။ အဘယ်မျှ ဖုံးဖိထားစေကာမူလည်း တစ်နေ့သောအခါ၌ တစ်ဦးမသိလျှင် တစ်ဦးဦးက သိရှိသွားလိမ့်မည်သာဖြစ်သည်။ လူတစ်ဦးတစ်ယောက် ကိုသာလျှင် အစဉ်သဖြင့် လှည့်စား၍ ရကောင်းရနိုင်မည်ဖြစ်သော်လည်း လူအများကို မူကား ခေတ္တခဏမျှသာ ရနိုင်ပေလိမ့်မည်။

“ဘယ်လိုလဲ … ကိုလတ် သူရဲဘောကြောင်နေရတဲ့ကိစ္စကို "

“မေခင့်သဘောထားကို ပြောပါဦးလေ …”

“မေခင်ကတော့ ထုံးစံအတိုင်း ခပ်ဘွင်းဘွင်းပြောရမှာပဲ။ ဘယ်လိုလဲ ပြောစေချင်သလား"

“ပြောမှာသာ ပြောစမ်းပါဦးလေ"

“ဒီလိုဆိုတော့ ပြောရတာပေါ့လေ၊ ကိုလတ်ကို ကိုလတ်ရဲ့ မိဘတွေက ကိုလတ်တို့နဲ့ ဂုဏ်ရည်တူတဲ့ ဝန်ကြီးဟောင်းသမီးတစ်ယောက်နဲ့ ပေးစားဖို့ စေ့စပ်ကြောင်းလမ်း ထားတဲ့ကိစ္စကို မေခင် မသိဘူးများမှတ်နေသလား .."

“ဒါ မေခင့်ကို ဘယ်သူပြောသလဲ ဟင် ..”

မောင်မောင်လတ်သည် အမူအရာများပျက်ကာ တော်တော်ကလေး လှုပ်လှုပ်ရှားရှား ဖြစ်သွားပုံရလေသည်။ သူသည် ဤကိစ္စကြီးကို အတတ်နိုင်ဆုံး ဖုံးဖိလျှို့ဝှက်ထား ခဲ့သည်။ မေမေခင် လုံးလုံးမရိပ်မိအောင်

သတိကြီးစွာထားလျက် ပြောဆိုနေထိုင်ခဲ့သည်။ သို့ရာတွင် မေမေခင်သည် ၎င်းအရေးတကြီးလျှို့ဝှက်ထားခဲ့သော ကိစ္စကြီးတစ်ရပ်ကို သိရှိသွားလေပြီ။ မေမေခင်နှင့် စတင်တွေ့ရှိသော အချိန်မှအစပြု၍ ယခုအချိန်အထိ လျှို့ဝှက်ထားခဲ့သောကိစ္စကြီး ပေါ်ပေါက်သွားပြီဖြစ်သဖြင့် သူသည် များစွာ တုန်လှုပ် ချောက်ချားလျက်ရှိသည်။

"ဘယ်သူပြောလို့သိရမှာလဲ၊ မေခင့်ဘာသာမေခင် စုံစမ်းလို့ သိထားတာ ကြာပါပြီ။ ဒီလို မေခင် လိုက်စုံစမ်းမိတဲ့အတွက်နဲ့ အပြစ်များ တင်ချင်သေးသလားရှင့် ...."

မောင်မောင်လတ်သည် ဘာမှမပြောတတ် မဆိုတတ် ဖြစ်နေသောကြောင့် နောက်ထပ်၍ စီးကရက်တစ်လိပ်ကို ထုတ်ယူကာ မီးညှိလေသည်။

"နောက်ပြီးတော့ အဲဒီ လဲ့လဲ့ဆိုတဲ့ဟာ ကိုကိုလတ် မယူလို့မဖြစ်တဲ့အကြောင်းတွေ ရှိတယ်ဆိုတာလည်း မေခင် စုံစမ်းလို့ အကုန်လုံးသိပြီးပြီ။ အဲဒါ ဘာများပြောချင် သေးသလဲ ဟင် "

"သူတို့ လူကြီးတွေ စီမံထားကြပေမဲ့ ကိုလတ်က ယူမှာတဲ့လား ..."

"ယူတာ မယူတာကတော့ နောက်မှကြည့်ရှင်းပေါ့လေ ဟုတ်လား။ ဒါလောက် အရေးကြီးနေတဲ့ ကိစ္စကြီးတစ်ခုကို အစကတည်းက ဘာပြုလို့ ဖွင့်မပြောဘဲ မြုံနေခဲ့ရသလဲဆိုတာ မေခင် ရှင်းရှင်းလင်းလင်း သိချင်တယ်"

"ကိုလတ်က ဘယ်တုန်းကမှ ယူမယ်လို့ မအောက်မေ့ခဲ့တဲ့ကိစ္စကို အပိုလုပ်ပြီး ဖွင့်ပြောနေစရာ မလိုဘူးထင်တာပဲ ..."

"ဒီဆင်ခြေက ဂါဝန်ဝတ်နေတဲ့ ကျောင်းသူကလေးတွေအဖို့သာ ကောင်းလိမ့်မယ် ထင်တယ်။ ကိုလတ် ... မေခင့်သဘောကိုလည်း အသိသားပဲမဟုတ်လား။ အမှန်အတိုင်းသာ ဝန်ခံလိုက်စမ်းပါ"

မေမေခင်သည် ဒေါသကလေးနှင့် ပြောဆိုရင်း ၎င်း၏မျက်လုံးသည် အရောင်တောက်ကာ မျက်နှာလည်း နီမြန်းမြန်းဖြစ်လာသည်။

မေမေခင် ဒေါသထွက်ကာ မျက်နှာနီလာသဖြင့် မောင်မောင်လတ်သည် ကျောချမ်းသွားသည်။ သို့ရာတွင် ၎င်း၌

ထို့ထက်ကောင်းမွန်မှန်ကန်သော အဖြေကို နောက်ထပ်၍ ပေးစရာမရှိသဖြင့် ဘာမျှမပြောတတ် မဆိုတတ် ဖြစ်နေသည် သူသည် စိတ်ထဲ အသည်းနှလုံးထဲ၌ အမှန်အကန်ရှိနေ ဖြစ်နေသည့်အတိုင်း ပြောဆိုခဲ့ပြီးဖြစ်၍ နောက်ထပ်လည်း ပြောရန်ဆိုရန် မရှိတော့ပေ။

"ဘယ်လိုလဲဟင် … ကိုလတ် …."

မောင်မောင်လတ်သည် အနေရအထိုင်ရကျပ်နေသောကြောင့် သက်ပြင်းကို ခပ်လေးလေး ချလိုက်မိသည်။

"ဒီကောင်မဟာ အလကား ဇာတ်သမတစ်ယောက်ဆိုပြီး မေခင့်ကို ခုလိုလှည့်စားတာလားဟင် … ကိုလတ် …."

မေမေခင်သည် ငိုသံပါနှင့် ပြောဆိုလိုက်သည်။

"ဒီကိစ္စတွေအားလုံး ကိုတင်ဦးက ပြောပြပြီးနဲ့တူတယ် … ဟုတ်လား"

"အစ်ကိုကြီးကလား၊ ဒီလိုကိစ္စမျိုးတွေပြောမှာ။ ဝေးပါသေးတယ်"

မောင်မောင်လတ်သည် အသက်ရှူရကျပ်သလို ဖြစ်လာသဖြင့် ခုတင်ပေါ်မှ ဆင်းလာပြီးလျှင် ခေါင်းရင်းပြတင်းပေါက်ဝတွင် သွား၍ ရပ်လိုက်သည်။ ထို့နောက် သူသည် မင်္ဂလာဒုံဘက်မှ ခုတ်မောင်းလာသော လော်ကယ်ရထားကို ငေးမောကြည့်မိရင်း မေမေခင်အား အဘယ်သို့ ကျေနပ်သွားအောင် ချော့မော့ပြောဆိုရမည့်အရေးကိုလည်း စဉ်းစားနေမိသည်။

"ကိုလတ် … "

မေမေခင်က နောက်မှ ခေါ်လိုက်ပြန်သဖြင့် သူသည် ပြန်လှည့်၍ ကြည့်လိုက်သည်။

"မေခင့်ကို လက်ထပ်မယ်လို့ ကတိပေးထားပြီး ခုထက်အထိ အချိန်ဆွဲပြီးရင်း ဆွဲလာခဲ့တာကကော ခုတင်က ကိုလတ်ပြောခဲ့တဲ့စကားနဲ့ ပဋိပက္ခဖြစ်မနေဘူးလား ဟင်"

"ဘယ်လိုပဋိပက္ခလဲ…"

“လဲ့လဲ့ကို မယူရင် မဖြစ်မှာမို့ .. မေခင့်ကို လှည့်စားနေတဲ့ကိစ္စပေါ့”

“မေခင့်ကိုတော့ ကိုလတ် လှည့်စားနေတာမဟုတ်ဘူးဆိုတာ ယုံကြည်စေချင်တယ်”

“ယုံခိုင်းတိုင်း ယုံရမယ့်အရွယ်က လွန်လာကြပြီထင်တယ် ကိုလတ်။ အဲဒီတော့ မေခင့်ကို လှည့်စားမနေဘဲ ကိုလတ်ရဲ့ သဘောထားကို မှန်တဲ့အတိုင်း ပွင့်ပွင့်လင်းလင်း သာ ပြောစေချင်တယ်”

“တယ်အပြောရကျပ်ပါလား မေခင်ရယ်"

“အပြောရကျပ်တာမဟုတ်ပါဘူး၊ ကိုလတ်ဟာ ယောကျ်ားတစ်ယောက်လုံး လုပ်ပြီး သက်သက်မဲ့ သူ့ရဲဘောကြောင်နေတာပါ”

“ဘယ်လိုသူရဲဘောကြောင်နေတာလဲ ဆိုစမ်းပါဦး .."

“ကိုယ်တကယ်နှစ်ခြိုက်တဲ့ မိန်းကလေးတစ်ယောက်ကို လက်မထပ်ဝံ့တဲ့ကိစ္စပေါ့။ ဒီထက် သူရဲဘောကြောင်တဲ့လူမျိုး ဘယ်မှာများ ရှိနိုင်ဦးမလဲ”

“လက်မထပ်ဝံ့တာမဟုတ်ပါဘူး မေခင်ရယ်။ လက်ထပ်လိုက်ပြီးတဲ့နောက်မှာ တွေ့ကြုံလာရမယ့်ကိစ္စတွေကို စဉ်းစားနေသေးလို့ပါ"

“ကိုလတ်နဲ့ မေခင်တို့ အခုအခြေရောက်လာပြီးမှ ဒါတွေစဉ်းစားနေတာဟာ နောက်မကျနေဘူးလား” “အခုနေတုန်း ကိုလတ်သဘောအတိုင်း ဖြုန်းဖြုန်းဒိုင်းဒိုင်းသာ လုပ်ပစ်လိုက်မယ်ဆိုရင် ကိုလတ်မိဘတွေနဲ့ တစ်ခါတည်းပြတ်ထွက်သွားမှာကို စဉ်းစားဦးမှပေါ့ မေခင်ရယ်”

"ကိုလတ်မိဘတွေဆီက ပေးနေကျ ကမ်းနေကျဟာကလေးလောက် ပြတ်သွားမှာ စိုးလို့လား။ ဒါကိုကြောက်တာနဲ့ သိပ်စဉ်းစားနေဖို့ မလိုဘူးထင်တယ်။ မေခင်လည်း တစ်လတစ်လကို ထောင့်လေးငါးရာလောက်တော့ အဝင်ရှိပါသေးတယ်”

မောင်မောင်လတ်သည် ရှေ့ဆက်၍ မည်သို့မည်ပုံပြောဆိုရမည်ကို စဉ်းစားမရသဖြင့် ပြတင်းပေါက်ဘက်သို့ ပြန်လှည့်သွားကာ အပြင်ဘက်သို့ လှမ်း၍ ကြည့်ရှုနေလေ သည်။ ခပ်စောစောက ဘူတာရုံတွင် ဆိုက်ကပ်ထားသော မင်္ဂလာဒုံ ရန်ကုန်လော်ကယ် ရထားသည် ထွက်၍ သွားလေပြီ။ သူသည် မီးရထားသံလမ်းဘေးရှိ လယ်ကွင်းများ၌ ငြိမ်သက်စွာ မြက်စားနေကြသော နွားအုပ်တစ်အုပ်ကို ငေးမောကြည့်ရှုနေမိသည်။

"ကိုလတ်မိဘတွေက တစ်လတစ်လ သုံးဖို့စွဲဖို့ ပေးတဲ့ မုန့်ဖိုးလောက်တော့ မေခင်ကလည်း ပေးနိုင်ပါသေးတယ်"

မေမေခင်သည် ခုတင်ပေါ်မှ ဆင်းလိုက်လာပြီးလျှင် မောင်မောင်လတ်နှင့်အတူ ယှဉ်တွဲ၍ ပြတင်းပေါက်အနီးတွင် ရပ်ရင်း ပြောဆိုလိုက်သည်။

မောင်မောင်လတ်သည် အတော်ကလေး အခံရခက်သလိုရှိသွားသည်။ သို့ရာတွင် သူသည် မေမေခင်၏သတ္တိနှင့် စွမ်းရည်ကို တကယ်သိရှိထားသူတစ်ယောက်ဖြစ်၍ ဘာမျှ ပြန်မပြောနိုင်ပေ။ ထိုသို့ပြန်၍ မပြောနိုင်သဖြင့် ဘာမှပြန်မပြောဘဲ နေလိုက်သည်။

မိမိကပင် မုန့်ဖိုးပေး၍ ပေါင်းပါ့မည်ဟု မိန်းမသားတန်မဲ့ မရှက်မကြောက် ပြောဆိုတိုက်တွန်းနေသည့်တိုင်အောင် အင်းမလုပ် အဲမလုပ်နှင့် တုံဏှိဘာဝေနိုင်လှသော မောင်မောင်လတ်၏အမူအရာကို ဘေးမှ အကဲခတ်ကြည့်ရှုနေသော မေမေခင်သည် အခံရခက်သလို ဖြစ်လာလေသည်။

"မေခင်ပြောတာ ဘယ်လိုလဲဟင် ကိုလတ်"

မေမေခင်သည် မောင်မောင်လတ်၏ ပခုံးကိုပုတ်ရင်း ခပ်ထန်ထန် မေးလိုက်သည်။ မောင်မောင်လတ်သည် ဘာမျှပြန်လည်ပြောဆိုခြင်းမပြုနိုင်သဖြင့် နောက်ထပ်၍ စီးကရက်တစ်လိပ်ကို ထုတ်ယူကာ မီးညှိလိုက်ပြန်သည်။

မည်သို့မျှ အကျိုးသင့်အကြောင်းသင့် ပြန်လည်ပြောဆိုခြင်းမပြုဘဲ မိမိနှင့် ဘာမျှ မသက်ဆိုင်သလို စီးကရက်ကိုသာ ဖွာပြီးရင်း ဖွာနေသော မောင်မောင်လတ်၏အမူအရာကို မေမေခင်သည် အားမလိုအားမရ

ဖြစ်လာမိလေသည်။ မိမိက အရေးတကြီးဖြစ်နေရသလောက် ဘာမျှအရေးမကြီးလှသလို လုပ်နေသော မောင်မောင်လတ်၏ စိတ်နေသဘောထားကိုလည်း သာလွန်၍ အခံရခက်သလို ဖြစ်လာသည်။

"မေခင် ပြောနေဆိုနေတဲ့စကားများ အဖက်လုပ်ပြီး နားထောင်သေးရဲ့လားဟင် ကိုလတ်..."

မေမေခင်သည် စိတ်မရှည်နိုင်တော့သဖြင့် မောင်မောင်လတ်၏ပခုံးကို ခပ်နာနာကလေး ဆွဲကိုင်၍ လှုပ်ရမ်းရင်း မေးလိုက်သည်။

အပြစ်နှင့်ဖြစ်နေသော မောင်မောင်လတ်က...

"ကိုလတ် စဉ်းစားနေပါတယ်"

ဟုသာ ခပ်အေးအေး ဖြေလေသည်။ ထိုသို့ မထုံတက်သေးလုပ်၍ နေမြဲနေသဖြင့် မေမေခင်သည် အသားများ ဆတ်ဆတ်တုန်လောက်အောင် ဒေါသထွက်လာသည်။ မျက်နှာတစ်ခုလုံးလည်း နီရဲ၍ သွား လေသည်။

"မုန့်ဖိုးပေးပြီး လင်လုပ်ရမယ့်မိန်းမတစ်ယောက်ကို လက်ထပ်ရမှာတောင် စဉ်းစား နေရတုန်းတဲ့လား ဟင်.."

မောင်မောင်လတ်၏ကျောပြင်ကို သုံးလေးချက်ထုရင်း မေမေခင်သည် ခပ်ကျယ်ကျယ်ကလေး အော်ပြောလိုက်သည်။ ဒေါ်လေးသည် မေမေခင်၏အော်သံကြောင့် ရေးကြီးသုတ်ပျာနှင့် အခန်းတွင်းသို့ ဝင်လိုက်လာသည်။

"ဘာများဖြစ်ကြပြန်ပြီလဲ ဟင် ..၊ ငါ့နှယ် လန့်လိုက်တာအေ"

မေမေခင်သည် ၎င်း၏ဒေါ်လေးကို များစွာအရေးမထားသကဲ့သို့...

"ဝေ့လည် ကြောင်ပတ်တော့ လုပ်မယ်မကြံနဲ့ ကိုလတ်၊ မေခင့်အကြောင်း သိတယ်မဟုတ်လား"

ဟု မောင်မောင်လတ်၏ပခုံးကို ဆွဲကိုင်၍ လှုပ်ရမ်းရင်း ပြောဆိုလိုက်သည်။

“မေခင်ကလည်း ခက်လိုက်တာကွယ် …၊ ကိုလတ် ခေါင်းမရှုပ်ရှုပ်အောင် လုပ်နေတာများလား …”

ဟု မောင်မောင်လတ်သည် များစွာ စိတ်ကျဉ်းကျပ်လာသကဲ့သို့ ပြောလိုက်သည်။

“ဒီမယ် ကိုလတ် … မေခင် နောက်ဆုံးစကားတစ်ခွန်းပဲ ပြောလိုက်တော့မယ်။ ရှင့်ဝန်ကြီးဟောင်းရဲ့သမီးကို ရှင့်မိဘတွေရဲ့သြဇာ မလွန်ဆန်နိုင်လို့ လက်ထပ်ချင် လက်ထပ်နိုင်ပါတယ်။ ဒါပေမဲ့ မေခင့်ကို ရှင့်တရားဝင်မယားအဖြစ်နဲ့ လက်မထပ်နိုင်မချင်း နောက်ထပ် မေခင့်ကို လာပြီးတော့ မနှောင့်ယှက်စေချင်ဘူး။ အဲဒါ မြဲမြဲမှတ်သွားပါ”

၎င်း ပြောဆိုလိုသောစကားကို တိတိကျကျနှင့် ပြတ်ပြတ်တောက်တောက် ပြောဆိုပြီးသောအခါ နောက်ထပ်၍ မောင်မောင်လတ်၏အပြောကိုပင် စောင့်၍ နားထောင်မနေနိုင်တော့ဘဲ အိပ်ခန်းထဲမှ ဖြုန်းဖြုန်းဒိုင်းဒိုင်း ထွက်သွားပြီးနောက် ခြံချင်းကပ်လျက်ရှိသော တစ်ဖက်မှ အသိအိမ်သို့ ကူးသွားလေသည်။

မေမေခင် စိတ်ပြေ၍ ပြန်လာလိမ့်နိုးနှင့် မောင်မောင်လတ်သည် ဒေါ်လေးနှင့် စကားပြောရင်း ညနေလေးနာရီထိုးသည်အထိ စိတ်ရှည်ရှည်ထိုင်၍ စောင့်လေသည်။ လေးနာရီထိုးသွားသည့်တိုင်အောင် မေမေခင်သည် ပြန်၍ ကားမလာပေ။ မေမေခင် ပြန်၍ မလာသဖြင့် ဒေါ်လေးသည် မေမေခင်အား လိုက်၍ ခေါ်လေသည်။ သို့ရာတွင် မေမေခင်သည် ဒေါ်လေးနှင့်လည်း ပြန်လိုက်၍ မလာပေ။

ဒေါ်လေးက မောင်မောင်လတ်အား ဤကိစ္စကလေးမျှလောက်အတွက်နှင့် ဘာမျှ စိတ်မကောင်းဖြစ်မနေရန် အားပေးစကား ပြောဆိုသည်။ ငယ်ရာမှ ကြီးလာခဲ့သူဖြစ်သည့်အလျောက် မောင်မောင်လတ်အား စိတ်သက်သာရအောင် နှစ်သိမ့်ပြောဆိုသည်။ နောက်တစ်ပတ် တနင်္ဂနွေနေ့တွင် ဆက်ဆက်လာဖြစ်အောင်လာရန်နှင့် ကြားရက်အတွင်း မေမေခင် စိတ်ပြေသွားအောင် ဖျောင်းဖျပြောဆိုထားလိုက်မည့်အကြောင်းပါ မောင်မောင်လတ်အား အိမ်ပြင်အထိရောက်အောင် လိုက်၍ ပို့ရင်း ပြောပြလိုက်လေသည်။

ကိုယ့်ဝမ်းနာ ကိုယ်သာသိသော မောင်မောင်လတ်အတွက် ဒေါ်လေးပြောဆိုလိုက်သော စကားကလေးများသည် များစွာနှစ်သိမ့်နိုင်စွမ်းတော့ မရှိလှပေ။ မောင်မောင်လတ်သည် ညနေလေးနာရီသာသာလောက်တွင် ဘောက်ထော်မှ ပြန်ထွက်လာသောအခါ ဦးနှောက်များစွာခြောက်လျက်ရှိသည်။ ရှေ့တိုးလည်း ထမ်းပိုး နောက်ဆုတ်ပြန်ကလည်း လှည်းတုတ် ဖြစ်နေရသော သူ့အဖြစ်ကို စဉ်းစားလာမိသည်။ သို့ရာတွင် ဤအမှုကို သူ့သဘောမျှနှင့် သူပြုခဲ့သည်ဖြစ်သောကြောင့် သူ့ကိုယ်ကိုသာလျှင် သူသည် မချင့်မရဲ ဖြစ်နေမိသည်။ သူသည် မေမေခင် ခပ်စောစောကပြောဆိုစွပ်စွဲခဲ့သည့်အတိုင်း သူရဲဘော နည်းကြောင်လျက် ရှိနေသော သူ၏အပြုအမူကို ပြန်လည်စဉ်းစားမိလေသည်။ မိန်းမသား ဖြစ်သော်ငြားလည်း သူ့အတတ်ပညာနှင့် သူ့ဝမ်းသူကျောင်းနေသော မေမေခင်၏ဘဝနှင့် ယောကျ်ားကြီးတစ်ယောက်လုံးလုပ်နေပြီး မိဘနို့သက် ခံစိုနေရတုန်းဖြစ်သော သူ၏ ဘဝကို နှိုင်းယှဉ်စဉ်းစားကြည့်သည်။ မေမေခင်သည် သူ့လှေ၌သူ လှော်သူကြီးဖြစ်သည်။ သို့ရာတွင် မိမိမှာမူကား မိဘများကပေးမှုကမ်းမှ သုံးရစွဲရသူတစ်ယောက်မျှသာဖြစ်၍ မိဘတို့၏ ဩဇာကို အစစအရာရာတွင် နာခံနေရသည်။ မိမိ တစ်သက်ပန် ပေါင်းဖော်ရမည့်

သားမယားရွေးချယ်ရေးကိစ္စကြီးမှာပင် မိမိသဘောနှင့် မိမိ မဖြစ်နိုင်သေးသလို ရှိနေသည်။ သူသည် စိတ်ဆိုးမာန်ဆိုးနှင့် မေမေခင် နောက်ဆုံးပိတ်ပြောဆိုလိုက်သော စကားများကို ပြန်လည်ကြားယောင်မိရင်း ဖင်မနိုင်ဘဲနှင့် ပဲကြီးဟင်းသောက်ခဲ့သော သူ၏အပြုအမူများကို စဉ်းစားမိလေသည်။ ထိုသို့စဉ်းစားမိသောအခါ သူရဲဘောနည်းကြောင်းစွာ မိန်းမသားတစ်ယောက်အား လှည့်စားခဲ့သော သူ၏အားနည်းချက်အတွက် ရှက်သလို ရွံ့သလို ဖြစ်လာမိသည်။

ကားကို ခပ်ဖြည်းဖြည်း မှန်မှန် မောင်းလာရင်း ခြောက်နေသောဦးနှောက်ကို ကြည်လင်ရွှင်ပျသွားအောင် ဆေးကြောရှင်းလင်းရန် ရည်ရွယ်ချက်ဖြင့် မောင်မောင်လတ်သည် မြင်းပွဲဘက်သို့ လှည့်ဝင်လာခဲ့သည်။ မြင်းပွဲသို့ ရောက်သောအခါ လေးနာရီပင် မခွဲတတ်သေးသဖြင့် ရန်ကုန်မြို့တော်သူ မြို့တော်သားများသည် စည်စည်ကားကားနှင့် ဆူဆူညံညံ လောင်းကစားနေကြတုန်းဖြစ်သည်။ ပျော်ရွှင်နေကြတုန်းလည်း ဖြစ်သည်။ မောင်မောင်လတ်သည် မြင်းလောင်းရန် ရည်ရွယ်ချက်တော့ မရှိပေ။ သူသည် အသိမိတ်ဆွေများနှင့် ပျော်ပျော်ပါးပါး တွေ့ဆုံ၍ စိတ်လက်ရွှင်ပျစေရန် ရယ်မောစရာ အကြောင်းကလေးများလောက် ပြောဆိုဖို့နှင့် အေးအေးလူလူထဲက တစ်ခုခုစားသောက်ဖို့သာလျှင် ရည်မှန်းလျက်ရှိလေသည်။ လွန်ခဲ့သော နာရီပိုင်းအတွင်းလောက်က တွေ့ဆုံခဲ့ရသော ဦးနှောက်ခြောက်စရာအဖြစ်အပျက်များကို သူသည် အမြန်ဆုံးမေ့ပျောက်ပစ် လိုက်ချင်လေသည်။

မောင်မောင်လတ် မြင်းပွဲသို့ ဝင်ရောက်လာသောအချိန်၌ တတိယတွဲပွဲ ပြေးတော့မည့် အပတ်ဖြစ်သဖြင့် မြင်းပွဲသို့ လာရောက်လောင်းကစားကြသူများသည် အထီး၊ အမ မရွေး သူ့ထက်ငါ တိုးဝှေ့၍ လက်မှတ်များ အလုအယက်ဆုတ်နေကြလေသည်။ ထို လက်မှတ်ဆုတ်နေကြသော လူအုပ်ကြီးထဲတွင် ရန်ကုန်မြို့တော်၏ ဂုဏ်အသရေရှိ လူကြီးလူကောင်းတို့အား အများဆုံးတွေ့ရသည်။ ယောကျ်ားများနှင့် နင်လားငါလား တိုးဝှေ့၍ လက်မှတ်လုယက် ဝယ်ယူနေကြသော မိန်းမသားများသည်လည်း မြို့တော်၏ ဂုဏ်အသရေရှိ အမျိုးသမီးဆိုသူများသာ ဖြစ်ကြသည်။ မင်းကြီးကတော်များ၊ အတွင်းဝန် ကတော်များအပြင် ဝန်ကလေးဝန်ထောက်ကတော်များအထိ ပါဝင်ဆင်နွှဲလျက် ရှိကြလေသည်။

မောင်မောင်လတ်သည် လက်မှတ်ဆုတ်နေကြသော လူအုပ်ကြီးအနီးသို့ ဖြတ်လာစဉ် ယောကျ်ားများနှင့် နင်လားငါလား တိုးဝှေ့၍ လက်မှတ်ဆုတ်နေသော ဒေါ်မိမိခင်နှင့် လဲ့လဲ့တို့သားအမိကို လှမ်း၍ မြင်လိုက်ရသဖြင့် ခေါင်းနပန်းကြီးသွားလေသည်။ သို့ရာတွင် လက်မှတ်ကိုသာ မဲ၍ ဆုတ်နေရသဖြင့် ဒေါ်မိမိခင်တို့သားအမိ မောင်မောင်လက်ကို မြင်မိကြဟန်မရှိပေ။ အကယ်၍ မောင်မောင်လတ်ကိုသာ မြင်သွားခဲ့လျှင် မောင်မောင်လတ်အား ထိုသားအမိသည် အတင်းဆွဲခေါ်ထားကြလိမ့်မည်ဖြစ်သည်။ မောင်မောင်လတ်သည် မြင်းပွဲမပြီးမချင်း လဲ့လဲ့တို့သားအမိနှင့် အတူ တတွဲတွဲလိုက်ပါနေရမည်ဖြစ်သည်။ ထိုအဖြစ်မျိုးကို မောင်မောင်လတ်သည် အတတ်နိုင်ဆုံး ရှောင်ကွင်းလိုသည်။ ထို့ကြောင့် သူသည် ဒေါ်မိမိခင်နှင့် လဲ့လဲ့တို့သားအမိက သူ့ကို မတွေ့ မမြင်မီ မြင်းပွဲထဲမှ အမြန်ဆုံးပြန်လှည့်၍ ထွက်လာခဲ့သည်။

မြင်းပွဲထဲမှ ပြန်ထွက်လာခဲ့ပြီးနောက် သူသည် ရည်ရွယ်ချက်မရှိဘဲ ကားကို မောင်းလာသည်။ သူသည် အိမ်သို့မပြန်သေးမီ ကျန်ရှိနေသေးသောအချိန်အား အဘယ်သို့ ဖြုန်းပစ်ရမည့်အရေးကို စဉ်းစားရခက်နေသည်။ ယခုကဲ့သို့ မြင်းပွဲရှိသော တနင်္ဂနွေနေ့များတွင် ပြည်ထောင်စုကလပ်သို့ သွား၍ လည်း အဘယ်အသိမိတ်ဆွေကိုမှ တွေ့ဆုံဖို့ရန် မျှော်လင့်စရာ မရှိနိုင်ပေ။ မြင်းပွဲနှင့် ပြည်ထောင်စုကလပ်များမှလွဲ၍ အချိန်ဖြုန်းရန်အတွက် မောင်မောင်လတ်သည် အခြားနေရာတစ်ခုခုကိုလည်း မရှာဖွေတတ်သည့် နောက်ဆုံး၌ ဒေါ်မိမိခင်နှင့် လဲ့လဲ့တို့ သားအမိ အန္တရာယ်နှင့် လွတ်ကင်းသော ပြည်ထောင်စုကလပ်သို့သာ ကားကိုမောင်းလာခဲ့ခြင်းဖြစ်သည်။ ပြည်ထောင်စုကလပ်တွင် မည်သူမျှ မရှိလျှင်လည်း အမှတ်ပေးသော မာကာနှင့် ဘိလစ်တစ်ပွဲလောက်ထိုးရင်း ကျန်ရှိနေသေးသော အချိန်ကို ဖြုန်းပစ်လိုက်ရန် စိတ်ကူးလာခဲ့သည်။

ပြည်ထောင်စုကလပ်၌ မြင်းပွဲရှိသောနေ့ဖြစ်၍ လူရှင်းနေလေသည်။ အခါတိုင်း နေ့များတွင် အမြဲလိုလို တွေ့ ရတတ်သော အစိုးရပိုင်းမှ ဆင်ကြီးကျားကြီးများကိုလည်း ကောင်း ဂဠုန်ကြီးနဂါးကြီးများကိုလည်းကောင်း တစ်ယောက်တလေမှ မတွေ့ရပေ။ ကျား၊ ဆင်ဂဠုန်နဂါးများ မရှိကြသဖြင့်လည်း ၎င်းတို့အား ကပ်မြှောင်၍ ဖော်လံဖား နေကြသော မြို့တော်၏ ဂုဏ်အသရေရှိလူကြီးလူကောင်းများကိုပါ မတွေ့ ရှိရပေ။ မြင်းပွဲ မသွားတတ်၍ လည်းကောင်း မသွားနိုင်၍ လည်းကောင်း၊

မာကျောက်ဆွဲနေကြသော အာဏာရနိုင်ငံရေးပါတီကြီးတစ်ခုမှ ခေါင်းဆောင် ဒုတိယတန်းလေးငါးယောက်ကို တွေ့ ရသည်။ ထိုနိုင်ငံရေးသမားများသည် ကလပ်၌ မာကျောက်ဆွဲရင်း ပြည်ထောင်စုသမ္မတ နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရန် စိတ်ကူးထုတ်နေကြသည်လားတော့ကား မပြောတတ်ပေ။

မောင်မောင်လတ်သည် မာကျောက်ဆွဲနေသော နိုင်ငံရေးသမားများကို များစွာ အထင်မကြီးတတ်သည့်အတိုင်း ထိုပစ္စည်းမဲ့ခေါင်းဆောင်ကြီးများအား မမြင်ယောင်ပြုကာ ဘိလစ်ခုံထားရှိသော အခန်းဘက်သို့ ဖြတ်ကူးလာစဉ်....

"ဟော့လူ ... ကိုမောင်မောင် လတ်"

ဟု ၎င်း၏နာမည်အား အရက်များရောင်းချသော အခန်းဘက်မှ တစ်စုံတစ်ယောက် အော်ခေါ်သံကို ကြားလိုက်ရသဖြင့် လှမ်း၍ ကြည့်လိုက်မိသည်။

ကိုသက်တင်ကို မမျှော်လင့်ဘဲ တွေ့ ရလေသည်။ သူသည် ဘီယာကို အေးအေး ဆေးဆေး တစ်ယောက်တည်းသောက်နေသည်။

"ခင်ဗျားကို သိပ်တွေ့ချင်နေတဲ့ကိစ္စတစ်ခုရှိလို့ဗျ။ လာစမ်းပါဦး" " ဟူသော နာမဝိသေသနကြောင့် ရင်ထဲတွင် အနည်းငယ် လှုပ်ရှားသွားလေသည်။

"ခင်ဗျားကိုတွေ့ချင်နေလို့ ကျုပ် လိုက်စုံစမ်းနေတာ တနင်္ဂနွေသုံးပတ်လောက် ရှိသွားပြီဗျ ...ခင်ဗျားသတင်းကို အစအနကလေးများ ရမလားလို့ မြိုင်တို့အိမ်တောင် ကျုပ် ဒီအတွင်း သုံးလေးခေါက် ရောက်ခဲ့သေးတယ်"

"ခင်ဗျားပြောကာမှပဲ သတိရတယ်ဗျာ ...ကျုပ်လည်း မြိုင်တို့အိမ်မရောက်တာ တော်တော်ကြာသွားပြီ။ ဒါထက် ဦးလေးတို့အားလုံးကော နေထိုင်ကောင်းကြရဲ့လား"

"မြိုင်ကရော၊ ဒေါ်လေး ဒေါ်စောခင်ကရော ခင်ဗျား ဒါလောက်ကြာကြာကြီး ပေါ်မလာတဲ့အတွက် တော်တော်ကလေး အပြစ်တင်နေကြတယ်။ ဒေါ်လေး ဒေါ်စောခင်ကလည်း ခင်ဗျားနဲ့ အရေးတကြီးတွေ့ ချင်တဲ့ကိစ္စတစ်ခု ရှိနေလို့ ခင်ဗျားကို တွေ့တွေ့ ချင်း

သူ့ဆီလွှတ်လိုက်ဖို့တောင် မှာလိုက်သေးတယ်”

“ဒေါ်လေးက ကျုပ်ကိုတွေ့ချင်တဲ့ကိစ္စ ရှိလို့လား။ ဒီအဘွားကြီးက ဘာကိစ္စများ ရှိနေရပြန်သလဲ မပြောတတ်ပါဘူးဗျာ။ လူတွေဟာ အသက်ကလေး တဖြည်းဖြည်းကြီး လာရင် ခွကျကျလာတာပဲထင်ပါရဲ့"

“ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ၊ ဒေါ်လေး ဒေါ်စောခင်ကိုတော့ ဆက်ဆက်သွားတွေ့လိုက်ပါဦး။ ခင်ဗျားကို တွေ့ချင်နေတဲ့ကိစ္စက သူ့မှာ တော်တော်အရေးကြီးနေပုံရတယ်ဗျ။ ခင်ဗျားနဲ့တွေ့ ရင် လက်ဆွဲပြီး သူ့ဆီကို မရောက်ရောက်အောင် ကျုပ်ကိုယ်တိုင် ခေါ်လာခဲ့ပါလို့တောင် မှာလိုက်တယ်”

“ဒေါ်လေးကိစ္စကိုထားပြီး ခင်ဗျားရဲ့ ကိစ္စကို ပြောစမ်းပါဦးဗျာ”

ဟု မောင်မောင်လတ်သည် ကိုသက်တင်၏အနီးတွင် ဝင်၍ ထိုင်ရင်း မေးလိုက်သည်။

“ခင်ဗျား ဘာသောက်မလဲ ... ဘီယာပဲချမလား"

“ကျုပ် ဘာမှမသောက်ချင်ဘူးဗျာ၊ ခပ်စောစောကတောင် ခင်ဗျားနဲ့များ တွေ့လို တွေ့ငြား မြင်းပွဲဘက် လှည့်လာခဲ့သေးတယ်”

မောင်မောင်လတ်သည် စီးကရက်တစ်လိပ် ကို ထုတ်ယူကာ မီးညှိရင်းပြောလေသည်။

“ကျုပ်လည်း လေးနာရီလောက်ကမှ မြင်းပွဲကပြန်ထွက်လာခဲ့တာ ဒီအပတ်တော့ သုံးရာလောက် ထိသွားတယ်ဗျာ”

“ဒါထက် ခင်ဗျား လိုက်ရှာနေတယ်ဆိုတဲ့ကိစ္စကို ပြောစမ်းပါဦးဗျာ”
“ဖြည်းဖြည်းပြောတာပေါ့ဗျာ၊ တစ်ခုခုတော့ သောက်လိုက်ပါဦး။ အေးအေးဆေးဆေး သောက်ရင်းပြောကြတာပေါ့"

“ဒီကပြီးရင် ဒေါ်လေးတို့ဆီသွားမှာမို့ မသောက်တော့ဘူးဗျာ။ ခင်ဗျား ပြောစရာရှိတဲ့ ကိစ္စကိုသာ ပြောစမ်းပါ"

“တစ်လောက ခင်ဗျားသတင်း ဘာကြားသလဲတော့ မသိဘူး

ကြီးကြီးက ကျုပ်ကို ခေါ်ပြီး ခင်ဗျားအကြောင်းမေးတယ်ဗျ"

"ဘယ်လိုမေးတာလဲ ဆိုစမ်းပါဦး"

"ခင်ဗျားမှာ တိတ်တိတ်ပုန်းထားတဲ့ မိန်းမတစ်ယောက်ရှိသလိုလို သတင်းရထားသဗျ။ ဒါကြောင့်မို့ လဲ့လဲ့နဲ့ ခင်ဗျားကိစ္စဟာ မကြာသင့်ဘဲနဲ့ ခုလောက်ကြာနေရတယ်လို့ ထင်သတဲ့"

မောင်မောင်လတ်သည် မျက်နှာမပျက်သွားရအောင် အတော် ဟန်လုပ်ထားရသည်။ ဒေါ်မိမိခင်သည် အလွန်တရာလည်ပတ်၍ ပါးနပ်လှသောမိန်းမကြီးတစ်ယောက် ဖြစ်ရကား သူနှင့် မေမေခင်တို့ တိတ်တိတ်ပုန်းဖြစ်နေသောသတင်းကို လိုက်လံစုံစမ်း၍ တစ်စွန်းတစ်စများ သိရှိသွားလေပြီလောဟု မောင်မောင်လတ်သည် ရတ်တရက် တွေးကြည့်မိသည်။ သို့ရာတွင် အလွန်တရာ ပိပိရိရိနှင့် ဖုံးဖုံးဖိဖိလုပ်ထားသော သူ၏အတွင်းရေးကိစ္စကို ဒေါ်မိမိခင်သည် မည်သည့်နည်းနှင့်မျှ အလွယ်တကူ စုံစမ်းမရနိုင်ဟူ၍ လည်း ပြန်လည်စဉ်းစားမိသည်။

"အဘွားကြီးက တွေ့ကရာတွေ လျှောက်ပြောနေတာနဲ့ တူပါတယ်ဗျာ"

ဟု မောင်မောင်လတ်က ပြန်၍ ပြောလိုက်သည်။

"ဒါတော့ ကျုပ်လည်း သေသေချာချာမသိဘူးဗျ။ ဒါပေမဲ့ ကြီးကြီးက ကျုပ်ကို ဒီကိစ္စအတွက်နဲ့ ပတ်သက်လို့ အစ်ကိုကြီးကိုသက်ထွန်းရောလဲ့လဲ့ပါ နည်းနည်းကလေးမှ မရိပ်မိပါစေနဲ့လို့ ပြောတယ်။ ကျုပ်ကိုလည်း ဒီသတင်း တတ်နိုင်သမျှ စုံစမ်းပေးပါလို့ ခိုင်းနေတယ်။ အဲဒါ ကြီးကြီးကို ကျုပ် ဘယ်လိုပြန်ပြောစေချင်သလဲ"

မောင်မောင်လတ်သည် ငိုင်၍ စဉ်းစားနေလေသည်။ သူနှင့် ကိုသက်တင်တို့မှာ သူခိုးသေဖော်ညှိဘက်များ ဖြစ်ကြ၍ တစ်ဦးကိုတစ်ဦးက အမြဲတစေ ကာကွယ်လေ့ရှိကြသူချင်း ဖြစ်သည်။ ယခုလည်း ၎င်း၏ကြီးကြီးက လူယုံလုပ်၍ ခိုင်းစေသောကိစ္စကို ကိုသက်တင်သည် သူ့အား အတိအလင်းဖွင့်ပြောလျက် တစ်ဖက်သို့ ပြန်ပြောစေလိုသော စကားကိုပင် တောင်းနေချေပြီ။

"ကြီးကြီးကတော့ တစ်ခုခုကြားထားတာနဲ့ တူတယ်ဗျ ..ခင်ဗျားလုပ်ထားတာ ကိုင်ထားတာများရှိနေရင်လည်း ပိပိရိရိလုပ်ပေါ့ဗျာ"

"ခင်ဗျားဘာသာခင်ဗျားပဲ အဘွားကြီးယုံလောက်အောင် ကြည့်ပြီးသာပြောလိုက်ပါဗျာ။ ဒါပဲမဟုတ်လား။ ကိုင်း ... ကျုပ်လည်း ဒေါ်လေး ဒေါ်စောခင်တို့ဆီ သွားလိုက်ဦးမှထင်တယ်"

ဟု ပြောဆိုရင်း မောင်မောင်လတ်သည် ထိုင်ရာမှထလိုက်လေသည်။

"ပြောလိုက်ပါ့မယ် ... နောက်ပြီးတော့ ကြီးကြီးက ယုံကြည်လောက်အောင်လည်း ခင်ဗျားက သူတို့အိမ်ကို ခပ်မှန်မှန်ကလေး ဝင်ပေးထွက်ပေးဦးမှပေါ့ဗျာ"

"သွားမယ်ဗျာ ..."

ဟု နှုတ်ဆက်ပြီးနောက် မောင်မောင်လတ်သည် ကိုသက်တင်နှင့် လူချင်းခွဲကာ ကလပ်ပေါ်မှ ဆင်းလာခဲ့သည်။ ပြည်ထောင်စုကလပ်မှ ရွှေတောင်ကြားဘက်သို့ ကားကိုမောင်းလာရစဉ် မောင်မောင်လတ်၏ဦးနှောက်သည် များစွာနောက်ကျိ ရှုပ်ထွေး၍ နေသည်။

(ဃ)

ရွှေတောင်ကြားဘက်ရှိ မြိုင်တို့တိုက်သို့ မောင်မောင်လတ် ရောက်ရှိသောအချိန်၌ အနည်းငယ်မှောင်စပြုလျက် မီးများပင် ထွန်းညှိထားရလေပြီ။ မောင်မောင်လတ်၏ မော်တော်ကား ဝင်လာသံကို ကြားရသဖြင့် ဒေါ်လေး ဒေါ်စောခင်သည် ဘုရားသို့ သွားကြသော မြိုင်တို့သားအဖ ပြန်လာပြီထင်၍ ဆင်ဝင်ရှေ့မှ ထွက်၍ ကြိုသည်။ သို့ရာတွင် မြိုင်တို့သားအဖ မဟုတ်သေးဘဲ မောင်မောင်လတ်ဖြစ်နေသဖြင့်...

"ဟင် ... မောင်မောင်လတ်ပါလား၊ မင်း ဘယ်ကလှည့်ဝင်လာခဲ့တာလဲ"

ဟု လှမ်း၍ မေးလိုက်သည်။

"မရောက်တာကြာလို့ တမင်သက်သက်လာတာပဲ ဒေါ်လေး"

ထိုသို့ပြန်ပြောရင်း ကားတံခါးကိုဖွင့်၍ မောင်မောင်လတ်သည် ဆင်းလာသည်။

"မင်းလည်းကွယ် ဒါလောက်ကြာအောင် တစ်ခါတစ်ခေါက်မှ ပေါ်မလာဘဲ နေနိုင်လိုက်တာ။ မြိုင်တစ်ယောက်ကဖြင့် မင်းအကြောင်း တစ်မေးတည်း မေးနေတာပဲ"

"ဒါထက် မြိုင်တစ်ယောက် မမြင်မိပါလား"

မောင်မောင်လတ်သည် စီးကရက် တစ်လိပ်ကို ထုတ်ယူ၍ မီးညှိရင်း မြိုင့်ကိုမမြင်မိသဖြင့် မေးလိုက်သည်။

"အစ်ကိုကြီးရော၊ မြိုင်ရော ခပ်စောစောကပဲ ဘုရားသွားကြတယ်။ အစ်ကိုကြီးကတောင် တစ်နေ့ကပဲ ဒီသူငယ်လေးတစ်ယောက် မမြင်တာ တော်တော်ကြာသွားပြီ။ အိမ်ကို ပေါ်မလာတာ မြိုင်နဲ့များ သူတို့လူငယ်ချင်း စကားများကြသလားဟဲ့ဆိုပြီး ငါ့ကိုမေးနေသေးတယ်"

"ကျွန်တော် မလာလို့ မြိုင်တစ်ယောက်ကကော ဘာတွေများ ပြောသေးသလဲ .... ဟင် ဒေါ်လေး"

"မြိုင်ကတော့ မင်းနေနိုင်တာကို တော်တော်အပြစ်တင်နေတယ်။ မင်းလာမှ ဆူပစ်လိုက်ရဦးမယ်လို့လည်း ပြောသေးတယ်"

"ကိုသက်တင်တစ်ယောက်ကော မှန်မှန်လာရဲ့လား ဒေါ်လေး"

"မောင်သက်တင်ကတော့ လာရှာပါတယ်။ ဒါပေမဲ့ ဘာဖြစ်လို့မှန်းတော့ မသိဘူးကွယ်၊ မြိုင်က မောင်သက်တင်ကို စကားမပြောဘဲလုပ်နေတယ်။ သူတို့နှစ်ယောက် အတွက်နဲ့ ငါလည်းခက်ပါတယ်"

"ဘာများဖြစ်ကြလို့ပါလိမ့်၊ မြိုင့်ကိုကော ဒေါ်လေး မေးမကြည့်ဘူးလား"

"မေးကြည့်တော့လည်း ဘာမှဟုတ်တာမဟုတ်ပါဘူးကွယ်။ ပြီးတော့ မင်းနှမ မြိုင်တစ်ယောက်အကြောင်းလည်း မင်းအသိသားပဲမဟုတ်လား။ သူ့ဟာက ဘာမဟုတ်တဲ့အကြောင်းကလေး တစ်ခုလောက်နဲ့ စိတ်ကောက်ချင် ကောက်နေတာကွဲ့။ ဪ .. မောင်သက်တင်အကြောင်းပြောရင်းမို့ မင်းကို မေးလိုက်ရဦးမယ်"

"ဘာများမေးမှာမို့လဲ ဒေါ်လေးရဲ့"

"မင်းကော မောင်သက်တင်နဲ့ အခုအတောအတွင်းများ တွေ့သေးသလား"

"ဘာဖြစ်လို့လဲ ဒေါ်လေး"

"မင်းပေါ်မလာတာကြာသွားလို့ မင်းကိုတွေ့ရင် ဆွဲခေါ်လာခဲ့ဖို့ ငါမှာထားလို့ပါ"

"ကနေ့ပဲ သူနဲ့တွေ့ပြီး သူကပြောလိုက်လို့ ကျွန်တော် လှည့်ဝင်လာမိခဲ့တာပဲ ဒေါ်လေး"

"ခရီးရောက်မဆိုက် မြည်တာတော့မဟုတ်ဘူး မောင်လတ်။ မင်းဟာ အတော် ပေါ့ပြီး ပျက်စီးနေပြီ"

မောင်မောင်လတ်သည် ဘာမှပြန်မပြောဘဲ

စီးကရက်ကိုသာဖွာနေသည်။ သူသည် ဤသို့မြည်တွန်တောက်တီးခြင်း ခံရမည့်အရေးကို ပြည်ထောင်စုကလပ်ပေါ်မှ ဆင်းလာသည့်ချိန်လောက်မှစ၍ စဉ်းစားတွက်ချက်ထားခဲ့ပြီးဖြစ်လေသည်။ ထိုကဲ့သို့ တွက်ချက် ထားခဲ့သည့်အတိုင်း ကိုက်ညီလျက်ရှိနေသောအခါ သူ့အတွက် လူတစ်ယောက်ပီပီ ငြိမ်သက်စွာ နေထိုင်လိုက်ရုံသာဖြစ်သည်။

"တစ်လောကလည်း မမ ငါ့ဆီလာပြီး မင်းအကြောင်း ညည်းသွားသေးတယ်"

"မေမေက ဘာတွေပြောသွားပြန်လို့လဲ"

"အိမ်က ငွေသုံးထောင် ခိုးသွားတာအစ်ကိုကြီးမသိအောင် လှည့်ထားရတယ် ဆိုပါလား။ မင်းဟာ ထင်သလို သုံးစွဲနေရရက်သားနဲ့တောင် ဒီလိုလုပ်ရသလားဟင်"

"ကျွန်တော့်မိတ်ဆွေတစ်ယောက် သိပ်ဒုက္ခရောက်နေတုန်း ခဏလှည့်ပေးထားတာ ဒေါ်လေးရယ်။ မေမေကလည်း ဒါလောက်ဟာကလေးကိုပဲ ကြီးကြီးကျယ်ကျယ်လုပ်ပြီး ဒေါ်လေးဆီ လာညည်းသွားသေးသတဲ့လား"

စင်စစ်တော့ မောင်မောင်လတ်သည် ထိုငွေသုံးထောင်ကို မေမေခင် စုဆောင်းထားသော ငွေလေးထောင်နှင့်ပေါင်း၍ ဘောက်ထော်မှတိုက်ကလေးကို ဝယ်ယူခဲ့ခြင်းဖြစ်သည်။

"မင်းကို တစ်ခုခုပြောလိုက်ရင် ဆင်ခြေဆင်လက်နဲ့ မင်းကိုယ်ကိုမင်း ခြောက်ပြစ်ကင်း လုပ်လိုက်တာပဲ။ တော်စမ်းပါ မောင်လတ်ရယ်"

"အကျိုးသင့်အကြောင်းသင့် ပြောပြပြန်တော့လည်း ဒေါ်လေးတို့ လူကြီးတွေက လက်မခံကြဘဲကိုးလေ"

"နောက်ပြီးတော့လည်း ရှိသေးတယ်"

"ဒါနဲ့ပဲ မပြီးသေးဘူးလား ဒေါ်လေးရဲ့"

"မင်းက ငါ့ကို ရွှတ်နောက်နောက်မလုပ်ပါနဲ့"

ဒေါ်စောခင်က မျက်နှာထားခပ်တည်တည်နှင့် ခပ်တန်းတန်းကလေး ဖိ၍ ပြောလိုက်သဖြင့် မောင်မောင်လတ်သည် ဘာမျှပြန်မပြောဖြစ်ဘဲ ငြိမ်၍ နေလိုက်သည်။

ဒေါ်လေး ဒေါ်စောခင်သည် သူ့အား တူအရီးနှစ်ယောက်ချင်း ရှိကြသောအခါများတွင် ဤသို့ ပြောဆိုဆုံးမရင်း ဆူပူကြိမ်းမောင်းလေ့ရှိသော်လည်း အခြားသောလူကြီးများနှင့် ကျယ်လျှင်ကား သူ့တူဘက်မှနေ၍ အမြဲတစေခုခံကာကွယ်လေ့ရှိသည်။ ဤအကြောင်းကိုလည်း မောင်မောင်လတ်သည် သိရှိထားပြီးဖြစ်လေသည်။ ထို့ကြောင့် သူသည် ဒေါ်လေး ဒေါ်စောခင်ကို ချစ်လည်းချစ်၍ အားလည်းကိုးသည်။ ဒေါ်လေးဒေါ်စောခင်က သူ့အပေါ် ၌ မေတ္တာပျက်မည့်အလုပ် မှန်သမျှ သတိကြီးစွာထား၍ ရှောင်ကြဉ်လေ့ရှိသည်။

“လွန်ခဲ့တဲ့ဆယ်ရက်လောက်က မမခင်တို့အိမ်ကို ငါရောက်တော့ မင်းသတင်း ဘာများကြားထားသလဲတော့ မသိဘူး။ ငါ့ကို မမခင်ကလည်း မင်းအကြောင်း တိုင်လိုက်တာ စုံလို့ပဲ”

“ဒေါ်လေးကို ဘာတွေများတိုင်လိုက်သလဲဆိုတာလည်း ပြောဦးမှပေါ့”

“လဲ့လဲ့နဲ့ မင်းကိစ္စကလွဲလို့ တခြားဘာတွေရှိဦးမလဲ၊ အရင် ဘုရားကိုးဆူကပ်ပြီးတဲ့နောက် မင်း လဲ့လဲ့တို့အိမ် တစ်ခေါက်မှ မရောက်သေးဘူးဆို ဟုတ်လား ..."

“အကြောင်းကလည်းမရှိ ခရီးကလည်း မကြုံတာနဲ့မို့ပါ ဒေါ်လေးရာ..."

“အကြောင်းကလည်း မရှိဘူး ဟုတ်လား မောင်လတ်၊ မင်းစကားပြောတာ စဉ်းစဉ်း စားစား ပြောစမ်းပါကွယ်။ မင်းဟာ ငယ်တော့တဲ့ကလေးတစ်ယောက်လည်း မဟုတ်ပါဘူး”

မောင်မောင်လတ်သည် ဘာမျှပြန်မပြောတတ်သဖြင့် နောက်ထပ်၍ စီးကရက် တစ်လိပ်ကို ထုတ်ယူကာ မီးညှိပြန်လေသည်။ ထိုသို့ စီးကရက်မီးညှိရင်း သူ့အား စပါးကြီးမြွေပတ်သလို တစ်စထက်တစ်စ ရစ်ပတ်ရန် ခပ်ကျဲကျဲလှမ်းလာသော ဒေါ်မိမိခင်၏ ခြေလှမ်းကို

စဉ်းစားမိလာသည်။

"မင်းလုပ်တာမဟုတ်ရင် တစ်သက်လုံးက ပေါင်းသင်းလာကြတဲ့ လူကြီးချင်းတွေ တစ်ယောက်မျက်နှာ တစ်ယောက်မကြည့်ရဲအောင် ဖြစ်ကုန်ကြလိမ့်မယ်ဆိုတာ မင်း စဉ်းစားတတ်ဖို့ ကောင်းတယ်။ ပြီးတော့ လဲ့လဲ့ဆိုတဲ့ မိန်းကလေးဟာ ဘယ်လောက်တော်သလဲ၊ ဒါနဲ့တောင် မင်းက ရှောင်ဖယ် ရှောင်ဖယ် လုပ်နေတာများ အံ့ပါရဲ့ကွယ်"

"ခက်တာပါပဲ ဒေါ်လေးရာ..."

"ဘာခက်နေ ရတာလဲ၊ မင်းဟာက ဒါပဲနော် မောင်လတ်။ မင်းဟာ ငယ်တော့တဲ့ ကလေးတစ်ယောက်မဟုတ်ဘူး"

"ကျွန်တော့်ဘာသာ ကျွန်တော် လူပျိုဘဝနဲ့ လွတ်လွတ်လပ်လပ်နေချင်သေးတာတောင် အေးအေးဆေးဆေးမှ မနေရဘဲကို..."

"အေးအေးဆေးဆေးနေရင်တော့ ကောင်းသပေါ့ကွယ်၊ ငါ ဒါလောက်ပဲပြောထားဦးမယ်ဟေ့ ..."

ထိုသို့ တူအရီးနှစ်ယောက် စကားပြောဆိုနေကြသည့်အခိုက် ခြံထဲသို့ နောက်ထပ် ကားတစ်စီးဝင်လာကာ မောင်မောင်လတ်၏ ရပ်ထားသော အော်စတင်ကားနောက်နားတွင် ကပ်၍ ရပ်သွားသည်။ ကားရပ်၍ မီးငြိမ်းသွားပြီးနောက် ကားတံခါးဖွင့်ကာ မြိုင်သည် ရှေးဦးစွာဆင်းလာလေသည်။ မြိုင်သည် ဒေါ်လေးဒေါ်စောခင်နှင့် ရပ်၍ စကားပြောနေသော မောင်မောင်လတ်ကို မြင်လျှင်မြင်ချင်း "ကိုကိုလတ်"ဟု အားရဝမ်းသာခေါ်ကာ မောင်မောင်လတ်ဆီသို့ အူယားဖားယား ပြေးသွားလေသည်။

မြိုင်၏ဖခင်ဖြစ်သူ ဦးထွန်းမင်းသည် ကားပေါ်မှဆင်းလာပြီးနောက် မမြင်မတွေ့ ရသေးသည်မှာ အတန်ကြာသွားပြီဖြစ်သော တူဖြစ်သူ မောင်မောင်လတ်နှင့် စကားစမြည် ပြောဆိုရန်အတွက် မြိုင်နှင့် မောင်မောင်လတ်တို့ မောင်နှမ စကားပြောနေရာသို့ ခပ်မှန်မှန် လျှောက်၍ လာသည်။

မြိုင်နှင့် စကားပြောနေရာမှ ဦးထွန်းမင်း

လျှောက်လာသည်ကိုမြင်သဖြင့် မောင်မောင်လတ်သည် ၎င်း၏ဦးလေးဖြစ်သူအား လက်အုပ်ချီ၍ အရိုအသေပြုရင်း...

“နေထိုင်လို့တော့ ကောင်းတယ်မဟုတ်လား ဦးလေး"

ဟု လှမ်း၍ နှုတ်ဆက်လေသည်။

“အေး ... ဒါထက် မင်းလည်း ခုတစ်လော တယ်ပျောက်ချက်သားကောင်းလှပါကလားကွ"

“ကျွန်တော် ဂေါက်သီးရိုက်တာ သင်နေလို့ပါ ဦးလေးရဲ့ ”

ဟု မောင်မောင်လတ်က သူ၏ထုံးစံအတိုင်း ဦးလေးလုပ်သူကိုပါ ချမ်းသာမပေးဘဲ လိမ်လိုက်ပြန်သည်။

“အံမယ် မင်းက ဂေါက်သီးတွေဘာတွေတောင် အရိုက်သင်နေလို့ပါလား။ တော်တော်ကော ဖြစ်ပလားကွ”

“ဘောလုံးတော့ အထိမှန်အောင် ရိုက်နိုင်ပါပြီ”

ဟု ကြားဖူးနားဝရှိသော အချက် ကလေးများနှင့် ဆက်လက်၍ လိမ်လိုက်သည်။

"ကောင်းတယ်၊ ငါတောင် အရိုက်ချင်သားကွ။ ဝိပဿနာအလုပ် က တစ်ဖက်နဲ့မို့ကွာ”

မောင်မောင်လတ်အား ပြောဆိုလျက်ရှိရာမှ ၎င်း၏နှမဖြစ်သူ ဒေါ်စောခင်ဘက်သို့ လှည့်သွားပြီးလျှင်...

“ငါတော့ တော်တော်ဆာပြီကွဲ့ စောခင်"

ဟု ပြောဆိုလိုက်လေသည်။

“ဒါဖြင့် ကျွန်မ ထမင်းပွဲပြင်လိုက်တော့မယ်နော် အစ်ကိုကြီး”

ဟု ပြန်ပြောပြီးလျှင် ထမင်းပွဲပြင်ဆင်ရန်အတွက် ဒေါ်စောခင်သည် အိမ်ထဲသို့ဝင်၍ သွားလေသည်။

"ကိုင်း ... မင်းတို့မောင်နှမ အေးအေးဆေးဆေး စကားပြောကြဦး၊ ငါတော့ မောလာလို့ ထမင်းမစားခင်ကလေး ခဏလောက်အနားယူလိုက်ဦးမယ်ဟေ့"

ဟု ဦးထွန်းမင်းသည် မောင်မောင်လတ်၏ပခုံးကိုပုတ်၍ ပြောဆိုပြီးနောက် အိမ်ထဲသို့ ဝင်သွားလေ သည်။

မြိုင်သည် မောင်မောင်လတ်အား ၎င်း၏နှင်းဆီပန်းပင်များအကြားသို့ ခေါ်ဆောင်လာခဲ့ပြီးနောက် လှပသော နှင်းဆီနီအမျိုးအစားထဲမှ ပန်းပွင့်ကြီးတစ်ပွင့်ကို ၎င်းကိုယ်တိုင် ချိုးယူလိုက်ပြီးလျှင် မောင်မောင်လတ်အား လှမ်းပေးလေသည်။ အခါတိုင်း ၎င်း၏နှင်းဆီပန်းများကို အလွန်တရာ နှမြောစုံမက်ခြင်းရှိလှသော မြိုင်က ယခုကဲ့သို့ နှင်းဆီပန်းပွင့်ကြီးတစ်ပွင့်ကို ၎င်းကိုယ်တိုင် ချိုးယူ၍ ပေးနေသောကိစ္စသည် မောင်မောင်လတ်အတွက် အထူးအဆန်းသဖွယ် ဖြစ်နေသည်။ ထို့ကြောင့် သူသည် မြိုင်က လှမ်း၍ ပေးနေသော နှင်းဆီပန်းပွင့်ကို မယူဖြစ်သေးဘဲ ပန်းပွင့်ကိုသာ ငေးမော၍ ကြည့်နေသဖြင့်...

"ဘာများ ငေးနေရတာလဲဟင် ကိုကိုလတ်၊ ကိုကိုလတ်အတွက် မြိုင်ပေးနေတာပါ"

ဟု မြိုင်က ပြောလိုက်မှ မောင်မောင်လတ်သည် ရုတ်တရက်သတိရလာကာ မြိုင့်လက်ထဲမှ နှင်းဆီပန်းကို လှမ်း၍ ယူလိုက်လေသည်။

"ဟိုတစ်ခါတုန်းက ကိုကိုလတ်ရဲ့ ဇာတ်သမအတွက် မြိုင့်နှင်းဆီပန်းတွေကို ခိုးသွားတာကို မြိုင်က ပြောလိုက်မိတဲ့အတွက်နဲ့ မြိုင်တို့အိမ်ကို သပိတ်များ မှောက်ထား သလားလို့ပါ ..."

ထိုသို့ မြိုင်က ဖွင့်ပြောလိုက်တော့မှပင် မောင်မောင်လတ်သည် အဓိပ္ပာယ်ရှင်းလင်း၍ သွားကာ...

"မဟုတ်ပါဘူး မြိုင်ရယ်"

ဟု နှမလုပ်သူ ကျေနပ်သွားစေရန် ပြုံး၍ ပြောဆို နှစ်သိမ့်ရလေသည်။

"ကိုကိုလတ်က မြိုင့်ဆီ လုံးလုံးပေါ်မလာတော့ မြိုင့်မှာ ဘာများအမှားအယွင်း ရှိလို့ပါလိမ့်ဆိုပြီး တွေးမိတွေးရာ တွေးရင်း နောက်ဆုံး ဒီအချက်ပဲ သတိရမိတာပဲလေ"

"မြိုင်က သိပ်စိတ်ကူးယဉ်တာကိုး..."

"ကိုကိုလတ်ဘက်ကလည်း ပြန်ပြီးတော့များ စဉ်းစားကြည့်စမ်းပါဦး။ လဲ့လဲ့တို့ အိမ်မှာ ဘုရားကိုးဆူကပ်တဲ့ညကစပြီး နောက်ထပ် ကိုကိုလတ်နဲ့ မြိုင်တို့ ဘယ်တော့များ တွေ့ကြရသေးလို့လဲ"

"ကိုလတ်လာမလို့ လာမလို့နဲ့ အားကိုမအားလို့ပါ မြိုင်ရယ်"

"မအားရအောင်က ကိုကိုလတ် ဇာတ်သမဆီချည်း သွားနေရလို့ထင်ပါရဲ့"

မောင်မောင်လတ်သည် ရင်ထဲ၌ အနည်းငယ်လှုပ်ရှားသွားသည်။ မြိုင်က အမှုမဲ့ အမှတ်မဲ့ ပြောဆိုလိုက်ခြင်းလောက်သာ ဖြစ်သော်လည်း ထိုနေ့တစ်နေ့လုံး လိပ်ပြာလန့် ပြီးရင်း လန့်နေခဲ့ရသော မောင်မောင်လတ်အတွက် တကယ်များ ရိပ်မိသိရှိ၍ ပြောလိုက်လေသလောဟုပင် ထင်သွားမိလေသည်။ ထို့ကြောင့် သူကိုယ်တိုင် ဣန္ဒြေပြန်ဆည်ရန် အတွက် ထုံးစံအတိုင်း စီးကရက်တစ်လိပ်ကို ထုတ်ယူ၍ မီးညှိလေသည်။

"ဪ ... လဲ့လဲ့တို့အိမ်မှာ ဘုရားကိုးဆူကပ်တဲ့ညဟာ ဟိုကိုတင်ဦးဆိုတဲ့လူကို ကိုကိုလတ် မြို့ထဲလိုက်ပို့ပြီး နောက်ထပ်ပြန်လာလိမ့်ဦးမယ်အထင်နဲ့ လဲ့လဲ့ရော၊ မြိုင်ရော မျှော်နေကြသေးတယ် "

"အစကတော့ ကိုလတ်လည်း ပြန်လာမလို့ပါပဲကွယ်။ ဒါပေမဲ့ အဲဒီ ကိုတင်ဦး ဆိုတဲ့လူက ပြဇာတ်သိပ်ကောင်းတယ် သွားကြည့်ရအောင်လို့ အတင်းအဓမ္မခေါ်နေတာနဲ့ သူ့ကိုအားနာပြီး ပြဇာတ်လိုက်ကြည့်နေရလို့ ပြန်မလာဖြစ်တာပဲ"

ဟု မောင်မောင်လတ်သည် ၎င်းအပြစ်ကို ကိုတင်ဦးအား အကာအကွယ်ပြုလုပ်၍ ပြောဆိုလိုက်သည်။

"ကိုကိုလတ်ကို ပြဇာတ်လိုက်ကြည့်ဖို့ အတင်းအဓမ္မ ဆွဲခေါ်သွားနိုင်ရအောင်က အဲဒီ ကိုတင်ဦးဆိုတဲ့လူနဲ့ ကိုကိုလတ်က ရင်းရင်းနှီးနှီး မိတ်ဆွေတစ်ယောက်မို့လားဟင်"

ကြာလင့်စွာ စောင့်ဆိုင်းနေခဲ့ရသော အခွင့်အလမ်းကို ပေါ်ပေါက်လာသည်နှင့် တစ်ပြိုင်နက် မြိုင်သည် လျင်မြန်စွာ အသုံးချလိုက်လေသည်။

"သိပ်ရင်းရင်းနှီးနှီးကြီးထဲကတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ တစ်ယောက်နဲ့တစ်ယောက် လူချင်းသိတယ်ဆိုပါတော့လေ ..."

ဟု မောင်မောင်လတ်သည် ကိုတင်ဦး အကြောင်းနှင့်ပတ်သက်၍ နောက်ထပ်များစွာ စကားမဆက်ချင်လှသကဲ့သို့ ပြီးစလွယ် စကားပြောလိုက်သည်။

မိမိစိတ်ဝင်စားလျက် ရှိနေခဲ့ရသော လူတစ်ယောက်၏အကြောင်းနှင့် ပတ်သက်၍ မောင်မောင်လတ်ထံမှရရှိလိုက်သော အဖြေလောက်နှင့် မြိုင်သည် ကျေနပ်ခြင်းမရှိနိုင်။

ထို့ကြောင့် ထိုလူတစ်ယောက်နှင့်ပတ်သက်၍ နောက်ထပ်ကြားသိလိုသေးသော မြိုင်က...

"အဲဒီ ကိုတင်ဦးဆိုတဲ့လူက ကြည့်ရတာ တစ်မျိုးပဲနော်"

ဟု မှတ်ချက်ချလိုက်မိသည်။

"ဘယ်လိုတစ်မျိုးလဲ မြိုင်ရဲ့ ..."

ဟု မောင်မောင်လတ်က ခပ်ပေါ့ပေါ့ပြန်၍ မေးလေသည်။

"အဲဒီည ကိုကိုလတ် ပန်းခြံထဲလိုက်မလာခင်ကလေး မြိုင်လည်း ခေါင်းထဲက မူးနောက်နောက်ရှိတာနဲ့ ပန်းခြံထဲ ဆင်းလမ်းလျှောက်ရင်း သူနဲ့တွေ့လို့ စကားပြောကြည့် တော့ သူပြန်ပြောတဲ့စကားတွေ မြိုင်ဖြင့် တစ်လုံးမှကို နားမလည်လိုက်မိဘူး"

"ဒီလူက ဇမာစကားပြောတာပဲမဟုတ်လား မြိုင်ရဲ့၊ ကုလားနဲ့ တရုတ်စကားတော့ မြိုင့်ကို မပြောတန်ကောင်းပါဘူးလေ"

"ကိုကိုလတ်ကို တစ်ခုခုပြောလိုက်မိရင် ဒီလိုချည်းပဲ ... ဘယ်တော့မှ အကောင်း မပြောဘူး"

"ကိုတင်ဦးက မြိုင့်ကို ဘာအကြောင်းတွေများ ပြောလို့လဲ"

"မြန်မာ ဂီတနဲ့ အမေရိကန်ပြည်ရဲ့ စီးပွားရေးအကြောင်းတွေ ပြောသွားတာ စုံလို့ပဲ။ ဒါထက် ကိုတင်ဦးဆိုတဲ့လူဟာ ခေတ်ပညာတတ်တစ်ယောက်ပဲလားဟင် ကိုကိုလတ်"

မိမိအား အထက်တန်းကျောင်း၌ပင်လျှင် ပညာမသင်ကြားခဲ့ရဖူးပါဟု ရှင်းရှင်းလင်းလင်း ပြောဆိုသွားခဲ့သောလူတစ်ယောက်၏ ကိုယ်တိုင်ကိုယ်ကျ ပြောစကားများကို ယုံကြည် လက်ခံခြင်း မပြုနိုင်သေးသကဲ့သို့ ဖြစ်နေသော မြိုင်က ထပ်မံစုံစမ်း၍ နေလိုက်ပြန်သည်။ မြိုင်၏အသိ၌ ခေတ်ပညာတတ်ဆိုသူများကား တက္ကသိုလ်ကျောင်းတော်ကြီးထွက်များသာ ဖြစ်လေသည်။

"ရှိတ်စပီးယားတို့၊ ဘားနာဒ်ရှောတို့ ရေးခဲ့တဲ့ ပြဇာတ်တွေနဲ့ ဒေါက်တာအိမ်စတိုင်းရဲ့ သဟဇာတပစ္စည်းဆက်သဘောတရားတွေအကြောင်း၊ သူနဲ့မဆွေးနွေးကြည့်လိုက်ရလို့တော့ ဒီလူဟာ ဘယ်အထိ ခေတ်ပညာတတ်တယ် မတတ်ဘူးဆိုတာကို ကိုလတ် မပြောပြတတ်ဘူး"

"မြိုင်က အကောင်းမေးနေတာပါ ကိုကိုလတ်ရဲ့"

"ဒီလူ့အကြောင်း ပြောသံဆိုသံကြားရတာတော့ တော်တော်စုံတာပဲလေ"

"ဘယ်လိုစုံတာလဲဟင် ကိုကိုလတ်"

ထိုလူတစ်ယောက်အကြောင်းကို စိတ်ဝင်စားလျက်ရှိနေသော မြိုင်က တွင်တွင်သာလျှင် မေးမြန်းလျက်ရှိနေသည်။

"မိုးကောင်းကင်နဲ့ မြေကြီးရဲ့အကြားမှာရှိနေတဲ့အကြောင်း မှန်သမျှ

သူ စိတ်မဝင်စားတာ မရှိသလောက်ပဲလို့တောင် အစ်ကိုကြီးကိုသက်ထွန်းက ပြောဖူးတယ်”

“ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်နဲ့ ဘားနာဒ်စာကြည့်တိုက် စာအုပ်တွေရဲ့ ပေထုပ်တွေမှန်သမျှ သူမဖတ်ဖူးတာမရှိတော့ဘူးလို့လည်း ပြောသံကြားဖူးတယ်”

"ဩ..."

“မအံ့ဩနဲ့ မြိုင် ... အစ်ကိုကြီး ကိုသက်ထွန်းနဲ့ တော်တော်ခင်တဲ့ အိုင်စီအက်စ် တစ်ယောက်ကတောင် ဒီလူ့ကို လက်ဖျားခါရသတဲ့"

"ဩ..."

မြိုင်သည် အငေးသားနားထောင်နေမိသည်။ နောက်ထပ် ဘာမေးရမှန်းပင် မစဥ်းစားနိုင်တော့ပေ။

“နောက်ပြီးတော့ စစ်သားလည်းလုပ်ဖူးသေးတယ်တဲ့။ ကိုင်း နောက်ထပ် ဘာများ သိချင်သေးသလဲ ..."

မြိုင်သည် အနည်းငယ် ရှက်သယောင်ယောင် ဖြစ်သွားသည်။ သို့ရာတွင် ...

“ဒါထက် လဲ့လဲ့နဲ့ ကိုသက်တင်တို့ မောင်နှမကတော့ ကိုတင်ဦးဟာ ကွန်မြူနစ်တစ်ယောက်လိုလို ပြောနေဆိုနေကြပါလား၊ ဟုတ်များဟုတ်နေသလားဟင် .. ကိုကိုလတ်”

“ကွန်မြူနစ်ဆိုတဲ့ ဝေါဟာရရဲ့ အဓိပ္ပာယ်ကို အစ်ကိုကြီး ကိုသက်ထွန်းကလွဲရင် လဲ့လဲ့တို့ တစ်ဆွေလုံးတစ်မျိုးလုံး ဘာမှနားမလည်ဘဲ သူတို့ပြောချင်ရာပြောနေကြတာနဲ့ တူပါတယ်။ သူတို့ပြောတာတွေ လိုက်ယုံမနေပါနဲ့...”

"စုံထောက်မင်းကြီး ဦးဘသက်နဲ့ ပုလိပ်မင်းကြီး ဦးမောင်မောင်တို့ဆီက ရထားတဲ့ သတင်းလို့တော့ ပြောကြတာပဲလေ ...”

"စုံထောက်နဲ့ ပုလိပ်ဆိုတဲ့လူမျိုးကတော့

စားကောင်းသောက်ကောင်းအောင် ကွန်မြူနစ်ဆိုရင် တစ္ဆေသရဲလို အလကားကြောက်နေကြတဲ့ လူတွေကို ကွန်မြူနစ်နဲ့ လှည့် ခြောက်ပြီး စားနေသောက်နေကြတာတွေပါ မြိုင်ရယ် ...။ ဒီအကြောင်းတွေကို လျှောက်ပြောပြနေလို့လည်း မြိုင် အကုန်လုံးနားလည်နိုင်မှာတော့ မဟုတ်ဘူး”

ဤသို့ တိုက်ရှေ့ နှင်းဆီပင်များအကြား၌ မောင်မောင်လတ်နှင့် မြိုင်တို့မောင်နှမ နှစ်ယောက် ကိုတင်ဦးဆိုသူ၏အကြောင်း စကားကောင်းနေကြခိုက်...

"မြိုင်ရေ ... ထမင်းစားရအောင် ...၊ မောင်မောင်လတ်ပါ တစ်ခါတည်းခေါ်လာခဲ့ဟေ့”

ဟု ဒေါ်လေးဒေါ်စောခင်၏ လှမ်းခေါ်သံကို ကြားလိုက်ရသဖြင့် ကိုတင်ဦးအကြောင်း ပြောဆိုနေကြသော စကားဆက် ပြတ်၍ သွားလေသည်။

အခန်း[၇]

(က)

"ခက်လိုက်တာနော် ..."

မိမိလက်ပတ်နာရီကလေးကို စူးစိုက်ငုံ့ကြည့်လျက် ရှိရာမှ စားပွဲတင်နာရီကို တစ်ချက်မျှလှမ်း၍ ကြည့်ရင်း မြိုင်သည် စိတ်ညစ်ညူးသောလေသံဖြင့် မိမိတစ်ကိုယ်ကြား ခပ်တိုးတိုးညည်းတွားလိုက်လေသည်။ ထိုနေ့သည် တနင်္ဂနွေနေ့ဖြစ်၍ အချိန်မှာ နံနက် ဆယ်နာရီခွဲခန့်ဖြစ်သည်။

အပြင်သို့ထွက်ရန်ရှိသဖြင့် သားသားနားနား ဝတ်စားဆင်ယင်ထားသော မြိုင်သည် ဧည့်ခန်းအတွင်းမှ ထိုင်၍ စောင့်ဆိုင်းနေရသောအလုပ်ကို ငြီးငွေ့ လာသကဲ့သို့ ဧည့်ခန်း အတွင်းမှ ရုတ်တရက် ထွက်လာပြီးနောက် အိမ်ရှေ့တံခါးမကြီးဘက်သို့ လျှောက်လာသည်။ တံခါးမကြီးအဝတွင် ရပ်ရင်း မြိုင်သည် အပြင်ဘက်သို့လှမ်းမျှော်၍ ကြည့်လိုက် သည်။ သို့ရာတွင် မိမိစောင့်ဆိုင်းမျှော်လင့်နေသော လူ၏အရိပ်အရောင်ကိုမျှပင် မတွေ့ မမြင်ရသေးပေ။ မြိုင်သည် သက်ပြင်းချလိုက်မိသည်။ ထိုအခိုက် မြိုင်တို့ခြံရှေ့တည့်တည့် ကို ဖြတ်၍ ဟဒ်ဆင်ကားသစ်ကြီးတစ်စီးသည် တငြိမ့်ငြိမ့်လိမ့်၍ သွားလေသည်။ ထိုဟဒ်ဆင် ကားသစ်ကြီးမှာ များမကြာမီကလေးကမှ အတွင်းဝန် ဦးဘထွန်းဝယ်ယူလိုက်သောကား ဖြစ်၍ ထိုကားသစ်ကြီးထက်တွင် ၎င်း၏သမီး နယ်လီဘထွန်းသည် ပြုံးပြုံးကလေး လိုက် ပါသွားလေသည်။ ကားသစ်ကြီးပေါ်၌ ပြုံးပြုံးကလေး ပါသွားသော နယ်လီက မြိုင့်အား လက်ဖော့ယမ်းပြ၍ သွားသည်။

မိမိမျှော်လင့်စောင့်စားနေသော လူ၏အရိပ်အရောင်ကိုမျှ တော်တော်နှင့် မမြင်ရသောအခါ မြိုင်သည် စိတ်ပျက်လက်ပျက်နှင့် ခပ်စောစောက ထိုင်စောင့်နေခဲ့သော ဧည့်ခန်းအတွင်းသို့ ပြန်လှည့်၍ ဝင်လာပြီးနောက် ခပ်စောစောက ထိုင်နေခဲ့သော ကုလား ထိုင်တွင်ပင် ပြန်ထိုင်လိုက်သည်။

"ခက်လိုက်တာနော် ..."

မြိုင်သည် များစွာ စိတ်ကျဉ်းကျပ်လျက်ရှိနေသည်။ အဘယ့်ကြောင့်ဆိုသော် ရှစ်မိုင်ဘက်ရှိ လဲ့လဲ့တို့အိမ်သို့ သွားရောက်လည်ပတ်ခြင်း ပြုရမည့်ကိစ္စအတွက် သယ်ယူပို့ဆောင်ရေးပြဿနာနှင့် ပတ်သက်၍ အကျပ်အတည်းတွေ့နေရသောကြောင့် ဖြစ်လေသည်။ သောကြာနေ့က လဲ့လဲ့သည် မြိုင့်ထံသို့ အလည်လာသွားသည်။ ထိုသို့ အလည်လာရင်း လာမည့်တနင်္ဂနွေနေ့တွင် ခါတိုင်းကဲ့သို့ မြင်းပွဲမရှိတော့သဖြင့် မိမိ အားလပ်နေမည်ဖြစ်သည့်အတွက် မြိုင့်အား ၎င်းတို့အိမ်သို့ လာရောက်လည်ပတ်ခြင်း ပြုရန် ဖိတ်ကြားသွားလေသည်။ မိမိနှင့်အတူ နံနက် ၁၁ နာရီခန့်တွင် နံနက်စာ စားသောက်၍ ညနေ ၃ နာရီခန့်တွင် လက်ဖက်ရည်ပါသောက်၍ ပြီးစီးမှ အိမ်သို့ပြန်ရန် လဲ့လဲ့က ပြောကြားသွားခဲ့သည်။ အိမ်အလုပ်ဆို၍ ဘာမျှလုပ်စရာကိုင်စရာလည်း မရှိ။ အခြားသို့ သွားရန်လာရန် ကိစ္စကလည်း မရှိသဖြင့် မြိုင်သည် လဲ့လဲ့၏ဖိတ်ကြားခြင်းကို ငြင်းဆန်ရန်မရှိ၍ အလွယ်တကူနှင့် လက်ခံလိုက်လေသည်။ မြိုင်၏စိတ်ကူးမှာ ၎င်း၏ ဖခင်အား လဲ့လဲ့တို့အိမ်သို့ ၎င်းတို့အိမ်မှ ကားဖြင့် လိုက်အပို့ခိုင်းရန် ဖြစ်သည်။ အိမ်သို့ ပြန်သောအခါ လဲ့လဲ့တို့အိမ်မှ ကားဖြင့် ပြန်အပို့ခိုင်းရန်လည်း ဖြစ်သည်။ သို့ရာတွင် ၎င်း၏ဖခင် ဦးထွန်းမင်း ပင်စင်မယူမီ ငါးနှစ်ကျော်ခြောက်နှစ်ခန့်လောက်က ဝယ်ယူထားခဲ့သော အိမ်မှကားသည် အိုမင်းဟောင်းနွမ်းလျက် ရှိနေပြီဖြစ်၍ များစွာ စိတ်လက်မချရသောအကြောင်းကိုကား မြိုင်တစ်ယောက်သည် ဘာမျှမသိရှာပေ။ စနေနေ့နံနက်ခင်းက မြိုင်၏ဖခင်သည် ၎င်း၏ကိစ္စတစ်ခုအတွက်နှင့် မြို့ထဲသို့ အိမ်မှကားနှင့် ခါတိုင်း ကဲ့သို့ ၎င်းကိုယ်တိုင် မောင်း၍ ထွက်သွားရာ ညနေလေးနာရီကျော်ကျော် ငါးနာရီထိုးကာ နီးလောက်မှ ပြန်ရောက်လာသည်။ သို့ရာတွင် မော်တော်ကားပြန်၍ ပါမလာပေ။ ကား၏ စက်သည် အလွယ်တကူနှင့် ပြင်၍ မဖြစ်နိုင်လောက်အောင် ချို့ယွင်းပျက်စီးသွားသဖြင့် ကားပြင်သောအလုပ်ရုံတစ်ခုတွင် အပ်ထားခဲ့ရလေသည်။

အိမ်မှ ကားပျက်သွားသဖြင့် နံနက်တွင် လဲ့လဲ့တို့အိမ်သို့ သွားရောက်ရမည့်ကိစ္စ အတွက် မြိုင်သည် ၎င်း၏ဒေါ်လေးလုပ်သူနှင့် ညတွင်းချင်း တိုင်ပင်ရလေသည်။ မြိုင်သည် တနင်္ဂနွေနေ့တွင် လဲ့လဲ့တို့အိမ်သို့ ၎င်းအလည်သွားမည့်အကြောင်းကို ဦးထွန်းမင်းအား ပြောဆိုခြင်းမပြုရသေးပေ။ စနေနေ့ညကျမှ ပြောတော့မည်ဟု စဉ်းစားထားခဲ့သည်။ သို့ရာတွင် အိမ်မှ ကားပျက်သွားသောအခါ၌ မြိုင်သည်

၎င်း၏ဖခင်အား လိုက်အပို့ခိုင်းရန် ကြံရွယ်ထားသောအစီအစဉ်ကို စွန့်လွှတ်လိုက်ရပြီးနောက် ဒေါ်စောခင်နှင့် တိုင်ပင်နေရခြင်းသာ ဖြစ်သည်။ မြိုင်၏ဒေါ်လေးက ၎င်းကိုယ်တိုင် နံနက်စောစော မောင်မောင်လတ်တို့အိမ် သွားပြီးလျှင် မောင်မောင်လတ်အား ခေါ်လာခဲ့ပြီးနောက် လဲ့လဲ့တို့အိမ်သို့ မြိုင့်အား အပို့ခိုင်းပေးမည်ဟု တူမလုပ်သူကို နှစ်သိမ့်ပြောဆိုလေသည်။ ထို့ကြောင့် မြိုင်သည် စနေနေ့ညက စိတ်အေးသွားခဲ့ရသည်။ သို့ရာတွင် လဲ့လဲ့တို့အိမ်သို့ လိုက်ပို့ ပေးရမည့်ကိစ္စအတွက်နှင့် မောင်မောင်လတ်အား ပြောဆို၍ အလွယ်တကူနှင့် ရပါမည်လားဟု ရုတ်တရက်စဉ်းစားမိပြန်သောအခါ မြိုင်သည် စိတ်ပူလာရပြန်လေသည်။ နောက်ဆုံး၌ လဲ့လဲ့တို့အိမ်သို့ လိုက်ပို့ပေးရန်ကိစ္စအကြောင်းကို ဘာမျှမပြောဘဲ အိမ်ကိုသာ အပါခေါ်လာဖို့ ဒေါ်လေးအား မှာကြားလိုက်သည်။

မနက်လင်းလျှင်လင်းချင်း ကော်ဖီသောက်ပြီးနောက် ဒေါ်လေးဒေါ်စောခင်သည် မောင်မောင်လတ်တို့ အိမ်ဘက်သို့ ထွက်သွားခဲ့လေသည်။ ဒေါ်လေးထွက်သွားပြီးနောက် မြိုင်သည် ရေမိုးချိုး၍ အဝတ်အစားများလဲသည်နှင့်ပင် ကိုးနာရီထိုးသွားလေသည်။ ကိုးနာရီခန့်ကစ၍ မြိုင်သည် အဆင်သင့်ဖြစ်ကာ ဒေါ်လေးဒေါ်စောခင်နှင့် မောင်မောင်လတ်တို့အား မျှော်နေခဲ့ရသည်။ နံနက်စာကို ၁၁ နာရီတွင် စားရမည်ဖြစ်သောကြောင့် မြိုင်သည် ဆယ်နာရီထက် နောက်မကျဘဲ လဲ့လဲ့တို့အိမ်သို့ရောက်ရန် မှန်းထားခဲ့သည်။ ဆယ်နာရီ မထိုးမီ ဒေါ်လေးနှင့် မောင်မောင်လတ်တို့ ရောက်ရှိလာကြလိမ့်မည်ဟု မျှော်လင့်ထားခဲ့ သည်။ သို့ရာတွင် ဆယ်နာရီထိုးပြီး၍ ခွဲလာခဲ့ပြီးဖြစ်သည်တိုင်အောင် မိမိမျှော်လင့်စောင့်ဆိုင်းနေခဲ့ရသော သူများသည် ပေါ်၍ မလာကြသောအခါ မြိုင်သည် စိတ်ကျဉ်းကျပ်၍ လာလေသည်။ စိတ်ညစ်ညူးလာမိသည်။

မိမိ လက်ပတ်နာရီကလေးကို စူးစိုက်ငုံ့ကြည့်လျက်ရှိရာမှ စားပွဲတင်နာရီကို တစ်ချက်လှမ်းကြည့်ရင်း... "ငါ့နယ် ခက်လိုက်တာနော်" ဟု မြိုင်သည် စိတ်ပျက်လက်ပျက် ညည်းညူလိုက်ပြန်သည်။ အချိန်မှာ ဆယ်နာရီခွဲပြီး၍ ဆယ်မိနစ်ပင် ကျော်လွန်၍ သွား ခဲ့လေပြီ။ လဲ့လဲ့သည် လည်ပင်းတရှည်ရှည်နှင့် စောင့်မျှော်နေပေတော့မည်။ နံနက်စာ စားသောက်ရန်အတွက် အချိန်မှာလည်း မိနစ်နှစ်ဆယ်မျှသာ ကျန်တော့သည်။ သို့ရာတွင် ဒေါ်လေး ဒေါ်စောခင်နှင့် မောင်မောင်လတ်တို့ တူအရီးကား ပေါ်မလာကြသေး။ မြိုင်၏ နဖူးပြင်၌ ချွေးကလေးများပင် စို့လာသည်။ ကိုယ်ပိုင်ကားမရှိသောအခါ၌ သွားရေးလာရေးအတွက်

အဘယ်မျှ ကျပ်တည်းခက်ခဲကြောင်း စဉ်းစားရင်း မြိုင်သည် ဝမ်းနည်းသလိုဖြစ်မိသည်။ သို့ရာတွင် ကားအသစ်ဝယ်၍ မစီးနိုင်သည့်အတွက်နှင့်တော့ မြိုင်သည် ၎င်း၏ဖခင်အားလည်းကောင်း၊ ဘိလပ်၌ ပညာသင်ကြားလျက်ရှိသော အစ်ကို

ကိုဇော်ဝင်းအားလည်းကောင်း အနည်းငယ်မျှ အပြစ်တင်မိခြင်းမရှိဘဲ မိမိကုသိုလ်ကံကို သာလျှင် ဝမ်းနည်းမိလေသည်။

ဤသို့ မိမိ၏ကုသိုလ်ကံကို စဉ်းစားနေမိသည့်အခိုက်မှာပင် အိမ်ရှေ့တံခါးပေါက်မှနေ၍ ခြံအတွင်းသို့ ဝင်လာသောကားသံကို ကြားလိုက်ရသဖြင့် မြိုင်သည် ဧည့်ခန်း အတွင်းမှ ခပ်သွက်သွက်ပင် ထွက်လာခဲ့လေသည်။

အိမ်ရှေ့ ဆင်ဝင်အောက်၌ ခရိုင်စလာကားသစ်ကြီးတစ်စီးသည် ညင်သာစွာ ထိုး၍ ရပ်လိုက်လေသည်။ မောင်မောင်လတ် အခါတိုင်း စီးနေကျကားမှာ ခရိုင်စလာ မဟုတ်ဘဲ၊ အော်စတင်ဖြစ်သည်။ ယခု ဆိုက်ကပ်လာသော ခရိုင်စလာမှာ မောင်မောင်လတ် ၏မိဘများ သတ်သတ်စီးရန် ထားရှိသော ကားဖြစ်လေသည်။

မိမိစောင့်ဆိုင်းနေခဲ့ရသော မောင်မောင်လတ်၏ အော်စတင်မဟုတ်ဘဲ ခရိုင်စလာ ဖြစ်နေသဖြင့် မြိုင်သည် ရုတ်တရက် မစဉ်းစားတတ်သလိုဖြစ်ကာ တံခါးဝတွင်ရပ်ရင်း ခေတ္တမျှ ကြောင်၍ ကြည့်နေမိသည်။ မိမိအတွက် ယူဆောင်လာသောကား ဟုတ်မှဟုတ် ပါမည်လားဟုလည်း တွေးနေမိသည်။

"ငါတော့ မရ ရတာပဲ ဆွဲယူလာခဲ့တယ်ဟေ့။ ဒါနဲ့ပဲ သွားစရာရှိတာ သွားပေတော့"

ဟု ကား၏နောက်ခန်းအတွင်းမှ လှမ်း၍ ပြောဆိုရင်း တံခါးကိုဖွင့်ကာ ဒေါ်လေး ဒေါ်စောခင်သည် ကားပေါ်မှ ဆင်းလာသည်။

မြိုင်သည် ဒေါ်လေးဒေါ်စောခင် ပြောဆိုလိုက်သောစကားကို ကောင်းစွာ မရှင်းလင်းသဖြင့် ကားရှေ့ခန်းမှ ဒရိုင်ဘာနှင့် ဒေါ်လေးတို့အား တစ်လှည့်စီကြည့်ရင်း ကြောင်စီစီ ဖြစ်နေသည်။

"ကားပေါ်တက်လေ ... တော်တော်ကြာ နောက်ကျနေဦးမယ်"

ဟု ဒေါ်လေးက မြိုင့်အား သတိပေးလိုက်သည်။

"ကိုကိုလတ်ကော ဟင် … ဒေါ်လေး"

ဟု မြိုင်က ဒေါ်လေးသတိပေးစကားကို နားမဝင်နိုင်သေးဘဲ ၎င်းမရှင်းမလင်းဖြစ်နေသောကိစ္စကိုသာ ထပ်၍ မေးလိုက်လေသည်။

"မောင်မောင်လတ်အကြောင်းတော့ မေးမနေပါနဲ့ မြိုင်ရယ် …."

"ဘာပြုလို့လဲ ဒေါ်လေးရဲ့ "

"ငါ မောလွန်းလို့ပါကွယ် …. မေးမနေပါနဲ့တော့"

"လဲ့လဲ့တို့အိမ် လိုက်ပို့ပေးရမှာကို ပို့မပေးချင်လို့တဲ့လား ဟင် … ဒေါ်လေး"

"မဟုတ်ဘူး … မဟုတ်ဘူးမောင်မောင်လတ် အိမ်ကိုပြန်မအိပ်တာ သုံးရက်တောင် ရှိပြီတဲ့"

"ဩ…"

"ငါ့ကိုလည်း အစ်ကိုကြီးနဲ့ မမတို့က သူတို့ ဆုံးမလို့မရတဲ့ သားအကြောင်း ဝိုင်းတိုင်နေကြတာကို နားထောင်နေရတာနဲ့ နောက်များကျသွားပလားဆိုပြီး ကတိုက်ကရိုက် ထွက်ပြေးလာခဲ့ရတယ်။ ကိုင်း … ညည်းသွားစရာရှိတာသာ သွားတော့လေ။ တော်တော်ကြာ နောက်ကျနေပါ့မယ်"

ဟု ဒေါ်လေးသည် ညည်းတွားသံဖြင့် ပြောဆိုပြီး နောက်တိုက်အတွင်းသို့ ဝင်သွားသဖြင့် မြိုင်သည် လက်ပတ်နာရီကို တစ်ချက်မျှ မြှောက်၍ ကြည့်ရင်း ကားပေါ်သို့ တက်ထိုင်လိုက်လေသည်။

❦ ❦ ❦

(ခ)

ရန်ကုန်-ပြည်လမ်းမကြီးအတိုင်း တငြိမ့်ငြိမ့်ပြေးလာသော ခရိုင်စလာကားသစ် ကြီးတစ်စီးသည် ရှစ်မိုင်ဘက်ရှိ ကျယ်ဝန်းသောခြံကြီးတစ်ခုအတွင်းသို့ မှန်မှန်မောင်းဝင် လာခဲ့ပြီးနောက် ရဲတိုက်ဆန်ဆန် ဆောက်လုပ်ထားသော တိုက်ကြီး၏ဆင်ဝင်အောက်တွင် ညင်သာစွာထိုး၍ ဆိုက်သွားလေသည်။ သို့ရာတွင် အိမ်ကြီးအတွင်းမှ တစ်စုံတစ်ယောက်မျှ ထွက်၍ မကြည့်ကြပေ။ ထို့ကြောင့် ခရိုင်စလာကားသစ်ကြီး၏ နောက်ခန်း တွင် လိုက်ပါ၍ လာသော မြိုင်သည် ရုတ်တရက် နားမလည်နိုင်အောင်ဖြစ်ကာ ကားပေါ် မှ မဆင်းသေးဘဲ အိမ်ကြီးအတွင်းသို့ လှမ်း၍ အကဲခတ်ကြည့်ရှုနေမိသည်။

လဲ့လဲ့တို့တိုက်ကြီးသည် လူသူတစ်ယောက်မျှ မရှိသကဲ့သို့ တိတ်ဆိတ်ငြိမ်သက်လျက် ရှိလေသည်။ အိမ်ရှင်များသည် အဘယ်သို့များ ထွက်သွားကြပြီနည်း။ အစေခံ အများအပြား ထားရှိသော ထိုအိမ်ကြီး၌ အစေခံတစ်ယောက်တလေမျှပင် ထွက်၍ ကြည့်ရှုဖော်မရပေ။ ဧည့်သည်တစ်ယောက်အား ထမင်းစားဖိတ်ကြားထားပြီးနောက် အိမ်ရှင်များသည် ဧည့်သည်လာအောင်ပင် မဆိုင်းနိုင်ဘဲ အဘယ်သို့ အရေးအခင်းနှင့် အဘယ်အရပ်သို့များ ထွက်သွားကြသနည်း။

မြိုင်သည် အတန်ကြာမျှ အကဲခတ်ကြည့်ရှုပြီးနောက် ကားရှေ့ခန်းမှ ဒရိုင်ဘာအား ကားဟွန်းကို အနှိပ်ခိုင်းလေသည်။ မော်တော်ကားဟွန်းကို သုံးလေးချက်မျှ နှိပ်လိုက်ပြီးနောက် မကြာမီ လဲ့လဲ့တို့အိမ်တွင် ထမင်းဟင်းချက်ပြုတ်ရသော အသက်လေးဆယ်သာသာခန့် မိန်းမကြီးတစ်ယောက်သည် အိမ်တွင်းမှ ရေးကြီးသုတ်ပျာ ထွက်၍ လာလေသည်။ ထိုမိန်းမကြီးသည် မြိုင့်ကိုမြင်လျှင်မြင်ချင်း…

"တက်ပါမိန်းကလေး တက်ပါ"

ဟု ပျာပျာသလဲ ခရီးဦးကြိုပြုလေသည်။

မြိုင်သည် ကားပေါ်မှ မဆင်းသေးဘဲ…

"လဲ့လဲ့တို့ ဘယ်များသွားကြလို့လဲ ဟင် အဒေါ် …"

ဟု လှမ်း၍ မေးလိုက်မိသည်။

"ရုတ်တရက် ကိစ္စလေးတစ်ခုပေါ်လာလို့ သူတို့သားအမိတစ်တွေ အခုလေးတင်ပဲ ကားနဲ့ထွက်သွားကြတယ် မိန်းကလေးရဲ့။ မကြာပါဘူး ပြန်လာကြပါလိမ့်မယ်"

"ဘယ်ကိုသွားကြတာလဲ အဒေါ်"

ဟု မြိုင်က ပြန်၍ မေးလိုက်မိသည်။

"အင်းစိန် စော်ဘွားကြီးကုန်းဘက်မှာ သူတို့ဆွေမျိုးထဲက အဘွားကြီးတစ်ယောက် ရုတ်တရက်ဆုံးတာ လာပြောလို့ သွားကြတယ် မိန်းကလေးရဲ့"

မြိုင်သည် ကားတံခါးကိုဖွင့်၍ ဆင်းလာသည်။ ထို့နောက် ဒရိုင်ဘာအား တစ်စုံတစ်ရာ မှာကြားပြောဆို၍ ပြန်လွှတ်လိုက်လေသည်။

"တက်လေ မိန်းကလေး"

ဟု ထမင်းချက်အဒေါ်ကြီးက မြိုင့်အား ထပ်မံ၍ အိမ်ပေါ်သို့တက်ရန် ပြောသည်။ ကျောက်ဖြူခင်းထားသော သုံးထစ်မျှသာရှိသည့် လှေကားကလေးကို လှမ်းတက် ရင်း...

"အစ်ကိုကြီးကိုသက်ထွန်းကော ပါသွားသလား အဒေါ် ..."

ဟု မြိုင်က မေးမြန်းကြည့်လိုက်သည်။

"သူကိုယ်တိုင် ကားမောင်းပြီး လိုက်ပို့တာပဲ မိန်းကလေးရဲ့။ ဒါပေမဲ့ ဦးသက်ထွန်းရဲ့ ဧည့်သည်နှစ်ယောက်တော့ သူ့စာကြည့်ခန်းထဲမှာ ကျန်ရစ်ခဲ့သလား မပြောတတ် ဘူး ....။ ပြန်သွားတာတော့ မမြင်သေးဘူး"

ဟု ပြန်လှည့်၍ ပြောဆိုပြီးနောက် ထမင်းချက် အဒေါ်ကြီးသည် မြိုင့်အား ဧည့်ခန်းအတွင်းသို့ ရှေ့ဆောင်၍ ခေါ်သွားသဖြင့် မြိုင်သည် နောက်မှ ငြိမ်သက်စွာလိုက်ပါ၍ လာလေသည်။ ဧည့်ခန်းမသို့ ရောက်ရှိသောအခါ ထမင်း ချက် အဒေါ်ကြီးသည် ရေဒီယိုထားရှိသော စားပွဲကလေးတစ်လုံးအပေါ်တွင် တစ်ပုံကြီး တင်ထားသော သတင်းစာများနှင့် အင်္ဂလိပ်ရုပ်စုံဂျာနယ်များကို သွားရောက်ယူငင်လာ

ပြီးနောက် မြိုင် ထိုင်လျက်ရှိသော ကုလားထိုင်အနီးရှိ စားပွဲကလေးတစ်လုံးပေါ်တွင် တင်ပေးရင်း...

"သတင်းစာဖတ်ရင်း စောင့်နေဦးနော် မိန်းကလေး၊ သူတို့ သိပ်မကြာပါဘူး။ လဲ့လဲ့ကလည်း အမြန်ဆုံးပြန်လာခဲ့ပါမယ်လို့ ပြောသွားပါတယ် ..."

ဟု မှာကြား ပြောဆိုကာ အခြားလုပ်ကိုင်စရာ အလုပ်တစ်ခုခုရှိသေးသကဲ့သို့ ဧည့်ခန်းမအတွင်းမှ ပြန်ထွက်၍ သွားလေသည်။ ဧည့်ခန်းအတွင်း၌ မြိုင်သည် တစ်ယောက်တည်း ကျန်ရစ်သဖြင့် ထမင်းချက်အဒေါ်ကြီးက မိမိအနီးရှိ စားပွဲကလေးတစ်လုံးပေါ်တွင် လာရောက် ချပေးသွားသော သတင်းစာများနှင့် အင်္ဂလိပ်ရုပ်စုံဂျာနယ်များအနက် သတင်းစာများကို ဘေးဖယ်ကာ ဆေးရောင်စုံဖြင့် ရိုက်နှိပ်ထားသော အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် ရုပ်စုံဂျာနယ်များကို လှမ်းယူကာ ကြည့်ရှုနေလေသည်။ လဲ့လဲ့တို့အိမ်မှ လဲ့လဲ့ဖတ်ရှုရန် ဝယ်ယူထားသော အင်္ဂလိပ်ဂျာနယ်၊ မဂ္ဂဇင်းများမှာ အင်္ဂလိပ်-အမေရိကန်ထုတ် ဂျာနယ် မဂ္ဂဇင်းများသာ ဖြစ်လေသည်။ တိုင်းမ်(စ်)၊ နယူး(စ်)ဝစ်(ခ်)၊ လိုက်(ဖ်)၊ ကောလီးယားရီးဒါးဒိုင်ဂျက်(စ်)၊ ဂွန်ဘူး(လ်)၊ ပုတ်(စ်)နှင့် အဲဘရီးဘောဒီး စသော ကွန်မြူနစ်ဆန့်ကျင်ရေး ဂျာနယ်၊ မဂ္ဂဇင်းများ အများအပြားပါဝင်လေသည်။ အင်္ဂလိပ်ထုတ် ဂျာနယ်မဂ္ဂဇင်း များထက် ပိုမို၍ ခံ့ညားထည်ဝါခြင်းရှိသော အမေရိကန်ထုတ် ဂျာနယ်မဂ္ဂဇင်းများထဲမှ မြိုင်သည် လိုက်(ဖ်)မဂ္ဂဇင်းတစ်စောင်အား လှန်လှောကာ ဆေးရောင်စုံ ခြယ်သထားသော အရုပ်များကို ကြည့်ရှုနေသည့်အခိုက် ဦးသက်ထွန်း၏ စာကြည့်ခန်းအတွင်းမှ လူနှစ်ယောက် စကားပြောဆိုနေသံကို ကြားလိုက်ရသဖြင့် အရုပ်ကြည့်ရှုနေသောလိုက်(ဖ်)မဂ္ဂဇင်းကို အသာအယာ ပြန်ချထားလိုက်ပြီးလျှင် အမှတ်မဲ့ နားစွင့်လိုက်လေ သည်။

စာကြည့်ခန်းသည် ဧည့်ခန်းနှင့် များစွာအလှမ်းမဝေးလှသည်က တစ်ကြောင်း၊ လေသင့်နေသည်ကလည်း တစ်ကြောင်းနှင့် ပြောဆိုနေကြသူများသည်လည်း များစွာ စိတ်လိုက်မာန်ပါပြောဆိုလျက်ရှိနေသည်က တစ်ကြောင်းကြောင့် စာကြည့်ခန်းအတွင်း၌ ပြောဆိုနေကြသောစကားကို ဧည့်ခန်းအတွင်းမှ မြိုင်သည် အတော်ကလေး ပီပီသသနှင့် သဲသဲကွဲကွဲပင် ကြားရလေသည်။

"ကနေ့ ဗမာပြည်ရဲ့ အဓိကအကျဆုံးပြဿနာကတော့ လက်နက်ကိုင်တပ်တွေ အချင်းချင်း တစ်ဖက်နဲ့တစ်ဖက် တိုက်ခိုက်လာကြတဲ့စစ်ပွဲကို ဖြစ်နိုင်တဲ့နည်းနဲ့ အမြန်ဆုံး ရပ်စဲပစ်ဖို့ပဲလို့ ကျုပ်မြင်တယ်။ ဒါဟာ သေရေးရှင်ရေးပြဿနာပဲ။ ဒီစစ်ပွဲကို နိုင်ငံရေးနည်းအရ ဖြေရှင်းပြီး ရပ်စဲပစ်လိုက်နိုင်ရင် တခြားပြဿနာတွေကိုပါ အေးအေး ချမ်းချမ်း ဖြေရှင်းနိုင်စရာရှိတယ် ..."

လေးလေးနက်နက်နှင့် တစ်လုံးချင်း ခပ်အေးအေး ခပ်မှန်မှန် ပြောဆိုသွားသော ထိုအသံရှင်ကို မြိုင်သည် တစ်ခါတည်း ကျက်မိလေသည်။

တစ်ကြိမ်က ဤအိမ်ကြီးအတွင်းမှာပင် အမေရိကန်၏ ဘောဂဗေဒအင်အားနှင့် မြန်မာဂီတအကြောင်းကို မိမိအားပြောဆိုသွားခဲ့သော ထိုသူ၏အသံကို မြိုင်သည် မှတ်မိ နေသည်။ ထိုသူ၏အသံမှာ တည်ငြိမ်ခြင်းနှင့် ပြည့်စုံလျက် အင်အားလည်းရှိသည်။

"ခင်ဗျား ထင်မြင်ချက်တွေနဲ့ သဘောထားတွေကို ဘာမှမခြွင်းမချန်ထားဘဲ ပွင့်ပွင့်လင်းလင်းသာ ပြောပါ ကိုတင်ဦး။ ကျုပ်လည်း သခင်ချစ်မောင်တို့၊ သခင်လွင်တို့ လူစုတွေ ခွဲထွက်သွားတုန်းကသာ ပါမသွားပေမဲ့ မာ့က္ခ(စ်)ဝါဒ၊ လီနင်ဝါဒကို ယုံကြည်ခံယူထားတဲ့ လူတစ်ယောက်ဆိုတာ စိတ်ချထားစေချင်တယ်"

ထိုအသံရှင်ကိုလည်း မြိုင်သည် ကောင်းစွာသိရှိလေသည်။ ထိုသူသည် အာဏာရထားသော နိုင်ငံရေးပါတီကြီးတစ်ခု၏ တတိယတန်းခေါင်းဆောင်တစ်ဦး ဖြစ်၍ လွှတ်တော်အမတ်တစ်ဦးလည်း ဖြစ်လေသည်။ ကိုသက်ထွန်းနှင့် များစွာရင်းနှီးခင်မင်သော လူတစ်ယောက်ဖြစ်၍ မကြာခဏဆိုသကဲ့သို့ လဲ့လဲ့တို့အိမ်သို့ အလည်အပတ် လာရောက် လေ့ရှိသည်။

"ကနေ့ ကမ္ဘာ့အခြေအနေဟာ အင်မတန် တင်းမာပြီး တတိယကမ္ဘာစစ်ကြီးကနေ မနက်ဖြန်ဖြစ်တော့မလောက် ကမ္ဘာကြီးတစ်ခုလုံးမှာ ချောက်ချောက်ချားချားဖြစ်နေတယ်။ ပြီးခဲ့တဲ့ ဒုတိယကမ္ဘာစစ်ကြီးအတွင်းတုန်းက ဖက်ဆစ်ဝင်ရိုးတန်းနိုင်ငံစုတွေကို ညီညီ ညွတ်ညွတ် ခုခံတိုက်ခိုက်ခဲ့ကြတဲ့ ကမ္ဘာ့လက်နက်နိုင်ငံကြီးတွေဟာ စစ်ကြီး ပြီးဆုံးသွားတဲ့ အချိန်ကစပြီး တစ်ဦးကိုတစ်ဦး မယုံကြည်ဖြစ်လာကြတယ်။ အထူးသဖြင့် အမေရိကန်နဲ့ ဆိုဗီယက်ယူနီယံရဲ့ ဆက်ဆံရေးဟာ

တစ်ဦးနဲ့တစ်ဦး မျက်နှာချင်းမဆိုင် နိုင်လောက်တဲ့အထိ ခါးခါးသီးသီးဖြစ်နေတယ်။ အမေရိကန်ဟာ ၁၉၄၇ ခုနှစ်လောက် ကစပြီး ထရူးမင်းဝါဒ၊ မာရှယ်စီမံကိန်းနဲ့ လေးချက်စီမံကိန်းတွေ အတိအလင်း ကြေညာပြီး ကမ္ဘာအနှံ့အပြားမှာ စစ်အုပ်စုတွေ ဖွဲ့လိုဖွဲ့၊ တပည့်မွေးလို မွေးခဲ့တယ်။ လက်နက်တွေ တိုးချဲ့ပြင်ဆင်ပြီး ဆိုဗီယက်ယူနီယံ ဦးဆောင်တဲ့ ဆိုရှယ်လစ်နိုင်ငံတွေနဲ့ သူ့အကူအညီ ခံယူတဲ့ နိုင်ငံတွေကို ဘာအဆက်အသွယ်မှမလုပ်နိုင်အောင် ဖြတ်တောက်ပစ်ခဲ့တယ်။ ဒီလို အမေရိကန်က စလုပ်လိုက်တော့ ဆိုဗီယက်ယူနီယံဟာ အမေရိကန်ပေါ်မှာ ပိုပြီး မယုံသင်္ကာဖြစ်လာတယ်။ သူ့ကိုယ်ကို ကာကွယ်ဖို့အတွက် ပြင်ဆင်လာခဲ့တယ်။ ဒီလို တစ်ဖက်နဲ့တစ်ဖက် အပြိုင်အဆိုင်ပြင်ဆင်ကြတဲ့အတွက် ကမ္ဘာ့အခြေအနေဟာ ဆိုးဝါး သည်ထက် ဆိုးလာပြီး ကနေ့ မနက်ဖြန်ပဲ စစ်ကြီးတစ်ခု ဖြစ်တော့မလို တစ်ကမ္ဘာလုံးမှာ ချောက်ချောက်ချားချား ဖြစ်နေခဲ့တယ်”

“ဆိုစမ်းပါဦး…”

“ဒီလို ကမ္ဘာ့လက်နက် နိုင်ငံကြီးတွေအချင်းချင်း တစ်ဦးကိုတစ်ဦးက မယုံသင်္ကာ ဖြစ်ပြီး ဆက်ဆံရေးတင်းတင်းမာမာ ဖြစ်နေတဲ့အချိန်မှာ ဗြုန်းခနဲ ကိုရီးယားစစ်ပွဲဖြစ်ပွား လာတယ်၊ မြောက်ပိုင်းက ကျူးကျော်တယ် တောင်ပိုင်းက ကျူးကျော်တယ်ဆိုတဲ့ ပြဿနာ ပေါ်လာပြီး အမေရိကန်ဦးဆောင်တဲ့ ကမ္ဘာ့ကုလသမဂ္ဂတပ်တွေဟာ အမေရိကန်ရုပ်သေး အစိုးရဘက်က ကိုရီးယားတောင်ပိုင်းနဲ့ မြောက်ပိုင်းဖြစ်ပွားတဲ့ ပြည်တွင်းစစ်ပွဲမှာ ဇွတ်အတင်း ဝင်ရောက်တိုက်ခိုက်ကြတယ်။ ဝင်ရောက်ကျူးကျော်စွက်ဖက်တယ်လို့ ဆိုရမယ်၊ ကိုရီးယားပြည်တွင်းစစ်ပွဲမှာ အမေရိကန်ဦးဆောင်တဲ့ ကုလသမဂ္ဂ၊ ၁၆ ပြည်ထောင်တပ် တွေဟာ တောင်ပိုင်းနဲ့ မြောက်ပိုင်း ခွဲခြားထားတဲ့ ၃၈ မျဉ်းပြိုင်မှာ ရပ်မနေလိုက်သေးဘဲ အိန္ဒိယဝန်ကြီးချုပ် မစ္စတာနေရူးနဲ့ တရုတ်ဝန်ကြီးချုပ် မစ္စတာချောင်အင်လိုင်းတို့ တဖွဖွ သတိပေးနေတဲ့အကြားကပဲ ၃၈ မျဉ်းပြိုင်ကို ကျော်တက်သွားကြပြန်တယ်။ ကိုရီးယား ပြည်တွင်းစစ်မှာ ဝင်ရောက်စွက်ဖက် တိုက်ခိုက်ရုံနဲ့ မပြီးသေးဘဲ တရုတ်ပြည်နယ်စပ် အထိ ကျူးကျော်တိုက်ခိုက်လာကြတဲ့ အမေရိကန်တပ်တွေကို တရုတ်ပြည်အစိုးရဟာ လက်ပိုက်ပြီး ကြည့်မနေနိုင်တော့တဲ့အတွက် ကိုရီးယားစစ်ပွဲထဲကို မလွှဲသာ မရှောင်သာ ပါဝင်ပြီး တိုက်ခိုက်လာခဲ့ကြတယ်။ ဒီလို ကိုရီးယားစစ်ပွဲမှာ တရုတ်ပြည်လည်း ပါဝင်လာရော အမေရိကန်ဗိုလ်ချုပ်မက်အာသာဟာ

တရုတ်ပြည်အတွင်းကို ဝင်ပြီး ဖုံးကြဲတိုက် ခိုက်မယ်တကဲကဲ လုပ်လာပြန်တယ်။ တကယ်လို့သာ အိန္ဒိယနဲ့ ဆိုဗီယက်ယူနီယံလို ကမ္ဘာ့နိုင်ငံကြီးတွေကသာ ဒီကိစ္စကို အချိန်မီမအုပ်ထိန်းနိုင်လိုက်ရင် ကိုရီးယားစစ်ပွဲဟာ တရုတ်ပြည်ထဲအထိ ဝင်ရောက်ပျံ့နှံ့သွားစရာရှိတယ်၊ တရုတ်ပြည်အတွင်းကို ဒီစစ်ပွဲ ပျံ့နှံ့သွားရင် တရုတ်ဆိုဗီယက်ကာကွယ်ရေးစာချုပ်အရ ဆိုဗီယက်ယူနီယံဟာလည်း ဘေးကကြည့်နေလို့ ရတော့မှာမဟုတ်ဘဲ မလွဲသာမရှောင်သာ ပါဝင်လာရတော့မယ်။ အဲဒီလို အမေရိကန်နဲ့ ဆိုဗီယက်ဦးဆောင်တဲ့ စစ်ပွဲဖြစ်လာရင် ကိုရီးယားတို့ တရုတ်ပြည်တို့လောက်နဲ့ ရပ်နေမှာမဟုတ်ဘဲ တစ်ကမ္ဘာလုံး ပျံ့နှံ့သွားတော့မယ်မဟုတ်လားဗျ”

“ခင်ဗျား အခုပြောတဲ့အချက်တွေအားလုံး ကျုပ် သဘောတူပါတယ်ဗျ … ရှေ့သာဆက်စမ်းပါဦး "

“အဲဒီတော့ ကိုရီးယားစစ်ပွဲက ကျုပ် သုံးသပ်လို့ရလိုက်တဲ့ သင်ခန်းစာကြီးကတော့ အခုလို ကမ္ဘာ့အခြေအနေ အင်မတန် တင်းတင်းမာမာကြီး ဖြစ်နေတဲ့အချိန်ကာလမျိုးမှာ ကိုရီးယားလို ဒေသန္တရစစ်ပွဲကလေးတစ်ခုကနေပြီး အချိန်မရွေး ကမ္ဘာ့စစ်ပွဲကြီး တစ်ပွဲအဖြစ် ရုတ်ခြည်းပြောင်းလဲသွားနိုင်တယ်ဆိုတဲ့ အချက်ပဲဗျ”

“ဟုတ်တယ်ဗျ … ဒီဒေသန္တရစစ်ပွဲကလေးတွေဟာ ကမ္ဘာ့ငြိမ်းချမ်းရေးရန်သူ တွေပဲ”

“အဲဒီတော့ ကမ္ဘာ့စစ်ပွဲကြီးတစ်ခုအဖြစ် အချိန်မရွေး ပြောင်းလဲပစ်လိုက်နိုင်တဲ့ ကိုရီးယားနဲ့ အလားတူ အခြားဒေသန္တရစစ်ပွဲကလေးတွေအားလုံးကို ကမ္ဘာ့ငြိမ်းချမ်းရေး လိုလားသူတိုင်း လေးလေးနက်နက် စဉ်းစားကြဖို့ ဖြစ်မလာပေဘူးလားဗျ သခင်သိန်း အောင်။ ကနေ့ဖြစ်ပွားနေသေးတဲ့ ဒေသန္တရစစ်ပွဲကလေးတွေကို လေ့လာကြည့်တဲ့အခါ ကျုပ်တို့ အာရှတိုက်မှာ အထူးသဖြင့် အာရှတိုက်အရှေ့ဖျားနဲ့ တောင်ပိုင်းအရပ်ဒေသတွေမှာ အများဆုံးတွေ့ကြရလိမ့်မယ်။ အာရှတိုက်အရှေ့ဖျားမှာဆိုရင်လည်း ကိုရီးယားနဲ့ ဖော်မိုဆာစစ်ပွဲဟာ ငြိမ်သွားသေးတာမဟုတ်ဘူး။ တိုးလို့တန်းလန်းပဲ။ နောက်ပြီးတော့ အရှေ့တောင်ပိုင်းအရပ်ဒေသမှာဆိုရင်လည်း အင်ဒိုချိုင်းနား မလေးကျွန်းဆွယ်နဲ့ ကျုပ်တို့ ဗမာပြည် ရှိတယ်”

"ဗမာပြည်က ကွန်မြူနစ်နာမည်ခံပြီး အဓိပ္ပာယ်မရှိအောင် ဆူပူနေကြတဲ့ဟာကို အင်ဒိုချိုင်းနားတို့ မလေးကျွန်းဆွယ်တို့က နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေးစစ်ပွဲတွေနဲ့ တန်းတူထားပြီးသွားပြောလို့တော့ မဖြစ်နိုင်ဘူးထင်တယ်။ တစ်ခုနဲ့တစ်ခုဟာ တူမှမတူကြဘဲဗျ"

"ဒီအချက်မှာ ကျုပ်တို့နှစ်ယောက် သဘောထားပုံချင်း ယူဆပုံချင်း ကွဲပြားကြတာပေါ့ဗျာ။ ဒါပေမဲ့ တစ်ယောက်နဲ့ တစ်ယောက် ဆွေးနွေးညှိနှိုင်းနိုင်ပါသေးတယ်"

"အဓိပ္ပာယ်မရှိတဲ့ သောင်းကျန်းဆူပူမှုနဲ့ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲကို ဘယ်လိုလုပ်ပြီးများ ဆွေးနွေးညှိနှိုင်းလို့ ရပါဦးမလဲဗျ... ကိုတင်ဦးရဲ့"

"ရုပ်ဝတ္ထု အခြေခံကြတဲ့ အဖြစ်အပျက်တွေကို နှစ်ဦးနှစ်ဖက်စလုံးက လက်ခံရင်တော့ ဆွေးနွေးညှိနှိုင်းလို့ ရလိမ့်မယ်ထင်တယ်"

"ဒီလိုဆိုရင်လည်း ပြောစမ်းပါဦးဗျာ .."

"ကနေ့ ဗမာပြည်မှာ လက်နက်ကိုင်တပ်တွေ တစ်ဖက်နဲ့တစ်ဖက် တိုက်ခိုက်နေကြတဲ့ စစ်ပွဲရှိနေတယ်။ ဗမာပြည်ရဲ့ တောင်ဘက်စွန်းဖြစ်တဲ့ ရေး၊ မြိတ်၊ တနင်္သာရီက စပြီး မြောက်ဘက်စွန်းဖြစ်တဲ့ ကသာ၊ ဗန်းမော်၊ မြစ်ကြီးနားအထိ ဒီစစ်ပွဲဟာ ဗမာပြည် အနှံ့အပြားမှာ တိုက်ခိုက်နေတယ်။ ဒီလိုဖြစ်ပွားနေတဲ့ စစ်ပွဲကို ခင်ဗျားတို့က "သောင်းကျန်းဆူပူမှုလို့ နာမည်ပေးထားတယ်။ ဒီကိစ္စဟာ လူရဲ့ဆန္ဒပိုင်းနဲ့ မဆိုင်ဘူးဗျ။ တကယ် ဖြစ်ပျက်နေတာတွေကို ဖြစ်ပျက်နေတဲ့အတိုင်း ကြည့်ရှုခံယူတတ်ဖို့ လိုလိမ့်မယ်။ နောက်ပြီးတော့ အသိအမှတ်ပြုလက်ခံဖို့လည်း လိုလိမ့်မယ်။ ကိုယ့်စိတ်ဆန္ဒနဲ့ မကိုက်ညီတာနဲ့ အသိအမှတ်မပြုဘူးဆိုရင် လုပ်စရာရှိတဲ့ လက်တွေ့လုပ်ငန်းကျတော့ မှားယွင်းလိမ့် မယ်"

"ဟုတ်ကဲ့ ... ဆိုပါဦး ..."

"ဗမာပြည်တွင်းမှာ ဖြစ်ပွားနေတဲ့ စစ်ပွဲကို ခင်ဗျားတို့က "သောင်းကျန်းဆူပူမှုလို့" နာမည်ပေးထားသလို ဟိုတစ်ဖက်လူတွေက သူတို့ခံယူချက်နဲ့ ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေးလို့

နာမည်ပေးထားတာကိုလည်း စဉ်းစားစရာရှိလိမ့်မယ် ...”

“ကျုပ်ကတော့ ကနေ့ဗမာပြည်ရဲ့ စစ်ပွဲကို ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲနဲ့ တစ်ပါတည်း ဆက်လာတဲ့နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေးစစ်ပွဲကို ဗြိတိသျှ ကိုလိုနီသမားတွေက ပါးနပ်လိမ္မာစွာနဲ့ ဖန်တီးပြောင်းလဲပစ်လိုက်တဲ့ ပြည်တွင်းစစ်အဖြစ်နဲ့ မြင်ထားတယ်”

“အမျိုးသားလွတ်မြောက်ရေးစစ်ပွဲကို ဗြိတိသျှနယ်ချဲ့သမားက ဘယ်လို ပြည်တွင်းစစ်အဖြစ်နဲ့ ဖန်တီးပြောင်းလွဲပစ်လိုက်တာလဲဆိုတာကို ကျုပ် နားမရှင်းဘူးဗျာ”

“ဒီအထိ ရှင်းအောင်ပြောရမယ်ဆိုရင်တော့ အစက ပြန်ကောက်မှ ဖြစ်လိမ့်မယ် ထင်တယ်”

“ကောက်ပြစမ်းပါဦးဗျာ”

“ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ကျုပ်တို့ ဗမာအမျိုးသားတွေဟာ ညီညီညွတ်ညွတ်နဲ့ ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲကြီးကို တိုက်ခိုက်ခဲ့ကြတယ်၊ ဒါပေမဲ့ ကျုပ်တို့ရဲ့ အမျိုးသား အစိုးရကို မဖွဲ့စည်းနိုင်ခဲ့ကြဘူး။ ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့လွတ်လပ်ရေးဆိုတဲ့ နိုင်ငံရေးတပ်ပေါင်းစုတစ်ခုပဲ ရှိခဲ့တယ်။ နောက်ပြီးတော့ မြေယာပြုပြင်ရေးဆိုလို့ ကျုပ်တို့ဟာ လယ်ကလေးတစ်ကေလောက်တောင်မှ ပြုပြင်ရကောင်းမှန်း မသိခဲ့ကြဘူး။ အဲဒီက စပြီး ဗမာပြည်ကို ကျွန်ပြန်လုပ်ဖို့ ဝင်လာတဲ့ အင်္ဂလိပ်တွေကို ကျုပ်တို့ ဘာမှပြန်မလုပ်နိုင်ဘဲ ဒီအတိုင်းလက်ပိုက်ပြီး ကြည့်နေခဲ့ကြရတယ်အဲဒီတုန်းက ကျုပ်တို့ လုပ်ခဲ့ရမယ့် အလုပ်က အမျိုးသားအစိုးရဖွဲ့ထားပြီး ပထမကမ္ဘာကို ကြေညာရမယ်။ နောက်ပြီး ပြန်ဝင်လာတဲ့ အင်္ဂလိပ်ကို အသိအမှတ်ပြုခိုင်းရမယ်။ တကယ်လို့ ကျုပ်တို့ရဲ့ အမျိုးသားအစိုးရ အဖွဲ့ကို အင်္ဂလိပ်က အသိအမှတ်ပြုဖို့ ငြင်းပယ်ခဲ့ရင် အင်ဒိုချိုင်းနားဘက်မှာ ဒေါက်တာ ဟိုချီမင်းနဲ့ ဒေါက်တာဆိုကာနိုတို့က ပြင်သစ်နဲ့ ဒပ်(ချ်)ကိုလိုနီသမားတွေကို လုပ်သလို ပြန်လုပ်ဖို့ပါပဲ။ ဒါပေမဲ့ ကျုပ်တို့ရဲ့ ခေါင်းဆောင်ဆိုတဲ့ လူတွေဟာ အဲဒီလို အရေးတကြီး လုပ်ရမယ့် လုပ်ငန်းတွေကို ဘာမှမလုပ်နိုင်ခဲ့ကြဘူး။ ဒါဟာ နံပါတ်တစ်အမှားတော်ပုံပဲဗျ”

“ဆိုစမ်းပါဦးဗျ ..”

“ကျုပ်တို့မှာ အမျိုးသားအစိုးရအဖွဲ့ မရှိခဲ့တဲ့အတွက် ဂျပန်လက်အောက်က ကျုပ်တို့ ဗမာ့တပ်မတော်သားတွေရဲ့ အသက်သွေးမြောက်မြားစွာနဲ့လဲပြီး ကယ်တင်သိမ်းပိုက်ထား ခဲ့ရတဲ့ ကျုပ်တို့နယ်မြေတွေအားလုံးကို အင်္ဂလိပ်လက် ပြန်အပ်လိုက်ရတယ်။ နောက်ပြီးတော့ ဂန္ဒီစာချုပ်အရ ကျုပ်တို့ဗမာအမျိုးသားတွေ အမျိုးမျိုးအနစ်နာခံပြီး တည်ဆောက် လာခဲ့ရတဲ့ မျိုးချစ်ဗမာ့တပ်မတော်ကြီးကိုလည်း အင်္ဂလိပ်ရဲ့ သဘောအတိုင်း အဖျက်သိမ်း ခံခဲ့ရတယ်မဟုတ်လား။ ဒီနံပါတ်နှစ် အမှားကတော့ စောစောကပြောခဲ့တဲ့ နံပါတ်တစ် အမှားရဲ့ နောက်ဆက်တွဲပေါ့ဗျာ ..."

“ဟုတ်တယ်ဗျို့... ဟုတ်တယ် အစကတော့ ကျုပ်လည်း ဒါတွေမစဉ်းစားခဲ့မိဘူး"

“ဒါလောက်ကြီးကျယ်တဲ့ အမှားကြီးနှစ်ခုကို ဆက်တိုက်ကျူးလွန်ခဲ့ပြီးလို့ ဗြိတိသျှ ကိုလိုနီသမားတွေက ဗမာတစ်ပြည်လုံးကို သေနင်္ဂဗျူဟာကျကျ တပ်စွဲသိမ်းပိုက်ပြီး ကျတော့မှ ကျုပ်တို့ရဲ့ ခေါင်းဆောင်ကြီးတွေဟာ အိပ်ရာက လန့်နိုးလာကြတယ်။ ဒီလို လန့်နိုးအောင် သတိပေးလိုက်တဲ့ ရခိုင်သူပုန်၊ လယ်ဝေးသူပုန်နဲ့ ကျောက်ကြီးသူပုန်တွေကို ကျုပ်တို့ ကျေးဇူးတင်ရမယ်။ ဒီလယ်သမားသူပုန်တွေနဲ့ တိုက်ပွဲတွေကသာ တပ်လှန့် မနှိုးရင် ကျုပ်တို့ရဲ့ခေါင်းဆောင်ကြီးတွေဟာ ကာလနဂါးနဲ့ပြိုင်ပြီးတော့များ အိပ်နေကြဦးမလား မပြောနိုင်ဘူးဗျာ....”

“ဪ ... ဒီလိုလားဗျ ... ကိုတင်ဦး”

“လယ်သမားတွေက တပ်လှန့်နှိုးလိုက်တဲ့အတွက်ကြောင့်မို့ ကျုပ်တို့ရဲ့ ခေါင်းဆောင်တွေဟာ ဗြိတိသျှကိုလိုနီသမားတွေကို လူထု၊ လူတန်းစားတိုက်ပွဲတွေနဲ့ ဆက်လက်ပြီး တိုက်ပွဲဝင်နိုင်ခဲ့ကြတယ်။ ဒီလို အချိန်မီခေါင်းဆောင်မှုပေးလိုက်နိုင်သေးတဲ့ အတွက် ကြောင့်လည်း ကျုပ်တို့ ဗမာအမျိုးသားတွေရဲ့ ကိုလိုနီဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲဟာ ဗမာ့သမိုင်းတစ်လျှောက်လုံးမှာ မကြုံဖူး မကြားဖူးလောက်အောင် ပြင်းပြင်းထန်ထန်နဲ့ ကြီးကြီးမားမား

ဖြစ်ပေါ်လာခဲ့တယ်။ အလုပ်သမားလူတန်းစား တိုက်ပွဲတွေ၊ ကျောင်းသားလူငယ်တိုက်ပွဲတွေနဲ့ အမှုထမ်းအရာထမ်းတွေရဲ့ တိုက်ပွဲတွေဟာ မော်ကွန်းထိုးလောက်အောင် အုံကြွမြင့်မားလာခဲ့ကြတယ်။ အထူးသဖြင့် တောင်သူ လယ်သမားတွေကနေပြီး အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲထဲကို ကြီးမားတက်ကြွတဲ့ အလုံးအရင်းနဲ့ ပူးပေါင်းပါဝင်လာကြတာဟာ ကျုပ်တို့ဗမာ့အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲသမိုင်းမှာ အထူးခြားဆုံးလို့ ဆိုရလိမ့်မယ်။ တိုက်ပွဲကိုလည်း ပိုမိုကြီးထွားမြင့်မား စေခဲ့တယ်"

"ဟုတ်တယ်ဗျို့... ဟုတ်တယ်"

"ကျုပ်တို့ ဗမာအမျိုးသားတွေရဲ့ စစ်ပြီးနောက် ကိုလိုနီဆန့်ကျင်ရေး အမျိုးသား လွတ်မြောက်ရေးတိုက်ပွဲဟာ ၁၉၄၆ ခုစက်တင်ဘာလ အထွေထွေသပိတ်ကြီးမှာ အထွတ်အထိပ်ကို ရောက်လာခဲ့တယ်။ ဇရာမစစ်တပ်ကြီးနဲ့ ဗြိတိသျှ ထူထောင်လာခဲ့တဲ့ ကိုလိုနီ အုပ်ချုပ်ရေး ယန္တရားကြီးတစ်ခုလုံး ရပ်ဆိုင်းသွားတယ်။ ဒီတိုက်ပွဲကို နောက်တစ်ဆင့်သာ တက်လိုက်နိုင်ရင် ဗြိတိသျှကိုလိုနီသမားတွေအားလုံး ဘဂ်လားအော်နဲ့ မုတ္တမကွေ့ကြီးထဲ ဆင်းပြေးရတော့မှာ အမှန်ပဲဗျ။ ဒါပေမဲ့ ..."

"ဆိုပါဦးဗျ ..."

"ဒါပေမဲ့ ... ဗြိတိသျှကိုလိုနီသမားတွေကို တစ်ဆင့်တက်ပြီး အလဲထိုးပစ်ရမယ့် အချိန်မျိုးမှာ ဖဆပလ အဖွဲ့ချုပ်ကြီးအတွင်းက တော်လှန်ရေးအင်အားစုတွေ ဖြစ်ကြတဲ့ ကွန်မြူနစ်၊ ဆိုရှယ်လစ်နဲ့ ပြည်သူ့ရဲဘော်တွေဟာ ဂိုဏ်းဂဏစိတ်တွေ ပြင်းထန်ပြီး ပဋိပက္ခတွေများလာတယ်။ ဒီအချက်ကိုယူထားတဲ့ ဗြိတိသျှကိုလိုနီသမားတွေကလည်း သူတို့ရဲ့ မူလကျွန်ပြုရေးစီမံကိန်းကို တစ်ထစ်လျှော့ပြီး ပြန်ပြင်လိုက်တယ်။ ဒီလိုပြင်ပြီးတဲ့ နောက်မှာ ဖ.ဆ.ပ.လ ခေါင်းဆောင်တွေ တချို့ကိုခေါ်တွေ့ပြီး နိုင်ငံရေး အပေးအယူ လုပ်တယ်၊ ဈေးစပ်တယ်။ ဒါကို လက်ယာဂိုဏ်းခေါင်းဆောင်တွေက မိုလ်ချုပ်ကို လက်ခံဖို့ အတင်းဆွယ်တယ်။ နောက်ဆုံး ဗိုလ်ချုပ်တို့က လက်ခံလိုက်ကြတယ်။ ဒီလို ဗြိတိသျှ ကိုလိုနီသမားကို နောက်တစ်ဆင့်တက်ပြီး အလဲထိုးရမယ့်အချိန်မှာ ကိုယ့်တပ်ကို ကိုယ်စုပြီး အလဲထိုးရမယ့်အစား၊ ဗြိတိသျှကိုလိုနီသမားရဲ့ ထောင်ချောက်ထဲကို ဝင်သွားလိုက် ကြတဲ့အတွက် အမျိုးသားလွတ်မြောက်ရေး အင်အားစုတွေဟာ နှစ်ခြမ်းကွဲသွားခဲ့ရတယ်။

ဗြိတိသျှကိုလိုနီသမားတွေက အမျိုးသားညီညွတ်ရေးအင်အားစုတွေကို ဒီနည်းနဲ့ ခွဲပစ် လိုက်နိုင်တဲ့အချိန်ကစပြီး ကျုပ်တို့ ဗမာအမျိုးသားတွေရဲ့ ကိုလိုနီဆန့်ကျင်ရေး၊ အမျိုး သားလွတ်မြောက်ရေးတိုက်ပွဲကို ပြည်တွင်းစစ်ဘက် ဦးလှည့်ပေးလိုက်တာပဲဗျ..“

"ခင်ဗျား အခုပြောတာတွေ ကျုပ် ကောင်းကောင်းမရှင်းဘူးဗျ။ ထပ်ပြီး ရှင်းပြစမ်းပါဦး .. “

"ခပ်တိုတိုနဲ့ ခပ်ရှင်းရှင်းပြောရမယ်ဆိုရင်တော့ ဗမာပြည်က ထွက်ပြေးရတော့မယ့် အင်္ဂလိပ်ဟာ ဖ.ဆ.ပ.လ ထဲက လက်ယာဂိုဏ်းသမားတွေကို အာဏာခွဲဝေပေးတန်သလောက် ပေးပြီး သူ့လက်ငုတ်လက်ရင်းကလေးတွေကို ထိန်းသိမ်းခိုင်းရင်း သူ့ကိုယ်စား ကျုပ်တို့ဗမာအမျိုးသားတွေရဲ့ ကိုလိုနီဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲကို တစ်ဖက်လှည့်နဲ့ အဖျက်ဆီးခိုင်းလိုက်တာပဲဗျ”

"ဩော် ... ဒီလိုကိုး ..”

ဗြိတိသျှကိုလိုနီသမားဆီက အာဏာခွဲဝေရရှိလိုက်တဲ့ ဖ.ဆ.ပ.လ လက်ယာ ဂိုဏ်းသားတွေဟာ သူတို့ရရှိလိုက်ကြတဲ့ အာဏာကလေးလောက်နဲ့ သူတို့စိတ်ကြိုက် သမ္မတ ဗမာနိုင်ငံတော်ကို ထူထောင်နိုင်လိမ့်မယ်ထင်ပြီး အမျိုးသားတပ်ပေါင်းစုကြီးဖြစ် တဲ့ ဖ.ဆ.ပ.လ အဖွဲ့ချုပ်ကြီးထဲက ကွန်မြူနစ်တွေကို ဗြိတိသျှကိုလိုနီသမားအကြိုက် ထုတ်ပစ်လိုက်ခဲ့တယ်။ အဲဒီလို ထုတ်ပစ်ခံရတဲ့ ကွန်မြူနစ်တွေက ဖ.ဆ.ပ.လ ပစ်ချလိုက်တဲ့ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲရဲ့ အလံတော်ကို ကောက်ကိုင်ပြီး တိုက်ပွဲကို ဆက်လက် ဆင်နွှဲကြတယ်။ ဒီအချိန်ကစပြီး ကနေ့ဗမာပြည်မှာ ဖြစ်ပွားနေတုန်းဖြစ်တဲ့ ပြည်တွင်းစစ်ပွဲရဲ့ သန္ဓေဟာ တည်ခဲ့တယ်လို့ ဆိုရမယ်ဗျ ..."

“ဘယ်လိုကြောင့်တုံးဗျ...။

“ဒီအချိန်ကစပြီး ဖ.ဆ.ပ.လ အစိုးရအဖွဲ့ဟာ ကွန်မြူနစ်တွေက ဆက်လက်ပြီး ခေါင်းဆောင်တဲ့ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲကို ဗြိတိသျှကိုလိုနီသမားရဲ့ကိုယ်စား နှိမ်နင်းလာခဲ့ရတယ်မဟုတ်လားဗျ။ ပြည်သူ့ရဲဘော်တွေကို သောင်းကျန်းမှု နှိမ်နင်းရေး တပ်ဖွဲ့ပြီး အနယ်နယ်မှ

ဖြစ်ပေါ်လာနေခဲ့တဲ့ လယ်သမားတွေရဲ့ ဆန့်ကျင်လှုပ်ရှားမှုတွေကို နှိမ်လိုနှိမ်၊ အလုပ်သမားသပိတ်တွေကို ရိုက်ခွဲလိုရိုက်ခွဲ လုပ်ခဲ့တာတွေက စတာပဲဗျ။ ဒီအပြင် ဗမာ့ လက်နက်ကိုင်တပ်တွေနဲ့ ရခိုင်သူပုန်နဲ့ ပျူ့ဦးမနားသူပုန်တွေကိုလည်း ဗြိတိသျှကိုလိုနီ သမားရဲ့ကိုယ်စား နှိမ်နင်းခဲ့ရတာတွေကော ဘာပြောဦးမလဲ ...”

“ဒါကတော့ ကွန်မြူနစ်တွေက သက်သက် မဆူဆူအောင်လုပ်နေတာကိုးဗျ”

“ခင်ဗျား ခုပြောလိုက်တဲ့စကားက အောက်ခြေလွတ်လှသဗျာ။ ခင်ဗျားပြောသလို ကွန်မြူနစ်တွေက မဆူ ဆူအောင်လုပ်တိုင်း အလုပ်သမားတွေ တောင်သူလယ်သမား တွေနဲ့ တခြားလူတွေက သက်သက်မဲ့ဆူပေးရအောင်ဆိုတာက နိုင်ငံရေးသမားတစ်ယောက် အနေနဲ့ ခင်ဗျားဘာသာပဲ ခင်ဗျား စဉ်းစားစမ်းပါဦးဗျာ။ လူတွေဟာ အသိဉာဏ်နဲ့ သတ္တဝါ ဆိုတာလည်း မမေ့လိုက်ပါနဲ့ဦးဗျာ”

"ကဲလေဗျာ .. ဆိုစမ်းပါဦး ....”

“ဒီလို အမျိုးသားညီညွတ်ရေးပြိုကွဲပြီး ဖ.ဆ.ပ.လ နဲ့ ကွန်မြူနစ်တွေ ပဋိပက္ခ ဖြစ်နေတဲ့အချိန်မှာ ဗြိတိသျှကိုလိုနီသမားဟာ ချက်ကောင်းယူပြီး သူနဲ့ပူးပေါင်းနေတဲ့ ဖဆပလထဲမှာ သူ့အတွက် လုံးလုံးလျားလျားကြီး စိတ်မချရတဲ့ ဦးအောင်ဆန်းနဲ့ ခေါင်းဆောင်ကြီးတွေ တချို့ကို တစ်ဖက်လှည့်နဲ့ လုပ်ကြံသတ်ဖြတ်ပစ်လိုက်တယ်ဗျ။ ဒီအချိန်မှာ ဗြိတိသျှကိုလိုနီသမားရဲ့ အန္တရာယ်ကို မြင်တဲ့ ကွန်မြူနစ်တွေက အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ ဆက်လက်ဆင်နွှဲဖို့ရန်အတွက် ဖ.ဆ.ပ.လ၊ ကွန်မြူနစ်ညီညွတ်ရေး ကြွေးကြော်ခဲ့ကြတယ်။ ဒီညီညွတ်ရေးကို ပြည်သူတွေကလည်း သဘောကျတယ်၊ နောက်ပြီး ဖ,ဆ.ပ,လထဲက တော်လှန်ရေးအင်အားစုတွေ အတော်များများကလည်း သဘော ကျတယ်။ ဒါပေမဲ့ လက်ယာဂိုဏ်းသားတွေနဲ့ ဂိုဏ်းဂဏစိတ်ပြင်းနေတဲ့ ဖ.ဆ.ပ.လ ခေါင်းဆောင်တွေက လက်မခံကြဘူး။ ငြင်းပယ်ပစ်လိုက်ကြတယ်။ ဒီလို ငြင်းပယ်ပစ်လိုက်တာဟာလည်း ဗြိတိသျှကိုလိုနီသမားတွေရဲ့ အကြိုက်ပဲဗျ။ အဲဒီလို ငြင်းပယ်ပြီးတဲ့နောက်မှာ ဗြိတိသျှနဲ့ ဖဆပလတို့ အာဏာအပြောင်းအလွှဲကိစ္စအတွက် ဆက်လုပ်ကြတော့တာပဲ ..."

“ဘာပဲဖြစ်ဖြစ် ဗြိတိသျှနယ်ချဲ့ သမားဟာ ကျုပ်တို့လွတ်လပ်ရေးကို

အသိအမှတ် ပြုရတာပဲမဟုတ်လားဗျ”

“မပြုလို့မရတဲ့အတွက် မလွှဲသာမရှောင်သာ ပြုရတာမှန်ပါတယ်။ ဒါပေမဲ့ တချို့ လူတွေ ယုံကြည်နေကြသလို ဗြိတိသျှကိုလိုနီသမားတွေက ကျုပ်တို့ဗမာတွေအပေါ် စိတ်ကောင်းစေတနာကောင်းရှိလို့ ပြုတာမဟုတ်ဘူးဆိုတာကိုတော့ သတိချပ်ဖို့လိုလိမ့်မယ်။ အရင်စစ်ကြီးမဖြစ်ခင်ကလို သူကိုယ်တိုင် တိုက်ရိုက်အုပ်ချုပ်လို့ ဘယ်နည်းနဲ့မှ မဖြစ်တော့တဲ့အတွက် သူ စိတ်ချယုံကြည်တဲ့ ဖ.ဆ.ပ.လ အစိုးရကို အာဏာလွှဲပြောင်း မပေးခင် ဗမာပြည်မှာ ရှိနေတဲ့ သူ့အရင်းအနှီးတွေနဲ့ အကျိုးစီးပွားလုပ်ငန်းတွေကို ဘယ်လို တစ်ဖက်သတ်စာချုပ်တွေနဲ့ အမျိုးမျိုးချုပ်ကိုင်ထားခဲ့သလဲ၊ ဗြိတိသျှကိုလိုနီသမားတွေ ဆီက အပြီးသတ်အာဏာကို ပြောင်းပေးခြင်းမခံရမီ၊ ဖ.ဆ.ပ.လအစိုးရကလည်း ဗမာပြည်မှာ ဆက်လက်တည်ရှိနေတဲ့ ဗြိတိသျှရဲ့ အကျိုးစီးပွားတွေအားလုံးကို ကာကွယ်ပေး ပါ့မယ်လို့ တာဝန်ခံလိုက်ရတယ်မဟုတ်လား …။ ဒါတောင်မှပဲ ဗြိတိသျှကိုလိုနီသမားတွေဟာ စိတ်မချနိုင်သေးလို့ ငွေရေးကြေးရေးနဲ့ ငွေစက္ကူကိစ္စတွေ၊ ဘကြီးတော်လက်ထက်ကစခဲ့တဲ့ ကြွေးဟောင်းမြီဟောင်းတွေနဲ့ စစ်တပ်ရေးရာကိစ္စတွေကို လန်ဒန်ကနေပြီး လက်မလွှတ်ဘဲ ကိုင်ထားကြသေးတယ်မဟုတ်လားဗျာ…”

“ဆိုစမ်းပါဦးလေ..”

“ပြည်ထောင်စုသမ္မတနိုင်ငံတော်ရယ်လို့ ကမ္ဘာသိကမ္ဘာကြား ကြေညာထားခဲ့ပေမဲ့လည်း ဗြိတိသျှကိုလိုနီသမားရဲ့ ဆက်လက်သွေးစုပ်မှုနဲ့ လက်ဝါးကြီးအုပ်ထားမှုတွေ ရှိမြဲ ရှိနေသေးတယ်မဟုတ်လားဗျ။ ဗမာပြည်ရဲ့ ရေနံနဲ့ သတ္တုလုပ်ငန်းတွေ နိုင်ငံခြား ရောင်းဝယ်ရေးလုပ်ငန်းတွေနဲ့ ဘဏ်လုပ်ငန်းတွေမှာ ဗြိတိသျှကုမ္ပဏီကြီးတွေက ဆက်ပြီး အုပ်မြဲအုပ်ထားတယ်။ နောက်ပြီးတော့ ဗြိတိသျှကိုလိုနီသမားတွေက သူတို့အင်ပါယာကြီးတစ်ခုလုံးအတွက် ဖန်တီးထားပစ်ခဲ့တဲ့ ဗမာပြည်ရဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေဟာလည်း ပိုနေမြဲ ကျားနေမြဲပဲမဟုတ်လား။ အဲဒီ ကိုလိုနီစနစ် အရင်းအမြစ်တွေဟာ ဆက်လက်ပြီး ရှိမြဲရှိနေသေးတော့ အဲဒီဒဏ်ကို အလူးအလဲခံနေကြရတဲ့ ပြည်သူတွေရဲ့ ရုန်းကန်တိုက်ခိုက်မှုတွေဟာ မလွှဲသာမရှောင်သာ ရှိနေမှာပဲ။ ဒီလို ပြည်သူတွေက ဆက်လက်ပြီး ဆင်နွှဲနေတဲ့ ကိုလိုနီဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲတွေကို ကွန်မြူနစ်တွေက သက်သက်မဲ့

မဆူဆူအောင် မြှောက်ပေးနေတယ်လို့ ပြောနေရင် အောက်ခြေလွတ်မှာပဲ။ အခုတော့ ခင်ဗျားတို့က ဒီအတိုင်းပြောပြီး ကိုယ့်မှာ လက်ကိုင် ရှိထားတဲ့ အုပ်ချုပ်ရေးအာဏာနဲ့ တရကြမ်းဖိနှိပ်ပစ်လိုက်တော့ နိုင်ငံရေးတိုက်ပွဲက စစ်ရေး တိုက်ပွဲဖြစ်လာရတာပဲ မဟုတ်လား”

“ကျုပ်တို့အနေနဲ့ ဗြိတိသျှအရင်းအနှီးတွေနဲ့ လက်ဝါးကြီးအုပ်လုပ်ငန်းတွေ တချို့ကို ပြည်သူပိုင်သိမ်းလိုက်တာတွေဟာကော ကိုလိုနီဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲတွေလို့ မခေါ်နိုင်ဘူးလားဗျ ကိုတင်ဦး ..."

“မှန်ပါတယ် ... ဗမာပြည်ရဲ့ ကျွန်းသစ်ထုတ်လုပ်ရေးလုပ်ငန်းတို့ ဆန်စပါး ရောင်းဝယ်ရေးလုပ်ငန်းတို့နဲ့ ပြည်တွင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေကို နိုင်ငံတော်ပိုင် လုပ်ပစ်လိုက်တာကိုတော့ ကိုလိုနီဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး လုပ်ငန်းတွေအဖြစ်နဲ့ အသိအမှတ်ပြုရလိမ့်မယ်။ ဒါပေမဲ့ မတရားသဖြင့် တောင်းလိုက်တဲ့ လျော်ကြေးငွေတွေကို ပြည်သူတွေရဲ့ ချွေးနဲ့စာနဲ့ ပေးဆပ်ရတာကတော့ မမှန်ကန်ဘူးလို့ထင်တယ်"

“လျော်ကြေးမပေးဘဲ သိမ်းရမယ်လို့ ပြောတာလားဗျ”

“တကယ်ပေးထိုက်တာကိုတော့ နိုင်ငံတကာဥပဒေအရ ပေးသင့်သလောက် ပေးရမယ်ဗျ။ လုံးလုံးမပေးရဘူးလို့ မဆိုပါဘူး။ နောက်ပြီးတော့ သတ္တုတူးဖော်ရေးလုပ်ငန်း တွေနဲ့ ရေနံတူးဖော်ရေးလုပ်ငန်းတွေကို ဗြိတိသျှကိုလိုနီသမားတွေနဲ့ ဖက်စပ်လုပ်ကိုင်ဖို့ ကြံရွယ်နေတာဟာ ဗမာပြည်မှာ ဗြိတိသျှကိုလိုနီစနစ်ကို သက်ဆိုးရှည်အောင် လုပ် ပေးနေတာပဲလို့ မြင်တယ် ..."

“ဆိုစမ်းပါဦးလေ ”

“ဒီလို ဗြိတိသျှကိုလိုနီသမားရဲ့ အခြေခံစခန်းတွေကို ဆက်လက်ခွင့်ပြုထားရုံနဲ့ မပြီးသေးဘဲ၊ တစ်လောက အမေရိကန်တွေကို သွားပင့်ဖိတ်ခေါ်လာခဲ့ပြီး အီးစီအေ၊ အမ် အက်စ်အေတို့၊ တီစီအေ

စတဲ့ အကူအညီဆိုတာတွေကို လက်ခံလိုက်တာဟာလည်း ဗမာပြည်မှာ အမေရိကန်နယ်ချဲ့သမားအတွက် နောက်ထပ်

ကိုလိုနီစခန်းသစ်တွေ ဖွင့်ပေးလိုက်တာပဲလို့မြင်မိတယ်ဗျ။ အဲဒီလို ကိုလိုနီစခန်းသစ်တွေ ဖွင့်ပေးလိုက်တဲ့အတွက် နဲ့ အမေရိကန်ရဲ့ လက်နက်ကိုင်တရုတ်ဖြူတပ်တွေ ရှမ်းပြည်ဘက်မှာ တစ်စထက်တစ်စ ကျူးကျော်ဝင်ရောက်နေကြပြီ ဆိုတဲ့သတင်းကို တစ်လောကပဲ ခိုင်ခိုင်မာမာ ကြားသိရလို့ ကျုပ်တို့သတင်းစာကနေပြီး ထုတ်ဖော်ရေးသားလိုက်ရသေးတယ်''

"ဒီလိုကိစ္စတွေနဲ့ပတ်သက်လို့ လုံးလုံးသဘောမကျတဲ့ ပါတီဝင်တွေ အောက်ခြေမှာ အတော်များများရှိပါတယ်။ ဒါကြောင့်မို့လို့လည်း ဒါတွေနဲ့ လုံးဝအဆက်ဖြတ်လိုက်ဖို့ ကျုပ်တို့တစ်တွေ အောက်ခြေကနေပြီး အတော်ကလေးတိုက်နေကြပါတယ်။ ဒီလိုတိုက်ပေးနိုင်လွန်းလို့သာ ကြားနေရေးဝါဒကို ဆက်လက်ထားရှိနိုင်သေးတာပဲဗျ။ မဟုတ်ရင် တော့ အင်္ဂလိပ်၊ အမေရိကန်တွေရဲ့ အုပ်စုထဲ ပါသွားတာကြာပါပကော''

''ခင်ဗျားက ကြားနေရေးဝါဒဆိုလာလို့ ပြောလိုက်ချင်တာ တစ်ခုရှိတယ်။ ဒါကတော့ တခြားမဟုတ်ဘူး ... ပါးစပ်က ကြားနေရေးကြေညာပြီး လက်တွေ့ ကျတော့ အင်္ဂလိပ်-အမေရိကန် အုပ်စုဘက် ပါပါနေတာပဲ။ ကိုရီးယားကိစ္စတုန်းကလည်း ကြားနေရေးဆိုပြီး တစ်ဖက်သတ်လုပ်ခဲ့တာရှိတယ်။ တကယ်သာ တိတိကျကျ ကြားနေရင် ဖ.ဆ.ပ.လ အစိုးရရဲ့ ဂုဏ်သိက္ခာဟာ အများကြီးတက်စရာရှိနိုင်တယ်။ အဲဒီလို အပြော တစ်မျိုး လက်တွေ့ တစ်မျိုးလုပ်လိုလုပ်၊ ဗြိတိသျှကိုလိုနီစခန်းတွေ မဖျက်ဆီးနိုင်တဲ့အပြင် အမေရိကန်တွေ ခေါ်လို့ခေါ်လုပ်တာနဲ့ ရိုးသားပြီး တကယ်သတ္တိရှိတဲ့ သခင်ချစ်မောင်တို့၊ သခင်လွင်တို့လို မာ့က္စ(စ်)လီနင်ဝါဒ လက်ကိုင်ထားတဲ့လူတွေဟာ ဒီအထိ လွန်လွန်ကျူးကျူး ဖြစ်လာတဲ့ကိစ္စတွေကို ဘယ်လိုမှလည်း လက်မခံနိုင်အတွင်းကနေပြီး တိုက်လို့လည်း မရတော့တဲ့အတွက် ပါတီကရော ဖဆပလကရော ထွက်လာပြီး ဗမာပြည် အလုပ်သမားလယ်သမားပါတီကို ခွဲထောင်လိုက်ရတာပဲလို့ ကျုပ်မြင်တယ်။ ဒီအခြေရောက် လာလို့မှ ဒီလိုခွဲမထောင်နိုင်ရင်လည်း ပါးစပ်ပြောကသာ မာ့က္စ(စ်)လီနင်ဝါဒသမားဖြစ်ပြီး လက်တွေ့အလုပ်ကျတော့ နယ်ချဲ့ လက်ကိုင်တုတ် ဖြစ်နေရတော့မှာပဲဗျ ..."

ကိုသက်ထွန်း၏ စာကြည့်ခန်းအတွင်း၌ ကိုတင်ဦးနှင့် သခင်သိန်းအောင်တို့နှစ်ယောက် ပြောဆို လျက်ရှိသော စကားများကို နားမလည်တစ်ချက် လည်တစ်ချက်နှင့် နားထောင်နေမိရင်း မြိုင်သည်

ပျင်းရိသျောင်းညာသလို ဖြစ်လာသည်။ ဗမာပြည် နိုင်ငံရေးအား ဆွေးနွေး ဝေဖန်ပြသော စကားများကို လက်ခံနားလည်နိုင်လောက်သောအသိနှင့် စိတ်ပါဝင်စား နိုင်လောက်သော အခြေခံများ မြိုင့်တွင်မရှိချေ။ ထို့ကြောင့် ခပ်စောစောက ချထားလိုက်မိသော လိုက်(ဖ်)မဂ္ဂဇင်းကို ကောက်ယူ၍ ကြည့်တော့မည်အပြုတွင် အိမ်ရှေ့ဆင်ဝင်အောက်၌ ကားတစ်စီးထိုးရပ်သံကို ကြားလိုက်ရသဖြင့် မြိုင်သည် ဧည့်ခန်းအတွင်းမှ အပြေးကလေး ထသွား၍ ကြည့်ရှုမိလေသည်။

"ဟေး .... မြိုင်ရောက်နေတာ တော်တော်ကြာသွားပလား ... ဆောရီးပဲကွာ"

လဲ့လဲ့တို့သားအမိတစ်တွေ ပြန်ရောက်လာကြပေပြီတကား။

❦ ❦ ❦

နံနက်စာကို ၁၂ နာရီသာသာခန့်လောက်တွင်မှ စားသောက်၍ ပြီးစီးကြလေသည်။ လဲ့လဲ့က မြိုင့်အတွက် သီးသန့်ချက်ပြုတ်ထားသော ဘဲပေါင်း၊ ချိုးကြော်၊ ၁၂ မျိုးကြော်၊ ငါးဖယ်ကြော်၊ ငါးဖယ်ဆုပ်များဖြင့် တည်ခင်းကျွေးမွေးသည်။ သို့ရာတွင် နံနက်ထမင်းစားပွဲ၌ ကိုသက်ထွန်းတစ်ယောက်ကိုကား မြိုင်သည် မတွေ့ မမြင်ရပေ။ ခပ်စောစောက သူ၏စာကြည့်ခန်းထဲတွင် နိုင်ငံရေးစကားပြောဆိုလျက်ရှိကြသော မိတ်ဆွေများနှင့် သွားရောက်ဧည့်ခံ စကားပြောဆိုနေဟန် ရှိသည်။

"အစ်ကိုကြီးကိုသက်ထွန်းတစ်ယောက်ကော မစားသေးဘူးလားဟင်"

ဟု မြိုင်က မေးလိုက်မိသည့်အတွက်...

"အို ... သူ့မှာ ဧည့်ကောင်းဆောင်ကောင်းတွေကို ဧည့်ခံနေရသေးတယ် မြိုင်ရဲ့၊ မြိုင်သာ မြိန်မြိန်စားပါ"

ဟု လဲ့လဲ့က ပြန်ပိတ်လိုက်သည်။ ထို့ကြောင့် မြိုင်သည် ထမင်းစားပြီးသွားသည်အထိ ကိုသက်ထွန်းနှင့် ပတ်သက်၍ နောက်ထပ်စကား ဘာမျှမေးမြန်းပြောဆိုခြင်း မပြုတော့ပေ။ နံနက်စာ စားသောက်၍ ပြီးစီးကြသောအခါ လဲ့လဲ့က မြိုင့်အား ၎င်း၏ အိပ်ရာခန်းတွင်းသို့ ခေါ်ဆောင်သွားလေသည်။ လဲ့လဲ့သည် ၎င်း၏ထုံးစံအတိုင်း ၎င်းနောက်ဆုံး ဝယ်ယူထားရှိသော နောက်ဆုံးပေါ်အဝတ်အစားများကို မြိုင့်အား လူတစ်ရပ်ခန့်မြင့်သော ဗီရိုကြီးအတွင်းမှ ထုတ်ယူ၍ ပြသရင်း ဘယ်ရွေ့ဘယ်မျှပေးရသော ဈေးကိုပါ ပြောပြလျက် ရှိသည်။ လဲ့လဲ့ ပြသ၍ ပြောကြားနေသောစကားများကို မြိုင်သည် ခါတိုင်းလောက် စိတ်ပါဝင်စားခြင်း မရှိလှပေ။ ဝတ္တရားရှိလို့သာ နားထောင်ခြင်းပြုနေရသော်လည်း ခပ်စောစောက ကိုသက်ထွန်း၏စာကြည့်ခန်းအတွင်း၌ ပြည်သူ့လွှတ်တော်အမတ်တစ်ဦးကို တပည့်ကျောင်းသားလေးသဖွယ် သင်တန်းပေးနေသော ထိုလူတစ်ယောက်ဆီသို့သာ စိတ်စောလျက်ရှိလေသည်။ မြိုင်သည် ဘာအကြောင်းမှမရှိဘဲ ကိုတင်ဦးဆိုသူအား နောက်ထပ်တွေ့ဆုံနေချင်သည်။ အဘယ်အသိမိတ်ဆွေ ယောကျာ်းတစ်ဦးတစ်ယောက် အပေါ်၌မျှ စိတ်ဝင်စားခြင်း မဖြစ်ခဲ့မိဖူးသော စိတ်ဝင်စားခြင်းမျိုးဖြင့် မြိုင်သည် ထိုအလုပ်သမားဆိုသူတစ်ယောက်အပေါ်၌ ထူးထူးကဲကဲ

စိတ်ဝင်စားလျက်ရှိသည်။ ထိုသူ့ကို စကားပြောကြည့်ချင်သည်။ သို့ရာတွင် ဘာအကြောင်းပြောချင်မှန်းလည်း ရေရေရာရာ မသိ။ ထိုသူက ပြောဆိုသောစကားကိုလည်း ကြားချင်သည်။ သို့ရာတွင် ဘာရယ်လို့ ရေရေရာရာလည်း မဟုတ်။ စင်စစ်တော့ မြိုင်သည် ထိုသူကို သိလိုခြင်းမျှသာဖြစ်လေသည်။ သူနှင့် လူချင်းဆို၍ တစ်ကြိမ်မျှသာ တွေ့ဆုံစကားပြောဆိုဖူးသည်။ ထိုသို့ တွေ့ ဆုံစကားပြောဆိုဖူးသည့် အချိန်မှစ၍ မြိုင်သည် ထိုသူ့အပေါ်၌ စိတ်ဝင်စားနေခဲ့သည်။ သူ့အကြောင်းကိုလည်း သေသေချာချာသိချင်သည်။ ရသမျှ အချက်အလက်ကလေးများကိုလည်း ရှာဖွေလေ့လာကြည့်ခဲ့သည်။ စောစောက ဧည့်ခန်းအတွင်းမှနေ၍ ထိုသူ၏ စကားပြောဆိုသံကို ကြားလိုက်ရလျှင်ပင် မြိုင်သည် ထိုသူခေါ်ဆောင်သွားသော နောက်သို့ လမ်းမသိဘဲ လိုက်ပါသွားခဲ့မိသည်။ ထိုသူသည် မြိုင် ဘာမျှမသိသော ဖက်ဆစ် ဆန့်ကျင်ရေးစစ်ပွဲကြီးမှ အမေရိကန်တို့ တိုးချဲ့ဝင်ရောက်လာသော ဗမာပြည်ကိုလိုနီ စခန်းသစ်များအထိ အကြောင်းအရာစုံစုံလင်လင် ပြောဆိုသွားသည်။ အခြားလူတစ်ယောက်ယောက်သာဆိုလျှင် ထိုအကြောင်းအရာများကို ပြောဆိုနေပါမူ မြိုင်သည် ဘယ်နည်းနှင့်မျှ စိတ်ပါဝင်စားနိုင်ရန် အကြောင်းမရှိပေ။ ယောင်၍ မျှလည်း နားထောင်မိလိမ့်မည် မဟုတ်ပေ။ လှဲ့လှဲ့သည် မြိုင့်အား ခြောက်ရာကျော်ကျော်မျှပေးရသော ၎င်း၏ ရွှေလက်ပတ်နာရီအသစ်ကလေးကို ပြသလျက်ရှိစဉ် မြိုင်ကတော့ ကိုတင်ဦးနှင့် မည်သို့ လူချင်းတွေ့၍ စကားပြောနိုင်မည့်အခွင့်အလမ်းကို ရှာဖွေစဉ်းစားနေမိသည်။ သို့ရာတွင် ဤသို့ သာမန်အလုပ်သမားတစ်ယောက်နှင့် ညီတူတန်းတူသဘောနှင့် တွေ့ဆုံစကားပြောဆိုခြင်းမျိုးကိုကား လှဲ့လှဲ့နှင့် ဒေါ်မိမိခင်တို့ သားအမိနှစ်ယောက်သည် မည်သည့်နည်းနှင့်မျှ သဘောတူလိမ့်မည် မဟုတ်ပေ။ ခွင့်ပြုကြလိမ့်မည်လည်း မဟုတ်ပေ။ ပိတ်ပင်တားဆီး ကြလိမ့်မည်သာ ဖြစ်လေသည်။

၎င်း၏အဝတ်အစားများအကြောင်းကို ပြသပြောဆိုပြီးနောက် လှဲ့လှဲ့သည် မောင်မောင်လတ်၏အကြောင်းကို ထုံးစံအတိုင်း ဆက်လေသည်။ လှဲ့လှဲ့တို့အိမ်သို့ အလည်အပတ်ရောက်လာသောအခါတိုင်း ၎င်းပြသသော အဝတ်အစားများကို ကြည့်ရှုရသော အလုပ်နှင့် မောင်မောင်လတ်အကြောင်း ပြောဆိုသောစကားကို နားထောင်ရသောအလုပ် နှစ်ခုကို မြိုင်သည် အမြဲတမ်းရင်ဆိုင်ရသည်ချည်း ဖြစ်လေသည်။ စိတ်ရှည်လက်ရှည်

နားထောင်ရသည်ချည်း ဖြစ်လေသည်။ ယဉ်ကျေးသော အထက်တန်းစားများပီပီ အိမ် ရှင်၏အလိုက်ကို ဧည့်သည်က သိရမည်ဖြစ်သည်မဟုတ်သလော။

မောင်မောင်လတ်သည် မိမိအိမ်သို့ အလည်အပတ်မလာသည်မှာ ကြာပြီဖြစ်၍ ၎င်း၏မိခင်ကပင်လျှင် မောင်မောင်လတ်၏ အေးအေးစက်စက်နိုင်လွန်းလှသော အသွား အလာ အဆက်အဆံကို များစွာသဘောမကျဖြစ်နေကြောင်းကို လှဲ့လှဲ့သည် ဖွဲ့ကာနွဲ့ကာ ပြောကြားလျက်ရှိစဉ် မိုးကောင်းကင်နှင့် မြေကြီး၏အကြား၌ ဖြစ်ပျက်လျက်ရှိသော အကြောင်းအရာဟူသမျှ စိတ်မဝင်စားခြင်း မရှိသလောက်ဖြစ်သည်ဆိုသော ထိုလူတစ်ယောက်၏အကြောင်းကို စဉ်းစားနေမိသည်။ ထိုလူသည် ခပ်စောစောက ကိုသက်ထွန်း၏ စာကြည့်ခန်းအတွင်း၌ အခြားလူတစ်ယောက်နှင့် စကားပြောဆိုလျက်ရှိရာမှ ပြန်၍ များ သွားလေပြီလော။

ထိုအခိုက် အိမ်အောက်ထပ်တွင် နောက်ထပ်၍ မော်တော်ကားတစ်စီး ဝင်လာသံကို ကြားရပြီးနောက် လှဲ့လှဲ့တို့အိမ်တွင် တောက်တိုမည်ရ ခိုင်းစေထားသော မိန်းကလေး တစ်ယောက်သည် လှဲ့လှဲ့နှင့် မြိုင်တို့ စကားပြောနေကြသော အခန်းတွင်းသို့ မရဲတရဲနှင့် ဝင်လာသည်။

“ဘာတုံး အေးကြည် ...”

ဟု လှဲ့လှဲ့က ဆီး၍ မေးလိုက်သည်။

“ဧည့်သည်တွေ ရောက်နေတယ် မမ“

"အတွင်းဝန် ဦးဘစီတို့အိမ်ကပဲ မမ"

“အေး ဟယ် ... မဂ္ဂီတို့၊ စုစီတို့ လာချင်လာမယ်လို့ ပြောထားတာ ငါ့နှယ် မေ့နေလိုက်တာဟယ်။ အေး.. ညည်းသွားတော့”

ဟု အေးကြည်အား လှမ်း ...၍ ပြောဆိုလိုက်ပြီးနောက်...

“လာဟော့ မြိုင်၊ ကိုယ်တို့ အောက်ထပ်ဆင်းရအောင်”

ဟု မြိုင့် အား အောက်ထပ်သို့ခေါ်လေသည်။

မြိုင်သည် အတွင်းဝန်ဦးဘစီ၏ နာမည်ကျော်သမီးနှစ်ယောက်ဖြစ်သော မဂ္ဂီဘစီ နှင့် စူစီဘစီတို့နှင့် များစွာမတွေ့လိုလှပေ။ လူချင်းများစွာ မသိကျွမ်းကြသည်ကလည်း တစ်ကြောင်း၊ ကပွဲလိုက် မြင်းလောင်းသည်အထိ ခေတ်အဆန်လွန်နေသော မိန်းမများနှင့် များစွာ မဆက်ဆံလိုသည်ကတစ်ကြောင်းကြောင့်... "မြိုင် မလိုက်ပါရစေနဲ့လို့ရယ်၊ ခေါင်းလည်းမူးဝေဝေဖြစ်နေလို့ပါ" ဟု လဲ့လဲ့အား တောင်းပန်လိုက်မိသည်။

"ဒါဖြင့်လည်း ကိုယ့်အိပ်ရာထက်မှာ ခဏလောက်လှဲပြီးနေလိုက်ပါလားဟင် မြိုင် ...၊ နေဦး ကိုယ် အော်ဒီကလုံး ယူပေးခဲ့ဦးမယ် ..."

ဟု ပြောပြောဆိုဆိုနှင့် ၎င်း၏ အလှပြင်စားပွဲထက်မှ အော်ဒီကလုံးရေမွှေးပုလင်းကို သွားယူလာပြီးလျှင် မြိုင်အား လှမ်း၍ ပေးသည်။

"သိပ်လည်းမူးတာတော့ မဟုတ်ပါဘူးကွဲ့... လဲ့လဲ့ဧည့်သည်တွေနဲ့ စကားပြောနေတုန်း ကိုယ် ခြံထဲဆင်းပြီး လေရှူရရင် ကောင်းမလားလို့ စဉ်းစားနေတယ်..."

"ကောင်းသားပဲ မဂ္ဂီတို့ စူစီတို့လည်း သိပ်ကြာကြာကြီး နေကြမှာတော့ မဟုတ်ပါဘူး။ ဩော် .. မြိုင် ခြံထဲဆင်းပြီး လျှောက်နေဦးမယ်ဆိုရင် ဗုဒ္ဓသရဏံပင်တွေဘက်မှာ တစ်လောကရလို့ စိုက်ထားတဲ့ နှင်းဆီနီကြီးတွေ သွားကြည့်လိုက်ပါဦးလား ... သိပ်လှတာပဲ ..."

လဲ့လဲ့သည် ၎င်း၏ဧည့်သည်များအား သွားရောက်ဧည့်ခံစကားပြောဆိုရန်အတွက် အိမ်ပေါ်ထပ်မှ ဆင်းသွားသောအခါ မြိုင်သည် အိမ်၏ဘေးဘက်လှေကားမှ ခြံထဲသို့ ဆင်းလာခဲ့လေသည်။

ဗြိတိသျှလက်ထက် ဒိုင်အာခီနှင့် ၉၁ ဌာန အုပ်ချုပ်ရေးများ ခေတ်ကောင်းစဉ်ကာလက လဲ့လဲ့တို့၏ မိဘများ ဝယ်ယူ၍ ပြုစုပျိုးထောင်ထားခဲ့သော ခြံကြီးမှာ နှစ်ဧကခန့်မျှ ကျယ်ဝန်းလျက် သစ်ပင်ပန်းပင် မျိုးစုံတို့ဖြင့် သာယာလှပေသည်။ မြိုင်သည် ခြံထဲသို့

ဆင်းလာခဲ့ပြီးနောက် လဲ့လဲ့ ပြောဆိုလိုက်သော နှင်းဆီနီများကို သွားရောက်ကြည့်ရှုရန် မေ့လျော့သွားပြီးလျှင် အခြားပန်းပင်များကိုသာ လိုက်လံကြည့်ရှုနေမိလေ သည်။ ပန်းပင်များကို ချစ်မြတ်နိုးတတ်သော မြိုင်သည် ဒေလီယာပန်းပင်များအကြား၌ လှည့်ပတ်ကြည့်ရှုရင်း ပျော်မွေ့နေပေသည်။ တစ်ချက်တစ်ချက် ဖေ့ယမ်းတိုက်ခတ်လာသော လေအဟုန်တွင် တငြိမ့်ငြိမ့်လှုပ်ကစားနေသော ဒေလီယာပန်းကလေးများကို ငေးစိုက်ကြည့်ရှုရင်း မြိုင်သည် သာယာကြည်နူးနေမိသည်။

ဤသို့ ဒေလီယာပန်းပင်များအကြား၌ မြိုင်သည် တစ်ယောက်တည်း သာယာ ကြည်နူးလျက်ရှိစဉ် ကိုသက်ထွန်းနှင့် ၎င်း၏မိတ်ဆွေ ကိုတင်ဦးတို့သည် စကားတပြောပြောနှင့် မြိုင်ရပ်ကြည့်နေသော ပန်းပင်များအနီးသို့ ဖြတ်၍ လျှောက်လာကြလေသည်။ မြိုင်သည် ကိုသက်ထွန်းနှင့် ကိုတင်ဦးတို့နှစ်ယောက် စကားတပြောပြောနှင့် ၎င်း၏အနီးသို့ ဖြတ်၍ လျှောက်လာသည်ကို မြင်သော်လည်း ကိုသက်ထွန်းနှင့် ကိုတင်ဦးတို့က ပန်းပင်များအကြား၌ မြုပ်၍ နေသော မြိုင်ကို မြင်မိကြဟန်မတူပေ။ သူတို့နှစ်ယောက်သည် မြိုင်ရပ်နေသော ဒေလီယာပန်းပင်များနှင့် မလှမ်းမကမ်းတွင်ရှိသော စံပယ်ရုံကြီး တစ်ရုံ၏ဘေးတွင်ရပ်ကာ စကားဆက်ပြောမြဲ ပြောနေကြသည်။ ၎င်းကို မတွေ့မိကြသော သူတို့နှစ်ယောက်အား မြိုင်သည် လှမ်း၍ နှုတ်ဆက်ခြင်းမပြုတော့ဘဲ ငြိမ်သက်စွာ ကြည့်နေလိုက်သည်။

ကိုသက်ထွန်းက လှမ်းတည်သော စီးကရက်တစ်လိပ်ကိုယူကာ မီးညှိဖွာရင်း ...

"တရုတ်ဖြူတွေကို တိုက်ဖို့ကိစ္စအတွက် ဗမာ့တပ်မတော်က ပြင်ဆင်နေကြပြီဆိုတဲ့ သတင်းတော့ သခင်သိန်းအောင်ဆီက ရလိုက်တယ်ဗျ ကိုသက်ထွန်း။ တိုင်းပြည်က ဒီလောက် ဆူဆူပူပူ တောင်းဆိုနေတဲ့ကိစ္စကို သူတို့ မခံနိုင်တော့ဘူးနဲ့တူတာပဲ"

ဟု ပြောဆိုသည်ကို မြိုင်သည် ကြားလိုက်ရသည်။ တစ်လောက ပြည်သူ့နေ့စဉ်သတင်းစာနှင့် တကွ အခြားသတင်းစာများကပါ ရေးသားဖော်ပြကြသော တရုတ်ဖြူများ ရှမ်းပြည်အား ကျူးကျော်ဝင်ရောက်နေကြသည်ဆိုသောသတင်းကို မြိုင်သည် အမှတ်တမဲ့ ဖတ်ရှုလိုက် ရသည်။ သို့ရာတွင် တရုတ်ဖြူများ ဗမာ့နယ်မြေကို ကျူးကျော်သောကိစ္စသည် အဘယ်မျှ အရေးကြီးသော

ကိစ္စကြီးတစ်ခုဖြစ်သည်ကိုကား မြိုင်၏အသိဉာဏ်သည် မမီသေးပေ။

"ဒီသတင်းသာမှန်ရင်တော့ ကျုပ် မနေ့ညကရခဲ့တဲ့ သတင်းတစ်ခုလည်း ဟုတ်နိုင်စရာ ရှိတယ်ဗျို့"

"ဘယ်သတင်းလဲဗျ ဦးသက်ထွန်း..."

"အမေရိကန်တွေဆီက ယူထားတဲ့ တီ-စီ-အေတို့ ဘာတို့ကိုပါ ဖြတ်ပစ်လိုက်ဖို့ အစိုးရက စဉ်းစားနေပြီဆိုတဲ့ကိစ္စဗျ .."

"ဒီအတိုင်းသာမှန်ရင်တော့ သတင်းကောင်းပဲဗျ"

"ဒီသတင်းပေးတဲ့လူကလည်း အစိုးရအဖွဲ့နဲ့ရော၊ ပါတီနဲ့ရော တော်တော် အတွင်းကျကျ ရင်းနှီးတဲ့လူပဲဗျ ..."

"ခပ်စောစောက သခင်သိန်းအောင်နဲ့ စကားပြောရင်း သူ့စကားထဲမှာလည်း အရိပ်အမြွက်လောက်တော့ ပါသားဗျ ..."

"ဘယ်လိုလဲဗျ ... ဆိုစမ်းပါဦး"

"အမေရိကန်ဆီက လက်ခံထားတဲ့ အကူအညီဆိုတာတွေကို လုံးဝအဆက်ဖြတ် ပစ်လိုက်ဖို့ သူတို့တစ်တွေ တော်တော်ကလေး တိုက်နေကြတယ်လို့ ပြောသွားတယ်။ ဒီသတင်းနှစ်ခု ဆက်ကြည့်လိုက်တော့ ဖြစ်နိုင်စရာအလားအလာရှိလိမ့်မယ်ထင်တာပဲဗျ"

"ဩော် ... ခင်ဗျားကို ပြောဖို့ သတင်းတစ်ခုရှိသေးတယ်ဗျို့ ကိုတင်ဦး"

"ဟုတ်ကဲ့"

"တစ်လောက အမေရိကန်က ငှားလိုက်တဲ့ ကေတီအေကုမ္ပဏီကိစ္စတော့ ခင်ဗျား သိပြီးပြီမဟုတ်လားဗျ ကိုတင်ဦး"

"ဗမာပြည်ရဲ့ ကုန်ထုတ်လုပ်ငန်းတွေ၊ သဘာဝပစ္စည်းတွေနဲ့ ဘဏ္ဍာရေးအခြေ အနေတွေကို စူးစမ်းလေ့လာပြီး အစီရင်ခံစာရေးဖို့ဆိုတဲ့ နယူးယောက်ကငှားလာတဲ့ အတိုင်ပင်ခံပါရဂူအဖွဲ့ဆိုတာလားဗျ"

"ဟုတ်တယ်၊ အဲဒီ ကေတီအေအေတိုင်ပင်ခံပါရဂူအဖွဲ့ထဲမှာ အမေရိကန်စစ်တပ်က အတော်အရေးပါအရာရောက်တဲ့ စစ်အရာရှိကြီးတွေတောင် ပါနေတယ်လို့ ပြောသံ ကြားရတယ်။ ဒီလိုဟာတွေကို တိုင်းပြည်ထဲ ခေါ်သွင်းလာပြီး ကိုယ့်အထုပ်ဖြေပြတာတော့ ကျုပ်ဖြင့် နည်းနည်းမှ သဘောမကျဘူးဗျာ"

"ကိုယ့်အိမ်ကို တိုက်ဖို့ကြံနေတဲ့ ဓားပြတွေကို ဘဏ္ဍာစိုးခေါ်ခန့်လိုက်တာနဲ့ ဘာထူးသေးသလဲဗျ"

"ဟုတ်တယ်ဒီကောင်တွေ ကျုပ်တို့အခြေအနေတွေ အကုန်သိသွားရင် တစ်နည်းနည်းနဲ့မဟုတ် တစ်နည်းနည်းနဲ့ အကျပ်ကိုင်မှာသေချာတယ်ဗျ၊ နောက်ပြီးတော့ နာသန် ဆိုတဲ့ အမေရိကန်ပါရဂူတစ်ယောက်ကိုလည်း ကျုပ်တို့တိုင်းပြည်ရဲ့ စီးပွားရေးစီမံကိန်းတွေ အရေးဆွဲခိုင်းဖို့ဆိုပြီး နောက်ထပ်ငှားထားသေးတယ်ဗျ"

"အမေရိကန်ပါရဂူက ဗမာပြည်ရဲ့ စီးပွားရေးစီမံကိန်းကို ရေးဆွဲမယ်ဆိုရင်တော့ သူတို့ အမေရိကန်အရင်းအနှီးတွေနဲ့ ပညာသည်တွေ ဗမာပြည်ထဲ ဝင်လာနိုင်အောင် ဆွဲ မှာတော့ စိတ်ချရလိမ့်မယ်။ နောက်ပြီးတော့ ကျွန်တော် စိုးရိမ်မိတာတစ်ခုလည်း ရှိသေးတယ် "

"ဘာကိုလဲဗျ ..."

"အမေရိကန်ပါရဂူက အမေရိကန်ရဲ့ အတိုင်းအထွာနဲ့ကြည့်ပြီး ဗမာ့စီမံကိန်းတွေသာ ရေးဆွဲရင်တော့ အကုန်လုံး ကျွမ်းထိုးမှောက်ခုံ ဖြစ်ကုန်မယ့်ရလဒ်ပဲဗျ ဦးသက်ထွန်း"

"ဟုတ်တယ်ဗျို့၊ ဒါတွေကို တိုင်းပြည်က အမှန်အတိုင်းသိလာမြင်လာအောင် ထုတ်ဖော်ရေးပြမှ ဖြစ်လိမ့်မယ်။ မဟုတ်ရင် အင်္ဂလိပ်ကျွန်ဘဝက လွတ်လွတ်ကျွတ်ကျွတ် မဖြစ်နိုင်သေးခင် ကျုပ်တို့ဗမာလူမျိုးတွေ နောက်ထပ်ပြီး အမေရိကန်ကျွန် ဖြစ်ကုန်ကြ လိမ့်မယ်"

ကိုသက်ထွန်းနှင့် ကိုတင်ဦးတို့နှစ်ယောက် ပြောဆိုလျက်ရှိသော စကားများကို အမှတ်မဲ့ ငေးမောရှာသာ နားထောင်နေသော်လည်း မြို့င့်အဖို့တွင်ကား ဘာတစ်လုံးမျှ မသိလိုက်ချေ။ တီစီအေ၊ ကေတီအေနှင့်

နာသန်ဆိုသော ဝေါဟာရစကားများကို မြိုင်သည် တစ်ကြိမ်တစ်ခါမျှ ကြားဖူးခြင်းမရှိပေ။ ခပ်စောစောက စာကြည့်ခန်းထဲ၌ ကိုတင်ဦးနှင့် သခင်သိန်းအောင်တို့ ပြောဆိုသွားသော စကားများကို နားမလည်သည့်နည်းတူ ယခု ကိုတင်ဦးနှင့် ကိုသက်ထွန်းတို့ ပြောဆိုလျက်ရှိသော စကားများကိုလည်း မြိုင်သည် နားမလည်ခြင်းဖြစ်သည်။

ဤသို့ စံပယ်ရုံဘေးတွင် ကိုသက်ထွန်းနှင့် ကိုတင်ဦးတို့နှစ်ယောက် အေးအေး ဆေးဆေး စကားပြောဆိုလျက် မြိုင်က မလှမ်းမကမ်းရှိ ဒေလီယာပန်းပင်များအကြား၌ ငြိမ်သက်စွာပုန်းအောင်း နားထောင်နေသည့်အခိုက်...

"အစ်ကိုကြီးရေ ... အစ်ကိုကြီး၊ အန်ကယ်ဘစီက အစ်ကိုကြီးကို တွေ့ချင်လို့တဲ့"

ဟူသော လဲ့လဲ့၏ခေါ်သံကို ကြားလိုက် ရသည်။ ထိုသို့ခေါ်သံကြားလိုက်ရပြီး မရှေးမနှောင်းပင် လဲ့လဲ့သည် စံပယ်ရုံကြီးအနီးသို့ ရောက်ရှိလာလေသည်။ ၎င်းအား လဲ့လဲ့က မမြင်သွားစေလိုသဖြင့် မြိုင်သည် ပန်းပင်များ အကြား၌ ငြိမ်သက်စွာ ပုန်းအောင်းနေလိုက်လေသည်။

"အန်ကယ်ဘစီက အစ်ကိုကြီးကို မေးနေလို့..."

လဲ့လဲ့ အသံကြားရသည်။

"ဟေ .. ဟုတ်လား၊ ဒီအဘိုးကြီး ဘာလာလုပ်ပြန်ပါလိမ့်"

ဟု ပြောပြောဆိုဆို ကိုသက်ထွန်းသည် ကိုတင်ဦးအား တစ်ယောက်တည်းထားပစ်ခဲ့ပြီးလျှင် သူ၏နှမဖြစ်သူ လဲ့လဲ့နှင့် အိမ်ကြီးဆီသို့ လိုက်ပါသွားလေသည်။

ဤအနီးအနားတစ်ဝိုက်တွင် မိမိနှင့် ကိုတင်ဦးတို့သာလျှင် နှစ်ယောက်တည်း ကျန်ရှိတော့သဖြင့် ထိုသူအား အတွေ့ခံသင့် မခံသင့်နှင့် အတွေ့ခံလျှင်လည်း အဘယ်သို့ အတွေ့ခံရမည်ကို မြိုင်သည် ရင်တဖိုဖိုနှင့် စဉ်းစားလျက်ရှိသည်။ မိမိနှင့် တစ်ကြိမ်တစ်ခါ မျှသာ တွေ့ကြုံသိကျွမ်းရုံဖြစ်သော ယောကျာ်းပျိုတစ်ဦးအား မိန်းမသားဖြစ်သော

မိမိက စတင်နှုတ်ဆက်၍ အတွေ့ခံရမည့်အရေးမှာ မြိုင့်အတွက် ကျပ်တည်းခက်ခဲသော အလုပ်ကြီးတစ်ခုကဲ့သို့ ဖြစ်နေသည်။ သို့ရာတွင် မြိုင်၏ရင်ထဲ၌ကား ထိုသူနှင့်တွေ့ ချင်လေ သည်။ စကားပြောဆိုကြည့်ချင်သည်။ မြိုင်သည် ချီတုံချတုံဖြစ်နေသည်။

ဤသို့ မြိုင်သည် မိမိ၏သဘောထားကို အတိအကျ အဆုံးအဖြတ်မပြုနိုင်သေးဘဲ ချီတုံချတုံဖြစ်နေဆဲအခိုက် လူဆန်ဆန် လုပသောသဘာဝကို နှစ်သက်မြတ်နိုးဟန် ရှိသော လှဲ့လှဲ့တို့၏ သတင်းစာတိုက်မှ အလုပ်သမားသည် ၎င်းနှင့်စကားပြောရန် အဖော် မရှိတော့၍ ဒေလီယာပန်းပွင့်ကလေးများ၏အလှကို နီးနီးကပ်ကပ်ကြည့်ရှုရန် မြိုင် ငြိမ်သက်စွာ ပုန်းလျှိုး၍ နေသော ပန်းရုံအနီးသို့ ခပ်ဖြည်းဖြည်းမှန်မှန် လျှောက်လာရင်း ဗြုန်းခနဲ မြိုင့်အား တွေ့မြင်သွားလေသည်။

"သြော် … မြိုင်တစ်ယောက်တည်းပါလား"

ကိုတင်ဦးက မြိုင်၏နာမည်ကို ရင်းရင်းနှီးနှီးခေါ်၍ ဣန္ဒြေရရ နှုတ်ဆက်လိုက်သည်။

မိမိပုန်းလျှိုးနေသည်ကို တွေ့ မြင်သွားပြီဖြစ်၍ နှုတ်ဆက်မေးမြန်းနေသူအား မြိုင်သည် ရုတ်တရက် အဘယ်သို့ပြန်၍ စကားပြောရမှန်း စဉ်းစားမရနိုင်အောင် ဖြစ်နေလေ သည်။ ရှက်သလို ကြောက်သလိုလည်း ဖြစ်နေမိသည်။ သို့ရာတွင် လူရိပ်လူကဲခတ်ရာ၌ ဖျတ်လတ်ကျွမ်းကျင်ပုံရသော ထိုသူက မြိုင်ကျရောက်လျက်ရှိနေသော အကျပ်အတည်းကလေးထဲမှ ဆွဲထုတ်ပစ်လိုက်နိုင်ရန် နောက်ထပ်စကားဆက်၍ ပြောဆိုလိုက်သည်။

"ဒါကြောင့် မြိုင်တစ်ယောက် ပန်းပင်ကလေးတွေကို အင်မတန်ချစ်တတ်တဲ့ အကြောင်း ကိုမောင်မောင်လတ်က ပြောပြောနေတာကိုး"

ထိုသူ စကားဆက်ပေးလိုက်သဖြင့် မြိုင်သည် အနည်းငယ်ရဲတင်းလာပြီး ထိုင်ရာမှ ထလိုက်သည်။

"သြ … ကိုကိုလတ်က မြိုင့်အကြောင်း ကိုတင်ဦးကို

ပြောပြသတဲ့လား"

မြိုင်သည် စိတ်ပါဝင်စားသောအမူအရာနှင့် ပြန်၍ မေးလိုက်မိသည်။ မြိုင်၏ ကိုကိုလတ်သည် မိမိ၏ နှမဖြစ်သူအကြောင်းကို တခြားသူစိမ်းတစ်ဦးအား ဘာတွေများ လျှောက်ပြောထားသနည်း။ မိမိနှမအကြောင်းကို ပြောပြရလောက်အောင် ထိုသူနှင့် မြိုင်၏ကိုကိုလတ်တို့သည် ဘယ် အထိများ လူချင်းရင်းနှီးနေကြသနည်း။

"တခြားတော့မဟုတ်ပါဘူး၊ မြိုင်ဟာ ပန်းပင်ကလေးတွေကို အင်မတန်ချစ်တဲ့ အကြောင်းနဲ့ အင်္ဂလိပ်ကဗျာတွေကိုလည်း အင်မတန်နှစ်သက်တဲ့အကြောင်း တစ်ခါက ပြောပြတာကို သတိရလို့ပါ"

"မြိုင် ကဗျာဖတ်တာလည်း ကိုတင်ဦးကို ကိုကိုလတ်က ပြောပြသလားဟင်"

ဟု မြိုင်က စိတ်ပါဝင်စားစွာဖြင့် ပြန်မေးလိုက်မိလေသည်။

"တစ်လောက သတင်းစာလုပ်ငန်းကို ဗဟုသုတအနေနဲ့ ကြည့်ရအောင်ဆိုပြီး ဦးသက်ထွန်းနဲ့ သတင်းစာတိုက်ကို လိုက်လာရင်း ကျွန်တော့်စာရေးစားပွဲမှာ မက်သယူး အာနိုး(လ်)ရဲ့ ကဗျာပဒေသာစာအုပ်ကို တွေ့သွားလို့ ကျောင်းမှာတုန်းက သင်ခဲ့ကြရတဲ့ ကဗျာတွေအကြောင်း လျှောက်ပြောကြရင်း မြိုင်လည်း အင်္ဂလိပ်ကဗျာတွေကို အင်မတန် ဖတ်တဲ့အကြောင်း ကိုမောင်မောင်လတ်က ပြောပြလို့ပါ"

"ကိုတင်ဦးလည်း ကဗျာတော်တော်ဖတ်သလားဟင်"

ဟု မြိုင်က စိတ်ပါဝင်စားစွာ ပြန်၍ မေးလိုက်မိသည်။

"ခပ်ငယ်ငယ်ကတော့ ဖတ်ပါတယ်ကိုယ့်ထမင်းကိုယ်ရှာစားရတဲ့ အသက်အရွယ်ကစပြီး အလုပ်ပင်ပန်းလို့ ခေါင်းအင်မတန်ရှုပ်တဲ့အခါသာ အပန်းဖြေတဲ့အနေနဲ့ ဖတ်တဲ့ အကျင့်တော့ ရှိသေးတယ်"

"ဘယ်ကဗျာဆရာတွေရဲ့ ကဗျာတွေကို ဖတ်သေးသလဲဟင်"

"အရင်က တော်တော်ကလေးစုံအောင်ဖတ်တယ်၊ ခုနောက်ပိုင်းတော့ မက်သယူး အာနိုး(လ်)ပဲ အဖတ်များတယ်"

“မက်သယူးအာနိုး(လ်)ရဲ့ ကဗျာထဲက "နွေရာသီည" ဆိုတဲ့ ကဗျာကိုတော့ မြိုင်လည်း တော်တော်သဘောကျတယ်"

"မြိုင်လည်း နွေရာသီညကို တော်တော်သဘောကျသလား ကိုတင်ဦးလည်း တော်တော့်ကို သဘောကျတယ်။ အဲဒီကဗျာကလေးဟာ လူသားရဲ့ ကြီးမားခက်ခဲလှတဲ့ ဘဝတိုက်ပွဲကို ဖော်ပြတဲ့နေရာမှာတော့ အလေးနက် အခံ့ညားဆုံးလို့ပဲ ထင်တယ်။ အာနိုး(လ်)ရဲ့ကဗျာတွေထဲက ကျောင်းမှာတုန်းက သင်ခဲ့ရတဲ့ နှစ်ပုဒ်ရှိသေးတယ်။ ဆိုးရပ်(ဗ်)နှင့် ရပ်စတန်တို့သားအဖအကြောင်းရယ်၊ ဂျစ်ပစီသုခမိန်ဆိုတဲ့ ကဗျာရယ် အဲဒီကဗျာနှစ်ပုဒ်ထဲက ဂျစ်ပစီသုခမိန်ဆိုတဲ့ ကဗျာကိုတော့ ဆယ့်သုံးနှစ်သားအရွယ်လောက် ကျောင်းမှာသင်ခဲ့ရတဲ့ အချိန်ကစပြီး အခု အသက်အရွယ်အထိ ဖတ်လို့ကောင်းတုန်းပဲဗျ”

“ဂျစ်ပစီ သုခမိန်က ဘာအကြောင်းရေးထားတာလဲဟင်”

ဟု မြိုင်က စိတ်ပါဝင်စားစွာ မေးလိုက်သည်။

“ဆင်စွယ်နန်းတော်ကြီးထဲမှာ အလဟဿအချိန်ကုန်လာရခဲ့တဲ့ ပညာရှိသုခမိန်ကြီးတစ်ယောက်ဟာ သူ့အမှားကိုသူ နောင်တရတဲ့အချိန်မှာ ဂျစ်ပစီလူမျိုးတွေနဲ့အတူ လူ့လောကကြီးထဲကို လျှောက်ပြီး အသိပညာကို လိုက်လံဆည်းပူးရှာဖွေတဲ့အကြောင်း ရေးထားတာပဲ။ အခုခေတ် ပညာတတ်ဆိုတဲ့ လူကြီးတွေအတွက် အင်မတန်ကောင်းတဲ့ သင်ခန်းစာလို့ ဆိုရလိမ့်မယ်”

"ဩော်... ဩော်..."

“နောက်ပြီးတော့ သူရေးတဲ့ အနာဂတ်ဆိုတဲ့ ကဗျာတစ်ပုဒ်ဟာလည်း အင်မတန် လေ့လာဖို့ကောင်းတယ်”

မြိုင်သည် ထိုအလယ်တန်းကျောင်းထွက်ဆိုသူနှင့် အင်္ဂလိပ်ကဗျာဝင်အကြောင်းကို ပြောဆိုရန် အသိဉာဏ်မလိုက်နိုင်တော့သည်ကတစ်ကြောင်း

ထိုသူပြောဆိုသွားသော အကြောင်းအရာများသည်လည်း စိတ်ဝင်စားစရာကောင်းသည်ကတစ်ကြောင်းကြောင့် ထိုသူ နောက်ထပ်၍ ပြောဆိုသွားသမျှကို မည်သို့မျှ ပြန်လှန်ပြောဆိုခြင်းမပြုနိုင်တော့ဘဲ

ငြိမ်သက်စွာ ငေးစိုက်၍ ဤသို့နားထောင်လေသည်။ မြိုင်သည် ဘေးမှ နားထောင် သူတစ်ဦးအဖြစ်ဖြင့် ငြိမ်သက်စွာ နားထောင်လျက်ရှိစဉ် ထိုသူသည် မက်သယူးအာနိုး(လ်)၏ကဗျာများအပြင် ရှယ်လီ၊ ကိ(တ်)မီလ်တန်နှင့် ဘရောင်းနင်း စသော အင်္ဂလိပ်ဆရာကြီးများ၏ ကဗျာများအကြောင်းကိုပါ အနားမယူဘဲ ဆက်လက်၍ သုံးသပ်ဝေဖန်ပြော ဆိုသွားလေသည်။

အင်္ဂလိပ်ကဗျာများအကြောင်းကို စိတ်ကျေနပ်လောက်အောင် ပြောဆိုသွားခဲ့ပြီးနောက် သူသည် ဗြိတိန်ကျွန်းစုမှတစ်ဆင့် ဥရောပကုန်းမြေပေါ်သို့ ကျော်လွှား၍ တက်သွားပြီးလျှင် သူလေ့လာဖတ်ရှုဖူး၍ များစွာသဘောကျပုံရသော ဂျာမန်ကဗျာဆရာကြီး တစ်ဦးဖြစ်သူ "ဟိန်း"၏ကဗျာများအကြောင်းကို ပြောဆိုလျက်ရှိလေသည်။ ကျောင်း၌ သင်ကြားခဲ့ရသော အင်္ဂလိပ်ကဗျာများကလွဲ၍ အခြားကဗျာများကို မဖတ်ဖူးသော မြိုင်၏ အတွက် ထိုသူပြောဆိုလျက်ရှိသော ဂျာမန်ကဗျာများသည် အဆန်းအသစ်ဖြစ်နေလေသည်။

ဥရောပကဗျာများအကြောင်းကို ပြောဆို၍ ပြီးစီးသောအခါ ထိုသူသည် အာရှတိုက်ဘက်သို့ ပြောင်းရွှေ့လာသည်။ ပါးရှင်ကဗျာဆရာကြီး အိုမာခါယံအကြောင်း အနည်းငယ်ပြောဆိုပြီးနောက် သူသည် ဟေဗြဲကဗျာများမှ ဆော်လမုန်ဘုရင်၏ တေးကဗျာများအကြောင်းကို အတန်ငယ်ပြောဆိုပြန်လေသည်။

"ဆော်လမုန်ဘုရင် ရေးစပ်ခဲ့တယ်လို့ အဆိုရှိတဲ့ တေးကဗျာတွေကို ကျွန်တော် ငယ်ငယ်က ဘရင်ဂျီကျောင်းမှာနေရတုန်းက တနင်္ဂနွေနေ့တိုင်း သင်ခဲ့ဖူးတယ်။ သူ့ကဗျာတွေရဲ့ အတိမ်အနက်ကို ငယ်ငယ်တုန်းကတော့ မနိုက်မိဘူး။ တဖြည်းဖြည်း အသက်ကြီး လာတော့မှ လေးနက်ပြီး လှပမှန်းသိလာတယ်"

ဟု ထိုသူက ဆော်လမုန်ဘုရင်၏ကဗျာ အကြောင်းကို ပြောဆိုသည်။

မြိုင်သည် ဉာဏ်ပညာကြီးမားသည်ဆိုသော ဆော်လမုန်ဘုရင်နှင့် ရှီးဘာဘုရင်မ တို့အကြောင်းကိုကား ကြားဖူးသည်။ သို့ရာတွင် ဆော်လမုန်ဘုရင်၏ တေးကဗျာများ အကြောင်းကိုတော့ မကြားဖူးပေ။

"ကျွန်တော် အခုထက်တိုင် အလွတ်ရနေတဲ့ အပိုဒ်တစ်ပိုဒ်ရှိတယ်။

“ဆောင်းကာလ လွန်ပြီ၊ မိုးလည်းကြည်လင်ပြီ မြေကြီးပေါ်မှာ ပန်းများပွင့်ကြပြီ ငှက်တို့ မြည်တွန်ချိန်လည်း ရောက်လေပြီ ငါတို့ မြေကြီး၌ ချိုးငှက်တွန်သံကိုလည်း ကြားရ၏” ဒီအပိုဒ်ဟာ သဘာဝကို ရိုးရိုးကလေးနဲ့ လှအောင်ဖွဲ့ထားတာပဲ”

မြိုင်သည် ငြိမ်သက်စွာ ငေးစိုက်၍ နားထောင်လျက်ရှိလေသည်။

“နောက်တစ်ပိုဒ်လည်း သတိရမိသေးတယ် “လကဲ့သို့ တင့်တယ်လျက်၊ နေကဲ့သို့ ထွန်းလင်းလျက်၊ စစ်မျက်နှာကဲ့သို့ ကြောက်မက်ဖွယ်ဖြစ်လျက်၊ နံနက်ကဲ့သို့ မျှော်ရှု သော သတို့သမီးကား အဘယ်သူနည်း ...ဆိုတဲ့ အပိုဒ်ပဲ။ မိန်းမသားတစ်ယောက်ရဲ့ ကျက်သရေကို ဖွဲ့နွဲ့တဲ့နေရာမှာ ရိုးရိုးနဲ့ အင်မတန်ခံ့ညားတဲ့အဖွဲ့အနွဲ့ပဲ"

ဤမျှ များပြားသောကဗျာများကို ပြောဆိုလျက် အချို့ အပိုဒ်များကို အလွတ်ပင် ရရှိနေသေးသော ထိုသူ့အား မြိုင်သည် အံ့ဩနေမိသည်။ မိမိပြောဆိုသောစကားများကို ကျောင်းသူကလေးပမာ စိတ်ပါဝင်စားစွာနှင့် ငြိမ်သက်စွာနားထောင်လျက်ရှိသော မြိုင်အား ထိုသူသည် တစ်ရံရောအခါက သက္ကတယဉ်ကျေးမှု ထွန်းပြောင်ခဲ့သော အိန္ဒိယပြည်ကြီး၏ ကဗျာများအကြောင်းကို ဆက်လက်ပြောဆိုပြန်လေသည်။

“အိန္ဒိယရှေးဟောင်းကဗျာတွေဟာလည်း အင်မတန်ကို ခမ်းနားကြီးကျယ် သလောက် သိမ်မွေ့နူးညံ့ခြင်းလည်း ရှိတယ်။ မဟာဘာရတ၊ ရာမယနနဲ့ ဘဂဝါဂီတဆိုတဲ့ ကဗျာတွေကို မြိုင် ဖတ်ကြည့်ဖူးသလားတော့ မသိဘူး"

“မြိုင် မဖတ်ဖူးပါဘူး”

မြိုင် ဖတ်ကြည့်ဖို့ကောင်းတယ် နောက်ပြီး ကာလီဒါသရဲ့ "တိမ်တမန်" ဆိုတဲ့ ကဗျာကိုလည်း မဖတ်ကြည့်ရသေးရင် ဖတ်ကြည့်ဖို့ တိုက်တွန်းချင်တယ်”

“အိန္ဒိယကဗျာတွေထဲက ဒေါက်တာတဂိုးရဲ့ ဥယျာဉ်မှူးနဲ့ ဆန်းစသော်တာ ကဗျာတွေ တချို့တလေတော့ ဖတ်ဖူးပါတယ်"

“ဒေါက်တာတဂိုးရဲ့ ကဗျာတွေကို ကျွန်တော်လည်း တော်တော်ဖတ်တယ်။ သူ့ကဗျာတွေက စိတ်ရဲ့ လှုပ်ရှားမှုကို

အများဆုံးဖွဲ့နွဲ့ထားတာ တွေ့ ရတယ်။ အိုက်ဘော(လ်)နဲ့ မစ္စဆရိုဂျီနိုင်ဒူးတို့ ကဗျာတွေဟာလည်း အင်မတန် လေးလေးစားစားဖတ်ကြည့်ဖို့ ကောင်းတဲ့ ကဗျာတွေပဲ မြိုင်ရဲ့"

ကမ္ဘာကျော်သော ကဗျာဆရာကြီးများ၏ ကဗျာမှန်သရွေ့ နှိုက်နှိုက်ချွတ်ချွတ် ဖတ်ဖူးသလောက် ဖြစ်နေသော သတင်းစာတိုက်မှ အလုပ်သမားတစ်ယောက်အား မြိုင်သည် အကဲမခတ်တတ်အောင် ဖြစ်နေမိသည်။ တက္ကသိုလ်ကျောင်းတော်ကြီး၌ ဆရာကောင်းသမားကောင်းများနှင့် ပညာမသင်ကြားရဖူးသော ထိုအလယ်တန်းကျောင်းထွက်တစ်ယောက်သည် ဤမျှကြီးကျယ်ခမ်းနားလှသော ကမ္ဘာ့စာပေများကို အဘယ်သို့ ဖတ်ရှုလေ့လာခဲ့သနည်း။

"ကျွန်တော်တို့ ဗမာကဗျာတွေကိုကော မြိုင် ဖတ်ရဲ့လား"

ကမ္ဘာ့ကဗျာများ အကြောင်းကို အားရလောက်အောင် ပြောဆိုပြီးစီးသောအခါ ထိုသူသည် ဗမာ့ကဗျာများ အကြောင်းကို ပြောဆိုလေသည်။

ကျောင်း၌ သင်ကြားခဲ့ရသော ကဗျာများမှလွဲ၍ မြိုင်သည် ဗမာ့ကဗျာများကို မဖတ်ရှုမလေ့လာဖူးသလောက်ပင် ဖြစ်လေသည်။ ကျောင်းမှထွက်လာပြီးသည့်နောက်၌လည်း ဖတ်ရှုရကောင်းမှန်း သဘောမထားဟန်ရှိလေသည်။ အင်္ဂလိပ်ကဗျာများကို လေးစားနှစ်သက်ခြင်းရှိသလောက် မိမိ၏အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များကို မြိုင်သည် စုံမက်ခြင်းရှိလှပုံမရပေ၊ ထို့ကြောင့် ထိုသူ၏အမေးကို ဘာမျှပြန်မပြောဘဲ ငြိမ်သက်စွာနေမြဲနေလိုက်သည်။

"ကျွန်တော်တို့ ဗမာကဗျာတွေဟာ ခက်ခဲနက်နဲခြင်းရှိသလို သိမ်မွေ့ လှပတာတွေလည်း တော်တော်များများရှိတယ်။ အင်းဝခေတ်လောက်ဆီက ရေးစပ်ထားခဲ့ကြတဲ့ ရှင်သီလဝံသကိုယ်တော်ရဲ့ ပါရမီတော်ခန်းပျို့ဟာ နက်နဲခက်ခဲသလောက် သူနဲ့ခေတ်ပြိုင် ရှင်မဟာရဋ္ဌသာရရဲ့ ဝဏ္ဏပဘာဆိုတဲ့ ကဗျာဟာလည်း အင်မတန်သိမ်မွေ့လှတယ်"

"အဲဒါတွေတော့ မြိုင် မသင်ခဲ့ရဘူး၊ ဦးပုညဝတ္ထုတွေနဲ့ မေတ္တာစာတွေလောက်ပဲ သင်ခဲ့ရတယ်"

"ဘယ်လိုနေသလဲ"

"နားမလည်တာတွေက များတာပဲ"

"ဦးပုညရေးခဲ့တဲ့ စာတွေလောက် ရှင်းလင်းတာ၊ စာပြောင်တာဟာ ဗမာ့ကဗျာ တွေထဲမှာ ခပ်ရှားရှားပဲ မြိုင်ရဲ့ ...။ ဒါပေမဲ့ ကျောင်းတွေက သင်ပေးပုံစနစ်က လိုနေသေး လို့ ဖြစ်ပါလိမ့်မယ်"

"ဒီလိုဆိုရင်တော့ မပြောတတ်ဘူး... ဆဒ္ဒန်ဆင်မင်းဝတ္ထုတို့ လေ့အလှူခံမေတ္တာစာတို့ ဆိုတာတွေဟာ မြိုင်ဖြင့် ဘယ်လိုမှ အရသာမခံတတ်ဘူး"

"ဒီလိုဆိုရင် ခေတ်သစ်ကဗျာတွေကိုကော မြိုင် ဖတ်သေးရဲ့လား"

"ဒဂုန်တာရာ၊ မင်းသုဝဏ်၊ ဇော်ဂျီနဲ့ တက္ကသိုလ်မောင်သန့်စင်တို့ရေးတဲ့ ကဗျာတွေကိုတော့ ဖတ်ပါတယ်"

"ဘယ်လိုနေသလဲ ..."

"ဖတ်လို့တော့ ကောင်းသားပဲ"

"ဆရာကြီး သခင်ကိုယ်တော်မှိုင်းရေးတဲ့ မဟာလေးချိုးကြီးတွေကိုကော မြိုင် ဖတ်ရဲ့လား"

ဗမာပြည် ခေတ်သစ်စာဆိုတော်ကြီးဖြစ်သော ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ကဗျာများကို မြိုင်သည် မဖတ်ရှုဖူးပေ။ ထို့ကြောင့် ရှက်စနိုးအမူအရာဖြင့် ဦးခေါင်းကို ငုံ့ထားလိုက်ပြီးလျှင် ခါရမ်း၍ ပြလိုက်လေသည်။

"ဆရာကြီးရေးတဲ့ ကဗျာတွေကို ဗမာလူမျိုးမှန်ရင် ဖတ်ဖူးဖို့လိုလိမ့်မယ်။ ဒီတစ်ခေါက် ကိုမောင်မောင်လတ်နဲ့တွေ့တော့မှပဲ ဆရာကြီးရေးထားတဲ့ မဟာလေးချိုးကြီးတွေ မြိုင့်အတွက် ပေးလိုက်ရဦးမယ်။ မြိုင် ဖတ်ဖြစ်အောင်ဖတ်ကြည့်စမ်းပါဦး"

ဆရာကြီး၏ ဩဝါဒကို တပည့်ကျောင်းသူကလေးသဖွယ်

နားထောင်၍ နေရခြင်းကို ငြီးငွေ့သလိုရှိလာသော မြိုင်က...

"ကိုတင်ဦးက စာတော်တော်ဖတ်တယ်ထင်တယ်"

ဟု အကြောင်းအရာသစ်သို့ စကားဦးလှည့်၍ ပေးလိုက်သည်။ ကိုတင်ဦးသည် မြိုင်က စကားဦးလှည့်၍ ပေးလိုက်သောအမေးကို ရုတ်တရက်ပြန်၍ မဖြေသေးဘဲ သူ၏အပေါ်အင်္ကျီဘေးအိတ်အတွင်းမှ ဆေးပေါ့လိပ်တစ်လိပ် ခပ်အေးအေး ထုတ်ယူပြီးလျှင် မီးညှိလေသည်။ သူသည် အတော်ကလေး လေရှည်ခဲ့ရသောကြောင့် ပါးစပ်စေ့နေဟန်ဖြင့် ဆေးပေါ့လိပ်ကို မီးရဲခနဲ ရဲခနဲ နေလောက်အောင် သုံးလေးဖွာမျှ ဖွာလိုက်ပြီးမှ...

"စာဖတ်တဲ့အလုပ်ကတော့ ကလေးဘဝကတည်းကစပြီး လေ့ကျင့်ပေးလိုက်တဲ့အလုပ်မို့လို့ ကိုတင်ဦးအတွက် အသက်နဲ့နေနိုင်ဖို့ဟာ ထမင်းနဲ့ရေဟာ မရှိမဖြစ်သလို စာဖတ်တဲ့အလုပ်ဟာလည်း မရှိမဖြစ်တဲ့ အလုပ်မျိုးဖြစ်နေတယ်"

ဟု သူစာဖတ်ရသော အလုပ်၏အကြောင်းကို ပြောပြလေသည်။

စာဖတ်သောအလုပ်သည် ကလေးဘဝကပင် လေ့ကျင့်သားရခဲ့သော အလုပ်ဖြစ်သဖြင့် အသက်ရှင်နေနိုင်ရေးအတွက် မရှိမဖြစ်သော ထမင်းစားရေသောက်အလုပ်များ ကဲ့သို့ ဖြစ်နေပါသည်ဆိုလာသော ထိုသူကို မြိုင်သည် နောက်ထပ်၍ ဘာမျှပြန်မပြောနိုင်ဘဲ ငေးမော၍သာ ကြည့်နေမိသည်။

"ကျွန်တော့်အဖေဟာ အလုပ်အကိုင်အတည်တကျရှိတဲ့လူမဟုတ်တော့ အမေ ဆုံးသွားပြီးတဲ့နောက်မှာ ကျွန်တော်တို့မောင်နှမနှစ်ယောက်ကို ငယ်ငယ်ကလေးကတည်းက ဘော်ဒါပို့ထားခဲ့တယ်ဗျ ..."

"အဖေက လူချမ်းသာတစ်ယောက် မဟုတ်လေတော့ ဘော်ဒါမှာ တော်တော်ကလေး အောက်ကျနောက်ကျ နေခဲ့ရတယ်။ ကျောင်းမှာ ဒီ့ပြင် လူချမ်းသာ သားသမီး တွေလို ဖောဖောသီသီ မသုံးနိုင်၊ မစွဲနိုင်၊ မဝတ်စားနိုင်လေတော့ ဒီ့ပြင် ကျောင်းသားတွေက သိပ်ပြီး အပေါင်းအဖော်မလုပ်ချင်ကြဘူးဗျ"

"ဩော် ... ဩော် ..."

မြိုင်၏ရင်ထဲ၌ ဝေဒနာတစ်မျိုး ခံစားလိုက်ရသည်။

"ကိုယ့်ဘာသာကိုယ် တစ်ယောက်တည်း ချောင်ထဲကုတ်ပြီး နေခဲ့ရတယ်။ အဲဒီလို ချောင်ကုတ်ပြီးနေရရင်းက စာအုပ်ကို အဖော်လုပ်လာတဲ့အကျင့်ဟာ ငယ်ငယ်ကလေး ကတည်းက ကျင့်သားရလာတယ်။ စာအုပ်ဟာ မိတ်ဆွေသူငယ်ချင်းကောင်းဖြစ်တယ် ဆိုတာကို ဘော်ဒါမှာ နေလာကတည်းက ကောင်းကောင်းသဘောပေါက် နားလည်တယ်"

"ဟုတ်ကဲ့ "

"မိဘ ဆင်းရဲတော့ ကျောင်းက ဆရာသမားတွေကပါ ကျွန်တော့်ကို အဘက်ဘက်က ဝိုင်းနှိမ်ကြတယ်ဗျ။ အဲဒီလို အနှိမ်ခံရတော့ မခံချင်တဲ့စိတ်နဲ့ စာသိပ်ဖတ် သိပ်ကြိုးစားတဲ့အလုပ်ဟာ ပိုပြီးရင့်ကျက်လာတယ်။ ကျွန်တော်ငယ်ငယ်လေးကတည်းက စာဘယ်လောက်အထိ ဖတ်တဲ့အကြောင်းများ ပြောပြရင် မြိုင်တောင် ယုံချင်မှယုံနိုင်မှာ"

"ယုံပါတယ်ရှင်"

ဟု မြိုင်က သူ့ကို အားပေးစကားပြောကြားလိုက်မိသည်။

"ကိုတင်ဦး ၁၄ နှစ်သားလောက်မှာ ရှိတ်စပီးယားရဲ့ ပြဇာတ်တွေ အားလုံးနဲ့ ပလူး တပ်(ချ်)ရဲ့ အတ္ထုပ္ပတ္တိကြီးတွေကို အကုန်လုံးလိုလို ဖတ်ပြီးနေပြီဗျ"

"ဩော်... ဩော်..."

"၁၅ နှစ်သားအရွယ်လောက်မှာ အဖေဆုံးပြန်လို့ ကျောင်းကမထွက်ချင် ထွက်ချင်နဲ့ ထွက်လာရတဲ့အချိန်မှာ ကိုတင်ဦးတို့ကျောင်းစာကြည့်တိုက်က စာအုပ်တစ်ထောင် ကျော်လောက်ဟာ ကိုတင်ဦး မဖတ်ပြီးတာ မရှိသလောက်ပဲ။ ကဲ ... ကိုတင်ဦး စာဖတ်တဲ့ အကြောင်းသာ ပြောလို့မဖြစ်သေးဘူးထင်တယ်။ မြိုင်ကော ဘာစာအုပ်များဖတ်သလဲဆိုတာ ပြောပြပါဦး"

မြိုင်က လှည့်မေးလိုက်သော စကားဦးသည် မြိုင်ဘက်သို့ပြန်၍ လှည့်လာလေပြီ။ မြိုင်သည် ဘာပြန်ပြောရမည်နည်း။ မြိုင်သည် မိမိဖတ်ရှုသောစာအုပ်များအကြောင်းကို ရုတ်တရက် စဉ်းစား၍ ကား မရပေ။ မိမိအမြဲဖတ်လေ့ရှိသော ကဗျာများအကြောင်းကိုကား ခပ်စောစောကပင် ပြောဆို၍ ပြီးစီးခဲ့လေပြီ။

ကိုတင်ဦးသည် မီးသေလျက်ရှိသော ဆေးပေါ့လိပ်ကို နောက်ထပ်မီးညှိကာ မီးခိုးများ တလူလူထွက်အောင် ဖွာရင်း မြိုင့်ထံမှစကားကို စောင့်ဆိုင်းနေဟန်ရှိသည်။ သူသည် ဆေးပေါ့လိပ်ကို လေးငါးခြောက်ဖွာမျှ စိတ်ကျေနပ်လောက်အောင် သောက်ရှုပြီးသည်အထိ မြိုင့်ထံမှ စကားပြန်ကို မရရှိသောအခါ စာဖတ်ခြင်းအလေ့မရှိသော မြိုင်၏ အကျပ်အတည်းကို စဉ်းစားလိုက်မိပြီး ဖြစ်လေသည်။ ထို့ကြောင့်...

"မြိုင်ဖတ်ဖို့ ကောင်းမယ့်စာအုပ်တစ်အုပ်ကို ရွေးပေးရင် ဖတ်နိုင်ပါ့မလား"

ဟု မြိုင်၏အကျပ်အတည်း ကို လမ်းဖွင့်ပေးလိုက်လေသည်။

"ဘာစာအုပ်လဲဟင် ကိုတင်ဦး"

ဟု မြိုင်သည် စိတ်ပါဝင်စားစွာ မေးလိုက်မိလေသည်။

"ဘာစာအုပ်လဲဆိုတာတော့ ခုတစ်ခါတည်း မပြောလိုက်ပါရစေနဲ့ဦး"

"သိပ်လေးလေးပင်ပင်နဲ့ ခက်ခက်ခဲခဲ စာအုပ်ကြီးမျိုးတွေဆိုရင် မြိုင်က ဖတ်နေကျမဟုတ်လို့ ဖတ်နိုင်မှာမဟုတ်ဘူးထင်တယ် ကိုတင်ဦး"

"ဆရာကြီးရဲ့ မဟာလေးချိုးကြီးတွေကို ပေးလိုက်တဲ့အခါ ဒီစာအုပ်ကို တစ်ပါတည်း ထည့်ပေးလိုက်မယ်။ အဲဒီတော့မှပဲ မြိုင် ဖတ်ကြည့်တာပေါ့လေ"

"သိပ် လေးလေးပင်ပင် စာအုပ်မျိုးဖြစ်နေရင် မြိုင် ဖတ်နိုင်မှာမဟုတ်လို့ ပေးလိုက်ရကျိုး နပ်မှာတော့မဟုတ်ဘူးနော်"

"မြိုင့်ကိုကြည့်ရတာ စာဖတ်ရမှာ တော်တော်အစိုးရိမ်ကြီးပုံရတယ်နဲ့ တူတယ်"

“ပင်ပင်ပန်းပန်းနဲ့ ဖတ်ရမယ့် စာအုပ်မျိုးကို မြိုင် ဖတ်နေကျမဟုတ်တဲ့အကြောင်း ရိုးရိုးပြောတာပါ ”

“ကိုတင်ဦး ပို့လိုက်မယ့်စာအုပ်က လူတိုင်းစိတ်ဝင်စားမယ့်စာအုပ်အမျိုးအစားထဲက ဆိုတာကိုတော့ မြိုင် စိတ်ချသွားမှာပါလေ”

“စာအုပ်ရဲ့ ဆပ်(ဗ)ဂျက်မက်တားအကြောင်းအရာက ဘာလဲဟင် ကိုတင်ဦး”

“မြိုင် ဖတ်ရတဲ့အခါ တွေ့ပါလိမ့်မယ်"

ဤသို့ ဒေလီယာပန်းပင်များအကြား၌ ကိုတင်ဦးနှင့် မြိုင်တို့နှစ်ယောက်တည်း စကားကောင်းနေကြသည့်အခိုက် ခပ်စောစောက လာရောက်လည်ပတ်ကြသော ဧည့် သည်များ ပြန်သွားကြပြီးနောက် မြိုင်အား ခြံတွင်း၌ လိုက်လံရှာဖွေလျက်ရှိသော လဲ့လဲ့သည် ဗြုန်းခနဲရောက်ရှိ၍ လာသည်။ ကိုတင်ဦးနှင့် မြိုင်တို့နှစ်ယောက်တည်း ယခုကဲ့သို့ ရင်းရင်းနှီးနှီး စကားပြောဆိုနေကြခြင်းကို မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရသော လဲ့လဲ့၏ မျက်နှာသည် ရုတ်တရက်အတွင်း နီမြန်း၍ သွားလေသည်။ မိမိက လူရာမသွင်းထားသော သတင်းစာတိုက်မှ အလုပ်သမားတစ်ယောက်အား ဤသို့ အရေးတယူစကားလက်ခံပြော ဆိုလျက်ရှိသော မြိုင့်အပေါ်လည်း များစွာ မချင့်မရဲဖြစ်မိလေသည်။

“ဟေး … မြိုင်”

ဟု လဲ့လဲ့က ခပ်ကျယ်ကျယ်အော်၍ ခေါ်လိုက်သည်။ မလှမ်းမကမ်းမှ တမင်တကာ ခပ်ကျယ်ကျယ်အော်ခေါ်လိုက်သော လဲ့လဲ့အား မြိုင်သည် တစ်ချက်မျှလှည့်ကြည့်လိုက်ပြီးနောက် ပြန်၍ မထူးသေးဘဲ …

“ကဲ … မြိုင်သွားလိုက်ပါဦးမယ်နော် ကိုတင်ဦးနောက်များမှပဲ အေးအေးဆေးဆေး တွေ့ကြသေးတာပေါ့လေ ဟုတ်လား”

ဟု ကိုတင်ဦးအား နှုတ်ဆက်လိုက်သည်။ ကိုတင်ဦးက ဦးခေါင်းကိုသာ ညိတ်ပြရင်း ပြုံးနေသည်။

မိမိခေါ်နေသည်ကို ပြန်၍ မထူးလောက်အောင် ၎င်း၏ ညှော့သည်နှင့် စကားမပြတ်နိုင်သော မြိုင်အား လှဲ့လှဲ့သည် သာလွန်၍ မချင့်မရဲဖြစ်လာမိသည်။ ထို့ကြောင့် မြိုင့်ထံသို့ ခပ်သွက်သွက်ကလေး လျှောက်လာခဲ့ပြီးလျှင်…

"ဒီလို ဘာမဟုတ်တဲ့လူတစ်ယောက်နဲ့ အလကားလေကုန်ခံပြီး စကားပြောနေရသလား မြိုင်ရဲ့ … လာပါ သွားကြမယ်"

ဟု ခပ်ကျယ်ကျယ်ကလေး အော်ဟစ်ပြောဆိုကာ လက်ဆွဲ၍ အတင်းခေါ်သွားသဖြင့် မြိုင်သည် ကိုတင်ဦးအား အလွန်တရာအားနာလှသော အမူအရာဖြင့် လှမ်း၍ ကြည့်ရင်း ကန့်လန့်ကန့်လန့်နှင့် ပါသွားလေသည်။

အခန်း[၈]

(က)

လဲ့လဲ့တို့အိမ်တွင် နံနက်စာစားသောက်၍ အိမ်သို့ပြန်လာခဲ့သော ညကမူ မြိုင်သည် တစ်ညလုံး အိပ်၍ မရခဲ့ပေ။ အိပ်ခါနီးသောအခါတိုင်း ဖတ်ရှုလေ့ရှိသော တင်နီ ဆင်၊ ရှယ်လီ၊ ကိ(တ်)နှင့် ပုဒ်တို့၏ကဗျာကလေးများကို ဖတ်ရှုရန်ပင် မေ့လျော့လျက် ရှိသည်။ ထိုညက မိုးလင်းလုခါနီးမှ မြိုင်သည် မေးခနဲပျော်သွားသည်။

လဲ့လဲ့တို့အိမ်မှ ပြန်လာခဲ့ပြီးနောက် ကိုတင်ဦးဆိုသော လူတစ်ယောက်၏အတွက်နှင့် ပတ်သက်၍ မြိုင်သည် သုံးလေးရက်ခန့်မျှ အတော်ကလေး စိတ်မကောင်းဖြစ်လိုက် ရလေသည်။ ၎င်းတို့၏အလုပ်တိုက်မှ အလုပ်သမားတစ်ဦးတစ်ယောက်ပင် ဖြစ်စေကာ မူလည်း မိမိက မိတ်ဆွေသဖွယ် ဆက်ဆံလျက် စကားပြောဆိုနေသော လူတစ်ဦးတစ်ယောက်အား လဲ့လဲ့သည် ဤမျှလောက် ရိုင်းရိုင်းပျပျနှင့် နှိမ့်နှိမ့်ချချပြီး ပြုမူဆက်ဆံခြင်းဌာ မပြုသင့်မပြုထိုက်ဟု မြိုင်က ထင်လေသည်။ မိမိနှင့် ရင်းရင်းနှီးနှီးနှင့် ညီတူတန်းတူ ဆက်ဆံကာ စကားပြောဆိုလျက်ရှိနေသော လူတစ်ဦးတစ်ယောက်အား ဤကဲ့သို့ ရိုင်းရိုင်းစိုင်းစိုင်း ပြုမူဆက်ဆံခြင်းသည် မိမိကိုပါ အလားတူပြုမူဆက်ဆံလိုက်သည်နှင့်မခြား မြိုင်၏အရိုးတွင် စွဲမြဲလျက်ရှိသည်။ ဒေလီယာပန်းရုံများဘေးတွင် ဖြစ်ပွားခဲ့သော ဤအမူအခင်းနှင့်ပတ်သက်၍ လဲ့လဲ့အပေါ်၌ မြိုင်သည် များစွာမကျေနပ်ဖြစ်လျက်ရှိသည်။ ထို့ကြောင့် နေ့ခင်းနေ့လယ် လက်ဖက်ရည်သောက်ပြီးမှ အိမ်သို့ပြန်ရန် လဲ့လဲ့က တားမြစ်သည့်တိုင်အောင် မြိုင်သည် ဆက်မနေတော့ဘဲ အိမ်သို့ ခပ်စောစောပင် ပြန်လာခဲ့ လေသည်။

အိမ်သို့ပြန်ရောက်သောအခါ မြိုင်သည် ဒေါ်လေး ဒေါ်စောခင်၏ခေါ်သံကိုပင် မကြားနိုင်ဘဲ အပေါ်ထပ်ရှိ မိမိအခန်းဆီသို့ ပြေးတက်လာခဲ့သည်။ အခန်းတွင်းသို့ရောက်သောအခါ အဝတ်အစားပင်လျှင် မလဲအားတော့ဘဲ အိပ်ရာထက်တွင် ကိုယ်ကို ပစ်လှဲ ချလိုက်သည်။ လဲ့လဲ့သည် ယခုတစ်ကြိမ်သာလျှင်မဟုတ်ပေ၊ ၎င်း၏အစ်ကိုကြီး ကိုသက်ထွန်းက မိတ်ဖွဲ့ပေးလိုက်သဖြင့် ကိုတင်ဦးနှင့် ပထမအကြိမ် စတင်သိကျွမ်းလာခဲ့ရသော ဘုရားကိုးဆူကပ်သည့်ညကလည်း ဤကဲ့သို့ပင်

မိမိ၏မျက်စိမျက်နှာအောက်တွင် နင့်နင့်သီးသီးနှင့် ရိုင်းရိုင်းစိုင်းစိုင်း ပြုမူဆက်ဆံသွားခဲ့သော အဖြစ်အပျက်ကို မြိုင်သည် အိပ်ရာထက်တွင် လှဲရင်း ပြန်လည်သတိရလာမိလေသည်။ သို့ရာတွင် ယခု ဒုတိယအကြိမ်၌ကား... “ဒီလိုဘာမဟုတ်တဲ့လူတစ်ယောက်နဲ့ အလကားလေကုန်ခံပြီး စကားပြောနေသလား မြိုင်ရဲ့...” ဟု တစ်ဖက်သား မကြား ကြားအောင် တမင်တကာပြောဆိုသွားလိုက်ခြင်းသည် လူချင်း လူတို့စောင့်စည်းထားရှိအပ်သော အတိုင်းအထွာကိုပင် များစွာကျော်လွန်သွားပါပကောဟု မြိုင်က အောက်မေ့မိလေသည်။ ၎င်းတို့ အလုပ်တိုက်မှ ၎င်းတို့၏လခစားတစ်ဦးအား သက်ဆိုင်ရာအလုပ်ခွင်၌ အလုပ်နှင့်ပတ်သက်၍ ပြောဆိုသော အလုပ်ကိုကား မြိုင်သည် ဘာမျှပြောစရာမရှိပေ။ သို့ရာတွင် အလုပ်ရှင်နှင့် ဘာမျှလည်းမသက်ဆိုင်သော တစ်နေရာတွင် ဤသို့နှိမ့်ချ ပြောဆိုခြင်းပြုသောအမှုကိုကား မြိုင်သည် အဘယ်သို့မျှ လှဲ့လှဲ့အပေါ်၌ ခွင့်မလွှတ်နိုင်အောင် စိတ်ဆိုးလျက်ရှိပေသည်။ ၎င်းအပြင် ကိုတင်ဦးအား လှဲ့လှဲ့၏အစ်ကိုကြီးဖြစ်သူ ကိုသက်ထွန်းကိုယ်တိုင်က ၎င်း၏အလုပ်သမားတစ်ယောက် ဖြစ်စေကာမူ ရည်တူတန်းတူ မိတ်ဆွေတစ်ဦးကဲ့သို့ လေးလေးစားစား ပေါင်းသင်းဆက်ဆံလျက်ရှိသည်မဟုတ်လော။ ထိုမျှသာမဟုတ်သေး ကိုသက်ထွန်းက ၎င်း၏အသိမိတ်ဆွေများအား ကိုတင်ဦးကို ၎င်း၏မိတ်ဆွေတစ်ဦးတစ်ယောက်အနေနှင့် မိတ်ဖွဲ့ပေးလျက် ရှိနေခဲ့သည်လည်း မဟုတ်လော။

မြိုင်သည် ကိုတင်ဦးအပေါ်၌ များစွာအားနာလျက်ရှိလေသည်။ နောက်တစ်ကြိမ် လူချင်းတွေ့ဆုံသောအခါ ကိုတင်ဦးအား အဘယ်သို့ အဘယ်ပုံ တောင်းပန်ရမည့်အရေးကိုလည်း မြိုင်သည် စဉ်းစားလျက်ရှိပေသည်။ မြိုင်ကသာလျှင် ကိုတင်ဦးအတွက်နှင့် စိတ်မကောင်းဖြစ်နေသော်လည်း ထိုလူတစ်ယောက်ကမူ ၎င်းအား ဤကဲ့သို့ ရိုင်းရိုင်းပျပျ နှင့် နင့်နင့်သီးသီး ပြောဆိုဆက်ဆံလိုက်ခြင်းကိုပင် များစွာဂရုစိုက် အရေးထားခြင်း ပြု လှပုံမရပေ။ အလုပ်ရှင်နှင့် ဘာမျှမပတ်သက်၊ မသက်ဆိုင်သော တစ်နေရာ၌ ၎င်းအလုပ်ရှင်၏ နှမဖြစ်သူက ဘာမျှမသက်ဆိုင်သောစကားကို ပြောဆိုလိုက်သည့်တိုင်အောင် ထိုလူတစ်ယောက်ကတော့ အပြုံးပင်မပျက်လှပေ။ သူသည် နှိမ့်ချခြင်းကိုပင်လျှင် အပြုံးမပျက် ခံနိုင်ရည်ရှိသူဖြစ်လေသည်။

ဤသို့ ကိုတင်ဦး၏ သဘောထားကြီးခြင်းနှင့်

ခံနိုင်ရည်ရှိသောသတ္တိတို့ကို တွေးတောစဉ်းစားမိသောအခါ ထိုလူတစ်ယောက်အပေါ်၌ ပိုမို၍ လေးစားသောစိတ်ထားများနှင့် အထင်ကြီးအံ့ဩသောစိတ်ထားများသည် မြိုင့်၌ မသိမသာ ကိန်းအောင်းစပြုလာသည်။ သို့ရာတွင် ထိုသို့သော မိမိ၏အဖြစ်ကိုကား မြိုင်သည် မသိရှာပေ။ မြိုင်၏ တစ်သက်တာ၌ ဆက်ဆံသိကျွမ်းဖူးသော ယောကျ်ားဦးရေ အနည်းအကျဉ်းမျှသာ ရှိလေ သည်။ သို့ရာတွင် မြိုင်က အထင်ကြီးလေးစားလောက်သော၊ အံ့ဩလောက်သော ယောကျ်ားဟူ၍ တစ်ယောက်တလေမျှကား မရှိခဲ့၊ မတွေ့ ခဲ့ဖူးပေ။ ဤကဲ့သို့ မတွေ့ခဲ့မရှိခဲ့သည့်အတွက်ကြောင့်လည်း မြိုင်သည် ရှေးဟောင်းပုံပြင်နှင့် ကဗျာများ၊ ပုံတိုပတ်စ များထဲမှ မိမိအထင်ကြီးကိုးကွယ်နိုင်လောက်မည့် သူရဲကောင်းကို ရှာဖွေဖတ်ရှုနေခဲ့ခြင်း ဖြစ်လိမ့်မည်ဟု ထင်မှတ်ရပေသည်။ မြိုင်သည် အင်္ဂလိပ်စာရေးဆရာကြီး ဆာဝေါ်လ်တာ စကော့၏ 'အိုင်ဗင်ဟို'ကို စာအုပ်ထဲ၌ တွေ့ ရှိရသော်လည်း လက်တွေ့ဖြစ်သော ဤကမ္ဘာကြီးပေါ်၌မူကား စပိန်စာရေးဆရာကြီး စာဗင်တီ၏ 'ဒွန်ကွီဇုတ်'များကိုသာ တွေ့ ရှိနေခဲ့ရ ပေသည်။

"သေလုပါပြီ ... ကြွေလုပါပြီ... ဘုန်းဘယ်ထွက်မလာသေး ... လွမ်းတာနဲ့ ဆွေး'' ဟူသော ကဗျာကလေးများကို ညအိပ်ရာခန်းတွင်ဖတ်ရင်း အမျှော်စိုက်နေခဲ့ရသော မြိုင်သည် ယခုအခါတွင် မျိုးရိုးနှင့် ဇာစ်မြစ်ဆို၍ ဘာမျှမသိရသေးသော ကိုတင်ဦးဆိုသည့် အလုပ်သမားတစ်ယောက်၌ ၎င်း၏ သူရဲကောင်းကိုများ တွေ့စပြုလေပြီလား။

လဲ့လဲ့တို့အိမ်မှ ပြန်လာခဲ့ပြီးနောက် ကိုတင်ဦးအတွက် စိတ်မကောင်းဖြစ်လာခဲ့ရသော မြိုင်သည် စိတ်မကောင်းဖြစ်သောအခါတိုင်း ကိုတင်ဦးဆိုသူတစ်ယောက်အကြောင်း ကိုသာလျှင် စဉ်းစားနေမိသည်။ ၎င်းနှင့် စတင်သိကျွမ်းလာခဲ့ရပြီးနောက် ၎င်းနှင့်ကြုံကြိုက်၍ စကားပြောဆိုရင်း ၎င်း၏ထံမှ စိတ်ဝင်စားဖွယ်ရာ ကြားနာလာခဲ့ရသော အကြောင်းအရာအဖြစ်အပျက်ကလေးများကို တသီတတန်းကြီး လျှောက်၍ စဉ်းစားနေမိသည်။

ဤသူသည် အထက်တန်းကျောင်းများ၌ပင်လျှင် ပညာသင်ကြားခြင်း မပြုခဲ့ရဖူးပါလျက် ဥရောပဂန္ထဝင်ကို တက္ကသိုလ်ကျောင်းတော်သားကြီးများနှင့်မခြား အဘယ့်ကြောင့် ဝေဖန်သုံးသပ်နိုင်ရသနည်း။ စိတ်ဝင်စားစရာကောင်းလှသော ဟေဖြဲကဗျာကို သူသည် အဘယ်ကျောင်း၌ သင်ကြားတတ်မြောက်လာခဲ့သနည်း။

အဘယ်ကဲ့သို့သော ဆရာကောင်း သမားကောင်းများထံ၌ ဤသူသည် ပီယာနိုကို သင်ကြားတတ်မြောက်လျက် မြန်မာသီချင်းကြီး သီချင်းခံများကိုလည်း ကြေးစားပညာသည်များနှင့်မခြား တီးခတ်တတ်ခဲ့ရသနည်း။ ကြေးစားနိုင်ငံရေးသမားဆိုသူများကိုလည်း ဤသူသည် သူ၏တပည့်တပန်း ကလေးများသဖွယ် ပြောဆိုနိုင်ပေသည်။ ကွန်မြူနစ်များသည် အဘက်ဘက်တွင် လူတော်များဖြစ်ကြကြောင်း ပြောသံဆိုသံ ကြားဖူးသော မြိုင်သည် ထိုသူသည် လဲ့လဲ့နှင့် ကိုသက်တင်တို့မောင်နှမတို့က ပြောဆိုကြသကဲ့သို့ ကွန်မြူနစ်တစ်ယောက်များ ဖြစ်နေမည်လားဟု အတွေးခေါင်မိပြန်သည်။ သို့ရာတွင် ကိုတင်ဦးနှင့် သိကျွမ်းရင်းနှီးရခြင်းဖြင့် ကွန်မြူနစ်ဆိုသူများကို မြိုင်သည် ကြောက်ရွံ့စရာသတ္တဝါများအဖြစ်ဖြင့် မမြင်နိုင်တော့ပေ။ ကိုတင်ဦး၏အကြောင်းကို စဉ်းစားရင်း မြိုင်သည် ထိုအလုပ်သမားတစ်ယောက် အပေါ်၌ စိတ်ဝင်စားသည်ထက် စိတ်ဝင်စားလျက်လာပေသည်။ ထိုလူအား ပို၍ ပို၍ သိကျွမ်းလိုစိတ်၊ ခင်မင်လိုစိတ်များသည်လည်း တိုး၍ တိုး၍ ပေါ်ပေါက်လာပေသည်။

"ရှင်ဟာ … ဘယ်လိုလူတစ်ယောက်လဲဆိုတာ မြိုင့်ကိုပြောပြစမ်းပါ ကိုတင်ဦး ရယ်"

ဟု မြိုင်က မိမိဘာသာတစ်ယောက်တည်း ညည်းတွားပြောဆိုမိလေသည်။

❀ ❀ ❀

လဲ့လဲ့တို့အိမ်မှ ပြန်လာခဲ့ပြီးနောက် နောက် ၇ ရက်မြောက်သောနေ့၌ စာတိုက်မှ ရေစစ္စလီပြုလုပ်၍ ပေးပို့လိုက်သော အထုပ်တစ်ထုပ်ကို မြိုင်သည် ရရှိလေသည်။ ဤကဲ့သို့ မရစဖူးရရှိသော အထုပ်အား မည်သူမည်ဝါက ပေးပို့သည်ကိုသိလိုသဖြင့် အထုပ်ပေါ်တွင် ပေးပို့သူ၏လိပ်စာကို မြိုင်သည် ရှာဖွေကြည့်ရှုမိသည်။ ပေးပို့သူ၏အမည်ကိုကား မတွေ့ရသော်လည်း ပြည်သူ့အလင်းသတင်းစာတိုက် ရန်ကုန်မြို့ဟု တွေ့ ရှိလိုက်ရသည်နှင့်တစ်ပြိုင်နက် ထိုအထုပ်ကို ပေးပို့သူမှာ အခြားသူမဟုတ်ဘဲ ကိုတင်ဦးသာလျှင် ဖြစ်ကြောင်းနှင့် အထုပ်ထဲတွင် စာအုပ်ပါရှိသည့်အကြောင်းကိုပါ မြိုင်သည် တစ်ခါတည်း တွက်ချက်မိပြီးဖြစ်လေသည်။ အထုပ်ကိုဖွင့်ကြည့်လိုက်သောအခါတွင်လည်း မြိုင်တွက်ချက်ထားသည့်အတိုင်း စာအုပ်နှစ်အုပ် ဖြစ်နေသည်ကို တွေ့ရှိရလေသည် စာအုပ်တစ်အုပ်မှာ ကိုတင်ဦးက မြိုင့်အား ဖတ်ကြည့်ဖြစ်အောင် ဖတ်ကြည့်ရန် တိုက်တွန်းခဲ့သော ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ မဟာလေးချိုးပေါင်းချုပ် စာအုပ်ကြီးဖြစ်၍ အခြားတစ်အုပ်မှာ ကမ္ဘာကျော်စာရေးဆရာကြီး ဂျော့ဘားနဒ်ရှောရေးသော Mann And Surbrman ဆိုသော စာအုပ်ဖြစ်လေသည်။

ကိုတင်ဦးထံမှ စာအုပ်နှစ်အုပ်ကို ရရှိသဖြင့် မြိုင်သည် များစွာဝမ်းသာလေသည်။ ကြည်နူးသလိုလည်း ဖြစ်မိသည်။ သို့ရာတွင် ၎င်းစာအုပ်နှစ်အုပ်ကို ပေးပို့လိုက်သည့် အကြောင်းကို ကိုတင်ဦးသည် စာကလေးတစ်ကြောင်းတလေမျှပင် မရေးလိုက်သည့် အတွက် မြိုင်သည် အနည်းငယ်မကျေနပ်သလို ဖြစ်မိသည်။ ၎င်းစာအုပ်များ ပေးပို့လိုက်သည့်အကြောင်းလောက်ကိုတော့ စာတစ်ကြောင်းနှစ်ကြောင်းလောက် ရေးလိုက်သင့်သည်ဟု မြိုင်က ထင်လေသည်။ ၎င်းအပြင် ထိုစာအုပ်များကို ကိုကိုလတ်နှင့် ပေးလိုက်ပါမည်ဟု ကိုတင်ဦးသည် ပြောသွားခဲ့သည်မဟုတ်လော။ ဤကဲ့သို့ ကိုကိုလတ်နှင့် မပေးလိုက်နိုင်သည့်အတွက် စာတိုက်မှတစ်ဆင့် ပေးပို့လိုက်ရသည့်အကြောင်းကိုတော့ အကျိုး အကြောင်း စာရေးလိုက်ဖို့ ကောင်းပေသည်။ သို့ရာတွင် ကိုတင်ဦးဆိုသော အလုပ်သမား တစ်ယောက်သည် ပညာတတ် လူယဉ်ကျေးများ ကျင့်သုံးလိုက်နာအပ်သော အလေ့အကျင့်ကို လိုက်နာခြင်းမပြုပေ။ ထိုအထုပ်အား ပေးပို့သောကာယကံရှင်၏ လိပ်စာအပြည့်အစုံကိုပင် သူသည် ရေးထိုးလိုက်ခြင်းလည်း မရှိပေ။ ပြည်သူ့အလင်း သတင်းစာတိုက်၊

ရန်ကုန်မြို့ ဟူ၍သာပင် ရေးထိုးလိုက်ပေသည်။

ဒေါ်လေးဒေါ်စောခင် စီမံချက်ပြုတ် ကျွေးမွေးသော နံနက်စာကို စားသောက် ပြီးစီးသောအခါ နေ့လယ်နေ့ခင်း တစ်ရေးတမောမအိပ်မီ ကိုတင်ဦးပေးလိုက်သော စာအုပ်များကို ဖတ်ရှုကြည့်ရန် မြိုင်သည် အပေါ်ထပ်သို့တက်လာသည်။ အဝတ်အစားများ လဲပြီးနောက် မြိုင်သည် အိပ်ရာထက်တွင်လှဲကာ ... "ဗမာလူမျိုးမှန်ရင် ဖတ်ဖူးဖို့လိုလိမ့်မယ်" ဟု ကိုတင်ဦးက ပြောဆိုသွားခဲ့သော ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ လေးချိုးကြီးများကို ရှေးဦးစွာ ဖတ်ရှုကြည့်မိသည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်း ရေးသားဖွဲ့နွဲ့ထားသော လေးချိုးကြီးများသည် တောရမ်းမယ်ဘွဲ့ လေးချိုးများကား မဟုတ်ပေ။ ဗြိတိသျှကိုလိုနီသမားများ၏ ဖိနှိပ်မှုကို ပြန်လည်တိုက်ခိုက်နေကြသော ဗမာ့ပစ္စက္ခလူ့ဘောင်အား ရေးသားဖော်ပြထားသော လေးချိုးကြီးများသာ ဖြစ်လေသည်။ ဗြိတိသျှကိုလိုနီသမားများအား ခုခံတိုက်ခိုက်ကြသူများကို ချီးကျူးလျက် ၎င်းတို့နှင့် စေ့စပ်ပူးပေါင်းသောသူများအား ပြင်းပြင်းထန်ထန် ရှုတ်ချ လှောင်ပြောင်ထားပေသည်။

မြိုင်သည် ဆရာကြီးကိုယ်တော်မှိုင်း၏ လေးချိုးကြီး တစ်ပုဒ်နှစ်ပုဒ်လောက်ကို ကြိုးကြိုးစားစားဖတ်ရှုကြည့်မိသည်။ သို့ရာတွင် မြိုင်သည် ဘာတစ်ခုမျှ နားမလည်လိုက်ပေ။ အဘယ့်ကြောင့်ဆိုသော် မြိုင်သည် မြန်မာစာ၌ အလွန်တရာညံ့သည့်အပြင် တိုင်းရေးပြည်ရေးကိစ္စကိုလည်း ဘာတစ်ခုမျှတတ်သိနားလည်ခြင်းမရှိသောကြောင့်တည်း။ သီလရှင်ကျောင်းတွင် ပညာသင်ကြားလျက် နိုင်ငံခြားစာပေကိုသာ အထင်ကြီးကိုးကွယ် လာခဲ့သော မြိုင့်အတွက် မြန်မာစာ၌ ညံ့ဖျင်းရသည်မှာ မဆန်းပေ။

မြိုင့်နည်းတူပင် လူလတ်တန်းစားများနှင့် ပညာတတ်လူတန်းစားများသည် မိမိ တို့၏ အမျိုးသားစာပေနှင့် ယဉ်ကျေးမှုကို အထင်သေးပစ်ပယ်လျက် နိုင်ငံခြားစာပေနှင့် ယဉ်ကျေးမှုကို အထင်ကြီးကိုးကွယ်သော စိတ်ဓာတ်များသည် လွတ်လပ်ပြီဆိုသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ခေတ်၌ပင်လျှင် ဒုနဲ့ဒေး ရှိနေကြသည်။ ထို့ကြောင့် ပညာတတ်လူတန်းစားများ စာရင်းဝင်ဖြစ်သော မြိုင်တစ်ယောက် မြန်မာစာ၌ ညံ့ဖျင်းရသည်မှာ

မဆန်းဟုဆိုလိုက်ရခြင်းဖြစ်လေသည်။ တိုင်းရေးပြည်ရာကိစ္စများ၌လည်း ၎င်း လူတန်းစားထဲမှ အများအပြားသည် မိမိတို့နှင့် ဘာမျှမဆိုင်သကဲ့သို့ တုဏှိဘာဝေကြည့်နေတတ်သော အလေ့အကျင့်လည်း ရှိကြသည်။ ၎င်းတို့၏စိတ်ထဲတွင် တိုင်းပြည်ကြီး တစ်ခုလုံး မီးလောင်နေသောအခါ၌ပင် ငုံးမင်းပရိတ်ကိုရွတ်၍ ရှောင်ကွင်းနိုင်လိမ့်မည်ဟု အောက်မေ့နေသလားလည်း မပြောတတ်ပေ။ နိုင်ငံရေးဆိုသော စကားလုံးကိုကြားလျှင် တီကို ဆားတို့သည့်ထက်နှင့်ပင် မျက်စိမျက်နှာပျက်လောက်အောင် ကြောက်ရွံ့ တတ်ကြလေသည်။ ထို့ကြောင့် ၎င်းလူတန်းစားစာရင်းဝင်ဖြစ်သော မြိုင်တစ်ယောက် တိုင်းရေးပြည်ရာကိစ္စကို ဘာတစ်ခုမှနားမလည်၊ စိတ်လည်းမဝင်စားခြင်းမှာ ဘာမျှအဆန်း တော့မဟုတ်ချေ။

မြိုင်သည် ၎င်းဖတ်ရှု၍ ဘာမျှနားမလည်ရာသော ဆရာကြီး၏ လေးချိုးစာအုပ်ကြီးကို ဘေးသို့ချထားလိုက်ပြီးနောက် ဘားနဒ်ရှော၏ပြဇာတ်စာအုပ်ကို ကောက်ယူ၍ ဖတ်ရှုကြည့်လေသည်။ သူ၏ထုံးစံအတိုင်း ပြဇာတ်မစမီ နိဒါန်းရှည်ရှည်ရေးသားတတ်သော ရှော၏နိဒါန်းကို မြိုင်သည် ရှေးဦးစွာရင်ဆိုင်ရလေသည်။ ရှော၏ ပြဇာတ်များကို စွဲမက်ဖတ်ရှုကြသော စာဖတ်ပရိသတ်သည် ၎င်း၏နိဒါန်းများကို အထူးဂရုစိုက်၍ ဖတ်ရှု တတ်ကြလေသည်။ ရှောကလည်း ပြဇာတ်ကို ဂရုစိုက်ရေးသားသလောက် ၎င်း၏နိဒါန်း များကိုလည်း များစွာအသားပေး ရေးသားလေ့ရှိသည်။ ၎င်း၏နိဒါန်းကို စိတ်ရှည်လက်ရှည်နှင့် ဖတ်နိုင်မှ ၎င်းပြဇာတ်၏အရသာကို ကောင်းစွာခံစား၍ ရနိုင်ပေသည်မဟုတ် လော။ နိဒါန်းမှနေလျက် ရှောသည် ၎င်းပြဇာတ်ကို ရှင်းလင်း၍ နိဒါန်းတစ်ဝက်မှ မပြီးစီးသေးမီ မြိုင်သည် တရှူးရှူးနှင့် အိပ်ပျော်သွားလေပြီတကား....။

မြိုင်သည် နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်၍ သွားလေသည်။ အဘယ်မျှကြာမြင့်သည့်တိုင်အောင် အိပ်ပျော်သွားသည်ကိုကား မသိလိုက်။ နေ့ခင်း တစ်ရေးအိပ်ပျော်သွားရာမှ ပြန်၍ နိုးလာသောအချိန်၌ အိမ်အောက်ထပ်တွင် စကားပြောသံများလိုလို မသဲမကွဲ ကြားလိုက်ရသောကြောင့် မည်သူမည်ဝါများ စကားပြောဆိုနေကြသနည်းဟု သိလိုသော စိတ်ဖြင့် မြိုင်သည် ဂရုစိုက်၍ နားစွင့်ကြည့်မိသည်။

အိမ်အောက်ထပ်မှ စကားပြောသံသည် အိမ်ပေါ်ထပ်မှ နားထောင်နေရသူအဖို့ သဲသဲကွဲကွဲမရှိပေ။ လိုဏ်သံပါနေသည်။ သို့ရာတွင်

စကားပြောဆိုနေကြသူနှစ်ဦးအနက် တစ်ဦးမှာ ဒေါ်လေးဒေါ်စောခင်ဖြစ်၍ အခြားတစ်ဦးမှာ မြိုင့်ကြီးတော်ဖြစ်သူ မောင်မောင်လတ်၏မိခင်ဖြစ်ကြောင်း မြိုင်သည် ခွဲခြားနိုင်လေသည်။

မောင်မောင်လတ်၏မိခင်သည် မြိုင်တို့အိမ်သို့ သက်သက်မဲ့လာရောက်လည်ပတ်တတ်သော အလေ့အကျင့်မရှိပေ။ ကိစ္စတစ်ခုခု အကြောင်းရှိသောအခါမျိုး၌သာလျှင် လာရောက်လေ့ရှိလေသည်။ လာရောက်သောအခါများ၌လည်း ၎င်း၏မောင်ဖြစ်သော
မြိုင်၏ဖခင်နှင့် တွေ့ခဲဆုံခဲလှလျက် ၎င်း၏ညီမဝမ်းကွဲဖြစ်သူ ဒေါ်စောခင်နှင့်သာလျှင် တွေ့ဆုံလေ့ရှိကာ တိုင်ပင်စရာ၊ ပြောကြားစရာရှိသမျှကိုလည်း ဒေါ်စောခင်ကိုသာလျှင် ပြောဆိုမှာကြားသွားလေ့ရှိသည်။ မြိုင်သိရသလောက် ၎င်းတို့ညီအစ်မချင်း တွေ့ဆုံစကား ပြောကြသောအခါတိုင်း မောင်မောင်လတ်ကိစ္စနှင့် ပတ်သက်၍ နေသည်သာ များပြားရကား ယခုတစ်ခေါက်လည်း မောင်မောင်လတ်၏ကိစ္စနှင့် ပတ်သက်၍ နေရမည်ဟု တွေးမိပြီးဖြစ်လေသည်။

အိပ်ရာထက်မှ နားထောင်၍ ကောင်းစွာမသဲကွဲသောမြိုင်သည် မောင်မောင်လတ်၏အကြောင်း ဘာများပြောဆိုလျက်ရှိကြသည်ကို သိရှိလိုသဖြင့် အိပ်ရာထက်မှ ဆင်းလာခဲ့ပြီးလျှင် အိမ်အောက်ထပ်သို့ ဆင်းရသော လှေကားထိပ်ဆီသို့ ခြေသံမကြားအောင် ခပ်ဖွဖွနင်း၍ လျှောက်လာခဲ့လေသည်။ လှေကားထက်မှ အိမ်အောက်ထပ်ဧည့်ခန်း၌ ပြောဆိုနေကြသော စကားများကို မြိုင်သည် သဲသဲကွဲကွဲကြားရလေသည်။

"ငါတော့ ဒီကောင်ကလေးအတွက်နဲ့ သေသာသေလိုက်ချင်တော့တာပါပဲ စောခင်ရယ် ...။ တကယ်လို့များသာ သူ ဒီဇာတ်သမနဲ့ တိတ်တိတ်ပုန်းညားနေတဲ့ကိစ္စကို အိမ်က လူကြီးကရော၊ မမခင်တို့ကပါ သိများသွားကြမယ်ဆိုရင် အကုန်လုံး ကိုးရိုးကားရား ဖြစ်ကုန်ကြတော့မှာပဲ"

"မမကလည်း သေဖို့လောက်သာ ညည်းတတ်တာပဲ။ ဒီလိုဖြစ်နေတဲ့ကိစ္စကို မမခင်တို့၊ အစ်ကိုကြီးတို့ မသိခင် ဘယ်လိုဖျက်ပစ်ရမယ်ဆိုတာတော့ မစဉ်းစားသေးဘူး"

“ငါတော့ ခေါင်းပူနေလို့ ဘာမှမစဉ်းစားတတ်တော့ဘူး စောခင်။ နောက်ပြီးတော့ သူ့အနေအထိုင် အသွားအလာနဲ့ပတ်သက်ပြီး မမခင်တို့ကလည်း တော်တော်ကလေး သင်္ကာမကင်းဖြစ်နေကြတယ်လို့ ကြားရတယ်။ ငါတော့ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိပါဘူးဟယ်”

“ဒါထက် မောင်လတ်က အိမ်ကိုတော့ မှန်မှန်ပြန်ရဲ့ မဟုတ်လား မမရဲ့…"

“လွန်ခဲ့တဲ့ နှစ်လသာသာလောက်စပြီး အိမ်မှာ ပြန်အိပ်ချင်တဲ့ညမှ ပြန်အိပ်တယ်။ ငါ့မှာလည်း အိမ်ကလူကြီး မသိရအောင် အမျိုးမျိုးဖုံးနေဖိနေရတယ်”

“ဒီလိုဆိုတော့ မမသားက အဲဒီဇာတ်သမနဲ့ ညားနေကြပြီပေါ့ ဟုတ်လား မမ…"

“ဘောက်ထော်ဘက်မှာ အိမ်တစ်ဆောင် မီးတစ်ပြောင်နဲ့ပေါ့ စောခင်ရယ်..."

“သူ ဒီလို အိမ်တစ်ဆောင် မီးတစ်ပြောင်နဲ့ နေနိုင်ရအောင် ဘယ်ကပိုက်ဆံရလို့ လဲဟင်”

“အိမ်ဝယ်တာတော့ ဘယ်ကပိုက်ဆံရမှန်းမသိဘူး၊ ဒါပေမဲ့ တစ်လတစ်လကို သူ့အဖေပေးပေးနေတဲ့ သုံးရာနဲ့ မလောက်လို့ ငါက တစ်ရာ၊ တစ်ရာ့ငါးဆယ်ဆိုသလို အိမ်ကလူကြီး မသိအောင်တစ်မျိုးသိအောင်တစ်မျိုး အမျိုးမျိုးလှည့်ပြီး ပေးနေရတာပေါ့”

“မမက မမသားကို သိပ်အလိုလိုက်ခဲ့တာကိုး …”

“ဒါလောက်မိုက်လိမ့်မယ် မထင်လို့ပေါ့ကွယ်”

“ဒါထက် သူယူထားတဲ့ ဇာတ်သမဆိုတာက ဘယ်သူတဲ့လဲ မမ ”

“မေမေတင်ဆိုလားမေမေခင်ဆိုလား မသိပါဘူး စောခင်ရယ်။ ဇာတ်သမဆို ကတည်းက ဘယ်ကအကောင်းဟုတ်တော့မှာလဲ”

“ဒါကတော့ ဟုတ်ပါပြီလေ၊ မမသားကို အဲဒီဇာတ်သမနဲ့

ကွဲအောင်လုပ်ဖို့သာ စဉ်းစားဖို့ပဲရှိပါတယ်”

“ဒီကောင်ကလေးက တစ်ခုခုကို စူးစိုက်မိရင် ငယ်ငယ်ကတည်းက ဖျက်လို့ တားလို့မရတဲ့အကျင့်ရှိတယ်။ အဲဒါကြောင့် ငါလည်း ဘယ်လိုလုပ်ရမှန်း မစဉ်းစားတတ်အောင် ဖြစ်နေတယ် စောခင်ရဲ့”

“သူ့ကို မမတို့ အလိုလိုက်ပြီး ပေးနေကမ်းနေတာကို ဖြတ်လိုက်ရင်ကော”

“ငါက ဖြတ်လိုက်ပေမဲ့ သူ့အဖေက ဘာမှသိသေးတာမဟုတ်လို့ သူ့သား သုံးဖို့ စွဲဖို့ဆိုပြီး တစ်လ တစ်လကို ပေးပေးနေတဲ့ ငွေသုံးရာက ရှိနေသေးတယ်”

“သူ့ကို မမတို့ ပေးနေကမ်းနေတာကို ဖြတ်လိုက်နိုင်တဲ့တစ်နေ့မှာ သူ့မှာ ဘာမှ မရှိတော့မှန်းကို ဟိုဇာတ်သမ သိသွားပြီး သူ့ဘာသာသူ အလိုလိုခွာသွားမှာပဲထင်တယ်”

“ဒါကိုလည်း ငါ စဉ်းစားမိတယ်၊ ဒါပေမဲ့ ဘယ်လိုပြောပြီး အဖြတ်ခိုင်းရမလဲ စောခင်ရဲ့”

“မမတို့သားအမိကိစ္စက ဒီလိုဆိုတော့ အကျပ်သားပဲ”

“ဒါကြောင့် ငါသေချင်တယ်လို့ ညည်းမိတာပေါ့ စောခင်ရယ်"

“ညည်းနေရုံနဲ့ မမတို့ကိစ္စ ပြီးမှာမဟုတ်သေးဘူးတော့။ ဒီကိစ္စတွေကို မမခင်တို့ မသိခင် ပြီးမြောက်အောင် အမြန်ဆုံးရှင်းထားဖို့လိုတယ်"

“ငါတော့ ဘာလုပ်ရမှန်းမသိတော့ဘူး စောခင်... ညည်းတူကို ညည်းပြောရရင် ပြောကြည့်စမ်းပါဦးလား”

ထို့နောက် ၎င်းတို့ညီအစ်မနှစ်ယောက်တို့သည် တစ်စုံတစ်ရာကို တီးတိုးပြောဆိုလျက် ရှိကြလေသည်။ တီးတိုးပြောဆိုသောစကားများကိုကား မြိုင်သည် မကြားရတော့ပေ။ ညီအစ်မနှစ်ယောက် ငါးမိနစ်ခန့်မျှ တီးတိုးပြောဆိုကြပြီးနောက် မောင်မောင်လတ်၏ မိခင်သည် ၎င်းတို့အိမ်မှ ကားနှင့် ပြန်ထွက်၍ သွားလေသည်။

ကိုတင်ဦးအတွက် စိတ်မကောင်းဖြစ်နေခဲ့ရသော မြိုင်သည် ယခုအခါတွင် ၎င်း၏ ကိုကိုလတ်အတွက် စိတ်မကောင်းဖြစ်ရန် အကြောင်းများနှင့် ရင်ဆိုင်ရပြန်လေသည်။

(၈)

ညနေဘက်တွင် လက်ဖက်ရည်သောက်၍ ပြီးစီးသွားသောအခါ ထိုင်းမှိုင်းနောက်ကျိနေသောစိတ်များ ကြည်လင်ပေါ့ပါးသွားစေရန်အတွက် မြိုင်သည် ရေမိုးချိုးကာ အဝတ်အစားများ လဲလှယ်ပြီးနောက် အိမ်ပေါ်မှ ပန်းခြံထဲသို့ ဆင်းလာသည်။ အချစ်တော် နှင်းဆီပန်းများဆီသို့ မြိုင်သည် မရောက်အားခဲ့သည်မှာ အတော်ကလေးကြာသွားပေပြီ။ မြိုင် ပန်းခြံထဲသို့ဆင်း၍ ကြည့်ရှုနေသည်ကို ၎င်း၏အိမ်ကလေးထဲမှ လှမ်းမြင် လိုက်သော မာလီကုလားသည် တမာကူအိုးကိုပင် ဖြောင့်ဖြောင့်တန်းတန်း ရှူမနေနိုင်တော့ဘဲ မြိုင် ရပ်ကြည့်နေသော ပန်းပင်များရှိရာသို့ အူယားဖားယား ပြေးလာသည်။ မြိုင်သည် မာလီကုလားအား အသိအမှတ်ပြုသောအမူအရာဖြင့် တစ်ချက်မျှ လှမ်း၍ ကြည့်လိုက်ပြီးနောက် ၎င်း၏နှင်းဆီပန်းများကိုသာလျှင် စိတ်ဝင်စားစွာ ကြည့်ရှုမြဲ ကြည့်ရှုနေသည့်အခိုက် ၎င်းတို့ခြံအတွင်းသို့ ကားကလေးတစ်စီး ဖြည်းညင်းစွာ ဝင်လာပြီး နောက် အိမ်ရှေ့ဆင်ဝင်အောက်တွင် ညင်သာစွာ ရပ်၍ သွားလေသည်။

ကားတံခါးဖွင့်လာပြီးနောက် မြိုင်တို့အိမ်သို့ မရောက်သည်မှာ အတော်ကလေး ကြာသွားပြီဖြစ်သော ကိုသက်တင် ကားပေါ်မှဆင်းလာလေသည်။ ကိုသက်တင်သည် ၎င်း၏ ကားကလေးဖြင့် မြိုင်တို့၏ခြံထဲသို့ ဝင်လာစဉ် ပန်းပင်များ လျှောက်ကြည့်နေသော မြိုင့်ကို မြင်လိုက်မိဟန်မရှိပေ။ ထို့ကြောင့် ကားတံခါးကိုပြန်ပိတ်ပြီးနောက် အိမ်ပေါ်သို့ တက်မည်အပြုတွင် အိမ်တံခါးဝသို့ ထွက်၍ ကြည့်နေသော မယ်အေးနှင့်တိုးနေသည်။

"ဟဲ့ မယ်အေး .. နှင့်မမကော"

ဟု ကိုသက်တင်က စီးကရက်တစ်လိပ်ကို ထုတ်ယူကာ မီးညှိရင်းမေးမြန်းလိုက်မိသည်။

"မမလေး ခြံထဲမှာအစ်ကိုကြီး ... "

ဟု မယ်အေးက ပြန်ပြောလိုက်တော့မှ ကိုသက်တင်သည် အိမ်တံခါးဝမှ ချာခနဲပြန်လှည့်လာပြီးလျှင် မြိုင့်အား လိုက်လံရှာဖွေရန်အတွက် ပန်းခြံထဲသို့ ဆင်းလိုက်လာသည်။

ငင်းတို့အချင်းချင်း မတွေ့ကြ မမြင်ကြရသည်မှာ အတော်ကလေးကြာပြီဖြစ်သောကြောင့် မြိုင်သည် ငင်း၏ပန်းပင်ကလေးများနှင့် ပန်းပွင့်ကလေးများကိုသာ စိတ်ဝင်စားလျက်ရှိနေသည့်အတွက် စောစောက ကိုသက်တင်ကားနှင့်ဝင်လာသည်ကို မသိလိုက်ရုံမျှသာမက မိမိနှင့်တွေ့ရအောင် ပန်းခြံထဲသို့ ဆင်းလိုက်လာသည်ကိုပင် သတိမပြု လိုက်မိပေ။

"မြိုင်"

ဟူ၍ ကိုသက်တင်၏နောက်ပါးမှ ခေါ်လိုက်သံကို ကြားလိုက်ရတော့မှပင် ကိုသက်တင်အား သမင်လည်ပြန် ခေါင်းငဲ့၍ ကြည့်ရှုမိလေသည်။

မြိုင်က ပြုံး၍ ပြလိုက်သည်။

"မြိုင် နေလို့ထိုင်လို့တော့ ကောင်းရဲ့မဟုတ်လား"

ဟု ကိုသက်တင်က မြိုင်ရပ် ကြည့်နေသော နှင်းဆီပန်းပွင့်ကြီးများအနက် အကြီးဆုံးနှင့် အလှဆုံး နှင်းဆီပန်းပွင့်ကြီး တစ်ပွင့်ကို ဆတ်ခနဲချိုးယူလိုက်ရင်း မေးမြန်းလိုက်သည်။

မိမိအမြတ်တနိုး ယုယစိုက်ပျိုးထားသော ဤပန်းပင်များနှင့် ပန်းပွင့်များကို ယခုကဲ့သို့ ဆိုးခနဲ ဆတ်ခနဲ ချိုးယူလိုက်သော ကိုသက်တင်၏အပြုအမူကိုကား မြိုင်သည် မကြိုက်နှစ်သက်ပေ။ သို့ရာတွင် မိမိမကြိုက်နှစ်သက်သည့်သဘောကို အမူအရာအားဖြင့် ပင်လျှင် မပေါ်လွင်သွားရအောင် များစွာချုပ်တည်းထားရလေသည်။

ကိုသက်တင်သည် ငင်းချိုးယူလိုက်ပြီးသော နှင်းဆီပန်းကို ငင်း၏ရင်ညွန့်ပေါ်တွင် ထိုးစိုက်လျက်ရှိသည်။ နှင်းဆီပန်းကို ချိုးယူလိုက်စဉ်က မိမိအား ပန်ဆင်စေရန်အတွက် ချိုးယူလိုက်ခြင်းဖြစ်လိမ့်မည်ဟု ထင်မိခဲ့သောကြောင့် မြိုင်သည် မိမိအတွက်မဟုတ်ဘဲ ငင်းအတွက် ငင်းဘာသာ ချိုးယူလိုက်ခြင်းကို သိလိုက်ရသောအခါ စောစောကဖြစ်ပျက်နေသော ကိစ္စများကို အပြင်သို့ထွက်ပေါ်လာခြင်းမရှိရအောင်ကိုကား မြိုင်သည် များစွာ ကြိုးစား၍ ထိန်းသိမ်းထားရပေသည်။

မြိုင်၏အချစ်တော် နှင်းဆီပန်းအား ခွင့်လည်းမတောင်းဘဲ

၎င်း၏သဘောနှင့် ၎င်းဘာသာ ချိုးယူလိုက်ပြီးနောက် ကိုသက်တင်သည် ၎င်း၏ရင်ညွန့်ပေါ်တွင် ထိုးစိုက် ထားသော ပန်းပွင့်အား အတန်ကြာမျှ ကြည်နူးနှစ်သိမ့်စွာ ငုံ့၍ ကြည့်နေလေသည်။ မြိုင် သည် ကိုသက်တင်အား လုံးဝမကြည့်တော့ဘဲ နှင်းဆီပန်းပင်များအကြားမှ စံပယ်ရုံဘေး ဆီသို့ လျှောက်၍ သွားလေသည်။ အလိုက်သိသော မာလီကုလားသည် မြိုင်နှင့် ရှေ့ဆက်၍ လိုက်မနေတော့ဘဲ တမာကူအိုးရှိရာ ၎င်း၏အိမ်ကလေးဆီသို့ ပြန်လှည့်သွားသည်။

ကိုသက်တင်သည် မြိုင်ထွက်သွားရာ စံပယ်ရုံကြီးဆီသို့ လိုက်ပါသွားလေသည်။ စိမ်းမြရွက်များအကြား၌ ဆွတ်ဆွတ်ဖြူ ပွင့်နေကြသော စံပယ်ပွင့်ကလေးများကို

မြိုင်သည် ကြည်နူးနှစ်သိမ့်စွာ ကြည့်နေသည်။ ၎င်း၏နောက်ပါးမှ လိုက်ပါလာသော ကိုသက်တင်ကိုပင် မြိုင်သည် သတိမေ့လျော့နေပြီလား မပြောတတ်ပေ။

"မြိုင် ..."

ကိုသက်တင်၏ ခေါ်သံကို ကြားလိုက်ရတော့မှပင် မြိုင်သည် ပြန်လှည့်၍ ကြည့်မိသည်။

"မြိုင့်ကို ပြောစရာစကားနှစ်ခွန်း ပါလာတယ်"

ဟု ကိုသက်တင်က ပြောလိုက်သည်။

"ဘာများတုံး ကိုသက်တင် ..."

ဟု မြိုင်က အေးချမ်းသောအမူအရာဖြင့် ပြန်၍ မေးလေသည်။

"တစ်ခုကတော့ မြိုင်နဲ့ ကိုသက်တင်တို့ရဲ့ကိစ္စပဲ"

"နောက်တစ်ခုကကော ဘယ်သူ့ကိစ္စလဲဟင်"

"ကိုမောင်မောင်လတ်ရဲ့ကိစ္စပဲ မြိုင်ရဲ့ ..."

"ကိုကိုလတ် ဘာဖြစ်လို့လဲဟင် .. ကိုသက်တင်ပြောစမ်းပါဦး"

"မြိုင်ရဲ့အကူအညီကို တောင်းဖို့ပြောပြရမယ့်ကိစ္စပါပဲ"

"ပြောမှာသာ ပြောစမ်းပါဦး ကိုသက်တင်"

"ကိုသက်တင် ပြောပြရင် မြိုင် အံ့ဩသွားမလားတော့ မသိသေးဘူး"

"ပြောမယ့်စကားသာ ပြောစမ်းပါဦးလေ..."

"ကိုမောင်မောင်လတ်နဲ့ လဲ့လဲ့တို့ကိစ္စဟာ တော်တော်ကလေး အဆင်မပြေဖြစ်နေကြတာ မြိုင် သိပြီးပလားတော့ မဆိုနိုင်ဘူး..."

"ဟင့်အင်း ... ဒါတွေ မြိုင် ဘာမှမသိသေးဘူး"

"ကိုမောင်မောင်လတ် ဓာတ်သမတစ်ယောက်နဲ့ တိတ်တိတ်ပုန်းညားနေကြတဲ့ ကိစ္စကို မြိုင့်ကိုဖွင့်မပြောရင် မဖြစ်လို့ ပြောပြရတော့မယ်"

"ကိုကိုလတ် ဓာတ်သမတစ်ယောက်နဲ့ တိတ်တိတ်ပုန်းညားနေတယ်ဆိုတာဟာ တကယ်ပဲလားဟင် ကိုသက်တင် ...."

"ဒီကိစ္စကို ကိုသက်တင်သိထားတာကတော့ တော်တော်ကလေး ကြာသွားပါပြီ၊ ဒါပေမဲ့ အဲဒီ အခုကိစ္စကို ကြီးကြီးကလည်း ဘယ်ကအနံ့အသက်ရလို့လဲတော့ မပြောတတ်ဘူး။ မနေ့ကပဲ ကိုသက်တင်ကို သူတို့ အိမ်ခေါ်ထမင်းကျွေးပြီး စုံစမ်းခိုင်းနေတယ်"

"ဟင် ... ဒီကိစ္စကို ကြီးကြီးခင် သိသွားပြီတဲ့လား၊ လဲ့လဲ့ကကောဟင် .."

"လဲ့လဲ့နဲ့ အစ်ကိုကြီးကိုသက်ထွန်းတို့ မသိအောင်လို့တော့ ဖုံးထားသေးတယ်"

"ကြီးကြီးခင်က ဘာပြောသလဲဟင်... ကိုသက်တင်"

"အဘွားကြီး တော်တော်စိတ်မကောင်းဖြစ်နေတယ်။ တကယ်လို့

ကိုမောင်မောင်လတ်က တိတ်တိတ်ပုန်းယူထားတဲ့ ဇာတ်သမကို အပျော်သဘောမျိုးနဲ့ ယူထားတာဖြစ်ရင်တော့ အမြန်ဆုံး ရှင်းရှင်းလင်းလင်းဖြစ်စေချင်တဲ့သဘောရှိတယ်။ အဲဒီလို ရှင်းရှင်း လင်းလင်း ဖြစ်သွားပြီးတဲ့နောက် ရက်ဆွဲမနေတော့ဘဲ ကိုမောင်မောင်လတ်နဲ့ လဲ့လဲ့ကို အမြန်ဆုံး ကိစ္စပြီးစီးသွားစေချင်တဲ့ဆန္ဒလည်း ရှိပုံရတယ်"

"ဒီလိုဆိုရင် ဘယ်လိုလုပ်ကြမလဲဟင် ကိုသက်တင် ..."

"ကိုမောင်မောင်လတ်ကို သူ တိတ်တိတ်ပုန်းလုပ်ထားတဲ့ ကိစ္စတွေအားလုံး လူကြီးတွေက ရိပ်မိနေကြတဲ့အကြောင်း ပွင့်ပွင့်လင်းလင်းဖွင့်ပြောပြပြီး သူ တိတ်တိတ်ပုန်းယူထားတဲ့ ဇာတ်သမနဲ့ အမြန်ဆုံး ရှင်းရှင်းလင်းလင်းဖြစ်သွားအောင်လုပ်ဖို့ ပြောပြရမှာပဲ"

"အဲဒါကို ကိုသက်တင်က ကိုကိုလတ်ကို ပြောမပြနိုင်ဘူးလားဟင်"

"ဒါတွေကို ပြောပြရအောင်လို့ ကိုသက်တင်လည်း ကိုမောင်မောင်လတ်ကို လိုက်ရှာနေတာ တစ်လခွဲလောက်ရှိသွားပြီ။ ဘယ်မှာမှ ရှာလို့မတွေ့သေးတာနဲ့ မြိုင်တို့အိမ်ကို များ သူလာခဲ့ရင် မြိုင်ကပါ ဒီအကြောင်းတွေကို ဖွင့်ပြောပြပေးဖို့ ကိုသက်တင် လာပြီးတော့ အကူအညီတောင်းတာပဲလေ"

"မြိုင်တို့အိမ်ကို ကိုကိုလတ် ပေါ်မလာတာလည်း နှစ်လနီးနီးလောက် ရှိသွားပြီ ကိုသက်တင်"

"သူမလာရင်လည်း သူ့ကိုတွေ့နိုင်မယ့်နေရာ စုံစမ်းပြီး ဒီကိစ္စတွေအားလုံး သူ အမြန်ဆုံးသိအောင် ပွင့်ပွင့်လင်းလင်းပြောပြဖို့ အရေးကြီးနေတယ်။ သူကတော့ သူလုပ်ထားတဲ့ကိစ္စတွေကို ဘယ်သူတွေမှ မသိကြဘူးလို့ အထင်ရောက်ပြီး လုပ်ချင်ရာတွေ လျှောက်လုပ်နေမှာပဲ ..."

"ကိုကိုလတ်ကို တွေ့ နိုင်အောင် စုံစမ်းဖို့ဆိုတာက မြိုင့်အဖို့ မလွယ်လှဘူးထင်တယ်။ ဒါပေမဲ့ တတ်နိုင်သမျှတော့လည်း စုံစမ်းကြည့်ရမှာပေါ့လေ။ မတတ်နိုင်ပါဘူး"

"မတတ်နိုင်ပါဘူးလို့ ပြောနေလို့တော့ မဖြစ်သေးဘူးထင်တယ် မြိုင်။ ဒီကိစ္စတွေ လွန်လွန်ကျွံကျွံမဖြစ်ကုန်ခင် ကိုသက်တင်တို့၊ မြိုင်တို့က ဝိုင်းပြီးတားဆီးထားနိုင်မှ မြွေလည်းမသေ တုတ်လည်းမကျိုးဆိုသလို

ဖြစ်နိုင်မှာ"

"ကိုကိုလတ်အတွက်နဲ့တော့ မြိုင်ဖြင့် စိတ်ရှုပ်လှပါပြီ ကိုသက်တင်ရယ်"

"ဒီလိုညည်းနေရုံနဲ့ ကိစ္စက အေးသွားမှာမဟုတ်သေးဘူး မြိုင်ရဲ့"

"မအေးလို့ကော မြိုင်က ဘယ်လိုတတ်နိုင်ဦးမှာလဲ ကိုသက်တင် ... ကိုကိုလတ်ဟာ ငယ်တော့တဲ့ကလေးမဟုတ်ပါဘူး။ သူလုပ်နေတဲ့အလုပ်ကို သူ နားလည်ဖို့တော့ ကောင်းပါတယ်"

"ကိုမောင်မောင်လတ်က သူထင်ရင် သူ့ဘာသာတစ်ယောက်တည်းစွတ်စွတ်ပြီး လုပ်တတ်ကိုင်တတ်တဲ့အကျင့်မျိုး ရှိတယ်။ ဘယ်သူ့ကိုမှလည်း မတိုင်ပင်တတ်ဘူး။ အခု ဒီဇာတ်သမနဲ့ တွေ့ကြဖြစ်ကြတဲ့ကိစ္စတောင် ကိုသက်တင်ကို ဘာတစ်ခုမှ အသိလည်းမပေး၊ တိုင်လည်း မတိုင်ပင်ဘူး မြိုင်ရဲ့ "

"ကိုကိုလတ်နဲ့ တိတ်တိတ်ပုန်းညားနေတဲ့ ဒီဇာတ်သမဆိုတဲ့ဟာမကကော ဘယ်လိုအတန်းအစားထဲကလဲဟင် ... ကိုသက်တင် သိသလား..."

"ဘယ်ကြိုအကြားထဲကဟာမှန်း မပြောတတ်ပါဘူး မြိုင်ရယ် ... ဇာတ်သမဆို ကတည်းက ဘယ်ကအကောင်းဖြစ်နိုင်ပါ့မလဲ"

ဇာတ်သမတစ်ဦးတစ်ယောက်အား အနုပညာသည်တစ်ဦးအနေနှင့် ဘယ်တုန်း ကမျှ သဘောမထားခဲ့ဘဲ အမြဲလိုလို အထင်သေးအမြင်သေးနေခဲ့သော မြိုင်သည် ဤ ဇာတ်သမအား အထင်သေးသောအလုပ်၌ ကိုသက်တင်နှင့် တစ်စိတ်တစ်သဘောတည်း ဖြစ်နေသည်။ ထို့ကြောင့် ကိုသက်တင်ပြောလိုက်သောစကားကို ကျေနပ်သလိုရှိမိလေသည်။

"ကိုမောင်မောင်လတ် ကိစ္စပြောပြီးသွားလို့ မြိုင်နဲ့ကိုသက်တင်တို့ကိစ္စကို ပြောချင်သေးတယ် မြိုင်"

ဟု ကိုသက်တင်က ကိစ္စတစ်ခုပြီး၍ နောက်ကိစ္စတစ်ခုကို ဆက်လက် ပြောကြားရန် ပဏာမခံလိုက်သည်။

မြိုင့်အဖို့ မိမိနှင့် ကိုသက်တင်တို့၏ ကိစ္စကို လုံးဝစိတ်ဝင်စားခြင်းမရှိသလောက်ပင် ဖြစ်နေသည်။ ကိုသက်တင်က ၎င်းတို့၏ကိစ္စအတွက် ပဏာမခံကာ ပြောကြားလျက် ရှိသည့်အချိန်ဝယ် မြိုင်သည် ၎င်း၏ကိုကိုလတ်အား အဘယ်ပုံအဘယ်နည်းဖြင့် အမြန် ဆုံးတွေ့လျှင် မည်သို့မည်ပုံ ပြောဆိုရမည့်အချက်အလက်များကိုလည်း စဉ်းစားနေမိသည်။

"ဘယ်လိုများလဲ မြိုင်ရဲ့ ..."

ဟု မြိုင့်ထံမှ စကားပြန်လိမ့်နိုးနိုးနှင့် စောင့်ဆိုင်းနေသော ကိုသက်တင်က နောက်ထပ်၍ မေးလိုက်လေသည်။

မြိုင်သည် ကိုသက်တင်အား တစ်ချက်မျှစောင်းငဲ့၍ ကြည့်လိုက်သည်။ ၎င်းနောက် စံပယ်ဖြူကလေးများကိုသာ စူးစိုက်၍ ကြည့်မြဲကြည့်နေသည်။ ဘာမျှတော့ ပြန်မပြောလိုက်ပေ။

"မြိုင်နဲ့ ကိုသက်တင်တို့ကိစ္စလည်း ဘာလိုလိုနဲ့ တော်တော်ကလေး ကြာလာခဲ့ပြီမြိုင် ... ကိုသက်တင်ကတော့ အမြန်ဆုံး ကိစ္စပြီးလိုက်ချင်ပြီ"

မြိုင်သည် ဘာမျှလည်းပြန်၍ မပြောဘဲ စံပယ်ဖြူကလေးများကိုသာ ငေးစိုက်၍ ကြည့်မြဲကြည့်နေသည်။ မြိုင်၏ အေးစက်စက်အမူအရာကို ကိုသက်တင်သည် အားမလိုအားမရ ဖြစ်လာသည်။

"ကိုသက်တင် မေးနေတာများ ပြန်ပြောစမ်းပါဦး မြိုင် .."

မြိုင်သည် ၎င်းဘာသာတစ်ယောက်တည်းစကားပြောနေသကဲ့သို့ ပြောဆိုလျက်ရှိသော ကိုသက်တင်အား တစ်ချက်မျှစောင်းငဲ့၍ ကြည့်လိုက်ပြီးနောက် စောစောက နှင်းဆီ ပင်များဘက်ဆီသို့ လျှောက်လာခဲ့သည်။

မိမိ၏စကားကို တစ်ခွန်းမျှ ပြန်လည်ပြောကြားခြင်းမရှိသေးဘဲ စိတ်မဝင်စား သကဲ့သို့ အမူအရာကို ပြသလျက်ရှိသော မြိုင့်အား ကိုသက်တင်သည် မချင့်မရဲဖြစ်မိ သည်။ သို့ရာတွင် သူသည် မြိုင့်နောက်သို့ လိုက်ရပြန်လေသည်

“ဘယ်လိုများလဲ မြိုင်ရဲ့၊ ကိုသက်တင်မေးတာကလေးလောက်တော့ ပြန်ပြော စမ်းပါဦး”

မြိုင်သည် ကိုသက်တင်အား မလွှဲသာမရှောင်သာ မျက်နှာချင်းဆိုင်လိုက်ရလေသည်။

“ဒီကိစ္စအတွက်နဲ့ ပတ်သက်ပြီး ကိုကိုလတ်တို့ကိစ္စ အေးအေးဆေးဆေး မဖြစ်ခင် မြိုင့်ကို ဘာမှမပြောစေချင်သေးဘူး ကိုသက်တင်”

ဟု မြိုင်သည် ခပ်လေးလေး ခပ်မှန်မှန် ပြန်၍ ပြောဆိုလိုက်လေသည်။

“ကိုမောင်မောင်လတ်တို့ကိစ္စက သူတို့ကိစ္စပဲ မြိုင်၊ ကိုသက်တင်တို့ မြိုင်တို့ကိစ္စက ကိုသက်တင်နဲ့ မြိုင်တို့ရဲ့ကိစ္စပဲ"

“ဘာပဲဖြစ်ဖြစ်ပေါ့လေ ကိုကိုလတ်နဲ့ လဲ့လဲ့တို့ကိစ္စ မပြီးမချင်းတော့ မြိုင်တို့ကိစ္စကို ဒီအတိုင်းပဲထားချင်သေးတယ်။ သူတို့ကိစ္စ အေးအေးဆေးဆေးဖြစ်သွားပြီးတဲ့နောက်မှပဲ မြိုင်တို့ကိစ္စကို ခေါင်းအေးအေးနဲ့ စဉ်းစားကြတာပေါ့ ..."

ကိုသက်တင်သည် ၎င်းပြောဆိုရန်ရှိသောစကားကို ရုတ်တရက်ပြောဆိုခြင်းမပြုသေးဘဲ စီးကရက်တစ်လိပ်ကို ထုတ်ယူ၍ မီးညှိကာ သုံးလေးဖွာမျှ ဖွာလျက်ရှိသည်။ သီးခြားဖြစ်သော မိမိတို့၏ကိစ္စကို မောင်မောင်လတ်နှင့် လဲ့လဲ့တို့၏ကိစ္စနှင့် ရောထွေး ပြောဆိုကာ ခေါင်းမာလျက်ရှိသော မြိုင်၏အပေါ်၌ မကျေမနပ်ဖြစ်မိသည်။ သူသည် စီးကရက်ကို နောက်ထပ်၍ တစ်ဖွာနှစ်ဖွာမျှသာ ဖွာပြီးနောက် မြေကြီးပေါ်သို့လွှတ်ချကာ ဖိနပ်နှင့်နင်းလိုက်သည်။

“မြိုင် ..."

ဟု ကိုသက်တင်က ခပ်မာမာကလေးခေါ်လိုက်သည်။

မြိုင်သည် ကိုသက်တင်အား လှည့်၍ ပင်မကြည့်ချေ။ စောစောက ကိုသက်တင် ချိုးယူသွားသော နှင်းဆီပန်း၏ တုံးတိတိငုတ်တိုကလေးကိုသာ ငေးစိုက်၍ ကြည့်ရှုနေသည်။

"ဒီကိစ္စကို ပြောတဲ့အခါတိုင်း အခါတိုင်း ရှောင်ဖယ်ဖယ်လုပ်နေတာဟာ ကိုသက်တင်ကို လှည့်စားချင်လို့များလား မြိုင်"

ဟု ကိုသက်တင်က မြိုင်မခံချင်ဖြစ်လာအောင် တမင်တကာ လျှို၍ ပြောဆိုလိုက်သည်။

မြိုင်သည် ဆတ်ခနဲလှည့်လိုက်ပြီးလျှင် ကိုသက်တင်နှင့် မျက်နှာချင်းဆိုင်လိုက် လေသည်။

"ရှင် ဘယ်လိုပြောလိုက်တာလဲ ကိုသက်တင်"

ဟု ဒေါကလေးနှင့် မြိုင်သည် ကိုသက်တင်၏မျက်နှာကို စေ့စေ့ကြည့်ရင်း မေးလိုက်သည်။ မြိုင်သည် ကိုသက်တင်အား အတော်ကလေး ဒေါသထွက်သွားပုံရလေသည်။

မြိုင် ယခုကဲ့သို့ ဒေါသကလေးထွက်လာပုံကို ကိုသက်တင်သည် သဘောကျသွားသကဲ့သို့ ပြုံးပြုံးကြီးကြည့်နေလေသည်။ ဘာမျှတော့မပြောသေးပေ။ မိမိအား ဒေါသထွက်လာအောင် ဆွပေးပြီးနောက် ပိုမို၍ မချင့်မရဲဖြစ်အောင်

ဘာမပြော ဘာမဆိုလုပ်နေသော ကိုသက်တင်အား မြိုင်သည် မကျေမချမ်းဖြစ်နေသည်။

"ကိုသက်တင်မှာ လူတစ်ဖက်သားကို ခလိုပြောဆိုတတ်တဲ့အကျင့်ကလေးတွေကို မြိုင် သိပ်မုန်းတယ်မကြိုက်ဘူး"

ဟု မြိုင်က ဒေါကလေးနှင့် ပြောဆိုပစ်လိုက်သည်။

"တကယ်ပြောနေတာလား မြိုင်ရဲ့"

"တကယ်မပြောနေလို့ ရှင့်ကို ကျီစယ်ပြီးပြောနေတယ်များ အောက်မေ့နေလို့လား"

ကိုသက်တင် ရုတ်တရက် မျက်နှာပျက်သွားသည်။ သူက မြိုင့်အား မခံချိမခံသာ ဖြစ်အောင် ပြောလိုက်ရစဉ်က ပြုံးပြုံးကြီးလုပ်နေခဲ့သော

ကိုသက်တင်၏မျက်နှာသည်
သွေးရောင်များသန်း၍ ပင်လာလေသည်။

"မြိုင်"

"ဘာတုံး ..."

"ကိုသက်တင်ထက် သာတယ်လို့ထင်တဲ့လူတစ်ယောက်ကိုများ တွေ့နေလို့ ခုလို စကားမျိုး ပြောနေတာလား မြိုင်"

မြိုင်၏မျက်နှာတစ်ခုလုံး နီမြန်းသွားလေသည်။ အသားများလည်း တဆတ်ဆတ် တုန်လာလေသည်။ ထို့ကြောင့် ပြန်ပြောလိုသောစကားများကို မြိုင်သည် ရုတ်တရက် မပြောနိုင်အောင်ဖြစ်နေသည်။

မြိုင်၏မျက်နှာတစ်ခုလုံး နီမြန်းလျက် အသားများ ဆတ်ဆတ်တုန်နေပုံကို ကျေနပ်စွာကြည့်ရှုနေရာမှ...

"မြိုင့်လူက ကိုသက်တင်ထက်သာမယ်တော့မထင်ပါဘူး မြိုင်ရယ်"

ဟု ကိုသက်တင်က နောက်ထပ်၍ ပြောဆိုပြန်လေသည်။

ဒေါသထွက်နေသော မြိုင်သည် ဒေါသထွက်သည်ထက် ထွက်လာသဖြင့် မျက်လုံးများလည်း ပြာနှမ်းနှမ်းဖြစ်လာလေသည်။

"တော် ... တော် ... ကိုသက်တင်ရှင် ... တော်တော့ .."

မြိုင်သည် ဒါပဲပြောနိုင်လေသည်။

"မြိုင့်လူကိုထိလို့ နာသွားသလား မြိုင်ရဲ့"

ဟု ကိုသက်တင်က ပြောဆိုပြန်သည်။

"ရှင် ... ရှင် ... မဟုတ်တာတွေ ပြော ပြောမနေပါနဲ့"

မြိုင်သည် စကားပင် ထစ်လာသည်။

"ဟုတ်တာပြောလို့ မြိုင်က ဒေါသထွက်နေတာမဟုတ်လား မြိုင်ရဲ့"

“သွား .. သွား .. ကိုသက်တင် ... မြိုင် ရှင့်ကို စိတ်ဆိုးအောင်ပြောလိုက်မိလိမ့်မယ် ”

“ပြောစရာရှိရင် ပြောသာပြောပါ ..၊ ကိုသက်တင် မြိုင့်ကိုဘာမဟုတ်တာကလေး လောက်နဲ့ စိတ်မဆိုးတတ်ပါဘူး မြိုင်ရဲ့"

“ရှင် ပြောလို့မရတော့ဘူးလား ကိုသက်တင်၊ မြိုင် တောင်းပန်နေတုန်း ပြန်သွားပါ။ တော်တော်ကြာ မြိုင့်ဒေါသကို ချုပ်တည်းလို့မရရင် ရှင် စိတ်ဆိုးလောက်အောင် ပြောလိုက် ဆိုလိုက်မိလိမ့်မယ်”

“ပြောမှာသာ ပြောစမ်းပါ ... ကိုသက်တင် စိတ်မဆိုးတတ်ပါဘူး”

မြိုင်သည် ၎င်း၏ဒေါသကို ကြိုးစား၍ ချုပ်တည်းနေရလေသည်။ နောက်ထပ်၍ ကိုသက်တင်နှင့်သာ ဆက်လက်၍ စကားပြောဆိုနေမိပါက ဒေါသကိုလည်း ချုပ်တည်း၍ ရနိုင်တော့မည်မဟုတ်သည်ကို စဉ်းစားမိသဖြင့် နှင်းဆီပင်များအကြားမှ ချာခနဲ ပြန်လှည့် ထွက်လာခဲ့မိသည်။ ဤသို့ မြိုင်က ရှောင်ကွင်း၍ ထွက်လာပြန်သောအခါ၌လည်း ဇွတ်တရွတ်နိုင်လှသော ကိုသက်တင်သည် မြိုင့်အနောက်မှကပ်၍ လိုက်ပါလာရင်း...

“မြိုင့်လူက ကိုသက်တင်ထက်သာရင်တော့ ကိုသက်တင် ဆုတ်ပေးဖို့အဆင်သင့်ပါပဲ မြိုင်ရဲ့။ ဒါပေမဲ့ မြိုင့်လူက ဘယ်လိုအတန်းအစားထဲကလဲဆိုတာ မြိုင်ကိုယ်တိုင်လည်း သိပြီးသားပဲမဟုတ်လား”

ဟု ထပ်မံပြောဆိုလိုက်ပြန်လေသည်။ မြိုင်သည် ကိုသက်တင်အား ဆတ်ခနဲ လှည့်ကြည့်လိုက်မိသည်။

"မြိုင့်လူအကြောင်းပြောလို့ စိတ်ဆိုးသွားပလား မြိုင်ရဲ့ ...”

“မြိုင့်လူဆိုတာ ရှင် ဘယ်သူ့ကိုများပြောနေတာလဲဟင် ကိုသက်တင် ... ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ"

“လဲ့လဲ့က ပြောပြလိုက်လို့ ကိုသက်တင် အကုန်လုံးသိပြီးပါပြီမြိုင်ရယ် ....”

"လဲ့လဲ့က ပြောပြလိုက်တယ်ဟုတ်လား ကိုသက်တင်"

ကိုသက်တင်က ခေါင်းကိုသာ ညိတ်ပြလိုက်သည်။

"ရှင် မဟုတ်တာပြောမနေစမ်းပါနဲ့ ကိုသက်တင် ... လဲ့လဲ့ဟာ မြိုင့်အပေါ်မှာ ဘယ်တုန်းကမှမဟုတ်တာ မမှန်တာ မပြောတတ်ဖူးဘူး"

"မြိုင်ပြောတာ ဟုတ်ပါတယ် ... လဲ့လဲ့ဟာ ဘယ်သူ့ကိုမှ မဟုတ်တာမပြောတတ်ဘူးဆိုတာ"

"တော်ပါတော့ ကိုသက်တင် -- ရှင်နဲ့ မြိုင်နဲ့ နောက်ထပ် စကားပြောလို့တော့ မဖြစ်သေးဘူးထင်တယ်"

"အဲဒီ ကိုတင်ဦးဆိုတဲ့လူနဲ့တော့ မြိုင်က ပြောလို့ဆိုလို့ဖြစ်တယ်မဟုတ်လား"

"ကိုတင်ဦးတဲ့.. ဟုတ်လား ကိုသက်တင်"

ကိုသက်တင်က ပြုံးပြုံးကြီးလုပ်နေလိုက်သည်။

"သြော် ... ကိုတင်ဦးကို မြိုင့်လူတဲ့လား ..."

ကိုသက်တင်သည် စီးကရက်တစ်လိပ်ကို မီးညှိလိုက်သည်။ သူသည် များစွာ ကျေနပ်အားရခြင်းရှိသကဲ့သို့ စီးကရက်ကို အားရပါးရ ဖွာနေလေသည်။

မြိုင်သည် ကိုသက်တင်အား နောက်ထပ်၍ ဘာမျှလည်းပြန်မပြော၊ လှည့်၍ လည်း မကြည့်တော့ဘဲ အိမ်ပေါ်သို့ ပြန်ပြေးတက်လာခဲ့ပြီးနောက် ၎င်းအိပ်ခန်းသို့ရောက်သောအခါ အိပ်ရာထက်တွင် ကိုယ်ကို ပစ်လှဲချလိုက်ပြီးလျှင် ရှိုက်၍ ရှိုက်၍ ငိုနေလေသတည်း။

အခန်း၊[၉]

(က)

ပန်းခြံထဲတွင် တစ်ဦးနှင့်တစ်ဦး စကားကတောက်ကဆမျှားကာ ကိုသက်တင် ပြန်သွားပြီးနောက် နောက်ထပ်၍ ၃-၄ ရက်မျှ မြိုင်သည် စိတ်မကောင်းဖြစ်နေရပြန်လေသည်။ မြိုင်သည် အိမ်ထဲမှ အိမ်ပြင်သို့ပင်ထွက်၍ ၎င်း၏အချစ်တော် နှင်းဆီပန်းကလေး များကိုလည်း မကြည့်နိုင်၊ အိမ်အပေါ်ထပ်တွင်ပင် ကုတ်နေကာ ထမင်းစားချိန်နှင့် ကော်ဖီသောက်ချိန်များ၌သာ အိမ်အောက်ထပ်သို့ ဆင်းလေသည်။ ဤသို့ မြိုင်တစ်ယောက်တည်း ကျိတ်၍ စိတ်မကောင်းဖြစ်ကာ အိမ်ပေါ်ထပ်တွင် ကုတ်နေသောအဖြစ်ကို မြိုင်၏ဖေဖေရော ဒေါ်လေးဒေါ်စောခင်တို့သည် ဂရုမပြုနိုင်ကြပေ။ မြိုင်၏ဖေဖေသည် ဘိလပ်၌ ပညာသင်ကြားလျက်ရှိသော သားဖြစ်သူ မောင်ဇော်ဝင်းအတွက် နောက်ထပ်ငွေရှာပို့ရန် သောကများလျက်ရှိသည်။ မြိုင်၏ ဒေါ်လေးဖြစ်သူ ဒေါ်စောခင်မှာလည်း အိမ်ဝေယျာဝစ္စထက် တူဖြစ်သူ မောင်မောင်လတ်၏ကိစ္စအတွက် စိတ်သောက ရောက်နေရသောကြောင့် ဖြစ်လေသည်။

မြိုင်သည် ကိုကိုလတ်နှင့် ကိုတင်ဦးတို့နှစ်ယောက်အတွက် စိတ်မကောင်းဖြစ်နေရသလောက် ကိုသက်တင်၏ အပေါ်၌ကား မကျေမချမ်းဖြစ်နေမိလေသည်။ မည်သည့် အထောက်အထားနှင့် အချက်အလက်တစ်စုံတစ်ရာမရှိပါဘဲနှင့် မိမိအား ကိုတင်ဦးဆိုသူ နှင့် တစ်ဖက်သတ်စွပ်စွဲပြောဆိုသွားသော ကိုသက်တင်၏အပေါ်၌ မြိုင်သည် အခံရခက်ကာ ဒေါသလည်းထွက်နေမိသည်။ ကိုသက်တင်သည် မိမိအပေါ်၌ ဤကဲ့သို့ အခြေအမြစ် မရှိသော ကိစ္စမျိုးကို တာဝန်မဲ့ပြောဆိုရန် မည်သည့်အခွင့်အရေးမျှမရှိဟု မြိုင်ထင်လေသည်။ မိမိတို့နှစ်ဦးအား နှစ်ဖက်သောလူကြီးမိဘများက ရည်ရွယ်မှန်းထားကြသည့်တိုင် အောင် မိမိ၏သားမယားမဟုတ်သေးသော မိန်းမသားတစ်ဦးအား မည်သည့်ယောကျ်ားတစ်ဦးတစ်ယောက်ကမျှ ဤကဲ့သို့ အခြေအမြစ်မရှိသော တာဝန်မဲ့စကားမျိုးကို ပြောဆိုရန် မသင့်ဟု မြိုင်က ထင်လေသည်။ မိမိ၏ ကာမပိုင်သားမယားမဖြစ်သေးမီကပင် ဤကဲ့သို့ တာဝန်မဲ့စကားမျိုးကို ပြောဆိုတတ်သော ယောကျ်ားတစ်ဦးတစ်ယောက်အား မြိုင်သည် လင်သားအဖြစ် အဘယ်သို့လက်ခံနိုင်ပါ့မည်နည်း။

ယခင်အခါများကလည်း မိမိအပေါ်၌

နိုင်လိုမင်းထက်ပြုမူဆက်ဆံခဲ့ဖူးသော ကိုသက်တင်၏ မနှစ်မြို့ဖွယ်ရာအလေ့အကျင့်များအားလုံးကိုပါ တသီတတန်းကြီး လျှောက်၍ စဉ်းစားမိရင်း ကိုသက်တင်အပေါ်၌ မြိုင်သည် စိတ်ပျက်သည်ထက် စက်ဆုပ်ရွံရှာ၍သာလာမိလေသည်။ ကိုသက်တင်ကဲ့သို့ စိတ်ထားသဘောထားသေးနုပ်သိမ်ဖျင်းလှသူတစ်ဦးကို လင်ယောကျ်ားအဖြစ် မည်သည့်နည်းနှင့်မျှလည်း စဉ်းစား၍ မရ၊ လက်ခံ၍ လည်း မရအောင်ဖြစ်လာမိလေသည်။

ကိုသက်တင်သည် မြိုင့်အပေါ်၌ အခြေအမြစ်မရှိသောစကားကို စွပ်စွဲပြောဆိုရာ၌ ၎င်းဘာသာရင်း မပြောလိုက်သေးဘဲ ကြားမှ လဲ့လဲ့ပင် ဆွဲသွင်း၍ ပြောဆိုသွားခဲ့ပေ သည်။ "လဲ့လဲ့က ပြောလိုက်လို့ ကိုသက်တင် အကုန်လုံးသိပြီးပါပြီမြိုင်ရယ်" ဟူ၍ ပင် ပြောဆိုသွားလိုက်သေးတော့သည်။

လဲ့လဲ့နှင့် မြိုင်သည် အလွန်တရာချစ်ခင်ရင်းနှီးခဲ့ကြသော ကျောင်းနေဘက် သူငယ်ချင်းများဖြစ်ကြ၍ တစ်ဦး၏အကြောင်းနှင့် စိတ်နေသဘောထားကို တစ်ဦးက ကောင်းစွာသိရှိထားကြပြီးသူများအချင်းချင်း ဖြစ်ကြလေသည်ထို့ကြောင့် လဲ့လဲ့သည် မိမိအပေါ်၌ မဟုတ်မမှန်သောစကားကို ကိုသက်တင်အား မည်သည့်နည်းနှင့်မျှ လုပ်ကြံ၍ သော်လည်းကောင်း လီဆယ်၍ သော်လည်းကောင်း ပြောဆိုလိမ့်မည်မဟုတ်သည့် အကြောင်းကို မြိုင်က စိတ်ချယုံကြည်ပြီးဖြစ်သည်။ မိမိက ကိုတင်ဦးဆိုသောသူနှင့် ရည်တူတန်းတူ မိတ်ဆွေတစ်ဦးကဲ့သို့ စကားပြောဆိုဆက်ဆံခြင်းကို လဲ့လဲ့သည် မကြည့်နိုင်မမြင်နိုင်လောက်အောင် မနှစ်သက်နိုင်သည့်အတိုင်း လဲ့လဲ့သည် ကိုသက်တင်က မြိုင့် အပေါ်၌ ယခုကဲ့သို့ အထင်လွဲအမြင်လွဲ ဖြစ်သွားလောက်အောင် မည်သည့်နည်းနှင့်မျှ မဟုတ်မတရား ပြောဆိုလိမ့်မည်မဟုတ်ဟု မြိုင်က ယုံကြည်ထားပြီးဖြစ်လေသည်။ အလွန်ဆုံး ပြောလှလျှင်လည်း မိမိနှင့် ကိုတင်ဦးတို့ ရင်းရင်းနှီးနှီး စကားပြောဆိုတတ်ကြသည့် အကြောင်းလောက်ကိုသာ လဲ့လဲ့က စကားစပ်မိ၍ ကိုသက်တင်အား ပြောချင်ပြောပေ လိမ့်မည်။ ထို့ထက်တော့ကား ပိုလိမ့်မည်မဟုတ်ပေ။

ကိုသက်တင်က ကိုတင်ဦးဆိုသူနှင့် စွပ်စွဲပြောဆိုသွားသည့်ကိစ္စနှင့် ပတ်သက်၍ မြိုင်သည် အိပ်၍ မရနိုင်သည်အထိ ရင်ထဲဝမ်းထဲ၌ အစိုင်အခဲဖြစ်နေသည်။ မခံချိမခံသာလည်း ဖြစ်နေသည်။ ထို့ကြောင့် ကိုသက်တင်က လဲ့လဲ့ကို အကြောင်းပြုလျက် ဤကဲ့သို့

စွပ်စွဲပြောဆိုသွားသည့်အကြောင်းကို လဲ့လဲ့အား သွားရောက်ပြောပြ၍ ရှင်းလင်းမေးမြန်း ရလျှင် ကောင်းမည်လားဟု မြိုင်သည် စဉ်းစားလျက်ရှိလေသည်။ သို့ရာတွင် လဲ့လဲ့နှင့် နောက်ထပ်၍ လူချင်းတွေ့ဆုံလျက် မျက်နှာချင်းဆိုင်ရမည့်အရေးကိုလည်း မြိုင်သည် ရင်မဆိုင်လိုလှပေ။ တတ်နိုင်သမျှ ရှောင်ကွင်းလိုသည်။ လဲ့လဲ့က မိမိလေးစားအံ့ဩသော မိတ်ဆွေတစ်ယောက်အား မိမိ၏မျက်နှာကိုပင် မထောက်ထားဘဲ မိမိမျက်စိအောက်၊ မျက်နှာအောက်တွင် ရိုင်းရိုင်းပျပျနှင့် နှိမ့်နှိမ့်ချချ ဆက်ဆံပြုမူလိုသောကိစ္စနှင့် ပတ်သက်၍ မြိုင်သည် အတော်ကလေး မကျေနိုင်မချမ်းနိုင် ဖြစ်နေတုန်းဖြစ်လေသည်။

ကိုသက်တင်နှင့် လဲ့လဲ့တို့မောင်နှမနှင့် ပတ်သက်လျက်ရှိသော ကိစ္စများကို စဉ်းစားရသဖြင့် မြိုင်သည် စိတ်ညစ်ညူးမောပန်းလာမိသည်။ ထိုမောင်နှမ၏အကြောင်းကို မစဉ်းစားချင်၊ မကြားချင်တော့လောက်အောင်လည်း စိတ်ပျက်လာမိသည်။ ဘယ်တုန်းကမျှ စိတ်ညစ်ညူးပင်ပန်းရသောအလုပ်ကို ကြာရှည်သဖြင့် သည်းညည်းခံလေ့မရှိသော မြိုင်သည် လဲ့လဲ့နှင့် ကိုသက်တင်တို့မောင်နှမအကြောင်းကို မေ့ပျောက်ပစ်လိုက် ပြီးလျှင် ၎င်းဖတ်နေကျဖြစ်သော ကဗျာ့ပဒေသာစာအုပ်ကို ဆွဲယူ၍ ဖတ်ကြည့်ရန် ကြိုးစားလေသည်။

မြိုင်သည် ခါတိုင်းဖတ်ရှု၍ ပျော်မွေ့ကြည်နူးခြင်းကို တွေ့ရသော ကဗျာကိုလည်း ဖတ်ရှု၍ မရအောင် ဖြစ်နေလေသည်။ ကဗျာဝိဒူဖြစ်သော တင်နီဆင်၏ ကာရန်ကလေးများသည် ယခုအခါဝယ် မြိုင့်ကို ဆွဲဆောင်ခြင်းမပြုနိုင်တော့ပေ။ ကဗျာ၏ရသတို့သည် ပျက်ပြယ်ကုန်ကြလေပြီလော။ ထိုသို့ကား ဟုတ်လိမ့်မည်မထင်ပေ။ ကဗျာသည် ကဝိပညာရှိတို့၏ လှပသောပစ္စည်းတန်ဆာများဖြစ်သဖြင့် လှပခြင်းမရှိသော စိတ်အာရုံဖြင့် မြိုင် သည် မည်ကဲ့သို့ မွေ့လျော်နိုင်ပါ့မည်နည်း။

ကဗျာ့ပဒေသာစာအုပ်ကို ဘေး၌အသာချထားလိုက်ပြီးနောက် ကိုသက်တင်က မောင်မောင်လတ်နှင့်ပတ်သက်၍ မိမိထံ၌ အကူအညီတောင်းရင်း ပြောဆိုသွားသောကိစ္စကို သတိရလာပြန်လေသည်။ မစဉ်းစားချင်သော်လည်း မစဉ်းစားဘဲ နေ၍ မဖြစ်သောကြောင့် မြိုင်သည် မောင်မောင်လတ်၏အကြောင်းကို စဉ်းစားရပြန်လေသည်။

မောင်မောင်လတ်၏ကိစ္စကို စဉ်းစားရသည်မှာ မြိုင့်အတွက် သာလွန်၍ ပင် စိတ်ပင်ပန်းစရာ ကောင်းနေသည်။ သို့ရာတွင် မစဉ်းစားဘဲနေ၍ ကလည်း မဖြစ်သေး။ မောင်မောင်လတ်သည် သူ လုပ်ကိုင်လျက်ရှိသော အလုပ်တစ်ခုကို အခြားဘယ်သူမှမသိ ဟူသောအနေဖြင့် ဖွတ်တိုးလုပ်ကိုင်လျက်ရှိရာ ၎င်း၏ကိစ္စ လွန်လွန်ကျွံကျွံမဖြစ်မီနှင့် လူကြီး များ တိတိလင်းလင်းမသိရှိမီ အမြန်ဆုံးသတိပေးပြောဆိုရန်အတွက် အရေးကြီးလှပေသည်။ အကယ်၍ မောင်မောင်လတ်ကို အချိန်မီသတိပေးပြောဆိုခြင်း မပြုနိုင်ပါက နှစ်ပေါင်းများစွာက တစ်ဦးအပေါ်တစ်ဦးက ကျေးဇူးပြုလျက် အလွန်တရာခင်မင်ရင်းနှီးလာ ကြသော အိမ်ထောင်ကြီးနှစ်အိမ်ထောင်သည် တစ်ဦးနှင့်တစ်ဦး အထင်လွဲ၊ အမြင်လွဲဖြစ်ကာ မိတ်ပျက်သွားရန် အကြောင်းရှိပေသည်။ မောင်မောင်လတ်၏ မလိမ္မာမှုကြောင့် ဤကဲ့သို့ အရုပ်ဆိုးလောက်အောင် ဖြစ်ပွားသွားခဲ့လျှင် မောင်မောင်လတ်၏မိဘတို့သည် မောင်မောင်လတ်အပေါ်၌ စိတ်အနာကြီးနာကာ စွန့်ပစ်ချင်စွန့်ပစ်လိုက်ပေမည်။ ထိုအခါ၌ မောင်မောင်လတ်သည် ဆင်းရဲဒုက္ခရောက်ရပေတော့မည်။ မြိုင်သည် မောင်နှမဝမ်းကွဲ မျှသာ ဖြစ်သော်လည်း မောင်နှမအရင်းပမာ ချစ်သော မောင်မောင်လတ်၏ ဒုက္ခဆင်းရဲ ရောက်ရခြင်းကို ကြားလည်းမကြားလို မြင်လည်းမမြင်လိုပေ။ ၎င်းအပြင်လည်း မြိုင့်အသိ၌ ဘာမျှမဟုတ်သော ကချေသည်မတစ်ဦးနှင့် မောင်မောင်လတ် ညားသွားခြင်းကို အနည်းငယ်မျှပင် မရှုဆိတ်နိုင်ပေ။ ၎င်း၏ကိုကိုလတ်အား လဲ့လဲ့ကဲ့သို့ မျိုးကောင်းရိုးကောင်း အဖိုးတန်မိန်းကလေး တစ်ဦးတစ်ယောက်နှင့် လွဲရှာမည်ကိုလည်း အနည်းငယ်မျှမခံနိုင်ပေ။ ထို့ကြောင့် မိမိစိတ်ညစ်ညူးနေရသော အခြားကိုယ်ရေးကိုယ်တာကိစ္စနှင့် အရေး အခင်းများကို အသာဘေးချိတ်ထားလိုက်ရပြီးလျှင် မောင်မောင်လတ်၏ကိစ္စကိုသာလျှင် အဓိကထား၍ အမြန်ဆုံးအေးချမ်းသွားအောင် ဆောင်ရွက်ဖို့ ဆုံးဖြတ်လိုက်လေသည်။

ဤကဲ့သို့ မောင်မောင်လတ်၏ကိစ္စကို အဓိကထား၍ အမြန်ဆုံးဆောင်ရွက်နိုင်ရန်အတွက် မောင်မောင်လတ်နှင့် လူချင်းအမြန်ဆုံးတွေ့နိုင်ဖို့အရေးသည် မြိုင့်အတွက် အရေးကြီးလာသည်။ မောင်မောင်လတ်နှင့်လူချင်းမတွေ့ ဆုံရဘဲနှင့် မြိုင်သည် မိမိသတိပေးပြောဆိုလိုသောစကားများကို အဘယ်သို့ပြောကြား၍ ဖြစ်ပါမည်နည်း။ လူချင်း နှစ်ယောက်တည်း အေးအေးဆေးဆေးတွေ့

မှသာလျှင် မြိုင်သည် မိမိသတိပေးပြောကြားရန် ရှိသော စကားများကို လွတ်လွတ်လပ်လပ်နှင့် အေးအေးချမ်းချမ်းပြောဆိုနိုင်မည် ဖြစ်ပေ ရကား မောင်မောင်လတ်အား အမြန်ဆုံး လူချင်းတွေ့ဆုံရန် မြိုင်သည် စဉ်းစားရလေသည်။ သို့ရာတွင် ရန်ကုန်မြို့အား နံ့နံ့စပ်စပ်ပင် မရောက်ဖူးသောမြိုင်သည် ရန်ကုန် လူလည်တစ်ဦးဖြစ်သော မောင်မောင်လတ်အား အဘယ်နည်း အဘယ်ပုံ လူချင်းတွေ့ဆုံ နိုင်အောင် လိုက်လံရှာဖွေရပါမည်နည်း။

❦ ❦ ❦

မြိုင်သည် မောင်မောင်လတ်နှင့် လူချင်းတွေ့ ဆုံနိုင်မည့်နည်းလမ်းကို အမျိုးမျိုး အဖုံဖုံ ရှာဖွေစဉ်းစားကြည့်လေသည်။ သို့ရာတွင် ဘယ်သူဘယ်ဝါထံသို့ သွားရောက်၍ မောင်မောင်လတ်၏ သတင်းကို စုံစမ်းရမည့်အရေးကို မြိုင်သည် သုံးလေးရက်ကြာမျှ စဉ်းစား၍ မရခဲ့ပေ။ မြိုင်သည် ၎င်း၏ဒေါ်လေး ဒေါ်စောခင်အား မောင်မောင်လတ်၏ သတင်းနှင့်ပတ်သက်၍ တီးခေါက်ကြည့်လေသည်။ သို့ရာတွင် ဒေါ်စောခင်သည်လည်း မြိုင့်ထက် ပိုမို၍ မောင်မောင်လတ်၏သတင်းကို ဘာမျှသိရှိပုံမပေါ်ပေ။

"ငါလည်း ဒီသူငယ်ကို ပြောစရာကိစ္စတစ်ခု ရှိနေလို့ သိပ်တွေ့ ချင်နေတာပဲ"

ဟု ဒေါ်စောခင်က ပြန်ပြောဆိုလိုက်သောအခါတွင် မြိုင်သည် ရှေ့ဆက်၍ ဘာမျှမမေးမြန်းနိုင်တော့ဘဲ ထမင်းစားခန်းထဲမှ ထွက်လာခဲ့ပြီးလျှင် အိမ်ပေါ်သို့တက်လာခဲ့ရပေသည်။

အိမ်အပေါ်သို့ရောက်သောအခါလည်း မြိုင်သည် အိပ်ချင်သောစိတ်မရှိတော့သဖြင့် ၎င်း၏စာအုပ်ဗီရိုကလေးဆီသို့ လျှောက်လာခဲ့ပြီးနောက် စာအုပ်တစ်အုပ်ကို ဆွဲယူဖတ်ရှုမည်အလုပ် တစ်ကြိမ်က ကိုတင်ဦးပေးပို့ထားခဲ့သော စာအုပ်နှစ်အုပ်ကို မြင်လိုက်သဖြင့် ကိုတင်ဦးကို ရုတ်တရက်သတိရလာမိသည်။ မောင်မောင်လတ်ကိစ္စ မြိုင်၏ ဦးနှောက်ထဲသို့ ဝင်ရောက်လာခဲ့ပြီးသော အချိန်မှစ၍ မြိုင်သည် ၎င်း၏အသိမိတ်ဆွေ ကိုတင်ဦးဆိုသူအား သတိမေ့လျော့လျက်ရှိနေခဲ့ပေရာ ၎င်းက ဂရုတစိုက်ပေးပို့လိုက်သော ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ လေးချိုးပေါင်းချုပ်စာအုပ်ကြီးနှင့် ဘားနာဒ်ရှော၏ ပြဇာတ်စာအုပ်ကို ယခုကဲ့သို့ တွေ့ လိုက်တော့မှပင် ဗြုန်းခနဲ သတိပြန်ရလိုက်ခြင်း ဖြစ်လေသည်။ ဤသို့ သတိရလိုက်မိခြင်းမှာလည်း ကိုတင်ဦးသည် မောင်မောင်လတ်နှင့် လူချင်းသိကျွမ်းကြသော အဆက်က ရှိနေသဖြင့် မောင်မောင်လတ်အား ကိုတင်ဦးကို အကူအညီတောင်း၍ စုံစမ်းခိုင်းရလျှင် မြိုင့်အတွက် ဖြစ်နိုင်စရာရှိသော အလားအလာများကိုပါ ရုတ်တရက်စဉ်းစားလာမိခြင်းကြောင့် ဖြစ်လေသည်။

ဤသို့ စဉ်းစားလိုက်မိသည်နှင့် တစ်ပြိုင်နက် မြိုင်သည်

အဝတ်အစားများကို ချက်ချင်းပင်လဲလှယ်ကာ အိမ်အောက်ထပ်သို့ ဆင်းလာခဲ့လေသည်။ အိမ်အောက်ထပ်သို့ ရောက်သောအခါ မြိုင်သည် ရေချိုးခန်းထဲတွင် အဝတ်လျှော်နေသော ဒေါ်လေးဒေါ်စောခင်အား လိုက်လံရှာဖွေပြီးလျှင် မြို့ထဲမှ သူငယ်ချင်းတစ်ယောက်က အလည်အပတ်ခေါ် ထား၍ သွားရဦးမည့်အကြောင်း လိမ်လည်ပြောဆိုကာ အိမ်မှထွက်လာခဲ့လေသည်။ ဒေါ်စောခင်က မြို့ထဲသို့ ကားမပါဘဲနှင့် အဘယ်ကိုသွားမည့်အကြောင်း လှမ်း၍ မေး မြန်းလိုက်ခြင်းကိုပင် မြိုင်သည် မကြားနိုင်တော့ပေ။

မြိုင်သည် ကိုတင်ဦးအား တွေ့ဆုံနိုင်မည်ဖြစ်သော ပြည်သူ့အလင်းသတင်းစာတိုက်သို့ ရွှေတောင်ကြားမှ အဘယ်သို့အဘယ်ပုံ ရောက်ရှိအောင်သွားရမည့်အရေးကို ခြံထဲမှထွက်လာခဲ့ပြီးနောက် ခြံအပြင်သို့ ရောက်တော့မှ စဉ်းစားကြည့်မိသည်။ မြိုင်သည် အိမ်မှထွက်လျှင် အဘယ်သို့ပင်သွားသွား ကားနှင့်သာ သွားဖူးလာဖူးသူဖြစ်လေသည်။ ယခုမူ မြိုင်သည် ကားမပါဘဲ ခြေလျင်ထွက်လာခဲ့မိလေသည်။ ပြည်သူ့အလင်းသတင်းစာ တိုက်သည် ရန်ကုန်မြို့လယ်ကောင် စံပယ်လမ်းအနီးအနားတစ်ဝိုက်တွင် ဖြစ်လေရာ ထိုအရပ်သို့ရောက်အောင် မြိုင်သည် ခက်ခက်ခဲခဲနှင့် စွန့်စွန့်စားစားသွားရမည်ကဲ့သို့ ရှိလေသည်။ တစ်ကြိမ်တစ်ခါမျှ ဤသို့ ကားလည်းမပါ။ မိမိဘာသာတစ်ယောက်တည်း အဘယ်သို့ ယခုကဲ့သို့ မသွားဖူးမလာဖူးသော မြိုင်၏အတွက်ကား ကြီးမားသော စွန့်စားရခြင်း အလုပ်ဖြစ်လေသည်။

ရွှေတောင်ကြားအထွက်တွင် အခန့်သင့်တွေ့ ရသော ဆိုက်ကားတစ်စီးအား မရဲတရဲနှင့်ခေါ်ကာ တက်စီးလာခဲ့ပြီးနောက် ဘောင်ဒရီလမ်းထိပ်သို့ ရောက်ရှိလာလေသည်။ မြိုင်သည် ဆိုက်ကားသမားက တောင်းလိုက်သော ငွေတစ်ကျပ်ကို နည်းသည်များသည် ဟူ၍ ပင် မသိဘဲ ပေးခဲ့ပြီးနောက် ကားရပ်စောင့်ရသော မှတ်တိုင်သို့ ခပ်မှန်မှန်လျှောက်လာ ခဲ့လေသည်။ ကားမှတ်တိုင်တွင် မြိုင်ကဲ့သို့ ကားစောင့်နေသော လူသုံးလေးယောက် တွေ့ရသည်။ ၎င်းလူများသည် ဆင်းရဲသား အောက်တန်းစားထဲက ဖြစ်ကြသည့်အလျောက် အလုပ်အကိုင်ရှားပါးသည့်အကြောင်းမှစ၍ ဈေးဝယ်စားရသည်မှာ အလွန်ကျပ်တည်း ခက်ခဲလှသော အကြောင်းအရာများကို အရပ်လေးပါးအား ဟန်လုပ်၍ ဂရုစိုက်မနေဘဲ ခပ်ကျယ်ကျယ်လောင်လောင်ပင် ပြောဆိုလျက်ရှိကြလေသည်။ ထိုလူသုံးလေးယောက်တို့ ပြောဆိုလျက်ရှိကြသည့်စကားကို မြိုင်သည် ဘာတစ်လုံးမျှကား

နားမလည်ဘဲ စကားပြော ကျယ်လောင်သည်ကိုသာ သိလေသည်။ ထို့ကြောင့် မြိုင်သည် ထိုလူများနှင့် ကားအတူစောင့်ရသောအလုပ်ကို စိတ်ညစ်မိလေသည်။

မြိုင်သည် ငါးမိနစ်သာသာခန့် စိတ်ညစ်ညစ်နှင့် ကားကိုစောင့်ရလေသည်။ ကားရောက်လာပြန်သောအခါ၌လည်း ခရီးသည်များ ပြည့်ကျပ်၍ နေသဖြင့် လိုက်ရလျှင် ကောင်းမည်လား၊ သို့မဟုတ် နောက်ကားကိုစောင့်ရလျှင် ကောင်းမည်လားဟု ချီတုံချတုံ ဖြစ်နေမိသည်။ သို့ရာတွင် နောက်ကားကို မည်မျှကြာအောင် စောင့်ဆိုင်းနေရဦးမည်ကို မသိနိုင်ရကား မိမိ၏ကိစ္စအတွက် အရေးကြီးနေသော မြိုင်သည် တိုးတိုးဝှေ့ဝှေ့နှင့်ပင် ကားပေါ်သို့ တက်လိုက်ပါလာခဲ့ရလေသည်။ ယခင် ဘတ်စ်ကားဆို၍ တစ်ကြိမ်တစ်ခါမျှ မစီးဖူးသောမြိုင်သည် ယခုတစ်ကြိမ် တိုးတိုးဝှေ့ဝှေ့နှင့် ကျပ်ကျပ်တည်းတည်း စီးရသဖြင့် များစွာ လူဆင်းရဲ စိတ်ဆင်းရဲဖြစ်ရလေသည်။ ကားထဲတွင် ပြွတ်သိပ်နေသဖြင့် လေဝင်ပေါက်မရသောကြောင့် မြိုင်သည် ချွေးများပင် ပြန်ကျလာလေသည်။

ဆူးလေဘုရားလမ်းရှိ ဂလုပ်ရုံရှေ့မှတ်တိုင်သို့ ရောက်သောအခါ မြိုင်သည် ကားပေါ်မှ ဆင်းလာခဲ့ပြီးလျှင် စံပယ်လမ်းဘက်သို့ ဆက်လက်ခရီးသွားရမည့်အရေးကို ကြံစည်ရပြန်လေသည်။ မြိုင်သည် ပထမသော် ဆိုက်ကားတစ်စီးကို ခေါ်ယူငှားရမ်း၍ ပြည်သူ့အလင်းသတင်းစာတိုက်သို့သွားရန် စိတ်ကူးမိလေသည် နောက်မှ မော်တော်ကားများ ရှုပ်ထွေးလျက်ရှိသော လမ်းများဝယ် ဆိုက်ကားစီးရမည့်အလုပ်ကို ထိတ်လန့်လာ သဖြင့် ဆိုက်ကားခေါ်ယူငှားရမ်း၍ သွားလာရမည့်အလုပ်ကို စွန့်ပစ်လိုက်သည်။ သို့ရာတွင် မော်တော်ကားများအကြား အသက်နှင့်ရင်းနှီး၍ ထမင်းတစ်လုတ်စားရပါမည့်အကြောင်း လုပ်ကိုင်နေကြရသော ဆိုက်ကားသမား၏ဘဝကိုကား မြိုင်သည် မစဉ်းစား တတ်သေးပေ။

နောက်ဆုံး၌ စံပယ်လမ်းသည်လည်း များစွာဝေးလံလှသည်မဟုတ်သောကြောင့် မြိုင်သည် ဗိုလ်ချုပ်လမ်းဘေး ပလက်ဖောင်းအတိုင်း စံပယ်လမ်းဘက်ဆီသို့ တိုးကာ ဝှေ့ကာနှင့် လျှောက်လာခဲ့လေသည်။ စံပယ်လမ်းသို့ရောက်သောအခါ ပြည်သူ့အလင်း သတင်းစာတိုက်ကို လှမ်း၍ မြင်ရပြီဖြစ်သဖြင့် မြိုင်သည် သတင်းစာတိုက်ဘက်သို့ ခပ်သွက်သွက် လျှောက်လာသည်။

သတင်းစာတိုက်၏ အောက်ထပ်တွင် စာစီသမားများနှင့် ပုံနှိပ်စက်ထားရှိသဖြင့် ဆူညံလျက်ရှိလေသည်။ မြိုင်သည် သတင်းစာတိုက်အတွင်းသို့ ဝင်လာခဲ့ပြီးနောက် တိုက်အဝင်ဝတွင် အခန့်သင့်တွေ့ ရသော ဖိုမင်လူကြီးအား ကိုတင်ဦး ရှိ မရှိ သိလိုကြောင်းနှင့် ရှိလျှင် တွေ့လိုကြောင်း မေးမြန်းစုံစမ်းကြည့်လေသည်။

"ဆရာ ဦးတင်ဦးခင်ဗျာ ... သူ့အခန်းထဲမှာ ရှိပါတယ်"

ဟု ဖိုမင်လူကြီးလုပ်သူက ၎င်းတို့၏ဆရာဦးတင်ဦးအား အကြောင်းပြု၍ ရောက်ရှိလာသော မြိုင့်အား ရိုရိုသေသေနှင့် လေးလေးစားစား ပြန်၍ ပြောလေသည်။ သူ့အခန်းထဲတွင်ရှိပါသည်ဆိုသော်လည်း သူ့အခန်း ဘယ်နေရာမှန်းမသိသော မြိုင်က...

"ရှင်တို့ဆရာ ဦးတင်ဦးရဲ့အခန်းကကော ဘယ်နားမှာလဲရှင် ..."

ဟု ပြန်၍ မေးကြည့်လိုက်ရပြန်လေသည်။

"ဒုတိယထပ် လက်ယာဘက်ဆုံးက အခန်းပဲဗျ ..."

"ကျွန်မ တစ်ခါမှမရောက်ဖူးလို့ ရှင် လိုက်ပို့ပေးနိုင်ရင် ကျေးဇူးပြုပြီး လိုက်ပို့ ပေးပါလားရှင်"

"ဒီလိုဆိုရင်လည်း ပို့ပေးရတာပေါ့ခင်ဗျာ"

ဟု ပြောဆိုပြီးနောက် ဖိုမင်လုပ်သူသည် မြိုင့်အား ရှေ့ဆောင်၍ လှေကားမှ အပေါ်ထပ်သို့ခေါ်သွားလေသည်။

"အစ်ကိုကြီး ကိုသက်ထွန်းတစ်ယောက်ကော တိုက်မှာရှိသေးသလား"

ဟု မြိုင်က တစ်စုံတစ်ရာကို ရုတ်တရက်စဉ်းစားလာမိသကဲ့သို့ နောက်မှနေ၍ မေးလိုက်သည်။

"ဦးသက်ထွန်းကတော့ မနက်ပိုင်းလောက်နဲ့ ညနေပိုင်းလောက်ပဲ

ခဏတဖြုတ် ဆိုသလို လာတတ်ပါတယ်။ ဒီအချိန်ဆိုရင် သူမရှိတော့ပါဘူး”

“အစ်ကိုကြီးကိုသက်ထွန်းက သိပ်အလုပ်မရှိလို့လားရှင် …”

“ဦးသက်ထွန်းကတော့ ငွေရေးကြေးရေးကိစ္စလောက် ကြည့်ပါတယ်။ သတင်းစာ တစ်စောင် ဖြစ်အောင်ကတော့ ကျွန်တော်တို့ဆရာ ဦးတင်ဦးက ဒိုင်ခံလုပ်တာပါပဲ"

မကြာမီ တိုက်၏ဒုတိယထပ် လက်ယာဘက်ဆုံး အခန်းတစ်ခုရှေ့သို့ ရောက်ရှိ လာကြလေသည်။
“တင်ဦးအယ်ဒီတာ"ဟူသော ဆိုင်းဘုတ်ကလေး ချိတ်ဆွဲထားသော အခန်းရှေ့သို့ ရောက်သောအခါ…

“ခဏကလေးရပ်စောင့်နေလိုက်ပါဦးနော် … ကျွန်တော် အထဲခဏဝင်ပြီး ဧည့်သည်က တွေ့ချင်တဲ့အကြောင်း ပြောပြချင်သေးလို့ပါ”

ဟု ဖိုမင်လုပ်သူက မြိုင့်အား လေသံကလေးဖြင့် ခပ်တိုးတိုးမှာကြားခဲ့ပြီးလျှင် အခန်းတွင်းသို့ဝင်၍ သွားလေသည်။

“ဘာများလဲဗျ .. ကိုဗိုကြီး” ဟူသော မေးမြန်းလိုက်သံနှင့် “မိန်းမဧည့်သည်တစ်ယောက် ဆရာနဲ့တွေ့ စရာကိစ္စရှိလို့ အပြင်မှာစောင့်နေတယ် ဆရာရဲ့၊ အဲဒါ ကျွန်တော် အထဲကိုခေါ်လာခဲ့ရမှာလား” ဟူသော ပြောကြားသံများကို မြိုသည် မသဲမကွဲကြားနေရ လေသည်။

“ဘယ်ကမိန်းမလဲဗျ ကိုဗိုကြီး ကျွန်တော့်ကိုတွေ့ရအောင်ကကော ဘယ်လိုကိစ္စတဲ့လဲ”

“ဘယ်ကမိန်းမလဲတော့ ကျွန်တော် မသိဘူး ဆရာ
ဆရာ့ကိုတွေ့ပါရစေဆိုလို့ ခေါ်လာခဲ့ရတာပဲ”

“ဒါဖြင့်လည်း ခေါ်ခဲ့တာပေါ့ဗျာ”

ထိုစကားဆုံးလျှင် ဖိုမင်လုပ်သူသည် အပြင်သို့ပြန်ထွက်လာပြီးနောက် မြိုင့်အား အခန်းအတွင်းသို့ ဝင်နိုင်သည့်အကြောင်းကို အမူအရာဖြင့်သာပြသကာ ပြန်ထွက်၍

သွားလေသည်။

မြိုင်သည် ချီတုံချတုံ အနည်းငယ်ဖြစ်နေသည်သို့ရာတွင် ကြာကြာတော့မဟုတ်ပေ။ တံခါးကို တွန်းဖွင့်၍ အတွင်းသို့ဝင်လိုက်သည်။

"ဟာ ... မြိုင်ပါလား.."

ဟု ကိုတင်ဦးသည် ကုလားထိုင်ထက်တွင် ထိုင်နေရာမှ ရုတ်တရက်ထကာ မြိုင့်အား အလန့်တကြားအမူအရာမျိုးဖြင့် နှုတ်ဆက်လေသည်။

"နေကောင်းရဲ့လား ကိုတင်ဦး .."

ဟု မြိုင်က ဣန္ဒြေရရနှင့် နှုတ်ဆက်လေသည်။

"ကောင်းပါတယ် ... ကဲ ... ထိုင်ပါဦး"

ဟု မြိုင့်အား အထိုင်ခိုင်းလိုက်ပြီးနောက် ကိုတင်ဦးသည် တစ်စုံတစ်ယောက်အား အတွင်းမှလှမ်း၍ ခေါ်ငင်ရန်ဖြစ်သော စားပွဲတင် ခေါင်းလောင်းကလေးကို တီးလိုက်သည်။

မြိုင်သည် ကိုတင်ဦးစားပွဲရှေ့တွင် ထားရှိသော ကုလားထိုင်တစ်လုံးထက်တွင် ဣန္ဒြေရရပင် ထိုင်ရင်း ကိုတင်ဦး၏ကုလားထိုင်တည့်တည့်ရှိ နံရံပေါ်တွင် တရိုတသေ ချိတ်ဆွဲထားသော ဗိုလ်ချုပ်အောင်ဆန်းနှင့် ဆရာတော်ဦးဥတ္တမတို့၏ ဓာတ်ပုံကြီးများကို လှမ်း၍ ကြည့်လိုက်မိသည်။

"မြိုင် ဘယ်ကလှည့်ပြီး ဒီကိုဝင်လာခဲ့တာလဲ ..."

ဟု ကိုတင်ဦးသည် ၎င်းရေးလက်စဖြစ်သော စားပွဲပေါ်၌ ရှုပ်ထွေးနေသည့်စာရွက်အချို့နှင့် ဖောင်တိန်များကို သိမ်းဆည်းရင်း မေးလိုက်သည်။

"ကိုတင်ဦးနဲ့ တွေ့ချင်တဲ့ကိစ္စကလေးတစ်ခုရှိလို့ အိမ်က ဒီကိုတန်းတန်းမတ်မတ် လာခဲ့တာပါပဲ"

ထိုအခိုက် အသက်ဆယ့်ငါးနှစ်သာသာခန့် လူငယ်တစ်ဦးသည် ကိုတင်ဦးနှင့် မြိုင်တို့ စကားပြောသောအခန်းအတွင်းသို့ ဝင်လာပြီးလျှင် ကိုတင်ဦးနှင့် မလှမ်းမကမ်းတွင် ရှိသေလေးစားသောအမူအရာဖြင့် ငြိမ်သက်စွာ ရပ်စောင့်နေလေသည်။

"မြိုင် လာလည်တုန်း တစ်ခုခုကျွေးလိုက်ချင်လို့ ဘာသောက်တတ်သလဲ"

"တော်ပါပြီ ကိုတင်ဦး၊ မြိုင် ဘာမှမစားမသောက်ပါရစေနဲ့ တော့ရှင်"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ မြိုင်ရယ် လိမ္မော်ရည်လောက်တော့ သောက်သွားဦးပေါ့ ...'

ဟု မြိုင့်အား ပြောဆိုနေရာမှ စောစောကဝင်လာကာ ရပ်စောင့်နေသော သူငယ်ဘက်သို့ လှည့်သွားပြီးလျှင် ...

"ကဲ ... မောင်မြင့် ငါ့ဖို့တော့ ထုံးစံအတိုင်း လက်ဖက်ရည်တစ်ခွက်ယူလာခဲ့ပြီး ဧည့်သည်ဖို့ကတော့ လိမ္မော်ရည်တစ်ခွက် ယူလာခဲ့ကွာ"

မောင်မြင့်ဆိုသော သူငယ်ကလေး အခန်းအတွင်းမှထွက်သွားသောအခါ ကိုတင်ဦးသည် နံရံဘေးတွင်ချိတ်ထားသော ၎င်း၏အပေါ်အင်္ကျီအတွင်းမှ ဆေးပေါ့လိပ်တစ်လိပ်နှင့် မီးခြစ်ကိုထုတ်ယူလိုက်ပြီးလျှင် ဆေးပေါ့လိပ်ကို မီးညှိလေသည်။ ကိုတင်ဦးသည် ၎င်းထံသို့ ကိစ္စတစ်ခုအတွက် တမင်သက်သက်လာခဲ့ပါသည် ဆိုထားသော မြိုင်၏ လာရောက်ခြင်းကိစ္စကိုပင်လျှင် အရေးထားရကောင်းမှန်းမသိ၍ လော၊ သို့မဟုတ် အမှုမဲ့ အမှတ်မဲ့ ဖြစ်သွား၍ ပင်လောမသိ သူသည် မြိုင်၏ကိစ္စကို မေးမြန်းခြင်းမပြုသေးဘဲ ဆေးပေါ့လိပ်ကို လေးငါးဖွာမျှ မီးခိုးများအူလောက်အောင်ဖွာလိုက်ပြီးနောက်...

"ကိုတင်ဦး ပို့လိုက်တဲ့စာအုပ်တွေကို ရရဲ့လား မြိုင်"

ဟု ၎င်း၏စာအုပ်များအကြောင်းကို မေးမြန်းနေလေသည်။

"ကိုတင်ဦးပေးလိုက်တဲ့စာအုပ်တွေ ရတဲ့အတွက်

ကျေးဇူးတင်ပါတယ်”

“နှစ်အုပ်စလုံး ဖတ်ကြည့်ပြီးပြီလား”

“စရုံပဲ စရသေးတယ်၊ ဖတ်လို့တော့ မပြီးသေးဘူး”

“ဖြည်းဖြည်းပဲဖတ်တာပေါ့၊ ဆရာကြီးရဲ့ လေးချိုးတွေကတော့ အချိန်ယူပြီး လေ့လာမှလည်း ကောင်းမယ်။ အဘိုးကြီးက ကာရန်တော့ အင်မတန်ကောင်းတယ်။ မြန်မာ စာဆိုတော်ကြီးတစ်ဦးဖြစ်တဲ့ လယ်တီပဏ္ဍိတ ဦးမောင်ကြီး အနိစ္စရောက်တုန်းက ‘ဟိုနှစ်ကောင် ကိုမောင်ကြီးတို့လို၊ ရုံးပေါ်တွင် ဘုန်းတော်မကြီးသော်လည်း'ဆိုတဲ့ လေးချိုးကြီး ဟာ တော်တော့်ကို ကောင်းတယ်"

မိမိ၏ကိစ္စကို လုံးဝမစရသေးဘဲ သူပြောသမျှကိုချည်းသာ နားထောင်နေရသော မြိုင်သည် ကိုတင်ဦးက စိတ်အားထက်သန်စွာဖြင့် ပြောဆိုလျက်ရှိသော ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ လေးချိုးများအကြောင်းကို ဟန်လုပ်၍သာ နားထောင်နေရပေသည်။ ကိုတင်ဦးရွတ်သွားသော "ဟိုနှစ်ကောင် ကိုမောင်ကြီးတို့လို” ဆိုသော ကိုမောင်ကြီးများသည် အဘယ် ကိုမောင်ကြီးတို့ကို ရည်ရွယ်ရေးစပ်ထားသည်ကိုမှ မြိုင်သည် စိတ်ဝင် စားခြင်းလည်း မရှိ။ သိလည်းမသိပေ။

“နောက်ပြီးတော့ ရှောရဲ့ ပြဇာတ်တွေထဲမှာ မြိုင့်ကိုပေးလိုက်တဲ့ပြဇာတ်ဟာ အကောင်းဆုံးပြဇာတ်တစ်ပုဒ်ပဲ။ ဒီပြဇာတ်ကိုတော့ ကိုတင်ဦး အကြိုက်ဆုံးပဲ ... မြိုင် ဖတ်ကြည့်တဲ့အခါ တွေ့ပါလိမ့်မယ်"

“ဟုတ်ကဲ့၊ နောက်တော့မှပဲ ဖြည်းဖြည်းအေးအေး ဖတ်မလားလို့အောက်မေ့ထား ပါတယ်”

“မြိုင် အဲဒီပြဇာတ်ကို ဖတ်ပြီးလို့ သဘောကျတယ်ဆိုရင်တော့ နောက်ထပ် ဘားနာဒ်ရှောရဲ့ ပြဇာတ်တွေရော၊ ဆောင်းပါးတွေကို ကိုတင်ဦး ပို့ပေးလိုက်ပါဦးမယ်။ ရှောရဲ့ပြဇာတ်တွေနဲ့ ဆောင်းပါးတွေ အကုန်လုံးလိုလို ကိုတင်ဦးစာကြည့်တိုက်မှာ စုပြီး ဆောင်းပြီး အသင့်ရှိပါတယ်”

“ကိုတင်ဦး ပေးထားတဲ့ ပြဇာတ်ကို ဖတ်ပြီးတော့မှပဲ မြိုင်

ပြောပါဦးမယ်”

ဤကဲ့သို့ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ မဟာလေးချိုးကြီးများနှင့် ပြဇာတ်ဆရာကြီး ဘားနာဒ်ရှော၏ ပြဇာတ်များအကြောင်းကိုသာ ပြောဆိုနေရသေးသည့်အခိုက် ခပ်စောစောက ကိုတင်ဦးခိုင်းစေလိုက်သော သူငယ်လေးသည် ယွန်းလင်ပန်းတစ်ချပ်ပေါ်တွင် လက်ဖက်ရည်တစ်ခွက်နှင့် လိမ္မော်အဖျော်တစ်ခွက်ကို ယူဆောင်လျက် ကိုတင်ဦး နှင့် မြိုင်တို့ စကားပြောဆိုနေကြသောအခန်းအတွင်းသို့ ဝင်လာသည်။ ထိုသူငယ်သည် ယွန်းလင်ပန်းကို စားပွဲပေါ်သို့ တရိုတသေတင်၍ ထားလိုက်ပြီးနောက် ၎င်း၏အကြီးအကဲ လုပ်သူက နောက်ထပ်၍ တစ်စုံတရာများ ခိုင်းစေလို ခိုင်းစေငြား၊ ကိုတင်ဦး၏ဘေးနှင့် မလှမ်းမကမ်းတွင် သွားရပ်၍ နေလေသည်။

“မင်းသွားနိုင်ပြီဟေ့ မောင်မြင့်”

ဟု ၎င်း၏ အကြီးအကဲလုပ်သူက လှမ်း၍ ပြောတော့မှပင် ထိုသူငယ်သည် အခန်းတွင်းမှ ထွက်သွား လေ၏။

“လိမ္မော်ရည်ကလေးသောက်လိုက်ပါဦး မြိုင်”

ဟု ပြောဆိုကာ ကိုတင်ဦးသည် လင်ပန်းထဲမှ လိမ္မော်အဖျော်ခွက်ကို မြိုင့်အားလှမ်းပေးပြီးနောက် ၎င်းအတွက် လက်ဖက်ရည်ပန်းကန်ကို ဆွဲယူကာ သောက်လေသည်။

ချက်ကောင်းကို အသာစောင့်ဆိုင်း၍ ကြည့်ရှုနေခဲ့သော မြိုင်သည် အခွင့်အရေး ပေါ်လာသည်နှင့် တစ်ပြိုင်နက်...

“ကိုတင်ဦးဆီက မြိုင် အကူအညီတောင်းချင်တာတစ်ခု ရှိတယ်”

ဟု ၎င်း၏လာရောက်ရခြင်းကိစ္စကို စလိုက်လေသည်။

“ကိုတင်ဦး တတ်နိုင်တဲ့ကိစ္စဆိုရင် မြိုင့်ကို အချိန်မရွေးကူညီဖို့ အဆင်သင့်ပါပဲ၊ ဘယ်လိုကိစ္စအတွက် အကူအညီပေးရမယ်ဆိုတာကိုသာ ပြောစမ်းပါဦး”

ကိုတင်ဦးသည် သောက်လက်စဖြစ်သော လက်ဖက်ရည်ကိုပင်

ကုန်အောင်မသောက်နိုင်သေးဘဲ ဘေးသို့ အသာအယာပြန်၍ ချထားလိုက်ရင်း ပြောဆိုလေသည်။ ၎င်းအား အားကိုးအားထားပြုကာ တကူးတကနဲ့ လာရောက်တွေ့ဆုံ၍ ဖြုန်းခနဲအကူအညီတောင်းလိုက်သော မြိုင်၏ကိစ္စကို ကိုတင်ဦးသည် ရုတ်တရက်သော် မစဉ်းစားတတ်အောင် ဖြစ်နေပုံရလေသည်။ မြိုင်သည် အဘယ်သို့သော အရေးကိစ္စအတွက် ၎င်းအား အကူအညီလာရောက်တောင်းဆို ရသနည်း။ သို့ရာတွင် မြိုင် လာရောက်အကူအညီတောင်းဆိုသောကိစ္စသည် မြိုင့်အတွက် အတော်ကလေး အရေးကြီးနေသော ကိစ္စတစ်ခုခုသာလျှင် ဖြစ်လိမ့်မည်ဟူ၍ ကား ကိုတင်ဦးသည် အကြမ်းဖျင်းလောက်အနေဖြင့် ခန့်မှန်းနိုင်ပေသည်။

"ကိစ္စကတော့ တခြားမဟုတ်ပါဘူး..၊ ကိုကိုလတ်ကိစ္စပဲ ကိုတင်ဦးရဲ့"

"ဪ .. ကိုမောင်မောင်လတ်ကိစ္စလား၊ ဒါထက် ကိုမောင်မောင်လတ်က ဘာဖြစ်နေလို့လဲ မြိုင်ရဲ့၊ ကိုတင်ဦးလည်း ဘာမှမကြားမိသေးပါလား"

"ကိုကိုလတ်နဲ့ ကိုတင်ဦး အရင်ကလို လူချင်းမကြာခဏတွေ့ မိကြသေးလားဟင်"

"တွေ့နေသားပဲ မြိုင်ရဲ့၊ နှစ်ရက်လောက်ကပဲ သူနဲ့တွေ့သေးတယ်"

"ကိုကိုလတ်အတွက်နဲ့ ပတ်သက်ပြီး မြိုင်တော့ စိတ်ညစ်လှပါပြီ ကိုတင်ဦးရယ်။ မြိုင့်မှာလည်း တကယ်တမ်းကျလာတော့ အားကိုးအားထားရမယ့်လူက မရှိလို့ ကိုတင်ဦးကိုများ သက်သက်မဲ့ လာပြီးအနှောင့်အယှက်ပေးသလိုများ ဖြစ်နေမလားမပြောတတ်ပါ ဘူး"

"မြိုင့်အတွက်ဆိုရင် ကိုတင်ဦး တတ်နိုင်သမျှ ကူညီဖို့အသင့်ရှိပါတယ်လေ။ မြိုင့်ကို ကူညီရမယ့်ကိစ္စသာ ပြောပြစမ်းပါဦး"

"ကိုကိုလတ်ကို ကိုတင်ဦး ဘယ်တော့လောက် လူချင်းတွေ့ဦးမယ်ထင်သလဲ ဟင်"

"ကိစ္စရှိလို့ သူ့ကို လူချင်းတွေ့ ချင်ရင် အလွယ်သားပဲသူ့အိမ်သွားတွေ့လိုက်ရင် တစ်နာရီထက်ပိုမကြာပါဘူး"

"ခက်တာက ကိုကိုလတ် အိမ်ကိုမပြန်တာ တော်တော်ကြာသွားပြီ

ကိုတင်ဦးရဲ့"

"အခု ကိုတင်ဦးပြောနေတဲ့ ကိုမောင်မောင်လတ်ရဲ့အိမ်က ကံဘဲ့ဘက်မှာရှိတဲ့ သူ့မိဘတွေအိမ်ကို ပြောနေတာမဟုတ်ပါဘူး။ ဘောက်ထော်ဘက်မှာ သူအခုနေတဲ့အိမ်ကို ပြောတာပါ"

"ဩ ... ကိုကိုလတ်က ဘောက်ထော်ဘက်မှာလည်း အိမ်ရှိနေသတဲ့လားဟင်၊ ..."

"ဒါကို မြိုင် မသိသေးဘူးလား"

"ဘောက်ထော်ဘက်မှာ အိမ်ရှိမှန်း သေသေချာချာမသိရသေးပေမဲ့ ကချေသည်မတစ်ယောက်နဲ့ တိတ်တိတ်ပုန်းညားနေတယ်လို့တော့ ပြောသံကြားရတယ်။ ကိုကိုလတ်ကို မြိုင်သိပ်ပြီးတွေ့ချင်နေတဲ့ကိစ္စကလည်း ဒီကိစ္စကို အမြန်ဆုံးသတိပေးစရာရှိလို့ပဲ ကိုတင်ဦးရဲ့"

မြိုင့်ထံမှစကားကို ကြားလိုက်ရသော ကိုတင်ဦးသည် အဘယ်မျှတင်းထားသော်လည်း မျက်နှာတော့ အနည်းငယ်ပျက်သွားလေသည်။ သို့ရာတွင် မြိုင်က မရိပ်မိ မသိရှိမီ သူသည် ပျက်သွားသောမျက်နှာကို ရုတ်တရက် ပြင်နိုင်လိုက်ပေသည်။ မောင်မောင်လတ်နှင့် ညားနေသည်ဆိုသော ကချေသည်မသည် ကိုတင်ဦး၏နှမ မေမေခင်ဖြစ်သည့် အကြောင်းကို မြိုင်သည် မသိပေ။ ထိုသို့မသိသောကြောင့်လည်း ယခုကဲ့သို့ မိမိအား လာရောက်ပြောကြားနေခြင်းဖြစ်သည်ကို ကိုတင်ဦးသည် ကောင်းစွာစဉ်းစားမိလေသည်။ ထို့ကြောင့် ...

"မြိုင်က ဘယ်လိုသတိပေးချင်တာများလဲဟင် ..."

ကိုတင်ဦးက ပြန်၍ မေးမြန်း ကြည့်မိသည်။

"သူနဲ့ လူချင်းတွေ့ ရတော့မှ ပြောလို့ဖြစ်လိမ့်မယ်။ အဲဒါကို ကိုတင်ဦး ကူညီပေးနိုင်ရင် သူလုပ်နေတဲ့ကိစ္စတွေကို လူကြီးတွေ အကုန်လုံးမသိခင် အမြန်ဆုံးရှင်းရှင်းလင်းလင်း ဖြစ်သွားအောင် လုပ်ဖို့မြိုင့်ကို အမြန်ဆုံးလာတွေ့ အောင် ကိုတင်ဦးက သူ့ကို ပြောပြဖြစ်အောင် ပြောပြပေးဖို့ပါပဲ"

"မြိုင်က ပြောပေးပါဆိုရင်လည်း ကိုတင်ဦး သူ့အိမ်ကို ကနေ့ညပဲ ကိုယ်တိုင်သွားပြီး ပြောပေးရတာပေါ့လေ။ မြိုင့်ကိစ္စ ဒါပဲမဟုတ်လား"

"ဟုတ်ကဲ့ ဒါပါပဲ ...၊ ကိုတင်ဦးရဲ့အလုပ်ချိန်မှာ အခုလိုလာပြီး အနှောင့်အယှက် ပေးရတဲ့အတွက်လည်း မြိုင် အများကြီးပဲအားနာပါတယ်။ တောင်းလည်း တောင်းပန် ပါတယ်။ ကိုတင်ဦးဆီကသာ ခုလိုအကူအညီမပေးရင် ကိုကိုလတ်အတွက်ရော လူကြီးတွေအားလုံးအတွက်ပါ အတော်ကလေး ခက်ကုန်ကြမှာပဲ"

"ဘယ်လိုခက်ကုန်ကြမှာလဲ မြိုင်ရဲ့"

"ကိုကိုလတ် အခုလို ကချေသည်မတစ်ယောက်ကို တိတ်တိတ်ပုန်းယူထားတဲ့ ကိစ္စကို လူကြီးတွေ အခုထက်ထိတော့ တိတိလင်းလင်းမသိကြသေးဘူး။ ဒီလို ကိုကိုလတ် တိတ်တိတ်ပုန်းလုပ်ထားတဲ့ကိစ္စတွေကို လူကြီးတွေမသိခင် သူ့ဘာသာသူ အမြန်ဆုံး ရှင်းရှင်းလင်းလင်းနဲ့ ပြတ်ပြတ်စဲစဲလုပ်ပစ်လိုက်ဖို့ အရေးကြီးနေတယ်။ ဒီလိုမှမလုပ်နိုင်လို့ တစ်နေ့ လူကြီးတွေသာ သိကုန်ကြရင် အကုန်လုံး ကိုးရိုးကားရားဖြစ်ကုန်ကြလိမ့် မယ်"

"ကိုမောင်မောင်လတ်ဟာ ငယ်တဲ့ကလေးတစ်ယောက်မှ မဟုတ်တော့တာဘဲ မြိုင်ရယ်၊ သူလုပ်ထားတဲ့အလုပ်ကိုတော့ သူ့ဘာသာသူ သိပြီးနားလည်ပြီးဖြစ်ပါလိမ့်မယ်"

"ကိုကိုလတ်နဲ့ လဲ့လဲ့တို့ စေ့စပ်ထားတဲ့ကိစ္စကို ကိုတင်ဦးသိချင်မှသိမယ်"

"ကြားဖူးသလိုတော့ ရှိသားပဲ မြိုင်ရဲ့"

"ဒီလို နှစ်ဦးနှစ်ဖက် လူကြီးတွေဟာ တစ်ဦးနဲ့တစ်ဦး မကင်းရာမကင်းကြောင်း တွေမို့လို့ လူငယ်တွေကို စေ့စပ်ထားတဲ့ကြားထဲက ကိုကိုလတ်က ခုလို ကချေသည်မ တစ်ယောက်ကို တိတ်တိတ်ပုန်းယူထားတဲ့ကိစ္စကိုသာ လဲ့လဲ့တို့ဘက်ကသာ သိများသွားကြရင် တစ်သက်လုံးက ပေါင်းသင်းလာခဲ့ကြတဲ့ လူကြီးတွေအချင်းချင်းလည်း မျက်နှာပျက်ကုန်ကြရမယ့်အပြင် သူ့ကို ဒီအထိမိုက်ရမလား၊ မသိတတ်ကောင်းလားဆိုပြီး ကိုကိုလတ်မိဘတွေကပါ

စိတ်ဆိုးပြီး ပစ်ထားလိုက်ကြမှာပဲ”

“ကိုမောင်မောင်လတ်မှာလည်း လက်နဲ့ခြေနဲ့ပဲမဟုတ်လား မြိုင်ရဲ့၊ သူ့မိဘတွေက ပစ်ထားလိုက်တော့ကော သူ့ဘာသာသူ လုပ်ကိုင်မစားနိုင်တော့ဘူးလား”

“ကိုကိုလတ်ကို သူ့မိဘများက တစ်ပြားတစ်ချပ်မှမပေးတော့ဘဲ စွန့်ပစ်လိုက်တဲ့ တစ်နေ့မှာ သူ့ကို ခုလို သာနေတုန်း လက်ခံထားတဲ့ ကချေသည်မက ခုလိုဆက်ပြီး လက်ခံနေလိမ့်ဦးမယ်လို့ ကိုတင်ဦးက ထင်သလား။ ကချေသည်မတို့၊ ဇာတ်သမတို့ဆိုတာတွေဟာ ယောကျ်ားတစ်ယောက်ကို ပိုင်းဖို့၊ နှပ်ဖို့လောက်သာ များပါတယ်။ ဒီလို ပြောလိုက်တဲ့အတွက်လည်း မြိုင့်ကို မိန်းမချင်းမစာဘဲ ပြောတယ်လို့လည်း မထင်စေချင်ပါဘူး"

“ကိုမောင်မောင်လတ်နဲ့ ယူထားတဲ့ကချေသည်မကိုကော မြိုင် တွေ့ဖူးမြင်ဖူးသလား"

“ မတွေ့ဖူးမမြင်ဖူးပါဘူး၊ ဒါပေမဲ့ မညားခင်ကတည်းက ကိုကိုလတ် မကြာခဏပြောပြလို့ မြိုင် ကြားဖူးသလောက် ကြားဖူးပါတယ်”

“ကိုတင်ဦးကြားရသလောက်တော့ ကိုမောင်မောင်လက်နဲ့ ညားနေတဲ့ ကချေသည် မဟာ တစ်လတစ်လကို ဝင်ငွေထောင့်ငါးရာက နှစ်ထောင်လောက်အထိ ရှိတယ်ဆိုပဲ မြိုင်ရဲ့"

“ဝင်ငွေ ဘယ်လောက်ပဲကောင်းကောင်း၊ ကချေသည်မဟာ ကချေသည်မပါပဲ ကိုတင်ဦးရယ်။ ရှေးတုန်းကဆိုရင် ဖက်ခွက်စားလို့တောင် ခေါ်ကြသေးတာပဲ"

“ကိုတင်ဦးပြောချင်တာက မြိုင် စိုးရိမ်နေပုံရသလို ကိုမောင်မောင်လတ်ကို သူ့ မိဘတွေက တစ်ပြားတစ်ချပ်မှမပေးကြ မကမ်းကြတဲ့တစ်နေ့မှာ သူ့ကချေသည်မရဲ့ဝင်ငွေနဲ့ စားနိုင်သောက်နိုင်တဲ့အကြောင်းကို ပြောချင်လို့ပါ”

“လဲ့လဲ့လို မျိုးကောင်းဆွေကောင်း မိန်းကလေးတစ်ယောက်ကိုပစ်ပြီး ဘာမဟုတ်တဲ့ ကချေသည်မတစ်ယောက် ယူထားတာကိုလည်း တစ်လဘယ်လောက်ပဲ ဝင်ငွေ ကောင်းနေ ကောင်းနေ

မြိုင်ကိုယ်တိုင်ကလည်း ဘယ်နည်းနဲ့မှ သဘောမကျနိုင်ဘူး ကိုတင်ဦး”

“ဒါဖြင့်လည်း ကိုတင်ဦးက မြိုင့်အတွက် ဆောင်ရွက်ပေးရမယ့်ကိစ္စကတော့ ကိုမောင်မောင်လတ်ဆီကို မရောက်ရောက်အောင်သွားပြီး အင်မတန်အရေးကြီးတဲ့ ကိစ္စ တစ်ခုအတွက် ပြောစရာရှိနေလို့ မြိုင့်ကို အမြန်ဆုံးလာတွေ့ပါဆိုတဲ့အကြောင်းကို ပြောပြပေးဖို့ပဲပေါ့၊ ဟုတ်လား မြိုင် …”

“အရေးကြီးတဲ့ကိစ္စလို့ ပြောရုံနဲ့ သူက ယုံချင်မှယုံလို့ မြိုင့်ဆီကို လာချင်မှလာမှာ ကိုတင်ဦးရဲ့"

“အဲဒီတော့ … ဆိုစမ်းပါဦး ..

“သူ ခုလို ကချေသည်မတစ်ယောက်နဲ့ ယူနေတဲ့ကိစ္စကို လူကြီးတွေရိပ်မိသလောက် ရိပ်မိပြီး ဟိုစုံစမ်း ဒီစုံစမ်းလုပ်နေကြတဲ့အကြောင်း ပြောစရာရှိလို့ မြိုင့်ကို အမြန်ဆုံး လာတွေ့ဖို့သာ ဖွင့်ပြောလိုက်ပါ ကိုတင်ဦး"

"ဒီလိုဆိုရင်လည်း စိတ်သာချသွားပါ မြိုင်၊ ကိုမောင်မောင်လတ်အိမ်ကို ကနေ့ ညနေ အလုပ်ဆင်းရင်ဆင်းချင်း ကိုတင်ဦးကိုယ်တိုင် အရောက်သွားပြီး အခု မြိုင်ပြောပြတာတွေကို အကုန်လုံးပြောပြလိုက်ပါ့မယ်။ မြိုင့်ကို အမြန်ဆုံးလာတွေ့ဖြစ်အောင် ကိုမောင်မောင်လတ်ကိုလည်း တိုက်တွန်းလွှတ်လိုက်ပါ့မယ်”

“ကျေးဇူးတင်ပါတယ် ကိုကင်ဦး"

“လူဆိုတာ တစ်မိတည်းပေါက်၊ တစ်အိမ်ထောင်သားတွေချည်းဖြစ်ကြလို့ တစ်ဦးကိုတစ်ဦးက တတ်နိုင်သလို၊ အလျဉ်းသင့်သလို ကူညီရတာကို ကျေးဇူးတင်စရာ လိုလိမ့်မယ်တော့ ကိုတင်ဦး မထင်ပါဘူး မြိုင်"

ရွှေတောင်ကြားဘက်သို့ ပြန်ရန်အတွက် ပြည်သူ့အလင်းသတင်းစာတိုက်ပေါ်မှ ပြန်ဆင်းလာသောအခါ မြိုင်သည် အိမ်မှထွက်လာစတုန်းကနှင့် မတူတော့ဘဲ များစွာ ကြည်လင်ပေါ့ပါးလျက်ရှိလေသည်။

အခန်း[၁၀]

(က)

မိမိက အလွန်တရာတွေ့ လိုလျက် အင်မတန်အရေးကြီးသောကိစ္စအတွက် စကားပြောကြားရန် ရှိပါသည်ဆိုသော မောင်မောင်လတ်အား မိမိထံသို့ အမြန်ဆုံးလာရောက် တွေ့ဆုံအောင် သွားရောက်၍ ပြောကြားပေးပါမည်ဟူသော အာမခံချက်စကားကို ကိုတင်ဦးထံမှ ရရှိလာခဲ့ပြီးသည့်နောက် အိမ်သို့ပြန်ရောက်သောအခါ ကြီးမားသော ဝန်ထုပ် ဝန်ပိုးကြီးတစ်ခုကို လျှော့ချလိုက်ရသည့်ပမာ မြိုင်သည် များစွာပေါ့ပါးကြည်လင်၍ သွားလေသည်။ ရက်ပေါင်းအတန်ကြာမျှ မိမိ၏ကိစ္စထက် အစ်ကိုမောင်မောင်လတ်၏ကိစ္စ အတွက် စိတ်အနှောင့်အယှက်ဖြစ်ကာ ထိုင်းထိုင်းမှိုင်းမှိုင်းဖြစ်နေခဲ့ရသော မြိုင်သည် အိမ်သို့ပြန်၍ ရောက်လျှင်ရောက်ချင်း ရေမိုးချိုး၍ အဝတ်အစားများလဲကာ ဧည့်ခန်းဆောင်ရှိ စန္ဒရားဆီသို့ လျှောက်လာခဲ့သည်။ မတီးမခတ်ဘဲ ပစ်ထားသည်မှာ ရက်ပေါင်း အတော်ကလေးကြာသွားပြီဖြစ်၍ ဖုံများလိမ်းကျံနေသော စန္ဒရားအဖုံးကိုဖွင့်ကာ ရုတ်တရက် စိတ်ကူးရရာ အကွက်ကလေးများကို မြိုင်သည် တို့ခနန်း ဆိတ်ခနန်း လျှောက်၍ စမ်းကြည့်နေမိသည်။

စန္ဒရားအသံမှာ ကျယ်လှသည်မဟုတ် ခပ်တိုးတိုးခပ်အုပ်အုပ်ဖြစ်သည်။

မီးဖိုချောင်ဘက်တွင် မိမိသောကနှင့် မိမိ ဆေးပြင်းလိပ်တိုကိုဖွာရင်း ငိုင်နေသော ဒေါ်လေးဒေါ်စောခင်သည် မြိုင်၏ စန္ဒရားသံကို ကြားလိုက်ရသောအခါ မီးဖိုချောင်ဘက်မှ ထလာပြီးလျှင် မြိုင် စန္ဒရားတီးနေသော ဧည့်ခန်းဘက်ဆီသို့ ခပ်ဖြည်းဖြည်းလျှောက်လာသည်။ ဒေါ်စောခင်သည် ဧည့်ခန်းမကြီး၏ တံခါးအကွယ်၌ရပ်ကာ မြိုင် စန္ဒရားတီးနေသည်ကို မျက်မှောင်ကုတ်၍ စူးစိုက်ကြည့်နေသည်။ စန္ဒရားစမ်းရာ၌ လက်တွေ့နေသော မြိုင်သည် မိမိအား တံခါးဝနောက်ကွယ်မှနေ၍ မျက်မှောင်ကုတ်ကာ စူးစိုက်ကြည့်နေသော ၎င်း၏ဒေါ်လေး ဒေါ်စောခင်ကို မမြင်ပေ။

စန္ဒရားကို စမ်းရာ၌ လက်တွေ့ လျက်ရှိသော မြိုင်၏လက်သံသည် စောစောက ကဲ့သို့ တို့ခနန်း၊ ဆိတ်ခနန်းလောက်သာမဟုတ်တော့ဘဲ

တစ်စထက်တစ်စ မသိမသာ ကျယ်လောင်၍ လာလေသည်။ လက်လည်းသွက်၍ လာလေသည်။

ယနေ့ညနေ စန္ဒရားတီးရာ၌ လက် အင်မတန်တွေ့လှသည်ဟု မြိုင်က ထင်လေသည်။ မြိုင်သည် ဆယ်မိနစ်နီးပါးခန့်မျှ စန္ဒရားကို လျှောက်၍ စမ်းနေခဲ့ပြီးနောက် သီချင်း တစ်ပုဒ်ကိုတီးရန် စိတ်ကူးရလာသကဲ့သို့ ဘွဲ့ကိုခံလေသည်။ ဘွဲ့ခံ၍ ဆုံးသည်နှင့် တစ်ပြိုင်နက် စိန်ငွေလျှံပတ်ပျိုးကို စတင်တီးခတ်လေသည်။

စိန်ငွေလျှံပတ်ပျိုးသည် ခြောက်ပေါက်သံဖြစ်၍ တီးခတ်သူကိုဖြစ်စေ၊ ကြားနာရသူကိုဖြစ်စေ များစွာတက်ကြွစေသော သီချင်းတစ်ပုဒ်ဖြစ်ပေသည်။

"ဆွတ်ယူ ... ချွေ ... ဖိုမသံ ကြွေး၊ ငှက်ကျေးငယ် ကြေညာသလေး" အပိုဒ်သို့ ရောက်သောအခါ စန္ဒရားသံသည် အိမ်ကြီးတစ်ခုလုံးကိုပင် လွှမ်းမိုး၍ သွားတော့မည့်ပမာ
မြည်ဟည်းလျက်ရှိလေသည်။

ဘိလပ်၌ ဝတ်လုံအတတ်ကို သွားရောက်သင်ကြားလျက်ရှိသော သားဖြစ်သူ မောင်ဇော်ဝင်းထံမှ ၎င်းဘိလပ်သူတစ်ဦးနှင့် လက်ထပ်ပြီးစီးသွားပြီဖြစ်သည့်အကြောင်း နှင့် မကြာမီအတွင်း မြန်မာနိုင်ငံသို့ ပြန်လာတော့မည်ဖြစ်သည့်အကြောင်း ရေးသားလိုက်သောစာကို ဖတ်ရှုကာ အိမ်အပေါ်ထပ်တွင် တစ်ယောက်တည်းကျိတ်၍ စိတ်မချမ်းမသာ ဖြစ်နေသော မြိုင်၏ဖခင်သည် မြိုင်၏စန္ဒရားသံကို မခံမရပ်နိုင်တော့သည့်ပမာ အိမ်အပေါ်ထပ်မှ ဖြည်းညင်းစွာဆင်းလာခဲ့ပြီးနောက် လှေကားတစ်ဝက်တွင်ရပ်လျက် စန္ဒရားတီးနေသော သမီးဖြစ်သူအား အထူးအဆန်းသဖွယ် စူးစိုက်၍ ကြည့်နေလေသည်။

မြိုင်ကတော့ ၎င်းတီးခတ်လျက်ရှိသော စိန်ငွေလျှံပတ်ပျိုးနှင့်အတူ ပျော်ပါးလျက် ရှိနေခဲ့သည့်အတွက် ဖခင်လုပ်သူကိုလည်း သတိမထားမိပေ။

"တိမ်ဦးငယ်တည့် လေ တွေဆင် ... နယ်တည့်သာ နယ်ရှစ်ခွင်" ဟူသော အပိုဒ်ကို စိတ်လိုက်မာန်ပါ ခပ်ကြမ်းကြမ်း တီးခတ်လျက်ရှိလေသည်။

မြိုင်၏ဖခင်သည် သမီးလုပ်သူအား အတန်ကြာမျှ စူးစိုက်ကြည့်ရှုနေပြီးမှ ၎င်း၏ ဦးခေါင်းကို သုံးလေးကြိမ်မျှ ဖြည်းညင်းစွာ ညိတ်လိုက်ပြီးနောက် ချာခနဲလှည့်ကာ အိမ်အပေါ်ထပ်သို့ ဖြည်းညင်းစွာပြန်၍ တက်သွားသည်။

၎င်း၏အစ်ကိုလုပ်သူ အိမ်ပေါ် ပြန် တက်သွားတော့မှပင် လှမ်း၍ မြင်လိုက်မိဟန်ရှိသော ဒေါ်စောခင်သည်လည်း ချာခနဲလှည့်ကာ မီးဖိုချောင်ဘက်သို့ ပြန်ထွက်လာခဲ့လေသည်။

အိမ်တွင်ရှိကြသော လူကြီးနှစ်ယောက်က မိမိ စန္ဒရားတီးနေသည်ကို လာရောက် ကြည့်ရှုကြသည်ကိုလည်းကောင်း၊ ကြည့်ရှုပြီးနောက် ပြန်လှည့်၍ ထွက်သွားကြသည်ကို လည်းကောင်း၊ ဘာမှမသိလိုက်သော မြိုင်သည် စိန်ငွေလျှံပတ်ပျိုးကို အဆုံးသတ်အထိ တီးခတ်သွားမြဲသွားလေသည်။ ပတ်ပျိုးဆုံးသောအခါ သဖြန်တစ်ပုဒ်နှင့်သီချင်းကို ချလိုက်လေသည်။

စန္ဒရားအဖုံးကို ပြန်ပိတ်လိုက်ပြီးနောက် ဧည့်ခန်းမှထွက်ကာ ပန်းခြံထဲသို့ဆင်းလာသော အချိန်၌ကား အတော်ကလေးပင် မှောင်စပျိုးလျက်ရှိလေပြီ။ ကိုသက်တင်လာ၍ ပန်းခြံထဲ၌ တစ်ယောက်နှင့်တစ်ယောက် စကားပြော အခန့်မသင့်ဖြစ်ခဲ့ကြသောနေ့မှစ၍ မြိုင်သည် အိမ်ပေါ်မှ ပန်းခြံထဲသို့ မရောက်ခဲ့ပေ။ ထို့ကြောင့် မတွေ့ရသည်မှာ ရက် အတန်ကြာသွားပြီဖြစ်သော အချစ်တော် နှင်းဆီပန်းများအကြားသို့ တိုးဝှေ့ဝင်ရောက်ကာ မြိုင်သည် နှင်းဆီပင်များကို လိုက်လံကြည့်ရှုနေပေသည်။ စိတ်လက်ပေါ့ပါးကြည်လင်လျက်ရှိသဖြင့် ပန်းပင်များအကြား၌ လှည့်ပတ်ကြည့်ရှုရင်း အချိန်သည် နာရီဝက်နီးနီး ကုန်၍ သွားသည်။

မြိုင်သည် ခါတိုင်း ညစာစားနေကျအချိန်ကို မေ့လျော့လျက်ရှိသဖြင့် ဒေါ်လေး ဒေါ်စောခင်ကပင် မယ်အေးကိုလွှတ်၍ ထမင်းစားအခေါ်ခိုင်းရလေသည်။

အေး... အေး... ငါလာခဲ့မယ်” ဟု မယ်အေးအားပြောဆိုလွှတ်လိုက်ပြီးနောက် မြိုင်သည် နောက်မှခပ်အေးအေး ခပ်ဖြည်းဖြည်းလိုက်လာခဲ့သည်။

ပန်းပင်များအကြားမှ မြိုင်ထွက်လာသောအချိန်၌

မြိုင်တို့အိမ်ဝင်းအတွင်းသို့ အော်စတင်ကားကလေးတစ်စီးသည် မောင်း၍ ဝင်လာသည်။ ကား၏မီးရောင်ကိုသာမြင်ရပြီး ကားကို ကောင်းစွာမမြင်ရသောကြောင့် ဘယ်သူဘယ်ဝါ၏ကားဖြစ်သည်ကို မြိုင်သည် ရုတ်တရက်မသိပေ။ ထို့ကြောင့် အိမ်ပေါ်သို့မတက်သေးဘဲ အိမ်ရှေ့လှေကားရင်းတွင်ရပ်ကာ အိမ်ထဲသို့ဝင်လာသော မော်တော်ကားကို အကဲခတ်ကြည့်ရှုနေမိသည်။ အိမ်ရှေ့ဆင်ဝင်အောက်၌ ကားကိုရပ်လိုက်သည်နှင့် တစ်ပြိုင်နက်...

"ဟေး ... မြိုင်"

ဟူသော မောင်မောင်လတ်၏ခေါ်သံကို ကြားလိုက်ရသည်။

ရုတ်တရက်ဖြစ်နေ၍ မြိုင်သည် အံ့အားသင့်နေသည်။ မောင်မောင်လတ်အား ယခုလောက် မြန်မြန်ဆန်ဆန်ရောက်လာလိမ့်မည်ဟူ၍ မြိုင်သည် အနည်းငယ်မျှ မျှော်လင့်ခြင်းမရှိခဲ့ပေ။ ကိုတင်ဦးက ယနေ့ညနေ အလုပ်မှအပြန်တွင် သွားရောက်ပြောကြားသည့်တိုင်အောင် မောင်မောင်လတ်သည် ညတွင်းချင်းလာရောက်လိမ့်ဦးမည်မဟုတ်ဘဲ မနက်ဖြန်နေ့လယ်၊ နေ့ခင်းလောက်မှ ပေါ်လာကောင်း ပေါ်လာလိမ့်မည်ဟု မြိုင်က မှန်း ထားခဲ့သည်။ သို့ရာတွင် မမျှော်လင့်မထင်မှတ်ဘဲ ညတွင်းချင်းပင် မောင်မောင်လတ် ရောက်ရှိလာသောအခါ မြိုင်သည် ရုတ်တရက် ဘာပြော၍ ဘာဆိုရမည်ကို မစဉ်းစားမိဘဲ အံ့အားသင့်ကာ ငေးမောကြည့်ရှုနေခြင်းပင်ဖြစ်လေသည်။

မောင်မောင်လတ်သည် ကားတံခါးကို ဖွင့်၍ ဆင်းလာလျှင်လာချင်း ရှေးဦးစွာ မြိုင်၏နဖူးကို လက်သီးဖြင့် မနာ့တနာကလေး ထုလိုက်လေသည်။ မြိုင့်အပေါ် တစ်စုံတရာ မကျေမနပ်ဖြစ်သောအခါတိုင်း မောင်မောင်လတ်သည် နှမငယ်ဖြစ်သော မြိုင့်အား ဤကဲ့သို့ နဖူးကို လက်သီးဖြင့် မနာမကျင်ထုတတ်သော အလေ့ရှိသည်။ ဤအလေ့အကျင့်မှာလည်း ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက အလေ့အကျင့်ဖြစ်လေသည်။

"ကိုကိုလတ်လာရင် ဒီလိုချည်းပဲ"

ဟု မြိုင်က စိတ်ကောက်သလို အမူအရာဖြင့် ပြန်ပြောလိုက်သည်။

အိမ်ရှေ့တွင် ကားရပ်သံကို ကြားလိုက်ရ၍ ကြည့်ရှုရန်အတွက် အိမ်ထဲမှ ထွက်လာခဲ့သော ဒေါ်စောခင်သည် မောင်မောင်လတ်ကို မမျှော်လင့် မထင်မှတ်ဘဲတွေ့လိုက်ရသောအခါ...

"ဟဲ့ မောင်မောင်လတ်ပါလား ... မင်းကိုငါ ပြောစရာရှိတုန်း ပေါ်လာတာ အခန့်သင့်ပဲဟေ့"

ဟု လှမ်း၍ ပြောဆိုလိုက်လေသည်။

"ဒေါ်လေးပြောစရာရှိတာ နောက်မှပြောတော့ ဒေါ်လေး .... ဟောဒီ မိမြိုင်နဲ့ ကျွန်တော်နဲ့ နှစ်ယောက်ချင်း ရှင်းရမယ့်ကိစ္စတွေရှိနေသေးလို့ "

ဟု မောင်မောင်လတ်က ပြန်ပြောလိုက်သည်။

"မင်း ထမင်းမစားခဲ့ရသေးရင် ဒီမှာစားသွားပါလားဟင် မောင်လတ်"

ဟု ဒေါ်လေး ဒေါ်စောခင်က လှမ်း၍ ပြောနေသည့်တိုင်အောင် မောင်မောင်လတ်သည် မြိုင်နှင့် ရှင်းလင်းပြောကြားရန်ရှိနေသော ကိစ္စအတွက်သာ စိတ်စောလျက်ရှိနေသဖြင့် ကြားမိဟန်မရှိတော့ပေ။

❦ ❦ ❦

မိမိအပေါ်၌ အတော်ကလေး မကျေမနပ်ဖြစ်ကာ စိတ်ကောက်နေသော နှမလုပ်သူအား အေးအေးဆေးဆေးနှင့် လွတ်လွတ်လပ်လပ် စကားပြောဆိုရန်အတွက် မောင်မောင်လတ်သည် အိမ်နှင့် အတော်ကလေးလှမ်းသော စံပယ်ရုံကြီးဘက်ဆီသို့ ချော့မော့၍ ခေါ်ဆောင်လာခဲ့လေသည်။

စံပယ်ရုံဘေး၌ ခုံတန်းလျားကလေးတစ်ခု ရှိလေသည်။ ခုံတန်းလျားပေါ်၌ ထိုင်မိကြသောအခါ မောင်မောင်လတ်သည် မိမိက ပြောကြားရန်ရှိသောစကားကို နောက်တော့မှပင် ပြောတော့မည်ဟု ဆုံးဖြတ်ကာ ရှေးဦးစွာ မြိုင်က ပြောဆိုရန်ရှိသောစကားကို ကြားနာရန်အတွက်… "

ကိုင်း ကိုလတ်ကို အရေးတကြီးအခေါ်လွှတ်လိုက်တဲ့ကိစ္စကို ပြောပြစမ်းပါဦး ..”

ဟု စတင်၍ မေးမြန်းလိုက်သည်။

“ကိုကိုလတ် လုပ်နေတဲ့ကိစ္စကို မြိုင်က ပြောပြနေစရာ ဘာလိုသေးတော့သလဲ”

ဟု မြိုင်က မကျေမချမ်းပြောဆိုလိုက်လေသည်။

“ကိုလတ်က ဘာအလုပ်တွေကိုများ မတရားသဖြင့် လုပ်နေကိုင်နေလို့တုံး မြိုင်ရဲ့..ပြောပဲ ပြောစမ်းပါဦး"

“တော်စမ်းပါတော့ ကိုကိုလတ်ရယ်.. ကိုကိုလတ် လုပ်နေကိုင်နေတဲ့အလုပ်တွေကို မြိုင် ဘာမှမသိဘူးလို့များ အောက်မေ့နေသလား”

“ကိုလတ် လုပ်နေကိုင်နေတဲ့အလုပ်ဆိုတာ ဘာကိုဆိုချင်တာများလဲ မြိုင်ရဲ့”

“ဘောက်ထော်ဘက်မှာ အိမ်တစ်လုံးဝယ်ပြီး ဇာတ်သမတစ်ယောက်နဲ့ တိတ်တိတ်ပုန်းညားနေတဲ့ အလုပ်အကိုင်ကိုပေါ့”

မျက်နှာအနည်းငယ်ပျက်သွားသည်ကို မောင်မောင်လတ်သည် မြိုင်မရိပ်မိ၊ မသိရှိမီ ပြန်ပြင်လိုက်လေသည်။

"ဒါတွေကို မြိုင် အကုန်လုံးသိပြီးပြီပေါ့ ဟုတ်လား မြိုင် ... "

"မြိုင်တစ်ယောက်တည်းမဟုတ်ဘူး
ကိုကိုလတ်၊ ကိုကိုလတ်မေမေရော၊ ဒေါ်လေး ဒေါ်စောခင်ရာ၊ ကိုသက်တင်ပါ သိနေကြပြီ။ နောက်ပြီးတော့ လဲ့လဲ့တို့ဖေဖေလည်း တော်တော်ကလေး ရိပ်မိနေပြီလို့ ကိုသက်တင်က လာပြောသွားတယ်။ ကိုကိုလတ်ကိစ္စကို မသိကြသေးတဲ့လူဆိုလို့ မြိုင့်ဖေဖေရယ်၊ ကိုကိုလတ်ဖေဖေရယ်၊ အစ်ကိုကြီးကိုသက်ထွန်းရယ်၊ လဲ့လဲ့တို့ပဲ ကျန်တော့တယ်။ ဒါတောင် ဘေးလူတွေက အင်မတန်ဖုံးနိုင်ဖိနိုင်လို့ မသိကြသေးတာပဲ"

"လဲ့လဲ့တို့မေမေကော သိနေမှာကိုး။ ဒီလိုသိနေရင်လည်း အကောင်းသားပဲလေ"

"ကိုကိုလတ် ဘယ်လိုစကားပြောလိုက်တာလဲ"

"သိသွားရင်လည်း နားဖောက်ပြီးသား ဖြစ်သွားတာပေါ့"

"တော်စမ်းပါ ကိုကိုလတ်ရယ်၊ အခု ကိုကိုလတ်လုပ်ထားတဲ့ကိစ္စနဲ့ပတ်သက်ပြီး လူကြီးတွေရော၊ လူငယ်တွေပါ ဘယ်လောက်စိတ်မချမ်းမသာဖြစ်နေရပြီလဲ"

"ကိုလတ်ကိစ္စအတွက်နဲ့ လူကြီးတွေရော၊ လူငယ်တွေရော စိတ်မချမ်းမသာဖြစ် နေကြသတဲ့လား၊ အဲဒီအထဲမှာ မြိုင်တစ်ယောက်ကော ပါသေးသလားဟင်"

"မြိုင့်ကို စိတ်မတို တိုအောင်ပြောမနေပါနဲ့ ကိုကိုလတ် ..."

"အသက်အရွယ်ရောက်နေတဲ့ လူတစ်ယောက်ဟာ သူ့တစ်သက်လုံး ပေါင်းသင်းသွားရမယ့်မိန်းမကို သူ့သဘောနဲ့သူ ရွေးလိုက်တဲ့အတွက် ဘေးက စိတ်မချမ်းမသာ ဖြစ်နေကြရတယ်လို့ဆိုတဲ့လူတွေကို စိတ်ချမ်းသာလာကြအောင် ကိုလတ်က ဘာလုပ်ပေးစေချင်ကြသတဲ့လဲ

မြိုင်ရဲ့"

"လဲ့လဲ့ဟာ ဘယ်လောက်သနားစရာကောင်းသလဲဆိုတာ ကိုကိုလတ် စဉ်းစားတတ်ဖို့ကောင်းပါသေးတယ်"

"လဲ့လဲ့ကိုတော့ သနားပါရဲ့၊ သူ့အမေ ဒေါ်မိမိခင်ကြီးက လည်လွန်း၊ နပ်လွန်းလှတာကိုလည်း ထည့်စဉ်းစားရသေးတယ် မြိုင်ရဲ့။ ဒီလိုမိန်းမကြီးမျိုးကိုတော့ ကိုလတ် ယောက္ခမတော်ရမှာ ရှက်တယ်"

"နောက်ပြီးတော့ အစ်ကိုကြီးကိုသက်ထွန်းမျက်နှာလည်း ရှိသေးတယ် ကိုကိုလတ်"

"အစ်ကိုကြီး ကိုသက်ထွန်းကိုတော့ အားနာပါရဲ့၊ ဒါပေမဲ့ သူ့အမေကြီး ခြယ်လှယ်သမျှ ခံရမယ့်သမက်လုပ်ရမှာကိုတော့ ကြောက်လွန်းလို့ပါ မြိုင်ရယ် ..."

"ပြီးတော့ သူတို့လူကြီးတွေ စီမံထားတဲ့ကိစ္စကို မနာခံဘဲ ကိုကိုလတ် ထင်ရာ မြင်ရာ လုပ်လိုက်မယ်ဆိုရင် ကိုကိုလတ်ဖေဖေနဲ့ မေမေက ကိုကိုလတ်ကို အရင်ကလို ပေးကြကမ်းကြမှာတဲ့လား။ အဘက်ဘက်က စဉ်းစားပြီးလုပ်ဖို့လိုတယ်နော် ကိုကိုလတ်"

"သူတို့က ဖြတ်လိုက်ကြတော့ကော ကိုလတ်က အရေးမထားလှဘူး၊ ကိုလတ်မိန်းမက တစ်လတစ်လကို တစ်ထောင်ကျော်လောက် ဝင်ငွေရှိနေသားပဲ"

"ကိုကိုလတ် တစ်ပြားမှမထုတ်နိုင်တဲ့တစ်နေ့ကျတော့ ကိုကိုလတ်ဇာတ်သမကကော ကြည်ဖြူလိမ့်ဦးမယ်များ ထင်နေသလား ..."

"ဒါကတော့ မေခင့်ကို မြိုင် စော်ကားရာကျမနေဘူးလား"

"အခုခေတ် ဇာတ်သမတွေဟာ ဘယ်လိုအစားတွေထဲကဆိုတာလောက်တော့ မြိုင်လည်းသိပါသေးတယ် ကိုကိုလတ်ရယ်၊ ကိုကိုလတ် ဇာတ်သမကိုချည်း သိပ်ဂုဏ် မတင်နေစမ်းပါနဲ့"

"မေခင့်ကို ခုလိုမြိုင်က ပြောလိုက်ဆိုလိုက်လို့ ကိုလတ်က နာပြီးပြောနေတယ်လို့တော့ မထင်နဲ့ မြိုင်။ မြိုင်က ဇာတ်သမလို့ခေါ်နေတဲ့

အနုပညာသည်တွေဟာ သူတို့ အတတ်ပညာနဲ့ သူတို့ဝမ်း သူတို့ကျောင်းနေနိုင်တာကို အထင်သေးရင် မှားလိမ့်မယ်"

"ကိုကိုလတ် အနုပညာသည်မအကြောင်း တော်ပါတော့။ ကိုကိုလတ် အခုလုပ်ထား ကိုင်ထားတဲ့ကိစ္စကိုသာ အမြန်ဆုံးပြင်ပစ်လိုက်ဖို့ ကိုယ့်မောင်ကောင်းစားချမ်းသာတာ ကြည့်လိုမြင်လိုတဲ့ နှမတစ်ယောက်အနေနဲ့ မြိုင်က ခုလိုမှာပြီး သတိပေးရတာပဲလေ။ ဒါကိုမှ ကိုကိုလတ်က လက်မခံနိုင်ဘူးဆိုရင် မြိုင့်အဖို့ ဝမ်းနည်းရုံအပြင် တခြားဘာမှ တော့ မရှိပါဘူး"

"မြိုင်ပြောတဲ့ ဇာတ်သမကို ယူရင် ကိုလတ်ဆင်းရဲမှာစိုးလို့ ခုလိုသတိပေးရအောင် တခြားလူတစ်ယောက်ယောက်ကို အခေါ်မခိုင်းဘဲ ကိုတင်ဦးကို တမင်ရွေးပြီး အခေါ်ခိုင်းတာကိုတော့ ကိုလတ် ဘာပြောရမှန်းတောင် မသိတော့ပါဘူး မြိုင်ရယ်"

"ကိုကိုလတ်ရဲ့အပေါင်းအသင်းတွေထဲက ကိုတင်ဦးတစ်ယောက်ကိုပဲ မြိုင်လည်း စဉ်းစားမိလို့ သူ့ကို တကူးတကန့် သွားတောင်းပန်ပြီး အခေါ်ခိုင်းလိုက်တာပဲလေ"

"ကိုတင်ဦးကိုကော မြိုင် ဘာတွေများ ဒီ့အပြင် မှာလိုက်ပြောလိုက်သေးသလဲဟင်"

"အခု ကိုကိုလတ်ကိုပြောပြခဲ့တာတွေကိုပဲ သူ့ကို အကျိုးအကြောင်းပြောပြပြီး အခေါ်ခိုင်းလိုက်ရတာပေါ့"

"မခင့်အကြောင်းတွေများ ဘာတွေလျှောက်ပြောလိုက်သေးသလဲ"

"အခု ကိုကိုလတ်ကိုပြောပြခဲ့တဲ့အတိုင်း အကုန်လုံးပြောပြရတာပေါ့"

"ဟိုက်"

"ဘာဖြစ်လို့လဲဟင် ... ကိုကိုလတ်"

"တယ်လည်း မိုက်လိုက်ပါကလား မြိုင်ရယ်"

"ဘာဖြစ်လို့တုံး ကိုကိုလတ်ရဲ့"

"မြိုင် ဘာမှမသိသေးဘူးထင်တယ်"

"ဘယ်ဟာကိုလဲ ကိုကိုလတ်"

"ကိုလတ် အခုယူထားတဲ့ မေခင်နဲ့ ကိုတင်ဦးဟာ မောင်နှမအရင်းတော်ကြတယ် ဆိုတာလေ"

"ဟင် ကိုတင်ဦးနဲ့ မေခင်နဲ့ မောင်နှမအရင်းတော်တယ် ဟုတ်လား ကိုကိုလတ်"

မြိုင်၏မျက်နှာသည် သွေးမရှိတော့သကဲ့သို့ ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။ သတိလစ်၍ လဲမကျသွားရအောင် မြိုင်သည် တော်တော်ကြီးသတိထားလိုက်ရလေသည်။

မြိုင်၏အမူအရာနှင့် အခြေအနေကို သတိပြုလိုက်မိဟန်ရှိသော မောင်မောင်လတ်သည် မြိုင့်အား အာရုံပြောင်းသွားနိုင်လောက်အောင် ရုတ်တရက် ပြောဆိုရမည့်အကြောင်းအရာတစ်ခုကို ခေါင်းကုတ်ရင်း စဉ်းစားလျက်ရှိလေသည်။ သူသည် ခေါင်းကုတ်၍ စဉ်းစားနေရာမှ ရုတ်တရက် မြိုင့်အာရုံ ပြောင်းလဲသွားအောင် ပြောဆိုလိုက်ရမည့် အကြောင်းအရာတစ်ခုကို သတိရလာသည်။

"ကိုလတ် စဉ်းစားလို့မရဘဲ အံ့သြနေရတဲ့ ကိစ္စတစ်ခုကို ပြောချင်တယ်။ မြိုင်တော့ စဉ်းစားလို့ရလိမ့်မယ်ထင်တာပဲ"

မောင်မောင်လတ်က အကြောင်းအရာတစ်ခုကို စလိုက်သဖြင့် မြိုင်သည် စောစောက ကိုတင်ဦးနှင့် မေခင်တို့မောင်နှမအကြောင်းကို အာရုံဖြတ်၍ သွားကာ...

"ကိုကိုလတ် စဉ်းစားလို့မရတဲ့ကိစ္စကို မြိုင်က ဘယ်လိုစဉ်းစားလို့ရနိုင်မှာတဲ့လဲဟင် ကိုကိုလတ်"

ဟု ပြန်လည်၍ မေးမြန်းလိုက်လေသည်။

"တခြားကိစ္စတော့ မဟုတ်ပါဘူး၊ သူ့နှမတစ်ယောက်လုံးနဲ့ ပတ်သက်နေတဲ့ကိစ္စကို မြိုင်က ခိုင်းလိုက်တဲ့အတိုင်း ကိုတင်ဦးက

ဝီရိယကောင်းကောင်းနဲ့ လုပ်ပေးကိုင်ပေးသွားတဲ့ကိစ္စကို ပြောတာပါ”

“မြိုင်က မသိလို့ခိုင်းလိုက်မိတာပါ ကိုကိုလတ်ရယ်”

“မြိုင်က မသိလို့ခိုင်းလိုက်တယ်ထားပါဦး၊ သူက သိရဲ့သားနဲ့ မြိုင်ခိုင်းတာကို ဘာလို့လုပ်ပေးကိုင်ပေးရသလဲဆိုတာကိုတော့ ကိုလတ် ဘယ်လိုမှ စဉ်းစားလို့မရဘူး”

မြိုင်သည် မောင်မောင်လတ်က ပြောဆိုလာတော့မှပင် ထိုကိစ္စကို စဉ်းစားလာမိသကဲ့သို့ ငိုင်၍ သွားလေသည်။

မြိုင်က ငိုင်၍ စဉ်းစားလျက်ရှိသည့်အခိုက် မောင်မောင်လတ်သည် သူ၏စီးကရက်ဘူးအတွင်းမှ စီးကရက်တစ်လိပ်ကို ထုတ်ယူကာ မီးညှိလျက်ရှိလေသည်။ ထိုအခိုက်... “မြိုင်ရေ... ထမင်းစားမယ်ဟေ့၊ မောင်လတ်ကိုလည်း ခေါ်လာခဲ့ကွယ်" ဟူသော ဒေါ်လေးဒေါ်စောခင်၏ခေါ်သံကို ကြားလိုက်ရသည်။

“ကဲ … ဒေါ်လေးကတောင် ထမင်းစားခေါ်နေပြီ၊ သွားကြမှပဲ”

ဟု မောင်မောင်လတ်က ပြောဆိုကာ ခုံတန်းလျားပေါ်တွင်ထိုင်နေရာမှ ထလိုက်လေသည်။ မြိုင်သည် မောင်မောင်လတ်၏ပဟေဠိကိုကား စဉ်းစား၍ အဖြေမရသေးပေ။

"မြိုင် စဉ်းစားလို့မရသေးဘူးလား”

ဟု မောင်မောင်လတ်က စီးကရက်မီးညှိဖွာ၍ မှုတ်ထုတ်ရင်းမေးလေသည်။

“မြိုင်တော့ ဘယ်လိုမှစဉ်းစားလို့မရဘူး”

ဟု မြိုင်က ဖြည်းညင်းစွာပြန်ပြောရင်း ထလိုက်သည်။

“ကိုလတ် စဉ်းစားလို့ရထားတာတော့ ရှိတယ်၊ အဲဒါ မြိုင့်ကို ပြောပြရကောင်းမလားမကောင်းဘူးလားဆိုတာကို စဉ်းစားနေရလို့”

“ဒါဖြင့်လည်း ကိုကိုလတ် စဉ်းစားမိတာကိုပဲ ပြောပြစမ်းပါဦး"

"ကိုလတ် ရိုးရိုးတန်းတန်း စဉ်းစားလို့ရထားတာကို ပြောပြရင်ကော မြိုင်က စိတ်ကောက်နေဦးမှာလားဟင်"

"ပြောမှာသာ ပြောစမ်းပါဦးလေ"

"စိတ်မကောက်ဘူးဆိုမှ ပြောပြမယ်"

"မကောက်ပါဘူး၊ ပြောမှာသာ ပြောစမ်းပါ"

"မဟုတ်ရင်တော့လည်း မပြောတတ်ဘူးပေါ့လေ၊ ကိုကိုလတ်အထင်ကတော့ ကိုတင်ဦးဟာ မြိုင့်ကိုကြိုက်နေလို့သာ မြိုင်ခိုင်းတာကို လုပ်ပေးတာဖြစ်မှာပဲ"

"အို… ကိုကိုလတ်ကလည်း ဘာတွေလျှောက်ပြောနေပါလိမ့်"

ဟု ပြောဆိုကာ ရှက်ရှက်နှင့် မောင်မောင်လတ်၏ကျောကုန်းကို လိုက်၍ ထုမည်အလုပ် အကင်းပါးပြီးသား မောင်မောင်လတ်သည် အိမ်ဘက်ဆီသို့ ရှေ့ကစွတ်၍ ပြေးသွားလေတော့သတည်း။

မိမိက အကျိုးအကြောင်း ဘာမျှမသိသောကြောင့် မောင်မောင်လတ်ကိစ္စအတွက်နှင့် ပတ်သက်၍ ကိုတင်ဦးကိုမှပင် သွားရောက်တိုင်ပင်ပြောကြားလျက် အားကိုးခိုင်းစေခဲ့သော ကိစ္စအတွက် မြိုင်သည် ကိုတင်ဦးအပေါ်၌ အလွန်တရာအားနာလျက်ရှိလေသည်။ ထိုလူတစ်ဖက်သားအား အဘယ်သို့ပြောကြား တောင်းပန်ရမည့်အရေးကိုလည်း မြိုင်သည် စဉ်းစား၍ မရနိုင်အောင် ရှိနေလေသည်။

ကိုတင်ဦးထံသို့ လူကိုယ်တိုင်သွားရောက်၍ တောင်းပန်ပြောကြားခြင်း ပြုရပါမည်လော၊ သို့မဟုတ် စာရေး၍ တောင်းပန်ပြောကြားရပါမည်လော။

ကိုတင်ဦးထံသို့ နောက်ထပ်သွားရောက်၍ လူချင်းတွေ့ဆုံကာ မျက်နှာချင်းဆိုင် ရမည့်အလုပ်ကို ပြုလုပ်ရန် မြိုင်သည် ခွန်အားမရှိတော့ပေ။ ထိုလူနှင့် မျက်နှာချင်းဆိုင်ရမည့်အရေးကို မြိုင်သည် များစွာကြောက်ရွံ့လျက်ရှိသည်။ ထိုသူ၏မျက်နှာကို နောက်ထပ် မကြည့်ဝံ့၊ မကြည့်ရဲလောက်အောင် ဖြစ်နေသည်။ တကယ်ဆိုတော့ မြိုင့်အဖို့ ကိုတင်ဦးအား မျက်နှာချင်းဆိုင်ဝံ့စရာမရှိပေ။ သူ့နှမအကြောင်းကို အစ်ကိုလုပ်သူ၏ရှေ့ဝယ် မှိုချိုးမျှစ်ချိုး မြိုင်သည် ပြောဆိုခဲ့ပြီမဟုတ်လော။ သူ့နှမနှင့် ပေါင်းသင်းနေသော လူတစ်ယောက်ကို မကွဲ ကွဲအောင် ခွဲပစ်လိုက်ရန်အတွက်လည်း မြိုင်ကိုယ်တိုင်ပင် သူ့ အစ်ကိုအား မိုက်မိုက်မဲမဲသွားရောက်အခေါ်ခိုင်းခဲ့ပြီမဟုတ်လော။ မြိုင်က ဤကဲ့သို့ မိုက်မိုက်မဲမဲ ခိုင်းစေသည့်အတိုင်းပင်လျှင် ထိုလူသည် မြိုင့်အတွက် သွားရောက်လုပ်ကိုင် ပေးခဲ့သည်လည်း မဟုတ်လော။ ဤကဲ့သို့ မိမိက လွန်လွန်ကျူးကျူးစော်ကားခဲ့သော လူတစ်ယောက်အား အကျိုးအကြောင်းပြောပြ၍ တောင်းပန်ရန်ဖြစ်သည့်တိုင်အောင်လည်း မြိုင်သည် အဘယ်နည်း အဘယ်ပုံ မျက်နှာချင်းဆိုင်ရပါမည်နည်း။ မြိုင်သည် ကိုတင်ဦး ဆိုသောသူအား နောက်ထပ်၍ လူချင်းတွေ့ဆုံကာ တောင်းပန်ရမည့်အရေးကို လုံးလုံး လျားလျား စဉ်းစား၍ မရတော့ပေ။ ထို့ကြောင့် စာရေး၍ တောင်းပန်သောနည်းလမ်းကိုသာ စဉ်းစားကြည့်လေသည်။ ဤနည်းလမ်းသည်သာ အကောင်းဆုံးနှင့် အဖြစ်နိုင်ဆုံးသော နည်းလမ်းပင်ဖြစ်လေသည်။ ဤနည်းလမ်းကိုမှပင် မြိုင်သည် ရွေးချယ်လိုက်နာခြင်း မပြုနိုင်တော့လျှင် အခြားလုပ်ကိုင်ရန်

ဘာမျှမရှိပေ၊ လုံးလုံးလျားလျားမလုပ်မကိုင်ဘဲ နေဖို့သာ ရှိသည်။

မောင်မောင်လတ် လာရောက်၍ ဒေါ်လေးဒေါ်စောခင်နှင့် ဆူဆူပူပူစကားများကာ ပြန်သွားပြီးနောက် နောက်တစ်နေ့တစ်နေ့လုံး မြိုင်သည် ကိုတင်ဦးအား မည်သို့မည်ပုံ တောင်းပန်ရမည့်အရေးအား စဉ်းစားလျက်ရှိခဲ့ရာ ညနေလေးနာရီလောက်ကျတော့မှပင် စာရေး၍ တောင်းပန်ခြင်းပြုရန် ဆုံးဖြတ်နိုင်လေသည်။ ဤသို့ စာရေး၍ အကျိုးအကြောင်းနှင့် တောင်းပန်ခြင်းပြုရန် ဆုံးဖြတ်လိုက်ပြီးနောက် ထိုတောင်းပန်စာကို ရေးမည်ပြုသောအခါ၌ မြိုင်သည် အတော်အခက်အခဲနှင့် တွေ့နေသေးသည်။ မည်သည့်သူစိမ်းယောကျ်ား တစ်ဦးကိုမျှ စာရေးခြင်းမပြုခဲ့ဖူးသော မြိုင်၏အတွက် ကိုတင်ဦးဆိုသော လူစိမ်းယောကျ်ားထံသို့ စာရေးရန်မှာ လွယ်ကူသောအလုပ်မဟုတ်ပေ။ သို့ရာတွင် မရေး၍ လည်းမဖြစ်တော့သဖြင့် မြိုင်သည် ကိုတင်ဦးထံသို့ တောင်းပန်စာကို ခဲခဲယဉ်းယဉ်းနှင့် ရေးရလေသည်။ ထိုစာကို ပြီးစီးအောင် ရေးသားရာ၌ ရေးမဖြစ်၍ သုံးလေးကြိမ်မျှ အသစ်ပြန်၍ ရေးရသည်။ နောက်ဆုံး၌ မြိုင်သည် ကိုတင်ဦးထံပေးပို့ရန်ဖြစ်သော တောင်းပန်စာကို ရေးသားပြီးစီးသွားလေသည်။ ရေးသား၍ ပြီးစီးသွားသောစာကို မြိုင်သည် သုံးလေး ခေါက်မျှ ပြန်၍ ဖတ်ကြည့်မိသည်။ မြိုင်သည် စာ၏အဆုံးတွင် နောက်ထပ်၍ ဖြည့်စွက် ရေးသားရန် လိုသေးသည်ဟု ထင်လာပြန်သဖြင့် ပီအက်စ်ဟု အင်္ဂလိပ်စာလုံးကလေး နှစ်လုံး ရှေးဦးစွာ ရေးလိုက်ပြီးနောက်... "မြိုင်၏ ယခုတောင်းပန်စာအား ကိုတင်ဦးက ဘယ်လိုသဘောထားသည်ကို မြိုင်သိသာနိုင်ရန်အတွက် အကျိုးအကြောင်းစာပြန်လိမ့်မည်ဟု မျှော်လင့်ပါသည်" ဟု ဖြည့်စွက်၍ ရေးလိုက်သည်။ ထို့နောက် မြိုင်သည် စာရွက်ကို သေသေသပ်သပ်ခေါက်ကာ မိုးပြာရောင်စာအိတ်တစ်အိတ်ထဲသို့ ထည့်လေသည်။ စာအိတ်ကိုပိတ်ပြီးနောက် တံဆိပ်ခေါင်းလည်းကပ်လိုက်သည်။

ကိုတင်ဦးထံသို့ အကျိုးအကြောင်းနှင့် ဝမ်းနည်းတောင်းပန်စာရေးလိုက်ပြီးသည့်နောက် မည်သည့်နည်းနှင့်မဆို အလွန်ဆုံး သုံးလေးရက်လောက်အတွင်း ၎င်း၏ထံမှ ပြန်စာရောက်ရှိလာလိမ့်မည်ဟု မြိုင်က မျှော်လင့်ထားပေသည်။ စာပို့သမားလာသော အချိန်တိုင်း မြိုင်သည် လည်ပင်းတရှည်ရှည်နှင့် မျှော်မိသည်။ သို့ရာတွင် မြိုင်သည် မျှော်လင့်သကဲ့သို့ သုံးလေးရက်လောက်အတွင်း ကိုတင်ဦးထံမှ ပြန်စာကား ရောက်မလာပေ။ ဤသို့ သုံးလေးရက်အတွင်း ပြန်စာရောက်မလာသောအခါ၌ မြိုင်သည်

ပူပန်စ ပြုလာသည်။ ကိုတင်ဦးသည် မိမိ၏အပေါ်၌ တော်တော်ကလေး စိတ်မကောင်းဖြစ်နေ၍သာလျှင် စာမပြန်နိုင်လောက်အောင် ဖြစ်နေချင် ဖြစ်လေမည်လားဟု တွေးတော စိုးရိမ်မိလေသည်။ ကိုတင်ဦးအနေနှင့် စိတ်မကောင်းဖြစ်မည်ဆိုက ဖြစ်စရာပင်ဖြစ်သည်။ သို့ရာတွင် ကိုတင်ဦးကဲ့သို့ သဘောထားကြီးလျက် စိတ်လည်းရှည်ကာ သည်းညည်းခံ တတ်သော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် မြိုင်ကဲ့သို့ အားနွဲ့ နုနယ်သော မိန်းကလေး တစ်ဦးတစ်ယောက်၏ မသိရှိ၍ မှားယွင်းမိသောအမှားကို ခွင့်မလွှတ်နိုင်လောက်အောင်သော်လည်းကောင်း အကျိုးအကြောင်း စာမပြန်နိုင်လောက်အောင်သော်လည်းကောင်း မည်သည့်နည်းနှင့်မျှ ဖြစ်နေလိမ့်မည်မဟုတ်လည်း မြိုင်သည် စဉ်းစားမိသည်။ အလုပ်များနေ၍ လည်း ဖြစ်နိုင်ပေသည်။ ထို့ကြောင့် သုံးလေးရက်အတွင်း စာမပြန်နိုင်ခြင်းဖြစ်ပါက တစ်ပတ်အတွင်းလောက်တော့ မည်သည့်နည်းနှင့်မဆို စာပြန်လိမ့်မည်ဟု မျှော်လင့်မိ လေသည်။

ကိုတင်ဦးထံမှ ပြန်စာကို မျှော်လင့်ရသည့်အတွက် မြိုင်သည် အခြားကိစ္စများကို မေ့လေသည်။ ကိုတင်ဦးက ၎င်းထံသို့ အဘယ်ပုံ အဘယ်နည်း စာပြန်ကြားလိုက်မည့် အချက်အလက်များကို မိမိဘာသာ တစ်ယောက်တည်းတွေးတောရင်း ရေမိုးချိုး၍ အဝတ်အစားလဲရသော အလုပ်အကိုင်များကိုပင် မြိုင်သည် အမှုမဲ့အမှတ်မဲ့ ဖြစ်သွားသည်။

"ဟဲ့ မြိုင် ... ခုထက်ထိ ရေမချိုးသေးဘူးလား"

ဟု ဒေါ်လေးဒေါ်စောခင်က လှမ်း၍ သတိပေးလိုက်တော့မှပင် ရေမိုးမချိုးရသေးခြင်းကို သတိရလာကာ ရေမိုးချိုး၍ အဝတ်အစားများ လဲလှယ်ရလေသည်။ ရေမိုးချိုး၍ အဝတ်အစားလဲလှယ်ရသော အလုပ်လောက်သာလျှင် မဟုတ်သေး၊ မြိုင့်အတွက် အင်မတန်အရေးကြီးလျက် တစ်သက်လုံးက မပျက်မကွက် လုပ်လာခဲ့သော အလုပ်ကြီးတစ်ခုကိုပင်လျှင် မြိုင်သည် မေ့လေသည်။ ထိုအလုပ်မှာ အခြားမဟုတ်ဘဲ ညအိပ်ရာဝင်ခါနီး ဘုရားဝတ်ပြု၍ ရေကပ်ရသောအလုပ်ဖြစ်သည်။ ဘာသာတရားကို အလွန်တရာ လေးမြတ်ကိုင်းရှိုင်းခဲ့သော မြိုင်သည် ဘုရားဝတ်ပြုခြင်း နှင့် ရေကပ်ခြင်းအမှုကို မေ့လျော့သည်အထိ ဖြစ်လာခဲ့သည်။

လေးငါးခြောက်ရက် ကုန်သွားပြီးသည့်နောက်၌လည်း မြိုင် စောင့်စားမျှော်လင့်ထားသော ကိုတင်ဦးထံမှ စာသည်

ရောက်ရှိမလာသော်လည်း ခုနစ်ရက်မြောက်သော နေ့၌ကား မြိုင့်ထံသို့ စာတိုက်မှ စာတစ်စောင် ရောက်ရှိလာလေသည်။ ထိုစာသည် ကိုတင်ဦးထံမှစာမဟုတ်ဘဲ ဘိလပ်၌ ပညာသွားရောက်သင်ကြားလျက်ရှိသော မြိုင်၏ အစ်ကို ကိုဇော်ဝင်းထံမှ စာဖြစ်လေသည်။ မြိုင်၏အစ်ကို ဘိလပ်မှစာရေးလေ့ရှိသောအခါတိုင်း မြိုင့်ထံသို့ လိပ်တပ်၍ သီးခြားပေးပို့ခြင်း အလေ့မရှိဘဲ ဖခင်ထံသို့ ပေးလိုက်သော စာအိတ်ထဲတွင်သာ ထည့်ပေးလေ့ရှိသည်။ ယခုမူ မြိုင်၏နာမည်နှင့် ထူးထူးခြားခြား လိပ်တပ်သောစာအိတ်တစ်ခုနှင့် ပေးပို့လိုက်သောစာအိတ်ကို မြိုင်သည် အတန်ကြာမျှ ဖွင့်မကြည့်သေးဘဲ ငေးမောကြည့်ရှုနေမိသည်။

မြိုင်သည် မိမိ၏အိပ်ခန်းသို့ ပြန်တက်လာပြီးနောက် မိမိထံသို့ သီးခြားစာအိတ် တစ်အိတ်ဖြင့် ပေးပို့လိုက်သော အစ်ကိုထံမှစာကို ဖောက်၍ ဖတ်ရှုကြည့်လေသည်။ စာကို မဖတ်ရမီ စာအိတ်ထဲတွင် ပါလာသော ဓာတ်ပုံနှစ်ပုံကို မြိုင်သည် တွေ့ ရှိရသည်။ ဓာတ်ပုံ တစ်ပုံမှာ အသက်အစိတ်နီးပါးခန့်ရှိလိမ့်မည်ဟု ခန့်မှန်းရသော အင်္ဂလိပ်မတစ်ယောက်၏ ဓာတ်ပုံဖြစ်၍ ကျန်တစ်ပုံမှာ ထိုအင်္ဂလိပ်မနှင့် မြိုင်၏အစ်ကို ကိုဇော်ဝင်းတို့ အင်္ဂလိပ် ဘုရားရှိခိုးကျောင်းကလေးတစ်ကျောင်း၌ အင်္ဂလိပ်ဘာသာထုံးစံဓလေ့အတိုင်း လက်ထပ် ထိမ်းမြားခြင်းပြုသော ဓာတ်ပုံဖြစ်လေသည်။ ကိုဇော်ဝင်းထံမှ စာကို မဖတ်ရသေးမီ ထို ဓာတ်ပုံနှစ်ပုံကို တွေ့လိုက်ရကတည်းက မြိုင်သည် မျက်လုံးပြူးသွားလေသည်။ မြိုင်သည် ဘိလပ်၌ အင်္ဂလိပ်အမျိုးသမီးတစ်ဦးနှင့် လက်ထပ်ပြီးစီးသွားပြီဖြစ်သော ၎င်းအစ်ကို၏ ကိစ္စကို ဘာမျှမသိရှိပေ။ ထိုကိစ္စကို ကြိုတင်သိရှိထားပြီဖြစ်သော မြိုင်၏ဖခင်ဦးထွန်းမင်းကလည်း မြိုင့်အား ဖွင့်၍ ပြောပြရန် မသင့်ဟုထင်၍ ဖွင့်လှစ်ပြောပြခြင်းမရှိသေးသည့်အတွက် မြိုင်သည် ဘာမျှမသိရှိခြင်း ဖြစ်ပေသည်။

မြိုင်၏အစ်ကို ကိုဇော်ဝင်းက ၎င်း၏နှမလုပ်သူထံသို့ ရေးလိုက်သောစာထဲတွင် ၎င်းသည် အင်္ဂလိပ်အမျိုးသမီးတစ်ဦးနှင့် မေတ္တာမျှကာ လက်ထပ်ပြီးစီးသွားပြီဖြစ်သည့် အကြောင်း၊ ဤကိစ္စကိုလည်း ဖခင်အား အကြောင်းကြားပြီးဖြစ်သော်လည်း ဖခင်လုပ်သူ က မြိုင့်အား ပြောပြခြင်းမရှိသေးလျှင် မြိုင်သိရှိရအောင် အကြောင်းကြားလိုက်ခြင်းဖြစ်ကြောင်း၊ တစ်လသာသာခန့်အတွင်း

မိမိ၏ဇနီးနှင့်အတူ မြန်မာပြည်သို့ ပြန်လာတော့မည်ဖြစ်ကြောင်း စသည်ဖြင့် ရေးသားလိုက်ပေသည်။

မြိုင်သည် အစ်ကို ကိုဇော်ဝင်းထံမှ အကျိုးအကြောင်းသိရှိရသောအခါ ဝမ်းသာသလော၊ ဝမ်းနည်းသလောဟု မိမိကိုယ်ကို ခွဲခြား၍ မသိလိုက်ပေ။ သို့ရာတွင် မိမိတို့နှင့် ဘာသာဓလေ့နှင့် စရိုက်ချင်းမတူသော မိန်းမတစ်ယောက်ကို ဤအိမ်ကြီးသို့ ယူဆောင်လာမည့် အစ်ကို ကိုဇော်ဝင်းအား မြိုင်သည် နားမလည်နိုင်အောင်ဖြစ်မိသည်။ အံ့သြခြင်းလည်း ရှိလေသည်။ ဘိလပ်၌ ပညာသွားရောက်သင်ကြားလျက်ရှိသော အစ်ကိုဖြစ် သူ ပြန်လာတော့မည့်အရေးမှာ သူတစ်ယောက်တည်းသာဆိုလျှင် မြိုင့်အဖို့ များစွာဝမ်းသာစရာဖြစ်မည်၊ သို့သော်လည်း ယခုတော့မူ လူမျိုးခြား၊ ဘာသာခြား သူစိမ်းတစ်ယောက်ပါ ပါလာမည်ဖြစ်သည့်အတွက် မြိုင်သည် စိတ်အနှောင့်အယှက်ဖြစ်မိသည်။ သူစိမ်းတစ်ယောက် ဤအိမ်ကြီးတွင် လာရောက်နေထိုင်မည့်အရေးနှင့် မြိုင်သည် ယခုကပင် အနေကျုံ့သလို ဖြစ်မိသည်။ လူမျိုးခြား၊ ဘာသာခြားမဟုတ်လျှင်ကား သမီးယောက်မချင်း အဆင်ပြေအောင် ကြည့်၍ ပေါင်းသွားနိုင်သေးသည်။ ယခုတော့မူ လူမျိုးခြား၊ ဘာသာခြား ဖြစ်ရုံသာမက တစ်သက်လုံးက မတွေ့ဖူးမမြင်ဖူးသော လူစိမ်းသက်သက်တစ်ဦးအား သင့်မြတ်အောင် ပေါင်းသင်းဆက်ဆံရမည့်အရေးမှာ မြိုင့်အတွက်သာလျှင်မဟုတ်၊ အခြားမည်သူတစ်ဦးတစ်ယောက်အတွက်မျှ လွယ်ကူလှမည့်အလုပ်မဟုတ်ပေ။

မြိုင်သည် အစ်ကို ကိုဇော်ဝင်းထံမှစာကို နောက်တစ်ကြိမ် ပြန်၍ ဖတ်ကြည့်သည်။ စာကို ဖတ်၍ ပြီးစီးသွားသောအခါ ဓာတ်ပုံနှစ်ပုံကို ယူငင်၍ ကြည့်ရှုပြန်သည်။ မြိုင်သည် ဝမ်းနည်းလာမိသည်။ ဝမ်းနည်းလာရာမှ မြိုင်သည် အိပ်ရာထက်တွင် တစ်ယောက်တည်း ကျိတ်၍ ငိုပစ်လိုက်သည်။

မြိုင် အိပ်ရာထက်တွင် ကျိတ်၍ ငိုနေသည့်အခိုက် မြိုင်၏ဖခင် ဦးထွန်းမင်းသည် မြိုင်၏အိပ်ခန်းတံခါးဝ၌ ရပ်လာသည်။ ဦးထွန်းမင်းသည် သမီးလုပ်သူ အိပ်ရာထက်၌ ကျိတ်၍ ငိုနေပုံကို နားမလည်နိုင်သကဲ့သို့ အတန်ကြာမျှ အကဲခတ်ကြည့်ရှုနေသည်။ မြိုင်ကတော့ ဖခင်လုပ်သူကို မမြင်ပေ။

"သမီး .... မြိုင်"

ဟု ဦးထွန်းမင်းက မြိုင့်အားခေါ်ကြည့်လိုက်သည်။

သမီးလုပ်သူနေထိုင်မကောင်း၍ ငိုနေခြင်းဖြစ်မည်လားဟု မေးမြန်းကြည့်လို၍ မြိုင်၏ဖခင်က ခေါ် လိုက်ခြင်းသာဖြစ်လေသည်။

မြိုင်သည် အိပ်ရာမှ လူးလဲ၍ ထထိုင်လိုက်သည်။ ဖခင်လုပ်သူအား အခန်းတံခါးဝ၌ မြင်လိုက်ရသဖြင့် "ဖေဖေ" ဟု ပြန်ထူးလိုက်သည်။ ဦးထွန်းမင်းသည် သမီးလုပ်သူ၏အခန်းအတွင်း ဝင်လာရင်း…

"သမီး နေမကောင်းဘူးလား ဟင်၊ ခေါင်းများကိုက်နေသလား"

ဟု ယုယုယယ ကြင်ကြင်နာနာ မေးလေသည်။ ရုတ်တရက်သော် မြိုင်သည် ဘာမျှပြန်၍ မပြောတတ်သေးဘဲ ဖခင်လုပ်သူ၏ ကြင်နာခြင်းနှင့် စိုးရိမ်ပူပန်ခြင်းများ ရောထွေးနေသောမျက်နှာကို လှမ်းကြည့်နေမိသည်။ မြိုင်၏ခုတင်အနီးသို့ ရောက်ရှိ၍ လာသောအခါ ဦးထွန်းမင်းသည် သမီးလုပ်သူ၏နဖူး ကို စမ်းသပ်ကြည့်ရင်း..

"ကိုယ်တော့မပူပါဘူး သမီးရဲ့ …"

ဟု ပြောလေသည်။

"မြိုင် ဘာမှမဖြစ်ပါဘူး ဖေဖေရဲ့နေကောင်းပါတယ်"

ဟု မြိုင်က ဖခင်လုပ်သူ သိသာရန်အတွက် ပြန်လည်ပြောဆိုလိုက်သည်။

"သမီး နေထိုင်မကောင်းလို့များလားလို့ပါ"

ဟု မြိုင်၏ဖခင်က စိတ်အေးသွား

သကဲ့သို့ ပြန်ပြောဆိုပြီးနောက် အကြောင်းမဲ့ ငိုတန်ရာမရှိသော သမီးလုပ်သူ၏မျက်နှာရိပ် မျက်နှာကဲကို မသိမသာအကဲခတ်လျက်ရှိသည်။

"ကိုကို့ဆီက စာလာတယ် ဖေဖေ၊ ဖေဖေတော့ ဒီအကြောင်းတွေ သိပြီးပလား မပြောတတ်ဘူး။ ပြီးတော့ ဓာတ်ပုံနှစ်ပုံလည်း ထည့်ပေးလိုက်သေးတယ်"

ဟု ပြောရင်း မြိုင်သည် ၎င်း၏အစ်ကို ကိုဇော်ဝင်းထံမှလာသောစာနှင့် ဓာတ်ပုံနှစ်ပုံကိုပါ ဖခင်ဖြစ်သူ အား လှမ်း၍

ပေးလိုက်သည်။

"ဖေဖေသိပြီးပြီ သမီး၊ သူကြိုက်လို့ လက်ထပ်လာတဲ့ကိစ္စကို ဖေဖေတို့ သမီးတို့က လက်ခံရမယ်မဟုတ်လား။ သူတို့လင်မယား ရေ့လကုန်ခါနီးလောက် ရောက်လာကြလိမ့်မယ်ထင်တယ်။ ဒါကြောင့် သူတို့ရောက်လာတဲ့အခါ ချောင်ချောင်ချိချိ နေနိုင်အောင်လို့ အပေါ်ထပ်ကို ပြင်စရာရှိတာတွေ ပြင်ထားဖို့ စောခင်ကို ဖေဖေပြောထားတယ်"

"ကိုကိုတို့လင်မယား အပေါ်ထပ်မှာနေရင် ဖေဖေနဲ့မြိုင်ကကော ဘယ်မှာသွားနေ ကြမှာလဲဟင် ဖေဖေ..."

ဟု မြိုင်က ပြန်၍ မေးလိုက်မိလေသည်။

"သမီးအခန်းမှာ သမီးနေနိုင်သားပဲ၊ ဖေဖေလည်း ဖေဖေ့အခန်းမှာ ရှိတယ်လေ"

"ဒါဖြင့် ကိုကိုတို့လင်မယားက အရင်ကိုကိုနေတဲ့အခန်းမှာပဲ နေကြမှာပေါ့"

"ဒါပဲရှိတာပဲ သမီးရဲ့"

ဟု ပြောကာ နောက်ထပ်ပြောစရာစကားမရှိတော့သကဲ့သို့ ဦးထွန်းမင်းသည် မြိုင်၏အခန်းအတွင်းမှ ပြန်လှည့်၍ ထွက်သွားလေသည်။ ဦးထွန်းမင်း ထွက်သွားသောအခါ မြိုင်သည် ခပ်စောစောက အစ်ကို ကိုဇော်ဝင်းထံမှစာကို တစ်ခေါက် ပြန်၍ ဖတ်ကြည့်မိပြန်သည်။ မြိုင် စာဖတ်နေသည့်အခိုက် မယ်အေးသည် စာအိတ်တစ်အိတ်ကိုကိုင်ကာ အခန်းတွင်းသို့ ဝင်၍ လာသည်။

"ဘာလဲဟေ့ မယ်အေး..."

ဟု မြိုင်က မယ်အေးအား လှမ်း၍ မေးလိုက်သည်။

"မမလေးအတွက် စာတစ်စောင်လာပေးသွားတယ်"

ဟု မယ်အေးက ပြန်ပြောရင်း ၎င်းယူဆောင်လာသော စာအိတ်တစ်အိတ်ကို မြိုင့်အားပေးလေသည်။ မယ်အေး

ပေးလာသောစာအိတ်ကို လှမ်းယူရင်း...

"ဘယ်ကလာပေးသွားတာလဲ မယ်အေး"

ဟု ပြန်၍ မေးမြန်းလိုက်မိသည်။

"ကြီးကြီးဒေါ်စောခင်ကို ဘိုင်စကယ်နဲ့လူတစ်ယောက် လာပေးတယ်။ စာကိုတောင် လက်မှတ်ထိုးယူလိုက်ရတယ်"

ဟု မယ်အေးက ၎င်းသိရှိသရွေ့ ပြန်ပြောသည်။

မြိုင်သည် စာအိတ်ကို သေသေချာချာကြည့်ရှုလေသည် စာတိုက်မှလာသော စာအိတ်ကားမဟုတ်ပေ။ စာအိတ်ပေါ်တွင်လည်း လက်နှိပ်စက်နှင့်ရိုက်၍ လိပ်စာထိုး ထားသည်။ မည်သူမည်ဝါ၏ထံမှ စာဖြစ်မည်ကို မြိုင်သည် မခန့်မှန်းတတ်ပေ။ ထို့ကြောင့် အကြောင်းကိုသိရန် မြိုင်သည် စာအိတ်ကိုဖောက်လိုက်သည်။ စာအိတ်အတွင်းမှ သပ်သပ်ရပ်ရပ်ခေါက်ထားသော စာရွက်ကလေးကို ဆွဲထုတ်ယူလိုက်သည်။ စာရွက်ခေါက်ကို ဖြန့်၍ မဖတ်သေးမီ...

"ညည်းသွားတော့လေ မယ်အေး..."

ဟု ရပ်၍ စောင့်နေသော မယ်အေးအား ပြန်၍ နှင်လွှတ်လိုက်သည်။ မယ်အေး အခန်းအတွင်းမှ ပြန်ထွက်သွားသောအခါမှ မြိုင်သည် စာရွက်ခေါက်ကလေးကို သေသေချာချာဖြန့်၍ ဖတ်ရှုကြည့် လေသည်။

စာမှာ ကိုတင်ဦးထံမှစာဖြစ်လေသည်။စာမှာလည်း တိုတိုတုတ်တုတ် ဖြစ်သည်။ မြိုင့်ထံမှစာကို ရရှိသည့်အကြောင်း၊ စာပါအကြောင်းအရာများကို ဖတ်ရှု သိရှိရ၍ ကျေးဇူးတင်သည့်အကြောင်းနှင့် အလုပ်တွေပုံနေ၍ စာပြန်နောက်ကျသည့်အတွက် ခွင့်လွှတ်ပါမည့်အကြောင်းလောက်သာ ရေးလိုက်သည်။

ကိုတင်ဦးထံမှစာကို တစ်ခေါက်နှင့်အားမရ၍ မြိုင်သည် နှစ်ခေါက် သုံးခေါက် ပြန်ဖတ်ကြည့်မိသည်။ နှစ်ခေါက် သုံးခေါက် ဖတ်ကြည့်နေသော်လည်း စာပါအကြောင်း အရာများကား တိုး၍ မလာပေ။ သည်အတိုင်းသာ ဖြစ်လေသည်။ သို့ရာတွင် မြိုင်သည် ကိုတင်ဦးထံမှစာကို နောက်ထပ်၍ တစ်ကြိမ်ပြန်ဖတ်နေရှာတုန်းပင် ဖြစ်ပေသည်တကား.။

အခန်း[၁၁]

(က)

မိမိ၏တောင်းပန်စာကို ပြန်ကြားလိုက်သည့်တိုင်အောင်လည်း နောက်ထပ်၍ လူချင်း လွတ်လွတ်လပ်လပ်တွေ့ဆုံကာ ကိုတင်ဦးနှင့် အေးအေးဆေးဆေး စကားပြောဆိုနိုင်မည့် အခွင့်အလမ်းကို မြိုင်သည် စိတ်စောလျက်ရှိပေသည်။ မိမိက လူတစ်ဖက် သား၏အပေါ်၌ ရင့်ရင့်သီးသီးပြောဆိုကျူးလွန်ခဲ့သော ကိစ္စကြီးတစ်ခုအား စာရေး တောင်းပန်ခြင်းပြုရုံကာမျှနှင့် မြိုင်သည် မိမိ၏တာဝန်ကျေပွန်ပြီဟူ၍ မထင်မိပေ။ ယူဆခြင်းလည်း မပြုနိုင်ပေ။ သို့ရာတွင် မောင်မောင်လတ်၏ကိစ္စအတွက်နှင့် ယခင်တစ်ကြိမ်ကကဲ့သို့ ပြည်သူ့အလင်းသတင်းစာတိုက်သို့ စွန့်စွန့်စားစားသွားရောက်၍ ကိုတင်ဦးနှင့် လူချင်းတွေ့ဆုံ စကားပြောဆိုရမည့်အရေးကိုကား မြိုင်သည် ယခုအခါတွင် မဝံ့မရဲဖြစ် နေမိသည်။

"ကိုတင်ဦးဟာ မြိုင့်ကိုကြိုက်နေလို့သာ မြိုင်ခိုင်းတာကို လုပ်ပေးတာဖြစ်မှာပေါ့" ဟု မောင်မောင်လတ်က ပေါ့ပေါ့တန်တန်ပြောဆိုသွားခဲ့သော စကားများသည် လျှောင်ပြောင်၍ ပြောဆိုသွားသောစကားများ ဖြစ်ကောင်းဖြစ်လိမ့်မည်ဖြစ်သော်လည်း မြိုင်၏အသိ၌ကား စွဲစွဲလမ်းလမ်း ကျန်ရစ်လျက်ရှိလေသည်။ တကယ်ပင်ဖြစ်လေမည်လားဟုလည်း မြိုင်သည် မိမိတစ်ယောက်တည်း စိတ်ကူးယဉ်မိသည်။ ထို့ကြောင့် မြိုင်သည် ကိုတင်ဦးကို တွေ့လည်းတွေ့ချင်သည်။ သို့ရာတွင် တွေ့ ရမည်ကိုလည်း မဝံ့မရဲ ဖြစ်နေခြင်းသာဖြစ်ပေသည်။

တနင်္ဂနွေသုံးပတ်အတွင်း ဘိလပ်မှရောက်လာကြတော့မည်ဖြစ်သော အစ်ကိုနှင့် ယောက်မလုပ်သူတို့အတွက် အိမ်အပေါ်ထပ်တွင် ဒေါ်လေးဒေါ်စောခင်နှင့်အတူ ရှင်းလင်းစရာ ရှိသမျှကို ရှင်းလင်းလျက်၊ ပြင်ဆင်စရာရှိသမျှကို ပြင်ဆင်နေရစဉ် မြိုင်သည် မိမိ လုပ်ကိုင်လျက်ရှိသောအလုပ်၌ စိတ်ဝင်စားခြင်းမရှိလှဘဲ ကိုတင်ဦးဆိုသူနှင့် နောက်ထပ်၍ လူချင်းတွေ့ဆုံစကားပြောဆိုရဦးမည့်အရေးကိုသာ စဉ်းစားနေမိသည်။ မိမိက တမင်တကာ သွားရောက်တွေ့ဆုံခြင်းမျိုး မဖြစ်စေဘဲ လူချင်းမတော်တဆတွေ့ဆုံရသည့်အနေနှင့် တွေ့ ဆုံခွင့်ရနိုင်မည့် အခွင့်အလမ်းကို တွေးတောစဉ်းစားမိရင်းက မောင်မောင်လတ်

နောက်ပြောင်း၍ သွားသကဲ့သို့ မိမိအား ကိုတင်ဦးဆိုသူက အဟုတ်တကယ်ပင် ကြိုက်များကြိုက် နေသလောဟုလည်း စိတ်ကူးယဉ်ယဉ်နှင့် တွေးတောမိပြန်လေသည်။ ယခုအသက်အရွယ်သို့ ရောက်ရှိလာသည်အထိ
မည်သည့်သူစိမ်းယောကျာ်းတစ်ဦးတစ်ယောက်အကြောင်းကိုမျှ ဤမျှစိတ်ဝင်စားခြင်းနှင့် စဉ်းစားတွေးတောခြင်းမပြုခဲ့ဖူးသော မြိုင်သည် ကိုတင်ဦး ဆိုသော လူတစ်ယောက်၏အကြောင်း တွေးတောစဉ်းစားမိရင်း မကြာခဏ ငိုင်၍ ငိုင်၍ နေလေ့ရှိသည်။ လုပ်စရာရှိသောအလုပ်ကို မလုပ်မိမကိုင်မိဘဲ အမှားမှားအယွင်းယွင်း လျှောက်၍ လုပ်မိသည်။ ဤကဲ့သို့ ငိုင်၍ ငိုင်၍ နေမိသောကြောင့်လည်း... "မြိုင်တစ်ယောက် လည်း ဘာများငိုင်ငိုင်နေရသလဲ မသိပါဘူးကွယ်" အလုပ်များနေသော ဒေါ်လေးက ညည်းညူ ပြောဆိုခြင်းပြုရသည်အထိ ဖြစ်လေသည်။

ဒေါ်လေးဒေါ်စောခင်က ဤကဲ့သို့ ညည်းညူပြောဆိုလိုက်သည့်အတွက် မြိုင်သည် မိမိ၏အကြောင်းကိုများ အဘွားကြီးက ရိပ်မိသွားလေပြီလားဟု ပူပန်စိုးရိမ်ကာ ကိုတင်ဦး အကြောင်းကို မစဉ်းစားမိအောင် ကြိုးစားရလေသည်။ သို့ရာတွင် မည်သို့ပင် မြိုင်က ကြိုးစား၍ မေ့ပျောက်စေကာမူလည်း ကိုတင်ဦးသည် မြိုင်၏ဦးနှောက်အတွင်းသို့ တိုးဝှေ့၍သာ ဝင်လာမြဲဝင်လာလျက်ရှိလေသည်။ ထိုအခါ၌ မြိုင်သည် ထိုလူတစ်ယောက်၏ အကြောင်းကို မစဉ်းစားမိဘဲ မနေနိုင်တော့ပေ။ ထိုသို့စဉ်းစားမိသောအခါတိုင်းလည်း လုပ်ကိုင်နေဆဲအလုပ်ကို မြိုင်သည် ဘာမျှသတိမရတော့ဘဲ ငိုင်နေမိသည်။

"ဟော ... ပြောရင်းဆိုရင်းက ဒီသူငယ်မတစ်ယောက် ဘာများငိုင်နေပြန်ပြီလဲ မပြောတတ်ပါဘူး"

ဟု ဒေါ်လေး ဒေါ်စောခင်က ပြောဆိုလိုက်သောအခါမှပင် မြိုင်သည် မိမိ၏ငိုင်နေမိသောအဖြစ်ကို ရုတ်တရက်သတိရလာသည်။

မြိုင်သည် မိမိကိုယ်ကို မလုံမခြုံဖြစ်လာသည်။ မိမိ၏အဖြစ်ကို ကာကွယ်ဖုံးအုပ် ဖို့ စဉ်းစားလာသည်။

"ကိုကိုလတ်အကြောင်း စဉ်းစားမိလို့ပါ ဒေါ်လေးရဲ့ ..."

ယခင်က မုသာဝါဒကို ထိန်းသိမ်းစောင့်စည်းတတ်သော မြိုင်သည်

ယခုအခါတွင် လိမ်တတ်လေပြီ။ ကိုယ်ရေး ကြုံလာပြီဖြစ်ရကား မြိုင်သည် သက်လုံကောင်းရပေတော့မည်။

"မောင်လတ်အကြောင်းများတော့ ပြောမနေစမ်းပါနဲ့ မြိုင်ရယ် .... ဒီသူငယ် နတ်ပြည်ကို တင်ထားပေးတာတောင် မြင့်လှတယ် မနေနိုင်ဘူးဆိုပြီး ငရဲထဲခုန်ဆင်းမယ့် သူငယ်ပဲ"

ဒေါ်စောခင်သည် မည်သို့မျှ ပြောဆိုထိန်းသိမ်း၍ ရဟန်မရှိသော သူ့တူ အကြောင်းနှင့်ပတ်သက်၍ စိတ်ပျက်လက်ပျက် ညည်းညူပြောဆိုလိုက်သည်။

"သူလည်း ငယ်တော့တဲ့ကလေးမှမဟုတ်ဘဲ ဒေါ်လေးရယ်၊ သူလုပ်နေတဲ့အလုပ်ကိုတော့ သူ နားမလည်ဘဲနဲ့ လုပ်မနေတန်ကောင်းပါဘူး"

ဟု မြိုင်က မောင်မောင်လတ်၏ဘက်မှ ကာကွယ်လျက် ထောက်ထောက်ကူကူ ပြောဆိုလိုက်မိသည်။

"အလို ... လက်စသတ်လိုက်တော့ ညည်းကလည်း ညည်းမောင်ဘက်ကပါပဲ ကိုး"

ဟု ဒေါ်စောခင်သည် မြိုင့်အား မျက်စောင်းထိုးကြည့်ရင်းဆိုကာ မြိုင့်အနီးတွင် ဆီဆေးဖြင့် ရေးဆွဲထားသော မှန်ပေါင်သွင်း ပန်းချီကားကြီးတစ်ချပ်ကို ဖုန်သုတ်နေရာမှ ဦးထွန်းမင်း၏ အိပ်ခန်းဘက်သို့ ထွက်သွားလေသည်။

မောင်မောင်လတ်ဘက်မှ ကာကွယ်ပြောဆိုလိုက်ခြင်းအတွက် ဒေါ်လေးဒေါ်စောခင် စိတ်ကောက်၍ ထွက်သွားသဖြင့် မြိုင်သည် စိတ်ကောက်သွားသော ဒေါ်လေးလုပ်သူအား ချော့မော့ပြောဆိုခြင်း ပြုရပြန်လေသည်။

"မြိုင်ကလည်း ကိုကိုလတ်ကို ခဲခဲယဉ်းယဉ်းမှာပြီး အကျိုးသင့်အကြောင်းသင့် ပြောကြည့်သေးတာပဲ ဒေါ်လေးရာဒေါ်လေးတူက ဘယ်လိုမှပြောလို့ဆိုလို့ရမယ့်လူစား မဟုတ်လို့ လက်လျှော့လိုက်ရတာပါ"

"တော်ပါတော့ မြိုင်ရယ်၊ မောင်လတ်အကြောင်း နောက်ထပ် ဒေါ်လေး ဘာမှ မကြားပါရစေနဲ့တော့ကွယ် .."

"ကိုကိုလတ်အတွက်နဲ့ မြိုင်လည်း စိတ်ညစ်နေတာပါပဲ ဒေါ်လေးရယ်"

မောင်မောင်လက်ကိစ္စနဲ့ပတ်သက်၍ မြိုင်နှင့် ဒေါ်လေးတို့တူဝရီး ညည်းညူပြောဆို နေကြသည့်အခိုက် နံနက်စာ စားပြီးကတည်းက မြို့ထဲသို့ထွက်သွားသော ဦးထွန်းမင်းသည် နှမနှင့် သမီးလုပ်သူတို့ ရှိနေကြသော မိမိအိပ်ခန်းအတွင်းသို့ မောပန်းနွမ်းနယ်သောအမူအရာဖြင့် လေးလံစွာ ဝင်၍ လာလေသည်။ ၎င်း၏လက်ထဲ၌လည်း နိုင်ငံခြားမှ ရိုက်ကြား လိုက်သော ကြေးနန်းစာအိတ်တစ်လုံး ပါလာသည်။

"ဖေဖေ လက်ဖက်ရည်သောက်တော့မလားဟင်…"

ဟု မြိုင်က စတင်မေးမြန်း လိုက်သည်။

"မောင်ဇော်ဝင်း မနက်ဖြန်ခါ ရောက်လိမ့်မယ် စောခင်.."

ဦးထွန်းမင်းသည် သမီးလုပ်သူအား အဖြေမပေးဘဲ ဘိလပ်မှ သားဖြစ်သူ မနက်ဖြန်ပြန်ရောက်လာတော့မည့် သတင်းကို နှမလုပ်သူအား ပြောကြားလိုက်လေသည်။

"ဟင်… ကိုကို မနက်ဖြန်ရောက်တော့မယ်ဟုတ်လား ဖေဖေ"

မြိုင်က သွက်လက်စွာ ပြန်၍ မေးမြန်းလိုက်သည်။

"အေး … ဒါကြောင့် မနက်ဖြန် မင်္ဂလာဒုံမှာ သွားကြိုဖို့ အသင့်ပြင်ဆင်ထားကြ စောခင်"

ဟု ဒေါ်စောခင်အား လှမ်းပြောရင်း လက်ထဲ၌ပါလာသော ကြေးနန်းစာ အိတ်ကြီးကို ဦးထွန်းမင်းသည် မြိုင့်အား လှမ်း၍ ပေးလေသည်။

ခပ်စောစောက ဘိလပ်မှပေးပို့လိုက်သောစာများတွင် မောင်ဇော်ဝင်းသည် တနင်္ဂနွေ သုံးပတ်လောက်ကြာမှပင် မြန်မာပြည်သို့ သင်္ဘောနှင့်ပြန်ရောက်ရှိလာလိမ့်မည်ဖြစ်သည့် အကြောင်းကို ရေးသားထားခဲ့ပေသည်။ သို့ရာတွင် ယခုကဲ့သို့ မောင်ဇော်ဝင်း ဘိလပ်မှ လေယာဉ်ပျံဖြင့် ဗြုန်းခနဲ ရောက်ရှိလာတော့မည့်သတင်းကို ဦးထွန်းမင်းထံမှ

ရုတ်တရက် ကြားသိကြရသောအခါ မြိုင်ရော၊ ဒေါ်စောခင်ပါ ကောင်းစွာနားမလည်သကဲ့သို့ ခပ် ကြောင်ကြောင်ဖြစ်နေကြလေသည်။

"မောင်ဇော်ဝင်း အစိုးရအလုပ်တစ်ခုကို ဖြုန်းခနဲလက်ခံရမှာမို့ မူလက သဘော်နဲ့ ပြန်လာဖို့အစီအစဉ်ကို ဖျက်လိုက်ရပြီး လေယာဉ်ပျံနဲ့လာခဲ့ရတာကွဲ့"

ဦးထွန်းမင်းသည် ပြောဆိုစရာရှိသောစကားကို ပြောဆိုပြီးနောက် လက်ဖက်ရည်သောက်ရန် အောက်ထပ်သို့ ပြန်ဆင်းသွားသည်။

"ကဲ ... မြိုင်၊ ညည်းဖေဖေအတွက် လက်ဖက်ရည်သွားပြင်ပေးလိုက်ဦး၊ ဒေါ်လေး မောင်ဇော်ဝင်းတို့အခန်း သွားရှင်းလိုက်ဦးမယ်"

ဟုပြောကာ ဒေါ်စောခင်သည် ဦးထွန်းမင်း အခန်းမှ မောင်ဇော်ဝင်းတို့ လင်မယားနေထိုင်ကြမည့် အခန်းဘက်သို့ ထွက်သွားသည်။

ဦးထွန်းမင်း ပေးထားခဲ့သော အစ်ကိုလုပ်သူထံမှ ရိုက်ကြားလိုက်သော ကြေးနန်းကို ထုတ်ယူဖတ်ရှုရင်း ဖခင်အတွက် လက်ဖက်ရည်ပွဲ ပြင်ဆင်ပေးရန် မြိုင်သည် အောက်ထပ်သို့ ဖြည်းညင်းစွာဆင်းလာခဲ့လေသည်။

❦ ❦ ❦

နှစ်ရှည်လများ ကွဲကွာနေခဲ့ကြသော မောင်နှမဖြစ်စေကာမူ ပြန်လည်ရောက်ရှိလာသောအခါ မြိုင်သည် ဝမ်းသာသင့်သလောက် ဝမ်းသာခြင်းမရှိလှပေ။ နှစ်ယောက်တည်းသာရှိ၍ အင်မတန်ချစ်ခင်သောအစ်ကိုဖြစ်စေခဲ့ကာမူလည်း မျိုးမတူ ဇာတ်ခြားသော အင်္ဂလိပ်မတစ်ယောက်ကို လက်ထပ်ယူဆောင်၍ လာသော အစ်ကိုဖြစ်သူအား မြိုင်သည် ခပ်စိမ်းစိမ်း ခပ်တန်းတန်းဖြစ်နေလေသည်။ မကျေမချမ်းသလိုလည်း ဖြစ်နေမိသည်။ မင်္ဂလာဒုံလေဆိပ်တွင် မြိုင်၏အစ်ကိုလုပ်သူ ကိုဇော်ဝင်းက တစ်ဦးနှင့်တစ်ဦး တစ်ကြိမ်တစ်ခါမျှ တွေ့ဆုံ၍ စကားပြောဆိုခြင်းမပြုခဲ့ကြသေးသော ၎င်း၏ဇနီး အင်္ဂလိပ်မ အမျိုးသမီးနှင့် နှမဖြစ်သူမြိုင်တို့အား တစ်ဦးနှင့်တစ်ဦး ရင်းရင်းနှီးနှီး သိရှိသွားကြစေရန်နှင့် စကားပြောဆိုနေနိုင်ကြစေရန်အတွက် မိတ်ဆက်ပေးလေသည်။ မြိုင်၏ယောက်မ ဖြစ်သူက သူတို့ယဉ်ကျေးမှုထုံးစံဓလေ့အတိုင်း မြိုင့်အား နှုတ်ဆက်စကားပြောဆိုသောအခါ၌ မြိုင်သည် သီလရှင်ကျောင်းထွက် ခေတ်ပညာတတ်မိန်းကလေးတစ်ဦးပင် ဖြစ်သော်ငြားလည်း ယောက်မလုပ်သူအား ဝတ္တရားရှိသည့်အတိုင်း မာကြောင်းချာကြောင်း စကားကလေးမျှလောက်ပင် ပြန်လည်၍ ပြောကြားခြင်းမပြုမိဘဲ ခပ်ငိုင်ငိုင် ခပ်ကြောင်ကြောင် ဖြစ်နေသည်။ မျက်လုံးပြာပြာ၊ အသားဖြူစပ်စပ် နီကြန်ကြန် အင်္ဂလိပ်အမျိုးသမီး တစ်ဦးကို အထူးအဆန်းသဖွယ် ခပ်ရိုင်းရိုင်းကလေး ကြည့်နေမိသည်။ မိမိက မေးမြန်း နှုတ်ဆက်သောစကားကို ယောက်မလုပ်သူက မည်သို့မျှ ပြန်လည်ဖြေကြားပြောဆိုခြင်း မပြုဘဲ ရှိနေသောအခါ အင်္ဂလိပ်အမျိုးသမီးသည် အတော်ကလေး မျက်စိမျက်နှာပျက် ဖြစ်သွားလေသည်။

အိမ်သားများအပြင် မိမိအား လေဆိပ်သို့လာရောက်ကြိုဆိုနှုတ်ဆက်ကြသော ကိုသက်တင်နှင့် ကိုသက်ထွန်းတို့ ညီအစ်ကိုအပြင် မိမိညီဝမ်းကွဲ မောင်မောင်လတ်တို့အား လိုက်လံနှုတ်ဆက်စကား ပြောကြားနေသော ကိုဇော်ဝင်းသည် ခပ်စောစောက မိတ် ဆက်ပေးထားခဲ့သော မိမိ၏နှမနှင့် ဇနီးတို့၏ဆက်ဆံရေးကို မသိမသာ အကဲခတ်လျက် ရှိသည့်အလျောက် သမီးယောက်မနှစ်ယောက်တို့၏ တင်းမာသွားသောဆက်ဆံရေး အခြေအနေကို သိရှိလိုက်ပေသည်။

အိမ်သို့ပြန်ရန် ကားပေါ်အတက်တွင် နှမလုပ်သူ၏မျက်နှာရိပ်မျက်နှာကဲကို မသိ မသာ အကဲခတ်ကြည့်ရှုရင်း...

"မြိုင်တစ်ယောက် နေလို့များမှ ကောင်းရဲ့လားကွယ်"

ဟု ကိုဇော်ဝင်းက မေးလိုက်သောအခါ...

"ကောင်းသားပဲ ကိုကို .."

ဟု မြိုင်က ခပ်တိုတို ခပ်ပြတ်ပြတ် ဖြေလိုက်သည်။ ဤကဲ့သို့သာ ဖြေကြားလိုက်သော်လည်း မြိုင်သည် အစ်ကို လုပ်သူအား ပြန်လှည့်၍ ပင် မကြည့်လိုက်ပေ။

အိမ်သို့ပြန်လည်ရောက်ရှိကာ ညစာကို ထမင်းစားပွဲထဲတွင် အတူဝိုင်း၍ စားသောက်ကြသောအခါ၌လည်း မြိုင်သည် ထမင်းစားပြီးစီးသွားသည်အထိ အစ်ကိုဖြစ်သူ ကိုဇော်ဝင်းအားလည်းကောင်း ယောက်မလုပ်သူအားလည်းကောင်း စကားတစ်ခွန်းတစ်ပါဒမျှ မပြောမဆိုမိဘဲ ထမင်းကိုသာလျှင် ငုံ့၍ တွင်တွင်ကြီး စားလျက်ရှိလေသည်။ ထမင်းစားသောက်၍ ပြီးစီးသွားကြသောအခါ၌ မြိုင်၏ယောက်မလုပ်သူက မြိုင့်အား... "ကောင်းကောင်း နေမကောင်းဘူးလား" ဟု မေးမြန်းသည်ကိုပင် မြိုင်သည် အင်္ဂလိပ်သံဖြင့် ပြောဆို မေးမြန်းလိုက်သော ယောက်မလုပ်သူ၏စကားကို ကောင်းစွာနားမလည်လိုက်သောကြောင့် ဘာမျှပြန်လည်ပြောဆိုခြင်းမပြုဘဲ ငူငူငေးငေးနေလိုက်သည်။ အင်္ဂလိပ်အမျိုးသမီးသည် တော်တော်ကြီး မျက်နှာပျက်သွားလေသည်။ မင်္ဂလာဒုံလေဆိပ်မှစ၍ နှမနှင့်ဇနီး လုပ်သူတို့၏ ဆက်ဆံရေးကို အကဲခတ်လာသော ကိုဇော်ဝင်းသည်လည်း မျက်စိမျက်နှာမကောင်း ဖြစ်သွားလေသည်။ ကိုဇော်ဝင်းတို့ လင်မယား ဘိလပ်မှရောက်ရှိလာကြပြီးနောက် အိမ်ကြီးပေါ်တွင် အိပ်စက်ကြသော ပထမညကစ၍ ခါတိုင်း မိမိဘာသာ မိမိသဘောအတိုင်း လွတ်လွတ် လပ်လပ် နေထိုင်လျက်ရှိသော အခန်းအတွင်း၌ပင်လျှင် မြိုင်သည် မိမိဘာသာ တစ်ယောက်တည်း အနေရအထိုင်ရ ကျုံ့လျက်ရှိလေသည်။ မနေတတ် မထိုင်တတ်သလိုလည်း ဖြစ်နေလေသည်။ မြိုင်သည် ထိုညက တော်တော်နှင့်အိပ်မပျော်ပေ။ မိမိတို့ မိသားစု အတွင်းသို့ မျိုးမတူ ဇာတ်ခြားသော လူစိမ်းတစ်ယောက် ရောက်ရှိလာသောအကြောင်းကိုသာ စဉ်းစားရင်း မိမိ၏ရှေ့ရေး နောက်ရေးအတွက်ကိုလည်း လေးလေးနက်နက်

စဉ်းစားခြင်း ပြုမိလေသည်။ ယခင်က မြိုင်သည် မိမိ၏ရှေ့ရေးနောက်ရေးကိစ္စတို့ကို မည်သည့် အခါကမျှ လေးလေးနက်နက် စဉ်းစားတွေးတောခြင်းများ မပြုလုပ်ခဲ့ပေ။ အေးအေးပေါ့ပေါ့ သာ နေထိုင်ခဲ့ပေသည်။ ဘာမျှလည်း ပူပင်ခြင်းမရှိဘဲ ဤအိမ်ကြီးတွင် လွတ်လွတ်လပ်လပ် နေထိုင်ခဲ့သည်။ ယခုတော့မူ အစ်ကိုလုပ်သူနှင့်ပတ်သက်၍ ဤအိမ်ကြီးသို့ လူစိမ်းတစ်ဦး ဝင်ရောက်လာခဲ့ပြီဖြစ်ရကား မြိုင်သည် မိမိရှေ့ရေး နောက်ရေးကိစ္စများအား မိမိ ဘာသာ စဉ်းစားရတော့မည့်အရေးကို မိမိအလိုအလျောက် သိရှိလာခဲ့လေပြီ။ ကိုယ်ရေး ကြုံလာပြီဖြစ်သော မြိုင်သည် သက်လုံကောင်းရတော့မည်သာ ဖြစ်ပေသည်။ ဖခင်ကြီး အသက်ရှိနေသေးသမျှ ကာလပတ်လုံး အစ်ကိုများ ယောက်မများနှင့် ဤအိမ်ကြီးတွင် ဖြစ်သလိုနေထိုင်သွားမည်ဆိုက ဖြစ်နိုင်သေးသော်လည်း ဖခင်ကြီးမရှိပြီးသည့်နောက်တွင် မြိုင်သည် ဤအိမ်ကြီး၌ အဘယ်သို့နေထိုင်ဦးမည်နည်း။ မြိုင်သည် ရှေ့ရေးနောက်ရေး ကိစ္စများကို တသီတတန်းကြီး လျှောက်၍ တွေးရင်း သိမ်ငယ်လာမိသည် မိမိကိုယ်ကို မလုံမခြုံသလိုလည်း ဖြစ်လာမိသည်။

နောက်တစ်နေ့နံနက် လက်ဖက်ရည်သောက်သောအချိန်တွင် မြိုင်သည် မိမိ ဘာသာ တစ်ယောက်တည်း သိမ်ငယ်လျက်ရှိသောကြောင့် အိမ်အောက်ထပ်သို့ဆင်း၍ အစ်ကိုလုပ်သူ ယောက်မလုပ်သူတို့နှင့် မျက်နှာချင်းဆိုင် လက်ဖက်ရည်မသောက်တော့ဘဲ အိမ်တွင်ခိုင်းစေထားသော မိအေးကို မိမိအခန်းတွင်းသို့ အပို့ခိုင်း၍ သောက်လေသည်။ ခါတိုင်း ဖတ်နေကျဖြစ်သော ပြည်သူ့အလင်းသတင်းစာကိုလည်း မယ်အေးကိုပင် မိမိ အခန်းတွင်းသို့ ယူလာစေပြီးနောက် ဖတ်ရှုရလေသည်။

နံနက်စာ စားသောက်ကြသောအချိန်၌လည်း မြိုင်သည် မိမိ၏အခန်းတွင်းမှမထွက်ဘဲ ပုန်းနေသည်။ မယ်အေးက ထမင်းစားသောက်ရန် လာခေါ်သောအခါ မဆာသေး၍ နောက်မှစားတော့မည်ပြောလွှတ်လိုက်သည်။ အိမ်သားများအားလုံး စားသောက်ပြီးစီး ကြတော့မှပင် မြိုင်သည် မိမိဘာသာတစ်ယောက်တည်း စားသောက်လေသည်။

ထိုနေ့တစ်နေ့လုံး မြိုင်၏အစ်ကိုနှင့် ဖခင်တို့သည် အိမ်တွင်မရှိကြပေ။ နံနက်စာ စားပြီးကတည်းက ကိုဇော်ဝင်း အလုပ်ကိစ္စအတွက် သားအဖနှစ်ယောက် အိမ်မှကားနှင့်

မြို့ထဲသို့ထွက်သွားကြလေသည်။ ဒေါ်လေး ဒေါ်စောခင်သည်လည်းကောင်း၊ မြိုင်၏ ယောက်မလုပ်သူသည်လည်းကောင်း ၎င်းတို့လုပ်ကိုင်စရာရှိသော ကိစ္စများကို ၎င်းတို့ ဘာသာ ၎င်းတို့ လုပ်ကိုင်လျက်ရှိကြသည်။ သို့ရာတွင် မြိုင်သည် နံနက်စာကို အောက်ထပ်သို့ ဆင်း၍ စားသောက်ပြီးသည့်နောက် မိမိအခန်းသို့ ပြန်လာပြီးကတည်းက အပြင်သို့ပင် မထွက်ချေ။ အိပ်ရာထက်တွင်ခွေကာ တောင်စဉ်းစား မြောက်စဉ်းစား လုပ်နေသည်။ သို့ရာတွင် ဘာတစ်ခုကိုမျှ ပြတ်ပြတ်သားသားနှင့် တိတိကျကျ စဉ်းစားသည်တော့ မဟုတ်ပေ။

နာရီပြန်နှစ်ချက်ခန့် လက်ဖက်ရည်သောက်ချိန်တွင် မယ်အေးသည် အပေါ်ထပ်သို့ တက်လာပြီးလျှင် မြိုင့်အား လက်ဖက်ရည်သောက်ဖို့ လာခေါ်သည်။ မြိုင်သည် မယ်အေးနှင့်အတူ လက်ဖက်ရည်သောက်ရန်အတွက် အိမ်အောက်ထပ်သို့ ဆင်းလိုက်လာရန်လုပ်ပြီးမှ ရုတ်တရက် တစ်စုံတစ်ရာကို စဉ်းစားမိလိုက်သကဲ့သို့...

"ဒေါ်လေးနဲ့ ကိုကို့ မိန်းမတို့ကော သောက်ပြီးကြပလားဟဲ့ မယ်အေး"

ဟု မယ်အေးအား မေးလေသည်။

"နှစ်ယောက်စလုံး သောက်နေကြပြီ.. သူတို့က အခေါ်ခိုင်းလိုက်လို့"

ဟု မယ်အေးက ပြန်ပြောကာ ဆင်းသွားနှင့်မည်အပြုတွင် မြိုင်က မယ်အေး၏လက်ကို ဆွဲထားလိုက် သည်။

"ဘာလဲ မမမြိုင် ..."

မယ်အေးက မြိုင်သည် ၎င်းအား တစ်စုံတစ်ရာခိုင်းစရာရှိ၍ ဆွဲခေါ်ထားသည်အမှတ်ဖြင့် ပြန်၍ မေးလိုက်သည်။

"ငါ ခေါင်းထဲမှာ နည်းနည်းမူးနေသေးလို့ တော်တော်ကြာမှ လက်ဖက်ရည်ဆင်းသောက်မယ့်အကြောင်း ညည်းကြည့်ပြောလိုက်နော် မယ်အေး"

ဟုပြောကာ မြိုင်သည် အခန်းအတွင်းသို့ ပြန်လှည့်ဝင်လာခဲ့သည်။ မယ်အေးသည် မြိုင့်ကို ကောင်းစွာနားမလည် သကဲ့သို့ အတန်ကြာမျှ

ငေးစိုက်၍ ကြည့်နေပြီးမှ ပြန်ဆင်းသွားသည်။ ဒေါ်လေးနှင့် ယောက်မလုပ်သူတို့ လက်ဖက်ရည်သောက်ပြီးလောက်သောအချိန်ကျမှပင် မြိုင်သည် အိမ်အောက်ထပ်သို့ ကတိုက်ကရိုက် ဆင်းလာပြီးနောက် လက်ဖက်ရည်ကို သုတ်သီးသုတ်ပျာ သောက်လေသည်။ လက်ဖက်ရည်သောက်၍ ပြီးစီးလျှင် ပြီးစီးချင်း အိမ်အပေါ် သို့ ပြန်တက်လာခဲ့လေသည်။

လက်ဖက်ရည်သောက်ပြီး၍ အခန်းအတွင်းသို့ မြိုင်ပြန်ရောက်သည့်အချိန်တွင် အိမ်အောက်ထပ်ဧည့်ခန်းမှ စန္ဒရားသံထွက်လာသည်။ ဘယ်ကဧည့်သည်များ ရောက်ရှိလာကာ မိမိ၏စန္ဒရား စမ်းသပ်တီးခတ်ခြင်းဖြစ်မည်နည်းဟု ရုတ်တရက်စဉ်းစား၍ မရနိုင်အောင်လည်း ဖြစ်နေသည်။

စန္ဒရားသံသည် တဖြည်းဖြည်းကျယ်လောင်ကာ သဲသဲကွဲကွဲကြားလာရသည်။ မြိုင်၏ယောက်မသည် မြိုင်၏စန္ဒရားကို ဝင်ရောက်စမ်းသပ် တီးခတ်ကြည့်နေ ခြင်း ဖြစ်လေသည်။ အင်္ဂလိပ်အမျိုးသမီးသည် စန္ဒရား၏အသံများကို ခေတ္တမျှ စမ်းသပ်ပြီးနောက် အင်္ဂလိပ်သီချင်းတစ်ပုဒ်ကို ကောက်ကာငင်ကာ တီးခတ်လေသည်။ မြိုင်သည် အိပ်ရာထက်တွင်လှဲကာ ယောက်မလုပ်သူ၏ ပီယာနိုတီးသံကို နားထောင်ရင်း ယခင်က မိမိတစ်ယောက်တည်း လွတ်လွတ်လပ်လပ် တီးခတ်လာခဲ့သော စန္ဒရားကြီးကို မိမိကဲ့သို့ ဝင်ရောက်တီးခတ်မည့်လူတစ်ဦး တိုးလာပြီကို စဉ်းစားမိလေသည်။ အိမ်အောက်ထပ်မှ ပီယာနိုသံရပ်သွားသောအခါ အိမ်ရှေ့ဘက်မှ ကားတစ်စီး ဝင်လာသံကို ကြားရလေသည်။ ထို့ကြောင့် ဘယ်သူဘယ်ဝါများလာသည်ကို သိရှိလိုသဖြင့် မိမိအခန်းအတွင်းမှ ထွက်လာခဲ့ပြီးနောက် အပေါ်ထပ်ပြတင်းပေါက်မှ လှမ်း၍ ကြည့်မိလေသည်။ ကိုသက်တင်သည် ကားတံခါးကိုဖွင့်၍ ဆင်းလာပြီးနောက် အိမ်ထဲသို့ဝင်သွားသည်။ မြိုင်သည် မိမိအခန်းတွင်းသို့ ကတိုက်ကရိုက်ပြန်ပြေးဝင်လာခဲ့ပြီးနောက် အိပ်ရာ ထက်တွင် အသာလှဲနေလိုက်သည်။ ဤကမ္ဘာမြေကြီးပေါ်၌ မြိုင် မတွေ့ချင်၊ မမြင်ချင်ဆုံးသော လူတစ်ဦးမှာ ဤလူတစ်ဦးပင်ဖြစ်လေသည်။ နောက်ဆုံးတစ်ကြိမ် ဤအိမ်ကြီးသို့ လာရောက်ခဲ့စဉ်က မိမိအား နိုင်ထက်စီးနင်းနှင့် တစ်ဖက်သတ်ပြောဆိုသွားသော ကိုသက်တင်အား မြိုင်သည် ယခုတိုင် ခွင့်မလွှတ်နိုင်သေး။

လူချင်းပင်လျှင် မျက်နှာချင်း မဆိုင်ချင်လောက်အောင်

ထိုလူတစ်ယောက်အပေါ်၌ ငြိုးမာန်ကြီးနေတုန်း ဖြစ်လေသည်။ မယ်အေးသည် အပေါ်ထပ်သို့ တက်လာရပြန်ပြီးနောက် မြိုင်၏အခန်းအတွင်းသို့
ဝင်လာသည်။

"ဘာများလဲဟဲ့ မယ်အေး .."

သိထားပြီးသောကိစ္စကိုပင် မြိုင်က မေးလိုက်ချေသေးသည်။

"ကိုသက်တင် ရောက်နေတယ် မမမြိုင်"

အခါတိုင်း လဲ့လဲ့၏အစ်ကိုဟုသာ ခေါ်ဝေါ်တတ်သော မယ်အေးသည် ယခုအခါတွင် ကိုသက်တင်၏ နာမည်ကိုပင် ကောင်းစွာ သိရှိနေလေပြီ။

"ငါ ခေါင်းကိုက်လို့ အိပ်ပျော်နေတယ်လို့ ပြောလိုက်စမ်းကွယ် ..."

ဟုသာ ပြန် ပြောလိုက်ပြီးနောက် မြိုင်သည် စောင်တစ်ထည်ကို ဆွဲ၍ ခြုံကာ တစ်ဖက်သို့စောင်းနေ လိုက်သည်။

မယ်အေး အောက်ထပ်သို့ပြန်ဆင်းသွားပြီးနောက် ငါးမိနစ်ခန့်အကြာတွင် နောက်ထပ်၍ အိမ်ပေါ်သို့တက်လာသောခြေသံကို ကြားရလေသည်။ ထိုခြေသံသည် ဘယ်သူ ဘယ်ဝါ၏ခြေသံဖြစ်သည်ကို မြိုင်က သိနှင့်ပြီးဖြစ်သည်။ ထို့ကြောင့် ထိုခြေသံသည် မိမိအခန်းအတွင်းသို့ ရောက်ရှိလာသည်တိုင်အောင် မြိုင်သည် ငြိမ်၍သာနေမိသည်။

"မြိုင် ... ဟဲ့...မြိုင် .."

အသံမှာ ဒေါ်လေးဒေါ်စောခင်၏အသံဖြစ်သည်။

ပထမသော် မြိုင်သည် မထူးဘဲ ပေ၍ နေလိုက်မိသေးသည်။

"ဟဲ့ မြိုင် ခေါ်နေတာမကြားဘူးလား"

"ဘာများလဲ ဒေါ်လေးရဲ့ "

ဟု မြိုင်က စောင်ခြုံကိုဖွင့်ကာ ပြန်၍ မေးလိုက်သည်။

“ညည်း ဒီလိုလုပ်တာ ဘယ်ကောင်းပါ့မလဲ မြိုင်ရဲ့”

ဟု ဒေါ်လေးက မြိုင်အား အပြစ်တင်လိုသည့်နှင့် မျက်နှာထားအမူအရာဖြင့် ပြောဆိုလိုက်သည်။

"ဘာဖြစ်လို့တုံး ဒေါ်လေးရဲ့"

“ဘာဖြစ်ရမတုံး မောင်သက်တင်က ညည်းကိုတွေ့ ချင်ရှာလို့ လာနေတာ။ ဘယ်လောက် အားနာစရာကောင်းသလဲ"

“မြိုင်ကမှ ကိုသက်တင်ကို မတွေ့ ချင်ဘဲ ဒေါ်လေးရဲ့”

“ညည်းသိရက်သားနဲ့ ဘယ်လိုစကားပြောလိုက်တာလဲဟင် ... မြိုင်"

“မြိုင်ကမှ မတွေ့ချင်တာကို ဒေါ်လေးကများ ဘာများပြောချင်သေးလို့လဲ ဒေါ်လေးရဲ့”

ဒေါ်လေး ဒေါ်စောခင်၏ မျက်နှာတစ်ခုလုံး နီရဲသွားလေသည်။ တစ်သက်လုံး ခံမပြောခဲ့သော တူမလုပ်သူက ယခုကဲ့သို့ ခံပြောခြင်းခံလိုက်ရသည့်အတွက် အဘွားကြီး သည် အတော်ကလေး စိတ်ဆိုးသွားပုံရလေသည်။ မြိုင့်အား နောက်ထပ်၍ ဘာမျှမပြောနိုင် မဆိုနိုင်သေးဘဲ စူးစိုက်၍ ကြည့်နေလေသည်။

သည်တော့မှပင် မိမိလွန်သွားသောကိစ္စကို မြိုင်သည် ပြန်လည်သတိရလာလေသည်။ သို့ရာတွင် မိမိကိုယ်ကိုကား မှားသည်ဟူ၍ တော့ မြိုင်သည် မယူဆမိပေ။

“မြိုင်က လက်သင့်ခံ မတွေ့ချင်သေးတဲ့လူတစ်ယောက်ကိုတော့ ဒေါ်လေးတို့က အတင်းအကျပ်မလုပ်စေချင်ဘူး ဒေါ်လေးရယ်၊ ဒီလူတစ်ယောက်ကို လက်သင့်ခံပြီး စကားပြောရတဲ့အခါတိုင်း မြိုင် ဘယ်လောက်စိတ်ဆင်းရဲပင်ပန်းရတယ်ဆိုတာကိုလည်း ဒေါ်လေးတို့မသိကြသေးဘဲကိုး"

မြိုင်သည် ဒေါ်လေးအနီးသို့ကပ်လာပြီးလျှင် ဒေါ်လေး ဒေါ်စောခင်၏ ရင်ထဲသို့ ဦးခေါင်းလျှိုရင်း ပြောဆိုလေသည်။

မြိုင်က ယခုကဲ့သို့ ၎င်း၏အခက်အခဲကို ပြောဆိုလာသောအခါ ဒေါ်လေး ဒေါ်စော ခင်သည် အတော်ကလေး စိတ်မကောင်းဖြစ်သွားသည်။ ငယ်ရာမှကြီးလာခဲ့ရသူဖြစ်သည့် အလျောက် မြိုင့်ကိုလည်း ကိုယ်ချင်းစာမိပုံရလေသည်။ သို့ရာတွင် မိမိအုပ်ထိန်းနေရသော တူမအပေါ်၌ လူငယ်ချင်း ကိစ္စမပြီးစီးသေးသရွေ့ မိမိ၏တာဝန်ကြီးက ရှိနေသေးသည့် အလျောက် ဒေါ်စောခင်သည် ရှေ့တိုးရအခက်၊ နောက်ဆုတ်ရလည်းအကျပ် ဖြစ်နေသည်။

"ဒေါ်လေးတို့လည်း ငယ်ရာက ကြီးလာခဲ့တာပဲလေ၊ ကိုယ်က နှစ်နှစ်ကာကာ မေတ္တာမရှိတဲ့လူတစ်ယောက်ကို ဘယ်လိုလက်သင့်ခံပြီး စကားပြောချင်ပါ့မလဲ"

"လူကြီးချင်း စီစဉ်ထားတဲ့ကိစ္စကို ခုလို ရိုင်းရိုင်းစိုင်းစိုင်းလုပ်လို့ မတော်ဘူးထင်တယ် မြိုင်"

"လူကြီးချင်းစီစဉ်ထားတဲ့ကိစ္စမို့လို့ ကိုသက်တင်လို လူတစ်ယောက်ကို မြိုင်က ခုလောက် သည်းညည်းခံပြီး စကားလက်သင့်ခံပြောနေရတာပေါ့ ဒေါ်လေးရယ်။ မဟုတ်များမဟုတ်ရင် အိမ်ကိုမလာရဲအောင် မောင်းထုတ်ပစ်လိုက်တာ ကြာပါပကော"

"ဒီလို လုပ်လို့လည်း ဘယ်ကောင်းပါ့မလဲ မြိုင်ရယ်၊ ပြီးတော့လည်း မောင်သက်တင်ဟာ ဒါလောက် ဟော့ဟော့ရမ်းရမ်း သူငယ်တစ်ယောက်မဟုတ်ပါဘူး"

"မြိုင်တို့လူငယ်ချင်း ဖြစ်နေကြတဲ့ ကိစ္စတွေကို ဒေါ်လေးတို့လူကြီးတွေ အကုန် မသိပါဘူး၊ သိလို့လည်း မကောင်းပါဘူးလေ"

"ဘာပဲဖြစ်ဖြစ်ပေါ့ မြိုင်ရယ် ... လူကြီးတွေချင်း မျက်နှာပျက်ရမယ့်ကိစ္စအထိတော့ မဖြစ်အောင် သည်းညည်းခံစေချင်တယ်"

"သည်းညည်းခံလာခဲ့ရတာ ကြာလှပါပကောလား ... ဒေါ်လေးရဲ့"

"မောင်ဇော်ဝင်း ဘိလပ်မှာ သူ့မိန်းမနဲ့ လက်ထပ်တယ်ဆိုတဲ့သတင်း ကြားရကတည်းက အစ်ကိုကြီးက ဒေါ်လေးကိုခေါ်ပြီး မြိုင်တို့ကိစ္စကို တစ်မေးတည်း မေးနေခဲ့တာသာ မြိုင်သိရင် ဒေါ်လေးရဲ့အခြေအနေကို မြိုင် ကိုယ်ချင်းစာနိုင်လိမ့်မယ်ထင်တယ်"

"သြော် ... ဖေဖေက မြိုင်တို့ကိစ္စကို တစ်မေးတည်း မေးနေသတဲ့လား"

"ဒေါ်လေးက ကြားကနေပြီး အပြောရခက်လှသပေါ့ မြိုင်ရယ် ..."

"ဖေဖေက ဘယ်လိုမေးလို့လဲ ... ဒေါ်လေးရဲ့"

"မြိုင်နဲ့ မောင်သက်တင်တို့ လက်ထပ်ကြဖို့ လူငယ်ချင်းဘယ်လိုအခြေအနေ ရှိကြသလဲဆိုတာပေါ့လေ"

"ဒေါ်လေးက ဘယ်လိုပြောပြထားသလဲ"

"သူတို့လူငယ်ချင်းတော့ ရင်းရင်းနှီးနှီး ဝင်ထွက်သွားလာနေကြတဲ့အကြောင်း ကြည့်ပြောထားရတာပေါ့ကွယ်"

"အဲဒီတော့ ဖေဖေက ဘာပြောသေးသလဲ"

"သူတို့လူငယ်ချင်း ရင်းရင်းနှီးနှီးနဲ့ သင့်သင့်မြတ်မြတ်ဖြစ်နေရင်လည်း သူတို့ကိစ္စကို ခပ်မြန်မြန်ကလေး ပြီးသွားစေချင်တဲ့အကြောင်း ပြောတယ်"

"သြော် ... ဖေဖေက ဒီလိုပြောသတဲ့လား"

"မြိုင့်အတွက် အစ်ကိုကြီးဟာ တော်တော် စိတ်သောကရောက်နေပုံလည်း ရတယ်။ ဒီကောင်မကလေး အိမ်ထောင်ရက်သား ကျပြီးတော့မှပဲ ငါလည်း အသေဖြောင့်မှာပဲ စောခင်ရယ်လို့တောင် ဒေါ်လေးရှေ့မှာ ညည်းညည်းနေရှာတယ်"

"ဖေဖေလည်း မြိုင့်အတွက်နဲ့ ဒုက္ခပါပဲ ဒေါ်လေးရယ်...."

"ဒုက္ခရယ်လို့လည်း ဘယ်ဟုတ်ပါ့မလဲ .. ဘယ်မိဘမဆို ကိုယ့်သား ကိုယ့်သမီးကလေးတွေကို ကိုယ်မသေခင် နေရာချထားချင်ခဲ့ကြတာတော့ ဓမ္မတာပေါ့"

"ဒါပေမဲ့ မြိုင့်မှာ ခက်နေတာက ဒီကိုသက်တင်ဆိုတဲ့လူကို ဘယ်လိုမှ

မေတ္တာ မရှိနိုင်တဲ့ကိစ္စပဲ ဒေါ်လေး၊ လူကြီးတွေရဲ့ သဘောကိုလိုက်ပြီး ဒီလူတစ်ယောက်ကို မြိုင် အမျိုးမျိုး သည်းညည်းခံပြီး ဆက်ဆံကြည့်ခဲ့တယ်။ ဘယ်လိုမှ အဆင်မပြေခဲ့ဘူး။ တစ်ယောက်တစ်ပေါက်နဲ့ တစ်ယောက်တစ်လမ်းစီ ဖြစ်နေကြတယ်။ ကိုယ်က ဘယ်လိုမှ မေတ္တာမမျှနိုင်တဲ့ လူတစ်ယောက်ကို လူကြီးမိဘတွေရဲ့ သဘောကို လိုက်လျောရပြီး ဇွတ်မှိတ်ယူရမယ်ဆိုရင်လည်း မြိုင့်ဘဝတစ်လျှောက်လုံး စိတ်ဆင်းရဲလူဆင်းရဲ ဖြစ်နေ ရတော့မှာ အမှန်ပဲ ဒေါ်လေး.."

ဒေါ်စောခင်က မြိုင် ပြောဆိုသောစကားများကို ကိုယ်ချင်းစာကာ ငြိမ်သက်စွာ နားထောင်လျက်ရှိပေသည်။ သို့ရာတွင် ငြိမ်သက်စွာနားထောင်ခြင်းထက်တော့ ဘာမျှ တတ်နိုင်သည်မဟုတ်ပေ။

“စဉ်းစားပါဦး မြိုင်ရယ်”

ဒေါ်စောခင်က ဒါပဲပြောသည်။

ထိုအခိုက် လှေကားမှတက်လာသော ခြေသံကိုကြားရသည်။ မြိုင်နှင့် ဒေါ်စောခင် တို့သည် တစ်ယောက်မျက်နှာကို တစ်ယောက် လှမ်းကြည့်ကြသည်။

“ခေါင်းကိုက်နေတယ် ပြောလို့ တော်တော်များ အနေရဆိုးနေသလားလို့ မြိုင်ရယ်”

ကိုသက်တင်သည် မြိုင် အခန်းတံခါးဝတွင်ရပ်ကာ စိုးရိမ်ပူပန်သည့်အမူအရာဖြင့် ပြောဆိုလေသည်။

ကိုသက်တင်အပေါ်ထပ်သို့ တက်၍ လိုက်လာကတည်းက အနည်းငယ် မျက်နှာ ပျက်နေသော ဒေါ်စောခင်က…

“ကဲ … မောင်သက်တင်တောင် အိမ်ပေါ်တက်လာပြီး မေးနေရပြီဟာ မြိုင်လည်း သိပ်ဆိုးဆိုးဝါးဝါးကြီးမဟုတ်တာ အောက်ထပ်ဆင်းပြီး အေးအေး ဆေးဆေး စကားပြောကြပါဦးလားကွယ်…”

ဟု လူကြီးပီပီ မြိုင်နှင့် ကိုသက်တင်တို့အား အိမ်အောက်ထပ်သို့ စကားပြောကြရန် စကားလမ်းခင်းပေးလိုက်လေသည်။

"မြိုင် အနေရခက်နေရင်လည်း နေပါ့စေ ဒေါ်လေးရယ် .."

ဟု ကိုသက်တင်သည် မြိုင့်မျက်နှာကို လှမ်းကြည့်ရင်း ပြောဆိုလိုက်သည်။

"စောစောကသာ တော်တော်ကလေးကိုက်တာပါ၊ ခုတော့ ပေါ့သွားပြီနဲ့ တူပါတယ် ..."

ဟု ဒေါ်လေး ဒေါ်စောခင်က ဝင်ရောက်ပြောဆိုရပြန်သည်။ ဒေါ်လေး ဒေါ်စောခင်နှင့် ကိုသက်တင်တို့သာ နှစ်ယောက်တည်း စကားပြောဆိုနေကြသည့်အခိုက် မြိုင်သည် ကြားမှ အနေရအထိုင်ရခက်လျက် ရှိလေသည်။ မိမိက လူချင်းမတွေ့ချင်၍ ခေါင်းကိုက်နေပါသည်ဟု အကြောင်းပြ ငြင်းဆန်လိုက်ပြီးကာမှ ကိုသက်တင်သည် လူကိုယ်တိုင်တက်လာပြီးနောက် ခေါင်းကိုက်သည်ဆိုသည်မှာ ဟုတ်တိ ပတ်တိ မဟုတ်ကြောင်းကို သိရှိသွားသည့်အတွက် အနေရခက်သည်ကတစ်မျိုး၊ မိမိ မတွေ့ချင်၍ ခေါင်းကိုက်နေပါသည်ဟု ပြောဆိုထားပြီးကာမှ ကိုသက်တင်အား အိမ်အောက်ထပ်သို့ ဆင်း၍ ဧည့်ခံစကားပြောဆိုရမည့်အရေးအတွက် အနေရခက်သည်က တစ်မျိုးနှင့် အနေရအထိုင်ရခက်လျက် ရှိသည်။

"မင်းတို့နှစ်ယောက် စကားပြောရစ်ကြဦးနော်၊ ဒေါ်လေး ဟင်းအိုးတန်းလန်းနဲ့မို့ သွားလိုက်ဦးမယ် ..."

ဟု ပြောဆိုကာ ကိုသက်တင်နှင့် မြိုင်တို့နှစ်ယောက်အား ထားပစ်ခဲ့ပြီးနောက် ဒေါ်လေး ဒေါ်စောခင်သည် အိမ်အောက်ထပ်သို့ ဆင်းသွားလေသည်။

ဒေါ်စောခင် အောက်ထပ်သို့ ဆင်းသွားပြီးနောက် မိမိတို့နှစ်ယောက်တည်းသာ ကျန်ရစ်ခဲ့သောအခါ စောစောက သိမ်သိမ်မွေ့မွေ့ လုပ်နေသော ကိုသက်တင်၏အမူအရာ သည် သိသိသာသာကြီး ပြောင်းလဲသွားလေသည်။ သူသည် စီးကရက်ဘူးအတွင်းမှ စီးကရက်တစ်လိပ်ကို ထုတ်ယူလိုက်ပြီးနောက် မီးညှိလေသည်။ မြိုင်ကတော့ ကိုသက်တင်ကို မကြည့်ဘဲ မျက်လွှာကိုချထားသည်။

တစ်ယောက်နှင့်တစ်ယောက် စကားမပြောမိကြသေးဘဲ အတန်ကြာ

တိတ်ဆိတ် လျက်ရှိရာမှ...

"ခေါင်းကိုက်တယ်ဆိုတာ တကယ်မှဟုတ်ရဲ့လား မြိုင်..."

ဟု ကိုသက်တင်က စီးကရက်မီးခိုးကို မှုတ်ထုတ်ရင်း မြိုင့်အား စေ့စေ့ကြည့်ကာ မေးလိုက်လေသည်။

မျက်နှာချင်းမဆိုင်လိုသော လူတစ်ယောက်အား မလွှဲသာမရှောင်သာသဖြင့် မျက်နှာချင်းဆိုင်နေရစဉ် ရန်စလိုသောသဘောနှင့် မေးလာသောမေးခွန်းကို ကြားလိုက်ရသောအခါ မြိုင်သည် အတော်ပင် အခံရခက်မိလေသည်။ ဒိုးခနဲ ဒက်ခနဲနှင့် ပိုးစိုးပက်စက် ပြန်ပြောဆိုလိုက်ချင်သည်အထိလည်း ဖြစ်မိသည်။ သို့ရာတွင် မိမိဒေါသကို ချုပ် တည်းနိုင်သမျှ ချုပ်တည်းရပြီးလျှင် ဘာမျှပြန်မပြောဘဲနေလိုက်သည်။

မိမိက ဆွပေးလိုက်ခြင်းကို မည်သို့မျှ တုံ့ပြန်ခြင်းမရှိသောအခါ ကိုသက်တင်သည် အတော်ကလေး ကျေနပ်သွားပုံရလေသည်။ မြိုင့်အား တော်တော်ကလေး ကျိုးနွံသွားလေ ပြီဟု တွက်ချက်မိလိုက်သည်။

"မြိုင့်ကို ပွင့်ပွင့်လင်းလင်းမေးချင်တဲ့ မေးခွန်းတစ်ခု ကိုသက်တင်မှာရှိနေတယ်၊ အဲဒါကို ပွင့်ပွင့်လင်းလင်းမေးချင်တယ် မြိုင် ..."

မြိုင်သည် မျက်လွှာတစ်ချက်မျှ ပင့်၍ ကိုသက်တင်အား လှမ်းကြည့်ပြီးနောက် ဘာမျှပြောဆိုခြင်းမရှိဘဲ မျက်လွှာကို ပြန်ချကာ ခေါင်းငုံ့နေလိုက်သည်။

"ဘယ်လိုလဲ ဟင် မြိုင် ... ကိုသက်တင်ရင်ထဲမှာ မရှင်းမလင်းဖြစ်နေတာတစ်ခုကို မေးနိုင်ပါ့မလား"

မြိုင်သည် ခေါင်းငုံ့မြဲ ငုံ့နေသည်။ ဘာမျှတော့ ပြန်၍ မပြောဆိုပေ။ ကိုသက်တင်သည် အေးအေးစက်စက်လုပ်နေသော မြိုင်၏အမူအရာကို အားမလို အားမရ ရှိလာသကဲ့သို့ မြိုင့်အနီးသို့ကပ်လာသည်။

မြိုင်သည် မျက်လွှာကို တစ်ချက်မျှပင့်၍ ကိုသက်တင်အား ကြည့်လိုက်ပြီးနောက် နောက်သို့တစ်လှမ်းဆုတ်လိုက်သည်။

"ဘယ်လိုလဲဟင် မြိုင်... ကိုသက်တင်နဲ့ မြိုင်တို့ကိစ္စကို ဘာကြောင့်

ဒါလောက် ရက်ကြာကြာဆွဲနေရသလဲဆိုတာ ကိုသက်တင်ကို လက်ခံနိုင်လောက်အောင် ဆင်ခြေပေးစမ်းပါ"

မြိုင်သည် ဘာမှပြန်မပြောဘဲ ငြိမ်နေသည်။

"မြိုင့်ဘာသာ အေးအေးဆေးဆေးနေခဲ့တာ ဘယ်လောက်ကြာပြီလဲ မြိုင် ...ကိုသက်တင်လည်း ဘယ်လောက်သည်းညည်းခံပြီး စောင့်နေခဲ့တယ်ဆိုတာကိုလည်း မြိုင် သိတယ်မဟုတ်လား"

မြိုင်သည် ဘာမှပြန်မပြောဘဲ ခေါင်းငုံ့နေလေသည်။ လုံမကျိုး စားမကျိုးဘဲနှင့် ကိုသက်တင်အား မည်သို့မည်ပုံ ရှောင်ကွင်းပြေးလွှတ်နိုင်မည့်နည်းလမ်းကို ရှာကြံလျက် ရှိလေသည်။

"လူကြီးချင်း စေ့စပ်ပြီး မြိုင်နဲ့ကိုသက်တင်တို့ လူငယ်တွေကို အသိပေးထားတာလည်း သုံးနှစ်ပြည့်တော့မယ်။ ရှေ့လျှောက် ဘယ်အထိ ကိုသက်တင် သည်းညည်းခံရဦးမယ်ဆိုတာကိုတော့ ပွင့်ပွင့်လင်းလင်း ပြောပြစေချင်တယ်"

"လူကြီးချင်း စေ့စပ်ထားကြတာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ပေါင်းရမှာက လူငယ်ချင်းဆိုတာကို ကိုသက်တင်လည်း စဉ်းစားမိမှာပေါ့.."

ဟု မြိုင်က လေးလေးနက်နက် အမူအရာအားဖြင့် ပြန်ပြောလိုက်သည်။

"ကိုသက်တင်ကလည်း ဒါကိုပဲပြောနေတာပေါ့ မြိုင်၊ အဲဒီတော့ ကိုသက်တင် မြိုင့်ကို ဘယ်တော့လောက် လက်ထပ်နိုင်မလဲဆိုတာကို ပွင့်ပွင့်လင်းလင်းသိချင်တယ်။ အခုတော့ တစ်နေ့လာသိရနိုးနိုးနဲ့ စောင့်စားနေခဲ့ရတာ ဘယ်လောက်ကြာသွားပြီလဲ"

"လူကြီးချင်းကလည်း သဘောတူကြတဲ့ ကိစ္စမို့လို့ ကိုသက်တင်နဲ့ မြိုင်တို့ လက်ထပ်ဖို့ဆိုတဲ့ကိစ္စဟာ လွယ်ပါတယ်။ လွယ်သမှ အများကြီးလွယ်တယ်။ ဒါပေမဲ့ ခက်နေတာက တစ်ယောက်ကိုတစ်ယောက် မေတ္တာထားကြဖို့ကိစ္စပဲ"

"မေတ္တာထားကြဖို့ကိစ္စတဲ့လား ... ဟုတ်လား ... မြိုင် ..."

မြိုင်သည် ဦးခေါင်းကိုသာ ညိတ်ပြလိုက်သည်။

"ဒီလိုဆိုရင် မြိုင်က ကိုသက်တင်အပေါ်မှာ မေတ္တာရှိလာအောင် ကိုသက်တင်က ကြိုးစားရဦးမယ်ဆိုချင်တာပေါ့လေ ... ဟုတ်လား မြိုင် ..."

"မိန်းကလေးတစ်ယောက်ရဲ့ အသည်းနှလုံးကိုမှ မရဘဲနဲ့ ဒီမိန်းကလေးကို လက်ထပ်လို့ကော ဘာအဓိပ္ပာယ်ရှိဦးမှာလဲ ကိုသက်တင်၊ ရှင့်ဘာသာရှင် စဉ်းစားကြည့်စမ်းပါဦး"

"တစ်ယောက်နဲ့တစ်ယောက် လက်ထပ်ကြရတော့မယ့်ဟာကို မေတ္တာစကားပြော နေလို့ကော ဘာအကြောင်းထူးဦးမှာတဲ့လဲ မြိုင်ရယ်"

"မြိုင်တို့ မိန်းကလေးတွေမှာတော့ ထူးတယ်၊ ထူးသမျှ အများကြီးထူးတယ်ဆိုတာကို ကိုသက်တင်မသိသေးရင် သိအောင်ပြောပြရသေးတာပေါ့"

"ဒါတွေကို ရှည်ရှည်ဝေးဝေး ပြောမနေကြပါစို့နဲ့ မြိုင်ရယ်၊ တစ်ယောက်နဲ့တစ်ယောက် ငယ်ငယ်လေးကတည်းက သိလာပေါင်းလာကြတဲ့ လူတွေအချင်းချင်းပဲ"

"ကိုသက်တင် ခုထက်ထိ ကလေးတစ်ယောက်လို ကိုယ်လိုချင်ရာသာ ကိုယ် စွတ်စွတ်ပြီး ပြောနေတာကိုး "

"အလို ကိုသက်တင်လည်း ကလေးတစ်ယောက် ဖြစ်နေပြန်ပါပကောလား"

"ကိုသက်တင်ဘာသာ ကိုသက်တင်ပဲ ပြန်စဉ်းစားကြည့်ပါဦးလေ"

"ဒါတွေအသာထားပြီး ကိုသက်တင်မေးချင်တာတစ်ခုကို မြိုင် ဖြေစမ်းပါဦး"

"ဘာကိုပြောရမှာလဲ ကိုသက်တင်၊ မေးခွန်းကို မရသေးဘဲနဲ့တော့ ဖြေပါ့မယ်လို့ အရမ်းကတိမပေးချင်ဘူး"

"တခြားမဟုတ်ပါဘူး၊ ကိုသက်တင်ကို လက်ထပ်ဖို့ မြိုင် ဆုံးဖြတ်ထားတယ် မထားဘူးဆိုတာကို ပွင့်ပွင့်လင်းလင်းသာ

ပြောစေချင်တယ်”

“ကိုသက်တင်တစ်ယောက်ကို စကားပြောရတာ တယ်လည်းခက်ပါကလားနော်"

“ခက်မနေပါနဲ့ မြိုင်၊ ဒါတစ်ခုကိုတော့ ပွင့်ပွင့်လင်းလင်း ပြောပြစေချင်တယ်"

“ပြောပြလို့တော့ သိပ်အကြောင်းထူးလှမယ်မထင်ဘူး ကိုသက်တင်”

“မြိုင့်အဖို့ မထူးပေမဲ့ ကိုသက်တင်အဖို့တော့ အများကြီးထူးလိမ့်မယ်”

“ဒါလောက်တောင် ကိုသက်တင်က သိချင်လို့မေးနေတော့ ပြောပြရတာပေါ့လေ။ မြိုင့်အသည်းထဲက နှစ်နှစ်ခါခါကြီး မချစ်နိုင်တဲ့ ဘယ်လူတစ်ယောက်ကိုမှ လက်ထပ်ဖို့ မဆုံးဖြတ်ဘူး၊ လူကြီးမိဘတွေမက တစ်ကမ္ဘာလုံးကပဲ သဘောတူချင် တူကြပါစေ"

“ဒါဖြင့် ကိုသက်တင်ကိုလည်း လူကြီးမိဘတွေက သဘောတူစေ့စပ်ထားကြတဲ့ တိုင်အောင် လက်ထပ်ဖို့မဆုံးဖြတ်သေးဘူးလို့ ဆိုချင်တာပေါ့ ဟုတ်လား မြိုင်”

ကိုသက်တင်၏ အမေးကို ပြန်ဖြေစရာမလိုတော့ဟု ယူဆသောမြိုင်သည် ချာခနဲ လှည့်ကာ အလှပြင်သော မှန်တင်ခုံစားပွဲဘက်သို့ လျှောက်လာခဲ့ပြီးနောက် မှန်တင်ခုံ စားပွဲပေါ်တွင် တင်ထားသော တင်နီဆင်၏ ကဗျာ့ပဒေသာစာအုပ်ကို ဆွဲယူကာ လှန်လှောကြည့်ရှုနေလေသည်။

ကိုသက်တင်သည် နောက်ထပ် စီးကရက်တစ်လိပ်ကို ထုတ်ယူကာ ဆက်ရန် ရှိနေသေးသကဲ့သို့ မီးညှိပြန်လေသည်။ မြိုင်ကတော့ တင်နီဆင်၏ "ရှိလော့(တ်)က အပျိုစင်”ဆိုသော ကဗျာနောက်ဆုံး
ပိုဒ်ကို အမှတ်မထင် ဖတ်ရှုနေလေသည်။

ကိုသက်တင်သည် စီးကရက်ဖွာ၍ အားမရနိုင်သကဲ့သို့ သုံးလေးငါးဖွာမျှ ဆက်တိုက်ဖွာလိုက်ပြီးနောက်...

“မြိုင်”

ဟု ခေါ်လိုက်သည်။

"ရှဲလော့(တ်)ကအပျိုစင်"ကဗျာ၏ နောက်ဆုံးပိုဒ်ကို ဖတ်ကြည့်နေရာမှ မြိုင်သည် ကိုသက်တင်အား လှမ်း၍ ကြည့်လေသည်။ ထူးစရာမလိုတော့ဟု ယူဆ၍ ပြန်၍ ကား မထူးလိုက်ပြီ။

"ကိုသက်တင်လို ငယ်ငယ်လေးကတည်းက သိလာပေါင်းလာတဲ့လူတစ်ယောက်ကို မေတ္တာမရှိသေးလို့ လက်ထပ်ဖို့မဆုံးဖြတ်နိုင်သေးဘူးဆိုရင် မြိုင့်မှာ တစ်ခုခုတော့ ရှိနေလိမ့်မယ်ထင်တယ်"

"မြိုင့်ကို ဒီလိုတော့ အရမ်းမပြောစေချင်ဘူး ကိုသက်တင် ... မြိုင် စိတ်ဆိုးတယ်"

"ဩော် .... မြိုင့်လူကို ထိမယ်တောင်မကြံရသေးဘူး စိတ်တောင်ဆိုးနေပြီလား"

"ကိုသက်တင် ရှင်လွန်ပြီထင်တယ်"

"ဟုတ်တာပြောရင် လူတွေဟာ စိတ်ဆိုးတတ်တယ်ဆိုတာ တယ်မှန်ပါကလားမြိုင်ရဲ့ ..."

"မြိုင့်ကို စိတ်မဆိုး ဆိုးအောင်တော့ လုပ်မနေပါနဲ့ ကိုသက်တင် ... မြိုင် တောင်းပန်ပါရစေ"

"ကိုသက်တင်ကို ပွင့်ပွင့်လင်းလင်းသာပြောပြရင် ကိုသက်တင်က သဘောထား ကြီးကြီးနဲ့ နောက်ဆုတ်ပေးဖို့ပဲဖြစ်ဖြစ်၊ ဘေးဖယ်ပေးဖို့ပဲဖြစ်ဖြစ် အဆင်သင့်ရှိပါတယ် မြိုင်ရယ်... ခုတော့ မြိုင်က မလိမ့်တပတ် လုပ်နေရာမကျဘူးလား"

"တော်ပါတော့ ကိုသက်တင် ... မြိုင့်ကို မဟုတ်တမ်းတရားမပြောပါနဲ့။ ကြာရင် မြိုင် စိတ်ဆိုးသည်ထက် စိတ်ဆိုးလာလိမ့်မယ် ...."

"ကိုသက်တင် မဟုတ်တမ်းတရားမပြောရသေးပါကလား မြိုင်ရဲ့...."

"ကိုသက်တင် ပြန်ရင်ကောင်းလိမ့်မယ်ထင်တယ် ..."

"မြိုင်က နှင်ချရင်တော့ ပြန်ရမှာပေါ့ မြိုင်ရယ်၊ ဒါပေမဲ့ ကိုသက်တင်ကို ပွင့်ပွင့်လင်းလင်း ဖွင့်မပြောဘဲနဲ့ မလိမ့်တပတ်လုပ်ထားတာကတော့ ရက်စက်လွန်းလှပါတယ်"

"တော်ပါတော့ ကိုသက်တင် ... တော်ပါတော့"

အလွန်တရာ ဒေါသထွက်လာသဖြင့် မြိုင်သည် အော်ဟစ်၍ ပြောလိုက်မိသည်။

အိမ်အပေါ်ထပ်၌ မြိုင်၏အော်ဟစ်သံကို ကြားလိုက်ရသော ဒေါ်လေး ဒေါ်စောခင်သည် မီးဖိုချောင်ဘက်တွင် နောက်ထပ်၍ ဟင်းအိုးတစ်အိုး ပြင်နေရာမှ ထိတ်လန့်တကြား နှင့် အိမ်ပေါ်ထပ်သို့ ပြေးတက်လာသည်။ ဒေါ်စောခင် အပေါ်ထပ်သို့ရောက်လာသည့် အချိန်တွင် နောက်ထပ်၍ ကိုသက်တင်က မြိုင့်အား ဘယ်ကအုတ်ကြားမြက်ပေါက်မှန်း မသိဆိုသော ကိုတင်ဦးနှင့် စွပ်စွဲပြောဆိုသဖြင့် မြိုင်သည် ဒေါသကို ထိန်းချုပ်၍ မရတော့သောကြောင့် ကိုသက်တင်အား ၎င်း၏လက်ထဲမှ ကဗျာ့ပဒေသာစာအုပ်ကြီးနှင့် လှမ်း၍ ပေါက်လိုက်လေပြီဖြစ်သတည်း။

❀ ❀ ❀

အခန်း [၁၂]

(က)

မည်သို့မျှ သည်းညည်းခံ၍ မဖြစ်နိုင်လောက်အောင် တစ်ဖက်သတ် စွပ်စွဲပြော ဆိုခြင်း ခံရသဖြင့် ကိုသက်တင်အား စာအုပ်နှင့်ကောက်၍ ပေါက်လိုက်မိသည်အထိ စိတ်မကောင်းစရာများ ဖြစ်ပျက်ခဲ့ပြီးနောက် နောက်ထပ်၍ စိတ်မကောင်းစရာကလေးများကို မြိုင်သည် ဆက်တိုက်တွေ့ကြုံလာခဲ့ရလေသည်။

ကိုသက်တင်နှင့်ဖြစ်သော ကိစ္စကို ဒေါ်လေး ဒေါ်စောခင်သည် မြိုင်နှင့် နှစ်ဦး သဘောတူ လူကြီးများမသိအောင် ကူညီဖုံးဖိထားသော်လည်း ကိုသက်တင်အား ဤသို့ ရိုင်းရိုင်းစိုင်းစိုင်း လုပ်လိုက်မိသော ကိစ္စအတွက် နေ့ရှိသရွေ့ မြိုင့်အား ပြစ်တင်ပြောဆို လျက်ရှိပေသည်။ တစ်နေ့သောအခါ မိမိနှင့်လက်ထပ်ရမည့် ယောက်ျားတစ်ဦးတစ်ယောက်အား ဤကဲ့သို့ ရိုင်းရိုင်းစိုင်းစိုင်း ပြုမူဆက်ဆံလိုက်ခြင်းသည် ထိုယောက်ျား တစ်ဦးက မိမိအပေါ်တွင် စိတ်ပျက်သွားစရာရှိကြောင်း၊ အကယ်၍ ကိုသက်တင်က မြိုင့်အပေါ်၌ စိတ်ပျက်သွားပြီးလျှင် လူကြီးချင်း စီစဉ်ထားကြသောကိစ္စကို ဖျက်ပစ်လိုက်သော် မိန်းကလေးရှင်မှာသာ ရှက်စရာနှင့် ကိုယ်ကျိုးနည်းစရာရှိကြောင်း စသည်ဖြင့် ဒေါ်လေး ဒေါ်စောခင်က လူကြီးပီပီ လေရှည်ရှည်နှင့် အပြစ်တင်ပြောဆိုလေသည်။ ဒေါ် လေး ဒေါ်စောခင်က လေရှည်ရှည်နှင့် အပြစ်တင် ပြောဆိုသောစကားများကို တစ်ကြိမ်က နှစ်ကြိမ်အထိ မြိုင်သည် အခံရခက်ခက်နှင့်ပင် ကျိတ်မှိတ်၍ သည်းညည်းခံကာ နား ထောင်နေခဲ့ရသည်။ မိမိက ပြန်လည်ချေပ၍ ပြောဆိုလိုသောစကားများကိုလည်း ပါးစပ်မှ မထွက်မိအောင် တော်တော်ကြီးချုပ်တည်းမျိုသိပ်ထားခဲ့ရလေသည်။ သို့ရာတွင် ဒေါ်လေး ဒေါ်စောခင်သည် ရှေးလူကြီးပီပီ တစ်ကြိမ်မှ နှစ်ကြိမ်အထိ အပြစ်တင်ပြောဆိုရရုံနှင့် တင်းတိမ်ကျေနပ်ခြင်းမရှိဘဲ သုံးကြိမ်အထိ ဆက်လာသောအခါ သည်းညည်းခံ၍ နား ထောင်နေခဲ့ရသော မြိုင်၏ခံနိုင်ရည်စွမ်းသည် ကုန်ဆုံး၍ သွားလေသည်။

"ဒေါ်လေး ဒီအကြောင်း မြိုင့်ကိုပြောတာ သုံးခါတောင်ရှိသွားပြီ။ ဒါလောက် ပြောပြီးရင်လည်း တော်ရောပေါ့ ဒေါ်လေးရယ်"

ဟု မြိုင်က ပြန်ပြောလိုက်မိသည်။

မိမိက ဝတ္တရားရှိသည့်အတိုင်း လူကြီးပီပီ ဆုံးမနေခြင်းကို ပြန်လည်ပြောဆိုခြင်း ခံရသောအခါ ဒေါ်လေး ဒေါ်စောခင်သည် အတော်ကလေး ဒေါသထွက်သွားပုံ ရလေသည်။

"ညည်း သိတတ်အောင်၊ လိမ္မာအောင် ငါက ဝတ္တရားရှိလို့ ပြောဆိုဆုံးမနေတာကို ညည်းက မခံချင်ဘူးပေါ့လေ.. ဟုတ်လား မြိုင်"

ဒေါ်လေး ဒေါ်စောခင်က မျက်စိပျက် မျက်နှာပျက်ဖြစ်ကာ မြိုင့်အား ခပ်ထန်ထန်၊ ခပ်မာမာပြောဆိုလိုက်လေသည်။

"ဒေါ်လေး ဆုံးမတာကို မခံချင်လို့ပြောတာမဟုတ်ပါဘူး ဒေါ်လေးရဲ့၊ ဒီ ကိုသက်တင်နဲ့ဖြစ်တဲ့ကိစ္စကလေးကိုပဲ ဒေါ်လေးက ဆုံးမလို့မပြီးနိုင်ရင်း ဆုံးမနေလို့ ပြောရတာပါ"

"ငါက ညည်းကိုအုပ်ချုပ်ထိန်းသိမ်းနေရတဲ့လူမို့ပါ။ တစ်ခုခုဖြစ်သွားရင် ငါ့ကို အားလုံးက ဝိုင်းပြောကြဆိုကြမယ်ဆိုတာကို ညည်းမသိဘူးလား၊ ငါ့နေရာက ဝင်ပြီး စဉ်းစားကြည့်စမ်းပါဦး ..."

"ဒေါ်လေး အုပ်ချုပ်ထိန်းသိမ်းနေရတာတော့ မှန်ပါတယ်လေ ... ဒါပေမဲ့ မြိုင်ရဲ့ တစ်သက်ပန်ကိစ္စနဲ့ ပတ်သက်လာတဲ့ ကိစ္စမျိုးတွေကျတော့ မြိုင့်သဘော မြိုင့်ဆန္ဒကို လည်း ထည့်စဉ်းစားဖို့ လိုလိမ့်ဦးမယ်ထင်တယ် ဒေါ်လေး.."

"လူကြီးမိဘတွေက သင့်မယ်ထင်လို့ စီမံထားကြတဲ့ကိစ္စကြီးကို ပမာမခန့်လုပ်လို့ကော ဖြစ်နိုင်မယ်တဲ့လား မြိုင် ညည်းလည်း ငယ်တော့တဲ့ မိန်းကလေးတစ်ယောက် မဟုတ်လို့ စဉ်းစားတတ်ကောင်းပါပြီ"

"မြိုင် စဉ်းစားတတ်ပါတယ် ဒေါ်လေး၊ ခက်နေတာက ဒေါ်လေးတို့ လူကြီးတွေသဘောအတိုင်း လူငယ်တွေရဲ့ ကိစ္စကို စီမံလိုက်ကြတာပဲ ...."

"ညည်းတို့လူငယ်တွေအတွက် ကောင်းအောင်စီစဉ်ပေးရတဲ့ လူကြီးတွေကိုတောင် အပြစ်တင်ချင်သပေါ့လေ ဟုတ်လား မြိုင်"

"ဒါကတော့ ဒေါ်လေး လိုရာဆွဲပြောသွားတာကိုး မြိုင်ပြောချင်တာက လူကြီး မိဘတွေက လူငယ်တွေရဲ့ တစ်သက်ပန်ကိစ္စဖြစ်တဲ့

အိမ်ထောင်ရေးကိစ္စကို လူငယ်တွေ ရဲ့ သဘောဆန္ဒကိုမယူဘဲ သူတို့သဘောနဲ့ သူတို့ စီမံခန့်ခွဲကြတဲ့ခေတ်ဟာ ကုန်သွားလောက်ပြီလို့ ပြောချင်တာပါ"

"ညည်းတို့ ကောင်းစားချမ်းသာဖို့ လုပ်ပေးရတဲ့ လူကြီးတွေကိုတော့ ဒီလိုကျေးဇူးကန်းစကား ပြောမနေစမ်းပါနဲ့ အေ၊ ငါ နားကြားပြင်းကပ်လွန်းလို့ပါ"

"ကျေးဇူးကန်းစကားပြောတာမဟုတ်ပါဘူး ဒေါ်လေး...."

"ဒါဖြင့် ဘာစကားပြောနေတာလဲ"

"ဒေါ်လေးတစ်ယောက်ကိုပြောရတာ တယ်ခက်ပါလားနော်"

"တော်ပါတော့ မြိုင်... ညည်းတို့ကိစ္စအတွက် ငါ ခေါင်းနောက်နောက်လာပြီ၊ မနေ့ကပဲ အစ်ကိုကြီးက ညည်းတို့ကိစ္စကို မေးသေးတယ်"

ဖခင်လုပ်သောသူက မိမိကိစ္စအား မေးမြန်းသည်ဟု ကြားလိုက်ရသောအခါ မိမိဖခင်က ဘာတွေမေးသည်ကို မြိုင်သည် သိလိုပေသည်။

"ဖေဖေက မြိုင့်ကိစ္စကို မေးသေးတယ်ဟုတ်လား ဒေါ်လေး...."

"အေး မေးတယ် .."

"ဘာတွေများမေးလို့ ဒေါ်လေးက ဘာတွေများပြောလိုက်သလဲဟင်... ဒေါ်လေး"

"မောင်ဇော်ဝင်းတစ်ယောက် အိမ်ထောင်ကျသွားပြီးတဲ့နောက် အရှည်သဖြင့် မြိုင့်ကို ဒီအတိုင်းထားလို့မဖြစ်သေးဘူးထင်တယ်တဲ့၊ ဒါကြောင့် သူတို့လူငယ်ချင်း သင့်သင့် မြတ်မြတ်နဲ့ ကျေကျေနပ်နပ်ရှိကြရင်လည်း သူ့လင်သူ့သားနဲ့ နေစေချင်ပြီလို့ ပြောတယ်"

မြိုင်သည် ဒေါ်လေး ဒေါ်စောခင်ထံမှ ဖခင်လုပ်သူ၏ဆန္ဒနှင့် သဘောထားကို ကြားလိုက်ရသောအခါ ငိုင်၍ သွားလေသည်။ မိမိဖခင်သည် မိမိအား ဤမျှလောက် ဆောဆောလျင်လျင် လင်ယူသားမွေးစေချင်သောဆန္ဒ

ရှိနေလိမ့်ဦးမည်မဟုတ်ဟု မြိုင်က ထင်ခဲ့သည်။ ယခုမူ မိမိအစ်ကို ကိုဇော်ဝင်းလည်း အိမ်ထောင်ကျသွားပြီးဖြစ်၍ မိမိအားလည်း အိမ်ထောင်ကျစေချင်ပြီဆိုသည်ကို မြိုင်သည် နားလည်လာခဲ့ရပေပြီ။ တစ်သက်လုံးက ၎င်းနှင့်မခွဲမခွာခဲ့ဖူးသော သမီးလုပ်သူအား ယခုအခါတွင် သူ့လင်သူ့သားနှင့် နေစေချင်ပြီဆိုသော ဖခင်လုပ်သူ၏ဆန္ဒကို ကြားလိုက်ရသည့်အတွက် မြိုင်သည် ဝမ်းနည်းသလို ဖြစ်မိသည်။

ဒေါ်လေးထံမှ ဖခင်လုပ်သူ၏ဆန္ဒနှင့် သဘောထားကို ကြားသိခဲ့ရပြီးနောက် မြိုင်သည် ဤအိမ်ကြီး၌ မိမိသည် အာဂန္တုတစ်ယောက်ဖြစ်မှန်းမသိ ဖြစ်နေပြီဆိုသော အကြောင်းကို တစ်စထက်တစ်စ ရိပ်စားမိလာသည်။ ဒေါ်လေးဒေါ်စောခင်က မိမိအား ကိုသက်တင်နှင့် ဤမျှပြောဆိုနေခြင်းမှာလည်း ဤကိစ္စနှင့် တစ်ဆက်တည်းဖြစ်နေသည်ကို မြိုင်သည် စဉ်းစားသိရှိလာသည်။

ဖခင်လုပ်သူ၏ဆန္ဒနှင့် သဘောထားကို သိရှိခဲ့ရပြီးနောက် ဆယ်ရက်ခန့်မျှ မြိုင် သည် ဖခင်လုပ်သူနှင့် မျက်နှာချင်းမဆိုင်မိအောင် ဤအိမ်ကြီးတွင် ရှောင်ကွင်းနေထိုင်ခဲ့သည်။ အစ်ကို ကိုဇော်ဝင်းနှင့်လည်းကောင်း၊ ယောက်မလုပ်သူနှင့်လည်းကောင်း တတ်နိုင်သမျှ ရှောင်ကွင်းခဲ့လေသည်။ အင်မတန် မလွဲသာမရှောင်သာသော ကိစ္စနှင့်ကျမှသာလျှင် မြိုင်သည် ဒေါ်လေးဒေါ်စောခင်နှင့် မျက်နှာချင်းဆိုင်လေသည်။ ခိုင်းစရာရှိသမျှ ကိစ္စများနှင့် မိမိလိုချင်သော ပစ္စည်းများကို မယ်အေးကိုသာလျှင် မှာကြားစေခိုင်းခြင်း ပြုခဲ့သည်။

ဤကဲ့သို့ တစ်အိမ်တည်းသားများနှင့် အဆက်ပြတ်ရှောင်ကွင်းကာ ပုန်းလျှိုးနေထိုင်ခဲ့ရသည်နှင့်အမျှ မြိုင်သည် အနေရအထိုင်ရ ကျုံ့သည်ထက် ကျုံ့၍ လာလေသည်။ အနေရအထိုင်ရ ကျုံ့သည်ထက် ကျုံ့လာသည်နှင့်အမျှ အားငယ်တတ်သော မြိုင်၏ မိန်းမသားစိတ်ဓာတ်၌ သိမ်ငယ်သောအစွဲသည် မသိမသာ ကိန်းဝပ်လာပေသည်။ မြိုင် ကဲ့သို့သော အားငယ်တတ်သော မိန်းမသားတစ်ဦးတစ်ယောက်ကို မဆိုထားပါဘိ သိမ်ငယ်သောအစွဲသည် ယောကျ်ားရင့်မာကြီးတစ်ဦး၌ ကိန်းဝပ်ဝင်ရောက်လာပြီဆိုလျှင် ထိုယောကျ်ားရင့်မာကြီးသည်ပင် အားငယ်လာတတ်လေသည်။ ပတ်ဝန်းကျင်၌ မြင်မြင်သမျှကိုလည်း အလိုလိုနေရင်း ထိတ်လန့်ကြောက်ရွံ့လာတတ်လေသည်။ မြိုင်သည် သိမ်ငယ်ထိတ်လန့်လျက်ရှိသောကြောင့် မိမိအခန်းတွင်းမှ ဘယ်ကိုမျှမထွက်ဘဲ နေခဲ့လေသည်။ မြိုင် အလွန်တရာချစ်ခင်နှစ်သက်သော

ပန်းပင်များအကြားသို့လည်း မရောက်တော့ပေ။ အင်မတန်သတိရ၍ ကြည့်ချင်လှသဖြင့် တစ်ညနေစောင်းတွင် မြိုင်သည် ၎င်း၏ အိပ်ခန်းအတွင်းမှ တိတ်တဆိတ်ထွက်လာခဲ့ပြီးနောက် နှင်းဆီနီများကို ဆင်း၍ ကြည့်မည်ဟု ကြိုးပမ်းခဲ့လေသည်။ သို့ရာတွင် မိမိ ယုယုယယစိုက်ပျိုးပြုစုထားခဲ့သော နှင်းဆီပင် များအကြား၌ မြိုင်၏ယောက်မသည် မြိုင့်ထက်ဦးအောင် လျှောက်နေပြီးလျှင် မာလီကုလားအား အမိန့်ပေးစေခိုင်းနေသည်ကို တွေ့လိုက်ရသောကြောင့် မြိုင်သည် ဝမ်းနည်းပက်လက်နှင့် မိမိအခန်းတွင်းသို့ ပြန်ပြေးဝင်လာပြီးနောက် အိပ်ရာထက်တွင် ကိုယ်ကို ပစ်လှဲချလိုက်သည်။ အိပ်ရာထက်တွင် မြိုင်သည် ကစားစရာအရုပ် ပျောက်ဆုံးသွားရသော ကလေးသူငယ်မလို တရှုံ့ရှုံ့ငိုယိုလျက်ရှိလေသည်။

မြိုင်က ယုယုယယ စိုက်ပျိုးပြုစုထားခဲ့ရသော အချစ်တော်နှင်းဆီပန်းပင်များကိုစွဲ၍သာလျှင်မဟုတ်သေး။ မြိုင် ဆယ့်ခြောက်နှစ်သမီးက ဖခင်လုပ်သူဝယ်ပေး၍ မြိုင်တစ်ယောက်တည်း တီးခတ်လာခဲ့သော စန္ဒရားကိုလည်း ယခုအခါတွင် မြိုင်၏ယောက်မက ဝင်ရောက်တီးခတ်လျက်ရှိပေသည်။ ညနေစောင်းများတွင် ကိုဇော်ဝင်း၏မိန်းမသည် မြိုင်၏ စန္ဒရားကို မကြာခဏတီးခတ်လေ့ရှိသည်။ တီးခတ်သောအခါတိုင်း အင်္ဂလိပ်သီချင်းများကို ခပ်ကြမ်းကြမ်းတီးခတ်တတ်သည်။ ယောက်မလုပ်သူ၏ ပီယာနိုသံကို ကြားရသောအခါတိုင်း မြိုင်သည် နားနှစ်ဖက်စလုံးကို ပိတ်ထားမိသည်။

ဤသို့ ပီယာနိုတီးသောကိစ္စနှင့် ပတ်သက်၍ မြိုင်တို့သမီးယောက်မနှစ်ယောက်သည် တစ်ညနေတွင် စကားအနည်းငယ် ကတောက်ကဆဖြစ်ကြလေသည်။ ထိုနေ့သည် လပြည့်နေ့ဖြစ်၍ အိမ်သားများအနက် မြိုင်တစ်ယောက်သည်သာ ဥပုသ်ယူလေသည်။ ဤသို့ မြိုင် ဥပုသ်စောင့်နေသောနေ့တွင် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုနှင့် ထုံးစံဓလေ့ကို ကောင်းစွာနားမလည်ရှာသေးသော မြိုင်၏ယောက်မသည် ပီယာနိုကို တီးရိုးတီးစဉ်အတိုင်း တီးလေသည်။ ဤသို့ ဥပုသ်နေ့တွင် ပီယာနိုတီးခတ်နေသော ယောက်မလုပ်သူအား မြိုင်သည် နှုတ်ပိတ်၍ ခါတိုင်းကဲ့သို့ မကြည့်နေနိုင်တော့သဖြင့် အိမ်ပေါ်ထပ်မှ ဆင်းလာပြီးလျှင် ဤနေ့သည် ဥပုသ်နေ့ဖြစ်၍ ပီယာနိုတီးရန် မသင့်လျော်ကြောင်း ပြောဆိုမိလေသည်။ ဥပုသ်နေ့ဖြစ်၍ ပီယာနိုမတီးရန် ပြောဆိုလာသော မြိုင်၏ စကားကို ကိုဇော်ဝင်း၏ဇနီးသည် နားမလည်ပေ။ ထို့ကြောင့် ဥပုသ်နေ့တွင် ပီယာနို တီး၍ သီချင်းဆိုသောအလေ့မှာ မိမိတို့၏

ခရစ်ယာန်ဘာသာဝင်များ၏ အလေ့ဖြစ်ကြောင်း အင်္ဂလိပ်အမျိုးသမီးက ပြန်လှန်ပြောဆိုလေသည်။ ထိုအခါ မိမိတို့ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများသည် ဥပုသ်နေ့များတွင် သီဆိုတီးမှုတ်ခြင်းနှင့် ကခုန်သောအလုပ်များကို ပြုလုပ်ခြင်းမရှိကြောင်း မြိုင်က ပြန်လည်ပြောဆိုလေသည်။ ဤသို့ မြိုင်က ပြောဆိုလိုက်ခြင်းကို ယောက်မလုပ်သူက အဘယ်ကဲ့သို့ နားလည်သဘောပေါက်သွားသည်တော့ မသိ၊ စန္ဒရားအဖုံးကို ခပ်ကြမ်းကြမ်းပိတ်လိုက်ပြီးနောက် ဧည့်ခန်းထဲမှ ထွက်သွားလေသည်။

ကိုဇော်ဝင်း အလုပ်မှပြန်လာသောအခါ ၎င်း၏ဇနီးက ဘာပြောလိုက်သည်တော့ မသိ။ ညစာ စားသောက်ပြီးစီး၍ ၇ နာရီသာသာခန့်တွင် မြိုင်၏အခန်းအတွင်းသို့ ကိုဇော်ဝင်းသည် မလာစဖူး ဝင်၍ လာလေသည်။

မြိုင်သည် ယခင်က ကိုတင်ဦးပေးထားသော ဘားနာဒ်ရှော၏ ပြဇာတ်ကို စိတ်ပါဝင်စားစွာ ဖတ်ရှုနေသဖြင့် ၎င်း၏ အခန်းအတွင်းသို့ အစ်ကိုလုပ်သူဝင်လာသည်ကို သတိ မပြုလိုက်မိပေ။

"မြိုင်"

ဟု ကိုဇော်ဝင်းက အသံပြုလိုက်တော့မှ ကိုဇော်ဝင်းကို လှမ်းကြည့်မိသည်။ မမျှော်လင့်ဘဲ မိမိအစ်ကိုလုပ်သူအား တွေ့ လိုက်ရသောကြောင့် မြိုင်၏လက်ထဲမှ ပြဇာတ်စာအုပ်သည် ရုတ်တရက် လွတ်ကျ၍ သွားသည်။

အိပ်ရာထက်တွင် လှဲရင်း စာဖတ်နေသောမြိုင်သည် ထ၍ ထိုင်လေသည်။ မိမိ အခန်းထဲသို့ ဘယ်သောအခါကမျှ လာရောက်ခြင်းမပြုဖူးသော အစ်ကိုလုပ်သူအား အထူး အဆန်းသဖွယ် ငေးမော၍ ကြည့်နေမိသည်။

"မြိုင့်ကို ကိုကို စကားပြောစရာရှိတယ် မြိုင်"

ဟု ကိုဇော်ဝင်းက ၎င်း၏စီးကရက်ဘူးအတွင်းမှ စီးကရက်တစ်လိပ်ကို ထုတ်ယူကာ မီးညှိရင်းပြောဆိုသည်။ မြိုင်သည် ခုတင်ပေါ်မှဆင်းလိုက်ပြီးနောက် ခုတင်ခြေရင်းဘက်တွင် ခုတင်တိုင်ကိုမှီကာ ရပ်လေသည်။ အစ်ကိုလုပ်သူက ပြောစရာရှိသည်ဆိုသောစကားကို

နားစွင့်ရင်း ခေါင်းငုံ့ထားသည်

ကိုဇော်ဝင်းသည် နှမလုပ်သူအား ပြောဆိုစရာရှိနေသောစကားကို ရုတ်တရက် အပြောရခက် အဆိုရခက် ဖြစ်နေသကဲ့သို့ စီးကရက်ကိုသာ တွင်တွင်ကြီးဖွာလျက်ရှိပေသည်။ နှစ်ယောက်တည်းသာရှိ၍ ငယ်စဉ်ကပင် အင်မတန်ချစ်လာ၊ အလိုလိုက်လာခဲ့သော နှမကလေးအား အစ်ကိုလုပ်သူသည် ပြောစရာရှိသောစကားကို အပြောရခက်နေပုံရသည်။ ခေါင်းငုံ့နေရာမှ အတန်ကြာသွားသည်တိုင်အောင် ဘာမျှပြောဆိုခြင်း မရှိသေးသော အစ်ကိုလုပ်သူအား မြိုင်သည် မော်၍ ကြည့်လိုက်သည်။

ကိုဇော်ဝင်းသည် စီးကရက်တိုကို ဘေးပြတင်းပေါက်မှ လွှင့်ပစ်လိုက်ပြီးနောက်...

"မြိုင့်ကို ကိုကို ပွင့်ပွင့်လင်းလင်းမေးစရာတစ်ခုရှိတယ်၊ မြိုင်ကကော ပွင့်ပွင့်လင်းလင်း ဖြေမလားဟင်..”

ဟု မြိုင့်အား လှမ်း၍ မေးလိုက်သည်။

“ကိုကို့ကို မြိုင် ဘယ်တုန်းကများ ပွင့်ပွင့်လင်းလင်းမပြောဖူးမဆိုဖူးတာများ ရှိခဲ့လို့လဲ ကိုကိုရယ် ...”

ဟု မြိုင် ဖြည်းညင်းစွာ ပြန်၍ ပြောဆိုလေသည်။ ကိုဇော်ဝင်းသည် ငှင်းငွေစီးကရက်ဘူးအတွင်းမှ နောက်ထပ်၍ စီးကရက်တစ်လိပ်ကို ထုတ်ယူကာ မီးညှိပြန်လေသည်။ သူသည် မြိုင့်အား ပွင့်ပွင့်လင်းလင်းမေးချင်သည်ဆိုသောမေးခွန်းကို မမေးနိုင်သေးဘဲ စီးကရက်ကိုသာ တွင်တွင်ကြီးဖွာ၍ နေပေသည်။ မြိုင်သည် မေးချင်သောမေးခွန်းတစ်ခုကို နှမလုပ်သူအား အမေးရကျပ်နေပုံရသော အစ်ကိုလုပ်သူအား တစ်ချက်မျှလှမ်း၍ ကြည့်လိုက်ပြီးနောက်

“ကိုကိုမေးချင်တာသာ မေးပါ.."

ဟု တိုက်တွန်းပြောဆိုလိုက်သည်။

“အေး .. ကိုကိုလည်း မြိုင့်ကို အမေးရကျပ်နေလို့ပါကွယ် ...”

“မေးစရာရှိတာကိုသာ မေးသာမေးပါ ကိုကို ..."

“တခြားတော့မဟုတ်ပါဘူး ကိုကိုဘိလပ်က လက်ထပ်လာတဲ့ကိစ္စကို မြိုင် သိပ်ပြီး သဘောမကျပုံရတယ်။ အဲဒါ ဟုတ်တယ် မဟုတ်ဘူးဆိုတာ ကိုကို့ကို ပွင့်ပွင့် လင်းလင်း ပြောပြစေချင်တယ်"

“ကိုကိုလက်ထပ်လာခဲ့တဲ့ကိစ္စကို မြိုင် သဘောကျပုံမရဘူးဆိုတာ ကိုကို ဘယ်လို ပြောနိုင်သလဲဟင်.."

“မင်္ဂလာဒုံလေဆိပ်မှာ ကိုကို ခြေချကတည်းက မြိုင့်အကဲကိုရော ဒေါ်လေး ဒေါ်စောခင်ရဲ့ အရိပ်အကဲကိုရော ကိုကို ကြည့်လာခဲ့တယ်…"

“ဖေဖေ့အရိပ်အကဲကိုကော ကိုကို ကြည့်မိသေးသလား…."

“ကိုကို လက်မထပ်ခင် သုံးလေးလလောက်ကတည်းက ကိုကိုလက်ထပ်မယ့်ကိစ္စကို ဖေဖေနဲ့တိုင်ပင်ခဲ့တယ် မြိုင်။ အစကတော့ ဖေဖေကလည်း ဘယ်သဘောတူပါ့မလဲ"

“အခုတော့ သဘောတူသွားပြီပေါ့ ဟုတ်လား... ကိုကို"

“ဖေဖေ သဘောမတူရင်လည်း ကိုကို ဒီအမျိုးသမီးကို လက်မထပ်လို့မဖြစ်တော့ဘူး။ လက်ထပ်ပြီးတဲ့နောက်မှာတောင် ဖေဖေက သဘောမတူသေးဘူးဆိုရင် မြန်မာပြည်ကို ပြန်လာတဲ့အခါ ကိုကို့မိန်းမနဲ့ ကိုကို တစ်အိမ်အိမ်ရှာပြီး နေရတော့မယ်ဆိုတော့မှပဲ ဖေဖေလည်း သဘောတူခဲ့တယ်။ အဲဒီလို ဖေဖေ့ရဲ့ သဘောတူညီချက်နဲ့ ခွင့်ပြုချက်ကို ရပြီးတော့မှ မြိုင့်ဆီကို ကိုကိုလည်း အကြောင်းကြားခဲ့တာပဲ”

“ကိုကိုလည်း အသက်ငယ်တော့တဲ့ ကလေးတစ်ယောက်မှမဟုတ်ဘဲ၊ ကိုကို ကောင်းတယ်ထင်တာ ကိုကိုလုပ်နိုင်ကိုင်နိုင်ပါတယ်လေ ..."

“ကိုကိုကောင်းတာထင်တာကို လုပ်နိုင်ကိုင်နိုင်ပေမဲ့ ကိုကိုက မြိုင်တို့၊ ဒေါ်လေး တို့နဲ့အတူ တစ်အိမ်တည်း တစ်အိုးတည်းနေရသေးတော့ ဒေါ်လေးကိုတော့ ထားပါတော့၊ မြိုင့်သဘောထားကို သိထားဖို့နဲ့ နားလည်ထားဖို့က လိုနေသေးတယ် ..."

"မြိုင်က ကိုကို့ထက် အငယ်ပဲလေ…. မြိုင့်သဘောထားကို ခုမှလာမေးနေလို့ လည်း သိပ်အကြောင်းထူးလှမယ်မထင်ပါဘူး”

"ဘယ့်နဲ့မထူးရမှာလဲ မြိုင် ...၊ ဒီအိမ်ကြီးမှာ မြိုင်ရော၊ ကိုကိုတို့လင်မယားရော ဘယ်လောက်ကြာကြာ အတူနေထိုင်သွားကြရဦးမလဲဆိုတာကို ဘယ်သူမှမသိသေးဘူး မဟုတ်လား။ ဖေဖေက ဒီအိမ်ကြီးနဲ့ ခြံကြီးကို မြိုင့်အတွက် ရည်မှန်းထားပေမဲ့ ကိုကိုတို့ ဘာသာ တစ်အိုးတစ်အိမ်နဲ့ မနေနိုင်မချင်းနဲ့ ဖေဖေ အသက်ရှင်နေသေးသရွေ့ ကာလ ပတ်လုံး ကိုကိုတို့လင်မယားဟာ မြိုင်နဲ့ ဒီအိမ်ကြီးပေါ်မှာ အတူနေကြရလိမ့်ဦးမယ် မဟုတ်လား ..."

"ဒီ အမွေကိစ္စတွေကို မြိုင် မကြားပါရစေနဲ့ ကိုကို ..."

"ကိုကိုက စကားအဖြစ်ကိုပြောတာပါ မြိုင် ...၊ အဲဒီတော့ ကိုကိုနဲ့ ကိုကို့မိန်းမကို မြိုင်က သဘောမကျတာတွေ၊ သဘောမတူတာတွေရှိရင်လည်း ဝမ်းထဲမှာပဲထားဖို့ ကိုကို ပြောချင်တယ်"

"မြိုင်က ကနေ့အထိ ဘာမှမပြောမိသေးပါကလား ကိုကို ...."

"ညနေက ပီယာနိုတီးရင်း မြိုင်တို့သမီးယောက်မနှစ်ယောက် စကားများကြတဲ့ အကြောင်းကို ကိုကိုကြားရတယ်"

"ကိုကို့အင်္ဂလိပ်မက ပြောသပေါ့လေ၊ ဟုတ်လား ကိုကို .."

"အင်္ဂလိပ်မလို့မပြောဘဲ ကိုကို့မိန်းမလို့ကော မပြောနိုင်ဘူးလား မြိုင်ရယ် ..."

"ကနေ့ဟာ ဥပုသ်နေ့ဖြစ်လို့ မြိုင်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေရဲ့ ယဉ်ကျေးမှုအရ သီချင်းဆိုတဲ့အလုပ်တို့၊ တီးတာမှုတ်တာတို့ မလုပ်ကြတဲ့အကြောင်း မြိုင်က ကိုကို့ မိန်းမကို ပြောပြတာတော့ အမှန်ပဲ။ ဒါကို ကိုကိုက မပြောပြစေချင်လို့လား"

"ဒီလိုလည်းမဟုတ်ပါဘူး မြိုင် ... ကိုကို့မိန်းမဟာ ကိုကိုတို့ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုကို ဘာမှနားမလည်သေးမသိသေးတဲ့ လူစိမ်းတစ်ယောက်ဆိုတာကို ဘာမှ အငြင်းပွားနေစရာလည်း မလိုပါဘူး။ ကိုကိုပြောချင်တာက ဒီလို ဘာမှမသိသေးတဲ့ လူတစ်ယောက်ကို သိလာအောင်နဲ့ နားလည်လာအောင် မြိုင်တို့၊ ဒေါ်လေးတို့က ဖြည်းဖြည်း သူနားဝင်အောင် ပြောပြပေးစေချင်တယ် ..."

မြိုင်သည် ဘာမျှပြန်မပြောဘဲ ငြိမ်သက်စွာနားထောင်လျက်ရှိလေသည်။ မြိုင်က ယောက်မတော်လေတော့ သူ့ကိုအများဆုံးသည်းညည်းခံပြီး စိတ်ရှည်လက်ရှည်နဲ့ ပြောပြသွားဖို့တာဝန်ဟာလည်း ရှိလိမ့်မယ် ... လိုလည်းလိုတယ် .... "

"ကိုကို့တာဝန်ကြီးကို မြိုင်ကပါ ဝင်ယူဖို့ ကိုကိုက ပြောချင်သပေါ့"

"ဒီလိုမယူလို့ကော ဖြစ်မတဲ့လား မြိုင် ..."

"မြိုင့်ဘာသာ မြိုင် တစ်သက်လုံးက အေးအေးဆေးဆေးနေလာခဲ့တာလည်း ကိုကို အသိဆုံးပဲမဟုတ်လား .."

"အရင်က အေးအေးဆေးဆေးနေချင်တိုင်းနေလို့ ဖြစ်ခဲ့ပေမယ့် အခု ဒီလိုနေလို့ မဖြစ်တော့ဘူးထင်တယ်မြိုင် ..."

"မြိုင် စိတ်ညစ်လာပြီ ကိုကို ..."

"မြိုင်ဟာ ကလေးတစ်ယောက် မဟုတ်တော့ဘူးနော်အဲဒါကို သတိထားပါ"

"မြိုင့်ကို ဒီလိုမပြောစေချင်ဘူး ကိုကို... ဒီလိုပြောတာ မြိုင် ကြိုက်လည်း မကြိုက်ဘူး"

"မြိုင် ကြိုက်တာ မကြိုက်တာကို အပထားပြီး ကိုကိုတို့လင်မယားနဲ့ မြိုင်တို့ ဒီအိမ်ကြီးမှာ အေးအေးချမ်းချမ်းနဲ့ သင့်သင့်မြတ်မြတ်နေသွားနိုင်ဖို့ လက်တွေ့ကိစ္စကို မပြောမဖြစ်လို့ ကိုကိုက ပြောနေရတာ မြိုင် ..."

မြိုင်သည် စိတ်ရှုပ်သည်ထက် ရှုပ်လာသည်။ ဝမ်းလည်းနည်းလာသဖြင့် မျက်ရည်များပင် ကျလာသည်။

ကိုဇော်ဝင်းသည် စီးကရက်တိုကို ဘေးပြတင်းပေါက်မှ အပြင်ဘက်သို့ပစ်လိုက်ပြီးနောက် နောက်ထပ်၍ စီးကရက်တစ်လိပ်ကို မီးညှိပြန်လေသည်။ မြိုင်သည် ခုတင်ခြေရင်းဘက်တွင် ခုတင်တိုင်ကိုမှီကာထိုင်ရင်း တရှုံ့ရှုံ့ငို ရှာသည်။

"ငိုနေလို့မပြီးသေးဘူး မြိုင် ... ခုနက ကိုကိုပြောခဲ့သလို ဖေဖေအသက်ရှင်နေသေးသရွေ့ ဖြစ်စေကိုကိုတို့ တစ်အိုးတစ်အိမ်ခွဲပြီးမနေနိုင်သေးသရွေ့ဖြစ်စေ ဒီအိမ်ကြီးမှာ ကိုကိုတို့လင်မယားနဲ့ မြိုင်တို့ သင့်သင့်မြတ်မြတ်နဲ့ အေးအေးချမ်းချမ်း နေထိုင်သွားကြဖို့ အရေးက ရှိသေးတယ်"

"ဒါလောက်ပြောပြရင် မြိုင်နားလည်ပါပြီကိုကို၊ တော်ပါတော့"

မြိုင်က တရှုံ့ရှုံ့ ငိုနေရာမှ ပြန်ပြောလိုက်သည်။

"မြိုင်က နားလည်ပြီဆိုရင် နားလည်တဲ့အတိုင်း လက်တွေ့ လုပ်ဖို့ ကိုကို မျှော်လင့် ပါရစေ"

ဟုပြောဆိုကာ ကိုဇော်ဝင်းသည် မြိုင်၏အခန်းအတွင်းမှ ချာခနဲလှည့်ထွက်သွားလေသည်။

ကိုဇော်ဝင်း ထွက်သွားသည်နှင့်တစ်ပြိုင်နက် မြိုင်သည် ခုတင်ပေါ်သို့ မိမိကိုယ်ကို ပစ်လှဲကာ ရင်ထဲတွင်ချုပ်တည်းထားရသမျှကို ဖွင့်ထုတ်၍ အားရပါးရငိုပစ်လိုက်လေသည်။

တစ်နေ့ထက်တစ်နေ့ ဤအိမ်ကြီးတွင် မြိုင့်အဖို့ အနေရအထိုင်ရ ကျဉ်းကျပ်သည် ထက် ကျဉ်းကျပ်၍ လာလေသည်။ ယခင်က ဤအိမ်ကြီး၌ ဘုရင်မကလေးတစ်ပါးပမာ လွတ်လွတ်လပ်လပ်နှင့် နေချင်သလိုနေ၍ ထိုင်ချင်သလိုထိုင်လာခဲ့သော မြိုင်သည် ယခု အခါတွင် ဤအိမ်ကြီး၌ အကျဉ်းသားတစ်ဦး ဖြစ်မှန်းမသိ ဖြစ်လာပေပြီ။ ဤအိမ်ကြီးတွင် ဖခင်လုပ်သူအား အားထားမှီခိုကာ နေထိုင်ခဲ့ရသော မြိုင်အတွက် ဖခင်လုပ်သူကပါ လင်သားယူ၍ လင်သားနှင့်နေထိုင်စေချင်ပြီဆိုသောကာလ၌ မြိုင်သည် မည်သူ့ကိုမှ မှီခိုအားထားရန် ရှိပါသေးသနည်း။ ယခင်ကာလများက မိမိဘက်ကချည်းလိုလို နေခဲ့သော ဒေါ်လေး ဒေါ်စောခင်သည်လည်း ယခုအခါတွင် မြိုင်၏ဖေဖေဘက်၌နေလျက် မြိုင့်အား ကိုသက်တင်အား ဇွတ်မိတ်ယူဖို့ လူချင်းတွေ့သောအခါတိုင်း တိုက်တွန်းပြောဆိုလျက်ရှိ ပေသည်။ ကိုသက်တင်နှင့် နားချလွန်းသော ဒေါ်လေးလုပ်သူကိုပင် မြိုင်သည် လူချင်း၊ မျက်နှာချင်းဆိုင်ရမည့်အရေးအား အသည်းငယ်လျက်ရှိသည်။ ဒေါ်လေးလုပ်သူနှင့်လည်း မျက်နှာချင်းမဆိုင်မိအောင် တတ်နိုင်သမျှ ရှောင်ကွင်းထွက်ပြေးနေရပေသည်။ တစ်သက်လုံး အင်မတန်ချစ်ခင်အားကိုးခြင်းပြုခဲ့ကြသော မြိုင်၏အစ်ကိုလုပ်သူကလည်း သူ့မယား ဘိလပ်သူနှင့်တည့်အောင် မပေါင်းနိုင်ရကောင်းလားဆိုကာ မြိုင့်အား တင်းတင်းမာမာ ဆက်ဆံလျက်ရှိသည်။ ဤအိမ်ကြီး၌ မြိုင်သည် အဘယ်သို့လျှင် ပျော်မွေ့ခြင်းရှိနိုင်ပါတော့မည်နည်း။

မြိုင်သည် ဤအိမ်ကြီး၌ အညှဉ်းဆဲခံနေရသော အကျဉ်းသမားတစ်ဦးနှင့်မခြား ဖြစ်နေပေသည်။ အချို့သောနေ့များတွင် နေထွက်၍ နေဝင်ကာ၊ တစ်နေသာလျှင် ကုန်သွားခဲ့ရသည်။ မြိုင်သည် မယ်အေးတစ်ယောက်မှလွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်နှင့်မျှ စကားတစ်ခွန်းပင် မပြောခဲ့ရပေ။ မြိုင့်ကိုလည်း ဘယ်သူကမှလာ၍ စကားပြောခြင်း မပြုကြပေ။ အိမ်ကြီးတစ်ခုလုံးသည်လည်း မြိုင့်ယောက်မ၏လက်ခြေဖြစ်မှန်းမသိ ဖြစ်နေလေသည်။ ယခင်က ပျင်းရိငြီးငွေ့သလိုဖြစ်လာသောအခါတိုင်း ပန်းပင်များအကြား၌လည်းကောင်း၊ ဧည့်ခန်းလယ်ရှိ ပီယာနိုခုံ၌လည်းကောင်း အပန်းဖြေခဲ့လေ့ရှိသော မြိုင်သည် ယခုအခါတွင် အိပ်ရာထက်၌သာ ခွေနေရတော့သည်။ ကဗျာများကို ဖတ်ရလွန်းအားကြီး၍ ဖတ်ချင်စိတ်များလည်း မရှိတော့ပေ။ ငြီးစီစီဖြစ်နေသည်။

ကိုဇော်ဝင်းတို့လင်မယား ဘိလပ်မှပြန်ရောက်လာကြပြီးနောက် တစ်လသာသာခန့် ကြာလာသောအခါ မြိုင်သည် မိမိ၏အကျဉ်းသားဘဝကို မည်ကဲ့သို့မျှ ဆက်လက်၍ သည်းညည်းမခံနိုင်တော့သဖြင့် အသိတစ်ဦးဦး၏အိမ်သို့ လည်ပတ်ရန် အိမ်မှထွက်လာခဲ့သည်။ အိမ်မှထွက်လာစဉ် မိမိ ဘယ်သို့သွားမည်ကို မည်သူတစ်ဦးတစ်ယောက်မျှလည်း မပြောဆိုခဲ့ပေ။ မြိုင်ထွက်လာသောအချိန်၌ ကိုဇော်ဝင်းတို့လင်မယားသည် အိမ်မှကားနှင့် ဘယ်ကိုထွက်သွားကြမှန်းမသိပေ။ မြိုင်၏ဖခင်သည် အနည်းငယ်ချောင်းဆိုးနေသဖြင့် အိမ်အပေါ်ထပ်မှ အောက်ထပ်သို့ပင် မဆင်းချေ။ ဒေါ်လေး ဒေါ်စောခင်သည် သူ့အစ်ကိုဦးထွန်းမင်း နေထိုင်မကောင်းသဖြင့် မီးဖိုချောင်ဘက်တွင် အလုပ်များလက် ရှိသည်။

မြိုင်သည် လှဲ့လှဲ့တို့အိမ်သို့ မရောက်သည်မှာ ကြာပေပြီ။ လှဲ့လှဲ့လည်း မိမိထံသို့ ပေါ်မလာသည်မှာ အတော်ကလေးကြာသွားပြီဖြစ်၍ လှဲ့လှဲ့တို့အိမ်သို့သွားရန်မှာ ကားမရ သဖြင့် မလွယ်ကူပေ။ ထို့ကြောင့် မတွေ့ရသည်မှာ ကြာသွားပြီဖြစ်သော မိမိ၏ ကြီးတော် ဖြစ်သူ မောင်မောင်လတ်၏မိခင်ဆီသို့သွားရန် စိတ်ကူးမိလေသည်။

မြိုင်သည် ရွှေတောင်ကြားမှ ဘောင်ဒရီလမ်းသို့ ခြေလျင်ထွက်လာခဲ့ပြီးနောက် ကန်ဘဲ့သို့ပြေးသော ဘတ်စ်ကားကို တက်စီးကာ လိုက်ပါလာခဲ့သည်။ ကန်ဘဲ့ရှိ ကြီးတော်တို့အိမ်သို့ ရောက်သောအခါ မမျှော်လင့်ဘဲ မောင်မောင်လတ်ကိုပါ တွေ့ ဆုံရလေသည်။ သို့ရာတွင် မောင်မောင်လတ်၏ဖခင်ကား အိမ်တွင်မရှိပေ။ ကိစ္စတစ်ခုအတွက် မြို့ထဲသို့ သွားနေသည်။

မြိုင် အိမ်ပေါ်သို့တက်လာသည်ကို ရုတ်တရက်တွေ့ မြင်လိုက်ရသောအခါ မြိုင်၏ ကြီးတော်သည် သားဖြစ်သူ မောင်မောင်လတ်အား တစ်စုံတစ်ရာအတွက် ဆူပူလျက် ရှိရာမှ မြိုင့်အား ဆီးကြိုနှုတ်ဆက်လေသည်။

"ဟဲ့ မြိုင် ... နင်တစ်ယောက်တည်းလာခဲ့တာလားဟင် ..."

ဟု ကြီးတော်က လှမ်း၍ မေးလေသည်။

“ဟုတ်ကဲ့ ကြီးကြီး၊ အိမ်ကကား ကိုကိုယူသွားတာနဲ့ မြိုင်လည်း ကြီးကြီးတို့ဆီ မရောက်တာကြာလို့ သတိရတာနဲ့ ထွက်လာခဲ့တာပဲ"

မြိုင်သည် ရိုရိုသေသေ ပြန်လည် ဖြေကြားရင်း မောင်မောင်လတ်တို့သားအမိအကြားရှိ လွတ်နေသောဆိုဖာကုလားထိုင်ထက်တွင် ဝင်၍ ထိုင်လိုက်သည်။

"ဒါဖြင့် မြိုင် ဘယ်ကကားနဲ့လိုက်လာတာလဲ”

ဟု မြိုင်၏ကြီးတော်က စိုးရိမ်ပူပန်သလို မေးလိုက်သည်။

“ဘယ်ကကားကြုံမှလည်းမရတာနဲ့ ကြီးကြီးတို့ကိုလည်း တွေ့ချင်တာနဲ့မို့ ဘတ်စ်ကားနဲ့ပဲ လိုက်လာခဲ့ရတာပေါ့ ကြီးကြီးရဲ့ ..."

မြိုင်သည် မောင်မောင်လတ်အား တစ်စုံတရာ မကျေနပ်သောအမူအရာဖြင့် မျက်စောင်းထိုး၍ ကြည့်ရင်း ပြောဆိုလေသည်။

မောင်မောင်လတ်သည် ၎င်း၏ မိခင်က ဆူပူမာန်မဲထားသောအရှိန်ကြောင့် ဣန္ဒြေ ကြီးတစ်ခွဲသားနှင့် ထိုင်နေသည်။

“အိမ်ကကားမအားရင်လည်း တစ်ယောက်ယောက်ကိုလွှတ်ပြီး အခေါ်ခိုင်းလိုက် ပေါ့ဟယ်၊ ခုတော့ ဘတ်စ်ကားနဲ့တောင် လိုက်လာရတယ်”

“အိမ်မှာလည်း ဘယ်သူမှမအားကြဘူး ကြီးကြီးရဲ့...”

“နင့်အဖေကော နေကောင်းရဲ့လား၊ ငါလည်း ထွန်းမင်းကိုမတွေ့တာကြာသွားပြီ”

“မနေ့ညကစပြီး ချောင်းဆိုးနေလို့ ကြီးကြီး ... ဒေါ်လေးလည်း ဖေဖေ့အတွက် အလုပ်များကျန်ရစ်ခဲ့တယ်”

“တော်တော်ဆိုးသလားဟဲ့ ... မြိုင်..."

“သိပ်ကြီးဆိုးလှတယ်တော့ မဟုတ်ပါဘူး ကြီးကြီး .."

“ငါလည်း သွားကြည့်ဦးမှပဲ ထင်ပါရဲ့ကွယ်။ ငါ့မှာလည်း

ဟောဒီမောင်မောင်လတ် တစ်ကောင်အတွက်နဲ့ နေ့ရှိသရွေ့ စိတ်ဆင်းရဲလူဆင်းရဲဖြစ်နေရလို့ ထွန်းမင်းဆီကိုတောင် မရောက်တာကြာသွားပြီ ...”

ဟု မောင်မောင်လတ်အား မျက်စောင်းထိုး၍ ကြည့်ကာ ပြော ရင်း ထိုင်ရာမှထသွားပြီးလျှင် အိမ်မှအစေခံများအား လက်ဖက်ရည်ဖျော်၍ ပန်းသီးများ နှင့် မုန့်များပြင်ထားရန် ပြောဆိုစီမံခန့်ခွဲလျက်ရှိသည်။

မောင်မောင်လတ်နှင့် မြိုင်တို့နှစ်ယောက်တည်း ဧည့်ခန်းတွင်ကျန်ရစ်ခဲ့သောအခါ...

“ကိုကိုလတ်တစ်ယောက်လည်း မြိုင်တို့အိမ်ကိုတောင် မေ့နေပြီထင်တယ်”

ဟု မြိုင်က စ၍ ပြောလိုက်သည်။

“မေ့လို့မဟုတ်ပါဘူး မြိုင်ရယ် ..... ကိုလတ် ခုတစ်လော ချောက်ကျပြီးရင်း ကျနေတာကို မြိုင်မှမသိဘဲ”

“ဘယ်လိုချောက်ကျနေရပြန်တာလဲဟင် ... ကိုကိုလတ်”

“မေခင်နဲ့ ကိစ္စကို ဖေဖေသိသွားလို့ ကိုလတ်ကို တစ်ပြားမှလည်း မပေးတော့တဲ့အပြင် အိမ်ရိပ်ကိုတောင်မနင်းရဘူးဆိုပြီး မောင်းချထားတာ မြိုင် မသိသေးဘူးနဲ့တူတယ်။ အခုလာတာတောင် ဖေဖေမရှိတုန်း မေမေက လူလွှတ်ပြီးအခေါ်ခိုင်းလိုက်လို့ တိတ်တိတ်ပုန်း လာရတာ"

“ဒါကတော့ ကိုကိုလတ်အပြစ်နဲ့ ကိုကိုလတ်ဟာပဲလေ၊ သိပ်ဝမ်းနည်းစရာတော့ မရှိပါဘူး"

"ဒီလိုမပြောပါနဲ့ မြိုင်ရယ်၊ တစ်နေ့ မြိုင်လည်း ဝဋ်လည်နေလိမ့်ဦးမယ်...”

"ကိုကိုလတ်မိန်းမက ဝင်ငွေအကောင်းသားပဲမဟုတ်လား၊ ဒါတောင် ကိုယ့်မိဘဆီက လက်ဖြန့်ခံပြီး တောင်းနေရသေးသတဲ့လား ...."

“ခုတစ်လော မေခင်လည်း အရင်တစ်လောကလောက်

ကားသိပ်မရိုက်ရတော့လို့ ကျပ်နေတာပေါ့ကွယ်။ မဟုတ်ရင် မိဘတွေဆီက ဒါလောက်အောက်ကျနောက်ကျခံပြီး တောင်းရမ်းမနေပါဘူး”

“ကိုကိုလတ်လည်း ဒုက္ခပဲနော်”

“ဒီလိုဒုက္ခဟာ ပျော်တော့ ပျော်စရာအကောင်းသား မြိုင်ရဲ့ "

“နောက်ထပ်ပြီး လဲ့လဲ့နဲ့ ကိုကိုလတ် တွေ့သေးသလား"

"မတွေ့ဘူး … မတွေ့တာလည်း ခပ်ကောင်းကောင်းပါပဲလေ"

“ကိုကိုလတ်ကိစ္စတွေ လဲ့လဲ့ အကုန်လုံးသိသွားပလားဟင် …"

“အဘွားကြီးကတော့ အားလုံးကိစ္စတွေ သိပြီးပြီ။ ဒါပေမဲ့ လဲ့လဲ့နဲ့ အစ်ကိုကြီး ကိုသက်ထွန်းတို့တော့ သိကြလိမ့်ဦးမယ်မထင်သေးဘူး။ ကိုသက်တင်နဲ့တွေ့လို့ သူက ပြောပြတာတော့ အဘွားကြီးက သူ့သားနဲ့ သမီးမသိအောင် ဖုံးထားတယ်လို့ဆိုတယ်။ ကိုလတ်ကိုလည်း မေခင်နဲ့ မကွဲကွဲအောင်ခွဲပြီး သူ့သမီးနဲ့ မရရအောင် ပေးစားမယ်လို့ ကြုံးဝါးနေတယ်လို့လည်း ပြောသံကြားရတယ်”

“ကြားထဲက လဲ့လဲ့တစ်ယောက်တော့ သနားစရာပါ ကိုကိုလတ်ရယ် ..”

“ကိုလတ်လည်း လဲ့လဲ့ကိုတော့ သနားတာပါပဲ၊ ဒါပေမဲ့ သူ့အမေကြီးက လည်လွန်း၊ ပွေလွန်းအားကြီးလို့ သိပ်မုန်းတယ်။ ဒါကြောင့်လည်း ခုလိုဖြစ်ကုန်ကြရတာပဲလေ“

"ဒါထက် ကိုသက်တင်နဲ့တွေ့တုန်းက မြိုင့်အကြောင်း ဘာများ ကိုကိုလတ်ကို ပြောသေးသလဲ …. ဟင်..."

“သူ့ကို မြိုင်က စာအုပ်နဲ့ပေါက်တဲ့အကြောင်းပြောတယ် ဘယ်လိုဖြစ်ကြလို့လဲ”

“မြိုင့်ကို နိုင့်ထက်စီးနင်းလုပ်ချင်တဲ့လူမို့လို့ မြိုင်လည်း ဒေါသထွက်လာတာနဲ့ လုပ်ပစ်လိုက်မိတာပဲ”

"မြိုင့်ကို အကြမ်းဖက်လုပ်လို့မရတဲ့အကြောင်းတောင် ကိုလတ်က ပြောလိုက်ရသေးတယ်"

ထိုအခိုက် အိမ်တွင်ခိုင်းစေထားသော မိန်းမကြီးတစ်ယောက်က လက်ဖက်ရည်ပွဲ ပြင်ပြီး၍ လက်ဖက်ရည်သောက်ရန် လာရောက်ပြောဆိုသောကြောင့် မောင်မောင်လက်နှင့် မြိုင်တို့သည် စကားစပြတ်သွားပြီးလျှင် လက်ဖက်ရည်စားပွဲသို့ ထလာကြလေသည်။ လက်ဖက်ရည်သောက်လျက်ရှိကြစဉ် မောင်မောင်လတ်၏မိခင်က တစ်ရာတန် ငွေစက္ကူ ငါးချပ်တိတိ မောင်မောင်လတ်အား မြိုင့်ရှေ့တွင်ပင် လှမ်း၍ ပေးလိုက်သည်။

၎င်း၏မိခင်ထံမှ ငွေငါးရာရလျှင်ရချင်း မောင်မောင်လတ်သည် သောက်လက်စဖြစ်သော လက်ဖက်ရည်ကိုပင် ကုန်အောင်မသောက်တော့ဘဲ လက်ဖက်ရည်စားပွဲမှ ထလေသည်။

"ဒါ မင်းပြန်တော့မလို့လား ဟင် … မောင်လတ်"

ဟု ၎င်း၏မိခင်က သားလုပ်သူ အား မျက်စောင်းထိုး၍ ကြည့်ရင်း ခပ်မာမာကလေးမေးလိုက်သည်။

"မပြန်လို့မဖြစ်သေးဘူး မေမေ၊ မေမေပေးလိုက်တဲ့ ငွေငါးရာထဲက ဖဲ့ပြီး ငွေသုံးရာလောက် အကြွေးဆပ်စရာရှိသေးတယ်။ အဲဒီကြွေးကို ဒီကနေ့လာဆပ်ပါ့မယ်လို့ ကျွန်တော် ကတိပြုထားတာနဲ့မို့ အဲဒါ သွားဆပ်မလို့ပါ"

ငွေငါးရာကို လင်မသိအောင် ခိုးဝှက်၍ ပေးရသော မိခင်လုပ်သူ ကျေနပ်သွားအောင် မောင်မောင်လတ်က ဣန္ဒြေရရ ပြန်ပြောဆို လေသည်။

"လူတကာဆီက ပိုက်ဆံချေးတဲ့အလုပ်လည်း မင်း တတ်နေပြီပေါ့ ဟုတ်လား မောင်လတ် ..."

"ဖေဖေတို့မေမေတို့က ကျွန်တော့်အတွက် လစဉ်ပေးနေကျ သုံးဖို့စွဲဖို့မပေးတော့ ဒီလိုပဲ ရှာကြံချေးငှားရတာပေါ့ မေမေ"

"မင်းတော့လား မောင်လတ်ရယ် …. မိဘတွေသေသွားကြပြီးတဲ့နောက်မှာတောင် မိဘတွေရဲ့သင်္ချိုင်းကုန်းလိုက်ပြီး

မုန့်ဖိုးတောင်းနေဦးမယ့်အကောင်ပဲ”

“တစ်သက်လုံးက တောင်းလာခဲ့တာပဲ မေမေ၊ ခုမှ မေမေက အဆန်းလုပ်ပြီး ပြောမနေပါနဲ့တော့ .. အခု မေမေ ပေးလိုက်တဲ့ ငွေငါးရာထဲက ငွေသုံးရာတောင် အကြွေး ဆပ်ရဦးမှာမို့ ကျွန်တော့်အတွက်သုံးဖို့ ငွေနှစ်ရာပဲကျန်မှာပါ ... ဒါကြောင့်မို့ မေမေ့လက်ထဲမှာ ငွေလွယ်သေးရင် နောက်ထပ်ပြီး ကျွန်တော်သုံးဖို့ နှစ်ရာလောက်တော့ ပေးပါဦး"

“လာ လာသေးတော့ မောင်လက်ရယ် .... မင်းဟာ သားမယားရနေတာတောင် ဘာမှမသိတတ်သေးတဲ့ ကလေးတစ်ယောက်လိုပါပဲလား ..."

“ငွေနှစ်ရာလောက် နောက်ထပ်ပေးပါဦး မေမေ ...”

“သားမယားရနေပြီးတာတောင် မင်းအခုလိုတောင်းနေတဲ့အလုပ်ကို မရှက်ဘူးလား ဟင် ... မောင်လတ် ... မင်းကိုယ်မင်း မရှက်တတ်ရင်လည်း မြိုင့်ကိုတော့ မင်း ရှက်တတ် ဖို့ ကောင်းတယ် ..."

မြိုင်သည် သားအမိနှစ်ယောက်၏ အကြား၌ ထိုင်ကာ ပြုံးနေရသည်။

“ကိုယ့်မိဘဆီက ကိုယ်ရသင့်ရထိုက်လို့ တောင်းတာဟာ ရှက်စရာအလုပ်မှ မဟုတ်တာပဲနော် မြိုင် ... ဟုတ်လား ...”

မောင်မောင်လတ်သည် စစ်ကူတောင်းသလို မြိုင့်အား လှမ်း၍ ပြောလိုက်သည်။

“ကိုကိုလတ် တစ်ခါတုန်းက မြိုင့်ကိုပြောဖူးတာက ကိုကိုလတ်မိန်းမက တစ်လတစ်လကို တစ်ထောင်၊ ထောင့်ငါးရာလောက်အထိ ဝင်ငွေရှိတယ်ဆို ....”

“မေခင် ကိုယ်ဝန်ရှိနေလို့ အရင်ကလို ကားတွေမရိုက်နိုင်လို့ပေါ့ မြိုင်ရယ် ..."

“ဟင် ကိုကိုလတ်၊ ကလေးတွေဘာတွေတောင် ရတော့မယ် ... ဟုတ်လား ... ကိုကိုလတ်”

ထိုအခိုက် မောင်မောင်လတ်၏မိခင်သည် ၎င်းအင်္ကျီအတွင်းအိတ်ကပ်ထဲမှ ငွေတစ်ရာတန်စက္ကူနှစ်ချပ်ကို ထုတ်ယူလိုက်ပြီးလျှင် သားလုပ်သူအား လှမ်း၍ ပေးရင်း...

"ကဲ ကဲ ... ကြွမှာသာ ကြွပါတော့ မောင်မင်းကြီးသား၊ ခမည်းတော်ဘုရား ပြန်ကြွလာလို့ ကျုပ်ပါ အိမ်ပေါ်က ဆင်းပြေးနေရပါဦးမယ် .."

ဟု ပြောဆိုကာ နှင်လွှတ်လေသည်။

မောင်မောင်လတ်သည် ၎င်းမိခင် လှမ်း၍ ပေးသော ငွေနှစ်ရာကို လျှင်မြန်စွာ ယူလိုက်ပြီးနောက်...

"ကိုလတ် သွားမယ် မြိုင်၊ မြိုင်တို့ဆီလည်း လာခဲ့ပါဦးမယ်လေ"

ဟု မြိုင့်အား ပြောဆိုနှုတ်ဆက်ကာ ထွက်သွားမည်အပြုတွင် မြိုင်သည် လဲ့လဲ့တို့အိမ်သို့ သွားသောအခါ မောင်မောင်လတ်အား အိမ်ထဲသို့ရောက်အောင် မဟုတ်သော်လည်း အိမ် ရှေ့လမ်းမကြီးပေါ်သို့အရောက်အပို့ခိုင်းရန် သတိရလာသဖြင့်...

"ကိုကိုလတ် မြိုင့်ကို လဲ့လဲ့တို့အိမ်ကို လိုက်ပို့ပေးပါဦးလားဟင်.."

ဟု ပြောဆိုလိုက်မိသည်။

"ကျားရှေ့တော့ မှောက်လျက်မလဲပါရစေနဲ့ မြိုင်ရယ်။ တခြား ဘာခိုင်းခိုင်း ကိုကိုလတ် လုပ်ပေးပါ့မယ်"

"ဒီကိစ္စအတွက်နဲ့တော့ ကိုလတ်ကို ဘာမှခိုင်းမယ်စိတ်မကူးနဲ့ မြိုင် ... ပြည်တော်သာ ပင်လယ်ကူးသင်္ဘောကြီးနောက်က လိုက်ပြီး လှိုင်းတွေဖမ်းပေးပါဆိုတာက ဖြစ်ချင်ရင် ဖြစ်နိုင်လိမ့်ဦးမယ်"

မြိုင်နှင့် မောင်မောင်လတ်တို့ မောင်နှမ အချီအချ စကားပြောနေခြင်းကို ဘေးမှ ငြိမ်သက်စွာ နားထောင်လျက်ရှိရာမှ...

"ညည်းအစ်ကိုကို ခိုင်းမနေစမ်းပါနဲ့ မြိုင်ရယ် ... အိမ်က ကားနဲ့ပဲ ကြီးကြီး လိုက်အပို့ခိုင်းပေးပါမယ်။ ပြန်တော့လည်း အိမ်က ကားနဲ့ပဲ ပြန်နော်။

မြိုင် သုံးလို့ပြီးမှပဲ ကားကို ပြန်လွှတ်လိုက်တာပေါ့”

ဟု မြိုင်အား လှမ်း၍ ပြော ဆိုလိုက်သဖြင့် မြိုင်သည် ငြိမ်၍ နေလိုက်သည်။

မောင်မောင်လတ်သည် ၎င်းလိုသောငွေကို မိခင်လုပ်သူထံမှ ရရှိသွားပြီဖြစ်ရကား အိမ်ပေါ်မှ ဆင်းသွားလေသည်။

ရှစ်မိုင်ဘက်တွင်ရှိသော လဲ့လဲ့တို့ အိမ်သို့ရောက်ရှိလာသောအခါ လဲ့လဲ့တို့ သားအမိနှစ်ဦးစလုံး နံနက်စာစားသောက်၍ ပြီးကတည်းက မြို့ထဲသို့ ထွက်သွားကြသည့်အကြောင်းကို အိမ်တွင် ထမင်းချက်ပြုတ်ရန် ခိုင်းစေထားသော အဒေါ်ကြီးက မြိုင့်အား ဆီးကြို၍ ပြောပြလေသည်။ လဲ့လဲ့နှင့် လူချင်းမတွေ့ရသည်မှာ အတန်ကြာသွားပြီဖြစ်၍ လူချင်းတွေ့ဆုံကာ စကားစမြည်ပြောရအောင် အိမ်က ကားမရှိ၍ သူတစ်ပါးအိမ်မှ ကားနှင့်ပင် ခက်ခက်ခဲခဲ လာရောက်လည်ပတ်ခြင်းပြုရသော မြိုင်သည် တစ်ခါတည်း မောသွားလေသည်။

“လဲ့လဲ့တို့ ဘယ်အချိန်လောက်များ ပြန်လာကြမယ်လို့ ပြောသွားပါသေးသလား အဒေါ် ..."

ခက်ခက်ခဲခဲနှင့် လာရောက်လည်ပတ်ခြင်းပြုရသည့်အတွက် လဲ့လဲ့နှင့် ရုတ်တရက်မတွေ့ ရသောအခါ အိမ်သို့ချက်ချင်းပြန်ချင်ပုံမရသေးသော မြိုင်က ပြန်၍ မေး မြန်းလိုက်မိသည်။

လဲ့လဲ့တို့အိမ်တွင် ခိုင်းစေထားသော အဒေါ်ကြီးသည် အနည်းငယ် စဉ်းစားသကဲ့သို့ ခေတ္တမျှ ငိုင်နေပြီးကာမှ...

“ဘယ်အချိန်လောက် ပြန်လာမယ်ဆိုတာကိုတော့ မပြော သွားဘူး မိန်းကလေး ... ဒါပေမဲ့ နေ့ခင်း လက်ဖက်ရည်သောက်ချိန်အမီတော့ ပြန်လာကြလိမ့်မယ်နဲ့တူတယ် .... ဘာပြုလို့လဲဆိုတော့ မမခင်က အဒေါ်ကို ရေနွေးအိုး အသင့် လုပ်ထားဖို့ ပြောသွားလို့ကွဲ့ ..”

ဟု ပြောဆိုလေသည်။

“နေ့တိုင်းတော့ သူတို့ ဘယ်အချိန်လောက် လက်ဖက်ရည်သောက်တတ်သလဲ ဟင် ... အဒေါ်”

၎င်း၏လက်ပတ်နာရီကို မြှောက်၍ ကြည့်ရင်း မြိုင်က သေသေချာချာ မေးမြန်းမိသည်။

“နှစ်နာရီခွဲသာသာနဲ့ သုံးနာရီအကြားတော့ သောက်နေကျပဲ တူမရဲ့”

ဟု အဒေါ်ကြီးက ပြန်ပြောသည်။

မြိုင်၏နာရီသည် နာရီပြန်နှစ်ချက်ပင် မတီးသေးချေ။ ငါးမိနစ်ခန့် လိုသေးသည်။ ထို့ကြောင့် နောက်ထပ်၍ နာရီဝက်သာသာခန့် သည်းညည်းခံ၍ စောင့်နိုင်မည်ဆိုလျှင် မိမိ တကူးတကန့် လာရောက် လည်ပတ်ရကျိုးနပ်စရာ ရှိသည့် အလားအလာကို စဉ်းစားမိသည်။ အခြားတပါးသို့ကလည်း သွားရောက်စရာမရှိသည့်အတွက် လဲ့လဲ့တို့ မြို့ထဲက မပြန်လာမီ ဤအိမ်ကြီးမှာပင် စောင့်၍ နေတော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် ကန်ဘဲ့ဘက်မှ ယူလာခဲ့သောကားကို မြိုင်သည် အလကားသက်သက် မစောင့်ခိုင်းလိုသဖြင့် ပြန်လွှတ်လိုက်သည်။ ဒရိုင်ဘာအား ကန်ဘဲ့ဘက်သို့ ပြန်မလွှတ်မီ ၎င်းအား ညနေ သုံးနာရီခွဲနှင့် လေးနာရီအကြားတွင် လာရောက်ကြိုဆိုရန် သေသေချာချာ မှာကြားလိုက်လေသည်။

မော်တော်ကားကို ပြန်လွှတ်လိုက်ပြီးနောက် မြိုင်သည် ဧည့်ခန်းထဲသို့ ဝင်လာသည်။ ဧည့်ခန်းထဲရှိ ဆိုဖာကုလားထိုင် တစ်လုံးပေါ်တွင် အေးအေးဆေးဆေးထိုင်ရင်း ဧည့်ခန်း စားပွဲပေါ်ရှိ အင်္ဂလိပ်သတင်းစာနှင့် ရုပ်စုံဂျာနယ်များ၊ မဂ္ဂဇင်းများကို မြိုင်သည် တစ်ခုပြီးတစ်ခု ယူ၍ ကြည့်ရှုနေလေသည်။ သို့ရာတွင် မည်သည့်သတင်းစာနှင့် ရုပ်စုံ ဂျာနယ်၊ မဂ္ဂဇင်းများကိုမှု စိတ်ဝင်စားခြင်းမရှိလှပေ။

ရုပ်စုံဂျာနယ်တစ်ခုကို လှန်လှော၍ ကြည့်ရှုလျက်ရှိစဉ် ခြေသံလိုလို ကြားရသဖြင့် မြိုင်သည် ခြေသံလာရာဘက်သို့ လှမ်းကြည့်လိုက်မိသည်။ လဲ့လဲ့တို့အိမ်၌ ခိုင်းစေ ထားသော အဒေါ်ကြီးသည် ယွန်းလင်ပန်းတစ်ချပ်ပေါ်တွင် လက်ဖက်ရည်နှင့် မုန့်များကိုထည့်၍ မြိုင့်ဆီသို့ ယူလာသည်။

"မြိုင် အိမ်က သောက်ပြီးမှ ထွက်လာခဲ့တာပါ အဒေါ် ... အလကားဒုက္ခရှာတယ်"

ဟု မြိုင်က အဒေါ်ကြီးကို အားနာသော အမူအရာဖြင့် လှမ်း၍ ပြောဆိုလေသည်။

"မိန်းကလေးတစ်ယောက်တည်းအတွက် သက်သက်လုပ်ပေးရတာလည်း မဟုတ်ပါဘူး။ တခြားဧည့်သည်

တစ်ယောက်အတွက် လုပ်ရင်း မိန်းကလေးအတွက်ပါ လုပ်ခဲ့ တာပါ”

အဒေါ်ကြီးသည် ယွန်းလင်ပန်းအတွင်းမှ လက်ဖက်ရည်တစ်ပန်းကန်နှင့် မုန့်ပန်းကန်ပြားတစ်ချပ်ကို မြိုင့်ရှေ့ စားပွဲပေါ်၌ ချပေးရင်း ပြောဆိုလေသည်။

“တခြားဧည့်သည်တစ်ယောက်” ဟု ပြောဆိုလိုက်သော အဒေါ်ကြီး၏စကားကို မြိုင်သည် ကောင်းစွာ နားမလည်လိုက်မိပေ။ အဘယ်ကြောင့်ဆိုသော် ဧည့်ခန်းထဲတွင် မိမိတစ်ယောက်တည်းသာရှိနေလျက် အခြား မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့မိ၊ မမြင်မိသောကြောင့် ဖြစ်လေသည်။ ထို့ကြောင့်...

“တခြားဧည့်သည်တစ်ယောက် ဆိုတာ ကကော ဘယ်သူလဲ အဒေါ်ရဲ့”

ဟု မြိုင်က မေးလိုက်မိပေသည်။

"ဦးသက်ထွန်းရဲ့ ဧည့်သည်ပါ၊ မနက်ကတည်းက သူ့စာကြည့်တိုက်ထဲမှာ အလုပ် လုပ်နေတာနဲ့ တူပါတယ်"

ဟု ပြန်ပြောကာ အဒေါ်ကြီးသည် ဧည့်ခန်းမှ ထွက်၍ စာကြည့်ခန်းဘက်သို့ လျှောက်သွားလေသည်။

အစ်ကိုကြီး ကိုသက်ထွန်း၏ ဧည့်သည်ဟုဆိုလိုက်သည့်အတွက် ကိုတင်ဦးပင် ဖြစ်လေမည်လားဟု တွေးကြည့်မိသည်။ သို့ရာတွင် အစ်ကိုကြီး ကိုသက်ထွန်း၏ အလုပ်သမားတစ်ဦးမျှသာဖြစ်သော ကိုတင်ဦးအား အဒေါ်ကြီးသည် “ဧည့်သည်တစ်ယောက်” ဟု ခေါ်ဝေါ်ရန် အကြောင်းမရှိပေ။ ကိုတင်ဦးသည် ကိုသက်ထွန်း၏ အလုပ်သမားတစ်ဦးမျှသာ ဖြစ်သည့်အလျောက် ထိုဧည့်သည်ဆိုသူသည် ကိုတင်ဦး ဖြစ်နေခဲ့လျှင် အဒေါ်ကြီးသည် ကိုတင်ဦးမှန်း သိရှိလိမ့်မည် ဖြစ်သည့်အလျောက် ကိုတင်ဦးဟူ၍သာ ခေါ်ဝေါ် သုံးစွဲရန် ရှိပေသည်။

စာကြည့်ခန်းဘက်သို့ လက်ဖက်ရည်နှင့် မုန့်များ သွားပို့သော အဒေါ်ကြီးသည် စာကြည့်ခန်းဘက်မှ လှည့်ပြန်လာသည်။ ၎င်းယွန်းလင်ပန်းနှင့် ယူဆောင်သွားသော လက်ဖက်ရည်နှင့် မုန့်များကိုလည်း ပြန်ယူလာသည်ကို မြိုင်သည် သတိပြု ကြည့်ရှုလိုက်မိ

သည်။

"ဦးသက်ထွန်း ဧည့်သည်လည်း ဘယ်အချိန်ကပြန်သွားမှန်းတောင် မသိပါဘူး"

ဟုသာ ပြောဆိုပြီးနောက် အဒေါ်ကြီးသည် ဧည့်ခန်းမှ ထွက်သွားပြန်လေသည်။ မြိုင်သည် အဒေါ်ကြီး လာချပေးသွားသော လက်ဖက်ရည်ကို ပန်းကန်တစ်ဝက်လောက်သာ ယူသောက်ပြီးနောက် စောစောက ကြည့်ရှုလျက်ရှိသော အင်္ဂလိပ်ရုပ်စုံဂျာနယ် ကို ဖတ်၍ ကြည့်ရှုလေသည်။ ဆယ့်ငါးမိနစ်သာသာခန့်မျှ မိမိဘာသာ တစ်ယောက်တည်း ဧည့်ခန်းထဲတွင် ထိုင်ရင်း သတင်းစာ ဂျာနယ်များကို လှန်လှော ဖတ်ရှုနေရသောမြိုင်သည် ငြီးစီစီ ဖြစ်လာသည်။ ထို့ကြောင့် ဧည့်ခန်းထဲမှ ထွက်လာခဲ့ပြီးလျှင် အိမ်ပေါ်မှ ဆင်းလာ သည်။ အိမ်အောက်သို့ ရောက်သောအခါ မြိုင်သည် လက်ပတ်နာရီကို ကြည့်မိပြန်သည်။ အချိန်မှာ နှစ်နာရီနှင့် တစ်မတ်ခန့်မျှသာ ရှိသေးသည်။ လဲ့လဲ့တို့သည် နှစ်နာရီခွဲလောက် တွင် ပြန်လာကြသည့်တိုင်အောင် နောက်ထပ်၍ နာရီတစ်မတ်သာသာခန့် စောင့်နေရဦး မည်ဖြစ်ရကား ထိုနာရီတစ်မတ်သာသာခန့်အချိန်ကို ပန်းခြံထဲသို့ လျှောက်၍ လှည့်ပတ် ကြည့်ရှုရင်း ကုန်လွန်သွားစေရန် မြိုင်သည် စဉ်းစားမိလေသည်။ ထိုသို့ စဉ်းစားမိသော မြိုင်သည် ပန်းခြံဘက်သို့ ထွက်လာခဲ့၏။

လဲ့လဲ့တို့အိမ်သို့ မြိုင် အလည်အပတ်မရောက်ရှိခဲ့သည့်အတွင်း လဲ့လဲ့တို့ခြံကြီး ထဲတွင် နောက်ထပ်၍ မွမ်းမံ စိုက်ပျိုးထားသော ပန်းပင်များသည် အံ့သြလောက်အောင် တိုးတက်များပြားလျက် ရှိပေသည်။ ပန်းမျိုးလည်း စုံသည်ထက်စုံကာ၊ ဆန်းဆန်းပြားပြားကိုလည်း တွေ့ရှိရသည်။ မိမိနှစ်သက်မြတ်နိုးတတ်သော ပန်းအမျိုးမျိုး အစားစားကို တွေ့မြင်နေရသော မြိုင်သည် ရွှေတောင်ကြားဘက်တွင်ရှိသော မိမိတို့၏ အိမ်ကြီးကိုပင် မေ့လျော့ကာ သာယာကြည်နူးလျက်ရှိပေသည်။ ထိုသို့ ပန်းပင်များအကြား၌ လှည့်ပတ် ကြည့်ရင်း "မြိုင်" ဟူ၍ မိမိအား ခေါ်သံကို မလှမ်းမကမ်းမှ ကြားလိုက်ရခြင်းဖြစ်လေသည်။

မြိုင်သည် မိမိအား ခေါ်နေသူကို ပြန်လှည့်၍ ကြည့်ရန် မရဲတရဲဖြစ်နေသည်။ ကြောက်လန့်၍ တော့ကား မဟုတ်ပေ။ ဘာကြောင့် မရဲတရဲဖြစ်မှန်းကိုလည်း ကာယကံရှင်ဖြစ်သော မြိုင်ကိုယ်တိုင်ပင် ခွဲခွဲခြားခြား မသိပေ။ "မြိုင်" ဟူ၍ ဒုတိယအကြိမ်ခေါ်သံကို

ကြားလိုက်ရသောအခါတွင်မူကား ထိုခေါ်သောသူသည် မြိုင်၏အနီးသို့ ရောက်ရှိလျက်နေပေပြီ။ မြိုင်သည် ထိုသူအား ပြန်လှည့်၍ မကြည့်ဝံ့သေးပေ။ ရင်ထဲ၌လည်း ခုန်လျက် ရှိသည်။

"ကိုတင်ဦး ... မြိုင့်ကိုကြည့်နေတာ ငါးမိနစ်လောက်ရှိသွားပြီထင်တယ်။ ဒါပေမဲ့ မြိုင့်ကို လှမ်းနှုတ်ဆက်သင့် မသင့် စဉ်းစားနေရလို့ ဒါလောက် ကြာသွားတာပါ"

မြိုင်သည် ကိုတင်ဦးအား လှည့်၍ ကြည့်လေသည်။ ကိုတင်ဦးသည် ၎င်း၏အပေါ် အင်္ကျီအိတ်ကပ်အတွင်းမှ ဆေးပေါ့လိပ်တစ်လိပ်ကို ထုတ်ယူကာ မီးညှိလေသည်။

"စောစောက လဲ့လဲ့တို့အိမ်က အဒေါ်ကြီးက အစ်ကိုကြီး ကိုသက်ထွန်းရဲ့ ဧည့်သည် တစ်ယောက် ရှိတယ်လို့တော့ အပြောသား မြိုင်က ကိုတင်ဦးလို့ မထင်မိဘူး"

"ဟုတ်တယ် ... ဦးသက်ထွန်းက ဒီကနေ့ နေ့ခင်းတော့ သူ့အမေနဲ့ နှမကလေးများ အိမ်မှာရှိကြမှာမဟုတ်လို့ သူ့စာကြည့်တိုက်ကို ညနေလေးနာရီလောက်အထိ အသုံးပြုနိုင်ခွင့်ပေးတာနဲ့ ကိုတင်ဦးလည်း ခပ်စောစောကပဲ ရောက်နေတယ်။ ခုနကတုန်းကတော့ စာကြည့်ခန်းထဲမှာ ခပ်ကြာကြာကလေး ထိုင်နေရလို့ ခေါင်းထဲမှာ မူးဝေဝေရှိလာတာနဲ့မို့ လေကောင်းလေသန့်ကလေး ရှူရအောင် ခြံထဲဆင်းလာခဲ့တာပါ"

သူ၏ သူဌေးလုပ်သူ၏ မိခင်နှင့် နှမများမရှိသည့်အခိုက် သူဌေး၏ စာကြည့်တိုက်ကို ခိုးကြောင်ခိုးဝှက် လာရောက်အသုံးပြုနေပါသည်ဆိုသော ကိုတင်ဦးအတွက် မြိုင်သည် အနည်းငယ် စိတ်မကောင်းဖြစ်သွားမိသည်။

"ကိုတင်ဦးမှာကော ကိုယ်ပိုင်စာကြည့်တိုက် မထားနိုင်သေးဘူးလား"

မြိုင်သည် ကရုဏာသံဖြင့် မေးမြန်းလိုက်မိသည်။

"ကိုတင်ဦးမှာ စာအုပ်တွေတော့ တော်တော်စုံစုံကလေး စုဆောင်းထားတာ ရှိပါတယ်။ ဒါပေမဲ့ လူအတည်တကျ မဖြစ်သေးလို့ စာအုပ်တွေကို ဟိုထားရ ဒီထားရဖို့ ကိုယ်ပိုင်စာကြည့်တိုက် မထားနိုင်သေးဘူး မြိုင်။ တစ်နေ့ ကိုယ့်အိုးကိုယ့်အိမ်နဲ့ အတည်တကျဖြစ်လာတော့မှပဲ ကိုယ့်စာကြည့်တိုက်နဲ့ကိုယ်

လုပ်ယူရမှာပဲလေ“

"ကိုတင်ဦး အခု ဘယ်မှာနေသလဲဟင် .. ကိုတင်ဦး အခုနေတဲ့အိမ်မှာကော ကိုယ့်စာကြည့်တိုက်ကလေးနဲ့ကိုယ် လုပ်ထားလို့ကော မဖြစ်ဘူးလား”

“အခန်းတစ်ခန်းငှားနေရတော့ စာကြည့်တိုက်ထားလို့ မဖြစ်ဘူး မြိုင်ရဲ့။ စာကြည့်တိုက် ထားဖို့ဆိုတာ ကိုယ့်အိမ်နဲ့ကိုယ် လွတ်လွတ်လပ်လပ်နဲ့ ကျယ်ကျယ်ဝန်းဝန်းကလေးရှိမှ ကောင်းတာကိုး”

“ဒီလိုဆိုရင်လည်း ကိုယ့်အိမ်ပိုင်ကလေးတစ်လုံးနဲ့ ကိုယ်ပိုင်စာကြည့်တိုက်ကလေး ဖြစ်အောင် ကြိုးစားပါလားဟင် ကိုတင်ဦး”

“တစ်ယောက်တည်းသမားဆိုတော့ ကိုယ်ပိုင်အိမ်နဲ့နေဖို့လည်း သိပ်စိတ်ကူးလို့ မရသေးဘူး”

“အစ်ကိုကြီး ကိုသက်ထွန်းနဲ့ အလုပ်အတူတူလုပ်ရတာ ပျော်ရဲ့လား ကိုတင်ဦး”

ဟု မြိုင်က အကြောင်းအရာသစ်တစ်ခုကို ပြောင်းလွှဲမေးလိုက်သည်။

“ဦးသက်ထွန်းဆိုတဲ့လူကတော့ တကယ့်စိတ်သဘောထားနဲ့ တကယ့် လူကြီးလူကောင်းတစ်ယောက်ပဲ မြိုင်။ သူနဲ့အလုပ်လုပ်ရတာ သိပ်စိတ်ဝင်စားဖို့လည်း ကောင်းတယ်၊ ပျော်စရာလည်း ကောင်းတယ်”

"အစ်ကိုကြီး ကိုသက်ထွန်းနဲ့ ကိုတင်ဦးတို့အလုပ်ကကော ကျေးဇူးရှိရဲ့လား ဟင်”

“မြိုင် အခုမေးလိုက်တဲ့ မေးခွန်းဟာ ဖြေဖို့ သိပ်မလွယ်လှဘူး။ ဘာပြုလို့လဲဆိုတော့ ငွေရေးကြေးရေးဘက်ကအနေနဲ့ ကြည့်ရင် ဒီအလုပ်ဟာ သိပ်ကျေးဇူးရှိလှတဲ့ အလုပ်တော့ မဟုတ်ဘူး။ ခုကာလစကားနဲ့ ပြောရရင် အတိုးတွက်လောက်ပဲ ရလိမ့်မယ် ထင်တယ်။ ဒါပေမဲ့ တိုင်းရေးပြည်ရေးဘက်ကအနေနဲ့ ကြည့်မယ်ဆိုရင်တော့ ဒီအလုပ်က တော်တော်ကို ကျေးဇူးရှိတယ်။ ဥပမာတစ်ခုပြောရမယ်ဆိုရင် ကြားနေရေးဝါဒကို ကျင့်သုံးပါမယ်လို့ လူသိရှင်ကြား ကြေညာပြီး တစ်ဖက်သတ်သတ် လုပ်လုပ်နေတဲ့ ပြည်ထောင်စုအစိုးရကို

တကယ့်ကြားနေရေးပါ၊ တိတိကျကျ ကျင့်သုံးလာအောင် လှုံ့ဆော်တိုက်တွန်းလာနိုင်ခဲ့တာကို ပြောရလိမ့်မယ်"

"ဒီအထိတော့ မြိုင် နားမလည်ဘူး ကိုတင်ဦး"

"မြိုင်လည်း ခေတ်ပညာတတ်အမျိုးသမီးတစ်ဦးပဲလေ၊ ကိုယ့်တိုင်းပြည်ကြီး ဘာဖြစ်နေတယ်ဆိုတာကိုတော့ စိတ်ဝင်စားဖို့ကောင်းလိမ့်မယ်ထင်တာပဲ"

"တိုင်းရေးပြည်ရေးဆိုတဲ့ အလုပ်ဟာ သိပ်ရှုပ်တဲ့အလုပ်လို့ မြိုင်တော့ ကြားဖူးတာပဲလေ"

"မြိုင်တို့ကျောင်းတုန်းက လောကသာရပျို့ကို မသင်ခဲ့ရဘူးလား"

"သင်ခဲ့ရသလား၊ မသင်ခဲ့ရဘူးလားဆိုတာကိုတော့ မမှတ်မိတော့ဘူး။ အဲဒီအထဲမှာ ဘာတွေရေးထားလို့လဲဟင် … ကိုတင်ဦး"

"ကိစ္စမြားမြောင် လူတို့ဘောင်၌ … လို့ လောကသာရပျို့ ဆရာက ကိစ္စများလှ သော လူ့ဘောင်လို့ ရေးထားခဲ့တယ်မဟုတ်လား။ ကိစ္စများရင်တော့ အနည်းနဲ့အများ ဆိုသလို ရှုပ်သလောက် ရှုပ်မှာပဲ မြိုင်။ ဒါပေမဲ့ ဒီကိစ္စများနေတဲ့လူ့ဘောင်ကြီးနဲ့ ကင်းလွတ်ပြီး မနေနိုင်ကြသမျှ ကာလပတ်လုံးတော့ ဒီလူ့ဘောင်ကြီးကို ကျောခိုင်းနေလို့ ဖြစ်မှာ မဟုတ်ဘူး"

"ဒါတွေတော့ မြိုင် နားမလည်ဘူး ကိုတင်ဦး၊ တိုင်းရေးပြည်ရေးအလုပ်ဆိုတာ တိုင်းရေးပြည်ရေးသမားတွေရဲ့ အလုပ်ပဲလို့ဆိုတာလောက် မြိုင်ကတော့ နားလည်ထားတယ်"

"ဒီလိုနားလည်ထားတာ မမှန်ဘူးမြိုင်။ တိုင်းရေးပြည်ရေးဆိုတာ တိုင်းပြည်ထဲမှာ ရှိနေတဲ့ လူတိုင်းရဲ့အလုပ်။ လူတွေက ကိုယ့်အရေးကိစ္စကို တိုင်းရေးပြည်ရေးသမားတွေလက်ထဲ ပစ်ထားလိုက်မယ်ဆိုရင် တိုင်းရေးပြည်ရေးသမားတွေ ပြောသရွေ့၊ လုပ်သရွေ့ ခံနေကြရတော့မှာပေါ့"

"ဒီအထိတော့ မြိုင် မသိဘူး"

"မြိုင့်လို ခေတ်ပညာတတ် အမျိုးသမီးတစ်ဦးကတောင် မသိသေးဘူးဆိုရင် ဆေးပေါ့လိပ်ရုံမှာ ဆေးလိပ် လိပ်နေကြတဲ့

မိန်းကလေးတွေနဲ့ ဆန်စက်တွေမှာရွေးနေကြတဲ့ မိန်းကလေးတွေအဖို့ဆိုရင် ဘယ်ပြောစရာရှိပါတော့မလဲ ဟင်။ ခုလိုသာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ လူဦးရေ ထက်ဝက်လောက်ရှိတဲ့ လူစုက တိုင်းရေးပြည်ရေးကို စိတ်မဝင်စားကြရင်တော့ ဒီတိုင်းပြည်ဟာ ရှေ့ဆက်ပြီး ကံဆိုးချင်တိုင်း ဆိုးနေဦးမှာပဲလေ”

“ဒီလိုဆိုရင် ပြည်ထောင်စုရဲ့ လူဦးရေထက်ဝက်ရှိနေတဲ့ အမျိုးသမီးတွေ တိုင်းရေး ပြည်ရေးကိစ္စတွေမှာ ပါလာအောင် ဘယ်လိုလုပ်ရင် ရနိုင်မလဲဟင် ကိုတင်ဦး”

"မြိုင်တို့လို ခေတ်ပညာတတ်အမျိုးသမီးတွေကသာ တိုင်းရေးပြည်ရေးကိစ္စတွေမှာ တက်တက်ကြွကြွ ပါဝင်လာရင် ဒီပြင်အမျိုးသမီးကလေးတွေလည်း စိတ်အားတက်ကြွပြီး လိုက်လာကြလိမ့်မယ်လို့ မျှော်လင့်ရတာပဲ”

“သိပ်မလွယ်လှဘူးတော့ ထင်တယ် ကိုတင်ဦး"

“လွယ်တဲ့အလုပ်တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ကနေ့ပြည်ထောင်စုသမ္မတနိုင်ငံတော်မှာ အမျိုးသမီးတွေရဲ့ ဆုံးရှုံးနေရတဲ့ အခွင့်အရေးကို ဖော်ထုတ်ပြီး လှုပ်လှုပ်ရှားရှား ပေးနိုင်မယ်ဆိုရင် ကိုယ့်အကျိုးစီးပွားပါတဲ့အတွက် အမျိုးသမီးတိုင်းဟာ စိတ်ဝင်စားပြီး တဖြည်းဖြည်း ပါဝင်ကြမှာ အမှန်ပဲ”

“ဆုံးရှုံးနေတဲ့ အမျိုးသမီးတွေရဲ့ အခွင့်အရေးဆိုတာတွေဟာ ဘာတွေလဲဟင် ကိုတင်ဦး"

"မြိုင်လည်း အမျိုးသမီးတစ်ယောက်ဖြစ်ပြီး ဒါတွေ ဘာမှမသိဘူး”

“အရေးအကြီးဆုံးနဲ့ အဓိကအကျဆုံးကတော့ အမျိုးသမီးတွေရဲ့ စီးပွားရေး အခွင့်အရေး၊ ကနေ့ အမျိုးသမီးတိုင်း သီးခြားပြီး လွတ်လပ်တဲ့ စီးပွားရေးအခွင့်အရေး မရှိသေးဘူး။ အစစအရာရာ မောင်ဘွား လင်သားတွေကိုပဲ မှီခိုအားထားနေရတယ်။ အမျိုး သမီးတစ်ဦးရဲ့ဘဝကို ခွဲခြားပြီး လေ့လာကြည့်တဲ့အခါ လင်မရခင် အဖေ့ကို အားကိုးရတယ်။ လင်ရပြန်တော့လည်း လင်ကိုပဲ လုံးလုံးမှီခိုနေရတာပဲ မဟုတ်လား”

မြိုင်သည် ကိုတင်ဦးပြောပြ ရှင်းလင်းသွားသော စကားကို

အတော်ကလေး ကျေနပ်မိသည်။ သို့ရာတွင် ဘာမှပြန်မပြောတတ်သဖြင့် ပါးစပ်အဟောင်းသားနှင့် ငေးစိုက်၍ နားထောင်နေလိုက်သည်။

“ဒါကြောင့် ပြည်ထောင်စုသမ္မတနိုင်ငံတော်မှာ ရှိရှိသမျှ အမျိုးသမီးတွေဟာ ယောကျ်ားဆိုတဲ့ လူအထီးသတ္တဝါတွေအပေါ်မှာ မှီခိုအားထားနေရတဲ့ ဘဝက မလွတ် မြောက်သေးဘူးလို့ ဆိုရလိမ့်မယ်။ ဒီလို မလွတ်မြောက်တဲ့ဘဝက လွတ်မြောက်အောင် ရုန်းကန်ပေးဖို့ဟာကတော့ အမျိုးသမီးတိုင်းရဲ့ တာဝန်ပဲ ဖြစ်လိမ့်မယ်။ တခြား ဘယ်သူ့ ကိုမှ သွားအားကိုးလို့ဖြစ်တဲ့အလုပ်လည်း မဟုတ်ဘူး”

ဟု ပြောရင်း ကိုတင်ဦးသည် မီးသေသွားသော ဆေးပေါ့လိပ်တိုကို မီးညှိနေလေသည်။ မြိုင်သည် တိုင်းရေးပြည်ရေးအကြောင်းနှင့် အမျိုးသမီးများ၏ အခွင့်အရေး စသည်တို့ကို ယခင်က တစ်ကြိမ်မျှ မပြောဖူး၊ မကြားဖူးပေ။ ယခု ကိုတင်ဦးထံမှ ကြားရခြင်းသည် ပထမအကြိမ် ကြားရခြင်းဖြစ်လေသည်။ ဤသို့ ပထမအကြိမ် ကြားရခြင်း၌ မြိုင်သည် မိမိဘဝနှင့် ဟပ်မိနေ၍ များစွာလည်း စိတ်ဝင်စားမိခြင်း ဖြစ်ပုံရသည်။ သို့ရာတွင် ဤကဲ့သို့ လေးနက်သော အကြောင်းအရာများကို ယခင်က ပြောနေဆိုနေကျမဟုတ်သည့် အတိုင်း လေးလံထိုင်းမှိုင်းခြင်း ဖြစ်လာသည်။ ဤကဲ့သို့ လေးနက်သော အကြောင်းအရာများကို ပြောဆိုကြသော အလုပ်ကို ပြောင်းလွှဲ၍ စိတ်သက်သာသော အကြောင်း အရာများကို ပြောဆိုကြားနာချင်လာပေသည်။ ထို့ကြောင့်...

“ဩော် ... ဒီအိမ်ကိုမလာခင် ကလေး ကိုကိုလတ်နဲ့ မြိုင် တွေ့ ခဲ့ရသေးတဲ့အကြောင်း ကိုတင်ဦးကို ပြောပြဖို့ မေ့နေ လိုက်တာ”

ဟု အကြောင်းအရာအသစ်ကို ပြောင်းလွှဲ၍ ပြောဆိုလိုက်လေသည်။

“မြိုင် ခိုင်းလိုက်တဲ့ကိစ္စအတွက်နဲ့ သူတို့အိမ်သွားပြီးကတည်းက ကိုမောင်မောင်လတ်နဲ့ နောက်ထပ် တစ်ခါမှတောင် "

ကိုတင်ဦးက အစဖော်ပေးလိုက်သည့်အတွက် မြိုင်သည် အသစ်ပြန်ဖြစ်ကာ များစွာ အနေရ အထိုင်ရ ခက်သွားမိသည်။ ကိုတင်ဦးကိုလည်း မျက်နှာချင်းဆိုင်၍ မကြည့်ဝံ့အောင် ဖြစ်မိသည်။ မြိုင်၏အရိပ်အခြည်ကို ကောင်းစွာ အကဲဖမ်းလိုက်မိသော ကိုတင်ဦး သည် မြိုင် ပြောင်းလွှဲပြောဆိုလိုက်သော အကြောင်းအရာသစ်ကို

ထပ်မံပြောင်းလွဲပစ်ရန် နားလည်ပြီးဖြစ်သည့်အလျောက်...

"အရင်တစ်ခေါက် ကိုတင်ဦး ပေးလိုက်တဲ့ ရှောရဲ့ ပြဇာတ်ကို ဖတ်ပြီးသွားပြီလားဟင်၊ မြိုင်"

ဟု မေးလိုက်သည်။ မိမိ အနေရခက်၊ အထိုင်ရခက် နေခြင်းကို သက်သာချောင်ချိသွားစေရန် လိမ္မာပါးနပ်စွာ အကြောင်းအရာသစ်တစ်ခုကို ပြောင်းလဲပြောဆိုခြင်းပြုလိုက်သော ကိုတင်ဦး၏စကားကို ပြန်၍ ဖြေကြားပြောဆိုခြင်း မပြုနိုင်သေးဘဲ ခပ်ငိုင်ငိုင်ဖြစ်နေတုန်းဖြစ်သည်။

"အဲဒီပြဇာတ် ဖတ်ပြီးရင် မေဂျာဘာဘရာဆိုတဲ့ပြဇာတ်ကို ထပ်ပို့ပေးလိုက်ချင်သေးတယ်။ အခုလို ကမ္ဘာ့လက်နက်နိုင်ငံကြီးတွေ သူ့ထက်ငါ လက်နက်တွေ အပြိုင်အဆိုင် တိုးချဲ့တပ်ဆင်ပြီး အဏုမြူနဲ့ ဟိုက်ဒရိုဂျင်ဗုံးတွေ စမ်းသပ်ဖောက်ခွဲနေကြတဲ့အချိန်မျိုးမှာ ဒီပြဇာတ်ဟာ အင်မတန်ဖတ်ဖို့ကောင်းတဲ့ ပြဇာတ်ပဲ"

ကိုတင်ဦး ပြောသွားသမျှကို မျက်နှာလွှဲ၍ နားထောင်နေရာမှ မြိုင်သည် အားယူကာ ကိုတင်ဦး၏မျက်နှာကို မရဲတရဲနှင့် လှမ်း၍ ကြည့်လေသည်။ သို့ရာတွင် ပါးစပ်ကတော့ စေ့ထားသည်။

"အဲဒီပြဇာတ်ထဲက ကယ်တင်ခြင်းတပ်မတော်ရဲ့ ဗိုလ်မှူးဘာဘရာဆိုတဲ့ အမျိုးသမီးဟာလည်း မြိုင်တို့လို စိတ်ထားသဘောထားမျိုးနဲ့ ခပ်ဆင်ဆင်မို့ မြိုင် ဖတ်ကြည့် ရင် တော်တော်သဘောကျလိမ့်မယ် ထင်တယ်"

သတင်းစာအလုပ်သမားကတော့ ၎င်း၏ ပြောလက်စဖြစ်သော အကြောင်းအရာကိုသာလျှင် အမျှင်မပြတ် ပြောဆိုလျက်ရှိလေသည်။

မြိုင်သည် ကိုတင်ဦးပြောဆိုလျက်ရှိသော ဗိုလ်မှူး ဘာဘရာဆိုသည့် အမျိုးသမီး အကြောင်းကို စိတ်ဝင်စားခြင်းမရှိပေ။ မိမိက မစူးစမ်း မဆင်ခြင်ဘဲ မှာကြားခိုင်းစေလိုက်သောကိစ္စကို မိမိအား ပြောဆိုသင့်သော အကျိုးအကြောင်းကို ဘာမျှ ပြောဆိုခြင်းမရှိဘဲ မိမိ မှာကြားခိုင်းစေလိုက်သည့်အတိုင်း လုပ်ကိုင်ပေးခဲ့ပြီးနောက် ၎င်း၌ ဘာမျှမဖြစ်သလို နေထိုင်ပြောဆိုလျက်ရှိသော ထိုလူတစ်ယောက်ကိုသာ ငေးမော ကြည့်ရှုနေမိသည်။

မိမိပြောဆိုလျက်ရှိသော အကြောင်းအရာများကို စိတ်ပါဝင်စားခြင်း ရှိပုံမရသော မြိုင်၏ အမူအရာနှင့် အရိပ်အကဲကို ဖမ်းမိသော သတင်းစာအလုပ်သမားသည် နောက်ထပ် မည်သည့်အကြောင်းအရာကို ပြောဆိုရပါမည့်အရေးကိုကား ရုတ်တရက် စဉ်းစား၍ ရပုံ မပေါ်သဖြင့် မီးသေနေသော ၎င်း၏ဆေးပေါ့လိပ်တိုကို ထပ်၍ မီးညှိနေလေသည်။ နောက်ထပ်၍ မိုလ်မှူး ဘာဘာရာအကြောင်းကို ဆက်လက်ပြောကြားခြင်းမပြုတော့ဘဲ ၎င်း၏ ဆေးပေါ့လိပ်တိုကလေးကိုသာ မီးညှိ၍ မီးခိုးများထအောင် ဖွာနေသောလူအား မြိုင်သည် ကရုဏာသက်သော မျက်လုံးများဖြင့် တစ်ချက်မျှ လှမ်း၍ ကြည့်လိုက်ပြီးနောက်…

"ကိုကိုလတ်ကိစ္စနဲ့ပတ်သက်ပြီး မြိုင် မစူးစမ်းဘဲ ခိုင်းလိုက်မိတဲ့အတွက် မြိုင် တောင်းပန်တာကို ခွင့်လွှတ်ပါတယ်နော် ကိုတင်ဦး"

ဟု မြိုင်က ၎င်းရင်ထဲ၌ တအုံနွေးနွေးနှင့် မပြေမလည်ဖြစ်နေသောကိစ္စကိုသာ ရုတ်တရက် ပြောဆိုလိုက်မိသည်။ ကိုတင်ဦးသည် မြိုင်၏မေးခွန်းကို သဘောကျသွားသကဲ့သို့ ပြုံးလိုက်လေသည်။

ထိုသို့ ပြုံးလိုက်သောအခါမှပင် ပေါ်လွင်၍ လာသော ကိုတင်ဦး၏ ဥပဓိရုပ်ကို မြိုင်သည် သတိထားလိုက်မိပေသည်။ ထိုဥပဓိရုပ်ရှင်သည် အပျိုဖော်ဝင်စပြုလာခဲ့သော အချိန်မှစ၍ ယခုထက်တိုင် အိပ်မက်မြင်မက်လျက်ရှိနေခဲ့ရသော မြိုင်၏ သူရဲကောင်းဖြစ်လေသည်တကား။

မြိုင်၌ အရေးတကြီးဖြစ်နေသော ကိစ္စကို သတင်းစာအလုပ်သမားသည် များစွာ အရေးထားလောက်စရာနှင့် ပမာဏထားလောက်စရာ ကိစ္စတစ်ခုမဟုတ်လှသကဲ့သို့ ဆေးပေါ့လိပ်တိုကိုသာ ခပ်အေးအေး ဖွာလျက်ရှိသည်။

မိမိ၏ မေးခွန်းကို ဖြေကြားခြင်းမပြုဘဲ ဆေးလိပ်ကိုသာ ခပ်အေးအေး ဖွာနေသောလူအား မြိုင်သည် တစ်ချက်လှမ်းကြည့်လိုက်ပြီးနောက်…

"မြိုင် တောင်းပန်တဲ့ကိစ္စကိုတော့ ခွင့်လွှတ်မယ်မဟုတ်လားဟင် ကိုတင်ဦး"

ဟု ထပ်၍ မေးလိုက်မိပြန်သည်။

"မြိုင်က ဘယ်လိုအောက်မေ့နေလို့ ဒီကိစ္စကိုချည့် ထပ်ထပ်မေးနေရတာများလဲ ဟင်"

ဟု ကိုတင်ဦးက မြိုင်၏မေးခွန်းကို တိုက်ရိုက်ဖြေခြင်းမပြုသေးဘဲ မေးခွန်းတစ်ခု ကိုသာလျှင် ထပ်၍ မေးလိုက်လေသည်။

မြိုင်သည် ရုတ်တရက် ဘာပြန်ပြောရမည်ကို စကားအစ ရှာမရသလို ဖြစ်သွားလေသည်။ ထို့ကြောင့် ကိုတင်ဦးအား ပါးစပ်အဟောင်းသားနှင့် ငေးစိုက်၍ ကြည့်နေမိသည်။

"ဒီကိစ္စအတွက် ကိုတင်ဦး ဘယ်လိုမှ မအောက်မေ့ပါဘူး မြိုင်။ ဒီကိစ္စအတွက်နဲ့ မြိုင် စိတ်မကောင်းဖြစ်နေတာကို ခုလိုသိရတဲ့အတွက်တောင် ကိုတင်ဦးက စိတ်မကောင်း ပါဘူး"

မြိုင်၏မျက်နှာသည် အနည်းငယ် လန်းဆန်းရွှင်ပျ၍ လာလေသည်။

"ဒီကိစ္စအတွက် မြိုင် တော်တော်ကြီးကို စိတ်မကောင်းဖြစ်ခဲ့ရတယ်။ ကိုတင်ဦးကို စာနဲ့ရေးပြီး တောင်းပန်ရုံနဲ့ မလုံလောက်ဘူးထင်လို့ လူကိုယ်တိုင် တောင်းပန်ဖို့ စိတ်ကူးခဲ့တာလည်း ကြာပါပြီ။ ကနေ့မှ အခန့်သင့်လို့ ထပ်တောင်းပန်ရဟာပါပဲ"

"တောင်းပန်ဖို့အထိတော့ လိုတယ်လို့မထင်ပါဘူး။ မသိလို့ဖြစ်သွားရတဲ့ကိစ္စပဲ မဟုတ်လား"

"မသိတာက ဆိုးဆိုးဝါးဝါးကြီး မသိတဲ့ကိစ္စကိုး ကိုတင်ဦးရဲ့"

"ဒီကိစ္စ ဒီကပဲ ပြီးလိုက်ကြပါစို့ မြိုင်။ နောက်ထပ် ဘာမှလည်း စိတ်မကောင်းတော့ ဖြစ်မနေစေချင်ဘူး။ ခါတိုင်း ကိုတင်ဦးဆီကို မကြာခဏ လာနေကျဖြစ်တဲ့ ကိုမောင်မောင်လတ်တစ်ယောက်တောင် ဒီကိစ္စအတွက်ကြောင့်လား သို့မဟုတ်ပဲ အခြား အလုပ်တွေ များနေလို့လားတော့ မသိဘူး။ ကိုတင်ဦးဆီကို ပေါ်မလာတာ တော်တော်ကို ကြာသွားပြီ"

"ကိုကိုလတ်ကလည်း မြိုင့်ကို ဒီကိစ္စအတွက်နဲ့ တော်တော်ကလေး အပြစ်တင်သေးတယ်"

"ဒါတွေ ထားလိုက်ကြပါစို့ မြိုင်"

"ကိုတင်ဦးကသာ ခွင့်လွှတ်ရင် မြိုင် ဝမ်းသာလှပါပြီလေ"

"မြိုင့်ကို ဘာအတွက်မဆို ကိုတင်ဦး ခွင့်လွှတ်နိုင်တယ်ဆိုတာကို နှလုံးသွင်းထားစေချင်တယ်။ ဒီစကားကိုလည်း ကိုတင်ဦး ပါးစပ်ဖျားက ပြောနေတာတော့ မဟုတ်ပါဘူး"

မြိုင်သည် ကိုတင်ဦးအား ကျေနပ်ပြုံးရွှင်စွာ ကြည့်နေသည်။

ကိုတင်ဦးသည် နောက်ထပ်၍ ပြောစရာကျန်နေသေးသော စကားကို ရုတ်တရက် ပြော၍ မဖြစ်သကဲ့သို့ ၎င်း၏လက်တွင်းမှ ဆေးပေ့ါလိပ်အတိုကို မြက်ခင်းပေါ်သို့ ပစ်ချ လိုက်ပြီးနောက် အပေါ်အင်္ကျီအိတ်ကပ်အတွင်းမှ ဆေးပေ့ါလိပ်အသစ်တစ်လိပ်ကို ထုတ်ယူကာ မီးညှိလိုက်ပြီးလျှင် မီးခိုးများ တထောင်းထောင်းထလာအောင် ဖွာလေသည်။ အပျိုဖော်ဝင်စ၏ ညဦးမှစ၍ ယခုထက်တိုင် အိပ်မက်ထဲ၌သာ ရှာဖွေနေခဲ့ရသော မိမိ၏သူရဲကောင်းကို မြိုင်သည် ရွှန်းရွှန်းစားစားကြည့်လျက်ရှိပေသည်။

ကိုတင်ဦးသည် ဆေးပေ့ါလိပ်ကို စိတ်ကျေနပ်လောက်အောင် ဖွာပြီးသွားသောအခါ ၎င်းအား ရွှန်းရွှန်းစားစား ကြည့်နေသော ဆန့်ကျင်ဘက်လိင်သတ္တဝါအား အတန်ကြာမျှ စူးစိုက်၍ ကြည့်ရှုလိုက်ပြီးနောက်...

"မြိုင့်ဆီက ကိုတင်ဦး တောင်းချင်တဲ့ပစ္စည်း တစ်ခု ရှိနေတယ်။ အဲဒီပစ္စည်းကို တောင်းလိုက်ရင် မြိုင် အံ့ဩသွားမလားတော့ မပြော တတ်သေးဘူး"

ဟု ခပ်ဖြည်းဖြည်း ခပ်လေးလေး ပြောဆိုလေသည်။

"ဘာပစ္စည်းမှန်း မသိရသေးဘဲနဲ့ မြိုင်က အံ့ဩသွားမယ်ဆိုတာ ကိုတင်ဦး ဘယ်လိုသိနေနှင့်သလဲဆိုတာကိုတော့ မြိုင် မစဉ်းစားတတ်တော့ဘူး"

"ကိုတင်ဦးတောင်းချင်တဲ့ပစ္စည်း ဆိုတာက အံ့ဩစရာကောင်းနေတဲ့

ပစ္စည်းမျိုး ဖြစ်နေလို့ပါ”

“ကိုတင်ဦးလိုချင်တဲ့ပစ္စည်းကိုသာ ပြောပြစမ်းပါဦး"

“မြိုင်ရဲ့ မေတ္တာကို တောင်းခံချင်တယ်၊ မြိုင် အံ့သြသွားပလားဟင်”

မြိုင်သည် ရုတ်တရက် အဖြေပြန်၍ မပေးနိုင်သေးဘဲ အတန်ကြာမျှ ငိုင်နေမိလေသည်။ ဤကဲ့သို့သော တောင်းခံချက်ကို မြိုင်သည် ကိုတင်ဦးထံမှ လုံးဝ မမျှော်လင့်၍ တော့ကား မဟုတ်ပေ။ သို့ရာတွင် ယခုလောက်မြန်မြန်ဆန်ဆန်ကြီး မမျှော်လင့်သေး၍သာလျှင် ဖြစ်လေသည်။

“အံ့သြနေသလား မြိုင်”

ဟု ကိုတင်ဦးက ဖြည်းညင်းစွာ မေးလိုက်သည်။

မြိုင်သည် ကိုတင်ဦးအား တစ်ချက်မျှ မျက်လွှာပင့်၍ ကြည့်လိုက်ပြီးနောက် ဦးခေါင်းကို ငုံ့ထားလိုက်သည်။ ကိုတင်ဦးအား ပြန်ကြားနိုင်ရန်အတွက် အဖြေကိုလည်း ရှာဖွေစဉ်းစားလျက်ရှိသည်။

ကိုတင်ဦးသည် မြိုင့်အား အတန်ကြာမျှ အကဲခတ်သလိုကြည့်ရှုနေပြီးမှ…

"မြိုင့်ဆီက အဖြေကိုလည်း ခုချက်ချင်း ကိုတင်ဦး မမျှော်လင့်သေးပါဘူး မြိုင်။ ဒီကိစ္စဟာ ကိုတင်ဦးဘက်က စဉ်းစားထားပြီးသားကိစ္စဖြစ်ပေမဲ့ မြိုင့်အတွက် ခုမှပဲ စဉ်းစားရဦးမယ့် ကိစ္စဖြစ်နေလို့ မြိုင် ကြိုက်သလောက် အချိန်ယူပြီး စဉ်းစားတာပေါ့။ စဉ်းစားဖို့လည်း လိုတယ်။ စဉ်းစားဖို့လည်း တိုက်တွန်းချင်တယ်”

ဟု ခပ်ဖြည်းဖြည်း ခပ်လေးလေး ပြော ဆိုလိုက်သည်။

မြိုင်သည် လောလောဆယ်အတွက် ကိုတင်ဦးအား ပေးအပ်ရန်ရှိသော အဖြေကို စဉ်းစားလျက်ရှိရာမှ ကိုတင်ဦးအား တစ်ချက်မျှ လှမ်း၍ ကြည့်လိုက်ပြီးနောက် ခေါင်းငုံ့ မြဲ ငုံ့နေလိုက်သည်။

“ရင်ထဲ အသည်းထဲက ဖြစ်လာတဲ့ မေတ္တာဆိုတဲ့ကိစ္စနဲ့ ပတ်သက်ပြီး တစ်ဆက်တည်းမစဉ်းစားလို့မဖြစ်တဲ့ အိမ်ထောင်ရေးကိစ္စတို့၊

ရှေ့ရေးနောက်ရေးကိစ္စတို့ ဆိုတာ တွေလည်းရှိနေသေးတော့ မြိုင် ကြိုက်သလောက် အချိန်ယူပြီး စဉ်းစားနိုင်ပါတယ်။ စဉ်းစားပြီးတဲ့အချိန်ကျတော့မှပဲ ကိုတင်ဦးကို အကြောင်းပြန်တာပေါ့ ဟုတ်လား မြိုင်။ ကိုင်း- ကိုတင်ဦး လုပ်စရာရှိသေးတဲ့ အလုပ်ကလေးတွေကို သွားလုပ်ဖို့ ခွင့်ပေးပါဦး”

ဟု ပြောပြောဆိုဆိုနှင့် ကိုတင်ဦးသည် အိမ်ကြီးဘက်ဆီသို့ လှည့်ထွက်သွားမည်အလုပ်…

“ခဏ ကလေးလောက် နေပါဦး ကိုတင်ဦး၊ လောလောဆယ် မြိုင် ပြောပြထားချင်တာကလေးတွေ ရှိနေသေးလို့"

ဟု မြိုင်က ပြောလိုက်သဖြင့် အိမ်ကြီးဘက်သို့ လှည့်ပြန်ရန် ပြင် ထားသော သတင်းစာသမား၏ ခြေလှမ်းသည် ရပ်တန့်သွားလေသည်။

“ပြောစရာရှိတာ ပြောနိုင်ပါတယ် မြိုင်”

“မြိုင်နဲ့ ကိုသက်တင်တို့ကိစ္စကိုတော့ ကိုတင်ဦး သိပြီးပလား မပြောတတ်ဘူး”

“လူကြီးတွေသဘောနဲ့ စေ့စပ်ထားတာတော့ ကိုတင်ဦး ကြားဖူးပါတယ်။ ဒါပေမဲ့ လူငယ်ချင်း မေတ္တာမျှကြတယ်ဆိုတာကတော့ လူကြီးတွေရဲ့ အသည်းနှလုံးနဲ့ မျှလို့ရတဲ့ ကိစ္စမှ မဟုတ်ဘဲ မြိုင်”

“ကိုတင်ဦးပြောတာ မှန်ပါတယ်။ မြိုင်နဲ့ ကိုသက်တင်တို့ကိစ္စကတော့ လူကြီးတွေရဲ့ သဘောသက်သက်နဲ့ လုပ်ထားတဲ့ကိစ္စပါပဲ"

“အခုခေတ်ဟာ လူငယ်တွေရဲ့ အသည်းနှလုံးကို လူကြီးမိဘတွေက အတင်း အဓမ္မ ဓားပြတိုက်ယူလို့ ရနိုင်တဲ့ခေတ်လည်း မဟုတ်တော့ပါဘူး မြိုင်။ အဲဒီခေတ်ဟာ ကျန်ရစ်ခဲ့ပါပြီ”

“ဒီကိစ္စကို ကိုတင်ဦး သိထားရင်လည်း ပြီးတာပါပဲလေ”

“ဒါပဲမဟုတ်လား မြိုင်”

မြိုင်သည် ကိုတင်ဦးအား ရွှန်းရွှန်းစားစားကြည့်ရင်း ခေါင်းကိုသာ

ညိတ်ပြလိုက်လေသည်။

အခန်း[၁၃]

(က)

လဲ့လဲ့တို့အိမ်သို့ အလည်သွားရင်း မထင်မှတ်ဘဲနှင့် ကိုတင်ဦးအား တွေ့ဆုံရကာ ရုတ်တရက် မမျှော်လင့်သေးသော စကားကို ကြားနာခဲ့ရပြီးနောက် လေးနာရီထိုး သည်အထိ အိမ်သို့ ပြန်၍ မရောက်နိုင်ကြသေးသော လဲ့လဲ့တို့သားအမိကို နောက်ထပ် စောင့်မနေတော့ဘဲ မြိုင်သည် လာကြိုသောကားနှင့် အိမ်သို့ ပြန်လာခဲ့လေသည်။ အိမ် သို့ပြန်ရောက်သောအခါ...

"ဟဲ့ ... မြိုင်၊ ညည်းက ဘယ်က ပြန်လာတာလဲဟင်"

ဟု အိမ် အဝင်ဝ၌ ဆီး၍ မေးလိုက်သော ဒေါ်လေး ဒေါ်စောခင်၏ မေးခွန်းကိုပင် မဖြေနိုင်ဘဲ မြိုင်သည် ၎င်း၏အခန်းအတွင်းသို့သာ ခပ်ကုတ်ကုတ် ဝင်လာခဲ့လေသည်။ အခန်းအတွင်းသို့ ရောက်သောအခါ မြိုင်သည် အဝတ်အစားများပင် မလဲနိုင်ဘဲ အိပ်ရာထက်တွင် ကိုယ်ကိုပစ်လှဲကာ မောနေလေသည်။

မထင်မှတ်ဘဲနှင့် ကိုတင်ဦးအား တွေ့ဆုံစကားပြောခဲ့ရသည့်အတွက် မြိုင်သည် ကျေနပ်လျက်ရှိသည်။ သို့ရာတွင် မောင်မောင်လတ်နှင့် မေမေခင်တို့ ကိစ္စအပြင် အခြား ကိစ္စအသစ်တစ်ခုကိုပါ ကိုတင်ဦးက ပြောဆိုလိုက်သောအခါ မြိုင်သည် မစဉ်းစားဘဲ မရအောင် ဖြစ်လာသည်။ သတင်းစာတိုက်မှ အလုပ်သမား၏ ပွင့်ပွင့်လင်းလင်း တောင်းခံလိုက်သော မေတ္တာကို မြိုင်သည် အဘယ်သို့ သဘောထား၍ အဘယ်သို့ ပြန်ကြားခြင်း ပြုရပါမည်နည်း။

ညစာစားသောက်ရန်အတွက် မယ်အေးက မြိုင်၏အခန်းအတွင်းသို့ ဝင်လာ၍ ပြောဆိုသောအခါ မြိုင်သည် ယနေ့ညစာ မစားချင်တော့ဟု ပြောဆိုလွှတ်လိုက်သည်။

ရင်ထဲ၌ မလှုပ်ရှားစဖူး လှုပ်ရှားလျက်ရှိသောကြောင့် မြိုင်သည် ထမင်းကိုလည်း စားချင်သောစိတ် မရှိပေ။

မြိုင်သည် ကိုတင်ဦးကိုသာလျှင် မျက်စိထဲ၌ မြင်ယောင်လျက် ၎င်းပြောဆိုသွားခဲ့သော စကားကလေးများကိုသာလျှင် နားထဲ၌

ကြားယောင်လျက်ရှိလေသည်။ မြိုင်သည် အခြားမည်သည့်အကြောင်းအရာကိုမျှပင် သတိမရတော့ပေ။

ည ၈ နာရီလောက်တွင် ဗိုက်ထဲ၌ အစာမရှိ၍ လေခံသလိုဖြစ်လာသောကြောင့် မြိုင်သည် မိမိအခန်းအတွင်းမှထွက်၍ အိမ်အောက်ထပ်သို့ ဆင်းလာခဲ့လေသည်။ မိမိ ကိစ္စအတွက် အခြားသူများအား အလုပ်မပေးလိုသဖြင့် မြိုင်သည် ထမင်းစားခန်းသို့ ဝင်လာခဲ့ပြီးနောက် ကြောင်အိမ်ကိုဖွင့်ကာ အခန့်သင့်ထားရှိသော ရေနွေးဓာတ်ဘူးကို ထုတ်ယူပြီးလျှင် ဟောလစ်တစ်ခွက် ဖျော်လေသည်။ ဟောလစ် ဖျော်ပြီးသောအခါ ပေါင်မုန့် တစ်ချပ်ကို ဓားနှင့်လှီး၍ ထောပတ်ခပ်ထူထူကလေး သုတ်လေသည်။

ထမင်းစားခန်းစားပွဲတွင် မြိုင်သည် တစ်ယောက်တည်း ဟောလစ်သောက်ရင်း မုန့်စားလျက်ရှိစဉ် ဒေါ်လေး ဒေါ်စောခင်သည် ကိစ္စတစ်ခုအတွက် ထမင်းစားခန်းအတွင်း သို့ ဝင်လာရာ မြိုင်ကို တွေ့နေသဖြင့် ရုတ်တရက်သော် အံ့ဩသွားလေသည်။

"ဟဲ့ မြိုင်၊ ညည်း ဘာလုပ်နေတာလဲ"

ဟု ဒေါ်စောခင်က မျက်စိမှုန်မှုန်မွှားမွှားနှင့် လှမ်း၍ ကြည့်ရင်း မြိုင့်အား မေးလိုက်သည်။

"ခုမှ ဝမ်းထဲက ဆာလာလို့ ဟောလစ်သောက်နေတာပါ ဒေါ်လေးရဲ့"

မြိုင်က ဒါလောက်ပဲ ပြန်ပြောကာ ဟောလစ်သောက်မြဲ သောက်နေသည်။

ဒေါ်လေး ဒေါ်စောခင်သည် ငှင်းမီးဖိုချောင်အတွင်းသို့ ဝင်လာသောကိစ္စကို ရုတ်တရက် မေ့လျော့သွားသည့်ပမာ ခပ်ကြောင်ကြောင် ရပ်နေပြီးမှ မြိုင် ဟောလစ်သောက်နေသော ထမင်းစားပွဲသို့ ခပ်ဖြည်းဖြည်း လျှောက်လာပြီးလျှင် မြိုင့်အနီးတွင်ရှိသော ကုလားထိုင်တစ်လုံးတွင် ဝင်၍ ထိုင်လိုက်သည်။

"ဖေဖေကော အိပ်နေပြီလား ဒေါ်လေး"

မြိုင်က ယနေ့တစ်နေ့လုံး လူချင်းမတွေ့ ရသေးသော

ငှင်းဖခင်၏အကြောင်းကို မေးလိုက်မိသည်။

"အစ်ကိုကြီး ကနေ့ တော်တော်ကလေး အနေရဆိုးတယ်။ နေ့ခင်းက မောင်သက်တင်တို့မေမေ လာတာတောင် အောက်ထပ်ဆင်းပြီး စကားမပြောနိုင်လို့ ဧည့်သည်က အပေါ်ထပ်တက်ပြီး စကားပြောသွားရသေးတယ်"

"နေ့ခင်းက ကိုသက်တင်တို့မေမေ လာသွားသေးတယ် ဟုတ်လား ဒေါ်လေး"

"အေး ... မြိုင့်ကိုမမြင်လို့တောင် မေးသေးတယ်" . .

"ကိုသက်တင်ကော ပါလာသေးသလား"

"ညည်း လုပ်လိုက်တာနဲ့ ဘယ်လာရဲပါ့မလဲ"

"ကိုသက်တင်နဲ့ မြိုင်နဲ့ဖြစ်တဲ့ကိစ္စကို သူတို့မေမေ သိများသွားပလား ဒေါ်လေး"

"မောင်သက်တင်ကတော့ ပြန်ပြောလိမ့်မယ် မထင်ပါဘူးကွယ်"

"ဒီ့ပြင် ဘာတွေများ ပြောသွားသေးသလဲ ဒေါ်လေး"

"ညည်းနဲ့ မောင်သက်တင်ကိစ္စအတွက် ခပ်မြန်မြန်ကလေး ပြီးချင်တဲ့အကြောင်း ပြန်ခါနီး ငါ့ကိုပြောသွားတယ်"

"ဖေဖေနဲ့ကော ဘာအကြောင်းတွေများ ပြောသံဆိုသံကြားမိသေးသလဲ ဟင် ဒေါ်လေး"

"ညည်းနဲ့ မောင်သက်တင်တို့ကိစ္စအကြောင်း ပြောကြသေးတယ်နဲ့တူတယ်"

"ဖေဖေက ဒေါ်လေးကို ပြောသလား"

"အေး... မောင်သက်တင်မေမေ ပြန်သွားပြီးတဲ့နောက် အစ်ကိုကြီးက ငါ့ကို ခေါ်ပြီး ညည်းနဲ့ မောင်သက်တို့ကိစ္စကို မေးတယ်"

"ဖေဖေက ဘာတွေများ မေးသလဲဟင် ဒေါ်လေး"

"ညည်းနဲ့ မောင်သက်တင်တို့ ရင်းရင်းနှီးနှီးနဲ့ ခင်ခင်မင်မင် ရှိနေကြပလားဆိုတဲ့ အကြောင်း မေးတယ် "

"ဒေါ်လေးက ဘယ်လိုပြန်ပြောလိုက်သလဲဟင် ဒေါ်လေး"

"ညည်းနဲ့ မောင်သက်တင်တို့ တကယ်ဖြစ်နေကြတဲ့ အခြေအနေအမှန်ကို ငါ့အနေ နဲ့ ဘယ်လောက်အပြောရခက်မလဲဆိုတာ ညည်းဘာသာညည်းပဲ စဉ်းစားကြည့်ပါဦး"

"ဒေါ်လေးက ဖေဖေ့ကို ဘာပြန်ပြောလိုက်သေးသလဲ ဟင် ဒေါ်လေး"

"သူတို့လူငယ်ချင်းတော့ ဝင်ထွက်သွားလာနေတာပဲလို့ ပြောလိုက်ရတာပေါ့"

"ဒီတော့ ဖေဖေက ဘာများပြောသေးသလဲ ဟင်"

"ညည်းဖေဖေကတော့ ညည်းတို့ကိစ္စကို အမြန်ဆုံး ပြီးချင်လှတဲ့အကြောင်း ပြောတာပေါ့"

မိမိက အနည်းငယ်မျှ မနှစ်သက်နိုင်သော လူတစ်ယောက်နှင့် အမြန်ဆုံး လက်ထပ် စေချင်နေသော ဖခင်လုပ်သူ၏ သဘောထားနှင့် ဆန္ဒကို ဒေါ်လေး ဒေါ်စောခင်ထံမှ သိရှိရသောအခါ မြိုင်သည် ငိုင်၍ သွားလေသည်။ ကာယကံရှင်ဖြစ်သော မိမိ၏ အလို ဆန္ဒမပါရှိဘဲ မိမိ၏ တစ်သက်ပန်ကိစ္စကြီးတစ်ခုကို အတင်းအဓမ္မ စီမံချင်ပုံရလျက်ရှိသော ဖခင်လုပ်သူအပေါ်၌လည်း မြိုင်သည် မကျေနပ်သလိုဖြစ်မိသည်။ ထို့ကြောင့် မြိုင်သည် လက်ဖက်ရည်ပန်းကန်ထဲ၌ ကျန်၍ နေသေးသော ဟောလစ်တစ်ဝက်ခန့်ကိုပင် ကုန်အောင်မသောက်တော့ဘဲ ထမင်းစားခန်းထဲမှ ရုတ်တရက်ထ၍ ထွက်လာခဲ့လေသည်။ မိမိအခန်းအတွင်းသို့ ရောက်ရှိသောအခါ ယခင် ဘယ်တုန်းကမျှ မပိတ်ခဲ့ဖူးသော တံခါးမကြီးကို ဆွဲပိတ်လိုက်ပြီးနောက် ခုတင်ပေါ်သို့ မိမိကိုယ်ကို ပစ်လှဲချလိုက်ပြီးလျှင် တရှုံ့ရှုံ့ ငိုနေမိလေသည်။

✤ ✤ ✤

မိမိဖခင် ပင်စင်ယူသွားခဲ့ပြီးသောအချိန်မှစ၍ ဤအိမ်ကြီးတွင် အပူအပင် အကြောင့်ကျ ကင်းမဲ့စွာ ပျော်ပျော်ရွှင်ရွှင် နေထိုင်လာခဲ့သော မြိုင်သည် ယခုအခါတွင် တစ်နေ့ တခြား အနေရ အထိုင်ရ ကျုံ့သည်ထက် ကျုံ့၍ လာလေသည်။ တစ်သက်လုံးက မိမိ၏ အနာဂတ်ရေးကိစ္စများကို ဘယ်တုန်းကမျှ လေးလေးနက်နက် စဉ်းစားခြင်းမပြုခဲ့ရဘဲ စိတ်ကူးယဉ်ကဗျာကလေးများကိုသာ ဖတ်နေခဲ့သော မြိုင်သည် မိမိ၏ အနာဂတ်အရေးကိုသာမက မိမိကံကြမ္မာကို မိမိသာလျှင် ဖန်တီးရတော့မည့်အကြောင်းများကို ယခုအခါတွင် လေးလေးနက်နက် မစဉ်းစား၍ မဖြစ်တော့လောက်အောင် အကြောင်းအမျိုးမျိုးနှင့် ရင်ဆိုင်လျက်ရှိနေရပေသည်။

မုဆိုးဖိုဘဝနှင့် မြိုင့်အား နမတစ်ဝမ်းကွဲတစ်ဦး၏ အကူအညီဖြင့် ထိန်းသိမ်းစောင့် ရှောက်လာခဲ့သော မြိုင်၏ဖခင်သည် ယခုအခါတွင် အချိန်တန် အရွယ်ရောက်နေပြီဖြစ်သော မြိုင့်အား သင့်လျော်သော ယောကျ်ားတစ်ဦးနှင့် အိမ်ထောင်ချပေးချင်လေပြီ။ ဤ အတွက် ဖခင်လုပ်သူအား အဆိုးဆို၍ မဖြစ်ပေ။ သူသည် မိဘတို့၏ ဝတ္တရားရှိသည့် အတိုင်း သူ၏ဝတ္တရားကို ဆောင်ရွက်ရန် ကြိုးပမ်းခြင်း၏ အမှုမျှသာဖြစ်သည်။ သို့ရာတွင် မြိုင်၏ ဖခင်လုပ်သူအပေါ် မကျေနပ်ချက်မှာ သူ၏ဝတ္တရားကို ဆောင်ရွက်ရန် ကြိုးပမ်းသော အမှုအတွက်မဟုတ်ဘဲ မိမိက လင်သားအဖြစ်ဖြင့် လက်မခံနိုင်သေးသော လူတစ်ယောက်နှင့် နေရာချရန် အရေးတကြီးပြုလုပ်နေသော ကိစ္စကြောင့်သာ ဖြစ်လေသည်။ အကယ်၍ ကိုဇော်ဝင်းသည် ဘိလပ်မှ သားမယား မယူလာခဲ့လျှင် မိမိဖခင်သည် မိမိအား ဤမျှ အရေးတကြီး အိမ်ထောင်ချပေးရန် ပြုလုပ်လိမ့်မည်မဟုတ်သည့် အကြောင်းကို စဉ်းစားမိပြန်သောအခါ၌ မြိုင်သည် အစ်ကိုလုပ်သူအပေါ်၌ မကျေမနပ် ဖြစ်သောစိတ်များ ပေါ်ပေါက်လာပြန်လေသည်။ အစ်ကိုလုပ်သူကို မကျေနပ်သောအခါ အစ်ကို၏ မယားလုပ်သူသည်လည်း တစ်နွယ်ငင် တစ်စင်ပါ၍ လာလေသည်။ မြိုင် မကျေမနပ်ဖြစ်နေသူများမှာ ဤသုံးဦးမျှသာမဟုတ်သေးဘဲ ဒေါ်လေး ဒေါ်စောခင် ပါ၍ လာရခြင်းမှာ အခြားကြောင့်တော့ကား မဟုတ်ဘဲ ကိုသက်တင်နှင့် အိမ်ထောင်ပြုရန် မကြာခဏ နားချသောကြောင့် ဖြစ်ပေသည်။

တစ်သက်လုံးက မပူမပင် မကြောင့်မကြဘဲ နေထိုင်လာခဲ့ရသော မြိုင်သည် ယခု အခါတွင် ကိုယ်ရေးကြုံလာပြီဖြစ်ရကား ပူပင်ရလေပြီ၊

ကြောင့်ကြရလေပြီ။ ယခင်က ပျော်မွေ့ ချမ်းမြေ့ခြင်းရှိခဲ့သော ဤရွှေတောင်ကြားမှ အိမ်ကြီးသည် ယခုအခါတွင် မြိုင့် အဖို့ တစ်နေ့တခြား အကျဉ်းထောင်ကြီးနှင့် တူမှန်းမသိ တူ၍ လာလေသည်။ မိမိဖခင်ကြီးနှင့်တကွ အစ်ကိုရော၊ ဒေါ်လေးလုပ်သူတို့ပါ ယခုအခါတွင် မြိုင့်အဖို့ ဆွေမျိုးရင်းချာများ မဟုတ်ကြတော့ဘဲ ရန်သူ့လက်သို့ ဝကွက်၍ အပ်ရန်ကြိုးပမ်းနေကြသော ရန်သူ့ ဘက်သားများ ဖြစ်မှန်းမသိ ဖြစ်နေကြလေပြီ။

လဲ့လဲ့တို့ခြံထဲ၌ ကိုတင်ဦးနှင့် တွေ့ဆုံခဲ့ပြီးနောက် တစ်လသာသာခန့်မျှ မြိုင်သည် အိမ်ထဲမှ အိမ်အပြင်သို့ပင် မထွက်ဘဲ မိမိအခန်းထဲတွင်သာ ပုန်းအောင်းကာ ကုတ်နေခဲ့သည်။ ဤ တစ်လသာသာခန့်အတွင်း တစ်အိမ်တည်းတွင် အတူနေကြသော ဖခင်လုပ် သူကိုလည်းကောင်း၊ အစ်ကိုနှင့် ယောက်မလုပ်သူတို့ကိုလည်းကောင်း လူချင်း၊ မျက်နှာ ချင်း မဆိုင်ရအောင် မြိုင်သည် တမင်တကာ ရှောင်ကွင်းနေထိုင်ခဲ့လေသည်။ သို့ရာတွင် ဒေါ်လေး ဒေါ်စောခင်တစ်ယောက်ကိုကား မြိုင်သည် ရှောင်ကွင်း၍ ပြေးမလွတ်ပေ။ မြိုင်၏အခန်းအတွင်းသို့ အချိန်မရွေး ဝင်လာတတ်ပြီးနောက် ၎င်း ပြောဆိုစရာရှိသော စကားကို ပြောဆို၍ ပြန်ထွက်သွားလေ့ရှိသည်။ သို့ရာတွင် သုံးလေးရက်လောက်က ဒေါ်လေး ဒေါ်စောခင်နှင့် မြိုင်တို့သည် တော်တော်ကလေး စိတ်မကောင်းစရာ ဖြစ်သွား ခဲ့ရလေသည်။

သူ၏ထုံးစံအတိုင်း ဒေါ်လေးဒေါ်စောခင်သည် မြိုင်၏အခန်းတွင်းသို့ ဝင်လာပြီးနောက် မြိုင့်အား ကိုသက်တင်နှင့် လက်ထပ်ရန်ကိစ္စကို နားချလေ သည်။ မကြာခဏ ဤစကားကိုချည့်သာ ထပ်ကာတလဲလဲ ကြားနေရသော မြိုင်သည် စိတ်လည်းညစ်၊ တိုလည်းတို၍ လာမိလေသည်။

“ဒီအကြောင်းကို မြိုင့်ကို ခဏခဏပြောမနေစမ်းပါနဲ့ ဒေါ်လေးရယ်။ မြိုင် စိတ် ညစ်လွန်းလို့ပါ”

ဟု မြိုင်က ပြန်ပြောလိုက်မိသည်။

“ဒေါ်လေးမပြောရင် မဖြစ်လို့ ပြောနေရတာပေါ့မြိုင်ရယ်။ ဒေါ်လေးစကားကို နားထောင်စမ်းပါဦး”

“တခြားအကြောင်း ဒေါ်လေးဘာပြောပြော မြိုင်

နားထောင်နိုင်ပါတယ်။ ဒီ ကိုသက်တင်အကြောင်းနဲ့ ပတ်သက်ပြီးတော့သာ မြိုင် ဘာမှ မကြားပါရစေနဲ့တော့”

“ဒီကိစ္စကို ဒေါ်လေး မပြောမဖြစ်လို့ ပြောနေရတာပေါ့ မြိုင်ရယ်။ ဒေါ်လေး စကားကိုသာ နားထောင်စမ်းပါဦး”

“တော်စမ်းပါတော့ ဒေါ်လေး”

“ညည်း ကလေးမဟုတ်တော့ဘူးနော် မြိုင်။ ညည်း တစ်သက်လုံးကိစ္စကို ညည်း ဒီလိုလုပ်နေလို့ ဖြစ်မလား”

“ဒေါ်လေးတို့အားလုံးက မြိုင့်ကို ဒီအိမ်ကြီးပေါ်က နှင်ချနေချင်ကြပြီမဟုတ်လား”

“ညည်း ဘာတွေလျှောက်ပြောနေတာလဲဟင် မြိုင်”

“ဒီအိမ်ကြီးပေါ်က နှင်ချချင်ကြလို့သာ မြိုင့်ကို ဒါလောက် လင်ပေးစားချင်နေကြ တာပဲ မဟုတ်လား”

“ညည်း တွေ့ကရာတွေ လျှောက်ပြောမနေစမ်းပါနဲ့ မြိုင်ရယ်။ ငါ့မှာလည်း ညည်း အတွက်နဲ့ ဝန်ထုပ်ကြီးတစ်ခုလို ရွက်ထားရလို့ပါ”

“ဒေါ်လေး မနိုင်တဲ့ဝန်ထုပ်ကို ဘာပြုလို့ အလေးခံပြီး ရွက်နေရတာလဲ၊ ပစ်ချ လိုက်ပါလား”

ဒေါ်လေးဒေါ်စောခင်၏မျက်နှာတစ်ခုလုံးသည် ညိုမည်း၍ သွားလေသည်။ တစ်သက်လုံးက ထိန်းသိမ်းစောင့်ရှောက်လာခဲ့ရသော တူမ လုပ်သူက မိမိအား ဤမျှ နင့်နင့် သီးသီး ပြန်မပြောစဖူး အပြောခံလိုက်ရသည့်အတွက် ဝမ်းလည်းနည်း၊ ဒေါသလည်း ထွက်လာဟန်ရှိသည်။

“ညည်းက ငါ့ကို ဒီလိုပြန်မပြောစမ်းပါနဲ့ မြိုင်ရယ်။ ငါ ရင်ထဲက နာလွန်းလို့ ပါ"

“မြိုင် လက်မခံနိုင်တဲ့ကိစ္စကို ဒေါ်လေးကသာ မပြောရင် မြိုင်က ဒီလိုပြန်ပြောနေစရာ ဘာမှအကြောင်းမရှိပါဘူး”

"ငါ့မှာ ညည်းတို့သားအဖကြားမှာ သမီးကတစ်လှည့်၊ ဖအေကတစ်လှည့် အပြော ခံနေရတာပါပဲအေ။ ငါလည်း ဒီဝဋ်ကို ခပ်မြန်မြန်ကလေး ကျွတ်ချင်လှပါပြီ"

ဒေါ်လေး ဒေါ်စောခင်က ငိုသံပါနှင့် ပြောနေသည်ကို နားထောင်ရင်း မြိုင်သည် မိမိတို့သားအဖအကြား၌ ဝဋ်ကြွေးလို ခံနေရသော အဘွားကြီးအား သနားသလိုဖြစ်လာမိ သည်။

"တကယ်လို့ ညည်းအမေသာရှိရင် ငါ့မှာ ကြားထဲက စိတ်ပန်း၊ လူပင်ပန်းဖြစ်နေစရာအကြောင်း ဘာမှမရှိပါဘူး"

"ဒေါ်လေးကသာ ဒီအကြောင်း မပြောရင် မြိုင်ကလည်း ဒေါ်လေးကို နောက် ဘယ်တော့မှ ဒီလိုပြန်မပြောတော့ပါဘူး ဒေါ်လေးရယ်"

ဟု မြိုင်က ဒေါ်လေးစိတ်ချမ်းသာ သွားအောင် ခွင်းချက်တစ်ခုနှင့် တောင်းပန်လိုက်လေသည်။

"ညည်းက ဒီအကြောင်းမပြောပါနဲ့လို့ဆိုပေမဲ့ ငါ့မှာ မပြောရင် မပြီးတဲ့တာဝန်တွေ ရှိနေလို့ ပြောနေရတာပေါ့ကွယ်။ ငါလည်း ငယ်ရာက ကြီးလာခဲ့ရတာပဲ။ ကိုယ်ချင်း မစာတတ်လို့တော့ မဟုတ်ပါဘူး"

မြိုင်သည် ငြိမ်သက်စွာ နားထောင်၍ နေသည်။ ကိုယ်ချင်းမစာတတ်လို့ မဟုတ်ပါ ဘူးဆိုသော ဒေါ်လေး ဒေါ်စောခင်ကိုလည်း သနားနေမိသည်။

"ညည်းအဖေက ညည်းကိစ္စနဲ့ပတ်သက်ပြီး ဒေါ်လေးကို နေ့ရှိသရွေ့ ပြောပြော နေတာကို ညည်းမသိဘူး မြိုင်။ ညည်းအဖေသာ မဟုတ်သေးဘူး။ မောင်သက်တင်တို့ မေမေကလည်း တစ်နေ့ကပဲ သူတို့အိမ်ကကားနဲ့ အခေါ်လွှတ်ပြီး ပြောလိုက်သေးတယ်" ဒါလောက်ပဲ ပြောဆိုခဲ့ပြီးနောက် ဒေါ်လေး ဒေါ်စောခင်သည် မြိုင်၏အခန်းထဲမှ ပြန်၍ ထွက်သွားလေသည်။ ဒေါ်လေးဒေါ်စောခင် ပြန်၍ ထွက်သွားသောအခါ မြိုင်သည် တစ်ယောက်တည်း စဉ်းစားရင်း ကျန်ရစ်ခဲ့သည်။

ထိုနေ့က ဒေါ်လေး ဒေါ်စောခင်သည် မြိုင်၏ဖခင်အား ဘာသွားပြောသည်တော့ မသိ၊ ည ၇ နာရီခန့်လောက်တွင်

မြိုင်၏အခန်းတွင်းသို့ မယ်အေး ဝင်လာပြီးလျှင် ၎င်း ၏ဖခင်က သူ၏အခန်းသို့ လာရောက်ခြင်းပြုရန် မှာကြားကြောင်း ပြောဆိုပြီးနောက် ပြန်ထွက်သွားလေသည်။ မယ်အေး ပြန်ထွက်၍ သွားပြီးနောက် မြိုင်သည် အတန်ကြာမျှ ငိုင်နေမိသည်။ နောက်ဆုံး၌ မြိုင်သည် ရင်မဆိုင်လျှင် မဖြစ်သော ကိစ္စကို ရင်ဆိုင်ရန် အတွက် မိမိအခန်းတွင်းမှ ထွက်လာခဲ့လေသည်။

ဖခင်လုပ်သူ၏ အခန်းအတွင်းသို့ ရောက်သောအခါ ခုတင်ထက်တွင် သက္ကလတ် စောင်တစ်ထည် လွှမ်းကာ ခပ်ခွေခွေကလေး လှဲနေသော ဖခင်ကြီးနှင့်အတူ ခုတင်ခြေရင်းဘက်တွင်ထိုင်ကာ ဖခင်လုပ်သူ၏ ခြေသလုံးကို နှိပ်နယ်ပေးနေသော ဒေါ်လေး ဒေါ်စောခင်ကိုပါ မြိုင်သည် တွေ့ရလေသည်။

"ကုလားထိုင်တစ်လုံးဆွဲပြီး ထိုင်စမ်းပါဦး သမီးရယ်"

ခုတင်ဘေးတွင် ခပ်ကြောင် ကြောင် ရပ်နေသော မြိုင်အား ဦးထွန်းမင်းက မတိုးမကျယ် ပြောဆိုလိုက်သည်။

မြိုင်သည် ကုလားထိုင်တစ်လုံးကို ဆွဲယူ၍ ခုတင်နှင့် မလှမ်းမကမ်းတွင် ထိုင်လေသည်။

"ဖေဖေ့အနား တိုးထိုင်စမ်းပါဦး သမီးရဲ့"

ဟု မြိုင်၏ဖခင်က ခပ်လှမ်းလှမ်း တွင် ထိုင်နေသော မြိုင့်အား အနီးသို့တိုး၍ ထိုင်ရန် ထပ်မံပြောဆိုလေသည်။ မြိုင်သည် ကုလားထိုင်ကို ရွှေ့၍ ထိုင်ရပြန်လေသည်။

ဦးထွန်းမင်းသည် သမီးလုပ်သူအား အတန်ကြာမျှ လှမ်း၍ ကြည့်ရှုနေပြီးနောက် သက်ပြင်းတစ်ချက်ချကာ ၎င်း၏ ခုတင်ခြေရင်းတွင်ထိုင်ကာ နှိပ်နယ်ပေးနေသော နှမ လုပ်သူအား တစ်ချက်မျှ ကြည့်လိုက်သည်။

"တော်တော့ စောခင်၊ နင် လုပ်စရာရှိတာသာ သွားလုပ်တော့လေ"

ဟု ဦးထွန်းမင်းက နှမလုပ်သူအား နှင်လိုက်သည်။

ဒေါ်စောခင်သည် အနိုပ်ကိုရပ်ကာ ခုတင်မှ ဆင်းလိုက်ပြီးနောက် အခန်းအတွင်းမှ ထွက်သွားလေသည်။

မြိုင်တို့သားအဖနှစ်ယောက်တည်းသာ အခန်းအတွင်း၌ ရှိလေသည်။

"သမီးမြိုင် ..."

ဟု ဦးထွန်းမင်းက ခေါ်လိုက်သည်။

"ဖေဖေ"

ဟု မြိုင်က ပြန်၍ ထူးလိုက်သည်။

"ဖေဖေလည်း အရင်ကလို ကောင်းကောင်းမမာချင်လှတော့ဘူးကွဲ့"

မြိုင်သည် ဘာမှပြန်မပြောဘဲ ငြိမ်သက်စွာ နားထောင်လျက်ရှိလေသည်။

"ဪ ဒါထက် မြိုင်တို့မေမေ ဆုံးသွားတာ ဘယ်နှနှစ်တောင် ရှိသွားပလဲ ဟင် သမီး"

"ငါးနှစ်ကျော်လို့ ခြောက်နှစ်ထဲ ဝင်လာခဲ့ပြီလေ ဖေဖေ"

"ခြောက်နှစ်ထဲတောင် ဝင်လာခဲ့ပါပကောလား"

"ဟုတ်ကဲ့၊ လေးလနဲ့ အရက်နှစ်ဆယ်တောင် ရှိသွားပြီ"

"သမီးက တိတိကျကျ မှတ်မိပါကလားကွဲ့"

မြိုင်သည် ဘာမျှပြန်ပြောစရာမရှိသဖြင့် ငြိမ်သက်စွာ နေလိုက်သည်။

"အေးအေး ... မြိုင်တို့မေမေ ဆုံးသွားပြီးကတည်းက မြိုင့်ကိုရော မောင်ဇော်ဝင်းကိုရော ဖေဖေ တတ်နိုင်သလောက် ပညာသင်ပေးခဲ့ပြီးပြီနော်"

မြိုင်သည် ငြိမ်သက်စွာ နားထောင်လျက်ရှိသည်။

"အခု မောင်ဇော်ဝင်းလည်း သူ့အလုပ်နဲ့ သူ့အိမ်ထောင်နဲ့ဖြစ်သွားပြီ။

ဒါပေမဲ့ မြိုင်တစ်ယောက်တွက် ဖေဖေ့မှာ တာဝန်မကုန်သေးဘူး”

မြိုင်သည် ဖခင်လုပ်သူအား တစ်ချက်မျှ လှမ်းကြည့်လိုက်ပြီးနောက် ဦးခေါင်းကို ငုံ့ထားလိုက်သည်။

“မြိုင်တို့မေမေသာရှိရင် အခုပြောရမယ့်စကားကို ဖေဖေကိုယ်တိုင် ပြောစရာတော့ မဟုတ်ပေဘူးပေါ့ကွယ်။ ဒါပေမဲ့ မြိုင်တို့မေမေက နားအေးပါးအေး ထွက်သွားပြီးလေ တော့ ဖေဖေကိုယ်တိုင် ပြောရဖို့ တာဝန်ရှိနေတယ်”

မြိုင်သည် ဦးခေါင်းကို ငုံ့ကာ ငြိမ်သက်စွာ နားထောင်လျက်သာ ရှိသည်။ သို့ရာတွင် စိတ်မကောင်းဖြစ်နေမိသည်။

“ဖေဖေလည်း ကောင်းကောင်းမမာချင်ဘူး သမီး။ အသက်ကလည်း ရလာလို့ ဖေဖေ့ကိုယ်ကို ဖေဖေကိုယ်တိုင် စိတ်မချလှဘူး။ ဒါကြောင့် ဖေဖေရှိနေသေးတုန်း သမီးကို စိတ်ချထားခဲ့ချင်တယ်”

ဦးခေါင်းကို ငုံ့၍ ထားရာမှ မြိုင်သည် ဖခင်လုပ်သူအား လှမ်း၍ ကြည့်လိုက်မိသည်။

“သမီးတို့ကို သတိပေးထားပြီးတဲ့ သမီးတို့လူငယ်ချင်းကိစ္စကို ဖေဖေတို့လူကြီးတွေ စီစဉ်ချင်ပြီ သမီး။ အဲဒါ သမီး ဖေဖေ့စကား နားထောင်လိမ့်မယ်လို့တော့ ဖေဖေ ယုံကြည်တယ်”

မြိုင်သည် ဖခင်လုပ်သူအား အတန်ကြာမျှ ငေးစိုက်၍ ကြည့်နေမိပြီးနောက်

"မြိုင့်ကို မြိုင်လက်မခံနိုင်တဲ့လူတစ်ယောက်နဲ့ ဖေဖေတို့ လူကြီးတွေ စီမံတဲ့အတိုင်း လက်ခံဖို့ သိပ်မမျှော်လင့်ထားစေချင်ဘူး ဖေဖေ”

ဟု အားခဲ၍ ပြောဆိုလိုက်လေသည်။

ဦးထွန်းမင်းသည် သမီးလုပ်သူ၏စကားကို ကြားလိုက်ရပြီးနောက် အတန်ကြာမျှ ငြိမ်သက်နေပြီးမှ…

"မြိုင် … သမီး”

ဟု ခေါ်လိုက်လေသည်။

"ဖေဖေ"

မြိုင်က ပြန်၍ ထူးလေသည်။

"ငါ့သမီး အသက်ငယ်သေးတယ်။ လူ့လောကကြီးအကြောင်း ဘာမှ နားမလည်သေးဘူး။ ဒါကြောင့် သမီးတို့လူငယ်တွေထက် လူ့လောကကြီးအကြောင်းနဲ့ ပတ်သက်ပြီး အတွေ့အကြုံရှိခဲ့ကြတဲ့ ဖေဖေတို့ လူကြီးတွေစကားကို နားထောင်စေချင်တယ်"

"အိမ်ထောင်ရေးဆိုတာ တစ်သက်ပန်ကိစ္စပါ ဖေဖေ။ ဒါလောက် အရေးကြီးလှတဲ့ လူတစ်ယောက်ရဲ့ကိုယ်ရေးကိုယ်တာကိစ္စကြီးကို ဒီလူ့သဘောနဲ့ ဒီလူ မရွေးချယ်၊ မစဉ်းစားရဘဲ ဘေးကလူတွေက စဉ်းစား ရွေးချယ်ကြတယ်ဆိုတာဟာ သိပ်နည်းလမ်းမကျလှ ဘူးလို့တော့ မြိုင်ထင်တယ်"

"ငါ့သမီး ငယ်ပါသေးတယ်ကွယ်။ ဖေဖေတို့လူကြီးတွေက ကောင်းဖို့စီမံတာကိုတော့ နားထောင်စေချင်တယ်။ နားထောင်ပါလို့လည်း ဖေဖေပြောချင်တယ်"

မြိုင်သည် ထိုင်ရာမှ ရုတ်တရက်ထလိုက်လေသည်။ ထို့နောက်...

"မြိုင့်ကို နောက်ထပ်စဉ်းစားဖို့အချိန်ပေးပါဦး ဖေဖေ"

ဟုသာ ပြန်ပြောဆိုကာ ဖခင်အခန်းအတွင်းမှ ချာခနဲ လှည့်ထွက်လာခဲ့လေသည်။ ဖခင်လုပ်သူ ဘာဖြစ်ကျန်ရစ်ခဲ့သည်ကိုပင် မြိုင်သည် လှည့်၍ မကြည့်မိပေ။

သုံးလေးရက်ခန့်ကြာသောအခါ ကံဘဲ့ဘက်ရှိ မြိုင်၏ကြီးတော်က ၎င်းတို့အိမ်မှ ကားကိုလွှတ်၍ မြိုင့်အား ၎င်းနှင့်အတူ နံနက်စာ လာရောက်စားသောက်ခြင်းပြုရန် အခေါ်ခိုင်းလိုက်သဖြင့် အိမ်ထဲတွင် စိတ်ညစ်၍ အခန်းထဲ၌သာ ပုန်းအောင်းနေရသော မြိုင်သည် ဒေါ်လေး ဒေါ်စောခင်ကိုပင် မပြောမဆိုတော့ဘဲ တစ်ခါတည်း လိုက်ပါလာခဲ့ လေသည်။

ကန်ဘဲ့ရှိ မြိုင်၏ကြီးတော်အိမ်တွင် နံနက်စာကို စားသောက်ကြသောအခါ မြိုင်၏ဦးကြီးသည် အိမ်၌မရှိပေ။ မြိုင်တို့ တူဝရီးနှစ်ယောက်တည်းသာ စားသောက်ကြလေသည်။ ထမင်းစားပွဲ၌လည်း ဦးကြီးလုပ်သူကို မမြင်မိသောအခါ

"ဘကြီးကော မစားသေးဘူးလားဟင် ကြီးကြီး"

ဟု မြိုင်က ကြီးတော်လုပ်သူအား မေးမြန်းကြည့်မိသည်။

"မြိုင်တို့ဘကြီး မြို့ထဲမှာ ကိစ္စရှိလို့ စောစောကပဲ စားပြီး ထွက်သွားတယ်"

"မြိုင် လာလည်တဲ့အခါတိုင်း ဘကြီး အိမ်မှာ တစ်ခါမှ တွေ့ ရတယ်လို့ မရှိသေးဘူး"

"သားလုပ်တဲ့လူက မလိမ္မာတော့ မိဘတွေလည်း နေရာတကာ လိုက်ပင်ပန်းရတုန်းပေါ့ မြိုင်။ မောင်မောင်လတ်တစ်ယောက်အကြောင်းတော့ ကြီးကြီးလည်း မပြောချင် တော့ဘူး"

"မြိုင်နဲ့ ဟိုတစ်ခေါက် ကြီးကြီးတို့အိမ်မှာ တွေ့ပြီးတဲ့နောက် ကိုကိုလတ် နောက်ထပ်များ လာသေးသလားဟင် ကြီးကြီး "

"သူ့မိန်းမအတွက် ဆေးဖိုးတောင်းရအောင်လို့ မနေ့ကပဲ လာသေးတယ်။ သူ လာနေတုန်း သူ့အဖေ မြို့ထဲက အိမ်ပြန်လာလို့ အိမ်နောက်ဖေးပေါက်က ဆင်းပြေး သွားတာနဲ့ ပိုက်ဆံတောင် မယူသွားနိုင်ဘူး"

"ကိုကိုလတ်ဟာ သနားစရာပါ ကြီးကြီးရယ်"

"မိဘစကားကို နားမထောင်ဘဲ ကိုယ်ထင်ရာကိုယ်လုပ်တဲ့ သားမျိုးကို သနားနေလို့လည်း အဆိပ်ပင်ရေလောင်းသလို ရှိတော့မှာပေါ့ မြိုင်ရယ်"

မောင်မောင်လတ်ဘက်မှ ရှေ့ဆက်၍ ရှေ့နေလိုက်နေလျှင် များစွာ ဟန်မည့်ပုံ မပေါ်သဖြင့် မြိုင်သည် နောက်ထပ် ဘာမျှမပြောဆိုတော့ဘဲ ထမင်းကိုသာ ငုံ့၍ စားနေလေသည်။ မြိုင်၏ကြီးတော်သည် သားလုပ်သူ၏အကြောင်းကို စဉ်းစားမိရာမှ သက်ပြင်းတစ်ချက်ချလိုက်ပြီးနောက်...

"မနေ့က ပိုက်ဆံမရသွားလို့ ကနေ့တောင် မောင်မောင်လတ် ပေါ်လာချင် ပေါ်လာဦးမလားတော့ မပြောတတ်ဘူးကွယ်"

ဟု ညည်းညူ ပြောဆိုလိုက်သည်။

"ကိုကိုလတ်ကိုတော့ ပစ်မထားပါနဲ့ ကြီးကြီးရယ်။ သူ့ခမျာ လက်ထဲမှာ ပိုက်ဆံမရှိရင် မနေတတ်၊ မထိုင်တတ်နဲ့မို့ သနားစရာကောင်းပါတယ်"

မြိုင်၏ကြီးတော်သည် သားလုပ်သူ၏အကြောင်းကို နောက်ထပ်၍ ဘာမျှပြောဆိုခြင်း မပြုလိုတော့သကဲ့သို့ ထမင်းကိုသာ ငြိမ်သက်စွာ စားနေသဖြင့် မြိုင်သည်လည်း ကြီးတော်လုပ်သူ၏ အရိပ်အကဲကို ကြည့်ကာ ငြိမ်သက်နေလိုက်သည်။ ဤကဲ့သို့ တူဝရီး နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် စကားမပြောဘဲ ထမင်းပန်းကန်ဝက်ခန့် ကုန်လောက်လုအောင် ငြိမ်သက်စွာ စားသောက်လျက်ရှိကြရာမှ...

"မောင်မောင်လတ်အကြောင်း ပြောရတာနဲ့ပဲ မြိုင့်ကို ကြီးကြီးပြောချင်တဲ့စကားကိုတောင် မေ့နေတယ်"

ဟု မြိုင်၏ ကြီးတော်က စတင်ပြောဆိုလိုက်သည်။

"ဘာများလဲ ကြီးကြီးရဲ့"

ဟု မြိုင်က ကြီးတော်လုပ်သူ၏မျက်နှာရိပ် မျက်နှာကဲကို အကဲခတ်သလို မော်၍ ကြည့်ရင်း ပြန်မေးလိုက်သည်။

“တခြားတော့ မဟုတ်ပါဘူးကွယ်။ တစ်နေ့ကပဲ မောင်သက်တင်တို့မေမေ ကြီးကြီးတို့အိမ်ကို လာလည်သွားတဲ့အကြောင်း ပြောမလို့ပါ”

“ဪ ... ဟုတ်ကဲ့”

“မောင်သက်တင်တို့မေမေလည်း မြိုင်နဲ့ မောင်သက်တင်တို့ကိစ္စ မပြီးနိုင်သေးလို့ တော်တော်ကလေး စိတ်သောက ရောက်နေပုံရတယ်”

မြိုင်သည် မကြားလိုသောအကြောင်းကို ကြားလိုက်ရသောအခါ ထမင်းစားနေရင်းတန်းလန်းပင် ထမင်းစားချင်သောစိတ် ပျောက်သွားမိသည်။ သို့ရာတွင် ဘာမှတော့ ပြန်မပြောဘဲ ငြိမ်သက်စွာသာ နားထောင်နေလိုက်သည်။

“ကြီးကြီးတို့လည်း မြိုင်တို့ကိစ္စကို ခပ်မြန်မြန်ကလေး ပြီးချင်လှပြီ။ မြိုင်တို့ လက်ထပ်တဲ့အခါ မြိုင့်အတွက် လက်ဖွဲ့ဖို့ ကြီးကြီး ကိုယ်တိုင်ရွေးပြီး အလုပ်ခိုင်းထားတဲ့ စိန်ဘယက်ကြီးတောင် မနေ့ကပဲ လုပ်ကိုင်ပြီးသွားလို့ လာပြသွားသေးတယ်။ ဘယက်ကြီးကတော့ ဘာမှကို ပြောစရာရှာမရအောင် ကောင်းလိုက်တာကွယ်”

မြိုင်သည် ထမင်းပင် မစားနိုင်တော့ဘဲ ဦးခေါင်းကိုငုံ့ကာ ငြိမ်သက်စွာ နားထောင်၍သာနေသည်။ သို့ရာတွင် ၎င်း၏ကြီးတော်ကိုယ်တိုင် စိန်များကို တစ်လုံးစီရွေးချယ်၍ ပြုလုပ်ထားသည်ဆိုသော ဘယက်ကြီးကိုကား အနည်းငယ်မျှ စိတ်ဝင်စားခြင်း မရှိလှပေ။ ထိုစိန်ဘယက်ကြီး၏အကြောင်းကိုလည်း တတ်နိုင်လျှင် မကြားဘဲ၊ မမြင်ဘဲသော်လည်းကောင်း နေချင်သည်။ ဝတ်ဆင်ဖို့ကား ဝေးလေစွ။

“မောင်သက်တင်တို့မေမေက မြိုင်တို့ကိစ္စကို အမြန်ဆုံး ပြီးချင်လှပြီလို့ ညည်းသွားတယ်။ မြိုင်တို့ဖေဖေကလည်း တစ်လောကပဲ ကြီးကြီးနဲ့တွေ့လို့ မြိုင့်ကိစ္စကို မြန်မြန်စိတ်အေးချင်တဲ့အကြောင်း ပြောသွားသေးတယ်”

မြိုင်သည် ကြီးတော်လုပ်သူအား တစ်ချက်မျှ မော်၍ ကြည့်ပြီး ငုံ့မြဲငုံ့နေလိုက်သည်။ ထမင်းကိုလည်း မစားတော့၊ စားချင်စိတ်လည်း မရှိတော့။

"ဘယ်လိုလဲ မြိုင်၊ ကြီးကြီးတို့ လူကြီးတွေ စီစဉ်စရာရှိတာ စီစဉ်ကြရတော့မလား ဟင်"

မြိုင်သည် ကြီးတော်၏မေးခွန်းကို ဖြေကြားခြင်းမပြုဘဲ လက်ကိုသာ ဆေးလေသည်။

"ဟင် ... မြိုင်၊ ဘာမှလည်း မစားသေးဘဲနဲ့ ဝသွားပလား"

"ဟုတ်ကဲ့ ကြီးကြီး"

ဟုသာ ပြန်ပြောကာ လက်သုတ်ပြီးနောက် ထမင်းစားခန်းမှ ဧည့်ခန်းဘက်သို့ ထွက်လာခဲ့လေသည်။ ဧည့်ခန်းရှိ ဆိုဖာတစ်လုံးတွင် ထိုင်လိုက်စဉ် မိမိက မည်ကဲ့သို့မျှ မနှစ်သက်၍ လက်မခံနိုင်သော လူတစ်ယောက်နှင့် ပေးစားရန် ဝိုင်း၍ တွန်းနေကြသော ဆွေမျိုးသားချင်းများ၏ အကြောင်းကို စဉ်းစားမိလေသည်။ ယခုအခါတွင် မိမိကြီးတော်လုပ်သူကပင်လျှင် ကိုသက်တင်နှင့် လက်ထပ်ရန် တိုက်တွန်းလျက် ရှိနေပြီမဟုတ်လော။ ရွှေတောင်ကြားအိမ်ကြီးတွင် မိမိဖခင်ကရော ဒေါ်လေးတို့ကပါ ကိုသက်တင်နှင့် လက်ထပ်ရန် ပြောဆိုလျက်ရှိနေကြသောကြောင့် စိတ်ညစ်ညူးလျက် ရှိရာမှ ကံ့ဘဲ့ဘက်ရှိ ကြီးတော်၏အိမ်တွင် ထိုညစ်ညူးရသော ဘဝမှ လွတ်ကင်းလိမ့် မည်ဟူသော အထင်ဖြင့် ထွက်လာခဲ့သော မြိုင်သည် ပို၍ စိတ်ညစ်လာရပေသည်။

မြိုင်၏ကြီးတော်သည် ထမင်းစားခန်းမှ ဧည့်ခန်းဘက်သို့ ကူးလာပြီးလျှင် မြိုင့်အနီးရှိ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်ပြီးနောက် ကြီးကြီးတို့ စီစဉ်စရာရှိတာ စီစဉ်ကြရတော့မလား မြိုင်ရဲ့"

ဟု စောစောက အဖြေမရသောစကားကို ဆက်၍ မေးပြန်သည်။

မြိုင်သည် ဦးခေါင်းထဲ၌ မူးနောက်နောက်ဖြစ်လာ၍ ခေါင်းငုံ့နေလိုက်သည်။ ဘာမျှတော့ ပြန်မပြောလိုက်ပေ။

"ကြီးကြီးမေးနေတာကို ပြန်ပြောစမ်းပါဦး မြိုင်"

မြိုင်သည် ကြီးတော်လုပ်သူအား မော့၍ ကြည့်လိုက်ပြီးနောက်...

“မြိုင် အိမ်ထောင်ပြုဖို့ စဉ်းစားလို့မရသေးဘူး ကြီးကြီး”

ဟု မတိုးမကျယ် ပြန်ပြောလိုက်မိသည်။

"မြိုင်အသက်လည်း မငယ်တော့ဘူးနော်။ ဒီကိစ္စကို မစဉ်းစားလို့ဖြစ်မတဲ့လား”

“မြိုင် ဒါတွေကို မစဉ်းစားချင်သေးဘူး ကြီးကြီး”

“မစဉ်းစားချင်လို့ကော ဖြစ်ပါ့မလား မြိုင်။ မိန်းကလေးဆိုတာ အချိန်တန်ရင် အိမ်ထောင်ပြုကြရတာပဲ”

“ခက်တာပဲ ကြီးကြီးရယ်။ မြိုင် အိမ်ထောင်ကို မပြုချင်သေးဘူး”

“မပြုလို့ မဖြစ်ဘူးမြိုင်၊ လူကြီးတွေ မျက်စိမမှိတ်ကုန်ကြခင် မြိုင်တို့ကိစ္စကို စိတ်ချ လက်ချ စီစဉ်ထားခဲ့ချင်တယ်”

မြိုင်သည် မျက်ရည်များပင် ဝဲလာသည်။ ထို့ကြောင့် ဘာမျှ ပြန်မပြောလိုက်တော့ပေ။

"မြိုင့်ကို ပြောနေလို့တော့ ဖြစ်မှာမဟုတ်ဘူးထင်ပါရဲ့ကွယ်။ ကြီးကြီးတို့ဘာသာ ကြီးကြီးတို့ လူကြီးတွေ စီစဉ်ကြမှပါပဲ”

မြိုင်သည် ကြီးတော်လုပ်သူအား ထိတ်လန့်စွာ မော်၍ ကြည့်လိုက်မိသည်။ မိမိက သဘောမတူသေးပါဘဲနှင့် မိမိ၏ တစ်သက်ပန်ကိစ္စကြီးတစ်ခုကို သူတို့သဘောနှင့် သူတို့ ဖွတ်အတင်း စီစဉ်ကြတော့မည်ဟု ဆိုလိုက်သည့်အတွက် မြိုင်သည် ထိတ်လန့် သွားပေသည်။

“ကြီးကြီးပြောတာ ဘယ်လိုသဘောရသလဲ မြိုင်”

ဟု ကြီးတော်က မေးလိုက်ပြန်သည်။

“ခက်တာပဲ ကြီးကြီးရယ်”

မြိုင်က ညည်းညူလိုက်သည်။

"ခက်မနေပါနဲ့မြိုင်ရယ်။ ကြီးကြီးတို့ စီမံစရာရှိတာသာ စီမံပါရစေတော့"

"ဒီလိုတော့လည်း မလုပ်ကြပါနဲ့ဦး ကြီးကြီး၊ မြိုင့်ကို စဉ်းစားဖို့အချိန်ကလေး ဘာကလေးတော့ ပေးဦးမှပေါ့"

မြိုင်က ရှောင်ကွင်းနိုင်ရန် အချိန်တောင်းလိုက်သည်။

"မောင်သက်တင်ဆိုတာလည်း တခြား ကိုယ်မသိတဲ့သူငယ်မှ မဟုတ်ဘဲ မြိုင်။ ဘာမှ ဒါလောက်အချိန်ယူ စဉ်းစားနေဖို့ မလိုတော့ဘူးထင်တယ်"

မြိုင်သည် အပြောရခက်၊ အငြင်းရကျပ်လှသဖြင့် ဘာမှ ပြန်မပြောနိုင်ဘဲ ခေါင်းငုံ့နေလိုက်သည်။ မိမိက အဘယ်နည်းနှင့်မျှ မနှစ်သက်နိုင်၍ လက်ခံခြင်းလည်း မပြုနိုင်သော ကိုသက်တင်ကဲ့သို့ လူတစ်ယောက်နှင့် အတင်းရော အဓမ္မပါ ဝိုင်းဝန်းနားချနေကြသော ဤပတ်ဝန်းကျင်မှ အဘယ်သို့ ထွက်ပြေးရမည်ကို မြိုင်သည် စဉ်းစားကြည့်လေ သည်။ ဤပတ်ဝန်းကျင်နှင့် အသိုင်းအဝိုင်းမှသာ ထွက်ပြေးခြင်းမပြုနိုင်ခဲ့လျှင် မိမိကံကြမ္မာကို မိမိ ဖန်တီးနိုင်တော့မည်မဟုတ်ဘဲ သူတစ်ပါး ဖန်တီးသမျှ ငုံ့၍ ခံရတော့မည့် မိမိ၏ဘဝကို စဉ်းစားမိလေသည်။

ထိုအခိုက် ခြံထဲသို့ ကားတစ်စီးဝင်လာသံ ကြားလိုက်ရသည်။

"မောင်လတ် ထင်တယ်"

ဟု မြိုင်၏ကြီးတော်က ပြော၍ မဆုံးတတ်သေးမီ ကိုမောင်မောင်လတ်သည် အိမ်ပေါ်သို့တက်၍ လာလေသည်။

"ဟော ... မြိုင်လည်း ရောက်နေပါကလား"

ဟု နှမလုပ်သူအား အားရဝမ်းသာ နှုတ်ဆက်ပြောဆိုရင်း မြိုင့်အနီးရှိ ဆိုဖာတစ် လုံးတွင် ဝင်၍ ထိုင်လေသည်။

"ဒါ အခု ကိုကိုလတ်အိမ်ကလာတာပဲလား"

ဟု မြိုင်ကလည်း ပြန်၍ မေးလိုက် သည်။

"မေခင်လည်း ကောင်းကောင်းမမာနေလို့ ကိုလတ်လည်း အိမ်ကကို ဘယ်မှ မသွားနိုင်ပါဘူး မြိုင်ရယ်"

"ဘယ်ဆရာခေါ်သလဲဟင်"

"ဒေါက်တာပေါ(လ်)ကို ခေါ်တယ်။ ပိုက်ဆံတော့ သိပ်တောင်းတာပဲ"

"သိပ်တောင်းရင် မင်းအစွမ်းနဲ့မင်း ရှာပေးလိုက်ပါလား"

ဟု မောင်မောင်လတ်၏မိခင်သည် ဘေးတွင် ငြိမ်သက်စွာ နားထောင်နေရာက ခပ်ငေါ့ငေါ့ကလေး ဝင်၍ ပြောဆိုလိုက်ပြီးနောက် ဧည့်ခန်းထဲမှ ထ၍ သွားလေသည်။ ငှင်းတောင်းထားသော ပိုက်ဆံကို သွားရောက်ယူငင်ရန် ထသွားမှန်းသိသော မောင်မောင်လတ်သည် မိခင်လုပ်သူအား ဘာမျှပြန်မပြောဘဲ ငြိမ်၍ နေလိုက်ရာ အဘွားကြီးမျက်စိကွယ်ရာသို့ ရောက်ရှိသွားသည်နှင့်တစ်ပြိုင်နက် မြိုင့်အား မခန့်လေးစားအမူအရာဖြင့် မျက်စိမှိတ်၍ ပြလိုက်သည်။ မောင်မောင်လတ်၏ ပေါ့ပေါ့နေ ပေါ့ပေါ့စား အမူအရာကိုကြည့်ရင်း မြိုင်သည် ပြုံးလိုက်မိသည်။ သို့ရာတွင် ဘာမျှတော့ ပြန်ပြောဆိုခြင်းမပြုပေ။

မခန့်လေးစား အမူအရာမှ တစ်စုံတစ်ရာကို စဉ်းစားမိသဖြင့်...

"သြော် ... မြိုင့်ကို အရေးကြီးတဲ့သတင်းတစ်ခု ပြောရဦးမယ်။ မြိုင်များ ကြားရင် အံ့သြသွားမလားတော့ မသိဘူး"

ဟု ပြောဆိုရင်း မောင်မောင်လတ်၏မျက်နှာအမူအရာသည် လေးလေးနက်နက် ပြောင်းလွဲသွားလေသည်။

"ဘာသတင်းများလဲဟင် ကိုကိုလတ်"

မြိုင်သည် စိတ်ပါဝင်စားစွာ ပြန်၍ မေးလိုက်သည်။

"ကိုသက်တင် သတင်းလေ"

"အို ... ကိုသက်တင်အကြောင်းဆိုရင် မြိုင် ဘာမျှ မကြားပါ

ရစေနဲ့တော့”

“ဒီသတင်းကို မကြားချင်လို့မဖြစ်တဲ့သတင်းမျိုးမှ မဟုတ်ဘဲ မြိုင်ရဲ့”

“ကိုသက်တင်အကြောင်းဆိုရင် ဘာမှ မကြားချင်ပါဘူး ကိုကိုလတ်ရယ်။ ခုတင်က ကိုကိုလတ် မလာခင်ကလေး ကြီးကြီးက ပြောနေတာကိုတောင် မနည်းကြီး သည်းခံပြီး နားထောင်နေခဲ့ရတယ်”

“ဒီသတင်းက အရေးကြီးတယ် မြိုင်”

“ဘာလဲ ကိုကိုလတ်ကပါ လူကြီးတွေအားလုံးနဲ့ အလိုတူအလိုပါ မြိုင့်ကို ကိုသက်တင်နဲ့ တွန်းပေးဦးမလို့လား”

မြိုင်က ခပ်တည်တည်ပြောလိုက်သည်။

မောင်မောင်လတ်သည် ရုတ်တရက် မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်သွားရာမှ…

“ဒီလိုတော့ မဟုတ်ရပါဘူးမြိုင်ရယ်။ ကိုကိုလတ်ကိုတော့ သူတို့စာရင်းထဲမှာ မထည့်လိုက်ပါနဲ့ဦး” ဟု ပျာပျာသလဲ ပြောဆိုလေသည်။

"မြိုင့်ကို ကိုကိုလတ် တကယ်ချစ်ရင် ကိုသက်တင်အကြောင်းနဲ့ ပတ်သက်ပြီး ဘာမှ မပြောစေချင်ဘူး”

“ဘယ်လိုအကြောင်းလဲ”

“မြိုင်က သူ့ကိုယူဖို့ ခပ်ဖယ်ဖယ်လုပ်နေတယ်လို့ ကြားလို့လားတော့ မပြောတတ်ဘူး။ ကိုသက်တင်က မြိုင့်ကို ကားတင်ဖို့တောင် ကြံနေတယ် ပြောသံကြားရတယ်” မြိုင်သည် မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်သွားလေသည်။ ကျောထဲ၌လည်း စိမ့်သွား လေသည်။

“ကိုလတ်နဲ့တော့ လူချင်းတွေ့ လို့ ပြောတာမဟုတ်ဘူး။ သုံးလေးငါးရက်လောက် ယူနီယံကလပ်မှာ အရက်မူးမူးနဲ့ လူကြီးသုံးလေးယောက်က ပြောနေတာကို ဘေးက ကြားလာတဲ့လူတစ်ယောက်က ကိုလတ်နဲ့တွေ့လို့ ပြောပြတာပါ”

မောင်မောင်လတ်၏စကား ဆုံးသောအခါ ၎င်း၏မိခင်သည် ငွေတစ်ရာတန် စက္ကူလေးငါးဆယ်ချပ်ကိုကိုင်ကာ ဧည့်ခန်းအတွင်းသို့ ပြန်ဝင်၍ လာသဖြင့် ကိုသက်တင်၏အကြောင်းကို ပြောဆိုနေကြသော စကားစသည် ပြတ်၍ သွားလေသည်။ မောင်မောင်လတ်၏ မိခင်သည် ဧည့်ခန်းအတွင်းသို့ ဝင်လာပြီးနောက် သားလုပ်သူအား ငွေများကို လှမ်း၍ ပေးရင်း...

"မိဘစကားကို နားမထောင်ဘဲ ကိုယ်ထင်ရာကိုယ်လုပ်တဲ့လူဟာ ဒီလိုပဲ ဒုက္ခရောက်တတ်တာပဲဆိုတာကိုသာ မြဲမြဲကြီး မှတ်ပါ"

ဟု မြည်တွန်ပြောဆိုလေသည်။ မိခင်လုပ်သူ လှမ်းပေးနေသောငွေများကို ဣန္ဒြေရရ လှမ်းယူရင်း မောင်မောင်လတ်သည် မခုတ်တတ်သည့်ကြောင်ကလေးပမာ ငြိမ်သက်စွာနေလိုက်သည်။

"မိဘလုပ်တဲ့လူကြီးတွေက ကိုယ့်သားသမီး ကောင်းစားချမ်းသာအောင် ဘယ်လို စီစဉ်ပေးပေမဲ့ မိဘစီမံပေးတာကို မနာခံဘဲ ကိုယ်ထင်ရာလုပ်လိုက်တော့ ဘယ်လိုဒုက္ခ ရောက်ရသလဲဆိုတာ တခြားရှည်ရှည်ဝေးဝေး ကြည့်မနေနဲ့တော့ မြိုင်။ မောင်လတ်ကိုသာ နီးနီးနားနား ကြည့်ပေတော့"

သားလုပ်သူအား မြည်တွန်ပြောဆိုရာမှ မြိုင့်ကိုလည်း သတိသံဝေဂယူရန် အဘွားကြီးက လှမ်း၍ ပြောဆိုနေပြန်သည်။

မောင်မောင်လတ်သည် ၎င်းအလိုရှိသောကိစ္စ ပြီးသွားပြီဖြစ်၍ ထိုင်ရာမှ ထလိုက် ပြီးလျှင်...

"ကျွန်တော် ပြန်တော့မယ်မေမေ၊ တော်တော်ကြာ ဖေဖေပြန်လာတာနဲ့ တိုးနေလို့ ခွကျနေလိမ့်ဦးမယ်"

ဟု ပြောဆိုလိုက်သည်။

"ကိုကိုလတ်ပြန်ရင် မြိုင်လည်း လိုက်ခဲ့ပါရစေလား။ မြိုင့်ကို ရွှေတောင်ကြားပို့ပေးခဲ့ပြီးတော့မှ ကိုကိုလတ် သွားစရာရှိတာ သွားပါလားဟင်"

မိမိတစ်ယောက်တည်းသာ ဆက်လက်၍ ကျန်ရစ်နေခဲ့လျှင်

ကြီးတော်လုပ်သူက နားပူအောင် ပြောဆိုမည့်အရေးကို မြင်ထားသော မြိုင်သည် မောင်မောင်လတ်က ၎င်းကိုပါ တစ်ပါတည်း ခေါ်ဆောင်သွားသည့်အတွက် စစ်ကူတောင်းလိုက်မိသည်။

"လိုက်ခဲ့လေ … ကိုလတ် ပို့ပေးထားခဲ့မှာပေါ့"

ဟု မောင်မောင်လတ်က ပြန်၍ ပြောလေသည်။

မြိုင်သည် ထိုင်ရာမှ ထလိုက်သည်။

"မြိုင် ပြန်လိုက်ပါဦးမယ် ကြီးကြီး"

ဟု ကြီးတော်လုပ်သူအား ဝတ္တရားအတိုင်း နှုတ်ဆက်လေသည်။

"စောလှချည်လား မြိုင်။ နေ့ခင်းနေ့လယ် လက်ဖက်ရည်ပါ သောက်ပြီးမှ ပြန်ပါ လားဟဲ့"

ဟု ကြီးတော်လုပ်သူက မပြန်ချင်စေလိုသောကြောင့် တားမြစ်ပြောဆိုလေသည်။

"နောက်တစ်နေ့ လာလည်တော့မှပဲ အေးအေးဆေးဆေး နေတော့မယ် ကြီးကြီး။ ဖေဖေ့ကိုလည်း မြိုင် စိတ်မချလို့ပါ"

ဟု ပြောပြောဆိုဆိုနှင့် ထွက်၍ လာလေသည်။

မောင်မောင်လတ်သည် ၎င်း၏ကားကလေးဖြင့် မြိုင့်အား ရွှေတောင်ကြားသို့ လိုက်၍ ပို့ရင်း လမ်းတွင် ၎င်း၏အခက်အခဲများကို ပြောဆိုသွားလေသည်။ မောင်မောင်လတ် ပြောဆိုသွားသော စကားများထဲတွင် လဲ့လဲ့၏မိခင်ဖြစ်သူ ဒေါ်မိမိခင်၏ ဆိုးဝါးလှပုံတွေလည်း ပါလေသည်။ မခင့်အား ငှားရမ်းအသုံးပြုနေသော ရုပ်ရှင်ကုမ္ပဏီကြီးများနှင့် ပြဇာတ်အဖွဲ့ကြီးများက နောက်ထပ် ငှားရမ်း၍ အသုံးမပြုအောင် လိုက်လံ ခြေရှုပ်နေသောအကြောင်းလည်း ပါသည်။

"ဒီအထိတောင်ပဲလား ကိုကိုလတ်ရယ်"

ဟု မြိုင်က အံ့အံ့သြသြ ပြန်၍ မေးလိုက် မိသည်။

“ဒီအမယ်ကြီးက ကိုလတ်ကို မေခင်နဲ့ မကွဲကွဲအောင်ခွဲပြီး သူ့သမီးနဲ့ မရအရ ပေးစားမယ်ဆိုတဲ့ သန္နိဋ္ဌာန်နဲ့ အခုလို လှျောက်လုပ်နေတာပဲ မြိုင်ရဲ့”

“ဩော် .... ဩော် ... ဩော် ..."

“ကိုလတ်မိဘတွေက မေခင်နဲ့ယူထားတဲ့အတွက် အရင်ကလို မပေးမကမ်းတော့ဘူးဆိုတာကို အဘွားကြီးက သိထားတယ်။ တကယ်လို့ မေခင်သာ ဝင်ငွေမရှိတဲ့အဖြစ်မျိုးကို ရောက်သွားရင် ကိုလတ်တို့လင်မယား ကွဲမှာပဲဆိုတဲ့အနေနဲ့ လိုက်လှျောက်လုပ် နေတာပဲ မြိုင်ရဲ့”

“ကိုကိုလတ်တို့ဇာတ်ထုပ်က ဒီလိုကိုး”

“ဒါပေမဲ့ လောကကြီးမှာ လူရယ်လို့ဖြစ်လာပြီးတဲ့နောက်မှာ ကိုယ့်သဘောနဲ့ကိုယ် လူလုပ်ရတာဟာ အကောင်းဆုံးနဲ့ ပျော်စရာ အကောင်းဆုံးဆိုတာကိုတော့ မြိုင် နားလည်အောင် ပြောထားရဦးမယ်။ ခုလို ကိုလတ်တို့ လင်မယား ချို့ချို့ငဲ့ငဲ့ နေရပေမဲ့လည်း စိတ်မညစ်လှဘူး။ ပျော်ကြတယ်”

မြိုင်သည် ငြိမ်သက်စွာနားထောင်ရင်း လိုက်ပါလာသည်။ ရွှေတောင်ကြားသို့ ရောက်သည်အထိ မောင်မောင်လတ်သည် မြိုင့်အား လောကကြီးတွင် ကိုယ်နှစ်သက် ယုံကြည်သောအလုပ်ကို လုပ်ရသလောက် ပျော်မွေ့ ချမ်းသာသော အလုပ်မရှိကြောင်းကို တစ်လမ်းလုံး ပြောဆိုသွားပေသည်။

အခန်း[၃၄]

(က)

မောင်မောင်လတ်သည် ၎င်း၏ကားဖြင့် မြိုင့်အား ရွှေတောင်ကြားသို့ ပို့ထားပေး ခဲ့ပြီးနောက် ပြန်ထွက်သွားသောအခါ မယ်အေးသည် မြိုင်၏အခန်းတွင်းသို့ စာအိတ် တစ်အိတ်ကို ကိုင်ဆောင်၍ ဝင်လာသည်။ အဝတ်အစားလဲ၍ နေရာမှ...

"ဟဲ့ မယ်အေး၊ ဘာများလဲ"

ဟု မြိုင်က လှမ်း၍ မေးလိုက်သည်။

"စာတစ်စောင်၊ မမမြိုင်အတွက် လာပေးသွားတယ်"

ဟု ပြန်ပြောကာ မြိုင့်အား စာအိတ်ကို လှမ်းပေးပြီးနောက် မယ်အေးသည် အခြား အလုပ်အကိုင်များ လုပ်ကိုင်စရာ ရှိသေးသကဲ့သို့ မြိုင်၏အခန်းအတွင်းမှ ပြန်ထွက်၍ သွားလေသည်။

စာအိတ်မှာ စာတိုက်မှလာသော စာအိတ်ဖြစ်၍ လိပ်စာကိုလည်း လက်နှိပ်စက်ဖြင့် ရိုက်နှိပ်ရေးထိုးထားသဖြင့် မည်သူမည်ဝါ၏ထံမှ စာဖြစ်မည်ကို မြိုင်သည် မခန့်မှန်းနိုင်ပေ။ ထို့ကြောင့် မြိုင်သည် ဖွင့်၍ ဖတ်ကြည့်ရန်ဖြစ်သော စာအိတ်ကို စိတ်ဝင်စားခြင်း မရှိလှသကဲ့သို့ မှန်တင်ခုံပေါ်သို့ တင်ထားလိုက်ပြီးနောက် လဲစရာရှိသော အဝတ်အစား များကို ပြီးစီးသည်အထိ လဲလှယ်လေသည်။ အဝတ်အစားများ လဲလှယ်၍ ပြီးစီးသောအခါ အိပ်ရာထက်တွင်လှဲကာ နေ့လယ်နေ့ခင်း တစ်ရေးတမောအိပ်၍ ရလိုရငြား မှေးကြည့် မိသည်။ သို့ရာတွင် အိပ်ချင်စိတ်တော့ကား မရှိချေ။

အိပ်ချင်စိတ်မရှိဘဲ အိပ်ရာထက်တွင် လှဲနေရသည့်အတွက် အခြား စိတ်ညစ်ညူး စရာများကို စဉ်းစားမိမည်စိုး၍ မြိုင်သည် အိပ်ရာထက်မှ ထလာခဲ့ပြီးလျှင် ဖတ်ရှုရန် စာအုပ်တစ်အုပ်ကို လိုက်လံရှာဖွေမိလေသည်။ မြိုင်၏အခန်းထဲ၌ အင်္ဂလိပ်ကဗျာစာအုပ်များမှလွဲလျှင် ကိုတင်ဦး ပေးပို့ထားသော ပြဇာတ်စာအုပ်တစ်အုပ်နှင့် မဟာလေးချိုးပေါင်းချုပ် စာအုပ်တစ်အုပ်၊ ပေါင်း နှစ်အုပ်သာ ရှိလေသည်။ သို့ရာတွင် တစ်ခါမျှသာ ဖတ်ရှုပြီးစီးသော ပြဇာတ်စာအုပ်ကို အပျင်းပြေ ပြန်လည်ဖတ်ရှုလိုသေးသဖြင့်

မှန်တင်ခုံပေါ်၌ ထားရှိသော စာအုပ်ကို ယူရန်အလာတွင် စောစောက မယ်အေး လာပေးသွားသော စာအိတ်ကို တွေ့မိပြန်လေသည်။ ခပ်စောစောကမူ အနည်းငယ် ပင်ပန်းလာသလိုရှိသောကြောင့် ထိုစာအိတ်ကို ဖောက်၍ ဖတ်ကြည့်ရန် စိတ်ဝင်စားခြင်းမရှိခဲ့သော မြိုင်သည် ယခုအခါတွင် အတော်ကလေး အပန်းပြေသွားပြီဖြစ်သောကြောင့် စာအိတ်ကို လှမ်းယူကာ အိပ်ရာထက်သို့ ပြန်လာခဲ့လေသည်။ အိပ်ရာထက်တွင်လှဲကာ စာအိတ်ကို ဖောက်၍ အတွင်းမှ စာကို ဖြန့်ကြည့်လိုက်သည်။ စာ၏အောက်ဆုံး၌ လက်မှတ်ရေးထိုးသူကိုလည်း မဖတ်မီ ကြည့်ရှုမိသည်။ လက်မှတ်ရေးထိုးထားသူမှာ "တင်ဦး" ဟူ၍ တွေ့ရှိရသော အခါ မြိုင်သည် ထိုစာကို စိတ်ဝင်စားလာပြီးလျှင် ဖတ်၍ ကြည့်လေသည်။

စာရေးသူသည် ၎င်းသိရှိစေလိုသော အကြောင်းကို မြိုင့်ထံသို့ တိုတိုနှင့် လိုရင်း ရောက်အောင် စာလုံးအနည်းငယ်နှင့် ရေးသားလိုက်သည်။ စာထဲတွင်ကား မြိုင်၏သဘောထားကို သိရှိလို၍ စောင့်မျှော်နေသည့်အကြောင်းနှင့် အခွင့်အရေးရနိုင်လျှင် လူချင်းတွေ့ဆုံ၍ အေးအေးဆေးဆေး စကားပြောလိုသေးသည့်အကြောင်းပင် ဖြစ်လေသည်။ တစ်ခေါက်မျှ ဖတ်ရှု၍ ပြီးစီးသွားပြီးနောက် နောက်တစ်ခေါက်ပင် မြိုင်သည် ဖတ်ကြည့်မိလေသည်။ ဒုတိယအကြိမ် ဖတ်ရှု၍ ပြီးစီးသွားသောအခါ မြိုင်သည် စာရေးသူ၏ တောင်းဆိုချက်ကို မစဉ်းစားဘဲနေ၍ မဖြစ်တော့သည့်အလျောက် စဉ်းစားခြင်းပြုရ ပေတော့သည်။ စဉ်းစားခြင်းပြုရသည်ဆိုသောအခါ၌လည်း ရှည်ရှည်ဝေးဝေးနှင့် လေးလေး နက်နက် စဉ်းစားစရာ များများစားစား ရှိလှသည်တော့ မဟုတ်ပေ။ ကိုတင်ဦးဆိုသော လူတစ်ယောက်သည် လူချင်းတွေ့ဆုံခဲ့ရသောအချိန်မှစ၍ မြိုင့်အတွက် စိတ်ဝင်စားစရာ ကောင်းသော လူတစ်ယောက်ဖြစ်လေသည်။ ထိုလူ၌ မြိုင်သည် အံ့သြစရာ၊ လေးစားစရာများကို တွေ့ ရသည်။ နှစ်လိုဖွယ်ရာများကိုလည်း တွေ့ မြင်ရသည်။ လူတစ်ယောက်အနေနှင့် ထိုသူသည် မြိုင် အပျိုဖော်ဝင်စဉ်ကစ၍ ယခုထက်တိုင် မကြာခဏ မြင်မက်လာခဲ့ရသော အိပ်မက်များထဲမှ သူရဲကောင်းကြီးဖြစ်နေပေသည်။ ဘာမျှ လိုလေသေးသည် မရှိ။ ပြောစရာဆိုစရာလည်း မတွေ့ မမြင်မိ။

မြိုင်သည် လူချင်းစတင်တွေ့ ဆုံ၍ သိရှိလာခဲ့ကြသောအချိန်မှစ၍ ကိုတင်ဦးနှင့် လေးငါးကြိမ်မျှ တွေ့ဆုံစကားပြောဆိုခဲ့ရသော အကြောင်းများကို တစ်သီတစ်တန်းကြီး လျှောက်၍ စဉ်းစားကြည့်မိသည်။ လူချင်းတွေ့ဆုံ၍ စကားပြောဆိုခဲ့ရသောအခါတိုင်း ကိုတင်ဦးဆိုသောသူသည် မြိုင့်အား တစ်ကြိမ်ထက်တစ်ကြိမ် ဆွဲဆောင်နိုင်ခဲ့ပေသည်။

လူကြီးမိဘများက မိမိနှင့် လက်ထပ်ပေးစားရန် စီစဉ်လျက်ရှိကြသည်ဆိုသော ကိုသက်တင်နှင့်ကား ကိုတင်ဦးသည် အပြတ်အသတ် ကွာပေသည်။ ကိုသက်တင်သည် မြိုင့်အဖို့ စိတ်ပျက်စရာကောင်းသလောက် ကိုတင်ဦးသည် စိတ်ဝင်စားစရာကောင်းသည်။ တစ်ဦးသည် ရွံရှာမုန်းတီးစရာကောင်းသလောက် တစ်ဦးသည် လေးစားနှစ်လိုဖွယ်ရာ ကောင်းသည်။ ကိုသက်တင်သည် ဥစ္စာပစ္စည်း ချမ်းသာကြွယ်ဝ၍ ဂုဏ်အသရေရှိသော လူတစ်ယောက်အဖြစ်ဖြင့် အများက အသိအမှတ်ပြုထားခြင်းထက်လွဲ၍ အခြား မည်သည့်နေရာတွင်မှ ကျန်လူတစ်ယောက်ကို လိုက်၍ မမီပေ။ မြိုင်သည် ကိုတင်ဦးအား အကြောင်းပြန်ကြားရန် စဉ်းစားကြည့်လေသည်။ ကိုတင်ဦးကဲ့သို့သော လူတစ်ယောက်ကိုသာလျှင် မြိုင်သည် မိမိသဘောနှင့်မိမိ လက်ထပ်ခြင်း ပြုမည်ဆိုလျှင် ဤမိဘမောင်ဖွားနှင့် ဆွေမျိုးများအား အဘယ်သို့ ရင်ဆိုင်ရမည့်အရေးကိုလည်း ထည့်သွင်းစဉ်းစားလာရပေသည်။ သူတို့အားလုံးက သဘောတူ ကျေနပ်လျက် ရှိကြသော ကိုသက်တင်လိုလူတစ်ယောက်အား ငြင်းပယ်လျက် ကိုတင်ဦးကဲ့သို့ သူတို့ ဘာမျှမသိကြသေးသော လူတစ်ယောက်နှင့် လက်ထပ်ခြင်းအလုပ်ကို တစ်ဆွေလုံး တစ်မျိုးလုံးက အပြင်းအထန် ကန့်ကွက်ကြမည်သာ ဖြစ်လေသည်။ အကယ်၍ ကိုတင်ဦးအား မြိုင်သည် လက်ထပ်ခြင်းပြုမည်ဆိုလျှင် ဤ မိဘမောင်ဖွားနှင့် ဆွေမျိုးများ၏ ပစ်ပယ်ခြင်းကို ဧကန်မုချ ခံရမည်သာဖြစ်ပေသည်။ မြိုင်သည် ဤပတ်ဝန်းကျင်မှ ထွက်ခွာ ၍ ပတ်ဝန်းကျင်အသစ်နှင့် ရင်ဆိုင်ရမည့် မိမိအနာဂတ်ကို မထည့်သွင်း မစဉ်းစား၍ လည်း မဖြစ်သေးပေ။ မိမိနှစ်သက်လျက်ရှိသော ကိုတင်ဦးနှင့် လောကသစ်တစ်ခုကို တည်ဆောက်နေထိုင်ရမည့်အရေးကို မြိုင်သည် စဉ်းစားကြည့်မိသည်။ ထိုလောကသစ်သည် အသစ်တည်ဆောက်ရမည့်လောကဖြစ်သောကြောင့် ရတ်တရက်တော့ သာသာယာယာ ရှိနိုင်လိမ့်ဦးမည်ကား မဟုတ်ပေ။ ကိုတင်ဦးသည် သာမန် လခစားအလုပ်သမားတစ်ဦး တစ်ယောက်မျှသာဖြစ်၍ ပြည့်စုံသော အိမ်ထောင်ကြီးတစ်ခုဖြစ်လာအောင် တော်တော် ကြိုးပမ်းတည်ဆောက်ခြင်း ပြုရပေမည်။ ကိုတင်ဦးအား အကြောင်းပြန်ကြားနိုင်ရန်အတွက် မြိုင်သည် မိမိဉာဏ်မီသလောက် စဉ်းစားစရာရှိသမျှကို တစ်သီတစ်တန်းကြီး လျှောက်၍ စဉ်းစားကြည့်လေသည်။ သို့ရာတွင် မိမိက မည်သို့မျှ မနှစ်သက်နိုင်သော လူတစ်ယောက် အား လွတ်ကင်းအောင် ရှောင်ကွင်းနိုင်ရန် တစ်ခုတည်းသောနည်းလမ်းမှာ ဘာပဲဖြစ်ဖြစ် မိမိနှစ်သက် သဘောကျလျက်

ရှိနေသော လူတစ်ယောက်အား လက်မထပ်၍ မဖြစ်တော့ သည်ကို နောက်ဆုံး၌ မြိုင်သည် စဉ်းစားမိလေသည်။ ဤကဲ့သို့ စဉ်းစားမိရင်း မြိုင်သည် အိပ်ပျော်၍ သွားလေသည်။

နောက်တစ်နေ့နံနက် အိပ်ရာမှနိုး၍ ရေမိုးချိုးကာ အဝတ်အစားများ လဲလှယ် ပြီးစီးသောအခါ မြိုင်သည် ခါတိုင်းနေ့များထက် ကြည်လင်လျက်ရှိပေသည်။ အခါတိုင်းကဲ့သို့ စိတ်ထဲတွင် လေးလံထိုင်းမှိုင်းခြင်းမရှိတော့ဘဲ သွက်လက်ပေါ့ပါး၍ နေပေသည်။ မြိုင်သည် နံနက်စာကို အခါတိုင်းထက်စော၍ ကိုးနာရီခွဲလောက်တွင် မိမိဘာသာ တစ်ယောက်တည်း ဆင်း၍ စားသောက်လေသည်။ နံနက်စာ စားသောက်ပြီးစီး သောအခါ ဒေါ်လေး ဒေါ်စောခင်ကိုပင် ဘာမှပြောဆိုခြင်းမပြုဘဲ အိမ်မှ ထွက်လာခဲ့သည်။ လမ်းတွင် အခန့်သင့်တွေ့ ရသော ဆိုက်ကားတစ်စီးကို ငှားရမ်း၍ ဘောင်ဒရီလမ်းဘက် သို့ ထွက်လာခဲ့ပြီးနောက် ဘောင်ဒရီလမ်းထိပ်သို့ ရောက်သောအခါမှ ကောလိပ် သိမ်ကြီးဈေး နဂါးနီတံဆိပ် ဘတ်စ်ကားကို အခန့်သင့်တက်စီးကာ မြို့ထဲသို့ လိုက်ပါလာခဲ့လေ သည်။ ဆူးလေဘုရားလမ်းသို့ ရောက်ရှိသောအခါ မြိုင်သည် နဂါးတံဆိပ် ဘတ်စ်ကားပေါ်မှ ဆင်းလိုက်ပြီးနောက် ဗိုလ်ချုပ်လမ်းအတိုင်း ဗိုလ်အောင်ကျော်လမ်းဘက်သို့ ခပ်မှန်မှန်လျှောက်လာခဲ့လေသည်။

ယခင်တစ်ခေါက်က ရောက်ရှိခဲ့ဖူးပြီဖြစ်သော မြိုင်သည် ပြည်သူ့အလင်း သတင်းစာတိုက်အပေါ်ထပ်သို့ ဣန္ဒြေရရတက်လာခဲ့သည်။ ကိုတင်ဦး၏ အလုပ်လုပ်သော အခန်း သို့ရောက်သောအခါ အပြင်ဘက်တွင် အခါတိုင်း တွေ့ နေကျ ရုံးစေသူငယ်ကလေးကို မတွေ့ ရသည့်အပြင် အတွင်း၌ လူနှစ်ယောက်သုံးယောက် စကားပြောနေသံများကိုလည်း ကြားရသောကြောင့် မြိုင်သည် ရုတ်တရက် အတွင်းသို့မဝင်ဖြစ်သေးဘဲ အပြင်ဘက်၌ ရပ်ကာ အရိပ်အကဲ စောင့်ကြည့်နေမိသည်။

"ခင်ဗျားတို့ အစိုးရအဖွဲ့က အခုလုပ်မယ်ဆိုတဲ့ ပြည်တော်သာစီမံကိန်းနဲ့ပတ်သက်ပြီး ရှည်ရှည်ဝေးဝေးတော့ ပြောမနေပါရစေနဲ့တော့ဗျာ။ ကျုပ် တိုတိုနဲ့ နှစ်ခုတည်း ပြောပါ ရစေ"

ဟူသော ကိုတင်ဦး၏ အသံကို ကြားလိုက်ရပြီးနောက်...

"ခင်ဗျား မြင်တာကိုပဲ ပြောစမ်းပါဦးဗျာ"

ဟူသော ဧည့်သည်တစ်ယောက်၏ ပြန်လည်မေးမြန်းသံကို ကြား

လိုက်ရပြန်လေသည်။

"နံပါတ်တစ်ကတော့ ကျုပ်တို့တိုင်းပြည်မှာ ငြိမ်းချမ်းရေးမရှိဘူး။ ပြည်တွင်းစစ် ဖြစ်နေတယ်။ ပြည်တွင်းစစ်ဖြစ်ပြီး ငြိမ်းချမ်းရေးမရှိတဲ့ တိုင်းပြည်မှာ တိုင်းပြုပြည်ပြု လုပ်ငန်းတွေ လုပ်လို့မရနိုင်ဘူး။ ဖြစ်လည်း မဖြစ်နိုင်ဘူး။ သမင်မွေးရင်း ကျားစားရင်း ဖြစ်မှာပဲ"

"ဒီလိုဆိုရင် ဒီတိုင်းပြုပြည်ပြုလုပ်ငန်းကြီးတွေ မလုပ်ဘဲ ထားရတော့မှာလားဗျာ"

"မလုပ်ရဘူးလို့ တိုင်းပြည်မှာ ငြိမ်းချမ်းရေးမတည်ဆောက်နိုင်ခင် လုပ်လို့မဖြစ်တဲ့ အလုပ်တွေကို ဇွတ်လုပ်ချင်တိုင်း လုပ်မဖြစ်နိုင်တဲ့အကြောင်းလောက်ကိုသာ ပြောတာပဲ။ ကျုပ်ပြောတာကို မယုံလို့ ဇွတ်လုပ်ကြတယ်ဆိုရင်လည်း လုပ်ကြည့်၊ စမ်းသေးတာပေါ့ လေ။ နောက်တော့မှ အမယ်လေးအဘလေးသာ မလုပ်ကြပါနဲ့ဗျာ" ,,

"ဒါကတော့ ထားပါတော့လေဗျာ။ နောက်တစ်ခုကကော ဘယ်လိုလဲ"

"နောက်တစ်ခုကတော့ ခင်ဗျားတို့အစိုးရ လုပ်စားနေကြတဲ့ ခေါင်းဆောင်တွေ လူဝါးမဝသေးတာပဲဗျ"

"ဘယ်လိုလူဝါးမဝတာလဲဗျ။ ဆိုစမ်းပါဦး"

"နိုင်ငံခြားငွေတွေကို ဆန်စပါးတစ်ခုတည်းအပေါ်မှာ ဈေးသေ တွက်ထားတဲ့ ကိစ္စပဲဗျ"

"ဘယ်လိုဈေးသေတွက်ထားတာလဲဆိုတာ ရှင်းပြစမ်းပါဦးဗျာ။ ဒီအထိ ကျုပ်တို့ သဘောမပေါက်ကြသေးလို့ပါ"

"ကျုပ်တို့တိုင်းပြည်ကထွက်တဲ့ ဆန်စပါးတွေကို တစ်သက်လုံး ခုပေါက်ဈေးနဲ့ ထွက်သမျှ ရောင်းရလိမ့်မယ်ဆိုပြီး စိတ်ကူးယဉ်ယဉ်နဲ့ တွက်ချက်ထားတာဟာ ဘယ်လောက်အန္တရာယ်ရှိတယ်ဆိုတာကို စဉ်းစားဖို့ကောင်းတယ်"

"အရင် စစ်မဖြစ်ခင်က ကျုပ်တို့တိုင်းပြည်က တစ်နှစ်တစ်နှစ်ကို တန်ချိန် သုံးသန်းအထိတောင် ရောင်းခဲ့ရတယ်မဟုတ်လားဗျ။ ခု

ကျုပ်တို့တိုင်းပြည်က ရောင်းတာဟာ တစ်သန်းခွဲတောင် မရှိတတ်သေးပါဘူး”

“ကမ္ဘာ့ဆန်ဈေးကွက်ထဲကို တရုတ်ပြည်ဝင်လာတာ အထင်မသေးဖို့ အရေးကြီးတယ်။ နောက်ပြီးတော့ အရင် စစ်မဖြစ်ခင်က ကျုပ်တို့တိုင်းပြည်က ဆန်ထွက်သမျှ တစ်ဝက်လောက် နုတ်နေတဲ့ ကုလားတွေကလည်း သူတို့တိုင်းပြည်မှာ ဖူလုံအောင် တိုးချဲ့စိုက်ပျိုးနေကြပြီဆိုတာကိုလည်း ကျုပ်တို့ မစဉ်းစားလို့မဖြစ်တော့ဘူး”

“ဆန်ဈေးဆိုတာကတော့ကောဗျ"

“ဒါကတော့ ဘောဂဗေဒရဲ့ အခြေခံသဘောပါပဲဗျာ။ ကုန်တွေပေါလာရင် ဈေးကျတာဟာ သဘာဝပဲမဟုတ်ဘူးလား။ ဒါဟာ မဆန်းပါဘူးလေ”

အပြင်မှ အရိပ်အကဲ စောင့်ကြည့်၍ နားထောင်နေသော မြိုင်သည် အခန်းအတွင်း၌ ကိုတင်ဦးနှင့် ၎င်း၏ဧည့်သည်များ ပြောဆိုနေကြသော စကားကိုကား နားမလည်ပေ။ နောက်ထပ်၍ အဘယ်မျှကြာမြင့်အောင် စကားကောင်းနေကြလိမ့်မည်ကို မခန့်မှန်းတတ်၍ စောင့်ဆိုင်းနေရသော မိမိအလုပ်ကို စိတ်ညစ်ညူးသကဲ့သို့ ဖြစ်လာမိသည်။ သို့ရာတွင် အခန်းအတွင်းမှ ဧည့်သည်များ ပြန်ကြမည့်အကြောင်း နှုတ်ဆက်သံနှင့် ထိုင်ရာမှ ထသံများကို ကြားလိုက်ရသောအခါ စိတ်ညစ်ညူးခြင်းမှ မြိုင်သည် သက်သာရာရသွားလေ သည်။

အဝတ်အစားများ တောက်တောက်ပြောင်ပြောင်နှင့် လက်ဆွဲသားရေအိတ်ကြီးများကိုပါ ကိုင်ဆောင်ထားသော ဧည့်သည်နှစ်ယောက် ကိုတင်ဦး၏ အခန်းအတွင်းမှ ထွက်သွားသောအခါ မြိုင်သည် ကိုတင်ဦး၏ အခန်းအတွင်းသို့ ဣန္ဒြေရရနှင့် ဝင်လာခဲ့သည်။ စောစောက ဧည့်သည်များ ထွက်သွားကြပြီးနောက် မိမိ၏အလုပ်ကို စူးစူးစိုက်စိုက် လုပ်

ကိုင်လျက်ရှိသော ကိုတင်ဦးသည် မြိုင် ဝင်လာသည်ကို သတိမပြုလိုက်မိဘဲ ၎င်း ရေးလက်စဖြစ်သော ဆောင်းပါးတစ်ခုကိုသာလျှင် ခပ်တွင်တွင်ရေးလျက်ရှိပေသည်။

မြိုင်သည် ကုလားထိုင်အလွတ်တစ်လုံးတွင် ဣန္ဒြေရရ ဝင်၍ ထိုင်လိုက်ပြီးနောက် မိမိတစ်ယောက်လုံး ဝင်လာသည်ကိုမှ မမြင်နိုင်လောက်အောင် ၎င်း၏အလုပ်၌သာ စူးစိုက်လျက်ရှိနေသော ကိုတင်ဦးအား ကရုဏာသက်သော အကြည့်မျိုးဖြင့် ကြည့်လိုက်မိသည်။ ကိုတင်ဦးသည် ၎င်း၏ အပြီးသတ်ရန်ရှိသော ဆောင်းပါးကို တွင်တွင်ကြီးသာ အပြီးသတ် ရေးသားလျက်ရှိရာမှ ရေးသား၍ ပြီးစီးလျှင် ပြီးစီးချင်း ၎င်း၏ဖောင်တိန်ကို ဘေးသို့ ချလိုက်ပြီးနောက် သက်ပြင်းကိုလည်း ချလိုက်လေသည်။ သည်တော့မှပင် သူသည် မြိုင့်ကို မြင်သွားလေသည်။

"ဟင် .. မြိုင်ပါလား"

သူသည် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ အံ့ဩခြင်းလည်း ဖြစ်သွားပုံရလေသည်။

မြိုင်က ပြုံးလိုက်သည်။ ကိုတင်ဦး၏ လှုပ်လှုပ်ရှားရှားနှင့် အံ့အံ့ဩဩ ဖြစ်နေပုံကိုလည်း သဘောကျသလို ရွှန်းရွှန်းစားစား ကြည့်နေမိသည်။

"မြိုင် ... ဘယ်အချိန်က ဝင်လာမှန်းတောင် ကိုတင်ဦး မသိလိုက်ဘူး။ ထိုင်စောင့် နေရတာကော ကြာသွားပလားဟင်"

ဟု အားတောင့်အားနာ အမူအရာဖြင့် မြိုင့်အား ကိုတင်ဦးက မေးမြန်းလိုက်လေသည်။

"စောစောက ကိုတင်ဦး ဧည့်သည်တွေနဲ့ စကားပြောနေကတည်းက မြိုင် အပြင်မှာ ရောက်နေပြီး ဧည့်သည်တွေ ထွက်သွားတော့မှ မြိုင် ဝင်လာခဲ့တာပါ။ သိပ်တော့ မကြာသေးပါဘူး"

"မြိုင် .. အချိန်တော့ ရတယ်မဟုတ်လား"

ဟု ကိုတင်ဦးသည် ၎င်း၏လက်ပတ် နာရီကို မြှောက်၍ ကြည့်ရင်း မေးလိုက်သည်။

"ရပါတယ်၊ ဒါပေမဲ့ အိမ်ကို နေ့ခင်း လက်ဖက်ရည်သောက် အမီလောက်တော့ ပြန်ဦးမှထင်တယ်။ ဒါထက် အခု ဘယ်နှနာရီ

ထိုးသွားပလဲဟင် ကိုတင်ဦး"

"ဆယ့်တစ်နာရီခွဲသာသာပဲ ရှိပါသေးတယ်"

"ဒီလိုဆိုရင် မြိုင်တို့နာရီပြန်နှစ်ချက်လောက်အထိတော့ အေးအေးဆေးဆေး စကားပြောနိုင်ကြပါတယ်"

"ဒီအခန်းထဲမှာဆိုရင် မြိုင်နဲ့ ကိုတင်ဦးတို့ အေးအေးဆေးဆေး စကားပြောနိုင်မှာတော့ မဟုတ်ဘူး။ ဒါကြောင့် ကိုတင်ဦးငှားနေတဲ့အိမ်ကို အေးအေးဆေးဆေး သွားစကားပြောကြရအောင်နော် မြိုင်"

"ကိုတင်ဦး သဘောပဲလေ"

"ဒီနေရာက ဧည့်သည်တွေ လာလွန်းလို့မြိုင်နဲ့ လွတ်လွတ်လပ်လပ် အေးအေး ဆေးဆေး စကားပြောခွင့်ရမှာမဟုတ်ဘူး"

ဟု ပြောဆိုကာ ကိုတင်ဦးသည် ထိုင်နေရာမှ ရုတ်တရက် ထလိုက်ပြီးနောက်...

"မြိုင် ... ဒီအခန်းထဲမှာ ခဏကလေး စောင့်နေရစ်ဦးနော်၊ လက်ထောက်အယ်ဒီတာတစ်ယောက်ကို ကိုတင်ဦး မှာခဲ့စရာရှိသေးလို့"

ဟု ထပ်မံ ပြောဆိုကာ အခန်းတွင်းမှ ထွက်သွားလေသည်။ .

ငါးမိနစ်ခန့်မျှ ထိုင်၍ စောင့်နေရသည့်အတွင်း မိမိသဘောနှင့် မိမိဘာသာ စွန့်စွန့် စားစား ပြုလုပ်ခဲ့ပြီးသောအမှုကို မြိုင်သည် ပြန်၍ စဉ်းစားကြည့်မိသည်။ မိမိ၏ ကံကြမ္မာကို မိမိသဘောအတိုင်း ဖန်တီးရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်သော မြိုင်သည် မိမိ၏ စွန့်စားရ သော အလုပ်ကို ကျေနပ်လျက်ရှိသည်။ စိုးရိမ်ပူပန်ခြင်းနှင့် ရှက်ကြောက်ခြင်းဆို၍ ဘာမျှ မသိပေ။

ငါးမိနစ်ခန့်မျှ ကြာသောအခါ ကိုတင်ဦးသည် အခန်းအတွင်းသို့ ပြန်ဝင်လာပြီးနောက်...

"သွားကြမယ် မြိုင်"

ဟု မြိုင့်အား လှမ်း၍ ပြောရင်း ထရုံတွင် ချိတ်ထားသော ၎င်း၏အပေါ်အင်္ကျီကို ယူ၍ ဝတ်လေသည်။

မြိုင်သည် အခြားဘာကိုမျှ တွေးတောခြင်းမပြုဘဲ ကိုတင်ဦးခေါ်ရာသို့ သက်သက်သာသာ လိုက်ပါလာခဲ့လေသည်။ သတင်းစာတိုက်အောက်ထပ်သို့ ရောက်ရှိသောအခါ အဆင်သင့်တွေ့ ရသော မြင်းရထားတစ်စီးပေါ်သို့ နှစ်ယောက်သား တက်စီးကြ ပြီးလျှင် တစ်ယောက်နှင့်တစ်ယောက် စကားမပြောမဆိုဘဲ ငြိမ်သက်စွာ လိုက်ပါလာကြသည်။ မြင်းရထားသည် ဗိုလ်အောင်ကျော်လမ်းမှ ဗိုလ်ချုပ်အောင်ဆန်းလမ်းသို့ ချိုး၍ ရေကျော်ဘက်သို့ မောင်းလာခဲ့သည်။ ရေကျော်ဘက်သို့ရောက်သောအခါမှ ရေကျော်လမ်းအတိုင်း ဖဲ့၍ ဝင်လာခဲ့ပြီးနောက် အတန်ငယ်ကြာသောအခါ အိမ်ကြီးတစ်အိမ်ရှေ့တွင် ရပ်သွားလေသည်။

ကိုတင်ဦးသည် မြိုင့်အား ရထားပေါ်မှ ဆင်းစေပြီးနောက် ၎င်းတစ်ယောက်တည်း ငှားရမ်းနေထိုင်သောအခန်းသို့ ခေါ်ဆောင်လာခဲ့သည်။ သော့ပိတ်၍ ထားသော အိမ်ရှေ့ တံခါးမကြီးကို ဖွင့်ပြီးနောက် အိမ်ခန်းအတွင်းသို့ ဝင်လာမိသောအခါ စာအုပ်များ၊ သတင်းစာ ဂျာနယ်များဖြင့် ပွနေသော ကိုတင်ဦး၏အခန်းကို မြိုင်သည် စေ့စေ့စပ်စပ် သတိပြု ကြည့်ရှုမိလေသည်။

“သိမ်းမယ့်ဆည်းမယ့်လူကလည်း မရှိ၊ ကိုတင်ဦးကလည်း အချိန်အားမရတော့ တစ်ခန်းလုံး စာအုပ်တွေနဲ့ ပွနေတာပဲ မြိုင်ရယ်”

ဟု မြိုင့်အား အားနာသော အမူအရာ ဖြင့် စောင်းငဲ့၍ ကြည့်ရှုရင်းကိုတင်ဦးက ပြောဆိုလိုက်သည်။

“ကိုတင်ဦးကို ကြည့်ရှုစောင့်ရှောက်ပေးမယ့်လူ မရှိဘူးထင်တယ်”

ဟု မြိုင်က ပင့်ကူအိမ်များ ငြိတွယ်လျက်ရှိသော မျက်နှာကြက်ကို မော့၍ ကြည့်ရင်း မေးမြန်းလိုက် မိသည်။

“ကျောင်းက ထွက်လာတဲ့နေ့ကစပြီး ဒီလိုပဲနေလာခဲ့ရတာပဲ မြိုင်”

ဟု ပြောရင်း ကိုတင်ဦးသည် အိမ်ရှေ့ပြတင်းပေါက်များကို လှော်ျက်၍ ဖွင့်လေသည်။

မြိုင်သည် ကိုတင်ဦး၏ ခေါက်ခုတင်ခြေရင်းဘက် ကြိုးတန်းတွင် တွဲလွဲတွဲလောင်း ဖြစ်နေသော အဝတ်အစားဟောင်းများကို လှမ်း၍ ကြည့်နေရာမှ...

"ကိုတင်ဦး ထမင်းစားတော့ ဘယ်မှာ စားသလဲဟင်"

ဟု မေးမြန်းလိုက်မိသည်။

ပြတင်းပေါက်များကို ဖွင့်ပြီးနောက် ၎င်းအိပ်စက်သော ခေါက်ခုတင်ဘေးရှိ စာရေး စားပွဲနှင့် ကုလားထိုင်ကို နေသားတကျဖြစ်အောင် ပြောင်းရွှေ့လျက်ရှိရာမှ...

"ရေကျော်ထဲ အဒေါ်ကြီးတစ်ယောက်ဆီမှာ ထမင်းလခပေးစားတယ်။ ချိုင့်နဲ့ လာလာပို့ပေးတယ် လေ"

ဟု မြိုင့်အား လှည့်မကြည့်ဘဲ ပြန်ပြောသည်။

တစ်ယောက်တည်းဖြစ်တတ်သလို ကသီကရီ နေထိုင်လျက်ရှိသော ကိုတင်ဦး အပေါ်၌ မြိုင်သည် အံ့ဩသကဲ့သို့လည်းကောင်း၊ သနားသကဲ့သို့လည်းကောင်း ဖြစ်မိလေသည်။ ထို့ကြောင့် နောက်ထပ်၍ ဘာမျှ မေးမြန်းခြင်းမပြုတော့ဘဲ အိမ်ရှေ့ ပြတင်းပေါက်ဘက်သို့ ထွက်လာခဲ့ပြီးလျှင် ပြတင်းပေါက်ဝရပ်လျက် အပြင်ဘက်သို့ လှမ်းကြည့်နေမိသည်။

ကိုတင်ဦးသည် ၎င်း၏စာရေးစားပွဲနှင့် ကုလားထိုင်များကို ပြင်ဆင်ရှင်းလင်းပြီး စီးသွားသောအခါ...

"မတ်တတ်ကြီးရပ်နေရတာ မညောင်းသေးဘူးလား မြိုင်၊ လာလေ .. ဒီမှာထိုင်ပါ။ ပြီးတော့မှပဲ အေးအေးဆေးဆေး စကားပြောကြတာပေါ့"

ဟု မြိုင့်အား လှမ်း၍ ခေါ်လိုက်သည်။

မြိုင်သည် စာရေးစားပွဲကုလားထိုင်တွင် လာ၍ ဣန္ဒြေရရ ထိုင်လိုက်သောအခါ အခြားကုလားထိုင်အပိုမရှိသော ကိုတင်ဦးသည် ၎င်း၏ ခေါက်ခုတင်ထက်တွင် ထိုင်ရလေသည်။ တစ်ယောက်နှင့်တစ်ယောက် ယခုကဲ့သို့ လွတ်လွတ်လပ်လပ်နှင့် နှစ်ယောက်တည်း မျက်နှာချင်းဆိုင်

ထိုင်လိုက်ကြရသောအခါတွင်ကား တစ်ဦးကိုတစ်ဦးက ရဲရဲဝံ့ဝံ့ မကြည့်ရဲကြဘဲ မျက်နှာလွှဲ၍ နေကြသည်။

မြိုင်သည် ကိုတင်ဦး၏စာရေးစားပွဲပေါ်မှ "တရုတ်ပြည်၏ ပြန်လည်ထူထောင် ရေး"ဆိုသော ရုပ်စုံဂျာနယ်တစ်ခုကို လှမ်းယူကာ တစ်ရွက်ချင်း ခပ်ဖြည်းဖြည်းလှန်၍ ကြည့်နေသည်။ ကိုတင်ဦးကတော့ မြိုင့်အား မေးမြန်းပြောဆိုစရာရှိသော စကားစကို ရှာဖွေမရသကဲ့သို့ ဖြစ်နေပုံရလေသည်။ ဤကဲ့သို့ တစ်ယောက်နှင့်တစ်ယောက် နီးနီး ကပ်ကပ် မျက်နှာချင်းဆိုင်၍ ထိုင်နေကြသော်လည်း စကားမပြောမိသေးဘဲ ရှိနေရာမှ...

"အခု ဘယ်နှနာရီထိုးသွားပြီလဲဟင် ကိုတင်ဦး။ မြိုင် နှစ်နာရီလောက်တော့ ပြန်မှဖြစ်မယ်"

ဟု မြိုင်က ၎င်း၏လက်ပတ်နာရီကို မကြည့်ဘဲ ကိုတင်ဦးအား လှမ်း၍ မေးလိုက်သည်။

"ဆယ့်နှစ်နာရီခွဲရှိပါသေးတယ် မြိုင်။ နောက်ထပ်ပြီး တစ်နာရီခွဲလောက်တော့ စကားပြောနိုင်ပါလိမ့်ဦးမယ်"

ကိုတင်ဦးသည် ၎င်း၏လက်ပတ်နာရီကို မြှောက်၍ ကြည့်ရင်းပြောလိုက်သည်။

"ကိုတင်ဦးဆီက စာကို မြိုင် ဖတ်ရပါတယ်"

မြိုင်ကပင် စကားစကို ဖော်ရလေ သည်။

"တော်တော်ကလေး အချိန်ယူစဉ်းစားပြီးမှ အဲဒီစာကို ရေးလိုက်တာပဲ မြိုင်။ ကိုတင်ဦးအနေနဲ့ လောစရာမဟုတ်တာကို လောနေတယ်လို့တော့ မထင်စေချင်ဘူး"

"မြိုင်က လောတယ်လို့လည်း မပြောရသေးပါဘူးလေ"

"လွဲလွဲတို့ခြံကြီးထဲမှာ ကိုတင်ဦးနဲ့ နောက်ဆုံးတွေ့ ခဲ့ရပြီးကတည်းက မြိုင် တော်တော်အချိန်ယူပြီး စဉ်းစားလာခဲ့တယ် ကိုတင်ဦး။ နောက်ဆုံး မြိုင့်ဘာသာမြိုင် ဆုံးဖြတ် လိုက်ပြီးပြီဆိုတာ ကိုတင်ဦး သိထားဖို့ပြောပြချင်တယ်"

"ကိုတင်ဦးအတွက် ဝမ်းသာစရာ ဆုံးဖြတ်ချက်ပဲ မဟုတ်ပါလား ဟင်"

မြိုင်သည် ဦးခေါင်းကိုသာ ညိတ်ပြခဲ့ပြီးနောက် ထိုင်ရာမှ ရုတ်တရက်ထပြီးလျှင် ခပ်စောစောက ရပ်နေခဲ့သော အိမ်ရှေ့ပြတင်းပေါက်ဆီသို့ လျှောက်သွားလေသည်။ ကိုတင်ဦးသည် ခေါက်ခုတင်ပေါ်က ဆင်း၍ မြိုင့်နောက်သို့ လိုက်ပါသွားလေသည်။

"မြိုင်ဆုံးဖြတ်ပြီးရင် ကိုတင်ဦးနဲ့ မြိုင် ဘယ်တော့လောက် လက်ထပ်ကြဖို့ စိတ် ကူးထားသလဲဆိုတာ ကိုတင်ဦးကို သိခွင့်ပေးပါလား မြိုင်"

ပြတင်းပေါက်မှနေ၍ အပြင်ဘက်သို့စူးစိုက်၍ ကြည့်နေရာမှ မြိုင်သည် ၎င်း၏ ကျောနောက်နားတွင် ရပ်နေသော ကိုတင်ဦးအား ပြန်လှည့်၍ ကြည့်ရင်း...

"လက်ထပ်ဖို့ ကိစ္စကတော့ ကိုတင်ဦးအတွက်ရော၊ မြိုင့်အတွက်ပါ အလျဉ်းသင့်တဲ့အချိန်ကို ရွေးကြတာပေါ့ ဟုတ်လား။ ဒီကြားထဲမှာ လက်ထပ်ဖို့အတွက် နှစ်ဦးစလုံး အဆင်သင့်ပြင်ဆင်နိုင်ကြ တာပေါ့"

ဟု ဖြည်းညင်းစွာပြန်၍ ပြောလေသည်။

"လက်ထပ်ဖို့ကတော့ တရားရုံးတစ်ခုခုမှာပဲ လက်ထပ်ကြရလိမ့်မယ်ထင်တယ်မြိုင်"

"မြိုင်လည်း ဒီနည်းပဲ စဉ်းစားမိထားတယ်"

"လက်ထပ်ပြီးတဲ့နောက် လေးငါးခြောက်လလောက်အထိတော့ ဒီအိမ်မှာပဲ နေရလိမ့်ဦးမယ်ထင်တယ် မြိုင်။ အဲဒီနောက်မှပဲ ဒီထက်ကျယ်တဲ့အိမ်တစ်လုံးကို ရှာငှားရမှာ"

"ကိုယ့်အိမ်ထောင်နဲ့ကိုယ် ဖြစ်လာတဲ့အခါကျတော့ ကိုယ့်မိတ်နဲ့ကိုယ်၊ အိမ်ကတော့ ကျယ်ကျယ်ဝန်းဝန်း ခံ့ခံ့ညားညားကလေးဖြစ်မှပဲ ကောင်းမယ်"

"ဒီအတွက် ကိုတင်ဦး တတ်နိုင်သလောက်တော့ ကြိုးစားပါ့မယ်လေ"

"ကိုတင်ဦး အခု လူပျိုကိုယ်လွတ်ဘဝနဲ့ နေသလိုနေလို့ မဖြစ်တော့ဘူးနော်"

"မြိုင်လည်းရှိနေပြီမဟုတ်လား၊ ခုလို တစ်အိမ်လုံး စာအုပ်တွေနဲ့ ဘယ်ပွနေတော့ မှာလဲ"

"အိမ်ထောင်သစ်တစ်ခုကိုထူရင် တော်တော် ဝယ်ရချမ်းရလိမ့်မယ်"

"ဖြည်းဖြည်းတော့ စုရတာပေါ့မြိုင်။ အိမ်ထောင်တစ်ခုဆိုတာ စုလို့ပြည့်နိုင်တယ် မရှိဘူးလို့ ပြောသံဆိုသံ ကြားဖူးတယ်"

"ကိုတင်ဦးရော မြိုင်ပါ လူအကဲ့ရဲ့ မခံရဖို့ လိုတယ်နော်"

"ကဲ့ရဲ့ချင်တဲ့လူတွေကိုတော့ ဘယ်လိုပဲ ကဲ့ရဲ့မခံရအောင် လုပ်လုပ် လုပ်လို့ရမှာတော့ မဟုတ်ဘူးထင်တယ်မြိုင်။ ကိုတင်ဦး သဘောကတော့ ကိုယ်မှန်တယ်ထင်တာကို လုပ်ရတဲ့အခါ ဘယ်သူကပဲ လဲသေအောင် ကဲ့ရဲ့နေကဲ့ရဲ့နေ သိပ်ဂရုစိုက်တတ်တဲ့အကျင့်တော့ မရှိဘူးနော်"

"လူအများနဲ့ နေရတဲ့အခါ ဘေးလူတွေကိုတော့ ဂရုစိုက်တန်သလောက် စိုက်သင့်တယ်ထင်တယ် ကိုတင်ဦး။ ဒါကတော့ မြိုင့်သဘောထားကို ကိုတင်ဦး သိထားသင့်တယ်လို့ပြောပြထားတာပဲလေ"

"ဘေးလူတွေကို ကိုတင်ဦးပြောတာတော့ မဟုတ်ပါဘူး။ ကဲ့ရဲ့ချင်နေတဲ့လူတွေကိုသာ ပြောတာပါ"

"နောက်ပြီးတော့ မြိုင့်ကိစ္စကိုလည်း ကိုတင်ဦး စဉ်းစားမိထားဖို့လိုတာ ရှိသေးတယ်ထင်တယ်။ မြိုင်ဟာ လူကြီးမိဘတွေလက်နဲ့ ရေးထားတာကို ခြေနဲ့ဖျက်ပြီး ကိုတင်ဦးနောက်ကို လိုက်လာခဲ့ရမှာနော်။ အဲဒီတော့ မြိုင့်သဘောနဲ့ မြိုင် အိမ်ထောင်ပြုပြီးတဲ့ နောက်ပိုင်းမှာ သူတို့ရဲ့ အထင်သေးအမြင်သေးတော့ မခံချင်ဘူး။ ဒါကိုတော့ မြိုင် ခပ်ရှင်းရှင်း ပြောပြထားချင်တယ်"

"ဒီလိုတော့ မဖြစ်စေရပါဘူး မြိုင်ရယ်။ သိပ်လည်း အစိုးရိမ်မကြီးပါနဲ့လေ"

"လူကြီးမိဘတွေကို ပုန်ကန်ပြီးထွက်လာခဲ့တဲ့နောက်ပိုင်းမှာ ဘယ်သူ အကဲ့ရဲ့နဲ့ အပြောအဆိုမခံရအောင် မြိုင့်အိမ်ထောင်နဲ့မြိုင် ပျော်ပျော်ကြီး နေချင်တယ်။ ဒီတစ်ခု ကိုသာပဲ ကိုတင်ဦးဆီက မြိုင် ကတိရချင်တယ်"

"စိတ်သာချပါ မြိုင်။ ကိုတင်ဦး ကတိပေးပါတယ်"

"ကိုတင်ဦး အခုပေးတဲ့ ကတိအတိုင်းဖြစ်အောင်သာ ကြိုးစားပါ။ ဪ ... နောက် ပြီးတော့ အခုလို မြိုင်နဲ့ ကိုတင်ဦးတို့နှစ်ယောက်တည်း သဘောတူစေ့စပ်ထားကြတဲ့ ကိစ္စနဲ့ လက်ထပ်ဖို့ အစီအစဉ်တွေကို အခုအခိုက်အတန့်အတွင်း လျှို့ဝှက်ထားဖို့ လိုလိမ့်ဦးမယ် ထင်တယ်။ လက်ထပ်နိုင်လောက်ကြတဲ့အချိန်ရောက်တော့မှ ဘယ်သူပဲ သိသိပေါ့"

"ဒါကတော့ မြိုင့်သဘောအတိုင်း လုပ်တာပေါ့လေ"

"နှစ်ဦးစလုံးသဘောတူမှ ပိုကောင်းမယ်"

"မိန်းမသားဘက်က ဦးစားပေးစဉ်းစားရလိမ့်မယ်ထင်တယ် မြိုင်"

"ဒါကိုတော့ သဘောတူကြပြီ။ နောက်ထပ် ကိုတင်ဦးဘက်က ပြောချင်တာများ ရှိသေးသလားဟင်"

"ကိုယ် အင်မတန်နှစ်သက်နေတဲ့ မိန်းမသားတစ်ယောက်ဆီက လက်ထပ်ဖို့ ကတိ ရပြီးတဲ့နောက် ဘာများပြောစရာလိုဦးမှာလဲ၊ ကိုတင်ဦး ဘာမှပြောစရာမရှိပါဘူး"

"နောက်ထပ် ဘာမှပြောစရာမရှိတော့ရင်လည်း မြိုင်ပြန်ချင်ပြီ။ ပြန်မယ်နော်။ ကိုတင်ဦးလည်း သတင်းစာတိုက်က အလုပ်တွေ ရှိနေသေးတယ်မဟုတ်လား"

ကိုတင်ဦးသည် ၎င်း၏လက်ပတ်နာရီကို မြှောက်၍ ကြည့်ရင်း...

"အခုမှ တစ်နာရီနဲ့ ဆယ့်ငါးမိနစ်သာသာကလေး ရှိပါသေးတယ် မြိုင်။ ဒီ့ပြင် စကားကလေးဘာလေး ပြောရအောင် နာရီဝက်လောက် နေနိုင်ရင် နေပါဦးလားဟင်"

ဟု မြိုင့်အား ရုတ်တရက် မပြန် သေးရန် ပြောဆိုလိုက်သည်။

မြိုင်သည် ၎င်း၏လက်ပတ်နာရီကို ငုံ့၍ ကြည့်လေသည်။ ၂ နာရီလောက် အိမ်သို့ ပြန်မည်ဟု စောစောက အောက်မေ့ထားခဲ့သော မြိုင်သည် ကိုတင်ဦးနှင့်အတူ နောက်ထပ်၍ နာရီဝက်ခန့်မနေနိုင်ရန်အကြောင်းတော့ မရှိလှပေ။ သို့ရာတွင် ပြောဆိုစရာရှိသော ကိစ္စများကို ပြောဆိုပြီးစီးသွားပြီဖြစ်သောကြောင့် မြိုင်သည် အခန်းထဲတွင် နောက်ထပ် မနေလိုတော့ပေ။

"ပြောစရာကိစ္စတွေလည်း ပြောပြီးကြပြီမဟုတ်လား ကိုတင်ဦး"

"ဒို့ပြင် မြိုင် စိတ်ဝင်စားတဲ့ကိစ္စတစ်ခုခုအကြောင်း ပြောကြသေးတာပေါ့ မြိုင်။ ဩော် .. ကိုတင်ဦးပေးလိုက်တဲ့ ပြဇာတ်ကိုကော ဖတ်ပြီးသွားပလား"

"ဒီအကြောင်းတွေကို လက်ထပ်ပြီးတဲ့နောက်ပိုင်း ကိုယ့်အိမ်နဲ့ကိုယ် လွတ်လွတ် လပ်လပ်နေနိုင်တော့တဲ့အခါမှ အေးအေးဆေးဆေးပြောကြတာပေါ့ ကိုတင်ဦး။ အခု မြိုင် အိမ်ပြန်ချင်ပြီ"

ဟု မြိုင်က အိမ်ပြန်လိုသည့်အကြောင်းကိုသာ ပြောဆိုလျက်ရှိသဖြင့် ကိုတင်ဦးသည် အလျှော့ပေးလိုက်ရပြီးနောက် မြိုင့်အား အိမ်ပြန်ပို့နိုင်ရန် စီစဉ်ရလေတော့သည်။

ကိုတင်ဦးအား သွားရောက်တွေ့ဆုံကာ မိမိ၏ သဘောထားနှင့် ဆန္ဒကို ပွင့်ပွင့်လင်းလင်း ဖွင့်ဟပြောဆို၍ ပြန်လာခဲ့ပြီးနောက် တနင်္ဂနွေနေ့ နှစ်ပတ်ခန့် မြိုင်သည် အိမ်မှ ဘယ်သို့မျှမသွားဘဲ မိမိရှေ့ နေရေးထိုင်ရေးကိစ္စများကို စဉ်းစားလျက်ရှိလေသည်။

လူကြီးမိဘများက စီစဉ်ကြသောကိစ္စကို ပယ်ဖျက်ကာ မိမိနှစ်သက်သော လူတစ်ယောက်နှင့် လက်ထပ်သောအခါတွင် မလွှဲသာမရှောင်သာ ရင်ဆိုင်ရမည့် အလားအလာများကို စဉ်းစားရင်း ပြင်ဆင်စရာရှိသမျှအတွက်လည်း ပြင်ဆင်ရပေသည်။

ကိုတင်ဦးနှင့် လက်ထပ်လိုက်ပြီးနောက်တွင် မိမိဖခင်ထံမှ မိမိ ရစရာရှိသော အခွင့်အရေးနှင့် အကျိုးစီးပွားကို မြိုင်သည် မျှော်လင့်၍

မဖြစ်တော့ပေ။ ကိုတင်ဦးရဲ့ ဝင်ငွေကို သာလျှင် အားပြု၍ စားသောက်နေထိုင်ရပေတော့မည်ဖြစ်သည်။ ဤရွှေတောင်ကြားအိမ်ကြီးအား မြိုင်၏ဖခင်သည် မြိုင့်အတွက် ရည်ရွယ်ထားကြောင်း သိရှိခဲ့ရဖူးသော်လည်း ဖခင်သဘောမတူနိုင်သော လူတစ်ယောက်နှင့် လက်ထပ်ပြီးစီးသောအချိန်တွင် မြိုင်သည် မျှော်လင့်နိုင်ရန် အကြောင်းများစွာ မရှိလှတော့ပေ။ ဘဏ်၌ထားရှိခဲ့သော ငွေပိုငွေလျှံကိုလည်း အစ်ကို ကိုဇော်ဝင်း၏ ပညာသင်ကြားရေးစရိတ်အတွက် ထုတ်ပေးလိုက်ရပြီဖြစ်၍ ဘာမျှမကျန်ရှိတော့ပေ။ မြိုင်၏မိခင် အသက်ရှင်စဉ်က ဝတ်စားဆင်ယင်သော ပစ္စည်းများအနက် တစ်ဝက်ကို ထုခွဲရောင်းချ၍ ကိုဇော်ဝင်း ဘိလပ်သို့ ပညာသွားသင်သောနှစ် က ပေးကမ်းလိုက်ရသဖြင့် ယခုအခါတွင် လက်စွပ်တစ်ကွင်း၊ လက်ကောက်တစ်ရန်နှင့် ကြယ်သီးတစ်စုံသာလျှင် ကျန်ပေတော့သည်။ ဤပစ္စည်းများကို ယခုအခါတွင် မြိုင်သည် ဝတ်ဆင်ထားရသေးသော်လည်း ကိုတင်ဦးနှင့် လက်ထပ်မည့်နေ့တွင် ကင်းကင်းရှင်းရှင်း ပြန်ပေးထားခဲ့ရန် စဉ်းစားထားသည်။ မိဘအိမ်တွင်နေထိုင်လျက်ရှိစဉ် မိဘ၏ပစ္စည်းကို ဝတ်စားသုံးစွဲနိုင်သော်လည်း မိမိလင် မိမိအိုးအိမ်နှင့် နေထိုင်သောအချိန်၌မူကား မိဘများနှင့် ကင်းရှင်းဖို့လိုပေသည်။

ကိုတင်ဦးနှင့်တွေ့ဆုံ၍ အိမ်သို့ပြန်လာပြီးသောနေ့ကစ၍ မြိုင်သည် ယခင်က ဝတ်ဆင်လေ့ရှိသော လက်စွပ်နှင့် ကြယ်သီးတို့ကို ဝတ်ဆင်ခြင်းမပြုတော့ဘဲ သိမ်းဆည်းထား လိုက်သည်။ ဤအိမ်ကြီးပေါ်မှ ဆင်းသွားရသောတစ်နေ့တွင် ဖခင်လုပ်သူအား ပြန်လည် ပေးအပ်ထားခဲ့ရန်လည်း စိတ်ကူးထားပြီးဖြစ်လေသည်။

ခါတိုင်း မြိုင်ဝတ်ဆင်ထားလေ့ရှိသော ကြယ်သီးနှင့် လက်စွပ်ဝတ်ထားသည်ကိုပင် မမြင်သော ဒေါ်လေး ဒေါ်စောခင်က မြိုင့်ကို မေးသေးသည်။ မြိုင်က ကြည့်ကောင်းအောင် ဖြေလိုက်ရသည်။

တနင်္ဂနွေနှစ်ပတ်ခန့်အတွင်း မြိုင်သည် အိမ်မှ ဘယ်သို့မျှ သွားရောက်လည်ပတ်ခြင်း မပြုသကဲ့သို့ မည်သည့်အသိမိတ်ဆွေတစ်ယောက်တလေမျှလည်း မြိုင့်ထံသို့ အလည် အပတ်လာရောက်ခြင်းမရှိပေ။ မြိုင်သည် များစွာ ပျင်းရိထိုင်းမှိုင်း၍ နေလေသည်။

ဤကဲ့သို့ ပျင်းရိထိုင်းမှိုင်း၍ နေသော တစ်နေ့လယ်ခင်းတွင်

မမျှော်လင့်ဘဲ မောင်မောင်လတ်သည် ၎င်း၏ကားကလေးဖြင့် မြိုင်တို့အိမ်သို့ ရုတ်တရက်ဝင်လာသည်။ မောင်မောင်လတ်သည် အိမ်အောက်ထပ်တွင် အခန့်သင့်တွေ့ ရသော ဒေါ်လေးဒေါ်စောခင်အား ပြောစရာရှိသမျှကို ခပ်တိုတိုတုတ်တုတ်ပြောကြပြီးနောက်...

"မြိုင်တစ်ယောက် မမြင်မိပါကလား ဒေါ်လေးရဲ့"

ဟု အနီးအနားတွင် မြိုင့်ကို မတွေ့ မမြင်မိသောကြောင့် မေးလိုက်မိလေသည်။

"မြိုင်တစ်ယောက်လည်း ဘာဖြစ်နေတယ်တော့ မပြောတတ်ပါဘူးကွယ်။ သူ့ အခန်းထဲကတောင် မထွက်တော့ဘူး"

ဟု ဒေါ်လေးဒေါ်စောခင်က အကြောင်းမသိရှာသဖြင့် သူ့တူမအကြောင်းကို တူလုပ်သူအရှေ့တွင် ညည်းညူလိုက်သည်။

"ဪ ... သူ့အခန်းထဲမှာလား"

ဟုသာ ပြောဆိုပြီးနောက် မောင်မောင်လတ်သည် အိမ်အပေါ်ထပ်သို့ ခပ်သုတ်သုတ်တက်လာခဲ့လေသည်။

မမျှော်လင့်ဘဲ ရုတ်တရက် မိမိအခန်းထဲသို့ တန်းတန်းမတ်မတ် ဝင်၍ လာသော မောင်မောင်လတ်ကို ကဗျာစာအုပ်တစ်အုပ် ဖတ်နေရာမှ လှမ်း၍ မြင်လိုက်သော မြိုင်သည် ဝမ်းသာသွားလေသည်။ ယခင်ကာလများက မိမိ ယုယုယယ စိုက်ပျိုးထားခဲ့ရသော နှင်းဆီ ပန်းများကို တိတ်တဆိတ် ခိုးယူ၍ သူနောက်ပိုးပိုးနေသော ကချေသည်မကို လက်ဆောင် ပေးလေ့ရှိနေခဲ့သော မောင်မောင်လတ်အား မြိုင်သည် ယခုအခါ၀ယ် မုန်းတီးခြင်းမရှိတော့ပေ။

"ကိုကိုလတ်ပါလား၊ ဘယ်ကလှည့်ဝင်လာတာလဲဟင်"

ဟု မြိုင်သည် ခုတင်ပေါ် ၌ လှည့်၍ ကဗျာစာအုပ်ကို ဖတ်၍ နေရာမှ စာအုပ်ကို ဘေးသို့ချထားလိုက်ပြီးနောက် ခုတင်ပေါ်မှ ဆင်းလာရင်း မေးလိုက်သည်။

"မေမေက ဒေါ်လေးကိုရော၊ မြိုင့်ကိုပါ အိမ်မှာ လက်ဖက်ရည်သောက်ဖို့ ကိုလတ်ကို အခေါ်ခိုင်းလိုက်လို့

လာခေါ်ရတာပါကွယ်"

ဟု ပြောကာ မြိုင်၏အလှပြင် မှန်တင်ခုံ ဘေးရှိ ကုလားထိုင်တွင် ဝင်၍ ထိုင်ရင်း မှန်တင်ခုံပေါ်မှ ကိုတင်ဦးက မြိုင့်အား ယခင်က ပေးထားသော ပြဇာတ်စာအုပ်ကို လှန်လှောကြည့်ရှုနေလေသည်။

"ကြီးကြီးက လက်ဖက်ရည်သောက်ရအောင် အခေါ်ခိုင်းလိုက်တယ် ဟုတ်လား ကိုကိုလတ်"

မြိုင်သည် ထဘီကိုပြင်၍ ဝတ်ရင်း ပြန်မေးလိုက်မိသည်။

"ဒီစာအုပ်က ကိုတင်ဦးပေးလိုက်လို့ ကိုလတ် ယူလာပေးရတဲ့ စာအုပ်မဟုတ်လား မြိုင်"

မောင်မောင်လတ်သည် မြိုင်၏အမေးကို ဖြေကြားရန်မလိုတော့သကဲ့သို့ ၎င်းကပင် မေးခွန်းထုတ်လိုက်လေသည်။

မြိုင်ကလည်း မောင်မောင်လတ်အလားတူ ၎င်း၏မေးခွန်းကို ပြန်လည်ဖြေကြား ခြင်းမပြုဘဲ...

"ကိုကိုလတ်မိန်းမကော တော်တော်ကလေး နေထိုင်ကောင်းသွားပလား ဟင်"

မမေးစဖူးသော မေးခွန်းအသစ်တစ်ခုကို လွှတ်ခနဲမေးလိုက်မိလေသည်။

တစ်ကြိမ်သောအခါက ကချေသည်မကို ယူခဲ့မိသော မိမိအား ပြင်းပြင်းထန်ထန် ရှုတ်ချကန့်ကွက်ခဲ့ဖူးသော နှမလုပ်သူက ယခုကဲ့သို့ မိမိမယားလုပ်သူ၏ ကျန်းမာရေးကို ထူးထူးခြားခြား မေးလာသဖြင့် မောင်မောင်လတ်သည် ပြန်လည်ပြောကြားရန်ရှိသော စကားကို မပြောကြားနိုင်သေးဘဲ နှုတ်အနေမိသည်။

"တစ်လောက ကိုကိုလတ်မိန်းမ တော်တော်ကလေး နေမကောင်း ထိုင်မကောင်း ဖြစ်နေတယ်လို့ ကိုကိုလတ်က ပြောဖူးလို့ အခု နေထိုင်ကောင်းသွားပလားလို့ မေးတာပါ"

ဟု မြိုင်က ထပ်၍ ပြောလေသည်။

"မြိုင်က ကိုယ့်ယောက်မကို အသိအမှတ်ပြုပြီးမေးဖော် မြန်းဖော်တောင် ရလာပါပကောလား"

"ဘယ်က မြိုင့်ယောက်မရမှာလဲ၊ ပြောရော့မယ် ကိုကိုလတ်တစ်ယောက်ကလည်း"

မိမိဘာသာ မိမိအခိပ္ပာယ်ဖြင့် မြိုင်သည် ရုတ်တရက် ပြန်ပြောလိုက်မိသည်။

"မြိုင်တစ်ယောက်လည်း ဘာများဖြစ်နေတယ် မပြောတတ်တော့ပါဘူးကွယ်။ ကိုယ့်အစ်ကိုရဲ့ မိန်းမမို့ ယောက်မလို့ ပြောတာကိုပဲ"

စောစောက မိမိဘာသာမိမိ မလုံ၍ အဓိပ္ပာယ်အကောက်လွဲသွားသော မိမိ၏အဖြစ်ကို မြိုင်သည် ယခုမှပင် သတိပြုမိလေသည်။ ထို့ကြောင့် ဘာမှပြန်မပြောတော့ဘဲ အရှက်ပြေ ပြုံးလိုက်ရလေသည်။

"ဒါထက် မြိုင်၊ ခုတလော လဲ့လဲ့တို့နဲ့ တွေ့သေးသလား ဟင်"

ဟု မောင်မောင်လတ်က မေးခွန်းအသစ်တစ်ခုကို ရုတ်တရက် ကောက်၍ မေးလိုက် သည်။

"မတွေ့ တာ တော်တော်ကြာသွားပြီ။ ကိုကိုလတ် ဘာသိချင်လို့လဲ"

"ကိုလတ်နဲ့ ကိုလတ်မိန်းမတို့ကိစ္စကို ဘာများပြောနေဆိုနေကြသေးသလဲဆိုတာ သိချင်လို့ပါ"

"ကိုကိုလတ်တို့ကိစ္စကို လဲ့လဲ့ပါ သိသွားပြီပေါ့။ ဟုတ်လားဟင်။ ကိုကိုလတ် လေးငါးရက်လောက်က ကိုသက်တင်နဲ့ ပြည်ထောင်စုကလပ်မှာတွေ့ လို့ သူက ပြောပြတာပဲလေ"

"ဩော် ... ကိုသက်တင်နဲ့ ကိုကိုလတ် တွေ့ကြသေးသကိုး"

"တွေ့ လို့ လူချင်းတောင် စကားပြောအဆင်မသင့်လို့

ကတောက်ကဆ ဖြစ်ခဲ့ရ သေးတယ်”

“ဘယ်လို ဖြစ်ကြလို့လဲ”

“ကိုသက်တင်က ကိုလတ်မိန်းမအပေါ် ကိုလတ်က စိတ်ပျက်အောင် မဟုတ်က ဟုတ်က သတင်းတွေလျှောက်ပြောလို့ပါကွယ်။ သူလည်း သူ့အဒေါ်ရဲ့ ပယောဂဝင်နေ တယ်ထင်တယ်”

“ဘာတွေ မဟုတ်ကဟုတ်က ပြောလို့လဲ ကိုကိုလတ်ရဲ့”

“ဒီအကြောင်းတွေ ပြောနေလို့လည်း အလကားပါပဲကွယ်။ ကိုင်း... ကိုလတ်တို့ သွားကြမှပဲထင်တယ်။ မေမေလည်း စောင့်နေရှာရော့မယ်”

"ကိုကိုလတ် အောက်ထပ်က စောင့်နေလေ။ မြိုင် အဝတ်အစားလဲလိုက်ပါရစေ ဦး"

ဟု မြိုင်က ပြောလိုက်တော့မှ မောင်မောင်လတ်သည် မြိုင်၏အခန်းအတွင်းမှ ထွက်သွားပြီးလျှင် အိမ်အောက်ထပ်သို့ ဆင်းသွားလေသည်။

အခန်း[၁၅]

(က)

ကံဘဲ့ဘက်မှ ကြီးတော်လုပ်သူက မြိုင်တို့တူအရီးနှစ်ယောက်အား ၎င်းနှင့်အတူ လာရောက်၍ လက်ဖက်ရည်သောက်ရန် မောင်မောင်လတ်အား စေလွှတ်၍ အခေါ်ခိုင်း လိုက်ခြင်းမှာ စင်စစ်တော့ မြိုင်၏ အိမ်ထောင်ရေးကိစ္စအတွက် ပြောဆိုရန်ရှိသမျှကို ပြောဆိုဖို့အတွက်သာ ဖြစ်လေသည်။ လက်ဖက်ရည်စားပွဲတွင် ဝိုင်း၍ ထိုင်မိကြသောအခါ မောင်မောင်လတ်သည် မရှိတော့ပေ။ ၎င်း၏မိခင်က ပိုက်ဆံပေး၍ အိမ်မှနှင်လွှတ်လိုက် ပြီဖြစ်သည်။

"ကိုကိုလတ်တစ်ယောက်ကော လက်ဖက်ရည်မသောက်သေးဘူးလား"

မောင်မောင်လတ်ကို လက်ဖက်ရည်စားပွဲတွင် မမြင်မိသော မြိုင်က မေးလိုက်မိသည်။

"ကြီးကြီးနဲ့ မြိုင်နဲ့ စကားပြောစရာရှိတာတွေကို မောင်လတ် မကြားစေချင်လို့ ကြီးကြီး ပြန်လွှတ်လိုက်တယ်"

ဟု ကြီးတော်လုပ်သူက ပြောဆိုလိုက်တော့မှပင် မြိုင်သည် မိမိအား လက်ဖက်ရည်သောက် အခေါ်ခိုင်းလိုက်သောကိစ္စနှင့် ရည်ရွယ်ချက်ကို ရိပ်မိလေတော့သည်။ သို့ရာတွင် မြိုင် ရိပ်မိသောအချိန်သည် နှောင်းခဲ့ပြီဖြစ်ရကား မကြားနာလိုသောကိစ္စကို မလွှဲသာမရှောင်သာ ကြားနာခြင်းပြုရပေတော့မည်။ ခုခံစရာရှိသော ကိစ္စကိုလည်း ကာကွယ်ခုခံခြင်းပြုရန် အသင့်ပြင်ရပေတော့သည်။

ကြီးတော်လုပ်သူ ပြောဆိုမည့်စကားကို နားစွင့်ရင်း မြိုင်သည် မုန့်ပန်းကန်ထဲ၌ လှီးထားသော သစ်သီးကိတ်မုန့်တစ်ချပ်ကို လှမ်းယူလိုက်ပြီးနောက် ခပ်အေးအေး စားလေ သည်။ ဘေးမှ လက်ဖက်ရည်သောက်နေသော ဒေါ်လေး ဒေါ်စောခင်သည် အစ်မလုပ်သူနှင့် တူမလုပ်သူတို့၏အကြားတွင် ငြိမ်သက်စွာ နေထိုင်လျက် တူမ၏မျက်နှာကိုတစ်လှည့် အစ်မ၏မျက်နှာကိုတစ်လှည့် အကဲခတ်ကြည့်ရှုနေ၏။

မြိုင်၏ကြီးတော်သည် ရွှေငှက်ပျောသီးတစ်လုံးကို လှမ်းယူရင်း...

"မြိုင်တို့ကိစ္စကို ဒီလထဲမှာ ပြီးစီးနိုင်ရင် ပြီးစီးအောင် လုပ်ပေးဖို့ ကြီးကြီးတို့ စီစဉ်စရာရှိတာတွေကို စီစဉ် နေတဲ့အကြောင်း မြိုင့်ကို ပြောပြချင်တယ်"

ဟု ခပ်လေးလေး ခပ်မှန်မှန် ပြောလိုက်သည်။

မြိုင်၏လက်ထဲမှ သစ်သီးကိတ်မုန့်သည် ရုတ်တရက် လက်ဖက်ရည်ပန်းကန်ထဲသို့ လွတ်ကျ၍ သွားလေသည်။ ရုတ်တရက် ကြားသိလိုက်ရသော မိမိ၏ကိစ္စအတွက်နှင့် ပတ်သက်၍ မြိုင်သည် ကြီးတော်လုပ်သူအား ဘာပြန်ပြောရမည်ကို စကားစ ရှာမရဖြစ်ကာ ကြောင်နေသည်။

"မြိုင် ကောင်းစားအောင်၊ ချမ်းသာအောင် ကြီးကြီးတို့လူကြီးတွေ စီမံကြတဲ့ကိစ္စကို ဘာမှပြောစရာရှိလိမ့်မယ်တော့ ကြီးကြီးတို့ မထင်ဘူး"

ရွှေငှက်ပျောသီးကို အခွံနွှာရင်း မြိုင်၏ကြီးကြီးက သြဇာပေးသောလေသံဖြင့် ပြောဆိုလေသည်။

"မြိုင် ဘယ်လိုမှ လက်မခံနိုင်တဲ့လူတစ်ယောက်ကိုတော့ ကြီးကြီးတို့လူကြီးတွေ ဘယ်လိုစေတနာနဲ့ပဲ စီမံကြပေမဲ့ မြိုင် လက်မခံနိုင်ဘူးထင်တယ် ကြီးကြီး"

မြိုင်သည် မိမိ၏သဘောထားကို ပွင့်ပွင့်လင်းလင်း ပြောချလိုက်သည်။

မြိုင်က ဤသို့တင်းတင်းမာမာကလေး ခံလိုက်သည့်အတွက် ကြီးတော်လုပ်သူရော၊ ဒေါ်လေးဒေါ်စောခင်ပါ မျက်နှာအနည်းငယ် ပျက်သွားကြပြီးလျှင် တစ်ယောက် မျက်နှာတစ်ယောက် လှမ်းကြည့်မိကြသည်။ ဤကဲ့သို့ တူအရီးသုံးဦးသား နောက်ထပ်၍ စကားမပြောကြဘဲ အတန်ကြာ ငြိမ်သက်နေပြီးမှ...

"လူရယ်လို့ဖြစ်လာတဲ့အခါ ပျော် ရာမှာမနေရဘဲ တော်ရာမှာနေရတယ်ဆိုတာလည်း မြိုင် ကြားဖူးသားပဲမဟုတ်လားကွယ်။ အဲဒီတော့ ကြီးကြီးတို့လူကြီးတွေက ကိုယ်ချင်းမစာတတ်လို့ မြိုင့်ကို

ဒီကိစ္စအတွက် ပြော နေတာတော့ မဟုတ်ပါဘူး မြိုင်ရယ်”

ဟု ကြီးတော်လုပ်သူက လေပြေကလေးဖြင့် ချော့မော့ပြောဆိုပြန်သည်။

မြိုင်သည် ဘာမျှ ပြန်မပြောဘဲ ငြိမ်သက်စွာ နားထောင်နေလိုက်သည်။

“အဲဒီတော့ ကြီးကြီးတို့လူကြီးတွေ စီမံတာကို မြိုင် နားထောင်မယ်မဟုတ်လား ဟင်၊ နားထောင်စမ်းပါကွဲ့”

“တခြား ဘာပဲပြောပြော မြိုင် နားထောင်နိုင်ပါတယ် ကြီးကြီးရယ်။ ဒါပေမဲ့ မြိုင် ဘယ်လိုမှ မနှစ်သက်နိုင်တဲ့လူတစ်ယောက်နဲ့တော့ လက်မထပ်ပါရစေနဲ့”

“လူကြီးတွေ စီစဉ်ပြီးသားကိစ္စပါ မြိုင်ရယ်။ ကြီးကြီးတို့အချင်းချင်းတော့ မျက်နှာ မပျက်ပါရစေနဲ့ကွယ်”

“ကိုသက်တင်ကိုတော့ မြိုင် ဘယ်လိုမှ စိတ်ကူးကြည့်လို့မရဘူး ကြီးကြီး။ ဒါကြောင့်မို့ ကြီးကြီးတို့လူကြီးတွေအချင်းချင်း စီစဉ်ကြတဲ့ကိစ္စကိုတော့ မြိုင် ဘာမှ တတ်နိုင်မယ်မဟုတ်ဘူးထင်တယ်”

“ပြန်ပြီးများ စဉ်းစားစမ်းပါဦး မြိုင်ရယ်”

“ကြီးကြီးကို ခုလိုပြန်ပြောနေရတာလည်း မြိုင် အားနာလှပါပြီ ကြီးကြီးရယ်။ ဒီလိုကိစ္စနဲ့ပတ်သက်ပြီး မြိုင့်ကို ဘာမှမပြောပါနဲ့တော့”

မြိုင်၏ကြီးတော်သည် မျက်နှာပျက်သွားသည်။ ဘေးမှ ငြိမ်သက်စွာနားထောင်နေသော ညီမလုပ်သူ ဒေါ်စောခင်ကိုလည်း စစ်ကူတောင်းသည့်အနေနှင့် လှမ်း၍ ကြည့်လိုက် လေသည်။

“လူကြီးတွေက ဒီအခြေရောက်အောင် စီစဉ်ထားခဲ့ပြီးသားကိစ္စကို ဘယ်လို ပြန်ဖျက်လို့ကောင်းပါ့မလဲဆိုတာ မြိုင် စဉ်းစားစမ်းပါကွယ်။ မြိုင်က ခုလိုခေါင်းမာနေတဲ့ အတွက်နဲ့ မြိုင့်ဖေဖေရော ကြီးကြီးပါ ဘယ်လောက် စိတ်ဒုက္ခရောက်နေကြသလဲဆိုတာကို မြိုင် သက်ညှာဖို့ကောင်းပါသေးတယ်”

ကြားမှ မနေသာ၍ ဒေါ်လေး ဒေါ်စောခင် ကပါ ဝင်ရောက်ပြောဆိုရလေသည်။

"မြိုင့်ကို ဒီအကြောင်း နောက်ထပ်မပြောပါနဲ့တော့ ဒေါ်လေးရယ်။ မြိုင် စိတ်ညစ် လှပါပြီ"

မြိုင်သည် ငိုသံနှင့် ပြန်ပြောလိုက်လေသည်။

မြိုင်၏ကြီးတော်နှင့် ဒေါ်လေးတို့သည် တစ်ယောက်မျက်နှာကိုတစ်ယောက်က လှမ်းကြည့်ကြလေသည်။ မိမိတို့ ပြောလက်စစကားကို နောက်ထပ်၍ ဖိပြောသင့် မပြောသင့် တစ်ဦးကိုတစ်ဦးက မျက်နှာရိပ် မျက်နှာကဲနှင့် ညှိနှိုင်းကြလေသည်။ ဒေါ်စောခင်က အစ်မလုပ်သူအား ပြောစရာရှိသော စကားကိုသာ ဖိ၍ ပြောရန် အချက်ပြလိုက်သောအခါ...

"ကြီးကြီးတို့ကတော့ စီစဉ်လက်စနဲ့ စီစဉ်စရာရှိတာတွေကို ဆက်ပြီးစီစဉ်ရလိမ့်မယ်ထင်တယ်မြိုင်။ ဒီအခြေရောက်ပြီးကာမှ မြိုင် နောက်ဆုတ်လို့ဖြစ်မှာမဟုတ်ဘူး"

ဟု ကြီးတော်လုပ်သူက ခပ်ဖိဖိပြောလိုက်သည်။

ငြိမ်သက်စွာ ထိုင်၍ နားထောင်ခဲ့ရာမှ မြိုင်သည် ရုတ်တရက် ထလိုက်ပြီးလျှင်...

"ကြီးကြီးတို့လူကြီးတွေ စီစဉ်တာကိုတော့ မြိုင် ဘာမှ မပြောချင်တော့ဘူး။ ဒါပေမဲ့ ကိုသက်တင်လိုလူတစ်ယောက်ကိုတော့ မြိုင် ဘယ်နည်းနဲ့မှ လက်ထပ်နိုင်မှာမဟုတ်ဘူးဆိုတာကို ပွင့်ပွင့်လင်းလင်း ပြောထားပါရစေ"

ဟု ဒေါကလေးနှင့် အော်၍ ပြောလိုက်သည်။

ကြီးတော်လုပ်သူရော၊ ဒေါ်လေးဒေါ်စောခင်ပါ မျက်နှာပျက်သွားကြလေသည်။ သို့ရာတွင် မြိုင်၏ကြီးတော်လုပ်သူက...

"မောင်သက်တင်လို သူငယ်တစ်ယောက်ကို လက်မထပ်နိုင်ရလောက်အောင် ဒီသူငယ်အပေါ် မြိုင် မကျေနပ်တာ

ဘာများရှိလို့ပါလိမ့်ကွယ်။ သိတန်တာတော့ ကြီးကြီး သိပါရစေလား”

ဟု ပြန်၍ မေးလိုက်သည်။

“ကိုသက်တင်ကိုမှ မြိုင်က မေတ္တာမရှိနိုင်တာပဲ ကြီးကြီး”

“မေတ္တာမရှိနိုင်တာတစ်ခုတည်းပဲလား မြိုင်။ ဒီပြင်ကော ဘာများရှိနေသေးသလဲ”

“ဒီ့ပြင်လည်း ရှိသေးတယ်။ ဒါပေမဲ့ မြိုင် အခုဖွင့်မပြောချင်သေးဘူး”

“မောင်သက်တင်ကို မြိုင် လက်မထပ်နိုင်တဲ့အကြောင်းနဲ့ပတ်သက်လာရင် ကြီးကြီး မြိုင့်ဒေါ်လေးတို့ကိုတော့ မြိုင် တိတိလင်းလင်း ဖွင့်ပြောဖို့ လိုလိမ့်မယ်ထင်တယ်။ ဒီလိုမှ ဖွင့်မပြောရင် မောင်သက်တင်ကို မေတ္တာမရှိနိုင်တာလောက်နဲ့ လက်မထပ်နိုင်ဘူး ဆိုတာကိုတော့ ကြီးကြီးတို့အနေနဲ့လည်း ဘယ်နည်းနဲ့မှ လက်ခံနိုင်မှာမဟုတ်ဘူးဆိုတာကို မြိုင် သိထားစေချင်တယ်။ ကြီးကြီးတို့ကတော့ ဝတ္တရားရှိတဲ့အတိုင်း စီစဉ်စရာရှိတာကို ဇွတ်စီစဉ်ရတော့မှာပေါ့လေ”

“မြိုင်က မှန်တဲ့အတိုင်း ဖွင့်ပြောလိုက်ရင်ကော ကြီးကြီးတို့ အခုလူကြီးချင်း စီစဉ်နေကြတဲ့ကိစ္စကို ပြန်စဉ်းစားကြမလား”

“မြိုင့်စကားကို ကြားရရင်တော့ စဉ်းစားသင့်ရင် စဉ်းစားရတာပေါ့”

“တကယ်လား ကြီးကြီး”

“ပြောစရာရှိတာကိုသာ ပွင့်ပွင့်လင်းလင်းပြောလိုက်စမ်းပါ မြိုင်ရယ်။ တအုံ့နွေးနွေးဖြစ်အောင်တော့ မြုံစိစိ လုပ်မနေစမ်းပါနဲ့”

မြိုင်က နှစ်သက်လို့ လက်ထပ်ဖို့ ကတိပေးထားတဲ့လူတစ်ယောက်ရှိတယ် ကြီးကြီး။ အဲဒီလူကလွဲရင် ဒီလောကကြီးမှာ ဘယ်ယောက်ျားကိုမှ မြိုင် လက်မထပ်နိုင်ဘူး"

ကြီးတော်လုပ်သူကရော ဒေါ်လေးဒေါ်စောခင်တို့ကပါ မျက်လုံးပြူးသွားကြလေသည်။ အဘွားကြီးနှစ်ယောက်စလုံးပင် ရုတ်တရက်

ဘာမှ မပြောနိုင်မဆိုနိုင်ကြဘဲ မြိုင့်ကို ပါးစပ်အဟောင်းသားနှင့် ထိတ်လန့်ကြောက်ရွံ့စွာ ငေးမောကြည့်ရှုနေကြလေသည်။

စိတ်လိုက်မာန်ပါနှင့် ဟုတ်တိုင်းမှန်ရာကို ပြောဆိုလိုက်သည့်အတွက် မိမိအနေနှင့် လွန်ကျံမှားယွင်း၍ များ သွားလေပြီလားဟု မြိုင်သည် စဉ်းစားမိကာ ငိုင်နေမိသည်။ သို့ရာတွင် ဤကဲ့သို့ တိတိလင်းလင်း ဖွင့်ဟ၍ မပြောဘဲနေလျှင်လည်း လူကြီးများသည် ဓွတ် လုပ်ကိုင်ကြမည့်သဘောထားကို ပြောဆိုနေကြလေပြီဖြစ်ရကား ဤကဲ့သို့ ပွင့်ပွင့်လင်းလင်း ဖွင့်ဟ၍ ပြောဆိုထားနှင့်ခြင်းကပင်လျှင် ကောင်းသေးတော့သည်ဟု မြိုင်သည် စဉ်းစားမိပြန်လေသည်။

သုံးဦးသား အတန်ကြာမျှ စကားမပြောနိုင် မဆိုနိုင်ကြဘဲ ငြိမ်သက်လျက်ရှိနေပြီးမှ…

"မြိုင် အစကသာ ခုလို ပွင့်ပွင့်လင်းလင်းပြောလိုက်ရင် ကြီးကြီးတို့လူကြီးတွေ ဒီလို ဘယ်အရမ်းစီစဉ်ပါ့မလဲကွယ်။ ခုတော့ မြိုင့်ကိစ္စကို ကြီးကြီးတို့ သိမှမသိကြရဘဲကိုး"

ဟု မြိုင်၏ကြီးတော်က မြိုင့်အား အကဲခတ်ကြည့်ရှုရင်း အေးအေးဆေးဆေး ပြောဆိုလေ သည်။

မြိုင်သည် ငြိမ်သက်စွာနားထောင်၍ နေလေသည်။

"ဒါထက် မြိုင်နှစ်သက်တဲ့လူဆိုတာကို ကြီးကြီးတို့ သိခွင့်မရှိဘူးလားဟင်"

ဟု ကြီးတော်လုပ်သူက မေးလိုက်ပြန်သည်။

မိမိနှစ်သက်နေသော လူတစ်ယောက်ရှိနေပြီဖြစ်သည့်အကြောင်းကို ပြောဆိုထားပြီးဖြစ်သည့်နောက် ထိုလူကို သိချင်လို၍ မေးမြန်းလာသောကိစ္စကို ပြောသင့်၊ မပြောသင့် မြိုင်သည် စဉ်းစားချိန်ဆနေမိသည်။

"မြိုင်နှစ်သက်နေတဲ့သူငယ်က ဘာမှ ကန့်ကွက်စရာမရှိရင်လည်း မောင်သက်တင်နဲ့ စီစဉ်နေကြတဲ့ကိစ္စကို ကြီးကြီးတို့လူကြီးတွေ ပြန်ပြင်သင့်ရင်လည်း ပြင်လို့ရပါတယ်။ ဒီတော့ မြိုင် နှစ်သက်နေတဲ့

သူငယ်ကို ကြီးကြီးတို့ သိချင်တယ်”

မိမိနှစ်သက်နေသောလူအား ဖွင့်၍ ပြောသင့် မပြောသင့် မြိုင်သည် စဉ်းစား၍ မရသေးချေ။ ထို့ကြောင့် ကြီးတော်လုပ်သူ၏ မေးခွန်းကို ပြန်၍ မဖြေသေးဘဲ ခေါင်းငုံ့နေ လိုက်သည်။

“ဘယ်လိုလဲ မြိုင် … ကြီးကြီးတို့ကို သိခွင့်ပေးမလား”

"မြိုင် စဉ်းစားနေပါသေးတယ် ကြီးကြီး”

“အဲဒီသူငယ်ကို ဘယ်သူဘယ်ဝါရဲ့ သားသမီးနဲ့ ဘယ်လိုသူငယ်မှန်း မသိရသေးဘဲနဲ့တော့ ကြီးကြီးတို့လူကြီးတွေ စီစဉ်နေကြတဲ့ကိစ္စကို ဘယ်လိုပြန်စဉ်းစားနိုင်ကြမလဲ ဆိုတာ မြိုင် စဉ်းစားစမ်းပါဦး”

"မြိုင် နှစ်သက်နေတဲ့လူကို ဖွင့်ပြောလိုက်ရင် ကြီးကြီးတို့လူကြီးတွေ သဘောတူချင်မှ တူကြမယ်။ ဒါပေမဲ့ မတူနိုင်မှာက များပါတယ်လေ"

“ပြောမှာသာ ပြောပါ မြိုင်ရယ်”

“ကြီးကြီးတို့လူကြီးတွေက သဘောမတူကြပေမဲ့ မြိုင်ကတော့ မြိုင်သဘောကျတဲ့ လူကိုပဲ လက်ထပ်ရမှာပဲ”

“လက်ထပ်တာကို ထားပါဦးလေ၊ အဲဒီသူငယ်ဆိုတာ ဘယ်သူလဲဟင်”

“မြိုင်နဲ့ အဲဒီလူနဲ့ လက်ထပ်ကြဖို့တောင် သဘောတူထားကြပြီးပြီ ကြီးကြီး”

“ဟင် … မြိုင်တို့အချင်းချင်း လက်ထပ်ကြဖို့ သဘောတူထားကြပြီးပြီ”

“ဟုတ်ကဲ့ ကြီးကြီး၊ အဲဒီလူကို လက်ထပ်ဖို့ မြိုင် ကတိပေးထားပြီးပြီ”

“အဲဒီသူငယ်ကကော ဘယ်သူလဲဆိုတာ ပြောစမ်းပါဦး”

“ဒီလူကိုသိဖို့ ကြီးကြီးတို့မှာ ဘယ်လိုအရေးကြီးနေလို့လဲဟင်”

"ဘယ်သူဘယ်ဝါရဲ့ သားသမီးမှန်းလည်း မသိရဘဲနဲ့ ကြီးကြီးတို့က ဘယ်လို သဘောတူနိုင်ပါ့မလဲ"

"ဒီလူကို ဘယ်သူဘယ်ဝါမှန်းသိရရင်တော့ကော ကြီးကြီးတို့လူကြီးတွေက မြိုင့် သဘောအတိုင်း လက်ထပ်ဖို့ ခွင့်ပြုမယ်မဟုတ်လား"

"ဒါကတော့ မြိုင်လက်ထပ်မယ့်သူငယ်ဆိုတာကို အရင်သိထားနှင့်မှ ဖြစ်မယ်"

"ကိုတင်ဦးဆိုတဲ့လူပဲ ကြီးကြီး"

"ဘယ်က မောင်တင်ဦးလဲဟင် မြိုင်"

"ကြီးကြီးတို့အသိုင်းအဝိုင်းနဲ့ ပတ်ဝန်းကျင် မှာတော့ မောင်တင်ဦးဆိုတဲ့နာမည်နဲ့ သူငယ်တစ်ယောက်မှ မရှိပါကလား"

"အစ်ကိုကြီး ကိုသက်ထွန်းရဲ့ သတင်းစာတိုက်မှာ အလုပ်လုပ်တဲ့ ကိုတင်ဦးဆိုတဲ့လူပါ ကြီးကြီး"

"ဟင် မောင်လတ်ယူထားတဲ့ ကချေသည်မရဲ့အစ်ကို ဆိုတာလား"

မြိုင်၏ကြီးတော်သည် ထိတ်လန့်တကြားနှင့် ပျာပျာသလဲ မေးမြန်းလိုက်သည်။ မြိုင်က ခေါင်းကိုသာ ညိတ်၍ ပြလိုက်လေသည်။

လူကြီးမိဘများက လက်ထပ်ပေးမည်ဆိုသော ကိုသက်တင်အား လက်မခံနိုင်ဘဲ မြိုင်က မိမိနှစ်သက်သော ကိုတင်ဦးဆိုသူကိုသာလျှင် လက်ထပ်မည့်အကြောင်းကို ကြီးတော်လုပ်သူအား ပြောဆိုကြေညာလိုက်ပြီးနောက် ၇ ရက် တစ်ပတ်ခန့်အတွင်း ထိုသတင်းသည် နှစ်ဦးနှစ်ဖက်သော ဆွေမျိုးပတ်ဝန်းကျင်၌ တောမီးပမာ ပျံ့နှံ့၍ သွားလေသည်။ ဘာမျှ အခြေအမြစ်မရှိသော ကွန်မြူနစ်ယောင်ယောင်လူတစ်ယောက်နှင့် လက်ထပ်မည်ဆိုသော မြိုင်၏သတင်းကို ရွှေတောင်ကြား၊ ကံဘဲ့နှင့် ရှစ်မိုင်ဘက်တစ်ဝိုက်တွင် ရန်ကုန်မြို့တော်ကြီးအား သူပုန်များက နေ့ချင်းညချင်း ဝင်ရောက်စီးနင်းကြတော့မည့် သတင်းကဲ့သို့ ထိတ်လန့်တကြားပြောဆိုလျက်ရှိကြလေသည်။ မြိုင်အား ၎င်းတို့နှင့် ဂုဏ်ရည်တူထဲကမဟုတ်သော လူတစ်ယောက်နှင့် မည်သည့်နည်းနှင့်မျှ သဘောမတူနိုင်ကြသည့် အလျောက် ကိုတင်ဦးနှင့် မြိုင့်အား ဖျက်ရန်ကြိုးစားသူများက ကြိုးပမ်းလျက်၊ ကိုသက်တင်နှင့် အမြန်ဆုံး ဖွတ်အတင်းလက်ထပ်ပေးစားရန် ကြိုးပမ်းသူများက ကြိုးပမ်းလျက် ရှိကြလေသည်။

မြိုင်၏ကြီးတော်လုပ်သူနှင့် ဒေါ်မိမိခင်တို့က မြိုင်နှင့် ကိုသက်တင်တို့အား အမြန်ဆုံး လက်ထပ်ပေးနိုင်ရေးအတွက် နေ့မအား၊ ညမအား လုံးပမ်းလျက်ရှိကြသည်။ ဒေါ်လေး ဒေါ်စောခင်မှာ ထိုအဘွားကြီးနှစ်ဦး၏ ကြားတွင် ခိုင်းဖတ်ဖြစ်နေသည်။ ကံဘဲ့၊ ရှစ်မိုင်နှင့် ရွှေတောင်ကြားတို့ကို ကူးချည်သန်းချည်နှင့် ပြေးလွှားနေရသဖြင့် ပင်ပန်းနေသည်။

ဤကဲ့သို့ တစ်ဖက်တွင် လူကြီးများက လုံးပမ်းလုပ်ကိုင်လျက်ရှိနေကြစဉ် မြိုင့်အား ကိုတင်ဦးအပေါ်၌ စိတ်ပျက်သွားအောင် လဲ့လဲ့သည် နေ့ရှိသရွေ့ ရွှေတောင်ကြားသို့ လာရောက်လည်ပတ်ကာ ကိုတင်ဦးအပေါ်၌ မြိုင်က စိတ်မပျက်ပျက်အောင် ကိုတင်ဦးနှင့် ပတ်သက်၍ အမျိုးမျိုးလုပ်ကြံချဲ့ထွင်ပြောဆိုလျက်ရှိပေသည်။ မြိုင်သည် မိမိကိစ္စ အတွက် ဦးနှောက်ရှုပ်ထွေးလျက်ရှိစဉ် တစ်ဖက်က လဲ့လဲ့၏စကားများကို နားထောင်ရ သဖြင့် ပိုမို၍ အနေရကျပ် အထိုင်ရကျပ်ဖြစ်နေသည်။ မိမိနှစ်သက်၍ လက်ထပ်ဖို့ ဆုံးဖြတ်ထားပြီးဖြစ်သော လူတစ်ယောက်၏အကြောင်းကို ဟုတ်တာရော၊

မဟုတ်တာတွေ ရော အမျိုးမျိုးလုပ်ကြံပြောဆိုရင်း မိမိအား ထိုလူတစ်ဖက်သားအပေါ်၌ စိတ်မပျက် ပျက်အောင် မဓောမပန်း ပြောဆိုလျက်ရှိသော လဲ့လဲ့ကိုပင် သည်းညည်းမခံချင်အောင် ဖြစ်လာမိသည်။

"ကိုယ့်ကို တကယ် ချစ်ရင် ခင်ရင် ဒီလူ့အကြောင်းနဲ့ပတ်သက်ပြီး ကိုယ့်ကို နောက်ထပ် ဘာမှမပြောစေချင်ဘူးကွယ်။ ဒါပဲ ကိုယ်တောင်းပန်ပါရစေ"

ကိုတင်ဦးအကြောင်း နှင့်ပတ်သက်၍ ရစရာမရှိအောင် ပြောဆိုလျက်ရှိသော လဲ့လဲ့အား မြိုင်က ပိတ်ပင် တောင်းပန်လိုက်သည်။

"ကိုယ်က မင်းအတွက် စိုးရိမ်နေလို့ ပြောပြတာပါကွယ်။ ဒီလူတစ်ယောက်ကို မင်း လက်ထပ်ရင် တစ်နေ့ကျတော့ မင်းပဲ ဒုက္ခဖြစ်ရမှာပဲမဟုတ်လား။ မင်း ဆုံးဖြတ်ပြီး လုပ်မယ်ဆိုတဲ့ကိစ္စကိုလည်း ပြန်စဉ်းစားပါဦးလေ"

"ကိုယ်စဉ်းစားပြီးမှ ဆုံးဖြတ်လိုက်တဲ့ကိစ္စပါကွယ်။ နောက်ထပ် စဉ်းစားစရာ လိုမယ်မထင်ပါဘူး"

"စဉ်းစားတာကတော့ လိုမယ်မရှိပါဘူးလေ။ ဘယ်လိုအတန်းအစားနဲ့ အခြေ အမြစ်ရှိမှန်းမသိတဲ့ လူတစ်ယောက်ကို မင်းက ခုလို ဖြုန်းဖြုန်းစားစားကြီး လက်ထပ်မယ် ဆိုတာကို ကိုယ်တော့ ဘယ်လိုမှ စဉ်းစားလို့မရဘူး။ နောက်ပြီးတော့ တစ်ယောက်နဲ့ တစ်ယောက် တွေ့ကြတာ ဘာမှမကြာသေးတဲ့လူတစ်ယောက်ကို မင်း ဘယ်လို လက် ထပ်ဖို့ ဆုံးဖြတ်နိုင်လိုက်တယ်ဆိုတာကို ကိုယ်တော့ ဘယ်လိုမှကို နားလည်လို့မရပါဘူး ကွယ်"

"ဒီလူ့ကို ကိုယ်လက်ထပ်ဖို့ ဆုံးဖြတ်ထားပြီးပါပြီကွယ်။ ကိုယ်လက်ထပ်မယ့် လူတစ်ယောက်ရဲ့အကြောင်းကို ကိုယ့်ရှေ့မှာ မပြောစေချင်ဘူး၊ ကြားလည်း မကြားချင်ဘူး"

"မင်းလက်ထပ်မယ့်လူတစ်ယောက်ရဲ့အကြောင်းကို လက်မထပ်ခင် အမှန်အတိုင်း သိထားဖို့လိုလိမ့်မယ်။ ဘာမဆို အချိန်မလွန်ခင် ပြင်နိုင်ကြတယ်မဟုတ်လား"

"ကိုယ့်ကိစ္စ ပြင်စရာမရှိတော့ဘူး။ ကိုယ့်အကြောင်းလည်း

လှဲ့လှဲ့သိထားသားပဲ မဟုတ်လားကွယ်။ ကိုယ်က တစ်ခုခုကို မလုပ်ခင် တော်တော်စဉ်းစားတတ်တယ်ဆိုတာ”

“မင်း ဘာပဲဆုံးဖြတ်ဆုံးဖြတ် ဒီကိုတင်ဦးဆိုတဲ့လူတစ်ယောက်ကိုတော့ လက်ထပ်လို့မဖြစ်ဘူးထင်တယ်”

“ဘာပြုလို့လဲ လှဲ့လှဲ့”

“လက်ထပ်ပြီးတဲ့နောက်လည်း မင်းတို့အိမ်ထောင်ကြီးဟာ သာယာပျော်ရွှင်စရာ ရှိလိမ့်မယ်တော့ မထင်ဘူး”

“ဒါကို မင်း ဘယ်လိုပြောနိုင်သလဲ”

“မင်းတို့နှစ်ယောက်ဟာ အတန်းအစားချင်းမှ မတူကြပဲ။ ဒါကြောင့် ကိုယ်က ပြောဝံ့တာပေါ့”

“မင်းက အထက်တန်းစားထဲက မဟုတ်လား။ ဒါပေမဲ့ မင်း လက်ထပ်မယ်ဆိုတဲ့ လူက ဘယ်လိုအတန်းအစားထဲကဆိုတာ မင်းလည်း သိပြီးသားဖြစ်ရောပေါ့”

“ဒါတွေနဲ့ မဆိုင်ပါဘူးကွာ"

“ဒါတွေကို မင်း စဉ်းစားဖို့လိုသေတယ်ထင်တာပဲလေ”

“ဒီအကြောင်း မပြောပါနဲ့တော့ လှဲ့ရာ။ ကိုယ် စိတ်အေးအေးနေစမ်းပါရစေ"

“ဩော် ... ဒါထက်၊ မင်းကိုမပြောလို့မဖြစ်တဲ့ သတင်းတစ်ခုပြောပြရဦးမယ်”

“မင်းဟာက ဆုံးပဲ မဆုံးနိုင်သေးဘူးလား လှဲ့ရယ်”

“အရေးကြီးတဲ့သတင်းတစ်ခုမို့လို့ နားထောင်စမ်းပါဦးကွာ”

“ကဲ ပြောမှာသာ ပြောစမ်းပါလေ”

“မနေ့ညနေက ကိုယ်တို့အိမ်ကို မေမေနဲ့ တော်တော်ခင်တဲ့

စုံထောက်ဝန်ကလေး ဦးဘတင့်နဲ့ တပ်မတော်ထောက်လှမ်းရေးဘက်ကဆိုလား မပြောတတ်ပါဘူး။ စစ်ဗိုလ်တစ်ယောက် လာကြတယ်"

"ဘာဆိုင်လို့ ဒါတွေလျှောက်ပြောနေရတာလဲကွယ်"

"ဆုံးအောင်နားထောင်စမ်းပါဦးလေ။ ဝန်ကလေး ဦးဘတင့်နဲ့ အဲဒီစစ်ဗိုလ်က ကိုတင်ဦးအကြောင်းနဲ့ပတ်သက်ပြီး မေမေကတစ်ဆင့် အစ်ကိုကြီး သတိပေးဖို့ လာပြောကြတယ်"

"ဘာတွေလာပြောသွားကြသတဲ့လဲ"

"ပြောသွားတာတွေကတော့ စုံလို့ပဲ။ ဒါပေမဲ့ ကိုယ်နားလည်သလောက် ပြန်ပြော ရရင်တော့ အဲဒီ ကိုတင်ဦးဆိုတဲ့လူတစ်ယောက်ဟာ လက်နက်ကိုင် သောင်းကျန်းနေကြ တဲ့ ကွန်မြူနစ်သူပုန်တွေနဲ့ တိတ်တိတ်ပုန်း ဆက်သွယ်နေတယ်လို့ သတင်းရထားသတဲ့။ အဲဒါကြောင့် ဒီလူ့ကို အစ်ကိုကြီးရဲ့ သတင်းစာတိုက်မှာ မထားဖို့လည်း ပြောကြတယ်"

"ဒါပဲလား ... ဒီသတင်းကတော့ ကိုယ်တို့လက်ထပ်မယ့်ကိစ္စနဲ့ တခြားစီပါကွာ"

"မေမေက ကနေ့မနက် ထမင်းစားပွဲမှာ ဒီအကြောင်းကို အစ်ကိုကြီးကို ပြောပြတယ်။ ဒီလို ရာဇဝတ်မှုနဲ့မကင်းတဲ့ အလုပ်မျိုးလုပ်နေတဲ့လူတစ်ယောက်ကိုလည်း သတင်းစာတိုက်က အမြန်ဆုံး ရှင်းပစ်လိုက်ဖို့ ပြောတယ်။ ဒီလိုမှ မေမေ့စကားကို နားမထောင်ရင် နောက်ထပ်ငွေထုတ်မပေးတော့ဘူးလို့လည်း ပြောသံကြားရတယ်"

"ဒါတွေကတော့ အစ်ကိုကြီး ကိုသက်ထွန်းနဲ့ ကိုတင်ဦးတို့နှစ်ယောက်တည်း ဆိုင်တဲ့ကိစ္စတွေပါကွယ်။ ကိုယ့်အတွက် သိပ်စိတ်ဝင်စားစရာ မရှိလှပါဘူး"

"ဒီလိုလည်း ဘယ်ဟုတ်ဦးမလဲ မြိုင်။ မင်း အခုလက်ထပ်ဖို့ ဆုံးဖြတ်ပြီးသားဆိုတဲ့ လူတစ်ယောက်ဟာ ဘယ်လောက်ကြောက်စရာကောင်းတဲ့လူတစ်ယောက်လဲဆိုတာကို စဉ်းစားကြည့်ဦးမှပေါ့"

“တော်စမ်းပါတော့ လဲ့ရယ်၊ ကိုယ့်ကို ကိုတင်ဦးနဲ့ပတ်သက်တဲ့အကြောင်းကလွဲပြီး တခြား ဘာအကြောင်းမှ ပြောစရာမရှိတော့ဘူးလားဟင်”

လဲ့လဲ့သည် ရှေ့ဆက်၍ ဇွတ်တိုးပြောရန်စကားကလည်း ကုန်နေပြီဖြစ်ရကား ငြိမ်နေလိုက်ရပေသည်။

ဤကဲ့သို့ ရွှေတောင်ကြားဘက်ရှိ မြိုင်တို့အိမ်ကြီးအတွင်း၌ လဲ့လဲ့က မြိုင့်အား ကိုတင်ဦးနှင့် လက်မထပ်ဖြစ်နိုင်ရန် တိုက်တွန်းပြောဆိုလျက်ရှိစဉ် ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းဘက်ရှိ ပြည်သူ့အလင်း သတင်းစာတိုက်သို့ မြိုင်၏အစ်ကို ကိုဇော်ဝင်းသည် ရောက်ရှိနေပေသည်။ ကိုဇော်ဝင်းသည် ကိုတင်ဦးကို သိလည်းမသိ၊ လူချင်းလည်း တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးသဖြင့် ကိုတင်ဦးနှင့် တွေ့ဆုံစကားပြောဆိုခြင်းပြုနိုင်ရန်အတွက် ရှေးဦးစွာ ကိုသက်ထွန်း၏အလုပ်အခန်းတွင်းသို့ ဝင်ရောက်ကာ ၎င်း၏ထံမှ အကူအညီကို တောင်းခံလျက်ရှိလေသည်။

ကိုသက်ထွန်းသည် မိမိ၏အလုပ်အခန်းအတွင်းသို့ မလာစဖူး လာရောက်သော ကိုဇော်ဝင်းအား ဧည့်ခံစကားပြောကြားရပေသည်။ ကိုဇော်ဝင်းသည် နှမဖြစ်သူ မြိုင်၏ ကိစ္စအတွက်နှင့် ကိုတင်ဦးအား တွေ့ဆုံစကားပြောဆိုရန် လာရောက်ခြင်းကို လက်ဦး၍ ကိုသက်ထွန်းသည် အကဲမခတ်မိပေ။

“မောင်ဇော်ဝင်းပါလားဟေ့။ လာလာ … ထိုင်ကွာ”

ဟု မိမိ၏အလုပ်အခန်းအတွင်း သို့ ဝင်၍ လာသော ကိုဇော်ဝင်းအား ဆီးကြိုနှုတ်ဆက်လိုက်သည်။

“အစ်ကိုကြီး အလုပ်တွေ များများနေသလား”

ကိုဇော်ဝင်းသည် ကိုသက်ထွန်း အား ချစ်ကြောက်ရိုသေရသော လူငယ်တစ်ဦးဖြစ်သည့်အလျောက် ရိုရိုသေသေ ပြန်၍ မေးရင်း ကိုသက်ထွန်းညွှန်ပြသော ကုလားထိုင်လွတ်တစ်လုံးတွင် ဝင်၍ ထိုင်လိုက်လေသည်။

"များတယ်လို့လည်း မဟုတ်ပါဘူးကွာ။ ဒါထက် မောင်ဇော်ဝင်း အခုလာတာ ကိစ္စရှိသေးသလား။ တစ်နေ့ကပဲ မင်းဖေဖေတောင် လာသွားသေးတယ်"

၎င်း၏ဖခင်လုပ်သူသည် ကောင်းစွာကျန်းမာသူကား မဟုတ်ပေ။ သို့ရာတွင် မိမိပင် မသိလိုက်ဘဲ မိမိဖခင် ကိုသက်ထွန်းဆီသို့ တစ်နေ့ကပင် လာသွားသေးသည်ဟု ရုတ်တရက် ကြားသိလိုက်ရသောအခါ ကိုဇော်ဝင်းသည် အံ့ဩ၍ သွားလေသည်။ ဖခင်လုပ်သူအတွက် အတော်ကလေးစိတ်မကောင်းဖြစ်မိသည်။

"မင်းဖေဖေလည်း ကောင်းကောင်းမာပုံမရလှဘူးကွ"

ဟု ကိုသက်ထွန်းက စကား ဆက်လိုက်တော့မှပင် ကိုဇော်ဝင်းသည် ပြန်၍ သတိရလာပြီးလျှင်...

"ဟုတ်တယ်အစ်ကို ခုလိုတရှောင်ရှောင် မမာနေတာတော့ တော်တော်ကလေး ကြာသွားပြီ"

ဟု ကိုဇော်ဝင်းသည် ၎င်းဖခင်၏အခြေအနေကို ပြောပြလိုက်ရသည်။

"ဘယ်ဆရာဝန်နဲ့ ကုနေသလဲကွ"

"ဒေါက်တာမင်းသိန်းပဲ ခေါ်ထားရတယ်"

"ဂရုစိုက် ကုပါကွာ"

"စိုက်ပါတယ် အစ်ကိုကြီး"

"ဪ ... ဒါထက် မင်း အစ်ကိုကြီးဆီကို မလာစဖူးလာတာ ကိစ္စများရှိလို့လားကွ"

ဟု ကိုသက်ထွန်းက ကိုဇော်ဝင်းလာရောက်သည့်အတွက် ကိစ္စပါလာလျှင်လည်း ထိုကိစ္စကို ခပ်မြန်မြန်ကလေး ရှင်းလိုက်ချင်သောသဘောနှင့် မေးမြန်းလိုက်လေသည်။

"ကိစ္စကတော့ မြို့ကိစ္စပါပဲ အစ်ကိုကြီး။ အစ်ကိုကြီးလည်း

သိပြီးပလားတော့ မပြောတတ်သေးဘူး”

“တစ်နေ့က မင်းဖေဖေလည်း ဒီကိစ္စအတွက် ကိုတင်ဦးနဲ့ တွေ့ချင်တယ်ဆိုလို့ အစ်ကိုကြီးကပဲ ကိုတင်ဦးနဲ့ ဆုံပေးလိုက်ရပါသေးတယ်ကွာ”

“သြော် ... ဖေဖေလည်း သူနဲ့တောင် တွေ့သွားပြီးပြီကိုး”

ကိုသက်ထွန်းသည် ၎င်း၏ငွေစီးကရက်ဘူးကို ထုတ်ယူလိုက်ပြီးနောက် ၎င်း၏ အတွက် စီးကရက်တစ်လိပ်ကို ထုတ်ယူမီးညှိလိုက်ပြီးလျှင် စီးကရက်ဘူးနှင့် ဓာတ်မီးခြစ် ကိုပါ ကိုဇော်ဝင်းအား လှမ်း၍ ပေးနေသဖြင့်...

“တော်ပါပြီ အစ်ကိုကြီး”

ဟု ကိုဇော်ဝင်းက ငြင်းလိုက်လေသည်။

“မောင်ဇော်ဝင်းကလည်း ကိုတင်ဦးနဲ့တွေ့ပြီး စကားပြောချင်သေးသလား”

ဟု ကိုသက်ထွန်းသည် စီးကရက်မီးခိုးများကို ခပ်အေးအေးမှုတ်ထုတ်ရင်း ရုတ်တရက် မေးမြန်းလိုက်လေသည်။

“အစ်ကိုကြီး စီစဉ်ပေးနိုင်ရင်တော့ ဒီလူနဲ့ စကားပြောကြည့်ချင်ပါတယ်”

“ဒါဖြင့် သူ့အလုပ်ခန်းကို အစ်ကိုကြီး လိုက်ပို့ပေးမယ်။ သူ့အခန်းထဲမှာကျတော့ မောင်ဇော်ဝင်းတို့ ပြောစရာရှိတာကို လွတ်လွတ်လပ်လပ်ပြောကြတာပေါ့ မဟုတ်လား”

ဟု ပြောပြောဆိုဆို ထိုင်ရာမှထ၍ ၎င်း၏အလုပ်စားပွဲမှ ထွက်သွားသဖြင့် ကိုဇော်ဝင်းလည်း နောက်မှ ထလိုက်၍ ပါသွားလေသည်။

ကိုတင်ဦး၏အလုပ်ခန်းအတွင်းသို့ ရောက်သောအခါ ကိုတင်ဦးသည် ရိုက်တာသတင်းတစ်ခုကို စိတ်ပါဝင်စားစွာ ဖတ်ရှုလျက်ရှိရာမှ...

“ဪ .. ဦးသက်ထွန်းကို ဝမ်းသာစရာသတင်းတစ်ခု ပြောရဦးမယ်”

ဟု မိမိအခန်းအတွင်းသို့ တကူးတကန့်လာရောက် သော ဧည့်သည်များ၏ ကိစ္စကို မေးမြန်းခြင်းမပြုနိုင်သေးဘဲ ၎င်း၏ဝမ်းသာစရာ သတင်း အကြောင်းကို ဆီး၍သာပြောဆိုလေသည်။

“ဘယ်လိုသတင်းလဲဗျ။ ကိုတင်ဦးဆိုစမ်းပါဦး ..”

ဟု ကိုသက်ထွန်းသည် ကိုတင်ဦးအား မေးမြန်းလိုက်ပြီးနောက်...

“ထိုင်ဟေ့ မောင်ဇော်ဝင်း”

ဟု ကိုဇော်ဝင်းအား လှမ်း၍ ပြောကာ အထိုင်ခိုင်းလေသည်။

“သတင်းကတော့ တခြားမဟုတ်ဘူးဗျ။ ကိုသက်ထွန်း အင်္ဂလိပ်နဲ့ အမေရိကန်က အကြပ်ကိုင်ထားလို့ ဘယ်မှာမှ မရောင်းရတဲ့ ကျွန်တော်တို့ဆန်တွေကို တရုတ်နဲ့ ဆိုဗီယက်တို့က ဝယ်မယ်ဆိုတဲ့သတင်း ရိုက်တာထဲမှာ ပါလာတယ်”

"ဟာ ... ဟုတ်လား”

“ခပ်စောစောကတည်းကသာ ဈေးကွက်တစ်ကွက်တည်း အသေမချည်ထားရင် ကျွန်တော်တို့တိုင်းပြည်ဟာ ဒါလောက် အကျပ်ရိုက်စရာမရှိဘူးဗျ။ ခုတော့ ဆိုရှယ်လစ်ဈေးကွက်နဲ့ ဆက်သွယ်မိသွားတာ တော်တော်ကောင်းသွားတယ်”

“ဟသ်ာတဦးမြ မော်စကိုစီးပွားရေးကွန်ဖရင့်က ပြန်လာတုန်းက အစိုးရကို တိုက်တွန်းရှာသားပဲဗျ။ အဲဒီတုန်းကတည်းကသာ ဒီအဘိုးကြီးစကား နားထောင်ရင် ခုနေခါ ကျုပ်တို့တိုင်းပြည်တော်တော်ကလေး ချောင်နေရော့မယ်”

“ခုလုတ်ထိမှ အမိတဆိုတဲ့ စကားပုံလည်း ရှိသေးသားပဲလေ။ ပြီးတော့ တကယ် အရေးနဲ့အကြောင်းနဲ့ရှိလာတဲ့အခါ ကူညီတဲ့မိတ်ဆွေမှ တကယ့်မိတ်ဆွေအစစ်ပေါ့။ ဪ ဦးသက်ထွန်း ကျွန်တော့်ဆီလာတာ ကိစ္စရှိပါသေးသလား”

ကိုတင်ဦးသည် ၎င်း၏သတင်းကို ပြောဆိုလျက်ရှိရာမှ ကိုသက်ထွန်းနှင့်အတူ ပါလာသော ကိုဇော်ဝင်းကို တစ်ချက်မျှ အကဲခတ်သလို လှမ်းကြည့်လိုက်ပြီးနောက် ကိုသက်ထွန်းတို့ လာရောက်ကြသောကိစ္စ ကို မေးမြန်းလေသည်။

"ကိစ္စကတော့ တခြားမဟုတ်ပါဘူး။ ဟောဒီက မောင်ဇော်ဝင်းက ခင်ဗျားနဲ့ လူချင်း တွေ့ပြီး စကားပြောချင်တယ်ဆိုလို့ ခေါ်လာခဲ့ရတာပါ"

ဟု ကိုတင်ဦးအား ပြောဆိုပြီး နောက်...

"မောင်ဇော်ဝင်း ... အစ်ကိုကြီးရဲ့မိတ်ဆွေ ကိုတင်ဦးဆိုတာ သူပဲ။ မင်း စကား ပြောချင်တာရှိရင် အေးအေးဆေးဆေး ပြောနိုင်ပါတယ်"

ဟု ကိုဇော်ဝင်းကိုလည်း ကိုတင်ဦး နှင့် လူချင်းမိတ်ဆက်ပေးလေသည်။

မိမိအား လှမ်း၍ ပြုံးပြသော ကိုတင်ဦးအား ကိုဇော်ဝင်းသည် ခေါင်းညိတ်ရုံမျှသာ ညိတ်ပြသည်။

"ကိုင်း... အေးအေးဆေးဆေး စကားပြောရစ်ကြဦးနော်။ အလုပ်တွေရှိနေသေးလို့ သွားလုပ်လိုက်ဦးမယ်"

ဟု ပြောဆိုကာ ကိုသက်ထွန်းသည် ကိုတင်ဦးနှင့် ကိုဇော်ဝင်း တို့နှစ်ယောက်အား ထားပစ်ခဲ့ပြီးနောက် ထွက်၍ သွားသည်။

အခန်းထဲတွင် နှစ်ယောက်သား ကျန်ရစ်ခဲ့သော ကိုတင်ဦးနှင့် ကိုဇော်ဝင်းတို့သည် တစ်ဦးနှင့်တစ်ဦး အတန်ကြာ စကားမပြောနိုင်ကြသေးဘဲ ခပ်ကြောင်ကြောင် ထိုင်နေကြသည်။ မိမိနှင့် လူချင်းတွေ့ဆုံကာ စကားပြောဆိုလို၍ လာရောက်ခြင်းပြုပါသည်ဟု ဆိုသော ညော့သည်က စကားမစနိုင်သေးသဖြင့် ကိုတင်ဦးသည် နံရံ၌ချိတ်ထားသော ၎င်း၏ အပေါ်အင်္ကျီအိတ်ကပ်အတွင်းမှ ဆေးပေါ့လိပ်နှစ်လိပ်ကို ထ၍ နှိုက်ယူပြီးလျှင် "ဆေးပေါ့လိပ်သောက်တတ်ရင် သောက်ပါဦး ကိုဇော်ဝင်း"

ဟု ကိုဇော်ဝင်းအား ဆေးပေါ့လိပ် တစ်လိပ် လှမ်းပေးရင်း စကားစတင်ပြောဆိုလိုက်သည်။

"နေပါစေ၊ ကျွန်တော့်မှာ ဆေးလိပ်ပါပါတယ်"

ဟု ကိုတင်ဦး လှမ်း၍ ပေးနေသော ဆေးပေါ့လိပ်ကို ငြင်းဆန်ရင်း ကိုဇော်ဝင်းသည် ၎င်း၏အိတ်ကပ်အတွင်းမှ စီးကရက်ဘူးကို ထုတ်ယူကာ ၎င်း၏အတွက် စီးကရက်တစ်လိပ်ကို မီးညှိလိုက်ပြီးနောက်...

"စီးကရက် ကြိုက်တတ်ရင် သောက်ပါဦး ကိုတင်ဦး"

ဟု ကိုတင်ဦးအား ၎င်း၏စီးကရက်ကို လှမ်း ၍ တည်လိုက်သည်။

"နေပါစေ ကျွန်တော်က ဆေးပေါ့လိပ်ပဲ သောက်လို့အားရတယ်"

ဟု ကိုတင်ဦးက ကိုဇော်ဝင်း လှမ်း၍ တည်သော စီးကရက်ဘူးကို ငြင်းဆန်ပြောကြားရင်း ၎င်း၏ ဆေးပေါ့လိပ်ကို မီးညှိနေလေသည်။

"တစ်နေ့ကလည်း ကျွန်တော့်အဖေ ခင်ဗျားဆီကို လာသွားသေးတယ်လို့ အစ်ကိုကြီး ကိုသက်ထွန်းက ပြောလိုက်တယ်။ အဖေ ခင်ဗျားဆီလာသွားတာကို ကျွန်တော် မသိပါဘူး။ အဖေက ကျွန်တော့်ကိုလည်း ဘာမှမပြောဘူး။ အခု ကျွန်တော်လာတာကတော့ ကျွန်တော့်ဘာသာကျွန်တော် လာခဲ့တာပါ"

ဟု ကိုဇော်ဝင်းက ၎င်း လာရောက်ရ ခြင်း၏အကြောင်းကို

ရှင်းလင်းပြောကြားရန် ပဏ္ဏာမ ချီလိုက်သည်။

"ဟုတ်ကဲ့၊ ဦး …. တစ်နေ့က လာသွားလို့ တစ်နာရီလောက် စကားပြောလိုက်ရ ပါသေးတယ်။ ဦးကိုကြည့်ရတာ ကောင်းကောင်းကျန်းမာပုံ မရလှဘူး။ တော်တော်လည်း အားနည်းပုံရတယ်"

"ဟုတ်ပါတယ်၊ ဖေဖေ နေထိုင်မကောင်းဖြစ်နေတာ တော်တော်ကြာသွားပါပြီ။ ဒါထက် ဖေဖေ ဒီကိုလာတုန်းက ဘာတွေများ ပြောသွား ဆိုသွားပါသေးသလဲ ကိုတင် ဦး"

"တခြားအကြောင်းတော့ မရှိပါဘူးလေ၊ မြိုင့်ကိစ္စကို လာပြောသွားတာပါပဲ"

"ကျွန်တော် အခုလာခဲ့ရတာလည်း ကိုတင်ဦးကို အဖေကပြီးလို့ သားက တစ်လှည့် လာနှောင့်ယှက်နေရာကျမလားတော့ မပြောနိုင်ဘူး"

"ဒီလို သဘောမထားပါဘူးဗျာ။ ခင်ဗျားတို့နေရာက ဝင်ပြီး ကျွန်တော်လည်း စဉ်းစားတတ်ပါတယ်။ ကိုဇော်ဝင်းပြောစရာဆိုစရာရှိတာသာ ပွင့်ပွင့်လင်းလင်း ပြောပါ"

"မြိုင့်အတွက်နဲ့ပတ်သက်ပြီး ကျွန်တော်တို့သားအဖသာမဟုတ်ဘူး၊ တစ်ဆွေလုံး တစ်မျိုးလုံးလိုလို စိတ်မကောင်းဖြစ်နေကြတာကိုတော့ ကိုတင်ဦးလည်း သိလိမ့်မလား မပြောတတ်ဘူး"

"ကိုဇော်ဝင်းပြောတာဟာလည်း ဖြစ်နိုင်စရာရှိပါတယ်။ ဒါပေမဲ့ မြိုင်က ကျွန်တော့်ကို လက်ထပ်မယ်ဆိုတဲ့ကိစ္စနဲ့ ဘယ်လိုပတ်သက်နေတယ်ဆိုတာကိုတော့ ကျွန်တော်လည်း စဉ်းစားလို့ကို နားမလည်နိုင်ဘူး"

ကိုတင်ဦးက ဤကဲ့သို့ ပြောဆိုလိုက်သဖြင့် ကိုဇော်ဝင်းသည် ရုတ်တရက်သော် ခပ်အမ်းအမ်းဖြစ်သွားသည်။

"ဦး ကျွန်တော့်ဆီ လာတုန်းကလည်း အခု ကိုဇော်ဝင်းပြောတဲ့အတိုင်း ပြောသွား ပါသေးတယ်" ခပ်အမ်းအမ်းဖြစ်နေသော ကိုဇော်ဝင်း၏ မျက်နှာကို အကဲခတ်ကြည့်ရှုရင်း ကိုတင်ဦးက ဆက်လက်ပြောဆိုလေသည်။

"မြိုင့်ကို လူတစ်ယောက်နဲ့လက်ထပ်ပေးဖို့ လူကြီးတွေစီစဉ်ထားကြတဲ့ ကိစ္စကိုတော့ ကိုတင်ဦး သိလိမ့်မယ်ထင်တယ်"

"မြိုင်က ပြောပြထားဖူးလို့တော့ သိပါတယ်။ ဒါပေမဲ့ ကျွန်တော်နဲ့ သိပ်မဆိုင်လှဘူးထင်တယ်။ လူကြီးတွေဘာသာလူကြီးတွေ လုပ်ထားကြတဲ့ကိစ္စပဲမဟုတ်လား"

"ဒီလိုပြောလို့လည်း မဖြစ်သေးဘူးထင်တယ် ကိုတင်ဦး၊ ခင်ဗျားလည်း စဉ်းစားတတ်တဲ့လူတစ်ယောက်ပဲ"

"ခင်ဗျားပြောသလို စဉ်းစားတတ်တဲ့လူတစ်ယောက်မို့လို့ ကျွန်တော်နဲ့ အဲဒီကိစ္စဟာ သိပ်မဆိုင်လှဘူးလို့ ပြောရတာပေါ့ ကိုဇော်ဝင်း"

ကိုဇော်ဝင်းသည် အတော်ကလေး အနေရကျပ် အထိုင်ရကျပ် ဖြစ်လာပုံရလေသည်။

"မြိုင့်အတွက်နဲ့ ဦးကိုရော ကိုဇော်ဝင်းကိုပါ ကျွန်တော် အများကြီး ကိုယ်ချင်းစာ မိပါတယ်။ အခုလို တကူးတကန့် ကျွန်တော့်ကိုလာတွေ့ ရတဲ့အတွက်လည်း အားနာပါ တယ်။ ဒါပေမဲ့ ကာယကံရှင်တွေက မပါဘဲ လူကြီးတွေချင်း စီမံထားတဲ့ကိစ္စဖြစ်လို့ ကာယကံရှင်တွေက ဇက်စင်းပေးရမယ်ဆိုတာကိုတော့ ကျွန်တော် စဉ်းစားလို့ ဘယ်လို မှ သဘောမပေါက်ဘူးဗျာ"

"ဒီကိစ္စ အေးအေးဆေးဆေးဖြစ်မြောက်သွားနိုင်ဖို့ကတော့ ကိုတင်ဦးဟာ အညှာပါပဲ။ အဲဒီတော့ ကိုတင်ဦးကို ကျွန်တော် တောင်းပန်ချင်တာက"

ကိုဇော်ဝင်း၏ စကား မဆုံးသေးမီ...

"တောင်းပန်စရာကိစ္စမဟုတ်တာကိုတော့ မတောင်းပန်စေချင်ဘူး ကိုဇော်ဝင်း"

ဟု ကိုတင်ဦးက ကြားဖြတ်၍ ပြောဆိုလိုက်သည်။

ကိုဇော်ဝင်းသည် သိသိသာသာကြီး မျက်နှာပျက်သွားသည်။ သို့ရာတွင် ပျက်သွားသော မျက်နှာကို ကြိုးစား၍ ပြင်ဆင်လိုက်သည်။

"လူကြီးတွေ စီမံထားလို့ လူငယ်တွေက ငုံ့ခံနေရမယ်ဆိုတာကိုတော့ ခုလိုခေတ်ကြီးမှာ ပြောနေလို့မကောင်းတော့ပါဘူးဗျာ။ ခင်ဗျားလည်း အင်္ဂလန်လို တိုင်းပြည်မှာ သွားပြီး ပညာသင်ခဲ့တဲ့လူတစ်ယောက်ပဲ"

"မြိုင်ရဲ့အနာဂတ် ချမ်းသာရေးအတွက် ကျွန်တော်ဟာ အစ်ကိုတစ်ယောက်အနေနဲ့ တာဝန်ရှိပါတယ်။ ဒါကြောင့် ကျွန်တော် ခင်ဗျားဆီကို လာပြီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးရင်း အကူအညီတောင်းတာပါ"

"ကျွန်တော် တတ်နိုင်တဲ့ဘက်ကတော့ ကူညီဖို့ အချိန်မရွေး အဆင်သင့်ရှိပါတယ် ကိုဇော်ဝင်း"

"ရိုင်းတယ်လို့တော့ မထင်ပါနဲ့ဗျာ။ မြိုင့်ကိစ္စအတွက် ခင်ဗျား နောက်ဆုတ်ပေး စေချင်တယ်။ မြိုင့်ကို ခင်ဗျား တကယ်တမ်းကြင်နာတတ်တဲ့လူတစ်ယောက်သာဆိုရင် နောက်ဆုတ်ပေးနိုင်ရလိမ့်မယ်ထင်တယ်"

"နောက်ဆုတ်ပေးရမယ်ဆိုတာနဲ့ မြိုင့်အပေါ် တကယ်ကြင်နာတယ်ဆိုတာဟာ ဘယ်လိုဆက်စပ်နေသလဲ ကိုဇော်ဝင်း"

"ခင်ဗျားကသာ နောက်ဆုတ်ပေးလိုက်မယ်ဆိုရင် ကျွန်တော့်နှမကလေး မြိုင်ဟာ မိဘဆွေမျိုးတွေနဲ့လည်း စိတ်ဝမ်းမကွဲဘဲ စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေနိုင်ပါလိမ့် မယ်"

"ဒါကတော့ ကိုဇော်ဝင်းအထင်ကို ပြောနေတာပဲ ဖြစ်လိမ့်မယ်ထင်တယ်"

"ဘယ်လိုကြောင့်လဲဗျ"

"ခင်ဗျားတို့ လူကြီးတွေက လက်ထပ်ပေးဖို့စီစဉ်နေကြတဲ့ ကိုသက်တင်ဆိုတဲ့လူကို မြိုင်က အသာတကြည် လက်ထပ်နိုင်ဖို့အတွက် ကျွန်တော်က နောက်ဆုတ်ပေးလိုက်ရင် မြိုင် တစ်သက်လုံး စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေနိုင်သွားလိမ့်မယ်လို့ ကိုဇော်ဝင်းက ပြောချင်သလား"

"ကျွန်တော်ကရော လူကြီးတွေကရော ဒီအတိုင်း ယူဆထားကြတယ်"

"ခင်ဗျားတို့ ယူဆထားတာကတော့ ခင်ဗျားတို့အယူအဆမို့လို့ ကျွန်တော့်အနေ နဲ့ ဘာမှပြောစရာမရှိပါဘူးလေ။ ဒါပေမဲ့ ကျွန်တော့်အယူအဆကိုတော့ အသာထားပြီး မြိုင့်အယူအဆကိုပဲ ခင်ဗျားတို့ သေသေချာချာ မေးမြန်းလေ့လာကြည့်ကြပါဦး"

"တကယ်လို့ မြိုင်က လူကြီးတွေစီမံတဲ့အတိုင်း နာခံမယ်ဆိုရင် ခင်ဗျားအနေနဲ့ မနှောင့်ယှက်ပါဘူးလို့ အာမခံနိုင်ပါ့မလား ကိုတင်ဦး"

"ခင်ဗျားလည်း ပညာတတ်တစ်ယောက်ပဲဗျာ၊ စကားပြောတဲ့အခါ စဉ်းစဉ်းစားစား ပြောစေချင်တယ်"

"ခင်ဗျား အာမခံနိုင်ပါ့မလား ကိုတင်ဦး။ ဒါကိုပဲ ကျွန်တော် တိတိကျကျ သိချင်တယ်"

"မြိုင်က သဘောမတူဘဲ ခင်ဗျားတို့ဘက်က လူကြီးမိဘတွေက အတင်းအကျပ် လုပ်ကြရင်ကောဗျာ"

"ခင်ဗျားကသာ မနှောင့်ယှက်ဘူးဆိုရင် လူကြီးတွေက အတင်းအကျပ်မလုပ်စေရဘူးလို့ ကျွန်တော့်အနေနဲ့ ရဲရဲကြီး အာမခံပါ့မယ်"

"မြိုင်က လူကြီးတွေစီမံတာကို သူ့သဘောနဲ့သူ အသာတကြည်နဲ့ သဘောတူ လက်ခံသွားရင် ကျွန်တော့်အနေနဲ့ ဘာမှပြောစရာမရှိပါဘူး ကိုဇော်ဝင်း။ ဒါပေမဲ့ အတင်း အကျပ်လုပ်ကြရင်တော့ ဘာမှ အာမမခံနိုင်ဘူးနော်"

ကိုဇော်ဝင်းသည် ထိုင်ရာမှ ထလိုက်လေသည်။

"ဒါပါပဲ ကိုတင်ဦး။ ကျွန်တော် သွားလိုက်ပါဦးမယ်"

ဟု နှုတ်ဆက်ပြောဆိုပြီးနောက် ကိုဇော်ဝင်းသည် ကိုတင်ဦး၏အခန်းအတွင်းမှ ရုတ်တရက် ထွက်သွားလေသည်။ မြိုင်၏အစ်ကို ကိုဇော်ဝင်း ထွက်သွားပြီးသည်နှင့်တစ်ပြိုင်နက် ကိုတင်ဦးသည် အခြား လုပ်စရာရှိသော အလုပ်များကို မလုပ်ကိုင်နိုင်သေးဘဲ မြိုင့်ထံသို့ အရေးတကြီး စာတစ်စောင်ကောက်၍ ရေးလေသည်။

အခန်း[၁၆]

(က)

ဗိုလ်အောင်ကျော်လမ်းရှိ ပြည်သူ့အလင်းသတင်းစာတိုက်သို့ ကိုဇော်ဝင်း ရောက်သွားပြီးနောက် နောက်တနေ့ နေ့ခင်းတွင် ၎င်း၏အခန်းအတွင်း၌ မြိုင်သည် ကိုတင်ဦးထံမှ စာတစောင်ကို ဖတ်ရှုလျက်ရှိပေသည်။ ကိုတင်ဦးက ရေးလိုက်သော စာထဲတွင် မြိုင်၏ဖခင်နှင့် အစ်ကိုလုပ်သူတို့ ၎င်း၏အလုပ်တိုက်သို့ လာရောက်လည်ပတ်သွားကြသော အကြောင်းနှင့် ထိုသို့လာရောက်လည်ပတ်ရင်း ပြောဆိုသွားခဲ့ကြသော အကြောင်းအရာများကို ပြည့်ပြည့်စုံစုံ ရေးသားဖော်ပြထားလေသည်။

မြိုင်သည် ကိုတင်ဦးထံမှ စာကို ဖတ်ရှုရင်း ၎င်းကြိုက်နှစ်သက်သောသူတယောက်နှင့် လက်ထပ်ရေးကိစ္စတွင် ရန်သူများပတ်ပတ်လည်ဝိုင်းနေသော မိမိ၏အခြေအနေကို သိရှိလာပေသည်။ ခပ်စောစောက မိမိနှင့် ကိုတင်ဦးတို့ လက်ထပ်ရေးကိစ္စကို အချိန်အနည်းငယ်ယူ၍ ပြင်ဆင်ဦးမည်ဟု ခန့်မှန်းလျာထားခဲ့သော မြိုင်သည် ယခုအခါတွင် ထိုလျာ ထားခန့်မှန်းချက်ကို မပြင်ဆင်လျှင် မဖြစ်တော့ကြောင်း သိမြင်လာသည်။ ကိုတင်ဦးနှင့် မိမိတို့ တရားဝင်လင်မယားအဖြစ်သို့ မရောက်သေးမချင်း ဤကဲ့သို့သော အနှောင့်အယှက် အဖျက်အဆီးများကို တစ်မျိုးပြီးတစ်မျိုး တွေ့ နေရဦးမည်ဖြစ်သည်။

မြိုင်သည် တစ်ရက်နှစ်ရက်အတွင်းလောက် ကိုတင်ဦးအား သွားရောက်တွေ့ဆုံ၍ မိမိ၏သဘောထားကို ပြောပြရလျှင် ကောင်းမည်လားဟု စဉ်းစားမိလေသည်။ သို့ရာတွင် ကိုတင်ဦးသည် မိမိတို့နှစ်ဦး လက်ထပ်ပြီးနောက် နေရေးထိုင်ရေးအတွက် စီစဉ်စရာ ရှိသေးသော အလုပ်အကိုင်များကို စီစဉ်နေရသေးသည်ဖြစ်သောကြောင့် သူ၏အစီအစဉ်များအကြောင်း ဘာမျှ မသိရသေးမီ မိမိက သွား၍ လောသင့်၊ မလောသင့်ကိုလည်း ပြန်လည်စဉ်းစားမိလေသည်။

ထိုအခိုက် ဒေါ်လေး ဒေါ်စောခင်သည် မြိုင့်အခန်းအတွင်းသို့ မျက်နှာမသာမယာ နှင့် ဝင်၍ လာသည်။

"အစ်ကိုကြီးက မြိုင့်ကို သူ့အခန်းထဲ လာပါဦးတဲ့ကွယ်"

ဟု ဒေါ်လေးဒေါ်စောခင် ပြောကာ ပြန်၍ ထွက်သွားတော့မည်အပြု...

"နေပါဦး ဒေါ်လေးရဲ့၊ ဖေဖေ ကနေ့ ဘယ်လိုနေသေးသလဲ"

ဟု မြိုင်က ခုတင်ပေါ်မှ လူးလိမ့်၍ ဆင်းလာရင်း မေးလိုက်သဖြင့် ဒေါ်စောခင်သည် တံခါးဝတွင် ရပ်နေလိုက်သည်။ သို့ရာတွင် မြိုင်၏အမေးကိုကား ပြန်၍ မဖြေသေးပေ။

မြိုင်သည် ဒေါ်လေးဒေါ်စောခင် ရပ်နေသော အခန်းတံခါးဝသို့လျှောက်လာပြီးနောက် ဒေါ်လေးလုပ်သူ၏လက်ကိုကိုင်ရင်း...

"ဖေဖေ ကနေ့ နေလို့သက်သာရဲ့လားဟင် ဒေါ်လေး"

ဟု မေးလေသည်။

"အစ်ကိုကြီးကိုကြည့်ရတာတော့ ဒီလိုဒီလိုပါပဲကွယ်။ ပြီးတော့ ..."

ဒေါ်လေး ဒေါ်စောခင်သည် ပြောစရာရှိသော စကားကို ဆုံးအောင်မပြောချင်သကဲ့သို့ ပြန်လည် ထွက်သွားတော့မည်အလုပ် မြိုင်က ဒေါ်လေးဒေါ်စောခင်၏လက်ကို ဖမ်းဆွဲထားလိုက် ပြီးလျှင်...

"ပြီးတော့ ... ဘာဖြစ်သလဲ ဒေါ်လေးရဲ့။ ဒေါ်လေးစကားတစ်ပိုင်းတန်းလန်း ကြီးနဲ့"

ဟု မြိုင်က အတင်းမေးလိုက်မိသည်။ .

"ဒေါ်လေး မပြောချင်ပါဘူးကွယ်။ မပြောပါရစေနဲ့တော့"

ဤကဲ့သို့ မပြောလိုပါဘူး၊ မပြောပါရစေနဲ့ဟု ဆိုလာကာမှ မြိုင်သည် ပိုမို၍ သိချင်လာပေသည်။

"ပြောစမ်းပါဦး ဒေါ်လေးရဲ့။ မြိုင့်ကို ခုလို တစ်ပိုင်းတန်းလန်းနဲ့ မထားခဲ့ပါနဲ့"

“ပြောနေလို့လည်း အကြောင်းမထူးလှပါဘူးကွယ်။ ဒေါ်လေးဘာသာပဲ မပြောဘဲ နေပါရစေတော့”

“ပြောမှာသာ ပြောစမ်းပါ ဒေါ်လေးရဲ့”

“မပြောလည်းခက်၊ ပြောလည်းခက်နဲ့ ဒေါ်လေးလည်း စိတ်ညစ်လှပါပြီကွယ်”

“ပြောမှာသာ ပြောစမ်းပါ ဒေါ်လေးရယ်"

“မြိုင်က ဒါလောက်သိချင်လှရင်လည်း ပြောရတာပေါ့လေ။ မြိုင့်ဖေဖေဟာ မြိုင့် အတွက်နဲ့စိတ်မချမ်းမသာဖြစ်ပြီး ခလောက်ရောဂါသည်းလာတာလို့ ဒေါ်လေးတော့ ထင်တာပဲ”

မြိုင်သည် ငိုင်၍ ကျသွားလေသည်။ ဦးခေါင်းထဲ၌လည်း မိုက်ခနဲဖြစ်သွားလေသည်။

အဘယ်မျှ ကြာသွားသည်တော့မသိလိုက်၊ မြိုင် သတိပြန်ရလာသောအချိန်၌ကား ဒေါ်လေး ဒေါ်စောခင်သည် မြိုင်၏အနီး၌ မရှိတော့ပေ။

မြိုင်သည် မိမိဖခင်က အခေါ်ခိုင်းလိုက်သော ကိစ္စကိုလည်း သတိရလာသည်။ ထို့ကြောင့် မိမိအခန်းအတွင်းမှ ထွက်လာခဲ့ပြီးနောက် ဖခင်၏အိပ်ခန်းဘက်သို့ ခပ်ဖြည်းဖြည်း လျှောက်လာခဲ့လေသည်။ ဖခင်၏အခန်းတံခါးဝဘက်သို့ ရောက်သောအခါ ရုတ်တရက် မဝင်သွားသေးဘဲ တံခါးဝတွင်ရပ်ကာ အတွင်းဘက်သို့ လှမ်း၍ ကြည့်လိုက်သည်။

ဦးထွန်းမင်းသည် ခုတင်တွင် စောင်ခြုံကာ မှေးနေသည်။

မြိုင်သည် အခန်းတံခါးဝတွင် အတန်ကြာမျှ ရပ်၍ ဖခင်လုပ်သူ အိပ်ပျော်နေသည် သို့မဟုတ် မှေးရုံမျှ မှေးနေသည်ကိုလည်း အကဲခတ်နေသည်။

ဦးထွန်းမင်းသည် အခေါ်ခိုင်းလိုက်၍ ၎င်း၏ခုတင်ခြေရင်းသို့ ရောက်ရှိနေသော သမီးလုပ်သူကို သတိရမိပုံမရဘဲ မှိန်းနေသည်။

"ဖေဖေ ..."

ဟု မြိုင်က မတိုးမကျယ်ခေါ်စမ်းကြည့်လိုက်သည်။ သို့ရာတွင် ဦးထွန်းမင်းကား လှုပ်ရှားခြင်းမရှိဘဲ ငြိမ်သက်စွာ အသက်မှန်မှန်ရှူလျက် မှိန်းမြဲမှိန်းနေသည်။

နောက်ထပ်၍ အတန်ကြာမျှ စောင့်ဆိုင်းနေပြီးနောက်... "ဖေဖေ" ဟု မြိုင်သည် ခပ်ကျယ်ကျယ်ကလေး ခေါ်ကြည့်ပြန်သည်။ ဦးထွန်းမင်းသည် လှုပ်ရှားခြင်းမရှိ၊ အသက်ကို မှန်မှန်ရှူကာ မှိန်းမြဲမှိန်းနေသည်။

မြိုင်သည် နောက်ထပ်၍ အတန်ကြာမျှ ဖခင်လုပ်သူအား အကဲခတ်ကြည့်ရှုနေမိ ပြီးနောက် အိပ်ပျော်လျက်ရှိနေပြီဟု အထင်နှင့် ခုတင်ခြေရင်းမှ ပြန်လှည့်၍ ထွက်လာတော့မည်အပြုတွင် မှိန်းနေသော ဦးထွန်းမင်းသည် အနည်းငယ် လူးလွန့်လာပြီးနောက် မျက်လုံးများ ပွင့်လာသည်။

·"သမီး ... မြိုင်"

ဦးထွန်းမင်း၏အသံမှာ အားနည်းလျက်ရှိသည်။ ခပ်တိုးတိုးမျှ သာ ထွက်လာသည်။

"ဖေဖေ ..."

မြိုင်က ပြန်ထူးရင်း ခုတင်ခြေရင်းဘက်တွင် ဒူးထောက်ကာ ထိုင်လိုက်သည်။

ဦးထွန်းမင်းသည် တော်တော်နှင့် စကားမပြောသေးဘဲ ခုတင်ခြေရင်းဘက်၌ ဒူးထောက်ကာ ထိုင်နေသော မြိုင့်အား မျက်တောင်မခတ်ဘဲ ကြည့်နေသည်။ ထို့နောက် သက်ပြင်းကို လေးလေးချလိုက်သည်။

"ဖေဖေ အခေါ်ခိုင်းလိုက်တယ်ဆိုလို့"

မြိုင်က မတိုးမကျယ်ပြောဆိုလိုက်သည်။

“ဖေဖေ့ခေါင်းရင်းဘက်ကို တိုးပါဦး သမီးရဲ့”

ဟု ဖခင်လုပ်သူက ပြောဆိုသဖြင့် မြိုင်သည် ခုတင်ခြေရင်းဘက်မှ ခေါင်းရင်းဘက်နားသို့ ရွှေ့၍ ထိုင်လိုက်သည်။

“ငါ့သမီးကလေးအတွက် ဖေဖေ စိတ်မကောင်းဘူးကွယ်”

ဟုပြောရင်း ဦးထွန်းမင်းသည် တဖက်သို့ စောင်းလိုက်သည်။ မြိုင်သည် ဘာမှပြန်မပြောနိုင်ပေ။ စိတ်မကောင်းဖြစ်နေသည်။

“သုံးရက်လောက်က သမီးနှစ်သက်တယ်ဆိုတဲ့ မောင်တင်ဦးဆီကို ဖေဖေကိုယ်တိုင် ရောက်ခဲ့တယ်သမီး"

“မြိုင် သိပြီးပါပြီ ဖေဖေ"

“ဟင် … သမီး ဘယ်လိုသိသလဲ” . .

“ကိုတင်ဦးဆီက စာရတယ်။ ဖေဖေရော၊ ကိုကိုရော သူ့ဆီလာသွားတဲ့အကြောင်း ထည့်ရေးလိုက်တယ်”

“ဟင် … မောင်ဇော်ဝင်းလည်း သူ့ဆီကို ရောက်သေးသတဲ့လား”

“သူ့စာထဲမှာ ကိုကိုလည်း လာသွားသေးတဲ့အကြောင်း ရေးလိုက်တယ်”

“ဪ … ဒင်းနှမလေးအတွက် ဒင်းလည်း မနေသာရှာပဲကိုး”

မြိုင်သည် ခေါင်းငုံ့ကာ ငြိမ်သက်စွာ နားထောင်လျက်ရှိလေသည်။ ဦးထွန်းမင်းသည် အတန်ကြာမျှ စကားမပြောနိုင်သေးဘဲ အနားယူရပြီးမှ…

“အဲဒီ မောင်တင်ဦးဆိုတဲ့ သူငယ်နဲ့ ဖေဖေ နာရီဝက်သာသာလောက် စကားပြောခဲ့ရတယ်။ ဒီသူငယ် ပြောပုံဆိုပုံကို ဖေဖေ သဘောကျတယ်။ တကယ်လို့သာ မောင်သက်တင်နဲ့ ဖေဖေတို့လူကြီးတွေချင်း ပြောဆိုစီမံထားကြတဲ့ကိစ္စသာ မရှိဘူးဆိုရင် ဒီသူငယ်နဲ့ ဖေဖေ့ သမီးတို့ လက်ထပ်ဖို့ ကိစ္စကို ဖေဖေ ဘာမှ ပြောစရာမရှိပါဘူးကွယ်”

ဟု တစ်လုံးချင်း စီ၍ ဖြည်းညင်းစွာ ပြောဆိုသွားလေသည်။

ဖခင်လုပ်သူ၏ ကိုတင်ဦးအပေါ်၌ ထားရှိသော သဘောထားနှင့် စေတနာကို သိရှိလိုက်ရသည့်အတွက် မြိုင်သည် ကျေနပ်သွားလေသည်။ သို့ရာတွင် ဖခင်လုပ်သူ ရှေ့ဆက်ပြောမည့်စကားကို ကြားသိလိုသေးသဖြင့် ငြိမ်သက်စွာ နားထောင်မြဲ နားထောင် နေလိုက်သည်။

"မောင်သက်တင်နဲ့ကိစ္စကိုတော့ ဖေဖေတို့ လူကြီးချင်း ပြောဆိုစီမံထားကြပြီးသား ဆိုတာကို သမီးလည်း သိပြီးသားပဲ။ ဒီကြားထဲကမှ မောင်သက်တင်ကို သမီးက လက်မခံနိုင်လို့ သမီးနှစ်သက်တဲ့ မောင်တင်ဦးဆိုတဲ့သူငယ်ကို သမီးသဘောနဲ့သမီး လက်ထပ်ချင်ရင်တော့ ဖေဖေ့အနေနဲ့ ဘာမှ မပြောလိုတော့ဘူး။ ဒီကိစ္စ သမီးကိစ္စဖြစ်တဲ့အတွက် သမီးသဘောနဲ့သမီး ဖြစ်မှလည်း ကောင်းတာကိုး"

"ဒီလိုဆိုရင် ကိုတင်ဦးကို မြိုင့်သဘောအတိုင်း လက်ထပ်ဖို့ ဖေဖေ ခွင့်ပြုတာပေါ့ နော်"

ဟု မြိုင်က မိမိ နားလည်လိုက်သည့်အတိုင်း ဝမ်းသာအားရ မေးလိုက်မိသည်။

"ဖေဖေက ခွင့်ပြုတယ်လို့တော့ ဘယ်ဟုတ်မလဲ သမီးရယ်။ ပြီးတော့ ဖေဖေကိုယ်တိုင် သဘောတူစီစဉ်ထားခဲ့တဲ့ကိစ္စကြီးတစ်ခုကို ဖေဖေက ဖျက်ပစ်လိုက်တော့ ဒီပြင်လူတွေက ဘယ်လိုပြောကြဦးမယ်ဆိုတာကို သမီးပဲ စဉ်းစားကြည့်စမ်းပါဦး"

မြိုင်သည် ခေါင်းငုံ့ကာ နားထောင်နေလိုက်သည်။

"ဖေဖေ ပြောချင်တာကတော့ ဖေဖေတို့လူကြီးတွေချင်း စီစဉ်ထားကြတဲ့ကိစ္စကို သမီးလက်ခံဖို့ အားလုံးကပဲ ဝိုင်းပြောခဲ့ကြပြီးပြီ။ အခု သမီးနှစ်သက်တဲ့ လူတယောက်ကို သမီးသဘောနဲ့သမီး လက်ထပ်ဖို့ ဆုံးဖြတ်ပြီးသားဆိုရင်တော့ ဖေဖေတို့ ဘာမှ မပြောလိုတော့ဘူး။ ဖေဖေပြောချင်တာကတော့ ဒါပါပဲကွယ်"

ဖခင်လုပ်သူ၏သဘောထားကို တိတိလင်းလင်း သိရှိလိုက်ရသောအခါ မြိုင်သည် စိတ်မကောင်းဖြစ်ရပြန်လေသည်။ သို့ရာတွင် ဖခင်လုပ်သူ၏ ယာယီမျှသော စိတ်ချမ်းသာမှုကို မိမိတစ်သက်ပန်

စိတ်ဆင်းရဲရခြင်းနှင့်ကား မြိုင်သည် လဲလှယ်ခြင်းမပြုနိုင်ပေ။ မြိုင်သည် ဖခင်ခုတင်ဘေးတွင် ဒူးထောက်၍ ထိုင်နေရာမှ ဖြည်းညင်းလေးလံစွာ ထလိုက်သည်။

"သမီး ... မြိုင်"

ဟု ဖခင်လုပ်သူက ခေါ်လိုက်ပြန်သည်။

"ဖေဖေ"

"သမီး ဘာပဲလုပ်လုပ် သမီးမေမေရဲ့ပစ္စည်းတွေဟာတော့ သမီးနဲ့သာ ဆိုင်လို့ သမီးပဲ ယူထားတာပေါ့နော် ဟုတ်လား။ ဒီအိမ်ကြီးကိုတော့ နောက်မှပဲ ဖေဖေ စီစဉ်ပါရစေ"

ဖခင်လုပ်သူ၏ အခန်းအတွင်းမှ ထွက်လာခဲ့ပြီးနောက် မိမိအခန်းတွင်းသို့ ရောက်လာသောအခါ မြိုင်သည် ခုတင်ပေါ်သို့ မိမိကိုယ်ကို ပစ်လှဲချလိုက်ပြီးနောက် အားရပါးရ ငိုချလိုက်လေသတည်း။

နောက်တစ်နေ့၌လည်း မြိုင်သည် စိတ်မချမ်းမြေ့စရာသတင်းတစ်ခုကို ထပ်မံ၍ ကြားရပြန်လေသည်။ ထိုစိတ်မချမ်းမြေ့စရာသတင်းမှာ အခြားတော့မဟုတ်၊ ကိုသက်တင်ကိုယ်တိုင် ပြည်သူ့အလင်းသတင်းစာတိုက်ရှိ ကိုတင်ဦး၏ အလုပ်ခန်းအတွင်းသို့ ဝင်ရောက်ကာ ကိုတင်ဦးအား ကြိမ်းလား မောင်းလားနှင့် ခြိမ်းခြောက်စော်ကားခြင်းပြုသည်ဆိုသော သတင်းပင်ဖြစ်လေသည်။

မိမိ၏ အလုပ်ခန်းအတွင်းသို့ ကိုသက်တင်က ဝင်ရောက်ကျူးကျော်၍ မိမိအား ခြိမ်းခြောက် စော်ကားသွားသော ကိစ္စကို မြိုင် သိသင့်သိထိုက်သည်ဟု ယူဆမိဟန်ရှိသော ကိုတင်ဦးက မြိုင့်ထံသို့ ပြည့်ပြည့်စုံစုံ ရေးသားလိုက်လေသည်။

မြိုင်သည် ကိုတင်ဦးထံမှစာကို ဖတ်ရှုပြီးစီးသွားသောအခါ မိမိ၏ ပြုလုပ်ရန် ဆုံးဖြတ်ထားသော ကိစ္စကို ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် အချိန်ဆွဲနေ၍ မဖြစ်တော့မှန်း သိရှိလိုက်ပေသည်။ ဤကဲ့သို့သာ အချိန်ဆွဲနေချေလျှင် ရှေ့လျှောက် ယခုထက် စိတ်မချမ်းမြေ့စရာများနှင့် မလိုလားအပ်သော အကြောင်းအရာအဖြစ်အပျက်များသည် များပြားသည်ထက် များပြားလာ တော့မည်ဖြစ်သည်။ ထိုအခါကာလ၌ သာလွန်၍ စိတ်မချမ်းမသာဖြစ်ရပေတော့မည်။ မြိုင်သည် ကိုတင်ဦးထံမှစာကို နောက်တစ်ခေါက်ပြန်၍ ဖတ်လေသည်။

"မြိုင်နှင့် လူကြီးချင်းစေ့စပ်ကြောင်းထားသည်ဆိုသော ကိုသက်တင်၏ သက်သက်မဲ့စော်ကားခြင်းကို ထောက်ထားရမည့်မျက်နှာများကြောင့် သည်းညည်းခံရခြင်းဖြစ်သည့်အကြောင်းကို မြိုင်လည်း စဉ်းစားနိုင်ပါလိမ့်မည်။ အကယ်၍သာ နောက်တစ်ကြိမ် ဤကဲ့သို့ စော်ကားခြင်းပြုလာလျှင် ကိုတင်ဦးအနေနှင့် ယခုကဲ့သို့ ခေါင်းငုံ့ခံနေဖို့ တော်တော်ကလေး ခက်ခဲလိမ့်မည်ထင်ပါသည်။ ကိုသက်တင်က ယခုကဲ့သို့ သက်သက်မဲ့ လာရောက်စော်ကားသွားသောကိစ္စကိုလည်း ဦးသက်ထွန်းအား တိုင်တန်းပြောကြားလိုက် ပါသည်။ ဦးသက်ထွန်းက နောက်နောင် ဤကဲ့သို့ ဖြစ်ပွားခြင်းမရှိရအောင် သူ့ညီကိုသူကိုယ်တိုင် ပြောဆိုဆုံးမပါမည်ဟု ကတိပေးပါသည်။ ဤကဲ့သို့ ဖြစ်ပွားရသောကိစ္စအတွက်နှင့် ဦးသက်ထွန်းလည်း တော်တော်ကလေး စိတ်မကောင်းဖြစ်သွားပုံ ရပါသည်။

မြိုင်နှင့် ကိုတင်ဦးတို့ လက်မထပ်နိုင်ကြသေးမီစပ်ကြား ရှေ့လျှောက် မည်ကဲ့သို့သော အခက်အခဲနှင့် အနှောင့်အယှက် အဖျက်အဆီးများ တွေ့ကြရဦးမည်ကို မပြောနိုင်သေးပါ။ မြိုင်၏အလိုဆန္ဒအတိုင်း ပြီးမြောက်နိုင်သလောက် ပြီးမြောက်နိုင်စေရန် အတွက် ကိုတင်ဦးလည်း ကြိုးစားနေပါသည်။ အိမ်တစ်ဆောင် သတ်သတ်ငှားရမ်းဖို့နှင့် သင့်တင့်လျောက်ပတ်သော အိမ်ထောင်ပရိဘောဂပစ္စည်းများ ဝယ်ခြမ်းနိုင်ရေးအတွက် ကိုတင်ဦး လေ့လာစုံစမ်းမေးမြန်း၍ ရသလောက် အနည်းဆုံး ငွေငါးထောင်ခန့် လိုပါ လိမ့်မည်။ သို့ရာတွင် ယနေ့အထိ ကိုတင်ဦး ရှာဖွေ၍ ရသလောက် ငွေနှစ်ထောင်ပင် မပြည့်တတ်သေးပါ။ ကျန်သော ငွေသုံးထောင်လောက် နောက်ထပ်ရနိုင်ဖို့အရေးအတွက် ကိုတင်ဦး ရေးထားသော စာအုပ်နှစ်အုပ်ကို ပုံနှိပ်ထုတ်ဝေမည့်သူနှစ်ဦးနှင့် စကားပြောဆို နေတုန်း တန်းလန်းဖြစ်ပါသည်။ ဟန်ကျလျှင်ကျချင်း မြိုင့်ထံသို့ စာရေးအကြောင်းကြား လိုက်ပါမည်။ ယခုအတောအတွင်း မြိုင်လည်း သတိဝီရိယနှင့် သွားလာနေထိုင်စေလိုသည်”

စာ၏အဆုံး၌ သစ္စာရှိသော ကိုတင်ဦးဟူ၍ လက်မှတ်ရေးထိုးထားသည်။ ကိုတင်ဦးထံမှစာကို ဒုတိယအကြိမ် ပြန်လည်ဖတ်ရှု၍ ပြီးစီးသွားသောအခါ မြိုင်သည် မိမိ၏ကိစ္စကို ဖြစ်သည့်နည်းလမ်းနှင့် အမြန်ဆုံး ပြီးစီးသွားအောင် ဖြေရှင်းဆောင်ရွက်ရန် ဆုံးဖြတ်လိုက်လေသည်။ ကိုတင်ဦးက မြိုင်၏ဆန္ဒအတိုင်းသာ ပြည့်စုံခြင်းရှိအောင် လုပ်ကိုင်ရှာဖွေနေရ၍ အချိန်ကြန့်ကြာသွားပါက ထိုကြားကာလအတွင်း စိတ်မချမ်းမြေ့ဖွယ်ရာကိစ္စတစ်ခုခု ဖြစ်ပွားလာခဲ့လျှင် မိမိပါ တာဝန်မကင်းတော့ကြောင်း မြိုင်သည် လေးလေးနက်နက် စဉ်းစားလာမိသည်။ ဖွတ်တရွတ်သမားသက်သက်ဖြစ်သော ကိုသက်တင်သည် ကိုတင်ဦးအား ရှက်ရှက်နှင့် ရန်မရှာဟူ၍ မည်သူမျှ အာမခံနိုင်ကြ လိမ့်မည်မဟုတ်ပေ။ တကြိမ်က နှစ်ကြိမ်အထိ စော်ကားခံရသောကာလ၌ ကိုတင်ဦးကလည်း ၎င်းအား ကျူးကျော်စော်ကားသူကို တုံ့ပြန်မိလိမ့်မည်ဖြစ်ပေသည်။ ထိုအဖြစ်မျိုးကို မြိုင်သည် မည်သည့်နည်းနှင့်မျှ အဖြစ်မခံနိုင်ပေ။

မြိုင်သည် အဝတ်အစားလဲလေသည်။ ထို့နောက် မြို့ထဲသို့ ထွက်လာခဲ့သည်။ ဗိုလ်အောင်ကျော်လမ်းရှိ ပြည်သူ့အလင်းသတင်းစာတိုက်သို့ ရောက်သောအခါ တကြိမ်ကနှစ်ကြိမ် ရောက်ခဲ့ဖူးပြီဖြစ်သော ကိုတင်ဦး၏ အလုပ်ခန်းရှိရာသို့ မြိုင်သည်

တက်လာခဲ့သည်။ သို့ရာတွင် သူ၏အလုပ်ခန်းအတွင်း၌ ကိုတင်ဦးကို မတွေ့ရပေ။ မြိုင်သည် မောရှိ သွားလေသည်။

ချက်ချင်းပင် မြိုင်သည် ကိုတင်ဦး၏အခန်းအတွင်းမှ ပြန်၍ ထွက်လာခဲ့သည်။ ကိုတင်ဦး၏အကြောင်းကို မေးမြန်းကြည့်ရှုရန် အနီးအနား၌ သတင်းစာတိုက်မှ အလုပ်သမားတယောက်ကိုများ တွေ့လိုတွေ့ငြား မြိုင်သည် ဟိုဟိုဒီဒီ ကြည့်မိသည်။ သို့ရာတွင် မည်သူတဦးတယောက်ကိုမျှ မတွေ့ရသဖြင့် မြိုင်သည် အားငယ်၍ သွားလေသည်။ မြိုင်သည် ကိုတင်ဦး၏အလုပ်အခန်း အပြင်ဘက်၌ ရပ်ကာ အတွင်းသို့ ဝင်ထိုင်၍ စောင့်နေရလျှင် ကောင်းမည်လား၊ သို့မဟုတ် အလုပ်သမား
တယောက်ယောက်ကို သတင်းစာတိုက်၌ မတွေ့ တွေ့အောင် လိုက်လံရှာဖွေပြီးနောက် ကိုတင်ဦး၏သတင်းကို မေးမြန်း ကြည့်ရလျှင် ကောင်းမည်လားဟု မဝေခွဲနိုင်အောင် ချီတုံချတုံ ဖြစ်နေသည်။

ဤကဲ့သို့ ကိုတင်ဦး၏အလုပ်အခန်းအပြင်ဘက်၌ရပ်ကာ မြိုင်သည် ဘာလုပ်၍ ဘာကိုင်ရမှန်း မသိအောင် ချီတုံချတုံဖြစ်နေသည့်အခိုက် ဒေါ်မိမိခင်နှင့် လဲ့လဲ့တို့ သားအမိသည် ကိုသက်ထွန်း၏အလုပ်အခန်းအတွင်းမှ ရုတ်တရက် ထွက်လာကြကာ မြိုင့်ကို လှမ်း၍ မြင်သွားကြလေသည်။

"ဟိုမှာ မြိုင်ပါလား မေမေ"

ဟု လဲ့လဲ့က မိခင်လုပ်သူအား အလန့်တကြား လှမ်း၍ ပြောဆိုလိုက်သည်။

"ဟင် ... မြိုင်ပါလား။ ဒီသူငယ်မ ဒီကို ဘာလာလုပ်နေရတာပါလိမ့်"

ဟု ဒေါ် မိမိခင်သည် သမီးလုပ်သူအား အသာအယာလက်ကုပ်ရင်း ခပ်တိုးတိုးပြောလိုက်သည်။ မြိုင်ကတော့ မိမိအပူနှင့်မိမိဖြစ်၍ လဲ့လဲ့တို့သားအမိကို မမြင်နိုင်သေးချေ။ ကိုတင်ဦး၏ အခန်းအတွင်းသို့ဝင်၍ ထိုင်စောင့်နေရလျှင် ကောင်းနိုးနိုး၊ သို့မဟုတ် သတင်းစာတိုက်မှ အလုပ်သမားတယောက်ယောက်ကို လိုက်လံရှာဖွေ၍ ကိုတင်ဦးအကြောင်းကို
မေးမြန်းစုံစမ်းရ ကောင်းနိုးနိုးနှင့် ချီတုံချတုံဖြစ်နေတုန်းသာ ဖြစ်လေသည်။

"ဟို … တင်ဦးဆိုတဲ့အကောင်ဆီကို လာတာနဲ့တူပါတယ်သမီး … သူမမြင်ခင် မေမေတို့ လျှောက်သွားကြရမှဖြစ်မယ်"

ဟု ဒေါ်မိမိခင်သည် သမီးလုပ်သူ လဲ့လဲ့အား လက်ကုပ်၍ ခပ်တိုးတိုးပြောဆိုရင်း ခပ်သုတ်သုတ်ကလေး ထွက်သွားသဖြင့် မြိုင့်အား စကားပြော နှုတ်ဆက်ချင်သေးသော လဲ့လဲ့သည် မိခင်၏ ဩဇာကို မလွန်ဆန်နိုင်သဖြင့် နောက်မှ ခပ်သုတ်သုတ်ပင် လိုက်ပါ၍ သွားရလေသည်။

ကိုတင်ဦး၏အခန်းအပြင်ဘက်၌ ချီတုံချတုံဖြစ်နေသော မြိုင်သည် နောက်ဆုံး၌ ကိုတင်ဦး၏အခန်းအတွင်းသို့ ပြန်၍ ဝင်လာခဲ့ပြီးနောက် အတွင်းရှိ ကုလားထိုင်တစ်လုံးတွင်ထိုင်ကာ စောင့်လေသည်။ ကိုတင်ဦး၏ အခန်းအတွင်း၌ကား တိတ်ဆိတ်ငြိမ်သက်လျက်ရှိသဖြင့် တယောက်တည်းထိုင်၍ စောင့်နေရသော မြိုင်သည် ခပ်ပျင်းပျင်းရှိလာသည်။ ထို့ကြောင့် ကိုတင်ဦး၏ စားပွဲပေါ်၌ရှိသော အင်္ဂလိပ်နှင့် မြန်မာ သတင်းစာ ဂျာနယ်များထဲမှ လက်လှမ်းမီရာ အင်္ဂလိပ်ဂျာနယ်တအုပ်ကို ဆွဲယူကာ လှန်လှော ကြည့်ရှုလေသည်။ မြိုင် လှန်လှောကြည့်ရှုနေသော အင်္ဂလိပ်ဂျာနယ်မှာ အိန္ဒိယပြည် ဘုံဘေမြို့မှ ထုတ်ဝေသော နိုင်ငံရေးနှင့် ယဉ်ကျေးမှုစာပေဂျာနယ်တစောင် ဖြစ်လေ သည်။ မြိုင်သည် အင်္ဂလိပ်ဂျာနယ်၌ ဖော်ပြထားသော အာရှတိုက်လူမျိုးအသီးသီးတို့ ၏ ယဉ်ကျေးမှုဓာတ်ပုံများကို ကြည့်ရှုလျက်ရှိနေရာမှ "အင်ဒိုအာရိယန်နှင့် တရုတ် ယဉ်ကျေးမှုဟောင်းများ ပေါင်းဆုံရာတိုင်းပြည်" ဟူသော ကိုတင်ဦး ရေးသားထားသော ဆောင်းပါးတစ်ခုကို တွေ့ရှိရလေသည်။ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော ကိုတင်ဦး၏ ဆောင်းပါးကို တွေ့ရှိလိုက်ရသော မြိုင်သည် များစွာ အံ့သြသွားလေသည်။ ကိုတင်ဦးအား ပညာတတ် အလုပ်သမားတစ်ယောက်အနေနှင့် မြိုင်သည် အသိအမှတ်ပြု လက်ခံထားခဲ့ပြီဖြစ်သော်လည်း ဤကဲ့သို့ နိုင်ငံခြားတိုင်းပြည်တပြည်မှ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော ဂျာနယ်ကြီးတစ်စောင်၌ ယခုကဲ့သို့ စာရေးသားလျက်ရှိသော

လူတဦးတယောက်ဟူ၍ မထင်ခဲ့ပေ။ ဤမျှလောက် အင်္ဂလိပ်စာကို ရေးသားနိုင်လိမ့်မည်ဟုလည်း မမျှော်လင့်ခဲ့ပေ။

မြိုင်သည် ကိုတင်ဦး၏ ဆောင်းပါးကို စိတ်ပါဝင်စားစွာဖြင့် ဖတ်ရှုကြည့်မိလေသည်။ သို့ရာတွင် ဆောင်းပါးရှင်ရေးသားထားသော အကြောင်းအရာနှင့်ပတ်သက်၍ ကား မြိုင်သည် ယခင်က

ဘာမျှလေ့လာသိရှိခဲ့ဖူးသော ကျောင်းသူတယောက်မဟုတ်သည့် အတွက် ဆောင်းပါးရှင်၏ အကြောင်းအရာကို ကောင်းစွာ နားမလည်နိုင်ချေ။ သို့ရာတွင် ထိုဆောင်းပါးကိုကား မြိုင်သည် ကိုတင်ဦးအား စောင့်ရင်း ပြီးဆုံးအောင် ကြိုးစားဖတ်ရှု လျက်ရှိလေသည်။

ဤကဲ့သို့ မြိုင်သည် ကိုတင်ဦး အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော ဆောင်းပါးကို ဖတ်ရှုလျက်ရှိသည့်အခိုက် ပြည်သူ့အလင်းသတင်းစာတိုက်ရှင် ကိုသက်ထွန်း သည် ၎င်း၏အယ်ဒီတာနှင့် စကားပြောဆိုရန် ကိစ္စအတွက် ကိုတင်ဦး၏ အလုပ်ခန်း အတွင်းသို့ အမှုမဲ့အမှတ်မဲ့ ဝင်၍ လာလေသည်။ ဤကဲ့သို့ ကိုသက်ထွန်းသည် ခါတိုင်း ဝင်လာနေကျအတိုင်း ကိုတင်ဦး၏ အလုပ်အခန်းအတွင်းသို့ ဝင်၍ အလာ မမျှော်လင့် သော မြိုင့်အား ကိုတင်ဦးလည်းမရှိဘဲနှင့် ကိုတင်ဦး၏အခန်းအတွင်း၌

တယောက်တည်း ထိုင်၍ စာဖတ်နေသည်ကို ရုတ်တရက်တွေ့ မြင်လိုက်ရသောအခါ အခန်းတံခါးဝ တွင် ကြက်သေသေကာ ရပ်တန့်၍ သွားလေသည်။

ကိုတင်ဦးအား စောင့်ဆိုင်းရင်း ဆောင်းပါးကို စူးစူးစိုက်စိုက် ဖတ်ရှုလျက်ရှိသော မြိုင်သည်လည်း ကိုသက်ထွန်းတယောက်လုံး အခန်းအတွင်းသို့ ဝင်လာပြီးနောက် တံခါးဝတွင် ရပ်နေသည်ကိုပင် မကြားလိုက် မမြင်လိုက်ပေ။ ပြီးဆုံးခါလုနီးနေပြီဖြစ်သော ဆောင်းပါးကိုသာလျှင် စူးစူးစိုက်စိုက် ဖတ်ရှုမြဲ ဖတ်ရှုနေပေသည်။

ကိုသက်ထွန်းသည် အခန်းတံခါးဝ၌ရပ်ကာ မြိုင့်အား အတန်ကြာမျှ ငေးစိုက်၍ ကြည့်နေမိပြီးမှ မိမိအား မြင်တွေ့ သွားလျှင် မြိုင်သည် ရှက်ကြောက်လျက် အနေရကျပ် အထိုင်ရကျပ်သွားတော့မည့်အရေးကို စဉ်းစားမိသဖြင့် မိမိအား မြိုင်က မတွေ့မမြင်သွားမီ အမှတ်တမဲ့ ပြန်လှည့်၍ ထွက်သွားရလျှင် ကောင်းလေမည်လားဟု တွေးတောချိန်ဆ နေပုံရသည်။ ကိုသက်ထွန်းသည် ၎င်း၏အယ်ဒီတာလုပ်သူနှင့် မြိုင်တို့၏ကိစ္စကို သိသာ သိသည် မြင်ကား မမြင်လိုလှပေ။ ရှောင်ကွင်းတတ်နိုင်သမျှ လိုဟန်လည်းရှိသည်။ ဤကဲ့သို့ တွေးတောချိန်ဆမိ၍ မြိုင်က သူ့အား မမြင်မတွေ့ သေးမီ ပြန်လှည့်၍ ထွက်သွားတော့မည်အပြုတွင် ဆောင်းပါးကို ဖတ်ရှု၍ ပြီးစီးသွားသောမြိုင်သည် ကိုသက်ထွန်းအား ရုတ်တရက် လှမ်းမြင်သွားလေသည်။ ဤကဲ့သို့ ကိုသက်ထွန်းကို ရုတ်တရက် မြင်လိုက်မိသည်နှင့်တပြိုင်နက် မြိုင်သည် အလိုလို အနေရခက်

အထိုင်ရခက်ကာ မျက်နှာတခုလုံးလည်း ချွေးများပြန်၍ လာလေသည်။ ထို့ကြောင့် မြိုင်သည် ထိုင်၍နေ ရာမှ ရုတ်တရက် ထလိုက်မိသည်။

"ထိုင်လေ ... မြိုင်၊ ထိုင်ပါ"

ကိုသက်ထွန်းသည် ပြန်လှည့်ထွက်သွားရန် မဖြစ် တော့၍ ကြောင်တက်တက်ဖြစ်နေသော မြိုင့်အား အနေရအထိုင်ရ သက်သာချောင်ချိ သွားစေရန်အတွက် အားပေးစကားပြောဆိုရလေသည်။

မြိုင်သည် ရုတ်တရက် မထိုင်ဖြစ်သေးဘဲ ခေါင်းငုံ့နေလိုက်သည်။

ကိုသက်ထွန်းသည် မြိုင့်အနီးသို့ မလွဲမကင်းသာ လျှောက်လာခဲ့ပြီးနောက် ကုလားထိုင်အလွတ်တစ်လုံးတွင် အေးဆေးသော အမူအရာဖြင့် ဝင်၍ ထိုင်ရင်း...

"ကိုတင်ဦးနဲ့ မြိုင် တွေ့ ဖို့ကိစ္စရှိသလား။ ဒီလူ ခုတင်ကပဲ ရှိသေးသားပဲ"

ဟု ပြောဆိုလိုက်လေသည်။ မြိုင်သည် ဦးခေါင်းကိုငုံ့၍ ထားရာမှ ကိုသက်ထွန်းအား မရဲတရဲမော်၍ ကြည့်လေသည်။ သို့ရာတွင် ဘာမျှတော့ ပြန်လည်ပြောဆိုခြင်းမပြုနိုင်သေးဘဲ နှုတ်လေးနေလေသည်။

"ထိုင်လေ ... မြိုင်၊ ထိုင်ပါ"

ဟု ကိုသက်ထွန်းက ဒုတိယအကြိမ် ထိုင်ဖို့ရန် ပြောဆိုလိုက်တော့မှပင် မြိုင်သည် မရဲတရဲနှင့် ခပ်လေးလေး ထိုင်လိုက်လေသည်။ ဤသို့ ထိုင်လိုက်မိသည်တိုင်အောင် မြိုင်သည် ကိုသက်ထွန်းအား မျက်နှာချင်းဆိုင်မကြည့်ရဲသေးသကဲ့သို့ ဦးခေါင်းကို ငုံ့မြဲငုံ့ထားလေသည်။

"ကိုတင်ဦးနဲ့ကော မြိုင် တွေ့ ပြီးပလားဟင်"

ကိုသက်ထွန်းသည် ၎င်း၏စီးကရက်ဘူးအတွင်းမှ စီးကရက်တစ်လိပ်ကို ခပ်အေးအေး ထုတ်ယူ၍ မီးညှိရင်း မေးလိုက်သည်။

"မြိုင်လာတော့ သူ မရှိဘူးအစ်ကိုကြီး။ ဒါကြောင့် မြိုင်

စောင့်နေရတာပါ”

မြိုင်က ကိုသက်ထွန်းအား မကြည့်ဘဲ ခေါင်းငုံ့၍ ထားရင်း မပွင့်တပွင့် ပြန်ပြောလေသည်။

ကိုသက်ထွန်းသည် ကိုတင်ဦး၏ စားပွဲပေါ်မှ ခေါင်းလောင်းကလေးကို သုံးလေးချက် တီးလိုက်ပြီးနောက်...

“ဒီလူ ဒီအချိန် ဘယ်မှမသွားတတ်ပါဘူး။ ဩော် .. စက်ခန်း ထဲများ သွားနေသလားတော့ မပြောတတ်သေးဘူး”

ဟု ကိုသက်ထွန်းက ပြောဆိုလိုက် သည်။

မြိုင်သည် ကိုသက်ထွန်းအား မရဲတရဲနှင့် မော်၍ ကြည့်လေသည်။ ထိုအခိုက်မှာပင် ယခင် ပထမအခေါက် ကိုတင်ဦးဆီသို့ မြိုင်လာရောက်တုန်းက တွေ့ခဲ့ရသော သူငယ်သည် အခန်းအတွင်းသို့ ဝင်၍ လာလေသည်။

“ဦးတင်ဦးတယောက် ဘယ်များထွက်သွားတာ မြင်လိုက်သလဲကွ”

ဟု ကိုသက်ထွန်းက ကိုတင်ဦးအား ဦးတင်ဦးဟူ၍ ဦးတပ်ခေါ်ငင်ကာ မေးမြန်းလိုက်လေသည်။

“ခုတင်ကလေးပဲ အပြင်ဘက်ကို ထွက်သွားတယ်ခင်ဗျ”

“ဘယ်သွားသလဲဆိုတာကိုကော ပြောသွားသေးသလားကွဲ့"

“ဩော် ... ခုမှ ကျွန်တော်လည်း သတိရတယ်၊ ဦးသက်ထွန်းက သူ့ကိုမေးရင် ပြန်ကြားရေးဌာနက သတင်းတစ်ခုအတွက်နဲ့ သူ့ကို တယ်လီဖုန်းဆက်ခေါ်လိုက်လို့ ညွှန် ကြားရေးဝန်ရုံး သွားတဲ့အကြောင်း ပြောပြလိုက်ပါတဲ့”

"အေး ဒါဖြင့် မင်းသွားတော့”

ဟု ကိုသက်ထွန်းက ပြောလိုက်လျှင်ပင် ထိုသူငယ်သည် ယခင်တကြိမ်က တွေ့ဖူးသော မြိုင်အား

တချက်မျှ လှမ်းကြည့်ပြီးနောက် ချာခနဲ လှည့်၍ ထွက်သွားလေသည်။

“သိပ်တော့ ကြာလှလိမ့်မယ်မထင်ပါဘူး။ အလွန်ဆုံး နာရီဝက်သာသာလောက် ပါပဲ”

ဟု ကိုသက်ထွန်းက မြိုင့်အား ပြောဆိုလိုက်သည်။

ကိုတင်ဦးအား နောက်ထပ်၍ နာရီဝက်ခန့် စောင့်ဆိုင်းရမည့်အလုပ်ကို မြိုင်သည် ဝန်လေးသော အလုပ်ဟူ၍ ကား မထင်ပေ။ သို့ရာတွင် ကိုသက်ထွန်းနှင့် ဤအခန်းထဲတွင် နှစ်ယောက်စောင့်၍ နေရမည့်အဖြစ်ကိုကား မြိုင်သည် အနေရကျပ်သလို ဖြစ်မိသည်။ ထို့ကြောင့်...

“နာရီဝက်လောက်ကြာအောင် စောင့်နေရဦးမယ်ဆိုရင်လည်း မြိုင် စောင့်မနေတော့ဘူး အစ်ကိုကြီး။ မြိုင့်ကို ခွင့်ပြုပါ။ မြိုင် ပြန်လိုက်ပါဦးမယ်”

ဟု မြိုင်သည် ထိုင်ရာမှထရင်း ကိုသက်ထွန်းအား ခွင့်တောင်းလိုက်သည်။

“ဒါလောက် ပင်ပင်ပန်းပန်းလာခဲ့ရပြီးမှ နာရီဝက်လောက်တော့ စောင့်သွားဦးမှ ပေါ့ မြိုင်ရဲ့”

ဟု ကိုသက်ထွန်းက မြိုင့်အား မပြန်သေးဘဲ စောင့်ဆိုင်းရန် တိုက်တွန်း ပြောဆိုလေသည်။

"မြိုင် အိမ်ကထွက်လာခဲ့တာ တော်တော်ကြာသွားပါပြီ အစ်ကိုကြီး”

“ထိုင်ပါဦးလေ ... မြိုင့်ကိုလည်း အစ်ကိုကြီးအနေနဲ့ ပြောစရာကလေးတွေ ရှိသေးတယ်”

ဟု ကိုသက်ထွန်းက ပြောစရာရှိသည်ဆို၍ တားမြစ်လာသောအခါ၌ကား မြိုင်သည် မသက်မသာနှင့် ပြန်၍ ထိုင်လိုက်ရလေသည်။

ကိုသက်ထွန်းသည် ၎င်းပြောဆိုစရာရှိသော စကားကို တော်တော်နှင့် မပြောဆို သေးဘဲ လက်ထဲ၌ မကုန်တတ်သေးသော စီးကရက်တိုကို

လေးငါးဖွာမျှ ဆက်၍ ဆက်၍ ဖွာနေလေသည်။ စကားပြောဆိုရန်ရှိပါသည်ဟု ပြောဆိုပြီးနောက် ပြောဆိုရန်ရှိသော စကားကို မပြောဆိုသေးဘဲ စီးကရက်ကိုသာ တွင်တွင်ကြီးဖွာနေသော ကိုသက်ထွန်းအား မြိုင်သည် တချက်မျှ မော်၍ ကြည့်လိုက်ပြီးနောက် ခေါင်းငုံ့၍ နားစွင့်နေလေသည်။

ကိုသက်ထွန်းသည် ထိုင်ရာမှထ၍ ဗိုလ်အောင်ကျော်လမ်းဘက်ရှိ ပြတင်းပေါက်ဆီသို့ လျှောက်သွားပြီးလျှင် အောက်သို့ တစ်ချက်ငုံ့ကြည့်လိုက်ပြီးနောက် ၎င်းစီးကရက် အတိုကလေးကို ပစ်ချလိုက်သည်။ ထို့နောက် သူသည် ပြတင်းပေါက်ကို ကျောခိုင်း၍ ရပ်လိုက်သည်။

မြိုင်သည် ဘာစကားမျှ ပြောဆိုခြင်းမရှိသေးသော ကိုသက်ထွန်းအား မော်၍ ကြည့်ပြန်သည်။

"အစ်ကိုကြီး အခု မြိုင့်ကိုပြောမယ်ဆိုတဲ့စကားပြောပြဖို့အတွက် အစ်ကိုကြီးအနေနဲ့ တာဝန်လည်းရှိတယ်၊ အခုလို အခန့်သင့်တွေ့ လို့ ပြောတာတော့ မဟုတ်ဘူး။ ဒီသုံးလေးရက်လောက်အတွင်း မြိုင့်ကို ပြောပြဖို့လည်း အစ်ကိုကြီး စဉ်းစားထားပြီးပြီကွဲ့"

ဟု ကိုသက်ထွန်းက ၎င်းပြောမည်ဆိုသော စကား၏နိဒါန်းကို ချီလိုက်သည်။

"ဟုတ်ကဲ့ အစ်ကိုကြီး ..."

မြိုင်က မပွင့်တပွင့် ပြောဆိုလိုက်သည်။

"အစ်ကိုကြီးမိတ်ဆွေ ကိုတင်ဦးနဲ့ မြိုင်နဲ့ ဘယ်တော့လောက် လက်ထပ်ကြမယ်လို့ မှန်းထားသလဲဆိုတာကော အစ်ကိုကြီး သိနိုင်ခွင့် ရှိသလား မြိုင်"

"အခုတော့ အမြန်ဆုံးလက်ထပ်ဖို့ ပြောပြရအောင် မြိုင် လာခဲ့တာပဲအစ်ကိုကြီး။ ခုလို မြန်မြန်လက်မထပ်ရင် မဖြစ်တဲ့အကြောင်းတွေ မြိုင့်မှာ ခပ်များများ တွေ့နေရတယ်"

"ဒါတွေကို အစ်ကိုကြီးလည်း ကြားတန်သရွေ့ ကြားပြီး သိတန်သရွေ့

သိပါတယ်။ အလုပ်တစ်ခု လုပ်တော့မယ်ဆိုရင် အနှောင့်အယှက်အခက်အခဲနဲ့တော့ တွေ့ ရစမြဲပဲဆို တာ မြိုင် သိထားဖို့လိုလိမ့်မယ်”

“မြိုင်လည်း စဉ်းစားမိသလောက်တော့ စဉ်းစားမိထားပါတယ်”

“ဒီလိုဆိုရင်ဟုတ်ပြီ။ အစ်ကိုကြီး ပြောချင်တာက အစ်ကိုကြီးမိတ်ဆွေ ကိုတင်ဦးနဲ့ မြိုင်တို့ နှစ်ဦးသဘောတူ လက်ထပ်ကြရုံ လက်ထပ်ကြမယ့် အလုပ်တစ်ခုတည်းရဲ့ အခက်အခဲလောက်ကိုသာ ပြောချင်သေးတာမဟုတ်ဘူးနော်။ အစ်ကိုကြီးပြောတာ နား လည်ရဲ့တော့ မဟုတ်လား”

“ဟုတ်ကဲ့ အစ်ကိုကြီး”

“မြိုင်နဲ့ ကိုတင်ဦးတို့ လက်ထပ်ကြဖို့ရာအတွက် ရင်ဆိုင်နေကြရတဲ့ လောလောဆယ် အခက်အခဲကို မနေ့ကပဲ ကိုတင်ဦးက အစ်ကိုကြီးကို ဖွင့်ပြီးတိုင်ပင်လို့ အစ်ကိုကြီး တတ်နိုင်သလောက်တော့ ကူညီဖြည့်စွမ်းလိုက်ပြီးပြီ။ နောက် ကိုတင်ဦးနဲ့ မြိုင် တွေ့တော့ မေးမြန်းကြည့်တာပေါ့”

“ဟုတ်ကဲ့ အစ်ကိုကြီး၊ ကျေးဇူးလည်း တင်ပါတယ်”

“အစ်ကိုကြီး အထူးပြောချင်တာကတော့ အစ်ကိုကြီးမိတ်ဆွေ ကိုတင်ဦးနဲ့ မြိုင်တို့ နှစ်ဦးသဘောတူလက်ထပ်ကြပြီးတဲ့နောက် မြိုင်တို့နှစ်ဦး သဘောတူ ခက်ခက်ခဲခဲနဲ့ တည်ဆောက်ကြရမယ့် အိမ်ထောင်ကြီးကို သာသာယာယာဖြစ်အောင် ထိန်းသိမ်းသွားနိုင်ဖို့အလုပ်ဟာ သာပြီးတော့ အရေးကြီးတယ်ဆိုတာ အသိပေးချင်လို့ပါကွယ်”

မြိုင်သည် ခေါင်းငုံ့ကာ ငြိမ်သက်စွာ နားထောင်လျက်ရှိလေသည်။

“ကိုတင်ဦးဟာ အစ်ကိုကြီးရဲ့မိတ်ဆွေပဲ။ အစ်ကိုကြီးနဲ့ ဆက်စပ်ပြီးမှ မြိုင်ဟာ ကိုတင်ဦးကို သိရတာနော်။ ဟုတ်လား မြိုင်”

“ဟုတ်ကဲ့ အစ်ကိုကြီး”

“ကိုတင်ဦးနဲ့ပတ်သက်ပြီး မြိုင် သိသင့်သိထိုက်တာတွေကို

သိပြီးပြီလားတော့ မပြောတတ်ဘူး”

“သူ ပြောပြတန်သလောက် ပြောပြဖူးလို့ အသင့်အတင့်တော့ သိထားပါတယ် အစ်ကိုကြီး”

“အစ်ကိုကြီး စိုးရိမ်လို့ သတိပေးချင်တာတစ်ခုလည်း ရှိသေးတယ်။ ဒီကိစ္စကတော့ ကိုတင်ဦးကို မနေ့ကပဲ ပြောပြလိုက်သေးတယ်”

“မြိုင့်ကို အစ်ကိုကြီး ဆုံးမစရာရှိတာ ဆုံးမပြီး သတိပေးစရာရှိတာလည်း သတိပေးနိုင်ပါတယ် အစ်ကိုကြီး"

“မြိုင့်ကို ငယ်ငယ်ကလေးကတည်းက အစ်ကိုကြီး သိလာခဲ့ရလို့ မြိုင့်သဘောကိုလည်း အစ်ကိုကြီး နားလည်ထားတယ်။ ကိုတင်ဦးကိုလည်း မိတ်ဆွေအဖြစ်နဲ့ရော၊ လုပ်ဖော် ကိုင်ဖက်တစ်ယောက်အနေနဲ့ရော အစ်ကိုကြီး ပေါင်းသင်းလာခဲ့တာ ငါးနှစ်ကျော်ကျော် ခြောက်နှစ်လောက်ရှိသွားပြီမို့ ဒီလူရဲ့ သဘောသဘာဝကိုလည်း အစ်ကိုကြီး နားလည်တန် သလောက် နားလည်ထားတယ်”

“ဟုတ်ကဲ့ အစ်ကိုကြီး

“အစ်ကိုကြီးနားလည်ထားရသလောက် မြိုင်နဲ့ ကိုတင်ဦးဟာ သဘာဝတစ်ခုစီပဲ၊ မတူကြဘူး။ မတူကြဘူးလို့ဆိုတဲ့အခါမှာ တောင်နဲ့မြောက်လို ဖြောင့်ဖြောင့်ကြီး ဆန့် ကျင်နေတယ်လို့ ပြောတာတော့ မဟုတ်ပါဘူးနော်။ သဘာဝတစ်ခုစီလို့သာ ပြောတာပါ”

“ဟုတ်ကဲ့အစ်ကိုကြီး၊ မြိုင်လည်း မြင်သလောက်တော့ မြင်ထားပြီး ပြင်နိုင်သလောက် ပြင်မယ်လို့ မဟုတ်ပါဘူးနော်။ သဘာဝတစ်ခုစီလို့တော့ အောက်မေ့ထားပါ တယ်”

“ဒီစိတ်သဘောကို မြိုင်က မွေးနိုင်သလို ကိုတင်ဦးကလည်း မွေးနိုင်ဖို့လိုတယ်။ တစ်ယောက်နဲ့တစ်ယောက် အပေးအယူလုပ်ကြရလိမ့်မယ်”

“ဟုတ်ကဲ့ အစ်ကိုကြီး"

“လင်ရယ်၊ မယားရယ်ဆိုပြီး တစ်အိမ်တည်းမှာ

အတူတူနေထိုင်ကြရတဲ့အခါ သဘာဝချင်းမတူတဲ့ လူနှစ်ယောက်ဟာ အခက်အခဲ အတော်များများ တွေ့စရာရှိလိမ့်မယ်။ တစ်ယောက်ဖြူတယ်လို့ထင်တဲ့ဟာကို ကျန်တစ်ယောက်က မဖြူဘူးလို့ ထင်ချင်ထင်လိမ့်မယ်။ အဲဒီလို တစ်ယောက်နဲ့တစ်ယောက် ဘာအတွက်ပဲဖြစ်ဖြစ် ပဋိပက္ခဖြစ်လာ တတ်တဲ့အခါမှာ အရေးအကြီးဆုံးကတော့ နှစ်ဦးနှစ်ဖက်စလုံးက မျှမျှတတဖြစ်နိုင်အောင် စိတ်ရှည်လက်ရှည်နဲ့ အပေးအယူလုပ်ပေးနိုင်ကြဖို့ပဲ"

"နားလည်ပါတယ် အစ်ကိုကြီး"

"ဥပမာတစ်ခု အစ်ကိုကြီးပြောချင်တယ်။ ကိုတင်ဦးနဲ့ မြိုင် လက်ထပ်ပြီးသွားတဲ့အခါ မြိုင် အရင်နေထိုင်လာခဲ့တဲ့ ပတ်ဝန်းကျင်ကနေပြီး ကိုတင်ဦးနေထိုင်ရတဲ့ ပတ်ဝန်းကျင်ကို ဆင်းရလိမ့်မယ်။ အဲဒီအခါမှာ ကိုတင်ဦးကလည်း သူ့ပတ်ဝန်းကျင်ကို ဆင်းလာရတဲ့ မြိုင့်အတွက် မြိုင်အရင် နေထိုင်လာခဲ့ရတဲ့ ပတ်ဝန်းကျင်မျိုးကို မီအောင် မလုပ်နိုင် သေးပေမယ့် တတ်နိုင်သမျှတော့ လုပ်ရရှာလိမ့်မယ်"

"ဟုတ်ကဲ့ အစ်ကိုကြီး"

"မြိုင်ကလည်း ကြိုးစားပြီးဆင်းရသလို သူကလည်း ကြိုးစားပြီး တက်ရလိမ့်မယ်။ အဲဒီလို တစ်ဦးနဲ့တစ်ဦး အပေးအယူလုပ်နိုင်ကြရင် မြိုင်နဲ့ ကိုတင်ဦးတို့ အိမ်ထောင်ကြီး ဟာ သာသာယာယာနဲ့ တည်မြဲသွားလိမ့်မယ်၊ ပျော်ရွှင်စရာကောင်းလိမ့်မယ်။ အဲဒီလို ဖြစ်ပါစေလို့လည်း အစ်ကိုကြီးက ဆုတောင်းပါတယ်ကွယ်"

ကိုသက်ထွန်းသည် ၎င်းပြောဆိုရန်ရှိသော စကားကို ပြောဆိုပြီးစီး၍ သွားပြီဖြစ်သဖြင့် နောက်ထပ် စီးကရက်တစ်လိပ်ကို ထုတ်ယူကာ မီးညှိလေသည်။

မြိုင်သည် ကိုသက်ထွန်း ပြောဆိုဆုံးမသော စကားများကို လေးလေးနက်နက် စဉ်းစားမိရင်း ငြိမ်သက်စွာ ခေါင်းငုံ့မြဲ ငုံ့နေသည်။ မိမိက ကိုတင်ဦးအား လက်ထပ်ရန် ရွေးချယ်ဆုံးဖြတ်လိုက်သော ကိစ္စနှင့်ပတ်သက်၍ မိမိ၏ပတ်ဝန်းကျင်၌ မည်သူတစ်ဦး တစ်ယောက်ကမျှ သဘောတူမှုခြင်းမရှိ၍ ဘာတစ်ခုမျှ အကောင်းမပြောခဲ့သော်လည်း ကိုသက်ထွန်းတစ်ယောက်ကမူ မြိုင့်အား လူကြီးတစ်ဦးပီသစွာ

ပြောဆိုဆုံးမစရာရှိသော စကားများကို ပြောဆိုဆုံးမခြင်းပြုသည့်အတွက် မြိုင်သည် ဝမ်းသာဝမ်းနည်းဖြစ်မိသည်။ ကျေးဇူးလည်း တင်မိသည်။

"မြိုင်နဲ့ ကိုတင်ဦးတို့ လက်ထပ်ပြီးကြတဲ့နောက်လည်း ကိုတင်ဦးဟာ အစ်ကိုကြီးနဲ့ အခုအတိုင်းပဲ ဆက်ပြီး အလုပ်လုပ်လိမ့်မယ်လို့ အစ်ကိုကြီး မျှော်လင့်ထားတယ်။ ကိုတင်ဦး တစ်ယောက်တည်းသမားဘဝနဲ့တုန်းက အစ်ကိုကြီးဆီက တစ်လတစ်လကို သူ သုံးဖို့စွဲဖို့အတွက် နှစ်ရာ နှစ်ရာ့ငါးဆယ်လောက် ယူတယ်။ မြိုင်နဲ့လက်ထပ်ပြီးတဲ့အခါ နောက်ထပ် တစ်ရာလောက် ထပ်တိုးပေးဖို့လည်း အစ်ကိုကြီး သူ့ကို မပြောပြသေးပေမဲ့ စိတ်ထဲကတော့ ရည်မှန်းထားပါတယ်"

ဟု ကိုသက်ထွန်းက ပြေဆိုလာပြန်လေသည်။

ဤကဲ့သို့ ကိုသက်ထွန်းက အလိုက်သိတတ်စွာ ကိုတင်ဦး၏လခကို နောက်ထပ်၍ တစ်ရာမျှ ထပ်မံတိုးတက်ပေးဦးမည်ဟု ဆိုလိုက်သည့်အတွက် မြိုင်သည် ကျေးဇူးတင်ရ ပေသည်။ သို့ရာတွင် ပါးစပ်ကတော့ ဖွင့်ဟ၍ ဘာမျှမပြောလိုက်မိဘဲ ကိုသက်ထွန်းအား ကျေးဇူးတင်သော အမူအရာနှင့် တစ်ချက်မျှ မော်၍ ကြည့်လေသည်။

"မြိုင့်အိမ်ထောင်နဲ့ မြိုင် ဖြစ်သွားပြီးတဲ့နောက်မှာ ဘာအခက်အခဲပဲရှိရှိ အစ်ကိုကြီးကို မြိုင် လာတိုင်ပင်ချင်တာကို လာတိုင်ပင်စေချင်တယ်။ လေထဲ မိုးထဲမှာ ခက်ခက်ခဲခဲ နဲ့ ထူထောင်ကြရမယ့် မြိုင်တို့အိမ်ထောင်သစ်ကို အစ်ကိုကြီး တတ်နိုင်သမျှ အကူအညီ ပေးချင်တယ်။ ပေးဖို့လည်း အစ်ကိုကြီးမှာ တာဝန်ရှိပါတယ်"

ကိုသက်ထွန်း၏သဘောထားနှင့် စေတနာတို့ကို ပွင့်ပွင့်လင်းလင်း သိရှိလိုက် ရသည့်အတွက် မြိုင် စောစောက တစ်ယောက်တည်းကျိတ်၍ အားငယ်နေခဲ့ရသော ကိစ္စ များကို မေ့လျော့သွားသည်။ အားတက်သလိုလည်း ရှိလာသည်။

"နောက်ဆုံး အစ်ကိုကြီးအနေနဲ့ မြိုင့်ကို သတိပေးချင်တာတစ်ခုရှိသေးတယ်။ ကိုတင်ဦးဟာ လူတော်လူကောင်းတစ်ယောက်ပဲ။ တိုင်းပြည်အတွက် တကယ်လုပ်ကိုင်လာခဲ့ပြီး တကယ်လည်း လုပ်နိုင် ကိုင်နိုင်တဲ့လူတစ်ယောက်ဆိုတာကို မြိုင် နားလည်ထား ဖို့လိုတယ်။ ဒီလို

လူ့အဖိုးတန်တစ်ယောက်ကို မြိုင်က ထိန်းသိမ်းပေးသွားနိုင်မယ်ဆိုရင် မြိုင်ဟာ တိုင်းပြည်အတွက် တစ်နည်းတစ်လမ်းက ထမ်းဆောင်တဲ့ အမျိုးသမီးတစ်ယောက် ဖြစ်လာနိုင်လိမ့်မယ်”

ကိုသက်ထွန်းပြောဆိုလိုက်သော စကားနှင့် ထိုစကား၏ အနက်အဓိပ္ပာယ် အတိမ် အနက်ကို မြိုင်သည် ကုန်စင်အောင်ကား နားမလည်လိုက်ပေ။ ထို့ကြောင့် ခေါင်းငုံ့၍ နားထောင်နေရာမှ ကိုသက်ထွန်းအား မော့၍ ကြည့်လေသည်။

ထိုအခိုက်မှာပင် ပြန်ကြားရေးဌာန ညွှန်ကြားရေးဝန်ရုံးသို့ သွားရောက်ရာမှ ပြန်လာခဲ့သော ကိုတင်ဦးသည် အခန်းအတွင်းသို့ ရုတ်တရက် ဝင်၍ လာလေသည်။

“ဟင် … မြိုင်၊ ဩော် … ဦးသက်ထွန်းရောပါလား”

ကိုတင်ဦးသည် မိမိ၏အခန်း အတွင်းသို့ မမျှော်လင့်ဘဲ ရောက်ရှိလာကြသော မြိုင်နှင့် ကိုသက်ထွန်းတို့ကို အံ့ဩသော အမူအရာဖြင့် ကြည့်ရှုရင်း ပြောဆိုလိုက်သည်။

“ကဲ ကဲ မြိုင်တို့ ပြောစရာရှိတာ အေးအေးဆေးဆေးပြောကြတာပေါ့။ အစ်ကိုကြီး ပြောတာတွေလည်း မမေ့နဲ့နော်၊ ဟုတ်လား”

ကိုသက်ထွန်းသည် မြိုင့်အား ပြောဆိုခဲ့ပြီးနောက် ကိုတင်ဦးဘက်သို့ လှည့်သွားပြီးလျှင်…

“ကျွန်တော် ဆောင်းပါးတစ်ခု ရေးနေရင်း ကောင်းကောင်းမရှင်းတဲ့အချက်ကလေးတစ်ချက် သိချင်လို့ ခင်ဗျားဆီ လာတာပဲဗျ။ ဒါနဲ့ မင်းဘုရားတွေဆီက ဘာများထူးလာသေးသလဲ”

ဟု မေးမြန်းလိုက်သည်။

“လွန်ခဲ့တဲ့ လေးငါးရက်လောက်က ကျွန်တော်တို့သတင်းစာက ဖော်ပြလိုက်တဲ့ သတင်း တစ်ခုနဲ့ပတ်သက်ပြီး နောက်နောင် ဒီလိုသတင်းမျိုး မထည့်ဖို့ ခေါ်ပြောတာပါ ဦးသက်ထွန်း”

“ဘာသတင်းလဲဗျ”

"အမေရိကန်ဆီက နောက်ထပ် ငွေချေးဖို့ တိတ်တိတ်ပုန်း ဆွေးနွေးနေတဲ့ သတင်းဗျ"

"ဩော် .. ဒီသတင်းလား"

"ဟုတ်တယ် ... ကျွန်တော်ကတောင် ပြန်ပြောခဲ့သေးတယ်။ ဒီသတင်း မဟုတ် မမှန်ရင်လည်း အစိုးရအနေနဲ့ ငြင်းပစ်လိုက်ပါလားဆိုတော့ ဘာမှ ပြန်မပြောဘူး"

"ဒါကတော့ သူတို့အကျင့်ပဲလေ။ ဩော် ... ဒါထက် ကျွန်တော့်ဆောင်းပါးအတွက် သိချင်တဲ့အချက်ကလေးတစ်ချက် ရှိနေလို့ဗျာ"

"ဘယ်အချက်လဲ ဦးသက်ထွန်း"

"ဘဏ္ဍာရေးဆောင်းပါးအတွက်။ ယခင် စစ်မဖြစ်ခင်က အင်္ဂလိပ်စစ်တပ်အတွက် တစ်နှစ်တစ်နှစ် ဘယ်လောက်သုံးစွဲတယ်ဆိုတာ သိချင်လို့ဗျ။ အကိုးအကားစာအုပ်တွေလည်း ရုတ်တရက် ရှာမရတာနဲ့ ခင်ဗျားများ သတိရလိုရငြား မေးကြည့်ချင်လို့"

"စစ်တပ်အသုံးစရိတ်ဆိုပြီး ဘတ်ဂျက်တွေထဲမှာ နှစ်မျိုးခွဲပြီးပြတာ မှတ်မိတယ်။ တစ်မျိုးက ကာကွယ်ရေးစစ်တပ်နဲ့ နောက်တစ်မျိုးကတော့ နယ်ခြားစောင့်စစ်တပ်လို့ ထင်တာပဲ။ ဒီနှစ်ခုပေါင်းအတွက် တစ်နှစ်တစ်နှစ်ကို သုံးကုဋေခွဲနီးနီးလောက်တော့ သုံး တယ်ထင်တယ် "

"ဘတ်ဂျက်တစ်ခုလုံးရဲ့ အသုံးစရိတ်နဲ့ဆိုရင် ရာခိုင်နှုန်း ဘယ်လောက်ရှိမယ်ထင် သလဲဗျ"

"ဘတ်ဂျက်အသုံးစရိတ်တစ်ခုလုံးက ၁၅ ကုဋေခွဲသာသာလောက်ရှိတော့ စစ်တပ် အတွက် သုံးကုဋေခွဲနီးနီး ကုန်တယ်ဆိုရင်တော့ ဆယ့်ခြောက်ရာခိုင်နှုန်းလောက် ရှိပါလိမ့်မယ်"

"ဒါဖြင့် ပြည်ထောင်စုခေတ်မှာ တစ်နှစ်တစ်နှစ် စစ်တပ်အတွက် အသုံးစရိတ်ဟာ အရင် ကျွန်ဘဝနဲ့တုန်းက အင်္ဂလိပ်တွေသုံးခဲ့တာထက် ရာခိုင်နှုန်း နှစ်ရာ့ငါးဆယ် လောက်တောင် ဖြစ်နေပါပကောလားဗျ"

“ဒါတောင် ပုလိပ်လက်အောက်မှာ အသုံးပြုထားတဲ့ စစ်ရဲတပ်တွေနဲ့ တခြား တရားဥပဒေဝင်မဟုတ်တဲ့ လက်နက်ကိုင်တပ်တွေ ပါသေးတာမဟုတ်ဘူးဗျ ဦးသက်ထွန်း”

“ကျုပ်တို့လယ်သမားတွေနဲ့ တိုင်းသူပြည်သားတွေကတော့ လက်နက်ကိုင်တွေကို လုပ်ကျွေးဖို့သက်သက် လူဖြစ်လာရတာပဲထင်ပါရဲ့ဗျာ”

ဟုသာ ညည်းတွားပြောဆိုရင်း ကိုသက်ထွန်းသည် ကိုတင်ဦး၏ အလုပ်ခန်းအတွင်းမှ လေးကန်စွာ တစ်လှမ်းချင်း ထွက်သွားလေသည်။

ကိုသက်ထွန်း ထွက်၍ သွားလျှင် ကိုတင်ဦးသည် မြိုင် ငြိမ်သက်စွာ ထိုင်နေသော ကုလားထိုင်အနီးသို့ လျှောက်လာခဲ့ပြီးလျှင်…

“ရောက်နေတာ ကြာပလားမြိုင်”

ဟု မေး မြန်းလိုက်လေသည်။

“နာရီဝက်လောက်တော့ ရှိသွားပြီ"

မြိုင်က ခေါင်းငုံ့နေရာမှ မော်၍ ကြည့်ရင်း ပြန်ပြောသည်။

“အကြောင်းထူးလာတာများ ပါသေးသလား”

ဟု ကိုတင်ဦးက မြိုင့်အနီးရှိ ကုလားထိုင်လွတ်တစ်လုံးကို ဆွဲယူကာ မြိုင်နှင့် မျက်နှာချင်းဆိုင်ထိုင်ရင်း မေးလိုက်ပြန်သည်။ မြိုင်သည် ကိုတင်ဦး၏ မျက်နှာကို အတန်ကြာမျှ စူးစိုက်၍ ကြည့်နေပြီးမှ

"မြိုင်တို့ လက်ထပ်ကြမယ့်ကိစ္စကို နောက်ထပ်အချိန်ယူနေလို့ မဖြစ်တော့ဘူးထင်တယ် ကိုတင်ဦး”

ဟု ပြောချလိုက်သည်။

“ဒါကတော့ မြိုင့်ဆန္ဒအတိုင်း အချိန်ယူ ပြင်ဆင်နေရတာကိုးလေ။ ကိုတင်ဦး သဘောအတိုင်းသာဆိုရင် ဖြစ်သလို လက်ထပ်လိုက်ချင်တာပဲ"

“ဒါဖြင့် ကိုတင်ဦးသဘောအတိုင်း စီစဉ်စေချင်တယ်။ အခုလို

အချိန်ယူ ပြင်ဆင် နေရတာကို မြိုင် စိတ်ညစ်လာပြီ"

"မြိုင် အရင်ခိုင်းထားတဲ့ အလုပ်တွေ တချို့တစ်ဝက်ပဲ ပြီးသေးတယ်"

"အိမ်ကော ရပြီလား"

"အိမ်တစ်လုံးသတ်သတ်ရဖို့တော့ မလွယ်သေးဘူး"

"ဒါဖြင့် ရေကျော်ကအိမ်မှာပဲ ဖြစ်သလိုနေကြရသေးတာပေါ့ မြိုင်က နေနိုင်တယ်ဆိုရင် အိမ်အတွက်လျာထားတဲ့ငွေကို တခြား လိုအပ်တဲ့ စွည်းအတွက် အသုံးပြုနိုင်သွားတာပေါ့" ကိုတင်ဦးရယ်"

"ကိုတင်ဦး စုဆောင်းထားတာကော ဘယ်လောက်များ ရနေပြီလဲ"

"လေးထောင်တော့ မပြည့်တတ်သေးဘူး"

မြိုင်မှာ မေမေဝတ်ထားတဲ့ ပစ္စည်းတွေကလွဲလို့ ဘာမှတော့ မရှိဘူး ကိုတင်ဦး"

"ကိုတင်ဦးသဘောကတော့ မြိုင့်ကို လူလုံးချည်းသက်သက်ပဲ ပုံချင်တယ်။ ဘာမှ ပါမလာလေ ပိုကောင်းလေပဲ"

"မေမေ့ပစ္စည်းတွေကို ဖေဖေက မြိုင့်ကိုပေးထားတယ်။ ဒါတွေကိုတော့ မြိုင် ဘယ်လိုနည်းနဲ့မှ ထားမပစ်ခဲ့နိုင်ဘူး ကိုတင်ဦး"

"မြိုင့်ဖေဖေက ပေးလိုက်တဲ့ပစ္စည်းဆိုရင်တော့ မြိုင့်သဘောပေါ့လေ။ ကိုတင်ဦး ဘာမှ မပြောလိုတော့ပါဘူး"

"ရေကျော်က အိမ်ကိုတော့ သပ်သပ်ရပ်ရပ်နဲ့ သန့်သန့်ရှင်းရှင်းဖြစ်အောင် အိမ်ရှင်ကို ပြင်ခိုင်းရလိမ့်မယ်ထင်တယ်။ အိမ်ရှင်က သူ့အိမ်ကို လခယူပြီး ပြင်ပေးရကောင်းမှန်း မသိရင်တော့ မြိုင်တို့ဘာသာ မြိုင်တို့စရိတ်နဲ့ပြင်ပြီး သူ့အိမ်လခထဲက နုတ်ထားလိုက်တာပေါ့နော် ဟုတ်လား ... ကိုတင်ဦး"

"အိမ်နဲ့ ပတ်သက်တဲ့ကိစ္စမှန်သမျှကတော့ မြိုင့်သဘောအတိုင်း ဖြစ်ရမှာပေါ့။ မြိုင်က အိမ်ရှင်မပဲ မဟုတ်လား"

"မြိုင်တို့ လက်ထပ်ကြရင် တရားရုံးတစ်ခုခုမှာပဲ လက်ထပ်ဖို့ဖြစ်လိမ့်မယ်ထင်တယ်"

"ကိုတင်ဦးလည်း ဒါပဲစဉ်းစားမိထားလို့ ဒီလိုလက်ထပ်ဖို့ပဲ စီစဉ်ထားတယ်"

"ဒါဖြင့် ခုတစ်ပတ်အတွင်း မြိုင်တို့ လက်ထပ်မယ်ဆိုရင် လက်ထပ်နိုင်ပြီပေါ့နော် ကိုတင်ဦး"

"အခု သွားလက်ထပ်ရင်တောင် ဖြစ်နိုင်ပါတယ်။ ရုံးမှာ လက်ထပ်ဖို့အစီအစဉ်တွေအတွက် လုပ်စရာရှိသမျှ ကိုတင်ဦး အားလုံးလုပ်ကိုင်ထားပြီးပြီ"

"ဒီလိုဆိုရင် အခုသုံးရက်အတွင်း မြိုင်တို့လက်ထပ်ဖို့ ကိုတင်ဦး စီစဉ်စေချင်တယ်"

"ကနေ့ တနင်္လာနေ့ဆိုတော့ ကြာသပတေးနေ့လက်ထပ်ဖို့ စီစဉ်ရမလားဟင်"

"ကောင်းပါတယ်"

"ခုတင်တို့၊ အိပ်ရာတို့ ဝယ်ဖို့ခြမ်းဖို့ကတော့ကော"

"လက်ထပ်ပြီးတဲ့နေ့မှပဲ မြိုင်တို့ အတူတူသွားဝယ်ကြတာပေါ့"

ဟု ပြောဆိုရင်း မြိုင်သည် ထိုင်ရာမှ ထလေသည်။

ကိုတင်ဦးသည် မြိုင့်အား နောက်ထပ်ပြောဆိုရန် စကားစမရှိတော့သဖြင့် သုံးလေးရက်အတွင်းဆိုသလို မိမိလက်ထပ်ယူငင်ရတော့မည့်ချစ်သူအား ကြည်နူးနှစ်သိမ့်စွာ ငေးစိုက်၍ ကြည့်နေလေသည်။

"ဒါဖြင့် မြိုင် စိတ်ချသွားတော့မယ်နော် ကိုတင်ဦး"

မြိုင်က ပြန်တော့မည့်အကြောင်းကို အချက်ပြလိုက်သည်။

ကိုတင်ဦးက ခေါင်းညိတ်လိုက်သည်။ ပါးစပ်မှတော့ ဘာမျှမပြော။

"သွားမယ်နော် ကိုတင်ဦး"

မြိုင်သည် ကိုတင်ဦးအား နှုတ်ဆက်ပြီးနောက် ကိုတင်ဦးအား ကျောခိုင်းကာ တစ်လှမ်းချင်းထွက်၍ သွားလေသည်။

ကိုတင်ဦးသည် အခြားအခြားသော လူ့လောကအတွေ့ အကြုံနှင့် တိုက်ပွဲပေါင်း မြောက်မြားစွာတို့ကို တွေ့ကြုံတိုက်ခိုက်လာခဲ့ဖူးသော လူတစ်ယောက်ပင်ဖြစ်လင့်ကစား ဤအတွေ့အကြုံမျိုးနှင့် တိုက်ပွဲများကို တွေ့ကြုံခြင်းနှင့် တိုက်ခိုက်ခြင်းမရှိခဲ့ဖူးသော လူတစ်ယောက်ပမာ မိမိလက်ထပ်ရတော့မည့် ချစ်သူ မိန်းကလေးတစ်ဦးအား ခွဲခွာရခါနီး ၌ မွှေးမွှေးကလေးမှပင် ပေးလိုက်ရမှန်းမသိလောက်အောင် ငေးမောကြည့်ရှုရင်း ယောင်ချာချာနှင့် ကျန်ရစ်ခဲ့ရှာလေသတည်း။

အခန်း[၁၇]

(က)

မိဘမောင်ဖွားနှင့် ဆွေမျိုးသားချင်းတို့က များစွာ လိုလားနှစ်သက်၍ တိုက်တိုက် တွန်းတွန်းပြုလုပ်လျက်ရှိခဲ့ကြသော ထိုလူတစ်ယောက်အား မည်သည့်နည်းနှင့်မျှ လက်ခံ စဉ်းစားခြင်းငှာ မဖြစ်နိုင်တော့သည့်အဆုံးသော တစ်နေ့၌ တစ်သက်ပတ်လုံးက လူကြီး မိဘတို့၏စကားကို မြေဝယ်မကျ နားထောင်လာခဲ့သော မြိုင်သည် မလွဲသာ မရှောင်သာ ပုန်ကန်ခြားနားခြင်းပြုလိုက်ရပေတော့သည်။ ရွှေတောင်ကြား၌ ဖခင်လုပ်သူ၏ အိမ်ပေါ် မှ မဆင်းလာရမီကလေး မြိုင်သည် အိမ်ကြီးတစ်ခုလုံး၏ ခြံကြီးတစ်ဝင်းလုံးကို လှည့်ပတ်၍ ကြည့်ရှုခဲ့မိသည်။ မိမိမွေးဖွား၍ နေထိုင်ကြီးပြင်းလာခဲ့ရသော ပတ်ဝန်းကျင်နှင့် အသိုင်းအဝိုင်းများကို ဖြုန်းခနဲ ခွဲခွာခြင်းပြုရတော့မည်ဖြစ်သော မြိုင်သည် ဝမ်းနည်းပက်လက် ဖြစ်ခဲ့ရသေးသည်။ အပျိုစင်ဘဝနှင့် မိမိနေထိုင်လာခဲ့သော အခန်းအတွင်းမှ အောက်ထပ်သို့ ဆင်းလာသောအခါ မြိုင်သည် ဧည့်ခန်းဆောင်မှ ပီယာနိုကို အတန်ကြာမျှ ငေးစိုက်၍ ကြည့်နေမိသည်။ ခြံကြီးထဲမှ မထွက်လာမီကလေး မြိုင်သည် မိမိ အမြတ်တနိုး ပြုစုစိုက်ပျိုးထားခဲ့ရသော နှင်းဆီပင်များအကြား၌ နာရီတစ်မတ်သာသာခန့်မျှ မခွဲနိုင် မခွာရက် ဖြစ်နေခဲ့သေးသည်။ သို့ရာတွင် မြိုင်သည် ဂုဏ်ရှိန်ကြီးကျယ်လှသော မိဘ မောင်ဖွားနှင့် ဆွေမျိုးသားချင်းများကို ပုန်ကန်၍ ကား ထွက်လာခဲ့လေပြီ။ မိမိ ပျော်မွေ့နိုင်မည့် လောကသစ်တစ်ခုကို တည်ဆောက်နိုင်ရေးအတွက် မိမိသဘောမျှ နှစ်သက်သော သူတစ်ယောက်၏ နောက်သို့လည်း မိမိ၏သဘောအတိုင်း လိုက်ပါ၍ လာခဲ့လေပြီ။

မိန်းမသားများအတွက် ၎င်းတို့၏တစ်သက်လျှင် တစ်ကြိမ်မျှသာ ဂုဏ်ယူခြင်းပြုတတ်ကြသော မင်္ဂလာဆောင်အခမ်းအနားကို မင်းပရိသတ် ဖိုလ်ပုံလယ်၌ ကျင်းပခြင်း မပြုရရှာဘဲ တရားရုံးတော်တစ်ခု၌ မြိုင်သည် မထင်မရှားကျင်းပပြုလုပ်ခဲ့ရလေသည်။ ရုံးမင်း၏ရှေ့မှောက်၌ မိမိနှင့် ကိုတင်ဦးဆိုသူတို့သည် အကြင်လင်မယားများ ဖြစ်ကြပါပြီဆိုသည့်အကြောင်းကို တရားဥပဒေသဘောအရ လက်မှတ်ရေးထိုး၍ ကြေညာခြင်း ပြုရသောအခါ၌ ရေးထိုးရန်ဖြစ်သော မိမိ၏လက်မှတ်ကို မြိုင်သည် ဖြောင့်ဖြောင့်တန်းတန်း ရေးထိုးခြင်းမပြုနိုင်ရှာသေးဘဲ မိမိနှင့် ဘေးချင်းယှဉ်ကာ ရပ်၍

စောင့်ဆိုင်းနေသော ကိုတင်ဦးနှင့် မိမိ၏ ရှေ့တည့်တည့်တွင် ဣန္ဒြေရရ ထိုင်လျက်ရှိသော တရားသူကြီးလုပ် သူတို့၏ မျက်နှာများကို တစ်လှည့်စီကြည့်ရင်း ကြောင်စီစီဖြစ်နေလေသည်။

"မြိုင် လက်မှတ်ထိုးလိုက်လေ"

ဟု မိမိနှင့် ဘေးချင်းယှဉ်ကပ်၍ ရပ်နေရာမှ မတိုးမကျယ် သတိပေး ပြောဆိုလိုက်သော ကိုတင်ဦး၏စကားကိုပင် မြိုင်သည် ကြား လိုက်မိဟန်မရှိပေ။ ထိုသို့ သတိပေးပြောဆိုလိုက်သော ကိုတင်ဦး၏ မျက်နှာကိုပင် အထူးအဆန်းသဖွယ် စူးစိုက်၍ ကြည့်နေပေသည်။

ရတုလည်းမဆို၊ ဘိသိက်ပုဏ္ဏားလည်း မပါဘဲ ခြောက်ကပ်ကပ်နှင့် ပြီးစလွယ် နိုင်လှသော မိမိမင်္ဂလာဆောင်အခမ်းအနားအတွက် မြိုင်သည် စိတ်လက်မကောင်းဖြစ်နေရှာရော့သလား။ သို့တည်းမဟုတ် လူကြီးမိဘတို့က သဘောတူ ပေးစားသော လူတစ် ယောက်နှင့်သာ လက်ထပ်ခြင်းပြုခဲ့ရလျှင် မိမိ၏ မင်္ဂလာဆောင်အခမ်းအနားသည် ဤကဲ့သို့ တော်ရိရော်ရိဖြစ်ရန် အကြောင်းမရှိသည်ကို စဉ်းစားမိ၍ ဝမ်းနည်းပက်လက်များ ဖြစ်နေလေသလား။ အမှန်ကိုမူကား မြိုင်တစ်ယောက်သာလျှင် အသိနိုင်ဆုံးဖြစ်ပေတော့မည်။

စက်ရှင်တရားသူကြီး ဦးထွန်းမင်း၏သမီး၊ ဝတ်လုံတော်ရ ဦးဇော်ဝင်း၏နှမဖြစ်သူ "မြိုင်"နှင့် အမျိုးအမည် မထင်ရှား၊ မသိရသော 'ကိုတင်ဦး' ဆိုသူတို့၏ တရားရုံး မင်္ဂလာဆောင်၌ အသိသက်သေများအဖြစ်ဖြင့် လက်မှတ်ရေးထိုး၍ ချီးမြှင့်ခြင်းပြုကြသော လူကြီးလူကောင်းနှစ်ဦးတော့ ပါသည်။ တစ်ဦးမှာ စာရေးဆရာ သတင်းစာဆရာကြီးတစ်ဦးဖြစ်၍ ကျန်တစ်ဦးမှာ ယခင်က အစိုးရအဖွဲ့ဝန်ကြီးဟောင်းဖြစ်၍ ယခုအခါတွင် အတိုက်အခံဘက်သို့ ရောက်ရှိကာ ဝတ်လုံလိုက်စားသော နိုင်ငံရေးခေါင်းဆောင်ကြီးတစ်ဦး ဖြစ်လေသည်။ ထိုအသိသက်သေနှစ်ဦးစလုံးပင် ကိုတင်ဦး၏အသိမိတ်ဆွေများ ဖြစ်ကြလေသည်။ မြိုင်၏ဘက်မှ လိုက်ပါ၍ လာကြသော အသိသက်သေလူကြီးများတော့ကား မဟုတ်ကြပေ။ ထိုကဲ့သို့ အသိသက်သေများအဖြစ်ဖြင့် လက်မှတ်ရေးထိုးကာ ချီးမြှင့်ခြင်း ပြုကြသော လူကြီးမင်းနှစ်ဦးစလုံးပင် လက်မှတ်ရေးထိုးရန်ရှိသော အမှုကို ဖြောင့်ဖြောင့် တန်းတန်းမပြုနိုင်သေးဘဲ ကြောင်စီစီဖြစ်နေသော မြိုင့်ကို ဘေးမှ ငြိမ်သက်စွာ ကြည့်ရှု လျက်ရှိကြလေသည်။

“မြိုင် လက်မှတ်ထိုးလိုက်တော့လေ”

ဟု ကိုတင်ဦးက မြိုင့်အနားသို့ကပ်၍ မတိုး မကျယ်ကလေး ထပ်မံ သတိပေးပြောဆိုလိုက်သည်။ ဤကဲ့သို့ ဒုတိယအကြိမ် သတိပေး ပြောဆိုလိုက်သော ကိုတင်ဦး၏ မျက်နှာကို အတန်ကြာမျှ စူးစိုက်၍ ကြည့်နေမိပြီးမှ ၎င်းလက်မှတ်ရေးထိုးခြင်းပြုရန်ရှိသောအလုပ်ကို ရုတ်တရက်သတိရလာသကဲ့သို့ မြိုင် သည် ကိုတင်ဦး၏ လက်ဝယ်မှ ဖောင်တိန်ကို ဆတ်ခနဲ လှမ်းဆွဲ၍ ယူလိုက်ပြီးလျှင် ၎င်း၏လက်မှတ်ကို ကမန်းကတန်း ရေးထိုးလိုက်လေသည်။

မြိုင်နှင့် ကိုတင်ဦးတို့နှစ်ယောက်အား တရားဥပဒေသဘောအရ ထိမ်းမြားလက်ထပ် ပေးခြင်းပြုရသော လူကြီးလူကောင်းနှစ်ဦးတို့ကလည်း ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ၏ ယဉ်ကျေးမှုထုံးစံအတိုင်း ဤလင် ဤမယား ချစ်ချစ်ခင်ခင်နှင့် အိုအောင်မင်းအောင် ပေါင်း ဖော်နိုင်ကြစေရန်အတွက် ဆုမွန်ကောင်းများ တောင်းပေးကြလေသည်။ ဤကဲ့သို့ အသိသက်သေလူကြီးလူကောင်းများက ဆုမွန်ကောင်းများ တောင်းပေးလျက်ရှိကြစဉ် ကိုတင်ဦးသည် သူ၏ဇနီးဖြစ်သူ၏ ဘယ်ဘက်လက်ကို ဆွဲကိုင်ယူလိုက်ပြီးလျှင် သူ၏ အင်္ကျီ ဘေးအိတ်ကပ်ထဲ၌ အဆင်သင့်ယူဆောင်လာဟန်ရှိသော လက်စွပ်ကလေးတစ်ကွင်းကို လက်သူကြွယ်၌ သူကိုယ်တိုင် ဝတ်ဆင်ပေးလေသည်။

“ဖေဖေနဲ့ မေမေနဲ့ လက်ထပ်ကြတုန်းက မေမေ့ကို ဖေဖေက ဝယ်ပေးခဲ့တဲ့ မြ လက်စွပ်ကလေး မြိုင်ရဲ့။ ကိုတင်ဦးက ဖေဖေနဲ့ မေမေ့ဆီက အမွေဆိုလို့ ဒါတစ်ခုပဲ ကျန်တော့တယ်”

မြိုင့်အား လက်စွပ်ဝတ်ပေးရင်း ထိုလက်စွပ်ကလေး၏ ကြေကွဲလွမ်း ဆွတ်ဖွယ်ရာ ရာဇဝင်ကလေးကိုလည်း ကိုတင်ဦးသည် ခပ်တိုးတိုးပြောပြလေသည်။

တန်ဖိုးအားဖြင့် များစွာထိုက်တန်လှမည်မဟုတ်သော်လည်း ရာဇဝင်ကြောင်းရှိ၍ အရည်အသွေးလည်း ကောင်းလှသော မြလက်စွပ်ကလေးကို မြိုင်သည် နှစ်သိမ့်စွာ စူးစိုက်ကြည့်နေမိသည်။ တစ်သက်လုံးက မိဘတို့၏ ပစ္စည်းကိုသာလျှင် ဝတ်စားဆင်ယင်ခဲ့ ရာမှ ပထမဦးဆုံးအကြိမ် လင်ဖြစ်သူ၏ ဆင်ယင်ပေးခြင်းကို

ခံယူရသောကြောင့်လည်း မြိုင်သည် အနည်းငယ် ကြည်နူးသလိုတော့ ဖြစ်မိသည်။

တရားရုံးတော်၌ လက်ထပ်ပြီးစီးသည့်နောက် ရေကျော်ဘက်ရှိ ကိုတင်ဦး ငှားရမ်း နေထိုင်လျက်ရှိသော အိမ်သို့ ပြန်လည်ရောက်ရှိလာသောအခါ လက်မထပ်မီတစ်ရက်က မြိုင် ကြိုတင်၍ မှာကြားစေထားသည့်အတိုင်း ကိုတင်ဦးသည် မင်္ဂလာညစာစားပွဲကလေး တစ်ခုကို အဆင်သင့် စီစဉ်ထားလေသည်။ မြိုင်က အထက်တန်းလွှာမှ ၎င်း၏ကျောင်းနေဘက်သူငယ်ချင်းများနှင့် အပေါင်းအသင်းများကို အိမ်သို့ဖိတ်ကြား၍ ညစာစားခြင်းပြုလိုသေးသည်ဟု ဆိုထားသည့်အတွက် ကိုတင်ဦးသည် မြိုင်၏စိတ်ချမ်းသာမှုနှင့် စိတ်တိုင်း အကျနိုင်ဆုံးဖြစ်စေနိုင်ရန်အတွက် ဘာတစ်ခုမျှ လိုလေသေးသည်မရှိအောင် ဆောင်ရွက် ထားလေသည်။ မြိုင်က မင်္ဂလာညစာစားပွဲ၌ အကောင်းဆုံးစားစရာ၊ သောက်စရာများဖြင့် သာ ၎င်း၏ မိတ်ဆွေသူငယ်ချင်းများအား ညစာစားကျွေးမွေးခြင်းပြုလိုသည်ဟု ဆိုထား သဖြင့် ကိုတင်ဦးသည် ရန်ကုန်မြို့တော်ရှိ အထက်တန်းအကျဆုံးနှင့် အကောင်းဆုံးသော ဟိုတယ်ကြီးတစ်ခုမှ အကောင်းဆုံးနှင့် အညွန့်ဆုံးသော စားစရာ၊ သောက်စရာများကို ကိုယ်တိုင်ကိုယ်ကျ မှာကြားထားပေးခဲ့လေသည်။ မြိုင်က ဖိတ်ကြားထားသော ညသည် အစိတ်သုံးဆယ်ခန့်အတွက် ကိုတင်ဦးသည် ငွေလေးရာနီးနီးပင် အကုန်အကျခံခဲ့ရသည်။

မြိုင်သည် ညစာစားပွဲကို နေ့လယ်နှစ်နာရီမှ ညနေ လေးနာရီအတွင်း စီစဉ်ထားပေသည်။ ၎င်း၏ လက်ရွေးစင်ညသည်များကိုလည်း နှစ်နာရီမှ လေးနာရီအတွင်း ဆက်ဆက်လာဖြစ်အောင်လာရန် ဖိတ်ကြားခြင်းပြုထားပေသည်။ ထိုဖိတ်စာ အစိတ် သုံးလေး ဆယ်လောက်ကို ရိုက်နှိပ်ရန်နှင့် ဖိတ်ကြားခြင်းခံရသော ညသည်များထံသို့ မရောက် ရောက်အောင် ပေးပို့ရန် မြိုင်က ကိုတင်ဦးကိုပင် စေခိုင်းသဖြင့် ကိုတင်ဦးသည် မြိုင့် ဆန္ဒအတိုင်း လုပ်ကိုင်ပေးခဲ့သည်။

၎င်း၏ မင်္ဂလာညစာစားပွဲကို ၎င်းက ဂရုတစိုက်နှင့် လေးလေးစားစား ဖိတ်ကြား ခြင်းပြုထားသော အသိမိတ်ဆွေနှင့် ညသည်များအားလုံးလိုလို မပျက်မကွက် လာရောက် ချီးမြှင့်ကြလိမ့်မည်ဟု မြိုင်သည် မျှော်လင့်ထားပေသည်။ ၎င်းတို့ အသီးသီး၏ကိစ္စရှိစဉ် ကလည်း မြိုင်သည် သွားလာခဲ့ဖူးသဖြင့် ၎င်း၏ကိစ္စရှိသောအခါ၌ အပြန်အလှန်တော့ ရှိလိမ့်မည်ဟု မြိုင်က မှန်းထားခဲ့ပုံရသည်။

နေ့ခင်းတစ်နာရီထိုးသာသာလောက်တွင် မြိုင်သည် ရေမိုးချိုးကာ ဧည့်သည်များ လာလျှင် အဆင်သင့်ဧည့်ခံခြင်းပြုရန် အဝတ်အစားများ လဲလှယ်ပြီးဖြစ်လေသည်။

၎င်းမင်္ဂလာဧည့်ခံပွဲသို့ လာရောက်ချီးမြှင့်ခြင်းပြုကြမည်ဖြစ်သော မိတ်ဆွေများကို အိမ်ရှေ့ ပြတင်းပေါက်မှ ထွက်၍ လည်ပင်းတရှည်ရှည်နှင့် မြိုင်သည် စောင့်မျှော်လျက်ရှိပေသည်။ ဤကဲ့သို့ ၎င်း၏အသိမိတ်ဆွေများကို မြိုင်သည် အိမ်ရှေ့ပြတင်းပေါက်မှ ထွက်၍ လည်ပင်းတရှည်ရှည်နှင့် စောင့်မျှော်လျက်ရှိနေသည့်အခိုက် ကိုတင်ဦးသည် ၎င်း၏ မိတ်ဆွေများဖြစ်ကြသော ဒလသင်္ဘောကျင်းအလုပ်သမားများက ၎င်း၏ မင်္ဂလာဆောင် အတွက် တစ်မတ် ငါးမူးစီ စုဆောင်း၍ ဝယ်ခြမ်းကာ လက်ဖွဲ့လိုက်သော အသံဖမ်းစက်ကို ခပ်အေးအေးဖွင့်ကာ ဗမာ့အသံမှ မြန်မာသီချင်းများကို ခပ်တိုးတိုး ဖမ်းယူနားထောင် လျက်ရှိလေသည်။ သူသည် အဆိုတော် ဒေါ်အောင်ကြည်၏ မြန်မာသီချင်းခန့် တစ်ပုဒ်ကို ငိုက်မျဉ်းလျက် နားထောင်နေရာမှ အိမ်ရှေ့ပြတင်းပေါက်သို့ထွက်လျက် ၎င်း၏ အသိမိတ်ဆွေများကို မညောင်းနိုင် မညာနိုင်ဘဲ လည်ပင်းတရှည်ရှည်နှင့် မျှော်၍ နေရှာသော ဇနီးလုပ်သူ မြိုင်ကို တစ်ချက်တစ်ချက်တွင် လှမ်း၍ ကြည့်ရင်း သူ့ဘာသာသူသည် တစ်စုံ တစ်ရာကို တွေးတောသဘောကျလျက် ရှိနေသကဲ့သို့ ပြုံး၍ ပြုံး၍ နေလေသည်။

ဗမာ့အသံမှ မွန်းလွဲပိုင်းသီချင်းများ ပြီးဆုံးသွားသောအခါ ကိုတင်ဦးသည် ဆက်လက်ကြေညာရန် ကျန်နေသေးသော သတင်းများကို နားထောင်ရန် များစွာ စိတ်ပါဝင် စားခြင်းမရှိလှသကဲ့သို့ အသံဖမ်းစက်ကို ပိတ်လိုက်လေသည်။ ထို့နောက် အိမ်ရှေ့ ပြတင်းပေါက်တွင်ရပ်ကာ လည်ပင်းတရှည်ရှည်နှင့် ဖြစ်နေရှာသော မြိုင့်ဆီသို့ ခပ်အေးအေး ထလာခဲ့ပြီးလျှင် မြိုင်၏ကျောနောက်နား၌ ကပ်၍ ရပ်ရင်း မြိုင်၏ပခုံးနှစ်ဖက်ကို ညင်သာစွာ ကိုင်လိုက်သည်။

မြိုင်သည် အနည်းငယ်လှုပ်ရှားသွားပြီးလျှင် ကိုတင်ဦးအား ရုတ်ခနဲ ပြန်လှည့် ကြည့်လိုက်လေသည်။

"နှစ်နာရီမှ မထိုးသေးတာပဲ မြိုင်ရယ်။ မြိုင့်ဧည့်သည်တွေ ဘယ်ကလာနိုင်ကြဦး မှာလဲ"

ကိုတင်ဦးသည် မြိုင့်အနီးနားသို့ ကပ်၍

ခပ်တိုးတိုးပြောဆိုလိုက်သည်။

"တခြားဧည့်သည်တွေတော့ မဟုတ်ပါဘူး။ လဲ့လဲ့တစ်ယောက်ကိုတော့ နှစ်နာရီ မထိုးခင် စောစောကတည်းက ကြိုတင်ပြီး ရောက်အောင်လာနှင့်ဖို့ မြိုင် သေသေချာချာ မှာထားလို့ပါ"

"ဩော်"

"ဒါကြောင့် လဲ့လဲ့ကို မျှော်နေတာပါ"

"ဒါထက် လဲ့လဲ့က မြိုင်မှာထားတဲ့အတိုင်း နှစ်နာရီမထိုးခင် ရောက်အောင်လာခဲ့ပါ့ မယ်လို့ မြိုင့်ကို အကြောင်းပြန်ထားပြီလားဟင်"

"မြိုင်က သေသေချာချာမှာထားတာပဲလေ။ သူ မလာဘဲတော့ နေမယ်မထင်ပါဘူး"

"ဒီလိုဆိုရင်လည်း ပြီးတာပဲလေ။ ကိုတင်ဦးက သိပ်မထင်လှလို့ပါ"

"ကိုတင်ဦးနဲ့ မသင့်မြတ်တာကလေးလောက်နဲ့တော့ လဲ့လဲ့ကို ဒါလောက်အထင်မသေးပါနဲ့ဦးလေ။ မြိုင်နဲ့ကတော့ ငယ်ငယ်ကတည်းက ပေါင်းသင်းလာတဲ့ သူငယ်ချင်း တစ်ယောက်ပါ"

"ဒီလိုဆိုလည်း ကိုတင်ဦး ဘာမှပြောစရာမလိုတော့ပါဘူးလေ"

ဟုသာ ပြန်ပြောကာ မြိုင့်အနီးမှ ဖြည်းညင်းစွာ ပြန်လှည့်လာခဲ့ပြီးလျှင် ထမင်းစားခန်းဘက်တွင် ဧည့်သည် များ ရောက်ရှိလျှင် ရောက်ရှိလာချင်း စားပွဲထိုးပေးရန် အဆင်သင့်စောင့်ဆိုင်းလျက်ရှိနေ ကြသော ဟိုတယ်မှ ဘွိုင်ကုလားနှစ်ယောက်တို့အား အိန္ဒိယပြည် ကွန်ဂရက်အစိုးရ၏ ဒုတိယငါးနှစ်စီမံကိန်း၏ အကျိုးအပြစ်တို့ကို ၎င်း၏ဝါသနာအတိုင်း ရှင်းလင်းပြောပြနေလေသည်။ ဘွိုင်ကုလားနှစ်ယောက်တို့သည် ကိုတင်ဦးက ရှင်းလင်းပြောပြလျက်ရှိသော ဒမူဒါမြစ်ဝှမ်းစီမံကိန်းအကြောင်းကို ဘာမှန်းသာလျှင် နားမလည်ကြသော်လည်း စိတ်ပါဝင်စားစွာ နားထောင်လျက်ရှိကြပေသည်။ ကိုတင်ဦးသည် သူ၏ထုံးစံအတိုင်း ဒမူဒါ မြစ်ဝှမ်းစီမံကိန်းအကြောင်းနှင့် ရပ်မနေလိုက်သေးဘဲ ဒုတိယအသုတ် အထွေထွေရွေး ကောက်ပွဲပြုလုပ်သောအခါ၌ အိန္ဒိယပြည်တောင်ပိုင်းရှိ

အချို့သော ပြည်နယ်များနှင့် ဘင်္ဂလားပြည်နယ်တို့တွင် ကွန်မြူနစ်များ အင်အားကြီးမားလာတော့မည့်အကြောင်းကိုလည်း ဟိုတယ်၌ စားပွဲထိုးလုပ်နေရသော အိန္ဒိယအမျိုးသားနှစ်ဦးတို့အား မြိန်ရေရှက်ရေ ပြောပြနေလိုက်ပေသေးသည်။

ကိုတင်ဦးက ထမင်းစားခန်းဘက်တွင် ဘွိုင်ကုလားများနှင့် စကားပြောဆိုလျက် မြိုင်ကလည်း အိမ်ရှေ့ပြတင်းပေါက်မှ ထွက်၍ လည်ပင်းတရှည်ရှည်နှင့် ၎င်း၏ အချစ်တော် လဲ့လဲ့ကို စောင့်မျှော်နေသည့်အခိုက် ကိုတင်ဦး အလုပ်လုပ်ကိုင်သော ပြည်သူ့အလင်း သတင်းစာတိုက်မှ ငွေကိုင်စာရေးကြီးသည် ဦးသက်ထွန်း၏ မော်တော်ကားကလေးဖြင့် မြိုင်တို့အိမ်သို့ ရောက်ရှိ၍ လာလေသည်။ မြိုင်တို့အိမ်ရှေ့တွင် ကားကို ရပ်ပြီးနောက် ငွေကိုင်စာရေးကြီးသည် အိမ်ပေါ်သို့ တက်၍ လာသောအခါ ဧည့်တစ်ယောက်လာနေသည့်အကြောင်းကို မြိုင်က လှမ်း၍ ပြောလိုက်သဖြင့် ကိုတင်ဦးသည် ဘွိုင်ကုလားများနှင့် ပြောဆိုနေသော စကားကိုဖြတ်ကာ အိမ်ရှေ့သို့ ထွက်လာလေသည်။

"ဟာ…ဦးဘသော်ပါကလား။ တိုက်က လာတာပဲလားဗျ"

ကိုတင်ဦးသည် အိမ်ပေါ်သို့ ရောက်ရှိလာသော ပြည်သူ့အလင်းသတင်းစာတိုက်မှ ငွေကိုင်စာရေးကြီး ဦးဘသော်အား လှမ်း၍ နှုတ်ဆက်ကာ ဧည့်ခန်းဘက်သို့ ခေါ်လာခဲ့ပြီးနောက် ကုလား ထိုင်တစ်လုံးတွင် အထိုင်ခိုင်းလေသည်။

"ဦးသက်ထွန်းက လွှတ်လိုက်လို့ပါ။ ဦးတင်ဦးရဲ့ဇနီးကိုလည်း ခေါ်လိုက်ပါဦးလား"

"ဘယ်လိုများ ကိစ္စရှိလာလို့လဲဗျ .. ဦးဘသော်ရဲ့ "

ဟု ကိုတင်ဦးသည် ဦးဘသော် အား မေးမြန်းပြီးနောက်…

"မြိုင်ရေ … ဦးသက်ထွန်း မှာလိုက်တဲ့ကိစ္စကလေးရှိနေလို့ ခဏလောက် လာပါဦးကွယ်"

ဟု မြိုင့်ကိုလည်း လှမ်း၍ ခေါ်လိုက်သည်။

မြိုင်သည် မလွဲသာမရှောင်သာ လာရဘိသကဲ့သို့ ဦးဘသော်နှင့် ဦးတင်ဦးတို့ဆီသို့ ခပ်ဖြည်းဖြည်းလေးလေး လျှောက်လာခဲ့ပြီးနောက် ကိုတင်ဦးဘေးတွင်ရှိသော ကုလားထိုင်အလွတ်တစ်လုံးတွင် ဣန္ဒြေရရ ဝင်၍ ထိုင်လိုက်သည်။ သို့ရာတွင် ၎င်း၏စိတ်မှာမူကား လဲ့လဲ့ကိုမျှော်ရင်း အိမ်ရှေ့ပြတင်းပေါက်ဝတွင် ကျန်ရစ်ခဲ့ဟန်ရှိပေသည်။

"ဦးသက်ထွန်းက သူကိုယ်တိုင် မလာဖြစ်တဲ့အတွက် ကျွန်တော့်ကို လွှတ်ပြီး အတောင်းပန်ခိုင်းလိုက်ပါတယ်။ ဦးတင်ဦးရဲ့ဇနီးကိုလည်း သေသေချာချာ နားလည်အောင် ရှင်းလင်းပြောပြဖို့ အထူးပဲ မှာလိုက်ပါတယ်"

"အို ... ကိစ္စမရှိပါဘူးရှင်၊ အစ်ကိုကြီးကိုသက်ထွန်းရဲ့ စိတ်နေသဘောထားနဲ့ စေတနာကို မြိုင်တို့ ကောင်းကောင်းပဲ သိထားကြပါတယ်"

"နောက်ပြီးတော့ ဟောဒီစာအိတ်တစ်အိတ်ကိုလည်း ဦးတင်ဦးရှေ့မှာ ဦးတင်ဦး ရဲ့ဇနီးလက်ထဲကို ထည့်ပေးဖို့ ခိုင်းလိုက်ပါသေးတယ်"

ဟု ပြောဆိုပြီးနောက် ငွေကိုင် စာရေးကြီး ဦးဘသော်သည် ၎င်း၏အပေါ်အင်္ကျီအတွင်းအိတ်ကပ်ထဲမှ စာအိတ်တစ်အိတ် ကို ထုတ်ယူလိုက်ပြီးလျှင် ကိုတင်ဦး၏ရှေ့တွင် မြိုင့်အား လှမ်း၍ ပေးလေသည်။ ဦးဘသော် လှမ်းပေးသော စာအိတ်ကို လှမ်းယူလိုက်ပြီးနောက် ၎င်းကိုယ်တိုင် မဖွင့်ကြည့်လိုသော အမူအရာဖြင့် မြိုင်သည် ထိုစာအိတ်ကို ကိုတင်ဦးအား တစ်ဆင့်ကမ်း၍ ပေးလိုက်ပြန်လေသည်။ ကိုတင်ဦးသည် မြိုင်က ကမ်း၍ ပေးလျက်ရှိသော စာအိတ်ကို လှမ်းယူလိုက်ပြီးလျှင်...

"ကိုတင်ဦး ဖွင့်လိုက်ရမလား မြိုင်"

ဟု မြိုင့်အား မေးနေလိုက်ပြန်ပေသည်။

"ဖွင့်ကြည့် ပါလား ..."

မြိုင်က တိုတိုပြတ်ပြတ်ပဲ ပြောလိုက်သည်။

ကိုတင်ဦးသည် စာအိတ်ကို ဖွင့်လိုက်သည်။ စာအိတ်ထဲမှ ချက်လက်မှတ်တစ်စောင် ထွက်၍ လာသည်။ ကိုတင်ဦးသည် ချက်လက်မှတ်ကို ပြန်၍ ကြည့်ရှုလိုက်ပြီးနောက်...

"ဦးသက်ထွန်းက ငွေတစ်ထောင်တိတိ လက်ဖွဲ့လိုက်တယ် မြိုင်ရဲ့"

ဟုပြောပြရင်း မြိုင့် အား ချက်လက်မှတ်ကို လှမ်း၍ ပေးလိုက်သည်။

ကိုတင်ဦးက လှမ်း၍ ပေးနေသော ငွေတစ်ထောင်တန် ချက်လက်မှတ်ကို တော်တော်နှင့် မယူဖြစ်သေးဘဲ မြိုင်သည် ငိုင်လျက်ရှိနေပေသည်။ လဲ့လဲ့၏ အစ်ကိုကြီးဖြစ်သူ ကိုသက်ထွန်းက မိမိတို့၏ မင်္ဂလာဆောင်လက်ဖွဲ့လိုက်သော ငွေတစ်ထောင်အတွက် မြိုင်သည် ဝမ်းသာဝမ်းနည်း ဖြစ်နေရှာပေသည်။

ထိုအခိုက် ဘွိုင်ကုလားနှစ်ယောက်တို့သည် ဧည့်သည်အတွက် စားဖွယ်သောက်ဖွယ်များကို လာရောက်ချပေးထား ပြီးနောက် ပြန်၍ ထွက်သွားကြလေသည်။

"သုံးဆောင်လိုက်ပါဦး ဦးဘသော်၊ ဒီနေ့ ကိစ္စကတော့ မြိုင်က ကျေးတာဗျ"

ဟု ကိုတင်ဦးက ပြောဆိုလေသည်။ ဤကဲ့သို့ ကိုတင်ဦးက ပြောဆိုလိုက်သော စကားကို မြိုင်သည် ရုတ်တရက် နားမလည်နိုင်သကဲ့သို့ ရှိလိုက်သဖြင့် ခပ်ထွေထွေကလေး စဉ်းစား သလို ငိုင်နေပြီးမှ...

"ဒီနေ့ကိစ္စကတော့ မြိုင်က ကျေးတာပဲဆိုတာက ဘာကိုပြောလိုက်တာလဲဟင် ကိုတင်ဦး"

ဟု ၎င်း၏ယောကျ်ားလုပ်သူအား လှမ်း၍ မေးမြန်းလိုက်မိသည်။

"ကနေ့ အိမ်မှာကျွေးတာမွေးတာကတော့ မြိုင်ရဲ့ အပေါင်းအသင်းနဲ့ မိတ်ဆွေတွေ အတွက် အစီအစဉ်ဖြစ်တဲ့အကြောင်း ပြောတာပါ မြိုင်ရဲ့"

"ဒီလိုဆိုတော့ မြိုင့်အစီအစဉ်ပြီးရင် ကိုတင်ဦးရဲ့အစီအစဉ်များ ရှိနေသေးလို့လား ဟင်"

"မြိုင့်ကိုတော့ မပြောရသေးဘူး။ လာမယ့်တနင်္ဂနွေနေ့ကျရင် ကိုတင်ဦးရဲ့ မိတ်ဆွေတွေနဲ့ သတင်းစာတိုက်က အလုပ်သမားတွေကို အိမ်ကိုဖိတ်ပြီး လက်ဖက်ရည်တိုက်ဖို့ စိတ်ကူးထားတာရှိတယ် မြိုင်ရဲ့"

"ဩော် ... ဩော် ... ဩော်"

မြိုင်၏ပါးစပ်မှ ဒါပဲထွက်လာသည်။ ပြည်သူ့အလင်းသတင်းစာတိုက်မှ ငွေကိုင်စာရေးကြီး ဦးဘသော် စားသောက်ပြီးစီး၍ ရေကျော်အိမ်မှ ပြန်သွားသောအခါ စောစောက ဧည့်သည်သူစိမ်းတစ်ယောက်ရှိနေ၍ မိမိ၏ စိတ်ထဲတွင် မရှင်းမလင်းဖြစ်နေသော်လည်း မျိုသိပ်ထားခဲ့ရသော ကိစ္စကို မြိုင်သည် ဆက်လက်၍ အောင့်အည်းထားခြင်းငှာ မတတ်နိုင်တော့သဖြင့်...

"မြိုင် ကောင်းကောင်းနားမလည်တာ တစ်ခုရှိလို့ ကိုတင်ဦးကို မေးချင်တယ်"

ဟု လွှတ်ခနဲ ပြောလိုက်မိသည်။

"ဘာများ နားမလည်တာရှိနေလို့လဲ မြိုင်ရဲ့။ ဘာဖြစ်ဖြစ် မေးစရာရှိတာ မေးသာ မေးပါ။ လင်မယားဆိုတာ တစ်ယောက်နဲ့တစ်ယောက် ဘာမှ လျှို့ဝှက်ထားစရာမလိုပါဘူး။ တစ်ယောက်ကိုတစ်ယောက် နားမလည်တာရှိရင်ဖြစ်စေ၊ သံသယဖြစ်နေတာပဲရှိရင်ဖြစ်စေ တအုံနွေးနွေး လုပ်မထားဘဲ ပွင့်ပွင့်လင်းလင်း မေးတာ ပြောတာကို ကိုတင်ဦးတော့ သဘောကျတယ်"

"မင်္ဂလာဆောင်ဧည့်ခံပွဲတစ်ခုလုပ်တာကို မြိုင့်မိတ်ဆွေတွေအတွက်က တစ်ခု၊ နောက်ပြီးတော့ ကိုတင်ဦးရဲ့မိတ်ဆွေအတွက်က သတ်သတ်တစ်ခု၊ အဲဒီနှစ်ခုခွဲလုပ်ရတာကို မြိုင် ဘယ်လိုမှန်း နားမလည်လို့ မြိုင့်ကို နားလည်အောင် ရှင်းပြစမ်းပါ"

"မြိုင် ကောင်းကောင်းနားမလည်ဘူးဆိုတာ တစ်ခုက ဒါပဲလား"

မြိုင်က ခေါင်းကိုညိတ်၍ ပြလိုက်လေသည်။

"မြိုင်က တရားရုံးတော်မှာ လက်ထပ်တဲ့နေ့မှာ မြိုင်ရဲ့အသိမိတ်ဆွေတွေနဲ့ ပေါင်းဟောင်းသင်းဟောင်းတွေကို ဧည့်ခံပွဲကလေးတစ်ခု လုပ်ပေးချင်တယ်ပြောထားလို့ လုပ်ပေး ရတာလေ။ ကိုတင်ဦးရဲ့ မိတ်ဆွေတွေနဲ့ အလုပ်လုပ်ဖော်ကိုင်ဘက်တွေက များသောအားဖြင့် တနင်္ဂနွေနေ့မှပဲ အားကြတယ်။ အဲဒီတော့ သူတို့အတွက်

တနင်္ဂနွေနေ့ကို သတ်သတ် စီစဉ်ပေးဖို့ စိတ်ကူးတာပါ”

မြိုင်သည် ဘာမှပြန်ပြောစရာမရှိသဖြင့် ငြိမ်သက်စွာ ငေးစိုက်နားထောင်လျက်ရှိ လေသည်။

“နောက်တစ်ခုကတော့ မြိုင်နဲ့ကိုတင်ဦးရဲ့ မိတ်ဆွေတွေမှာ ခြားနားချက်ရှိတယ်”

“ဘယ်လိုခြားနားချက်လဲ ဟင် ကိုတင်ဦး”

“ရှင်းရှင်းပြောရမယ်ဆိုရင်တော့ မြိုင်ရဲ့ အပေါင်းအသင်းနဲ့ မိတ်ဆွေတွေက များသောအားဖြင့် ခေတ်ပညာတတ်တွေနဲ့ အထက်တန်းစားတွေထဲက များတယ်။ ဒါပေမဲ့ ကိုတင်ဦးရဲ့ မိတ်ဆွေတွေက များသောအားဖြင့် အလုပ်သမား အကိုင်သမားတွေဖြစ်ကြတော့ ဧည့်ခံပွဲတစ်ခုထဲမှာ ဒီပရိသတ်နှစ်မျိုးကို တစ်ပြိုင်နက် ဧည့်ခံလို့ဖြစ်ပါ့မလားဆိုတဲ့ စိုးရိမ်ချက်ကလည်း ရှိလို့ပါမြိုင်ရဲ့”

ဒီလိုဆိုရင်လည်း ပြီးတာပါပဲလေ။ စောစောကတော့ မြိုင်က ဒီလိုမှန်း နားမလည် သေးလို့ပါ”

ဟု ပြောကာ မြိုင်သည် ကိုတင်ဦးအနီးမှ ထလာခဲ့ပြီးလျှင် အိမ်ရှေ့ပြတင်း ပေါက်ဆီသို့ လာခဲ့သည်။ အိမ်ရှေ့ပြတင်းပေါက်ဝတွင်ရပ်၍ အပြင်သို့ တစ်ချက်မျှ လှမ်းမျှော်ကြည့်လိုက်ပြီးနောက် မြိုင်သည် ၎င်း၏လက်ပတ်နာရီကို ကြည့်လေသည်။ နှစ်နာရီထိုးပြီး၍ ဆယ့်ငါးမိနစ်ပင် ရှိသွားခဲ့လေပြီ။ သို့ရာတွင် မြိုင် မျှော်လင့်စောင့်စား လျက်ရှိနေသော အသိမိတ်ဆွေများ တစ်ဦးတစ်ယောက်မျှတော့ ပေါ်မလာကြသေးပေ။

အိမ်ရှေ့ ပြတင်းပေါက်ဝတွင်ရပ်လျက် ၎င်း၏ဧည့်သည်များကို စောင့်မျှော်၍ နေသော မြိုင့်အား တစ်ချက်မျှ လှမ်းကြည့်လိုက်ပြီးနောက် စောစောက စားပွဲပေါ်တွင် မြိုင် အမှတ်မဲ့ ချထစ်ခဲ့သော ချက်လက်မှတ်ကို လှမ်းယူပြီးလျှင် သိမ်းဆည်းထားရန် အတွက် ကိုတင်ဦးသည် အိပ်ရာခန်းအခန်းသို့ ဝင်လာခဲ့လေသည်။ အိမ်ခန်းအတွင်းသို့ ရောက်သောအခါ တရားရုံးတော်မှ ပြန်ရောက်စက မြိုင် ခင်းကျင်းပြင်ဆင်ထားခဲ့သော နှစ်ယောက်အိပ် ခုတင်ကြီးနှင့် အိပ်ရာခမ်းနားများကို ကိုတင်ဦးသည် အတန်ကြာမျှ

ငေးမောကြည့်ရှုနေမိသည်။ အိအိစက်စက်နှင့် ဖြူဖြူဖွေးဖွေး၊ သန့်သန့်ရှင်းရှင်းရှိလှသော အိပ်ရာခမ်းနားကို ကိုတင်ဦးသည် အထူးအဆန်းဖြစ်နေပုံရသည်။ သိမ်းဆည်းရန်ဖြစ်သော ချက်လက်မှတ်ကို သိမ်းဆည်းရန် သတိမရနိုင်သေးဘဲ အိပ်ရာခမ်းနားကို လှည့်ပတ်ကြည့်ရှုနေမိသည်။ လူပျိုကိုယ်လွတ်ဘဝ ဖြစ်သလိုနေ၊ ဖြစ်သလိုအိပ်စက်လာခဲ့သော ကိုတင်ဦးသည် မြိုင် ပြင်ဆင်ထားသော အိပ်ရာခမ်းနားကို ကျေနပ်သလိုလည်း ဖြစ်လာသည်။ ကြမ်းပြင်ပေါ်၌ သင်ဖျာကိုခင်းကာ စာအုပ်ကို ဖြစ်ကတတ်ဆန်း ခေါင်းအုံး၍ အိပ်စက်လာခဲ့သော ကိုတင်ဦးသည် မင်္ဂလာမဆောင်မီ လေးငါးရက်ခန့်လောက်က အိပ်ရာခမ်းနားများအတွက် ငွေတစ်ထောင်လောက် ကုန်လိမ့်မည်ဟု ပြောခဲ့သော မြိုင်၏စကားကို နားမလည်နိုင်အောင် ဖြစ်ခဲ့သေးသည်။ သို့ရာတွင် ကိုတင်ဦးသည် ယခု နားလည်ခဲ့လေပြီ။

ကိုတင်ဦးသည် အိပ်ရာထဲ၌ တင်ပါးလွှဲဝင်၍ ထိုင်ကြည့်လေသည်။ ထို့နောက် အသာအယာ လှဲကြည့်လေသည်။ အိပ်ရာထက်၌ ရေမွှေးနံ့ကလေးများ ဆွတ်ဖျန်းထား သောကြောင့် သင်းပျံ့မွှေးကြိုင်လျက်ရှိပေသည်။ နူးညံ့သော အတွေ့အထိနှင့် မွှေးကြိုင်သောရနံ့တို့ကြောင့် ကိုတင်ဦးသည် အိပ်ရာထက်တွင် လှဲနေရာမှ မျက်လုံးများကို အသာအယာ မှေးထားလိုက်မိသည်။ သာယာမှုနှင့် တွေ့ထိရသောကြောင့် သူသည် ကျေနပ် နှစ်သိမ့်နေပုံလည်း ရပေသည်။

သတင်းစာတိုက်မှ အလုပ်သမားသည် နှစ်ယောက်အိပ်ခုတင်ကြီးပေါ်တွင် စည်းစိမ်တွေ့ နေသည့်အခိုက် စက်ရှင်တရားသူကြီး၏သမီးသည် အိမ်ရှေ့ခန်း၌ မငြိမ်မသက် ဖြစ်နေရှာသည်။ နာရီပြန်နှစ်ချက်ခွဲသွားသည့်တိုင်အောင် ၎င်းစောင့်စားမျှော်လင့်နေသော လှဲ့လှဲ့နှင့်တကွ မည်သည့်ဧည့်သည် တစ်ကောင်တစ်မြီးမှ ပေါ်ပေါက်လာခြင်းမရှိသော အခါ မြိုင်သည် ညှောင်းညာမောပန်းလာလေသည်။ စိတ်မရှည်ချင်တော့သလိုလည်း ဖြစ်လာမိသည်။

"ခုထက်ထိလည်း တစ်ယောက်တလေမှ ပေါ်မလာကြသေးဘူး"

မြိုင်သည် တစ်ယောက်တည်း စိတ်ကောက်သလို ပြောကြားကာ ၎င်း၏လက်ပတ်နာရီကို ကြည့်ပြန် လေသည်။ နာရီကို ကြည့်ပြီးနောက်

အပြင်ဘက်သို့ မျှော်ကြည့်လိုက်ပြန်သည်။ ဧည့်သည် တစ်ယောက်တလေ၏ အရိပ်အယောင်ကိုမျှပင်လျှင် မတွေ့ မမြင်ရသေးပေ။ မြိုင်သည် ညောင်းညာလျက်ရှိနေပြီဖြစ်သောကြောင့် စိတ်မရှည်ချင်အောင် ဖြစ်လာသည်။ ထို့ကြောင့် အိမ်ရှေ့ပြတင်းပေါက်မှ ချာခနဲ လှည့်ထွက်သွားခဲ့ပြီးလျှင် အညောင်းပြေ အညာပြေ လှဲလျောင်းခြင်းပြုရန်အတွက် အိပ်ရာခန်းအတွင်းသို့ ဝင်လာခဲ့သည်။ အိပ်ခန်းတံခါးဝသို့ ရောက်သောအခါ မြိုင်၏ခြေလှမ်းသည် ရုတ်တရက် တန့်၍ သွားလေသည်။ ၎င်းထက် ဦးကာ အိပ်ရာထက်တွင် စန့်စန့်ကြီးလုပ်နေသော ကိုတင်ဦးအား မြိုင်သည် အထူးအဆန်းသဖွယ် တံခါးဝ၌ ရပ်ကာ အတန်ကြာမျှ ငေးစိုက်၍ ကြည့်နေမိသည်။ ဤသို့ ကြည့်နေသည့်အခိုက်မှာပင် ကိုတင်ဦး၏ မှေးထားသောမျက်လုံးများသည် ရုတ်တရက် ပွင့်လာသည်။ သူသည် အခန်းအတွင်းသို့ ဝင်မလာသေးဘဲ တံခါးဝတွင် ရပ်နေသော မြိုင့်ကို မြင်လိုက်လျှင်ပင် ကမန်းကတန်း အိပ်ရာထက်တွင် လူးလဲ၍ ထထိုင်လိုက်လေသည်။

ကိုတင်ဦးဖြစ်နေပုံကို မြိုင်က သဘောကျသွားသော်လည်း မပြုံးလိုက်ပေ။

“ရှင် အိပ်ပျော်နေသလားဟင် ကိုတင်ဦး”

ဟုသာ ဣန္ဒြေရရ မေးမြန်းလိုက်မိသည်။

“မပျော်ပါဘူး၊ လှဲရုံ လှဲနေတာပါ”

ဟု ပြန်ပြောရင်း ကိုတင်ဦးသည် အိပ်ရာထက်မှ ထလာခဲ့ပြီးလျှင်...

"မြိုင် ညောင်းရင်လည်း ခဏလောက်ပဲဖြစ်ဖြစ် လှဲနေလိုက်ပါဦး လားဟင်၊ မြိုင့်ဧည့်သည်တွေကို ကိုတင်ဦး ထွက်ပြီးစောင့်ပေးမယ်လေ”

ဟု ထပ်မံပြောကြားကာ မြိုင် ရပ်လျက်ရှိသော တံခါးဝသို့ လျှောက်လာခဲ့လေသည်။

“နှစ်နာရီတောင် ခွဲသွားပြီးပြီ ကိုတင်ဦးရဲ့။ ဧည့်သည်တွေလည်း တစ်ယောက်တလေမှ ပေါ်မလာကြသေးဘူး”

မြိုင်၏အသံမှာ အားငယ်သံ ပါနေသည်။

"အစောကြီးရှိပါသေးတယ် မြိုင်ရဲ့။ မြိုင့်ဧည့်သည်တွေ လာကြပါလိမ့်မယ်။ အချိန်လည်း အများကြီးကျန်နေသေးသားပဲ"

ကိုတင်ဦးက အားငယ်နေသော မြိုင့်အား အားပေး နှစ်သိမ့်ရန် ကြိုးစားလေသည်။

"ဒါလောက် စောင့်ရရင် မြိုင်ကတော့ စိတ်ညစ်လာပြီ"

မြိုင့်အသံသည် ပျော့နေ သည်။ အားမရှိလှ။

"စိတ်ညစ်စရာမဟုတ်တာပဲ မြိုင်ရယ်၊ သူတို့ လာကြပါလိမ့်မယ်။ ကဲ... ညောင်းရင် ခဏလောက်လှဲနေလိုက်ပါဦးလား။ ကိုတင်ဦး သွားစောင့်ပေးပါ့မယ်"

ဟု အားပေးပြောဆိုခဲ့ပြီးလျှင် ကိုတင်ဦးသည် အိမ်ရှေ့သို့ ထွက်လာသည်။ သူသည် အိမ်ရှေ့ ပြတင်းပေါက်တွင် ရပ်လိုက်ပြီးနောက် အားငယ်လွယ်လှသော မြိုင်၏အကြောင်းကို စဉ်းစားနေမိသည်။ မြိုင်သည် ထင်တစ်လုံးနှင့် ၎င်း၏ဧည့်သည်များကို ဖိတ်ကြားထား ခဲ့ပြီဖြစ်သော်လည်း ၎င်းအထင်ကြီးလျက်ရှိသော အသိမိတ်ဆွေများ တစ်ယောက် တလေမှ မလာခဲ့ကြလျှင် မြိုင်၏စိတ်ထဲတွင် အဘယ်မျှ ထိခိုက်သွားလိမ့်မည်နည်း။ မိမိကိုယ်ကိုလည်း မသိသေးသကဲ့သို့ မိမိ၏ အသိမိတ်ဆွေများကိုလည်း ဘာမျှမသိရှာ သေးသော မြိုင့်အတွက် ကိုတင်ဦးသည် ရင်လေးနေမိသည်။ လူကုံထံအထက်တန်းလွှာက အသိအမှတ်မပြုနိုင်၍ လက်ခံခြင်းလည်း မပြုနိုင်သော မိမိကဲ့သို့ လူတစ်ယောက်နှင့် လက်ထပ်ခဲ့ပြီးသည့်နောက်ကွယ်၌မှာပင် မြိုင်သည် ၎င်း၏ လောကဟောင်းနှင့် ပတ်ဝန်းကျင်ဟောင်းကို အစွဲအလမ်းကြီးမားလျက်ရှိနေတုန်းဖြစ်ပေသည်။

ကိုတင်ဦးသည် အနာဂတ်ကို လှမ်းမျှော်၍ တွေးမိရင်း သက်ပြင်းကို ခပ်လေးလေး ချလိုက်မိသည်။ အထက်တန်းလွှာမှ သမီးငယ်တစ်ဦးကို သူသည် လက်ထပ်ရယူခဲ့ပြီးဖြစ်သော်လည်း အထက်တန်းလွှာမှမဟုတ်သော သူ၏ဘဝကိုလည်း သူသည် စဉ်းစားမိလေသည်။

နှလုံးသားမှ ယိုစီးသော သွေး၏တွန်းကန်မှုကြောင့် တစ်ဦးနှင့်တစ်ဦး လက်ထပ် ပြီးစီးခဲ့ကြလေပြီ။ သို့ရာတွင် တစ်ဦးနှင့်တစ်ဦးကား

ဘဝတူချင်းတော့ မဟုတ်ခဲ့ကြ။ တစ်ဦးသည် တောင်စွန်းမှဖြစ်၍ တစ်ဦးသည် မြောက်စွန်းမှဖြစ်လေသည်။ တောင်နှင့် မြောက်စွန်းတို့ကို အဘယ်သို့ ဆက်စပ်ရမည်နည်း။ အဘယ်ဗိသုကာ အတတ်ဖြင့် ပေါင်းကူးတံတားကို တည်ဆောက်ရမည်နည်း။ မိုးတိမ်များနှင့် ကြယ်တာရာတို့အကြောင်းကို ပြောဆိုကြရခြင်း၌ လွယ်ကူလျက် ပျော်မွေ့ ချမ်းမြေ့ စရာကောင်းလှသည်ဖြစ်သော်လည်း မြေကြီးပေါ်၌ မြေကြီးသားလို ဆက်ဆံနေထိုင်ရသောအလုပ်မှာ ပေါ့ပေါ့တန်တန်လုပ်၍ ရသောအလုပ်တော့ကား မဟုတ်တော့ပေ။

နေထိုင်ခြင်းသာလျှင် မပြုရသေးသော်ငြားလည်း မလွဲသာ မရှောင်သာ နေထိုင်ကြရတော့မည့် အနာဂတ်နေရေးထိုင်ရေးကိစ္စများကို လှမ်းမျှော်၍ တွေးတောနေသည့် အခိုက် ကားသစ်ကလေးတစ်စီးသည် ကိုတင်ဦးမျက်စိရှေ့တွင် ထိုး၍ ရပ်လိုက်လေသည်။ ကားဆိုက်လာသည်ကိုမြင်လျှင်မြင်ချင်း ကားထဲ၌ ဘယ်သူဘယ်ဝါ ပါလာသည်ကိုပင် စိစစ်ကြည့်ရှုခြင်း ပြုမနေအားတော့ဘဲ ကိုတင်ဦးသည် အိမ်ခန်းအတွင်းသို့ ကတိုက် ကရိုက်ဝင်လာခဲ့ပြီးလျှင် ခုတင်ပေါ်တွင် တင်ပါးလွှဲထိုင်ကာ ခပ်ငိုင်ငိုင်လုပ်နေသော မြိုင့်အား ဧည့်သည်ကားတစ်စီး ရောက်လာသည့်သတင်းကို ဝမ်းသာအားရ ပြောကြားလိုက်လေသည်။ ငိုင်နေသော မြိုင်သည် ရွှင်ပျသွားပြီးလျှင်...

"ဟင် ဟုတ်လား"

ဟုပြောကာ အိမ်ရှေ့ခန်းသို့ ကတိုက်ကရိုက် ထွက်လာခဲ့သည်။ သို့ရာတွင် အိမ်ရှေ့ခန်းသို့ ရောက်သောအခါ မြိုင်သည် ၎င်းအားခဲ မျှော်လင့်လျက်ရှိသော လဲ့လဲ့နှင့် အခြားသူငယ်ချင်းမိတ်ဆွေ တစ်ယောက်ကိုမှ မတွေ့ရဘဲ လဲ့လဲ့တို့အိမ်မှ မော်တော်ကားမောင်းသူကိုသာ တွေ့ရှိရ လေသည်။

"မမလေးက အပို့ခိုင်းလိုက်ပါတယ်"

လဲ့လဲ့တို့အိမ်မှာ မော်တော်ကားမောင်းသမားသည် ဒါပဲပြောဆိုကာ လဲ့လဲ့က လက်ဖွဲ့လိုက်ဟန်ရှိသော အထုပ်တစ်ထုပ်နှင့် စာအိတ်တစ်အိတ်ကို မြိုင့်လက်အတွင်းသို့ ကမ်းပေးပြီးနောက်...

"ကျွန်တော် ဒီပြင်အရေးတကြီးသွားစရာကိစ္စကလေးတစ်ခုရှိနေလို့

သွားလိုက်ပါဦးမယ်ခင်ဗျာ”

ဟု နှုတ်ဆက်၍ ပြန်လှည့်ဆင်းသွားလေသည်။

မြိုင်သည် ငိုင်၍ ကျန်ရစ်ခဲ့ရာမှ လဲ့လဲ့ထံမှ စာနှင့်အထုပ်ကို ဧည့်ခန်းစားပွဲပေါ်၌ ဖြေကြည့်မိသည်။ လဲ့လဲ့သည် ဝင်းခေါင်းကိုက်နေ၍ လူကိုယ်တိုင် မလာရောက်နိုင်ခြင်းကို မည်သို့မျှ မအောက်မေ့ရန် မြိုင့်အား စာအားဖြင့် တောင်းပန်လိုက်သည်။ မြိုင်၏ မင်္ဂလာဆောင်သို့ လက်ဖွဲ့လိုက်သောပစ္စည်းမှာလည်း တန်ဖိုးငွေ သုံးရာကျော် လေးရာ နီးပါးခန့် ပေးရမည့် ဘရိုကိတ်ထဘီအကောင်းစားတစ်ထည်ဖြစ်သည်။

မိမိ၏အချစ်ဆုံးသူငယ်ချင်းဖြစ်သူ လဲ့လဲ့က မိမိ၏ အရေးကြီးလှသော မင်္ဂလာဆောင်သို့ ခေါင်းကိုက်နေ၍ လာရောက်ခြင်းမပြုနိုင်တော့ကြောင်း သိရှိရသည်နှင့်တစ်ပြိုင်နက် မြိုင်သည် အတော်ပင် စိတ်မကောင်းဖြစ်သွားရပေသည်။ စိတ်လည်း ထိခိုက်သွားသည်။ ဤကဲ့သို့ စိတ်မကောင်းဖြစ်လျက်နှင့်ပင် အခြားအခြားသော အသိမိတ်ဆွေနှင့် သူငယ်ချင်းများကို မြိုင်သည် စောင့်ရလေသည်။ သုံးနာရီထိုးပြီး၍ လည်း တစ်ယောက် တလေမျှကား ပေါ်မလာကြပေ။ မြိုင်သည် ဖွဲကောင်းကောင်းနှင့် လေးနာရီထိုးအထိ အိမ်ရှေ့ဧည့်ခန်းမှ ထိုင်၍ စောင့်လေသည်။ ညနေ သုံးနာရီနှင့် လေးနာရီအကြားတွင် မော်တော်ကားလေးငါးစီး ဆိုက်လာသည်။ သို့ရာတွင် ကားရှင်များကား ပါမလာကြပေ။ မော်တော်ကားမောင်းသမားများသာ ပါသည်။ သူတို့နှင့်အတူ လက်ဖွဲ့ပစ္စည်းများလည်း ပါလာသည်။ ဝင်းအပြင် ခေါင်းနာ၊ ဖင်နာနေကြ၍ ဝင်းတို့ကိုယ်တိုင် မလာရောက်နိုင်ခြင်းကို ခွင့်လွှတ်ရန် တောင်းပန်လိုက်ကြသော စာကလေးအသီးသီးလည်း ပါလာသေးသည်။

ညနေ လေးနာရီထိုးသွားသောအခါ မြိုင်၏ရင်ထဲ၌ တလှပ်လှပ်ဖြစ်လာသည်။ ခေါင်းထဲ၌လည်း မူးဝေဝေ နောက်ကျိကျိဖြစ်လာသည်။ မြိုင်သည် ဧည့်ခန်းမှထကာ အိပ်ရာခန်းအတွင်းသို့ ဝင်လာခဲ့ပြီးနောက် အိပ်ရာထက်တွင် ခေါင်းကိုက်နေလေတော့သည်။ မြိုင်၏စိတ်သက်သာမှုနှင့် ကျေနပ်မှုအတွက်သာ ဤအစီအစဉ်ကို သဘောတူ ပြုလုပ်ပေးခဲ့ရသော်လည်း ဤကဲ့သို့ ဖြစ်လာမည့်အရေးကို တင်ကြို၍ တွက်ချက်မိထားပြီးဖြစ်သော ကိုတင်ဦးသည် မြိုင်၏အထက်တန်းစား ဧည့်သည်များကို ဂုဏ်ပြုဧည့်ခံရန် အတွက် အကောင်းဆုံးသော ဟိုတယ်ကြီးတစ်ခုမှ ငွေကြေးအဆမတန်

အကုန်အကျခံ၍ မှာယူကာ ပေးရသော စားစရာသောက်စရာများကို အလဟဿ မဖြစ်စေဘဲ ၎င်းတို့၏ အိမ်နောက်ဖေး လမ်းကြားကလေးဘက်တွင် တဲပုတ်ကလေးများ ဆောက်လုပ်၍ ဖြစ်တတ်သလိုနေထိုင်ကြရသော အလုပ်သမားများနှင့် ကူလီအိမ်နားနီးချင်းများကို ခေါ်ယူ ပေးကမ်းလိုက်လေသည်။

ကိုတင်ဦးနှင့် မြိုင်တို့၏ အိမ်နောက်ဖေးလမ်းကြားထဲ၌ အလုပ်သမားသားသမီး ကလေးများသည် မစားရစဖူးသော အစားကောင်း အသောက်ကောင်းများကို ပျော်ပျော် ပါးပါး စားသောက်လျက်ရှိကြစဉ် များစွာ စိတ်ထိခိုက်၍ သွားရာမှ ဘဝင်ကြောများ တင်းကာ ခေါင်းကိုက်လာသောကြောင့် အိပ်ရာထက်တွင် တက်၍ လှဲနေခဲ့သော မြိုင်သည် စိတ်မောလူမောဖြစ်ကာ အိပ်ပျော်၍ သွားလေသတည်း။

မြိုင်သည် မည်မျှကြာမြင့်သည့်တိုင်အောင် အိပ်ပျော်၍ သွားသည်ကိုကား သတိ မထားလိုက်မိပေ။ အိပ်ပျော်သွားရာမှ ပြန်၍ နိုးလာသောအခါ အိမ်ရှေ့ဧည့်ခန်းတွင် ကိုတင်ဦးနှင့် ဧည့်သည်တစ်ယောက် စကားပြောဆိုနေကြသောအသံကို မသဲမကွဲ ကြားရလေသည်။ မြိုင် အိပ်ရာမှ နိုးလာသောအချိန်တွင် အတော်ကလေး မှောင်စပြုနေပြီဖြစ်သဖြင့် မြိုင်သည် အချိန်ကို သိသာရန် ၎င်း၏လက်ပတ်နာရီကို ကြည့်ရှုလေသည်။ ညနေ ခြောက်နာရီခွဲသာသာခန့်ရှိလေပြီ။

တစ်နေ့လုံး ဈေးဝယ်ထွက်ခဲ့ရ ဈောင်းညာပင်ပန်းလာခဲ့သဖြင့် တစ်ရေးတမောလောက် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်စက်လိုက်ရသောအခါ မြိုင်သည် ပြန်လည်အားပြည့်၍ လာလေသည်။ သို့ရာတွင် အိပ်ရာမှ နိုးခါစဖြစ်၍ ခေါင်းထဲတွင် မူးဝေဝေရှိနေသေးသဖြင့် အိပ်ရာထက်မှ မထသေးဘဲ အိမ်ရှေ့ခန်းတွင် ကိုတင်ဦးနှင့် လာရောက်၍ စကားပြောဆိုလျက်ရှိသော ဧည့်သည်၏အသံကို အကဲခတ် နားစွင့်နေမိသည်။ အိမ်ရှေ့ဧည့်ခန်း၌ စကားပြောဆို နေကြသူများသည် ခပ်အေးအေးနှင့် ခပ်တိုးတိုးလောက်သာ ပြောဆိုလျက်ရှိနေကြသောကြောင့် မြိုင်သည် ကိုတင်ဦးနှင့် စကားပြောဆိုလျက်ရှိနေသော ဧည့်သည်၏အသံကို အကဲခတ်၍ မရနိုင်ပေ။ သို့ရာတွင် ထိုဧည့်သည်၏အသံကိုကား ရင်းရင်းနှီးနှီး သိရှိထားဖူးသလိုလိုတော့ စိတ်ထဲက ထင်လေသည်။ ထို့ကြောင့် ထိုဧည့်သည် မည်သူမည်ဝါများ ဖြစ်လေမည်နည်းဟူသော သိရှိစူးစမ်းလိုသောစိတ်ဖြင့် မြိုင်သည် အိပ်ရာထက်မှ ထဆင်းခဲ့လေသည်။

ခုတင်ခြေရင်းဘက်ရှိ ကိုယ်လုံးပေါ်မှန်ကြီးရှေ့၌ မိမိကိုယ်ကိုယ် သပ်သပ်ရပ်ရပ် ဖြစ်အောင် ပြင်ဆင်လိုက်ပြီးနောက် မြိုင်သည် အိမ်ရှေ့ဧည့်ခန်းဘက်သို့ ခပ်မှန်မှန် ထွက်လာ ခဲ့လေသည်။

"ဟော့ မြိုင် … ခဲဖိုးပေးရမယ်"

ကိုတင်ဦးနှင့် မျက်နှာချင်းဆိုင်လျက် ဣန္ဒြေရရ စကားပြောဆို၍ နေရာမှ မြိုင့်အား မောင်မောင်လတ်သည် နောက်ပြောင်ရင်း နှုတ်ဆက်လိုက်လေသည်။

ရုတ်တရက်ဖြစ်၍ မြိုင်သည် ရှက်အမ်းအမ်းဖြစ်သွားသည်။

"ခဲဖိုးလေ"

မောင်မောင်လတ်က ရှက်အမ်းအမ်းဖြစ်နေရှာသော နှမလုပ်သူကိုလည်း ချမ်းသာမပေး။ နှစ်ထပ်တော်ရသော ယောက်ဖလုပ်သူ၏ရှေ့တွင်ပင် ထပ်မံ၍ နောက် ပြောင်လိုက်ပြန်သည်။

"သွားပါ ... ကိုကိုလတ်ကို ဘယ်သူကဖိတ်လို့ လာရတာလဲ"

မြိုင်သည် ရှက် အမ်းအမ်းဖြစ်နေရာမှ ကိုတင်ဦးနှင့် မောင်မောင်လတ်တို့ နှစ်ယောက်၏အကြားရှိ ကုလားထိုင်လွတ်တစ်လုံးတွင် ဝင်၍ ထိုင်ရင်း မောင်မောင်လတ်၏ကျောကိုထုကာ အရှက်ပြေ ပြောဆိုလိုက်သည်။

"ကိုယ့်နှမနဲ့ ယောက်ဖရဲ့ မင်္ဂလာဆောင်ကို ဖိတ်စာရမှပဲ လာရတော့မှာလား မြိုင်ရဲ့။ ဒါထက် ဟိုမှာကြည့်လိုက်စမ်းပါဦး"

ဟု ရယ်မောပြောဆိုလျက်ရှိရာမှ အိမ်ရှေ့ ပြတင်းပေါက်ဘက်သို့ လက်ညှိုးထိုး၍ ပြလိုက်သည်။

"အိုလှလိုက်တာ ..."

မြိုင်သည် ဒါလောက်သာ ပြောနိုင်ကာ ထိုင်နေရာမှ ရုတ်တရက်ထ၍ အိမ်ရှေ့ပြတင်းပေါက်နားတွင် စီတန်း၍ ချထားသော ကြွေပန်းအိုးကြီး သုံးလုံးရှိရာသို့ ကတိုက်ကရိုက်ပြေးသွားသည်။

ကြွေပန်းအိုးကြီးသုံးလုံး၌ မြိုင် အင်မတန်နှစ်သက်တတ်သော နှင်းဆီနီကြီးများသည် အပြိုင်အဆိုင် ပွင့်လျက်ရှိနေကြပေသည်။ နှင်းဆီနီပွင့်ကြီးများသည် သန့်စွမ်း ထွားကျိုင်းသလောက် ဝင့်ဝင့်ဝါဝါလည်း ရှိလှပေသည်။ ထို့ကြောင့် မြိုင်သည် ကြွေပန်းအိုးကြီးများအနီးမှ မခွာနိုင်တော့ပေ။

မောင်မောင်လတ်သည် ကိုတင်ဦးနှင့် မျက်နှာချင်းဆိုင်ထိုင်၍ နေရာမှ ပန်းအိုးများရှိရာ မြိုင့်ဆီသို့ ထလာခဲ့ပြီးလျှင် ...

"အဲဒီပန်းအိုးတွေကို မြိုင့်အတွက် လက်အဖွဲ့ခိုင်းလိုက်လို့

ကိုလတ်လာပို့ရတာပါ”

ဟု ပြောဆိုလိုက်သည်။

“မြိုင့်အတွက် လက်ဖွဲ့ခိုင်းလိုက်တာတဲ့လားဟင် ကိုကိုလတ်”

မောင်မောင်လတ်က ဦးခေါင်းကိုသာ ညိတ်ပြလိုက်သည်။

“ဒီကနေ့ရတဲ့ လက်ဖွဲ့ပစ္စည်းတွေထဲမှာ ဒီနှင်းဆီပန်းတွေကို မြိုင် သဘောအကျဆုံးပဲ ကိုကိုလတ်”

“ကောင်းပါလေ့ဗျာ”

“ဒါထက် ဒီနှင်းဆီပန်းအိုးတွေကို ဘယ်သူက လက်ဖွဲ့ခိုင်းလိုက်တာလဲဟင် ကိုကိုလတ် ... မြိုင် ကျေးဇူးတင်လိုက်တာ”

“မြိုင်က ဘယ်သူလို့များ ထင်သလဲဟင်”

မြိုင် ဘယ်ထင်တတ်ပါ့မလဲ ကိုကိုလတ်ရဲ့”

“ဦးနှောက်ကို အသုံးပြုပြီး စဉ်းစားကြည့်စမ်းပါဦးလေ"

“နှင်းဆီနီတွေကို မြိုင် အင်မတန်နှစ်သက်တတ်တဲ့အကြောင်း သိထားတဲ့ မိတ်ဆွေထဲက ဖြစ်လိမ့်မယ်ထင်တယ်”

“ဟုတ်တယ် ... မြိုင့်လိုပဲ နှင်းဆီနီတွေကို အင်မတန်စုံမက်တတ်တဲ့လူတစ်ယောက်ဆီကကော မဖြစ်နိုင်ဘူးလား ဟင်”

“သြော် ... မြိုင် သတိရပြီ"

“ဒါဖြင့်ရင် ဘယ်သူ့ဆီကဖြစ်မလဲ ဟင်”

“မေခင်ဆီက မဟုတ်လား”

“မဟုတ်သေးဘူး”

“မေခင်မဟုတ်ရင် ဘယ်သူများဖြစ်ဦးမလဲ ကိုကိုလတ်ရဲ့”

“ကိုလတ်ရဲ့ ကချေသည်မ ဆီကလေ”

မြိုင်သည် ရုတ်တရက်သော် ခပ်အမ်းအမ်းဖြစ်သွားသည်။ အတန်ကြာမှ “အို ကိုကိုလတ်ကလည်း” ဟု အရှက်ပြေပြောရင်း မောင်မောင်လတ်၏ကျောကို ထုလေသည်။ မောင်မောင်လတ်နှင့် မြိုင်တို့မောင်နှမ စကားပြောဆိုနေကြခြင်းကို ကိုတင်ဦးသည် ဘာတစ်ခွန်းမှ ဝင်မပြောဘဲ ဘေးမှ ငြိမ်သက်စွာ ပြုံး၍ ကြည့်ရှုနေသည်။

“မေခင်က မြိုင် အင်မတန်ကြိုက်တတ်တဲ့ ဒီပန်းအိုးတွေကို ကိုလတ်နဲ့အပို့ခိုင်းလိုက်ရတာတောင် သိပ်စိတ်မကောင်းလှဘူး။ သူကိုယ်တိုင် လိုက်ပါ့မယ်တကဲကဲလုပ်နေလို့ ကိုလတ် မနည်းလစ်ထွက်လာခဲ့ရတယ်”

“ကိုလတ်က မေခင်ကို ဘာပြုလို့မခေါ်လာခဲ့ရတာလဲ။ ခေါ်ပဲ ခေါ်လာခဲ့ရောပေါ့”

“မေခင်လည်း မျက်နှာမြင်ပြီးကတည်းက ကောင်းကောင်းမမာလှဘူး မြိုင်ရဲ့။ ပြီးတော့ ချည့်ချင်သလိုလည်းဖြစ်နေတယ်”

“ဟင် ကိုကိုလတ်တို့ ကလေးတွေဘာတွေတောင် ရကုန်ကြပြီ၊ ဟုတ်လား။ ဒါထက် ကလေးက ယောကျ်ားကလေးလား၊ မိန်းကလေးလားဟင်”

“ယောကျ်ားကလေး မြိုင်ရဲ့။ သုံးလတောင် ရှိသွားပြီ။ ကလေးက ဝဝတုတ်တုတ်နဲ့ ဖြူဖြူဖွေးဖွေးကြီးမို့ မြိုင်သာမြင်ရရင်တော့ ချစ်မှာပဲ”

“ကိုကိုလတ်တို့ မေခင်တို့ ကလေးကို မြိုင် သိပ်ကြည့်ချင်တာပဲ”

“မေခင် ကောင်းကောင်းနေကောင်းလာတော့မှပဲ ကလေးရော၊ အမေရော အလည် ခေါ်လာခဲ့ရဦးမယ်”

“ဒါထက် မေခင် နေမကောင်းတာကို ဘယ်ဆရာဝန်နဲ့ ကုနေသလဲဟင် ကိုကိုလတ်”

“မျက်နှာမြင်တုန်းကတော့ ဒေါက်တာပေါ(လ်)နဲ့ ကုခဲ့တာပဲ။ အခုတော့ ဒေါက်တာ ပေါ(လ်)ကို မတတ်နိုင်တော့လို့ သူ့ထက်သက်သာတဲ့

ဆရာဝန်တစ်ယောက်နဲ့ ကုနေရတယ်”

“ဒေါက်တာပေါ(လ်)နဲ့ ဘာပြုလို့ ဆက်ပြီးမကုရတာလဲ ကိုကိုလတ်ရဲ့။ သူက ဒီဘက်မှာ ပါရဂူတစ်ယောက်မဟုတ်လား”

“ဒေါက်တာပေါ(လ်)က ပါရဂူတော့ ပါရဂူပါပဲ။ ဒါပေမဲ့ သူ့ကို ဆေးဖိုးပေးရတာနဲ့ပဲ ကိုလတ်တို့လည်း မွဲကုန်ကြပြီ။ အခုတောင် ကိုလတ်မော်တော်ကားကို ရောင်းဖို့ စပ်နေရတယ်”

“ဒါလောက်တောင် ကျပ်တည်းနေရင်လည်း ကိုကိုလတ်မေမေ့ဆီကို သွားပြော ကြည့်ပါဦးလား”

“မေမေက ကိုလတ်သွားရင်တောင် အတွေ့မခံတော့ဘူး မြိုင်ရဲ့”

“ကြီးကြီးတို့က ဒီအထိတောင်မှပဲလား ကိုကိုလတ်ရယ်။ နေပါဦး … မြိုင် တစ်ခေါက်လောက် ကြီးကြီးဆီသွားပြီး ပြောပြလိုက်ပါဦးမယ်”

“ဒီလူကြီးမိဘတွေရဲ့အကြောင်းကို မြိုင်လည်း သိလောက်ပါပြီကွယ်။ ကိုလတ်တောင် အခု အလုပ်ရှာနေရပြီ”

“ကိုကိုလတ်က ဘာလုပ်မယ်များ စိတ်ကူးထားလို့လဲ”

“ဘာရယ်လို့တော့ စိတ်ကူးထားတာမရှိပါဘူးကွယ်။ ဘယ်မှာပဲဖြစ်ဖြစ် လခစား အလုပ်တစ်ခုခုတော့ ဝင်လုပ်မှ ဖြစ်တော့မယ်။ မေခင် မမာလို့ အလုပ်မလုပ်နိုင်တဲ့ နှစ်လ ကျော်ကျော် သုံးလအတွင်း ရှိတာကလေးတွေတော့ ကုန်သွားပြီ”

“ကိုကိုလတ်တို့တော့ ဒုက္ခပဲနော်”

“ကိုကိုလတ်ကတော့ ဒါတွေကို ဒုက္ခလို့ မထင်ပါဘူး။ တစ်ခါတစ်ခါ ပျော်တောင် ပျော်သေးတယ်”

“မြိုင်ကတော့ ဘာပဲဖြစ်နေဖြစ်နေ ကိုကိုလတ်ရဲ့မိဘတွေကို အကျိုးသင့် အကြောင်းသင့် ပြောပြပြီး ပြန်တောင်းပန်ကြည့်စေချင်တယ်။ အဲဒီလိုတောင်းပန်လို့ သူတို့မြေး မျက်နှာ မြင်တဲ့တစ်နေ့ကျရင်တော့လည်း ကိုကိုလတ်နဲ့ မေခင်တို့ ခုလိုဒုက္ခရောက်နေတာကို ဒီအတိုင်း

ကြည့်နေကြလိမ့်မယ်လို့တော့ မထင်ပါဘူး”

“ကိုကိုလတ်က သူတို့ကို ပြန်တောင်းပန်ရအောင်ဆိုတာက ကိုကိုလတ်အနေနဲ့ သူတို့အပေါ် ဘာများ မဟုတ်မဟပ်တာတွေ လုပ်ထားတာရှိလို့လဲ မြိုင်ရဲ့။ ကိုလတ်ကြိုက်တဲ့ မိန်းမ ကိုလတ်ယူတာကို သူတို့က မိဘတွေအနေနဲ့ ဒါလောက်တင်းနေဖို့ မတော်ပါဘူး”

“မဟုတ်မဟပ်လုပ်တယ်လို့ပြောတာ မဟုတ်ပါဘူး။ သူတို့လူကြီးမိဘတွေရဲ့ သဘောနဲ့ ဆန့်ကျင်ပြီး ကိုကိုလတ်က ကိုယ်ကြိုက်တာ ကိုယ်လုပ်ခဲ့တဲ့ကိစ္စကိုသာ ပြောတာပါ”

“ကိုယ်တစ်သက်လုံး ပေါင်းသင်းသွားရမယ့် သားမယား ရွေးချယ်ရေးကိစ္စမှာ ကိုယ့်သဘောနဲ့ကိုယ် မရွေးရရင်ဖြစ်ကော ဖြစ်နိုင်ပါ့မလား မြိုင်ရယ်”

“ကိုကိုလတ်သဘောနဲ့ ကိုကိုလတ် ရွေးချယ်ပြီးခဲ့ပြီမဟုတ်လား။ နောက်ထပ်ပြီး ဘာများ ခေါင်းမာနေဖို့လိုသေးသလဲ”

“ကိုလတ်က ဘာများခေါင်းမာနေလို့လဲ မြိုင်”

“မိဘတွေကို ကျေနပ်သွားအောင် တောင်းပန်ဖို့ကိစ္စရှိတာ။ ကိုကိုလတ်က တောင်းမှ မတောင်းပန်သေးဘဲ”

“ဒီလူကြီးမိဘတွေကတော့ တောင်းပန်လို့ရမယ့် အစားထဲကဟာတွေ မဟုတ်ဘူး မြိုင်။ သူတို့အားလုံးရဲ့ သဘောက ကိုလတ်ကို မေခင်နဲ့အမြန်ဆုံး ကွဲစေချင်ကြပြီး လဲ့လဲ့ နဲ့ အမြန်ဆုံး ပြန်ယူစေချင်ကြတယ်”

“ဒီအထိတော့ ဟုတ်မယ်လည်းမထင်ပါဘူး ကိုကိုလတ်ရယ်”

“နေ့ခင်းကတောင် မေမေတို့ဆီ ရောက်ခဲ့သေးတယ်။ ကိုလတ်က သုံးဖို့စွဲဖို့ နည်းနည်းပါးပါးလောက် တောင်းတော့ မေမေက ဘာပြောလိုက်တယ်မှတ်သလဲ”

“ဒါတွေကို မြိုင် မကြားပါရစေနဲ့တော့ ကိုကိုလတ်ရယ်”

“ဩော် ... မေမေတို့အိမ်ရောက်တုန်းက လဲ့လဲ့တို့သားအမိနဲ့

မတွေ့ချင်ဘဲ တွေ့ခဲ့ ရသေးတဲ့အကြောင်း ပြောလိုက်ရဦးမယ်”

လဲ့လဲ့တို့သားအမိနှင့် တွေ့ခဲ့သေးသည်ဟု ကြားလိုက်ရသည့်အတွက် မြိုင်သည် မောင်မောင်လတ်၏စကားကို စိတ်ဝင်စားလာသည်။

“ကနေ့နေ့ခင်း လဲ့လဲ့တို့သားအမိကို ကြီးကြီးတို့အိမ်မှာ တွေ့လာခဲ့သေးသတဲ့ ဟုတ်လား ကိုကိုလတ်။ ဘယ်အချိန်လောက်ကလဲဟင်”

“မေမေတို့အိမ်က ပြန်ထွက်လာခါနီး သုံးနာရီလောက်ကထင်တယ်”

မြိုင်သည် ငိုင်၍ သွားလေသည်။

“ကနေ့ည အတွင်းဝန်ဦးဘထွန်းတို့အိမ်မှာလုပ်မယ့် ဘုရားကိုးဆူပွဲကို သွားစရာ ရှိသေးတယ်လို့တောင် လဲ့လဲ့က ပြောလိုက်သေးတယ်”

မိမိ သေသေချာချာ ဖိတ်ကြားထားခဲ့သော မင်္ဂလာဆွေ့ခံပွဲသို့ကား ခေါင်းကိုက်နေ၍ မလာရောက်နိုင်ပါဆိုသော လဲ့လဲ့သည် မောင်မောင်လတ်၏ မိဘများအိမ်သို့ နေ့ခင်းသုံးနာရီလောက်က အလည်အပတ်ရောက်ရှိနိုင်လျက် ညတွင်လည်း နယ်လီဘထွန်း တို့အိမ်၌ ပြုလုပ်မည့် ဘုရားကိုးဆူကပ်လှူပွဲသို့ သွားလိမ့်ဦးမည်ဖြစ်ပေသည်။ မြိုင်သည် ဤအကြောင်းအရာများကိုစဉ်းစားရင်း ငိုင်နေခြင်းဖြစ်လေသည်။

မောင်မောင်လတ်သည် မြိုင်တို့လင်မယားအား နှုတ်ဆက်၍ ပြန်သွားပြီးသည့် နောက်၌မှာပင် မြိုင်သည် ငိုင်လျက်ရှိနေတုန်းဖြစ်သည်။

“မြိုင် သိပ်များပင်ပန်းနေသလားဟင်”

ငိုင်နေသော မြိုင်၏ နဖူးပြင်ကို ကြင်နာစွာ စမ်းသပ်ရင်း ကိုတင်ဦးက ယုယုယယ မေးလိုက်သည်ကိုပင် မြိုင်သည် ဘာမေးလိုက်မှန်းမသဲကွဲသဖြင့် ကိုတင်ဦး၏မျက်နှာကို ငေးစိုက်၍ ကြည့်နေမိသည်။ စင်စစ်တော့ မြိုင်သည် တစ်ရေးတစ်မော အိပ်ခဲ့ပြီးဖြစ်၍ အပန်းပြေလောက်လျက်ရှိပြီကားဖြစ်သည်။

“မြိုင် ... ထမင်းကော မဆာသေးဘူးလားဟင်”

ဟု ကိုတင်ဦးက အကြောင်းအရာသစ်ကို မေးလိုက်ပြန်သည်။

"မြိုင် မစားချင်တော့ဘူး ကိုတင်ဦး... ရှင် ဆာရင်လည်း တစ်ယောက်တည်း သွားစားတော့လေ"

ယနေ့မှ မင်္ဂလာဆောင်ရသည်ဖြစ်၍ မင်္ဂလာညှော်ခံကိစ္စများနှင့် အလုပ်ရှုပ်နေကြသောကြောင့် အိမ်တွင် ထမင်းမချက်ရသေးပေ။ မြိုင့်အား အိမ်အလုပ်ကိစ္စများတွင် ကူဖော် လောင်ဖက်ပြုရန် ကိုတင်ဦးရှာဖွေခေါ်ယူထားသည်ဆိုသော မိန်းကလေးသည်လည်း မင်္ဂလာဆောင်ပြီးနောက်တစ်နေ့မှ အလုပ်ဝင်ရန် ဖြစ်သည်။

"နည်းနည်းကလေးပဲဖြစ်ဖြစ် တစ်ခုခုစားရအောင် လိုက်ခဲ့ပါလား မြိုင်ရယ်..."

ဟု ကိုတင်ဦးသည် မြိုင့်အား ထပ်မံ၍ ခေါ်ကြည့်လေသည်။

"မြိုင် ရင်ခံနေတယ် ကိုတင်ဦး... ဆာလည်းမဆာလို့ ဘာမှလည်းမစားချင်ဘူး..."

ဟု မြိုင်ကတော့ တွင်တွင်သာ ငြင်းပယ်လျက်ရှိလေသည်။

"ဘာမှ မစားချင်ဘူးဆိုရင်လည်း... အညောင်းပြေအညာပြေ လမ်းလျှောက်ရင်း ကိုတင်ဦးနဲ့ လိုက်ခဲ့ပါလား..."

"ကိုတင်ဦးက ဘယ်မှာ ထမင်း သွားစားရမှာမို့လဲ...

"ရေကျော်လမ်းထိပ်က ဆိုင်မှာလေ၊ သိပ်လည်းဝေးလှတယ် မဟုတ်ပါဘူး မြိုင်ရဲ့"

"မြိုင်မလိုက်ပါရစေနဲ့တော့ ကိုတင်ဦးရယ်... ရှင့်ဘာသာ ရှင်ပဲ တစ်ယောက်တည်း သွားစားလိုက်ပါတော့...."

"အိမ်မှာ မြိုင်တစ်ယောက်တည်း ကျန်နေခဲ့ရင် ပျင်းနေမှာစိုးလို့ပါ"

"ကိုယ့်အိမ်နဲ့ ကိုယ်နေတာ ပျင်းနေလို့ ဘယ်ဖြစ်ပါ့မလဲ ကိုတင်ဦးရယ်... ရှင် ထမင်းစားသွားမှာသာ သွားပါလေ"

"မြိုင် မပျင်းဘဲ နေတတ်တယ်ဆိုရင်တော့လည်း နေခဲ့တာပေါ့လေ...

ကိုတင်ဦး စားပြီးပြီးချင်း မြန်မြန်ကြီးပြန်လာခဲ့ပါ့မယ်၊ သိပ်မကြာပါဘူး”

ဟု ပြောဆိုကာ ကိုတင်ဦးသည် ညစာစားသောက်ရန်အတွက် အိမ်ပေါ်မှတစ်ယောက်တည်း ဆင်းသွားလေသည်။

အိမ်ပေါ်မှ ဆင်းသွားပြီးနောက် ရေကျော်လမ်းထိပ်ဘက်သို့ ထွက်သွားသော လင်လုပ်သူအား မြိုင်သည် အိမ်ရှေ့ ပြတင်းပေါက်မှ မျက်စိတစ်ဆုံး လှမ်းမျှော်၍ ကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။ ထိုကဲ့သို့တစ်ယောက်တည်း ကျန်ရစ်ခဲ့စဉ်၊ ယနေ့မှအစပြု၍ ပြောင်းလွှဲလာခဲ့ရပြီဖြစ်သော ၎င်း၏ဘဝကိုလည်း မြိုင်သည် လေးလေးနက်နက် စဉ်းစားဆင်ခြင်မိစ ပြုလာသည်။

ယနေ့မှအစပြု၍ မြိုင်သည် ဘဝသစ်ကို ရင်ဆိုင်ရပေတော့မည်။ ယနေ့ မြိုင်သည် အတိတ်က မြိုင် မဟုတ်တော့ပေ။ စက်ရှင်တရားသူကြီး ဦးထွန်းမင်း၏ သသမီးမြိုင်လည်း မဟုတ်တော့၊ သတင်းစာတိုက်မှ အလုပ်သမားတစ်ဦး၏ ဇနီး မြိုင်ဖြစ်လေပြီ။ တိုက်နှင့် ဝင်းခြံနှင့် အခန့်သားနေထိုင်လာခဲ့ရာမှ ယခုအခါတွင် မြိုင်သည် သာမန်အိမ်ကလေးတစ်လုံးသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရလေပြီ။ လူကုံထံ ကြေးရတတ်များ၏ ရွှေတောင်ကြားမှ မြိုင် သည် လူသာမန်များ၏ ပတ်ဝန်းကျင်သို့လည်း ရောက်ရှိလာခဲ့ရပေပြီ။

ယခင်ကမူ အိမ်၏တာဝန်ကို ဒေါ်လေး ဒေါ်စောခင်က ထမ်းဆောင်ခဲ့၏။ ယခုမူ မြိုင်သည် အိမ်ရှင်မဖြစ်လာခဲ့ပြီ ဖြစ်သည့်အလျောက် အိမ်ထောင်၏ တာဝန်ကို မြိုင်သည် ခံယူရပေတော့မည်။ ယခင်ကကဲ့သို့ မာလီကုလားနှင့်ပန်းခြံတို့သည်၎င်း၊ ပီယာနိုသည်၎င်း မရှိကြတော့။ မိအေးကိုလည်း မခိုင်းနိုင်တော့။ ဒါတွေအတွက်လောက်နှင့်တော့ မြိုင်သည် များစွာ ဝမ်းနည်းခြင်းမဖြစ်မိ။ သို့ရာတွင် မိမိနှစ်သက်သဘောကျသော လူတစ်ယောက်နှင့် မိမိသဘောအတိုင်း လက်ထပ်လိုက်မိခြင်းကြောင့် မိဘဆွေမျိုးများနှင့်တကွ ယခင်က ပေါင်းဟောင်းသင်းဟောင်းများအားလုံးတို့ကပါ မိမိအား ဝိုင်းပယ်စပြုကြသောကိစ္စအတွက် မြိုင်သည် ဝမ်းနည်းပက်လက်ဖြစ်မိသည်။ မိမိ၏ချက်မြှုပ်ရာ မွေးရပ်မြေကို မြိုင်သည် အဘယ်သို့မေ့ပျောက်နိုင်ပါမည်နည်း။ မိမိနေထိုင်လာခဲ့သော အခမ်းအနားနှင့် အဆောင် အယောင်တို့ကိုလည်း မြိုင်သည် အဘယ်သို့ ရုတ်တရက် ဖြတ်တောက်၍ ရပါမည်နည်း။

အိမ်ရှေ့ပြတင်းပေါက်မှ လှမ်းမျှော်၍ ကြည့်နေရာမှပင် ရေကျော်လမ်းထိပ်လောက်ဆီသို့ ရောက်ရှိနေပြီဖြစ်သော ကိုတင်ဦးကို မြိုင်သည် မမြင်တော့ပေ။ မြိုင်၏ မျက်လုံး အိမ်များ၌ မျက်ရည်များ လွှမ်းမိုးပြည့်လျှံသွားလေပြီ။

မြိုင်သည် မခံနိုင်တော့သည်၏ အဆုံး၌၊ အိမ်ရှေ့ပြတင်းပေါက်တွင် ရပ်၍ နေရာမှ အိမ်ထဲသို့ ပြန်ပြေးဝင်လာခဲ့ပြီးနောက်၊ ခုတင်ပေါ်သို့ မိမိကိုယ်ကိုပစ်လှဲချလိုက်ပြီးလျှင်၊ ဝမ်းနည်းပက်လက် ငိုချလိုက်မိသည်။ အားရှိသလောက်လည်း ငိုနေလိုက်ပေသည်။

မြိုင်သည် မိမိဘာသာ တစ်ယောက်တည်း အဘယ်မျှကြာအောင် ငိုနေမိသည်ကိုကား သတိမထားလိုက်မိပေ။

"ဝမ်းနည်းစရာ မဟုတ်တာကို ဘာပြုလို့ ဝမ်းနည်းနေရတာလဲ မြိုင်ရယ် တိတ်ပါကွယ်.."

ဟူသော ကိုတင်ဦး၏အသံကို မသဲမကွဲ ကြားလိုက်ရတော့မှ အိပ်ရာထက်တွင် မှောက်၍ ငိုယိုလျက်ရှိသော မြိုင်သည် ရုတ်တရက် ထထိုင်လိုက်မိသည်။ မိမိတစ်ယောက်တည်း ငိုယိုနေခြင်းကို လင်လုပ်သူတွေ့ရှိသွားသည့်အတွက် မြိုင်သည်သာလွန်၍ ဝမ်းနည်းသလို ဖြစ်လာမိသည်။ ထို့ကြောင့် ငိုယိုနေသော အမူကို မထိန်းသိမ်းနိုင်တော့ပဲ ဆက်၍သာ ငိုယိုနေလေသည်။

"မြိုင်တစ်ယောက်တည်း အိမ်မှာထားခဲ့ရပြီး ဆိုင်မှာ ကိုတင်ဦးတစ်ယောက်တည်း ထမင်းစားလို့မရတာနဲ့ ပြန်လာခဲ့တယ်...."

မြိုင်၏ဘေးတွင် အသာအယာဝင်၍ ထိုင်ကာ ပခုံးနှစ်ဖက်ကို ညင်သာစွာ ဆုပ်ကိုင်ရင်း... ကိုတင်ဦးသည် ဖြည်းညင်းစွာ နှစ်သိမ့်ပြောဆိုလိုက်လေသည်။

မြိုင်သည် မျက်ရည်များ လျှံနေသော မျက်လုံးနှစ်လုံးဖြင့် လင်လုပ်သူအား လှည့်၍ ကြည့်လေသည်။

"မြိုင် ဝမ်းနည်းပြီး ငိုနေတာကို၊ ကိုတင်ဦး နားလည်နိုင်ပါတယ်၊ မြိုင့်ကို စိတ်အချမ်းသာဆုံးနဲ့ အပျော်ရွှင်ဆုံး ထားနိုင်အောင် ကိုတင်ဦး

တတ်နိုင်သလောက် ကြိုးစားပါမယ် ဆိုတာကိုလည်း၊ ကနေ့ညကစပြီး ကတိပေးထားပါတယ် မြိုင်ရယ်….”

မြိုင်၏ နားအနားသို့ ကပ်၍ တစ်လုံးစီ ဖြည်းညင်းစွာပြောဆိုရင်း မြိုင်၏နဖူးပြင်ကိုလည်း နမ်းရှုပ်လိုက်သည်။ လင်ဖြစ်သူ၏ နှစ်သိမ့်ခြင်းနှင့် ယုယပိုက်ထွေးခြင်းကို ခံရသောအခါ၌၊ မြိုင်သည် သာလွန်၍ ဝမ်းနည်းလာသဖြင့် ကိုတင်ဦး၏ ရင်ခွင်အတွင်းသို့ ဦးခေါင်းဖြင့် အတင်းတိုး ဝင်ကာ ရှိုက်၍ ရှိုက်၍ ငိုယိုနေမိပြန်လေသတည်း။

အခန်း[၁၈]

(က)

နံနက်အိပ်ရာမှ ထသောအခါတိုင်း ဘုရားဝတ်ပြုလေ့ရှိတတ်သော မြိုင်သည်၊ ရေကျော်အိမ်၌ အိမ်ရှင်မအဖြစ်ဖြင့် ပထမညအိပ်စက်ပြီးသည့်နောက်၊ နောက်တစ်နေ့ နံနက် စောစော အိပ်ရာမှထ၍ ဘုရားဝတ်ပြုရန်၊ အိမ်ရှေ့ခန်းသို့ ထွက်လာသောအခါ၊ များစွာတုန်လှုပ်ချောက်ချား၍ သွားလေသည်။ အဘယ့်ကြောင့်ဆိုသော်...... ရေကျော်အိမ်၌ ဘုရားဝတ်ပြုရန် ဘုရားစင်မရှိသောကြောင့် ဖြစ်လေသည်။

ဗုဒ္ဓဘာသာဝင် သူတော်ကောင်းမျိုးရိုးမှ ဆင်းသက်ပေါက်ဖွားလာခဲ့ရပြီးနောက်၊ ဗုဒ္ဓယဉ်ကျေးမှု၏ ပတ်ဝန်းကျင်၌ ကြီးပြင်းနေထိုင်လာခဲ့ရသော မြိုင်သည် ဘာသာတရားကို များစွာရှိသေ ကိုင်းရှိုင်းသည်။ အလေးအမြတ်လည်း ထားသည်။ သို့ရာတွင် ယခုကဲ့သို့ မိမိက အိမ်ရှင်မအဖြစ်ဖြင့် စိုးမိုးအုပ်ချုပ်၍ တစ်သက်ပန် နေထိုင်ခြင်းပြုရတော့မည်ဖြစ်သော နေအိမ်၌ ဗုဒ္ဓဘာသာဝင်တို့ တရိုတသေ ထားရှိလေ့ရှိသော ဘုရားစင်ကလေးမှပင် ထားရှိခြင်းကို ယခုကဲ့သို့ မတွေ့ မမြင်ရသောအခါ မြိုင်၏အတွက် တုန်လှုပ်ချောက်ချားခြင်း ဖြစ်မည်ဆိုကလည်း တုန်လှုပ်ချောက်ချားစရာပင် ဖြစ်လေသည်။

မြိုင်သည် အိမ်ရှေ့ခန်း၌ အတန်ကြာရပ်ရင်း ယောင်လည်လည် ဖြစ်နေသည်။ စိတ်မကောင်းခြင်းလည်း ဖြစ်နေသည်။ နောက်ဆုံး၌ မြိုင်သည် အိမ်ရှေ့ခန်း၌ ပုဆစ်တုပ် ထိုင်ကာ ဘုရားစင်မရှိသော်လည်း ဘုရားကို အာရုံပြုလေသည်။ ငါးပါးသီလကိုလည်း ခံယူလေသည်။

ဆယ်မိနစ်သာသာခန့် ဘုရားကို အာရုံပြုပြီးနောက် မြိုင်သည် ကော်ဖီဖျော်ရန် သတိမရနိုင်သေးဘဲ အိမ်ခန်းအတွင်းသို့ ပြန်ဝင်လာပြန်သည်။ ၎င်း၏ နေအိမ်၌ ဘုရားစင် ထားရှိရမှန်းပင်မသိသော မြိုင်၏ ယောကျ်ားကတော့ နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်မောကျနေတုန်း ဖြစ်လေသည်။ တရှူးရှူးနှင့် အိပ်မောကျနေသောလင်ဖြစ်သူအား အိပ်ရာမှနိုး၍ မိမိမေးမြန်းချင်သော ကိစ္စကို ပြုလုပ်သင့်၊ မပြုလုပ်သင့် မြိုင်သည် ခုတင်ဘေး၌ရပ်ရင်း စဉ်းစားချိန်ဆနေလေသည်။ နေအိမ်၌ ဘုရားစင် ထားရှိရမှန်း မသိလောက်အောင် ပေါ့လျော့ လှသော လင်လုပ်သူအား မကျေမချမ်းဖြစ်နေသည့် အလျောက်၊ မြိုင်သည်

စိတ်လိုက်မာန်ပါ အိပ်ရာမှနိုး၍ မေးမြန်းရန် စိတ်ကူးလိုက်မိသေးသည်။ သို့ရာတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော ကိုတင်ဦးကိုလည်း မြိုင်သည် နှစ်နှစ်ခြိုက်ခြိုက် အိပ်စေချင်သည်။ အနှောင့် အယှက်လည်း မပြုလိုလှပေ။ ခုတင်ဘေးတွင် အတန်ကြာမျှချီတုံချတုံ ဖြစ်နေပြီးမှ မြိုင်သည် အိပ်ခန်းထဲမှ ပြန်လှည့်ထွက်လာပြီးနောက် ရေနွေးအိုးတည်ရန်အတွက် မီးဖိုချောင် ဘက်သို့ ဝင်လာခဲ့သည်။

နံနက်စာအတွက် မြိုင်သည် တတ်သလောက်မှတ်သလောက်နှင့် ချက်ပြုတ်၍ ကိုးနာရီသာသာခန့်တွင် ကိုတင်ဦးအား ကျွေးမွေးလေသည်။ သို့ရာတွင် ဘုရားစင်မရှိသည့်အတွက်နှင့် စိတ်မကောင်းဖြစ်နေသော မြိုင်သည် ၎င်းကိုယ်တိုင် အိမ်ရှင်မအဖြစ်ဖြင့် ပထမဦးဆုံးအကြိမ် ချက်ပြုတ်ခြင်းပြုရသော နံနက်စာကို လင်နှင့်အတူ မစားပေ။ ကိုတင်ဦးက အကြောင်းမသိရှာသဖြင့် နံနက်စာကို လင်မယားအတူစားသောက်ရန် ခေါ်လေသည်။ မြိုင်က မဆာသေး၍ မစားလိုကြောင်း ဆင်ခြေပေးကာ ငြင်းဆန်သဖြင့် ကိုတင်ဦးသည် မြိုင် ချက်ပြုတ်ကျွေးသော နံနက်စာကို မြိန်ရေရှက်ရေ စားသောက်ပြီးနောက် ဆယ်နာရီ မထိုးမီ အလုပ်တိုက်သို့ ထွက်သွားလေသည်။

အလုပ်တိုက်သို့ ကိုတင်ဦးထွက်သွားပြီးနောက် ထိုနေ့တစ်နေ့လုံးလိုလို မြိုင်သည် စိတ်မကောင်းဖြစ်ကာ ကျန်ရစ်ခဲ့လေသည်။ မြိုင်သည် နံနက်စာကိုပင် စားသောက်ချင်စိတ် မရှိသည့်အလျောက် အိပ်ရာထက်တွင်သာ ခွေနေသည်။ ညနေအလုပ်မှ ကိုတင်ဦး ပြန်လာသောအခါတွင် ဘုရားစင်အကြောင်းကို မေးမြန်းသင့် မမေးမြန်းသင့်နှင့် မေးမြန်းမည်ဆို လျှင်လည်း အဘယ်ကဲ့သို့ မေးရမည့်အကြောင်းကို မြိုင်သည် စဉ်းစားလျက် ရှိပေသည်။ မိမိ၏နေအိမ်၌ ဘုရားစင်ထားရှိခြင်းမပြုသော ကိုတင်ဦးသည် မေ့လျော့၍ ထားရှိ ခြင်းတော့ကား မဟုတ်တန်ရာပေ။ ဘာသာ တရားရှိသော အကြင်သူတစ်ဦးတစ်ယောက်သည် မိမိဝတ်ပြုကိုးကွယ်သော ဘာသာတရားနှင့် ဝတ်ပြုကိုးကွယ်ခြင်းအမှုကို မေ့လျော့ ခြင်းလည်း မရှိတန်ရာပေ။ ဤကဲ့သို့ဖြစ်လျှင် မိမိ နှစ်သက်မြတ်နိုး၍ ဆွေမျိုးမိဘတို့ကိုပင် ပုန်ကန်ခြားနားကာ လက်ထပ်ယူငင်ခဲ့သော ထိုသူတစ်ယောက်သည် ဘာသာတရားဝတ်ပြု ကိုးကွယ်ခြင်းမရှိသော ဒိဋ္ဌိကြီးတစ်ယောက်များ ဖြစ်နေလေပြီလောဟု မြိုင်သည် ကြက်သီး တဖြန်းဖြန်းနှင့် စဉ်းစားမိလေသည်။

"ကွန်မြူနစ်ဆိုတော မိစ္ဆာဒိဋ္ဌိတွေကွဲ့ မြိုင်ရဲ့… သူတို့မှာ ဘာသာတရား ဘုရားဝတ်ပြုကိုးကွယ်မှုရယ်လို့ ရှိကြတာမဟုတ်ဘူး…. တစ်လမ်းသွား သက်သက်တွေမှ တစ်လမ်းသွား သက်သက်ကွဲ့…."

တစ်ကြိမ်သောအခါက သူငယ်ချင်းဖြစ်သူ လဲ့လဲ့က ကွန်မြူနစ်များ အကြောင်းနှင့် ပတ်သက်၍ မိမိအား ပြောပြသွားခဲ့ဖူးသော စကားကလေးများကို မြိုင်သည် ကြားယောင်၍ လာမိသည်။

"ဒီကွန်မြူနစ်ဟာ သူတို့ဘာသာသူတို့ ဘာသာတရား ဝတ်ပြုကိုးကွယ်မှု မရှိရုံ သာမကသေးဘူးမြိုင်ရဲ့ ဘာသာရေးဝတ်ပြုကိုးကွယ်မှုကိုတောင် အတင်းအဓမ္မ လိုက်လံ ဖျက်ဆီးတတ်တဲ့ သတ္တဝါတွေပဲ…"

လဲ့လဲ့နှင့်အတူ ကိုသက်တင်ကပါ ကွန်မြူနစ်များ အကြောင်းနှင့် စပ်လျဉ်း၍ ပြောဆိုသွားခဲ့ဖူးသော စကားများကိုလည်း မြိုင်သည် ကြားယောင်လျက်ရှိသည်။

တကယ်ဆိုတော့ လဲ့လဲ့နှင့်ကိုသက်တင်တို့မောင်နှမသည် ကွန်မြူနစ် ဆန့်ကျင်ရေး သမားများ၏ ပြောသံကြား စကားများဖြင့် တတ်ယောင်ကား၊ သိယောင်ကားလုပ်၍ ဘာမျှမသိသောမြိုင်အား ခြောက်လန့်ခြင်းဖြစ်သည်ကိုတော့ကား မြိုင်သည် မသိပေ။ ကိုတင်ဦးသည် လဲ့လဲ့နှင့်ကိုသက်တင်တို့ မောင်နှမပြောဆိုခဲ့ကြဖူးသလို တရားမရှိသော ကွန်မြူနစ်မိစ္ဆာဒိဋ္ဌိကြီးတစ်ယောက် အမှန်ပင်ဖြစ်နေပြီလော။ မိမိသည်လည်း ဘာစူးစမ်းဆင်ခြင်ခြင်းမပြုဘဲနှင့် ထိုမိစ္ဆာဒိဋ္ဌိကြီးကို မှားယွင်းကာ လက်ထပ်ခဲ့မိပြီလော။ မြိုင်သည် အိပ်ရာထက်တွင် ရောက်တတ်ရာရာ လျှောက်၍ စဉ်းစားလျက်ရှိပေသည်။ မင်္ဂလာဆောင်သောနေ့က မိမိဖိတ်ကြားထားခဲ့သော အသိမိတ်ဆွေများ တစ်ယောက် တလေမျှ လာရောက်ခြင်း မရှိကြသောကြောင့် စိတ်မကောင်းဖြစ်ခဲ့ရသော မြိုင်သည် မင်္ဂလာဆောင်ပြီးသည့်နောက်တစ်နေ့၌လည်း အိမ်တွင် ဘုရားစင် မထားရှိသည့်အတွက်နှင့် တွေးမိတွေးရာတွေးရင်း တစ်နေ့လုံးလိုလို စိတ်မကောင်းဖြစ်နေခဲ့ရသည်။

ရွှေတောင်ကြားအိမ်၌ နေထိုင်ခဲ့ရစဉ် ကာလများက မြိုင်သည် စိတ်ညစ်ညူးရသော ကိစ္စကို အနည်းငယ်မျှသော်လည်းကောင်း၊ ကြာရှည်သဖြင့်သော်လည်းကောင်း ခံတတ်သူ မဟုတ်ပေ။

စိတ်ညစ်ညူးရသောကိစ္စနှင့် ရင်ဆိုင်ရသောအခါတိုင်း စိတ်ညစ်ညူးရသော ကိစ္စကို ရင်ဆိုင်ဖြေရှင်းခြင်းမပြုတတ်ဘဲ ရှောင်ကွင်းထွက်ပြေးခြင်းသာ ပြုတတ်ပေသည်။ ယခု ရေကျော်အိမ်၌ စိတ်ညစ်ညူးစရာကိစ္စတစ်ခုကို ရင်ဆိုင်လာရသောအခါ မြိုင်သည် အဘယ်သို့ ရှောင်ကွင်းထွက်ပြေးရမည်နည်း။

ယခင်က ရွှေတောင်ကြားအိမ်၌ စိတ်ညစ်ညူးစရာရှိလျှင် မြိုင်သည် ကံဘဲ့ဘက်တွင် ရှိသော ၎င်း၏ ကြီးတော်များ အိမ်သို့သော်၎င်း၊ ရှစ်မိုင်ဘက်ရှိ လဲ့လဲ့တို့ တိုက်သို့သော်၎င်း အလည်အပတ် သွားရောက်ရင်း ရှောင်ကွင်းပြေးခြင်း ပြုနိုင်ခဲ့သော်လည်း ယခုအဘယ်သို့ သွားရမည်နည်း။ မိမိ၏ မင်္ဂလာဆောင်သောကိစ္စကို လုံးဝသဘောမတူခဲ့သော ရွှေတောင်ကြား အိမ်သို့သော်လည်းကောင်း၊ ကံဘဲ့အိမ်သို့သော်လည်းကောင်း မြိုင်သည် အဘယ်သို့ အလည်အပတ် သွားရောက်ခြင်းငှာ ဖြစ်နိုင်ပါမည်နည်း။ မိမိ၏မင်္ဂလာဆောင်ကို အသိ အမှတ်မပြုကြသော လဲ့လဲ့တို့အိမ်သို့သော်၎င်း၊ နယ်လီဘထွန်းတို့အိမ်သို့သော်၎င်း၊ မြိုင် သည် အဘယ်သို့ မျက်နှာထား၍ သွားရောက်လည်ပတ်ခြင်းပြု၍ ဖြစ်ပါမည်နည်း။ မြိုင်သည် တစ်နေ့လုံးစိတ်မကောင်းဖြစ်လျက် ရှိပေသည်။ ထို့ကြောင့် နံနက်စာကို လည်း မစားရုံမျှသာမက ညစာကိုပင် ချက်ချင်ပြုတ်ချင်စိတ် မရှိသဖြင့် မချက်မပြုတ်တော့ ဘဲ အိပ်ရာထက်တွင်သာ ခွေနေသည်။ ၎င်းအပြင် ကိုတင်ဦးက ခေါ်ထားပေးမည်ဟု ဆိုထားသော ကုဖော်လောင်ဖက် မိန်းကလေးသည်လည်း မရောက်ရှိလာသေးသဖြင့် အခြားအခြားသော အိမ်၏ဝေယျာဝစ္စများကိုလည်း ဘာမျှလုပ်ကိုင်ခြင်းမပြုနိုင်ပေ။ မိမိ ဘာသာ တစ်ယောက်တည်း ပြုလုပ်ပြင်ဆင်နိုင်သောကိစ္စများကို ပြုလုပ်ချင်သောစိတ်လည်း မရှိသဖြင့် မြိုင်သည် ဘာမျှမလုပ်ဘဲ ပစ်ထားလိုက်သည်။

မနေ့ကလည်း မိမိ၏ မင်္ဂလာဆောင်သို့ မည်သည့်အသိမိတ်ဆွေမျှ မလာရောက်ကြ သောကြောင့် စိတ်မကောင်းဖြစ်ခဲ့ရသော မြိုင်သည် အိပ်၍ မရခဲ့သဖြင့် ယနေ့ နေ့လယ် ၁၂ နာရီသာသာခန့်တွင် အိပ်ပျော်၍ သွားလေသည်။ မြိုင်သည် မည်မျှ အချိန်ကြာအောင် အိပ်ပျော်၍ သွားသည်ကိုကား သတိမရလိုက် အိမ်ရှေ့ဧည့်ခန်းတွင် ကုလားထိုင်စားပွဲများကို ဟိုရွှေ့ဒီရွှေ့လုပ်သံကိုကြားရတော့မှပင် အိပ်ရာမှ လန့်၍ နိုးလေသည်။ အိပ်ရာမှ နိုးလျှင် နိုးခြင်း မြိုင်သည် ခုတင်ပေါ်မှ ဆင်းကာ မှန်ရှေ့၌ မိမိကိုယ်ကိုသပ်သပ်ရပ်ရပ်ဖြစ်အောင် ပြင်ဆင်ပြီးနောက် အိမ်ရှေ့သို့ ထွက်၍ ကြည့်လေသည်။

အိမ်ဦးခန်းဘက်၌ ကိုတင်ဦးသည် သူ့ဘာသာသူ တစ်ယောက်တည်း အလုပ်များနေသည်ကို တွေ့ရလေသည်။ ၎င်းလုပ်ကိုင်လျက်ရှိနေသောအလုပ်၌ စူးစိုက်၍ လုပ်ကိုင်နေသော ကိုတင်ဦးသည် မြိုင်အိမ်ခန်းထဲမှ ထွက်လာပြီးနောက် အခန်းတံခါးဝ၌ရပ်ကာ ၎င်းအားကြည့်ရှုနေသည်ကို မြင်မိဟန်မရှိပေ။ သူသည် အလုပ်တိုက်မှ နေ့တစ်ဝက်နှင့် ပြန်ဆင်းလာခဲ့ပြီးနောက် သူ့မိန်းမဝတ်ပြုကိုးကွယ်ခြင်းပြုရန်အတွက် ဘယ်ကရှာဖွေ၍ ဝယ်ခြမ်းယူငင်လာမှန်းမသိသော ဘုရားစင်ကို သူ့ဘာသာ တစ်ယောက်တည်း အိမ်ဦးခန်း ဘက်တွင် တကုတ်ကုတ် ပြင်ဆင်လုပ်ကိုင်လျက် ရှိပေသည်။ အခါတိုင်း အိမ်ရှေ့ခန်းတွင် သူစာရေးနေကျဖြစ်သော စာရေးစားပွဲကို သူ့ဘာသာတစ်ယောက်တည်း အိမ်ဦးခန်းဘက်သို့ ရွှေ့ယူလာခဲ့ပြီးနောက် ထိုစာရေးစားပွဲထက်တွင် သူရှာဖွေဝယ်ခြမ်း၍ ပင့်ဆောင်လာသော ဘုရားစင်ကို သပ်သပ်ရပ်ရပ်ပြင်ဆင်ထားလေသည်။ ဘုရားစင်ကို ပြင်ဆင်ထားပြီးနောက် ဘုရားသခင် ကိုယ်တော်မြတ်အား ဆွမ်း၊ ရေချမ်း ပန်းနှင့် ဓာတ်မီးများ ကပ်လှူပူဇော်ခြင်းပြုနိုင်ရန်အတွက်လည်း သူသည် ဝယ်ခြမ်းလာသော ပစ္စည်းများဖြင့် ပြင်ဆင်လုပ်ကိုင်လျက်ရှိ ပေသည်။

မြိုင်သည် ဘုရားစင်အတွက် တစ်ယောက်တည်းပြင်ဆင် လုပ်ကိုင်လျက်ရှိသော လင်လုပ်သူအား ဝမ်းနည်းဝမ်းသာလွန်း၍ ကြည့်ရှုနေရာမှ 'ကိုတင်ဦး'ဟု ရုတ်တရက် ခေါ်လိုက်မိသည်။ ဤသို့ မြိုင်က ခေါ်လိုက်တော့မှပင် ကိုတင်ဦးသည် မြိုင့်အား ပြန်လှည့် ၍ ကြည့်လေသည်။

"အော် မြိုင် နိုးလာပြီလား ...."

မြတ်ဗုဒ္ဓဘုရားသခင်အား လျှပ်စစ်ဓာတ်မီးပူဇော်ရန်အတွက် ဓာတ်ကြိုးများကို လုပ်ကိုင်လျက်ရှိရာမှ၊ ၎င်း လုပ်ကိုင်လျက်ရှိသော အလုပ်ကိုခေတ္တချထားခဲ့ပြီး နောက်၊ ကိုတင်ဦးသည် မြိုင့်ဆီသို့ ထလာခဲ့သည်။

မြိုင်သည် ဘာမျှတော့မပြော၊ မျက်ရည်များ ဝိုင်းနေသော မျက်လုံးများဖြင့်သာလျှင် လင်လုပ်သူအား ကြည့်ရှုနေမိလေသည်။

"နေလို့တော့ ကောင်းရဲ့မဟုတ်လား မြိုင် ..."

မြိုင်၏ နဖူးပြင်အား ယုယုယယ ကိုင်တွယ်စမ်းသပ်ရင်း ကိုတင်ဦးက မေးလိုက်သည်။

လင်လုပ်သူ၏ ယုယုယယကြင်နာစွာဖြင့် မေးမြန်းလိုက်သော အသံကိုသာလျှင် နားမှ ကြားနေရသော်လည်း မြိုင်သည် ၎င်း၏ရှေ့တည့်တည့်၌ ကပ်၍ ရပ်နေသော ကိုတင်ဦးအား မမြင်ရတော့ပေ။ မြိုင်၏မျက်လုံးအိမ်သည် မျက်ရည်များဖြင့် ပြည့်လျှံနေ လေပြီ။

"ဝမ်းနည်းစရာ မဟုတ်တာကို ဘာပြုလို့ ဝမ်းနည်းတတ်ရတာလဲ မြိုင်ရယ်"

ကိုတင်ဦးသည် ၎င်း၏လက်ကိုင်ပဝါကို ထုတ်ယူ၍ မြိုင်၏ မျက်ရည်စများကို သုတ်ပေးရင်း နှစ်သိမ့်စွာ ပြောဆိုလိုက်သည်။

လင်လုပ်သူ၏ နှစ်သိမ့်ယုယခြင်းကို မြိုင်သည် ငြိမ်သက်စွာခံယူလျက်ရှိပေသည်။ ကိုတင်ဦးသည် မြိုင့်ကိုခါးမှဖက်၍ အိမ်ခန်းအတွင်းသို့ ခေါ်ဆောင်လာသည်။ ခုတင်ထက်တွင် လင်မယားနှစ်ယောက်ယှဉ်တွဲ၍ ထိုင်မိကြသောအခါ မြိုင်သည် ဘာမပြော ဘာမဆိုနှင့် ကိုတင်ဦး၏ရင်ခွင်အတွင်းသို့ ခေါင်းထိုးကာ ငိုချလိုက်လေသည်။

ဘယ့်အတွက် မြိုင်သည် ငိုယိုခြင်းပြုရသနည်း။ ကိုတင်ဦးသည် မသိပေ။ သိလည်း မသိနိုင်ပေ။ သူ့စိတ်အထင်၌ မနေ့ညက အဆက်လောက်ပင် ဖြစ်လိမ့်မည်ဟု ထင်သည်။ ထို့ကြောင့် သူ့ရင်ခွင်အတွင်းသို့ မနေ့ညကလည်း ယခုကဲ့သို့ ခေါင်းထိုး၍ ငိုယိုခဲ့ပြီးနောက် ယခုတစ်ဖန်လည်း ငိုယိုနေပြန်သော မယားလုပ်သူအား ကိုတင်ဦးသည် တုံဏှိဘာဝေ ကြည့်နေမိသည်။ သူသည် မြိုင်အား နှစ်သိမ့်ခြင်းမပြုရန် စဉ်းစားပြီးကာမှ နှစ်သိမ့်ခြင်း မပြုတော့ဘဲ သည်အတိုင်းကြည့်မြဲကြည့်နေလိုက်သည်။ အသစ်ကိုချစ်လျှင်၊ အဟောင်းကို စွန့်လွှတ်ရလိမ့်မည် မဟုတ်လော။ သူသည် ဤအသိတရားကို မြိုင့်အား ဩဝါဒပေးခြင်းဖြင့် မဟုတ်ပဲ ၎င်း၏ဘဝ အတွေ့အကြုံအရ သိစေချင်သော သဘောလည်း ရှိသည်။ ၎င်းအပြင်လည်း တန်ရာတန်ဖိုးပေး၍ ဝယ်ယူသောအသိသည်သာလျှင် တည်တံ့ခိုင်မြဲခြင်း ရှိသည် မဟုတ်လော။

ငိုယိုရသောအလုပ်သည် မောပန်းသော အလုပ်ဖြစ်လေသည်။ ငိုယိုရခြင်းကြောင့် မောပန်းလာသောအခါ၌ မြိုင်သည် ရပ်နားရပေသည်။

"ပင်ပန်းတဲ့အလုပ်ကို ဘာပြုလို့လုပ်ရတာလဲ မြိုင်ရယ်..."

မြိုင်၏ပါးပြင်မှ မျက်ရည်စကလေးများကို လက်ကိုင်ပဝါဖြင့် သုတ်ပေးရင်း ကိုတင်ဦးက ပြောဆိုသည်။

"ကိုတင်ဦးကို မြိုင်မသိသေးလို့ ပွင့်ပွင့်လင်းလင်း မေးချင်တာ တစ်ခုရှိတယ်၊ အဲဒါ မေးရမလားဟင်"

မြိုင်သည် ကိုတင်ဦး၏စကားကို မကြားလိုက်သကဲ့သို့ ၎င်းပြော ချင်သော စကားကိုသာလျှင် ပြောချလိုက်လေသည်။

"ဘာတွေများ ပွင့်ပွင့်လင်းလင်းမေးစရာ ရှိနေလို့လဲ မြိုင်... မေးချင်တာ မေးပါ... လင်နဲ့မယားဆိုတာ တစ်ယောက်နဲ့တစ်ယောက် လျှို့ဝှက်ချက် ထားရကောင်းတာမှ မဟုတ်ပဲ..."

"ကိုတင်ဦး ဘုရားစင်ကို ဘာပြုလို့ဝယ်လာခဲ့ရတာလဲဟင်..."

"မြိုင်က ဘာသာတရားကို အင်မတန် လေးစားတယ်မဟုတ်လား..."

"ဒါဖြင့် ကိုတင်ဦးခုလို ဘုရားစင်ဝယ်လာတာဟာ... မြိုင် တစ်ယောက်တည်းအတွက် သက်သက်ပဲပေါ့... ဟုတ်လား ဟင်..."

ကိုတင်ဦးသည် ရုတ်တရက်ပြန်မပြောသေးဘဲ ခေတ္တမျှငိုင်နေ စဉ်းစားနေပြီးကာမှ...

"ဒီ မေးခွန်းကို ဘာပြုလို့မေးရတာလဲ မြိုင်"

ဟု ၎င်းကပင် ပြန်၍ မေးမြန်းလိုက်မိသည်။

"မြိုင် မရောက်လာခင်က ဒီအိမ်မှာ ဘုရားစင်မှမရှိတာပဲ..."

"အဲဒါကတော့ မှန်ပါတယ်..."

"အိမ်မှာ ဘုရားစင်မရှိတာကို ထောက်တော့ ကိုတင်ဦးလည်း

ဘုရားမရှိခိုးဘူးပေါ့”

“ဒါတွေ ဘာပြုလို့မေးနေရတာလဲ မြိုင်”

“မြိုင့်ကို မှန်တဲ့အတိုင်း ပြောပြစမ်းပါ၊ ကိုတင်ဦး ဘုရားရှိခိုးသလား မခိုးဘူးလား ဆိုတာကို…”

“မြိုင် သိချင်လှတာကို အမှန်အတိုင်းသာ ပြောရရင်တော့ ကိုတင်ဦးဘုရားဝတ်ပြု ကိုးကွယ်တဲ့ အလုပ်ကို မလုပ်တာ ဆယ့်လေးငါးနှစ်လောက် ရှိသွားပြီ ထင်တယ်”

မြိုင်သည် တုန်လှုပ်၍ သွားလေသည်။ ဘုရားဝတ်ပြု ကိုးကွယ်သောအမှုကို ဆယ့်လေးငါးနှစ်ကြာမျှ မပြုလုပ်ခဲ့ပါဟု ဆိုသော လင်လုပ်သူကို အတန်ကြာမျှ မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ကြည့်နေပြီးမှ…

“ဒါဖြင့် ကိုတင်ဦးမှာ ဘာသာတရားမရှိတော့ဘူးပေါ့… ဟုတ်လား ဟင် ကိုတင်ဦး”

ဟု ထိတ်လန့်တကြား ပြန်၍ မေးလိုက်မိသည်။

“မြိုင်က မေးလာတာကို အမှန်အတိုင်း ဝန်ခံရရင်တော့ ဘာသာတရားကို ကိုတင်ဦး လုံးလုံး မစဉ်းစားတော့ဘူးလို့ ပြောရလိမ့်မယ် ထင်တာပဲ”

“လူတစ်ယောက်အတွက် အင်မတန် အရေးကြီးလှတဲ့ ဘာသာတရားကို ရှင်လုံးလုံး မစဉ်းစားတော့ဘူး ဟုတ်ကဲ့လား ဟင် ကိုတင်ဦး"

“ဒါပေမဲ့ လူသားတွေ လက်ခံကိုးကွယ်နေကြတဲ့ ဘာသာတရားမှန်သမျှကိုတော့ ခေါစာခွက်ကအစ ကိုတင်ဦး ဘယ်တုန်းကမှ မထီမဲ့မြင် မပြုလုပ်ခဲ့ပါဘူး…. လူသားတွေ ယုံကြည်ကိုးကွယ်ပြီး ဝတ်ပြုနေကြတဲ့ ဘာသာတရားမှန်သမျှကိုလည်း ကိုတင်ဦး ရိုသေ တတ်ပါတယ် မြိုင်ရဲ့"

အကျိုးသင့်အကြောင်းသင့် ပြောဆိုလိုက်သော ကိုတင်ဦး၏စကားကို မြိုင်သည် လက်ခံခြင်း မပြုနိုင်ပေ။ ဘာသာတရားနှင့် ဝတ်ပြုကိုးကွယ်သော

အမှုကို များစွာ အလေးထားသော မြိုင်သည် ဘာသာတရားကို လုံးလုံးစဉ်းစားခြင်းမပြုပါဟု ကိုတင်ဦးထံမှ ကြားလိုက်ရကတည်းကပင် တုန်လှုပ်ချောက်ချားလျက်ရှိပေသည်။ ဆယ့်လေးငါးနှစ်တိုင်တိုင် ဘာသာတရား ကွယ်ပျောက်လျက် ဘုရားဝတ်ပြုခြင်း မပြုခဲ့သော မိစ္ဆာဒိဋ္ဌိကြီး တစ်ယောက်ကို သေသေချာချာ မစူးစမ်း မလေ့လာပါပဲနှင့် မြိုင်သည် တစ်သက်ပန် ပေါင်း ဖော်ရန်အတွက် မိဘဆွေမျိုးများကိုပင် ပုန်ကန်ကာ လင်လုပ်ထားလိုက် မိပါပကောလား။

မြိုင်သည် ဝမ်းနည်းပက်လက် ငိုချလိုက်ပြန်လေသည်။ ကိုတင်ဦးသည် မယားလုပ်သူအား အဘယ်သို့ချော့မော့နှစ်သိမ့်ရန် နည်းလမ်းရှာဖွေ၍ မရတော့သကဲ့သို့ ငေးမော ကြည့်ရှုနေမိသည်။ မိမိကိုယ်၌သာလျှင် ဘာသာတရားနှင့် ဘုရားဝတ်ပြုကိုးကွယ်ခြင်း အမှုကို မပြုသော်လည်း ဘာသာတရားကိုများစွာ အလေးထားသော မယားလုပ်သူအတွက် သူသည် ဘုရားစင်ကိုပင်ပင့်ဆောင်လာခဲ့ပြီး မဟုတ်လော။ သူသည် မယားလုပ်သူအား နှစ်သိမ့်ကျေနပ်မှုရရှိစေရန်အတွက် ယခုထက် ဘာလုပ်ပေးနိုင်ဦးမည်နည်း။

"ဩကာသ... ဩကာသ.." ဟု ရေရွတ်ကာ မိမိကိုယ်ကိုလည်းကောင်း၊ မယားလုပ်သူကိုလည်းကောင်း၊ နောက်ဆုံး ဘာသာတရားကိုပင်လည်းကောင်း လိမ်ရဦးမည်လော။ ခုတင်ပေါ်တွင်မှောက်ကာ တရှုံ့ရှုံ့ငိုလျက်ရှိသော မြိုင့်အား ကိုတင်ဦးသည် မည်သို့ မည်ပုံ ချော့မော့နှစ်သိမ့်ခြင်းပြုရမည့် နည်းလမ်းကို စဉ်းစားရှာဖွေ၍ မရသကဲ့သို့ အတန်ကြာမျှ ငေးစိုက်ကြည့်နေမိသည်။ ဘာသာတရားနှင့် ဝတ်ပြုကိုးကွယ်သောအမှုအား များစွာအလေးထားသောသူ တစ်ဦးက ဘာသာတရားနှင့် ဝတ်ပြု ကိုးကွယ်သောအမှုကို စွန့်ပစ်ထားသော သူတစ်ဦးအပေါ်၌ မကျေမနပ်ဖြစ်နေခြင်းကို ရုတ်တရက် ဖြေရှင်း၍ မဖြစ်နိုင်သေးသည့် အကြောင်းကိုကား ကိုတင်ဦးသည် သဘောပေါက်ပေသည်။ သို့ရာတွင် သူသည် မကျေမချမ်းဖြစ်ကာ ငိုယိုနေသော မြိုင့်အား သည်အတိုင်း ပစ်ထားခဲ့ပြီးနောက် ရှောင်ကွင်းထွက်ပြေးနေ၍ ကော ဖြစ်ပါမည်လော။ တစ်နည်းနှင့်မဟုတ်လျှင် တစ်နည်းနှင့် တော့ သူသည် နှစ်သိမ့်ခြင်း ပြုရပေလိမ့်မည်။

"တိတ်ပါမြိုင်ရယ်...."

မြိုင်၏ ကျောပြင်ကိုပွတ်သပ်၍ ပေးရင်း သူသည်

ကြိုးစားနှစ်သိမ့်ကြည့်သည်။

မြိုင်ကတော့ ငိုမြဲ ငိုယိုလျက်သာ ရှိပေသည်။

ထို့ကြောင့် သူသည် မြိုင့်အနီးမှထကာ အိမ်ရှေ့ခန်းဘက်သို့ ထွက်လာမည်အပြု မြိုင်သည် ခုတင်ပေါ်တွင် မှောက်၍ ငိုယိုနေရာမှ ရုတ်တရက် ထထိုင်လိုက်သည်။ ထို့ ကြောင့် သူသည် ရုတ်တရက် ထွက်မလာဖြစ်သေးဘဲ မြိုင့်ကို ငေးစိုက်၍ ကြည့်နေမိသည်။

"မြိုင်တော့ မှားပြီထင်တယ်၊ ကိုတင်ဦး"

ဟု မျက်ရည်စများကို အင်္ကျီစဖြင့်သုတ် ရင်း မြိုင်က ပြောလိုက်သည်။

"မဟုတ်တာတွေကို စိတ်မကောင်းစရာဖြစ်အောင် ဘာပြုလို့ ပြောရတာလဲ... မြိုင် ရယ်... တိတ်ပါကွယ်..."

ကိုတင်ဦးသည် ၎င်း၏ လက်ကိုင်ပဝါဖြင့် မြိုင့်အား မျက်ရည်များ သုတ်ပေးရင်း ပြောဆိုနှစ်သိမ့်လေသည်။

"လူကြီးမိဘတွေရဲ့ စကားကို နားမထောင်ဘဲ မြိုင့်သဘောနဲ့ မြိုင်လုပ်ခဲ့ကိုင်ခဲ့တာ တွေ မှားကုန်ပြီထင်တယ်.."

မြိုင်သည် ၎င်း၏ လုပ်ကိုင်ခဲ့သော အလုပ်ကိုပင် မှားသည်ဟု အထင်ရောက်ကာ နောင်တရသော စကားကို ပြောဆိုလိုက်ပေသည်။

နောက်ထပ်နှစ်သိမ့် ပြောဆိုခြင်းပြုရန် စကားစရှာဖွေမရသော ကိုတင်ဦးသည် ဦးခေါင်းကို သုံးလေးကြိမ်မျှ ညိတ်လိုက်ပြီးနောက် အိမ်ရှေ့ခန်းဘက်သို့ ဖြည်းညင်းစွာ ထွက်လာခဲ့သည်။ အိမ်ရှေ့ခန်းသို့ ရောက်သောအခါ စောစောက တစ်ပိုင်းတန်းလန်းနှင့် ထားခဲ့ရသော ဘုရားစင်၏ဝေယျာဝစ္စအလုပ်များကို သူသည် စိတ်မပါ့ တစ်ပါနှင့် ဆက် လက်လုပ်ကိုင်ရပြန်လေသည်။

❦ ❦ ❦

တနင်္ဂနွေနေ့၌ မြိုင်သည် ကိုတင်ဦး၏ အသိမိတ်ဆွေများနှင့် လုပ်ဖော်ကိုင်ဖက်ဆိုသူများအား ဝတ္တရားရှိသည့်အတိုင်း ဧည့်ခံဝတ်ပြုရလေသည်။ ကိုတင်ဦး၏အသိမိတ်ဆွေနှင့် လုပ်ဖော်ကိုင်ဖက်ဆိုသူများထဲ၌ မြိုင်၏ အသိမိတ်ဆွေ တစ်ယောက်တလေမျှကား မပါရှိပေ။ အားလုံးလိုလိုပင် မြိုင်တစ်ကြိမ်တစ်ခါမျှ မတွေ့ မမြင်ဖူးသော သူများသာ ဖြစ်လေသည်။ ဤသို့ဖြစ်ရခြင်းမှာ အဆန်းတော့ကားမဟုတ်ပေ။ ကမ္ဘာတစ်ခုစီမှ မတော်တဆ လာရောက်ပေါင်းဆုံမိကြခြင်းမျှသာဖြစ်သော မြိုင်နှင့် ကိုတင်ဦးတို့သည် တစ်ဦး၏ ကမ္ဘာကို တစ်ဦးက ယခုမှပင် စတင်မြင်တွေ့ ရကာစဖြစ်ခြင်းကြောင့်တည်း။

တနင်္ဂနွေနေ့ ဧည့်ခံပွဲသည် နေ့ခင်း ၁၂ နာရီမှစသော်လည်း ညနေ ၆ နာရီအထိ ဧည့်သည် အဝင်အထွက်ကား မပြတ်သေးပေ။ တစ်သုတ် ဝင်လာလိုက်၊ တစ်သုတ်ထွက် သွားလိုက်နှင့် အဆက်ပြတ်သည်ပင်မရှိ။ ကိုတင်ဦး၏ ဝင်လာမစဲ တသဲသဲ ဧည့်သည်များကို ဝတ္တရားအတိုင်းသာ ဧည့်ခံနေရသော်ငြားလည်း တစ်ယောက်တလေမျှပင် မလာရောက်ကြသော မိမိဧည့်ခံပွဲနှင့် နှိုင်းယှဉ်ကြည့်ရင်း၊ မြိုင်သည် စိတ်မကောင်းသလို စိတ်ထဲ၌ မကျေနပ်သလို ဖြစ်နေမိသည်။

ကိုတင်ဦး၏ ဧည့်သည်များထဲ၌ မြိုင်က လူကြီးလူကောင်းနှင့် လူရည်သန့်ဟူ၍ အသိမှတ်ပြုကာ ပေါင်းသင်းနိုင်မည့်လူတစ်ဦးတစ်ယောက်မျှတော့ကား မပါရှိပေ။ အားလုံးလိုလိုပင် အလုပ်သမားများသာ ဖြစ်ကြလေသည်။ ၎င်းတို့သည် မိမိတို့အားခွန်နှင့် ချွေးတို့ကိုသာ ရင်းနှီး၍ အသက်မွေးဝမ်းကျောင်းခြင်းပြုနေကြသူများပြီပြီ ပညာတတ် လူယဉ်ကျေးများကဲ့သို့ သိမ်မွေ့ခြင်းနှင့် နူးညံ့ခြင်းတော့ကား မရှိကြပေ။ ပွင့်ပွင့်လင်းလင်းနှင့် ခပ်ကြမ်းကြမ်းခပ်မာမာ အစားထဲသာဖြစ်ကြသည်။

မြိုင်သည် မိမိ၏အပေါင်းအသင်းများနှင့် နှိုင်းယှဉ်၍ ကြည့်ရင်း၊ ကိုတင်ဦး၏ အပေါင်းအသင်းနှင့် မိတ်ဆွေဆိုသောအလုပ်သမား လူကြမ်းများအပေါ်၌ ဟန်လုပ်၍သာ ဧည့်ခံခြင်းပြုနေရသော်လည်း စိတ်ထဲ၌တော့ကား ရွံရှာနေမိသည်။ စိတ်ပျက်၍ လည်း နေမိသည်။

"ဒါက မီးရထားအလုပ်သမားဌာနက ဦးဘမိုး မြိုင်ရဲ့.. မီးရထားဘက်မှာ လုပ်နေတာ အနှစ်နှစ်ဆယ်လောက် ရှိသွားပြီ..... ဒါက ကျွန်တော့် ဇနီး မြိုင်ဗျ ဦးဘမိုး"

ကိုတင်ဦးက အသက်လေးဆယ်သာသာခန့် ဦးဘမိုးဆိုသော လူကြမ်းကြီးအား မြိုင်နှင့် အပြန်အလှန် မိတ်ဆက်ပေးစဉ် မြိုင်သည် ထိုအလုပ်သမား လူကြမ်းကြီးနှင့် လက်ဆွဲ၍ မနှုတ်ဆက်ချင်သဖြင့် ပြုံးရုံမျှသာ ပြုံးလိုက်သည်။

"ဦးတင်ဦးရဲ့ ဇနီးနဲ့ ခုလိုတွေ့ရတာ အများကြီး ဝမ်းသာပါတယ်... အရေးရယ် အကြောင်းရယ်ရှိရင် ဘာမဆိုခိုင်းနိုင်ပါတယ်"

မီးရထား အလုပ်သမားတစ်ဦးက လောကွတ် မဟုတ်ဘဲ၊ တကယ့်စေတနာရင်းနှင့် ပြောဆိုလိုက်သည်တိုင်အောင် မြိုင်သည် ကျေးဇူးတင်စကား ပြန်ပြောရန် သတိမရနိုင်ပေ။

"ဒါက ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးဌာနက အလုပ်သမားခေါင်းဆောင် ကိုချိုထွန်းပေါ့ မြိုင်ရဲ့၊ ၁၉၄၆ ခုနှစ် စက်တင်ဘာလ အထွေထွေသပိတ်ကြီးတုန်းက ဧရာဝတီ ကုမ္ပဏီက သင်္ဘောတွေအားလုံး တစ်စင်းမှ မထွက်နိုင်အောင်လုပ်ခဲ့ကြတဲ့ ခေါင်းဆောင်တွေထဲမှာ ကိုချိုထွန်းလည်း တစ်ယောက်ပါသပေါ့..."

မီးရထားအလုပ်သမားနှင့် မိတ်ဆက်ပေးပြီးနောက် ကိုတင်ဦးသည် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးဌာနမှ အလုပ်သမား ကိုချိုထွန်းဆိုသူနှင့် ၎င်း၏ဇနီးအား မိတ်ဆက်ပေးလေသည်။ ဗြိတိသျှနယ်ချဲ့သမားများ၏ ဧရာဝတီ သင်္ဘောကုမ္ပဏီကို အမျိုးသားပိုင် ပြုလုပ်ရေး၌ ကြီးစွာသော အခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားခဲ့သော အလုပ်သမား ခေါင်းဆောင်တစ်ဦးကိုလည်း မြိုင်သည် လေးလေးစားစား အသိအမှတ် မပြုလှချေ။

"ဩော် ဟုတ်လား" ဟု လောက်သာ နှုတ်ခမ်းနှစ်ခုကို မဟချင် ဟချင်နှင့် ဟလိုက်သည်။ ထို့နောက် ဘီအိုစီဆိပ်ကမ်းနှင့် သစ်စက်အလုပ်သမား ခေါင်းဆောင်များကို မြိုင့်အား ကိုတင်ဦးသည် တစ်ဦးပြီးတစ်ဦး မိတ်ဆက်ပေးလေသည်။ သို့ရာတွင် မြိုင်သည် ထိုအလုပ်သမားတစ်ဦးတစ်ယောက်ကိုမျှ လက်ဆွဲနှုတ်ဆက်ခြင်းမပြုပေ။

အချို့ကိုပြုံး၍ အချို့ကိုပြုံးရမှာပင် ဝန်လေးပင်ပန်းသကဲ့သို့ ဦးခေါင်းကိုသာ ညိတ်ပြသည်။ တနင်္ဂနွေနေ့ ညစ္စာခံပွဲ၌ လက်ဖက်ရည်နှင့် ကိတ်မုန့်များဖြင့် ညစာခံကျွေးမွေးခြင်း ပြုလေသည်။

မြိုင်သည် ချ၍ ကျွေးသမျှသော လက်ဖက်ရည်နှင့် မုန့်များကို ပလုတ်ပလောင်းနှင့် ပြောင်သွားအောင် တွယ်၍ တွယ်၍ ပစ်လိုက်ကြသော ကိုတင်ဦး၏ ပရိသတ်ကို အံ့သြစရာကဲ့သို့ ငေးစိုက်ကြည့်နေမိသည်။ ရိုးသားသော အလုပ်သမားများသည် အထက်တန်းစား လူယဉ်ကျေးများနှင့် ခေတ်ပညာတတ် လူကြီးလူကောင်းများကဲ့သို့ကား ဟန်မလုပ်တတ် ကြပေ။ စားသောက်ဖို့ရန် ချပေးသော အစားအစာကို လူကြည့်ကောင်းအောင် လှလှပပနှင့် ဟန်လုပ်၍ မစားတတ်ပဲ အားရပါးရနှင့် မြိန်ရေရှက်ရေ စားသောက်တတ်ကြလေသည်။ အထက်တန်းစား လူရေတတ်များ၏ ညစ္စာခံပွဲများ၌ သိမ်သိမ်မွေ့မွေ့ နှင့် လှလှ ပပစားသောက်လေ့ရှိကြသော လူယဉ်ကျေးပရိသတ်ကိုသာ တွေ့မြင်ခဲ့ရဖူးသော မြိုင်၏ အတွက် ကိုတင်ဦး၏အလုပ်သမား ပရိသတ်သည် ကြမ်းတမ်းရိုင်းစိုင်းနေသကဲ့သို့ ထင်နေ ရပေသည်။ ရွံရှာစိတ်ပျက်စရာလည်း ဖြစ်နေပေသည်။ သို့ရာတွင် ဤပရိသတ်သည် သဘာဝကို ဖုံးကွယ်၍ ဟန်လုပ်တတ်သော ပရိသတ်မဟုတ်ဘဲ ပကတိ ရိုးသားဖြူစင်သော ပရိသတ်ဖြစ်သည်ကိုကား မြိုင်သည် နားမလည်နိုင်သေးပေ။

ဆူဆူညံညံနှင့် တစ်ဦးကိုတစ်ဦး အော်ဟစ်စကားပြောဆိုလျက် ပလုတ်ပလောင်း စားသောက်နေကြသော ပရိသတ်ကို မြိုင်သည် စိတ်ပျက်လာသကဲ့သို့ အမှတ်မဲ့ ပြန်ဝင် လာခဲ့သည်။ အခန်းအတွင်းသို့ရောက်သောအခါ ထိုအလုပ်သမားများက လက်ဖွဲ့ပစ္စည်း အဖြစ်ဖြင့်

ယူဆောင်လာကြသော ပစ္စည်းများကို ကြည့်ရှုမိလေသည်။ အဖိုးထိုက် အဖိုးတန် ပစ္စည်းဆို၍ ဘာတစ်ခုမျှတော့ မြိုင်သည် မတွေ့မိချေ။ ရေသောက်ဖန်ခွက်၊ လက်ဖက်ရည် ပန်းကန်စုံ၊ လက်ဖက်ရည်ကရား၊ ထမင်းစား ပန်းကန်စုံ၊ ရေနွေးကရားအိုး၊ ဟင်းပန်းကန်နှင့် အခြားအိမ်မှုအသုံးအဆောင်ပစ္စည်း အညံ့စားကလေးများသာ ပါရှိပေသည်။ မြိုင်သည် ထိုအညံ့စားလက်ဖွဲ့ပစ္စည်းများကို ကြည့်ရှုရင်း ရယ်မောချင်သလို ဖြစ်လာသဖြင့် ပြုံးလိုက်မိသည်။ ကိုတင်ဦး၏ မိတ်ဆွေနှင့် အပေါင်းအသင်းများ အားလုံးက စုပေါင်း၍ လက်ဖွဲ့ကြသော ပစ္စည်းအားလုံး၏ တန်ဖိုးသည် လဲ့လဲ့က လက်ဖွဲ့လိုက်သော

ဘရိုကိတ်ထဘီတစ်ထည် တန်ဖိုးမျှလောက်ပင် မရှိချေ။ မြိုင်က ဤကဲ့သို့သာ နှိုင်းယှဉ်၍ ကြည့်လိုက်ပေသည်။ သို့ရာတွင် ကိုတင်ဦး၏ အလုပ်သမားမျိုးက လက်ဖွဲ့ကြသော ပစ္စည်းများသည် ၎င်းတို့၏ချွေးနဲ့စာကလေးများထဲမှ ခက်ခက်ခဲခဲ ညှစ်ထုတ်၍ တကယ့်မေတ္တာစေတနာဖြင့် လက်ဖွဲ့ကြခြင်းဖြစ်သည်ကိုကား မြိုင်သည် နားမလည်ပေ။ ထို့အတူ တထည်လျှင် သုံးလေးရာခန့်ပေးရသော လဲ့လဲ့၏ လက်ဖွဲ့ပစ္စည်းသည် သူ့ဖခင်ဒိုင်အာခီခေတ်ဝန်ကြီး ဘဝနှင့်တုန်းက ပြည်၏ ဘဏ္ဍာငွေကို မတရားသဖြင့် လိမ်ကောက်၍ ယူငင်ထားသော ငွေကြေးထဲမှ မျက်နှာပန်းလှလှနှင့် လက်ဖွဲ့ထားခြင်းကိုလည်း မြိုင်သည် နားမလည်ရှာပေ။ ပညာတတ်၏ သမီးငယ်မျှသာ ဖြစ်သော မြိုင်သည် မည်သည့်ကိစ္စကိုပင်ကြည့်ကြည့် အတွင်းမှနေ၍ ဆက်စပ်မကြည့်တတ်သေးပဲ အပေါ်ယံကြောလောက်သာ ကြည့်ရှုတတ်သည်။ ဤသို့ အပေါ်ယံကြောလေက်သာ ကြည့်ရှုတတ်သော မြိုင်အား အပြစ်တင်လျှင်လည်း မှားပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ပညာတတ် လူတန်းစားများသည် မည်သည့်ပြဿနာကိုပင် ကြည့်ကြည့် အရင်းအမြစ်ကျကျ မကြည့်တတ်ကြသေးသောကြောင့်ပင် ဖြစ်လေသည်။ မြိုင်သည် အိမ်ရှေ့ခန်းသို့နောက်ထပ်၍ မထွက်လာတော့ဘဲ အိပ်ရာထက်တွင် လှဲရင်း ကိုတင်ဦးနှင့် အိမ်ထောင်ကျခဲ့ပြီးနောက်၊ ကိုတင်ဦး၏ အပေါင်းအသင်းများဖြစ်ကြသော ဤအောက်တန်းစားများအား မည်ကဲ့သို့ ဆက်ဆံပေါင်းသင်းရမည့် အရေးကို တစ်သီတစ်တန်းကြီး လျှောက်၍ စဉ်းစားရင်း ရင်ထဲ၌လည်း မောပန်းလာမိသည်။ မြိုင်သည် အထက်တန်းစား ပတ်ဝန်းကျင်နှင့် လူယဉ်ကျေးလောက၌သာ ပေါင်းသင်းဆက်ဆံခဲ့ဖူးသူမျှဖြစ်၍ ဤကြမ်းတမ်းသော အောက်တန်းစားများအား မလွဲသာ မရှောင်သာ ပေါင်းသင်းဆက်ဆံခြင်းပြုရမည့်အရေးကို မတွေးဝံ့အောင် ဖြစ်မိလေသည်။ ဤကဲ့သို့ မတွေးဝံ့အောင် ဖြစ်လာသဖြင့် ၎င်းတို့နှင့်လွတ်အောင် ကင်းအောင်မည်ကဲ့သို့ ရှောင်ကွင်းထွက်ပြေးရမည့် အရေးကိုလည်း မစဉ်းစားအပ်၊ မစဉ်းစားရာသော အလုပ်ကိုပင် မြိုင်သည် လျှောက် ၍ စဉ်းစားမိလေသည်။

အိမ်ရှင်မတစ်ဦးအနေနှင့် မိမိအိမ်သို့ လာရောက်ကြသော လင်သား၏ အသိမိတ်ဆွေများအား ဧည့်ဝတ်ကျေပွန်အောင် ဧည့်ခံရမည့် အလုပ်ကိုပင် မြိုင်သည် သတိမရမိတော့။ တောင်တွေး၊ မြောက်တွေးနှင့် သတိလစ်ကာ အိပ်ပျော် သွားလေသည်။

နောက်ထပ်၍ တစ်ဆိုင်း ရောက်ရှိလာကြသော မိတ်ဆွေများက ကိုတင်ဦးအား ၎င်း၏ ဇနီးမြိုင်ကို မမြင်၍ မေးမြန်းကြသောအခါမှပင် ကိုတင်ဦးသည် မြိုင်အား လိုက်လံ ရှာဖွေခြင်း ပြုရလေသည်။ အိမ်ရှေ့ခန်းတွင် ဧည့်သည်များကို ပစ်ထားခဲ့ပြီးနောက် ခုတင်ထက်တွင် အိပ်ပျော်လျက်ရှိသော မြိုင်အား ကိုတင်ဦးသည် နှိုးသင့် မနှိုးသင့်အတန်ကြာမျှ ချိန်ဆနေမိသည်။ အိပ်ပျော်လျက်ရှိသော ဇနီးကိုလည်း ကိုတင်ဦးသည် အနှောင့်အယှက် မပေးလိုလှပေ။ သို့ရာတွင် အိမ်ရှေ့ခန်း၌ ၎င်း၏ဇနီးကို တွေ့ဖူး မြင်ဖူးလို၍ စောင့်ဆိုင်း မျှော်လင့်နေကြသော မိတ်ဆွေများကိုလည်း အလွန်တရာ အားနာစရာကောင်းနေပေသည်။

အတန်ကြာမျှ ချီတုံချတုံ ဖြစ်နေသော ကိုတင်ဦးသည် နောက်ဆုံး၌ 'မြိုင်" ဟု မတိုးမကျယ် ခေါ်ကြည့်လိုက်သည်။

အိပ်ပျော်ခါစဖြစ်၍ မြိုင်သည် ကိုတင်ဦးခေါ်သံကို ကြားပုံရပေသည်။ သို့ရာတွင် မထူးဘဲ အိပ်မြဲအိပ်နေသည်။

"မြိုင်... အိပ်ပျော်နေပြီလားဟင်..."

မြိုင်၏ နားအနားသို့ကပ်၍ စောစောကထက် ခပ်ကျယ်ကျယ်ကလေး ကိုတင်ဦးသည် ခေါ်ကြည့်လိုက်မိပြန်သည်။

မြိုင်သည် ကောင်းစွာ ကြားနေရသော်လည်း မထူးဘဲ အိပ်နေသည်။

တကြိမ်က နှစ်ကြိမ်အထိ ခေါ်ကြည့်၍ မှပင် မနိုးသော မယားလုပ်သူအား နောက်ထပ်၍ နှိုးသင့်မနှိုးသင့် ကိုတင်ဦးသည် အတန်ကြာမျှ ချိန်ဆနေသကဲ့သို့ ငိုင်၍ ရပ်ကြည့်ကာနေမိပြီးမှ အပြင်ကစောင့်မျှော်နေကြသော ဧည့်သည်များကိုလည်း များစွာ အားနာလျက် ရှိလာသောကြောင့်...

"မြိုင်ရေ... မြိုင်... ထစမ်းပါဦးကွယ်..."

ဟု မြိုင်၏ လက်မောင်းကို ကိုင်လှုပ်ရင်း နှိုးလိုက်မိလေသည်။

မနိုးလျှင်လည်း မဖြစ်တော့၍ မြိုင်သည် မျက်လုံးနှစ်လုံးကို ဖွင့်လိုက်ပြီးလျှင်...

“ဘာများအရေးတကြီး ဖြစ်နေလို့ နှိုးရတာလဲ ကိုတင်ဦးရယ်... နေ့ခင်းနေ့လယ် တစ်ရေး တစ်မော အိပ်တာကလေးတောင် ဖြောင့်ဖြောင့်တန်းတန်းနဲ့ အေးအေးဆေးဆေး မအိပ်ရဘူး..” ဟု ညည်းညူပြစ်တင်ရင်း ထထိုင်လေသည်။

“နောက်ထပ်ရောက်လာကြတဲ့ ကိုတင်ဦး မိတ်ဆွေတွေက မြိုင့်ကို မတွေ့ဖူး မမြင်ဖူးသေးလို့... တွေ့ ဖူး မြင်ဖူးပါရစေလို့ ပြောနေကြလို့ပါ”

“ကိုတင်ဦးရဲ့ ဧည့်သည်တွေက ခုထက်ထိပဲ မကုန်နိုင်သေးဘူးလား. ....”

ခုတင် ခြေရင်းဘက်ရှိ မှန်ကြီးရှေ့တွင် ၎င်း၏ကိုယ်ကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြင်ဆင်ရင်း မြိုင်က ညည်းတွားပြောဆိုလိုက်သောအခါ ကိုတင်ဦးသည် ရင်ထဲ၌ နင့်ခနဲ ခံစားလိုက်ရ သော်လည်း ပြုံးလိုက်ရရှာပေသည်။

အခန်း[၁၉]

(က)

မိဘမောင်ဖွားနှင့် ဆွေမျိုးသားချင်းတို့ကို ပုန်ကန်ခြားနားလျက် မိမိသဘောကျ နှစ်သက်သော သူ၏ နောက်သို့ ကောက်ကောက်ပါအောင် လိုက်ပါလာခဲ့ပြီဖြစ်သော မြိုင်သည် မိမိသဘောကျ နှစ်သက်သောသူနှင့် အကြင်လင်မယားအဖြစ်ဖြင့် တရားရုံးတော် တစ်ခု၌ လက်ထပ်ပြီးစီး၍ သုံးလေးလခန့်အတွင်း အိမ်ထောင်တိုင်း အိမ်ထောင်တိုင်း၌ မလွှဲသာ မရှောင်သာ တွေ့ရဆုံရတတ်သော စိတ်ညစ်ညူးစရာနှင့် စိတ်အနှောင့်အယှက် ဖြစ်စရာများကို တစ်ခုပြီးတစ်ခုဆိုသကဲ့သို့ ဆက်တိုက်တွေ့ကြုံခဲ့ရလေသည်။ မိဘတို့၏ အရိပ်အာဝါသကို ခိုလှုံခဲ့ရသော အပျိုစင်ဘဝနှင့်တုန်းက စိတ်ညစ်ညူးစရာနှင့် စိတ် အနှောင့်အယှက်ဖြစ်စရာ မှန်သမျှကို မြိုင်သည် ဘယ်သောအခါကမျှ ရင်ဆိုင်ခြင်းနှင့် လက်ခံခြင်းမပြုခဲ့ပေ။ မြိုင်သည် ရှောင်ကွင်းထွက်ပြေးလျက် မိမိကိုယ်ကို အသက်သာဆုံး ဖြစ်အောင် ရေသာခိုနေထိုင်လေ့ရှိခဲ့သည်။ ၎င်းအပြင် အိမ်ထောင်တစ်ခု၏ တာဝန်ကို လည်းမြိုင်သည် ဘယ်တုန်းအခါကမျှ ထမ်းဆောင်လာခဲ့ဖူးသူလည်း မဟုတ်၍ အိမ်ထောင် တစ်ခု၏ ကြီးလေးများပြားလှသော တာဝန်များကို နားလည်ခြင်းမရှိသလောက်နှင့် မသိသလောက်ပင် ဖြစ်ပေသည်။ ဤကဲ့သို့ အိမ်ထောင်တစ်ခု၏ ထွေပြား ရှုပ်ထွေးလှသော တာဝန်ကို ထမ်းဆောင်ခြင်းပြုနိုင်ရန် ဘာမျှပြင်ဆင်ခြင်းနှင့် သိနားလည်ခြင်းမရှိခဲ့သော မြိုင်သည် ယခုကဲ့သို့ ဗြုန်းဗြုန်းဒိုင်းဒိုင်းနှင့် အိမ်ထောင်တစ်ခုကို ထူထောင်ခဲ့ရပြီးနောက် ဘာမျှ ပြည့်စုံခြင်းမရှိသေးသောအခါ အိမ်ထောင်သစ်တစ်ခု၏ တာဝန်ကိုထမ်းဆောင်ရသောအခါတွင် စိတ်ညစ်ညူးစရာနှင့် စိတ်အနှောင့်အယှက်ဖြစ်စရာ အများအပြားကို မလွှဲသာ မရှောင်သာ တွေ့ကြုံလာခဲ့ရပေသည်။ အသစ်ထူထောင်ရခြင်းဖြစ်သော အိမ်ထောင်၌ ဘာမျှပြည့်ပြည့်စုံစုံ မရှိတတ်သေးသောကြောင့် မြိုင်သည် အခက်အခဲများကိုလည်း တွေ့ကြုံ ရပေသည်။ ရွှေတောင်ကြားအိမ်၌ နေထိုင်လာခဲ့ရစဉ်က မြိုင်သည် မီးဖိုချောင်သို့ပင် မဝင် ဖူးပေ။ ယခုလင်သား၏ အိမ်၌ ကူဖော်လောင်ဖက် မိန်းကလေးတစ်ဦးကို ကိုတင်ဦးက ရှာဖွေပေးထားသော်လည်း မြိုင်သည် ဈေးတောင်းကိုဆွဲ၍ ရေကျော်ဈေးသို့ မသွားစဖူး ကိုယ်တိုင်သွားရပေသည်။ မိဘများ၏ အရိပ်အာဝါသကို ခိုလှုံနေထိုင်ခဲ့ရစဉ်က၊ ခြင်းတောင်းကို ဆွဲ၍ ဈေးသွားရသောအလုပ်ကို၎င်း၊ မီးဖိုချောင်၌ ငရုပ်သီးထောင်း၍ ဟင်းအိုး

ပြင်ရသော အလုပ်ကိုငင်း၊ မြိုင်သည် မည်သည့်အခါကမျှ မစဉ်းစားမိခဲ့ပေ။ မြိုင်သည် ဤကဲ့သို့ အိမ်ရှင်မတစ်ဦး၏ မလုပ်၍ မဖြစ်သော အလုပ်အကိုင်များကို အထင်သေးခဲ့ဖူးသည်။ သို့ရာတွင် ယခုလင်သားရသောအခါ၌ မြိုင်သည် ထိုညစ်ပတ်ပေရေသော အလုပ်များကို လုပ်ကိုင်ရလေသည်။

မြိုင်နှင့်ကိုတင်ဦးတို့၏ အိမ်ထောင်သက်တမ်းသည် သုံးလေးလခန့်ရှိခဲ့ပြီဖြစ်သော်လည်း လက်မထပ်ကြမီက မိမိအပေါ်၌ ထားရှိခဲ့သော ကတိအတိုင်း ကိုတင်ဦးက ယခု ထက်တိုင် ဆောင်ရွက်ခြင်းမပြုသေးသော ကိစ္စတစ်ခုကို မြိုင်သည် အတော်ကလေး မကျေမနပ်ဖြစ်နေသည်။ သို့ရာတွင် ကိုတင်ဦးကိုကား ဖွင့်လှစ်ပြောဆိုခြင်း မပြုသေးပေ။ ထိုကိစ္စမှာ အခြားတော့မဟုတ်၊ မိမိတို့လင်မယားအတွက် အိမ်တစ်လုံးသတ်သတ် ရှာဖွေမည်ဆိုသော ကတိပြုထားချက်ပင် ဖြစ်လေသည်။ မြိုင်သည် သူတစ်ပါးနှင့်တွဲစပ်၍ နေထိုင်ရ သောအခန်းနှင့် မနေတတ်ပေ။ ရွှေတောင်ကြား၌ နေထိုင်ခဲ့ရစဉ်ကအတိုင်း မိမိအိမ်၊ မိမိခြံနှင့် တသီးတခြား နေလိုပေသည်။ ခမ်းခမ်းနားနားနှင့် တောက်တောက်ပပလည်း နေလိုသည်။ သို့ရာတွင် ကိုတင်ဦးသည် ယခုထက်တိုင် ခြံနှင့်ဝင်းနှင့် အိမ်ကိုမရှာဖွေသေးပေ။ ဘာ့ကြောင့်မရှာဖွေသေးသည်ကိုကား မြိုင်သည် စူးစမ်းခြင်းလည်း မပြု၍ သိလည်းမသိပေ။ အောက်တန်းစားအိမ်နီးချင်းများနှင့် တစ်ရပ်တည်း၊ တစ်ကွက်တည်းတွင် ရောနှော၍ နေထိုင်ရခြင်းကိုကား မြိုင်သည် စိတ်အညစ်ဆုံးဖြစ်ပေသည်။ ကိုတင်ဦး၏ ပေါင်းဟောင်း သင်းဟောင်းများ ဖြစ်ကြသော အောက်တန်းစား အိမ်နီးနားချင်းများသည် မြိုင်တို့ လင်မယားအား တကယ့်စေတနာဖြင့် ဝိုင်းဝန်းစောင့်ရှောက်ခြင်း ပြုကြသည်။ သို့ရာတွင် အောက်တန်းစားများကို အထင်သေးလေ့ရှိခဲ့သော မြိုင်သည် ထိုအိမ်နီးနားချင်း ဒေသခံ တန်းစားများနှင့် မရောနှောမိအောင် တတ်နိုင်သမျှ ရှောင်ကွင်းလေသည်။ မဆက်ဆံ မကူးသန်းမိအောင်လည်း အတတ်နိုင်ဆုံးရှောင်ရှားလေသည်။

ဤကဲ့သို့ စိတ်ညစ်ညူးစရာ ကိစ္စများအပြင် မြိုင်၏ ရင်ထဲ၌ မကျေမနပ်ဖြစ်နေသော ကိစ္စတစ်ခုလည်း ရှိပေသေးသည်။ ထိုကိစ္စမှာ အခြားတော့ကား မဟုတ်၊ ကိုတင်ဦး နှင့် လက်ထပ်ပြီးသည့်နောက် ၎င်း၏ယခင်က ပေါင်းဟောင်း သင်းဟောင်းများနှင့် လုံးဝအဆက်ပြတ်သွားသော ဆက်ဆံရေးပင် ဖြစ်လေသည်။ ၎င်းတို့က မည်သည့်နည်းနှင့်မျှ လက်ခံခြင်းလည်း မပြုနိုင်၍ ဆေးဖော်ကြောဖက်လည်း မလုပ်နိုင်သော လူတစ်ယောက်ကိုမှ မိမိကနှစ်သက်ရွေးချယ်ခဲ့မိသောကြောင့်

မိမိအားအဆက်ဖြတ်ထားကြသော ပေါင်းဟောင်းသင်းဟောင်းများ၏ စေတနာကိုကား မြိုင်သည် နားလည်ထားပေသည်။ မြိုင်သည် ၎င်းကအလွန်တရာ ရွံ့ရှာမုန်းတီးသော ကိုတင်ဦးနှင့် လက်ထပ်ခြင်းပြုသည့် အတွက် မိမိ၏ မင်္ဂလာဆောင် ဧည့်ခံပွဲသို့ လာရောက်ခြင်းမပြုသော လဲ့လဲ့ကိုပင် ခွင့်လွှတ် နိုင်ခဲ့ပေသည်။ မိမိအားထမင်းစားနှင့် လက်ဖက်ရည်သောက် ဖိတ်ကြားခြင်းပင်မပြုတော့သော ကြီးတော်လုပ်သူအားလည်းကောင်း၊ မိမိရွှေတောင်ကြားအိမ်မှ ဆင်းလာခဲ့သည်မှာ သုံးလေးလခန့် ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း မိမိထံသို့ တစ်ခေါက်တစ်ခေါက်မှ လာရောက် လည်ပတ်ခြင်းမပြုခဲ့သော ဒေါ်လေး ဒေါ်စောခင်အားလည်းကောင်း၊ မြိုင်သည်အနည်းငယ်မျှ မကျေနပ် မဖြစ်မိပေ။ မြိုင်သည် ဖခင်လုပ်သူအား မကြာခဏ လွမ်းဆွတ် သတိရမိပေသည်။ မိမိသဘောနှင့်မိမိ လုပ်လာခဲ့သော မြိုင်သည် ဖခင်လုပ်သူအား မည်ကဲ့သို့ အကြောင်းရှာ၍ သွားရောက် ကြည့်ရှုရမည့်အရေးကိုလည်း မကြာခဏ ကြံဆမိသည်။ ကိုတင်ဦးကိုဖွင့်ပြော၍ လိုက်အပို့ခိုင်းရလျှင် ကောင်းလေမည်လားဟုလည်း စဉ်းစားကြည့် သည်။ သို့ရာတွင် မိမိဖခင်နှင့် အစ်ကိုလုပ်သူတို့က သဘောတူညီမှုမရှိသော လူတစ်ယောက်ကို မြိုင်သည် အဘယ်သို့ ဖွင့်ပြော၍ အဘယ်သို့ အပို့ခိုင်းရမည်နည်း။

မြိုင့်ထက်စာလျှင် ကိုတင်ဦးသည် လူ့လောက၏ အတွေ့အကြုံနှင့် အဆင်းအတက် တော်တော်ကလေး များပြားလာခဲ့ဟန်ရှိသူ တစ်ဦးဖြစ်သည့်အလျောက် မြိုင်နှင့် ၎င်း၏ အကြားတွင် ခြားခြင်းမက ခြားနေသော ချောက်ကမ်းပါးကို တတ်နိုင်စွမ်းရှိနိုင်သမျှ မြေဖို့ ပေးရန် ကြိုးပမ်းခြင်းပြုပေသည်။ သို့ရာတွင် ၎င်းတို့လင်မယား၌ လူ့လောကအား မြင်ပုံချင်းနှင့် လက်ခံခြင်းစသော အခြေခံအဘိဓမ္မာများ၌ကား မတူကြပေ၊ ဤကဲ့သို့ တစ်လောကစီနှင့် တစ်ဘဝစီမှ လာရောက်တွေ့ဆုံခြင်းဖြစ်ကြသော အကြင်လင်မယားနှစ်ဦး၏ အကြား၌ မလွှဲသာမရှောင်သာ ခြားနားလျက် ရှိနေလိမ့်မည်ဖြစ်သော ချောက်ကမ်းပါးကို ညီညွတ်ချောမော သွားသည့်တိုင်အောင် မြေမဖို့မပေးနိုင်သေးမချင်း ၎င်းတို့၏ အိမ်ထောင်၌ မညီမညွတ် ဖြစ်နေရဦးမည့် အရေးကို ကောင်းစွာ စဉ်းစားဆင်ခြင်မိသည့်အလျောက် ကိုတင်ဦးကတော့ ၎င်းစိတ်ရှည်လက်ရှည် ကြိုးပမ်းပြုလုပ်ရမည့် အလုပ်ကို ကောင်းစွာ သဘောပေါက်နားလည်ထားပြီးကား ဖြစ်ပေသည်။

မြိုင်သည် အထက်တန်းလွှာများနှင့် ပညာတတ် လူယဉ်ကျေးတို့၏ ကမ္ဘာ၌ ပေါက်ဖွားကြီးပြင်းလာခဲ့သူ ဖြစ်သည်ကို ကိုတင်ဦးသည် သတိလစ်၍

မဖြစ်ပေ။ မိမိနှင့် လက်ထပ်ပြီးသည့်နောက်မှသာ ၎င်း၏ကမ္ဘာဟောင်းကို စွန့်ခွာ၍ အောက်တန်းစား ကမ္ဘာသို့ ရုတ်တရက်ကူးပြောင်းလာခဲ့ရသော မြိုင်၏ဘဝကိုလည်း ကိုတင်ဦးသည် ကောင်းစွာသဘောပေါက်နားလည်ထားရန် လိုပေသည်။ တစ်ခုသော ကမ္ဘာလောကမှ အခြား ကမ္ဘာ လောကတစ်ခုသို့ ရုတ်တရက် ပြောင်းရွှေ့နေထိုင်ခြင်း ပြုခဲ့ရသော မြိုင်သည် ၎င်း၏ ကမ္ဘာဟောင်းကို မေ့လျော့ခြင်းပြုနိုင်ဦးမည် မဟုတ်သကဲ့သို့ ကမ္ဘာသစ်ကိုလည်း နေ့ချင်း ညချင်း လက်ခံနိုင်လိမ့်မည်ကား မဟုတ်ပေ။ မွေးရပ်မြေကိုကား မြိုင်သည် တသသနှင့် လွမ်းဆွတ်နေရှာလိမ့်ဦးမည်သာလျှင် ဖြစ်ပေသည်။ ၎င်း၏ ကမ္ဘာဟောင်းကို စွဲလမ်းတသ နေသေးသည့်အတွက်နှင့် မြိုင့်ကို အပြစ်တင်လျှင်ကား မှားပေလိမ့်မည်။ ထို့အတူ အသစ် နေထိုင်ခြင်းပြုရသော ကမ္ဘာ၌ မပျော်မွေ့ နိုင်ခြင်းအတွက်နှင့်လည်း မြိုင့်ကို အပြစ်ဆို၍ မဖြစ်သေးပေ။ ကိုတင်ဦးသည် မြိုင်၏ အခက်အခဲကို ကောင်းစွာ စဉ်းစားထားပြီးဖြစ်သည်။ အဟောင်းမှ အသစ်သို့ ကူးပြောင်းရခြင်း၌ အကျပ်အတည်း အခက်အခဲတွေ့ နေရသော မြိုင့်ကိုသူသည် စိတ်ရှည်လက်ရှည်နှင့် တဖြည်းဖြည်း ဆွဲဆောင်ခေါ်ငင်ခြင်းပြုရမည့် သူ၏ တာဝန်ကိုလည်း ကောင်းစွာဆင်ခြင်မိပြီး ဖြစ်လေသည်။ ၎င်း၏အပေါင်းအသင်းနှင့် မိတ်ဆွေများကို မိမိတို့နေအိမ်၌ ဖိတ်ကြားဧည့်ခံခြင်းပြုသော တနင်္ဂနွေနေ့ကပင် ကိုတင်ဦး သည် မြိုင်၏ သဘာဝနှင့် အခက်အခဲကိုတွေ့ခဲ့ရသည်။ မြိုင်သည် ကိုတင်ဦး၏ အလုပ်သမား ပရိသတ်ကို များစွာ အလေးထားချင်ပုံမရလှပေ။ အထင်သေး၊ အမြင်သေး ဟန် လည်းရှိသည်။ ထို့ကြောင့်ပင်လျှင်လည်း မြိုင်သည်များစွာ အရေးမထားလိုသော ဆန္ဒကို ပြသခဲ့ပေသည်။ ပမာမခန့်သော သဘောလည်း ရှိလေသည်။ ၎င်း၏ ဧည့်ခံပွဲနေ့က မည်သူတစ်ဦးတစ်ယောက်မျှသာလျှင် လာရောက်ချီးမြှောက်ခြင်း မပြုခဲ့သော်လည်း ကိုတင်ဦး သည် အဘယ်မျှ ဂရုတစိုက် ဆောင်ရွက်ခဲ့သည်ကို မြိုင်သည် သတိမရလေရော့သလား။ မိမိကိစ္စ၌ အရေးတယူနှင့် ဂရုစိုက်လုပ်ဆောင်ပေးခဲ့သော လင်သားကို ၎င်း၏ကိစ္စ၌လည်း မြိုင်သည် အထိုက်အလျောက်တုံ့ပြန်ခြင်းပြုဖို့ မကောင်းသလော၊ သို့ရာတွင် မြိုင်သည် ပမာမခန့်သာလျှင် ပြုခဲ့လေသည်။ ဤကဲ့သို့ ၎င်း၏ ပရိသတ်ကို မြိုင်သည် မထီတရီ ဆက်ဆံပြုမူခဲ့သော်လည်း ကိုတင်ဦးကား စိတ်ရှည်ခဲ့ပေသည်။ သည်းညည်းခံနိုင်ခြင်းလည်းရှိခဲ့ပေသည်။ မျိုးမတူဇာတ်ခြားသော မယားလုပ်သူကို ၎င်းလိုရာ ခရီးသို့ စိတ်ရှည် လက်ရှည်ဖြင့် ဖေးဖေးမမ ခေါ်ဆောင်၍ သွားရမည့် အရေးသည် သေးငယ်သော တာဝန် မဟုတ်သည့်

အကြောင်းကိုလည်း ကိုတင်ဦးသည် ကောင်းစွာနားလည်၍ လာရပေသည်။ သို့ရာတွင် ဤကဲ့သို့ မြိုင့်အား မိမိလိုရာခရီးသို့ သတိဝီရိယ ကြီးစွာဖြင့် ဆွဲဆောင်ခေါ်ငင် သွားရမည့် အလုပ်သည် များစွာလွယ်ကူလှသော အလုပ်မဟုတ်သည်ကိုကား ကိုတင်ဦးသည် လေးလေးနက်နက် သဘောပေါက်နားလည်ထားရန် လိုပေသည်။ အဘယ်ကြောင့် ဆိုသော် သတ္တဝါမှန်သမျှ မိမိတို့၏ ဘဝကိုစွဲလမ်းတပ်မက်ကြသည်ချည့်ဖြစ်သောကြောင့်တည်း။ တစ်ဘဝစီနှင့် လောကတစ်ခုစီမှလာရောက် ပေါင်းဆုံမိကြသည့်အတွက် ဤကဲ့သို့ တစ်ဦးနှင့်တစ်ဦးကွဲပြားလျက် ရှိနေကြသော အချက်အလက်များအပြင် နောက်ထပ်၍ များစွာ အရေးကြီးသည်ဟု ဆိုရမည်ဖြစ်သော အချက်တစ်ချက်သည်လည်း ကိုတင်ဦးနှင့် မြိုင်တို့တွင် ရှိနေကြပေသေးသည်။ ထိုအချက်သည် အခြားတော့မဟုတ်၊ ဘာသာတရား ဝတ်ပြု ကိုးကွယ်ခြင်း အမှုပင်ဖြစ်ပေသည်။

မြိုင်သည် ဘာသာတရားနှင့် ဝတ်ပြုကိုးကွယ်ခြင်းအမှုတို့ကို များစွာ အလေးထားသူ ဖြစ်လေသည်။ သို့ရာတွင် ကိုတင်ဦးသည် ဘာသာတရားမှလည်းကောင်း၊ ဝတ်ပြု ကိုးကွယ်ခြင်းအမှုမှလည်းကောင်း ကင်းလွတ်နေသူဖြစ်သည်။ ဤကဲ့သို့ အရေးကြီးလှ သော ဘာသာတရား ကိုးကွယ်ဝတ်ပြုမှုနှင့် ပတ်သက်၍ တစ်ဦးနှင့်တစ်ဦး ကွဲပြားလျက်ရှိကြ သော်လည်း တစ်ဦး၏ ယုံကြည်မှုကို ကျန်တစ်ဦးက အနှောင့်အယှက် အတားအဆီးမပြုလုပ်လျှင် အေးချမ်းစွာ အတူတကွနေထိုင်နိုင်လိမ့်မည်ဟု ကိုတင်ဦးက ယုံကြည်ပေသည်။

စင်စစ် ဘာသာတရားဆိုသည်မှာ လူတစ်ဦး တစ်ယောက်နှင့်သာလျှင် စပ်ဆိုင်သော ကိစ္စမဟုတ်သလော။ ထိုလူသားသည် သဘာဝဓမ္မကို နားမလည်၍ ဖြစ်စေ၊ ဘေးကင်းမှုနှင့် စိတ်အေးချမ်းသာယာမှုတို့အတွက် ဘာသာတရားကို လက်ခံကိုးကွယ်ခြင်းပြုသည် မဟုတ်သလော။ ခေါစာခွက်ပစ်သော မိခင်သည် ချစ်လှစွာသော ရင်သွေးငယ်၏ ရောဂါ ဘယကို သိနားမလည်၍ သော်လည်းကောင်း၊ မသိသော ထိုဘေးကို မစူးစမ်းဘဲ ကြောက်ရွံ့ ၍ သော်လည်းကောင်း၊ ထိုအမှုကိုပြုသည် မဟုတ်သလော။ သဘာဝဓမ္မဖြစ်သော သေခြင်းကို နားမလည်၍ သော်လည်းကောင်း၊ ကြောက်ရွံ့၍ သော်လည်းကောင်း၊ သုဂတိဘုံ၊ ဗြဟ္မာနှင့် နိဗ္ဗာန်ဘုံတို့ကို လူတို့သည် ကြိုးပမ်းရှာဖွေနေကြသည် မဟုတ်သလော။

ဘုံသဘာဝဓမ္မတာဖြစ်သော ပဋိသန္ဓေ နေရခြင်း၊ အိုရခြင်း နှင့်

သေရခြင်းတို့ကို မြိုင်သည် ထိတ်လန့်ကြောက်ရွံ့၍ ထိုသဘာဝဓမ္မတို့မှ ကင်းလွတ်ရာ ကင်းလွတ်ကြောင်း ဟု ယုံကြည်လျက်ရှိသော နိဗ္ဗာန်ဘုံကိုရှာဖွေ အားထုတ်နေသူဖြစ်သည်။ ကိုတင်ဦးက မူကား ထိုသဘာဝဓမ္မတို့ကို သဘာဝဓမ္မဖြစ်သော လူသားသည် ကြောက်ရွံ့နေ၍ ဖြစ်သော ကိစ္စများအဖြစ်ဖြင့် သဘောထားသူ မဟုတ်ပေ။ ထို့ကြောင့်လည်း သူသည် နိဗ္ဗာန်ဘုံကို ရှာဖွေခြင်းမပြုတော့ပေ။ သူသည် သဘာဝဓမ္မအပြင်ဘက်မှ နိဗ္ဗာန်ဘုံကို ရှာဖွေရခြင်း အမှုထက် သဘာဝဓမ္မအတွင်း၌ လူသားတို့အတွက် နိဗ္ဗာန်ဘုံတည်ဆောက်ရေးကိုသာလျှင် သူ၏ ဘာသာတရားအဖြစ်ဖြင့် လက်ခံကျင့်သုံးသူ ဖြစ်ပေသည်။ နိဗ္ဗာန်ဘုံကို ရှာဖွေရာ၌ ကိုတင်ဦးနှင့် မြိုင်တို့သည် ကွဲပြားလျက် ရှိခဲ့ကြပေသည်။ သို့ရာတွင် တစ်ဦးက ရှာဖွေလျက်ရှိသော နိဗ္ဗာန်ဘုံကို တစ်ဦးက အနှောင့်အယှက် အဟန့်အတား မပြုခဲ့လျှင် မိမိတို့ နှစ်ဦးသည် အေးချမ်းပျော်ရွှင်စွာ အတူတကွ နေထိုင်နိုင်လိမ့်မည်ဟု ကိုတင်ဦးက ယုံကြည်ထားပေသည်။ မြိုင်ကတော့မူ ဤကဲ့သို့မဟုတ်ပေ။ ကိုတင်ဦး၏ နိဗ္ဗာန်ဘုံဆိုသည်မှာ လုံးဝမဖြစ်နိုင်သော ကိစ္စဟု ယုံကြည်ထားသည့်အလျောက် ကိုတင်ဦးအား ၎င်း၏ နိဗ္ဗာန်ဘုံ ရှာဖွေသော အချည်းနှီးအလုပ်ကို စွန့်လွှတ်၍၊ ၎င်း၏ နိဗ္ဗာန်ဘုံကိုသာ ၎င်းနှင့်အတူ ရှာဖွေစေချင်ပေသည်။ သို့ရာတွင် ကိုတင်ဦးသည် ၎င်း၏ရပ်တည်မှု အခြေခံ အဘိဓမ္မာကို မည်သည့်နည်းနှင့်မျှ စွန့်လွှတ်နိုင်မည် မဟုတ်ပေ။ မြိုင့်အား အခြားကိစ္စများတွင် အလျှော့ပေးနိုင်စေကာမူ ၎င်း၏နိဗ္ဗာန်ဘုံတည်ဆောက်ရေး လုပ်ငန်းကိုကား လျှော့ပေးနိုင် ဖွယ်မရှိပေ။ ဤကဲ့သို့ မိမိတို့ တစ်ဦးတစ်ယောက်စီနှင့် စပ်ဆိုင်သော ဘာသာတရားနှင့် ဝတ်ပြုကိုးကွယ်မှုတို့တွင်လည်း မြိုင်နှင့် ကိုတင်ဦးတို့သည် ကွဲပြားလျက်ရှိခဲ့ကြပေသည်။ လူ့ဘဝ အခြေခံရပ်တည်မှုကြီးတစ်ခုဖြစ်သော ဘာသာဝတ်ပြုကိုးကွယ်မှုနှင့် ကွဲပြားကြသော ကိစ္စသည် စင်စစ်တော့ သေးငယ်လှသော ကိစ္စကားမဟုတ်ပေ။ သို့ရာတွင် ကိုတင်ဦး ကတော့ ဤကိစ္စသည် လူတစ်ဦးတစ်ယောက်နှင့်သာ သက်ဆိုင်သော ကိစ္စဖြစ်၍ များစွာ အရေးမကြီးဟု သဘောထားသည်။ မြိုင်ကမူ များစွာ အရေးကြီးသည်ဟု သဘောထား လေသည်။

❦ ❦ ❦

နောက်ဆုံး၌ မြိုင်သည် ၎င်း၏ ဒေါ်လေး ဒေါ်စောခင်ကို စာရေး၍ မှာကြားခြင်း ပြုလေသတည်း။

ကိုတင်ဦးအား မိမိသဘောနှင့်မိမိလက်ထပ်ခဲ့ပြီးနောက် လေးလသာသာခန့်အတွင်း လူချင်းလည်း မတွေ့ရဘဲ ဘာသတင်းမျှလည်း မကြားရသော ဖခင်လုပ်သူ၏ ကျန်းမာရေး အခြေအနေနှင့် ရွှေတောင်ကြားအိမ်၏ အကြောင်းကို များစွာ သိချင်ကြားချင်နေပေသည်။ စင်စစ်တော့ကား မြိုင်သည် ရွှေတောင်ကြားကို အောက်မေ့လွမ်းဆွတ်နေခြင်းမျှသာ ဖြစ်ပေသည်။

ဒေါ်လေး ဒေါ်စောခင်အား စာရေး၍ မှာကြားလိုက်သည့်အကြောင်းကိုကား မြိုင်သည် ကိုတင်ဦးအား အသိပေးခြင်းမပြုပေ။ ဒေါ်လေး ဒေါ်စောခင်ကိုပင် ကိုတင်ဦး အလုပ်ဆင်းနေသော အိမ်၌မရှိနေချိန်များ အတွင်းသာ လာရောက်ရန် သေသေချာချာ မှာကြားလိုက်ပေသည်။ အရေးကြီးသော ကိစ္စတစ်ခုကို တိုင်ပင်ပြောကြားရန်ရှိ၍ ဟု အကြောင်းပြုကာ မြိုင်သည် ၎င်း၏ဒေါ်လေးအား မှာကြားခြင်းပြုလေသည်။ ဤကဲ့သို့ စာရေးမှာကြားလိုက်ပြီးနောက် သုံးလေးရက်မျှ မြိုင်သည် ဒေါ်လေး ဒေါ်စောခင်အား လည်ပင်း တရှည်ရှည်နှင့် စောင့်မျှော်ခဲ့မိသည်။ သို့ရာတွင် ဒေါ်လေး ဒေါ်စောခင်ကား ပေါ်၍ မလာပေ။ ဤကဲ့သို့ မိမိက သေသေချာချာ စာရေး၍ မှာကြားခြင်း ပြုပါလျက်နှင့် ဒေါ်လေး ဒေါ်စောခင် ပေါ်မလာသောအခါ စိတ်အားငယ်တတ်သော မြိုင်သည် တွေးမိ တွေးရာ တွေးရင်း ၎င်းဘာသာတစ်ယောက်တည်း စိတ်မကောင်း ဖြစ်နေရပြန်လေသည်။

ဒေါ်လေး ဒေါ်စေခင်သည်ပင်လျှင် မိမိအပေါ်၌ ယခုတိုင် စိတ်ဆိုးမပြေသေး၍ မိမိမှာကြားခြင်းကို ယခုကဲ့သို့ လျစ်လျူရှုနေခြင်းဖြစ်သလော၊ ဒေါ်လေး ဒေါ်စောခင် တစ်ယောက်သာလျှင် မဟုတ်သေးဘဲ ဖခင်နှင့်အစ်ကိုလုပ်သူတို့ကပါ ယခုထက်တိုင် မိမိအပေါ်၌ စိတ်ဆိုးနေကြတုန်း ဖြစ်သလော။ မည်ကဲ့သို့ပင် မိမိအပေါ်၌ စိတ်ခုနေကြကာမူ မိမိက မှာကြားလိုက်သော ကိစ္စလောက်ကိုတော့ကား အနည်းဆုံး အကြောင်းပြန် ကြားသင့်သည်ဟု မြိုင်က ထင်ပေသည်။

မြိုင်သည် ၇ ရက် တစ်ပတ်ခန့် စိတ်မကောင်းဖြစ်နေခဲ့ရပြီးနောက် နောက်ထပ်၍ စာတစ်စောင် ရေးလိုက်ပြန်သည်။ ဤကဲ့သို့ ဒုတိယ စာတစ်စောင် ရေးလိုက်ပြီးသည့် နောက်သုံးရက်ခန့်အကြာတွင် ဒေါ်လေး ဒေါ်စောခင်သည် ကံဘဲ့ဘက်ရှိ မြိုင်၏ ကြီးတော်အိမ်မှ ခရိုင်စလာ ကားသစ်ကြီးနှင့် မြိုင်တို့ ရေကျော်အိမ်သို့ ရောက်ရှိလာလေသတည်း။

မြိုင်သည် အိပ်ခန်းအတွင်း၌ အသာလှဲနေရာမှ အိမ်ရှေ့တွင် မဆိုက်စဖူး ကားဆိုက် သံကို ကြားလိုက်ရသောကြောင့် လှဲနေရာမှ ရုတ်တရက်ထကာ အိမ်ရှေ့ပြတင်းပေါက်သို့ ကတိုက်ကရိုက် အပြေးကလေး ထွက်ကြည့်မိလေသည်။ ခရိုင်စလာ ကားသစ်ကြီးပေါ် ဒေါ်လေး ဒေါ်စောခင် ကားတံခါးဖွင့်၍ ဆင်းလာသည်ကို အိမ်ရှေ့ပြတင်းပေါက်မှ လှမ်း၍ မြင်လိုက်သည်နှင့် တစ်ပြိုင်နက်...

"ဒေါ်လေး"

ဟု မြိုင်သည် အားရဝမ်းသာခေါ်ကာ အိမ်ပေါ်မှ အောက်ထပ်သို့ ပြေးဆင်းလာခဲ့လေသည်။ အိမ်အောက်ထပ်သို့ ရောက်လျှင်ရောက်ချင်း မြိုင်သည် ကွဲကွာနေရသည်မှာ အတန်ကြာသွားပြီးဖြစ်သော ဒေါ်လေးလုပ်သူအား အားရဝမ်းသာ ဖက်ထားလိုက်မိသည်။

ဒေါ်လေး ဒေါ်စောခင်သည် တူမလုပ်သူနှင့် အိမ်ပေါ်သို့ တက်လာခဲ့ပြီးနောက် အိမ်ရှေ့ဧည့်ခန်းဘက်တွင် ဆင်ပြင်ထားရှိသော အိမ်ထောင်ပရိဘောဂပစ္စည်းများကို မသိမသာ အကဲခတ်ကြည့်ရှုလျက်ရှိပေသည်။

တစ်ယောက်နှင့်တစ်ယောက် အတန်ကြာစကားမပြောနိုင်ကြဘဲ ရှိနေပြီးမှ...

"ဖေဖေ့ ရောဂါ ဘယ်လိုများ နေသလဲဟင် ဒေါ်လေး"

ဟု မြိုင်က ဖခင်လုပ်သူ၏ ကျန်းမာရေး အခြေအနေကို စတင်၍ မေးလိုက်သည်။

"အစ်ကိုကြီးကတော့ ဒီလိုပါပဲကွယ်"

ဒေါ်စောခင်က ခပ်အေးအေးနှင့် လေးလေး ပြန်ဖြေသည်။

"ဒါထက် မြိုင့်အကြောင်းကိုကော ဖေဖေ ဘာများပြောသံကြားသေးသလဲ ဒေါ်လေး"

"ငါ့သမီးကလေးတစ်ယောက်လည်း ဘယ်လိုများနေရှာသလဲ မသိဘူးကွယ်..... လို့ တစ်လောကပဲ ညည်းသေးတယ်..."

"မြိုင့်ကိုများ ဖေဖေ စိတ်ဆိုးနေသေးသလားဟင် ဒေါ်လေး..."

"ဒေါ်လေး သိထားရသလောက်တော့ အစ်ကိုကြီးက မြိုင့်ကို ဘယ်တုန်းကမှ စိတ်မဆိုးဖူးပါလား..."

"ကိုတင်ဦးနဲ့ လက်ထပ်ဖို့အိမ်ကဆင်းလာခဲ့တဲ့နေ့က ဖေဖေ့မျက်နှာ ကြည့်ရတာတော့ မြိုင့်ကို တော်တော်ကြီးစိတ်ဆိုးနေသလားလို့ အောက်မေ့တာပဲ..."

"စိတ်ဆိုးတာတော့ ဟုတ်မယ်မထင်ပါဘူးကွယ်... နတ်ပြည် တင်တာကို ငရဲပြည် ခုန်ချရမလားဆိုပြီး စိတ်မကောင်းဖြစ်တာနဲ့ တူပါတယ်"

မြိုင်သည် နောက်ထပ် ပြောဆိုရန် ရှိသော စကားကို ပြောကြားရန် ရုတ်တရက် မေ့လျော့သွားကာ ငိုင်နေမိသည်။

"ဒါထက် ညည်းယောကျ်ားက တစ်လကို ဘယ်လောက်ရသလဲဟင်"

ဟု ဒေါ်စောခင်ကအကြောင်းအရာသစ်တစ်ခုကို ရုတ်တရက် ကောက်ခါငင်ခါ မေးလိုက်သည်။

ရုတ်တရက်ပြန်၍ မဖြေနိုင်သေးဘဲ အတန်ကြာ ငိုင်နေမိပြီးမှ...

"အစ်ကိုကြီးကိုသက်ထွန်းဆီက တစ်လကို သုံးရာပေးတယ် ဒေါ်လေးရဲ့.. ဒီအပြင် သူဟိုမှာ ဒီမှာ စာရေးတဲ့ အတွက် တစ်လ တစ်လကို နှစ်ရာလောက်တော့ ဝင်တဲ့အခါ ဝင်ပါတယ်..."

"ဒါဖြင့် တစ်လကို လေးငါးရာလောက်တော့ အဝင်ရှိတယ်ပေါ့ ဟုတ်လား....."

"ဒါပေမဲ့ အကုန်လုံး အိမ်ပြန်ပါမလာပါဘူး၊ သူ့မှာလည်း အပေါင်းအသင်းတွေက များပြီး ပေးရ ကမ်းရတဲ့ လူတွေကလည်း မနည်းဘူး ဒေါ်လေးရဲ့…"

"ဘယ်သူဘယ်ဝါတွေများ ပေးနေကမ်းနေရလို့လဲဟင်… မြိုင်…"

"သူ့အပေါင်းအသင်းတွေကတော့ များသောအားဖြင့် နိုင်ငံရေးသမားတွေထဲက များတာပဲ ဒေါ်လေး… သူက ပေးနေကမ်းနေရတယ်ဆိုတာလည်း ဒီနိုင်ငံရေးသမားတွေ ပါပဲ.."

"နိုင်ငံရေးသမားတွေနဲ့သာ ညည်းယောကျ်ား ခုလိုပေါင်းသင်းနေရင် ကိုယ့်ရှိတာကလေးထဲက ပေးနေရတဲ့အပြင် တစ်နေ့ကြားထဲက အချောင်ထောင်တန်းကျနေလိမ့်ဦး မယ်နော်… အဲဒါ ကျပ်ကျပ်သတိထား.."

"မြိုင်လည်း သူဒီလို ပေါင်းနေ သင်းနေတာကို နည်းနည်းမှ မကြိုက်ပါဘူး ဒေါ် လေးရဲ့ သူ့အပေါင်းအသင်း နိုင်ငံရေးသမားဆိုတဲ့ လူတွေဟာ ဘာမှလည်း အလိုက်သိတတ်တဲ့ လူစားတွေမဟုတ်ဘူး… အချိန်မရှိအချိန်ရှိ ဘာမှဂရုမစိုက်ဘဲ အိမ်ကို လာလိုလာပြီး တောင်းချင်တာတောင်း၊ ရေးချင်တာရေးတာ ဒေါ်လေးရဲ့…"

"ညည်းကလည်း ကြည့်ပြီးပြောဦး ဆိုဦးမှပေါ့…."

"ခုထက်ထိတော့ မြိုင်က ဘာမှမပြောသေးဘူး ဒေါ်လေး… တဖြည်းဖြည်းတော့ ပြောယူရမှာပဲ"

"ဒီလို နိုင်ငံရေးသမားတွေ၊ အစိုးရနဲ့ အတိုက်အခံ လုပ်နေတဲ့ လူတွေနဲ့သာ ညည်းယောကျ်ားကျပ်ကျပ်ပေါင်းရင် တစ်နေ့ညည်းပါ ဒုက္ခရောက်လိမ့်မယ် မြိုင်၊ ဒါကိုတော့ ပြောထားဖို့လိုလိမ့်မယ်….."

"ဟုတ်ကဲ့ ဒေါ်လေး… မြိုင်လည်း ခုရက်အတွင်း ဒါကို သတိပေးတော့မလားလို့ စဉ်းစားနေတာပါပဲ…"

"အချိန်သိပ်မဆွဲနေနဲ့ မြိုင်… ကနေ့ ညနေကစပြီး တဖြည်းဖြည်းနားသွင်းသွားရင် ကောင်းလိမ့်မယ်…. ယောကျ်ားဆိုတဲ့ သတ္တဝါမျိုးဟာ မိန်းမကသာ နားဝင်အောင် ပြောတတ်ရင် မိန်းမစကား နားထောင်တတ်တာချည်းပါပဲကွယ်…"

“ဟုတ်ကဲ့ ဒေါ်လေး…”

“ဒါထက် ညည်းယောကျ်ား မောင်တင်ဦးကကော သူရှာလို့ဖွေလို့ ရတာကို ညည်းများ အပ်ရဲ့လား….”

“အစ်ကိုကြီး ကိုသက်ထွန်း သတင်းစာတိုက်ကရတဲ့ သူ့လခ ငွေသုံးရာကိုတော့ အကုန်လုံးပဲ မြိုင့်ကို အပ်ပါတယ်… သူ့ဘာသာသူ တခြားမှာ စာရေးလို့ရတဲ့ ငွေတစ်ရာ့ လေးငါးဆယ်ကတော့ သူ့အသုံးအတွက်ဆိုပြီး သူပဲကိုင်သုံးတယ်…"

“ညည်းကို အပ်တဲ့ လခထဲကကော သူ့နိုင်ငံရေးသမားတွေကို ပေးရသေးသလား"

“တစ်ခါတစ်ခါလည်း လေးငါးဆယ်လောက်တော့ ပဲ့ပဲ့ပါသွားတယ် ဒေါ်လေးရဲ့”

“ဒီအတိုင်းသာဆိုရင် ညည်းတို့အိမ်စရိတ် လောက်ပါ့ဦးမလား"

“လောက်အောင် ချင့်ပြီးသုံးနေရတာပဲလေ… ဒေါ်လေး…”

“အခုခေတ် ကုန်ဈေးနှုန်းတွေနဲ့ တစ်လနှစ်ရာ့ငါးဆယ် သုံးရာဆိုတဲ့ ငွေဟာ ဘာမှ သုံးလောက်တာ မဟုတ်လို့ ညည်းတို့ဘယ်လိုများ စားသောက်နေနိုင်ကြသလဲဆိုတာ ငါဖြင့် အံ့တာပဲမြိုင်ရယ်…”

“ချွေချွေတာတာသုံးရတာပေါ့ ဒေါ်လေး.. ဖောဖောသီသီကြီးတော့ ဘယ်သုံးနိုင်ပါ့ မလဲ.."

“တစ်လောကတင်ပဲ မောင်ဇော်ဝင်းက ဘာစိတ်ကူးများ ရလို့တော့ မသိဘူး၊ မြိုင်လည်း သတင်းစာဆရာယောင်ယောင် နိုင်ငံရေးသမားယောင်ယောင် လူတစ်ယောက်ကို ယူပြီးကတည်းက.. ဘယ်လိုများ နေရထိုင်ရသလဲဆိုတာ မသိဘူးလို့ ညည်းရှာတယ်”

“ဖေဖေကတော့ မြိုင့်အကြောင်း ဘာပြောသေးသလဲဟင် ဒေါ်လေး…”

မြိုင်သည် ၎င်း၏အစ်ကိုလုပ်သူ ကိုဇော်ဝင်းထက် ၎င်း၏ ဖခင်အပေါ်၌ သံယောဇဉ်ကြီးမားလှပုံ ရသည်။

"မြိုင်… မောင်တင်ဦးနဲ့ လက်ထပ်ဖို့ ဆင်းသွားခါစတုန်းကတော့ ကရုဏာ ဒေါသောနဲ့ ဒီကောင်မလေး ဒီလောက်မိုက်တာ ဒင့်ကုသိုလ်ကံနဲ့ ဒင့် ရှိလိုရာရှိစေလို့ ပြောတယ်… ဒါပေမဲ့ နောက်ပိုင်းကျတော့ ငါ့သမီးကလေးတစ်ယောက် ဘယ်လိုများနေရ ရှာပါလိမ့်ဆိုပြီး မကြာခဏ ညည်းတယ်ကွဲ့"

မြိုင်သည် မျက်ရည်များဝိုင်း၍ လာသည်။ မိမိကလည်း သံယောဇဉ် ကြီးမားသကဲ့သို့ မိမိအပေါ်၌လည်း သံယောဇဉ်ကြီးမားလျက်ရှိသော ဖခင်၏မေတ္တာကို ဆင်ခြင်အောက် မေ့မိသည်။

ညည်းဆီက ပထမစာရတော့ ဒေါ်လေးအစ်ကိုကြီးကို ပြကြည့်တယ်… အစ်ကိုကြီးက နေပေစေဦးဆိုလို့ ဒေါ်လေးလည်းအောင့်ပြီး နေရတာပဲ၊ ညည်းဆီက ဒုတိယစာလည်းရရော အစ်ကိုကြီးက ချက်ချင်းပဲ လွှတ်လိုက်လို့ ဒေါ်လေး လာခဲ့ရတာပါပဲကွယ်"

"မြိုင့်ကို ရွှေတောင်ကြားအိမ်ကို ခေါ်လာခဲ့ဖို့ ဖေဖေက ဒေါ်လေးကိုများမှာလိုက် သေးသလားဟင်…"

"မြိုင့်မှာ လင်နဲ့သားနဲ့ဆိုတော့ မြိုင့်ဖေဖေက ဒီလိုတော့ ဘယ်မှာလိုက်ပါ့မလဲ မြိုင်ရယ်…"

"လင်နဲ့သားနဲ့ကော ကိုယ့်အဖေအိမ်ကိုယ်သွားတာ ဘာဖြစ်ရဦးမှာလဲ ဒေါ်လေးရဲ့"

"ဘာမှတော့ မဖြစ်ပါဘူးလေ… ဒါပေမဲ့ မြိုင့်ယောက်ျားက သဘောတူခွင့်ပြုမှလည်း ကောင်းတာကိုး"

"ကိုယ့်မိဘအိမ်ကိုယ်သွားတာတောင် လင်သားကို ရေးကြီးခွင်ကျယ်လုပ်ပြီး ခွင့် တောင်းနေရဦးမှာလား ဒေါ်လေးရဲ့"

"ဒါကတော့ မြိုင့်ယောက်ျား မောင်တင်ဦးရဲ့ သဘောထားကို ဒေါ်လေးတို့က သိမှ မသိရသေးပဲ ကိုးလေ"

"ဒါဖြင့် မြိုင် ဒေါ်လေးနဲ့ ခုတစ်ခါတည်း လိုက်ခဲ့မယ်…"

"ညည်းယောက်ျားလည်း အိမ်မှာ မရှိသေးဘဲနဲ့ သူ့ဆီကလည်း ခွင့်မတောင်းဘဲ လိုက်လို့ဖြစ်ပါ့မလား… မြိုင်ရဲ့"

"တော်ပါတော့ ဒေါ်လေးရယ်…"

ဟုသာ ပြန်ပြောပြီးနောက် မြိုင်သည် ဒေါ်လေး ဒေါ်စောခင်အား အိမ်ရှေ့ဧည့်ခန်း၌ ထားပစ်ခဲ့ပြီးလျှင် အဝတ်အစား လဲလှယ်ရန်အတွက် အိမ်ထဲသို့ဝင်လာခဲ့သည်။ အဝတ်အစား လဲလှယ်ပြီးသောအခါ မြိုင်သည် မိမိ ရွှေတောင် ကြားအိမ်သို့ သွားသည့်အကြောင်းကို ကိုတင်ဦး အိမ်ပြန်ရောက်သောအခါ သိရှိစေရန် အတွက် စာရေးထားပစ်ခဲ့ဖို့ စိတ်ကူးရလာသဖြင့် အိပ်ခန်းအတွင်း စာရေးစားပွဲတွင် ထိုင်၍ စာရေးထားပစ်ခဲ့လေသည်။ ထို့နောက် အိမ်တွင်ကူဖော်လောင်ဖက်အဖြစ် ခေါ်ယူထားသော မိန်းကလေးအား ညစာအတွက် ချက်ပြုတ်ရန်ကိစ္စများကို မှာကြားပြောဆိုပြီးလျှင် ပြီးချင်း ဒေါ်လေး ဒေါ်စောခင်နှင့်အတူ မစီးရသည်မှာ ကြာပြီဖြစ်သော ခရိုင်စလာကားသစ်ကြီးနှင့် ရွှေတောင်ကြားသို့ လိုက်ပါသွားလေသည်။

ရွှေတောင်ကြားအိမ်သို့ လိုက်ပါလာခဲ့ပြီးနောက် ခရိုင်စလာကားသစ်ကြီးသည် အိမ်ရှေ့ဆင်ဝင်အောက်တွင် ရပ်လိုက်သောအခါ မြိုင်သည် တစ်ကြိမ်က မိမိသဘောနှင့် မိမိပုန်ကန်၍ ဆင်းလာခဲ့သော ဖခင်လုပ်သူ၏ အိမ်အတွင်းသို့ ရုတ်တရက်မဝင်ဝံ့ မဝင်ရဲ ဖြစ်နေပေသည်။ ဒေါ်လေး ဒေါ်စောခင်သည် တံခါးဖွင့်၍ ဆင်းကာ အိမ်ပေါ်သို့ တက်သွားခဲ့ပြီဖြစ်သော်လည်း မြိုင်သည် ကားပေါ်မှ မဆင်းဖြစ်သေးဘဲ ခပ်ကြောင်ကြောင်ဖြစ်နေသည်။

"လာလေ မြိုင်... ကားပေါ်မှာ ဘာလုပ်နေသေးတာလဲ"

ဟု ဒေါ်လေး ဒေါ်စောခင် လှမ်း၍ ပြောလိုက်တော့မှပင် မြိုင်သည် ရုတ်တရက်သတိရကာ ကားပေါ်မှ ဆင်းလာ နိုင်ပေသည်။

မြိုင်သည် အိမ်ထဲသို့ ဝင်လာခဲ့ပြီးနောက် ဧည့်ခန်းဘက်သို့ လှမ်း၍ ကြည့်လိုက်မိသည်။ တကြိမ်က ၎င်းတီးခတ်လာခဲ့သော ပီယာနိုကြီးသည် မတီးမခတ်ဘဲ ပစ်ထားသည်မှာ ကာလအတန်ကြာသွားပြီ ဖြစ်သကဲ့သို့ ဖုန်များပင်တက်ကာ ငြိမ်သက်လျက်ရှိပေ သည်။ အိမ်ပေါ်သို့ တက်ရန်ဖြစ်သော လှေကားရင်းတွင်ရပ်ကာ မြိုင်သည် ၎င်း၏ ပီယာနိုကြီးကို အတန်ကြာမျှ ငေးမောကြည့်ရှုနေမိသည်။ ဤကဲ့သို့ကြည့်ရှုငေးမောနေသည့်အတွက် လှေကားတစ်ဝက်လောက် ရောက်နေပြီဖြစ်သော ဒေါ်လေး ဒေါ်စောခင်သည် စိတ်မရှည်နိုင် သကဲ့သို့...

"ဟဲ့ မြိုင် လာလေ...ဘာများ ကြည့်နေရသေးတာလဲကွယ်..."

ဟုလှမ်း၍ ခေါ်လိုက်တော့မှပင် မြိုင်သည်သတိရကာ အိမ်ပေါ်သို့ တက်လိုက်လာခဲ့ပေသည်။

အိမ်အပေါ်ထပ်သို့ ရောက်သောအခါ မြိုင်သည် စိုးရွံ့သိမ်ငယ်သလို ဖြစ်လာသည်။ မိမိသဘောနှင့် မိမိပုန်ကန်၍ ထွက်လာခဲ့သော အိမ်ကြီးပေါ်သို့ ပြန်လည်ရောက်ရှိလာခဲ့ရသော မိမိ၏အဖြစ်ကို စဉ်းစားမိသည်။ ဖခင်လုပ်သူအား အင်မတန် တွေ့ လိုမြင်လိုလှ၍ လိုက်လာခဲ့ခြင်းဖြစ်သော်လည်း ယခုကဲ့သို့ ဖခင်လုပ်သူနှင့် တွေ့ ရမည်ဖြစ်သောအခါ၌ကား မြိုင်သည် ရှက်သလို ကြောက်သလို

ဖြစ်လာမိသည်။

မြိုင်သည် ဒေါ်လေး ဒေါ်စောခင်နှင့် မလှမ်းမကမ်းမှ နေလျက် ဖခင်လုပ်သူ၏ အခန်းဘက်သို့ ခပ်ဖြည်းဖြည်း လိုက်ပါလာခဲ့သည်။ ဖခင်လုပ်သူ၏ အခန်းတွင်းသို့ ရောက်သောအခါ ဒေါ်လေး ဒေါ်စောခင်က လှမ်း၍ လက်ပြသဖြင့် မြိုင်သည် အခန်းတံခါးဝတွင် ကိုယ်ရှိန်သတ်ကာ နေလိုက်ရသည်။

မြိုင်၏ဖခင်သည် အိပ်ရာထက်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လျက်ရှိပေသည်။ ဒေါ်လေးဒေါ်စောခင်သည် မြိုင်ရပ်နေသောတံခါးဝသို့ပြန်လှည့်လာခဲ့ပြီးလျှင်...

"ညက အိပ်ပျက်လို့ မြိုင့်ဖေဖေ အိပ်ပျော်နေတယ်။ လာလာ အိမ်အောက်ထပ်ဆင်းပြီး လက်ဖက်ရည် သောက်ရင်း အစ်ကိုကြီးနိုးလာအောင် စောင့်ကြတာပေါ့.."

ဟု လေသံခပ်အုပ်အုပ်နှင့် ပြောဆိုကာ ထွက်သွားသည်။ မြိုင်သည် ဒေါ်လေး ဒေါ်စောခင်နောက်သို့ ရုတ်တရက် လိုက်၍ မသွားသေးဘဲ အိပ်စက်နေသော ဖခင်လုပ်သူအား အတန်ကြာမျှ ငေးမောကြည့်ရှု၍ နေမိသည်။

မြိုင်၏ဖခင်သည် အိပ်မောကျလျက် ရှိပေသည်။

မြိုင်သည် ယခင်ကထက် အသားအရေလျော့ပါးသွားပြီဖြစ်သော ဖခင်လုပ်သူ၏ မျက်နှာကို လှမ်း၍ ကြည့်ရင်း မျက်ရည်များဝိုင်းလာသည်။ မိမိအတွက်နှင့် စိတ်သောက ရောက်ခဲ့ရဟန်ရှိသော ဖခင်လုပ်သူကိုလည်း သနားလာမိသည်။

မြိုင်သည် နောက်ထပ်၍ အတန်ကြာမျှ ဖခင်လုပ်သူအား စူးစိုက်ကြည့်ရှုပြီးနောက် လက်ဖက်ရည် သောက်ရန်အတွက် အောက်ထပ်သို့ ဆင်းလာမည်အပြု လှေကားထိပ်သို့ ရောက်သောအခါ မိမိအပျိုစင်ဘဝနှင့်တုန်းကနေထိုင်လာခဲ့သော အခန်းကိုကြည့်ရှုလိုသော စိတ်ပေါက်လာသဖြင့် အိမ်အောက်ထပ်သို့ မဆင်းဖြစ်သေးဘဲ မိမိယခင်က နေထိုင်ခဲ့သော အခန်းဘက်သို့ လျှောက်လာခဲ့လေသည်။

အခန်းတံခါးကို သော့မခတ်ဘဲ စေ့ရုံမျှ စေ့ထားသဖြင့် မြိုင်သည်

တံခါးကို ဖြည်းညင်းစွာ ဖွင့်ကာအတွင်းသို့ လှမ်းကြည့်လိုက်မိသည်။ မြိုင်၏အခန်း၌ ဘယ်သူမျှဝင်ရောက် နေထိုင်ခြင်း မပြုကြဘဲ၊ ယခင်ကအတိုင်း ထားရှိမြဲ ထားရှိသည်။ မြိုင် အိပ်စက်သော ခုတင်၊ အလှပြင် မှန်တင်ခုံနှင့် အဝတ်အစား ဗီရိုတို့သည် ယခင်ကအတိုင်း သူ့နေရာနှင့်သူ ရှိနေကြသည်။ သို့ရာတွင် အခန်းရှင် နေထိုင်ခြင်း မပြုတော့သည့်အတွက် ဖုန်များတက်နေသည်။

မြိုင်သည် ၎င်း၏အခန်းအတွင်းသို့ ဝင်လာခဲ့ပြီးနောက် လှည့်ပတ်ကြည့်ရှုမိသည်။ ဤကဲ့သို့ လှည့်ပတ်ကြည့်ရှုရင်း ရင်ထဲ၌ ဝမ်းနည်းသလိုလို ဖြစ်လာသည်။ သို့ရာတွင် ဘာ့ကြောင့် ဝမ်းနည်းလာမိခြင်းကိုကား မသိပေ။

မြိုင်သည် အလှပြင်သော မှန်တင်ခုံရှေ့တွင် ရပ်လိုက်သည်။ အလှပြင် မှန်ကြီးအား သုံးစွဲကြည့်ရှုမည့်သူ အရှင်သခင်မ ဤအိမ်ကြီးတွင် မရှိတော့၍ ဇာပိတ်ဖြင့် ဖုံးထားသည်။ မြိုင်သည် ဇာပိတ်ကို အသာလှစ်၍ ၎င်းကိုယ်ကို မှန်ထဲ၌ ကြည့်ရှုမိသည်။ ရွှေတောင်ကြား အိမ်ကြီး၏ သခင်မကလေးကို မြိုင်သည် မှန်ထဲ၌မမြင်ရတော့၊ သတင်းစာတိုက်မှ အလုပ်သမားတစ်ယောက်၏ မယားပုံကိုသာ မြင်ရပေသည်။ ထို့ကြောင့် မြိုင်သည် ဇာပိတ်ကို ပြန်၍ ဖုံးထားလိုက်ပြီးနောက် မှန်တင်ခုံ၏ အပေါ်ဆုံးထပ်မှ အံဆွဲကို အမှတ်မထင် ဆွဲကြည့်လိုက်သည်။

ကဗျာဆရာကြီး တင်နီဆင်၏ ကဗျာ့ပဒေသာ စာအုပ်ကို တွေ့ ရပေသည်။ အပျိုစင် ဘဝနှင့် ဤအိမ်ကြီးတွင် အကြောင့်ကြကင်းမဲ့စွာ နေထိုင်ခဲ့စဉ်က အပျင်းပြေ ဖတ်ရှုလေ့ ရှိခဲ့သော ကဗျာ့ပဒေသာ စာအုပ်သည် ယခုအခါတွင် ကိုင်တွယ်ဖတ်ရှုမည့်သူ မရှိတော့၍ ဖုန်များတက်လျက် ညစ်ပတ် ပေရေနေပေသည်။

မြိုင်သည် ကဗျာ့ပဒေသာစာအုပ်ကို အံဆွဲထဲမှထုတ်ယူပြီးနောက် ဖုန်များကို သုတ်သင်ရှင်းလင်းစရာ အနီးအနား၌ ဘာမျှမတွေ့ မိသောကြောင့် ပါးစပ်ဖြင့်မှုတ်ကြည့်သည်။ သို့ရာတွင် မြိုင်သည် တင်နီဆင်၏ ကဗျာများကို ဖတ်ရှုချင်သောစိတ်ကား မရှိတော့ပေ။ မြိုင်သည် စာအုပ်ကိုဖွင့်၍ ပင် မကြည့်တော့ဘဲ အံဆွဲထဲသို့ ပြန်၍ ထည့်ထားလိုက်သည်။ ထို့နောက် မှန်တင်ခုံရှေ့မှ ချာခနဲ လှည့်ထွက်လာခဲ့သည်။

အိမ်အောက်ထပ်သို့ ဆင်းလာခဲ့ပြီးနောက် မြိုင်သည် ဒေါ်လေး

ဒေါ်စောခင်နှင့်အတူ လက်ဖက်ရည် သောက်ရန်အတွက် ထမင်းစားခန်းဘက်သို့ လျှောက်လာခဲ့သည်။ ဒေါ်လေး ဒေါ်စောခင်သည် လက်ဖက်ရည်ကို ကိုယ်တိုင်ဖျော်လျက်နေရာမှ...

"မယ်အေးတစ်ယောက် သူ့အမေ ပြန်ခေါ်သွားလို့ကွယ်.... ဒေါ်လေးတို့လည်း နောက်ထပ် မိန်းကလေးတစ်ယောက် ကို ရှာနေရတယ်"

ဟု မြိုင်အား လှမ်းပြောလိုက်သည်။

"သူ့အမေက မယ်အေးကို ဘာပြုလို့ ပြန်လာခေါ်ရတာလဲ ဒေါ်လေးရဲ့... ဒီမှာ အလုပ်လုပ်နေတာ အကောင်းသားနဲ့ မဟုတ်လား"

"သူ့အဖေ ဆုံးလို့တဲ့ကွယ်"

"ဒါထက် ကိုကို့ မိန်းမ တစ်ယောက်လည်း မမြင်မိပါကလား ဒေါ်လေး.."

ဟု မြိုင်က အကြောင်းအရာသစ်ကို မေးမြန်းလိုက်သည်။

"မောင်ဇော်ဝင်း မိန်းမလည်း အလုပ်လုပ်နေတယ်လေ..."

"ကိုကို့ မိန်းမအလုပ်လုပ်နေတယ်ဟုတ်လား ဒေါ်လေး..."

"အေး.. ညည်းတို့ အရင်နေခဲ့တဲ့ သီလရှင်ကျောင်းမှာ အင်္ဂလိပ်စာပြတဲ့ ဆရာမ အလုပ်လုပ်နေတာ တစ်လ ပြည့်တော့မယ်"

"သူ့မိန်းမအလုပ်လုပ်နေတာကို ကိုကို သဘောတူရဲ့လား ဒေါ်လေးရဲ့"

"သဘောတူလို့ လုပ်တာ ဖြစ်မှာပေါ့"

မြိုင်သည် နောက်ထပ်၍ ပြောစရာစကားမကျန်တော့သဖြင့် မုန့်ပန်းကန်ထဲတွင် အသင့်လှီး၍ ထားသော သစ်သီးကိတ်မုန့်တစ်ချပ်ကို ယူစားရင်း လက်ဖက်ရည်သောက်လေသည်။ ဤကဲ့သို့ မုန့်စားလက်ဖက်ရည်သောက်၍ နေရာမှ မြိုင်သည် ၎င်း၏ယခင်က အချစ်တော်နှင်းဆီပန်းများကို ရုတ်တရက် ပြန်လည်သတိရလာသည်။

ထို့ကြောင့် ပန်းကန်ထဲမှ လက်ဖက်ရည်ကိုပင် ကုန်အောင်မသောက်နိုင်တော့ဘဲ လက်ဖက်ရည်စားပွဲမှ ထလာခဲ့သည်။ ဤကဲ့သို့ လက်ဖက်ရည်ကိုပင် ကုန်အောင် ဖြောင့်ဖြောင့်တန်းတန်း မသောက်နိုင်ဘဲ ရုတ်တရက်ထ၍ ထွက်သွားသော မြိုင့်အား နားမလည်နိုင်သကဲ့သို့ ခေတ္တမျှကြောင်၍ ကြည့်နေပြီးမှ...

"ဟဲ့ မြိုင် ... ဘယ်ထသွားရတာလဲ"

ဟု ဒေါ်လေး ဒေါ်စောခင်က မေး လိုက်မိသည်။

"ပန်းခြံထဲက နှင်းဆီပန်းတွေ သွားကြည့်မလို့ပါ ဒေါ်လေးရဲ့"

မြိုင်သည် ဒေါ်လေး ဒေါ်စောခင်ကိုလှည့်၍ မကြည့်ဘဲ ပြောဆိုကာ အိမ်ရှေ့မျက်နှာစာဘက်သို့ ကတိုက်ကရိုက် ထွက်လာခဲ့သည်။

"ဒီသူငယ်မလေးတစ်ယောက်လည်း လင်သားရတာတောင် ဒီအကျင့်မျိုးမပျောက်သေးပဲကိုး"

ဒေါ်လေး ဒေါ်စောခင်၏ ညည်းတွားသံကိုပင်လျှင် မြိုင်သည် မကြားနိုင်တော့ပေ။

မြိုင်သည် အိမ်ရှေ့မျက်နှာစာတွင် စိုက်ပျိုးထားသော နှင်းဆီပင်များအကြားသို့ ရောက်ရှိနေပေသည်။ သို့ရာတွင် နှင်းဆီပင်များသည် ဤရွှေတောင်ကြား အိမ်ကြီး၌ မြိုင်နေစဉ်ကကဲ့သို့ ဝေဝေဆာဆာနှင့် လန်းလန်းဆန်းဆန်း မရှိကြတော့ပေ။ နှင်းဆီနီကြီးများသည်လည်း ယခင်ကကဲ့သို့ ရဲရဲနီနေအောင် မဖူးနိုင်၊ မပွင့်နိုင်ရှာကြတော့ပေ။ ညှိုးနွမ်း သိမ်ငယ်လျက် ရှိကြပေသည်။

ညှိုးနွမ်းခြောက်သွေ့သောနေသော နှင်းဆီပင်များကို ကြည့်ရှုရင်း မြိုင်သည် စိတ်မကောင်းဖြစ်မိသည်။ ထိုအခိုက် တမာကူကို အသာရှူနေသော မာလီကုလားသည် နှင်းဆီပင်များအကြား၌ ရပ်နေသော မြိုင့်ကို ၎င်း၏ တဲရှေ့မှ လှမ်း၍ မြင်လိုက်သဖြင့် တမာကူ အိုးကို ဘေးသို့အသာချကာ ကတိုက်ကရိုက် ပြေးလာခဲ့သည်။

မြိုင့်အနီးတွင် ရိုရိုသေသေရပ်ကာ မာလီကုလားသည် ပျာပျာသလဲ ဖြစ်နေသည်။ မြိုင်သည် မခိုင်းစေရသည်မှာ ကြာပြီဖြစ်သော

မာလီကုလားအား ရက်ရက်စက်စက် ခိုင်းစေခြင်း ပြုလေသည်။ ပေါင်းပင်များကို ရှေးဦးစွာ ရှင်းလင်းခိုင်းပြီးနောက် မြေတောင် မြှောက်ခိုင်းလေသည်။ ထို့နောက် အချို့ နှင်းဆီ အကိုင်းအခက်များကို ကတ်ကြေးနှင့် အညှပ်ခိုင်းပြန်သည်။ အကိုင်းအခက်များကို ကတ်ကြေးနှင့် အညှပ်ခိုင်းပြီးသောအခါ ရေလောင်းခိုင်းပြန်လေသည်။ မာလီကုလားသည် ဂျင်ဂျီလည်သွားသည်။ တော်တော်ကလေးလည်း မောသွားပုံရသည်။

မြိုင်သည် အိမ်ရှေ့နှင်းဆီပင်များအကြား၌ ရပ်ကာ မာလီကုလားအား ဂျင်ဂျီလည်အောင် အမိန့်ပေးခိုင်းစေလျက်ရှိစဉ်...

"မြိုင်ရေ... လာဟေ့ မြိုင့်ဖေဖေနိုးနေပြီ.."

ဟု ဒေါ်လေး ဒေါ်စောခင်၏ လှမ်းခေါ်သံကို ကြားလိုက်ရပေသည်။

ဖခင်လုပ်သူနှင့် ရင်ဆိုင်ရမည့်အရေးအတွက် မြိုင်သည် ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွား မိသည်။ သို့ရာတွင် မြိုင်သည် ဖခင်လုပ်သူကိုလည်း အင်မတန် တွေ့ချင်လှပေသည်။ ထို့ကြောင့် မာလီကုလားအား နောက်ထပ်အမိန့်ပေးစရာ ရှိသမျှကို အမိန့်ပေးခဲ့ပြီးနောက် မြိုင်သည် နှင်းဆီပင်များအကြားမှ အိမ်ပေါ်သို့ ခပ်လေးလေး ခပ်မှန်မှန် တက်လာခဲ့လေသည်။

"သမီး မြိုင်...."

ဦးထွန်းမင်း၏ အသံမှာ အားနည်းလျက် ရှိပေသည်။

"ဖေဖေ..."

မြိုင်သည် ဖခင်လုပ်သူ၏ ခြေရင်းတွင် ဝင်၍ ထိုင်လိုက်သည်။

"သမီးက တယ်နေနိုင်တာကိုး..."

"မြိုင်လာမလို့ပါပဲ ဖေဖေရယ်.. မြိုင့်အပြစ်နဲ့မြိုင် ကြောက်နေလို့ပါ..."

ဦးထွန်းမင်းသည် ခုတင်ပေါ်၌ ပက်လက်ကလေး ငြိမ်သက်၍ နေရာမှ သက်ပြင်း ချလိုက်သည်။

"မြိုင့်ကို ဖေဖေစိတ်ဆိုးနေတုန်းပဲလား ဖေဖေရယ်..."

မြိုင်သည် တုန်ရီသောအသံ နှင့် မေးလိုက်မိသည်။

"သမီးကို ဘယ်တုန်းကမှ ဖေဖေ စိတ်မဆိုးခဲ့ရပါကလား မြိုင်ရယ်..."

"မြိုင့်သဘောနဲ့မြိုင် အိမ်ထောင်ပြုခဲ့တဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ဖေဖေ တော်တော် စိတ်ဆိုးနေလိမ့်မယ်ထင်လို့ပါ..."

"ဖေဖေ သဘောမကျတဲ့ ကိစ္စတစ်ခုကို သမီးသဘောကျလို့ လုပ်တာကို ဖေဖေက စိတ်ဆိုးလို့ ဘယ်တရားပါ့မလဲ မြိုင်ရယ်... နောက်ပြီးတော့ သမီးဟာ ငယ်တော့တဲ့ ကလေးမကလေးတစ်ယောက်မှ မဟုတ်တော့တာပဲ"

မြိုင်သည် အတော်ကလေး စိတ်သက်သာရာ ရသွားသကဲ့သို့ ငြိမ်သက်စွာ နားထောင်လျက် ရှိပေသည်။

"သမီးခုလာတာ တစ်ယောက်တည်းပဲလား၊ သမီးယောက်ျား မောင်တင်ဦးဆိုတဲ့သူငယ်ကော ပါလာသေးသလား..."

"ကိုတင်ဦး အလုပ်သွားနေလို့ မြိုင်တစ်ယောက်တည်း ဒေါ်လေးနဲ့ လိုက်လာခဲ့တာပါ ဖေဖေ..."

"သမီး ဖေဖေတို့အိမ်ကို ခုလိုလိုက်လာတာ မောင်တင်ဦး မသိသေးဘူးပေါ့ ဟုတ်လား ဟင်"

"သူ အိမ်မှာမရှိလို့ မပြောခဲ့ရဘူး ဖေဖေ၊ ဒါပေမဲ့ သမီး စာရေးထားခဲ့ပါတယ်"

"အိမ်ထောင်ကျပြီးတဲ့နောက် မိန်းကလေးများဟာ မိမိတို့လင်သားမသိဘဲနဲ့၊ ခွင့်မပြုဘဲနဲ့ ဘယ်ကိုမှ မသွားသင့်၊ မလာသင့်ဘူးဆိုတာကို သမီးနားလည်ထားဖို့ လိုတယ်.."

မြိုင်သည် ထိုအချက်ကို သဘောမတူသော်လည်း ဖခင်လုပ်သူနှင့် ယှဉ်ပြိုင်၍ အငြင်းအခုံ မပြုလိုလှသည့်အတွက် ငြိမ်သက်စွာ နားထောင်နေရလေသည်။

"သမီးကို ဖေဖေ အထူးပြောထားချင်တာကတော့ သမီးဘာသာ သမီးအိမ်ထောင်နဲ့ဖြစ်ပေမဲ့ ဖေဖေတို့အိမ်ကို ဝင်စေ ထွက်စေချင်တယ်၊ ဒီလိုဝင်တဲ့ထွက်တဲ့အခါ သမီး ယောက်ျား မောင်တင်ဦးကိုလည်း ခေါ်လာနိုင်တဲ့အခါ ခေါ်လာပါ... နောက်ပြီးတော့ သူသဘောမတူဘဲနဲ့ သမီးသဘောနဲ့သမီး ဘယ်ကိုမှ မသွားစေ မလာစေချင်ဘူး"

"ဟုတ်ကဲ့ ဖေဖေ..."

"မောင်တင်ဦးဆိုတဲ့ သူငယ်ကို ဖေဖေတစ်ခါတည်းသာ တွေ့ဖူးပေမဲ့ ဒီသူငယ်ဟာ တခြား ဖေဖေ တွေ့ဖူးသိဖူးတဲ့ သူငယ်တွေလို အစားထဲကမဟုတ်ဘဲ၊ တော်တော် အနှစ်သာရရှိတဲ့ သူငယ်တစ်ယောက်ဆိုတာကို ဖေဖေ အကဲခတ်မိတယ်... ရှေ့ကို တိုးတက်ကြီးပွားဖို့ အလားအလာလည်း အများကြီးရှိပါတယ်..."

မိမိသဘောနှင့် မိမိနှစ်သက်လက်ထပ်လာခဲ့သော ယောက်ျားလုပ်သူအား မိမိဖခင်က ဤကဲ့သို့ သဘောထားချီးမွမ်းခြင်း ပြုလိုက်သည့်အတွက် မြိုင်သည် အတော်ကလေး နှစ်သိမ့်မိသည်။ ကျေနပ်မိသည်။

"တစ်လောက မောင်သက်ထွန်း ဖေဖေ့ဆီလာလည်ရင်း မောင်တင်ဦးနဲ့ သူနဲ့ နောက်ထပ် နှစ်ယောက်စပ်ပြီး အင်္ဂလိပ်ဘာသာနဲ့ သတင်းစာတစ်စောင် ထုတ်ကြဦးမယ့် အကြောင်းတောင် ပြောသွားသေးတယ်"

"ဟင့် ကိုတင်ဦး အင်္ဂလိပ်ဘာသာနဲ့ သတင်းစာတစ်စောင် ထုတ်ဦးမလို့တဲ့လား ဖေဖေ"

"သမီး မသိသေးဘူးလား... ""

"မြိုင့်ကိုတော့ ကနေ့အထိ ဘာမှမပြောသေးဘူး ဖေဖေ..."

"အခု မောင်သက်ထွန်းဆီမှာ လခစားနဲ့ လုပ်ပေးနေတဲ့ ပြည်သူ့အလင်းသတင်းစာကို ဒိပြင် လူငယ်တွေနဲ့ ထားခဲ့ပြီး မောင်သက်ထွန်းနဲ့ မောင်တင်ဦးတို့ နှစ်ဦးပိုင် အင်္ဂလိပ် သတင်းစာတစ်စောင် ထုတ်ဖို့ အစီအစဉ်တွေတောင် တော်တော်ကလေး လုပ်ပြီးနေပြီလို့ ပြောသွားတာပဲ"

"သူ့ဆီမှာငွေလည်းမရှိပါကလား ဖေဖေ"

"ဒါတော့ ဖေဖေလည်း မပြောတတ်ဘူး မောင်သက်ထွန်းပြောတာကို ပြောရတာ"

အင်္ဂလိပ်ဘာသာဖြင့် သတင်းစာကြီးတစ်စောင် ထုတ်ဝေရမည်ဖြစ်သော အလုပ်မှာ သေးငယ်လွယ်ကူလှသော အလုပ်တစ်ခုတော့ကား မဟုတ်ပေ။ လူကိုယ်တိုင် မည်ကဲ့သို့ အရည်အချင်းများ ပြည့်စုံစေကာမူလည်း အရင်းအနှီးအတွက် ငွေကြေးကလိုလေသည်။ ကိုတင်ဦးသည် ထိုသတင်းစာအတွက် အရင်းအနှီးငွေကြေးကို ဘယ်ကရနိုင်မည်နည်း။ မိမိတို့ လက်ထပ်ကြစဉ်က ကိုသက်ထွန်းလက်ဖွဲ့လိုက်သော ငွေတစ်ထောင်နှင့် ယခင် သူ စုဆောင်းရှာဖွေထားသော ငွေတစ်ထောင့်ငါးရာသာသာခန့်နှင့်ပါ မြိုင်၏လက်ထဲ၌ ငွေနှစ်ထောင့်ငါးရာ၊ သုံးထောင်လျော့လျော့ခန့်ရှိသည်။ အင်္ဂလိပ်သတင်းစာကြီးတစ်စောင်ကို ကိုသက်ထွန်းနှင့် ဖက်စပ်လုပ်ကိုင်မည်ဆိုသော ကိုတင်ဦးသည် မိမိလက်ထဲ၌ ရှိသော ငွေသုံးထောင်လျော့လျော့ခန့်နှင့် မည်ကဲ့သို့ လုပ်ကိုင်နိုင်ပါမည်နည်း။

မြိုင်သည် စဉ်းစား၍ နားမလည်ပေ။ မိမိနှင့်လက်မထပ်မီက သီးသန့်အိမ်တစ်လုံးသတ်သတ်ရှာဖွေပါမည်ဟု ကတိထားခဲ့ပြီးနောက် ယခုထက်တိုင် ထိုကတိကို မလုပ်ဆောင်သေးသော ကိုတင်ဦး၏ ပျက်ကွက်ချက်ကိုလည်း ယခုမှပင် ဤအင်္ဂလိပ်သတင်းစာ ထုတ်ဝေမည်ဆိုသော သတင်းနှင့် ဆက်စပ်၍ နားလည်လာရပေသည်။

"တကယ်လို့ မောင်တင်ဦးက မောင်သက်ထွန်းနဲ့ အလုပ်လုပ်တဲ့အခါ သမီးတို့မှာ ငွေလိုလာရင် ဖေဖေ့ကိုပြောနော် ဟုတ်လား... သမီးအတွက် သတ်သတ်ခွဲထားတဲ့ ဘဏ်က ငွေတွေ ကျန်သေးတယ်..."

ဟု ဖခင်လုပ်သူက မမျှော်လင့်သော အားပေးစကားကို ပြောကြားလိုက်သဖြင့် မြိုင်သည် အတော်ကလေး အံ့အားသင့်သွားသည်။ ယခင်က မိမိ အတွက် ဘဏ်တွင် ငွေတစ်သောင်းကျော်ကျော်ထားရှိပေးထားခဲ့ရာမှ အစ်ကိုလုပ်သူ အတွက် ငွေခြောက်ထောင်ခွဲပေးလိုက်ရသဖြင့် ငွေလေးထောင်ကျော် ကျန်ရှိနေသေးသော ကိစ္စကိုပင် မြိုင်သည် မေ့လျော့နေခဲ့ရာ ယခုကဲ့သို့ဖခင်လုပ်သူက သတိပေးပြောဆို လိုက်တော့မှပင် မြိုင်သည် မိမိရသင့်ရထိုက်သော အခွင့်အရေးကို ပြန်လည် သတိရလာသည်။ သို့ရာတွင် ဂုဏ်သဘောမတူသော လူတစ်ယောက်နှင့် လက်ထပ်သွားခဲ့သော သမီးလုပ်သူ ထိုငွေများကို ယခုလောက် လွယ်လွယ်ကူကူနှင့် ပေးကမ်းလိမ့်ဦးမည်ဟု မြိုင်သည် မထင်မှတ်ခဲ့ပေ။ ထို့ကြောင့် ဘာမှပြန်မပြောနိုင်ဘဲ ငိုင်၍ နေမိသည်။

"ဖေဖေပြောတာ ကြားရဲ့မဟုတ်လား သမီး"

ဟု ဖခင်လုပ်သူက ထပ်၍ မေးမြန်းလာတော့မှပင်...

"ဟုတ်ကဲ့ ဖေဖေ"

ဟု မြိုင်သည် ပြန်လည်ဖြေကြားနိုင်လိုက်ပေသည်။

"ဖေဖေပြောတာ မှတ်ထားနော် ဟုတ်လား သမီး..."

"ဟုတ်ကဲ့ ဖေဖေ "

"ဖေဖေ ပြောချင်တာကတော့ ဒါပါပဲကွယ်... ဒါထက် စောခင်တစ်ယောက် ခုထက်ထိ ဖေဖေ့အတွက်

ကော်ဖီယူမလာသေးဘူးလားဟင်…”

"ဒါဖြင့် မြိုင်ဒေါ်လေးကို သွားပြောလိုက်မယ်လေ ဖေဖေ…"

“အေးအေး သမီးနဲ့ စကားပြောရတာနဲ့ ဖေဖေလည်း ဆာလာတယ်…”

ဟု ဖခင် လုပ်သူက ပြောဆိုလာသဖြင့် မြိုင်သည် ဖခင်၏ ခုတင်ခြေရင်းမှ အသာထကာ အခန်း တွင်းမှ ပြန်ထွက်လာသည်။

အိမ်အပေါ်ထပ်မှ ဆင်းလာခဲ့ပြီးနောက် ဒေါ်စောခင် ကော်ဖီဖျော်နေသော ထမင်း စားခန်းအတွင်းသို့ မြိုင် ဝင်လာသောအခါ ရွှေတောင်ကြားအိမ်ဝင်းအတွင်းသို့ ကားသစ်ကြီးတစ်စီးသည် ခပ်မှန်မှန် မောင်းဝင်လာပြီးနောက် အိမ်ရှေ့ဆင်ဝင်အောက်တွင် ညင်သာစွာ ထိုး၍ ရပ်လိုက်သည်။

ကော်ဖီ ဖျော်၍ နေရာမှ…

“ဘယ်သူများလဲဟဲ့ မြိုင် ကြည့်စမ်းပါဦး..”

ဟု ဒေါ်လေး ဒေါ်စောခင်က ခိုင်းလိုက်သဖြင့် မြိုင်သည် ထမင်းစားခန်းအတွင်းမှ အိမ်ရှေ့သို့ ခပ်သုတ်သုတ် ထွက်လာသည်။

“ဟေး မြိုင်”

လဲ့လဲ့သည် ကားပေါ်မှ ရုတ်ခနဲလှမ်းအော်ခေါ်ပြီးနောက် ကားတံခါးကို အတင်းအဓမ္မတွန်းဖွင့်၍ ဆင်းလာပြီးလျှင် မြိုင့်အား အားရဝမ်းသာ ဖက်ထားလိုက်သည်။

မမျှော်လင့်ဘဲနှင့် လဲ့လဲ့ကို ဖြုန်းစားကြီး တွေ့လိုက်ရသော မြိုင်သည် ဝမ်းနည်း ဝမ်းသာဖြစ်ကာ ဘာမျှမပြောတတ် မဆိုတတ်နှင့် ခပ်ကြောင်ကြောင် ဖြစ်နေမိသည်။

“မြိုင်တို့ ဖေဖေကို လာကြည့်တာလားဟင် မြိုင်”

လဲ့လဲ့၏မိခင်ဖြစ်သူ ဒေါ်မိမိခင်
သည်လည်း ကားပေါ်မှဆင်းလိုက်၍ လာရင်း မြိုင့်အား

မေးမြန်းနှုတ်ဆက်လေသည်။

"ဟုတ်ကဲ့ ကြီးကြီး- ကြီးကြီးကတော့ နေကောင်းပါရဲ့ မဟုတ်လား"

မြိုင်သည် မိမိအားဖက်၍ ထားသော လဲ့လဲ့ကို အမှတ်မထင် ပြန်၍ ဖက်ရင်း ဒေါ်မိမိခင်အား ပြန်လည် နှုတ်ဆက်ပြောကြားလိုက်သည်။

"မြိုင့်ဖေဖေကော ဘယ်လိုများနေသေးသလဲ ကြီးကြီးတို့လည်း မရောက်တာ တော်တော် ကလေး ကြာသွားလို့ ကနေ့မှပဲ လာဖြစ်တော့တယ်..."

လူချင်း ဖြုန်းခနဲ တွေ့လိုက်ရ ၍သာလျှင် စကားပြောဆိုခြင်း ပြုလိုက်ရသော်လည်း ဒေါ်မိမိခင်၏အမူအရာသည် မြိုင့် အပေါ်၌ လဲ့လဲ့ကဲ့သို့ကား ဟက်ဟက်ပက်ပက်ရှိလှပုံ မရပေ။ ဒေါ်မိမိခင်သည် ၎င်း၏တူ ကိုသက်တင်အား ငြင်းပယ်၍ သတင်းစာတိုက်မှ အလုပ်သမားတစ်ယောက်နှင့် လက်ထပ်သွားခဲ့သော မြိုင်၏အပေါ်၌ ယခုထက်တိုင်များစွာ ကျေနပ်ပုံလည်း မရသေးပေ။

"ဖေဖေ တော်တော်ကလေးနေသာထိုင်သာပါပဲ ကြီးကြီးရဲ့.."

ဟု မြိုင်က ပြန်ပြော နေသည့်အခိုက် ဒေါ်စောခင်သည် ထမင်းစားခန်းထဲမှ ထွက်လိုက်၍ လာပြီးလျှင်...

"သြော်... မမခင်တို့ သားအမိပါလား အိမ်ထဲ ဝင်ကြဦးလေ"

ဟု အိမ်အတွင်းသို့ ဖိတ်ခေါ်လေသည်။

"ငါလည်း နင့်အစ်ကိုကြီးဆီ မရောက်တာကြာလို့ ဘယ်လိုများနေသေးသလဲဆို မေးရအောင်လှည့်လာခဲ့တာပဲ စောခင်... ညည်းကော နေထိုင်ကောင်းရဲ့တော့ မဟုတ် လား"

ဒေါ်မိမိခင်သည် ဧည့်ခန်းဘက်သို့ဝင်လာရင်း ဒေါ်စောခင်အား လှည့်၍ ပင် မကြည့်ဘဲ ပြောဆိုလိုက်သည်။

"အစ်ကိုကြီးကတော့ ဒီလိုပါပဲ မမခင်၊ ဒါထက် မမခင် အိမ်ပေါ်ထပ် တက်ပါဦး ကျွန်မလည်း အစ်ကိုကြီးအတွက် အခုပဲ ကော်ဖီဖျော်ပြီး

အပေါ်ထပ်သွားပို့တော့မလို့ဆဲဆဲ မမခင်တို့ ကားသံကြားလို့ မြိုင့်ကို လွှတ်ကြည့်ခိုင်းလိုက်တာ”

ဟု ပြောဆိုကာ ဒေါ်စောခင်သည် ထမင်းစားခန်းဘက်သို့ လှည့်ထွက်သွားပြီးနောက် ခေတ္တမျှကြာသောအခါ ကော်ဖီပန်းကန်ကို လင်ပန်းထဲတွင် ထည့်၍ ယူကာ ပြန်ထွက်လာသည်။

“ကဲ သမီး မြိုင်နဲ့ စကားပြောရစ်နေဦးနော်... မေမေ လူမမာ တက်ကြည့်လိုက်ဦး မယ်...”

သမီးလုပ်သူ လဲ့လဲ့အား မှာကြားပြောဆိုခဲ့ပြီးနောက် ဒေါ်မိမိခင်သည် ဒေါ်စောခင်နှင့်အတူ အပေါ်ထပ်သို့ တက်လိုက်ပါသွားသည်။

အိမ်ဧည့်ခန်းထဲတွင် နှစ်ယောက်တည်း ကျန်ရစ်ခဲ့သော လဲ့လဲ့နှင့်မြိုင်တို့သည် တစ်ဦး နှင့်တစ်ဦး အတန်ကြာမျှ စကားပြောဆိုခြင်း မပြုနိုင်ကြသေးဘဲ ခပ်စိမ်းစိမ်း ရှိနေကြပြီးမှ...

“မြိုင့်မင်္ဂလာဆောင်တုန်းက ကိုယ်ကိုယ်တိုင် မလာနိုင်တာကိုတော့ ဘယ်လိုမှ သဘော မထားစေချင်ဘူးကွယ်...”

ဟု လဲ့လဲ့ကပင် စတင်၍ အကြောင်းအရာဟောင်းကို အသစ် ဖော်ကာ ပြောဆိုလေသည်။

ဤကဲ့သို့ မြိုင်ကပင် မေ့လျော့နေပြီဖြစ်သော အကြောင်းအရာအဟောင်းတစ်ခုကို လဲ့လဲ့က ပြန်လည်ထုတ်ဖော်ပြောဆိုလိုက်သည့်အတွက် မြိုင့်အဖို့ အသစ်ပြန်ဖြစ်လာပေသည်။

“လဲ့မလာနိုင်တဲ့အကြောင်းကို နောက်တော့ ကိုယ်လည်း စဉ်းစားမိပါတယ်... ကိုယ့်စိတ်ထဲက ဘယ်လိုမှလည်း မအောက်မေ့ပါဘူး...”

ဟု မြိုင်က ပြန်ပြောလိုက်သည်။

“မင်း ယောကျ်ားကို ပြောလို့စိတ်ဆိုးရင်လည်း ကိုယ်က တောင်းပန်ရမှာပေါ့ကွယ်၊ ဒါပေမဲ့ မင်း ဒီလိုလူတစ်ယောက်နဲ့ ခုလိုလက်ထပ်သွားတာကိုတော့ ခုထက်ထိ စိတ်ထဲမှာ

တစ်မျိုးကြီးဖြစ်နေတုန်းပဲ…”

“ကိုယ် စိတ်မဆိုးတတ်ပါဘူးကွဲ့..၊ ဒါထက် အစ်ကိုကြီးကိုသက်ထွန်းတစ်ယောက်ကော နေလို့ထိုင်လို့ ကောင်းရဲ့လား"

“အေး… ကောင်းပါတယ်… ဪ ဒါထက် တစ်လောက ကိုသက်တင်ကိစ္စကိုကော မင်းကြားလိုက်သေးသလား”

“ကိုသက်တင်ဘာဖြစ်လို့လဲကွဲ့၊ ကိုယ်တော့ ကိုယ့်အိမ်ထောင်ကိစ္စတွေနဲ့ကိုယ်မို့လို့ ဘာမှ မကြားလိုက်မိဘူး”

“နယ်လီဘထွန်းနဲ့ ကိစ္စလေကွယ်… မင်း ဘာမှ မကြားလိုက်သေးဘူးလား”

“နယ်လီဘထွန်းနဲ့ ဘာဖြစ်လို့လဲ၊ ကိုယ်တော့ဘာမှ မသိလိုက်ဘူး…"

“လူကြီးတွေက သူ့ကိုနယ်လီနဲ့ လက်ထပ်ပေးဖို့ စီစဉ်ကြတဲ့ ကိစ္စကို သူက ငြင်းလိုက်တာလေ”

“ဪ.. နယ်လီနဲ့ ကိုသက်တင်ကို လူကြီးတွေက လက်ထပ်ပေးဖို့ စီစဉ်ကြသတဲ့လား"

“ကိုသက်တင်ဆိုတဲ့ လူကလည်း တစ်မျိုးပါကွယ်၊ သူ့အကြောင်းတောင် မပြောချင်ပါဘူး”

“နယ်လီ့ကို ကိုသက်တင်က ဘာပြုလို့ ငြင်းလိုက်ရသတဲ့လဲကွယ်…၊ နယ်လီဟာ သနားစရာပါပဲ”

“ဒါကြောင့်မို့ သူ့အကြောင်းကို မပြောချင်ပါဘူးလို့ ကိုယ်ကပြောတာပေါ့ကွယ်”

“နယ်လီတစ်ယောက် သနားစရာပါပဲကွယ်”

“ဪ… ဒါထက် မင်းကို ကိုယ်မေးချင်တာတစ်ခု ခုမှသတိရတယ်”

“ဘာများလဲကွဲ့”

“မင်းကိုကိုလတ် တစ်ယောက် မင်းတို့အိမ်များ အလည်အပတ် လာတတ်သေး သလားဟင်”

“အေးဟယ်... မင်းပြောမှပဲ ကိုကိုလတ်တစ်ယောက်အကြောင်း သတိရတော့တယ်၊ ကိုယ်တို့ လက်ထပ်တဲ့ညက တစ်ခေါက်လာလည်ပြီး နောက်ထပ် တစ်ခါမှကို မတွေ့ရသေးဘူး၊ လေးလလောက်တောင် ရှိသွားပြီထင်တယ်”

“သူ့မိန်းမ သတင်းကော မင်းကြားပြီးပြီလား ဟင်...”

“မေခင်တစ်ယောက် ဘာဖြစ်လို့တဲ့လဲ”

“ကလေးမျက်နှာ မြင်ပြီးကတည်းက မီးယပ်ရူး ရူးနေတယ်ဆိုပဲ...”

“ဟင် ဒါ အဟုတ်ပဲလားကွဲ့၊ ကိုယ်တော့ ဘာမှမသိသေးဘူး....”

“သူ့မိန်းမအခြေအနေက တော်တော်ကလေးဆိုးနေလို့ သူ့ကလေးကိုတောင် သူ့ မိန်းမနဲ့ မထားရဲဘဲ ကိုလတ် မိဘများအိမ် ပို့ထားရတယ် ဆိုတာကိုကော မင်းမသိသေးဘူးနဲ့တူတယ်”

“ဟင့်အင်း... ဒါတွေ ကိုယ်ဘာမှ မသိဘူး”

“မင်းမသိပေမဲ့ မင်း ကိုတင်ဦးတော့ သိပါလိမ့်မယ်”

“ကိုတင်ဦးလည်း ဘာမှပြောသံမကြားမိပါလား၊ အော် လွန်ခဲ့တဲ့ဆယ်ရက်လောက် ကတော့ ကိုကိုလတ် သူ့အလုပ်တိုက်ကို လိုက်လာပြီး ငွေနှစ်ရာချေးသွားတဲ့အကြောင်းတော့ ပြောသံကြားမိတယ်၊ အဲဒီ ငွေနှစ်ရာဟာလည်း မေခင့် ဆေးဖိုးအတွက်လို့ ပြောသံ ကြားလိုက်ရတယ်”

“မင်းနဲ့ လူချင်းမတွေ့ ရတာ ကြာလို့ စကားပြောချင်တာတွေတော့ အများကြီးပါပဲကွယ်... ဒါထက် မင်း ဘယ်အချိန်လောက် အိမ်ပြန်ရမှာလဲ...”

“ဘယ်အချိန်ပဲဖြစ်ဖြစ် ဖြစ်ပါတယ်..."

“ဒါဖြင့် ကိုယ်တို့အိမ် လိုက်လည်ပါဦးလား...”

“လိုက်တော့ လိုက်တာပေါ့၊ ဒါပေမဲ့ သိပ်မိုးချုပ်အောင် နေလို့တော့မဖြစ်သေးဘူး ထင်တယ်..."

“ဘာလဲ မင်း ယောက်ျားက ကိုယ်တို့အိမ်လာလည်တာကို မကြိုက်လို့လား”

“ဒီလိုလည်းမဟုတ်ပါဘူးကွယ်... ကိုယ်လက်ထပ်ပြီးကတည်းက တစ်ခါမှ အိမ်မလည်ဖူးသေးပါဘူး... "

“ဒါဖြင့်ကနေ့ည ညစာ ကိုယ်တို့အိမ်မှာ စားပြီးမှပြန်ရမယ်နော်... ဟုတ်လားမြိုင်၊ မင်းပြန်တော့ ကိုယ်တို့အိမ်က ကားနဲ့ကိုယ်ကိုယ်တိုင် လိုက်ပို့ပေးမှာပေါ့...”

ဤကဲ့သို့ လဲ့လဲ့က ဇွတ်အတင်းဖိတ်ခေါ်နေသော ကိစ္စကိုကား မြိုင်သည်ငြင်းပယ်၍ မဖြစ်ပေ။ ၎င်းအပြင် မြိုင်ကိုယ်တိုင်ကလည်း အလည်အပတ် မရောက်သည်မှာ ကြာမြင့်ပြီဖြစ်သော လဲ့လဲ့တို့အိမ်သို့လည်း လည်ပတ်ချင်စိတ် ရှိနေပေသည်။ လဲ့လဲ့နှင့် ဒေါ်မိမိခင်တို့ သားအမိ ရွှေတောင်ကြားအိမ်မှ ပြန်ထွက်သွားကြသောအခါ မြိုင်သည် လဲ့လဲ့တို့သားအမိနှင့်အတူ ရှစ်မိုင်ဘက်သို့ လိုက်ပါ၍ သွားလေသည်။

ရှစ်မိုင်ဘက်တွင်ရှိသော လဲ့လဲ့တို့ အိမ်သို့ရောက်သောအခါ လဲ့လဲ့သည် ၎င်း၏ ထုံးစံအတိုင်း မြိုင့်အား ၎င်း၏အခန်းအတွင်းသို့ ရှေးဦးစွာခေါ်ဆောင်သွားပြီးနောက် ၎င်း၏ ဗီရိုကြီးထဲ၌ နောက်ဆုံးဝယ်ခြမ်းထည့်သွင်းထားသော အဝတ်အစားများကို ပြသလေသည်။

"ဒါက အမေရိကန်မှာ နောက်ဆုံးပေါ်တဲ့ နိုင်လွန်ကွဲ့. မြိုင်ရဲ့၊ တစ်လောက ကုလသမဂ္ဂ အစည်းအဝေးသွားတက်ရင်း ကိုယ့်မိတ်ဆွေတစ်ယောက် ဝယ်လာပေးတာ..."

လဲ့လဲ့ပြောဆိုသော စကားများကို မြိုင်သည် နားထောင်သူ သက်သက်မျှသာ ဖြစ်နေပေသည်။ ၎င်းအပြင် မြိုင်လက်ထပ်ပြီးခဲ့သည့်အချိန်မှစ၍ မိမိအတွက် မည်သည့် အဝတ်အစားမှ မဝယ်ခြမ်းနိုင်သေးသော မိမိ၏ဘဝကိုလည်း မြိုင်သည် ပြန်လည်စဉ်းစား နေမိပေသည်။

အဝတ်အစားများကို ပြသပြီးနောက်၊ လဲ့လဲ့က နီလာဖြူ ရင်ထိုးကလေး တစ်ခုကို ပြသပြန်လေသည်။

"ဒါကတော့ ကိုယ့်ဘာသာ ကိုယ်သဘောကျလို့ တစ်လောကပဲ ဝယ်လာခဲ့တာကွဲ့၊ လေးရာ့ငါးဆယ်တောင် ပေးရတယ်..."

မြိုင်သည် လဲ့လဲ့ကလှမ်း၍ ပေးလိုက်သော နီလာဖြူရင်ထိုးကလေးကို ကိုင်ယူ၍ ကြည့်ရင်း လေးရာ့ငါးဆယ်မျှ ပေးရသော ရင်ထိုးကလေးကို အံ့သြနေပေသည်။ လဲ့လဲ့ အလှထိုးရန် ဝယ်ယူလိုက်သည်ဆိုသော နီလာဖြူရင်ထိုး၏ တန်ဖိုးသည် မိမိ၏ အိမ်စရိတ် နှစ်လစာမျှလောက်ကုန်ကျခြင်းနှင့်လည်း ရုတ်တရက် နှိုင်းယှဉ်ကြည့်မိလေသည်။

လဲ့လဲ့က ပြသရန်ရှိသောအတွင်းပစ္စည်းများကို ကြည့်ရှုရပြီးနောက် မြိုင်သည် ပန်းခြံထဲသို့ဆင်း၍ လဲ့လဲ့နောက်ထပ် ဝယ်ယူစိုက်ပျိုးထားသည်ဆိုသော ပန်းပင်များကို လိုက်လံကြည့်ရှုရလေသည်။ လဲ့လဲ့၏ ပန်းပင်များကို လိုက်လံကြည့်ရှုရစဉ်

မြိုင်သည် ရေကျော်ကအိမ်နှင့် လင်ဖြစ်သူ ကိုတင်ဦးတို့ကိုပင် မေ့လျော့ကာ၊ ၎င်းကိုယ်ကို အပျိုကလေး တစ်ယောက်ပမာ ပြန်လည်ထင်မှတ်လျက်ရှိပေသည်။ လှပသော ပန်းပင်များအကြား၌ ကြည်နူးနေမိပေသည်။ လဲ့လဲ့တို့၏ ခြံကြီးထဲ၌ တစ်နာရီသာသာခန့်မျှ လှည့်ပတ်ကြည့်ရှုပြီးနောက်၊ အိမ်ကြီးဆီသို့ ပြန်လာကြသောအခါ၊ ညနေလေးနာရီခွဲသွားပြီကား ဖြစ်လေသည်။ သို့ရာတွင် မြိုင်သည် ရေကျော်အိမ်နှင့် လင်လုပ်သူတို့ကို သတိမရသေးပါ။ အိမ်ကြီးအတွင်းသို့ ရောက်သောအခါ လဲ့လဲ့က မြိုင့်အား ဧည့်ခန်းဘက်သို့ ခေါ်ဆောင်သွားပြီးနောက် ပီယာနိုခုံတွင် အထိုင်ခိုင်းပြန်လေသည်။ လဲ့လဲ့က ပီယာနိုအဖုံးကို ကိုယ်တိုင်ဖွင့်ပေးလိုက်ရင်း...

"မြိုင့်လက်သံ နားမထောင်ရတာ ကြာလှပြီ.."

ဟု ပြောဆိုကာ ပီယာနို အတီးခိုင်းသည်။ လင်ရပြီးကတည်းက ပီယာနိုခလုတ်နှင့် လက်နှင့် မတွေ့ ခဲ့ရတော့ပေ။ ထို့ကြောင့်လည်း မြိုင်သည် ခပ်အမ်းအမ်း ခပ်ကြောင်ကြောင် ဖြစ်နေသည်။ ပီယာနို ခလုတ်များကို တစ်လှည့်၊ လဲ့လဲ့ကိုတစ်လှည့် ကြည့်နေမိသည်။

"ဘာဖြစ်နေလို့လဲ မြိုင်ရဲ့၊ စမ်းကြည့်စမ်းပါဦး"

ဟု ဘေးမှ စောင့်ဆိုင်းနေရခြင်းကို သည်းညည်းမခံနိုင်တော့သည့်ပမာ လဲ့လဲ့က တိုက်တွန်း ပြောဆိုလိုက်သည်။ မြိုင်သည် လဲ့လဲ့အား တစ်ချက်မျှပြုံး၍ ကြည့်လိုက်ပြီးနောက် ပီယာနိုကို မရဲတရဲ လျှောက်၍ စမ်းကြည့်လိုက်သည်။ ပီယာနိုခလုတ်များနှင့် လက်နှင့် ဝေးနေရသည်မှာ ကာလအတန်ကြာသွားပြီဖြစ်၍ ခပ်စိမ်းစိမ်းဖြစ်နေသည့်အလျောက်၊ ဖြောင့်ဖြောင့် တန်းတန်းပင် အသံစမ်း၍ မရအောင်ဖြစ်နေသည်။

ဟိုကြောင်ဒီကြောင်ဖြစ်နေသော မြိုင်၏လက်သံကို နားထောင်နေရာမှ...

"မြိုင်လည်း ဒီလူနဲ့ ရပြီးကတည်းက အကုန်လုံးပျက်ကုန်တော့တာပဲ ထင်ပါရဲ့ကွယ်"

ဟု အမှတ်တမဲ့ ပြောဆိုလိုက်သည်။ လဲ့လဲ့သည် ၎င်း၏ ရင်ထဲ၌

မကျေနပ်ဖြစ်နေသော သဘောထားနှင့် ခံစားချက်ကို လွှတ်ခနဲ ပြောဆိုလိုက်ခြင်းမျှသာ ဖြစ်သော်လည်း မြိုင့်အဖို့ရာတွင်ကား လှုပ်လှုပ်ရှားရှား ဖြစ်သွားပေသည်။ ယခင် ကိုတင်ဦးနှင့်မညားမီ လဲ့လဲ့က ကိုတင်ဦး အကြောင်းနှင့် ပတ်သက်၍ ဘာပဲ ပြောလိုက်ပြောလိုက် ကိုတင်ဦး၏ ဘက်မှနေ၍သာ နာခဲ့သော မြိုင်သည် ယခုအခါ၌ ယခင်တုန်းကကဲ့သို့ နာကျင်ခြင်းမဖြစ်မိတော့သည့်အပြင် လဲ့လဲ့ပြောဆိုသော စကားကိုပင် သဘောတူသကဲ့သို့ ထောက်ခံချင်သလိုလိုဖြစ်မိသည်။ ကိုတင်ဦးနှင့် လက်ထပ်လိုက်မိခဲ့ခြင်းသည်ပင် မှားခြင်းကြီးမကမ မှားခဲ့သော အလုပ်တစ်ခု ကဲ့သို့ပင် ထင်ယောင်ထင်မှားလည်း ဖြစ်လာမိသည်။ ဤကဲ့သို့ စိတ်ထဲ၌ ထင်မြင်ဖြစ်ပေါ် လာသည့်အတွက် ပီယာနိုတီးခတ်စမ်းသပ်ကြည့်နေသော အလုပ်ကို မြိုင်သည် မေ့လျော့သွားမိလေသည်။

"တီးပါကွဲ့ မြိုင်ရဲ့….၊ မင်းကဘာဖြစ်သွားရပြန်တာလဲ"

ဟု လဲ့လဲ့ကအေးမှဝင်၍ သတိပေးပြောဆိုလိုက်တော့ကာမှပင် မြိုင်သည် မိမိ၏ ကြောင်နေမိသော အဖြစ်ကို ရုတ်တရက်သတိရလာသည်။ ထိုသို့ သတိရလာလျှင် ရလာခြင်း မြိုင်သည် နောက်ထပ်၍ ပီယာနိုတီးချင်စိတ် မရှိတော့သကဲ့သို့ ပီယာနိုထိုင်ခုံတွင် ထိုင်နေရာမှ ရုတ်တရက် ထလိုက်မိသည်။

လဲ့လဲ့သည် မြိုင့်ကို နားမလည်နိုင်သကဲ့သို့ မျက်လုံးပေကလပ် ပေကလပ်နှင့် ကြည့်နေသည်။

"ကိုယ် ပီယာနို တီးလို့ မဖြစ်ပါဘူး လဲ့ရယ်..၊ မတီးပါရစေနဲ့တော့"

ဟု ပြောဆိုကာ မြိုင်သည် ပီယာနိုအဖုံးကို ပြန်ပိတ်လိုက်သည်။

"အို… မြိုင်ကလည်း ဘာဖြစ်လို့လဲဟင်"

လဲ့လဲ့သည် ရုတ်တရက် ပြောင်းလွဲသွားသော မြိုင်၏အမူအရာနှင့် အပြောအဆိုကို နားမလည်နိုင်သကဲ့သို့ ပြန်လည်၍ မေးလိုက် မိသည်။

"ဘာမှမဖြစ်ပါဘူးကွယ်…၊ ကိုယ့်ကိုဘာမှ မေးမနေပါနဲ့တော့"

ဒါပဲပြောဆိုကာ မြိုင်သည် ပီယာနိုခုံမှ ထွက်လာခဲ့ပြီးလျှင်

ကုလားထိုင်တစ်လုံးတွင် သွား၍ တယောက်တည်း ထိုင်နေလိုက်သည်။

လဲ့လဲ့သည်မြိုင့်အား ဘာပြော၍ ဘာဆိုရမှန်းမသိအောင် ဖြစ်နေသည်။ ထို့ကြောင့် မြိုင်ထိုင်နေသော ကုလားထိုင်အနီးရှိ ကုလားထိုင် အလွတ်တစ်လုံးတွင် ဝင်၍ ထိုင်လိုက်ပြီးနောက်…

“မင်း ကောင်းကောင်းမှ နေကောင်းရဲ့လား မြိုင်ရဲ့”

ဟု မေးမြန်းလိုက်မိသည်။

လဲ့လဲ့က ဤသို့ပူပန်စွာ မေးမြန်းလာတော့မှပင် မြိုင်သည် အချိန်အနည်းငယ်အတွင်း ပြောင်းလဲသွားခဲ့သော မိမိ၏အဖြစ်နှင့် အမူအရာကို ပြန်၍ သတိရဆင်ခြင်မိပြီးလျှင် အိမ်ရှင် လဲ့လဲ့အား များစွာ အားနာသကဲ့သို့ ဖြစ်မိသည်။

“ကိုယ် ဘာမှမဖြစ်ပါဘူး လဲ့ရဲ့၊ ခေါင်းထဲမှာ ရုတ်တရက် မူးနောက်နောက်ဖြစ် သွားလို့ပါ”

မြိုင်သည် လဲ့လဲ့၏လက်ကို ရုတ်တရက်ဖမ်းဆုပ်၍ ကိုင်လိုက်ပြီးနောက်၊ လဲ့လဲ့စိတ်ပြေသွားအောင် လုပ်ကြံပြောဆိုလိုက်ရသည်။

“ခေါင်းထဲက မူးနောက်နောက်ဖြစ်နေရင်၊ မင်း ခဏလောက် ငြိမ်ငြိမ်ကလေး ထိုင်နေလိုက်ဦးနော် မြိုင်၊ ကိုယ် အော်ဒီကလုံးသွားယူလိုက်ဦးမယ်”

လဲ့လဲ့သည် ပျာပျာသလဲ ပြောဆိုကာ ရုတ်တရက်ထ၍ သွားသည်။ ဤကဲ့သို့ လဲ့လဲ့ အိမ်ပေါ်ထပ်သို့ အော်ဒီကလုံး ရှာဖွေယူရန် တက်သွားပြီးနောက် မြိုင်တယောက်တည်း ဧည့်ခန်းထဲတွင် ငြိမ်သက်စွာ ထိုင်၍ နေစဉ်၊ လဲ့လဲ့တို့ခြံကြီးအတွင်းသို့ မော်တော်ကားတစ်စီးသည် ခပ်မှန်မှန် မောင်းဝင် လာပြီးလျှင်၊ ဆင်ဝင်အောက်၌ ညင်သာစွာ ထိုးရပ်လိုက်သည်။ ကားပေါ်မှ ကိုသက်တင် ဆင်းလာပြီးနောက် အိမ်ပေါ်သို့ တက်၍ လာသည်။ ဧည့်ခန်းထဲသို့ အဝင်တွင် ကိုသက်တင် မမျှော်လင့် မထင်မှတ်ဘဲနှင့် မြိုင့်ကို ရုတ်တရက်တွေ့ မြင်လိုက်ရသောအခါ ၎င်း၏ခြေလှမ်း များသည် ရပ်တန့်သွားသည်။ ကိုသက်တင်နည်းတူ မမျှော်လင့်ဘဲ တွေ့ဆုံလိုက်ရသည့် အတွက် မြိုင်လည်း ဘာမျှ ပြောဆိုနှုတ်ဆက်ခြင်းမပြုနိုင်ဘဲ ပါးစပ်အဟောင်းသားနှင့် ငေးမော၍

ကြည့်ရှုနေမိသည်။

ဤကဲ့သို့ တစ်ဦးနှင့်တစ်ဦး နှုတ်ဆက်စကားပြောခြင်းမပြုနိုင်ဘဲ တစ်ဦးကိုတစ်ဦး အတန်ကြာမျှ ကြောင်၍ ကြည့်နေကြပြီးမှ...

"မြိုင် နေကောင်းတယ်နော်..."

ဟု ကိုသက်တင်က ရှေးဦးစွာ နှုတ်ဆက်မေးမြန်းခြင်း ပြုလိုက်သည်။

"ကောင်းပါတယ်၊ ကိုသက်တင်တို့ မေမေတစ်ယောက်ကော နေထိုင်ကောင်းရဲ့မဟုတ်လား... ဟင်..."

မြိုင်သည် ပြန်လည်ပြောကြားခြင်းသာ ပြုလိုက်ရသော်လည်း အသံသည် မူမမှန်လှပဲ တုန်ရီလျက်ရှိပေသည်။

"မေမေကတော့ ဒီလိုပါပဲ မြိုင်၊ ဒါထက် မြိုင်တို့ဖေဖေ အိမ်ကိုကော ရောက်သေးသလား၊ ကိုသက်တင်လည်း မြိုင်လက်ထပ်သွားပြီးကတည်းက ရွှေတောင်ကြားအိမ်ကို တစ်ခေါက်မှ မရောက်နိုင်သေးဘူး...."

အနက်အဓိပ္ပာယ်ပါပါနှင့် ပြောဆိုလိုက်သောကို သက်တင်၏စကားကို မြိုင်သည် ကောင်းစွာ နားလည်လိုက်ပေသည်။

"မြိုင်လည်း ကနေ့မှပဲ ရွှေတောင်ကြားအိမ်ကို ရောက်တယ်၊ ဖေဖေတော့ နေလို့ ကောင်းသားပါပဲ..."

"မြိုင်တို့ အခု ရေကျော်ထဲမှာ နေကြတယ်ဆို ဟုတ်လား၊ အိမ်က ဘယ်နားမှာလဲ...."

"ရေကျော်လမ်းမကြီးမှာပဲ၊ အရင် တို့ဗမာအစည်းအရုံးအဆောက်အဦနဲ့ နီးတယ်"

"ကိုယ်ချစ်တဲ့လူနဲ့ အတူတူနေရလို့ မြိုင်တော့ ပျော်နေမှာပဲနော်"

ကိုသက်တင်က ထိုကဲ့သို့ မေးမြန်းလိုက်သည့်အတွက် မြိုင်သည်အနေရခက်၊ အထိုင်ရခက်သလို ဖြစ်သွားမိပေသည်။ သို့ရာတွင် ကိုသက်တင်၏ အမေးကို ပြန်လည် ဖြေဆိုခြင်းမပြုလိုသည့်အတွက်...

“ဒါထက် ကိုသက်တင်ကော ခုထက်ထိအိမ်ထောင်ပြုဖို့ မစဉ်းစားသေးဘူးလား”

ဟု အကြောင်းအရာသစ်တစ်ခုကို လှည့်ပတ်၍ ပြောဆိုမေးမြန်းလိုက်သည်။ ကိုသက်တင်သည် မြိုင်၏မေးခွန်းကို သဘောကျသွားသကဲ့သို့ သွားများ ပေါ်အောင် တစ်ချက် ပြုံးလိုက်ပြီးနောက်၊ သက်ပြင်းကို ခပ်လေးလေးရှူရင်း...

“ကိုသက်တင် ဒီတစ်သက်မှာ အိမ်ထောင်မပြုတော့ဘူးလို့... အောက်မေ့ထားလိုက်ပြီ မြိုင်”

ဟု ပြောဆို လေသည်။

“ကိုသက်တင်က မဖြစ်နိုင်တာကို ပြောနေတာပဲ”

“တကယ်ပြောနေတာမြိုင်ရဲ့၊ ကိုသက်တင် စွဲလမ်းချစ်ခင်လာခဲ့ရတဲ့ မိန်းကလေး တစ်ယောက်နဲ့ လွဲသွားပြီးကတည်းက ဒီတစ်သက်မှာ အိမ်ထောင် မပြုတော့ပါဘူးလို့ ဆုံးဖြတ်ထားလိုက်တယ်၊ ပြုချင်စိတ်လည်းမရှိဘူး”

ကိုသက်တင်က ဤကဲ့သို့ အိမ်ထောင်ပြုချင်စိတ် မရှိတော့သည့်အကြောင်းနှင့် ပြောဆိုလိုက်သော စကားကို ခပ်စောစောက နယ်လီဘထွန်းအား ငြင်းဆန်ခဲ့သည် ဆိုသော လဲ့လဲ့၏စကားနှင့် ဆက်စပ်၍ မြိုင်သည် စဉ်းစားမိသည်။ ဤကဲ့သို့ ဆက်စပ် စဉ်းစားလိုက်မိသည့်အတွက် မြိုင်သည် ဘယ်တုန်းကမျှ မဖြစ်ပေါ်ခဲ့မိဖူးသော ကရုဏာစိတ်သည် ကိုသက်တင်၏ အပေါ်၌ ဖြစ်ပွားလိုက်မိ လေသည်။

“ဒီလိုလည်း ဘယ်ဟုတ်ပါ့ဦးမလဲ ကိုသက်တင်ရယ်၊ တစ်နေ့တော့လည်း ကိုသက်တင် စိတ်တိုင်းကျတဲ့ ချစ်သူမိန်းကလေး တစ်ယောက်တွေ့ လိမ့်ဦးမှာပေါ့...”

ဟု မြိုင်သည် နှစ်သိမ့်ပြောဆိုလိုက်သည်။

ကိုသက်တင်သည် ဦးခေါင်းကို ဖြည်းညင်းစွာ ခါရမ်းပြလေသည်။ ထို့နောက် စီးကရက်တစ်လိပ်ကိုထုတ်ယူကာ မီးညှိရင်း....

"ဒီတစ်သက်တော့ တွေ့ ရလိမ့်မယ်မထင်ပါဘူး မြိုင်ရယ်"

ဟု ညည်းညူပြောဆိုလေသည်။

ဤကဲ့သို့ ဧည့်ခန်းထဲတွင် ကိုသက်တင်နှင့် နှစ်ယောက်တည်း စကားပြောဆိုရင်း ကိုသက်တင် ပြောဆိုသွားသော စကားများထဲမှ ၎င်း၏စိတ်ထားသဘောထားကို သိရှိလာရ သည့်အတွက် မြိုင်သည် အနေရကျပ်၊ အထိုင်ရကျပ်သလို ဖြစ်လာသည်။ ကိုသက်တင်နှင့် ဆက်လက်၍ မျက်နှာချင်းဆိုင် စကားပြောဆိုရမည့် အရေးကိုလည်း အားနာသလို စိတ်မကောင်းသလို ဖြစ်လာမိသည်။

"ဘာပဲဖြစ်ဖြစ်ပေါ့မြိုင်… ဒါမှမဟုတ် မြိုင့်မှာ ဘယ်လိုအခက်အခဲပဲရှိရှိ၊ ကိုသက်တင်ကို အရင်က ပေါင်းသင်းလာတဲ့ မိတ်ဆွေဟောင်းတစ်ဦးတစ်ယောက်အနေနဲ့ ဘာမဆို တိုင်ပင်နိုင်ပါတယ်၊ ကိုသက်တင်ကလည်း တတ်နိုင်သလောက် ကူညီပါရစေ"

"ကျေးဇူးတင်ပါတယ် ကိုသက်တင်"

"ကျေးဇူးတင်စရာ မလိုပါဘူး မြိုင်… ကျေးဇူး အတင်ခံချင်လို့ ကိုသက်တင် ဒီ စကားကို လောကွတ်လုပ်ပြောနေတာ မဟုတ်ပါဘူး.."

"ကိုသက်တင်ရဲ့ စေတနာကို မြိုင် ဘယ်တုန်းကမှ သံသယ မရှိခဲ့ပါဘူးလေ.."

"မြိုင် ဒီလို နားလည်ထားရင် ကိုသက်တင် ကျေနပ်ပါပြီ"

ဤကဲ့သို့ မြိုင်နှင့် ကိုသက်တင်တို့ စကားပြောဆိုနေကြစဉ် စောစောက အော်ဒီကလုံးယူရန် အိမ်အပေါ်ထပ်သို့တက်သွားသော လဲ့လဲ့သည် ပြန်ရောက်၍ လာသည်။

"ဟင်… ကိုသက်တင်လည်း ရောက်နေသလား…"

လဲ့လဲ့သည် ၎င်း၏ အစ်ကို ဝမ်းကွဲ လုပ်သူအား လှမ်း၍ နှုတ်ဆက်လိုက်ပြီးနောက် မြိုင့်အား အော်ဒီကလုံး ရေမွှေးပုလင်း ပေးလိုက်သည်။

"မေမေက လဲ့တို့မေမေကို မှာလိုက်တာရှိလို့ ကိုသက်တင် လှည့်လာတာပါကွယ်"

ကိုသက်တင်သည် ဒါပဲ ပြောဆိုကာ လဲ့လဲ့တို့မေမေနှင့် တွေ့ဆုံရန်ကိစ္စရှိသေးသကဲ့သို့ ဧည့်ခန်းအတွင်းမှ ထွက်သွားသည်။

"ကိုသက်တင် တစ်ယောက်လည်း သနားစရာပါပဲ မြိုင်ရယ်..."

လဲ့လဲ့က ဧည့်ခန်း အတွင်းမှ ထွက်သွားသော ကိုသက်တင်အား လှမ်း၍ ကြည့်ရင်း ညည်းတွားပြောဆိုလိုက်သည်။ မြိုင်သည် ၎င်း၏လက်ကိုင်ပဝါကို ထုတ်ယူ၍ အော်ဒီကလုံး ရေမွှေးဖြင့် ဆွတ်နေရာမှ လဲ့လဲ့အား တစ်ချက်မျှ လှမ်းကြည့်လေသည်။ သို့ရာတွင် ဘာမျှတော့ မပြောလိုက် မိပေ။

ညနေ ခြောက်နာရီ သာသာခန့်တွင် လဲ့လဲ့တို့အိမ်၌ မြိုင်သည် ညစာကို စားသောက် လေသည်။ ညစာ စားပွဲတွင် လဲ့လဲ့တို့မေမေ ဒေါ်မိမိခင်သည် ဝင်ရောက်စားသောက်ခြင်း မပြုနိုင်ပေ။ အဘယ့်ကြောင့်ဆိုသော် စောစောက ၎င်းတို့အိမ်သို့ လာသွားသော ကိုသက်တင်နှင့်အတူ ကိစ္စတစ်ခုအတွက် မြို့ထဲသို့လိုက်ပါသွားသောကြောင့် ဖြစ်လေသည်။

ညစာကို စားသောက်ပြီးစီး၍ ၇ နာရီထိုးခန့်တွင် လဲ့လဲ့သည် ၎င်းတို့အိမ်မှကားနှင့် မြိုင့်အား ၎င်းကိုယ်တိုင် ရေကျော်အိမ်သို့ လိုက်၍ ပို့ပေးလေသည်။ ရေကျော်အိမ်သို့ ရောက်သောအခါ မြိုင်သည် လဲ့လဲ့အား ၎င်းတို့အိမ်ပေါ်သို့ ခေတ္တခဏမျှလောက် တက်ကြည့်ရန် ပြောဆိုတိုက်တွန်းလေသည်။ သို့ရာတွင် လဲ့လဲ့သည် နောက်တစ်ခေါက်မှ တက်တော့မည်ဟု ပြောကာ ပြန်သွားလေသည်။

မြိုင်သည် အိမ်ပေါ်သို့ တက်လာသောအခါ ရင်ထဲ၌ လှုပ်ရှားလျက်ရှိပေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းဒေါ်လေး ဒေါ်စောခင်နှင့် လိုက်ပါသွားခါနီး ကိုတင်ဦးအား ရေးထားခဲ့သောစာတွင် ရွှေတောင်ကြားအိမ်မှ ညနေ ၄ နာရီလောက် ပြန်လာခဲ့မည်ဟု ရေးသားထားခဲ့သောကြောင့် ဖြစ်လေသည်။ ယခု မြိုင် ပြန်ရောက်သော အချိန်သည် ၇ နာရီ ထိုးပြီးလျက် ရှိပေသည်။

အိမ်တွင် ကူဖော်လောင်ဖက် ခေါ်ယူထားသော မိန်းကလေးသည် သူ၏ ထုံးစံနှင့် အလုပ်၏ စည်းကမ်းအတိုင်း ညနေခြောက်နာရီလောက်ကပင် ပြန်သွားပြီဖြစ်သောကြောင့် ကိုတင်ဦးသည် မြိုင့်ကို မစောင့်နိုင်တော့ဟူ၍ ညစာကို ၎င်းဘာသာ ၎င်း ခူးခပ်ပြင်ဆင်၍ စားသောက်လျက်ရှိသည်။ အခါတိုင်း ညစာကို ခြောက်နာရီမထိုးမီ စားသောက်နေကျ ဖြစ်ပေသည်။

မြိုင် အိမ်ပေါ်သို့တက်လာသည်ကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ထမင်းစား လျက် ရှိနေရာမှ...

"ကိုတင်ဦးတော့ သိပ်ဆာလာတာနဲ့ နောက်ထပ် မစောင့်နိုင်တော့လို့ စားနေပြီ မြိုင်... မြိုင်ကော တစ်ခါတည်း ဝင်စားမယ် မဟုတ်လား"

ဟု ကိုတင်ဦးက မေးမြန်းလိုက်ပေသည်။

မြိုင်သည် ကိုတင်ဦး ထမင်းစားသောက်လျက်ရှိသော ထမင်းစားပွဲသို့ပင် ဝင်၍ မကြည့်တော့ဘဲ အိပ်ခန်းအတွင်းသို့သာ အဝတ်လဲလှယ်ရန် တန်း၍ ဝင်သွားပြီးနောက်...

"မြိုင် ဖေဖေတို့အိမ်က စားပြီးလာခဲ့လို့ မစားတော့ဘူး၊ ကိုတင်ဦး.."

ဟု လဲ့လဲ့တို့အိမ်၌ ညစာစားခဲ့သော ကိစ္စကိုပင် ရွှေတောင်ကြားအိမ်၌ စားခဲ့သည်ဟု လိမ်လည်ပြောဆိုလိုက် လေသည်။

အခန်း[၂၀]

(က)

ကိုသက်ထွန်း၏ အလုပ်သမားတစ်ယောက်အဖြစ်ဖြင့် ပြည်သူ့အလင်းနေ့စဉ်သတင်းစာကို ထုတ်ဝေလျက်ရှိနေခဲ့ရာမှ ကိုသက်ထွန်းနှင့် ၎င်းတို့နှစ်ဦးပိုင် အင်္ဂလိပ်ဘာသာဖြင့် နေ့စဉ်သတင်းစာတစောင်ကို ထုတ်ဝေနိုင်ရန် နေ့မအား ညမအား လုံးပန်းနေသော ကိုတင်ဦးသည် အိမ်မှုကိစ္စများကိုပင် ဂရုစိုက်ချိန်မရပေ။ သူ့အဖို့ တိုင်းပြည်အတွက် မရှိမဖြစ်၊ လိုအပ်နေသော အင်္ဂလိပ်နေ့စဉ်သတင်းစာကြီးတစောင် အမြန်ဆုံး ထုတ်ဝေ နိုင်ရေးသည် အိမ်မှုကိစ္စများထက် အရေးကြီးလျက် ရှိပေသည်။ သူ၏ တစ်အိုးတစ်အိမ် ကိစ္စထက် တစ်တိုင်းပြည်လုံး၏ အရေးသည် သူ့အတွက် သာလွန်၍ အရေးကြီးလျက်ရှိနေ ပေရကား၊ သူ့အိမ်အတွက် ဘာလို၍၊ ဘာဖြစ်နေရသော ကိစ္စထက် တိုင်းပြည်အတွက် ဘာလို၍၊ ဘာဖြစ်နေရသော ကိစ္စများက အရေးကြီးလျက် ရှိလေသည်။

ဤကဲ့သို့ တိုင်းပြည်အတွက် သူ့အမြင်နှင့် အရေးတကြီးလိုအပ်နေသော အင်္ဂလိပ် ဘာသာဖြင့် ထုတ်ဝေရမည့် နေ့စဉ်သတင်းစာ တစ်စောင်အတွက် နေ့မအား၊ ညမအား ပြေးလွှားလုံးပန်းခြင်းပြုနေသော ကိုတင်ဦးသည် အိမ်မှုကိစ္စများကို ဂရုမစိုက်နိုင်ရာ၌ မယား လုပ်သူကိုပင်လျှင် ဂရုမစိုက်နိုင်လောက်အောင် ဖြစ်လျက်ရှိပေသည်။ သူသည် နံနက် လင်းလျှင် လင်းချင်း ကော်ဖီတစ်ခွက်ကို ကတိုက်ကရိုက်သောက်၍ အိမ်မှထွက်သွား တတ်ပေသည်။ ဤကဲ့သို့ နံနက်လင်းကတည်းက ထွက်သွားပြီးနောက် ည ကိုးနာရီကျော် ဆယ်နာရီသာသာခန့်လောက်မှ အိမ်သို့ပြန်ရောက်တတ်သည်။ နံနက်စာရော၊ ညစာပါ သူသည် မယားလုပ်သူနှင့် မျက်နှာချင်းဆိုင်၍ အိမ်၌ပင် စားသောက်ချိန်မရပေ။ ညမိုးချုပ်၍ အိမ်သို့ ပြန်ရောက်သောအခါ၌လည်း အိပ်ရာဝင်နှင့်သော မြိုင်နှင့် စကားစမြည်ပြောချိန် မရဘဲ သူ့အတွက် မဖတ်လျှင် မပြီးသော သတင်းစာ၊ ဂျာနယ်များနှင့် စာရွက်စာတမ်းများကို ဖတ်ရှုခြင်း ပြုရပေသည်။ ဤကဲ့သို့ ကိုးနာရီကျော် ဆယ်နာရီသာသာခန့်လောက်တွင် အိမ်သို့ပြန်ရောက်ပြီးနောက် ဖတ်ရန်ရှိသော သတင်းစာဂျာနယ်နှင့် စာရွက်စာတမ်းများကို ဖတ်နေရသဖြင့် ည ၁၂ နာရီ တစ်ချက်တီး၍ သွားလေသည်။ ကိုတင်ဦး အစောဆုံး အိပ်ရာဝင်ချိန်မှာ ၁၂နာရီထိုးဖြစ်၍

တစ်ခါတရံ နာရီပြန်နှစ်ချက်တီးလောက်မှ အိပ်ရာ ဝင်တတ်သည်။ သို့ရာတွင် အချက်ပေးသော စားပွဲတင်နာရီကလေးကို အိပ်ရာဘေးတွင် ထားရှိသဖြင့် သူသည် နံနက် ခြောက်နာရီထိုးတွင် အိပ်ရာမှ နိုးမြဲဖြစ်လေသည်။

ကိုသက်ထွန်းက အလည်အပတ် လာရင်း ဖခင်လုပ်သူအား ပြောကြားသွားသဖြင့် မြိုင်သည် ဖခင် လုပ်သူထံမှတစ်ဆင့် ကိုတင်ဦး နေ့မအား၊ ညမအား ကြိုးပမ်းနေသော အင်္ဂလိပ်သတင်းစာ တစ်စောင် ထုတ်ဝေရေးကိစ္စကို သိရှိထားပြီးဖြစ်သော်လည်း ကိုတင်ဦးက မြိုင့်အား ၎င်း၏အကြံအစည်နှင့် အလုပ်အကိုင်တို့ကို ဘာမျှတိုင်ပင်ပြောဆိုခြင်း မပြုသေး သဖြင့် မြိုင်သည် မသိလိုက် မသိဘာသာ နေလိုက်ပေသည်။ အကယ်၍ ကိုတင်ဦးက ၎င်း၏အကြံအစည်နှင့် အလုပ်အကိုင်တို့ကိုသာ မြိုင့်အား ပြောကြားတိုင်ပင်ခြင်း ပြုခဲ့လျှင် မြိုင်သည် ၎င်းဖခင်က ငွေရေးကြေးရေးကိစ္စနှင့် ပတ်သက်၍ အားပေးပြောကြားခြင်း ပြုလိုက်သောစကားကို လင်လုပ်သူအား ဖွင့်ဟပြောပြရန် စိတ်ကူးထားပေသည်။ သို့ရာတွင် ကိုတင်ဦးသည် ၎င်း၏အလုပ်ကိစ္စနှင့်ပတ်သက်၍ မြိုင်အား ဘာမျှ တိုင်ပင်ပြောကြားခြင်းမပြုသည့်အတွက် မြိုင်ကလည်း ရွံ့ချင်သောစိတ်ဖြင့် ဘာသိဘာသာ နေလိုက်ပေသည်။

အလုပ်အကိုင်ကြီးတစ်ခုကို လုပ်ကိုင်ရန် ပြုလုပ်နေပါလျက် မယားလုပ်သူအား ဘာတစ်ခွန်းမျှ ဖွင့်ဟတိုင်ပင်ခြင်းမပြုဘဲ မိမိဘာသာမိမိ တစ်ယောက်တည်း လုပ်ကိုင်ရှာဖွေစရာရှိသမျှအတွက် နေ့မအား ညမအား ပြေးလွှားနေသော ကိုတင်ဦးသည် မယားဖြစ်သူ မြိုင်အား ဘာတစ်ခွန်းမျှ တိုင်ပင်ပြောကြားခြင်း မပြုသောကိစ္စ၌ ၎င်းအတွက် အကြောင်း ရှိပေသည်။ သူသည် မြိုင့်အား သူ၏အလုပ်အကိုင်တွင် ဘာမျှဝင်ရောက်၍ ပူပင်သောက ရောက်ခြင်း မဖြစ်စေလိုပေ။ မိဘတို့အိမ်တွင် အပူအပင်အကြောင့်အကြ ကင်းမဲ့စွာနေထိုင်ပြီး ကြီးပြင်းလာခဲ့သော မြိုင့်အား သူသည် သူ၏အိမ်၌ ချို့ချို့ငဲ့ငဲ့ ထားရှိခဲ့ရခြင်းနောက် နောက်ထပ်၍ သူ၏အလုပ်အကိုင်၌လည်း ဝင်ရောက်ပင်ပန်းခြင်း မဖြစ်စေလိုပေ။ ဤကဲ့သို့ သောအချက်အလက်များအပြင် သူ၏အပေါင်းအသင်းပတ်ဝန်းကျင်နှင့် သူ၏ နိဗ္ဗာန်ဘုံ တည်ဆောက်ရေးလုပ်ငန်းတို့ကိုပါ အထင်သေးအမြင်သေးဖြစ်လျက်ရှိသော မြိုင့်အား သူသည် တဖြည်းဖြည်းသော ဆွဲဆောင်ခေါ်ငင်ဖို့ ရည်ရွယ်ထားပေသည်။ မြိုင့်အား သူ လိုချင်သော ပုံစံဖြစ်လာအောင် ဗြုန်းဗြုန်းဒိုင်းဒိုင်း မပြုလုပ်သေးဘဲ တဖြည်းဖြည်း ပျော့ပျောင်းအောင် အချိန်ယူပြုပြင်၍ သူကြိုက်သောပုံစံ သွင်းဖို့လည်း

ရည်မှန်းထားပေသည်။

ကိုတင်ဦးသည် မယားဖြစ်သူအား ဤကဲ့သို့သဘောထားလျက် သူ့အတွက် လုပ်စရာရှိသော အလုပ်အကိုင်တို့ကို လုပ်ကိုင်လျက်ရှိသော်လည်း မြိုင်ကတော့ ကိုတင်ဦး၏ စိတ်ထဲ ဝမ်းထဲ၌ ထားရှိသော စေတနာနှင့် သဘောထားကို မသိရှိနိုင်သည့်အလျောက် သူလုပ်ချင်ရာ လုပ်နေသော ကိုတင်ဦးအား အထင်လွဲ အမြင်လွဲဖြစ်ကာ မကျေမနပ်ဖြစ်နေ မိသည်။ ဤကဲ့သို့ လင်လုပ်သူအပေါ်၌ မင်္ဂလာဆောင်သောနေ့က အစပြု၍ မကျေမနပ် ဖြစ်လာခဲ့သော မြိုင်သည် ၎င်း၏ မကျေမနပ်ဖြစ်နေသောကိစ္စများကို လင်ဖြစ်သူအား ပွင့်ပွင့်လင်းလင်း ထုတ်ဖော်မေးမြန်းခြင်းမပြုဘဲ ဝမ်းထဲ၌ ကျိတ်၍သာ ထားရှိမြဲ ထားရှိ ခဲ့သဖြင့် ထိုကဲ့သို့ ထားရှိခဲ့သော အကြိတ်အခဲသည် အချိန်ကြာမြင့်လာသည်နှင့်အမျှ အစိုင်အခဲ ကြီးမား၍သာလာလေသည်။ ဤကဲ့သို့ အစိုင်အခဲကြီးမားလာသည်နှင့်အမျှ လင်လုပ်သူအား မုဲ့ချင်ရွဲ့ချင်သောစိတ်ထားနှင့် အနေအထိုင်များသည် မသိမသာ ဖြစ်ပေါ် ၍ လာသည်။

လက်ထပ်ခြင်းမပြုမီက မြိုင်၏ သူရဲကောင်းကြီးဖြစ်ခဲ့သော ကိုတင်ဦးသည် လက်ထပ်ပြီးစီး၍ လေးငါးခြောက်လခန့်အကြာတွင် သူရဲကောင်းကြီးဘဝမှ တဖြည်းဖြည်း ယုတ်လျော့ကျဆင်းလာခဲ့လေသည်။ အပျိုစင်ဘဝနှင့် မြင်မက်ခဲ့ရသော အိပ်မက်များ၌ ကိုတင်ဦးသည် မြိုင့်အား မြေကြီးပြင်မှ ငွေလှေ့လခြမ်းပေါ်သို့ ပွေ့ချီခေါ်ဆောင်သွားခဲ့ ဖူးသော်လည်း ယခု လင်မယားဘဝ၌ မြိုင်သည် ကိုတင်ဦး၏ အကျဉ်းသမားပမာ ဖြစ်နေ ပေသည်။ အကျဉ်းသားမှ သာမန်အကျဉ်းသားမျှပင် မဟုတ်သေးဘဲ အစာရေစာ အငတ် ထားခြင်းခံရသော အကျဉ်းသားမျိုးဖြစ်နေသည်ဟု မြိုင်က ထင်လေသည်။ မိဘမောင်ဖွားနှင့် ဆွေမျိုးသားချင်းများကိုလည်းကောင်း၊ မိမိ ပေါက်ဖွားကြီးပြင်းလာခဲ့သောကမ္ဘာကို လည်းကောင်း စွန့်လွှတ်၍ ဤလူတစ်ယောက်ကို တန်းတန်းစွဲဖြစ်ကာ လိုက်လာခဲ့မိသော အဖြစ်သည် မှားယွင်းလေပြီလောဟု မြိုင်သည် တွေးမိတွေးရာ တွေးမိသည်အထိ ဖြစ်လာသည်။

စိတ်ညစ်ညူးသောအလုပ်ကို ကြာရှည်လေးမြင့် မခံတတ်သော မြိုင်သည် ၎င်း၏ သက်သာမှုကိုရှာဖွေရန် လမ်းပွင့်လျက်ရှိပြီဖြစ်သောကြောင့် သက်သာမှုနှင့် သာယာမှုများကို တစ်စထက်တစ်စ ရှာဖွေရန် ကြိုးပမ်းခြင်း

ပြုလုပ်လာပေသည်။ ကိုတင်ဦး တစ်နေကုန် တစ်နေခန်း အလုပ်သွားနေသည့်အချိန်များအတွင်း မြိုင်သည် ရေကျော်အိမ်ကြီးကို ဖောက်ထွက်ကာ ရွှေတောင်ကြားသို့လည်းကောင်း၊ ရှစ်မိုင်ဘက်သို့လည်းကောင်း သွားရောက် ခိုအောင်းနေတတ်ပေသည်။ ဤကဲ့သို့ မြိုင်သည် သွားလာလည်ပတ်နေခြင်းကို လင်လုပ်သူက မရိပ်မိ၊ မသိရှိအောင် အိမ်သို့ကား ခပ်စောစောရောက်အောင် ပြန်ပေသည်။ ကိုတင်ဦးသည် သူ့အတွက် အရေးတကြီးဖြစ်နေသော အင်္ဂလိပ်သတင်းစာတစ်စောင် အမြန်ဆုံး ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် နေ့မအား၊ ညမအား ပြေးလွှားလုံးပန်းနေရသည့်အတွက်ကြောင့် အိမ်ကိစ္စနှင့် အိမ်အရေးအခင်းများကို ဘာမျှ ဂရုစိုက်မနေနိုင်သောကြောင့် သူ့မယား မြိုင်တစ်ယောက် အိမ်၌ စိတ်ညစ်ညူး၍ အခြားတစ်ပါးသို့ တစ်နေကုန်တစ်နေခန်း ထွက်၍ ထွက်၍ လည်ပတ်နေသောကိစ္စများကို ဘာမျှမသိပေ။ ထို့အတူ အိမ်မှထွက်၍ တစ်နေကုန်ကုန် တစ်နေခန်းခန်း လည်ပတ်ခြင်းပြုနေသော မြိုင်သည်လည်း ၎င်း၏လင်ယောကျာ်း ဘာလုပ်၍ ဘာကိုင်နေသည်၊ အလုပ်အကိုင်အခြေအနေ အဘယ်သို့ရှိနေသည် စသည်တို့ကို ဘာတစ်ခုမျှ မသိပေ။

ဤပုံနည်းဖြင့် မြိုင်နှင့် ကိုတင်ဦးတို့၏ အိမ်ထောင်ရေးသည် တစ်စထက်တစ်စ ခြောက်သွေ့၍ လာလေသည်။ ငြီးငွေ့ ဖွယ်ရာ၊ စိတ်ပျက်ဖွယ်ရာ ကောင်း၍ လာလေသည်။

လင်လုပ်သူနှင့် မိမိ၏ အိမ်ထောင်ရေးကို စိတ်ပျက်ငြီးငွေ့၍ မိမိ၏ဖခင် ကမ္ဘာဟောင်းသို့ ပြန်လည်ကျက်စားလျက်ရှိသော မြိုင်သည် မိမိ၏အတွင်းရေးကိုကား မည်သူ တစ်ဦးတစ်ယောက်ကိုမျှ ဖွင့်ဟပြောဆိုခြင်းမပြုပေ။ စင်စစ် မြိုင်သည် မိမိအဖြစ်နှင့် မိမိ သိမ်ငယ်ကြောက်ရွံ့လျက်ရှိနေခြင်းကြောင့် မိမိနှင့် အရင်းနှီးဆုံးဖြစ်သော မိန်းမသားများထဲမှ ဒေါ်လေး ဒေါ်စောခင်အားလည်းကောင်း၊ လဲ့လဲ့အားလည်းကောင်း၊ မိမိ၏ အိုးအိမ် ကိစ္စကို ဘာတစ်ခွန်းမျှ မပြောရဲ မဆိုရဲဖြစ်နေခြင်းသည် ဘာတစ်ခွန်းမျှလည်း ဖွင့်ဟမတိုင်ပင်ရဲခြင်းဖြစ်ပေသည်။

ဤလူတစ်ယောက်ကို မိမိလက်ထပ်ရန် ကြံရွယ်ခဲ့စဉ်က တစ်ဆွေလုံး တစ်မျိုးလုံးကပင် ဝိုင်း၍ ကန့်ကွက်ခဲ့ကြသည်မဟုတ်လော။ သတိပေးတားမြစ်ခဲ့ကြသည်လည်း မဟုတ်လော။ အစ်ကိုကြီး ကိုသက်ထွန်းကပင်လျှင် ကိုတင်ဦးနှင့် လက်ထပ်မည်ပြုစဉ် ညီမလေး မြိုင့်အား သတိပေးဆုံးမစရာရှိသော ကိစ္စများကို သတိပေးဆုံးမခြင်း ပြုခဲ့သည်မဟုတ်လော။ မြိုင်သည် တစ်ဆွေလုံး တစ်မျိုးလုံးက ဝိုင်းဝန်းကန့်ကွက်ခဲ့သောကိစ္စကို မခန့်ပြုလုပ်ခဲ့ပြီးသည့်နောက် အစ်ကိုကြီး ကိုသက်ထွန်း သတိပေးဆုံးမခဲ့သော စကားများကိုလည်း နာယူရမှန်း၊ လိုက်နာရမှန်း သိနားမလည်ခဲ့ပေ။ မြိုင်သည် လင်ဖြစ်သူ ကိုတင်ဦး လုပ်ကိုင်လျက်ရှိသော အလုပ်အကိုင်ကို သဘောပေါက်နားလည်ခြင်းရှိအောင်လည်း ကြိုးစားခြင်း မပြုနိုင်ခဲ့ပေ။ ထို့အတူ မိမိ၏လိုလားချက်နှင့် ရည်မှန်းချက်တို့ကို လင်လုပ်သူက နားလည်လာအောင် သဘောပေါက်လာအောင် ဘာတစ်ခုမျှ ကြိုးပမ်းခြင်းလည်းမပြုခဲ့ပေ။

မြိုင်ကဲ့သို့ မိန်းကလေးတစ်ယောက်ကို သားမယားအဖြစ်ဖြင့် ရယူခဲ့သော ကိုတင်ဦးဆိုသူကလည်း မိမိ၏မယားကို အရေးယူသင့်၊ ဂရုစိုက်သင့်သလောက် အရေးယူ ဂရုစိုက်ခြင်းမပြုနိုင်ဘဲ မိမိထက်သန်လျက်ရှိသော လုပ်ငန်း၌သာလျှင် စိတ်စောလိုက်ပါ နစ်မြုပ်လျက်ရှိသည်။ ဤအချက်သည် မြေကြီးပေါ်၌ နိဗ္ဗာန်ဘုံတည်ဆောက်ရန် အိပ်မက်မက်နေသော ကိုတင်ဦး၏ ကြီးလှစွာသော ချို့ယွင်းချက်ပင်ဖြစ်သည်။

ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာ အိမ်ထောင်ကြီးတစ်ခုကို လူနှစ်ယောက် ပေါင်းစပ်၍ တည်ဆောက်ရန်ဖြစ်သော ကိုတင်ဦးနှင့် မြိုင်တို့သည် လက်ထပ်ပြီးစီး၍ လေးငါးခြောက်လ အတွင်း မိမိတို့ တည်ဆောက်ကြရမည်ဖြစ်သော အိမ်ထောင်ကြီးကို နှစ်ဦးစလုံးကပင် မလေးမခန့် ပြုခဲ့ကြလေသည်။

ဤကဲ့သို့ နှစ်ဦးစလုံး၌ ချို့ယွင်းချက်များ ရှိခဲ့ကြရာတွင် ယောကျ်ားဖြစ်သော ကိုတင်ဦး၌ သာ၍ တာဝန်ရှိပေသည်။ သူသည် သူ ယုံကြည်မျှော် မှန်းသော လုပ်ငန်းကိုသာ အိုးမေ့အိမ်မေ့ လုပ်ကိုင်ခွင့် ယူငင်ထားသော်လည်း တစ်လောကလုံးကို စွန့်လွှတ်၍ သူ့နောက်သို့ စွန့်စွန့်စားစား လိုက်ပါလာခဲ့သော မယားလုပ်သူအား သူသည် အကျဉ်းချထားခြင်း ပြုခဲ့သည်။

မြိုင့်အား သူ၏ သားမယားမဖြစ်မီက သူသည် ကဗျာအကြောင်းကို မမောမပန်း ပြောဆိုခဲ့ဖူးသော်လည်း မြိုင် ရေကျော်အိမ်သို့ ရောက်ရှိ လာခဲ့သောအချိန်မှစ၍ သူသည် မြိုင် နှစ်သက်မြတ်နိုးခြင်းရှိလှသော ကဗျာ၏အကြောင်းနှင့်ပတ်သက်၍ ဘာတစ်ခွန်းမျှ ပြောဆိုခြင်းမပြုတော့ပေ။ ဂီတနှင့်ပတ်သက်၍ သူသည် မြိုင်နှင့် တွေ့ဆုံသိကျွမ်းခဲ့ခြင်းဖြစ်သော်လည်း ယခုအခါတွင် သူသည် အိမ်မှ အသံဖမ်း စက်ကိုပင် ဖွင့်ရန် သတိလစ်လျက်ရှိပေသည်။ အထင်ကြီးခြင်းနှင့် မျှော်လင့်ခြင်းကြီးစွာတို့ဖြင့် မိဘဆွေမျိုးများကို ပုန်ကန်၍ လိုက်ပါလာခဲ့သော မိန်းမသားတစ်ယောက်ကို သူ သည် ပညာရှိ နှိပ်စက်နည်းဖြင့် နှိပ်စက်ခြင်းပြုနေသည်နှင့် မတူသလော။ သို့ရာတွင် သူသည် မြိုင့်အပေါ်၌ သူ အဘယ်မျှ ကျူးလွန်လျက်ရှိပြီဆိုသော ကိစ္စများကို အနည်းငယ်မျှ စဉ်းစားမိပုံကားမရပေ။ ရက်သတ္တတစ်ပတ်လျှင် တနင်္ဂနွေတစ်နေ့သည် အားလပ် သော ရက်ဖြစ်သော်လည်း သူသည် အားလပ်ခွင့်ရှိသော တနင်္ဂနွေတစ်ရက်ကိုပင် သားမယားနှင့်အတူ နေထိုင်ကုန်လွန်ခြင်း မပြုခဲ့ပေ။ ငြိမ်းချမ်းရေးအဖွဲ့များနှင့် ယဉ်ကျေးမှု အဖွဲ့များ၏ အစည်းအဝေးပွဲများ၌သာ ကုန်လွန်လျက်ရှိပေသည်။ တနင်္ဂနွေတစ်ပတ်လျှင် သားမယားနှင့် တစ်ရက်လောက် အတူနေရဖို့ အရေးထက် ငြိမ်းချမ်းရေးက သူ့အတွက် အရေးကြီးလျက်ရှိပေသည်။ အမျိုးသားစာပေယဉ်ကျေးမှုများ တိုးတက်ဖွံ့ဖြိုးဖို့အရေးက သာလွန်၍ အရေးကောင်းပေသည်။

ဤကဲ့သို့ လင်တစ်ယောက်အနေနှင့် အဘက်ဘက် တာဝန်လစ်ဟင်း၍ ပျက်ကွက်ခြင်းမက ပျက်ကွက်လျက်ရှိနေသော

လူတစ်ယောက်အား သည်းညည်းခံ ပေါင်းသင်းခြင်းပြုနေရသော မြိုင်ကဲ့သို့ မိန်းကလေးတစ်ဦးအတွက် စိတ်ပျက်ငြီးငွေ့ မည်ဆိုကလည်း စိတ်ပျက်ငြီးငွေ့ဖွယ်ရာပင်ဖြစ်လေသည်။ မြိုင်၏ အမြင်ဘက်မှနေ၍ ကြည့်ရှုမည်ဆိုလျှင် အဘက်ဘက်က ရှုံးနေသော အဖြစ်မျိုး၊ ဘဝမျိုးပင်ဖြစ်နေပေသည်။

တစ်သက်လုံးက မိမိကိုယ်ကို သက်သာအောင် နေထိုင်လာခဲ့သော မိန်းကလေးတစ်ယောက်ဖြစ်သည့်အလျောက် ဤကဲ့သို့ စိတ်နေသဘောထားချင်း ကွဲပြားလျက် စိတ်ညစ်ညူးစရာ အိမ်ထောင်ကြီးကို ထိန်းသိမ်းလာရသောအခါ မြိုင်သည် ဇွတ်မှိတ်၍ မခံ နိုင်တော့သဖြင့် မိမိစိတ်၏ သက်သာမှုနှင့် သာယာမှုတို့ကို ရှိသောနေရာ၌ ရှာဖွေခြင်း ပြုတော့မည်မှာ သဘာဝပင်ဖြစ်ပေတော့သည်။

မြိုင်သည် မိမိ၏ စိတ်ကူးယဉ်အိပ်မက်ထဲမှ သူရဲကောင်းကို အိပ်မက်မြင်မက်နေသည့်အခိုက် ကိုတင်ဦးဆိုသော လူကို တွေ့ဆုံခဲ့ရသဖြင့် မိမိကမ္ဘာကိုပင် စွန့်ခွာ၍ တစ်ခုသော ကမ္ဘာသို့ မျက်စိကန်း တစ္ဆေမကြောက်ဆိုသော မြန်မာစကားပုံအတိုင်း မိုက်မိုက်ကန်းကန်း လိုက်ပါလာခဲ့သည်။ သို့ရာတွင် အချိန်များမကြာမီအတွင်းပင် မိမိ၏ သူရဲကောင်း နေထိုင်သောကမ္ဘာကို စိတ်ပျက်ငြီးငွေ့၍ လာခဲ့ရာမှ မိမိ၏ မူလကမ္ဘာဟောင်းသို့ ခြေဦးပြန်လှည့်မှန်းမသိ လှည့်လျက်ရှိချေပြီတကား။

ရွှေတောင်ကြားရှိ နယ်လီဘာထွန်းတို့အိမ်၌ ကျင်းပပြုလုပ်သော ဥယျာဉ်ပွဲကပြန်လာသော ညမှစ၍ မြိုင်သည် အအေးမိကာ ကောင်းစွာနေမကောင်း ထိုင်မကောင်းဖြစ်လျက် ရှိသောကြောင့် တနင်္ဂနွေတစ်ပတ်ခန့် ရေကျော်အိမ်မှ ဘယ်သို့မှမထွက်နိုင်ဘဲ ကုတ်နေခဲ့ ရသည်။ ဤကဲ့သို့ ရေကျော်အိမ်တွင် တနင်္ဂနွေတစ်ပတ်ခန့်မျှ ကုတ်၍ နေခဲ့ရသည့်အတွင်း မြိုင်သည် များစွာပျင်းရိလျက်ရှိပေသည်။

ကိုတင်ဦးသည် သူ၏ထုံးစံအတိုင်း အလုပ်များနေသူဖြစ်သောကြောင့် သူ့မယား တစ်ယောက်လုံး အအေးမိကာ ကောင်းစွာနေထိုင်မကောင်းဖြစ်နေသော ကိစ္စကိုပင် မသိနိုင်အားပေ။ သူသည် အနွေးထည်များ ဝတ်၍ ထားသော မြိုင့်ကို ခါတိုင်းကဲ့သို့ပင် အောက်မေ့ကာ ကျန်းမာရေးနှင့်ပတ်သက်၍ ဘာမျှ မေးမြန်းပြောဆိုခြင်းလည်းမရှိပေ။ ဆောင်းရိပ် ဝင်လာပြီဖြစ်၍ အနည်းငယ်ချမ်းသောကြောင့်သာလျှင် မြိုင်သည် အနွေးထည်များ ဝတ်ဆင်ထားခြင်းဖြစ်လိမ့်မည်ဟု သဘောထားပုံရလေသည်။

အအေးမိကာ ကောင်းစွာနေထိုင်မကောင်းလျက်ရှိနေခြင်းကြောင့် တနင်္ဂနွေတစ်ပတ်ခန့်ကြာမျှ မြိုင်သည် ၎င်းတို့ပတ်ဝန်းကျင်သို့ ခါတိုင်းကဲ့သို့ မပေါ်လာသောအခါ ရွှေတောင်ကြားနှင့် ရှစ်မိုင်ဘက်ရှိ မြိုင်၏ အပေါင်းအသင်းနှင့် ဆွေမျိုးသားချင်းများသည် မြိုင့်အတွက် စိုးရိမ်ပူပန်စပြုလာကြလေသည်။ နယ်လီဘာထွန်းတို့အိမ်၌ ကျင်းပပြုလုပ်သော ဥယျာဉ်ပွဲညက မိမိတို့အိမ်သို့ လာမည့်ဗုဒ္ဓဟူးနေ့တွင် ဆက်ဆက်လာလည်ပါ့မည်

ဟု ပြောဆိုသွားသော မြိုင်သည် ဗုဒ္ဓဟူးနေ့ကျော်လွန်၍ စနေနေ့သို့ ရောက်ရှိလာသည် တိုင်အောင် ပေါ်မလာသောအခါ လဲ့လဲ့သည် မြိုင်နှင့် ကိုတင်ဦးတို့၏ ရေကျော်အိမ်သို့ တိုက်ရိုက်သွားရောက်၍ မမေးမြန်းဝံ့သဖြင့် ရွှေတောင်ကြားအိမ်သို့ ထွက်လာခဲ့လေသည်။ ရွှေတောင်ကြားအိမ်သို့ လဲ့လဲ့ရောက်ရှိသောအခါ တနင်္ဂနွေတစ်ပတ်ခန့်ကြာမျှ ၎င်းတို့ဆီ ကိုလည်း ပေါ်မလာသည့်အတွက် လဲ့လဲ့နည်းတူ ပူပန်လျက်ရှိသော ဒေါ်လေး ဒေါ်စောခင် နှင့် အဆင်သင့်ပင် တွေ့ရလေသည်။

"လဲ့လဲ့ တစ်ယောက်တည်းလားဟင်..."

ဆင်ဝင်ရှေ့သို့ ကားရပ်မိလျှင်ပင် ဒေါ်လေး ဒေါ်စောခင်က အိမ်ရှေ့တံခါးမှထွက်ကာ ဆီးကြို၍ မေးမြန်းနှုတ်ဆက်လေသည်။

"ဟုတ်ကဲ့... ဒေါ်လေး"

လဲ့လဲ့သည် ကားတံခါးကိုဖွင့်၍ ဆင်းလာရင်း ပြန်ပြော လိုက်သည်။

"ဒါထက် မြိုင်တစ်ယောက်များ လဲ့လဲ့တို့အိမ် ခု တနင်္ဂနွေတစ်ပတ်အတွင်းများ လာလည်သွားသေးသလားဟင်..."

"လဲ့လဲ့လည်း မြိုင် ပေါ်မလာလို့ မြိုင့်အကြောင်းကို မေးရအောင် လာတာပဲ ဒေါ်လေးရဲ့"

"ဒါဖြင့် လဲ့လဲ့တို့ဆီလည်း မြိုင်တစ်ယောက် မရောက်ဘူးပေါ့"

"ဒေါ်လေးတို့ဆီလည်း ပေါ်မလာလို့ စိတ်ပူနေကြတယ် လဲ့လဲ့ရဲ့.. အစ်ကိုကြီးကတော့ တစ်နေ့ကတည်းက မြိုင်တစ်ယောက် မလာဘူးလား၊ မလာဘူးလားနဲ့ တစ်မေးတည်းမေးနေတယ်"

"မြိုင်တစ်ယောက် ဘာများဖြစ်ပါလိမ့်မလဲနော်... နေထိုင်လို့ပဲ မကောင်းလို့များ လား"

ဒေါ်စောခင်သည် လဲ့လဲ့အား ဧည့်ခန်းအတွင်းသို့ ခေါ်ဆောင်သွားပြီးလျှင် ကုလား ထိုင်တစ်လုံးတွင် ထိုင်စေပြီးနောက်...

"လဲ့လဲ့ ဘာသောက်တတ်သလဲဟင်.. လိမ္မော်ကြိုက် သလား၊ သံပရာကြိုက်သလား..."

ဟု မေးလေသည်။

"လဲ့လဲ့ ခုတင်ပဲ အိမ်က ထမင်းစားပြီးပြီးချင်းထွက်လာလို့ ဘာမှမသောက်ပါရစေ နဲ့ ဒေါ်လေး"

ဟု လဲ့လဲ့က တားဆီးလိုက်သောကြောင့် ဒေါ်စောခင်သည် ဧည့်သည်အား အဖျော်တစ်ခုခုတိုက်ရန် စိတ်ကူးထားသော အလုပ်ကို မေ့လျော့လိုက်ပြီးလျှင် လဲ့လဲ့အနီးရှိ ကုလားထိုင်လွတ်တစ်လုံးတွင် ဝင်၍

ထိုင်လေသည်။

"ဒေါ်လေး အိမ်မှာ အလုပ်တွေများသလားဟင်"

လဲ့လဲ့က မေးခွန်းသစ်တစ်ခုကို တစ်ဆက်တည်း ကောက်၍ မေးလိုက်သဖြင့်...

"များလှတယ်လည်း မဟုတ်ပါဘူး လဲ့လဲ့ရယ်..."

ဟု ဒေါ်စောခင်က ရိုးရိုးပင် ပြန်၍ ဖြေလေသည်။

"လောလောဆယ် ဒေါ်လေးအားတတ်ရင် မြိုင်တို့အိမ်ကို လဲ့လဲ့ကားနဲ့ လိုက်သွားပြီး မေးကြည့်ရင် မကောင်းဘူးလားဟင်"

ဒေါ်စောခင်သည် အတန်ကြာမျှ တွေဝေစဉ်းစားသလို ငိုင်နေပြီးမှ...

"လဲ့လဲ့ကော တစ်ခါတည်းလိုက်မယ်မဟုတ်လား"

ဟု လဲ့လဲ့အား ပြန်၍ မေးလေသည်။

"မြိုင့်ယောက်ျားနဲ့ မတော်တဆတွေ့ ချင်ရင် တွေ့နေမှာမို့ လဲ့လဲ့ မလိုက်ပါရစေနဲ့ ဒေါ်လေး။ ဒီလူက လဲ့လဲ့နဲ့ တည့်တာမဟုတ်ဘူး"

"ဒေါ်လေးလိုက်သွားရင် လဲ့လဲ့တစ်ယောက်တည်း ဘယ်မှာနေရစ်ခဲ့မှာလဲဟင်"

လဲ့လဲ့သည် ခေတ္တမျှ တွေဝေစဉ်းစားနေပြီးမှ...

"ဒီအိမ်ကပဲ စောင့်နေရစ်မယ်ဒေါ်လေး"

ဟု ပြန်၍ ပြောလိုက်လေသည်။

"လဲ့လဲ့တစ်ယောက်တည်း ပျင်းနေရစ်မှာစိုးလို့ပါ"

"ဒေါ်လေးသွားတာက သိပ်ကြာလှမှာမှ မဟုတ်ဘဲ..."

"ဒါဖြင့် လဲ့လဲ့ စောင့်နေရစ်ဦးနော်။ ဒေါ်လေး ခပ်မြန်မြန်

ပြန်လာခဲ့ပါ့မယ်”

“မြိုင် နေကောင်းရင်လည်း တစ်ပါတည်း ခေါ်လာခဲ့ပါ ဒေါ်လေး...”

“အေး.. အေး...”

ဟုပြောဆိုကာ ဒေါ်စောခင်သည် လဲ့လဲ့ စီးလာသော ကားနှင့် ရွှေတောင်ကြားအိမ်မှထွက်သွား၍ ဘာမျှမကြာမီ အော်စတင်ကားတစ်စီးသည် ရွှေတောင်ကြားခြံအတွင်းသို့ ခပ်ဖြည်းဖြည်း ခပ်မှန်မှန် မောင်းဝင်လာပြီးနောက် ဆင်ဝင်ရှေ့တွင် ညင်သာစွာ ထိုး၍ ရပ်လိုက်သည်။ ဧည့်ခန်းထဲတွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့ရာမှ ပျင်းရိသလိုရှိသောကြောင့် ကိုဇော်ဝင်းတို့ လင်မယား ဖတ်ကြသော အင်္ဂလိပ်ရုပ်ပြောင် ဂျာနယ်တစ်စောင်ကို လှန်လှောကြည့်ရှုနေသော လဲ့လဲ့သည် ဒေါ်စောခင်ထွက်သွားပြီးနောက် ရှေ့ဆင့်နောက်ဆင့်ဆိုသလို ဝင်လာသော ကားသံကို ကြားရသဖြင့် ဘယ်သူဘယ်ဝါများ ဖြစ်လိမ့်မည်ကို သိရှိလိုသောစိတ်ဖြင့် ဧည့်ခန်းထဲမှ ထွက်လာပြီးလျှင် တံခါးဝမှရပ်၍ ကြည့်ရှုလိုက်လေသည်။

မောင်မောင်လတ်သည် ကိုယ်တိုင်မောင်းလာသော ကားတံခါးကို ဖွင့်၍ ဆင်းလာရာမှ မမျှော်လင့်သော လဲ့လဲ့ကို ဗြုန်းခနဲ တွေ့လိုက်ရသဖြင့် ခြေလှမ်းများ ရုတ်တရက် ရပ်တန့်သွားလေသည်။ သူသည် မေခင်နှင့် အတိအလင်းပေါင်းသင်းနေထိုင်လာခဲ့သော အချိန်မှစ၍ လဲ့လဲ့နှင့် လူချင်း တကြိမ်တခါမျှ မတွေ့ ခဲ့တော့ပေ။ မတွေ့အောင် တမင်တကာ ရှောင်တိမ်းနေထိုင်ခဲ့ခြင်းပင်ဖြစ်လေသည်။ သို့ရာတွင် မမျှော်လင့် မထင်မှတ်သော နေရာတွင် ဗြုန်းခနဲ လဲ့လဲ့နှင့် ယခုကဲ့သို့ လူချင်းရင်ဆိုင်တွေ့ ဆုံလိုက်ရသောအခါတွင် မောင်မောင်လတ်သည် မရှောင်သာ မပြေးသာ ဖြစ်သွားပေသည်။

စင်စစ် မောင်မောင်လတ်သည် လဲ့လဲ့ထက် မေခင်ကို မေတ္တာရှိ၍သာလျှင် လူကြီး မိဘစကားကို ဖယ်ရှားကာ မေခင့်အား ခွတ်ယူခဲ့ခြင်းဖြစ်သော်လည်း လဲ့လဲ့ကိုကား ရွံရှာမုန်းတီးခြင်းမရှိခဲ့ပေ။ လဲ့လဲ့နှင့်လွဲ၍ မေခင်နှင့်ဖြစ်သွားရခြင်းမှာလည်း လဲ့လဲ့၏အပြစ်ကြောင့်မဟုတ်ဘဲ လဲ့လဲ့၏မိခင်ဖြစ်သော ဒေါ်မိမိခင်ကို နှလုံးနာ၍သာလျှင် ဖြစ်သည်။ သူ၏ မူလစိတ်ဓာတ်၌ လဲ့လဲ့ကို သနားကြင်နာသော စိတ်ကား ရှိခဲ့ပေသည်။

မောင်မောင်လတ်သည် မမျှော်လင့်ဘဲ လဲ့လဲ့နှင့် ယခုကဲ့သို့ ရင်ဆိုင်လိုက်ရသောအခါ ပထမသော် ပြန်လှည့်၍ ပြေးရန်ပင် စိတ်ကူးလိုက်မိသေးသည်။ ဤကဲ့သို့ လူချင်း မျက်နှာချင်း ဆိုင်မိကာမှ ပြန်လှည့်၍ ထွက်ပြေးလျှင် များစွာ အရုပ်ဆိုးလှမည့်အပြင် ရိုင်းစိုင်းလွန်းရာလည်း ကျနေတော့မည့်အဖြစ်ကို စဉ်းစားမိသောကြောင့် သူသည် ပြန်လှည့်ထွက်ပြေးရန် ဖြစ်ပေါ်လာသော စိတ်ကူးကို ရုတ်ခနဲ တားဆီးနိုင်လိုက်ခြင်းဖြစ်သည်။

မောင်မောင်လတ်နည်းတူ လဲ့လဲ့သည်လည်း မျက်စိမျက်နှာ ပျက်လျက်ရှိပေသည်။ မောင်မောင်လတ်အား မိမိကပင် စတင်၍ နှုတ်ဆက်သင့် မသင့် ဆိုသောကိစ္စကိုလည်း စဉ်းစား၍ မပြတ်နိုင်အောင် ဖြစ်နေပေသည်။

ဤကဲ့သို့ တစ်ဦးနှင့်တစ်ဦး မျက်စိမျက်နှာပျက်နှင့် အတန်ကြာ စကားမပြောနိုင် ကြဘဲ ရှိနေကြပြီးမှ…

“ဦးလေးတို့အိမ် လာလည်သလား လဲ့လဲ့…”

ဟု မောင်မောင်လတ်က စတင်၍ မေးလိုက်သည်။

လဲ့လဲ့သည် ဦးခေါင်းကိုသာ ညိတ်ပြလိုက်နိုင်လျက် နှုတ်ဖြင့်ကား ဘာမျှ ပြောဆို ခြင်းမပြုနိုင်ရှာပေ။

“လဲ့လဲ့တို့ မေမေကော ပါသေးသလား…”

ဟု မောင်မောင်လတ်သည် ဤကမ္ဘာ မြေပြင်ပေါ်၌ ၎င်းအကြောက်ရွံ့ဆုံးသော သတ္တဝါမကြီးအကြောင်းကို စုံစမ်းမေးမြန်းလိုက် လေသည်။

လဲ့လဲ့က ဦးခေါင်းကိုသာ ခါရမ်း၍ ပြလိုက်လေသည်။

“ဟင်… လဲ့လဲ့တစ်ယောက်တည်း လာခဲ့တာလား”

လဲ့လဲ့သည် ယခုထက်တိုင် နှုတ်ဖြင့် စကားပြောကြားခြင်း မပြုနိုင်သေးသကဲ့သို့ ၎င်း၏ဦးခေါင်းကိုသာ အသုံးပြုလျက်ရှိပေသည်။

"လဲ့လဲ့အိမ်က ကားနဲ့လာသလား၊ ကားလည်း မမြင်ပါကလား"

ဟု မောင်မောင်လတ်က လဲ့လဲ့၏ကားကို မမြင်သောကြောင့် ဟိုကြည့်ဒီကြည့်နှင့် မေးမြန်းလိုက်သောအခါ မှပင်...

"လဲ့လဲ့ကားနဲ့ ဒေါ်လေးကို မြိုင်တို့အိမ် လွှတ်ထားတယ်... ကိုလတ်"

ဟု လဲ့လဲ့က မတိုးမကျယ် ပြန်၍ ဖြေလေသည်။

"ဟင်... ဒေါ်လေးလည်း မရှိဘူးဟုတ်လား လဲ့လဲ့..."

"ဟုတ်တယ်... မြိုင်တစ်ယောက် ပေါ်မလာတာကြာသွားလို့ နေထိုင်လို့များ မကောင်းသလားဆိုတာ သိရအောင် ခု... ကိုလတ် မလာခင်လေး ဒေါ်လေးကို လဲ့လဲ့ ကားနဲ့လွှတ်ပြီး အကြည့်ခိုင်းလိုက်တာပါ..."

"ကိုလတ်လည်း ဒေါ်လေးနဲ့ တွေ့ ရအောင်လာခဲ့တာ။ ဒေါ်လေးပြန်မလာခင် ဒေါ်လေးကိုယ်စား လဲ့လဲ့ကို ဧည့်ခံစကားပြောရမလို ဖြစ်နေပြီထင်တယ်..."

"ဒေါ်လေးကိုယ်စား မဟုတ်ဘဲကော ကိုလတ်က လဲ့လဲ့ကို စကားမပြောနိုင်လို့လားဟင်"

ဟု လဲ့လဲ့က ဝမ်းနည်းစကား ပြန်၍ ပြောဆိုလိုက်သည်။

မောင်မောင်လတ် ၎င်း၏မျက်နှာကို ပျက်သွားမှန်း လဲ့လဲ့မသိစေရန်အတွက် ဖွတ်အတင်း ပြုံးလိုက်လေသည်။

"လဲ့လဲ့က ကိုလတ်ကို အခုထက်ထိ စိတ်ဆိုးနေသေးတယ် ထင်တယ်ဟုတ်ကဲ့ လား"

လဲ့လဲ့သည် မောင်မောင်လတ်အား မျက်စောင်းထိုး၍သာ ကြည့်လိုက်သည်။ ဘာမျှ တော့ကား ပြန်မပြောပေ။

"ကဲ... ဒီမှာရပ်ပြီး စကားပြောနေလို့လည်း မဖြစ်သေးပါဘူးလေ...

အိမ်ထဲ ဝင်ကြရအောင် လဲ့လဲ့”

ဟု မောင်မောင်လတ်က ပြောဆိုကာ လဲ့လဲ့အနီးမှ ဧည့်ခန်းဘက်သို့ ဝင်သွားလေသည်။ မောင်မောင်လတ်သည် ဧည့်ခန်းအတွင်းသို့ ဝင်သွားပြီးနောက် ဧည့်ခန်း လယ်ရှိ စားပွဲပေါ်မှ အင်္ဂလိပ်ရုပ်စုံမဂ္ဂဇင်းဂျာနယ်ကို ဆွဲယူကြည့်ရှုနေပြီဖြစ်သည်တိုင်အောင် လဲ့လဲ့သည် တံခါးဝ၌ ရုပ်မြဲရုပ်နေတုန်းဖြစ်သည်။ လဲ့လဲ့သည် မောင်မောင်လတ်နှင့် ဧည့်ခန်းထဲ၌ နှစ်ယောက်တည်း မနေဝံ့ မနေရဲသလိုလည်း ဖြစ်နေပုံရသည်။

အတန်ကြာသွားသည်တိုင်အောင် လဲ့လဲ့သည် ဧည့်ခန်းအတွင်းသို့ ဝင်၍ မလာဘဲ တံခါးဝ၌ တုဏှိဘာဝေ ရုပ်မြဲရုပ်နေသေးသောကြောင့်...

“အထဲကိုလာလေ... လဲ့လဲ့”

ဟု မောင်မောင်လတ်သည် ကုလားထိုင်တစ်လုံးတွင် ဝင်၍ ထိုင်ရင်း လဲ့လဲ့အား ခေါ်ငင်လေသည်။

လဲ့လဲ့သည် ၎င်းအား ဧည့်ခန်းအတွင်းသို့ ဖိတ်ခေါ်လျက်ရှိသော မောင်မောင်လတ်အား စောင်းငဲ့၍ ကြည့်ရုံမျှသာ ကြည့်လိုက်သည်။ နှုတ်မှလည်း ဘာမျှပြန်မပြော၊ အခန်းတွင်းသို့လည်း ဝင်ရောက်၍ ကား မလာပေ။

“ကိုလတ်နဲ့တောင် စကားမပြောချင်တော့ဘူးလား လဲ့လဲ့ရဲ့”

ဟု မောင်မောင်လတ်က လဲ့လဲ့ မခံချိ မခံသာဖြစ်လာအောင် ပြောဆိုလိုက်သောအခါ လဲ့လဲ့သည် ရိုးသားသော ငယ်ရွယ်သူဖြစ်သည့်အလျောက် မျက်နှာနီမြန်းလာပြီးလျှင်...

“ကိုလတ် အပြစ်နဲ့ ကိုလတ် ဘာသာပဲ စဉ်းစားစမ်းပါဦး”

ဟု ပြန်ပြောလေသည်။

မောင်မောင်လတ်သည် အသံထွက်လာအောင် ရယ်မောလိုက်လေသည်။

"လက်စသတ်တော့ လဲ့လဲ့က ကိုလတ်ကို ခုထက်ထိ အခဲမကြေနိုင်တုန်းပဲကိုး"

"ကိုလတ် လုပ်ပစ်ခဲ့တာတွေကိုလည်း ပြန်ပဲ စဉ်းစားစမ်းပါဦး.."

"ကိုလတ်ကိုချည်း တစ်ဖက်သတ် အပြစ်တင်နေဖို့ အချိန်မဟုတ်တော့ဘူး လဲ့လဲ့ရယ်"

"ဒီလိုဆိုရင် လဲ့လဲ့မှာ အပြစ်ရှိသေးတယ်လို့ ကိုလတ်က ဆိုချင်တာပေါ့လေ"

"ဒီလိုဆိုချင်တာလည်း မဟုတ်ပါဘူး လဲ့လဲ့ရဲ့၊ ဖြစ်ပြီးသားအမှုကို အပြစ်တင်နေလို့ အကျိုးမရှိတဲ့ အကြောင်းလောက်သာ ကိုလတ်က ပြောချင်တာပါ..."

"ဒါတွေပြောမနေပါနဲ့တော့ ကိုလတ်။ လဲ့လဲ့ အေးအေးပဲနေချင်တယ်"

မောင်မောင်လတ်သည် နောက်ထပ်၍ စကားပြောဆိုရန် စကားစရှာဖွေမရတော့ သကဲ့သို့ ၎င်း၏အိတ်ကပ်အတွင်းမှ စီးကရက်ဘူးကို ထုတ်ယူလိုက်သည်။ ထို့နောက် စီးကရက်တစ်လိပ်ကို ခပ်အေးအေးမီးညှိကာ ငြိမ်သက်စွာ ဖွာနေလေသည်။ မောင်မောင်လတ်သည် စီးကရက်တစ်လိပ်ကုန်၍ သွားသည့်တိုင်အောင် လဲ့လဲ့သည် ဧည့်ခန်းအတွင်းသို့ ဝင်ရောက်မလာသေးဘဲ အိမ်ရှေ့အဝင်တံခါးဝတွင် စောစောကအတိုင်း ရပ်မြဲ ရပ်နေ သေးသောကြောင့် လဲ့လဲ့အား ဧည့်ခန်းအတွင်းသို့ ဝင်လိုက်၍ လာအောင် မည်သို့မည်ပုံ ပြုလုပ်ရမည့်အရေးကို အကြံထုတ်လျက်ရှိလေသည်။ သူသည် စီးကရက်တစ်လိပ်ကို ထပ်မံ၍ မီးညှိလိုက်ပြီးနောက် လဲ့လဲ့နှင့် စကားပြောဆိုနိုင်ရန်အတွက် အကြောင်းအရာ တစ်ခုခုကို စဉ်းစားရှာဖွေလျက်ရှိရာမှ ပြောဆိုရန်အကြောင်းတစ်ခုကို သတိရလျှင်ရချင်း...

"ဒါထက် အစ်ကိုကြီး ကိုသက်ထွန်းလည်း အင်္ဂလိပ်သတင်းစာတစ်စောင်ထုတ်ဖို့ စီစဉ် နေတယ်ဆိုတာ တော်တော်များများ ပြီးသွားပလား မပြောတတ်ဘူး"

ဟု မေးမြန်းလိုက်လေ သည်။

"အစ်ကိုကြီး သတင်းစာအလုပ်နဲ့ပတ်သက်လို့တော့ လဲ့လဲ့ကို ဘာမှလာမမေးနဲ့ ကိုလတ်... လဲ့လဲ့ ဘာမှမသိဘူး"

"တခြားကြောင့် မေးတာမဟုတ်ပါဘူး လဲ့လဲ့ရယ်။ ကိုလတ်လည်း ဝင်ငွေမရှိလို့ အစ်ကိုကြီး ကိုသက်ထွန်းဆီမှာ အလုပ်အကိုင်ကလေးများ လုပ်ရ ကိုင်ရအောင် ပြော စမ်း ကြည့်မလို့ပါ"

"ဒါလောက် နာမည်ကြီးပြီး တစ်လတစ်လကို တစ်ထောင်ကျော်လောက် ဝင်ငွေ ရှိနေတယ်ဆိုတဲ့ ဇာတ်သမတစ်ယောက်ကို ရထားပြီးတာတောင် ကိုလတ်က ဝင်ငွေမရှိ လို့ အလုပ်လုပ်ဦးမတဲ့လားဟင်..."

လဲ့လဲ့သည် စိတ်လိုက်မာန်ပါ ပြောဆိုရင်း မောင်မောင်လတ်ကပင် ခေါ်ငင်ခြင်းမပြုရဘဲနှင့် ဧည့်ခန်းအတွင်းသို့ ဝင်လိုက်၍ လာလေသည်။

"ကိုလတ် ဇာတ်သမက ဇာတ်မကနိုင်တာ တစ်နှစ်လောက်ရှိနေပြီ လဲ့လဲ့ရဲ့။ နောက်ပြီးတော့ တော်တော်နဲ့လည်း ပြန်ကနိုင်ပုံမပေါ်သေးလို့ ကိုလတ်လည်း ဝင်ငွေရမယ့် အလုပ်တစ်ခုခုကို လိုက်ရှာနေရတာပါ"

"ဒါတော့ ကိုလတ်အပြစ်နဲ့ ကိုလတ် ခံရတာပဲ"

"ကိုလတ် ဒီလိုဒုက္ခရောက်နေရတယ်ဆိုလို့ လဲ့လဲ့က ဝမ်းသာနေသလား ဟင်"

"ကိုလတ်ကို သနားပေမဲ့ လဲ့လဲ့တော့ အမှန်အတိုင်းပြောရရင် ဝမ်းသာတယ်"

"ရက်စက်လှချည်လား လဲ့လဲ့ရယ်"

"လဲ့လဲ့ကို တစ်ဖက်သတ် အပြစ်တင်မနေပါနဲ့ ကိုလတ်၊ ကိုလတ် တစ်ဖက်သတ် ရက်စက်သွားခဲ့တာတွေကိုလည်း ပြန်ပဲ စဉ်းစားစမ်းပါဦး"

လဲ့လဲ့က ချက်ကျကျ ပြန်၍ တွယ်လိုက်သဖြင့် မောင်မောင်လတ်သည် ရုတ်တရက် ဘာမျှပြန်မပြောနိုင်ဘဲ ငြိမ်နေလိုက်ရပေသည်။ မောင်မောင်လတ်သည် ငြိမ်သက်၍ နေရခြင်းကို မခံမရပ်နိုင်သကဲ့သို့

စီးကရက်တစ်လိပ်ကို ထုတ်ယူကာ မီးညှိပြန်လေသည်။ သူသည် မီးညှိပြီးသော စီးကရက်ကို လေးငါးဖွာမျှ ဆက်တိုက်၍ အားရပါးရဖွာလျက် ရှိစဉ် လဲ့လဲ့သည် အင်္ဂလိပ်ရုပ်စုံ ဂျာနယ်တစ်အုပ်ကိုဆွဲယူ၍ လှန်လှောကြည့်ရှုနေပေသည်။

ဤကဲ့သို့ လဲ့လဲ့နှင့် မောင်မောင်လတ်တို့သည် တစ်ဦးနှင့်တစ်ဦး စကားမပြောနိုင်ကြဘဲ စီးကရက်ဖွာသူက တွင်တွင်သာ ဖွာလျက် ရုပ်စုံဂျာနယ်ကို လှန်လှောကြည့်ရှုနေ သူကလည်း တစ်အုပ်ပြီးတစ်အုပ် တွင်တွင်ကြီးသာ လှန်လျောလျက် ကြည့်ရှုနေသည့် အခိုက် အိမ်ရှေ့၌ ကားဆိုက်သံ ကြားလိုက်ရသဖြင့် နှစ်ယောက်စလုံး ဧည့်ခန်းထဲမှ အပြင်သို့ ထွက်လာမိကြလေသည်။

ဒေါ်လေး ဒေါ်စောခင်နှင့်အတူ ကားနောက်ခန်းထဲတွင် လိုက်ပါ၍ လာသော မြိုင် သည် လူချင်းမတွေ့ ရသည်မှာ ကြာပြီဖြစ်သော မောင်မောင်လတ်နှင့် လဲ့လဲ့တို့နှစ်ယောက် ကို ယခုကဲ့သို့ မထင်မှတ်ဘဲ နှစ်ယောက်တည်း တွေ့လိုက်ရသောအခါ အနည်းငယ် အံ့ဩသလိုဖြစ်သွားသည်။

"ကိုကိုလတ်လည်း ရောက်နေမှကိုး…"

ဟု မြိုင်က ကားပေါ်မှ ဆင်းလာရင်း နှုတ်ဆက်လိုက်သည်။

နက်ပြာရောင် သက္ကလတ်အပေါ်အင်္ကျီကို ဝတ်ဆင်ထားသော မြိုင်အား မောင်မောင်လတ်သည် အတန်ကြာမှ စူးစိုက်ကြည့်နေမိပြီးမှ…

"မြိုင် ကောင်းကောင်း နေမကောင်းဘူး ထင်တယ်"

ဟု မေးမြန်းလိုက်လေသည်။

"နယ်လီတို့ ဥယျာဉ်ပွဲကအပြန် နည်းနည်းအအေးမိသွားလို့ပါ"

မြိုင်သည် လဲ့လဲ့၏ လက်ကို လှမ်း၍ ဆွဲယူရင်း မောင်မောင်လတ်အား ပြောဆိုလိုက်ပြီးနောက် လဲ့လဲ့ နှင့်အတူ အိမ်ထဲသို့ ဝင်သွားသည်။

ဤကဲ့သို့ လဲ့လဲ့ရော မြိုင်ပါ အိမ်ထဲသို့ ဝင်သွားကြတော့မှပင်…

"ဘာများအကြောင်းထူးပါလာသေးသလဲဟေ... မောင်လတ်..."

ဟု ဒေါ်လေး ဒေါ်စောခင်က ခပ်အုပ်အုပ် မေးလိုက်သည်။

"မေမေက ဒေါ်လေးကို အခေါ်လွှတ်လိုက်လို့ပါ..."

"ကလေးကော နေကောင်းရဲ့လားဟေ့... ,,

"ကောင်းပါတယ်..."

"မင့်ဇာတ်သမကော ဘယ်လိုများနေသေးသလဲ"

"မခင့်အကြောင်းတော့ မပြောချင်ပါဘူး ဒေါ်လေးရယ်.. သူ့ဘာသာသူ မီးယပ် ရှူး ရှူးနေရုံတင်မကသေးဘူး။ အရက်ပါ သောက်တတ်နေပါပကောလား..."

"ဟင် အရက်ပါ သောက်နေပြီ ဟုတ်လား မောင်လတ်"

"ဒေါက်တာပေါလ်က သွေးအားကောင်းအောင်လို့ မီးထွက်ခါစတုန်းက အရက် အသောက်ခိုင်းလိုက်တာ ခုတော့ အရက်ပါစွဲနေပြီဗျ"

"သူ့ရောဂါကတော့ ဘယ်လိုများနေသေးသလဲ"

"ဒီလိုပါပဲဗျာ"

"ဒါထက် မင်းအမေက ငါ့ကို အခေါ်လွှတ်ခိုင်းလိုက်တဲ့ကိစ္စကကော မင်းကိစ္စပဲလား

"မေမေနဲ့ တွေ့တော့ ဒေါ်လေး သိမှာပေါ့ဗျာ။ ခု ကျွန်တော်နဲ့ တစ်ခါတည်း လိုက်ခဲ့မယ်မဟုတ်လား။ ကျွန်တော့်ကားလည်းပါလာတယ်"

"အေး.. ငါ အစ်ကိုကြီးနိုးလာရင် ကော်ဖီပေးဖို့ မြိုင့်ကို ဝင်မှာထားခဲ့ဦးမယ်။ ပြီးတော့မှ သွားကြတာပေါ့"

ဟုပြောဆိုကာ ဒေါ်လေး ဒေါ်စောခင်သည် အိမ်တွင်းသို့

ဝင်သွားလေသည်။

ဒေါ်စောခင် ပြန်ထွက်လာသောအခါ မြိုင်လည်း ပါ၍ လာလေသည်။ သို့ရာတွင် လဲ့လဲ့မူကား မောင်မောင်လတ်နှင့် မတွေ့ ချင်သကဲ့သို့ အိမ်ထဲတွင် ကျန်ရစ်ခဲ့လေသည်။

"ကိုကိုလတ် ပြန်တော့မလို့လား..."

ကားတံခါးကို ဖွင့်နေသော မောင်မောင်လတ်အား မြိုင်က လှမ်း၍ မေးလိုက်လေသည်။

"မေမေက ဒေါ်လေးကို အခေါ်ခိုင်းလိုက်လို့ မြိုင်ရဲ့"

"ကိုကိုလတ်လည်း မတွေ့ ရတာ အတော့်ကို ကြာသွားပြီ... တစ်ခါမှတောင် ပေါ် မလာဘူး

"မေခင် စိတ်ကောင်းကောင်းမကောင်းကတည်းက ကိုလတ်လည်း ဘယ်မှမရောက် နိုင်ပါဘူး မြိုင်ရယ်.."

ဟုသာပြန်ပြောပြီးနောက် မောင်မောင်လတ်သည် ကားပေါ်သို့ တက်ထိုင်လိုက်လေသည်။

ဒေါ်လေး ဒေါ်စောခင်သည် ၎င်းမှာကြားရန်ရှိသော ကိစ္စတို့ကို မြိုင့်အား မှာကြား ပြီးနောက် မောင်မောင်လတ်နှင့်အတူ ကံဘဲ့ဘက်သို့ လိုက်ပါသွားလေသည်။

ကံဘဲ့ဘက်အိမ်တွင် မောင်မောင်လတ်တို့ တူဝရီးနှင့် သားအမိတို့သည် မောင်မောင်လတ်နှင့် မေမေခင်တို့၏ အိမ်ထောင်ရေးကိစ္စကို ဆွေးနွေးပြောဆိုလျက်ရှိကြစဉ် မြိုင်သည် မည်ကဲ့သို့မျှ အောင့်အည်း၍ မရနိုင်တော့သည်၏အဆုံး၌ ၎င်းနှင့် ကိုတင်ဦးတို့နှစ်ဦး အဆင်မပြေဖြစ်နေသောကိစ္စများကို ၎င်း၏အချစ်ဆုံးသူငယ်ချင်းဖြစ်သူ လဲ့လဲ့အား ခရေစေ့တွင်းကျ ပြောပြလျက်ရှိပေသည်။

"မြိုင် ခုပြောပြတာတွေကို တခြားဘယ်သူတွေကိုမှ ပြောမပြလိုက်ပါနဲ့ကွယ်။ မင်းကတော့ ကိုယ်နဲ့ အချစ်ဆုံး အရင်းနှီးဆုံး သူငယ်ချင်းမို့လို့ ခုလိုဖွင့်ပြောရတာပဲ"

"မင့်လူက ဒါလောက်တောင်မှ မသိတတ်ရသလားဟင်"

"မသိတတ်တာလို့လည်း မဆိုနိုင်ဘူးထင်တယ်။ သူ လုပ်ချင်တဲ့အလုပ်ကို လုပ်နေ ရရင် ဘာကိုမှ သတိရတတ်တဲ့ လူစားမျိုးမဟုတ်ဘူးနဲ့ တူလို့ပါ"

"ဒီလူဟာ ကွန်မြူနစ်တစ်ယောက်မို့လို့ ဘာသာတရားမရှိတဲ့ မိစ္ဆာဒိဋ္ဌိကြီးတစ်ယောက်ပါလို့ မင့်ကို စောစောကတည်းက ကိုယ်ပြောသားပဲမဟုတ်လား..."

"သူ့မှာ ဘာသာ ဝတ်ပြုကိုးကွယ်မှုမရှိပေမဲ့ ကိုယ်ဝတ်ပြုကိုးကွယ်တဲ့အလုပ်ကိုတော့ ရှိသေတတ်ပါတယ်။ ဒီအတွက်ကတော့ ပြောစရာ သိပ်မရှိလှပါဘူး။ ခက်နေတာ တစ်ခုက ဒီလို ကိုယ်နဲ့ ဘာသာဝတ်ပြု ကိုးကွယ်မှုလည်းမတူ၊ ဘာသာတရားလည်းမရှိတဲ့ လူတစ်ယောက်နဲ့ ပေါင်းသင်းနေရတယ်ဆိုတဲ့အသိက စိတ်ထဲမှာ တစ်မျိုးကြီးပဲကွဲ့။ ည အိပ်ရာဝင်ခါနီး ဘုရားရှိခိုးတဲ့အခါတိုင်း ဒီလင် ဒီမယား နိဗ္ဗာန်အတူ ကူးရပါလို၏လို့ တောင် ဆုမတောင်းဝံ့ မတောင်းရဲအောင် စိတ်အနှောင့်အယှက်ဖြစ်နေရတယ်..."

"မင့်လူ ခုလို မိစ္ဆာဒိဋ္ဌိကြီးတစ်ယောက်ဖြစ်နေတယ်ဆိုတာကိုကော မင်းတို့ ဖေဖေ နဲ့ ဒေါ်လေးတို့များ သိကြရဲ့လား..."

"မင်းတစ်ယောက်ကလွဲလို့ အိမ်တွင်းရေးကိစ္စတွေ ဘယ်သူ့ကိုမှ

ခုလိုဖွင့်မပြော သေးပါဘူးလို့ ပြောထားပြီမဟုတ်လား”

“မင်း ခုလို ကြိတ်မှိတ်ပြီး ဘယ်လောက်ကြာအောင် ခံနေနိုင်မှာမို့လဲဟင်။ ခုလို ကြိတ်မှိတ်ပြီးခံနေရင် မသေမချင်း ခံနေရမှာပဲ…”

“ဒါကတော့ ကိုယ့်ဝဋ္ဋ်နဲ့ ကိုယ်ပေါ့ကွယ်…. ဘယ်တတ်နိုင်ပါ့မလဲ…"

“ဒီလိုလည်း ဘယ်ဟုတ်ပါဦးမလဲ မြိုင်.. မင့်လူကို ဝင်ပြီး သတိပေးဖို့ မင့်ဖေဖေကိုပဲဖြစ်ဖြစ် ဒေါ်လေး ဒေါ်စောခင်ကိုပဲဖြစ်ဖြစ် မင်း အကျိုးသင့် အကြောင်းသင့် ဖွင့်ပြောပြဖို့ ကောင်းလိမ့်မယ်ထင်တယ်…”

“ဒီလူ့ကို ကိုယ် လက်ထပ်တာက ကိုယ့်သဘောနဲ့ကိုယ် လက်ထပ်ခဲ့တာ မဟုတ်လား… ဒီလို ကိုယ့်အတက်နဲ့ ကိုယ်စူးလာတော့မှ အရပ်ကယ်ပါ လူဝိုင်းပါလို့ လူတကာ လျှောက်အပူကပ်နေလို့ ဘယ်တရားပါ့မလဲ။ ကိုယ်ကတော့ ဒီလိုပဲ စဉ်းစားထားတယ်…”

“မင့်ဟာက မဟုတ်သေးပါဘူး မြိုင်ရယ်..။ တစ်ဖက်သတ် ကျနေလွန်းအားကြီး ပါတယ်”

“ဘယ်သူမပြု မိမိမှု ဆိုတဲ့စကားလည်း ရှိသားပဲမဟုတ်လား”

“မင့်ဘာသာမင်း အပြစ်နဲ့မို့ မင်း မပြောရရင်လည်း ကိုယ်ပြောပြလိုက်ချင်တယ်။ မင်း ခွင့်ပြုနိုင်ရဲ့တော့ မဟုတ်လား”

“ကိုယ့်ဒုက္ခကို ကိုယ်တစ်ယောက်တည်းပဲ ခံပါရစေတော့ လဲ့လဲ့ရယ်။ တခြားလူ တွေကိုလည်း ကိုယ့်အတွက်နဲ့ လိုက်ပြီး ဒုက္ခပေးမနေပါနဲ့”

“မင်းဖေဖေနဲ့ ဒေါ်လေးတို့ကို မပြောပြချင်ရင်လည်း မပြောတော့ပါဘူးလေ။ ဒါပေမဲ့ အစ်ကိုကြီးကိုကော ပြောပြလို့မဖြစ်ဘူးလား… အစ်ကိုကြီးက မင်းလူကို သတိ ပေးပြောပြနိုင်သားပဲ…”

“အစ်ကိုကြီး ကိုသက်ထွန်းကိုလည်း ထပ်ပြီးတော့ ဒုက္ခပေးမနေပါနဲ့တော့ လဲ့လဲ့ ရယ်။ သူ့အလုပ်နဲ့သူ အေးအေးနေပါရစေ”

“မင်းဟာက မဟုတ်သေးဘူးထင်တယ်”

ညှော့ခန်းထဲ၌ မြိုင်နှင့် လဲ့လဲ့တို့ စကားပြောဆိုနေကြသည့်အခိုက် နောက်ထပ် ကားတစ်စီးသည် ရွှေတောင်ကြားခြံကြီးအတွင်းသို့ ခပ်ဖြည်းဖြည်း မောင်းဝင်လာပြီးနောက် အိမ်ရှေ့တွင် ထိုး၍ ရပ်သွားလေသည်။ ကားသံကိုကြားရသဖြင့် ဘယ်သူဘယ်ဝါများ ဖြစ်သည်ကို သိလိုသဖြင့် မြိုင်သည် လဲ့လဲ့နှင့် စကားပြောဆိုနေရာမှ ထလာခဲ့ပြီးလျှင် အိမ်ရှေ့သို့ ထွက်လာခဲ့လေသည်။

ကိုသက်တင်သည် ကားတံခါးကို ဖွင့်၍ ဆင်းလာပြီးလျှင်…

"မြိုင် ကောင်းကောင်း နေမကောင်းဘူးလား…"

ဟု လှမ်း၍ နှုတ်ဆက်လိုက်သဖြင့်…

"နည်းနည်း အအေးမိထားလို့ ပါ။ လာလေ ကိုသက်တင်၊ လဲ့လဲ့လည်း ရောက်နေတယ်…"

ဟု မြိုင်က ကိုသက်တင်အား အိမ်အတွင်းသို့ ဖိတ်ခေါ်လိုက်လေသည်။

"လဲ့လဲ့တစ်ယောက် ရောက်နေတာကြာပြီလား"

ကိုသက်တင်သည် မြိုင့်အားလှမ်း၍ မေးရင်း အိမ်ပေါ်သို့ တက်လာသည်။

"စောစောကပဲ ရောက်နေတယ်..။ ခုတင်ကပဲ ကိုကိုလတ်တောင် လာသွားသေးတယ်"

"ဪ.. ကိုမောင်မောင်လတ် လာသွားသေးသလား။ သူနဲ့ မတွေ့ရတာတောင် တော်တော်ကြာသွားပြီ"

ဟု ပြောဆိုကာ ကိုသက်တင်သည် လဲ့လဲ့အား ပြုံး၍ နှုတ်ဆက်ရင်း ကုလားထိုင်တစ်လုံးတွင် ဝင်၍ ထိုင်လိုက်ပြီးနောက် စီးကရက်တစ်လိပ်ကို ထုတ်ယူ၍ မီးညှိလေသည်။

"ကိုသက်တင်တို့ မေမေတစ်ယောက်ကော နေလို့ ထိုင်လို့ ကောင်းရဲ့လား…"

မြိုင်က ဝတ္တရားရှိသည့်အတိုင်း ကောင်းစွာမကျန်းမာလှသော ကိုသက်တင် မိခင်၏ ကျန်းမာရေးအခြေအနေကို စုံစမ်းမေးမြန်းလိုက်သည်။

"မေမေကတော့ ဒီလိုပါပဲ မြိုင်။ တစ်လောက လဲ့လဲ့တို့အိမ်မှာ မြိုင်နဲ့ တွေ့ခဲ့ ရတဲ့အကြောင်း ကိုသက်တင်က ပြောပြလို့ မြိုင့်ကိုတောင် မေမေက ထမင်းစားဖိတ်ရဦးမယ်လို့ ပြောသေးတယ်..."

"ကိုသက်တင် မေမေက မြိုင့်ကို စိတ်မနာဘဲ ထမင်းစားတောင် ဖိတ်ဦးမယ်လို့ တဲ့လား"

"မေမေကရော ကိုသက်တင်ကပါ မြိုင့်အပေါ်မှာ ဘယ်တုန်းကမှ စိတ်မနာခဲ့ကြ ဘူးပါလား မြိုင်ရဲ့"

"ဒီအတိုင်းသာ မှန်ရင်တော့ မြိုင် ဝမ်းသာရမှာပေါ့လေ..ဒါထက် ကိုသက်တင် အခုလာတာ ကိစ္စပါလာသေးသလား"

မြိုင်က အကြောင်းအရာအသစ်တစ်ခုကို ကောက်ကာငင်ကာနှင့် ရုတ်တရက် မေးမြန်းလိုက်သဖြင့် ကိုသက်တင်သည် ခေတ္တမျှ စဉ်းစားနေသကဲ့သို့ ငိုင်နေပြီးမှ...

"ကိုသက်တင်လာတာကတော့ မြိုင်တို့ဖေဖေနဲ့ တွေ့ပြီး ပြောစရာစကားကလေး ရှိလို့ပါ"

ဟု ခပ် ဖြည်းဖြည်းမှန်မှန် ပြောဆိုလိုက်သည်။

"ဖေဖေတော့ အိပ်နေသေးတယ်...။ တော်တော်ကလေး ကြာရင် နိုးပါလိမ့်မယ်"

မြိုင်တို့ဖေဖေကို ပြောရမယ့်စကားက မြိုင့်ယောကျ်ားနဲ့ ပတ်သက်နေတဲ့ ကိစ္စ ဖြစ်လို့ မြိုင့်ကို တစ်ခါတည်း ပြောထားခဲ့ရရင် ကောင်းမလားလို့ ကိုသက်တင် စဉ်းစား နေတယ် မြိုင်ရဲ့"

"ကိုတင်ဦးနဲ့ပတ်သက်နေတဲ့ကိစ္စတဲ့လားဟင်... ကိုသက်တင်"

မြိုင်သည် ထိတ်လန့်တကြား ပြန်၍ မေးမြန်းလိုက်မိသည်။

"ဟုတ်တယ်... ကိုတင်ဦး ကိစ္စပဲ...."

"ဘယ်လိုကိစ္စမျိုးလဲဟင်... ကိုသက်တင်"

"ကိုတင်ဦးကို အစိုးရက မကြာခင်အတွင်း ဖမ်းလိမ့်မယ်ဆိုတဲ့သတင်းအတွက်ပဲ မြိုင်ရဲ့"

"ဟင်.. ကိုတင်ဦးကို အစိုးရက ဖမ်းမလို့တဲ့ ဟုတ်ရဲ့လား ကိုသက်တင်..."

မြိုင်သည် မျက်စိပျက် မျက်နှာပျက်နှင့် မေးလိုက်မိသည်။

"ဟုတ်တယ်... အင်မတန် စိတ်ချခိုင်လုံတဲ့ ဌာနက ကိုသက်တင် သိလာခဲ့ရတဲ့ သတင်းပဲမြိုင်ရဲ့။ အဲဒါကို ပြောပြရအောင် လာခဲ့တာ"

"ကိုတင်ဦးမှာ ဘယ်လိုပြစ်မှုရှိလို့ အစိုးရက ခုလိုဖမ်းမှာတဲ့လဲ ဟင်... ကိုသက်တင်"

"ဒါကိုတော့ ကိုသက်တင်လည်း တိတိကျကျမသိရဘူး။ ဒါပေမဲ့ ပြည်ထဲရေးဌာနက လူတစ်ယောက်ရဲ့ အပြောကတော့ နိုင်ငံတော်အစိုးရကို တိုင်းပြည်က အထင်လွဲ အမြင်လွဲဖြစ်အောင် ရေးသားလှုံ့ဆော်တဲ့အတွက်လို့ ဆိုတာပဲ။ နောက်ပြီးတော့လည်း လက်နက်ကိုင် သောင်းကျန်းဆူပူနေကြတဲ့ ကွန်မြူနစ်တွေနဲ့လည်း တိတ်တိတ်ပုန်း ဆက်သွယ်နေတယ်လို့လည်း စွပ်စွဲချက်ရှိသေးသတဲ့"

မြိုင်သည် ဦးခေါင်းထဲ၌ မူးနောက်နောက်ဖြစ်လာသဖြင့် နောက်ထပ်၍ မေးချင် ပြောချင်သေးသော စကားများကို ဘာမှမမေးနိုင် မပြောနိုင်ဘဲ ရပ်ထားလိုက်ရပေသည်။

"ဒီသတင်းကို ကြိုတင်ပြီးသိထားရင် ကြိုတင်ကာကွယ်နိုင်စရာရှိတာကို ကာကွယ် နိုင်အောင်လို့ ကိုသက်တင် လာပြောရတာပါ"

"ကြိုတင် ကာကွယ်နိုင်တယ်ဆိုတာက ဘယ်လိုလဲဟင်... ကိုသက်တင်"

မြိုင်သည် စိုးရိမ်ပူပန်စွာ မေးမြန်းလိုက်မိသည်။

"ဒီအလုပ်ကို မြိုင့်ယောက်ျား သိပြီးသားဖြစ်ပါလိမ့်မယ်"

ကိုသက်တင်က ခပ်အေးအေး ခပ်ပေ့ါပေ့ါ အမူအရာဖြင့် ပြောဆိုလေသည်။

"မြိုင် မသိသေးလို့ မြိုင့်ကို ပြောထားခဲ့ပါဦး ကိုသက်တင်"

"လွယ်ပါတယ် မြိုင်ရဲ့။ ပြည်ထဲရေးဝန်ကြီးကို သွားတောင်းပန်လိုက်ပြီး နောက်နောင် ဒီလိုမလုပ်တော့ပါဘူးလို့ အာမခံလိုက်ရင် ပြီးနိုင်သားပဲ။ ဒီကိစ္စတွေအားလုံး မြိုင့် ယောက်ျား သိပြီးသား၊ နားလည်ပြီးသား ဖြစ်ပါလိမ့်မယ်"

"ဒီလိုဆိုရင်တော့ မြိုင်... ကိုတင်ဦးနောက်ကို လိုက်ပြီးပြောဦးမှထင်တယ်။ ဒီ သတင်းကို သူ ဘယ်လိုနည်းနဲ့မှ သိနိုင်လိမ့်ဦးမယ်မဟုတ်ဘူး"

ဟု ပျာပျာသလဲ ပြောဆို ကာ မြိုင်သည် ဖခင်လုပ်သူ နိုးလာသောအခါတွင် ကော်ဖီပေးရန်ကိစ္စနှင့် ဒေါ်လေး ဒေါ်စောခင် ကံဘဲ့ဘက်မှ ပြန်ရောက်လာသည်တိုင်အောင် စောင့်ဆိုင်းဖို့ရန်ကိစ္စများကို လုံးဝမေ့လျော့သွားသကဲ့သို့ အိမ်ရှေ့သို့ ရောက်၍ လဲ့လဲ့နှင့် ကိုသက်တင်တို့၏ ကား နှစ်စီးကို တွေ့လိုက်ရသောအခါ ထိုကားနှစ်စီးအနက် လဲ့လဲ့၏ကားကို ခေတ္တယူငင်သွားရန် စိတ်ကူးရလာသဖြင့် မြိုင်သည် ဧည့်ခန်းအတွင်းသို့ ချာခနဲ ပြန်လှည့်ဝင်လာခဲ့ပြန်သည်။

"လဲ့လဲ့... မင်းကားကို ကိုယ်ခဏလောက် ယူသွားချင်တယ်"

"ယူသွားလေ... ပြီးတော့ ရှစ်မိုင်ဘက် ပြန်လွှတ်လိုက်တာပေ့ါ"

လဲ့လဲ့ထံမှ ခွင့်ပြုချက်ရလျှင်ရချင်း မြိုင်သည် နောက်ထပ်၍ ဘာမျှ ပြောဆို နှုတ် ဆက်ခြင်း ပြုမနေနိုင်တော့ဘဲ ဧည့်ခန်းတွင်းမှ အပြင်ဘက်သို့ ကတိုက်ကရိုက်ပြေးထွက် လာခဲ့မိလေသတည်း။

အခန်း[၂၁]

(က)

လဲ့လဲ့၏ကားကို ဆွဲငင်ယူလာခဲ့ပြီးနောက် မြိုင်သည် ကိုတင်ဦး အလုပ်လုပ်ကိုင် လျက်ရှိသော ပြည်သူ့အလင်း သတင်းစာတိုက်သို့ ၎င်းအား မောင်း၍ ပို့ပေးရန် ဒရိုင်ဘာ အား အမိန့်ပေးလေသည်။ ပြည်သူ့အလင်းသတင်းစာတိုက်ကို ပို့ပေးပါဟု ပြောကြား လိုက်ပြီးကတည်းက ဒရိုင်ဘာသည် နောက်ထပ်၍ မြိုင့်အား ဘာမျှ ပြန်လည်မေးမြန်းခြင်းမပြုတော့ဘဲ ပြည်သူ့အလင်း သတင်းစာတိုက်ရှိရာ ဗိုလ်အောင်ကျော်လမ်းသို့ တန်းတန်းမတ်မတ်မောင်းလာခဲ့လေသည်။ ပြည်သူ့အလင်းသတင်းစာတိုက်သို့ ရောက် ရှိသောအခါ မြိုင်သည် ကားကို ပြန်မလွှတ်သေးဘဲ သတင်းစာတိုက်ရှေ့တွင် စောင့်ထား ခိုင်းခဲ့ပြီးနောက် သတင်းစာတိုက်အပေါ်ထပ်သို့ ခပ်သွက်သွက်ကလေး တက်လာခဲ့လေ သည်။

ကိုတင်ဦးနှင့် လက်ထပ်ပြီးစီးကတည်းက မြိုင်သည် ၎င်း၏လင်ယောကျ်ား အလုပ် လုပ်ကိုင်လျက်ရှိသော ပြည်သူ့အလင်းသတင်းစာတိုက်သို့ တကြိမ်တခါမျှ ထပ်မံ၍ မရောက်တော့ပေ။ ယခုမှသာလျှင် ကိုသက်တင်၏ ပြောကြားချက်အရ လင်လုပ်သူအား မေးမြန်းစရာရှိသောကိစ္စကို မေးမြန်းသတိပေးပြောကြားခြင်းပြုရန်အတွက်နှင့် ဒရောသောပါး ပြေးလွှားရောက်လာခြင်းမျှသာလျှင် ဖြစ်ပေသည်။

လင်လုပ်သူ၏အတွက် ပူပန်သောကရောက်သောစိတ်နှင့် သတင်းစာတိုက်အပေါ် ထပ်သို့ ပြေးလွှား၍ တက်လာစဉ် မြိုင်နှင့် ကိုတင်ဦးတို့ လက်ထပ်ခဲ့ကြသောနေ့က ကိုသက်ထွန်းက လက်အဖွဲ့ခိုင်းလိုက်သော ငွေတစ်ထောင်တန် ချက်လက်မှတ်ကို မြိုင်တို့အိမ်သို့ လာရောက်ပို့ပေးသွားခဲ့ဖူးသော သတင်းစာတိုက်မှ ငွေကိုင်စာရေးကြီး ဦးဘသော်က မြိုင့်အားလှမ်း၍ နှုတ်ဆက်လေသည်။ သို့ရာတွင် လင့်အတွက်နှင့် မွန်နေသော မြိုင်သည် ဦးဘသော်က နှုတ်ဆက်နေခြင်းကိုပင် မသိလိုက်ပေ။ ကိုတင်ဦး၏အလုပ်ခန်းဘက် သို့သာ ခပ်သုတ်သုတ်ကလေး လျှောက်လာခဲ့လေသည်။ ကိုတင်ဦး အလုပ်လုပ်သော အခန်းတံခါးဝသို့ ရောက်သောအခါ မြိုင်သည် တံခါးကို ကတိုက်ကရိုက်တွန်းဖွင့်၍ အတွင်းသို့ ဝင်လာခဲ့လေသည်။

ကိုတင်ဦးသည် သူ၏ အလုပ်ခန်းအတွင်း၌မရှိပေ။ မြိုင်သည် မောပန်း၍ သွားလေသည်။ မြိုင်သည် မောမောပန်းပန်းနှင့် လိုက်လာခဲ့ပြီးနောက် ကိုတင်ဦးအား ယခုကဲ့ သို့ မတွေ့ လိုက်ရသောအခါ လင်လုပ်သူအား ဒေါသထွက်သလို ဖြစ်လာမိသည်။ ထို့ ကြောင့် ခေတ္တခဏမျှပင် အပန်းဖြေထိုင်နားခြင်းမပြုတော့ဘဲ အခန်းအတွင်းမှ ချက်ချင်း ပြန်ထွက်လာသည်။ မြိုင်သည် ကိုတင်ဦးအား ဘယ်သူ့ဘယ်ဝါထံ၌ စုံစမ်းမေးမြန်းရမည့် အရေးကို စဉ်းစားရန် အပြင်ဘက်တံခါးဝ၌ ခေတ္တမျှရပ်လိုက်သည်။ မြိုင်သည် အချိန် အတန်ကြာမျှ အပြင်ဘက်တံခါးဝတွင် ငိုင်၍ ရပ်စဉ်းစားနေသည့်အခိုက် ကိုသက်ထွန်း သည် ၎င်း၏ကိစ္စတစ်ခုအတွက်နှင့် စကားပြောဆိုရန် ကိုတင်ဦး၏အလုပ်ခန်းဘက်သို့ ဦးခေါင်းကို ငိုက်စိုက်ချကာ ခပ်လေးလေး ခပ်မှန်မှန် လျှောက်၍ လာလေသည်။ မြိုင်သည် ၎င်း၏အတွေးနှင့် ၎င်းဘာသာ ငိုင်၍ နေသောကြောင့် ကိုသက်ထွန်း

လျှောက်လာသည်ကို မမြင်မိသကဲ့သို့ ၎င်း၏ အတွေးနှင့် ၎င်းဘာသာ ဦးခေါင်းကိုငုံ့၍ လျှောက်လာသော ကိုသက်ထွန်းကလည်း ကိုတင်ဦး၏အလုပ်ခန်း အပြင်ဘက်တံခါးဝ၌ ရပ်နေသော မြိုင့်ကိုလည်း မမြင်မိပေ။ ကိုသက်ထွန်း လျှောက်လာ၍ အလွန်နီးကပ်သော နေရာသို့ ရောက်တော့မှပင် တစ်ဦးကိုတစ်ဦး ရုတ်ခနဲ မြင်မိကြလေသည်။

"မြိုင်ပါလား..."

ကိုသက်ထွန်းက ကိုတင်ဦးနှင့် လက်ထပ်ပြီးစီးသွားပြီးနောက် လူချင်း တစ်ကြိမ်တစ်ခါမျှ မတွေ့ ရတော့သော မြိုင့်အား ယခုကဲ့သို့ မမျှော်လင့်ဘဲနှင့် ကိုတင်ဦး၏ အခန်းအပြင်ဘက် တံခါးဝ၌ ရုတ်တရက် တွေ့ မြင်လိုက်ရသောကြောင့် အံ့အားသင့်သွားသောအမူအရာဖြင့် နှုတ်ဆက်မေးမြန်းလိုက်ပေသည်။

"အစ်ကိုကြီး"

မြိုင်သည်လည်း ရုတ်တရက်ဖြစ်၍ အံ့ဩသွားပုံရလေသည်။

"နေထိုင်ကောင်းရဲ့လားမြိုင်..."

"ကောင်းပါတယ် အစ်ကိုကြီး... မြိုင် ကိုတင်ဦးနဲ့ တွေ့ စရာရှိလို့ အခု

လဲ့လဲ့ ကားကို ရွှေတောင်ကြားအိမ်က ဆွဲပြီးလာခဲ့တာ”

“ကိုတင်ဦးနဲ့ကော တွေ့ပြီးပြီလား”

“သူ့အခန်းထဲမှာတော့ မတွေ့ဘူး အစ်ကိုကြီး…”

“ဒါဖြင့် ဒီလူ ဂျွန်ဒစ်ကင်စင်ကို သွားတာ ခုထက်ထိ ပြန်မလာသေးဘူးနဲ့ တူတယ်။ အစ်ကိုကြီးလည်း သူ ပြန်လာလောက်ပြီ မှတ်လို့ သူ့ဆီကိုလာတာ”

“သူ ကြာများနေဦးမှာလားဟင်၊ အစ်ကိုကြီး”

"မြိုင့်ကိစ္စက တော်တော်အရေးကြီးသလား။ သိပ်ကြာလှမယ်တော့ မထင်ပါဘူး။ အလွန်ဆုံး စောင့်ရရင် နာရီဝက်လောက်ပါပဲ”

ကိုသက်ထွန်းသည် ၎င်း၏ လက်ပတ်နာရီ ကို မြှောက်၍ ကြည့်ရင်းပြောဆိုလိုက်သည်။

“ဟုတ်ကဲ့ အစ်ကိုကြီး မြိုင် သူ့ကိုတွေ့ဖို့ အရေးကြီးတယ်”

“ဒါဖြင့် ကိုတင်ဦးကို စောင့်ရင်း အစ်ကိုကြီး အခန်းထဲမှာ လက်ဖက်ရည် လိုက်သောက်ပါဦးလား။ မြိုင်… လာ.. လာ… အစ်ကိုကြီးလည်း ခုပဲ လက်ဖက်ရည်သောက် တော့မလို့ပဲ”

ဟု ပြောပြောဆိုဆိုနှင့် မြိုင့်အား ခေါ်ငင်ကာ ထွက်သွားသဖြင့် မြိုင်သည် ကိုသက်ထွန်း နောက်မှ လိုက်ပါ၍ သွားလေသည်။

ကိုသက်ထွန်း၏အလုပ် အခန်းအတွင်းသို့ ရောက်သောအခါ ကိုသက်ထွန်းသည် မြိုင့်အား ကုလားထိုင်အလွတ်တစ်လုံးတွင် ထိုင်ခိုင်းပြီးနောက် ၎င်း၏ စာရေးစားပွဲပေါ်ရှိ ခေါင်းလောင်းကလေးကို တီးလိုက်သည်။

“မြိုင်… အခု ရွှေတောင်ကြားအိမ်က လာခဲ့တာလားဟင်…”

ကိုသက်ထွန်းသည် စားပွဲပေါ်ရှိ ငွေစီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို ထုတ်ယူကာ မီးညှိရင်း ခပ်အေးအေး မေးလေသည်။

"ဟုတ်ကဲ့အစ်ကိုကြီး.. ဖေဖေတို့အိမ် အလည်သွားရင်း လဲ့လဲ့တို့၊ ကိုသက်တင်တို့နဲ့တွေ့လို့ လဲ့လဲ့ကားကို ခဏယူလာခဲ့ရသေးတယ်..."

"ကိုတင်ဦးကို တွေ့ဖို့ကိစ္စက သိပ်များအရေးကြီးနေသလားဟင်... အစ်ကိုကြီးက ကြားက ဘာများကူညီနိုင်တာများရှိသေးသလဲ။ ကူညီနိုင်တာရှိရင်တော့ ဘာမှ အားမနာဘဲ ပြောစေချင်တယ်"

မိမိတို့လင်မယားနှစ်ဦး၏အကြား၌ ၎င်းကူညီနိုင်သောကိစ္စများကို တကယ့် စေတနာဖြင့် ကူညီချင်ပါသည်။ ကူညီခြင်းလည်း ပြုပါရစေဟု ဆိုလာသော ကိုသက်ထွန်းအား မြိုင်သည် ကိုသက်တင်ထံမှ ကြားသိခဲ့ရသောကိစ္စကို ထုတ်ဖော်ပြောဆို၍ တိုင်ပင် ပြောကြားသင့်၊ မသင့် ချိန်ဆနေမိသည်။ တကယ်ဆိုတော့ ကိုသက်ထွန်းသည် မိမိတို့ လင်မယားအပေါ်၌ တကယ်မေတ္တာ စေတနာ ထားရှိသူတစ်ယောက် မဟုတ်သလော။ မြိုင်သည် ကိုသက်ထွန်းအား ငယ်စဉ်ကလေးဘဝမှစ၍ သိကျွမ်းလာခဲ့ပေသည်။ ၎င်းအပြင် မြိုင့်ယောက်ျား ကိုတင်ဦးသည်လည်း ကိုသက်ထွန်းနှင့် အင်မတန်ရင်းနှီးသော လုပ်ဖော် ကိုင်ဖက် မိတ်ဆွေတစ်ဦးပင် မဟုတ်သလော။ ကိုသက်ထွန်းကို အကြောင်းပြု၍ လည်း မြိုင်နှင့် ကိုတင်ဦးတို့သည် လူချင်းတွေ့ဆုံ သိကျွမ်းရင်းနှီးချစ်ခင်ကာ အကြင်လင်မယား ဘဝသို့ ရောက်ခဲ့ကြသည်မဟုတ်သလော။

"ဘယ်လိုအခက်အခဲများ ရှိနေလို့ ဒီလောက်တောင် စဉ်းစားနေရတာလဲ မြိုင်ရဲ့... အကူအညီတောင်းဖို့ ခက်ခဲနေတဲ့ကိစ္စဆိုရင်လည်း ကိစ္စမရှိပါဘူးလေ..."

ဟု ကိုသက်ထွန်းက နောက်ထပ်၍ ပြောဆိုလာတော့မှပင် မြိုင်သည် မိမိစဉ်းစားချိန်ဆနေသောကိစ္စ ကို သတိရလာမိသည်။

"နေပါစေတော့ အစ်ကိုကြီး... မြိုင့်ကိစ္စ ကိုတင်ဦးကိုသာ နည်းနည်းပြောစရာ၊ သတိပေးစရာ စကားကလေးရှိလို့ပါ....."

မြိုင်က ဤသို့ ပြန်လည်ပြောဆိုနေသည့်အခိုက်၊ အသက်ဆယ့်ခြောက်နှစ်သာသာခန့် လူငယ်ကလေးတစ်ဦးသည် မြိုင်နှင့် ကိုသက်ထွန်း တို့ စကားပြောဆိုနေကြသော အခန်းတွင်းသို့ ရိုသေကိုင်းရှိုင်းသော အမူအရာဖြင့် ခါးကုန်း၍ ဝင်လာပြီးနောက်

ကိုသက်ထွန်း ထိုင်နေသော ကုလားထိုင်နှင့် မနီးမဝေးတွင် ရပ်နေလိုက်သည်။

"မောင်မြင့်ရေ တို့အဖို့ လက်ဖက်ရည်နှစ်ခွက်နဲ့ ဆိတ်သားမုန့် သွားယူလာခဲ့ပေး ပါဦးကွာ..."

ဟု ကိုသက်ထွန်းက ပြောဆိုလိုက်သောအခါ မောင်မြင့်ဆိုသော သူငယ်သည် ဦးခေါင်းကိုညိတ်၍ အခန်းအတွင်းမှ ပြန်ထွက်သွားသည်။

"ဒါထက် မြိုင်တို့ဖေဖေကော တော်တော်ကလေး နေထိုင်ကောင်းသွားပြီလား ဟင်"

ဟု ကိုသက်ထွန်းက အကြောင်းအရာသစ်တစ်ခုကို လွှဲပြောင်း၍ မေးလာသည်။

"ဖေဖေ့ကျန်းမာရေးကတော့ သိပ်ထူးလာတယ်တော့ မရှိပါဘူး အစ်ကိုကြီးရယ်... ဒီလို... ဒီလိုပါပဲ...."

"လွန်ခဲ့တဲ့ တစ်လကျော်ကျော် နှစ်လလောက်ကတောင် အစ်ကိုကြီးလည်း မြိုင့် ဖေဖေဆီ ရောက်သေးတယ်။ အစ်ကိုကြီးလာတဲ့အကြောင်း မြိုင့်ဖေဖေက ပြောပြသေး သလား"

"ဟုတ်ကဲ့ အစ်ကိုကြီး... ပြောပါတယ်၊ အစ်ကိုကြီးနဲ့ ကိုတင်ဦးတို့ နှစ်ယောက် ပေါင်းပြီး အင်္ဂလိပ်သတင်းစာတစ်စောင်ထုတ်ဖို့ ကြံစည်နေကြတဲ့အကြောင်းလည်း ပြော ပါသေးတယ်..."

"သြော်.. ဦးက ဒါတွေကိုလည်း မြိုင့်ကိုတောင် ပြောပြပြီးပြီကိုး..."

"ဒါတင်မကသေးပါဘူး... အစ်ကိုကြီး။ မြိုင့်အတွက် ဖေဖေ ဘဏ်မှာ အပ်ထား တဲ့ ငွေလေးငါးခြောက်ထောင်ကိုလည်း ကိုတင်ဦးလုပ်မယ့်အလုပ်ထဲမှာ ထည့်သုံးချင်ရင် ထုတ်သုံးဖို့တောင် ပြောပြလိုက်ပါသေးတယ်"

"မြိုင့်ဖေဖေကို ကြည့်ရတာတော့ မြိုင့်အပေါ်မှာရော၊ ကိုတင်ဦးအပေါ်မှာရော တော်တော်ကလေး စိတ်ပြေလာပြီနဲ့ တူတာပါပဲ"

မြိုင်သည် ဘာမျှမပြောဘဲ ငြိမ်၍ နေလိုက်သည်။

“ဒါပေမဲ့ မောင်ဇော်ဝင်းကို အကဲခတ်ရသလောက်ကတော့ မြိုင်တို့ လင်မယားအပေါ်မှာ ခုထက်ထိ စိတ်ပြေလှပုံမပေါ်သေးဘူး”

“ကိုကိုနဲ့ အစ်ကိုကြီးနဲ့ တွေ့ ပါသေးသလား”

“သုံးရက်လောက်က ပြည်ထောင်စုကလပ်မှာတွေ့လို့ မြိုင်တို့ လင်မယားအကြောင်း ပြောမိကြသေးတယ်”

“ကိုကိုက မြိုင်တို့လင်မယားအကြောင်း ဘာများပြောလိုက်သေးသလဲ အစ်ကိုကြီး"

“သူက အစိုးရအမှုထမ်းဆိုတော့ ကိုတင်ဦးအပေါ်မှာ အထင်သေး အမြင်သေး ဖြစ်နေသေးတာပေါ့လေ။ ဒါပေမဲ့ သိပ်ပြီးတော့ ခါးခါးသီးသီးကြီး မဟုတ်လှပါဘူး”

မြိုင်သည် ၎င်း၏အစ်ကိုလုပ်သူ၏ သဘောထားကို သိရှိလိုက်ရသဖြင့် ငြိမ်သက်စွာ နားထောင်နေလိုက်သည်။

“မောင်ဇော်ဝင်းကတော့ ကိုတင်ဦးလို လူတစ်ယောက်နဲ့ ညားသွားလို့ သူ့နှမကလေး ဒါလောက် ဆင်းရဲနေရတယ်ဆိုပြီး စွဲလမ်းနေတယ်”

ကိုသက်ထွန်း ဤသို့ပြောဆိုနေသည့် အခိုက် စောစောက လက်ဖက်ရည် အမှာခိုင်းလိုက်သော သူငယ်သည် ယွန်းလင်ပန်း တစ်ချပ်တွင် လက်ဖက်ရည်နှင့် ဆိတ်သားမုန့်များကို ယူဆောင်ကာ အခန်းအတွင်းသို့ ဝင်လာသည်။ ထိုသူငယ်သည် လင်ပန်းနှင့် ထည့်ယူလာသော လက်ဖက်ရည်နှင့် မုန့် များကို စားပွဲပေါ်သို့ ပြောင်းရွှေ့ချထားပေးပြီးနောက် ယွန်းလင်ပန်းကို ယူငင်ကာ ပြန် ထွက်သွားမည်အပြု…

“မောင်မြင့်ရေ… မင်းပြန်သွားရင် ဦးတင်ဦးအခန်းဝက သွားပြီး စောင့်နေစမ်းပါဦး။ ဦးတင်ဦး ပြန်လာရင် ပြန်လာချင်း ငါ့အခန်းထဲကို ခဏလောက်လာ ခဲ့ပါလို့ ပြောလိုက်စမ်းပါဦးကွာ”

ဟု ကိုသက်ထွန်းက မှာကြားလိုက်သဖြင့် ထိုသူငယ် သည် ဦးခေါင်းကိုညိတ်၍ အရိုအသေပြုကာ ပြန်ထွက်သွားလေသည်။ ငိုင်၍

နေသော မြိုင်အား တစ်ချက်မျှ လှမ်းကြည့်လိုက်ပြီးနောက်...

"ကဲ... လက်ဖက်ရည်သောက်လိုက်ပါဦး မြိုင်... ဆိတ်သားမုန့်လည်း စားစမ်းပါဦး"

ဟု ကိုသက်ထွန်း က သတိပေးပြောဆိုလိုက်တော့မှ မြိုင်သည် ငိုင်၍ နေမိသော မိမိ၏အဖြစ်ကို ရုတ်တရက် သတိရလာဟန်ရှိသည်။

မြိုင်သည် ကိုသက်ထွန်းက လှမ်း၍ ပေးနေသော ဆိတ်သားမုန့်ပန်းကန်ထဲမှ ဆိတ်သားမုန့်တစ်ခုကို လှမ်းယူလိုက်ပြီးနောက် စားရန်ဖြစ်သော မုန့်ကို ရုတ်တရက် မစားနိုင်သေးဘဲ ကိုတင်ဦးအကြောင်းနှင့်ပတ်သက်၍ ကိုသက်တင်က ပြောဆိုသတိပေးလိုက်သော စကားများကို ကိုသက်ထွန်းအား ဖွင့်ဟပြောဆိုသင့် မသင့်ကို ငိုင်၍ စဉ်းစားနေမိပြန် သည်။

"ဘာများ ဒါလောက် စဉ်းစားနေရတာလဲ မြိုင်ရဲ့။ မုန့်စားမှာ စားစမ်းပါဦး"

ဟု ကိုသက်ထွန်းက သတိပေးပြောဆိုလိုက်သောအခါမှပင် မြိုင်သည် စဉ်းစားလွန်း၍ ငိုင်နေ
မိသော မိမိ၏အဖြစ်ကို ပြန်လည်သတိရလာဟန်ရှိသည်။ ဤကဲ့သို့ သတိရသည်နှင့် တစ်ပြိုင်နက် မိမိက ပြောသင့် မပြောသင့် ချိန်ဆစဉ်းစားနေသော မိမိ၏ကိစ္စကိုပင် ကိုသက်ထွန်းသည် ရိပ်မိသွားလေပြီလောဟု မြိုင်သည် ထိတ်လန့်စိုးရိမ်သွားလေသည်။

"ကိုတင်ဦးလည်း ရောက်လုခါနီးပါပြီ မြိုင်ရဲ့... မုန့်စားပြီး လက်ဖက်ရည်လည်း သောက်ပါဦး"

နောက်ထပ်၍ ကိုသက်ထွန်းက ပြောဆိုလိုက်တော့မှပင် မြိုင်သည် လက်ထဲတွင် ကိုင်ထားသော ဆိတ်သားမုန့်ကို တစ်ကိုက်မျှ ကိုက်လိုက်ပြီးနောက် လက်ဖက်ရည်ပန်းကန် ကိုဆွဲယူကာ တစ်ငုံစာမျှငုံလိုက်သည်။

"ဒါထက် စကားမစပ် အစ်ကိုကြီး မြိုင့်ကို မေးချင်တာကလေးတစ်ခုရှိတယ်။ အဲဒါ မေးသင့် မမေးသင့် စဉ်းစားနေရလို့..."

ကိုသက်ထွန်းသည် လက်ဖက်ရည်ပန်းကန်ကို ဆွဲယူရင်း ပြောဆိုလိုက်သည်။

မြိုင်သည် ရင်ထဲ၌ အနည်းငယ်လှုပ်ရှားသလို ဖြစ်သွားပြီးနောက် မိမိကိုယ်ကို ပြန်၍ ထိန်းသိမ်းလိုက်ပြီးနောက်...

"မေးနိုင်ပါတယ် အစ်ကိုကြီး.. မေးချင်တာသာ မေးပါ"

ဟု ခပ်တိုးတိုးပြန်၍ ပြောဆိုလိုက်သည်။

"မေးရမှာက မြိုင်တို့ အိမ်တွင်းရေးကိစ္စ ဖြစ်နေလို့ ဒီလိုကိစ္စအထိ အစ်ကိုကြီးက ဘယ်လောက်ပဲ စေတနာထားထား မေးသင့်၊ မမေးသင့်ဆိုတာကို စဉ်းစားနေခဲ့ရလို့ပါ"

မြိုင်သည် ပိုမို၍ လှုပ်ရှားသွားလေသည်။ သို့ရာတွင် လျင်မြန်စွာ ပြန်၍ ဣန္ဒြေ ဆည်လိုက်ပြီးနောက်...

"အစ်ကိုကြီး သိချင်တာရှိရင် မေးသာမေးပါ... မြိုင် ဖြေပါ့မယ်"

ဟု အသံကိုထိန်း၍ ပြောဆိုလိုက်သည်။ .

"ဒါထက် စကားမစပ် မြိုင်နဲ့ ကိုတင်ဦးတို့ လက်ထပ်ပြီးကြတာ ဘယ်နှလရှိသွားပြီလဲဟင်..."

"ဆယ်လရှိသွားပါပြီ အစ်ကိုကြီး..."

"ဆယ်လဆိုတော့ တစ်ယောက်အကြောင်း တစ်ယောက် တော်တော်ကလေး နားလည်လာကြလို့ နေသားထိုင်သား ကျလောက်ပြီတော့ ထင်တယ်..."

ထိုအမေးကို မြိုင်သည် ရုတ်တရက်ပြန်လည်ဖြေကြားခြင်း မပြုနိုင်ဘဲ ငိုင်သွားသည်။ ကိုသက်ထွန်း၏မေးခွန်းသည် မြိုင်သည် မည်ကဲ့သို့ ဖြေကြားရမည်နည်း။

မြိုင်၏အရိပ်အခြည်ကို အကဲခတ်လိုက်မိသော ကိုသက်ထွန်းက...

"တစ်မိသားနဲ့ တစ်မိသားဆိုတာ ဒီလိုပဲ တစ်ယောက်ကိုတစ်ယောက် နားလည်လာနိုင်အောင် ကြိုးစားရင်း တစ်ဦးကိုတစ်ဦး ဖြည့်စွမ်းပြီး နေထိုင်သွားကြရတာပဲ မြိုင်ရဲ့ တစ်နှစ်နဲ့ နေသားမကျတတ်သေးရင် နောက်တစ်နှစ်တော့ နေသားကျအောင် ကြိုးစားကြရတာပဲလေ"

ဟု ပြောဆို လိုက်သည်။

မြိုင်သည် ကိုသက်ထွန်း ပြောဆိုဆုံးမလျက်ရှိသော စကားများကိုသာ ငြိမ်သက်စွာ နားထောင်ရင်း လက်ဖက်ရည်ကို သောက်လေသည်။ ဘာမျှတော့ ပြန်မပြောပေ။

"မြိုင်နဲ့ ကိုတင်ဦးတို့ လက်မထပ်ကြခင် မြိုင့်ကို ကိုတင်ဦးရဲ့ အလုပ်ခန်းထဲမှာ အစ်ကိုကြီး သတိပေး ပြောကြားခဲ့တဲ့ စကားတွေကိုများ မြိုင် မှတ်မိမှ မှတ်မိပါဦးမလား တော့ မဆိုနိုင်ဘူး…"

"မြိုင် မမေ့သေးပါဘူး အစ်ကိုကြီး"

"မြိုင်နဲ့ ကိုတင်ဦးဟာ လူ့လောကကြီးကို လက်ခံကြပုံချင်းနဲ့ မြင်ကြပုံချင်း မတူညီကြလို့ တစ်ဦးကိုတစ်ဦး နားလည်လာနိုင်အောင် တော်တော်ကလေး ကြိုးစားယူကြရ လိမ့်မယ်လို့ အစ်ကိုကြီး သတိပေးခဲ့ဖူးတယ် ထင်တာပဲလေ…"

"ဟုတ်ပါတယ် အစ်ကိုကြီး…

"မြိုင့်ယောက်ျား ကိုတင်ဦးလိုလူဟာ အစ်ကိုကြီးရဲ့ အပေါင်းအသင်းပတ်ဝန်းကျင်မှာ တော်တော်ရှားတယ်"

မြိုင်သည် ငြိမ်သက်စွာနားထောင်လျက်ရှိပေသည်။

"လူက အင်မတန်တော်တဲ့လူတစ်ယောက်ဖြစ်နေလို့ သူ့ကိုမီအောင် လိုက်နိုင်ဖို့ကတော့ သိပ်မလွယ်လှဘူး။ သူ့ကိုမီအောင် လိုက်နိုင်ဖို့က အင်မတန်ခဲယဉ်းနေတော့ လိုက်ရ ဖို့ လူအတွက် အင်မတန်အခက်အခဲတွေ ရသလို သူ့အတွက်လည်း ခက်နေရှာလိမ့်မယ် ထင်တာပဲ.."

ကိုသက်ထွန်း ပြောဆိုသွားသော စကားများကို မြိုင်သည် ခပ်ရေးရေးလောက် သာလျှင် သဘောပေါက်လေသည်။ စကား၏

အခိပ္ပာယ်တစ်ခုလုံးကိုကား ငုံမိအောင် နားမလည်နိုင်ပေ။

"မြိုင်နဲ့ လက်ထပ်ကြတုန်းက ဒါကို စဉ်းစားမိလို့ အစ်ကိုကြီး တော်တော်ပဲ ပူမိခဲ့တယ်။ ဒီလင်မယား အဆင်ပြေမှ ပြေပါ့မလားလို့ပေါ့။ ဒါကြောင့်လည်း မြိုင်နဲ့ တွေ့ တုန်းက သတိပေးသင့်တယ် ထင်တာတွေကို သတိပေးခဲ့တာပဲ"

"မြိုင် နားလည်ပါပြီ အစ်ကိုကြီး..."

"ကိုတင်ဦးဆိုတဲ့လူက လောကကြီးမှာ သူ ယုံကြည်တဲ့အလုပ်တစ်ခုကိုသာ လုပ်နေရမယ်ဆိုရင် သူ့ကိုယ်ကို ဘာပဲဖြစ်နေဖြစ်နေ ဂရုစိုက်ရမှန်း သိတော့တဲ့ လူစားမျိုးထဲက မဟုတ်ဘူး မြိုင်ရဲ့... အဲဒီလို ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ရမှန်း သတိမရတတ်တဲ့ လူစား မျိုးဟာ ကိုယ့်အိုးကိုယ့်အိမ်နဲ့ ကိုယ့်သား ကိုယ့်မယားတွေကိုလည်း သတိရချင်မှ ရတတ် တာမို့ စောစောက မြိုင်တို့ အိမ်ထောင်ကြီး နေသားကျသွားပြီလားလို့ မေးမိတာပါ..."

ကိုသက်ထွန်းအား မြိုင်သည် ဘာကဘာကို ပြန်လည်ဖြေကြားရမည်မသိအောင် ဖြစ်နေသည်။ ထို့ကြောင့် မြိုင်သည် ဘာမျှ ပြန်လည်ဖြေကြားခြင်းသော်လည်းကောင်း၊ ပြောဆိုခြင်းသော်လည်းကောင်း မပြုဘဲနေလိုက်မိပေသည်။

"မြိုင့်ကို အစ်ကိုကြီး သတိပေးချင်တာကတော့ ကိုတင်ဦးက တိုင်းပြည်နဲ့ အမျိုး သားတွေအတွက် အင်မတန်ကြီးလေးတဲ့ဝန်ကြီးတစ်ခုကို ထမ်းဆောင်နေတယ်ဆိုတာကို သိထားဖို့ပါပဲ..."

မြိုင်သည် ၎င်း၏ လင်ယောကျ်ားလုပ်သူ၏ တိုင်းပြည်နှင့် အမျိုးသားများအတွက် ထမ်းဆောင်နေသည်ဆိုသော ဝန်ထုပ်ဝန်ပိုးကြီးများအကြောင်းကိုကား ဘာမျှရေရေရာရာ သိသည်မဟုတ်ပေ။ လင်ယောကျ်ားတစ်ယောက်အနေနှင့် ဘာမျှ အားရစရာသော်လည်း ကောင်း၊ စိတ်ဝင်စားစရာသော်လည်းကောင်း မရှိသော လူတစ်ယောက်အနေနှင့်သာလျှင် နားလည်သိရှိထားပေသည်။ မူလက ကိုတင်ဦးကို မြိုင် စိတ်ဝင်စားခဲ့ခြင်းမှာ ၎င်း၏ တိုင်းပြည်ဝန်ထမ်းနေသော အရည်အချင်းကြောင့် စိတ်ဝင်စားခဲ့ခြင်းလည်း မဟုတ်ပေ။ မြိုင်သည် ကိုတင်ဦးအား စိတ်ဝင်စားစရာကောင်းသော

ပညာတတ်တစ်ယောက်အနေနှင့် လည်းကောင်း၊ ဂီတအနုပညာရှင်တစ်ဦးအနေနှင့်လည်းကောင်း၊ လက်ထပ်ယူငင်ခြင်းမျှသာဖြစ်ပေသည်။

ကိုတင်ဦးသည် တိုင်းပြည်အတွက် ကြီးမားသောတာဝန်ကို လုပ်ဆောင်နေပါသည်ဆိုသော ကိုသက်ထွန်း၏စကားကို ကိုတင်ဦး၏ မယားဖြစ်သော မြိုင်သည် လွယ်လင့်တကူနှင့် လက်ခံခြင်းမပြုနိုင်ပေ။ ကိုတင်ဦး၏ တိုင်းရေးပြည်ရေးလုပ်ငန်းသည် ၎င်း၏ အိမ်ထောင်ရေးကို လာရောက်ထိခိုက်ခြင်းမပြုလျှင် မြိုင်၏အနေနှင့် လင်လုပ်သူ၏ ယုံကြည်ချက်နှင့် လုပ်ငန်းတို့ကို ဘာမျှပြစ်တင်ပြောဆိုရန် ရှိလိမ့်မည်မဟုတ်ပေ။ သို့ရာတွင် ကိုတင်ဦးဆိုသော လူတစ်ယောက်သည် သူ၏လုပ်ငန်းကို လုပ်ကိုင်ခြင်းပြုရာ၌ သူ၏ အိမ်ထောင်၊ သားမယားလုပ်သူတို့ကိုပါ မေ့လျော့စွန့်ပစ်ထားဟန်ရှိနေပေသည်။ တစ်တိုင်းတစ်ပြည်လုံး၏ အရေးကို လုပ်ကိုင်ခြင်းမပြုမီ သူ၏ အိုးအိမ်အရေးကို သာယာခြင်းရှိအောင် ရှေးဦးစွာ ပြုလုပ်ဖို့ကောင်းသည်ဟု မြိုင်က သဘောရလေသည်။ ထို့ကြောင့် ကိုသက်ထွန်းက ကိုတင်ဦးသည် တိုင်းပြည်အတွက် အင်မတန်ကြီးလေးသောဝန်ကို ထမ်းဆောင်လျက်ရှိပါသည်ဆိုသောစကားကို ပြည်ထောင်စုသူတစ်ဦးအနေနှင့် မြိုင်သည် ဝမ်းမြောက်ဝမ်းသာဂုဏ်ယူလက်ခံခြင်း ပြုရမည်ဖြစ်သော်လည်း ကိုတင်ဦး၏ သားမယားအနေနှင့်တော့ကား လက်ခံခြင်းမပြုနိုင်ပေ။ သို့ရာတွင် မြိုင်သည် ကိုသက်ထွန်းအား ဆန့်ကျင်ဘက်စကားကို မပြောလိုသဖြင့် ငြိမ်သက်၍သာ နားထောင်နေလိုက်ရပေသည်။

"ဒီလို.. မိမိရဲ့ တိုင်းပြည်နဲ့ အမျိုးသားတွေအတွက် ကြီးလေးတဲ့တာဝန်ကို ထမ်းဆောင်နေတဲ့ လူတစ်ယောက်ကို နိုင်ငံရေးဆိုလို့ ဘာမှ မသိခဲ့ရတဲ့ မြိုင့်လို မိန်းကလေး တစ်ယောက်က ဘယ်လို သည်းညည်းခံနေရမယ်ဆိုတာလည်း အစ်ကိုကြီး စဉ်းစားမိပါ တယ်... ဒါပေမဲ့ လင်ရယ်၊ မယားရယ်လို့ ဖြစ်လာကြခဲ့တဲ့ နောက်ပိုင်းမှာ တခြားနည်းလမ်းလည်း မရှိတော့တဲ့အတွက် တစ်ယောက်ကိုတစ်ယောက် အတတ်နိုင်ဆုံး နဲ့ စိတ် အရှည်ဆုံးထားပြီး ပေါင်းသင်းသွားကြရမှာပဲထင်တယ်..."

ငယ်စဉ်ကပင် အစ်ကိုကြီးတစ်ဦးကဲ့သို့ ချစ်ခင်လေးစားလာခဲ့ရသော ကိုသက်ထွန်းက ပြောကြားဆုံးမနေသော စကားများကို မြိုင်သည်

ပြန်လည်၍ စောဒကတက်လိုလှ သော်လည်း ငြိမ်နေလိုက်ရပေသည်။

"အစ်ကိုကြီး အရင်က ပြောဖူးသလို လင်နဲ့မယားဆိုတာ တစ်ယောက်နဲ့ တစ်ယောက် အပေးအယူပြုကြရတာပါပဲ။ သူ တင်းတဲ့အခါ ကိုယ်က လျှော့ပေးပြီး သူ လျှော့တဲ့အခါကျတော့ ကိုယ်ကလည်း လိုသလို တင်းပေးရတာပေါ့။ ဒီအခြေခံနဲ့ ဆက် ဆံသွားရင် ဘယ်အိမ်ထောင်ရေးမဆို ပျော်မွေ့စရာ ကောင်းလာမှာပါပဲလေ"

ဟု ကိုသက်ထွန်းက လူကြီးပီပီ မြိုင်၏ မျက်အရိပ်မျက်အကဲကို အကဲခတ်ကာ ဆုံးမစကားပြောကြား နေသည့်အနက် ၎င်း၏စားပွဲပေါ်ရှိ တယ်လီဖုန်းခေါင်းလောင်းက ရုတ်တရက် ဆူညံ သွားသဖြင့် ပြောလက်စ စကားသည် ပြတ်၍ သွားလေသည်။

ကိုသက်ထွန်းသည် တယ်လီဖုန်းဖြင့် သုံးလေးခွန်းခန့် စကားပြောဆိုပြီးနောက် ငြိမ်သက်စွာထိုင်နေသော မြိုင့်အား အားနာလှသောအမူအရာဖြင့် လှမ်းကြည့်ရင်း...

"အစ်ကိုကြီးတော့ အပြင်ဘက်မထွက်ရင်မဖြစ်တဲ့ ကိစ္စကလေးတစ်ခုပေါ်လာလို့ မြိုင်"

ဟု ပြောဆိုကာ နံရံတွင်ချိတ်ထားသော ၎င်း၏မီးခိုးရောင်အပေါ်အင်္ကျီကို လှမ်းဆွဲ၍ ယူကာ ဝတ် ဆင်လေသည်။

"အစ်ကိုကြီး သွားစရာရှိရင်လည်း သွားသာသွားပါလေ... မြိုင် ကိုတင်ဦး အခန်းထဲက သွားစောင့်နေပါ့မယ်"

ဟု ပြောဆိုရင်း မြိုင်သည် ထိုင်ရာမှ ရုတ်တရက်ထလိုက် သည်။

"ဒီအခန်းထဲက ထိုင်စောင့်နေရင်လည်းဖြစ်ပါတယ်။ အစ်ကိုကြီးတိုက်က လူတွေကို မှာထားခဲ့မယ်လေ..."

"ဟုတ်ကဲ့... အစ်ကိုကြီး"

ဟုသာ ပြန်ပြောပြီးနောက် မြိုင်သည် ကိုသက်ထွန်း ထက် အရင် ၎င်း၏အခန်းအတွင်းမှ ထွက်လာခဲ့လေသည်။ အပြင်ဘက်သို့ ရောက်သောအခါ မြိုင်သည် နောက်ထပ်၍ ကိုသက်ထွန်းကိုပင်

လှည့်မကြည့်တော့ဘဲ ကိုတင်ဦး၏ အလုပ်ခန်းဘက်သို့ ခပ်သွက်သွက်လျှောက်လာခဲ့ပြီးနောက် တံခါးကို တွန်းဖွင့်၍ အတွင်းသို့ ဝင်လာခဲ့သည်။

ကိုတင်ဦးသည် အပြင်ကိုထွက်လျက် ရှိရာမှ ပြန်မရောက်လာသေးပေ။ မြိုင်သည် ကုလားထိုင်လွတ်တစ်လုံးတွင် ဝင်ထိုင်လိုက်ပြီးနောက် ၎င်း၏လက်ပတ်နာရီကို မြှောက်၍ ကြည့်လေသည်။

ညနေ သုံးနာရီထိုးသွားလေပြီ။

ကိုတင်ဦးအပေါ်၌ မြိုင် မည်မျှကြာအောင် ထိုင်၍ စောင့်နေရမည်မသိသေးသော မြိုင်သည် စိတ်တိုပြီးရင်း တိုလျက်ရှိလေသည်။ ကိုသက်တင်ထံမှ ကိုတင်ဦးနှင့်ပတ်သက်၍ သတင်းကြားလာရပြီးကတည်းက စိတ်ပူသလိုလို ဒေါသထွက်သလိုလို ဖြစ်လာခဲ့သော မြိုင်သည် ကိုတင်ဦး၏အခန်းထဲ၌ ယခုကဲ့သို့ တစ်ယောက်တည်း ထိုင်စောင့်နေရစဉ် ရင်ထဲ၌ မငြိမ်မသက်ဖြစ်နေလေသည်။ လှုပ်လှုပ်ရှားရှားလည်း ဖြစ်နေသည်။

မငြိမ်မသက်ဖြစ်နေသော မြိုင်သည် ၎င်းကိုယ်ကို ငြိမ်သက်သွားစေရန်အတွက် တစ်စုံတစ်ခုပြုလုပ်ဖို့ စဉ်းစားကြည့်လေသည်။ မြိုင်သည် ငြိမ်သက်ခြင်းရရှိစေရန်အတွက် ဘာလုပ်ရမည်နည်း။

မြိုင်သည် စိတ်မရှည်နိုင်သည့်အဆုံးတွင် ကိုတင်ဦး၏ စာရေးစားပွဲပေါ်မှ စာအုပ် တစ်အုပ်ကို ဆတ်ခနဲဆွဲယူလိုက်ပြီးလျှင် ၎င်း၏ လှုပ်လှုပ်ရှားရှားဖြစ်နေသော စိတ်ကို ငြိမ်သက်ခြင်း ရရှိစေရန်အတွက် စာအုပ်ဖြင့် ချုပ်ကိုင်ကြည့်ရန် ကြိုးပမ်းခြင်း ပြုလေသည်။

မြိုင်သည် စာအုပ်ကို ရုတ်ခနဲ ဖွင့်လိုက်ပေသည်။ ဤကဲ့သို့ဖွင့်လိုက်စဉ် စာအုပ် ကြားထဲ၌ ညှပ်ထားသော စာအိတ်တစ်လုံးသည် ထွက်ကျ၍ လာသဖြင့် မြိုင်သည် ထိုစာ အိတ်ကို ကောက်ယူ၍ ကြည့်ရှုမိလေသည်။

စာအိတ်မှာ စာတိုက်ကလာသော စာအိတ်ဖြစ်၍ လိပ်တပ်ထားသော လက်ရေး မှာလည်း မြိုင် တစ်ခါမျှ မတွေ့ မမြင်ဖူးသော မိန်းမလက်ရေးဖြစ်သည်။ မိမိ၏ လင်လုပ်သူ ထံ၌ မိန်းမလက်ရေးဖြင့်

စာတစ်စောင်ကို တွေ့ လိုက်ရသောအခါ မြိုင်သည် ထူပူ၍ သွားလေသည်။ စာအိတ်မှာလည်း ဖောက်၍ ဖတ်ရှုထားပြီးဖြစ်သည့်အတွက်ကြောင့် မြိုင်သည် နောက်ထပ်၍ ဆိုင်းငံ့ခြင်းမပြုတော့ဘဲ အတွင်းမှစာရွက်ခေါက်ကို ထုတ်ယူကာ ဖြန့်လိုက်ပြီးနောက် ဖတ်ရှုကြည့်လေသည်။

စာမှာ ၎င်း၏နှမလုပ်သူက ကိုတင်ဦးထံသို့ ပေးသောစာဖြစ်လေသည်။

အစ်ကိုကြီး…

ဤစာပါနှင့်ဆိုလျှင် အစ်ကိုကြီးထံသို့ မေခင် စာရေးလိုက်သည်မှာ သုံးကြိမ် သုံးခါကျ၍ သွားပါပြီ။ သို့ရာတွင် ယနေ့သို့တိုင်အောင် အစ်ကိုကြီးသည် လူကိုယ်တိုင်လည်း ပေါ်မလာ၊ စာလည်း မပြန်ကြားသောကြောင့် ယခုတတိယနှင့် နောက်ဆုံး စာကိုရေးလိုက်ခြင်းဖြစ်ပါသည်။

အစ်ကိုကြီးသည် အစ်ကိုကြီးချစ်သော တိုင်းပြည်နှင့် အမျိုးသားများအတွက် မည်မျှလုပ်ကိုင်၍ နေစေကာမူ အစ်ကိုကြီး၏ နှမလုပ်သူအတွက်လည်း တာဝန်ရှိနေသေးသော လူတစ်ယောက်ဖြစ်သည်ကို မေ့လျော့ခြင်း မပြုစေလိုပါ။

ယခုနောက်ဆုံးအခြေအနေအရ ကိုလတ်သည် သူ့မိဘများစကားကို နားထောင်၍ မေခင့်အား သိသိသာသာကြီး ခွာစပြုနေပါပြီ။ အိမ်သို့ တစ်ပတ်လျှင် တစ်ရက်နှစ်ရက်လောက်သာ ပြန်၍ အိပ်ပါသည်။ မေခင်က အိမ်သို့ မှန်မှန်မပြန်သည့်အတွက်နှင့် သူ့ကို စကားပြောသောအခါတိုင်း လင်မယား ဆူဆူပူပူဖြစ်ကြ ရပါသည်။

၎င်းပြင် ကလေးကိုလည်း သူ့မိဘများထံ ပို့ထားသည့်ကိစ္စနှင့်ပတ်သက်၍ မေခင်က ပြန်ယူလာပေးဖို့ တောင်းသောအခါ ဝေ့လည်လည်လုပ်နေပါသည်။ ဆူဆူပူပူနှင့် တောင်းသောအခါ မေခင့်ရောဂါကို အကြောင်းပြပါသည်။

မေခင်၏ရောဂါအတွက် ဆရာဝန်က အရက်သောက်ရမည်ဟု ဆိုထား၍ မေခင် အရက်သောက်ရပါသည်။ ဤကဲ့သို့ ဆရာဝန်က ခိုင်းစေ၍ အရက်သောက် ရခြင်းကိုလည်း ကိုလတ်ကိုယ်တိုင် သိရှိပြီးနှင့်

သဘောတူပြီးဖြစ်ပါသည်။ သို့ ရာတွင် ကိုလတ် နောက်ဆုံးတစ်ခေါက် အိမ်သို့ပြန်လာစဉ်က မေခင့်အား အရက်သောက်သည့်ကိစ္စအတွက်နှင့်ပတ်သက်ပြီး အမျိုးမျိုး အပြစ်ရှာပါသည်။ ဆူဆူပူပူ ပြောဆိုပါသည်။ ခါတိုင်း သူ မှန်မှန်ဝယ်လာပေးနေကျ ဘရန်ဒီအရက်ပုလင်းကိုလည်း ဝယ်မလာပေးသည့်အပြင် အိမ်၌ ကျန်နေသေးသော ဘရန်ဒီပုလင်းတစ်ဝက်ကိုလည်း ရိုက်ခွဲပစ်လိုက်ပါသည်။ သို့အတွက် မေခင် အရက်မသောက်ရ တော့ပါ။ ဤကဲ့သို့ မသောက်ရသည့်အတွက် ရောဂါအခြေအနေသည် တော်တော်ကလေး ဆိုးလာပါသည်။ ရောဂါအခြေအနေ ဆိုးလာသော်လည်း ကိုလတ် က ဆရာဝန်ခေါ်မပေးပါ။

အစ်ကိုကြီး မေခင့်ကို လာကြည့်ဖြစ်အောင် ကြည့်ပါဦး။ လာသောအခါလည်း မေခင့်အတွက် ဘရန်ဒီတစ်ပုလင်း ဝယ်လာပေးပါ။ ဘရန်ဒီကိုဝယ်လျှင် ပျားအုံ တံဆိပ် ဘရန်ဒီကို ဝယ်လာပေးစေလိုပါသည်။

မြိုင်တစ်ယောက်လည်း နေထိုင်ကောင်းလိမ့်မည်ထင်ပါသည်။

ရိုသေစွာဖြင့် မေခင်...

မေခင့်ထံမှစာကို ဖတ်ရှုပြီးဆုံးသွားသည်နှင့်တစ်ပြိုင်နက် မြိုင်၏ ဦးခေါင်းသည် နောက်ကျိ၍ သွားလေသည်။ စိတ်ထဲ၌လည်း ညစ်ညူး၍ သွားသည်။

မြိုင်သည် စာရွက်ကို ပြန်ခေါက်ကာ စာအိတ်ထဲသို့ ပြန်ထည့်လိုက်ပြီးလျှင် မူလက စာအုပ်ထဲတွင် ပြန်ညှပ်ထားခဲ့ပြီးနောက် ထိုင်ရာမှ ထလိုက်သည်။

မြိုင်သည် ကိုတင်ဦးကို ထိုင်၍ စောင့်မနေတော့ဘဲ အခန်းထဲမှ ခပ်သုတ်သုတ် ပြန်ထွက်လာခဲ့လေသည်။

ကိုတင်ဦးသည် ထိုနေ့ညဉ့် ၁၂ နာရီထိုးခါနီးလောက်မှ အိမ်သို့ပြန်လာသည်။ ပြန်လာသောအခါ၌လည်း ခါတိုင်းကဲ့သို့ တစ်ယောက်တည်းမဟုတ်ဘဲ ဧည့်သည်နှစ်ယောက် သူနှင့်အတူ ပါလာသည်။

မြိုင်သည် အိမ်ရှေ့တံခါးကို စေ့ရုံမျှ စေ့ထားသဖြင့် ကိုတင်ဦးသည် အိပ်ပျော်နေ လောက်ပြီဟု ထင်ရသော သူ၏မယားလုပ်သူကို မနှိုးတော့ဘဲ သူ၏ဧည့်သည်များနှင့် အိမ်ထဲသို့ ဝင်လာပြီးနောက် အိမ်ရှေ့ခန်းမှ မီးများကိုဖွင့်လိုက်သည်။

မြိုင်သည် ကိုတင်ဦးအား ၎င်းပြောဆိုမေးမြန်းရန်ရှိသော ကိစ္စများအတွက် မအိပ်ဘဲ စောင့်ဆိုင်းလျက်ရှိသော်လည်း ကိုတင်ဦး အိမ်သို့ ညဉ့်နက်မှ ပြန်လာသောအခါ ဧည့်သည်များ ပါလာသောကြောင့် အိပ်ရာထဲတွင် အိပ်ပျော်ချင်ယောင်ပြု၍ ငြိမ်နေလိုက်ပေသည်။ ကိုတင်ဦးသည် အိမ်ရှေ့ဧည့်ခန်းတွင် သူ၏ဧည့်သည်များနှင့် စကားပြောဆိုလျက် ရှိပေသည်။ ညသည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသောကြောင့် ကိုတင်ဦးနှင့် ၎င်း၏ ဧည့်သည်များ ပြောဆိုလျက်ရှိကြသောအကြောင်းအရာများကို အိပ်ရာထဲမှ ငြိမ်သက်စွာ နားထောင်လျက်ရှိသော မြိုင်သည် ကောင်းစွာကြားရလေသည်။

"ကျုပ်တို့ နိုင်ငံခြားဆန်အရောင်းအဝယ်နဲ့ပတ်သက်ပြီး အင်္ဂလိပ်၊ အမေရိကန်နိုင်ငံ တွေက တစ်ဖက်လှည့်ပြီး အကျပ်ကိုင်ထားကြလို့ ဒီလူတွေ ဘာမှမလုပ်တတ် မကိုင်တတ် ဖြစ်နေရာက နောက်ဆုံး ကွန်မြူနစ်နိုင်ငံတွေနဲ့ ဆန်အရောင်းအဝယ်လုပ်ဖို့တောင် လုပ် နေကြပြီဆိုပဲဗျ.."

ဟု လူတစ်ယောက်၏ ပြောဆိုသံကို မြိုင်သည် အိပ်ရာထဲမှ ပီပီသသ ကြီး ကြားရလေသည်။ သို့ရာတွင် ညကြီးအချိန်မတော်ခါမှ နိုင်ငံခြား ဆန်အရောင်း အဝယ်ကိစ္စကို ဤမျှအရေးတကြီး ပြောဆိုလျက်ရှိကြသော ဧည့်သည်များနှင့် မိမိ၏ လင်လုပ်သူတို့ကို မြိုင်သည် နားမလည်နိုင်ပေ။ မြန်မာနိုင်ငံမှ နိုင်ငံခြားသို့ ဆန်ရောင်း၍ ရသော နိုင်ငံခြားငွေကြေးများဖြင့် တိုင်းပြည်၏အသက်ကို ဆက်နေရသော ကိစ္စများကို ဘာမျှသိနားလည်ခြင်းမရှိသော မြိုင်သည် မြန်မာ့ဆန်အရောင်းအဝယ်ကို အချို့သော နိုင်ငံခြားတိုင်းပြည်များက အကျပ်ကိုင်နေကြသဖြင့် နိုင်ငံတော်အစိုးရမင်းများက စိတ်ကူး ယဉ်ယဉ်နှင့်

ကြံစည်လုပ်ကိုင်နေကြသော စီမံကိန်းကြီးများ ကျွမ်းထိုးမှောက်ခုံ ဖြစ်ကုန်ကြတော့မည့်အရေးကို မည်သို့မျှ နားလည်နိုင်မည်မဟုတ်ပေ။ ဤကဲ့သို့ နားမလည်နိုင်သည့်အတွက်ကြောင့် မြိုင်သည် အချိန်မဟုတ်ဘဲ ဆန်အရောင်းအဝယ်အကြောင်း အရေးတကြီး ပြောဆိုလျက်ရှိကြသော လူများကို အံ့သြလျက်ရှိနေခြင်းဖြစ်ပေသည်။

"အခုလို နယ်ချဲ့သမားတွေက အကျပ်ကိုင်လာတဲ့အတွက်ကြောင့် အခုလို ဆိုရှယ်လစ်နိုင်ငံတွေနဲ့ အရောင်းအဝယ်လုပ်ဖို့ ဆက်ဆံလာတာကတော့ ကောင်းတဲ့လက္ခဏာပဲ ဗျ..."

"ဘာပြုလို့လဲဗျ.."

"ကျုပ်ကတော့ စေ့စေ့စပ်စပ်နဲ့ သေသေချာချာ မပြောတတ်ဘူး။ ကိုတင်ဦးကတော့ ပြောနိုင်လိမ့်မယ် ထင်တာပဲ"

"ဒါကတော့ ရှင်းရှင်းကလေးပါပဲဗျာ။ အင်္ဂလိပ် အမေရိကန်ဈေးကွက်ထဲမှာ သူတို့ထင်သလို အခြယ်လှယ်ခံနေရတဲ့ဘဝက ရုန်းထွက်ပြီး ကိုယ့်တိုင်းပြည်အတွက် အကျိုးရှိမယ့် ဆိုရှယ်လစ်ဈေးကွက်နဲ့ ခုလိုဖောက်ကားဆက်ဆံတာဟာ အမျိုးသားလွတ်လပ်ရေး ခိုင်မာဖို့အတွက် လှုပ်ရှားလိုက်တာပဲလို့ ဆိုရမယ်ထင်တယ်..."

ထိုစကားကို ပြောဆိုသူ မှာ မြိုင်၏ယောက်ျားဖြစ်သည်။

"အမျိုးသားလွတ်လပ်ရေး ခိုင်မြဲဖို့အတွက် လှုပ်ရှားလိုက်တာပဲ ဆိုတာက ဘယ်လိုလဲဗျ... ကိုတင်ဦး... ကျုပ်တော့ ကောင်းကောင်းနားမလည်သေးဘူး..."

"ကျုပ်တို့ အင်္ဂလိပ်ပေးတဲ့ လွတ်လပ်ရေး ရလာပြီးကတည်းက ကျုပ်တို့တိုင်းပြည် ရဲ့ နိုင်ငံခြားအရောင်းအဝယ်နဲ့ အဆက်ဆံဟာ အင်္ဂလိပ်-အမေရိကန် ဈေးကွက်နဲ့ နယ်ပယ်ထဲမှာပဲ ရှိနေခဲ့တယ်မဟုတ်လားဗျ။ အဲဒီတော့ ကျုပ်တို့ အရောင်းအဝယ်နဲ့ ကုန်ဈေးတွေဟာ သူတို့ကြိုက်သလို အခြယ်အလှယ်ခံခဲ့ရတယ်။ အဲဒီလိုဈေးကွက်တစ်ခုထဲမှာသာ အသေချည်ပြီး ရောင်းဝယ်ဆက်ဆံနေရသရွေ့ ကာလပတ်လုံး အဲဒီဈေးကွက်ရဲ့ ချုပ်ကိုင်မှုနဲ့ ချယ်လှယ်မှုကို ခံနေကြရမှာပဲ။ သူတို့ကန့်သတ်တဲ့ဈေးနဲ့ သူတို့လိုချင်တဲ့ အရောင်းအဝယ်မျိုးကိုသာ ကျုပ်တို့က လိုက်နာနေရမယ့်ဘဝပဲ။ ဒါပေမဲ့

အခုလို တစ်ဖက်သတ်ထဲ အရောင်းအဝယ် အဆက်အဆံ ပြုလုပ်ခဲ့တဲ့ ဈေးကွက်ထဲက ရုန်းထွက်ပြီး တခြား ဈေးကွက်တစ်ခုနဲ့ ပြောင်းလဲရောင်းဝယ်ဆက်ဆံလိုက်တဲ့အခါကျတော့ အင်္ဂလိပ် အမေရိကန်ဈေးကွက်ရဲ့ အခြေယ်လှယ်ခံဘဝက လွတ်မြောက်သွားတယ်လို့ မဆိုနိုင်ပေဘူးလား။ ကနေ့ကမ္ဘာပေါ်မှာ အရင်းရှင်ဈေးကွက်နဲ့ ဆိုရှယ်လစ်ဈေးကွက်ရယ်လို့ ဈေးကြီးနှစ်ဈေး ရှိနေပြီး အင်္ဂလိပ် အမေရိကန်ဈေးကွက်က ကျုပ်တို့ကို အကျပ်ကိုင်ရင် ကျုပ်တို့သဘောနဲ့ ရောင်းဝယ်ဆက်ဆံနိုင်တယ်။ ဒီဈေးကွက်ကြီးနှစ်ကွက်ဖြစ်လာတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ကျုပ်တို့ရဲ့ နိုင်ငံခြားအရောင်းအဝယ်ကို ကျုပ်တို့သဘောနဲ့ ကျုပ်တို့ အကျိုးရှိသလို လွတ်လွတ်လပ်လပ် လုပ်လာနိုင်တယ်။ အဲဒီလိုလုပ်နိုင်တဲ့ အခွင့်အလမ်းရလာတဲ့အတွက်ကြောင့် ကျုပ်တို့ရဲ့ အမျိုးသားလွတ်လပ်ရေးကို ထိန်းသိမ်းဖို့အတွက် ပိုမိုပြီး အခွင့်အလမ်းသာလာ တာပေါ့ဗျ..."

"ဒီလိုအခွင့်အလမ်းတွေ ရှိနေရက်သားနဲ့ ကျုပ်တို့ ပြည်ထောင်စုအစိုးရက ဘာပြုလို့ အင်္ဂလိပ် အမေရိကန်ဈေးကွက်နဲ့ တစ်ဖက်သတ် ရောင်းဝယ်ဆက်ဆံနေခဲ့ရတာလဲ ဗျ..."

"အင်္ဂလိပ် အမေရိကန် ဈေးကွက်ထဲက ရုန်းမထွက်နိုင်အောင် သူတို့ကလည်း လုပ်ထားတယ်။ နောက်တစ်ခုက ကျုပ်တို့ ပြည်ထောင်စုအစိုးရ ကိုယ်တိုင်ကလည်း ရုန်းမထွက်ရဲလို့ ဆိုရလိမ့်မယ်"

"ဒါဖြင့် အခုမှ ဘာပြုလို့ ရုန်းထွက်ရတာတဲ့လဲဗျာ..."

"အခုမှ ဘာပြုလို့ ရုန်းထွက်ရတာလဲဆိုပြီး အားမလို အားမရနဲ့ အပြစ်တင်တဲ့ စေတနာကို ညည်းတွားနေဖို့ အချိန်မဟုတ်တော့ဘူးထင်တယ်။ ဒီလိုရုန်းထွက်ဖို့ လှုပ်ရှား ကြိုးပမ်းလာတာကို ခင်ဗျားတို့ ကျုပ်တို့က ဝိုင်းပြီးလက်ခုပ်တီးကြိုဆိုရမယ့်အချိန်လို့ ဆိုချင်တယ်..."

"ဆိုစမ်းပါဦးဗျာ..."

"ဒီလို နယ်ချဲ့ သမားရဲ့ လက်အောက်ခံဈေးကွက်ထဲက ကျုပ်တို့ ပြည်ထောင်စုအစိုးရ ရုန်းထွက်လာရတဲ့ တိုးတက်ဖြစ်ပေါ်ချက်နဲ့ပတ်သက်ပြီး ကျွန်တော်ကတော့ အခြေခံ အချက်ကြီးနှစ်ချက်ကို မြင်ထားတယ်။ နံပါတ်တစ်အချက်ကတော့ မိမိတို့ရဲ့ အမျိုးသား လွတ်လပ်ရေးကို

ချစ်မြတ်နိုးကြတဲ့ ပြည်သူတွေရဲ့ လှုပ်ရှားတိုက်ခိုက်မှုကြောင့်ပဲ။ နံပါတ်နှစ်ကတော့ ဒီလို ပြည်သူတွေရဲ့ တိုက်ခိုက်လှုပ်ရှားမှုကို အသိအမှတ်မပြုဘဲ လုပ်ချင်ရာ လုပ်နေရင် ပြည်ထောင်စုအစိုးရအဖွဲ့ ပြုတ်ကျတော့မှာကို မြင်လို့ပဲဗျ။ ဒီအချက်နှစ်ချက်ကြောင့် ကျုပ်တို့ ခင်ဗျားတို့ ပြည်ထောင်စုအစိုးရဟာ သူတို့ရဲ့ ကံကြမ္မာကို ဆင်ခြင်မိပြီး တိုင်းပြည်ရဲ့ အမျိုးသားလွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာပိုင်မှုကို ခု တဖြည်းဖြည်း ပြန်လည်ထိန်းသိမ်းဖို့ ကြိုးပမ်းခြင်းပြုလာတာပါပဲ။ ဒီလို ကိုယ့်တိုင်းပြည်ရဲ့ လွတ်လပ် ရေးကို ထိန်းသိမ်းဖို့ လုပ်လာတဲ့ လုပ်ငန်းမှုသမျှကို ခင်ဗျားတို့ ကျုပ်တို့လို တိုင်းပြည်ကို ချစ်ပါတယ်ဆိုတဲ့ လူတွေက ဂိုဏ်းဂဏသဘောတွေ ဖယ်ရှားပြီး အမှန်အကန်အတိုင်း သိတတ်ဖို့၊ မြင်တတ်ဖို့လိုလိမ့်မယ်။ ချီးကျူးထောက်ခံနိုင်ဖို့လည်း လိုလိမ့်မယ်... "

"ဒါဖြင့် ဖဆပလအစိုးရကို ကျုပ်တို့ ထောက်ခံကြရတော့မှာလားဗျ..."

"မှန်တဲ့အလုပ်တစ်ခုကို ဘယ်သူကပဲလုပ်လုပ် ထောက်ခံရမှာ ကြောက်ရင်တော့ ဒီလူဟာ ကွန်မြူနစ်တစ်ယောက် မဖြစ်နိုင်တော့ဘူးဗျ။ ခင်ဗျားက ဂိုဏ်းဂဏသဘောနဲ့ ကြည့်လွန်းအားကြီးနေတယ် ထင်ပါရဲ့ဗျာ..."

"ဒီလိုဆိုရင် ဖဆပလအစိုးရရဲ့ တစ်ပါတီ အာဏာရှင်ဆန်ဆန် အုပ်ချုပ်လုပ်ကိုင် နေတာတွေကိုကော ကျုပ်တို့က ထောက်ခံရတော့မှာလားဗျာ..."

"ဒါက ဒီလိုရှိပါတယ်... ဖဆပလအစိုးရက တိုင်းပြည်အတွက် ကောင်းတာလုပ်ရင် ကျုပ်တို့က လက်မနှေးဘဲ ထောက်ခံချီးကျူးခြင်းပြုရမှာလို တိုင်းပြည်အတွက် ဆန့်ကျင်တာလုပ်တဲ့အခါတိုင်း ကျုပ်တို့က ဖွင့်ချပြီး သတိပေးရလိမ့်မယ်။ ဒီလိုလုပ်ရတာ ဖဆပလအစိုးရကို မုန်းထားလို့ ချစ်လို့မဟုတ်ဘူးဗျ။ ကျုပ်တို့တိုင်းပြည်နဲ့ ကျုပ်တို့ အမျိုးသားတွေကို ကျုပ်တို့ ချစ်လို့ပဲဖြစ်တယ်"

"ဒါအထိတော့ ကျုပ် ကောင်းကောင်းသဘောမပေါက်သေးဘူးဗျာ.."

"နောက်ဆုံး ဥပမာတစ်ခု ကျုပ်ပေးဦးမယ်ဗျာ။ အခု အတောအတွင်းရထားတဲ့ ကြေးနန်းသတင်းတွေအရ အမေရိကန်က ဦးဆောင်ပြီး အရှေ့အာရှ တောင်ပိုင်း စစ်အုပ်စု တစ်စု ဖွဲ့စည်းမယ်လို့ ကြားရတယ်။ အဲဒီစစ်အုပ်စုထဲမှာ အင်္ဂလိပ်၊ အမေရိကန်နဲ့ ပြင်သစ် အပြင်

သူတို့နဲ့ ခွဲမရတဲ့ ဩစတြေးလျနဲ့ နယူးဇီလန်ပါတယ်။ ကျုပ်တို့ အာရှနိုင်ငံတွေထဲ ဖိလစ်ပိုင်၊ ယိုးဒယားနဲ့ ပါကစ္စတန်က ပါဖို့ သေချာနေပြီလို့ဆိုတယ်။ နောက်ထပ် သီဟိုဠ်နဲ့ ကျုပ်တို့ မြန်မာနိုင်ငံကို မပါပါအောင် အမျိုးမျိုး ခြေပုန်းခုတ်နေတယ်ဆိုတာ လည်း ခင်ဗျားတို့ ကြားပြီးရောပေါ့...''

"ကျုပ်တို့ နိုင်ငံ ပါသွားလည်း ကျုပ်တို့အနေနဲ့ ပိုပြီးပြတ်ပြတ်သားသား ဖြစ်သွား တာပေါ့ဗျာ..."

"ဒီလို မဟုတ်သေးဘူး ထင်တယ်။ ဒီစစ်အုပ်စုထဲ ပါသွားရင် ကျုပ်တို့ရဲ့ အမျိုး သားလွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာပိုင်မှုဟာ အင်္ဂလိပ်၊ အမေရိကန်လက်အောက် ပြန်ရောက်သွားလိမ့်မယ်။ ကျုပ်တို့တိုင်းပြည်ထဲမှာ သူတို့စစ်တပ်တွေ တပ်စွဲလာကြလိမ့် မယ်။ နောက်ပြီးတော့ ကျုပ်တို့ရဲ့ ပြည်ထောင်စုတပ်မတော်ကြီးကို သူတို့က တစ်စထက် တစ်စ ဩဇာပေးချုပ်ကိုင်လာကြလိမ့်မယ်။ ဒါတွေကို ကျုပ်တို့ အဖြစ်ခံနိုင်ပါ့မလား...''

"ဒီအထိတော့ မလိုလားအပ်ဘူးပေါ့ဗျာ''

"ဒီလိုဆိုရင် ဒီလိုအဖြစ်မျိုးကို မကျရောက်အောင် ထိန်းသိမ်းဖို့ ကြိုးပမ်းနေတဲ့ ဖဆပလအစိုးရကို ခင်ဗျားတို့ ကျုပ်တို့က ဩဘာပေးရလိမ့်မယ်ဗျာ...''

"ဘာဆိုင်လို့တုံးဗျ...''

"ဆိုင်ပါသော်ကောဗျ... ဒီအခြေအနေမျိုး မရောက်အောင် ဖဆပလအစိုးရက ကနေ့ထက်အထိတော့ ထိန်းသိမ်းနေတုန်းပါကလား...''

"ကျုပ်တော့ နားရှုပ်လာပြီဗျာ...''

"ရှင်းပါတယ်ဗျာ... ဒီလို ဖဆပလအစိုးရက ထိန်းသိမ်းနေတာဟာ ကျုပ် ခပ်စောစောက ပြောခဲ့သလို တိုင်းပြည်ရဲ့ လွတ်လပ်ရေးကို ချစ်မြတ်နိုးတဲ့ ပြည်သူတွေရဲ့ လှုပ်ရှားတိုက်ခိုက်မှုကြောင့်ဆိုရင်ကောဗျာ''

"ဒီလိုလှုပ်ရှားတိုက်ခိုက်နေတဲ့ ပြည်သူတွေကို ဖမ်းလား ဆီးလား သတ်လား ဖြတ်လား လုပ်နေကြတဲ့ကိစ္စတွေကတော့ကောဗျာ..."

"ဒီလို လုပ်နေတာတွေကိုတော့ ကျုပ်တို့ ခုခံရမှာပဲ။ တိုက်ခိုက်တန်တာကိုလည်း တိုက်ခိုက်ရမှာပဲ။ ဒါကတော့ ကျုပ်တို့တာဝန်ပဲ..."

နိုင်ငံခြားဆန်အရောင်းအဝယ်နှင့် အာရှတောင်ပိုင်းစစ်အုပ်စုများအကြောင်းကို ပြောဆိုနေကြသူများအား အိပ်ခန်းထဲမှ ငြိမ်၍ နားထောင်လျက်ရှိသော မြိုင်သည် ဘာတစ်ခုမျှ နားမလည်သဖြင့် ညကြီးအချိန်မတော် အရေးတကြီးနှင့် လေးလေးနက်နက် စကားပြောဆိုနေကြခြင်းကို နားမလည်နိုင်အောင် ဖြစ်နေမိသည်။ ထို့ကြောင့် မြိုင်သည် မျက်လုံးများ လေးစပြုလျက် အိပ်ချင်ချင်ဖြစ်နေသည့်အခိုက် မြိုင်၏မျက်လုံးများ ကျယ်လာစေရန် စကားများကို ရုတ်တရက်ကြားလိုက်ရပြန်လေသည်။

"ဒါထက် သုံးရက်လောက်က ထွန်းလွင်နဲ့ လမ်းမှာတွေ့ လို့ ခင်ဗျားနဲ့ပတ်သက်တဲ့ သတင်းတစ်ခု ကြားလာခဲ့ရတယ်ဗျ..."

"ဘယ်ထွန်းလွင်လဲ-ဆိုရှယ်လစ်ပါတီက ထွန်းလွင်လားဗျ..."

"ဟုတ်တယ်... သူက အင်တဲလီဂျင်း (သတင်းထောက်လှမ်းရေး) ကိုင်နေတယ်"

"ဆိုစမ်းပါဦး.."

"ပါတီကတော့ ခင်ဗျားကိုဖမ်းဖို့တောင် စဉ်းစားနေကြပြီတဲ့"

"ပါတီက အာဏာလက်ရှိဆိုတော့ သူတို့က ဖမ်းရင်လည်း အဖမ်းခံရရုံပေါ့ဗျာ။ ဒါပေမဲ့ ကျုပ်ကို ဘာဥပဒေနဲ့ ဖမ်းကြမှာတဲ့လဲ ဆိုတာကိုကော ပြောသံကြားရသေးသလား"

"ဒါတော့ မပြောဘူးဗျ... ကျုပ်အထင်တော့ ပုဒ်မငါးပဲ ဖြစ်မှာပေါ့..."

"ပုဒ်မငါးဆိုတာက တိုင်းပြည်ရဲ့ လုံခြုံမှုကို ဖျက်ဆီးနေတဲ့လူတွေကိုသာ ဖမ်းဖို့ လုပ်ထားတဲ့ဥပဒေပဲဗျ... တကယ်လို့ ကျုပ်ကို ပုဒ်မငါးနဲ့ဖမ်းရင် သူတို့ကို လုပ်ထားတဲ့ ဥပဒေကို သူတို့ဘာသာ သူတို့ သရော်တာနဲ့ ဘာထူးဦးမလဲ..."

“ဒီငနဲတွေအကြောင်းတော့ ခင်ဗျားအသိဆုံးပါဗျာ...ပြောနေလို့ ဖြစ်တဲ့ ငနဲတွေ မဟုတ်ပါဘူး..."

“ဖမ်းတာကတော့ ဖမ်းပေါ့ဗျာ... တိုင်းပြည်အတွက်လုပ်လို့ အဖမ်းခံရတာတို့၊ အသတ်ခံရတာတို့ဆိုတာတွေကတော့ မဆန်းလှပါဘူး။ ကျုပ်တို့ အမျိုးသားခေါင်းဆောင်ကြီး ဦးအောင်ဆန်းလို တကယ့်ပုဂ္ဂိုလ်ကြီးကိုတောင် သတ်ရဲတဲ့ လူမိုက်တွေ ပေါ်လာခဲ့ကြသေးတာပဲ...”

“ခင်ဗျားရဲ့ အရေးအသားနဲ့ အသွားအလာကို နည်းနည်းလောက်ဆင်ခြင်ရင် ကောင်းလိမ့်မယ် ထင်တာပဲဗျ”

“နိုင်ငံတော်အုပ်ချုပ်ပုံအခြေခံဥပဒေက ခွင့်ပြုထားတဲ့ ကျုပ်အခွင့်အရေးကိုတော့ ကျုပ်အသုံးပြုရမှာပဲလေ။ အဲဒီအထဲကမှ ဖွတ်လုပ်ရင်တော့ ဘယ်တတ်နိုင်မှာလဲဗျာ။ လုပ်ချင်တာ လုပ်ကြပါစေပေါ့...”

“ခင်ဗျား အဖမ်းခံရရင် တိုင်းပြည်ဘက်က နာတာကိုလည်း စဉ်းစားမှပေါ့ဗျာ”

“တိုင်းပြည်နစ်နာမယ့်အတွက်ကြောင့် အဖမ်းခံရမှာစိုးလို့ ရေးစရာရှိတာကို ဘာမှ မရေးဘဲ လုပ်စရာရှိတာကို မလုပ်ရင် တိုင်းပြည်အတွက် ပိုပြီးနစ်နာတော့မှာပေါ့ဗျာ”

“နည်းနည်းဆင်ခြင်ဖို့အတွက် ပြောရတာပါဗျာ...”

“ဆင်ခြင်တန်သရွေ့တော့ ဆင်ချင်ရတာပေါ့ဗျာ။ ဒါပေမဲ့ တိုင်းပြည်ကို ချောက်ကျအောင် လုပ်တဲ့အပေါက်မျိုးနဲ့ကျရင်တော့ တိတိကျကျရေးရ လုပ်ရမှာပဲ”

“ညောင်သီးလည်းစား၊ လေသံလည်း နားထောင်ဆိုသလိုပေါ့ဗျာ... ကိုတင်ဦး”

ဤကဲ့သို့ ကိုတင်ဦးသည် နာရီပြန်တစ်ချက်တီးသာသာခန့်အထိ ၎င်း၏ဧည့်သည်များနှင့် စကားပြောဆိုလေသည်။ နာရီပြန်တစ်ချက်တီးသာသာခန့်တွင် ဧည့်သည်များသည် နှုတ်ဆက်၍ ပြန်သွားကြလေသည်။

အိမ်ရှေ့ဧည့်ခန်းမီးကို ပိတ်လိုက်ပြီးနောက် ကိုတင်ဦးသည် အိမ်ခန်းအတွင်းသို့ ဝင်၍ လာလေသည်။ ထိုသို့ဝင်လာပြီးနောက် သူသည် ထုံးစံအတိုင်း ညအိပ်ရာမဝင်မီ စာဖတ်ရန် အိပ်ခန်းအတွင်းမှ မီးကို ဖွင့်လိုက်ပြီးနောက် ခုတင်ဘေးရှိ စာရေးစားပွဲတွင် ထိုင်လိုက်သည်။

မြိုင်သည် အိပ်ပျော်ချင်ယောင်ပြုလျက် လင်လုပ်သူ၏ အရိပ်အကဲကို ကြည့်ရှု လျက်ရှိပေသည်။ ကိုတင်ဦးကတော့ မသိပေ။ မြိုင် အိပ်ပျော်နေသည်အထင်နှင့် ၎င်း မဖတ်ရသေးဘဲ အကြွေးကျန်နေသည့် နိုင်ငံခြားသတင်းစာတစ်စောင်ကို လှန်လှောကြည့် ရှုနေလေသည်။

မြိုင်သည် အိပ်ပျော်ချင်ယောင် ပြုနေရာမှ ၎င်းပြောဆိုရန်ရှိသော စကားများကို ညတွင်းချင်း ပြောသင့်၊ မပြောသင့် ချိန်ဆနေသည်။ ဤကဲ့သို့ ညတွင်းချင်းပြောမှသာ လျှင် ပြောခွင့်ရနိုင်မည်ဖြစ်ပေသည်။ ထို့ကြောင့် မြိုင်သည် ချောင်းတစ်ချက်ဟန့်လိုက်ပြီးနောက် အိပ်ရာမှ အသာအယာထလိုက်သည်။

ကိုတင်ဦးကတော့ မယားလုပ်သူကိုပင် မေ့လျော့နေဘိအလား သူ၏သတင်းစာကိုသာ စူးစူးစိုက်စိုက် ဖတ်ရှုနေပေသည်။ မြိုင်၏ ချောင်းဟန့်သံကိုပင် သူသည် ကြား လိုက်ရဟန်မရှိပေ။

မြိုင်သည် ခုတင်ထက်၌ တင်ပါးလွှဲထိုင်လိုက်ပြီးနောက်...

"ကိုတင်ဦး"

ဟုခေါ်လိုက် သည်။ ကိုတင်ဦးသည် မြိုင်ကခေါ်နေသည်ကိုပင် ကြားဟန်မရှိ။ သတင်းစာကိုသာလျှင် စူးစူးစိုက်စိုက် ဖတ်ရှုမြဲ ဖတ်ရှုနေပေသည်။

"ကိုတင်ဦး"

မြိုင်သည် စိတ်မရှည်နိုင်သကဲ့သို့ ငေါက်ဆတ်ဆတ် ခေါ်လိုက်ပြန် လေသည်။ သည်တော့မှပင် ကိုတင်ဦးသည် မြိုင့်အား ပြန်လှည့်၍ ကြည့်လေသည်။

"ဟင်... မြိုင်... တစ်ရေးနိုးလာပြီလား"

"တစ်ရေးနိုးလာတာမဟုတ်ဘူး ကိုတင်ဦး။ မြိုင် ကိုတင်ဦးကို စကားပြောစရာ ရှိနေလို့ တမင် မအိပ်ဘဲ စကားပြောခွင့်ရအောင် စောင့်နေတာရှင့်.."

မြိုင်က ခပ်ငေါ့ငေါ့ကလေး ပြောဆိုလိုက်သည့်အတွက် ကိုတင်ဦးသည် ရုတ်တရက် ခပ်အမ်းအမ်းဖြစ်သွားသည်။ ရုတ်တရက် ဘာပြန်ပြောရမှန်းမသိအောင်လည်း ဖြစ်သွားသည်။

ကိုတင်ဦး လက်ထဲမှ နိုင်ငံခြားထုတ် အင်္ဂလိပ်သတင်းစာသည် လွတ်ကျသွားလေသည်။ သူသည် သတင်းစာကို ကိုင်ထား၍ မဖြစ်တော့။ သူ့အား မျက်နှာချင်းဆိုင်ရန် စောင့်ဆိုင်းနေခဲ့သည်မှာ ကာလအတန်ကြာညောင်းခဲ့ပြီဖြစ်သော မယားလုပ်သူအား မျက်နှာချင်းဆိုင်ရပေတော့မည်။ ထို့ကြောင့် မြိုင့်အား မျက်နှာချင်းဆိုင်ရန် သူသည် ပြင်ဆင်ခြင်း ပြုလေတော့သည်။

အခန်း [၂၂]

(က)

ညဥ့်အတော်ကလေး နက်လှပြီဖြစ်၍ အိမ်ကြီးတစ်ခုလုံးနှင့် ပတ်ဝန်းကျင်လောကကြီးတစ်ခုလုံးတို့ပါ တိတ်ဆိတ်ငြိမ်သက်လျက်ရှိပေသည်။ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသော အိမ်ကြီးပေါ်တွင် နှစ်ယောက်တည်းသာ ရှိနေကြသော လင်မယားနှစ်ဦးတို့သည် တစ်ဦးကိုတစ်ဦး စကားမပြောနိုင်ကြသေးဘဲ မိမိတို့ ပြောဆိုရန်ရှိသော စကားများကို စဥ်းစားချိန်ဆရင်း ငြိမ်သက်လျက် ရှိနေကြသည်။ နောက်ဆုံး၌ ကြာမြင့်စွာကပင် အောင့်အည်းမျိုသိပ်ထားခဲ့ရသော အလုပ်ကို ဆက်လက်၍ သည်းညည်းခံခြင်း မပြုနိုင်တော့သကဲ့သို့ မြိုင်သည် တိတ်ဆိတ်ငြိမ်သက်နေခြင်းကို ဖောက်ခွဲဖျက်ဆီးပစ်လိုက်သည်။

"ကိုတင်ဦး လုပ်ချင်ရာတွေ လျှောက်လုပ်နေခဲ့တာကို မြိုင် သည်းညည်းခံပြီး ကြည့်နေခဲ့ရတာ ဘယ်လောက်ကြာပြီထင်သလဲဟင်..."

မြိုင်၏အသံမှာ ပေါက်ကွဲ၍ ထွက်လာရဟန်ရှိသောကြောင့် တုန်နေသည်။

မြိုင်၏ပေါက်ကွဲခြင်းကို ပထမဦးဆုံးအကြိမ် တွေ့မြင်လိုက်ရသော ဦးတင်ဦးသည်လည်း လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ သူသည် သူ၏လုပ်ငန်း၌သာလျှင် သူ့ကိုယ်သူ တချိန်လုံး မြှုပ်နှံထားခဲ့သော လူတစ်ယောက်ဖြစ်ရာ ယခုကဲ့သို့ သားမယားလုပ်သူ၏ ပေါက်ကွဲခြင်းကို မမျှော်လင့် မထင်မှတ်ဘဲနှင့် တွေ့ကြုံလိုက်ရသောအခါ သူ၏ ချို့ယွင်းချက်ကို မစဥ်းစားနိုင်ရှာပေ။ မြိုင်၏ပေါက်ကွဲခြင်းသည် သူ၏အဖို့အရာ၌ အကြောင်းမဲ့ ပေါက်ကွဲခြင်းကဲ့သို့ ဖြစ်နေပုံရပေသည်။

သူသည် မြိုင့်ကို ပါးစပ်အဟောင်းသားနှင့် ငေးစိုက်၍သာကြည့်နေသည်။

"မြိုင် ပြောလိုက်တဲ့စကားကို ကိုတင်ဦး နားလည်ရဲ့ တော့ မဟုတ်လား"

မြိုင်က တစ်လုံးချင်း ခပ်ဖြည်းဖြည်းလေးလေးနှင့် နောက်ထပ်၍

မေးလိုက်ပြန်သည်။ ကိုတင်ဦးသည် ဒေါသံပါလျက်ရှိသော မယားလုပ်သူ၏စကားကို နားမလည်နိုင်သဖြင့် ဘာပြန်ပြောဆိုရမည့် စကားကိုလည်း စဉ်းစားရှာဖွေ၍ မရအောင် ဖြစ်နေသည်။

မိမိပြောဆိုသောစကားကို ပြန်လည် ဖြေကြားခြင်းလည်းမပြုဘဲ ခပ်အမ်းအမ်း ခပ်ကြောင်ကြောင်လုပ်နေသော လင်လုပ်သူအား မြိုင်သည် သာလွန်၍ အားမလိုအားမရ ဖြစ်လာသည်။ ဒေါသလည်းထွက်လာသည်။

"ရှင်ဘာဖြစ်နေတာလဲဟင်... ကိုတင်ဦး"

ဟု မြိုင်က အသားများပင်တုန်လာ

လောက်အောင် ဒေါသထွက်လာသဖြင့် အော်ငေါက်၍ မေးလိုက်ပြန်သည်။ ကိုတင်ဦးသည် တုန်လှုပ်၍ သွားလေသည်။

"မြိုင် ဘာဖြစ်သလဲဟင်"

ဟုလည်း ဇဝေဇဝါနှင့် ပြန်လည်မေးမြန်းလိုက်မိသည်။

"မြိုင် ဘာဖြစ်သလဲဆိုတာကို ရှင် ခုထက်ထိ မသိသေးဘူးလားဟင် ကိုတင်ဦး"

"ကိုတင်ဦး ဘာမှမသိတာတော့ မသိတာ အမှန်ပဲ မြိုင်"

"ရှင် မသိသေးရင် သိအောင် ပြောပြရသေးတာပေါ့... ဟုတ်လား ကိုတင်ဦး"

"ပြောပဲပြောစမ်းပါဦး မြိုင်ရယ်..."

"ပြောစမ်းပါဦးတို့၊ မြိုင်ရယ်တို့ လုပ်မနေနဲ့ ကိုတင်ဦး။ ပြောနေရင်း ဆိုနေရင်း မြိုင် ဒေါသထွက်သထက် ထွက်လာနေပြီနော်"

"မြိုင် ဒေါသထွက်နေတယ်ဟုတ်လား"

"ဟုတ်တယ်ရှင့် မြိုင် ဒေါသထွက်နေတယ်ရှင့်"

"ဘယ်လိုကြောင့်များ ဒေါသထွက်နေရတာတုံး မြိုင်ရယ်...

ကိုတင်ဦးလည်း ဘာမှ မသိရပါကလား”

“ရှင်ကတော့ ပါးစပ်နဲ့ ဖွင့်ပြောပြမှပဲ လူစကားကို နားလည်မယ့် လူတစ်ယောက်မို့လို့ ပြောပြရတော့မှာပေါ့လေ”

လင်မယား စ၍ ညားလာကြကတည်းက ယင်းတို့ အပြောအဆိုနှင့် စကားအသုံးအနှုန်းမျိုးကို တစ်ကြိမ်တစ်ခါမျှ မကြားခဲ့ဖူးသော ကိုတင်ဦးသည် ယနေ့ညကျမှပင် မြိုင့် ထံမှ ဤကဲ့သို့သော အသုံးအနှုန်းနှင့် အပြောအဆိုများကို ကြားနာလိုက်ရသောကြောင့် မြိုင်အား ၎င်း၏မယား မြိုင်မှပင် ဟုတ်များမှ ဟုတ်ပါလေစဟူသော သံသယဖြင့် မော့ကြည့်ရှုနေမိသည်။

မြိုင်သည် စကားပြောဆိုသုံးနှုန်းရာ၌ မည်သည့်အခါကမဆို အလွန်တရာ နူးညံ့ သိမ်မွေ့ခြင်းရှိခဲ့သော်လည်း ယခုညတွင်မှပင် အဘယ့်ကြောင့် ရင့်သီးလာရသနည်း။ လူ မဆိုထားပါနှင့်ဦး၊ မည်မျှပင် မကိုက်တတ်သော ခွေးတစ်ကောင်ကို ချောင်ပိတ်၍ ကြိမ်ဖန်များစွာ ရိုက်နှက်ခြင်းပြုသောအခါ ထိုခွေးသည် ပြန်လှန်၍ တွန်းကန် ကိုက်ခဲ ခြင်း ပြုလာတတ်သည်မဟုတ်လော။

“မြိုင်က ဘာတွေလျှောက်ပြောနေတာလဲဟင်”

ကိုတင်ဦးသည် ထိတ်လန့်တကြား ပြန်၍ မေးလိုက်မိသည်။

“မြိုင် ဘယ်လောက် စိတ်ဒုက္ခရောက်နေတယ်ဆိုတာကို ရှင် နည်းနည်းကလေးမှ မရိပ်မိသေးဘူးလားဟင် ကိုတင်ဦး”

ကိုတင်ဦးသည် ၎င်း၏မယားလုပ်သူ မြိုင်သည် အဘယ်မျှ စိတ်ဆင်းရဲခြင်းဖြစ်နေသည်ကို ရိုးရိုးသားသားပင် မသိသေးပေ။ ၎င်း၏အလုပ်၌ နစ်မြုပ်နေသောကြောင့် မယားလုပ်သူ၏ အရိပ်အကဲကို မခတ်နိုင်ခဲ့ပေ။ ထို့ကြောင့်လည်း ဘာမျှမရိပ်မိ၊ မသိရှိ ခဲ့ခြင်းဖြစ်ပေသည်။

“မြိုင် စိတ်ဒုက္ခရောက်နေတယ်။ ဟုတ်လားမြိုင်”

ဤမျှလောက် ဖွင့်၍ ပြောပြနေသည့်အကြားမှပင် ရိပ်မိရုံလောက်သာရှိသော လင် လုပ်သူအား မြိုင်သည် အတော်ကလေး ဒေါသထွက်မိသည်။ ဒေါသထွက်ခဲတတ်သော မြိုင်သည်

ဒေါသထွက်အားကြီး၍ အသားများပင် တဆတ်ဆတ်တုန်လာသည်။

"ဘာဖြစ်လို့ စိတ်ဒုက္ခရောက်နေရသလဲဆိုတာကိုလည်း ကိုတင်ဦးကို ပြောပြဦးမှ ပေါ့မြိုင်"

မိမိ၏ချို့ယွင်းချက်ကို ဘာမျှမသိရှာသော ကိုတင်ဦးက မြိုင့်အား ပြန်လည်မေးမြန်းလိုက်ပေသည်။

"ရှင်နဲ့ မြိုင်နဲ့တော့ ဖြစ်မှာမဟုတ်ဘူး ထင်ပါတယ် ကိုတင်ဦးရယ်... ဒါကြောင့် ရှင့်ကို ပြောပြနေလို့လည်း လေကုန်ရုံရှိပါလိမ့်မယ်..."

"မြိုင် ဘာတွေလျှောက်ပြောနေတာလဲကွယ်။ ကိုတင်ဦးမှာ အပြစ်တွေရှိနေရင်လည်း ကိုတင်ဦး အပြစ်ကို ကိုတင်ဦး သိပြီး ဆင်ခြင်နိုင်အောင်လို့ ပြောပြဦးမှပေါ့..."

ကိုတင်ဦးသည် ဆေးပေါ့လိပ်တစ်လိပ်ကို စားပွဲပေါ်မှ လှမ်းယူကာ မီးညှိရင်း ခပ်အေးအေး ပြောဆို လိုက်သည်။

"ကိုယ် လုပ်ချင်တာတွေ လျှောက်လုပ်နေပြီးမှ ကိုယ့်ချို့ယွင်းချက်ကို ပြန်မရှာတတ်တာတော့ မြိုင်လည်း မပြောတတ်တော့ဘူး ကိုတင်ဦးရယ်.."

မြိုင်၏အသံမှာ အနည်းငယ် ပျော့ပျောင်း၍ လာသည်။

"ကိုတင်ဦးအပေါ်မှာ မြိုင် မကျေနပ်တာတွေ၊ မကြိုက်တာတွေ ရှိနေရင်တော့ ဖွင့်ပြောဖို့ လိုလိမ့်မယ်ထင်တယ်မြိုင်... မြိုင်ကမှ ဖွင့်မပြောရင် ကိုတင်ဦးက ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ"

"ပြောနေလို့ကော ရှင်က နားလည်ဦးမှာတဲ့လား ကိုတင်ဦး"

"တရားရုံးတွေမှာတောင် စွဲချက်မတင်ခင် တရားခံရဲ့ အပြစ်တွေကို ထုတ်ဖော်စွပ်စွဲရသေးတယ် မဟုတ်လားမြိုင်။ ကိုတင်ဦးကို အပြစ်ပြောချင်ရင်လည်း ကိုတင်ဦးရဲ့အပြစ်တွေကို မြိုင်က ထုတ်ပြောဦးမှပေါ့.."

"ရှင့်ကို မြိုင် လက်ထပ်ခဲ့တုန်းက သူလို ငါလို လူတစ်ယောက်မှတ်ပြီး စွန့်စွန့်စားစား လက်ထပ်ခဲ့တာပဲ ကိုတင်ဦး။ ဒါပေမဲ့ ရှင်ဟာ သူလိုငါလို

လူတစ်ယောက်မဟုတ်ဘူး၊ နိုင်ငံရေးသတ္တဝါ သက်သက်ပဲ…”

မြိုင်၏ စွပ်စွဲပြောဆိုချက်ကို ကိုတင်ဦးသည် သဘောပေါက်သွားသကဲ့သို့ တစ်ချက်မျှ ပြုံးလိုက်မိသည်။ သူ့အား သူလိုင်ါလို လူတစ်ယောက်ဟူ၍ သဘောမထားတော့ဘဲ နိုင်ငံရေးသတ္တဝါတစ်ယောက်သက်သက်ပဲဟု ဆိုလိုက်သည့်အတွက်လည်း။ သဘောကျ မိပေသည်။ စင်စစ်တော့လည်းသူသည် သားမယားများနှင့် ပြုံးရွှင်ရယ်မောကာ ပျော်ပျော်ပါးပါး နေရမည့်အချိန်ကိုပင် သတိမရနိုင်လောက်အောင် သူ၏ယုံကြည်ချက်ကို လုပ်ဆောင်နေသော သတ္တဝါတစ်ကောင် မဟုတ်သလော။

“ရှင် နိုင်ငံရေးလုပ်တာကို မြိုင်က သဘောမကျလို့ ပြောတာမဟုတ်ဘူး ကိုတင်ဦး။ ရှင့်ဟာက သားမယားနဲ့ ကိုယ့်အိုးကိုယ့်အိမ်ကို ပြန်ပြီး ဂရုမစိုက်နိုင်လောက်အောင် ရှင့်နိုင်ငံရေးနောက်ကို လိုက်နေလို့ ပြောရတာ…"

“မြိုင် ပြောချင်တာက ဒါပဲမဟုတ်လားဟင်”

ကိုတင်ဦးသည် ဆေးပေါ့လိပ်ကို စားပွဲပေါ်ရှိ ဆေးပြာကလပ်ထဲသို့ ပြန်ထားလိုက်ရင်း ခပ်အေးအေးပင် ပြန်၍ မေးလိုက်ပေသည်။

မိမိက အလေးအနက်နှင့် အရေးတကြီးပြောဆိုနေသော ကိစ္စကို ခပ်ပေါ့ပေါ့ ခပ်အေးအေး လုပ်နေပုံရသော လင်လုပ်သူအား မြိုင်သည် စိတ်တို၍ လာမိသည်။

“တော်စမ်းပါတော့ ကိုတင်ဦးရယ်.. ရှင့်ကို စကားပြောရတာ စိတ်ညစ်စရာ ကောင်းသထက် ကောင်းလာပြီ”

“ဒီလိုလည်း စိတ်ညစ်လွယ်လို့ ဘယ်ဖြစ်ပါ့ဦးမလဲ မြိုင်ရယ်။ လင်နဲ့မယားဆိုတာ တစ်ယောက်ကိုတစ်ယောက် စိတ်ရှည်ရှည်ထားကြဦးမှပေါ့”

“ဒီထက်သာ စိတ်ရှည်ရှည်ထားရရင်တော့ ရှည်လွန်းအားကြီးပြီး ပြတ်လိမ့်မယ် ထင်တယ် ကိုတင်ဦး”

“ခါတိုင်း ခုလောက် မြိုင် စိတ်မတိုတတ်ပါဘူး”

"မြိုင် ဘယ်လောက်စိတ်ရှည်ခဲ့ရတယ်ဆိုတာကို ရှင်က ဂရုမှ မစိုက်ခဲ့ဘဲကိုး... ဘာသိမှာလဲ"

"မြိုင် စိတ်တိုပြီး ဒေါသထွက်နေတုန်း လင်မယား စကားပြောကြဖို့ မကောင်းသေးဘူးထင်တယ်"

"ရှင့်ကို ခုလို အချိန်မှမပြောရင် ဘယ်အချိန်များ ပြောခွင့်ရနိုင်ဦးမှာမို့လဲ ဟင် ကိုတင်ဦး"

"မနက်ဖြန်ကျမှပဲ အေးအေးဆေးဆေးပြောကြရင် မကောင်းဘူးလား မြိုင်ရယ်..."

"ရှင့်ကိုဖမ်းရတာ လေကို လိုက်ဖမ်းရတာထက် ခက်လွန်းလို့။ ခုလို အခွင့်အရေး ရတုန်း မြိုင် ပြောစရာရှိတာကို ပြောချင်တယ်"

"စိတ်တိုပြီး ဒေါသထွက်နေတုန်း လင်မယားစကားပြောရင် အမှားတွေလည်း ပါကုန်ပါ့မယ် မြိုင်"

"ရှင်နဲ့ ခုလို စကားပြောခွင့်ရနိုင်အောင် မြိုင် ဘယ်လောက်ပင်ပန်းခဲ့ရတယ်ဆိုတာကို ရှင်သာသိရင် ခုလိုရက်ရွေ့ဖို့ ပြောလိမ့်မယ်မထင်ဘူး ကိုတင်ဦး။ မြိုင် ကနေ့ ရှင့်အလုပ် တိုက်ကို ရောက်ခဲ့တယ်။ ရှင့်ကိုတွေ့ရအောင်လို့ ရှင့်အလုပ်ခန်းထဲမှာလည်း စောင့်ခဲ့ရပြီးပြီ"

"ဒီစကားပြောဖို့ဟာ ဒါလောက်တောင်ပဲ အရေးကြီးနေလို့လား မြိုင်..."

"ရှင့်အဖို့တော့ ရှင့်နိုင်ငံရေးလောက် ဘယ်အရေးကြီးပါ့မလဲလေ။ ရှင်ကတော့ နိုင်ငံရေးကို သားမယားထက် အရေးပေးတဲ့လူစားကိုး"

"ကိုတင်ဦး ယုံကြည်ပြီးလုပ်နေတဲ့ အလုပ်တစ်ခုကို ဘာကြောင့် ဒါလောက်တောင် အပြစ်ရှာချင်နေရတာလဲ မြိုင်။ ဒါကိုတော့ ကိုတင်ဦး နားမလည်ဘူး"

"ကိုတင်ဦး ယုံကြည်ပြီးလုပ်နေတဲ့အလုပ်ကို မြိုင်က

အပြစ်ရှာပြောနေတာမဟုတ်ပါဘူး။ ကိုတင်ဦးရဲ့အလုပ်က သားမယားကိုရော၊ ကိုယ့်ကိုယ်ကိုယ်ရော သတိမရနိုင်လောက်အောင် လုပ်နေ ကိုင်နေရလို့ ပြောရတာ”

“ဒါကတော့ တိုင်းပြည်ရဲ့အခြေအနေက ကောင်းမှမကောင်းဘဲကိုး မြိုင်ရယ်”

“တိုင်းပြည်အခြေအနေကောင်းလာအောင် ရှင်က လုပ်နေလို့ တကယ်လို့ တိုင်းပြည် အခြေအနေကောင်းလာရင်ကော ရှင့်ကို သမ္မတဝိုင်းမြှောက်ကြမှာမို့လားဆိုတာကို မသိလို့ မေးစမ်းပါရစေ ကိုတင်ဦး”

“မြိုင် ဘာတွေ လျှောက်မေးနေတာလဲကွယ်။ မဟုတ်တာတွေ မေးမနေ ပြောမနေ စမ်းပါနဲ့"

“မြိုင့်နေရာက ဝင်ပြီးနေကြည့်ရင် မြိုင် ခုလိုမေးတာဟာ ဒါလောက် မဆိုးသေးဘူး ထင်တယ် ကိုတင်ဦး”

“မဟုတ်တာတွေ လျှောက်ပြောမနေစမ်းပါနဲ့တော့ မြိုင်ရယ်။ ညလည်း နက်လှ ပါပြီ အိပ်ကြပါစို့”

“မြိုင် ပြောချင်တာတွေ မပြောရရင် အိပ်လို့ရမှာတော့ မဟုတ်ဘူး ကိုတင်ဦး။ ဒါကြောင့် ပြောချင်တာကိုတော့ ပြောစမ်းပါရစေဦး”

ကိုတင်ဦးသည် အတော်ကလေးစိတ်ညစ်ညူးလာသည်။ သူသည် မြိုင့်အား နားမလည်နိုင်သလိုလည်း ဖြစ်လာသည်။ စင်စစ်တော့ သူသည် မြိုင့်အား ကောင်းစွာ နားလည်ခြင်းရှိအောင် မြိုင်နှင့် လက်ထပ်ပြီးစီးခဲ့သောအချိန်မှစ၍ ကြိုးစားရန် သတိမရခဲ့ပေ။

သူ၏အလုပ်၌သာလျှင် နေ့မအား ညမအား သူ၏ကိုယ်ကိုသာ နှစ်မြှုပ်ခဲ့သူသာ ဖြစ်လေသည်။ သူသည် မြိုင်နှင့် လက်ထပ်ပြီးစီးခဲ့သောအချိန်မှစ၍ မြိုင်နှင့် ညအိပ်စက်ချိန်မှ လွဲ၍ အတူတကွ နေထိုင်ခဲ့သောအချိန် မရှိသလောက်ပင် ဖြစ်သည်။ ညအိပ်ရာဝင်ချိန်ပင်လျှင် မြိုင်နှင့်အတူ အိပ်ရာမဝင်လိုက်သေးဘဲ သူ၏ စာဖတ်ရန်အလုပ်ကို လုပ်ကိုင်နေ ရသေးသောကြောင့် မြိုင် အိပ်ပျော်သွားပြီးမှ အိပ်ရာဝင်ခဲ့သည်။ လင်နှင့်မယား တိုးတိုး တိတ်တိတ်ပြောဆိုရန်ရှိသောစကားကိုပင် မြိုင့်အား ပြောခွင့်မပေးခဲ့ပေ။ ဤကဲ့သို့ သူ၏ တာဝန် ပျက်ကွက်ခဲ့သော

သူ၏ချို့ယွင်းချက်များကိုလည်း သူသည် ချို့ယွင်းချက်များအနေ နှင့်လည်း မမြင်သေးပေ။

"ကိုတင်ဦး မနက်စောစော ထရဦးမယ်မြိုင်… အလုပ်တွေရှိသေးတယ်"

"ရှင်ဟာ အကျိုးအကြောင်း ပြောပြလို့ နားလည်မယ့်လူစားမှ ဟုတ်ပါသေးရဲ့လား ကိုတင်ဦးရယ်"

"ဘာများ ဒါလောက်အရေးကြီးနေလို့လဲ မြိုင်"

"အရေးကြီးတယ် ကိုတင်ဦး၊ ရှင့်ကို အစိုးရကဖမ်းတော့ဆီးတော့မလို့ ကြားထားရတဲ့သတင်းက မြိုင့်အတွက် အရေးကြီးတယ်"

"မြိုင့်ကို ဘယ်သူပြောသလဲ"

ကိုတင်ဦးသည် မျက်လုံးအနည်းငယ်ပြူးကျယ်သွား လေသည်။

"စောစောက ရှင့်ဧည့်သည်တစ်ယောက် အိမ်ရှေ့ခန်းမှာ ပြောနေတာကိုလည်း ကြားတယ်။ နောက်ပြီးတော့ တခြားကလည်း မြိုင် ကြားလာသေးတယ်"

"အလကားဟာတွေပါ မြိုင်၊ သူများပြောတိုင်း အရမ်းယုံပြီး ကိုယ့်ကိုယ်ကိုယ် စိတ်အဆင်းရဲခံမနေစမ်းပါနဲ့ကွယ်"

"မြိုင့်ကို ခလို ပေါ့ပေါ့ဆဆ မပြောပါနဲ့ ကိုတင်ဦး။ ရှင်လုပ်နေတဲ့အလုပ်ကို ပြန်စဉ်းစားဖို့ တော်ပြီထင်တယ်"

"ကိုတင်ဦး မဟုတ်တာ ဘာလုပ်နေလို့လဲ မြိုင်"

"ရှင့်လုပ်နေတဲ့အလုပ်ကို ရှင့်ထက် ဘယ်သူက ပိုပြီးသိနိုင်ပါ့မလဲလေ။ ရှင့်အလုပ်ကို ရှင်တစ်ယောက်သာ အသိဆုံးနဲ့ နားအလည်ဆုံးဖြစ်တော့မှာပေါ့"

"ဥပဒေကို ဖောက်ဖျက်တဲ့အလုပ်နဲ့ မတရားသဖြင့် အလုပ်မျိုးကိုတော့ ကိုတင်ဦး ဘာမှ လုပ်ရတာလည်းမဟုတ်ပါလား မြိုင်။

တရားဥပဒေက ခွင့်ပြုတဲ့အလုပ်ကို တရားဥပဒေအတွင်းမှာ ကိုတင်ဦး လုပ်နေကိုင်နေတာပဲလေ”

“ဒါတွေကို မြိုင် ဘာမှမသိဘူး။ မြိုင်သိတာက ကိုတင်ဦးဟာ အစိုးရနဲ့ ဆန့်ကျင်ဘက်အလုပ်ကို လုပ်နေလို့ အစိုးရပိုင်းက လူတွေက ကိုတင်ဦးကို အင်မတန်မုန်းနေတာရယ်၊ ကိုတင်ဦးကို အမြန်ဆုံး ဖမ်းဆီးဖို့လုပ်နေကြတာရယ် ဒါတွေလောက်ပဲ မြိုင် သိတယ်”

“တရားဥပဒေက ခွင့်ပြုထားတဲ့အလုပ်ကို လုပ်နေလို့ သောက်မြင်ကပ်တာနဲ့ ဖမ်းရင်တော့လည်း ဘယ်တတ်နိုင်ပါ့မလဲ မြိုင်”

“အစိုးရနဲ့ ဆန့်ကျင်ဘက်အလုပ်ကို ကိုတင်ဦး မလုပ်ဘဲ မနေနိုင်ဘူးလားဟင်”

“ဒါကတော့ အစိုးရကိုမုန်းလို့ သူတို့နဲ့ ဆန့်ကျင်တဲ့အလုပ်ကို ကိုတင်ဦးက တမင်သက်သက် လုပ်နေတာမှမဟုတ်ဘဲ မြိုင်... ကိုယ့်တိုင်းပြည်နဲ့ ကိုယ့်လူမျိုးတွေကို ကောင်းစားချမ်းသာအောင် ကိုယ်က တတ်နိုင်သလောက် လုပ်ပေးနေတာပဲ”

“ကိုတင်ဦး တိုင်းပြည်ကိုချစ်လို့ ခုလိုအစိုးရနဲ့ ဆန့်ကျင်တဲ့အလုပ်တွေကို လုပ်နေတဲ့အခိုက် ထောင်တန်းကျသွားရင် မြိုင် ဘယ်လိုဖြစ်ကျန်ရစ်ခဲ့မယ်ဆိုတာကိုကော စဉ်းစား ကြည့်ဖူးရဲ့လား..."

"ဘာတွေ လျှောက်ပြောနေရတာလဲမြိုင်... တော်ပါတော့ကွယ်...”

“မတော်နိုင်သေးဘူး ကိုတင်ဦး... ရှင့်ကို မြိုင် ပြောချင်တာတွေ အများကြီးရှိနေ သေးတယ်။ မြိုင် ပြောချင်တာတွေကို ပြောစမ်းပါရစေဦး”

ကိုတင်ဦးသည် မြိုင်နှင့် ဆက်လက်၍ စကားပြောဆိုရမည်ကို စိတ်ညစ်ညူးလာသကဲ့သို့ ထိုင်ရာမှ ထလိုက်ပြီးလျှင် အိမ်ရှေ့ခန်းဘက်သို့ ခပ်တည်တည်နှင့် ထွက်သွား လေသည်။ အိမ်ရှေ့ခန်းသို့ ရောက်သောအခါ သူသည် ပက်လက်ကုလားထိုင်တစ်လုံးပေါ် တွင် အသာအယာထိုင်နေလိုက်မိသည်။

မိမိက အရေးတကြီး ပြောဆိုနေသောစကားများကို အရေးစိုက်နားထောင်ခြင်းပင် မပြုနိုင်ဘဲ မထီလေးစားလုပ်၍ ထသွားသော

ကိုတင်ဦးကို မြိုင်သည် များစွာဒေါသ ထွက်လာမိသည်။ ထို့ကြောင့် မြိုင်သည် ထိုင်ရာမှထကာ ကိုတင်ဦး ထွက်သွားသော အိမ်ရှေ့ခန်းဘက်သို့ လိုက်သွားမိသည်။

အိမ်ရှေ့ခန်းမှ မီးကို ဖွင့်လိုက်သောအခါ မြိုင်သည် ပက်လက်ကုလားထိုင်ပေါ် တွင် အိပ်စက်ခြင်းပြုရန် ကြိုးပမ်းနေသော ကိုတင်ဦးအား တွေ့ ရလေသည်။

"ဒါ ရှင်ဘာလုပ်နေတာလဲဟင်... ကိုတင်ဦး"

မြိုင်သည် ကိုတင်ဦး၏ ပက်လက် ကုလားထိုင်အနီးတွင် ခါးထောက်၍ ရပ်ရင်း ခပ်ငေါက်ငေါက်မေးမြန်းလိုက်မိသည်။

"ကိုတင်ဦး အိပ်ချင်ပြီ မြိုင်ရယ်.. အေးအေးဆေးဆေး အိပ်ပါရစေတော့"

ကိုတင်ဦးသည် မြိုင့်အား ပြန်၍ ပင် မကြည့်ဘဲ ပြောလိုက်သည်။

"ရှင် ခုလိုသာ လုပ်နေရင် မြိုင်နှင့် ရှင်နဲ့ဖြစ်မှာမဟုတ်တော့ဘူး ထင်တယ် ကိုတင်ဦး"

"တော်ပါတော့ မြိုင်ရယ်... ကိုတင်ဦး တစ်နေ့လုံး အလုပ်ပန်းလာခဲ့ရလို့ အိပ်ပါ ရစေတော့"

အလွန်တရာ အိပ်ချင်နေပြီဖြစ်သောကြောင့် ကိုတင်ဦး၏အသံသည်ပင် လေးလံစပြုလာသည်။

"ရှင် မအိပ်ရသေးဘူး ကိုတင်ဦး မြိုင် ပြောစရာရှိတာတွေကို နားထောင်ရဦးမယ်"

မြိုင်က ဒေါသနှင့် ပြောလိုက်မိသည်။

"နောက်မှပြောရင်ကော မဖြစ်ဘူးလားမြိုင်"

ဤကဲ့သို့ပြောရင်းပင် ကိုတင်ဦးသည် အိပ်ပျော်စပြုလာသည်။

"ရှင်နဲ့လက်ထပ်ပြီးကတည်းက မြိုင်တစ်ဖက်သတ် ခံလာခဲ့ရတာတွေကို မျိုသိပ် ထားခဲ့ရတာတွေ ရှင် ဘာသိတတ်တဲ့ လူစားလဲ..."

"တော်ပါတော့ မြိုင်ရယ်... နောက်တော့မှပဲ ပြောတာပေါ့..."

"ဘာတော်ပါတော့လဲ... ရှင် မြိုင့်နေရာက ဝင်မခံရလို့ ဘာမှ ကိုယ်ချင်းစာတရား မရှိတဲ့လူတစ်ယောက်ပဲ"

"မနက်ဖြန်မှပဲ ပြောပါတော့ မြိုင်ရယ် အိပ်ချင်လှပါပြီ"

"တစ်သက်လုံး ရှင် ဒီလိုပဲ မြိုင့်ကို နှိပ်စက်သွားတော့မလို့လားဟင် ကိုတင်ဦး"

ကိုတင်ဦးသည် ဘာမှ ပြန်၍ မပြောတော့ပေ။ သူသည် အိပ်ချင်မူးတူးဖြစ်နေလေပြီ။

"ဒီအတိုင်းသာ သွားရင်တော့ ရှေ့လျှောက် လင်ရယ်မယားရယ်လို့ ပေါင်းသင်း နေလို့လည်း အလကားပါပဲ..."

ကိုတင်ဦးသည် လှုပ်ပင်မလှုပ်တော့။ အိပ်ပျော်လေပြီ။

"ကိုတင်ဦး"

ကိုတင်ဦးသည် ပြန်၍ လည်းမထူးတော့။

"ကိုတင်ဦး.."

မြိုင်သည် ကျယ်လောင်စွာ အော်၍ ခေါ်လိုက်သည်။ သို့ရာတွင် ပဲ့တင်သာ ပြန်၍ ထပ်လာသည်။ ကိုတင်ဦးကတော့ ပြန်မထူး၊ တရှူးရှူးနှင့် အိပ်ပျော် လျက်ရှိပေသည်။

မြိုင်သည် ၎င်း၏ဒေါသနှင့် ဝမ်းနည်းခြင်းတို့ကို ထိန်းသိမ်းခြင်းငှာ အားမရှိတော့ သဖြင့် အော်ဟစ်၍ ငိုချပစ်လိုက်လေသည်။

ကိုတင်ဦးဆိုသူကတော့ နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်မောကျနေလေပြီ။

ညကြီးအချိန်မတော် လင်မယား စိတ်ဆိုးကာ စကားများရန်ဖြစ်ကြပြီးနောက် နောက်တစ်နေ့ နံနက်လင်းလျှင်လင်းချင်း မြိုင်သည် ရေကျော်အိမ်မှ ရွှေတောင်ကြားအိမ်သို့ တက္ကစီကားတစ်စီးကို ငှင်းဘာသာငှင်း လိုက်လံရှာဖွေ ငှားရမ်းပြီးလျှင် ထွက်လာခဲ့ လေသည်။

အလွန်တရာ ဝမ်းလည်းနည်း၊ စိတ်လည်း ဆိုးခဲ့ရသောကြောင့် မြိုင်သည် တစ်ညလုံး အိပ်၍ မရခဲ့ပေ။ လင်းလုခါနီးမှ အိပ်ပျော်သွားသဖြင့် နံနက်ခြောက်နာရီခွဲသာသာခန့် တွင်မှ အိပ်ရာမှ နိုးလေသည်။ မြိုင် အိပ်ရာမှ နိုးလာသောအခါ၌ ကိုတင်ဦးသည် အိမ်၌ မရှိတော့ပေ။ အလုပ်တိုက်သို့ ထွက်ခွာသွားလေပြီ။

မြိုင်သည် ငှင်း၏အဝတ်အစားများနှင့် အသုံးအဆောင်ပစ္စည်းများကို လိုက်လံ သိမ်းဆည်းပြီးနောက် ကိုတင်ဦးအား စာတစ်စောင် ရေးထားပစ်ခဲ့လေသည်။ ထိုကဲ့သို့ စာရေးနေစဉ် မြိုင်သည် ညက စိတ်ဆိုးခဲ့သော အရှိန်မပြေနိုင်သေးသဖြင့် ခပ်တင်းတင်း ခပ်မာမာကလေး ရေးထားခဲ့သည်။

ကိုတင်ဦးကဲ့သို့ လင့်ဝတ္တရား ထမ်းဆောင်ရန် ဘာမှမသိနားမလည်သော လူတစ်ယောက်၏ သားမယားအဖြစ် အကျဉ်းခံနေရသောဘဝကို ရှေ့ဆက်၍ မခံနိုင်တော့သဖြင့် မူလက နေထိုင်ခဲ့သော ရွှေတောင်ကြားအိမ်သို့ ပြန်သွားပြီဖြစ်ကြောင်း ဤကဲ့သို့ သွားသည့်အတွက် နောက်ထပ်၍ ဒုက္ခခံပြီး လိုက်လံမခေါ်ဖို့အကြောင်း မြိုင်သည် ခပ်ထန်ထန်ကလေး ရေးထားပစ်ခဲ့သည်။

စိတ်လိုက်မာန်ပါ ရေးထားခဲ့ပြီးနောက် မြိုင်သည် ငှင်းရေးထားခဲ့သောစာကို ကိုတင်ဦး စာကြည့်သော စားပွဲပေါ်၌ သေသေချာချာတင်ထားပြီးလျှင် အိမ်ပေါ်မှ ဆင်း လာခဲ့လေသည်။

အထုပ်အပိုးများ၊ သေတ္တာများ တင်ဆောင်ကာ တက္ကစီကားတစ်စီးနှင့် စောစောစီးစီးရောက်ရှိလာသော မြိုင့်ကို ဒေါ်လေးဒေါ်စောခင်သည် ရုတ်တရက် နားမလည်နိုင်သဖြင့် ခရီးဦးကြိုမပြုနိုင်သေးဘဲ အိမ်ရှေ့တံခါးဝမှရပ်၍ ပါးစပ်အဟောင်းသားနှင့် ငေးမောကြည့်မိနေလေသည်။

"ဖေဖေကော အိပ်ရာက နိုးပြီလားဟင် ဒေါ်လေး…"

မြိုင်သည် တက္ကစီကားပေါ်မှ အထုပ်တစ်ထုပ်ကို ဆွဲချရင်း စိုးရိမ်တကြီး မေးမြန်းလိုက်သည်။

ဒေါ်လေး ဒေါ်စောခင်သည် ဘာပြန်ဖြေရမှန်းမသိသကဲ့သို့ မြိုင့်ကိုသာလျှင် ကြည့်ရှုမြဲ ကြည့်ရှုနေလေသည်။

"ကိုကိုနဲ့ သူ့မိန်းမတို့ရော နိုးကြပြီလားဟင်"

မြိုင်သည် ၎င်းသိရှိလိုသော ကိစ္စ ကိုသာ တွင်တွင်ကြီး မေးမြန်းနေပေသည်။

"ဒါထက်… ညည်း ဘယ်လိုဖြစ်လာရတာလဲဟင် မြိုင်"

ဒေါ်လေး ဒေါ်စောခင်က မြိုင်ပြောင်းရွှေ့လာပုံကို နားမလည်နိုင်သကဲ့သို့ ပြန်၍ မေးလိုက်သည်။

"ဒါတွေ နောက်တော့မှ မေးပါ ဒေါ်လေးရဲ့။ ဖေဖေနဲ့ ကိုကိုတို့မနိုးခင် မြိုင့်ပစ္စည်းတွေ အိမ်ပေါ်ရောက်အောင် ကူတင်ပေးပါဦး"

ဟုသာ အရေးတကြီးနှင့် ပြောဆိုလျက်ရှိ သောကြောင့် ဒေါ်လေး ဒေါ်စောခင်သည် ဘုမသိ၊ ဘမသိနှင့် မြိုင်၏အထုပ်အပိုးနှင့် ပစ္စည်းများကို အိမ်ပေါ်ထပ်ရှိ မြိုင်၏အခန်းတွင်းသို့ သယ်ကူလိုက်ရပေသည်။

မြိုင်၏အထုပ်အပိုးနှင့် ပစ္စည်းများ အိမ်ပေါ်ထပ်ရှိ မြိုင်၏ ယခင်အခန်းအတွင်းသို့ ရောက်ရှိပြီး၍ တက္ကစီဒရိုင်ဘာအားလည်း မော်တော်ကားခကို ပေးလွှတ်လိုက်ပြီးနောက်မှ တူဝရီး နှစ်ယောက်သားသည် အကျိုးအကြောင်း ပြောဆိုရန် ထမင်းစားခန်း၌ မျက်နှာချင်းဆိုင် ထိုင်မိကြလေသည်။

"ကိုင်း.. ညည်းဖြစ်လာရတဲ့ ဇာတ်ထုပ်ကို ပြောပဲ ပြောစမ်းပါဦး"

ဟု ဒေါ်လေး ဒေါ်စောခင်က မြိုင့်အား ၎င်းအရေးတကြီး သိရှိလိုသောကိစ္စကို မေးမြန်းလိုက်လေသည်။

"မြိုင် အိမ်က ဘာမှ မစားသောက်လာရသေးလို့ မြိုင့်အတွက် မုန့်နှင့် ကော်ဖီ ပေးပါဦး ဒေါ်လေး..."

မြိုင်သည် ၎င်း၏ဇာတ်ထုပ်ကို ဒေါ်လေး ဒေါ်စောခင်အား မည်သို့ မည်ပုံ ဖွင့်လှစ်ပြောကြားရမည့်အရေးကို အချိန်ယူစဉ်းစားလိုသေးသဖြင့် အချိန်ဆွဲနိုင်ရန် စားစရာ သောက်စရာများကို တမင်သက်သက် တောင်းလိုက်ခြင်းမျှသာ ဖြစ်လေသည်။

ဒေါ်လေး ဒေါ်စောခင်သည် ကြောင်အိမ်ဘက်သို့ ထသွားပြီးလျှင် ဓာတ်ဘူးထဲ၌ အဆင်သင့်ထည့်၍ ထားသော ကော်ဖီကို ငှဲ့ယူလိုက်ပြီးနောက် နံကထိုင်မုန့်ပန်းကန်ကိုပါ ဆွဲယူကာ မြိုင့်ရှေ့သို့ချပေးရင်း...

"ညည်းဟာက အလန့်တကြားနဲ့ ဘယ်လိုများ ဖြစ်လာ ရတာလဲ မြိုင်ရယ်"

ပြစ်တင်ညည်းတွားသလို ပြောဆိုလိုက်လေသည်။

မြိုင်သည် ၎င်းပြောဆိုရန်ရှိသောကိစ္စကို တိတိကျကျစဉ်းစားပြီးစီးသွားပြီဖြစ်၍ ဒေါ်လေး ဒေါ်စောခင်အား ရုတ်တရက် ဘာမျှပြန်မပြောသေးဘဲ နံကထိုင်မုန့်တစ်ခုကို ယူ၍ စားလေသည်။

ဒေါ်လေး ဒေါ်စောခင်သည် တူမလုပ်သူအတွက် များစွာ စိတ်အနှောင့်အယှက် ဖြစ်နေရသည့်ပမာ
မငြိမ်မသက်ဖြစ်နေလေသည်။

"ဒေါ်လေးကို ပြောစရာရှိတာ ပြောစမ်းပါဦး မြိုင်"

"မြိုင် ခုဖြစ်လာတဲ့ကိစ္စကိုတော့ ဒေါ်လေးကို အမှန်အတိုင်း ပြောပြရမှာပဲ ဒေါ်လေးရယ်။ ဒေါ်လေးကလွဲလို့ မြိုင့်မှာ တခြားဖွင့်ပြောရမယ့်လူ ရှိမှ မရှိတာပဲ"

"ညည်းယောကျ်ားနဲ့ စိတ်ဆိုးလာခဲ့တယ်မဟုတ်လား"

ငယ်ရာမှ ကြီးလာခဲ့သော ဒေါ်လေး ဒေါ်စောခင်က ရုတ်တရက်နှိုက်၍ မေးလိုက်သည်။

"ဒေါ်လေး ဘယ်လိုလုပ်ပြီးသိသလဲ"

မြိုင်က အလန့်တကြား ပြန်၍ မေးလိုက်မိ သည်။

"ဘယ်လိုသိသလဲဆိုတာကို ပြန်မေးနေဖို့မဟုတ်တော့ဘူး မြိုင်။ ညည်းတို့ ဘယ်လိုဖြစ်လို့ ဘယ်လိုဆင်းလာတယ်ဆိုတာကိုသာ ရှင်းရှင်းလင်းလင်း ပြောပြစမ်းပါဦး"

"အစက ချီပြီး ပြန်ပြောရရင်တော့ အရှည်ကြီးပဲ ဒေါ်လေး"

"ညည်းတို့ ဖြစ်ကြတာကိုသာ ပြောပါ"

"ညက ရန်ဖြစ်ကြတယ်... ဒေါ်လေး"

"ညည်းကို ညည်းယောကျ်ားက ဘာတွေပြောသေးသလဲ"

"ဘာမှမပြောလို့ ရန်ဖြစ်ရတာပေါ့ ဒေါ်လေး"

"ဟင် ညည်းတို့လင်မယား ရန်ဖြစ်တယ်ဆိုတာက ဘယ်လိုလဲ"

"ဒါကြောင့် အစကချီပြီး ပြောရလိမ့်မယ်လို့ ဒေါ်လေးကို ပြောတာပေါ့"

"ညည်းကို ရိုက်လားနှက်လား လုပ်သေးသလား"

"စကားတောင် ဘာမှပြန်မပြောဘူးလို့ ပြောထားပါပကောလား ဒေါ်လေးရဲ့"

"ညည်းတို့လင်မယား ရန်ဖြစ်တယ်ဆိုတာကို ငါ ဘယ်လိုနားလည်ပြီး ညည်းလင် အိမ်က ဆင်းလာတာ ငါက ဘယ်လိုလုပ်ပြီး ညည်းကို လက်ခံထားရမှာလဲ"

"မြိုင့်ယောကျ်ားက ပညာရှိ ဆိုးနည်းဆိုးပြီး ပညာရှိနှိပ်စက်နည်း နှိပ်စက်နေတာ ဒေါ်လေးရဲ့။ ဒါကြောင့် ဒေါ်လေးကို နောက်မှပဲ အေးအေးဆေးဆေး ပြောပြပါရစေ။ လောလောဆယ် မြိုင် ဒီအိမ်မှာနေနိုင်ဖို့ ထိုင်နိုင်ဖို့ကိစ္စကို ပြောကြတာပေါ့။

"ဖြစ်ပါ့မလား မြိုင်... ညည်းလင်က တို့လူကြီးတွေကို ဘယ်လိုထင်မလဲဟင်..."

"ဒီအတွက် မြိုင့်တာဝန် ထားလိုက်စမ်းပါ ဒေါ်လေးရယ်... မြိုင် ဒီကိုပြောင်းလာတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ဖေဖေနဲ့ ကိုကိုတို့ကို လက်သင့်ခံနိုင်အောင် ပြောဖို့ပဲ အရေးကြီးတယ်"

"ညည်း ကိုကို မောင်ဇော်ဝင်းလည်း သုံးလေးရက်လောက်နေရင် မန္တလေးကို အစိုးရအလုပ်နဲ့ ပြောင်းရလိမ့်မယ်။ ဒါကိုကော ညည်းသိပြီးပလား"

"ဆယ်ရက်လောက်ကတော့ ပြောသံဆိုသံကြားတယ်။ ဒါပေမဲ့ ခုလောက် မြန်မြန်ကြီး ပြောင်းရမယ်တော့ မကြားသေးဘူး"

"မောင်ဇော်ဝင်းကိုတော့ ထားလိုက်ပါဦး။ ညည်း ဖေဖေကို ဘယ်လိုပြောကြမလဲ... ဟင်"

"ဖေဖေ့ကို ပြုစုဖို့ ခဏလာတယ်လို့ ပြောရင်ကော မဖြစ်ဘူးလားဟင်... ဒေါ်လေး"

"တော်တော်ကြာ ညည်းလင်က ဒီကိုလိုက်လာပြီးခေါ်ရင် ငါက အစ်ကိုကြီးကို ဘယ်လိုပြန်ပြောရမလဲ"

"ကိုတင်ဦးကို လိုက်မခေါ်ဖို့ မြိုင် စာရေးပြီး မှာထားခဲ့ပါတယ် ဒေါ်လေးရဲ့"

"ညည်းပြောပုံက မဟုတ်သေးဘူး ထင်ပါရဲ့ကွယ်"

"ဒေါ်လေးကသာ ဖေဖေ့ကို ကြည့်ရှုပြီး ပြောထားပါ။ မြိုင့်ယောကျ်ားအတွက်ကိုတော့ မြိုင် တာဝန်ယူရဲပါတယ်"

"ဟုတ်မှလည်းလုပ်ပါ မြိုင်ရယ်... တော်တော်ကြာ ကြားထဲက ငါ လူကြီးတစ်ယောက်လုပ်နေပြီး ခွေးဖြစ်နေပါဦးမယ်..."

"ဒါတွေ ဘာမှ တွေးပူမနေပါနဲ့ ဒေါ်လေးရယ်... မြိုင့်ဘာသာမြိုင်

ကြည့်ရှင်းသွား ပါ့မယ်”

“ညည်းယောက်ျားကလည်း တို့ကို ဘယ်လိုထင်မလဲဆိုတာ စဉ်းစားရသေးတယ် မြိုင်”

“ခက်ပါတိ ဒေါ်လေးရယ်.. မြိုင့်ယောက်ျားအတွက် ဘာမှမပူပါနဲ့လို့ ပြောထားပြီးပါပကောလား..."

“ညည်းသဘောနဲ့ညည်း လင်ယူတုန်းကလည်း ငါပဲ ဒုက္ခခံခဲ့ရသလို ညည်း သဘောနဲ့ ညည်းဘာသာ ညည်းလင် အိမ်ပေါ်က ဆင်းလာပြန်တော့လည်း ငါပဲ ဒီဒဏ်ကို ခံရဦးတော့မလို ဖြစ်နေပါပကောလား မြိုင်”

ဟုတ်မှန်သောစကားကို ပြောဆိုခြင်းပြုလိုက်သည့်အတွက် မြိုင်သည် ဒေါ်လေး ဒေါ်စောခင်အား သနားသွားသည်။ စိတ်မကောင်းသလိုလည်း ဖြစ်သွားသည်။

“ညည်းဟာညည်းပဲ ပြန်စဉ်းစားစမ်းပါဦး မြိုင်။ ညည်းဟာ ငါ့ကိုနှိပ်စက်ပြီးလို့ အားမရသေးတာနဲ့ ခုတစ်ခါ လာနှိပ်စက်ဖို့ လာခဲ့ပြန်တာလားဟင်...”

မြိုင်သည် မျက်ရည်များ ဝိုင်းလာသည်။ ဘာမျှတော့ကား ပြန်မပြောနိုင်ပေ။

“ညည်းကြိုက်တဲ့လင်ကို ညည်းသဘောနဲ့ ညည်းဘာသာယူပြီး ဒီအိမ်ပေါ်က ဆင်းသွားပြီးတဲ့နောက်ပိုင်းမှာ ညည်းအတွက်နဲ့ ငါ ဘယ်လောက် အပြောအဆိုခံခဲ့ရ သလဲဆိုတာကို ညည်းမသိဘူး။ ခုတစ်ခေါက်လည်း ငါ့ကို တမင်နှိပ်စက်ဖို့ ညည်းပြန်လာတာနဲ့ ဘာထူးသေးသလဲ”

ဒေါ်လေး ဒေါ်စောခင်သည် ထိုကဲ့သို့ ပြောဆိုရင်း ဝမ်းနည်း ပက်လက်ဖြစ်ကာ မျက်ရည်များပါ ကျလာပါသည်။

ဒေါ်လေး ဒေါ်စောခင် မျက်ရည်များ ကျလာသဖြင့် မြိုင်သည်လည်း စိတ်မကောင်း ဖြစ်ကာ မျက်ရည်များ ကျလာသည်။ ဤကဲ့သို့ တူဝရီးနှစ်ယောက် အလွမ်းသယ်နေကြသည့်အခိုက် ဦးထွန်းမင်းသည်

ညောင်းညာလှသဖြင့် ခြံထဲတွင် အနည်းငယ် လမ်းဆင်း၍ လျှောက်ကြည့်ရန် စိတ်ကူးဖြင့် အိမ်အပေါ်ထပ်မှ တဖြည်းဖြည်းဆင်းလာပြီးနောက် ရှေးဦးစွာ ကော်ဖီတောင်းသောက်ရန် ထမင်းစားခန်းထဲသို့ ရုတ်တရက်ဝင်လာသည်။

"ဟဲ့... စောစောစီးစီး မြိုင်လည်း ရောက်နေပါကလား..."

ဟု ဦးထွန်းမင်းက လင်ယူသွားပြီးနောက် ၎င်းအိမ်သို့ စောစောစီးစီး မရောက်စဖူးရောက်နေသော မြိုင့်အား အံ့သြသောအမူအရာဖြင့် လှမ်း၍ မေးလိုက်သည်။

တူဝရီးနှစ်ယောက်စလုံးသည် မျက်ရည်များကို ကတိုက်ကရိုက် သိမ်းဆည်းလိုက်ကြရလေသည်။

"ငါ့ဖို့ ကော်ဖီပေးစမ်းပါဦး စောခင်။ ငါ ညောင်းလွန်းလို့ ခြံထဲဆင်းပြီး လမ်းနည်းနည်းလျှောက်ကြည့်မလားလို့ကွယ်"

ဦးထွန်းမင်းသည် ကုလားထိုင်အလွတ်တစ်လုံးတွင် ဝင်၍ ထိုင်ရင်း ကော်ဖီ တောင်းလေသည်။

ဒေါ်စောခင်သည် ကြောင်အိမ်ဘက်သို့ ထသွားပြီးလျှင် ဓာတ်ဘူးကိုထုတ်ယူကာ ဦးထွန်းမင်းအတွက် ကော်ဖီငှဲ့ပေးလေသည်။ ဦးထွန်းမင်းသည် နှမလုပ်သူ ငှဲ့ပေးသော ကော်ဖီကိုယူ၍ တဖြည်းဖြည်းသောက်ရင်း...

"မြိုင် ဘယ်အချိန်က ရောက်နေသလဲဟင်"

ဟု မြိုင့်အား လှမ်း၍ မေးလိုက်ပြန်သည်။

မြိုင်သည် ၎င်း၏အပြစ်နှင့်၎င်းဖြစ်နေ၍ ဖခင်၏မေးခွန်းကို ပြန်၍ မဖြေရဲ။ မဖြေ တတ်အောင် ဖြစ်နေပေသည်။

"စောစောစီးစီး ဖေဖေတို့အိမ်ကို မလာစဖူး လာလို့ ဘာများဖြစ်လာလို့များလဲ လို့ပါ"

ဟု ဦးထွန်းမင်းက မေးလိုက်သည်။

ဒေါ်စောခင်သည် နေ၍ မဖြစ်တော့သဖြင့်...

"အစ်ကိုကြီး လာပြုစုဖို့ သုံးလေးငါး ရက်လောက် လာနေမလို့ပါတဲ့ အစ်ကိုကြီး"

ဟု ကြားမှဝင်၍ မုသားသုံးကာ ကြည့်ကောင်းအောင် ပြောဆိုလိုက်ရလေသည်။

မြိုင်သည် အနေရချောင်ချိသွားသလို ရှိသွားသည်။ သို့ရာတွင် ဘာမျှတော့ ဝင်မပြောနိုင်သေးပေ။

"ဖြစ်ပါ့မလားဟဲ့ စောခင်ရဲ့။ သူ့မှာလည်း သူ့အိုး သူ့အိမ်နဲ့မဟုတ်လား"

ဟု ဦးထွန်းမင်းက နှမလုပ်သူ၏စကားကို လွယ်လင့်တကူ လက်မခံနိုင်သေးသကဲ့သို့ စေ့စေ့ စပ်စပ် မေးနေလိုက်ပြန်သည်။

"မြိုင် ကိုတင်ဦးကို ပြောပြီးမှ လာခဲ့တာပါ ဖေဖေ။ ပြီးတော့ မြိုင် လက်ထပ်သွားပြီးကတည်းက ဖေဖေ့ကို နောက်ထပ်တစ်ခါမှ မပြုစုရတော့လို့ ပြုစုချင်တဲ့အကြောင်းလည်း ပြောလာခဲ့ပါသေးတယ်"

"မောင်တင်ဦးကကော သဘောတူခွင့်ပြုရဲ့လား သမီး"

လိမ်လက်စနှင့် မြိုင်သည် ထပ်၍ လိမ်ကာ ဦးခေါင်းကို ခပ်လွယ်လွယ်ညိတ်ပြလိုက်သည်။

"မောင်တင်ဦးက သဘောတူလို့ ခွင့်ပြုလိုက်ရင်လည်း ကောင်းသပေါ့ကွယ်..."

"ခွင့်ပြုလိုက်ပါတယ် ဖေဖေရဲ့..."

"ဒီလိုဆိုရင်လည်း ပြီးတာပါပဲလေ။ ဪ.. ဒါထက် မြိုင် ဖေဖေတို့အိမ်ကို လာတိုင်း မောင်တင်ဦးကို တစ်ခါမှ ခေါ်လာခဲ့တာ ဖေဖေ မတွေ့ရသေးဘူး"

"သူက အင်မတန်အလုပ်များတဲ့လူတစ်ယောက်ပဲ ဖေဖေ။

တစ်ခါတစ်ခါ သူနဲ့ မြိုင်နဲ့ သုံးလေးရက်ကြာလို့မှတောင် စကားပြောချိန်မရဘူး”

“ဒါထက် သူနဲ့ မောင်သက်ထွန်းတို့ စပ်တူလုပ်ကြမယ့် အင်္ဂလိပ်သတင်းစာဆိုတာကကော ဘယ်တော့လောက် စထွက်မှာတဲ့လဲဟင်”

“နေ့မအား ညမအား လုပ်ကိုင်နေတာပဲ ဖေဖေ။ ဘယ်တော့လောက် ထွက်မယ် ဆိုတာကိုတော့ မြိုင်လည်း သေသေချာချာ မပြောနိုင်ဘူး”

“မောင်တင်ဦးတို့အလုပ်မှာ ငွေနည်းနည်းလိုလာရင် ဖေဖေ့ကိုပြောနော် သမီး… ဖေဖေ တစ်ခါက ပြောထားတာ မှတ်မိတယ်မဟုတ်လား”

“ဟုတ်ကဲ့ပါဖေဖေ… မြိုင် မှတ်မိပါတယ်”

“အေး…အေး… ဒါပါပဲ”

ဟု ပြောဆိုကာ ကော်ဖီလည်းသောက်ပြီးသွားပြီဖြစ်၍ ထထွက်သွားတော့မည်ပြုပြီးမှ တစ်စုံတစ်ရာပြောစရာရှိသေးသကဲ့သို့ ဦးထွန်းမင်းသည် ပြန်ထိုင်လိုက်ပြီးလျှင်…

“မောင်တင်ဦး သမီးဆီလာရင် ဖေဖေ့ဆီ ခေါ်လာခဲ့စမ်းနော်… ဖေဖေ ဒီသူငယ်နဲ့ စကားပြောချင်တာကလေးတွေ ရှိနေသေးလို့”

ဟု ထပ်မံပြောဆိုပြီးမှ ထွက်သွားသဖြင့် မြိုင်နှင့် ဒေါ်စောခင်တို့သည် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်ကာ ကျန်ရစ်ခဲ့ကြလေသည်။

မြိုင်သည် ရေကျော်အိမ်မှ ဆင်းလာခဲ့ပြီးနောက် လေးငါးခြောက်ရက်ခန့်အတွင်း ကိုတင်ဦးများ ရွှေတောင်ကြားအိမ်သို့ လိုက်လာပြီးလျှင် ခေါ်လေမည်လားဟု တထိတ်ထိတ်တလန့်လန့်နှင့် ဖြစ်နေသည်။ မိမိက လိုက်၍ မခေါ်ရန် သေသေချာချာ စာရေးထားခဲ့သည့်တိုင်အောင် ကိုတင်ဦးသည် ဇွတ်လိုက်လာ၍ ခေါ်ပါက မိမိလိမ်ထားသော ကိစ္စ ပေါ်ကုန်တော့မည့်အရေးကို မြိုင်သည် များစွာစိုးရိမ်လျက်ကား ရှိပေသည်။ မိမိသာလျှင် မဟုတ်သေး။ မိမိဘက်မှနေကာ ဖခင်လုပ်သူအား ဝိုင်း၍ ဖုံးဖိလိမ်လည်ပေးရှာသော ဒေါ်လေး ဒေါ်စောခင်ပါ အပြစ်မကင်းဖြစ်နေသောအရေးကို စဉ်းစားမိသောအခါ သာလွန်၍ စိုးရိမ်ပူပန်မိလေသည်။

တနင်္ဂနွေတစ်ပတ်မျှ ကြာသွားသည့်တိုင်အောင် ကိုတင်ဦးသည် လိုက်လာခြင်း မရှိသောအခါ မြိုင်သည် စိုးရိမ်ထိတ်လန့်စိတ် အနည်းငယ်ပြေပျောက်စ ပြုလာရသော်လည်း ကိုတင်ဦး လိုက်လာခြင်းမပြုသည့်အတွက်ကြောင့် တစ်နည်းအားဖြင့် စိတ်မကောင်း သလိုလည်း ဖြစ်နေမိသည်။ မယားက စိတ်ဆိုး၍ စိတ်လိုက်မာန်ပါ အိမ်ပေါ်က ဆင်းသွားသည်ကို အရေးတကြီး လိုက်၍ ခေါ်ရမှန်း မသိတတ်လောက်အောင် လေးနက်ခြင်း မရှိလှသော လင်လုပ်သူအပေါ်၌ မြိုင်သည် ခံပြင်းသလိုလည်း ဖြစ်မိပေသည်။ ကိုတင်ဦး ဆိုသော သတ္တဝါသည် သားမယားအိုးအိမ်တို့ထက် သူ၏ ယုံကြည်ချက်ကို အဆမတန် အလေးပေးထားသူဖြစ်သည်။ သူသည် သူ၏ယုံကြည်ချက်ကို လုပ်ကိုင်ရာ၌ သူ၏ကိုယ်ကိုပင် ဂရုစိုက်ရကောင်းမှန်း သိသူမဟုတ်ပေ။ ထို့ကြောင့် သူ၏ကိုယ်မှအပဖြစ်သော မယားလုပ်သူကို သူ၏လုပ်ငန်းလောက် အရေးမထားလှသည်မှာ စင်စစ် သူ့အတွက် အဆန်းကားမဟုတ်ပေ။ လင်လုပ်သူက တစ်စမှတစ်စ ခွာမှန်းမသိ ခွာနေပြီဖြစ်၍ ဒုက္ခရောက်နေသော နှမလုပ်သူကိုပင် သူသည် သွားရောက်တွေ့ဆုံကြည့်ရှုခြင်းမပြုခဲ့သော အဖြစ်ကို မြိုင်ကိုယ်တိုင် သိပြီးလည်းဖြစ်ပေသည်။ သို့ရာတွင် သူ၏ဒဏ်ကို မခံနိုင်လွန်း၍ သူ၏အိမ်မှ ထွက်ပြေးသွားသော မယားလုပ်သူကို သူသည် မယားလုပ်သူက လိုက်မခေါ်ပါနဲ့ဟု ဆိုထားခဲ့သည့်တိုင်အောင် ဝတ္တရားအရ လိုက်လံခေါ်ဆောင်ခြင်းကား ပြုရ ပေလိမ့်မည်။ လင့်ဝတ္တရားကို သိနားလည်သော မည်သည့်ယောက်ျားမဆို စိတ်ဆိုး၍ အိမ်မှထွက်ပြေးသွားသော မယားကို လိုက်လံရှာဖွေခြင်းပြုကြရပေသည်။ ချော့မော့ခေါ် ဆောင်ခြင်းလည်း ပြုကြရပေသည်။ တစ်ကြိမ်ခေါ်မရလျှင်

နှစ်ကြိမ်၊ သုံးကြိမ်မက အကြိမ်ကြိမ် လိုက်လံခေါ်ဆောင်ဖို့တာဝန်လည်း ရှိသည်။

စင်စစ် မြိုင်သည် ကိုတင်ဦးက ၎င်းအား လိုက်လံခေါ်ဆောင်လှုစေချင်၍ တော့ကား မဟုတ်ပေ။ ကိုတင်ဦးက အဘယ်မျှ လာရောက်ချော့မော့၍ ခေါ်ဆောင်သည့်တိုင်အောင် လိုက်ရန် စိတ်ကူးလည်း မရသေးပေ။ သို့ရာတွင် ကိုတင်ဦးက မိမိအပေါ်၌ အဘယ်မျှ လေးနက်ခြင်းနှင့် ဂရုစိုက်ခြင်းမရှိသောအဖြစ်ကိုသာ စဉ်းစားမိခြင်းဖြစ်လေသည်။ မယား လုပ်သူအပေါ်၌ ယခုအတိုင်း ဆိုလျှင် ဘာမျှလေးနက်ခြင်းမရှိသော ကိုတင်ဦးအပေါ်၌ မြိုင်သည် ခံပြင်းနေမိခြင်းဖြစ်လေသည်။

တနင်္ဂနွေတစ်ပတ်မျှသာ မကတော့ဘဲ တနင်္ဂနွေနှစ်ပတ်ကြာလာသည်အထိ ကိုတင်ဦး၏ အရိပ်အယောင်နှင့် သတင်းအစအနကိုမျှ မတွေ့ မြင်၊ မကြားသိရသောအခါ၌ မြိုင်သည် ဖခင်လုပ်သူအား လိမ်လည်၍ ထားရသောကိစ္စကြီးအတွက် အနည်းငယ် စိတ်အေးသွားရပြီဖြစ်သော်လည်း မိမိအား သူ၏အလုပ်လောက် အလေးမထား၊ ဂရုမစိုက် ခြင်းခံရသည့်အတွက်ကိုတော့ကား ခံပြင်းမိသလို၊ မကျေနပ်မိသလို ဖြစ်မိလေသည်။ ဤကဲ့သို့ မယားလုပ်သူအပေါ်၌ လေးနက်ခြင်းနှင့် ဂရုစိုက်ခြင်းမရှိသော လူတစ်ယောက်ကိုမှ ရွေးချယ်လက်ထပ်ခဲ့မိသော မိမိ၏အပြစ်ကိုလည်း ပြန်လည်စဉ်းစားမိကာ မိမိကိုယ်ကိုလည်း မကျေမနပ်ဖြစ်နေမိလေသည်။

မြိုင်၏အစ်ကို ကိုဇော်ဝင်းနှင့် မယား ဘိလပ်သူတို့သည် မန္တလေးသို့ ပြောင်းရွှေ့ သွားကြပြီဖြစ်၍ ရွှေတောင်ကြားအိမ်ကြီးတစ်ခုလုံးတွင် မြိုင်တို့သားအဖ တူဝရီး သုံးဦး အပြင် အိမ်တွင်ခိုင်းစေရန် ခေါ်ထားသော မိန်းကလေးတစ်ယောက်နှင့် မာလီကုလားတို့သာ ကျန်ရှိလေသည်။ လင်လုပ်သူ၏ ရေကျော်အိမ်တွင် ချို့ချို့ငဲ့ငဲ့နှင့် မပြည့်မစုံ နေထိုင်လာခဲ့ရရာမှ ယခုကဲ့သို့ ခမ်းခမ်းနားနားနှင့် အတော်အသင့် ပြည့်စုံသော ဖခင်လုပ်သူ၏ ရွှေတောင်ကြားအိမ်သို့ ပြောင်းရွှေ့နေထိုင်လာခဲ့သော မြိုင်သည် ပတ်ဝန်းကျင်၏ ပြောင်းလဲမှုကြောင့် အနေရ အထိုင်ရ သက်သာသလိုကား ရှိလာပေသည်။ ယခင် ရေကျော်အိမ်သို့ မည်သည့်သူငယ်ချင်းအပေါင်းအဖော်များကမှ လာရောက်လည်ပတ်ခြင်းမရှိခဲ့သော်လည်း ရွှေတောင်ကြားအိမ်သို့ မြိုင် ပြောင်းရွှေ့လာသည့်သတင်းကို ကြားသိကြပြီးနောက် တစ်ပတ်

ဆယ်ရက်အတွင်းမှာလည်း လဲ့လဲ့၊ နယ်လီဘထွန်းနှင့် ကိုသက်တင်တို့သည် တစ်ဦးလျှင် အနည်းဆုံး နှစ်ခေါက်က သုံးခေါက်အထိ လာရောက်လည်ပတ်သွားခဲ့ကြပြီး ဖြစ်လေသည်။ ယခင် ပေါင်းဟောင်းသင်းဟောင်းများထဲကလည်း ၎င်းတို့ နေအိမ်များ၌ အားအားရှိတိုင်း ပြုလုပ်လေ့ရှိကြသော ပျော်ပွဲလမ်းပွဲနှင့် မိတ်ဆုံပွဲများသို့ မြိုင့်အား သူ့ ထက်ငါ ဝိုင်း၍ ဖိတ်ခေါ်ကြသဖြင့် မြိုင်သည် သုံးလေးပွဲသို့ တက်ရောက်ဆင်နွှဲခဲ့ရပြီးဖြစ်သည်။ ဤကဲ့သို့ ပတ်ဝန်းကျင်နှင့် အသိုင်းအဝိုင်းဟောင်းများအကြားသို့ ပြန်လည်ရောက်ရှိလာရသော မြိုင်သည် တစ်စထက်တစ်စ သာယာကြည်နူးမိလာသည်။ ပျော်မွေ့သလိုလည်း ရှိလာသည်။

ရွှေတောင်ကြားအိမ်သို့ မြိုင် ပြန်လည်ရောက်ရှိ၍ တစ်လနီးပါးခန့် ကြာလာသောအခါ မြိုင်သည် ရေကျော်အိမ်နှင့် ကိုတင်ဦးတို့ကို ရွှေတောင်ကြားအိမ်သို့ ပြောင်းရွှေ့ခါစလောက် စဉ်းစားမိသလို စဉ်းစားမိခြင်း မရှိတော့ပေ။ တစ်စထက်တစ်စ ပေါ့လျော့၍ လာသည်။ မိမိနှင့် ကိုတင်ဦးဆိုသောလူသည် လင်မယားဖြစ်နေကြသောဘဝကိုပင် မေ့မေ့လျော့လျော့ ဖြစ်သည်။ ဤကဲ့သို့ မေ့မေ့ပျောက်ပျောက် ဖြစ်စပြုနေရာမှ ရေကျော်အိမ် မှ ဆင်းလာခဲ့ပြီးနောက် တစ်လတိတိ ပြည့်သောနေ့တွင် ကိုတင်ဦးထံမှ စာတစ်စောင်ကို မမျှော်လင့်ဘဲ မြိုင်သည် ရုတ်တရက်ဖတ်ရှုရလေသည်။ ကိုတင်ဦးသည် ပြည်သူ့အလင်း သတင်းစာတိုက်မှ ရုံးစေ လူငယ်ကလေးတစ်ယောက်ကို စာလက်ခံယူရသောအခါ လက်မှတ်ထိုး၍ ယူရသော စာအုပ်ကလေးဖြင့် ၎င်း၏စာကို ပေးပို့ခြင်းပြုလိုက်လေသည်။ ၎င်း ရုံးစေ လူငယ် စာလာပေးသွားစဉ်က မြိုင်သည် အိမ်အပေါ်ထပ်တွင်ရှိနေ၍ မြိုင်၏ကိုယ်စား ဒေါ်လေး ဒေါ်စောခင်က ကိုတင်ဦးထံမှစာကို လက်မှတ်ရေးထိုး၍ လက်ခံမည်ပြုလုပ် သောအခါ ထိုရုံးစေသူငယ်သည် မြိုင်ကိုယ်တိုင် လက်မှတ်ရေးထိုး၍ ယူမှ ပေးရမည်ဟု တိုက်မှ စာအပေးခိုင်းသူက သေသေချာချာ မှာကြားလိုက်သည့်အတွက်ဟု ပြောဆိုကာ စာကို မပေးဘဲထားသဖြင့် မြိုင်ကိုယ်တိုင်ကိုယ်ကျ လက်မှတ်ထိုး၍ ယူငင်လိုက်ရပေသည်။ ကိုတင်ဦး၏စာ၌ တိုတိုတုတ်တုတ်နှင့် လိုရင်းကိုသာ ရေးသားလိုက်ပေသည်။ ရေကျော်အိမ်မှ ဆင်းသွားသည်မှာ တစ်လတိတိရှိသွားပြီဖြစ်၍ စိတ်ဆိုးပြေလောက်ပြီ ထင်ကြောင်း၊ စိတ်ဆိုးပြေလျှင် မည်သည့်နေ့ရက်လောက်တွင် မိမိက လာရောက်ခေါ်ငင်စေလိုကြောင်း အကြောင်းပြန်ကြားလိုက်ရန် ကိုတင်ဦးက ရေးလိုက်သည်။ စာ၏

အောက်နား တွင် ထုံးစံအတိုင်း "သစ္စာရှိသော တင်ဦး" ဟူ၍ သူ၏ထိုးမြဲလက်မှတ်ကို ရေးထိုးထားသည်။ မြိုင်သည် ကိုတင်ဦး၏ အလုပ်သဘောဆန်လှသောစာကို ဖတ်၍ ပြီးလျှင်ပြီးချင်း များစွာ စိတ်ဆိုးလာသကဲ့သို့ စာရွက်ကို အစိတ်စိတ်အမွှာမွှာ ဆုတ်ပစ်လိုက်မိသည်။

"ဘာစာများလဲ မြိုင်ရဲ့"

ဟု ဘေးနားမှ နားမလည်နိုင်သကဲ့သို့ မျက်လုံးပြူး မျက်ဆန်ပြူးနှင့်ကြည့်ရင်း ဒေါ်လေး ဒေါ်စောခင်က ထိတ်လန့်တကြား မေးမြန်းလိုက်သည်။

"အလကားပါ ဒေါ်လေးရယ်၊ မြိုင် စိတ်ဆိုးပြေလို့ သူ့ဆီကို ပြန်လာချင်ရင် စာရေးအကြောင်းကြားလိုက်ပါတဲ့။ တကယ်ဆန်းတဲ့လူတစ်ယောက်ပဲ"

"ညည်းယောကျ်ားဆီက စာလား"

"ဟုတ်တယ် ဒေါ်လေး... မြိုင်က သူ့ဆီကို ပြန်လာဖို့အတွက် သူ့ကိုပဲ တောင်းပန်ရဦးမလို ရေးလိုက်တာများ အံ့ပါရဲ့"

ဒေါ်စောခင်သည် ထိုအကြောင်းကို ဆက်လက်၍ နားမထောင်လိုတော့သကဲ့သို့ မြိုင့်အနီးမှ ထွက်သွားလေသည်။

ကိုတင်ဦးထံမှစာကို ရရှိလိုက်ပြီးနောက် သုံးလေးရက်ခန့်မျှ မြိုင်သည် စိတ်မကောင်းဖြစ်နေလေသည်။ သို့ရာတွင် သုံးလေးရက်က ကျော်လွန်လာသောအခါ ကိုတင်ဦး၏ အကြောင်းကိုရော၊ စာပါအကြောင်းကိုပါ မေ့လျော့စပြုလာသည်။ မြိုင်သည် နံနက် စောစောထ၍ ပန်းပင်များကို လျှောက်၍ ကြည့်ရသောအလုပ်၊ အိမ်လည်ရသောအလုပ်နှင့် အိမ်သို့ ဧည့်သည်များလာလျှင် ဧည့်ခံခြင်းပြုရသောအလုပ်များဖြင့် အချိန်ကုန်နေရ သောကြောင့် ကိုတင်ဦးနှင့် ၎င်းထံမှရေးလိုက်သောစာအကြောင်းတို့ကို စဉ်းစားမိရန် အချိန်မရသလောက်ဖြစ်လေသည်။

ကိုတင်ဦးထံမှ စာရပြီးနောက် ဆယ်ရက်ခန့်ကြာလျှင်ပင် မြိုင်သည် ဟိုကဒီက ဖိတ်ကြားကြသော ဘုရားကိုးဆူပွဲ၊ ဥယျာဉ်ပွဲနှင့် လက်ဖက်ရည် သောက်ပွဲများသို့ တက်ရောက်ဆင်နွှဲနေရသောကြောင့်

ရေကျော်အိမ်နှင့်တကွ၊ ရေကျော်အိမ်၌ ကျန်ရှိရစ်သော ကိုတင်ဦးကိုပါ လုံးဝစဉ်းစားနိုင်ခြင်း မရှိတော့ပေ။

မြိုင်သည် ရေကျော်အိမ်နှင့် ကိုတင်ဦးတို့ကို တစ်စထက်တစ်စ မေ့လျော့လာသည် နှင့်အမျှ ရွှေတောင်ကြားအိမ်နှင့် ပတ်ဝန်းကျင်တွင် သာယာပျော်မွေ့ စ ပြုလာပေသည်။ ကိုတင်ဦးနှင့် လက်ထပ်ခဲ့ရပြီးနောက် တစ်နှစ်နီးပါးခန့်မျှ အဆက်ပြတ်သွားခဲ့သော ပတ်ဝန်းကျင်က အဆောင်အယောင်များနှင့်လည်းကောင်း၊ အပေါင်းအဖော်အဆက်အဆံများနှင့်လည်းကောင်း၊ ပြန်လည်တွေ့ထိ ရောနှောခြင်းပြုလာရသည့်အတွက် ၎င်း၏ဘဝသစ်ကို ကျေနပ်ခြင်းရှိလာသည်နှင့်အမျှ ကိုတင်ဦးနှင့် ရေကျော်အိမ်တွင် အတူနေထိုင်ခြင်းပြုလာ ခဲ့ရသော ဘဝကို မကျေမချမ်းဖြစ်မိလေသည်။ ကိုတင်ဦးနှင့်အတူ နေထိုင်ပေါင်းသင်းလာ ခဲ့ရသော အချိန်ကာလများကို နာကြည်းသလိုလည်း ဖြစ်မိသည်။ ထို့ကြောင့် ကိုတင်ဦး နှင့် နောက်ထပ်၍ မျက်နှာချင်းဆိုင်ရန်အတွက်သော်လည်းကောင်း၊ ရေကျော်အိမ်သို့ ပြန်လည်နေထိုင်ရမည့်အရေးကိုသော်လည်းကောင်း၊ လုံးဝမစဉ်းစားချင်သလောက်နှင့် စိတ်ကူးမရသလောက် ဖြစ်လာပေသည်။

ဘုရားကိုးဆူအလှူပွဲတစ်ခု၌ တွေ့ဆုံဆက်ဆံရသော အထက်တန်းစားများ၊ ပညာတတ်များနှင့် ယခင် ကိုတင်ဦးနှင့် ပေါင်းသင်းနေထိုင်ခဲ့ရစဉ်က တွေ့ဆုံဆက်ဆံခဲ့ရသော လူ့အောက်တန်းစားများကို မကြာခဏ နှိုင်းယှဉ် စဉ်းစားကြည့်မိရင်း ကိုတင်ဦး၏ လူ့အောက်တန်းစားများ၏ ပတ်ဝန်းကျင်နှင့် လောကသို့ ပြန်ရမည့်အရေးကို စဉ်းစား၍ မရနိုင်လောက်အောင် မြင်မိပေသည်။ ရွှေတောင်ကြား အိမ်သို့ ပြောင်းရွှေ့နေထိုင်လာခဲ့ပြီးနောက် မြိုင်၏ အစိုးရိမ်ဆုံးနှင့် အကြောက်ရွံ့ဆုံးသော ကိစ္စသည်ကား ကိုတင်ဦးက လိုက်လာ၍ ၎င်းအား ပြန်လည်ခေါ်ဆောင်ခြင်းပြုမည့်ကိစ္စသာ ဖြစ်ပေသည်။ အကယ်၍ ကိုတင်ဦးက လိုက်လာပြီး ၎င်းအား ဇွတ်အတင်း ခေါ်မည်ဆိုခဲ့လျှင် မြိုင်သည် ယခုထက်တိုင် ဖုံးဖိ၍ ထားသော ကိစ္စကို ဖခင်လုပ်သူအား ခပ်ပြောင်ပြောင် ဖွင့်ပြော၍ ကိုတင်ဦးအား ငြင်းဆန်ပစ်လိုက်ရန် စဉ်းစားထားပြီးလည်းဖြစ်လေသည်။

မြိုင် ရွှေတောင်ကြားအိမ်သို့ လာရောက်နေထိုင်ခဲ့ပြီးနောက် နှစ်လနီးပါးခန့်အကြာတွင် မြိုင်၏ဖခင်က ကိုတင်ဦး အိမ်သို့လာသည်ကို တစ်ကြိမ်တစ်ခါမျှ မတွေ့ မမြင်မိသောကြောင့်...

“ဟဲ့ သမီး… မောင်တင်ဦးတစ်ယောက် သမီးဆီလာတာလည်း မမြင်မိပါကလား”

ဟု ရုတ်တရက် ကောက်ကာငင်ကာ မေးလိုက်သည့်အတွက်…

“သူလာသားပဲ ဖေဖေရဲ့၊ ဖေဖေ နေ့ခင်း အိပ်ပျော်နေတုန်းမို့ ဖေဖေ့ကို နှုတ်မဆက်ရဘဲ ပြန်သွားရလို့ပါ”

ဟု မြိုင်သည် လိမ်လည်ပြောဆိုရသောအမှုကို လွယ်လင့်တကူ ပြုလိုက်ခဲ့ရလေသည်။

နှစ်လပြည့်သောနေ့တွင် ကိုတင်ဦးထံမှ နောက်ထပ်၍ စာတစ်စောင် မြိုင့်ထံသို့ ရောက်ရှိလာပြန်လေသည်။ ဒုတိယအကြိမ် မြိုင့်ထံသို့ ရေးလိုက်သောစာ၌ ယခင် ပထမ စာတုန်းကကဲ့သို့ အလုပ်ကိစ္စသဘောမျိုးသက်သက်မဟုတ်တော့ဘဲ အဖွဲ့အနွဲ့အနည်းငယ် ပါလာသည်။ မြိုင် အိမ်၌မရှိ၍ အနေအထိုင်နှင့် အစားအသောက် ဆင်းရဲရကြောင်း၊ ညအိပ်ရာဝင်ချိန်၌ မြိုင်မရှိ၍ ဟာတာတာကြီးဖြစ်နေကြောင်း စသည်ဖြင့် နိဒါန်းချီကာ မြိုင် စိတ်ဆိုးပြေ၍ ပြန်လာနိုင်မည်ဆိုက လာ၍ ခေါ်လိုကြောင်း ရေးသားလိုက်လေသည်။ မြိုင်သည် ကိုတင်ဦးထံသို့ ပြန်ရမည့်အရေးကို ငရဲပြည်သို့ ပြန်ရမည့်အရေးထက် ထိတ်လန့်စိုးရိမ်နေသူဖြစ်သည့်အလျောက် အဖွဲ့အနွဲ့များနှင့် ရေးလိုက်သော လင်လုပ်သူထံမှ စာကို ဒေါ်လေး ဒေါ်စောခင်ကိုပင် အသိမပေးချေ။ ၎င်းဘာသာ တစ်ယောက်တည်း ဖတ်ရှုပြီးနောက် မီးဖိုထဲသို့ အလစ်တွင် ပစ်ထည့်လိုက်သည်။

မြိုင်သည် ရေကျော်အိမ်မှ ဆင်းလာခဲ့ပြီးနောက် နှစ်လပြည့်သောနေ့တွင် ကိုတင် ဦးထံမှစာကို ရရှိဖတ်ရှုရသော်လည်း ထိုစာကို ဖတ်ရှုပြီးနောက် စဉ်းစားနေရန် အချိန်များများ မရပေ။ အဘယ့်ကြောင့်ဆိုသော် ရှစ်မိုင်ဘက်ရှိ လဲ့လဲ့တို့ခြံ၌ ဥယျာဉ်ပွဲကို အရေးတကြီး တက်ရောက်ဆင်နွှဲရန် ကိစ္စရှိသောကြောင့် ဖြစ်လေသည်။ ၎င်းအပြင် ဥယျာဉ်ပွဲသို့ တက်ရောက်ရေးတွင် လဲ့လဲ့တို့အိမ်က ကားသည် အလုပ်များနေသောကြောင့် မြိုင့်အား လာရောက်ကြိုဆိုခြင်းမပြုနိုင်သည့်အတွက် ညနေငါးနာရီခွဲလောက်တွင် လာရောက်ကြိုဆိုမည့် ကိုသက်တင်၏ ကားနှင့်

အဆင်သင့်လိုက်ပါသွားနိုင်ရန် စောစောစီးစီး ရေမိုးချိုး၍ ဝတ်စားဖြီးလိမ်းထားနှင့်ဖို့ အလုပ်ကလည်း ရှိနေသေးသောကြောင့်တည်း။

အခန်း [၂၃]

(က)

ရှစ်မိုင်ဘက်ရှိ လှဲ့လှဲ့တို့ခြံကြီးအတွင်း၌ ကျင်းပသော ဥယျာဉ်ပွဲတော်၌ မင်းပရိသတ် တော်တော်စုံလေသည်။ ဒေါ်မိမိခင်သည် အပေါင်းအသင်းဝင်ဆံ့သော အမျိုးသမီးကြီး တစ်ဦးဖြစ်၍ ၎င်း၏ ဥယျာဉ်ပွဲ၌ မင်းစိုးရာဇာပိုင်းမှာရော၊ သူဌေးသူကြွယ် ကုန်သည်ပိုင်းမှာရော မျက်နှာကြီးအတော်များများကို တွေ့ရှိရပေသည်။

ဥယျာဉ်ပွဲ၌ မင်းပရိသတ်အတော်ကလေးစုံသဖြင့် မြိုင်သည် ၎င်း၏ ယခင်က ပေါင်းဟောင်းသင်းဟောင်းနှင့် သူငယ်ချင်းများကို အတော်စုံစုံကလေး တွေ့ခွင့်ရလေသည်။ ဤကဲ့သို့ မတွေ့ ရသည်မှာ ကြာပြီဖြစ်သော အပေါင်းအသင်းနှင့် မိတ်သဟာယများကို ယခုကဲ့သို့ ရင်းရင်းနှီးနှီး တွေ့ဆုံခွင့်နှင့် ရောနှောခွင့်ရသဖြင့် မြိုင်သည် တော်တော်ကလေး ရွှင်ပျလျက်ရှိပေသည်။

မြိုင်၏ ပေါင်းဟောင်းသင်းဟောင်းများသည် မြိုင့်ကို ယခုကဲ့သို့ ပြန်လည်တွေ့ ဆုံရသဖြင့် ဝမ်းသာကျေနပ်သောအမူအရာကို ပြသကြသည်။

"မြိုင် ပိန်သွားတယ်နော်..."

ဟု တစ်ယောက်သောမိတ်ဆွေက မှတ်ချက်ချ၍ အခြားတစ်ယောက်မှ...

"မြိုင် အခု ရွှေတောင်ကြားက မြိုင်တို့ဖေဖေအိမ်မှာ ပြန်နေပြီဆို... ဟုတ်လား"

ဟု အားရဝမ်းသာမေးလေသည်။

မြိုင်သည် ၎င်းတို့မေးသမျှကို ပြန်လည်ဖြေကြားရပေသည်။ မြိုင်သည် မိတ်ဆွေများက အရေးတယူမေးမြန်းကြသောကိစ္စများကို မအားမလပ်နိုင်အောင် ဖြေကြားနေရသည့် အကြားမှပင် နောက်ထပ်၍ မြိုင့်အား အရေးတယူ မေးမြန်းကြသေးသော မိတ်ဆွေများနှင့် ရင်ဆိုင်ရပြန်သည်။

"မြိုင်တို့ဖေဖေ နေကောင်းရဲ့ မဟုတ်လားဟင်"

ဟု ဂရုတစိုက်မေးမြန်းလျက်ရှိကြသော မိတ်ဆွေများကိုလည်းကောင်း...

"မြိုင်တို့ကိုကို ကိုဇော်ဝင်းတော့ မန္တလေးမှာ မာမာချာချာပဲနော်"

ဟူ၍ အရေးတယူမေးမြန်းကြသော မိတ်ဆွေများကိုလည်းကောင်း၊ မြိုင်သည် ပြန်လည်ဖြေကြားရရင်း ဤမျှ စေတနာထားကြသော မိတ်ဆွေများနှင့် အပေါင်းအသင်းများကို ကျေနပ်နေမိပေသည်။

ဥယျာဉ်ပွဲ၌ တွေ့ဆုံရသော မိတ်ဆွေများအားလုံးလိုလိုသည် မြိုင်တို့ သားအဖနှင့် မောင်နှမအကြောင်းများလောက်ကိုသာ အလေးထား၍ မေးမြန်းပြောဆိုခြင်းပြုကြသော် လည်း...

"မြိုင့်ယောကျ်ား ကိုတင်ဦးတစ်ယောက်ကော နေထိုင်ကောင်းရဲ့လား"

ဟူ၍ မည်သူ တစ်ဦးတစ်ယောက်ကမျှ အရေးထားမေးမြန်းခြင်း၊ ပြောဆိုခြင်း မပြုသည့်အတွက် မြိုင်သည် ဝမ်းနည်းခြင်းမဖြစ်မိပေ။ ၎င်း၏ လင်ယောကျ်ားကို ဥယျာဉ်ပွဲ မင်းပရိသတ်ထဲမှ မည်သူတစ်ဦးတစ်ယောက်ကမှ အသိအမှတ်မပြုကြသည့်အတွက်နှင့်လည်း မြိုင်သည် မည်သူ၏အပေါ်၌မျှ မကျေမနပ်လည်း မဖြစ်မိပေ။ ဤကဲ့သို့သော အထက်တန်းစား လူယဉ်ကျေးတို့၏ ပတ်ဝန်းကျင်၌ မိမိ၏ယောကျ်ားကဲ့သို့သော နိုင်ငံရေးသတ္တဝါတစ်ကောင်အတွက် မြေနေရာမရှိသည်ကို မြိုင်သည် ကောင်းစွာ သိရှိနားလည်ထားပြီးဖြစ် လေသည်။ ဤပတ်ဝန်းကျင်မှ မိတ်ဆွေများအားလုံးသည် မြိုင်တို့ လင်မယားနှစ်ဦး ရှိသည့်အနက် မြိုင်တစ်ယောက်ကိုသာလျှင် ဖွဲ့၍ အသိအမှတ်ပြုထားကြပုံရလျက် မြိုင်၏ ယောကျ်ား ကိုတင်ဦးဆိုသူကိုကား ဤကမ္ဘာမြေကြီးပေါ်၌ ရှိသေးသည်ဟူ၍ သဘောထားကြသည်မဟုတ်ပေ။

မည်သို့ပင်ဖြစ်စေ ၎င်း၏အပေါ်၌ ဤမျှဂရုစိုက်၍ ကြင်နာသမှုပြုသကြသော မိတ်သဟာယများကို မြိုင်သည် များစွာကျေးဇူးတင်မိလေသည်။ ကျေနပ်နှစ်သိမ့်ခြင်းလည်း ဖြစ်မိပေသည်။

၎င်းတို့၏ လောကကို တစ်ကြိမ်သော အခါကာလက မိုက်မိုက်မဲမဲ

ထောင်ထား ခြားနား၍ ပုန်ကန်ထွက်သွားခဲ့ဖူးသော မြိုင့်အား ယခုကဲ့သို့ ဘာမျှ အပြစ်အနာအဆာ မယူဘဲ ကြင်ကြင်နာနာ ပြန်လည်လက်ခံကြသော မိတ်ဟောင်းဆွေဟောင်းများအား မြိုင်သည် များစွာကျေးဇူးတင်မိပေသည်။ ဤမျှ ခွင့်လွှတ်လွယ်၍ ကြင်နာခြင်းရှိသော ပတ်ဝန်းကျင်အား မလိမ္မာမိုက်မဲ၍ ပုန်ကန်ခြားနားခြင်းပြုခဲ့မိသော မိမိအပြစ်အတွက်လည်း မြိုင်သည် များစွာဝမ်းနည်းကာ နောင်တတရား ရမိသည်။

ဥယျာဉ်ပွဲ ပြီးလျှင်ပြီးချင်း မြိုင်သည် အိမ်သို့ပြန်ရန် စိတ်ကူးထားသော်လည်း လဲ့လဲ့က ခေတ္တလောက်နေရန် ဆိုင်းထားသဖြင့် မြိုင်သည် လဲ့လဲ့တို့အိမ်က ကားနှင့် လိုက်ပို့မှ ပြန်နိုင်မည်ဖြစ်သည့်အလျောက် စောင့်ဆိုင်းခြင်းပြုရလေသည်။ မြိုင်သည် ဥယျာဉ်ပွဲသို့လာစဉ်က လဲ့လဲ့တို့အိမ်မှ ပြောဆို၍ လွှတ်ပေးလိုက်သော ကိုသက်တင်ကားနှင့် လိုက်လာခဲ့သော်လည်း ကိုသက်တင်မှာ ကိစ္စတစ်ခုအတွက်နှင့် ဥယျာဉ်ပွဲမစမီကပင် ၎င်း ကားကိုယူ၍ ပြန်သွားသောကြောင့် ရွှေတောင်ကြားအိမ်သို့ပြန်ရန် လဲ့လဲ့တို့ အိမ်မှ ကားက လွဲ၍ အခြားအားကိုးအားထားပြုစရာလည်း မရှိပေ။ လဲ့လဲ့က တစ်စုံတစ်ရာပြောကြားရန် ရှိနေသေးသကဲ့သို့ မိမိအား အစောင့်ခိုင်းထားပြီးနောက် အိမ်သို့ အသီးသီးပြန်ရန် ပြင်ဆင်နေကြသော အခြားဧည့်သည်များကို လိုက်လံနှုတ်ဆက်နေသည့်အတွက် မြိုင်သည် ဥယျာဉ်ထဲမှ အိမ်ထဲသို့ ပြန်ဝင်လာပြီးလျှင် ဧည့်ခန်းထဲတွင် တစ်ယောက်တည်း ထိုင်၍ စောင့်နေ ရလေသည်။

ဧည့်ခန်းထဲတွင် တစ်ယောက်တည်း ထိုင်၍ လဲ့လဲ့ကို စောင့်နေရသည့်အခိုက် လဲ့လဲ့သည် တော်တော်နှင့် မပေါ်လာနိုင်သဖြင့် မြိုင်သည် တော်တော်ကလေး ပျင်းရိငြီးငွေ့လျက်ရှိပေသည်။ ဤကဲ့သို့ ပျင်းရိငြီးငွေ့ လျက်နှင့်ပင် လဲ့လဲ့အား စောင့်ဆိုင်းနေရ သည့်အခိုက် ကိုသက်တင်သည် မည်သည့်အချိန်က လဲ့လဲ့တို့အိမ်၌ ရောက်လာသည်မသိ၊ မြိုင်တစ်ယောက် ထိုင်စောင့်နေသော အခန်းတွင်းသို့ ဝင်၍ လာလေသည်။

"မြိုင် ပြန်တော့မယ်မဟုတ်လား...ကိုသက်တင်လည်း မြိုင့်ကို အချိန်မီ အိမ်ပြန်ပို့ ပေးနိုင်အောင်လို့ မေမေ ခိုင်းထားတဲ့ကိစ္စ ပြီးရင်ပြီးချင်း ပြန်ပြေးလာခဲ့တာပဲ"

ကိုသက်တင်သည် ၎င်းပြန်လာသောကိစ္စနှင့် ၎င်း၏စွန့်စားခန်းကို ခရီးရောက်မဆိုက် ပြောဆိုရင်း မြိုင့်အနီးရှိ ကုလားထိုင်တစ်လုံးတွင် ဝင်၍

ထိုင်လိုက်ပြီးနောက် စီးကရက်တစ်လိပ်ကို ထုတ်ယူကာ မီးညှိလေသည်။

"ဒါ... ကိုသက်တင် မြိုင့်ကို အိမ်ပြန်ပို့ပေးရအောင်အတွက် တမင်သက်သက် လာခဲ့ရတာပေါ့.."

မိမိ၏အပေါ်၌ ဤမျှအရေးထားလျက် ဝီရိယလည်း ကောင်းလှသော ကိုသက်တင်အား မြိုင်သည် ပြန်၍ မေးမြန်းလိုက်မိသည်။

"မြိုင့်ကို အိမ်ပြန်ပို့ပေးနိုင်ဖို့အတွက် မီမှ မီပါ့မလားဆိုပြီး ကားကို စက်ကုန်နှင်လာခဲ့ရတာပဲလေ။ ကမာရွတ်အဝိုင်းကြီးရောက်တော့ ကားကြီးတစ်စီးက ရှေ့က ကန့်လန့် လုပ်နေတာနဲ့ မနည်းကြီးကျော်တက်လာခဲ့ရသေးတယ်..."

ကိုသက်တင်က စီးကရက်မီးခိုးများကို မှုတ်ထုတ်ရင်း မြိုင့်အား မကြည့်ဘဲ ပြောဆိုလိုက်သည်။

မိမိအပေါ်၌ ဤမျှအရေးထား ဂရုစိုက်လှသော ကိုသက်တင်အား မြိုင်သည် ကျေနပ်မိလေသည်။ ထို့ကြောင့် ဘာမျှ ပြန်မပြောသေးဘဲ ရွှန်းရွှန်းစားစားကြည့်နေမိသည်။

"မြိုင်... ပြန်မယ်မဟုတ်လား... ကိုသက်တင် လိုက်ပို့မယ်လေ..."

"လဲ့လဲ့က ခဏစောင့်ပါဦးဆိုလို့ မြိုင် စောင့်နေရတာ ကိုသက်တင်..."

"သူ့ကို စောင့်နေရင်တော့ မြိုင် တော်တော်နဲ့ ပြန်ရလိမ့်မယ်မဟုတ်ဘူး။ ဒါကြောင့် မြိုင် အိမ်ကို စောစောပြန်ရောက်ချင်ရင် သူ့ကို စောင့်မနေဘဲ ကိုသက်တင် ကားနဲ့ တစ်ခါတည်းသွားကြမှပဲ ထင်တယ်"

"လဲ့လဲ့က ဘာများပြောစရာရှိနေသေးလို့လဲမှ မသိဘဲ ကိုသက်တင်... သူ စောင့်ခိုင်းထားတာကို စောင့်လည်းမစောင့်၊ သူ့ကိုလည်း ဘာအကျိုးအကြောင်းမှ မပြောဘဲနဲ့ ပြန်သွားရင် တော်တော်ကြာ မြိုင့်အပေါ် စိတ်ကောက်နေပါဦးမယ်..."

"လဲ့လဲ့ကတော့ ဘာမဟုတ်တာလေးနဲ့လည်း စိတ်ကောက်ချင် ကောက်တာပဲမြိုင်ရဲ့။ သူ စိတ်ကောက်တာကို စိုးရိမ်တတ်ရင်တော့ သူနဲ့

မဆက်ဆံနေမှဖြစ်မယ်”

“သူ သေသေချာချာ မှာထားတာကို ထောက်ရင်တော့ တစ်ခုခု အရေးကြီးတာ ပြောစရာရှိလို့ ဖြစ်ပါလိမ့်မယ်ထင်တယ် ကိုသက်တင်… မြိုင်လည်း ဖေဖေ့အတွက် စိတ်မချလို့ အိမ်ကို စောစောတော့ ပြန်ရောက်ချင်တာပါပဲ”

“ဒီလိုဆိုရင်တော့ လဲ့လဲ့ကို စောင့်နေလို့ မဖြစ်ဘူးထင်တယ်”

“ဖြစ်ပါ့မလား ကိုသက်တင်“

"ပြန်မှာသာ ပြန်တာပေါ့ မြိုင်ရယ်… ပြီးတော့မှ ကိုသက်တင် အကျိုးအကြောင်း ပြောပြလိုက်ပါ့မယ်”

မြိုင်သည် အိမ်သို့ ခပ်စောစောပြန်ရောက်ချင်လှပြီဖြစ်သော်လည်း လဲ့လဲ့ကို ဘာမှ မပြောမဆိုဘဲ ကိုသက်တင် ခေါ်နေသည့်အတိုင်း ပြန်လိုက်သင့် မလိုက်သင့်ကို စဉ်းစား ချိန်ဆ၍ မရနိုင်အောင် ဖြစ်နေပုံရပေသည်။ ခါတိုင်းနေ့များထက် ဖခင်လုပ်သူ၏အခြေ အနေသည် အနည်းငယ်ဆိုးသောကြောင့် လဲ့လဲ့တို့အိမ်သို့ မထွက်လာမီကပင် ဒေါ်လေး ဒေါ်စောခင်က အိမ်သို့ ခပ်စောစောကလေး ပြန်လာဖို့ မှာလိုက်သည်ကိုလည်း သတိရမိသည်။

“လဲ့လဲ့က တခြားဧည့်သည်တွေ လိုက်နှုတ်ဆက်နေရသေးတာမို့ တော်တော်နဲ့ ပြန်လာဖြစ်ဦးမှာတော့ မဟုတ်ဘူး မြိုင်။ အဲဒါ ဘယ်လိုလဲ စောင့်ချင်သေးသလား”

ဟု ကိုသက်တင်က နောက်ထပ်၍ မေးမြန်းလာတော့မှပင် မြိုင်သည် လဲ့လဲ့အား နောက်ထပ် အချိန်ကုန်ခံ၍ မစောင့်တော့ဘဲ ကိုသက်တင် လိုက်ပို့ပေးသောကားနှင့် အိမ်သို့ပြန်ရန် ဆုံးဖြတ်လိုက်ပေသည်။

“ဒီလိုဆိုလည်း ကိုသက်တင်နဲ့ ပြန်လိုက်တော့မယ်လေ”

ဟု ပြောကာ မြိုင်သည် ထိုင်ရာမှ ထလိုက်လျှင်ပင် ကိုသက်တင်သည် မြိုင့်ထက်အရင်ဦးအောင် ထနှင့်ပြီးသား ဖြစ်နေပေသည်။

လဲ့လဲ့တို့ခြံထဲမှ ကိုသက်တင်သည် မြိုင့်ကို ၎င်း၏ကားပေါ်တွင်

တင်ဆောင်ခဲ့ပြီးနောက် ကုက္ကိုင်းလမ်းဆုံသို့ ရောက်သည်အထိ စကားတစ်ခွန်းတစ်ပါဒမျှ ပြောဆိုခြင်း မရှိဘဲ တစ်စုံတစ်ရာကိုသာ လေးလေးနက်နက် စဉ်းစားလာသကဲ့သို့ ငြိမ်သက်စွာ ကားကို ဂရုတစိုက်နှင့် ဣန္ဒြေရရ မောင်းနှင်လာခဲ့သည်။ လဲ့လဲ့တို့အိမ် ဧည့်ခန်းအတွင်း၌တုန်းက စကားသွက်၍ လောကွတ်ကောင်းလှသလောက် ကားစက်နှိုးပြီးသည့်အချိန်ကစ၍ ဣန္ဒြေ ရလောက်အောင် ငြိမ်ချက်သားကောင်းလှသော ကိုသက်တင်ကိုပင် မြိုင်သည် မကြာခဏ လှမ်း၍ အကဲခတ်ကြည့်ရှုရင်း အံ့ဩနေမိသည်။

ကုက္ကိုင်းလမ်းဆုံသို့ ရောက်သောအခါ ကိုသက်တင်သည် မြိုင့်အား ပြောဆိုရန် စကားတစ်ခုကို ပြောဖြစ်အောင်ပြောရန်အတွက် စိတ်နှလုံး ဒုံးဒုံးချလိုက်ပြီးဖြစ်သကဲ့သို့ ကား၏စက်အရှိန်ကို လျှော့လိုက်လေသည်။ လဲ့လဲ့တို့ခြံထဲမှ ထွက်လာခဲ့စဉ်က တစ်နာရီ လျှင် မိုင်နှစ်ဆယ်ခန့် မောင်းလာခဲ့သော စက်အရှိန်ကို သူသည် ဆယ်မိုင်သာသာခန့် လောက်အထိပင် လျှော့ချလိုက်သည်။ ဤကဲ့သို့ ကား၏စက်အရှိန်ကို လျှော့ချလိုက်ပြီးနောက် ခံတွင်းရှင်းသွားစေရန်အတွက် ကိုသက်တင်သည် စီးကရက်တစ်လိပ်ကို ထုတ်ယူလိုက်ပြီးနောက် အေးအေးဆေးဆေး မီးညှိလေသည်။ သူသည် စီးကရက်ကို မီးညှိပြီးနောက် လေးငါးဖွာမျှ အားရပါးရ ဖွာလိုက်သည်။ ဤကဲ့သို့ စီးကရက်ကို အားရပါးရ ဖွာလိုက်ပြီးနောက်...

"လောကကြီးဟာ အဆင်မပြေဘူးမြိုင်... နည်းနည်းကလေးမှ အဆင် မပြေဘူးလို့ပဲ ကိုသက်တင်တော့ ပြောဝံ့တယ်"

ဟု တစ်လုံးချင်းစီ၍ ညည်းတွားပြောဆို လိုက်လေသည်။

ကိုသက်တင်က အဆင်မပြေသော လောကကြီးအား ယခုကဲ့သို့ နိဒါန်းမပျိုးဘဲ ရုတ်တရက် အပြစ်တင် ညည်းတွားလိုက်သောအခါ မြိုင်သည် ကိုသက်တင်က ဘာကို ရည်ရွယ်၍ ယခုကဲ့သို့ ညည်းတွားပြောဆိုလိုက်ခြင်းကို ကောင်းစွာနားလည်ခြင်း မရှိလိုက်ပေ။ ထို့ကြောင့် ကိုသက်တင်အား နားမရှင်းသောအမူအရာနှင့် လှမ်း၍ ကြည့်နေမိသည်။ ကိုသက်တင်သည် သက်ပြင်းကို တစ်ချက်ချလိုက်ပြီးနောက် စီးကရက်ကို သုံးလေး ဖွာမျှ ဆက်၍ ဖွာလိုက်ပြန်သည်။

"မြိုင် အဆင်ပြေလိမ့်မယ်ထင်ပြီး ဖန်တီးခဲ့တဲ့ လောကကြီးဟာကော အဆင်ပြေ ရဲ့လားဟင်... မြိုင်။ ကိုသက်တင်ကို မှန်တဲ့အတိုင်း ပြောနိုင်ရင် ပြောပြစမ်းပါ..."

ကိုသက်တင်က ၎င်း၏ လောကကြီး အဆင်မပြေဘဲရှိနေရသော အကြောင်းကို ညည်းတွားပြောဆိုလျက်ရှိရာမှ မြိုင်၏ လောကအကြောင်းကို သွယ်ဝိုက်ခြင်းပင် ပြုမနေတော့ဘဲ တိုက်ရိုက်မေးမြန်းလိုက်သောအခါဝယ် မြိုင်သည် များစွာတုန်လှုပ်ချောက်ချား သွားပေသည်။ ကိုသက်တင်သည် မိမိတို့လင်မယား၏ အတွင်းရေး အပြင်ရေးများကို သိရှိ၍ ယခုကဲ့သို့ ပွင့်ပွင့်လင်းလင်း မေးမြန်းလိုက်ခြင်း ဖြစ်လေသလောဟု အတွေးခေါင် သွားမိပေသည်။

"မြိုင်တို့အိမ်ထောင်ရေးဟာလည်း ဘယ်လိုနည်းနဲ့မှ ချောချောမောမော ဖြစ်နိုင်လိမ့်မယ်မဟုတ်ဘူးလို့ ကိုသက်တင်ပြောရဲပါတယ် မြိုင်"

"ဘယ်လိုကြောင့် ကိုသက်တင်က ပြောနိုင်ရတာလဲဟင်"

မြိုင်က ထိတ်လန့်တကြား ပြန်၍ မေးလိုက်မိပေသည်။

"မြိုင် ကိုတင်ဦးဆိုတဲ့လူကို ဖြုန်းဖြုန်းဒိုင်းဒိုင်းနဲ့ လက်ထပ်သွားတာဟာ ကိုတင်ဦး ဆိုတဲ့လူရဲ့အကြောင်းကို သေသေချာချာ သိပြီး နားလည်ပြီးမှ သူ့ကိုကြိုက်လို့ လက်ထပ် သွားခဲ့တာမှ မဟုတ်ဘဲ မြိုင်"

ကိုသက်တင် ပြောဆိုလိုက်သောစကားများသည် မှန်သင့်သလောက် မှန်နေသဖြင့် မြိုင်သည် ဘာတစ်ခွန်းမှ ဝင်၍ မပြောနိုင်ဘဲ ပါးစပ်အဟောင်းသားနှင့် ငေးမောနားထောင် နေမိသည်။

"ကိုတင်ဦးနဲ့ မြိုင်ဟာ တစ်လောကဆီကနဲ့ တစ်ဘဝဆီက လူတွေပဲ။ ဘယ်နည်းနဲ့မှ ပေါင်းစပ်လို့ပဲဖြစ်ဖြစ်၊ ဆက်စပ်လို့ပဲဖြစ်ဖြစ် မရနိုင်တဲ့၊ မဖြစ်နိုင်တဲ့ဟာပဲ"

မြိုင်သည် ဘာပြန်ပြောရမှန်း အစရှာမရအောင် ဖြစ်နေသည်။

"ကိုတင်ဦးကို စိတ်လိုက်မာန်ပါ မြိုင် လက်ထပ်သွားတာဟာ တခြားကြောင့်တော့ မဟုတ်ဘူးမြိုင်။ ကိုသက်တင်ရဲ့

ပြစ်ချက်တွေကြောင့်ပဲ…”

“ဒါတွေကို ပြောမနေပါနဲ့တော့ ကိုသက်တင်ရယ်… ပြီးပြီးသားကိစ္စတွေကို ဘယ်လိုမှ ပြင်မရနိုင်တဲ့အချိန်မှာ ပြန်ပြောနေရင် လူပင်ပန်း စိတ်ပင်ပန်းတာကလွဲပြီး တခြား ဘာအကျိုးမှ မရှိပါဘူးလေ”

“လောကကြီးမှာ ပြင်မရတာ ဘာမှမရှိဘူလို့ ကိုသက်တင် ယုံကြည်ထားတယ် မြိုင်။ ပြင်မရဘူးဆိုတာကိုတော့ ကိုသက်တင် ရှေ့မှာ မပြောစေချင်ဘူး”

“အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမင်ရည် စုတ်ထိုးလို့ ဆိုထားခဲ့တဲ့ဟာတွေကိုကော ကိုသက်တင် ဘယ်လိုပြောမှာလဲဟင်”

“ဘုရားကို ကိုးရိုးကားရားနဲ့ ပုံမကျ ပန်းမကျ တည်ထားခဲ့ရင် ပြင်လိုက်တဲ့အတွက် ငရဲကြီးမယ်တော့ မထင်ပါဘူး မြိုင်ရယ်။ ဒီလိုပါပဲ မင်ကြောင်ထိုးတဲ့ကိစ္စကိုရော၊ အိမ် ထောင်မှုကိစ္စတွေရော၊ မှားနေမှန်း သိတဲ့တစ်နေ့မှာ ဘာမှ မပြင်နိုင်စရာမရှိဘူးလို့တော့ ကိုသက်တင် ယူဆတယ်”

“ဒီအကြောင်းတွေ မြိုင် မကြားပါရစေနဲ့တော့ ကိုသက်တင်…”

“ကိုသက်တင်ဟာ ကိုယ့်အမှားတွေကို ပြန်မြင်ပြီး နောင်တရနေတဲ့ လူတစ်ယောက် ဆိုတော့ ဒီအကြောင်းတွေကိုပဲ နေ့ရှိသရွေ့ စွဲလမ်းနေတယ် မြိုင်”

“မေ့ပစ်လိုက်ပါတော့ ကိုသက်တင်။ ပြီးပြီးခဲ့တဲ့ဟာတွေကို စဉ်းစားနေရင် ကိုယ့် ကိုယ်ကိုယ် နှိပ်စက်တာနဲ့ ဘာထူးဦးမလဲ”

“ဘယ်သူဟာ ကိုယ့်ကိုယ်ကိုယ် နှိပ်စက်ချင်ပါ့မလဲ မြိုင်။ အခုဟာက မနှိပ်စက်ဘဲ မရလွန်းလို့သာ မြိုင်ပြောသလို ကိုယ့်ကိုယ်ကိုယ် နှိပ်စက်နေရတာပေါ့"

ကိုသက်တင်က အနာဟောင်းကို ဆွ၍ ဆွ၍ ပေးလာသောကြောင့် မြိုင်သည် ပိုမို၍ အနေရ အထိုင်ရ ကျပ်ကာ စိတ်ညစ်ညူးလာမိသည်။ ကိုသက်တင်၏ ကားပေါ်မှ ပင် ခုန်ဆင်း၍ အိမ်သို့ ခြေလျင်ပြန်ချင်သောစိတ်များလည်း ပေါ်ပေါက်လာလေသည်။

“ကိုသက်တင်က အနာနဲ့လူဆိုတော့ အနာ နာလာတိုင်း ညည်းမိမှာပဲ။ မြိုင်ကတော့ နားငြီးနေမလား မပြောတတ်ဘူး”

ကိုသက်တင်သည် မြိုင်၏ အရိပ်အခြည်ကို အကဲခတ်မိသကဲ့သို့ လေပြေထိုးလာပေသည်။

“ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာမှမပြောဘဲနေရင် ကောင်းလိမ့်မယ်ထင်တယ် ကိုသက်တင်။ ခုလိုကြားရတဲ့အတွက် မြိုင်လည်း စိတ်မကောင်းပါဘူး”

“မြိုင်က စိတ်မကောင်းရုံ မကောင်းရတာပါလေ။ ကိုသက်တင်မှာတော့ အသည်းတွေ ကြွေတော့မယ်”

“ဒါတွေ မပြောကြပါနဲ့စို့ ကိုသက်တင် မြိုင်စိတ်ညစ်လာပြီ”

"မြိုင် စိတ်ညစ်အောင် တမင်တကာ ပြောတာတော့ မဟုတ်ပါဘူးလေ။ ဒါပေမဲ့ မြိုင် စိတ်ညစ်မယ့်အလုပ်ဆိုရင် ကိုသက်တင် ဘာမှမလုပ်တော့ပါဘူး၊ ဆင်ခြင်ပါ့မယ်”

မြိုင်သည် စိတ်သက်သာခွင့် ရသွားပေသည်။

“တစ်ကြိမ်တုန်းက မြိုင် စိတ်ညစ်အောင် လုပ်ခဲ့ ကိုင်ခဲ့မိမှားလို့ ကိုသက်တင် အသည်းကွဲခဲ့ရပြီမဟုတ်လား။ နောက်ထပ် မြိုင် စိတ်ညစ်ညူးအောင် ကိုသက်တင် ဘာမှ မလုပ်မိအောင် ဆင်ခြင်ပါ့မယ် မြိုင်ရယ်...”

ကားသည် ရွှေတောင်ကြားထဲသို့ဝင်၍ လာလေသည်။ ရွှေတောင်ကြားထဲသို့ ဝင်လာပြီးနောက် ကိုသက်တင်သည် နောက်ထပ်၍ ဘာမှပြောဆိုခြင်းမပြုတော့ဘဲ ကားကိုသာ ဂရုစိုက်၍ မောင်းလာသည်။ ဤကဲ့သို့ ရွှေတောင်ကြားထဲသို့ ဝင်လာခဲ့ပြီးနောက် မကြာမီ မြိုင်တို့ ခြံထဲသို့ ဝင်လာသည်။

ကိုသက်တင် မောင်းလာသော ကားသည် အိမ်ရှေ့ဆင်ဝင်အောက်၌ရပ်၍ သွားလျှင် သွားချင်း မြိုင်၏ တစ်ကိုယ်လုံးသည် သွေးဆုတ်သွားတော့သည့်ပမာ

အေးစက်တောင့်တင်း၍ သွားလေသည်။ မျက်နှာတစ်ခုလုံးသည်လည်း ဖြူဖပ်ဖြူရော် ဖြစ်သွားလေသည်။ အဘယ့်ကြောင့်ဆိုသော် မြိုင်တို့ကား ဝင်လာသံကိုကြား၍ အိမ်ရှေ့တံခါးမကြီးမှ ထွက်စောင့်နေသော ဒေါ်လေး ဒေါ်စောခင်နှင့်အတူ ကိုတင်ဦးကိုပါ မမျှော်လင့်ဘဲ တွေ့ လိုက်ရသောကြောင့်ဖြစ်သည်။ ကိုတင်ဦးသည် တံခါးဝမှ ရပ်စောင့်နေရုံမျှသာ မဟုတ်သေးဘဲ လှေကားထစ်မှ ဆင်းလာပြီးလျှင် မြိုင် ကားပေါ်မှ သက်သက်သာသာဆင်းလာနိုင်ရန် အတွက် ကားတံခါးကိုပါ ဖွင့်ပေးနေသောကြောင့်တည်း။

ကိုတင်ဦးက မော်တော်ကားတံခါး ဖွင့်ပေးထားသည့်တိုင်အောင် မြိုင်သည် ကားပေါ်မှ မဆင်းဖြစ်သေးဘဲ မျက်စိမျက်နှာပျက်ဖြစ်နေသဖြင့်...

"ဆင်းလေမြိုင်"

ဟု ကိုတင်ဦး ကပင် လှမ်း၍ ပြောယူလိုက်ရပေသည်။ ကိုတင်ဦးက ဤသို့ ပြောလိုက်တော့မှပင် မြိုင် သည် ကိုသက်တင်အား တစ်ချက်မျှ လှမ်း၍ ကြည့်လိုက်ပြီးနောက် ကားပေါ်မှ ဆင်းလာ ပြီးလျှင် အိမ်ပေါ်သို့ ခပ်သုတ်သုတ်ကလေး တက်သွားလေသည်။

"ကိုသက်တင်လည်း အိမ်ပေါ်တက်ပါဦးလား"

ကိုတင်ဦးသည် ၎င်း၏မယားအား ယခုကဲ့သို့ ကိုယ်ပိုင်မော်တော်ကားဖြင့် ဂရုတစိုက် အိမ်သို့လိုက်ပို့ပေးသော ကိုသက်တင်အား ဝတ္တရားရှိသည့်အတိုင်း အိမ်ပေါ်သို့တက်ရန် ဖိတ်ခေါ်လိုက်ပေသည်။ ဤကဲ့သို့ ကိုတင်ဦးက ဖိတ်ခေါ်လျက်ရှိသည့်တိုင်အောင် ကိုသက်တင်သည် ၎င်း၏လိပ်ပြာနှင့် ၎င်း မလုံဘဲရှိနေသူဖြစ်ခြင်းကြောင့် မျက်စိမျက်နှာများပျက်ကာ ဘာမျှ ပြန်လည်ပြောဆို ခြင်းမပြုနိုင်ဘဲ ငြိမ်နေလိုက်သည်။

လူရိပ်လူကဲခတ်ရာတွင် ဖျတ်လတ်ပြီးဖြစ်သော ကိုတင်ဦးသည် ကိုသက်တင်အား နောက်ထပ် အိမ်ပေါ်သို့တက်ရန်အတွက် ထပ်မံဖိတ်ကြားခြင်းမပြုတော့ဘဲ ကားတံခါးကို အသာအယာတွန်းပိတ်လိုက်ပြီးနောက်...

"ကျွန်တော့်မိန်းမကို ကိုသက်တင် ခုလို ဂရု စိုက်ပြီး လိုက်ပို့ပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်ဗျာ"

ဟု နှုတ်ဆက်ပြောဆိုကာ အိမ်ပေါ်သို့ ပြန်တက်လာခဲ့သည်။ ကိုတင်ဦး အိမ်ပေါ်သို့ ပြန်တက်သွားလျှင်ပင် ကိုသက်တင်သည် ၎င်း၏မော်တော်ကားကို ကတိုက်ကရိုက် စက်နှိုးပြီးလျှင် ခြံထဲမှ မောင်းထွက်သွားလေသည်။

မြိုင်သည် အိမ်ပေါ်သို့ တက်လာပြီးနောက် ဒေါ်လေး

ဒေါ်စောခင်ကိုပင် မျက်နှာချင်းမဆိုင်ဝံ့သကဲ့သို့ အိမ်အပေါ်ထပ်ရှိ ၎င်း၏အခန်းတွင်းသို့ တက်၍ သွားပြီးလျှင် အဝတ်အစားများလဲနေသည်။ အဝတ်အစားများ လဲ၍ ပြီးစီးသောအခါ၌ မိမိနောက်သို့ လိုက်လာသော လင်လုပ်သူအား အကျိုးအကြောင်း မေးမြန်းပြောကြားရန်ရှိလျှင်လည်း ရှိသည့် အလျောက် တွေ့ဆုံပြောဆိုရန်အတွက် အိမ်အောက်ထပ်သို့ ပြန်ဆင်း၍ လာရန်ဖြစ်သော်လည်း မြိုင်သည် ပြန်ဆင်းလာခြင်းမပြုဘဲ ၎င်း၏အခန်းထဲ၌ ကပ်၍ နေလေသည်။

အိမ်အောက်ထပ် ဧည့်ခန်းအတွင်း၌ ဒေါ်လေး ဒေါ်စောခင်နှင့် ကိုတင်ဦးတို့သည် မြိုင် အဝတ်အစားလဲပြီးလျှင် ပြန်၍ ဆင်းလာလိမ့်နိုးနိုးနှင့် စောင့်၍ နေကြရာမှ တော်တော် ကလေးကြာသွားသည့်တိုင်အောင် အိမ်ပေါ်ထပ်မှ မြိုင်သည် ဆင်းလာခြင်းမပြုသောအခါ တစ်ယောက်မျက်နှာကို တစ်ယောက် လှမ်း၍ ကြည့်မိကြလေသည်။

"မောင်တင်ဦး... ခဏလောက်ထိုင်စောင့်ဦးနော်။ ဒေါ်လေး အိမ်ပေါ်တက်ကြည့် လိုက်ဦးမယ်"

ဟု ပြောဆိုထားခဲ့ရပြီးနောက် ဒေါ်လေး ဒေါ်စောခင်သည် အိမ်ပေါ်သို့ တက်လာခဲ့လေသည်။

မြိုင်သည် ၎င်း၏လိပ်ပြာကို မလုံဘဲရှိနေသောကြောင့် လင်လုပ်သူအား မျက်နှာ ချင်းမဆိုင်ဝံ့အောင်ဖြစ်ကာ ၎င်း၏အခန်းထဲ၌ မငြိမ်မသက်ဖြစ်နေသည့်အခိုက် ဒေါ်လေး ဒေါ်စောခင် ဝင်၍ လာသည်။

"ဟဲ့မြိုင်... ညည်း ဘာလုပ်နေတာလဲဟင်"

ဟု ဒေါ်လေး ဒေါ်စောခင်က ခုတင် ထက်တွင် တင်ပါးလွှဲထိုင်နေသော မြိုင့်အား တံခါးဝမှရပ်ကာ လှမ်း၍ မေးလိုက်သည်။ မြိုင်သည် ဘာမျှ ပြန်၍ မဖြေဘဲ ဒေါ်လေး ဒေါ်စောခင်အား ကြောင်တက်တက်နှင့် ငေးစိုက်၍ ကြည့်နေလေသည်။

"ညည်းယောကျ်ားတစ်ယောက်လုံး လိုက်လာတာကို စကားကလေး ဘာကလေး လောက်တော့ ဆင်းပြီးပြောဦးမှပေါ့... သူ့ခမျာ ညည်းကိုတွေ့ ချင်လို့ ညနေ ၅ နာရီလောက် ကတည်းက လာပြီး စောင့်နေရှာတာ"

"မြိုင် သူ့ကို တွေ့လည်း မတွေ့ချင်ဘူး။ စကားလည်း မပြောချင်ဘူး

ဒေါ်လေး”

“ညည်း ဒီလိုလုပ်နေလို့ကော ဖြစ်မတဲ့လား။ တော်တော်ကြာ ညည်းတို့ကိစ္စတွေ အကုန်လုံး အစ်ကိုကြီး မသိသင့်ဘဲ သိကုန်လို့ စိတ်ဒုက္ခရောက်ပြီး ရောဂါတိုးနေပါဦး မယ်”

“ကိုတင်ဦး ဖေဖေနဲ့ လူချင်းမတွေ့ကြသေးဘူးလားဟင် ဒေါ်လေး”

“ညည်းနဲ့ ပထမတွေ့ပြီးမှ တွေ့တော့မယ်ဆိုပြီး စောင့်နေတာပဲ”

“သူလိုက်လာတာ ဘာကိစ္စလဲဆိုတာကိုကော ဒေါ်လေးကို ပြောသေးသလားဟင်”

“ညည်းတို့လင်မယားကိစ္စကလွဲပြီး တခြားဘာရှိဦးမလဲ။ နောက်ပြီးတော့ သူ အိန္ဒိယကို သွားစရာရှိတယ်လို့လည်း ပြောသလားတော့ မဆိုတတ်ဘူး”

“ကိုတင်ဦး အိန္ဒိယကို သွားစရာရှိသတဲ့လားဟင်... ဒေါ်လေး”

“သေသေချာချာတော့ ငါလည်း မပြောတတ်ဘူး။ ညည်းယောကျ်ား ပြောသံဆိုသံ ကြားတာကို ပြောရတာပဲလေ”

“သူက အိန္ဒိယကိုသွားဖို့ ဘယ်လိုကိစ္စများ ရှိနေလို့လဲ”

“ဒါတော့ ညည်းတို့လင်မယားချင်းတွေ့ တော့မှပဲ မေးကြည့်ပေါ့”

မြိုင်သည် ရုတ်တရက် ငိုင်၍ သွားပြန်လေသည်။ ကိုတင်ဦးအား မြိုင်သည် လက်ခံတွေ့ဆုံခြင်း မပြုလိုပေ။ ၎င်းအပြင် ကိုသက်တင်နှင့် အတူပြန်လာသည်ကို ကိုတင်ဦးက တွေ့ရှိသွားသဖြင့် မြိုင်သည် သာ၍ လိပ်ပြာမလုံနိုင်အောင် ဖြစ်နေပေသည်။

“ဘယ်လိုလဲမြိုင်... ညည်းယောကျ်ား လိုက်လာတာကို ညည်း ဆင်းမတွေ့တော့ဘူးလားဟင်”

“မြိုင် သူ့ကို မတွေ့ချင်ဘူး ဒေါ်လေးရယ်”

"ညည်း မတွေ့ချင်တာတော့ ငါလည်း မတတ်နိုင်ဘူး။ ဒါပေမဲ့ တို့လူကြီးတွေကိုတော့ ညည်းယောက်ျားက အထင်လွဲ အမြင်လွဲဖြစ်အောင် မလုပ်စေချင်ဘူး"

"ခက်တာပါပဲ... ဒေါ်လေးရာ"

"ခက်မနေနဲ့ မရွှေမြိုင်၊ တို့လူကြီးတွေကို ညည်းလင်တော်မောင်က ဘယ်လိုထင် သွားမလဲဆိုတာကိုလည်း စဉ်းစားဦးမှပေါ့"

မြိုင်သည် ၎င်း၏အခြေအနေနှင့် အကျပ်အတည်းကို ရိပ်မိသိရှိလာသည်။ မိမိ၏ သဘောတစ်ခုတည်းနှင့် တင်းခံနေ၍ မဖြစ်တော့သည့်အခြေအနေကိုလည်း နားလည်လာ သည်။ ထို့ကြောင့် မြိုင်သည် ခုတင်ပေါ်မှ ဆင်းလိုက်ပြီးလျှင် ဒေါ်လေး ဒေါ်စောခင်အား တစ်ချက်မျှ စောင်းငဲ့၍ ကြည့်ပြီးနောက် အိမ်အောက်ထပ်သို့ ဆင်းလာခဲ့သည်။ မြိုင် အောက်ထပ်သို့ ဆင်းသွားသောအခါ ဒေါ်လေး ဒေါ်စောခင်သည် လူငယ်များ လွတ်လွတ် လပ်လပ် စကားပြောဆိုနိုင်စေရန်အတွက် အိမ်အောက်ထပ်သို့ ဆင်းမလိုက်သွားတော့ဘဲ ဦးထွန်းမင်း၏ အရိပ်အခြည်ကိုအကဲခတ်ကြည့်ရှုရန်အတွက် ၎င်း၏အခန်းဘက်သို့ ခပ်ဖြည်းဖြည်း လျှောက်သွားလေသည်။

ကိုတင်ဦးသည် အိမ်အောက်ထပ် ဧည့်ခန်းအတွင်း၌ အင်္ဂလိပ်သတင်းစာတစ်စောင်ကို ဖတ်ရှုလျက်ရှိရာမှ မြိုင် ဝင်၍ လာလျှင်လာချင်း ၎င်းဖတ်နေသော သတင်းစာကို ဘေးသို့ ချထားလိုက်ပြီးလျှင်...

"ကိုတင်ဦး မြိုင့်ဆီက ခွင့်တောင်းချင်တဲ့ကိစ္စကလေးတစ်ခု ရှိလို့ လာခဲ့တာပါ မြိုင်"

ဟု စတင်၍ ၎င်းပြောဆိုလိုသောအကြောင်းကို ပြောဆိုလိုက်လေ သည်။

"မြိုင့်ဆီက ခွင့်တောင်းဖို့ဆိုတာများ လိုသေးသလား ကိုတင်ဦး။ မလိုတော့ဘူး ထင်တယ်"

မြိုင်သည် မထီတရီ ပြန်ပြောလိုက်သည်။

“ဒီလိုလည်း ဘယ်ဟုတ်မလဲ မြိုင်ရယ်... ကိုတင်ဦး နောက်တစ်ပတ်အတွင်းမှာ အိန္ဒိယကို သွားစရာကိစ္စရှိနေလို့ မြိုင် သိထားအောင် လာပြောရတာပါ”

“ကိုတင်ဦးသဘောနဲ့ ကိုတင်ဦး သွားတာ လာတာကို မြိုင် ဘာမှ ပြောစရာမရှိ ပါဘူး။ ပြောစရာလည်း မလိုပါဘူး”

“ဒီလိုပြောလို့လည်း ဘယ်ဖြစ်ပါ့မလဲ မြိုင်။ အခု ကိုတင်ဦး အိန္ဒိယကို သွားမယ့် ကိစ္စကတော့ အာရှ အာဖရိကနိုင်ငံများရဲ့ စည်းလုံးညီညွတ်ရေး ဆွေးနွေးပွဲ ပဏာမညီလာခံ တက်ဖို့ပါပဲ မြိုင်ရဲ့”

“ရှင့် ကမ္ဘာ့ငြိမ်းချမ်းရေးတို့၊ ပြည်တွင်းငြိမ်းချမ်းရေးတို့ဆိုတဲ့ အလုပ်ကြီးတွေကို ရှင့်ဘာသာရှင် ကြိုက်သလိုလုပ်ပါလေ။ မြိုင် ဘာမှ ပြောစရာမရှိတော့ပါဘူး”

“ဒီလိုပြောလို့ ဘယ်ဖြစ်ပါ့မလဲ မြိုင်။ ကိုတင်ဦး အိန္ဒိယမှာ တစ်လလောက် ကြာလိမ့်မယ်ထင်တယ်။ အိန္ဒိယကပြန်လာရင်တော့ မြိုင်လည်း စိတ်ဆိုးပြေလောက်ပြီး အိမ်ကိုလည်း ပြန်လာနိုင်လောက်ပါပြီနော်... ဟုတ်လား”

“မြိုင် ရှင့်ကို ဘယ်တုန်းကမှ စိတ်မဆိုးခဲ့ပါကလား ကိုတင်ဦး”

“ဒီလိုဆိုရင်လည်း သာပြီးကောင်းတာပေါ့ မြိုင်ရယ်”

“ရှင်နဲ့ မြိုင်နဲ့တော့ ဖြစ်မှာမဟုတ်တော့ပါဘူး ကိုတင်ဦးရယ်။ နောက်ထပ်ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် မတွေ့ကြတော့ရင် ပိုပြီးကောင်းလိမ့်မယ် ထင်တာပဲ”

“ပြောနေ ဆိုနေရင်း မြိုင်က ဖောက်ဖောက်လာတာကိုး...”

“ဖောက်လာတာမဟုတ်ဘူး ကိုတင်ဦး။ မြိုင့်စိတ်ထဲမှာ ရှိနေတာတွေကို ခပ်ရှင်းရှင်း ဖွင့်ပြောနေတာ”

"စောစောက မြိုင်ပြောတုန်းကတော့ ကိုတင်ဦးကို ဘယ်တုန်းကမှ စိတ်မဆိုးခဲ့ဘူး ဆို”

"ဟုတ်ပါတယ်... ရှင့်ကို ဘယ်တုန်းကမှ စိတ်မဆိုးခဲ့ပါဘူး။ ဒါပေမဲ့ စိတ်ကတော့ အင်မတန်နာတယ်"

"ခက်ပါကလား မြိုင်ရယ်..."

"ခက်မနေနဲ့တော့ ကိုတင်ဦး... ရှင် လုပ်ချင်ရာကို လွတ်လွတ်လပ်လပ် လုပ်နိုင်အောင်လို့ မြိုင့်ကိုလည်း မြိုင် ပျော်သလိုနေနိုင်အောင် လွတ်လွတ်လပ်လပ် ထားပေးစေ ချင်တယ်..."

"ဘာပဲဖြစ်ဖြစ် ကိုတင်ဦး အိန္ဒိယက ပြန်ရောက်ရင် မြိုင့်ကို လာခေါ်ပါရစေတော့လား မြိုင်ရယ်"

"မြိုင့်ကို နောက်ထပ် ဒုက္ခမပေးချင်ပါနဲ့တော့ ကိုတင်ဦး။ မြိုင့်ဘာသာမြိုင် အေးအေးချမ်းချမ်း နေစမ်းပါရစေ"

"ကိုတင်ဦး အိန္ဒိယက ပြန်ရောက်ရင် အင်္ဂလိပ်သတင်းစာကလည်း စတော့မှာမို့ မြိုင် အိမ်မှာရှိမှဖြစ်လိမ့်မယ်ထင်တယ်"

"မလိုပါဘူး ကိုတင်ဦး။ ရှင့်အပေါင်းအသင်းနဲ့ မိတ်ဆွေတွေလည်း ရှိသားပဲ မဟုတ်လား"

"မြိုင်ကလည်း အပြောရတယ်ခက်သကိုး"

"ဒါတွေပြောနေရင် ပိုပြီးဆိုးလာလိမ့်မယ်ထင်တယ် ကိုတင်ဦး။ ဒါကြောင့် ဘာမှ မပြောဘဲထားရင် ပိုကောင်းလိမ့်မယ်"

"မြိုင် စိတ်ဆိုးမပြေသေးရင်လည်း စိတ်ဆိုးပြေတဲ့အထိ နေဦးပေါ့လေ ဟုတ်လား။ မြိုင် စိတ်ဆိုးပြေတဲ့အခါ ကျတော့မှပဲ ကိုတင်ဦး အေးအေးဆေးဆေး လာခေါ်တော့မယ် နော်"

"ဒီတစ်သက်မှာတော့ ခက်ပါသေးတယ် ကိုတင်ဦးရယ်"

"ဩော်... ဒါထက် ဦးနဲ့တွေ့လို့ ကိုတင်ဦးကိုများ မေးလာရင် ကိုတင်ဦး ဘယ်လို ကြည့်ပြောရမလဲဆိုတာကိုတော့ ပြောထားစမ်းပါဦး မြိုင်။ တော်တော်ကြာ မြိုင်ပြောထားတာနဲ့ ကိုတင်ဦး ပြောတာတွေနဲ့

တလွဲစီဖြစ်ကုန်ရင် ခွကျကုန်လိမ့်မယ်”

“မြိုင်ကတော့ ဖေဖေ့ကို ပြုစုစောင့်ရှောက်ရအောင် လာနေတာလို့ ပြောထားတယ် ဒါပါပဲ"

“ဒီလိုပြောထားတာ ကောင်းပါတယ် မြိုင်။ ဦးဟာ ကောင်းကောင်းလည်း မာတာ မဟုတ်လို့ မြိုင်တို့၊ ကိုတင်ဦးတို့ လူငယ်တွေရဲ့ ကိစ္စနဲ့ပတ်သက်ပြီး စိတ်သောက မရောက်ရရင် ပိုကောင်းတာပါပဲလေ..."

“ဒေါ်လေးကိုတော့ မြိုင် ဖွင့်ပြောထားတယ်”

“ဒါကတော့ မြိုင့်သဘောပဲလေ။ မြိုင်က ကောင်းမယ်ထင်ရင် လုပ်တာပေါ့”

“ရှင်ပြောစရာရှိတာ ဒါပဲမဟုတ်လား ကိုတင်ဦး”

“ကိုတင်ဦးကို ပြန်စေချင်ပြီလား မြိုင်”

မြိုင်သည် ဘာမှပြန်မပြောဘဲ ငြိမ်နေလိုက်သည်။ စင်စစ်တော့ မြိုင်သည် ကိုတင်ဦးအား နောက်ထပ်၍ လက်ခံစကားပြောဆိုခြင်း မပြုလိုတော့ပေ။ ပြန်စေချင်ပေပြီ။

“မြိုင်ကမှ ဒါလောက်ပြန်စေချင်ရင်တော့ ကိုတင်ဦးလည်း ပြန်ရတာပေါ့လေ။ ဒါပေမဲ့ အိန္ဒိယက ပြန်ရောက်ရင် မြိုင် စိတ်ဆိုးပြေလိုပြေငြား ကိုတင်ဦး တစ်ခေါက် လာခေါ်ကြည့်ပါရစေဦးနော်... မြိုင်”

ကိုတင်ဦးသည် ထိုင်ရာမှ မထချင်ထချင်နှင့် ထရင်း မြိုင့်မျက်နှာအား တစိမ့်စိမ့်ကြည့်ရင်း ပြောလိုက်ပေသည်။

“ဒီတစ်သက်မှာတော့ ကိုတင်ဦးနဲ့ မြိုင်တို့ အတူတူ ပြန်နေနိုင်ကြဖို့ကတော့ ဝေးပြီထင်တယ် ကိုတင်ဦး။ ခုလို အသာတကြည်နဲ့ လူချင်း တဖြည်းဖြည်းခွဲပြီးနေကြတာက အားလုံးအတွက် ကောင်းလိမ့်မယ်”

“ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ မြိုင်ရယ်။ လင်မယားဆိုတာ တစ်ယောက်နဲ့ တစ်ယောက် စိတ်ဆိုးပြီး သင့်မြတ်တဲ့အခါလည်း

ပြန်သင့်မြတ်ကြရတာပဲ မဟုတ်လား”

“ဒါပေမဲ့ ကိုတင်ဦးနဲ့ မြိုင့်အတွက်တော့ ဒီစကားဟာ အကျုံးဝင်လိမ့်မယ် မထင်ဘူး။ ဒါကြောင့် နောက်ထပ်ပြီးတော့ ဒုက္ခအပိုမရှာကြဘဲ မသိလိုက်မသိဘာသာ ခုလို ဖြည်းဖြည်းအေးအေး ခွဲနေသွားရတာက ပိုကောင်းလိမ့်မယ်လို့ ပြောရတာပါ”

“ကိုင်းပါလေ…ကိုတင်ဦးအပေါ်မှာ မြိုင် စိတ်ဆိုးမပြေဘဲရှိနေတုန်း နောက်ထပ် ကိုတင်ဦး ဘာမှမပြောသေးပါဘူး”

“မြိုင် စိတ်ဆိုးမပြေသေးလို့ ပြောနေတာမဟုတ်ဘူး ကိုတင်ဦး။ မြိုင် သေသေချာချာ စဉ်းစားထားပြီးမှ ပြောတာပါ”

“ဘာပဲဖြစ်ဖြစ်လေ… အိန္ဒိယက ပြန်ရောက်တော့မှ ကိုတင်ဦး တစ်ခေါက်လာခဲ့ဦးမယ်နော် မြိုင်”

“မလာရင် ပိုကောင်းမယ်ထင်တယ် ကိုတင်ဦး။ မြိုင့်သဘောကို ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ ကိုတင်ဦးမျက်နှာကို မြိုင် နောက်ထပ် မကြည့်ပါရစေနဲ့"

“မြိုင့်ဟာက မဟုတ်သေးပါဘူးကွယ်”

“ရှင့်အဖို့မဟုတ်ပေမဲ့ မြိုင့်အဖို့တော့ အဟုတ်ရဲ့ ဟိုဘက်ကိုတောင် လွန်နေသေးတယ်”

“ကိုတင်ဦး ခရီးသွားခါနီး လာခါနီး စိတ်ဖြောင့်ဖြောင့်နဲ့ သွားပါရစေလား မြိုင်ရယ်”

“ရှင်ပြန်ရင် ကောင်းမယ်ထင်တယ် ကိုတင်ဦး။ နောက်ထပ် ပြီးတော့ ဒီအကြောင်းတွေ ဘာမှမပြောပါနဲ့တော့”

“ခက်ပါဘိတော့ မြိုင်ရယ်…”

“ရှင်ပြန်ပါ ကိုတင်ဦး… ရှင့်ကို ခုလို စကားလက်ခံပြောနေရတဲ့အတွက် မြိုင် သိပ်စိတ်ညစ်လာပြီ”

"ကိုတင်ဦးမှာ ဘာအပြစ်ရှိလို့ ဒါလောက် နှင်နေရတာလဲ မြိုင်"

"ဘာအပြစ်ရှိသတဲ့လား၊ တော်ပါတော့ ကိုတင်ဦး... ရှင့်ဘာသာရှင် အေးအေး ပြန်ပါ"

"မြိုင်ဟာ ကလေးမကလေးတစ်ယောက်လည်း မဟုတ်တော့ပါဘူးကွယ်"

"ရှင်ပြန်မလား မပြန်ဘူးလားဟင်... ကိုတင်ဦး"

"နှစ်လကျော်ကျော် ကွဲနေရတဲ့ မယားကို ခုလောက် စကားပြောရရုံနဲ့ ဘယ်ပြန်လို့ ဖြစ်ပါ့ဦးမလဲ မြိုင်ရယ်"

"ရှင် ပြောလို့မရရင် နေတော့..."

ဟု ခပ်ကျယ်ကျယ်ကလေး အော်ဟစ်ပြောဆို ထားခဲ့ပြီးနောက် မြိုင်သည် အိမ်အပေါ်ထပ်သို့ ပြေးတက်သွားသဖြင့် ကိုတင်ဦးသည် ဧည့်ခန်းထဲတွင် တစ်ယောက်တည်း ယောင်ချာချာ ကျန်ရစ်ခဲ့လေသည်။

ကိုတင်ဦးသည် ဧည့်ခန်းထဲတွင် အချိန်မည်မျှကြာမြင့်သည့်တိုင်အောင် ငိုင်၍ ကျန်ရစ်ခဲ့သည်ကိုကား သတိမရလိုက်ပေ။

"ဘယ်လိုဖြစ်ကြတာလဲ မောင်တင်ဦးရယ်"

ဟူ၍ ဒေါ်လေး ဒေါ်စောခင်၏ မေးသံကို ကြားလိုက်တော့မှပင် သူသည် အသက်ပြန်ဝင် လာကာ လှုပ်လှုပ်ရှားရှားဖြစ်လာပေသည်။ သို့ရာတွင် သူသည် ဒေါ်လေး ဒေါ်စောခင် ကိုကား ရုတ်တရက် ဘာမျှပြန်မပြောနိုင်သေးပေ။ .

"မင်းတို့လင်မယား ဘယ်လိုဖြစ်ကြသလဲဆိုတာကို ဒေါ်လေး သိအောင် ပြောပြ စမ်းပါဦး... မောင်တင်ဦး"

ဟု ဒေါ်လေး ဒေါ်စောခင်က နောက်ထပ်၍ မေးလိုက်တော့ မှပင် ကိုတင်ဦးသည် ဖြေရန်ရှိသောအဖြေကို စဉ်းစားရလေသည်။ သူသည် မပေးလျှင် မဖြစ်သောအဖြေအတွက် အတန်ကြာမျှငိုင်၍

စဉ်းစားနေပြီးကာမှ...

"လင်မယား စိတ်ဆိုးကြတာပါ ဒေါ်လေး... ဒီပြင်တော့ ဘာမှထွေထွေထူးထူး မဖြစ်ကြပါဘူး"

ဟု ခပ်တိုတို ပြန်ဖြေလိုက်သည်။

"ဒါကိုတော့ ဒေါ်လေးလည်း မြိုင်က ပြောပြထားနှင့်လို့ သိသပေါ့ကွယ်။ ဒါပေမဲ့ ဘယ်လိုက ဘယ်လိုဖြစ်ကြတယ်ဆိုတာကိုတော့ ပြောပြကြဦးမှပေါ့"

"မြိုင်က ကျွန်တော့်ကို အထင်လွဲသလားတော့ မပြောတတ်ပါဘူး ဒေါ်လေးရယ်... ကျွန်တော်လည်း သေသေချာချာကို မသိရသေးပါဘူး"

"မင်းတို့လင်မယား စိတ်ဆိုးကြတာက တစ်ယောက်ကိုတစ်ယောက် ဘာပြုလို့ စိတ်ဆိုးကြတယ်ဆိုတာကိုတောင် မင်းတို့ကိုယ်တိုင်ပဲ မသိကြဘူးပေါ့"

"ဒီလိုပြောရမလိုဖြစ်နေတယ် ဒေါ်လေး"

"ဒီလိုလည်း မဟုတ်နိုင်သေးဘူးထင်တယ် မောင်တင်ဦး"

"ကျွန်တော့်အပေါ် သူ မကျေမနပ်ဖြစ်တဲ့ကိစ္စကိုတော့ မြိုင် သေသေချာချာ မပြောသွားလို့ ကျွန်တော်လည်း မစဉ်းစားတတ်အောင် ဖြစ်နေတာပဲ ဒေါ်လေး။ နောက်ပြီးတော့ နောက်ထပ် အလုပ်တစ်ခုက လုပ်ရကိုင်ရမယ့်ဆဲဆဲဆိုတော့ သူ့ကိုလည်း ဂရုမစိုက်မိခဲ့ တာတော့ အမှန်ပါပဲ"

"မင်းအပေါ်မှာ မြိုင်ရဲ့ အကြီးဆုံး မကျေနပ်ချက်ကတော့ ဒေါ်လေး နှိုက်ယူလို့ ရသလောက် မင်းက သူ့ကို ပစ်စလက်ခတ် ထားတယ်လို့ မြိုင်က စွဲနေပုံရတယ်"

"ပစ်စလက်ခတ် ထားတာတော့ မဟုတ်ပါဘူး ဒေါ်လေး။ ကျွန်တော်ကလည်း ကိုယ်အလုပ်အကိုင်နဲ့ကိုယ် ဣန္ဒြေရရဖြစ်အောင် ကြိုးပမ်းနေရလို့ အိမ်ကိစ္စမှာ လစ်ဟင်း သွားတာပါ"

"ဘာပဲဖြစ်ဖြစ်ပေါ့ကွယ်။ ဒေါ်လေးနဲ့ မင်း ခုလို ပြောရင်းဆိုရင်း မင်း ချို့ယွင်းချက် မင်းပြန်မြင်လာတာဟာ အမြတ်ပေါ့"

"ကျွန်တော် ကြိုးစားပြီး ဆင်ခြင်ပါ့မယ် ဒေါ်လေး... မြိုင့်ကိုလည်း စိတ်ပြေသွားအောင် ဒေါ်လေးက တစ်ဆိတ်လောက် နားသွင်းပေးပါဦး"

"ဒါကတော့ ဒေါ်လေးတို့ လူကြီးတွေရဲ့ တာဝန်ပေါ့ကွယ်။ မင်း ပူမနေပါနဲ့။ မင်းမိန်းမကိုသာ မကြာခဏ လာလာတွေ့ ဖို့ မင်းတာဝန်ကိုလည်း မပေါ့စေချင်ဘူး"

"အရင်က ကျွန်တော် မလာမိတာလည်း အလုပ်က များလွန်းလို့ပါ ဒေါ်လေး။ အခု ကျွန်တော် အိန္ဒိယက ပြန်လာပြီးရင် ဂရုစိုက်ပြီးလာပါ့မယ်"

"ဘာဖြစ်ဖြစ် ပေါ့ပေါ့လျော့လျော့ မလုပ်နဲ့ပေါ့ကွယ်... ဟုတ်လား"

"ဟုတ်ကဲ့ဒေါ်လေး... ကျွန်တော် အချိန်သိပ်မရတော့လို့ ပြန်ဖို့ခွင့်ပြုပါဦး"

"အေးအေး... ဒေါ်လေး ပြောတာကိုလည်း မမေ့နဲ့ပေါ့ကွယ်"

မြိုင်နှင့် တွေ့ဆုံစကားပြောရစဉ်က စိတ်ညစ်ညူးခဲ့သော ကိုတင်ဦးသည် ဒေါ်လေး ဒေါ်စောခင်နှင့် စကားပြောဆိုလိုက်ရသောအခါ များစွာ သက်သာပေါ့ပါး၍ သွားပေသည်။ ကိုတင်ဦး ရွှေတောင်ကြားအိမ်ကြီးအတွင်းမှ ထွက်သွားသောအချိန်တွင် မြိုင်သည် ၎င်း၏ခုတင်ထက်တွင် ငိုယိုလျက်ရှိပေသည်။ သို့ရာတွင် အာရှ၊ အာဖရိကနိုင်ငံများ၏ စည်းလုံးညီညွတ်ရေးညီလာခံသို့ စိတ်စောလျက်ရှိနေသော နိုင်ငံရေးသတ္တဝါတစ်ကောင် ကတော့ သူ့မယားတစ်ယောက်လုံး အိမ်ပေါ်၌ ငိုယိုကျန်ရစ်ခဲ့သည်ကို မသိရှာလေတကား။

❦ ❦ ❦

(၈)

သုံးလေးရက်ခန့်မျှ စိတ်မကောင်းဖြစ်နေရ၍ မြိုင်သည် အိမ်ထဲမှ အိမ်အပြင်သို့ပင် မထွက်ဘဲ ၎င်း၏အခန်းထဲတွင် ကုပ်၍ နေလေသည်။ ၎င်း၏အခန်းထဲတွင် ကုပ်၍ နေရင်း မြိုင်သည် ကိုတင်ဦး အိန္ဒိယမှ ပြန်ရောက်လာသောအခါ ၎င်းအား လာခေါ်မည်ဆိုသော ကိစ္စကို စဉ်းစားလျက်ရှိပေသည်။

မြိုင်သည် ကိုတင်ဦး ခေါ်ရာနောက်သို့ မည်သည့်နည်းနှင့်မျှ ပြန်မလိုက်လိုတော့ပေ။ ကိုတင်ဦးနှင့် ရေကျော်အိမ်တွင် အတူနေထိုင်ခဲ့ရစဉ်က မကြာခဏ စိတ်ညစ်ညူးခဲ့ ရသလောက် ယခု မိမိဘာသာမိမိ တစ်ယောက်တည်း ရွှေတောင်ကြား၌ လာရောက်နေထိုင်ရသောအခါ စိတ်ချမ်းသာ ပျော်မွေ့ လျက်ရှိပေသည်။ မြိုင့်အဖို့ ရွှေတောင်ကြားသည် အိမ်ဖြစ်၍ လင်နှင့် အတူနေရသော ရေကျော်သည် သာလာယံဇရပ်ကဲ့သို့လည်း ဖြစ်နေပေသည်။ တတ်နိုင်လျှင် မည်သူမျှ သာလာယံဇရပ်တွင် နေလိုလိမ့်မည်မဟုတ်ပေ။ မိမိ အိမ်တွင်သာ နေလိုပေသည်။ အစစအရာရာတွင် အကောင်းကြိုက်တတ်သော မြိုင်တစ်ယောက်အတွက် အကောင်းဆို၍ ဘာမျှမသိတတ်သော ကိုတင်ဦးသည် မည်ကဲ့သို့မျှ အသုံးချ၍ မရနိုင်သော လူတစ်ယောက် ဖြစ်နေပေသည်။

အိန္ဒိယမှ ပြန်ရောက်လာပြီးနောက် မိမိအား ကိုတင်ဦးက လာ၍ ခေါ်ချေလျှင် မိမိအနေနှင့် အဘယ်ကဲ့သို့ ရှောင်ကွင်းငြင်းဆန်ရမည့်အရေးကို စဉ်းစားဉာဏ်ထုတ်ရင်း ရတ်တရက် စဉ်းစားမရ၍ မြိုင်သည် စိတ်ညစ်ညူးလျက်ရှိပေသည်။ တစ်ကြိမ်က မိမိ သဘောနှင့်မိမိ လိုက်ပါသွားသော လင်လုပ်သူ၏အိမ်မှ မိမိသဘောနှင့်မိမိ ပြန်ပြေးလာပြီးနောက် ထိုလင်က လိုက်လာ၍ ခေါ်သောအခါ မြိုင်သည် အဘယ်လူကြီးမိဘတို့ကို တိုင်ကြား၍ ငြင်းဆန်ခြင်းပြုနိုင်ပါမည်နည်း။ မြိုင်သည် မိမိ ပြုလုပ်ခဲ့သောအမှုနှင့် မိမိ ငြင်းဆန်လိုသောအမှုကို နှိုင်းယှဉ်စဉ်းစားမိသည်။ အကယ်၍ လူကြီးမိဘတို့က ပေးစားသောလင်ဖြစ်ခဲ့ပါက မြိုင်၏အတွက် ကောင်းစွာဆင်ခြေတက်၍ ငြင်းဆန်နိုင်ပေသည်။ သို့ရာတွင် ကိုတင်ဦးသည် မြိုင့်အား လူကြီးမိဘများက သဘောတူပေးစားခဲ့သောလင် မဟုတ်ပေ။ မိမိသဘောနှင့် မိမိဘာသာ လူကြီးမိဘတို့ကိုပင် ပုန်ကန်၍ ရွေးချယ်ယူငင် ပေးစားခဲ့သော လင်ဖြစ်ပေသည်။ မိမိအမှုနှင့်မိမိ၊ မိမိအပြစ်နှင့်မိမိဖြစ်နေသော မြိုင်သည် မည်သို့ ပြုလုပ်ရပါမည်နည်း။

ကိုတင်ဦး လာ၍ ခေါ်သောအခါ မလိုက်လိုကြောင်းဖြင့် မိမိက ငြင်းဆန်ရမည့် အလုပ်သည် မြိုင့်အတွက် သေးငယ်သော အလုပ်ကား မဟုတ်ပေ။ မြိုင်သည် ဒီအချက်ကို ကောင်းစွာ စဉ်းစားမိပြီးဖြစ်လေသည်။ သို့ရာတွင် မြိုင်သည် ကိုတင်ဦးနောက်သို့ကား မည်သည့်နည်းနှင့်မျှ ပြန်မလိုက်နိုင်တော့ပေ။ ကိုတင်ဦးနှင့် ပြန်လည်၍ အတူနေထိုင်ခြင်း ပြုရမည့် စိတ်တို့သည်လည်း ကုန်ခန်းလျက်ရှိပေသည်။ အကယ်၍ ကိုတင်ဦးက မိမိအား ဇွတ်တရွတ် လာရောက်ခေါ်ငင်သောအခါတွင် လူကြီးများကလည်း ဘာမျှမပြောမဆိုဘဲ နေကြလျှင် မြိုင်သည် ရွှေတောင်ကြားအိမ်မှပင် အခြားတစ်ပါးသို့ ရှောင်သွားရန်အထိ စဉ်းစားထားမိပေသည်။

မိမိ ရင်ဆိုင်ခြင်းပြုရမည့်အရေးကိစ္စနှင့် ရှောင်ကွင်းခြင်း ပြုရမည့် နည်းပရိယာယ်တို့ကို တွေးတောကြံစည်ခြင်း ပြုနေရသည့်အတွက်ကြောင့် မြိုင်သည် နေ့စဉ် စားသောက် နေကျဖြစ်သော ထမင်းစားဖို့အရေးကိုပင် မေ့လျော့နေတတ်သဖြင့် ဒေါ်လေး ဒေါ်စောခင် ကပင် လာရောက်ခေါ်ငင်ခြင်းပြုရလေသည်။

“ဟဲ့ မြိုင်… ညည်း ထမင်းမစားတော့ဘူးလားဟင်”

ဟု ဒေါ်လေး ဒေါ်စောခင် က ၎င်း၏အခန်းတွင်းသို့ ဝင်လာပြီး မေးမြန်းလိုက်တော့မှ မြိုင်သည် ထမင်းစားရမည့် အလုပ်ကို သတိရလာပေသည်။ နံနက်စာစားသောက်ရန် မေ့လျော့နေမိသော မိမိအဖြစ် ကိုလည်း သတိရလာပေသည်။

ထမင်းစားချင်စိတ်က မရှိ၍ များများစားစားလည်း မစားနိုင်ပေ။ ထမင်းပန်းကန် တစ်ဝက်မျှမကုန်မီ မြိုင်သည် ထမင်းစားပွဲမှ ထလိုက်သည်။

“ဟဲ့ မြိုင်… ညည်း ဘာမှလည်း မစားနိုင်ပါကလား”

ဟု ဒေါ်လေး ဒေါ်စောခင် က မြိုင့်အား မေးမြန်းလိုက်သောအခါ…

“မြိုင် ရင်ခံနေလို့ပါ ဒေါ်လေးရဲ့”

ဟုသာ ခပ်တိုတိုနှင့် စကားဖြတ်ကာ မြိုင်သည် ထမင်းစားခန်းထဲမှ ထွက်လာ ခဲ့မိသည်။

မြိုင်သည် ညဘက်များတွင်လည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ပေ။ ၁၂ နာရီ တစ်ချက်တီးလောက်မှ အိပ်ပျော်တတ်ပြီးလျှင် နံနက်သုံးနာရီ၊ လေးနာရီခန့်တွင် ပြန်နိုးကာ မိုးစင်စင်လင်းသည်အထိ မျက်လုံးများ ကြောင်နေတတ်သည်။ ပြန်၍ အိပ်မရဘဲ မျက်လုံးများ ကြောင်နေသဖြင့် မြိုင်သည် တောင်တွေး မြောက်တွေးနှင့် တွေးမိတွေးရာ လျှောက်၍ တွေးနေတတ်သည်။ မည်သည့်ကိစ္စကိုပင် တွေးတွေး နောက်ဆုံး၌ ကိုတင်ဦး၏ အကျဉ်းသားဘဝသို့ နောက်ထပ်၍ ပြန်မရောက်နိုင်အောင် အဘယ်ပုံ ဘယ်နည်း ကြံရမည်ဆိုသော ဘူတာသို့ ပြန်၍ ပြန်၍သာ ဆိုက်လေသည်။

မြိုင်သည် တစ်ကြိမ်က မိမိ၏သူရဲကောင်းကြီးအဖြစ်ဖြင့် ကိုးကွယ်ယုံစားခဲ့သော လူတစ်ယောက်အား ယခုအခါတွင် အဘယ်ကြောင့် ဤမျှ မျက်နှာချင်းပင် မဆိုင်ချင် လောက်အောင် စိတ်ပျက်လျက်ရှိနေရသော မိမိ၏အဖြစ်ကိုကား တစ်ကြိမ်တစ်ခါမျှ စဉ်းစားရှာဖွေခြင်း မပြုလုပ်ခဲ့မိပေ။ ဤနေရာ၌ မြိုင်သည် ကလေးသူငယ်မတစ်ယောက်နှင့် မခြားတော့ဟု ဆိုရပေမည်။ ကလေးမသည် မိဘများက သင့်လျော်သည်ထင်၍ ဝယ်ခြမ်းပေးသော ကစားစရာအရုပ်ကို မလိုချင်သဖြင့် မိမိလိုချင်သော ကစားစရာအရုပ်ကို မိမိသဘောနှင့် မိမိ ရယူခဲ့သည်။ ထိုကဲ့သို့ မိမိစိတ်တိုင်းကျ ကစားစရာအရုပ်ကို ရယူ ပြီးနောက် ထိုအရုပ်ကို နောက်ထပ်၍ မလိုချင်တော့ရာ၌ မိမိတာဝန်နှင့် မိမိဖြစ်သည်ကို ကလေးမသည် မစဉ်းစားတတ်သကဲ့သို့ မြိုင်သည်လည်း မိမိသဘောနှင့်မိမိ ပြုခဲ့သောကိစ္စများကို မိမိ၌သာလျှင် တာဝန်အကြီးဆုံးရှိနေသည်ကို အနည်းငယ်မျှ စဉ်းစားခြင်းမပြုဘဲ ရှောင်ကွင်းထွက်ပြေးဖို့လောက်သာ မိုက်မိုက်မဲမဲကြီး ကြံစည်လျက်ရှိပေသည်။ မသိတတ်သေးသော ကလေးမသည် ၎င်းမလိုချင်တော့သော ကစားစရာအရုပ်ကို တော်ရာသို့လွှင့်ပစ်၍ ထွက်ပြေးနေနိုင်မည်ဖြစ်သော်လည်း မြိုင်သည် ထိုကလေးမကဲ့သို့ ပြုလုပ်၍ ဖြစ်နိုင်ပါ မည်လော။

ကိုတင်ဦးနှင့် လက်မထပ်မီကပင် ကိုတင်ဦးသည် မြိုင်၏ လောကမှမဟုတ်ဘဲ အောက်တန်းစားတို့၏လောကမှ လူတစ်ယောက်ဖြစ်သည်ကို မြိုင်ကိုယ်တိုင် သိပြီးမဟုတ် သလော။ သူသည် စာသင်ကျောင်း၌ ပညာကို ဖြောင့်ဖြောင့်တန်းတန်း သင်ကြားခဲ့ရသူ တစ်ဦး မဟုတ်ပါဟူ၍ သူကိုယ်တိုင်ကပင် မြိုင့်အား ထုတ်ဖော်ပြောကြားခဲ့သည်မဟုတ် သလော။

မိဘနှင့် ဆွေမျိုးသားချင်းများက ဤကဲ့သို့ အခြေအမြစ်မရှိသူကို လက်မထပ်ရန် အမျိုးမျိုးဖျက်ခဲ့ကြသည်ကို မြိုင်သည် အဆိပ်တက်နေစဉ်ကာလက နားကန်းနေခဲ့သော်လည်း ယခုမှပင် နောင်တရသလိုရှိလာသည်။ မိမိဖခင်နှင့် အစ်ကိုလုပ်သူတို့ကိုယ်တိုင် မိမိအား ပြောဆိုမရတော့၍ ကိုတင်ဦးထံသို့ မျက်နှာအောက်ကျခံကာ သွားရောက်တောင်းပန်ခဲ့ကြသောကိစ္စများအတွက် ယခုမှပင် မြိုင်သည် ကျေးဇူးတင်ရကောင်းမှန်း နားလည် လာသလို ရှိလာသည်။ ဤကဲ့သို့ စဉ်းစားခြင်းပြုမိတော့မှပင် လဲ့လဲ့က မိမိအပေါ် ထားရှိ ခဲ့သောစေတနာနှင့် ဟိုလူတစ်ဖက်သားလက်အတွင်းသို့ မရောက်သွားလေအောင် မိမိ အား အတင်းရော အဓမ္မပါ ဆွဲနုတ်ကယ်တင်ရန် ရိုင်းရိုင်းစိုင်းစိုင်းနှင့် ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံလာခဲ့သော ကိုသက်တင်တို့၏ စေတနာကိုပါ စဉ်းစားလာမိပေသည်။ သို့ရာတွင် ကိုသက်ထွန်းက တစ်လောကဆီမှ လာရောက်တွေ့ ဆုံပေါင်းစပ်မိကြသော လူသတ္တဝါနှစ်ဦး ဖြစ်သောကြောင့် တစ်ဦးကိုတစ်ဦးက နားလည်ခြင်းရှိသည်ထက် ရှိအောင် ကြိုးစားရင်း တစ်ဦးကိုတစ်ဦး စိတ်ရှည်လက်ရှည် အပေးအယူသဘောထားကာ ဆက်ဆံ သွားကြလျှင် သာယာပျော်မွေ့ ဖွယ်ရာ အိမ်ထောင်ကြီးတစ်ခု ဖြစ်လာလိမ့်မည့်အကြောင်း

သတိပေး ဆုံးမခဲ့သောစကားကိုတော့ကား မြိုင်သည် လုံးဝသတိမရတော့ပေ။

ကိုတင်ဦးနှင့် မိမိ၏အခြေအနေမှန်ကို မြိုင်သည် ဒေါ်လေး ဒေါ်စောခင် တစ်ယောက်တည်းကိုသာ အကြောင်းစုံဖွင့်ပြောထားခဲ့ရာမှ ယခုအခါတွင် ပြောဆိုတိုင်ပင် အပ်သော မိတ်ဆွေသူငယ်ချင်းတစ်ဦးအနေနှင့် လဲ့လဲ့ကို ဖွင့်ဟပြောဆို၍ တိုင်ပင်သည် အထိ ဖြစ်လာပေသည်။ ဤကဲ့သို့ မြိုင်က တိုင်ပင်လာသောကိစ္စသည် လဲ့လဲ့၏နားထဲ၌သာ မနေတော့ဘဲ လဲ့လဲ့၏မိခင်နှင့် ကိုသက်တင်တို့၏ နားများအတွင်းသို့ ရောက်ရှိသွား ပြန်လေသည်။ ကိုသက်တင်၏ နားထဲမှတစ်ဖန် ၎င်း၏မိခင်နားသို့ ကူးစက်ရောက်ရှိသွား ပြန်သကဲ့သို့ ဒေါ်မိမိခင်ကမှတစ်ဆင့် ကိုသက်ထွန်း နားသို့လည်းကောင်း၊ မောင်မောင်လတ်၏မိခင်များထံသို့လည်းကောင်း ပျံ့နှံ့ရောက်ရှိသွားပေတော့သည်။ မြိုင်နှင့် ကိုတင်ဦးတို့လင်မယား၏ အတွင်းရေးသတင်းသည် ယခုအခါတွင် ရှစ်မိုင်ဘက်နှင့် ကံဘဲ့ဘက် တစ်လျှောက်တွင် တိုးတိုးတိတ်တိတ် ပြောဆိုလျက်ရှိကြသော သတင်းဖြစ်လာပေသည်။ သို့ရာတွင် ဤကဲ့သို့ပေါက်ကြားလျက်ရှိသောသတင်းကို ရွှေတောင်ကြားအိမ်မှ ဒေါ်လေး

ဒေါ်စောခင်ပင်လျှင် မသိရှာပေ။ မြိုင်၏ဖခင် ဦးထွန်းမင်းကား သူ၏သမီးသည် သူ့အား ပြုစုစောင့်ရှောက်ရအောင် လာရောက်နေထိုင်လျက်ရှိသည်ဟူ၍ နားလည်ထားတုန်းသာ ဖြစ်ပေသည်။

မြိုင်နှင့် ကိုတင်ဦးတို့ လင်မယား၏ အတွင်းရေးကိစ္စကို အတွင်းသတင်းအဖြစ်ဖြင့် ရှစ်မိုင်ဘက်နှင့် ကံဘဲ့ဘက်တွင် ၎င်းတို့အချင်းချင်း တိုးတိုးတိတ်တိတ် ပြောဆိုနေကြသည့် အခိုက် တစ်နေ့သောအခါ မမျှော်လင့်ဘဲနှင့် မောင်မောင်လတ်သည် ရွှေတောင်ကြားအိမ်သို့ ရုတ်တရက်ရောက်ရှိလာလေသည်။ မောင်မောင်လတ် ရောက်သောအချိန်မှာ နေ့ခင်း နှစ်နာရီအချိန်သာသာခန့်ဖြစ်၍ မြိုင်နှင့် ဦးထွန်းမင်းတို့သားအဖသည် အိမ်အပေါ်ထပ်ရှိ မိမိတို့အခန်းများထဲ၌ နေ့လယ်နေ့ခင်းအတွက် တစ်ရေးတစ်မော အိပ်စက်လျက်ရှိကြပေ သည်။ ဒေါ်လေး ဒေါ်စောခင်တစ်ယောက်သာလျှင် မြိုင်တို့သားအဖ နေ့ခင်းအိပ်ရာကနိုးလျှင် အဆင်သင့်တိုက်နိုင်ရန် ထမင်းစားခန်းတွင် ကော်ဖီဖျော်နေပေသည်။

ရွှေတောင်ကြားအိမ်သို့ လာရောက်လည်ပတ်ခြင်းမပြုသည်မှာ အချိန်အတန်ကြာညောင်းသွားပြီဖြစ်သော မောင်မောင်လတ်သည် မမျှော်လင့်သောအချိန်တွင် မိမိ ကော်ဖီ ဖျော်နေသော ထမင်းစားခန်းအတွင်းသို့ တန်းတန်းမတ်မတ် ဝင်၍ လာသောအခါ ဒေါ်လေး ဒေါ်စောခင်သည် ရုတ်တရက် စကားပြောဆိုခြင်း မပြုနိုင်သေးဘဲ ငေးစိုက်၍ ကြည့်နေမိ လေသည်။

“ဒေါ်လေး ကော်ဖီဖျော်နေတုန်း ရောက်လာတာ ဟန်ကျတာပဲ။ ကျွန်တော်လည်း အိမ်က မသောက်လာခဲ့ရသေးတာနဲ့မို့”

ဟု ပြောကာဆိုကာနှင့် မောင်မောင်လတ်သည် ကုလားထိုင်လွတ်တစ်လုံးတွင် ဝင်၍ ထိုင်လိုက်ပြီးနောက် မြိုင်တစ်ယောက်ကော မမြင်ပါလား ဒေါ်လေးရဲ့”

ဟု မေးခွန်းသစ်ကို ဆက်၍ မေးလေသည်။

“မြိုင် သူ့အခန်းထဲမှာ အိပ်နေတယ် ထင်ပါရဲ့ကွယ်။ ဒါထက် မင်း အခုအိမ်က လာခဲ့တာပဲလား”

“မေမေက ဘယ်မှမထွက်ရဘူးဆိုလို့ ဒေါ်လေးတို့ဆီ အခုလာလည်ဖို့ဟာကိုတောင် မနည်းကြီး ကျိန်တွယ်ပြောလာခဲ့ရတယ်။ ဒါတောင် တစ်နာရီထက် ပိုမကြာစေနဲ့နော်လို့ ကန့်သတ်လိုက်သေးတယ်”

“မင်းကလေးကော နေကောင်းရဲ့လားဟင်”

“သူတို့မြေးအဘွားကတော့ လုံးနေတာပါပဲ။ ဖေဖေကတောင် သူ့မြေးကို ခေါ်ခေါ် သိပ်တဲ့အခါသိပ်လို့ မေမေကတောင် ဆူဆူနေသေးတယ်”

“ကလေးအမေတစ်ယောက်ကော ဘယ်လိုကြားသေးသလဲ”

“အရက်သမားလုံးလုံးဖြစ်နေပြီလို့ ပြောတာပဲ ဒေါ်လေး။ ဆယ့်လေးငါးရက်လောက်က သူ့ကို စောင့်ရှောက်နေတဲ့ သူ့အဒေါ်နဲ့တွေ့လို့ သူ့သတင်းနဲ့ အခြေအနေကို မေးကြည့်မိတယ်။ မေခင်တစ်ယောက်တော့ စိတ်က ကောင်းကောင်းမမှန်ရတဲ့အထဲ အရက်လည်း နေ့မလင်း ညမလင်း သောက်နေသတဲ့”

“မင်းတို့ကိစ္စကို ကင်းကင်းရှင်းရှင်း ဖြစ်သွားအောင် ဘယ်တော့လောက်မှ လုပ်ပြီးကြမှာလဲကွဲ့”

“မေခင်က သူ့ကလေးကို ပြန်ပေးမှ ကွာဖို့ ရှင်းဖို့ လက်ခံမယ်ပြောနေတယ် ဒေါ်လေးရဲ့။ ဒီတော့ သူ့ကို ဒီကလေး ဘယ်လိုပြန်ပေးလို့ဖြစ်ပါ့မလဲ”

“မင်းတို့ဟာက အသားပြတ်ပြန်တော့လည်း အရိုးက တွဲလဲဆိုသလို ကျနေပါ ကလား”

“ဖေဖေနဲ့ မေမေတို့ကတော့ ကလေးကို ဒီမိန်းမလက်ထဲ ဘယ်နည်းနဲ့မှ ပြန်မပေး နိုင်ဘူးလို့ ပြောနေကြတယ်”

“တစ်ယောက်နဲ့တစ်ယောက် ကင်းကင်းရှင်းရှင်းနဲ့ ပြတ်ပြတ်စဲစဲဖြစ်သွားဖို့ကိုတော့ တစ်ခုခုကို ယတိပြတ်လုပ်ရလိမ့်မယ်ထင်တယ်”

“ဖေဖေနဲ့ မေမေတို့ကတော့ ဒီကိစ္စအတွက် ငွေဘယ်လောက်ပဲကုန်ကုန် ကုန်ပါစေလို့ ပြောတယ်”

"ဒါဖြင့်လည်း ကလေးအမေ ကျေနပ်လောက်အောင် ငွေငါးထောင် တစ်သောင်းလောက် ပေးလိုက်ရင်ကော မဖြစ်ဘူးလားဟင်... မောင်လတ်"

"ကျွန်တော်လည်း ဒီနည်းနဲ့ စမ်းကြည့်ပြီးပြီ ဒေါ်လေး.. မေခင်ဆိုတဲ့ မိန်းမက စိတ်သာ ကောင်းကောင်းမမှန်တော့ပေမဲ့ သူ့ကို ဒီအကွက်မျိုး လုံးလုံးအဆင်မခံတာက ခက်တယ်"

"တစ်သောင်းနဲ့ မဖြစ်ရင်လည်း မင်းမိဘတွေ ချမ်းသာသားပဲ။ သောင်းငါးထောင် နှစ်သောင်းအထိ တက်ပေးကြည့်ပါလား"

"မေခင့်အကြောင်းကို ဒေါ်လေးမသိပါဘူးဗျာ။ ဒါတွေ အပင်ပန်းခံပြီး ပြောမနေပါနဲ့တော့"

"မင်း အခုတစ်ခါတည်း ကော်ဖီသောက်တော့မလားဟေ့ မောင်လတ်"

ဟု ကော်ဖီ ဖျော်သွားပြီးသော ဒေါ်လေး ဒေါ်စောခင်က မောင်မောင်လတ်အား ကော်ဖီထည့်ပေးရန် အတွက် ပြုလုပ်ရင်း မေးလိုက်သည်။

"ကျွန်တော် မြိုင့်ကို သွားခေါ်လိုက်ဦးမယ် ဒေါ်လေး... မြိုင်နဲ့မှပဲ အတူတူသောက်တော့မယ်"

ဟု ပြောဆိုပြီးနောက် မောင်မောင်လတ်သည် ထိုင်ရာမှ ရုတ်တရက်ထကာ ထမင်းစားခန်းထဲမှ ထွက်သွားပြီးလျှင် အိမ်အပေါ်ထပ်သို့ တက်သွားသည်။

မောင်မောင်လတ်က ၎င်းနှင့်တွေ့ဆုံရန်အတွက် အိမ်ပေါ်သို့ တက်လာချိန်တွင် မြိုင်သည် နေ့ခင်း တစ်ရေးအိပ်၍ ကော်ဖီသောက်ရန်အတွက် အိမ်အောက်ထပ်သို့ ဆင်းလာတော့မည့်ဆဲဆဲဖြစ်သည်။ သို့ရာတွင် ဖြုန်းခနဲ မောင်မောင်လတ်သည် ၎င်းအခန်းထဲသို့ ဝင်လာသဖြင့် မြိုင်သည် အနည်းငယ်လန့်၍ သွားရာမှ မောင်မောင်လတ်မှန်း သိလျှင် သိချင်း အနည်းငယ် ပြုံးလာနိုင်လေသည်။

"မြိုင်... ကော်ဖီဆင်းသောက်တော့မလို့လား"

ဟု မောင်မောင်လတ်သည် မြိုင်၏ အလှပြင်သော မှန်တင်ခုံဘေးရှိ ကုလားထိုင်တွင် ဝင်၍ ထိုင်ရင်း မေးလိုက်လေသည်။

"ကိုကိုလတ်ကော ကော်ဖီသောက်ပြီးပြီလားဟင်၊ မသောက်ရသေးရင် မြိုင်နဲ့ အတူတူသောက်ရအောင်"

"ကော်ဖီသောက်တာကတော့ ဖြည်းဖြည်းပေါ့မြိုင်။ ကိုလတ် မြိုင့်ကို အရေးကြီးတဲ့ ကိစ္စတစ်ခုအတွက် သတိပေးရအောင် အိမ်ကတောင် မနည်းလစ်လာခဲ့ရတာ"

မြိုင်သည် အနည်းငယ်မျက်နှာပျက်၍ သွားလေသည်။ အရေးကြီးသောကိစ္စဟု ဆိုသည့်အတွက် မည်ကဲ့သို့သောကိစ္စဖြစ်လေမည်နည်းဟု ထိတ်လန့်ပူပန်သွားပုံလည်း ရသည်။

"ဘယ်လိုကိစ္စများလဲဟင် ကိုကိုလတ်"

"ကိုတင်ဦးနဲ့ မြိုင့်ကိစ္စပေါ့"

မိမိနှင့် ကိုတင်ဦးကိစ္စဟု ဆိုလိုက်သည့်အတွက် မြိုင်သည် ပို၍ မျက်စိပျက်၊ မျက်နှာပျက်ဖြစ်သွားကာ...

"ဘယ်လို မြိုင်တို့ကိစ္စလဲဟင်... ကိုကိုလတ်"

ဟု ပြန်၍ မေးလိုက် သည်။

"မြိုင်နဲ့ ကိုတင်ဦးတို့ အခုဖြစ်နေကြတဲ့ကိစ္စကို မေမေတို့၊ ဖေဖေတို့တောင် သိကုန် ကြပါပကောလားဟင်။ ကိုလတ်တောင် မေမေ တစ်နေ့က လဲ့လဲ့တို့မေမေနဲ့ ပြောနေသံ ကြားတော့မှ သိရတယ်"

"ဟင် လူကြီးတွေ သိကုန်ကြပြီ... ဟုတ်လား ကိုကိုလတ်"

"ဘယ်လိုဘယ်လိုလုပ်ပြီး သိကုန်ကြသလဲတော့ မပြောတတ်ဘူး"

"ဒီလိုဆိုရင်တော့ ဖေဖေ့နားရောက်တော့မယ်ထင်ပါရဲ့

ကိုကိုလတ်ရယ်”

မြိုင်၏ အသံသည် ငိုသံပါလာသည်။

“ဒီကိစ္စအတွက်နဲ့ မြိုင် ဘယ်သူ့ကိုများ ပြောမိသေးသလဲဟင်”

“ဒေါ်လေး ဒေါ်စောခင်တစ်ယောက်တော့ ဖွင့်မပြောထားရင်လည်း မဖြစ်လို့ မြိုင် ဖွင့်ပြောထားမိတယ်”

“ဒေါ်လေးကိုကော မြိုင် ပိတ်ထားမိရဲ့လား”

“ပိတ်ထားပါတယ်”

“ဒီလိုဆိုရင် တခြား ဘယ်သူ့ကိုများ ပြောမိသေးသလဲဆိုတာ စဉ်းစားစမ်းပါဦး မြိုင်”

“ဪ.. လဲ့လဲ့တစ်ယောက်ကိုတော့ဖြင့် တိုင်ပင်သင့်တယ်ထင်လို့ တိုင်ပင်မိသေးတယ် ကိုကိုလတ်”

“ဒါဖြင့် ဒီသတင်းဟာ တခြားလူဆီကတော့ မပေါက်နိုင်ဘူး။ လဲ့လဲ့က စပေါက် တာဖြစ်မှာပဲ”

“သူတို့လူကြီးတွေက တခြားက ကြားလာတာကော မဖြစ်နိုင်ဘူးလားဟင်... ကိုကိုလတ်”

“တခြားကဆိုရင်တော့ ကိုတင်ဦးဆီက ကြားနိုင်တာလည်း ဖြစ်နိုင်စရာရှိတယ်။ ဒီပြင်တော့ မဖြစ်နိုင်ဘူး”

“ကိုတင်ဦးက အစ်ကိုကြီး ကိုသက်ထွန်းကိုများ ဖွင့်တိုင်ပင်သေးသလား မပြောတတ်ဘူး”

“အစ်ကိုကြီး ကိုသက်ထွန်းကို ဖွင့်တိုင်ပင်တဲ့တိုင်အောင် ကိုသက်ထွန်းက ဒီလို ကိစ္စကို တခြားလူတွေ လျှောက်ပြောမယ့်လူစားတော့ မဟုတ်ဘူးမြိုင်...”

“ဒီကိစ္စကိုသာ ဖေဖေ ကြားသွားရင် မြိုင့်အတွက်နဲ့

စိတ်မကောင်းဖြစ်ရတော့မှာပဲ ကိုကိုလတ်ရယ်....”

ငိုသံပါနှင့် ပြောရင်း မြိုင်သည်မျက်ရည်များပင် ကျလာသည်။

“စိတ်မကောင်းရုံတင် မကဘူး မြိုင်... မြိုင့်ကိုကော သူ့အိမ်မှာ ဆက်ပြီး လက်ခံထားလို့ သူ့အနေနဲ့ ကောင်းပါဦးမလားဟင်...”

မောင်မောင်လတ်က ဤကဲ့သို့ ရှေ့အလားအလာကို ပြောဆိုလိုက်သည့်အတွက် မြိုင်သည် သာလွန်၍ စိုးရိမ်ထိတ်လန့်သွားမိလေသည်။ လင့်အိမ်မှ စိတ်ဆိုး၍ ဆင်းလာသော သမီးလုပ်သူအား လူ့ကိစ္စကိုနားလည်သော မည်သည့်မိဘတို့ကမှ အားပေး လက်ခံရိုး မရှိပေ။ အကယ်၍ မိမိတို့ လင်မယားကိစ္စကိုသာ ဖခင်လုပ်သူသည် သိရှိသွားခဲ့လျှင် မြိုင်အား မည်သည့်နည်းနှင့်မျှ ၎င်းအိမ်တွင် လက်ခံထားနိုင်တော့မည် မဟုတ်ပေ။ လက်ခံထား၍ လည်း သင့်လျော်လှတော့မည်ကား မဟုတ်ပေ။ ထိုအခါ၌ မြိုင်သည် အဘယ်သို့ ပြေးလွှားပုန်းအောင်း ရပါမည်နည်း။

ထိုအခိုက်....

“သမီးမြိုင်... သမီးအခန်းထဲမှာ ဘယ်သူနဲ့ စကားပြောနေတာလဲဟင်”

ဟု အပြင်ဘက်မှဖခင်လုပ်သူ၏ မေးမြန်းသံကို ရုတ်တရက်ကြားလိုက်ရလေသည်။ မြိုင်သည် မျက်ရည်ကို ကတိုက်ကရိုက်သုတ်ရသည်။

“အော်.. မောင်လတ်ပါလား....”

ဦးထွန်းမင်းသည် အခန်းတံခါးဝ၌ရပ်ကာ ၎င်း၏ တူလုပ်သူအား လှမ်း၍ နှုတ်ဆက်လေသည်။

မောင်မောင်လတ်သည် ဦးလေးဖြစ်သူအား ထိုင်ရာမှထ၍ အရိုအသေပေးပြီးနောက်...

“ဦးလေး တော်တော်ကလေး နေကောင်း ထိုင်ကောင်း ဖြစ်နေပြီထင်ပါတယ်...”

ဟု မေးမြန်းနှုတ်ဆက်လိုက်လေသည်။

"နေကောင်းလှတယ်လို့တော့မဟုတ်ပါဘူးကွာ.... ဦးလေး ရောဂါကတော့ ဒီလို ဒီလိုပါပဲ.... ဒါထက် မင်းဖေဖေနဲ့မေမေကော နေကောင်းကြရဲ့မဟုတ်လား...."

"ဟုတ်ကဲ့ဦးလေး....... နေကောင်းကြပါတယ်...."

"ဒါထက် မင်းကော်ဖီသောက်ပြီးပြီလာဟင်၊ မသောက်ခဲ့ရသေးရင် ဦးလေးတို့နှင့် အတူတူ သောက်သွားစမ်းပါဦးကွာ..."

ဟု မောင်မောင်လတ်ကို ကော်ဖီအတူသောက် ရန် ခေါ်ငင်ပြီးလျှင်...

"သမီးကော ကော်ဖီမသောက်သေးဘူးလားဟင်..."

ဟု မြိုင့်အား လှမ်း၍ မေးလိုက်ပြီးနောက် အိမ်အောက်ထပ်သို့ ကော်ဖီသောက်ရန် ထွက်သွားသဖြင့် မောင်မောင်လတ်နှင့် မြိုင်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ကျန်ရစ်ခဲ့ ကြလေသည်။

အခန်း [၂၄]

(က)

ၡင်းကြားသိလာခဲ့သော သတင်းကို စိုးရိမ်တကြီးဖြင့် မောင်မောင်လတ်သည် ရွှေတောင်ကြားအိမ်သို့ လာရောက်ပြောကြားကာ ပြန်သွားပြီးသည့်နောက်၊ ဒေါ်လေး ဒေါ်စောခင်နှင့် မြိုင်တို့ တူဝရီးနှစ်ယောက်တို့သည် ၃-၄ ရက်မျှ ဆက်၍ ခေါင်းချင်းရိုက်လျက်ရှိကြပေသည်။ ဒေါ်လေး ဒေါ်စောခင်သည် လူကြီးတစ်ယောက်လုံး လုပ်နေပြီးမှ၊ ငယ်ရွယ်သော တူမလုပ်သူ မြိုင်နှင့် တစ်ကျိတ်တည်း တစ်ဉာဏ်တည်းလုပ်ကာ၊ မြိုင်၏ ဖခင်အား လိမ်လည်ထားခဲ့မိပြီဖြစ်ခြင်းကြောင့်၊ ၡင်းအပြစ်နှင့်ၡင်း ပို၍ ခေါင်းကြီးလျက်ရှိပေသည်။ မြိုင်နှင့် ကိုတင်ဦးတို့ လင်မယားသတင်းကို ကိုသက်တင်၏ မိခင်ကပင်ဖြစ် စေ၊ မောင်မောင်လတ်၏ မိခင်ကပင်ဖြစ်စေ၊ အနေးနှင့်အမြန်ဆိုသကဲ့သို့ ဦးထွန်းမင်းကို လာရောက် မေးမြန်းခြင်းသော်လည်းကောင်း၊ ပြောကြားခြင်းသော်လည်းကောင်း ပြုခဲ့သော် အဘယ်နည်းဖြင့် တားဆီးနိုင်မည့်အရေးနှင့် တားဆီး၍ မရပါက အဘယ်ပုံရှောင်ကွင်းနိုင်မည့် နည်းလမ်းများကို တူဝရီး နှစ်ယောက်တို့သည် နေ့တကျိတ်ကျိတ်၊ ညတကျိတ်ကျိတ် နှင့် တိုင်ပင်ပြောဆိုလျက်ရှိကြပေသည်။

"ငါတော့ သေသာ သေလိုက်ချင်တော့တာပါပဲ မြိုင်ရယ်"

ဟု လမ်းစရှာဖွေ၍ မမြင် နိုင်သောကြောင့် ဒေါ်စောခင်က ငိုသံပါနှင့် ညည်းတွားလိုက်ပေသည်။

မြိုင်သည် ဘာမှမပြောတတ်တော့သကဲ့သို့ ခေါင်းငုံ၍သာနေသည်။

"အခု ဘယ်လိုလုပ်ကြဦးမလဲဟင်"

"သိပ်လည်း ညည်းမနေပါနဲ့ ဒေါ်လေးရယ်...... တကယ်လို့ ဖေဖေသိသွားလို့ မေးလား မြန်းလားလုပ်လာတော့လည်း မြိုင်ကြည့်ပြောပြပါ့မယ်...."

"ညည်း ကြည့်ပြောတာကို ထားလိုက်ပါဦး... ကျုပ်ကို ကြီးကောင်ကြီးမနဲ့ ဒါလောက်မိုက်ရမလားလို့ ညည်းဖေဖေက

အပြစ်တင်တော့ကော”

“ဒါဖြင့် ဒေါ်လေးကို ဖေဖေက အပြစ်မတင်ရအောင်၊ မြိုင်ဘယ်လိုလုပ်ပေးစေချင်သလဲဆိုတာ ဒေါ်လေးပဲ ပြောပြစမ်းပါဦး”

“လွန်ပြီးသားအမှုကို ဘယ်ပြင်လို့ရပါတော့မလဲမြိုင်ရယ်....၊ ငါကိုယ်ကိုသာ ငါသတ်သေလိုက်ဖို့ ကောင်းတော့တာပါပဲ...."

မြိုင်သည် ဘာမှမပြောတတ်သကဲ့သို့ငြိမ်နေလိုက်ပေသည်။

“တော်တော်ကြာ ညည်းဖေဖေကသာ မဟုတ်သေးဘူး၊ မမကလည်း ငါ့ကိုသာ ဆူဦး ဆဲဦးမှာပဲ... ဒီအတောအတွင်းသာ ညည်းလင် မြန်မြန်လာပြီး၊ ညည်းမြန်မြန် ပြန်ခေါ်သွားရင် အားလုံးအတွက်ကောင်းမှာပဲ”

“ပြန်လိုက်ဖို့ စကားတော့ ပြောမနေစမ်းပါနဲ့ ဒေါ်လေးရယ်...”

“မလိုက်လို့ကော ဖြစ်မတဲ့လား မြိုင်”

“ဒီအကြောင်း မြိုင့်ကို နောက်ထပ်ပြောမနေပါနဲ့တော့ ဒေါ်လေး... မြိုင်မကြားပါရစေနဲ့”

“ညည်းမကြားချင်လို့ကော၊ ညည်းကိစ္စက ပြီးသွားမှာတဲ့လားဟင်.... ဘုန်းကြီးအမှုရှုပ်ဆိုတာ ဒါပဲ ထင်ပါရဲ့ကွယ်......”

ဤကဲ့သို့ တူဝရီးနှစ်ယောက် ထမင်းစားခန်းစားပွဲတွင် မျက်နှာချင်းဆိုင်ထိုင်ကာ စကားများနေကြသည့်အခိုက်၊ ခြံအတွင်းသို့ ကားတစ်စီးဝင်လာပြီးနောက် အိမ်ရှေ့ဆင်ဝင်အောက်တွင် ထိုး၍ ရပ်လိုက်သံကို ကြားကြရသဖြင့် နှစ်ဦးစလုံး ခေါင်းနပန်းကြီး သွားသည်။ တစ်ယောက်မျက်နှာကို တစ်ယောက်မျက်လုံးဆန်ပြာနှင့် ကြည့်နေမိကြသည်။

“စောခင်ရေ....ဟေ့ စောခင်...."

အိမ်ရှေ့ တံခါးဝမှခေါ်သံကို ကြားလိုက်ရလျှင်ပင် မောင်မောင်လတ်၏ မိခင်၏ အသံမှန်း မြိုင်ရော ဒေါ်စောခင်ပါကောင်းစွာ ကျက်မိကြသဖြင့် မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်သွားကြလေသည်။

မောင်မောင်လတ်၏မိခင်သည် မြိုင်တို့လင်မယားသတင်းကို မြိုင့် ဖခင်အား မေးမြန်းပြောကြားရအောင် လာလေပြီလော။

"စောခင်ရေ"

ဟုအတွင်းသို့ဝင်လာပြီးနောက်၊ နောက်တစ်ကြိမ် ခေါ်လိုက်ပြန်သောအခါတွင်ကား၊ ဒေါ်စောခင်သည် မနေသာတော့ဘဲ...

"ရှင်မမ"

ဟု ပြန်၍ ထူးရင်း ထမင်းစားခန်းထဲမှ ထွက်လာရလေသည်။

"ထွန်းမင်းတစ်ယောက်ကော ဘယ်လိုနေသလဲ...."

"ဒီလိုပါပဲ.............."

"မြိုင်တစ်ယောက်ကော မမြင်ပါကလား...."

"ထမင်းစားခန်းထဲမှာ ရှိပါတယ်မမ"

"ငါ မြိုင့်ကို တွေ့ချင်တယ်...."

ညီအမနှစ်ယောက် ပြောသံဆိုသံများကို မသဲမကွဲကြားရပြီးနောက် မြိုင်၏ ကြီးကြီးနှင့် ဒေါ်လေးတို့သည် ထမင်းစားခန်းအတွင်းသို့ ဝင်လာကြသည်။

"ကြီးကြီး နေကောင်းပါရဲ့လား..."

မြိုင်က ထိုင်ရာမှ ထကာ ကြီးဒေါ်လုပ်သူအား နှုတ်ဆက်မေးမြန်းလိုက်သည်။

"လူက နေကောင်းပေမဲ့ စိတ်နေမကောင်းလို့ ကြီးကြီးပြေးလာခဲ့ရတာပေါ့ကွယ်..."

ဟုသာ ပြန်ပြောရင်း မောင်မောင်လတ်၏ မိခင်သည် ကုလားထိုင်အလွတ်တစ်လုံးတွင် ဝင်၍ ထိုင်လိုက်ပြီးနောက်...

"ငါထမင်းစားမကောင်းလာခဲ့လို့ ကော်ဖီတစ်ခွက်လောက် ဖျော်စမ်းဟဲ့ စောခင်...."

ဟု ညီမလုပ်သူအား ကော်ဖီအဖျော်ခိုင်းလေသည်။ ဒေါ်စောခင်သည် အစ်မလုပ်သူက ခိုင်းစေသော ကော်ဖီတစ်ခွက်ဖျော်ပေးရန်အတွက် ရေနွေးယူရန် မီးဖိုချောင်ဘက်သို့ ထွက်သွားသောအခါ...

"ညည်းတို့ လင်မယားက ဘယ်လိုဖြစ်ကြပြန် တာလဲဆိုတာ.. ကြီးကြီးကို သေသေချာချာပြောပြစမ်းပါဦး မြိုင်"

ဟု မြိုင့်အား မြိုင်၏ ကြီးတော်က ၎င်းသိရှိလိုသောကိစ္စကို ဖြုန်းခနဲ ကောက်ခါငင်ခါ မေးလိုက်သည်။

ရုတ်တရက် မေးခံလိုက်ရသောကြောင့် မြိုင်သည် ဘယ်ကဲ့သို့ ပြန်လည် ဖြေကြားရမည်ကို စဉ်းစား၍ အစရှာမရသဖြင့် ခေါင်းငုံ့ကာ နေလိုက်မိသည်။

"ညည်းတို့ လင်မယားကိစ္စကို ညည်းအဖေထွန်းမင်း တစ်ယောက်ကောသိသွားပြီ လား"

မြိုင်၏ ကြီးတော်သည် ပထမမေးခွန်း၏ အဖြေကို မစောင့်နိုင်တော့ဘဲ ဒုတိယမေး ခွန်းကို ထပ်၍ လွှတ်လိုက်ပြန်လေသည်။

ကြီးတော်လုပ်သူ၏ ပထမမေးခွန်းကို အဖြေပေးရန်အတွက် စဉ်းစားနေရသေးသည့် အခိုက်၊ ဒုတိယမေးခွန်းက နောက်ထပ်၍ လိုက်လာသောကြောင့် ပထမမေးခွန်းကိုပါ မေ့လျော့သွားရုံမျှ မကသေး။ ဒုတိယမေးခွန်း ဘာတွေမေးလိုက်သည်ကိုပင် မြိုင်သည် မသိရှိတော့ပေ။ ပထမမေးခွန်းရော၊ ဒုတိယမေးခွန်းကိုပါ၊ မြိုင်သည် အဖြေမပေးနိုင်တော့ဘဲ ကြီးတော်လုပ်သူ၏ မျက်နှာသာ ထိတ်လန့်တကြား စိုက်ကြည့်နေမိသည်။

ထိုအခိုက် မီးဖိုချောင်ဘက်သို့ ရေနွေးယူရန် ထွက်သွားသောဒေါ်စောခင်သည် ရေနွေးအိုးကိုယူကာ ပြန်လာပြီးလျှင် ဓာတ်ဘူးထဲသို့ ရေနွေးအိုးကို လောင်း၍ ထည့်ရင်း အစ်မလုပ်သူ၏ မျက်နှာအမူအရာကို တစ်ချက်မျှ လှမ်း၍ ကြည့်လိုက်လေသည်။

"ဒီကိစ္စကို ညည်း အစအဆုံးထိ သိတယ်မဟုတ်လား စောခင်...."

ဟု မောင်မောင်လတ်၏မိခင်က ဒေါ်စောခင်အား ရုတ်တရက်ကောက်၍ မေးလိုက်ပြန်သည်။ ရုတ်တရက်ဖြစ်၍ ...

"ဘယ်ကိစ္စများလဲ မမရဲ့"

ဟု ဒေါ်စောခင်ကပြန်၍ မေးလိုက်မိသည်။

"ဘယ်ကိစ္စရှိဦးမှာလဲ စောခင်၊ ညည်းတူမကိစ္စပေါ့"

ဟု မောင်မောင်လတ်၏ မိခင်က အနည်းငယ် စိတ်တိုသကဲ့သို့ ငေါက်ဆတ်ဆတ်ပြောလိုက်သည်။

မြိုင်တို့လင်မယားကိစ္စကို အစမှအဆုံးသိပြီးဖြစ်သော်လည်း အစ်မလုပ်သူကိုပါ ဖုံးကွယ်ထားခဲ့သော ဒေါ်စောခင်သည်များစွာအနေရခက်၊ အပြောရခက်နေပေသည်။ ထို့ကြောင့် ဘာမှပြန်၍ ပြောဆိုဖြေကြားခြင်းမပြုဘဲ အစ်မလုပ်သူ ခိုင်းစေထားသော ကော်ဖီတစ်ခွက်ဖျော်ပေးရန်အတွက်သာ လုပ်စရာရှိသမျှကို ဣန္ဒြေမပျက် လုပ်ကိုင်နေသေးသည်။

"ငါမေးနေတာကိုများ ညည်းတို့နှစ်ယောက်စလုံး မကြားကြတော့ဘူးလားဟေ့... ဟင်...."

မောင်မောင်လတ်၏ မိခင်သည် မိမိမေးမြန်းထားသော ကိစ္စကို မည့်သူတစ်ဦး တစ်ယောက်မျှ ပြန်လည်ဖြေကြားပြောဆိုခြင်းမရှိသည့်အတွက် ပိုမို၍ စိတ်တိုလာပုံရပေသည်။

"မိမြိုင်က ငယ်တဲ့သူမို့လို့ ထားလိုက်ပါဦး.... စောခင်က ကြီးကောင်ကြီးမားနဲ့ တောင်၊ ဒီကိစ္စကြီးကို ဖုံးဖိထားတာများ ငါဖြင့် အံ့တာပါပဲဟယ်"

"မမဆူရင်လည်း ခံရမှာပဲမမ"

ဒေါ်စောခင်သည် ကော်ဖီပန်းကန်ထဲသို့ သကြား လောင်းထည့်ကာ ဇွန်းနှင့် ဖျော်ရင်း မရဲတရဲ ပြန်ပြောလေသည်။

"ခုမှ ဘာဆူရင်ခံရမှာလည်း... မြိုင် တင်ဦးဆိုတဲ့ အကောင်နဲ့

ဖြစ်သွားတဲ့ ကိစ္စမှာရော၊ ခုလိုဖြစ်လာတဲ့ ကိစ္စမှာရော ညည်းတာဝန်နဲ့ ညည်းအပြစ်ချည်းပဲ...."

"မမတို့ အပြစ်တင်ရင်လည်း ခံရမှာပေါ့လေ.... ဒါပေမဲ့ ကျွန်မကတော့ အတတ်နိုင်ဆုံး စောင့်ရှောက်တာပါပဲ...."

"ညည်းအစောင့်အရှောက်ကောင်းလို့ ဒီလိုတွေဖြစ်ကုန်ရတာပေါ့...."

"တစ်နေ့ ဒီလိုအပြစ်တင်ခံရမယ်ဆိုတာ သိပြီးသာပါမမ.... မမပြောချင်တာသာ ပြောပါတော့"

ဒေါ်စောခင်၏အသံ၌ ငိုသံပါလာသည်။

ညီမလုပ်သူအား အတော်ကလေးအားရသွားအောင် ဆူပူပြောဆိုပြီးသည့်နောက်၊ မောင်မောင်လတ်၏ မိခင်သည် တူမလုပ်သူ မြိုင်၏ဘက်သို့လှည့်လာသည်။

"ညည်းကတော့ ညည်းသဘောနဲ့ ညည်းကြိုက်တဲ့လင်ကိုယူသွားပြီးမှ ဘာဖြစ်လို့ ညည်းလင်နဲ့ ညည်းအေးဆေးမနေဘဲ ပြန်လာခဲ့ရတာလဲဟင်...."

"ဒေါ်လေး ဒေါ်စောခင်အား ဆူပူပြောဆိုပြီးနောက် မိမိအလှည့်သို့ရောက်ရှိလာတော့မည့်အရေးကို နားလည်ထားပြီးသော မြိုင်က မိမိဘက်လှည့်လာသောအခါတွင် ခုခံပြောဆိုရန်အတွက် အဆင်သင့် အားယူပြင်ဆင်ထားပေသည်။

"အစတုန်းကတော့ မြိုင် ကြိုက်လို့ ယူမိတာပဲကြီးကြီး... ခုမြိုင် မကြိုက်နိုင်တော့လို့ ပြန်လာခဲ့တာပါ...."

"လင်ယူ သားမွေးတဲ့အလုပ်ကို ညည်းက ကလေးကစားစရာ အလုပ်များ ထင်နေသလားဟင် မြိုင်"

"မြိုင် လင်ယူခဲ့ဖူးလို့ နားလည်ပါတယ်ကြီးကြီး"

"ဒီလိုနားလည်ရင် ညည်းသဘောနဲ့ညည်းယူသွားတဲ့ ညည်းလင်နဲ့ဘာလို့ အတူတူ မနေနိုင်ဘဲ ညည်းအဖေအိမ်ကို ပြန်နေရသေးသလဲဟင်"

“မြို့လင်အိမ်မှာ မြိုင်မနေနိုင်တော့လို့ တခြားနေစရာအိမ်လည်း မရှိတာနဲ့မို့ မြိုင့် ဖေဖေအိမ် မြိုင်ပြန်လာပြီး နေရတာပဲ...ကြီးကြီး၊ ဒါကို ကြီးကြီးက အပြစ်တင်ရင်တော့ မြိုင် မပြောတတ်တော့ဘူး”

“ညည်းတို့ ကာလ သားသမီးတွေဟာလူကြီးမိဘဆုံးမရင်၊ ဆင်ခြေ ဆင်လက်တွေနဲ့ ပြန်ပြောဖို့လောက်ပဲ တတ်တယ်....... ငလတ်တစ်ယောက်လည်း ဒီလိုပဲ”

“အကျိုးသင့် အကြောင်းသင့်လောက်တော့ ပြန်မပြောဘဲ နေလို့မှ မဖြစ်တာဘဲ ကြီးကြီး.... ပြန်ပြောသင့်တာတော့ ပြောရလိမ့်မယ်ထင်တယ်”

“ဒါတွေ ငါ့ကို ပြန်ပြောမနေစမ်းပါနဲ့တော့ မြိုင်... အခုညည်းတို့လင်မယားဖြစ်လာကြတဲ့ ကိစ္စကိုလူတကာလည်း သိကုန်ကြပြီ။ ဒါပေမဲ့ ညည်းအဖေ ထွန်းမင်းတစ်ယောက်ကော သိသွားပြီလားဆိုတာ ငါသိချင်တယ်..."

ဤမေးခွန်းကို မြိုင်သည် ဖြေကြားခြင်းမပြုနိုင်ရန်အတွက် ခွန်အားက မရှိသဖြင့် ပြန်၍ ဖြေကြားပြောဆိုခြင်းမပြုဘဲ၊ ဒေါ်လေး ဒေါ်စောခင်အား လှမ်းကြည့်လိုက်သည်။ ဒေါ်လေး ဒေါ်စောခင်ကလည်း မြိုင့်အား လှမ်းကြည့်လိုက်သည်။

“ဒီကိစ္စ ထွန်းမင်းသိသွားပြီလား၊ မသိသေးဘူးလားဆိုတာ ငါသိချင်တယ်စောခင်”

မောင်မောင်လတ်၏ မိခင်သည် မြိုင့်အား မေးမြန်းလျက်ရှိရာမှ ဒေါ်စောခင်အား လှမ်းမေး လိုက်ပြန်သည်။

“အစ်ကိုကြီးမသိသေးပါဘူး မမ”

ဖြေကြားခြင်းမပြုလျှင် မဖြစ်တော့၍ ဒေါ်စောခင် သည် မရဲတရဲနှင့်ပြန်၍ ပြောဆိုလေသည်။

“ဒါဖြင့်ညည်းကပါ မြိုင်နဲ့အတူရောပြီး ထွန်းမင်းကို လိမ်ထားသပေါ့လေ ဟုတ်လား.... စောခင်”

မောင်မောင်လတ်၏ မိခင်သည် တူမဖြစ်သူမြိုင့်အား ပြော၍ မရနိုင်သောအခါ ငှင်းနိုင်သော ညီမ လုပ်သူကိုသာ ဖိ၍ မာန်မဲပြောဆိုလေသည်။

ဒေါ်စောခင်သည် အစ်မလုပ်သူအား ပြန်လည် ဖြေကြားခြင်း မပြုဝံ့ဘဲ၊ ကော်ဖီပန်းကန်ကိုသာချပေးလိုက်သည်။

"ဒီကိစ္စကို ငါ့မောင်များ သိသွားရင်တော့ တော်တော်စိတ်မချမ်းမသာဖြစ်ပြီး သူ့ရောဂါ သည်းလာတော့မှာပဲထင်တယ်"

"ကျွန်မလည်း ဒါကိုစဉ်းစားမိလို့ အစ်ကိုကြီးကိုဘာမှမပြောဘဲ ထားသေးတာပါ မမရယ်"

"တော်စမ်းပါ စောခင်ရယ်... ဒီကိစ္စ ညည်း ထွန်းမင်းကို မပြောနိုင်ရင်လည်း ငါတစ်ယောက်လုံးရှိနေသေးတာ၊ ငါ့ကိုလာပြောနိုင်တယ်မဟုတ်လား.... ညည်းဘာကြောင့် ငါ့ကိုလာမပြောနိုင်ရတာလဲ"

"မမတို့ စိတ်မချမ်းမသာဖြစ်ကုန်ကြမှာစိုးလို့ ပြောသင့်မပြောသင့် စဉ်းစားနေတုန်း မို့လို့ပါမမရယ်"

"ညည်းကသာ စဉ်းစားနေတာ ဒီကိစ္စကိုလူတကာသိပြီးကြပါကောလား"

"ဒါကတော့ ကျွန်မလည်း မတတ်နိုင်ဘူး မမရယ်.... "

"ဘာမတတ်နိုင်ရတာလဲ၊ ဒီကိစ္စတစ်ခုလုံးမှာ ညည်းက ဇာတ်ဆရာပဲမဟုတ်လား၊ အားလုံး ညည်းတာဝန်ပဲ"

"အပြစ်တင်ရင်လည်း ခံရမှာပဲလေ၊ ကျွန်မတော့ နောက်ထပ်ဘာမှမပြောတတ်ဘူး... မမ"

"ဒီလိုဆိုရင် ထွန်းမင်းနဲ့ မြိုင်တို့သားအဖကို စောင့်ရှောက်ဖို့ ညည်းကို ငါခေါ်ထားတဲ့အတွက်၊ ညည်း ဘာအသုံးကျသေးသလဲ"

"မမ အပြစ်ရင်လည်း ကျွန်မတော့ ခံရမှာပဲလေ၊ ဒီထက်တော့

ကျွန်မလည်း ဘာမှ မပြောတတ်တော့ဘူး”

မောင်မောင်လတ်၏မိခင်သည် အတော်ကလေး အားရကျေနပ်လောက်အောင် ပြောဆိုပြီးစီးသွားသကဲ့သို့ နောက်ထပ်ဆက်မပြောတော့ဘဲ ဒေါ်စောခင်ဖျော်၍ ချထားပေးသော ကော်ဖီပန်းကန်ကို ယူ၍ သောက်လေသည်။

မိမိအတွက်နှင့် ဒေါ်လေးဒေါ်စောခင်ယခုကဲ့သို့ အပြစ်တင်ပြောဆိုခြင်းခံရသည့် အတွက်၊ များစွာ စိတ်မကောင်းဖြစ်သွားသော မြိုင်သည် ထမင်းစားခန်းထဲမှ အမှတ်တမဲ့ ထွက်လာခဲ့ပြီးလျှင် ဧည့်ခန်းဘက်သို့ ကူးလာခဲ့သည်။ မြိုင်သည် ဧည့်ခန်းဘက်တွင် တစ်ယောက်တည်းထိုင်ကာ ရှေ့တွင် မည်သို့မည်ပုံဖန်တီးလာမည်ဟု မသိနိုင်သေးသော မိမိ၏ကံကြမ္မာကို စဉ်းစားနေမိပေသည်။

ထမင်းစားခန်းထဲ၌ ကျန်ရစ်ခဲ့သော ညီအမနှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက်တော်တော်နှင့်စကားမပြောနိုင်ကြဘဲ အတန်ကြာ တိတ်ဆိတ်၍ နေကြပြီးမှ...

“ဒီကိစ္စကို ဘယ်လိုစီမံဖို့ ညည်းစိတ်ကူးသလဲဟင် စောခင်”

ဟု မောင်မောင်လတ်၏ မိခင်က မေးသည်။

“ကျွန်မတော့ ဘယ်လိုလုပ်ရမှန်း စဉ်းစားလို့မရဘူးမမ”

“ဒီကိစ္စ ထွန်းမင်းမသိသေးခင် မြိုင့်ကို သူ့လင်အိမ်ပြန်ပို့ဖို့လိုလိမ့်မယ် စောခင်”

“မမတူမကတော့ ဒီစကားနဲ့ပတ်သက်ရင် နည်းနည်းမှ အပြောခံတာမဟုတ်လို့ ခက်တာပေါ့”

“ညည်းပြောကြည့်ပြီးပြီလားဟင်”

“ဒီစကားနဲ့ ပတ်သက်ပြီး ပြောရင်ပြောတဲ့သူကို မြိုင်က ရန်သူကြီးလုပ်ပစ်လိုက်တာဘဲ မမ...... သူ့ယောကျ်ားမောင်တင်ဦး အိန္ဒိယမသွားခင်က သူ့မိန်းမကို လာပြီးချော့ခေါ် ကြည့်သေးတယ်....

ဒီလိုလာခေါ်တော့ သူ့ယောက်ျားကို ကြာကြာတောင် အတွေ့မခံဘဲ သူ့အခန်းထဲဝင်ပြေးတယ် မမရဲ့”

“ဘာပဲဖြစ်ဖြစ်ပေါ့လေ မြိုင့်ကို သူ့လင်အိမ် သူပြန်နေအောင် လုပ်ဖို့ကတော့ ညည်း တာဝန်ပဲ”

“ဒီတာဝန်ကိုတော့ ကျွန်မ မယူဝံ့ဘူးမမ”

“မယူလို့ကော ဖြစ်မှာတဲ့လား စောခင်၊ ညည်းဘာသာညည်းပဲ စဉ်းစားစမ်းပါဦး”

“ကျွန်မ မတတ်နိုင်တဲ့ အလုပ်ကိုတော့ မလုပ်ခိုင်းပါနဲ့ မမရယ်၊ ဒီလိုသာခိုင်းရင် ကျွန်မဘာသာကျွန်မ ရွာပြန်ပြီး အေးအေးဆေးဆေးနေချင်တော့တယ်”

“ညည်းဟာ တယ်ဆင်းရဲဇာတာပါတဲ့ ကောင်မပဲ...."

“လူသာ ဆင်းရဲချင်ပါတယ် မမရယ်၊ စိတ်တော့ မဆင်းရဲပါစေနဲ့တော့....”

“ဒီလိုမလုပ်ဘဲ ဒီအတိုင်းထားလို့ကော ဖြစ်မလားဆိုတာ ညည်းဘာသာပဲ စဉ်းစားစမ်းပါဦး.... "

“ကျွန်မ နားလည်ပါတယ်မမ.. ဒါပေမဲ့ မြိုင့်ကိုတော့ ကျွန်မဘာမှ မပြောပါရစေနဲ့တော့

“ငယ်ငယ်ကတည်းက ညည်း ထိန်းကျောင်းလာတဲ့ ညည်းတူမကို ညည်းကမှ မပြောနိုင်ရင် ဘယ်သူက ပြောနိုင်ဦးမှာတဲ့လဲ....”

“မြိုင့်အကြောင်းကို မမလည်းသိသားနဲ့ မဟုတ်လား၊ ဒီကလေးမက သူ့စိတ်ထဲက တစ်ခုခုကိုမထင်လာရင် မထင်သလိုလုပ်ပစ်လိုက်တယ်ဆိုတာ....”

“ဒါတွေ၊ ငါ့ကို ပြန်ပြောမနေနဲ့တော့ စောခင်ညည်းကို ငါပြောထားခဲ့ချင်တာက မြိုင်တို့လင်မယားကိစ္စကို ထွန်းမင်း တခြားက မကြားခင် မြိုင့်ကို သူ့လင်အိမ်ပြန်သွားဖို့ ညည်းဖြစ်တဲ့

နည်းနဲ့လုပ်ပေတော့...."

"ဒီကိစ္စကိုတော့ ကျွန်မတာဝန်မယူပါရစေနဲ့မမရယ်..."

"ညည်းမယူလို့ကောဖြစ်မှာတဲ့လား"

"ကျွန်မကိုသာ မမကအတင်းခိုင်းနေတာ မမတူမကို မမပဲ ပြောစမ်းကြည့်ပါဦး"

မြိုင်၏ အကြောင်းကို ကောင်းစွာ သိရှိထားပြီးဖြစ်သော မြိုင်၏ ကြီးတော်သည်လည်း မြိုင့်အား ဤကိစ္စနှင့်ပတ်သက်၍ ၎င်းကိုယ်တိုင်ပြောဆိုရမည့်အရေးကို ထိတ်လန့် လျက်ရှိပုံရပေသည်။ မြိုင် ယခုယူငင်ထားသော ကိုတင်ဦးဆိုသူနှင့် လက်မထပ်မီက မြိုင့်အား အဘယ်ကဲ့သို့ ပြောမရ၊ ဆိုမရဖြစ်ခဲ့ဖူးသော အဖြစ်အပျက်များသည် ၎င်း၏ကိုယ်တွေ့ဖြစ်၍ ထိတ်လန့်မည်ဆိုက ထိတ်လန့်စရာပင်ဖြစ်လေသည်။ ထို့ကြောင့် ညီမလုပ်သူက ယခုကဲ့သို့ ပခုံးလွှဲပြောင်းလိုက်သောအခါတွင် မြိုင်၏ ကြီးတော်သည် ဘာမျှမပြောတတ် မဆိုတတ်ဖြစ်နေခြင်းမျှသာဖြစ်လေသည်။

"ဒီကိစ္စအတွက်နဲ့ ကျားမြီးကိုသာအဆွဲခိုင်းရင် ဆွဲခိုင်းပါမမရယ်၊ ဒီအတွက်တော့ ကျွန်မတာဝန်မယူပါစေနဲ့..."

ဟု ဒေါ်စောခင်က ထပ်မံ၍ ပြောဆိုလိုက်သည်။

"ဒါဖြင့် တို့ဘာလုပ်ကြမလဲဟင်..."

"ကျွန်မကတော့ ဘာမှမပြောတတ်တော့ဘူးမမ"

"မပြောတတ်လို့ကော ကိစ္စပြီးသွားမှာတဲ့လားဟင်...."

"ကိစ္စမပြီးမှသာ နေရော၊ ကျွန်မတော့ဘာမှမပြောချင်တော့ဘူး...."

"လူကြီးတွေလုပ်နေကြပြီးမှ တို့က ဘာမှမပြောမဆိုဘဲ နှုတ်ပိတ်နေလို့ ဖြစ်ပါ့မလား ဟဲ့ စောခင်... ညည်းဘာသာ ညည်းပဲ စဉ်းစားကြည့်စမ်းပါဦး"

"ကျွန်မ စိတ်ညစ်လှပြီမမ"

"ငါ့မှာလည်း အိမ်က ငလေတ်တစ်ကောင်အတွက်က တစ်ဒုက္ခနဲ့ မပြီးသေးဘဲ ခုမိမြိုင်တစ်ကောင်ပါ ထပ်ပြီး ဒုက္ခတွေ များနေရပါကလားနော်...."

ဒေါ်စောခင်သည် အစ်မလုပ်သူကိုကြည့်ရင်း သနားလာမိပေသည်။ သို့ရာတွင် ဘာမျှတော့ ပြန်၍ မပြောမဆိုမိပေ။

"ကဲ.. ညည်းငါနဲ့ အိမ်ကိုခဏလိုက်လာခဲ့စမ်းပါဦးအေ.... ဟိုကျမှ ထပ်တိုင်ပင် ကြည့်ကြသေးတာပေါ့..."

ဟု ညီမလုပ်သူအား ၎င်းနှင့်အတူ ကံဘဲ့ဘက်သို့ အတူလိုက်ခဲ့ ရန်အတွက် ပြောဆိုပြီးနောက် မောင်မောင်လတ်၏မိခင်သည် ထိုင်ရာမှ ထလေသည်။

ဒေါ်စောခင်သည် အိမ်တွင် ခိုင်းစေထားသောမိန်းကလေးအား မီးဖိုချောင်ကိစ္စနှင့် ပတ်သက်၍ မှာကြားရန်ရှိသောကိစ္စများကို သေသေချာချာ မှာကြားထားခဲ့ပြီးနောက် အစ်မ ဖြစ်သူနှင့် ကံဘဲ့ဘက်သို့လိုက်ပါသွားလေသည်။

မြိုင်၏ ကြီးတော်နှင့် ဒေါ်လေးလုပ်သူတို့ ကံဘဲ့ဘက်သို့ မော်တော်ကားနှင့် ထွက်သွား၍ အတန်ကြာသည်တိုင်အောင် မြိုင်သည် ဧည့်ခန်းထဲတွင် တစ်ယောက်တည်း ထိုင်ကာ ၎င်း၏အနာဂတ်အရေးကို စဉ်းစားရင်း ကျန်ရစ်လျက်ရှိခဲ့ပေသည်။ အဘွားကြီး နှစ်ဦးထမင်းစားခန်းထဲတွင် အတန်ကြာမျှ စကားပြောဆိုရန်နေကြပြီးနောက် နောက်ထပ် ပြောဆိုရန် ရှိနေသေး၍ ယခုကဲ့သို့ ထွက်သွားကြသောကိစ္စနှင့်ပတ်သက်၍ မြိုင့်အဖို့ အထွေထွေထူးထူး တွေးတောနေရန်မလိုပေ။ ၎င်းအား ရေကျော်အိမ်သို့ ပြန်အောင် ကြံစည်နေကြသောကိစ္စအတွက်သာ ဖြစ်ရမည်ကို မြိုင်သည် တပ်အပ်သေချာတွေးမိဖြစ် လေသည်။

မြိုင်သည် ရေကျော်အိမ်သို့ မပြန်ရအောင် အဘယ်သို့ ပြုလုပ်ရမည်နည်း။ အဘယ်ပုံ အဘယ်နည်းဖြင့် ရှောင်ကွင်းရမည်နည်း။ အကယ်၍ ဖခင်လုပ်သူသည် မိမိ၏ကိစ္စကို အမှန်အတိုင်း သိရှိသွားသောတစ်နေ့သဲ့ မိမိအား ၎င်း၏အိမ်တွင် အားပေးအားမြှောက် ပြုထားသည့်အနေနှင့် မည်သည့်နည်းနှင့်မျှ လက်ခံ၍ ထားလိမ့်မည်မဟုတ်ကြောင်းကိုကား မြိုင်သည် စဉ်းစားနားလည်ပြီးဖြစ်လေသည်။ အကယ်၍ ဖခင်လုပ်သူ ကိုယ်တိုင်ကပါ မိမိအား ၎င်း၏အိမ်တွင် မနေစေလိုသော ကာလ၌ မြိုင်သည် အဘယ်ခေါင်မိုးအောက် နေထိုင်အိပ်စက်ခြင်း ပြုရပါမည်နည်း။

မြိုင့်အတွက် ပြေးစရာမြေမရှိ ဖြစ်နေပေသည်။

မြိုင်သည် ဧည့်ခန်းဆောင်ရှိ ဆိုဖာကုလားထိုင်တစ်လုံးပေါ်တွင်သာ အေးအေး သက်သာထိုင်နေရသည်ဖြစ်သော်လည်း အရိပ်အာဝါသမရှိသော ကန္တာရ၌ လမ်းစပျောက် နေသော ခရီးသည်ပမာ မောပန်းလျက်ရှိပေသည်။ ဤကဲ့သို့ မောပန်းနေရသည့်အခိုက် ခြံထဲသို့ နောက်ထပ်ကားတစ်စီးဝင်လာသံကို ကြားလိုက်ရသောကြောင့် လဲ့လဲ့များဖြစ်လေ မည်လားဟု သိလိုဇောဖြင့် ထိုင်ရာမှထကာ ဧည့်ခန်းထဲမှ ထွက်လာ၍ ကြည့်မိလေသည်။

လဲ့လဲ့၏ကားမဟုတ်ပေ။ ကိုသက်တင်၏ ကားဖြစ်နေပေသည်။ ကိုသက်တင်၏ ကားပေါ်၌ ၎င်းတစ်ယောက်တည်း မဟုတ်ဘဲ ၎င်း၏

မိခင်လည်း ပါလာသည်။

ကိုသက်တင်တစ်ယောက်တည်းမျှသာ မဟုတ်ဘဲ ၎င်း၏ မိခင်ပါ ပါလာသည့် အတွက် မြိုင်သည် စိုးရိမ်ပူပန်သွားမိသည်။ ကိုသက်တင်၏ မိခင်သည် မိမိ၏ ကိစ္စကို ဖခင်လုပ်သူအား ပြောဆိုရန်အတွက်လာလေပြီလော။

"မြိုင်နေကောင်းရဲ့လားဟေ့..."

ဟု ကိုသက်တင်၏ မိခင်က ကားနောက်ခန်းထဲမှ လှမ်း၍ နှုတ်ဆက်မေးမြန်းလိုက်သည်ကိုပင် မြိုင်သည် မကြားနိုင်လိုက်သည့်အထိ ဖြစ်သွားပေသည်။

"မြိုင်နေကောင်းရဲ့လားလို့ မေမေက မေးနေတယ်မြိုင်ရဲ့.."

ဟု ကိုသက်တင်က နောက်ထပ်၍ ခပ်ကျယ်ကျယ် ကလေးပြောဆိုလိုက်တော့မှ မြိုင်သည် သတိပြန်ရလာပြီးလျှင်...

"ကောင်းပါတယ် ကြီးကြီး၊ ကြီးကြီးလည်း နေကောင်းပါတယ်နော်...."

ဟု ကတိုက် ကရိုက်ပြန်၍ ပြောဆိုနှုတ်ဆက်လိုက်နိုင်ပေသည်။

ကိုသက်တင်၏ မိခင်သည် ကားပေါ်မှဆင်းလာပြီးနောက်...

" မြိုင့်ဖေဖေတစ်ယောက်ကော ဘယ်လိုများ နေသေးလဲဟင်.. ကြီးကြီးတို့လည်း မရောက်တာကြာလို့ ခုမှပဲ မေးရကြည့်ရအောင် လာနိုင်တော့တာပါပဲကွယ်...."

ဟု ပြောဆိုရင်း အိမ်ပေါ်သို့ တက်လာသည်။

"ဖေဖေကတော့ ဒီလို ဒီလိုပါပဲ ကြီးကြီး"

မြိုင်သည် ကိုသက်တင်၏မိခင်ကို တွဲ၍ အိမ်တွင်းသို့ ခေါ်လာရင်း ပြောဆိုလိုက်သည်။

"ကြီးကြီးကို တစ်ခါတည်း အိမ်ပေါ်ကိုသာ လိုက်ပို့စမ်းပါမြိုင် ..."

ဟု အဘွားကြီးက အိမ်အပေါ်ထပ်သို့ အပို့ခိုင်းသဖြင့် မြိုင်သည် ကိုသက်တင်၏မိခင်အား အိမ်ပေါ်ထပ်သို့ တွဲ၍ ခေါ်ဆောင်သွားလေသည်။

ဤကဲ့သို့ မြိုင်နှင့် ၎င်း၏ မိခင်တို့အိမ်အပေါ်ထပ်သို့ တက်သွားကြသောအခါ ကိုသက်တင်သည် အိမ်အပေါ်ထပ်သို့ တက်မလိုက်သွားတော့ဘဲ၊ ဧည့်ခန်းထဲသို့ ဝင် သွားပြီးလျှင် သတင်းစာတစ်စောင်ကို ဖတ်ရှုလျက်ရှိပေသည်။

မြိုင်သည် ကိုသက်တင်၏ မိခင်အား ၎င်း၏ဖခင်ဆီသို့ ပို့ထားရပေးခဲ့ပြီးနောက် ဧည့်သည်များအတွက် ကော်ဖီဖျော်ပေးရန် ဒေါ်လေး ဒေါ်စောခင် မရှိသောကြောင့် ၎င်း ကိုယ်တိုင် ဖျော်ပေးရန်အတွက် အိမ်အောက်ထပ်သို့ ပြန်ဆင်းလာခဲ့စဉ် ၎င်း၏မိခင်နှင့် အတူပါလာသော ကိုသက်တင်ကို မြိုင်သည် သတိမရမိသေးပေ။ မြိုင်သည် ထမင်းစား ခန်းဘက်သို့ ဆင်းလာခဲ့ပြီးနောက်၊ စောစောက ဒေါ်လေး ဒေါ်စောခင် ဓာတ်ဘူးထဲတွင် အဆင့်သင့် ထည့်ထားခဲ့သော ရေနွေးဖြင့် ကော်ဖီဖျော်ရန်ပြင်ဆင်လေသည်။ ဤကဲ့သို့ ထမင်းစားခန်းထဲတွင် မြိုင်တစ်ယောက်တည်း ကော်ဖီဖျော်ရန်ပြင်ဆင်နေသည့် အခိုက်၊ ကိုသက်တင်သည် ဧည့်ခန်းဘက်မှ ထလာခဲ့ပြီးလျှင် ထမင်းစားခန်းထဲသို့ ဝင်လာလေသည်။

"မြိုင် ကော်ဖီဖျော်တော့မလို့လား"

ကိုသက်တင်သည် ထမင်းစားပွဲဘေးရှိ ကုလား ထိုင်အလွတ်တစ်လုံးတွင် ဝင်၍ ထိုင်ရင်း မေးလိုက်သည်။

"ဩော်.. ကိုသက်တင် ပါလာတာတောင် မြိုင် မေ့နေလိုက်တာ..."

မြိုင်က ကိုသက်တင်ကိုကြည့်ရှုကာ အနည်းငယ်ရယ်မောရင်းပြောဆိုသည်။

"မြိုင်ကတော့ ကိုသက်တင်ကို တစ်သက်လုံးမေ့နေတော့မှာပဲ ထင်ပါရဲ့.... ဟုတ်လားမြိုင်"

"ဒီလိုလည်း မဟုတ်ပါဘူးကိုသက်တင်... မြိုင်

အခုကော်ဖီဖျော်ဖို့ပြင်နေတာတောင် ကိုသက်တင်အတွက် ထည့်မဖျော်မိတာကို စဉ်းစားမိလို့ ပြောတာပါ....”

ဟု ပြော ဆိုရင်း မြိုင်သည် ကိုသက်တင်အတွက်ပါ နောက်ထပ်တစ်ခွက်ပြင်ဆင်လေသည်။

“ဒါထက် ဒေါ်လေးဒေါ်စောခင်တစ်ယောက်လည်း မမြင်မိပါကလား”

ဟု ဒေါ်လေး ဒေါ်စောခင်၏ အရိပ်အကဲကို ကြည့်ရှု၍ မမြင်မိသလိုရှိသောကြောင့် ကိုသက်တင်က မေးလိုက်သည်။

“ဒေါ်လေး ကံဘဲ့အိမ်သို့သွားတယ် ကိုသက်တင်...."

“ဒါဖြင့် မြိုင့်ကို ကိုသက်တင်နှစ်ယောက်တည်း ပြောစရာစကားရှိတာကို လွတ်လွတ်လပ်လပ်ပြောနိုင်ပ့ါမလား မြိုင်..."

`“ဘာစကားများလဲ ကိုသက်တင်....”

“မြိုင် တစ်ခါတုန်းက ကိုသက်တင်ကို စာအုပ်နဲ့ ပေါက်ခဲ့ဖူးလို့ အခုရေနွေးအိုးနဲ့ များပေါက်ရင် ခက်များခက်ကုန်မလားလို့ ကိုသက်တင် စဉ်းစားနေတယ်မြိုင်”

“မြိုင် အရင်ကလိုမဟုတ်တော့ပါဘူး ကိုသက်တင်... အရင်က စာအုပ်နဲ့ စိတ်လိုက် မာန်ပါပေါက်လိုက်မိတာကိုလည်း ခွင့်လွှတ်စေချင်ပါတယ်”

“ကိုသက်တင်က မြိုင့်ကို ဘယ်တုန်းကမှ ခွင့်မလွှတ်ခဲ့တာမရှိပါဘူး။ အစဉ်ပဲ ခွင့်လွှတ်ခဲ့ပါတယ်မြိုင်ရယ်”

“ဒီလိုဆိုရင်လည်း မြိုင်ဝမ်းသာရမှာပေ့ါနော်.... ဟုတ်လား ကိုသက်တင်....”

ကိုသက်တင်သည် ၎င်းပြောဆိုရန်ရှိသောစကားကို စဉ်းစားချိန်ဆနေသေးသကဲ့သို့ ခေတ္တမျှ ငိုင်၍ စဉ်းစားနေပြီးမှ...

“မြိုင့်ကို ကမ္ဘာသစ်ကြီးတစ်ခုကို ကိုသက်တင်ခေါ်သွားပြီး

ထားပြကြည့်ချင်တယ် မြိုင် ...”

ဟု တစ်လုံးချင်း ခပ်ဖြည်းဖြည်း ခပ်မှန်မှန် ပြောဆိုလိုက်သည်။

ကမ္ဘာသစ်ကြီးတစ်ခုဆီသို့ ခေါ်ချင်သည်ဆိုသော အလင်္ကာဆန်လှသည့် ကိုသက်တင်၏စကားကို မြိုင်သည် ရုတ်တရက် ဘာကိုဆိုလိုမှန်း ကောင်းစွာ နားမလည်လိုက်မိ ပေ။ တစ်သက်လုံးက မသုံးနှုန်းခဲ့ဖူးသော ဝေါဟာရ အသုံးအနှုန်းများ သုံးစွဲလိုက်သော ကိုသက်တင်ကိုလည်း နားမလည်နိုင်သကဲ့သို့ မြိုင်သည် ငေးစိုက်၍ ကြည့်နေမိသည်။

“ကိုသက်တင်ခေါ်သွားမယ့် ကမ္ဘာသစ်ကြီးဆီကို လိုက်မကြည့်ချင်ဘူးလား မြိုင်”

ဟု ကိုသက်တင်က နောက်ထပ်၍ မေးလိုက်ပြန်လေသည်။

ကိုသက်တင် ပြောဆိုလိုက်သောစကားကို မြိုင်သည် ကောင်းစွာ နားမလည်နိုင် သကဲ့သို့ ဇဝေဇဝါလုပ်နေသည်။

“ကိုသက်တင်ကိုအဖြေပေးပါဦး မြိုင်”

ကိုသက်တင်သည် အားမလိုအားမရ ဖြစ်လာသကဲ့သို့ ထိုင်ရာမှထကာ မြိုင့်အနီးသို့ တိုး၍ သွားရင်း မေးလိုက်ပြန်လေသည်။

“ကိုသက်တင်ရဲ့ ကမ္ဘာသစ်ဆိုတာကို ဘာမှန်းမသိရသေးဘဲနဲ့ မြိုင်ဘယ်လိုအဖြေ ပေးရမှာလဲဟင် ကိုသက်တင်....."

“အဲဒီကမ္ဘာသစ်ကြီးကိုသိရင်တော့ မြိုင်ကလိုက်နိုင်မယ်ဆိုချင်တာပေါ့နော် မြိုင်”

“မပြောတတ်သေးပါဘူး ကိုသက်တင်ရယ်”

မြိုင်သည်စိတ်ရှုပ်လာသကဲ့သို့ အမှတ်တမဲ့ ပြောဆိုလိုက်လေသည်။

“မပြောတတ်သေးပါဘူးပြောလို့...
ဘယ်ဖြစ်မလဲ....ကိုသက်တင်ပြောတဲ့ ကမ္ဘာကြီးဟာ

ဘယ်လောက်သာယာတယ်၊ ပျော်ရွှင်စရာ ကောင်းတယ်ဆိုတာကို မြိုင်ကိုယ်တိုင် လိုက်ကြည့်ပြီးမှ သိနိုင်တော့မှာပေါ့...

"မဖြစ်နိုင်ဘူး ထင်ပါတယ် ကိုသက်တင်ရယ်...."

"လောကကြီးမှာ လူကြံရင် မဖြစ်နိုင်တာတော့မရှိပါဘူးမြိုင်ရဲ့... လူက မကြံရဲ ရင်သာ မဖြစ်တာရှိပါလိမ့်မယ်...."

"ဒီအခြေကို ရောက်လာပြီးကာမှ ကိုသက်တင်ရဲ့ အကြံဟာ ဖြစ်နိုင်ပါဦးမလား ဟင်.... ရှင့်အကြံကိုသာ ဖျက်လိုက်ပါတော့ ကိုသက်တင်"

"မြိုင်က ကြံမှ မကြံရသေးဘူး စရုံပဲရှိသေးတယ်၊ စိတ်က ပျက်လွယ်လှချည်လား.."

"မြိုင့်ကို ဘာမှမပြောပါနဲ့တော့ ကိုသက်တင်၊ မြိုင့်ဘဝကြီးဟာဘာမှ မကောင်းတော့ဘူး...."

"ဘာမှမကောင်းတော့တဲ့ ဘဝကြီးက လွတ်မြောက်ပြီး သာယာပျော်မွေ့တဲ့ဘဝကြီး ဖြစ်လာအောင် စွန့်စားဖို့ကတော့ ဘဝရှင်ရဲ့ တာဝန်ပဲ မဟုတ်လားမြိုင်...."

"လူ့ဘဝဆိုတာဟာ.. မြိုင့်အဖို့တော့ဘာမှ အဓိပ္ပာယ်မရှိပါဘူး ကိုသက်တင်..."

"အဓိပ္ပာယ်မရှိတဲ့ လူ့ဘဝကြီးကို အဓိပ္ပာယ်ရှိလာအောင် လုပ်ဖို့ကတော့ မြိုင့်အပေါ် မှာပဲ တည်လိမ့်မယ်... ကိုသက်တင်က မြိုင့်ကို ဘယ်လိုပဲ ကယ်ချင်ကယ်ချင် မြိုင်က လွတ်အောင်ရုန်းမှလည်း ဖြစ်နိုင်တဲ့ဟာကို...."

"ဒီစကားတွေ ပြောမနေပါနဲ့တော့ ကိုသက်တင် မြိုင်စိတ်ညစ်လာပြီ...."

"အဓိပ္ပာယ်မရှိတဲ့ မြိုင့်ဘဝ ဝဋ်ကြွေးကြီးကို ကြားကဝင်ပြီး ကယ်မယ့်လူ ရှိပေမဲ့လည်း မြိုင်ကိုယ်တိုင်က အကယ်မခံချင်ရင်တော့ ကိုသက်တင်က ဝမ်းနည်းပက်လက်နဲ့ ကြည့်နေရတော့မှာပေါ့ မြိုင်ရယ်"

“မြိုင့်ကို အပြစ်မတင်ချင်စမ်းပါနဲ့ ကိုသက်တင်ရယ်... မြိုင့်ဘဝအကြောင်းကို စဉ်းစားမိတိုင်း မြိုင်ဝမ်းနည်းလွန်းလို့ပါ...."

“အတိတ်က မှားခဲ့တာကို ပစ္စုပ္ပန်မှာ သင်ပုန်းချေပစ်လိုက်နိုင်ရင် အနာဂတ်ဟာ ပျော်စရာကောင်းနိုင်ပါသေးတယ်မြိုင် ... မြိုင်ဟာ အခုမှ အသက်ငယ်ငယ်ကလေးရှိသေး တယ်၊ အတိတ်က အမှားကို ဘာမှ သင်ပုန်းမချေနိုင်စရာ မရှိပါဘူး”

“ကိုသက်တင် ပြောတာကို မြိုင် မငြင်းလိုပါဘူး၊ ဒါပေမဲ့ လက်တွေ့ လုပ်ဖို့က ပြောသလောက် မလွယ်ဘူးနော်...."

“ဒီလောကကြီးမှာ မလုပ်ချင်တဲ့လူတစ်ယောက်အတွက် ဘယ်အလုပ်ဖြစ်ဖြစ်လုပ်ဖို့က မလွယ်တာ အမှန်ပဲ၊ ဒါပေမဲ့ လုပ်ဝံ့လုပ်ရဲတဲ့ လူတစ်ယောက်အတွက်က ဘာမဆို လုပ်နိုင်တယ်.... လုပ်လို့လည်းဖြစ်တယ်.... မဟာဝင်ထဲက စန္ဒကုတ်မင်းသားဟာ သူ့ အဖော်ရဲ့ခေါင်းကိုသာ မဖြတ်ရဲခဲ့ရင် စန္ဒကုတ်မင်းသားအကြောင်းကို ဘယ်ရာဇဝင်ဆရာက မှလည်း ရေးကြမှာမဟုတ်လို့ ဘယ်သူမှလည်း ဖတ်ကြရမှာ မဟုတ်ဘူး မြိုင်ရဲ့....."

“တော်ပါတော့ ကိုသက်တင်... မြိုင့်ကို နောက်ထပ်ပြီး ဒီအကြောင်းတွေ မပြောပါနဲ့တော့"

“အကယ်တင်မခံချင်တဲ့ မြိုင့်ကို ကယ်တင်ရတဲ့အလုပ်ဟာ ဘယ်ခက်ပါကလား”

ဖျော်၍ ပြီးစီးသွားသော ကော်ဖီပန်းကန်ကို မြိုင်သည် ကိုသက်တင်အား လှမ်း၍ ပေးရင်း...

“စကားပြောတာ ခဏနားပါဦး ကိုသက်တင်.... ကော်ဖီသောက်လိုက်ပါဦး”

ဟု ပြောဆိုကာ စကားဖြတ်လိုက်သည်။

“မြိုင်ခုလို စိတ်ဒုက္ခ လူဒုက္ခရောက်လောက်အောင် အမှားမှား အယွင်းယွင်း လုပ်ခဲ့မိတဲ့ အမှားတော်ပုံမှာ ကိုသက်တင်လည်း တာဝန်မကင်းတဲ့လူတစ်ယောက်အနေနဲ့ ပါနေလို့ ဒီအမှားတော်ပုံကို

ကိုသက်တင် ပြင်ချင်တယ်မြိုင်”

“မလွယ်ဘူးထင်တယ် ကိုသက်တင်၊ အမှားတွေက လွန်ပြီးကုန်ကြပြီမဟုတ်လား”

“လောကကြီးမှာ ဘုရားသခင်တောင်မှ နုစဉ်ဘဝများစွာတုန်းက မှားခဲ့သေးတာပဲ မြိုင်ရယ်၊ မြိုင့်အမှားလောက်ကို ပြောမနေစမ်းပါနဲ့တော့”

“ကိုသက်တင် ကော်ဖီသောက်ပြီးသွားရင် ဧည့်ခန်းထဲက စောင့်နေပါလားဟင် မြိုင် ကိုသက်တင် မေမေနဲ့ မြိုင့်ဖေဖေအတွက် ကော်ဖီသွားပို့ပါရစေဦး ...”

ဟု နှုတ်ဆက် ပြောဆိုကာ မြိုင်သည် ကော်ဖီပန်းကန်များကို လင်ပန်းနှင့် တင်ကာ ထမင်းစားခန်းထဲမှ ထွက်သွားလေသည်။

ကိုသက်တင်သည် မြိုင်၏ ပွင့်ပွင့်လင်းလင်း မရှိလှသော သဘောထားနှင့် ပြောပုံ ဆိုပုံကို အားမလို အားမရဖြစ်ကာ ကျန်ရစ်ခဲ့ပြီးနောက် ၎င်းအတွက် မြိုင်ချပေးသွားသော ကော်ဖီကိုယူ၍ သောက်လေသည်။ ကော်ဖီသောက်၍ ပြီးလျှင်ပြီးချင်း မြိုင်က မှာကြားခဲ့သည့်အတိုင်း သူသည် ဧည့်ခန်းဘက်သို့ ထလာခဲ့ပြီးနောက် စောစောက ချထားပစ်ခဲ့သော သတင်းစာတစ်စောင်ကို ကောက်ယူ၍ ဖတ်ရှုလေသည်။ ကိုသက်တင်သည် သတင်းစာ ထဲ၌ စာလုံးမည်းကြီးများဖြင့်လည်းကောင်း၊ ဓာတ်ပုံကြီးငယ်များဖြင့်လည်းကောင်း၊ မျက်နှာ ကြီးငယ်များဖြင့်လည်းကောင်း၊ မျက်နှာကြီးပိုင်းမှ လင်ငယ်မယားငယ်နေကြသော သတင်း တစ်ခုအား ဖွဲ့ဖွဲ့နွဲ့နွဲ့ဖော်ပြသည်ကို စိတ်ပါဝင်စားစွာ ဖတ်ရှုနေမိသည်။ စင်စစ် ကိုသက်တင်စိတ်ဝင်စားစွာ ဖတ်ရှုနေသော "သတင်းပြာ" သည် မျက်နှာကြီးပိုင်းတွင် ဘာမျှ ဆန်း ကြယ်လှသော သတင်းကား မဟုတ်ပေ။ အနောက်တိုင်း ယဉ်ကျေးမှုကို တုပလေ့ကျင့်နေ ကြသော ပညာတတ် အထက်လွှာပိုင်းတွင် တစ်ယောက်မယားကို တစ်ယောက်က လစ်လျှင်လစ်သလို ကြာခိုနေကြသော ကိစ္စမှာဖြစ်စဉ်မျှသာဖြစ်ပေသည်။

ကိုသက်တင်သည်သတင်းပြာကို စွဲလမ်းဖတ်ရှုလျက်ရှိသည့်အခိုက် အပေါ်ထပ်ရှိ လူကြီးများအား ကော်ဖီသွားပို့ပြီးနောက် ဧည့်ခန်းအတွင်းသို့

မြိုင်သည် ဖြည်းညင်းစွာဝင်၍ လာလေသည်။ သတင်းပြာ၌ နစ်မြုပ်နေသော ကိုသက်တင်သည် မြိုင်ဝင်လာသည်ကို မသိလိုက်ပေ။

"ဘာ သတင်းထူးများ တွေ့ နေလို့လဲ ကိုသက်တင်ရဲ့"

ဟု မြိုင်က ကိုသက်တင် နှင့် မလှမ်းမကမ်းရှိ ကုလားထိုင်လွတ်တစ်လုံးတွင် ဝင်၍ ထိုင်ရင်း မေးလိုက်တော့မှ ကိုသက်တင်သည် ဖတ်ရှုနေသောသတင်းစာကို အမှတ်မဲ့ လွှတ်ချလိုက်မိပြီးလျှင် မြိုင့်ကိုလည်း အလန့် တကြားမော်၍ ကြည့်လေသည်။

မြိုင်က ကိုသက်တင်၏ အမူအရာကို သဘောကျသွားသကဲ့သို့ ပြုံးလိုက်သည်။ ဤကဲ့သို့ မြိုင်ပြုံးလိုက်သည်ကို မိမိလိပ်ပြာနှင့်မိမိ မယုံနိုင်အောင်ဖြစ်နေသော ကိုသက်တင်သည် ရှက်ကိုးရှက်ကန်းဖြစ်နေပေသေးသည်။

"ကိုသက်တင်ကို မြိုင်မေးချင်တာတစ်ခုရှိတယ်"

မြိုင်က ကိုသက်တင် အနေရ အထိုင်ရ ချောင်ချိသွားစေရန်အတွက် အကြောင်းအရာအသစ်တစ်ခုကို စတင်ပြောဆို လိုက်သည်။

"ဘာမဆိုမေးနိုင်ပါတယ်၊ မြိုင် မေးပါ"

"မြိုင်မေးတာကို မှန်တဲ့အတိုင်း ဖြေရမယ်နော် ဟုတ်လား ကိုသက်တင်"

"ကိုသက်တင် သူများကို လိမ်ချင်လိမ်ခဲ့ပေမဲ့ မြိုင်တစ်ယောက်ကိုတော့ ဘယ်တော့မှ မလိမ်ဘူးဆိုတာ စိတ်ချထားပါ"

"တကယ်လား ကိုသက်တင်"

"တကယ်ပြောနေတာပါ မြိုင်ရဲ့"

"ဒါဖြင့် မြိုင် မေးတော့မယ်နော်"

"မေးမှာသာ မေးပါလေ"

"နယ်လီလို မိန်းကလေးတစ်ယောက်ကို ကိုသက်တင်က ဘာကြောင့်ငြင်းလိုက်ရသလဲဆိုတာ မြိုင်သိချင်လို့ မေးစမ်းပါရစေ"

"ဒါကိုတော့ မေးမနေပါနဲ့တော့ မြိုင်ရယ်... နယ်လီကို ကိုသက်တင် ဘာပြုလို့ မယူနိုင်သလဲဆိုတာ ဒီကမ္ဘာပေါ်မှာ ရှိနေတဲ့ လူတွေအားလုံးထက် မြိုင်တစ်ယောက်က အသိနိုင်ဆုံးဖြစ်ပါလိမ့်မယ်"

"ဒီကိစ္စထဲသို့ မြိုင့်ကိုဆွဲမထည့်ချင်ပါနဲ့ ကိုသက်တင်... မြိုင်က အလွတ်ကြီးပါ"

"မြိုင်လည်းသိရဲ့သားနဲ့ ကိုသက်တင်ကို ငြင်းမနေချင်ပါနဲ့တော့ မြိုင်ရယ်"

"မြိုင့်ဘာသာမြိုင် လွတ်လွတ်ကင်းကင်း နေစမ်းပါရစေ ကိုသက်တင်"

"ဒီလောကကြီးမှာ မြိုင်တစ်ယောက်က လွဲရင် ကိုသက်တင်အဖို့ ဘယ်မိန်းမမှ မိန်းမမဟုတ်တော့ဘူးဆိုတာကို ကိုသက်တင် အတိအလင်း ဖွင့်ပြောရတော့မှာပေါ့လေ.... ဒါလောက် ပြောလိုက်ရင်တော့ မြိုင်ကောင်းကောင်းကြီး နားလည်လောက်ပါပြီ..."

"ဒါလောက်တောင်မှပဲလား ကိုသက်တင်ရယ်....

"မြိုင် ဘယ်နှစ်အိုဘဝရောက်ရောက် ကိုသက်တင်နဲ့ လက်ထပ်မယ့်နေ့ကို စောင့်နေမှာပဲဆိုတာကို မြိုင်သိထားစေချင်တယ်၊ သိထားရုံမကဘူး စောင့်လည်းကြည့်သေးတာပေါ့ လေ"

ဤကဲ့သို့ မြိုင်နှင့် ကိုသက်တင်တို့ နှစ်ယောက်တည်း ဧည့်ခန်းထဲတွင် စကား ကောင်းနေကြသည့်အခိုက် ခြံထဲသို့ ကားတစ်စီးဝင်လာသံကို ကြားလိုက်ရပြီးနောက် အိမ်ရှေ့တွင် ကားရပ်သွားလေသည်။

ကားပေါ်၌ ဒေါ်လေး ဒေါ်စောခင်နှင့်အတူ မောင်မောင်လတ်ပါ ပါလာသည်။ မောင်မောင်လတ်က ဒေါ်လေး ဒေါ်စောခင်အား ကားမောင်း၍ လိုက်ပို့ခြင်းဖြစ်ပေသည်။ မောင်မောင်လတ်နှင့် ဒေါ်စောခင်တို့ တူဝရီးနှစ်ယောက် ကားပေါ်မှ ဆင်းလာကြ ပြီးနောက် ဧည့်ခန်းအတွင်းသို့ ဝင်လာကြသောအခါ ဧည့်ခန်းထဲတွင် ၎င်းတို့နှစ်ဦး ဝင်လာသဖြင့်

မျက်စိမျက်နှာပျက်ဖြစ်နေကြသော မြိုင်နှင့် ကိုသက်တင်တို့၏အမူအရာကို ဒေါ်လေး ဒေါ်စောခင်သည် အမှုမဲ့ အမှတ်မဲ့ သဘောထားသူဖြစ်၍ မသိလိုက်သော်လည်း ပါးနပ်လျှင်မြန်ပြီးဖြစ်သော မောင်မောင်လတ်ကတော့ ကောင်းစွာ အကဲခတ်လိုက်ပြီးဖြစ် လေသည်။

"ကိုကိုလတ် ဒေါ်လေးကို လိုက်ပို့ပေးတာလား......."

မြိုင်က လှမ်း၍ မေးလိုက် သည်ကို မောင်မောင်လတ်သည် ရုတ်တရက်ပြန်မဖြေနိုင်သေးဘဲ ကိုသက်တင်အနီးရှိ ကုလားထိုင်လွတ်တစ်လုံးတွင် ဝင်၍ ထိုင်လိုက်ပြီးနောက် ၎င်း၏အိတ်ကပ်အတွင်းမှ စီးကရက်ဘူးကို ထုတ်ယူလိုက်ပြီးလျှင် ကိုသက်တင်အား စီးကရက် တစ်လိပ်လှမ်း၍ တည့်ရင်း ၎င်း၏အတွက် စီးကရက်တစ်လိပ်ကို ထုတ်ယူကာ မီးညှိလေသည်။

"မောင်သက်တင် တစ်ယောက်တည်းပဲလားဟေ့...."

ဟု ဒေါ်လေး ဒေါ်စောခင်က ကိုသက်တင်အား မေးမြန်းနှုတ်ဆက်ကာ နေ့ခင်းအတွက် ကော်ဖီမဖျော်ရသေးဟူသော အထင်နှင့် ကော်ဖီဖျော်ရန်အတွက် ထမင်းစားခန်းဘက်သို့ ထွက်သွားမည်အပြု...

"ကိုသက်တင်တို့ မေမေလည်း ပါလာတယ် ဒေါ်လေး....... ဧည့်သည်တွေလာလို့ ခုတင်ကပဲ မြိုင် ကော်ဖီ ဖျော်တိုက်ထားလိုက်ပြီးပြီ"

ဟု မြိုင်က လှမ်း၍ ပြောလိုက်သည်။

"ဟင်... မောင်သက်တင်တို့ မေမေလဲပါလာသလား၊ အပေါ်ထပ်မှာ အကိုကြီးနဲ့ စကားပြောနေတယ်ထင်တယ်..."

ဟုသာပြောဆိုကာ ဒေါ်စောခင်သည်ထိတ်လန့်တကြား အမူအရာဖြင့် အိမ်အပေါ်ထပ်သို့ တက်လိုက်၍ သွားလေသည်။

ဒေါ်လေးဒေါ်စောခင် အိမ်အပေါ်ထပ်သို့ တက်သွားသောအခါ၊ မောင်မောင်လတ်က... "ကိုလတ် ဆာလာလို့ ကော်ဖီတိုက်ပါဦးလားမြိုင်"

ဟု မြိုင့်အား ကော်ဖီအဖျော်ခိုင်း သောကြောင့် မြိုင်သည်

မထချင်နှင့်ထ၍ ထမင်းစားခန်းဘက်သို့ ထွက်သွားလေသည်။ ဧည့်ခန်းထဲတွင် နှစ်ယောက်တည်း ကျန်ရစ်ခဲ့ကြသော မောင်မောင်လတ်နှင့် ကိုသက်တင်တို့သည် တစ်ယောက်နှင့်တစ်ယောက် အတော်ကြာစကားမပြောနိုင်ကြသေးဘဲ စီးကရက်ကိုသာ ဖွာလိုက်လျက်ရှိကြရာမှ...

"ခင်ဗျား ဇာတ်သမနဲ့တော့ ပြတ်ပြတ်စဲစဲ ဖြစ်သွားပြီ မဟုတ်လားဟင်... ကိုမောင်မောင်လတ်"

ဟု ကိုသက်တင်က စတင်၍ မောင်မောင်လတ်၏ အိမ်တွင်းရေးကို မေးမြန်းပြောဆိုလိုက်သည်။

"တရားဥပဒေအရ မကွာရှင်းရသေးတာပဲ ကျန်ပါတယ်.... လူချင်းတော့ ပြတ်ပြတ် စဲစဲဖြစ်ပြီး ခွဲနေတာ လေးငါးခြောက်လလောက်တော့ရှိသွားပြီ.... "

"တရားဥပဒေအရ ပြတ်ပြတ်စဲစဲ ဖြစ်သွားမှ ခင်ဗျားလည်း လွတ်လွတ်လပ်လပ် ရှိသွားမှာမို့ တရားဥပဒေအရသာ မြန်မြန်ကလေးရှင်းလိုက်ရင်ကောင်းလိမ့်မယ်"

"မခင်က စိတ်က ကောင်းကောင်းမမှန်လို့ ရုံးတက်ပြီး ကွာရှင်းရခက်နေတယ်။ ဒါပေမဲ့ တစ်ယောက်နဲ့တစ်ယောက်ကတော့ ဘာမှအဆက်အသွယ်မရှိကြတော့ဘူးလေ....."

"ဒါထက် ကလေးကကောဗျာ...."

"ကလေးကိုတော့ မေမေတို့ဖေဖေတို့ မွေးထားတယ်ဗျ...."

မြိုင်သည် မောင်မောင်လတ်အတွက် ကော်ဖီဖျော်ယူ၍ ဧည့်ခန်းထဲသို့ ဝင်လာသဖြင့် နှစ်ယောက်သား စကားပြတ်သွားကြပြီးလျှင် မောင်မောင်လတ်သည်လည်း မြိုင် ယူလာပေးသော ကော်ဖီကိုသောက်ရလေသည်။

ထိုအခိုက်မှာပင် ဒေါ်လေးဒေါ်စောခင်နှင့် ကိုသက်တင်၏ မိခင်တို့သည် အိမ်အပေါ်ထပ်မှဆင်း၍ လာကြလေသည်။ ကိုသက်တင်၏ မိခင်က ဒေါ်လေး ဒေါ်စောခင်အား တိုးတိုးတိုးတိုးနှင့် ဘာတွေပြောဆိုလာသည်ကို မကြားရသော်လည်း ဒေါ်လေး ဒေါ်စောခင်ကား

မျက်စိပျက် မျက်နှာပျက်ဖြစ်လာပေသည်။

ကိုသက်တင်တို့ သားအမိနှစ်ယောက်ပြန်သွားကြပြီးနောက် မရှေးမနှောင်းပင် မောင်မောင်လတ်လည်း ပြန်သွားလေသည်။

ဧည့်သည်များရှင်းလင်း၍ သွားသောအခါကျမှပင် ဒေါ်လေးဒေါ်စောခင်နှင့် မြို့င်တို့ တူဝရီးနှစ်ယောက်သားသည် ဧည့်ခန်းထဲတွင် မျက်နှာချင်းဆိုင်မိကြလေတော့သတည်း။

ဖခင်လုပ်သူက ပြောဆိုမည့်စကားကို ခေါင်းငုံ့ကာ ငြိမ်သက်စွာနားစွင့်လျက်ရှိရာမှ ခုတင်ခြေရင်းဘက်တွင် ထိုင်ကာ ဖခင်၏ ခြေသလုံးကို နှိပ်ပေးလျက်ရှိသော ဒေါ်လေး ဒေါ်စောခင်အား မြိုင်သည် မကြာခဏလှမ်း၍ ကြည့်မိသည်။

ပြောဆိုရန်ရှိသောစကားကို ရုတ်တရက်ပြောဆိုခြင်းမပြုနိုင်သေးဘဲ အတော်ကလေး အားယူ၍ အသက်ရှူနေရပြီးမှ...

"ဒီအသက်အရွယ်ရောက်လာလို့ မြိုင့်ကို ဒါလောက်တောင် မိုက်လိမ့်မယ်လို့ ဖေဖေ မထင်မိခဲ့ဘူး။ ခုတော့ သမီးက တစ်ခါမက ဘူး၊ နှစ်ခါတောင် မိုက်လိုက်ပါပကောလားဟင်..."

တစ်လုံးချင်း ဖြည်းဖြည်းခပ်လေးလေးနှင့် ဦးထွန်းမင်းသည် ပြောဆိုလိုက်လေသည်။

မြိုင်သည် ငြိမ်သက်စွာ ခေါင်းငုံ့၍ နားထောင်လျက်ရှိပေသည်။

"ဖေဖေတို့ လူကြီးမိဘတွေက သင့်တော်မယ်ထင်လို့ စီမံကြတုန်းက မြိုင်သဘောနဲ့ မြိုင်ထင်ရာလုပ်ခဲ့တာက တစ်ကြိမ်၊ ခု တစ်ကြိမ်လည်း မြိုင်သဘောနဲ့မြိုင် ထင်ရာလုပ်ခဲ့တာပဲ မဟုတ်လား။ လူဟာ တစ်ကြိမ်က နှစ်ကြိမ်အထိဆက်ပြီး မှားတာကတော့ သိပ် မကောင်းဘူး သမီးရဲ့..."

မှန်ကန်သောစကားကိုသာပြောဆိုခြင်းပြုနေသော ဖခင်လုပ်သူအား မြိုင်သည် ငြိမ်သက်စွာ နားထောင်နေရန်မှ တစ်ပါး အခြားမရှိတော့ပေ။

"ဒီ သတင်းကို ကြားရတဲ့အတွက် ဖေဖေအများကြီးပဲ စိတ်မကောင်းဘူး။ ဒီလိုစိတ်မကောင်းစရာဖြစ်အောင် လုပ်ခဲ့တာကိုလည်း ဖေဖေအများကြီး အပြစ်ဆိုချင်တယ်.."

ဖခင်လုပ်သူ၏ အပြစ်တင်ခြင်းကို ဘယ်တုန်းကမှ မခံရဖူးသော မြိုင်သည် ယခု ကဲ့သို့ အပြစ်တင်ခြင်းခံရသည့်အတွက် ဝမ်းနည်းကာ မျက်ရည်များဝဲလာမိသည်။ သို့ရာတွင် မိမိ၏အပြစ်နှင့် မိမိဖြစ်နေသော မြိုင်သည် ဝမ်းနည်းရုံနှင့် မျက်ရည်များ ဝဲရုံမှတစ်ပါး အခြားဘာမျှမရှိတော့ချေ။

“စောခင် နင့်ကို အားကိုးရမလားလို့ ငါခေါ်ထားတာ ခုတော့ နင်ဟာ ဘာများ အသုံးကျသေးသလဲဟင်... နင်ကပါ ကလေးနဲ့ ရောပြီး ငါ့ကို လိမ်ထားတာများ အံ့ပါရဲ့ ကွယ်...."

သမီးလုပ်သူအား မြည်တွန်တောက်တီးပြီးနောက် ခုတင်ခြေရင်းဘက်တွင် ထိုင်ကာ ၎င်းအား နှိပ်ပေးလျက်ရှိသော နှမလုပ်သူဘက်သို့ လှည့်သွားလေသည်။ ဒေါ်စောခင်သည် ၎င်း၏အပြစ်နှင့်၎င်းဖြစ်၍ ခေါင်းငုံ့ကာ နားထောင်နေသည်။

“ခုတော့ ဒီကိစ္စကြီးဟာ လူတကာနားမှာ ပြည့်နေပြီးမှ ငါကြားရတာဟာ ဘယ်လောက်ရက်ဖို့ကောင်းသလဲဆိုတာ နင်စဉ်းစားကြည့်စမ်း စောခင်.. တကယ်ဆိုရင်.... မြိုင် ဘာပဲဖြစ်လာဖြစ်လာ နင်ငါ့ကို ကြိုကြိုတင်တင်ပြောဖို့ မကောင်းဘူးလား ဟင်...."

“အစ်ကိုကြီးသိရင် ပိုပြီးစိတ်မချမ်းသာဖြစ်မှာစိုးလို့ မြိုင့်ကို အမြန်ဆုံး သူ့ယောက်ျား အိမ်ပြန်ဖို့ ကျွန်မလည်း နေ့ရှိသရွေ့ ကျိတ်ပြောနေတာပါ အစ်ကိုကြီးရဲ့..”

“ငါ့ကိုဆင်ခြေပေးမနေစမ်းပါနဲ့တော့ စောခင်၊ ဒါတွေ ငါမကြားချင်တော့ဘူး”

ဒေါ်စောခင်သည် ၎င်း၏ အကိုကြီးအကြောင်းကို များစွာသိရှိနားလည်ပြီးဖြစ်သောကြောင့် နောက်ထပ်ဘာမျှမပြောတော့ဘဲ ငြိမ်နေလိုက်ပေသည်။ အသက်အရွယ်ကြီး ကာမှ တူမလုပ်သူ၏ ရှေ့တွင် ယခုကဲ့သို့ အပြစ်တင်ခံရသည့်အတွက် ဝမ်းလည်းနည်း၊ ရှက်လည်းရှက်သဖြင့် မျက်ရည်များကျလာသည်။

“မြိုင့်ကို နောက်ဆုံးပြောလိုက်ချင်တာရှိတယ်၊ သမီးယောက်ျားနဲ့ စိတ်ဆိုးလို့ ဖေဖေ့ အိမ်မှာ ခုလိုလာနေတာကို ဆက်ပြီး လက်ခံထားလို့ မဖြစ်တော့ဘူး၊ ဒီထိအောင် လက်ခံ ထားတာလည်း ဖေဖေ့အနေနဲ့ တော်တော်ကိုလွန်နေပြီ.... ဖေဖေသာ ဒီကိစ္စကို အစက သိရင် သမီးကိုဘယ်နည်းနဲ့မှ ဖေဖေ့အိမ်မှာ ခုလိုလက်ခံထားလိမ့်မယ် မဟုတ်ဘူးဆိုတာကို မြိုင် သိထားစေချင်တယ်.......”

နှမလုပ်သူအား အပြစ်တင်ပြီးနောက် သမီးလုပ်သူအား

၎င်း၏သဘောထားကို ဦးထွန်းမင်းသည် တိတိလင်းလင်းပြောဆိုလိုက်လေသည်။ မြိုင်သည် ဖခင်လုပ်သူအား မော်၍ကြည့်ရင်း မျက်ရည်များ ကျဆင်းလာလေသည်။

"အဲဒီတော့ မြိုင့်ကို ဖေဖေပြောချင်တာက မြိုင့်အိမ်ကို မြိုင်အမြန်ပြန်ပါ....မပြန်ဘဲ ဖေဖေတို့အိမ်မှာ လက်ခံထားလို့ဘယ်နည်းနဲ့မှ မဖြစ်တော့ဘူး..."

မြိုင်သည် မအောင့်အည်းနိုင်တော့၍ ငိုချလိုက်သည်။

"ဒါငိုစရာအလုပ်မဟုတ်ပါဘူး သမီးရဲ့.. စတည်းက သမီးကောင်းမယ်ထင်ပြီး ကခဲ့တဲ့ ဇာတ်ထုပ်ကြီးကို သမီးဘာသာသမီး ဆုံးအောင်ကဖို့ တာဝန်ရှိတယ်.... သွား သွား သွား နောက်ထပ်မြိုင့်ကို ဒီအိမ်မှာ မတွေ့ ပါရစေနဲ့တော့...."

ဟု ဦးထွန်းမင်းသည် ခပ်မာမာ ခပ်ထန်ထန်ကလေးပြောဆိုလိုက်ပြီးနောက် မောလာသဖြင့် ငြိမ်နေလိုက်ရသည်။ မြိုင်သည် ဖခင်လုပ်သူ၏အခန်းအတွင်းမှ ထွက်လာခဲ့ပြီးနောက် ၎င်းအခန်းအတွင်း လာခဲ့သည်။ အတွင်းသို့ရောက်လျှင် ခုတင်ပေါ်သို့ ၎င်းကိုယ်ကို ပစ်လှဲကာ ရိုက်ကြီးတငင်နှင့် ငိုကြွေးလိုက်မိသည်။

မြိုင်သည် ၎င်း၏ ဇာတ်ထုပ်ကြီးကို အဘယ်သို့ဆက်လက်၍ ကပြပါမည်နည်း။ တစ်သက်နှင့်တစ်ကိုယ် တကြိမ်တစ်ခါမျှအားမငယ်ခဲ့ရဖူးသော အားငယ်ရခြင်းမျိုးဖြင့် မြိုင်သည် အားငယ်မိပေသည်။ လင်နှင့်အတူ လင့်အိမ်တွင်နေ၍ မဖြစ်တော့သဖြင့် အားကိုး စရာ ရှိသေးသော ဖခင်လုပ်သူ၏ အိမ်ကို ပြေးလွှားခိုလှုံလာသောအခါ၌ ဖခင်လုပ်သူကလည်း လက်မခံတော့ဘဲ အိမ်ပေါ်မှ နှင်ချလိုက်ပေပြီ။ လင့်ထံသို့ကား မြိုင်သည် မပြန်လို တော့ပေ။ လင်လုပ်သူနှင့်အတူ ပြန်၍ နေထိုင်ရန် မြိုင်တွင် စိတ်ကုန်ခန်းခဲ့ပေပြီ။ စိတ်ကုန် ခန်းလျက်ရှိသောလင်ထံသို့ ပြန်နေထိုင်ရန်အလုပ်မှာ မြိုင့်အဖို့ မည့်ကဲ့သို့ ခေါင်းထဲသို့ ထည့်သွင်းစဉ်းစားရသော အလုပ်ကား မဟုတ်တော့ပေ။ အသေသာလျှင် ခံလိုက်တော့ မည်။ ကိုတင်ဦးနှင့်အတူ ပြန်၍ နေထိုင်ဖို့ ရန်ကိုကား မြိုင့်သည် လုံးဝစိတ်မကူးတော့ပေ။ လင့်အိမ်သို့ မပြန်နိုင်တော့သော မြိုင့်အတွက် ဖခင်အိမ်တွင် ဆက်လက်နေထိုင်ခြင်းပြု၍

လည်း မဖြစ်တော့ပေ။ ဖခင်လုပ်သူက ၎င်း၏အိမ်ပေါ်မှ နှင်ချလိုက်လေပြီ။ ကမ္ဘာ မြေကြီးသည်ကျယ်ပြောသည်ဟုသာဆိုသော်လည်း မြိုင့်တစ်ယောက်အတွက်ခိုလှုံနားနေရန် အရိပ်အာဝါသ မရှိသလောက်ဖြစ်နေသည်။

ခုတင်ပေါ်တွင်မှောက်ကာ ကလေးသူငယ်မနှင့်မခြား မြိုင်သည် ရှိုက်ကြီးတငင် ငိုကြွေးလျက်ရှိသည်။ ဤကဲ့သို့ ငိုယိုလျက်ရှိသည့်အခိုက် အိမ်တွင် ခိုင်းစေထားသော မိန်းကလေးသည် စာအိတ်တစ်အိတ်ကို ကိုင်ဆောင်ကာ မြိုင်၏အခန်းတံခါးဝတွင် လာ၍ ရပ်လေသည်။ မြိုင် ရှိုက်ကြီးတငင်ငိုကြွေးလျက် ရှိသောကြောင့် ထိုမိန်းကလေးသည် အခန်းအတွင်းသို့ ရုတ်တရက်မဝင်ဝံ့၊ မဝင်ရဲဖြစ်ကာ အတန်ကြာရပ်နေပြီးမှ...

"မမမြိုင်"

ဟု မရဲတရဲခေါ်လိုက်သည်။

မြိုင်သည် ခေါ်သံကို မကြားလိုက်ပေ။ ရှိုက်ကြီးတငင်နှင့် ငိုမြဲငိုနေပေသည်။ တံခါးဝ၌ရပ်နေသော မိန်းကလေးသည် နောက်ထပ်၍ ခေါ်သင့် မခေါ်သင့် အတန်ကြာမျှ ချိန်ဆစဉ်းစားနေပြီးမှ...

"မမမြိုင်"

ဟု နောက်ထပ်၍ ခပ်ကျယ်ကျယ်ကလေး အားပြုကာခေါ်လိုက်သည်။

မြိုင်သည် ရှိုက်ကြီးတငင်ငိုနေရာမှ လူးလဲထလိုက်သည်။ တံခါးဝ၌ ရပ်နေသော မိန်းကလေးကို မြင်သဖြင့်...

"ဘာလဲ....."

ဟု မေးလိုက်မိသည်။

"စာပို့သမား စာတစ်စောင်လာပေးသွားတယ်"

ဟု ပြောဆိုကာ မိန်းကလေးသည် အခန်းတွင်းသို့ မရဲတရဲနှင့်

ဝင်လာပြီးနောက်၊ စာအိတ်ကို မြိုင့်အား လှမ်း၍ ပေးပြီးလျှင် ပေးပြီးချင်း အခန်းတွင်းမှ ကတိုက်ကရိုက် ပြန်ထွက်သွားလေသည်။

စာအိတ်မှာ အိန္ဒိယမှထည့်လိုက်သော စာဖြစ်ကြောင်း အိန္ဒိယပြည်၌သာ အသုံးပြုသော တံဆိပ်တော်ခေါင်းများက ထုတ်ဖော်လျက်ရှိပေသည်။ အိန္ဒိယမှ ထည့်လိုက်သောစာသည် အခြားမည်သူတစ်ဦးတစ်ယောက်ထံမှ မဖြစ်နိုင်ဘဲ ကိုတင်ဦးထံမှသာ ဖြစ်မည့်အကြောင်း မြိုင်သည် ချက်ချင်းပင် စဉ်းစားမိပြီးဖြစ်သည်။ သို့ရာတွင် မြိုင်သည် ကိုတင်ဦးထံမှ စာကို ဖွင့်၍ မဖတ်လိုတော့ပေ။ ထို့ကြောင့် အိန္ဒိယမှ ထည့်လိုက်သော ကိုတင်ဦး၏စာကို ဘေးသို့အသာချထားလိုက်ပြီးနောက် ငိုယိုမြဲငိုယို၍ နေလေသည်။ ဤကဲ့သို့ ငိုယိုလျက်ရှိရာမှ မောမောနှင့် မြိုင်သည် အိပ်ပျော်၍ သွားလေရာ အဘယ်မျှ ကြာသွားသည်ကိုကား မသိလိုက်ပေ။

“ဟေး မြိုင် ... ထစမ်းပါဦးကွဲ့...”

ဟူသော တစ်စုံတစ်ယောက်၏ နှိုးသံကို ကြားလိုက်ရတော့မှ မြိုင်သည် အိပ်ပျော်၍ နေရာမှ လန့်နိုးလာသည်။

“အချိန်မဟုတ်ဘဲနဲ့ အိပ်ပဲ အိပ်လှချည်လားကွယ်...”

ဟု ပြောသံကို ကြားရသော အခါ လေးလံနေသော မျက်လုံးများကို ဖွင့်ကြည့်လိုက်သည်။

ပွဲသဘင်တစ်ခုခုသို့ တက်ရောက်ရန်ရှိသကဲ့သို့ တောက်ပြောင်သော အဝတ်အစားများဖြင့် ဆင်ယင်ထားသော လဲ့လဲ့ကိုတွေ့ရလေသည်။

“ဟင် လဲ့လဲ့ မင်းခု ဘယ်ကလာတာလဲ”

အိပ်မှုန်စုံမွှားနှင့် မျက်လုံးများကို ပွတ်သပ်ရင်း မြိုင်သည် နားမလည်နိုင်သကဲ့သို့ မေးမြန်းလိုက်သည်။

“ဘယ်ကလာလို့ ဘယ်ကိုသွားမယ်ဆိုတာကို နောက်မှပဲ မေးတာပေါ့ကွယ်၊ မင်း ထပြီး မျက်နှာသစ်အဝတ်အစားလေးဘာလေး လဲစမ်းပါဦး...”

"ဒါမင်းက ဘယ်ကိုသွားမှာမို့လဲကွယ်"

ဟု မြိုင်ကကောင်းစွာ နားမလည်နိုင်သကဲ့သို့ ထပ်၍ မေးလိုက်မိပြန်သည်။

"ကနေ့ ဂလုပ်မှာ ကားသစ်လဲလို့ စစ်သားတီရှိုးကြည့်ရအောင် မင်းကို လာခေါ် တာပါကွ... ကားက ကောင်းတယ်... မာလုံဘရန်ဒိုလေး..."

"ကိုယ်စိတ်ညစ်လို့ လိုက်မကြည့်ပါရစေနဲ့ လဲ့လဲ့ရယ်..."

ဟု မြိုင်က လိုက်၍ ကြည့်လိုသော စိတ်မရှိသဖြင့် ငြင်းပယ်လိုက်မိပေသည်။

"စိတ်ညစ်ရင် စိတ်ပြေလက်ပျောက်ပေါ့ကွယ်၊ ထပါ... မျက်နှာလည်းသစ်ပါ... အခုပဲ ခြောက်နာရီ ထိုးတော့မယ်"

ဟု လဲ့လဲ့က အတင်းရော အဓမ္မပါ ဆွဲခေါ်နေသဖြင့် မြိုင်သည် မငြင်းသာသောကြောင့်တစ်ကြောင်း၊ လဲ့လဲ့ပြောဆိုသကဲ့သို့ စိတ်ပြေလက်ပျောက် ဖြစ်လိုဖြစ်ငြားကြောင့်တစ်ကြောင်း လဲ့လဲ့နှင့်အတူတူ ရုပ်ရှင်သွားကြည့်ရန် ဆုံးဖြတ်လိုက် လေသည်။

မျက်နှာသစ်ကာ အဝတ်အစားများ လဲပြီးနောက် မြိုင်သည် မိမိဘယ်သို့သွားမည့် အကြောင်းကိုပင် ဒေါ်လေးဒေါ်စောခင်အား မပြောကြားခဲ့မိပါတော့ဘဲ လဲ့လဲ့နှင့်အတူ မြို့ထဲသို့လိုက်ပါလာခဲ့သည်။ ဂလုပ်ရုံရှေ့သို့ရောက်သောအခါ မိမိတို့အတွက်ပါ လက်မှတ် များ ဝယ်ယူ၍ အဆင်သင့် စောင့်နေသော ကိုသက်တင်ကို တွေ့ရသဖြင့် မြိုင်သည် တစ်နေ့ခင်းလုံး စိတ်သောကရောက်ကာ ငိုယိုခဲ့သော်လည်း ပြုံးရယ်၍ နှုတ်ဆက်နိုင်လိုက် ပေသည်။

"ကိုသက်တင်က လဲ့လဲ့မှာထားလို့သာ လက်မှတ်ယူထားရပေမဲ့ မြိုင်လိုက်မှ လိုက်လာပါ့မလားလို့ပူနေတာ...."

ကိုသက်တင်က မြိုင့်အား ဆီး၍ ပြောဆိုနှုတ်ဆက်လေသည်။

ထို့နောက် တစ်ဦးနှင့်တစ်ဦး စကားမပြောကြတော့ဘဲ ဂလုပ်ရုံအပေါ်ထပ်သီးသန့် အတန်းသို့ တက်လာခဲ့ကြပြီးနောက်

မိမိတို့နေရာအသီးသီးတွင် ဝင်၍ ထိုင်ကြလေသည်။ မြိုင်သည် ဤကဲ့သို့ ရုပ်ရှင်ကြည့်ရသဖြင့် နေ့ခင်းက ငိုယိုခြင်း ပြုရလောက်အောင် စိတ်ညစ်ညျုးခဲ့ရသောကိစ္စကို ရုပ်ရှင်ကြည့်နေရသည့်အခိုက် မေ့လျော့သက်သာခြင်းရရှိလိုက်သော်လည်း ရုပ်ရှင်ပြီးစီး၍ အိမ်သို့ပြန်ရမည်ပြုသောအခါ ပြန်လည်၍ ဦးခေါင်းထဲသို့ ဝင်လာပြန်လေသည်။ ဂလုပ်ရုံပေါ်မှ ကိုသက်တင်တို့ မောင်နှမနှင့်အတူ ဆင်းလာသော အခါ...

"ကိုယ်တို့ အိုးရီးယင့်မှာ တစ်ခုခု ဝင်စားသွားကြဦးစို့နော်..."

ဟု လဲ့လဲ့က ပြောဆို လိုက်သော စကားကိုပင် မြိုင်သည် မကြားလိုက်မိပေ။ ဖခင်လုပ်သူက မိမိ၏ အတွင်းရေး ကိစ္စများကို သိရှိသွားပြီးဖြစ်သည့်အတွက် အိမ်ပေါ်မှ နှင်ချလျက်ရှိသော အရေးကိုသာ ခေါင်းထဲတွင် စွဲလမ်းနေပေသည်။ အိမ်ပေါ်မှ နှင်ချခြင်းခံနေရပြီးဖြစ်၍ ဤကမ္ဘာမြေကြီး၏ မည်သည့် အရပ်ဒေသသို့ သွားရောက်ခိုလှုံရမည့်အရေးကိုသာ တွေးတောလျက်ရှိပေသည်။ ဆူးလေဘုရားလမ်းရှိ အိုးရီးယင့်ပျော်ပွဲစားရုံ၌ နို့အေးနှင့် မုန့်များကို စားသောက်၍ ပြီးစီးကြသောအခါ၊ မြိုင့်အား ကိုသက်တင် ၎င်း၏ကားနှင့် လိုက်ပို့ပေးခွင့်ပြုရန် ခွင့် တောင်းသဖြင့် မြိုင်သည် သဘောတူခွင့်ပြုလိုက်လေသည်။

ကိုသက်တင်ကိုယ်တိုင်မောင်း၍ လိုက်ပို့သော ၎င်း၏ကားကလေးနှင့် ရွှေတောင် ကြားသို့ ပြန်၍ လိုက်လာစဉ် ခါတိုင်းထက် ထူးခြားကာ တစ်လမ်းလုံး ဘာစကားတစ်ခွန်းမျှ မပြောဘဲ ငြိမ်ချက်သားကောင်းလှသော ကိုသက်တင်အား မြိုင်သည် မကြာခဏလှမ်း၍ ကြည့်မိလေသည်။ ယခင်အခါများက ကိုသက်တင်အား စကားများလွန်းသည်ဟု မြိုင်ထင်ခဲ့ဖူးသည်။ သို့ရာတွင် ယခုကဲ့သို့ ကိုသက်တင်က စကားပြောဆိုခြင်းမပြုဘဲ ငြိမ်ချက်သားကောင်းလှသောအခါ၌ကား မြိုင်သည် ကိုသက်တင်ကို စကားပြောစေချင်ပြန်သည်။ ထို့ကြောင့် မြိုင်ကပင်စတင်၍ ...

"ကိုသက်တင် ဘာတွေများ ဒါလောက်စဉ်းစားနေ တာလဲဟင်...."

ဟုမေးမြန်းပြောဆိုလိုက်မိသည်။

မြိုင်၏ မေးခွန်းကိုပြန်လည်ဖြေကြားခြင်းမပြုဘဲ ကိုသက်တင်က မြိုင့်အား တစ်ချက်မျှ လှမ်းကြည့်ပြီးနောက် ပြုံးလိုက်သည်။

မိမိ၏မေးခွန်းကို ဖြေကြားခြင်းမပြုဘဲ ကြည့်ရုံမျှကြည့်ကာ ပြုံးရုံမျှ ပြုံးလိုက်သည့် အတွက် မြိုင်သည် အနေရကျပ်သလိုရှိသွားသည်။

ကိုသက်တင်သည် ကားကိုအတန်ကြာမျှ ဂရုတစိုက် မောင်းလာခဲ့ပြီးမှ... "ကိုသက်တင် စဉ်းစားနေတာကို မြိုင်သိချင်လာပြီလားဟင်..."

ဟု မြိုင့်အားပြန်၍ မေးလိုက်သည်။

"ကိုသက်တင်ကို ကြည့်ရတာက တစ်ခုခုကို လေးလေးနက်နက် စဉ်းစားနေသလို ထင်ရလို့ပါ"

"ဟုတ်တယ်... ကိုသက်တင် လေးလေးနက်နက်စဉ်းစားနေတာတစ်ခုရှိတယ်"

"ဒါလောက်လေးလေးနက်နက် စဉ်းစားနေရအောင်က ဘယ်လိုကိစ္စမျိုးမို့လို့လဲဟင် ကိုသက်တင်၊ မြိုင်ကောသိနိုင်ခွင့်ရှိသလား"

"မြိုင်က သိချင်လို့လား...."

"သိနိုင်ခွင့်ရှိရင်တော့ သိချင်တာပေါ့၊ မြိုင်က ကူညီနိုင်ရင်လည်း ကူညီချင်လို့ပါ"

"တခြားတော့ မဟုတ်ပါဘူးမြိုင်... ကိုသက်တင် လက်ထဲက လုသွားတဲ့အရုပ်ကလေးတစ်ခုကို လုသွားတဲ့လူရဲ့ လက်ထဲက ဘယ်လိုပြန်ပြီး လုယူရပါ့မလဲဆိုတာကို ကိုသက်တင် စဉ်းစားနေတာပဲ"

"ကလေးများဟာ သူများကစားပြီးသား အရုပ်ကိုတော့ မလိုချင်တတ်ပါဘူး ကိုသက်တင်...."

"ဒါပေမဲ့.....ကိုသက်တင်အဖို့ကတော့ လောကကြီးတစ်ခုလုံးမှာ ဒီအရုပ်တစ်ခုက လွဲပြီး တခြားအရုပ်လည်း မရှိဘူး... ဒီအရုပ်မှ ဒီအရုပ်ပဲ မြိုင်ရဲ့"

"ဒါလောက်တောင်မှပဲလား...ကိုသက်တင်ရယ်...."

"စကားစပ်မိလို့ ကိုသက်တင် ငယ်ငယ်တုန်းက အဖြစ်အပျက်ကလေးတစ်ခုကို ပြောပြဦးမယ်..."

"ပြောစမ်းပါဦး..."

"ကိုသက်တင် ဆယ်နှစ်သားလောက်တုန်းက မေမေနဲ့ အသိတစ်ယောက်အိမ်သွား လည်ကြရင်း အဲဒီအိမ်က ကလေးတစ်ယောက်ရဲ့ ကစားစရာ ဝက်ဝံအရုပ်ကလေးကို အတင်း ဝင်လုလို့ အရိုက်ခံခဲ့ရဖူးတယ် မြိုင်ရဲ့..."

"ဩော်... ဩော်..... ဩော်...."

"မေမေက ဘယ်လောက်ပဲရိုက်ရိုက် ဒီဝက်ဝံရုပ်ကလေးကို မရရင် အိမ်မပြန်ဘူး ဆိုပြီးကပ်နေလို့ အိမ်ရှင်ကပဲ သူ့ကလေးကို ချော့ပြီး ဒီဝက်ဝံရုပ်ကို ကိုသက်တင်ကို ပေးလိုက်ခဲ့ဖူးတယ်"

"ဒါဖြင့် ကိုသက်တင် ငယ်ငယ်က တော်တော်ဆိုးတာပေါ့နော်...."

"ဆိုးတယ်တော့ ဘယ်ဟုတ်မလဲမြိုင်၊ ဒါက ကိုသက်တင်ရဲ့ ကလေးဘဝကတည်းက သဘာဝကို ပြောတာပါ"

"ကိုသက်တင်ရဲ့သဘာဝက ဒါလောက်တောင်ပဲလားဟင်...."

"အဲဒီကလေးသဘာဝဟာ ခု အသက်အရွယ်အထိရှိနေတုန်းပဲဆိုတာကို မြိုင်နား လည်းအောင်ပြောပြမလို့ပါ"

"ဟာ ဒါဖြင့် ကြောက်စရာကြီးပါပဲကလား ကိုသက်တင်ရဲ့"

"ကြောက်စရာမဟုတ်ပါဘူး မြိုင်.... ကိုသက်တင်ပြောချင်တာက ကိုသက်တင် လက်ထဲက လုသွားတဲ့ မြိုင်ဆိုတဲ့ အရုပ်ကလေးကို လုယူသွားပြီးနောက် ပစ်စလက်ခတ် ထားတဲ့လူရဲ့ လက်ထဲက ဘယ်လိုပြန်လုယူရပါ့မလဲဆိုတာကို လေးလေးနက်နက် စဉ်းစား

နေတဲ့အကြောင်းကိုသာ ပြောချင်တာပါ”

“သူများ ကစားပြီးသား အရုပ်ကို ကိုသက်တင်က ဘာပြုလို့ ဒါလောက်စုံရေမက်ရေ လိုချင်ရတာလဲ ကိုသက်တင်ရယ်”

“တည့်တည့်ပဲ ပြောကြပါစို့မြိုင်ရယ်၊ မြိုင့်ကိုယ်မြိုင် စိတ်ချမ်းချမ်းသာသာနဲ့ ပျော်ပျော်ပါးပါး နေနိုင်မယ့်အရုပ်ကို ခေါ်သွားပါရစေတော့"

မြိုင်သည် ငိုင်၍ စဉ်းစားနေမိသည်။

“မြိုင်ခုလို စိတ်ဒုက္ခ လူဒုက္ခရောက်နေတာကို ကိုသက်တင် ဆက်ပြီး ကြည့်မနေပါ ရစေနဲ့တော့ မြိုင်ရယ်....”

မြိုင်သည် ကိုသက်တင်အား မျက်လွှာပင့်၍ ကြည့်လိုက်သည်။ နှုတ်ကတော့ ဘာမျှပြန်မပြောနိုင်သေးပေ။

“ကိုသက်တင် မေးနေတာ ဘယ်လိုလဲ မြိုင် ...... အကျိုးအကြောင်းလောက်တော့ ပြန်ပြောပြဦးမှပေါ့...."

“ဖြစ်နိုင် မဖြစ်နိုင်ဆိုတာကိုသာ မြိုင်စဉ်းစားနေတာပါ ကိုသက်တင်... မြိုင့်ကို သိပ်မလောစေချင်ဘူး... မြိုင့်ဘာသာမြိုင် အေးအေးဆေးဆေး စဉ်းစားပါရစေဦး”

“မြိုင်စဉ်းစားမယ်ဆိုရင်တော့ ကိုသက်တင် ဝမ်းသာလှပါပြီလေ”

“ကိစ္စက သိပ်လွယ်တာမဟုတ်ဘူးနော် ကိုသက်တင်”

“မလာချင်ရင် အဝေးကြီး၊ လာချင်ရင် အနီးကလေးဆိုတဲ့ စကားရှိပါတယ် မြိုင် ရယ်၊ အက်ဒဝပ် ဘုရင်ဟာ သူကြိုက်တဲ့ နှစ်လင်ကွာမကြီးအတွက်နဲ့တောင် ထီးနန်းကို စွန့်သွားသေးတာပဲ မဟုတ်လား....”

“ကိုသက်တင်အတွက်လည်း မြိုင် စဉ်းစားရလိမ့်ဦးမယ် ကိုသက်တင်”

"ကိုသက်တင်အတွက် ဘာကိုစဉ်းစားမှာလဲဟင်..."

"ကိုသက်တင်က လူပျိုမဟုတ်လား။ မြိုင်က လွတ်လွတ်လပ်လပ်လည်း ဟုတ်တော့တာမဟုတ်ဘူး...."

"ဒါတွေဟာကိုသက်တင်အတွက် စဉ်းစားလောက်စရာ မဟုတ်ပါဘူးမြိုင်... မြိုင့် အတွက် ကိုသက်တင်ကိုယ်ကို ကမ္ဘာလောကကြီးတစ်ခုလုံးနဲ့ လဲပစ်ဖို့အထိ ဆုံးဖြတ်ထား ပြီးသားပါ"

မြိုင်နှင့်ကိုသက်တင်တို့စီးလာသော မော်တော်ကားသည် ရွှေတောင်ကြားဘက်သို့ ရောက်ရှိလာပြီးနောက် မြိုင်တို့ခြံအတွင်းသို့ဝင်လာကာ အိမ်ရှေ့တွင် ရပ်သွားသည်။ ကားတံခါးကို ဖွင့်၍ ဆင်းခါနီး၌ မြိုင်သည် ၎င်းအား မျှော်လင့်ခြင်းကြီးစွာဖြင့် ငေးစိုက်၍ ကြည့်နေသော ကိုသက်တင်အား တစ်ချက်မျှပြန်လှည့်၍ ကြည့်ရင်း...

"ကိုသက်တင် ဣန္ဒြေရရသာ နေစေချင်တယ်၊ ကိုသက်တင်ပြောတာကို မြိုင် စဉ်းစားပါ့မယ်လေ"

ဟုသာပြောကာ ကားပေါ်မှဆင်း၍ အိမ်ပေါ်သို့ တက်သွားလေသည်။

အခန်း [၂၅]

(က)

ကိုသက်တင်က ရွှေတောင်ကြားအိမ်သို့ ၎င်း၏မော်တော်ကားဖြင့် လိုက်ပို့ကာ ပြန်သွားပြီးနောက် မြိုင်သည် အိမ်အောက်ထပ်မှ နေ၍ ၎င်းအား စိုးရိမ်ပူပန်စွာ စောင့်မျှော်နေသော ဒေါ်လေး ဒေါ်စောခင်ကိုပင် စကားတစ်ခွန်းတစ်ပါဒမျှ ပြောဆိုခြင်းမပြုနိုင်တော့ဘဲ အိမ်ပေါ်ထပ်သို့သာ ခပ်စိုက်စိုက်နှင့်တက်လာ ခဲ့လေသည်။

အပေါ်ထပ်လှေကားထိပ်တွင် မြိုင်မတွေ့လိုလှသော ဖခင်လုပ်သူနှင့် မျက်နှာချင်း ဆိုင်တိုးနေသဖြင့် ဖခင်ကိုပင် စကားမပြောဆို လိုတော့သကဲ့သို့ ရှောင်ကွင်း၍ ၎င်း၏ အခန်းဘက်သို့ ထွက်သွားမည့်အပြုတွင်...

"အခု ဒါဘယ်ကပြန်လာတာလဲမြိုင်...."

ဟု ဦးထွန်းမင်းက မေးလိုက်သဖြင့် မြိုင်သည် ခြေလှမ်းကို တုံ့လိုက်ရပြီးလျှင်...

"လဲ့လဲ့တို့ လာခေါ်တာနဲ့ မြိုင်ရုပ်ရှင်လိုက်ကြည့်တာပါ ဖေဖေ"

ဟု သာပြန်၍ ခပ်ပေါ့ပေါ့ ပြောဆိုရင်း ၎င်း၏အခန်းဘက်သို့ ထွက်လာခဲ့လေသည်။

၎င်း၏အခန်းအတွင်းသို့ ရောက်ရှိ၍ အဝတ်အစားများလဲလှယ်နေစဉ် အခန်းအပြင်ဘက်၌ ဖခင်လုပ်သူ၏ သက်ပြင်းချသံကိုမြိုင်သည် မသဲမကွဲ ကြားလိုက်ရသည်။ အဝတ်အစားများလဲလှယ်ပြီးနောက် မိမိကိုယ်ကို သက်သာခြင်းရှိစေရန်အတွက် မြိုင်သည် ပေါင်ဒါများထည့်နေခိုက် ဒေါ်လေး ဒေါ်စောခင်သည် မြိုင့်အခန်းအတွင်းသို့ ဝင်လာပြီးလျှင်...

"ညည်း ထမင်းမစားတော့ဘူးလားမြိုင်..."

ဟု မေးလိုက်တော့ကာမှ ညစာ စားသောက်ဖို့ မေ့လျော့နေသော မိမိ၏အဖြစ်ကို မြိုင်သည် သတိရလာသည်။ မြိုင်သည် လဲ့လဲ့နှင့်ရုပ်ရှင်ရုံသို့ မလိုက်သွားမီက များစွာစိတ်ညစ်ညူးငိုယိုနေခဲ့ရသည့်အတွက် ထမင်း စားဖို့အရေးကို မေ့လျော့ခြင်းဖြစ်သည်။ ရုပ်ရှင်ကြည့်ပြီး၍ မြို့ထဲမှ

အိမ်သို့မပြန်မီ အိုးရီယင့်တွင် အနည်းငယ်စားသောက်လာခဲ့ရသည်က တစ်ကြောင်း၊ အိမ်သို့အပြန် မော်တော်ကား ပေါ်၌ ကိုသက်တင်ပြောဆိုသွားသော စကားများကိုလည်း လေးလေးနက်နက် စဉ်းစားခြင်း ပြုနေခဲ့မိသည်ကတစ်ကြောင်းကြောင့် ညစာစားသောက်ရမည့်အရေးကို လုံးလုံးလျားလျား မေ့လျော့သွားခြင်းဖြစ်လေသည်။

ထို့ကြောင့်...

"မြိုင် မြို့ထဲက စားစရာစားလာခဲ့လို့ မစားတော့ဘူး ဒေါ်လေး"

ဟု ပြန်ပြောလိုက်သည်။ ဤသို့ပြန်ပြောလိုက်လျှင် ဒေါ်လေးဒေါ်စောခင်သည် နောက်ထပ် စကားမဆက်တော့ဘဲ ပြန်ထွက်သွားလိမ့်မည်ဟု မြိုင်သည် မျှော်လင့်ထားသော်လည်း အဘွားကြီးသည် မြိုင်၏အခန်းအတွင်းမှ ထွက်၍ မသွားသေးဘဲ အလှပြင်စားပွဲဘေးရှိ ကုလားထိုင်တွင် ထိုင်လိုက်သောကြောင့် မြိုင်သည် စိတ်ကျဉ်းကျပ်သွားလေသည်။

ဒေါ်လေး ဒေါ်စောခင်သည် မြိုင့်အားတစ်ချက်မျှ လှမ်း၍ ကြည့်လိုက်ပြီးနောက် သက်ပြင်းချတစ်ချက်ချလိုက်သည်။

"ငါ့မှာလည်း ဒီလင်နဲ့သားနဲ့ မိန်းကလေးတစ်ယောက်ကို ဘယ်အထိများ ထိန်းရကျောင်းရဦးမလဲမပြောတတ်ပါဘူးကွယ်"

ဟူ၍ လည်း ညည်းတွားလိုက်သည်။

မြိုင်သည် သက်ပြင်းကို ချလိုက်သည်။ ဒေါ်လေး ဒေါ်စောခင်ကိုကား စကားမပြော လိုတော့ချေ။ အိပ်ရာထက်တွင် အသာလှဲနေချင်စိတ်သာရှိသည်။

"မနက်ဖြန် ညနေလင်အိမ်ကိုပြန်ပို့ဖို့ အစ်ကိုကြီးက ကျုပ်ကို ခုနကတင် အမိန့်ချ သွားတယ် မမ..... အဲဒါ တောင်တောင်အီအီ စကားပြောမနေနဲ့တော့၊ မနက်ဖြန် မယ်မင်းကြီးမအိမ်ကို ပြန်ကြွဖြစ်အောင် ကြွတော်မူစမ်းပါ..."

စကားကောင်းကောင်းပင် မပြောလိုတော့သကဲ့သို့ ဒေါ်လေး

ဒေါ်စောခင်က ခပ်ငေါ့ငေါ့ပင်ပြောလိုက်သည်။

ဖခင်လုပ်သူက အမိန့်ချမှတ်လိုက်သည်ဆိုသောကြောင့် မြိုင်သည် အသက်ရှူပင် မှားမတတ်ဖြစ်သွားလေသည်။ ချွေးများလည်း ပြန်လာသည်။

"ကျုပ်လည်း ညည်းအတွက်နဲ့ စိတ်ရောလူပါ ပင်ပန်းလှပါပြီ၊ မနက်ဖြန်သာ ကြွဖြစ်အောင် ကြွတော်မူစမ်းပါ"

"ကိုတင်ဦးဆီတော့ ဘယ်နည်းနဲ့မှ မြိုင်မပြန်နိုင်ဘူး ဒေါ်လေး"

"ညည်းလင်ဆီမှ ညည်းမပြန်ချင်ရင် ညည်းဘာသာညည်း ဘယ်ကိုပဲသွားသွား.... သွားချင်ရာသာ သွားပါ၊ ဒီအိမ်မှာ ညည်းမရှိရင် ကျုပ်တာဝန်အေးတာပါပဲတော်...."

ဟု စိတ်တိုလာသကဲ့သို့ပြောဆိုလိုက်ပြီးနောက် ဒေါ်လေး ဒေါ်စောခင်သည် ထိုင်ရာမှ ရုတ်တရက် ထကာ မြိုင့်အခန်းအတွင်းမှ ထွက်၍ သွားသဖြင့် မြိုင်သည် ကြောင်စီစီဖြစ် ကာ ကျန်ရစ်ခဲ့လေသည်။

ဒေါ်လေး ဒေါ်စောခင်အခန်းအတွင်းမှ ထွက်သွားပြီးနောက် အတန်ကြာမှ မြိုင်သည် ၎င်းကိုယ်ကို သတိရလာသကဲ့သို့ အသက်ဝင်လှုပ်ရှားလာသည်။ မိမိအား ဤအိမ်ကြီးတွင် ဆက်လက်၍ လက်ခံမထားချင်ကြတော့သော ဖခင်နှင့် ဒေါ်လေးလုပ်သူတို့၏ အတွင်း သဘောကို ကောင်းစွာသဘောပေါက်နားလည်ခဲ့ရလေပြီ။ သို့ရာတွင် မြိုင်သည် ကိုတင်ဦးနှင့်ကား မျက်နှာချင်းပင် မဆိုင်လိုတော့ပေ။ မြိုင်သည် အဘယ်ဆီသို့ပြေးသွားရပါမည်နည်း။
နှစ်သိန်းလေးသောင်းအထုရှိသည်ဆိုသော မဟာပထဝီမြေကြီးသည်ပင် မြိုင့်အဖို့ အလွန် ကျဉ်းကျပ်နေပေသည်။

မြိုင်သည် ခုတင်ဘက်သို့ လျှောက်လာခဲ့စဉ်၊ ညနေက ကိုတင်ဦးအိန္ဒိယမှ ထည့် လိုက်သော စာအိတ်ကို ခုတင်ပေါ်၌ တွေ့ ရသဖြင့် အမှတ်တမဲ့ကောက်ယူကာ စိတ်က မစောဘဲနှင့် ဖွင့်ဖောက်၍ ဖတ်ကြည့်မိသည်။

စာကား ကာလကတ္တားမှထည့်လိုက်သော စာဖြစ်၍ ရန်ကုန်သို့ သုံးရက်အတွင်း ပြန်လည်ရောက်ရှိလာတော့မည်အကြောင်းကို ရေးထားပေသည်။ ရန်ကုန်သို့ပြန်ရောက်သောနေ့တွင် မြိုင့်အား

လာခေါ်မည့်အကြောင်းနှင့် မြိုင်ကလည်း ပြန်လိုက်လာဖို့အတွက် အဆင်သင့်ပြင်ဆင်ထားဖို့ တိုက်တွန်းထားသောအကြောင်းများဖြစ်သည်။

ကိုတင်ဦးထံမှ စာကို ဖတ်လိုက်ရသဖြင့် မြိုင်သည် သာလွန်၍ စိတ်ညစ်ညူးသွား လေသည်။ ကိုတင်ဦး ရန်ကုန်သို့ ပြန်ရောက်လျှင်ရောက်ချင်း မိမိအား အတင်းအဓမ္မ လာရောက်ခေါ်ငင်ပါက မိမိဘာလုပ်ရမည်နည်း။

မြိုင့်သည် ခုတင်ပေါ်သို့ မိမိကိုယ်ကိုပစ်လှဲ၍ ချလိုက်ပြီးနောက် မျက်နှာနှင့်ခေါင်းအုံးကို ကပ်ကာ အားရပါးရ ငိုချလိုက်မိသည်။

"မေမေရေ မေမေ့သမီးကို ထကြည့်နိုင်ရင် ကြည့်လှည့်စမ်းပါဦး ..."

ဟု သေဆုံး သွားပြီးဖြစ်သော မိခင်လုပ်သူအား တိုင်တမ်းငိုယိုမိသည်။

ထိုနေ့ညက တစ်ညလုံး မြိုင်သည် အိပ်စက်၍ မရပေ။ မိုးစင်စင်လင်းသွားသည် အထိ မျက်လုံးများ ကြောင်နေခဲ့သည်။

နောက်တစ်နေ့မိုးလင်းလျှင် လင်းချင်း မြိုင်သည်ဦးခေါင်းထဲ၌ မူးနောက်နောက် ရှိသဖြင့် အိမ်အပေါ်ထပ်မှ ခပ်စောစောပင် ဆင်းလာခဲ့ပြီးနောက် မျက်နှာသစ်ပြီးလျှင် ပြီးချင်း အိမ်ရှေ့ပန်းခြံထဲသို့ ဆင်းလာခဲ့သည်။ ပန်းခြံထဲ၌ ပန်းပင်များကို လျှောက်၍ ကြည့်ရင်း လေကောင်းလေသန့်ကို ရှူရှိုက်ရလျှင် ကြည်ကြည်လင်လင်ဖြစ်လာလိမ့်မည်ဟု မြိုင်က ထင်နေသလား မပြောတတ်ပေ။

မြိုင်သည် ၎င်း၏အချစ်တော် နှင်းဆီနီကြီးများကိုစိတ်ကြည်လင်လို ကြည်လင်ငြား သွားရောက်ကြည့်ရှုမိသည်။ အိပ်ရာမှနိုးခါစ ဖြစ်သော မာလီကုလားသည် နှင်းဆီပင်များအကြား၌ မြိုင့်ကို မြင်လိုက်လျှင် မြင်လိုက်ချင်း မျက်နှာပင် မသစ်နိုင်လိုက်သေးဘဲ အူယားဖားယားနှင့်ပြေးလာသည်ကိုလည်း မမြင်၊ စလာမ်ပေးသည်ကိုလည်း မမြင်၊ နှင်းဆီ ပန်းများကိုသာ ငေးစိုက်ကြည့်နေသည်။

သခင်မကလေးက အမိန့်ပေးနိုးနိုးနှင့် အတန်ကြာမျှ စောင့်ဆိုင်းနေသည်တိုင်အောင် မည်သည့်ဆာကြူလာ အမိန့်မျှကျမလာသည့်အတွက် ပန်းပင်ကို ရေလောင်းရမည် လောဟု မာလီကုလားကပင် မေးယူရသည်။ မာလီကုလားက မေးမြန်းလာတော့မှပင် မြိုင်သည် မိမိဘေးနားတွင် ရပ်နေသော မာလီကုလားကို သတိရလာသည်။ လှမ်း၍ မြင်မိသည်။

မြိုင်သည် မာလီကုလားကို ဦးခေါင်းခါရမ်း၍သာ ပြလိုက်သည်။ သခင်မက ၎င်း၏လုပ်အားကို အလိုမရှိသေးဟု ပြောဆိုလိုက်သည့်အတွက် မာလီကုလားသည် စလာမ်နောက်တစ်ကြိမ်ပေးကာ ထွက်သွားမည်အပြု၊ ကြေးနန်းရုံးမှ ကြေးနန်းပို့သော လူတစ်ယောက် ခြံအတွင်းသို့ စက်ဘီးနှင့်ဝင်လာသည်ကို လှမ်းမြင်လိုက်သဖြင့် မာလီ ကုလားသည် ကြေးနန်းလာပို့သော သူ့ဆီသို့ ထွက်သွားပြီးလျှင် ကြေးနန်းကို လက်မှတ်ထိုး ယူငင်လာခဲ့ပြီးနောက် မြိုင့်အား လှမ်း၍ ပေးလေသည်။

နံနက်စောစောစီးစီးကြေးနန်းလာသဖြင့် မြိုင်သည် မည်သူမည်ဝါထံသို့ လိပ်တပ် ထားသည်ကိုမှပင် အရေးယူကြည့်မနေနိုင်တော့ဘဲ ကြေးနန်းစာအိတ်ကို ဖွင့်ကာ ဖတ်ရှု

ကြည့်လိုက်မိသည်။ ကြေးနန်းမှာ မြိုင်၏အစ်ကို ကိုဇော်ဝင်းထံမှ ရိုက်လိုက်သော ကြေးနန်း ဖြစ်၍ ကြေးနန်းထဲတွင် ၎င်းတို့ လင်မယားနှစ်ယောက်စလုံးရန်ကုန်သို့ အလုပ်ကိစ္စအတွက် ဆယ်ရက်လောက်လာ၍ နေထိုင်ရမည့်အကြောင်းနှင့် မနက်ဖြန်ညနေ ဖ နာရီလောက် ရန်ကုန်လေဆိပ်သို့ ရောက်ရှိကြလိမ့်မည့်အကြောင်း ပါရှိလေသည်။ ကြေးနန်းကို ဖတ်လိုက်ရပြီးနောက် မြိုင်သည် ပိုမို၍ ခေါင်းရှုပ်သွားလေသည်။

ကိုဇော်ဝင်းတို့ လင်မယားရောက်ရှိလာလျှင် မိမိအား အဘယ်သို့သော သဘောထားကြ မည်နည်း။ မိမိအနေနှင့်ကော ဤအိမ်ကြီးတွင် အဘယ်သို့ ကုတ်ကပ်နေထိုင်နိုင်ဦးမည်နည်း။ မြိုင်သည်ဘေးကျပ်နံကျပ်နှင့် မလှုပ်သာ မလွန့်သာ ဖြစ်နေသည်။

မြိုင်သည် ကြေးနန်းစာအိတ်နှင့် စာရွက်ကိုကိုင်ကာ ငိုင်၍ စဉ်းစားနေသည့်အခိုက် မြိုင်တို့ ခြံကြီးအတွင်းသို့ အော်စတင်ကားနက်ကလေးတစ်စီးသည် လိမ့်၍ ဝင်လာပြီး နောက်၊ အိမ်ရှေ့ဆင်ဝင်အောက်တွင် ရပ်သွားသည်။ ကားတံခါးပွင့်လာပြီးနောက်၊ မောင်မောင်လတ်သည် ကားပေါ်မှ ဆင်းလာသည်။

မြိုင်သည် ကားဝင်လာသည်ကိုလည်း မသိလိုက်၊ မောင်မောင်လတ် ကားပေါ်မှ ဆင်းလာသည်ကိုလည်း မမြင်လိုက်မိပေ။

“ဟေး မြိုင်... အစောကြီး ဘာထလုပ်နေတာလဲ....”

ဟု မောင်မောင်လတ်က ကားပေါ်မှ ဆင်းလာရင်းမေးနေသည်ကိုလည်း မကြားလိုက်။

မြိုင်အနီးသို့ရောက်လာသောအခါ ကျောက်ရုပ်လိုငိုင်နေသောမြိုင့်အား...

“ဟေး မြိုင်”

ဟု မောင်မောင်လတ်က ခပ်ကျယ်ကျယ်ကလေး ခေါ်လိုက်သည်။ သည်တော့မှပင် မြိုင်သည် ပြန်၍ အသက်ဝင်ကာ လှုပ်ရှားလာသကဲ့သို့ မောင်မောင်လတ်အား လှည့်၍ ကြည့်လိုက်မိသည်။

"စောစောစီးစီး ဘာများငိုင်နေရတာလဲ မြိုင်ရဲ့..."

ဟု မောင်မောင်လတ်က စီးကရက်တစ်လိပ်ကို ထုတ်ယူကာ မီးညှိရင်းမေးလိုက်သည်။

"မြိုင်စိတ်ညစ်လွန်းလို့ပါ ကိုကိုလတ်ရယ်... မေးမနေစမ်းပါနဲ့"

ဟု ခပ်ငေါက်ငေါက် ကလေး မြိုင်ကပြန်ပြောလိုက်သည်။

မောင်မောင်လတ်သည် မြိုင့်လက်ထဲမှ ကြေးနန်းစာရွက်ကို ဆတ်ခနဲဆွဲယူကာ လျင်မြန်စွာ ဖတ်ရှုကြည့်လိုက်ပြီးနောက်...

"ဟင် ကိုဇော်ဝင်းတို့ ရန်ကုန်ကို ခဏပြန်လာ ကြမယ်တဲ့လားဟင် မြိုင်၊ ကိုလတ်တော့ ဟန်တာပဲ..."

ဟု ကလေးသူငယ်ကဲ့သို့အားရ ဝမ်းသာပြောဆိုလိုက်လေသည်။ ကိုဇော်ဝင်းပြန်လာမည်ဆိုသည့်အတွက် စိတ်နောက်ကျိ နေရသောမြိုင်သည် ကိုဇော်ဝင်းပြန်လာသည့်အတွက် ဟန်တာပဲဟု ပြောဆိုလိုက်သော မောင်မောင်လတ်အား မျက်စောင်းထိုးကာ တစ်ချက်မျှ လှမ်း၍ ကြည့်လိုက်ပြီးနောက်...

"ကိုကိုပြန်လာတာနဲ့ ကိုကိုလတ်က ဘာဟန်ရတာလဲ...."

ဟု ခပ်ဆတ်ဆတ်ကလေး ပြန် မေးလိုက်မိသည်။

"ကိုဇော်ဝင်း သည်ပြန်လာရင် သူ့ဆီက ဂေါ့ဖ်တုတ်တစ်စုံကို လက်ဖွဲ့ပစ္စည်းအဖြစ်နဲ့ အဝယ်ခိုင်းမလို့ပေါ့ မြိုင်ရဲ့၊ ကိုလတ်အခု ညနေတိုင်း ဂေါ့ဖ်ရိုက်နေပြီလေ.... မြိုင်မသိသေး ဘူးထင်တယ်..."

လက်ဖွဲ့ပစ္စည်းဆိုသော စကားကို မောင်မောင်လတ်၏ ပါးစပ်မှ ကြားလိုက်ရသည့် အတွက် မြိုင်သည် မည်သို့မျှ ဆက်စပ်၍ နားမလည်သလို ဖြစ်သွားသည်။ ထို့ကြောင့် မောင်မောင်လတ်အား နားမလည်နိုင်သကဲ့သို့ အတန်ကြာမျှ ငေးစိုက်၍ ကြည့်နေလိုက် ပြီးနောက်...

"ကိုကိုလတ်ပြောတဲ့ လက်ဖွဲ့ ပစ္စည်းဆိုတာ ဘာလဲဟင်"

ဟု ပြန်၍ မေးလိုက်မိ သည်။

"မြိုင့်ကို ဒေါ်လေး ဒီအကြောင်းတွေ ဘာမှ မပြောပြသေးဘူးလား ဟင်…"

"ဘယ်အကြောင်းလဲ မြိုင်တော့ဘာမှမသိသေးဘူး…"

"လဲ့လဲ့ကလည်း ဘာမှမပြောပြသေးပါကလား…."

"ကိုကိုလတ်က မြိုင်တောင် သိပြီးပြီမှတ်လို့…."

"ကိုကိုလတ်ကိစ္စကို ပြောစမ်းပါဦး"

"လဲ့လဲ့နဲ့ ကိုလတ် လက်ထပ်ကြဖို့အတွက် စီစဉ်ပြီးပြီလေ…"

"ဟင်… ကိုကိုလတ်နှင့် လဲ့လဲ့ လက်ထပ်ကြတော့မယ်…ဟုတ်လား…"

"မြိုင်မသိသေးဘဲကိုး…."

"မေခင့်ကိစ္စကော ဘယ်လိုလုပ်မလဲ"

"မေခင်ဆေးကုဖို့ ငွေတစ်သောင်းပေးပြီး ကိုလတ် ကွာလိုက်ပြီးပြီလေ…"

"ဟင်… ဟုတ်လား"

"မြိုင်က တယ်ခေတ်နောက်ကျနေတာကိုး…."

မြိုင်သည် မောင်မောင်လတ်ပြောဆိုသွားသော စကားများကို နားရှိ၍သာ ကြားလိုက် ရသော်လည်း မယုံရအခက်၊ ယုံရအခက် ဖြစ်နေလေသည်။ လဲ့လဲ့နှင့်လွယ်လွယ်ကူကူပင် လက်ထပ်တော့မည်ဆိုသည့်စကားကိုလည်း အံ့သြနေသည်။ ထို့ကြောင့်…

"ဟုတ်မှ ဟုတ်ရဲ့လားကိုကိုလတ်ရယ်…."

ဟု ပြော၍ မေးလိုက်မိသည်။

“ငွေတစ်သောင်းပေးပြီး ကွာရှင်းပြီးပြီဆိုနေမှ ဟုတ်မှ ဟုတ်ရဲ့လားလို့များ မေးနေ ရသေးသလား မြိုင်ရယ်...”

မောင်မောင်လတ်သည် တစ်ကြိမ်က ၎င်းစွဲစွဲလမ်းလမ်း ဖြစ်ခဲ့သော မိန်းမသားတစ်ဦးအား ယခုအခါတွင်လေးနက်ခြင်းမရှိသောအမူအရာဖြင့် ခပ်ပေါ့ပေါ့ ခပ်လွယ်လွယ် ပြောဆိုလိုက်သည်။

“ငွေတစ်သောင်းတောင် ပေးထားပြီးမှပဲ မြိုင်ရယ် သူမကျေနပ်လည်း ကိုလတ် ဘာတတ်နိုင်ဦးမှာလဲ....”

“ကိုကိုလတ်တို့ ကလေးကိစ္စကကောဟင်”

“ကလေးကိုတော့ ကိုလတ်မေမေများနဲ့ ထားဖို့စီစဉ်ပြီးပြီ။ မေမေတို့လည်း ကိုလတ် ကလေးကို အမွေစားအမွေခံအဖြစ်နဲ့ မွေးလိမ့်မယ်”

“ကိုကိုလတ်တို့ ကိစ္စကလည်း ဖြစ်လွယ်ပျက်လွယ်လှပါကလား”

"လောကကြီးမှာ မဖြစ်တဲ့ အလုပ်ကို လုပ်နေတဲ့လူလောက် မိုက်တဲ့လူ ဘယ်ရှိတော့မလဲ မြိုင်....”

မြိုင်သည် သက်ပြင်းကို ချလိုက်မိသည်။ မိမိ၏ဘဝကိုပြန်၍ စဉ်းစားမိရင်း မိန်းကလေးဖြစ်လာရသော မိမိဘဝကိုပင် မကျေမချမ်းနိုင်သကဲ့သို ဖြစ်လာသည်။

“ဒါထက် မြိုင်ကော ရေကျော်အိမ်ကို ဘယ်တော့လောက်ပြန်မယ် စိတ်ကူးသလဲ၊ ကိုတင်ဦးလည်း အိန္ဒိယက ပြန်ရောက်ဖို့နီးပြီထင်တယ်”

မောင်မောင်လတ်သည် ၎င်း၏ အကြောင်းကို ပြောဆိုရန် မရှိတော့သဖြင့် မြိုင်၏ အကြောင်းကိုစကားစပ်လိုက်သည်။ မိန်းကလေးဖြစ်နေရသော မိမိဘဝအတွက် မကျေမချမ်းဖြစ်နေသောမြိုင်သည် မောင်မောင်လတ် စကားကိုကြားလျှင် ကြားချင်း ခေါင်းထောင်လိုက်မိသည်။

“ဒီအကြောင်း မြိုင့်ကို မမေးစမ်းပါနဲ့ ကိုကိုလတ်..”

ဟု ခပ်ထန်ထန်ကလေးပြောဆို ပစ်လိုက်သည်။

မောင်မောင်လတ်သည် မြိုင်စိတ်တိုလာပုံကို သဘောကျသွားသကဲ့သို့ မလေးမခန့် ရယ်မောလိုက်ပြီးနောက်....

"မြိုင်က ကိုတင်ဦးထက်သာတဲ့ လူတစ်ယောက်ကိုများ တွေ့ထားလို့လားဟင်"

ဟု မထီတရီနှင့်ပြန်၍ မေးလိုက်သည်။

မြိုင်သည် သာလွန်၍ ဒေါသထွက်လာသည်။

"တော်စမ်းပါကိုကိုလတ်ရယ်၊ မြိုင့်ကို စိတ်မဆိုးဆိုးအောင် စ,မနေစမ်းပါနဲ့ "

"ကိုတင်ဦးလို သဘောထားဖြူစင်ပြည့်ဝတဲ့ လူတစ်ယောက်ကို မြိုင်ပစ်ထားမိမှာ စိုးလို့ပြောတာပေါ့ မြိုင်ရယ်"

"နှစ်ထပ်ကွမ်းတော်ခဲ့ရတဲ့ ယောက်ဖမို့လို့ ကိုကိုလတ်ရဲ့ ယောက်ဖဘက်က ရှေ့နေ လိုက်တာလား"

"ကိုလတ် တကယ်ပြောတာပါ မြိုင်ရဲ့၊ ကိုတင်ဦးက သိပ်သဘောကောင်းတိုင်း မြိုင်က ခုလောက်ဆိုးနေတာ မတော်လို့ ကိုလတ်က ပြောနေရတာပါ"

"ကိုတင်ဦးအကြောင်း မြိုင်မကြားချင်တော့ဘူး ကိုကိုလတ်၊ နောက်ထပ် မပြောပါနဲ့တော့"

"မြိုင်က မကြားချင်လို့ မပြောပါနဲ့ဆိုရင်လည်း ကိုလတ်မပြောတော့ပါဘူးလေ....၊ သြော်.... ဒါထက် မေမေက ခိုင်းလိုက်တဲ့ကိစ္စကိုတောင် ပြောဖို့ မေ့လိုက်နေလိုက်တာ"

"ကြီးကြီးက ဘာခိုင်းလိုက်ပြန်လို့လဲ"

" မနက်ဖြန်မနက် အိမ်မှာမြတ်ဗုဒ္ဓဘုရားရှင်ကို ဆွမ်းကပ်မှာမို့လို့ ကနေ့ည မြိုင်နဲ့ဒေါ်လေးတို့ကို လာကူပါဦး အခေါ်ခိုင်းလိုက်တယ်"

“ဒေါ်လေးရော မြိုင်ရော နှစ်ယောက်စလုံး လာလို့တော့ မဖြစ်ဘူးထင်တယ်"

“ဘာဖြစ်လို့လဲ...”

“ဖေဖေ့ကို ကြည့်ဖို့လူက မရှိဘူး... ပြီးတော့ ဖေဖေကလည်း ခု သုံးလေးရက် အတွင်း ခါတိုင်းထက်အနေရဆိုးပုံရတယ်”

“ဒါဖြင့်လည်း ဒေါ်လေးကို အိမ်စောင့်ထားခဲ့တာပေါ့....၊ မြိုင်ကတော့ မလာလို့ မဖြစ်ဘူးထင်တယ်”

"မြိုင့်အစား ဒေါ်လေးကို ခေါ်လို့ရရင်လည်း ခေါ်သွားပါလား ကိုကိုလတ်”

“မေမေက မြိုင့်ကို ခုတစ်ခါတည်းခေါ်လာခဲ့ဖို့တောင် မှာလိုက်တာ၊ မြိုင်မလာလို့တော့ မဖြစ်ဘူးထင်တယ်”

“ကြီးကြီးက မှာရင်လည်း လာရမှာပေါ့လေ၊ ဒါပေမဲ့... မြိုင် ညနေစောင်းတော့မှ လာခဲ့ပါရစေလား"

“ညက တစ်ညလုံးမအိပ်ရလို့ နေ့ခင်းတော့ မြိုင် တစ်ရေးလောက်အိပ်ချင်သေးတယ်၊ ဒါကြောင့် ညနေကျတော့မှာပဲ လာခေါ်ပါတော့ကိုကိုလတ်ရယ်”

ထိုအခိုက် အိမ်အတွင်းမှ အိမ်ရှေ့သို့ထွက်လာသောအခါ ဒေါ်လေးဒေါ်စောခင်သည် မြိုင်နှင့် မောင်မောင်လတ်တို့ မောင်နှမနှစ်ယောက် ပန်းခြံတွင် စကားပြောဆိုနေကြသည်ကိုလှမ်း၍ မြင်လိုက်သဖြင့်...

“ဟဲ့... မောင်လတ်၊ စောစောစီးစီး မင်းဘယ်က လှည့်ဝင် လာတာလဲ”

လှမ်း၍ မေးလိုက်လေသည်။

“မောင်မောင်လတ်သည် မြိုင့်အား စကားပြောဆိုလျက်ရှိရာမှ ဒေါ်လေးဒေါ်စောခင်ကို လှမ်း၍ ကြည့်ရင်း...

"မေမေက လွှတ်လိုက်လို့ လာတာပါ ဒေါ်လေး"

ဟု ပြန်လည်ဖြေ ကြားလိုက်သည်။

"မမက ဘာများမှာလိုက်သေးသလဲဟေ့၊ လာစမ်းပါဦးကွယ်"

ဟု ဒေါ်လေး ဒေါ်စောခင်က လှမ်း၍ ခေါ်လိုက်သဖြင့် မောင်မောင်လတ်သည် မြိုင့်အား နှုတ်ဆက်ကာ ဒေါ်လေး ဒေါ်စောခင်ဆီသို့ ခပ်သွက်သွက်ကလေး လျှောက်လာခဲ့လေသည်။

မလာလျှင်မဖြစ်၍သာ လာခဲ့ရခြင်းဖြစ်သော်လည်း ဘုရားကိုးဆူပွဲသဘင်အခမ်း အနားသို့ရောက်ရှိ၍ အပေါင်းအသင်းမိတ်ဆွေများနှင့် တွေ့ဆုံရပြန်သောအခါ၌ မြိုင်သည် ရေနှင့်တွေ့ရသော ကြာပန်းကဲ့သို့ လန်းဆန်းပေါ့ပါး၍ လာလေသည်။ မနေ့ညကလည်း တစ်ညလုံးအိပ်၍ မရခဲ့၊ နေ့ခင်းကလည်း နာရီဝက် သာသာလောက်သာ တစ်ရေးအိပ်ခဲ့ရသော မြိုင်သည် ခေါင်းထဲ၌ ခပ်ဝေဝေဖြစ်နေသည်။

မောင်မောင်လတ်၏ မိဘများမှာအလုပ်ကြီးအကိုင်ကြီးလုပ်ကိုင်လျက် ရှိကြသူများ ဖြစ်၍ မိတ်သင်္ဂဟ တော်တော်များ၍ စုံလည်းစုံသည်။ အိမ်ကြီးပေါ်တွင် ဧည့်ခံ၍ မလောက်သဖြင့် အိမ်ရှေ့ဥယျာဉ်ပစာနှင့် အိမ်ဘေးပန်းခြံထဲတွင်လည်း ဧည့်သည်များကို တည်ခင်းဧည့်ခံ ရလေသည်။

ဘုရားကိုးဆူသို့ မြိုင့်ထက်အရင်ဦးကာ လဲ့လဲ့သည် ရောက်ရှိနေသည်။ မောင်မောင်လတ်နှင့်အတူ ကားစီး၍ ခြံထဲသို့ ဝင်လာသောအခါ လဲ့လဲ့က မြိုင့်အား ဆီးကြိုနှုတ်ဆက်ပြီးနောက် တစ်စုံတစ်ရာ ပြောဆိုရန်ရှိသကဲ့သို့ လက်ကုတ်၍ ခေါ်သွားသဖြင့်မြိုင်သည် အခြားအသိမိတ်ဆွေများကို နှုတ်မဆက်ဖြစ်နိုင်သေးဘဲ လဲ့လဲ့လက်ကုတ်ခေါ်ရာသို့ လိုက်ပါ သွားရသည်။

လဲ့လဲ့သည် အိမ်မကြီးနှင့် ပေလေးငါးဆယ်လောက် ဝေး၍ လူသူရှင်းသော မရမ်းပင်များအောက်သို့ ရောက်သောအခါမှ မြိုင့်အား အရေးတကြီးပြောဆိုရန်ရှိသော စကားကို ပြောဆိုရန်အတွက် မြိုင့်အားဖက်ထားလိုက်သည်။ လဲ့လဲ့သည် မြိုင့်အား အရေးကြီးသော စကားကို ပြောဆိုရန်ရှိသောအခါတိုင်း ဖက်၍ ပြောဆိုတတ်သော အကျင့်လည်းရှိသည်။

"မြိုင့်ကို ကိုယ်အရေးကြီးတဲ့စကားတစ်ခွန်းပြောစရာရှိလို့ကွယ်"

ဟု ရှက်သလို အမူအရာဖြင့်ပြောဆိုခြင်းပြုလေသည်။

"ကိုယ်သိပါတယ်ကွာ...ကိုယ့်ကို မင်းက

ယောက်မတော်ရတော့မယ်ဆိုတဲ့ သတင်းကို ပြောမလို့ မဟုတ်လား…”

ဟု မြိုင်က လဲ့လဲ့ပြောဆိုမည့်စကားကို ကြိုတင် ရိပ်မိပြီးဖြစ်သကဲ့သို့ လွှတ်ခနဲပြောချလိုက်သည်။

“ဟင် ဒီသတင်းကို မင်းဘယ်လိုသိသလဲ..”

လဲ့လဲ့က ၎င်းမပြောသေးမီ ကြိုတင်၍ သိနှင့်သော မြိုင့်အား အံ့အားသင့်သော အမူအရာဖြင့် ပြန်၍ မေးလိုက်သည်။

“မင်းက ကိုယ့်ကို ဘယ်လောက်ပဲဖုံးထားပေမဲ့ ငှက်ကလေးတစ်ကောင်က ကိုယ့်နား နားကို လာကပ်ပြီး ပြောသွားပြီးပါပြီကွာ..."

“ဒါဖြင့် ကေန္တ ကိုလတ်ပြောတာဖြစ်ရမှာပဲ”

“ငှက်ကလေးတစ်ကောင်ပါလို့ ပြောထားပါပကောလားကွာ.. ကိုလတ်တို့ ဘာတို့ ဆိုတာတွေကို မေးမနေပါနဲ့တော့”

“ဒီသတင်းကို ကိုယ်ကလွဲပြီး ဒီပြင် ဘယ်သူကမှ မြိုင့်ကို မပြောပြဖို့ ကိုလတ်နဲ့ ကိုယ်နဲ့နှစ်ယောက် သဘောထားတူပြီးကာမှ ကိုလတ်က ကိုယ်မပြောခင် မင်းကို ပြောပြ လိုက်ရဦးမယ်….”

“မင်းတို့ ဘယ်တော့လောက် လက်ထပ်ကြဖို့စီစဉ်နေကြပြီးလဲဟင် လဲ့လဲ့..."

“လူကြီးတွေစီစဉ်ပေးသလို ကိုယ်တို့က လိုက်နာကြရမှာမို့ တိတိကျကျတော့ မပြောနိုင်သေးဘူး။ ဒါပေမဲ့ သိပ်ကြာကြာကြီးတော့ ဆွဲထားစရာအကြောင်းမရှိပါဘူး…”

“မင်းကရော မင်းသဘောကျတဲ့လူကို မင်းသဘောနဲ့ ယူထားပြီးကာမှ ဘာလို့ မပျော်ရသလဲဆိုတာ စဉ်းစားမိရောပေါ့”

“ကိုယ့်ကို ဒီအကြောင်း မပြောစမ်းပါနဲ့ကွာ…”

“ကိုယ်လည်း စိတ်မကောင်းပါဘူးကွာ… မင်း ကိုသက်တင်ကို

ငြင်းလိုက်တာ သိပ်မှားတယ်လို့ထင်တာပဲ... မဟုတ်ရင် ကိုယ်နဲ့ နှစ်ခါပြန် သမီးယောက်မ တော်ကြရမှာ..."

"တော်စမ်းပါတော့လဲ့ရာ ကိုယ့်အမှားတော်ပုံကြီးအကြောင်းကို မေ့ပစ်လိုက်ဖို့ ကြိုးစားနေရတဲ့အချိန်မှာ ဒီအမှားတော်ပုံနဲ့ပတ်သက်ပြီး ဘာမှမကြားချင်လို့ပါ...."

"မင်း အဲဒီ ကိုတင်ဦးဆိုတဲ့ လူနဲ့ ယူစတုန်းကများလေ မင်းကို ကိုယ်သိပ်စိတ်ဆိုးမိတာပဲ... မင်းအသားကိုတောင် ကိုက်စားချင်တဲ့စိတ်မျိုး ဝင်ခဲ့မိသေးတယ်"

မြိုင်သည် ငြိမ်သက်၍ နေလိုက်သည်။ မိမိအပေါ်၌ ကရုဏာဒေါသောနှင့် ပြောဆိုလိုက်သော လဲ့လဲ့၏ စေတနာကိုလည်း ကျေးဇူးတင်မိသည်။

"မင်း လူနဲ့သာ ပြတ်ပြတ်စဲစဲနဲ့ ကင်းကင်းရှင်းရှင်းဖြစ်သွားအောင် မြန်မြန်သာ လုပ်လိုက်ပါ.... ဒါမှ မင်းစိတ်ချမ်းသာမှာမြိုင်ရဲ့...."

"ကိုယ်က ကွာချင်ပြတ်ချင်ပေမဲ့ ဒီလူက ကိုယ့်ကိုကွာမှာ မဟုတ်လို့ သိပ်ကျပ် နေတာပေါ့ကွာ...."

"ဒါဖြင့်လည်း သူနဲ့ မတွေ့ နိုင်မမြင်နိုင်တဲ့နေရာ တစ်ခုခုမှာ သွားရှောင်နေလိုက်ပါလား.... မင်းဒီလိုခပ်ကြာကြာကလေး ရှောင်နေလိုက်ရင် ဒီလူလည်း သူ့ဘာသာသူ ရိပ်မိလာပြီး နောက်ဆုတ်သွားလိမ့်မယ်ထင်တာပဲလေ..."

"ကိုယ်လည်း အဲဒါကို စဉ်းစားမိသားပဲ။ ဒါပေမဲ့ ရှောင်ဖို့နေရာက မလွယ်ဘူး"

"တကယ်သာ မင်းရှောင်ချင်ရင် လွယ်ပါတယ်ကွာ"

မြိုင်သည် ငိုင်၍ စဉ်းစားနေမိသည်။ တကယ်သာ ရှောင်ရန် လွယ်ပါတယ်ဆိုသော လဲ့လဲ့က တိုက်တွန်းလိုက်သော စကားသည် နားထဲသို့ အတော်ကလေးစွဲဝင်သွား ဟန်ရှိသည်။

လဲ့လဲ့သည်မြိုင့်အား အတန်ကြာအကဲခတ်သလို ကြည့်နေပြီးမှ...

“လောကကြီးမှာ စိတ်တစ်ခုတည်းပါကွာ... ကိုယ့်စိတ်ကလုပ်ဖို့ဆုံးဖြတ်ရင် ဘာမဆိုလုပ်နိုင်ပါတယ်”

ဟု တိုက်တွန်းပြောဆိုလိုက်ပြန်သည်။

မြိုင်သည် လဲ့လဲ့အားတစ်ချက်မျှလှမ်း၍ မော်ကြည့်လိုက်ပြီးနောက် ဦးခေါင်းကိုငုံ့မြဲ ငုံ့ကာ စဉ်းစားနေလိုက်ပေသည်။

"မင်းခံနေရတဲ့ ငရဲထဲက ခုန်မထွက်ရဲရင်တော့ ကိုယ်တို့လည်း ဘာမှမတတ် နိုင်ဘူးပေါ့ကွာ”

ဟု လဲ့လဲ့က ဖိ၍ ပြောဆိုလိုက်သဖြင့် မြိုင်သည် လှုပ်ရှား၍ လာသည်။

“ကိုယ်နားလည်ပါတယ်ကွာ....
ဒီအကြောင်းနောက်ထပ်မပြောကြပါနဲ့စို့”

ဟု မြိုင်က နောက်ထပ်၍ မပြောဆိုချင်တော့သကဲ့သို့ စကားပိတ်လိုက်သည်။

“မင်း ဒီကိုတင်ဦးဆိုတဲ့လူနဲ့ မကွဲမချင်း ကိုယ်ကတော့ ဒီအကြောင်းမပြောဘဲ နေလို့ရမှာ မဟုတ်ဘူး၊ ကိုယ့်ကို မပြောစေချင်ရင်တော့ မင်းဒီလူနဲ့သာ အမြန်ဆုံးပြတ်ပြတ် စဲစဲဖြစ်အောင် လုပ်ပစ်လိုက်ပါကွာ....”

ဟု လဲ့လဲ့က မြိုင့်အား ရုတ်တရက်လှမ်း၍ ဖက်ရင်း ပြောဆိုလေသည်။

မြိုင်သည် ဦးခေါင်းထဲ၌ မူးနောက်နောက်ဖြစ်လာသဖြင့် ငြိမ်သက်နေလိုက်သည်။

“မင်းကိုယ်ကို ဘာပြုလို့ ဒါလောက် အဆင်းရဲခံနေရသေးတာလဲ မြိုင်ရယ်.... ကိုယ်ဖြင့် မင်းကို နားမလည်နိုင်အောင် ဖြစ်နေတော့တာပဲ...”

မြိုင်သည် ငြိမ်၍သာ နေလိုက်သည်။ ဤကဲ့သို့ လဲ့လဲ့က ဖက်ထားခြင်းကို ငြိမ်သက်စွာခံယူနေသည့် အခိုက်...

“ဟေးလဲ့လဲ့ ကြီးကြီး မင်းကို လိုက်ရှာနေတယ်....”

ဟူ၍ မလှမ်းမကမ်းမှ ပြောဆိုလိုက်သော ကိုသက်တင်၏အသံကို ကြားလိုက်ရသဖြင့် မြိုင်သည် ဦးခေါင်းကို ထောင်၍ လှမ်းကြည့်လိုက်မိလေသည်။

ကိုသက်တင်သည် မြိုင်နှင့်လဲ့လဲ့တို့ နှစ်ယောက်ရပ်နေသော မရန်းပင်ရိပ်ဘက်ဆီသို့ ခပ်သွက်သွက်ကလေးလျှောက်လာပြီးနောက်အနားသို့ရောက်သောအခါ...

“သြော် ... မြိုင်လည်း ဒီမှာရောက်နေတာကိုး...”

ဟု မြိုင့်ကို အနီးသို့ ရောက်ခါမှ မြင်လိုက်သကဲ့သို့ နှုတ်ဆက်ပြောဆိုလိုက်သည်။

“မေမေ ဘယ်မှာလဲဟင်...”

ဟု လဲ့လဲ့က ဖက်ထားသော မြိုင့်အား လွှတ်လိုက်ပြီး နောက် ကိုသက်တင်အား လှမ်း၍ မေးလိုက်သည်။

“ကိုမောင်လတ်တို့ဖေဖေနဲ့ အိမ်ပေါ်မှာ စကားပြောနေတယ်... လဲ့လဲ့ကို လိုက်ရှာပြီး လွှတ်လိုက်စမ်းပါဆိုလို့ ကိုသက်တင်လိုက်ရှာနေရတာ...”

ကိုသက်တင်သည် လဲ့လဲ့ အား မသိမသာမျက်စိတစ်ဖက်မှိတ်၍ ပြရင်း ပြောဆိုလိုက်သည်။

“ဟာ ဒါဖြင့် မေမေ့ဆီကို သွားလိုက်ဦးမှပဲထင်တယ်.... မြိုင်နဲ့ ကိုသက်တင်တို့ နှစ်ယောက် စကားပြောနေရစ်ကြဦးနော် ဟုတ်လား၊ လဲ့ အခုပဲပြန်ပြေးလာခဲ့မယ်”

ဟုသာ ပြောဆိုပြီးနောက် လဲ့လဲ့သည် အိမ်ကြီးဘက်သို့ ခပ်သွက်သွက်ကလေးထွက်သွားလေသည်။

ကိုသက်တင်သည် သူ၏ထုံးစံအတိုင်း စီးကရက်တစ်လိပ်ကိုထုတ်ယူကာ မီးညှိလိုက်သည်။ မြိုင်ကတော့

တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားနေသကဲ့သို့ ငြိမ်သက်လျက်ရှိပေသည်။ ဤသို့နှင့် တစ်ယောက်နှင့်တစ်ယောက် အချိန်အတန်ကြာမျှ စကားမပြောနိုင်ကြသေးဘဲ နှစ်ဦးစလုံးငြိမ်သက်နေကြသည်။

ဘုရားကိုဆွမ်းကပ်လှူသော အိမ်ကြီးပေါ်မှ တေးဂီတများ စတင်၍ ထွက်ပေါ်လာသည်။ သို့ရာတွင် ထိုတေးဂီတကို မြိုင်ရော ကိုသက်တင်ပါ နှစ်ယောက်စလုံးအာရုံမပြု နိုင်ကြပေ။ အတွေးကိုယ်စီနှင့်ငြိမ်သက်လျက်ရှိနေကြသည်။

ဤကဲ့သို့အတွေးကိုယ်စီနှင့်အတန်ကြာငြိမ်သက်နေကြပြီးမှ ကိုသက်တင်သည် မြိုင့် အနီးသို့ တိုး၍ ကပ်လာပြီးနောက်...

"မြိုင်"

ဟု ခေါ်ရင်း မြိုင်၏ပခုံးနှစ်ဖက်ကို ရဲရဲတင်းတင်း ကိုင်တွယ်လိုက်သည်။ အဘယ်ကြောင့်တော့မသိ၊ မြိုင်သည် ထိုသို့ကိုသက်တင်က ကိုင်တွယ်လိုက်ခြင်းကို စိတ်ထဲ၌ များစွာသဘောတူကျေနပ်ခြင်းမရှိလှသော်လည်း ငြိမ်နေ လိုက်မိပေသည်။ ဤကဲ့သို့ လှုပ်ရှားခြင်း၊ ဖယ်ရှားခြင်းများ မပြုမိဘဲ ငြိမ်သက်စွာ ခံနေမိသည့် မိမိ၏အဖြစ်ကိုလည်း မြိုင်သည် အံ့ဩနေသလားလည်း မပြောတတ်ပေ။

မရန်းပင်ရိပ်၌ မှောင်နေသည်။

ကိုသက်တင်သည် မိမိက ကိုင်တွယ်လိုက်ခြင်းကို ငြိမ်သက်စွာ ခံနေသော မြိုင့်အား အားမလိုအားမရ ဖြစ်လာပုံရသည်။ ဘာမျှလှုပ်ရှား ငြင်းဆန်ခြင်း မပြုသောကြောင့်လည်း ပိုမိုရဲတင်းလာပုံရသည်။

"မြိုင့်ကို ကိုသက်တင် ကယ်ပါရစေလား မြိုင်ရ..."

ဟု မြိုင့်အနားသို့ကပ်၍ လေသံဖြင့် ပြောဆိုလိုက်သည်။

မြိုင်၏ ရင်တွင်း၌ လှုပ်ရှားနေသည်။ ဦးခေါင်းထဲ၌လည်း ခပ်ဝေဝေဖြစ်နေသည်။ မြိုင်၏ငြိမ်သက်နေရခြင်းကို ကိုသက်တင်သည် မချင့်မရဲဖြစ်လာဟန်ရှိသည်။ ထို့ကြောင့် သူသည် မြိုင့်ကို ရင်းရင်းနှီးနှီးနှင့် ရဲရဲတင်းတင်း ဖက်လိုက်သည်။

မြိုင်သည် ကိုသက်တင်၏ အပြုအမူကိုကား လက်မခံလိုလှပေ။ သို့ရာတွင် ငြင်းဆန်ခြင်းလည်း မပြုမိပေ။ အဘယ့်အတွက် မပြုမိသည်ကိုလည်း မိမိကိုယ်တိုင် နားမလည်နိုင်အောင် ဖြစ်နေသည်။

"ကိုသက်တင် ခေါ်ရာကို လိုက်မယ်မဟုတ်လား မြိုင်ရယ်... မြိုင့်သဘောထားကိုလည်း ပြောပြဦးမှပေါ့..."

"ဘယ်ကိုခေါ်လို့ ဘယ်ကို လိုက်ရမှာမို့လဲ ကိုသက်တင်..."

ဟု မြိုင်သည် အမှတ်မထင် ပြန်၍ မေးလိုက်မိသည်။

ကိုသက်တင်သည် မြိုင့်အား ရဲရဲတင်းတင်းနှင့်ရင်းရင်းနှီးနှီး ပွေ့ဖက်နမ်းရှုပ်လိုက်လေသည်။ လင်ယောက်ျားရှိသော မြိုင်သည် အခြား ယောက်ျားတစ်ဦး၏ ဤမျှ ကျူးလွန် လာခြင်းကို အဘယ့်ကြောင့် ခံနေရသနည်း။ သဘောတူ ကျေနပ်၍ လော...။ သို့မဟုတ် အဘယ့်ကြောင့်နည်း။

"ချစ်နိဗ္ဗာန်ကိုပေါ့ မြိုင်ရယ်... တခြားဘယ်ကိုခေါ်ရဦးမှာလဲ..."

ဟု ပြောဆိုကာ မြိုင်၏ ဦးခေါင်းသည် ဝေနေ၏။ ဘာကိုမျှ တိတိကျကျ မစဉ်းစားနိုင်တော့ပေ။ ၎င်းကိုယ်ကို၎င်း ဘာဖြစ်နေသည်ဟူ၍ ပင် မစဉ်းစားနိုင်ရှာ့သလား။

"လိုက်တော့မယ် မဟုတ်လားမြိုင်... ကိုသက်တင်မေးနေတာကို ပွင့်ပွင့်လင်းလင်း ဖြေစမ်းပါဦးကွယ်"

ဟု ကိုသက်တင်က တင်းကျပ်သည်ထက် တင်းကျပ်အောင်ဖက်ရင်း လေသံဖြင့် နားအနားသို့ကပ်၍ မေးနေသည်။

မြိုင်၏ ဦးခေါင်းသည် ရှုပ်ထွေးနေသည်။ တိတိကျကျ ဘာကိုမျှ မဆုံးဖြတ်နိုင်ပေ။ မြိုင်က ဤကဲ့သို့ ငြင်းဆန်ခြင်းမပြုတော့ဘဲ ငြိမ်၍ ခံနေလေလေ ကိုသက်တင်သည် ပိုမို၍ ရဲတင်းလာလေလေ ဖြစ်လေသည်။ သူသည် မြိုင့်အား ကာမပိုင်လင်ယောက်ျားရှိ သော မိန်းမသားတစ်ယောက် ဖြစ်သည်ဆိုခြင်းကို လုံးဝဂရုမစိုက်ဘဲ ခပ်စောစောကထက် ရဲတင်းသောင်းကျန်းလာသည်။ မြိုင့်အား သူ၏ရင်ခွင်ထဲသို့

ဆွဲသွင်းလိုက်ပြီးနောက် ရင်ချင်းအပ်ကာ မွှေ့ယမ်းလိုက်သည်။

"မြိုင် မနေတတ်တော့ဘူး ကိုသက်တင် လွှတ်စမ်းပါဦး..."

မြိုင်သည် ရုန်းကန် ငြင်းဆန်ခြင်းပြုမည့်အစား အသနားခံ တောင်းပန်လျက်ရှိသည်။

"ဒီအခြေရောက်တော့မှ ကိုသက်တင် မလွှတ်နိုင်တော့ဘူး မြိုင်ရယ်... ကိုသက်တင်နဲ့ ခုညမှာပဲ တစ်ခါတည်း လိုက်ခဲ့ပါတော့"

ကိုသက်တင်သည် မြိုင့်အား တင်းကျပ်သည်ထက် တင်းကျပ်အောင် ဖက်၍ ထားရင်း ၎င်းလိုချင်သောအချက်ကိုပင် တောင်းဆိုလျက် ရှိသည်။

မြိုင်သည် အင်အားမရှိတော့ပေ။ နုံးခွေလျက် နွမ်းနယ်လာသည်။ ထို့ကြောင့် ဘာမျှလည်း မပြောချင်၊ မလှုပ်ချင်ဖြစ်လာသည်။

"ဒီအနေရောက်တော့မှပဲ မထူးပါဘူး မြိုင်ရယ်၊ ကနေ့ညပဲ ကိုသက်တင်နဲ့လိုက် ခဲ့ပါတော့"

ကိုသက်တင်ကဖွတ်ပြောလျက်ရှိသည်။

ငြင်းဆန်ခြင်းပြုနိုင်ရန် မြိုင်သည် အားခွန်မရှိတော့ပေ။ ဖြစ်လိုရာဖြစ်၊ ဖွတ်နှစ်လိုက်တော့မည်ဟုသာ အားမာန်ကိုလျှော့နေသည်။

မြိုင်သည် ၎င်းကိုခုခံရန် အင်အားမရှိတော့မှန်း သိရှိနေပြီဖြစ်သော ကိုသက်တင်သည် ပိုမိုရဲရင့်လာသည်။

"ဒီက တစ်ခါတည်း ထွက်သွားကြပါစို့လား မြိုင်"

ဟု မြိုင့်အား ဖွတ်အတင်း ခေါ် ဆောင်လျက်ရှိသည်။

မြိုင်သည် ဘာမျှမပြောတတ်တော့။

"ခု တစ်ခါတည်း လိုက်ခဲ့မယ် မဟုတ်လား..."

"မြိုင် ဘာမှ မပြောတတ်တော့ဘူး ကိုသက်တင်၊ ကိုသက်တင်သဘောပဲ"

မြိုင်၏ အသံမှာ လေသံသာသာမျှသာ ထွက်လာသည်။

"ဒါဖြင့် ခုတစ်ခါတည်း သွားကြမှ ဖြစ်လိမ့်မယ်"

ဟုသာ ပြောဆိုပြီးနောက်၊ ကိုသက်တင်သည် မြိုင့်အား အိမ်နောက်ဖေးဘက်မှ လှည့်၍ ခေါ်ဆောင်ရန် ပြင်ဆင်ခြင်း ပြုလေတော့သည်။

မြိုင်သည် ၎င်း၏ကိုယ်ကို အိပ်မက်မက်နေသလား၊ သို့မဟုတ် တကယ်ဖြစ်နေသလားဆိုသည်ကို မခွဲခြားတတ်တော့။ ကိုသက်တင် ခေါ်ဆောင်ရာသို့ အိပ်မှုန်စုံမွှားနှင့် ထလိုက်ပါခြင်း ပြုနေရသကဲ့သို့ စမ်းတဝါးဝါးနှင့် လိုက်ပါသွားလေတော့သတည်း။

အခန်း[၂၆]

(က)

မြိုင်သည် ဘာကိုမျှသတိမရဘဲ ကိုသက်တင် ခေါ်ဆောင်ရာသို့ မျက်စိနှစ်လုံးကို စုံမှိတ်၍သာ လိုက်ပါသွားခဲ့ရာ မောင်မောင်လတ်တို့အိမ်တွင် ဘုရားကိုးဆူကပ်လှူသော ညမှ သုံးရက်မြောက်သော ညသို့ရောက်သောအခါမှ မိမိဘာလုပ်ခဲ့မိပြီဆိုခြင်းကို ဝိုးတဝါး သတိရစပြုလာသည်။

မြိုင်သည် အိပ်ရာမှတစ်ရေးနိုးသောအခါ ၎င်းတို့အိပ်စက်သော ခုတင်၏ခေါင်းရင်း ပြတင်းပေါက်သည် ပွင့်နေသောကြောင့် အပြင်မှ တိုးဝင်လျက်ရှိသော လေစိမ်းကို ရှူရှိုက်မိ လေသည်။ မြိုင်သည် သတိရလျှင်ရချင်း မိမိအိပ်ရာဘေး၌ ဟာလာဟင်းလင်းဖြစ်နေသည်ကို ရေးဦးစွာ သတိပြုမိသည်။ ကိုသက်တင်သည် ဤကဲ့သို့ ညဥ့်နက်မှ မည်ကဲ့သို့သော ကိစ္စနှင့် မည်ကဲ့သို့သော နေရာသို့ ထွက်သွားရသနည်း။

အပြင်မှတိုက်ခတ်လျက်ရှိသော လေစိမ်းနှင့်အတူ အေးမြသောလရောင်သည်လည်း အခန်းအတွင်းသို့ စိမ့်ဝင်လျက်ရှိသည်။ မြိုင်သည် ကိုသက်တင်၏ အိပ်ရာနေရာကို တစ်ချက်မျှ လှမ်းကြည့်လိုက်ပြီးနောက်၊ စဥ်းစားရကျပ်သလို ဦးခေါင်းကို တစ်ချက်မျှ ကုတ်လိုက်သည်။

မိမိသည် မည်သည့်အရပ်ဒေသနှင့် မည်သည့်တိုင်းပြည်သို့ ရောက်ရှိနေသနည်း။ မြိုင်သည် မိမိပြုလုပ်ခဲ့ပြီးသောအမှုကို တဖြည်းဖြည်း သတိရလာသည်။ တရေးရေးလည်း ပေါ်လာသည်။

မြိုင်သည် မေမြို့သို့ရောက်ရှိနေပေသည်။ ဟိုတယ်တစ်ခု၌လည်း သီးသန့် အခန်းတစ်ခန်းကို ငှားရမ်းကာ တည်းခိုလျက်ရှိသည်။ မြိုင်သည် ထို့ထက်ပိုမို၍ သတိရ စဥ်းစားခြင်း မပြုလိုတော့သကဲ့သို့ အိပ်ရာထက်မှ ဆင်းလာခဲ့ပြီးလျှင် ပွင့်နေသောခေါင်းရင်း ပြတင်းပေါက်ဝတွင် သွား၍ ရပ်လိုက်သည်။

ဟိုတယ်ခေါင်းရင်းဘက်ရှိ ထင်ရှူးပင်ထက်တွင် ငွေလရောင်ကို ရေချိုးနေသော ညငှက်ငယ်တစ်ကောင်သည် လန့်ဖျပ်ကာ ရုတ်တရက်

ပုံပြေးလေသည်။ မြိုင်၏ ရင်ထဲ၌ လှုပ်ရှားသွားသည်။

အချိန်မှာ ၁၁ နာရီခွဲသာသာခန့်မျှသာ ရှိဦးမည် ဖြစ်သော်လည်း မေမြို့ဆင်ခြေဖုံး တစ်ဝိုက်တွင်ကား အိပ်မောကျနေဘိအလား တိတ်ဆိတ်ငြိမ်သက်နေသည်။ မြိုင်သည် အိပ်ရာထဲမှ အချိန်မတော် အဘယ်သို့ ထသွားမှန်း မသိရသော ကိုသက်တင်အကြောင်းကို မေ့နေသည်။ လရောင်နှင့်ရောယှက်နေသော နှင်းထုကိုငေးစိုက်၍ ကြည့်ရင်း စောစောကစဉ်းစားခြင်းနှင့် သတိရခြင်း မပြုလိုသော မိမိ၏အကြောင်းကို ပြန်လည်စဉ်းစားမိလာပြန်သဖြင့် ရုတ်တရက် ပြတင်းပေါက်ကို ဆွဲပိတ်လိုက်ပြီးနောက်၊ ဟိုတယ် အောက်ထပ်သို့ဆင်းကာ တစ်ခုခုသောက်ရန် အိပ်ခန်းထဲမှ ထွက်လာခဲ့သည်။ အိပ်ခန်းထဲမှ ထွက်လာပြီးကာမှ မိမိ၏အဝတ်အစားများကို ပြန်၍ ငုံ့ကြည့်မိသဖြင့် အိပ်ခန်းအတွင်းသို့ ပြန်လှည့်ဝင်လာပြီးနောက် နေ့ခင်းက မေမြို့သို့ တက်မလာမီကလေး မန္တလေးတွင် ကတိုက်ကရိုက် ဝယ်ယူလာခဲ့ရသော သက္ကလတ်ကုတ်အင်္ကျီအရှည်ကို ဆွဲယူ၍ ဝတ်ရလေသည်။ သက္ကလတ်ကုတ်အင်္ကျီကိုဝတ်ပြီးမှ မြိုင်သည် ဟိုတယ်အောက်ထပ်သို့ ဆင်းလာခဲ့သည်။

ဟိုတယ် အောက်ထပ်၌အချိန်ကလည်း များစွာမရှိတော့သဖြင့် လာရောက်စား သောက်သူ များများစားစားမရှိပေ။ စစ်တပ်မှအရာရှိနှစ်ဦးက စားပွဲတစ်လုံးတွင် စားသောက်လျက် ၎င်းတို့နှင့်မလှမ်းမကမ်းရှိ စားပွဲတစ်လုံးတွင် သံရုံးကနှင့်တူသော မျက်နှာဖြူသုံးဦးတို့သည် မြန်မာတစ်ယောက်နှင့်အတူ ဝီစကီသောက်နေကြသည်။

မြိုင်သည် ဘာကိုမှာယူစားသောက်ရမည့် ဆုံးဖြတ်ချက်မရှိသေးသဖြင့် ဤကဲ့သို့ အချိန်တွင် မည်သည့်စားစရာ သောက်စရာများ ရနိုင်မည်ကိုလည်းစုံစမ်းနိုင်ရန် ဟိုတယ် မန်နေဂျာ ထိုင်နေသော စားပွဲဆီသို့ လျှောက်လာခဲ့သည်။ မြိုင်လျှောက်လာလျှင်ပင် ဟိုတယ် မန်နေဂျာသည် ၎င်း ဖတ်နေသော ရန်ကုန်ထုတ် အင်္ဂလိပ်သတင်းစာကြီးကို စားပွဲပေါ်သို့ ချထားလိုက်ပြီးလျှင် မြိုင့်အား ပျာပျာသလဲဆီးကြိုနှုတ်ဆက်ရင်း မြိုင် အလိုရှိ သော ကိစ္စကို ရိုရိုသေသေ မေးမြန်းခြင်းပြုလေသည်။

အဆာပြေ စားသောက်နိုင်ရန် တစ်ခုခုပေးဖို့နှင့် မိမိတို့ အခန်းအတွင်းသို့ လာရောက် ပို့ပေးရန် မှာကြားပြောဆိုပြီးနောက် မြိုင်သည်

ပြန်လည်ထွက်လာမည်အပြု စောစောက ဟိုတယ်မန်နေဂျာ စားပွဲပေါ်သို့ ပစ်တင်ထားလိုက်သော အင်္ဂလိပ်သတင်းစာကို အမှတ်တမဲ့ ငုံ့ကြည့်လိုက်မိသည်။ အင်္ဂလိပ်သတင်းစာတွင် စာလုံးမည်းကြီးများနှင့် ဖော်ပြထား သော သတင်းခေါင်းစည်းတစ်ခုကို အမှတ်တမဲ့ ဖတ်ရှုလိုက်ရသော မြိုင်သည် တုန်လှုပ် ချောက်ချား၍ သွားသည်။ ဦးခေါင်းထဲ၌လည်း မိုက်ခနဲ ဖြစ်သွားသည်။

"ကနေ့သတင်းစာပဲ၊ မဖတ်ရသေးရင် ယူသွားနိုင်ပါတယ်" ဟု ဟိုတယ်မန်နေဂျာ အင်္ဂလိပ်လို ပြောဆိုသံကို မသဲမကွဲ ကြားလိုက်ရသည်။

မြိုင်သည် ရုတ်တရက် လဲကျ၍ မသွားအောင် မိမိကိုယ်ကို မနည်းကြီး အားယူထား လိုက်ရသည်။ ဦးခေါင်းထဲ၌ ကြည်လင်ခြင်းရှိလာအောင် အတန်ကြာမျှ ရပ်နေပြီးမှ အင်္ဂလိပ် သတင်းစာကို ရုတ်တရက် ဆွဲယူကာ အပေါ်ထပ်သို့ ကတိုက်ကရိုက် တက်လာခဲ့သည်။ အခန်းအတွင်းသို့ ရောက်သောအခါ မြိုင်သည် ဖတ်ကြည့်ရန်ယူလာခဲ့သော သတင်းစာကို ရုတ်တရက်မဖတ်ဝံ့သေးဘဲ ဖတ်ရကောင်းနိုး၊ မဖတ်ဘဲ ထားလိုက်ရကောင်းနိုးနှင့် ချီတုံချတုံ ဖြစ်နေသည်။ ထို့ကြောင့် ဖွင့်ရန်ဖြစ်သော မီးခလုတ်ကို မဖွင့်သေးဘဲ စာရေးစားပွဲဘေးတွင် အတန်ကြာမျှ ရပ်ကာ ငိုင်နေမိသည်။

နောက်ဆုံး၌ မြိုင်သည် စိတ်အားကိုတင်း၍ ဓာတ်မီးခလုတ်ကိုဖွင့်ကာ စာရေးစားပွဲတွင် ထိုင်လိုက်သည်။

"လက်ဝဲဂိုဏ်းသား သတင်းစာဆရာကြီးတစ်ဦး၏ဇနီး လူကုံထံသူဌေးသား တစ်ဦးနှင့် ခိုးရာလိုက်ပြေးခြင်း"

သတင်းစာ ထိပ်စည်းခေါင်းတပ်လိုက်ပုံကပင် ချောက်ချားလောက်စရာဖြစ်သည်။

"လင်ငယ်နှင့်လိုက်ပြေးသော သတင်းစာဆရာ၏မိန်းမသည်လည်း ပင်စင်ရ စက်ရှင် တရားသူကြီးတစ်ဦး၏သမီးနှင့် အစိုးရရှေ့နေကြီးတစ်ဦး၏ နှမဖြစ်နေခြင်း"

ဒုတိယ ထိပ်စည်းခေါင်းစာလုံးကို ဖတ်လိုက်ရသောအခါ မြိုင်၏နှလုံးသားသည် ရုတ်တရက် ရပ်သွားတော့မည်လားဟု

ထင်လိုက်ရသည်။ လက်ထဲ၌ ကိုင်ထားသော သတင်းစာသည်လည်း လွတ်ကျ၍ သွားသည်။

မြိုင်သည် မိမိ လင်ငယ်နောက်လိုက်ပြေးသော သတင်းကို ရှေ့ဆက်၍ မဖတ်နိုင်တော့ဘဲ စားပွဲပေါ်သို့ မျက်နှာကို မှောက်ချလိုက်ပြီးလျှင် အားရပါးရ ငိုချလိုက်သည်။ သို့ရာတွင် မြိုင်သည် ငို၍ မရ၊ ဆို့နေသည်။ ရှိုက်၍လည်းမရ၊ တစ်နေသည်။ ဖြစ်ရလေ မြိုင်ရယ်။

ကိုသက်တင်သည် အခန်းထဲသို့ဝင်၍ မလာမီ တံခါးဝတွင်ရပ်ကာ စာရေးစားပွဲ ပေါ်တွင် မှောက်၍ ငိုနေသော မြိုင့်အား ကောင်းစွာနားမလည်နိုင်သကဲ့သို့ စူးစိုက်၍ ကြည့်နေသည်။ သူသည် သူ၏ ခြေနှစ်ချောင်းပေါ်တွင် သူ၏ ကိုယ်အလေးချိန်ကို တည့်မတ် တည်ငြိမ်ခြင်းရှိအောင် တော်တော် အားပြု၍ ရပ်နေရသည်။ မျက်နှာသည်လည်း နီရဲလျက် ရှိသည်။

မြိုင်သည် ကိုသက်တင်ကို မမြင်လိုက်ပေ။ ရှိုက်၍ ရှိုက်၍ နေသည်။

ကိုသက်တင်သည် တံခါးဝတွင်ရပ်၍ မြိုင့်အား အတန်ကြာမျှ စူးစိုက်ကြည့်နေပြီးနောက် အခန်းတွင်းသို့ ဟိုယိမ်းဒီထိုးနှင့် ဝင်လာရင်း "မြိုင်" ဟု ရုတ်ခနဲ ခေါ်လိုက်သည်။ သူ၏အသံမှာ လျှာလေး အာလေးနေ၍ လုံးသွားသည်။

စာရေးစားပွဲတွင် မှောက်၍ ရှိုက်နေသော မြိုင်သည် ထိတ်လန့်တကြားမော်၍ ကြည့်လိုက်သည်။ နဂိုသဘာဝ မဟုတ်သော ကိုသက်တင်၏မျက်နှာကို ကြည့်ရင်း မြိုင်သည် ကြောက်ရွံ့လာသည်။

"ဟင်... မြိုင်ငိုနေသလား... ဘာပြုလို့ ငိုနေရတာလဲ"

ကိုသက်တင်သည် မြိုင့် အနီးသို့လျှောက်၍ လာပြီးနောက် စာရေးစားပွဲတွင် တင်ပါးလွှဲဝင်ထိုင်ရင်း မေးလိုက်သည်။

အရက်နံ့များသည် မြိုင်၏နှာခေါင်းဝသို့ လုံးဆောင့်၍ ဝင်လာသည်။ မြိုင်သည် အရက်ကို အလွန်ရွံမုန်းသည်။ ယခုကဲ့သို့ အရက်နံ့ကို ရှူရှိုက်လိုက်ရသဖြင့် အရက်နံ့ကို မခံနိုင်၍ ထိုင်ရာမှထကာ ခပ်လှမ်းလှမ်းသို့သွား၍ ရပ်နေလိုက်သည်။

"မြိုင် ဘာဖြစ်နေတာလဲ ဟင်..."

ကိုသက်တင်က အာလေးလျှာလေးနှင့် မေးလိုက် သည်။

"ရှင် အရက်သောက်တတ်သလားဟင်... ကိုသက်တင်"

မြိုင်သည် စာစာက သတင်းစာဖတ်မိ၍ စိတ်ထိခိုက်ခြင်း ဖြစ်နေသည့်အခိုက် မိမိက အားကိုးအားထားပြု၍ တစ်လောကလုံးကိုစွန့်ကာ လိုက်လာခဲ့မိသော လူတစ်ယောက် မိမိအလွန် ရွံမုန်းလှသော အရက်ကို သောက်စားမူးယစ်လာခြင်းအား မမျှော်လင့်ဘဲ တွေ့ကြုံလိုက်ရသဖြင့် စိတ်ထဲတွင် ပိုမိုထိခိုက်သွားသည်။

“မြိုင်က အရက်သောက်တာ မကြိုက်ဘူးထင်တယ်… ဟုတ်လား”

“အရက်ကို မြိုင်သိပ်မုန်းတယ် ကိုသက်တင် နည်းနည်းကလေးမှ မကြိုက်ဘူး”

“ကိုသက်တင် အရက်သောက်ရတဲ့ အကြောင်းကိုသာ သိရင်တော့ မြိုင် ခွင့်လွှတ် နိုင်ပါတယ်လေ ဟုတ်လား မြိုင်”

မြိုင်သည် ကိုသက်တင်အား ဘာပြန်ပြောရမည် မသိသဖြင့် ငိုင်၍ နေသည်။ ကိုသက်တင်သည် မြိုင့်ကိုအတန်ကြာ စူးစိုက်၍ ကြည့်ရင်းငင်းဘာသာ တစ်ယောက်တည်း တစ်စုံတစ်ရာကို သဘောကျလာသကဲ့သို့ ရယ်မောလိုက်သည်။

မိမိ အားကိုးပြု၍ လိုက်လာခဲ့မိသော လင်ငယ်မှာ အရက်သမား ဖြစ်နေခြင်းကို မမျှော်လင့်ဘဲ တွေ့ကြုံနေရသော မြိုင်၏ ဦးခေါင်းသည် ချာချာလည်လျက် ရှိပေသည်။

ရယ်မောခြင်းကို ရုတ်တရက် ရပ်တန့်လိုက်ပြီးနောက်…

”မြိုင့်အတွက် အနစ်နာခံလာ ခဲ့ရတဲ့ ကိုသက်တင်ကို အရက်သောက်တာလောက်ကိုတော့ ခွင့်လွှတ်နိုင်ရဲ့ မဟုတ်လား မြိုင်”

ဟု ကိုသက်တင်က မေးလိုက်သည်။

မိမိအတွက် အနစ်နာခံရပါသည်ဟု ကိုသက်တင်က ပြောဆိုလိုက်သော စကား အတွက်နှင့် မြိုင်သည် ခံရခက်သလိုရှိသွားသည်။ ခံပြင်းသလို မကျေနပ်သလိုလည်း ဖြစ်မိသည်။

“မြိုင့်အတွက် အနစ်နာခံရတယ်ဆိုတာကိုတော့ ကိုသက်တင် ပြောဖို့မသင့်ဘူး ထင်တယ်”

“အနစ်နာခံရတဲ့ လူတစ်ယောက်ရဲ့ ကျေးဇူးကိုတောင် မေ့လွယ်လှချည်လား မြိုင်ရဲ့”

မြိုင်သည် ကိုသက်တင်အပေါ်၌ ပိုမိုခံပြင်းလာလေသည်။ ဒေါသလည်း ထွက် လာမိသည်။

“ကိုသက်တင် ဘာကို အနစ်နာခံတာလဲဟင် မြိုင့်ကိုပြောစမ်းပါဦး”

“မြိုင် တကယ် မေးနေတာလားဟင်”

ကိုသက်တင်သည် အသံများပင် တုန်လာသည်။ သူသည် အတော်ကလေး စိတ်ဆိုးလာဟန်လည်းရှိသည်။

“နှစ်ဦးသဘောတူ ကျေနပ်လို့ လုပ်ခဲ့ကြတဲ့အလုပ်အတွက် ဘယ်သူက အနစ်နာ ခံရတယ်၊ ဘယ်သူက သာတယ်ဆိုတာတွေကို ပြောနေဖို့မဟုတ်တော့ဘူး ထင်တယ် ကိုသက်တင်။ ရှင်အနစ်နာခံရတယ်ဆိုတဲ့ စကားကို ရပ်တန်းကရပ်ရင် ကောင်းလိမ့်မယ် ထင်တယ်…”

ကိုသက်တင်သည် စာရေးစားပွဲပေါ်တွင် တင်ပါးလွှဲဝင်၍ ထိုင်လိုက်ပြီးနောက် စီးကရက် တစ်လိပ်ကိုထုတ်ယူကာ မီးညှိလိုက်စဉ်၊ စောစောက မြိုင်ဖတ်၍ နေရာမှ စာရေးစားပွဲ ဘေး၌ လွှတ်ကျသွားသော အင်္ဂလိပ်သတင်းစာကို မြင်သွားသည်။ သူသည် အင်္ဂလိပ် သတင်းစာကို ကောက်ယူလိုက်ပြီးနောက်…

“သြော်.. မြိုင်လည်း ဒီသတင်းကို ဖတ်ပြီးပါ ပကောလား…”

ဟု သတင်းစာကို မြှောက်၍ ပြရင်း လှမ်းပြောလိုက်သည်။ မြိုင်သည် ဘာမျှပြန်မပြောဘဲ နေလိုက်သည်။

“ဒီသတင်းကိုဖတ်ရလို့ မြိုင်ဝမ်းနည်းနေတယ် ထင်ပါရဲ့… ဟုတ်လားမြိုင်…"

"မြိုင့်ကို မလိုတဲ့မေးခွန်းတွေ မေးမနေပါနဲ့တော့ ကိုသက်တင် မြိုင်စိတ်မကောင်းလွန်းလို့ပါ…"

"မြိုင် စိတ်မကောင်းသလို ကိုသက်တင်လည်း ဒီသတင်းကိုဖတ်ရလို့ စိတ်မကောင်း ဖြစ်လိမ့်မယ်ဆိုတာကိုကော စဉ်းစားမိရဲ့လား..."

"စကားအပိုတွေ ဘာပြုလို့ ပြောနေရတာလဲ ကိုသက်တင်... မြိုင် စိတ်ညစ်တဲ့အခါ စကားများများ မပြောချင်ဘူး၊ တိတ်တိတ်ဆိတ်ဆိတ်ပဲ စိတ်ညစ်ချင်တယ်..."

"ခုလိုဖြစ်လာခဲ့ရတဲ့အတွက် မြိုင်ဝမ်းနည်းနေသေးသလား..."

"မြိုင့်အဖို့ ဘာမှ ဝမ်းနည်းစရာမရှိပါဘူး ကိုသက်တင်... ဖေဖေနဲ့ ကိုကို့အတွက် စိတ်မကောင်းမိတာပါပဲ..."

"ကိုသက်တင်ဘက်ကနေပြီးလည်း စဉ်းစားကြည့်လိုက်စမ်းပါဦး မြိုင်... ခု မြိုင့် ဘက်ကချည်း တစ်ဖက်သတ် စဉ်းစားတာတော့ ဘယ်တရားပါ့မလဲ..."

"မြိုင့်ကို စိတ်ညစ်ရတဲ့အထဲ ပိုပြီးစိတ်ညစ်အောင် ပြောမနေစမ်းပါနဲ့ ကိုသက်တင် ရယ်... မြိုင့်တစ်သက်နဲ့တစ်ကိုယ်မှာ ကနေ့ညလောက် ဘယ်တုန်းကမှ စိတ်မကောင်း မဖြစ်ခဲ့ဖူးဘူး... ဒါကြောင့် မြိုင့်ကိုနောက်ထပ် ဒီအကြောင်းနဲ့ ပတ်သက်ပြီး ဘာမှမပြောဘဲ နေစေချင်တယ်"

"သူများမယားခိုးသွားတဲ့ သားအတွက်နဲ့ ကိုသက်တင် မေမေကော ဆွေတွေမျိုးတွေကရော ဘယ်လိုနေကြမယ်ဆိုတာကိုလည်း မြိုင် စဉ်းစားဖို့ ကောင်းပါသေးတယ် လေ.."

"တော်ပါတော့ ကိုသက်တင်..."

ဟု ပြန်ပြောပြီးနောက် မြိုင်သည် နောက်ထပ်၍ ကိုသက်တင်နှင့် မျက်နှာချင်းဆိုင်ကာ စကား မပြောဆိုလိုတော့သကဲ့သို့ ခုတင်ဘက်သို့ လျှောက်လာခဲ့ပြီးနောက် အိပ်ရာပေါ်တွင် လှဲနေလိုက်သည်။

ကိုသက်တင်သည် စီးကရက်ကို နောက်ထပ်၍ သုံးလေးဖွာမျှ အားရပါးရ ဖွာလိုက် ပြီးလျှင် တစ်ဝက်လောက်မျှသာ ရှိသေးသော စီးကရက်အတိုကို ကြမ်းပြင်ပေါ်သို့ ပစ်ချ လိုက်ပြီးနောက် ဖိနပ်နှင့်နင်းလိုက်သည်။ သူသည် မြိုင့်ကို နောက်ထပ်၍ စကားပြောဆိုချင်

သေးသကဲ့သို့ မြိုင်လှဲနေသော ခုတင်ဘက်သို့ လျှောက်လာပြန်သည်။

"ဒီသတင်းကို နေ့ခင်းကတည်းက ကိုသက်တင် ဖတ်ရတယ်... တစ်နေ့လုံးလည်း စိတ်မကောင်းခဲ့ရဘူး... ဒါကြောင့် ဒီသတင်းကို မေ့လို့ရအောင် ခုတင်ကမှ ဆင်းပြီး အရက်သောက်မိတာပါ မြိုင်..."

ဟု ခုတင်ပေါ်တွင် တင်ပါးလွှဲဝင်၍ ထိုင်ရင်း ပြောလေသည်။

မြိုင်သည် ဘာမျှမကြားလို မပြောလိုသဖြင့် စောင်ကို ခေါင်းမြီးခြုံ၍ ငြိမ်သက် နေလိုက်သည်။ ဤကဲ့သို့ မြိုင်က စောင်ကို ခေါင်းမြီးခြုံကာနေသဖြင့် ကိုသက်တင်သည် ပိုမို၍ မချင့်မရဲဖြစ်ကာ ခံပြင်းသလို ဖြစ်လာပုံရသည်။ ထို့ကြောင့် သူသည် မြိုင်ခြုံထားသော စောင်ကို ရုတ်တရက်ဆွဲ၍ ခွာပစ်လိုက်မိသည်။

မြိုင်သည် ရုတ်တရက် ထ၍ ထိုင်လိုက်သည်။ အသားများလည်း တုန်၍ လာသည်။ မြိုင်သည် တော်တော်ကလေး ဒေါသထွက်လာပုံရလေသည်။

"မြိုင်နဲ့ ကိုသက်တင်တို့ ပြဿနာကို ဘယ်လိုရှင်းကြမလဲဆိုတာကို ပြောကြဦး မှပေါ့မြိုင် ဘာကြောင့် တစ်ကိုယ်ကောင်းကြံချင်ရတာလဲ..."

ဟု ကိုသက်တင်က ပြောဆိုလိုက်သည်။

"မြိုင်နဲ့ကိုသက်တင်တို့ ပြဿနာဆိုတာက ဘာကိုဆိုချင်တာလဲဟင်... ကိုသက်တင်... မြိုင် နားမလည်ဘူး"

မြိုင်၏ အသံသည် တုန်နေပေသည်။

"မြိုင်ကသာ ဒီအပေါက်မျိုး ချိုးနေရင်တော့ ကိုသက်တင်နဲ့ဖြစ်လိမ့်မယ် မထင်ဘူး"

စောစောက လျှာလေးအာလေးဖြစ်နေသော ကိုသက်တင်သည် စိတ်ထဲခပ်တိုတို ဖြစ်လာသဖြင့် သွက်လာသည်။

"မဖြစ်ဘူးထင်ရင်လည်း ကိုသက်တင် သဘောပေါ့လေ။ ဒါကို မြိုင်က ဘယ်လို တတ်နိုင်ပါဦးမလဲ..."

မြိုင်သည် စောင်ကို ပြန်ဆွဲကာ ပြောဆိုရင်း ခေါင်းမြီးခြုံ၍ အိပ်မြဲ အိပ်နေလိုက်သည်။

မိမိအနေနှင့် မိမိ၏လူပျိုဂုဏ်သိက္ခာကိုရော၊ မိဘဆွေမျိုးများ၏ ဂုဏ်သိက္ခာကိုရော၊ မိဘဆွေမျိုးများ၏ ဂုဏ်သိက္ခာကိုရော မထောက်ထားနိုင်ဘဲ၊ သူတစ်ပါးမယားကို "ကယ်တင်" လာခဲ့သော ကိုသက်တင်သည် ယခုကဲ့သို့ မြိုင်၏တင်းမာခြင်းကို ဒေါသထွက် မိသည်။ သူ့အား သူမနေနိုင်သော လင်၏အိမ်မှ လွတ်မြောက်အောင်ကယ်တင်၍ သယ်ပိုး လာခဲ့ရသော လူတစ်ယောက်အား မြိုင်သည် ဤကဲ့သို့မိုက်မိုက်မဲမဲ ခက်ထန်နေရန်မသင့်ဟု ကိုသက်တင်က သဘောထားသည်။ ကိုသက်တင်၏စိတ်ထဲတွင် မြိုင်သည် သူ့အား "ကယ်တင်သူ" အဖြစ်ဖြင့် ခယဝတ်တွားပြုစေချင်သည်။ အနွံ့အတာနှင့် အောက်ကျနောက်ကျ ခံစေလိုသော ဆန္ဒနှင့်သဘောထားများရှိသည်။ စင်စစ် သူသည် မြိုင့်အား ကိုတင်ဦး၏ အကျဉ်းထောင်ထဲမှ ကယ်တင်လာခဲ့သူ မဟုတ်လော။

သို့ရာတွင် မြိုင်သည် သူ မျှော်မှန်းသလိုကား မဟုတ်ခဲ့ပေ။ ခက်ထန်နေသည်။ တင်းမာလှသည်။

စောင်ကို ခေါင်းမြီးခြုံကာ အိပ်စက်ခြင်းပြုနေသော မြိုင့်အား အတန်ကြာမျှ စိုက်၍ ကြည့်ရင်း ကိုသက်တင်သည် လူပျိုမာနဖြင့် ခံပြင်းသလိုဖြစ်လာပြန်သည်။ သူသည် သူ၏လူပျိုဘဝကို သူတစ်ပါး၏မယားအား ခိုးယူခဲ့ခြင်းဖြင့် ဖျက်ဆီးခဲ့ပြီလည်း မဟုတ်လော။ သို့ရာတွင် သူ ခိုးယူလာခဲ့သော သူတစ်ပါးမယားက သူ့ကိုပမာမခန့် ပြုလျက်ရှိသည်။ သူသည် သူလုပ်ခဲ့သော အမှုအခင်းအတွက် နောင်တ,ရသလိုဖြစ်မိသည်။ ဝမ်းလည်း နည်းလာသည်။ သို့ရာတွင် သူသည် ပိုမို၍ ဒေါသဖြစ်လာသည်။ ထို့ကြောင့် စောင် ခေါင်းမြီးခြုံ၍ အိပ်စက်နေသော မြိုင့်ထံမှ ခြုံထားသောစောင်ကို အတင်းခွာယူ၍ ခုတင် ဘေးသို့ ပစ်ချလိုက်သည်။

မြိုင်သည် ငြိမ်၍ နေလိုက်သည်။ ကိုသက်တင်ကိုလည်း လှည့်၍ ပင်မကြည့်တော့ချေ။

"မြိုင်..."

ကိုသက်တင်က မာန်ဖီသောအသံနှင့် ခေါ်လိုက်သည်။ မြိုင်က သမင်လည်ပြန်လှည့်၍ ကြည့်သည်။ ဘာမျှတော့မပြော။ ထူးလည်းမထူး။

"မင်းဟာ ဘာမှကျေးဇူးမသိတတ်တဲ့ မိန်းမတစ်ယောက်ပဲ..."

ကိုသက်တင်၏ စကားသည်ရုန့်ရင်းကြမ်းတမ်း၍ လာသည်။

မြိုင်သည် ဘာမျှတော့ ပြန်မပြော၊ ငြိမ်နေသည်။

"မင်းလို ကျေးဇူးမသိတတ်တဲ့ မိန်းမတစ်ယောက်အတွက် ငါ့ဘဝကို အနစ်နာခံခဲ့ ရတာ သိပ်မှားတယ်..."

မြိုင်သည် အူထဲအသည်းထဲကပင် ယားလာသည်။ သို့ရာတွင် ၎င်းကိုယ်ကို ၎င်း နှိပ်ကွပ်ထားဟန်ရှိသည်။ ဘာမျှတော့ ပြန်မပြော၊ ငြိမ်နေသည်။

"ဟေး မြိုင် မင်းဘာပြောချင်သေးသလဲ..."

ကိုသက်တင်၏အသံသည် တုန်သည်ထက် တုန်လာသည်။

မြိုင်သည် ငြိမ်မြဲငြိမ်နေသည်။ ကြောက်ရွံ့ခြင်းတော့ကား မဖြစ်မိ။

"ငါမေးနေတာ မကြားဘူးလားကွ"

အရက်ကလည်း မူးသည်ထက်မူးပြီးဖြစ်၍ ဒေါသထွက်လာဟန်ရှိသည်။ ဒေါသထွက်လာသောကြောင့် အရက်ကလည်း ပို၍ မူးလာ ပုံရသည်။

မြိုင်သည် တော်တော်ကြီးကြိုးစား၍ မိမိကိုယ်ကို ထိန်းသိမ်းလျက်ရှိသည်။ ပေါက်ကွဲခြင်းမဖြစ်အောင်လည်း တော်တော်ကြီး ချုပ်တည်းနေရသည်။

"ဟေးမြိုင်..."

ကိုသက်တင်သည် ၎င်းကိုယ်ကိုပင် ထိန်းသိမ်းခြင်းမပြုနိုင်တော့သည့် အလျောက် ခုတင်ကို ခြေထောက်နှင့်တစ်ချက်မျှ ဆောင့်၍ ကန်ရင်း

ခေါ်လိုက်ပြန်သည်။ မြိုင်သည် အလန့်တကြားထ၍ ထိုင်မိသည်။ မိန်းမသားဖြစ်၍ အားငယ်ကြောက် ရွံ့သွားဟန်လည်းရှိသည်။ သို့ရာတွင် ကိုသက်တင်အား မျက်နှာချင်းဆိုင် မကြည့်မိအောင် မြိုင်သည် တော်တော်ကြိုးစားနေရသည်။

"လင်ကြီးကိုပစ်ပြီး လင်ငယ်နောက်လိုက်လာတဲ့ မိန်းမစားမျိုးဟာ ဘယ်လိုပေါင်းလို့ ကောင်းဦးမှာတဲ့လဲ..."

ဟု ကိုသက်တင်က မြိုင့်အား ဒေါသမထွက်ထွက်အောင် ပြောဆိုလိုက်ပြန်သည်။

မိမိအပြစ်နှင့် မိမိဖြစ်နေသော မြိုင်သည် ကျားမလေးကဲ့သို့ ပြန်၍ တွန်းလှန်ကိုက်ခဲချင်လှသော်လည်း နားနှစ်ဖက်ကို လက်ဝါးနှစ်ဖက်ဖြင့် အတင်းပိတ်ထားလိုက်ရလေသည်။

ကိုသက်တင်သည် တစ်စုံတစ်ရာကို သဘောကျလှသကဲ့သို့ အသံထွက်အောင်ပင် ဟက်ဟက်ပက်ပက် ရယ်မောပစ်လိုက်သည်။ ထိုသို့ ရယ်မောလိုက်ပြီးနောက် နားနှစ်ဖက်ကို အတင်းပိတ်နေသော မြိုင်၏လက်များအား ရုတ်တရက်ဆွဲခွာလိုက်ပြီးနောက်...

"လင်ငယ်နောက် လိုက်လာတဲ့ မိန်းမကများ နားရှက်တတ်သေးသလားဟင်..."

ဟု ခပ်ကျယ်ကျယ် အော်ဟစ်၍ မေးမြန်းလိုက်သည်။

မြိုင်သည် ဆက်လက်၍ သည်းညည်းခံခြင်းငှာ အားခွန်မရှိတော့ပေ။ ခုတင်ဘေးရှိ စားပွဲပေါ်မှ ရေဖန်ခွက်ကို ဆတ်ခနဲ လှမ်းယူလိုက်ပြီးလျှင် ကိုသက်တင်၏ မျက်နှာတည့်တည့်သို့စွတ်၍ ပေါက်ပစ်လိုက်မိသည်။

"အမယ်လေးဗျ.."

ဟူသောအသံကို ကြားရပြီးနောက် မြိုင်သည်လည်း အကြောက်လွန်ကာ လန့်၍ တက်သွားလေသည်။

ထို့နောက် မြိုင်သည် ဘာမျှ သတိမရတော့ပေ။ ကမ္ဘာကြီးတစ်ခုလုံး မီးဝင်းဝင်း တောက်ကာ ချာချာလည်နေသည်ကိုသာ သတိရလိုက်သည်။

အခန်း [၂၇]

(က)

မြိုင်သည် အဘယ်မျှ ကြာမြင့်သည့်တိုင်အောင် သတိလစ်ကာ မေ့လျော့နေသည် ကိုကား သတိမရလိုက်၊ သတိပြန်ရ၍ လေးလံနေသော မျက်လုံးများကို အားယူ၍ ဖွင့် ကြည့်လိုက်သောအခါ မိမိကိုယ်ကို ခုတင်ပေါ်သို့ရောက်နေသောအဖြစ်ကို ရေးဦးစွာ သတိရမိသည်။ ပြာနှမ်းနှမ်း ဖြစ်နေသော မျက်လုံးများသည် တစ်စထက်တစ်စ ကြည်လင် လာသောအခါ မိမိ၏ခုတင်ဘေးတွင် ရပ်၍ ကြည့်နေကြသော ဟိုတယ် မန်နေဂျာအပြင် ကုလားဆရာဝန်ကြီးနှင့် သူနာပြုဆရာမတစ်ယောက်တို့ကိုပါ တွေ့ မြင်လာရသည်။

"သတိရပြီလား..."

ဟု သူနာပြုဆရာမက မေးလိုက်သည်။

"ဟုတ်ကဲ့ ကျွန်မ ဘာဖြစ်သွားသလဲဟင်"

မြိုင်သည် ပက်လက်ဖြစ်နေရာမှ ကြိုးစား ၍ ထမည်ပြုရင်း သူနာပြုဆရာမအား ၎င်းကိုယ်ကိုဘာဖြစ်နေကြောင်း သိရှိလို၍ ပြန်လည် မေးကြည့်လိုက်မိသည်။

"ရှင် အားနည်းနေတယ်... စကား သိပ်မပြောရင် ကောင်းမယ် ထင်တယ်..."

ဟု သူနာပြုဆရာမက ဖြည်းညင်းစွာ ပြောဆိုရင်း ကုလားဆရာဝန်နှင့် ဟိုတယ်မန်နေဂျာ လုပ်သူတို့၏ မျက်နှာများကို တစ်လှည့်စီလှမ်း၍ ကြည့်လိုက်သည်။

"ခင်ဗျား ဘာမှမဖြစ်ပါဘူး၊ ကျန်းမာပါတယ်... နည်းနည်း အားနည်းနေလို့ မူးသွားတာပါပဲ။ စကားမပြောဘဲ ကောင်းကောင်းအိပ်လိုက်ရင် အားရှိပြီးနေကောင်းသွားပါ လိမ့်မယ်"

ဟု ကုလားဆရာဝန်က မြိုင့်အား ပြောဆိုပြီးနောက်၊ ဟိုတယ်မန်နေဂျာအား ပခုံးကိုတစ်ချက်မျှ ပုတ်ရင်း...

"ဒီလူနာအတွက် ဘာမှ စိုးရိမ်စရာမရှိတော့ပါဘူး... ဟို လူနာကိုသာ နောက်တစ်ခေါက်သွားကြည့်ကြဦးမှပဲ ထင်တယ်"

ဟု ပြောဆိုကာ ထွက်သွား သောကြောင့် ဟိုတယ်မန်နေဂျာသည်လည်း ကုလားဆရာဝန်နှင့်အတူ လိုက်ပါ၍ သွားလေသည်။

မြိုင်နှင့် သူနာပြုဆရာမတို့ နှစ်ယောက်တည်း ကျန်ခဲ့သောအခါ ကုလားဆရာဝန် ပြောဆိုသွားသော "ဟိုလူနာ" ဆိုသူ့အကြောင်းကို မြိုင်သည် စဉ်းစားရင်း..

"ဟိုလူနာက ဘယ်မှာလဲ ဆရာမ"

ဟု မြိုင်သည် သူနာပြုဆရာမအား မေးမြန်းလိုက်လေသည်။

"အဲဒီ လူနာ ကျွန်မတို့ ဆေးတိုက်မှာရှိပါတယ်၊ ရှင် ဘာမှပူစရာ မရှိပါဘူး..."

ဟု သူနာပြုဆရာမက ပြန်၍ ဖြေသည်။

"ပူလို့မေးတာ မဟုတ်ပါဘူး ဆရာမ မသိရသေးလို့ မေးမိတာပါ..."

သူနာပြုဆရာမသည် အနည်းငယ် မျက်နှာပျက်သွားသည်။

"ကျွန်မ သူ့ကိုဖန်ခွက်နဲ့ မျက်နှာတည့်တည့်ကို ပေါက်ထည့်လိုက်တာ သူ့မျက်လုံး ကန်းမသွားသေးဘူးလားဟင် ဆရာမ"

ဟု မြိုင်က ၎င်းသိရှိလိုသော ကိစ္စကိုသာ ဆက်၍ မေးမြန်းလိုက်ပြန်သည်။

"မျက်လုံးတော့ ဘာမှ မဖြစ်ပါဘူး မျက်နှာကတော့ တော်တော်အရုပ်ဆိုးသွားလိမ့်မယ်ထင်တာပဲ၊ ဒါထက် ရှင်ဟာ မိန်းမသားတစ်ယောက်ဖြစ်ပြီး ကိုယ့်လင်သားတစ်ယောက်လုံးကို ခုလို ဘာကြောင့် ရက်ရက်စက်စက် လုပ်ရသလဲဆိုတာကို ကျွန်မ သိပ်အံ့သြနေတယ်... "

မြိုင်က သူနာပြုဆရာမ၏ မေးခွန်းကို သဘောကျသွားသကဲ့သို့ တစ်ချက်မျှ ပြုံး လိုက်ပြီးနောက်...

"ဒီလူဟာ အင်မတန် တစ်ကိုယ်ကောင်းလောက်သာ နားလည်တဲ့ တိရစ္ဆာန်လို လူတစ်ယောက်မို့လို့ ကျွန်မလုပ်လိုက်မိတာပါ၊ ပြီးတော့လည်း ဒီလူဟာ ရှင်ပြောလိုက်သလို ကျွန်မရဲ့ယောက်ျားလည်း.."

မြိုင်သည် မိမိစိတ်လိုက်မာန်ပါ ပြောဆိုနေသော စကားများ လွန်၍ သွားမည်လားဟု စဉ်းစားမိသဖြင့် ရုတ်တရက်စကားကိုဖြတ်လိုက်သည်။

"ရှင် ခုထက်ထိ စိတ်ဆိုးမပြေသေးဘူးထင်တယ်...၊ ကဲ ကဲ... ရှင်လည်းအများကြီး အားနည်းနေလို့ မေးနေလိုက်ရင်ကောင်းလိမ့်မယ်..၊ ကျွန်မ ရှင့်ကို တစ်ညလုံးစောင့်ဖို့ တာဝန်ရှိတယ်နော်၊ ဘာပဲ လိုချင်လိုချင် လှမ်းခေါ်လိုက်တာပေါ့ ဟုတ်လား၊ ကျွန်မ ရှင့် အခန်းနားမှာ ရှိနေပါလိမ့်မယ်"

ဟု နှစ်သိမ့်ပြောဆိုပြီးနောက်၊ သူနာပြုဆရာမသည် မြိုင့်အား ခြင်ထောင်ချပေးပြီးလျှင် အခန်းအတွင်းမှ ထွက်သွားလေသည်။

အခန်းအတွင်း၌ မြိုင်သည် တစ်ယောက်တည်းကျန်ရစ်ခဲ့သည်။ ဤကဲ့သို့တစ်ယောက်တည်း ကျန်ရစ်ခဲ့သဖြင့် မြိုင်သည် အားငယ်သလိုဖြစ်လာသည်။ သို့ရာတွင် ရေရေရာရာတော့ မဟုတ်လှ။

မြိုင်သည် မျက်လုံးကိုမှေးထားလိုက်ပြီးနောက်၊ ငြိမ်သက်စွာနေရန် ကြိုးစားကြည့်လေသည်။ သို့ရာတွင် မှေးထားသောမျက်လုံးသည် ပြန်ပွင့်လာလျက် ငြိမ်ငြိမ်သက်သက် နေ၍ မရအောင်လည်း ဖြစ်လာသည်။

သူနာပြုဆရာမက... "လင်သားတစ်ယောက်လုံးကို ခုလို ဘာကြောင့် ရက်ရက်စက်စက် လုပ်ရသလဲ" ဟု မေးလိုက်သောမေးခွန်းကို မကျေမချမ်း ဖြစ်လာမိသည်။ ကိုသက်တင်နှင့်သာ မြိုင်သည် ရန်ကုန်မြို့မှ ထွက်ပြေးလာခဲ့သော်လည်း ၎င်း၏ စိတ်ထဲ၌ကား ကိုသက်တင်ကို လင်သားဟူ၍ အမှတ်မထားခဲ့မိပေ။ မြိုင်သည် ကိုသက်တင်နှင့် အတူတူ သုံးညတိတိ ယှဉ်တွဲ၍ တစ်အိပ်ရာတည်း တစ်ခုတင်တည်းတွင်လည်း အိပ်စက်ပြီးခဲ့လေပြီ။ သို့ရာတွင် ကိုသက်တင်ကို လင်အဖြစ်ဖြင့် စွဲလမ်းထင်မှတ်ခြင်း မဖြစ်ခဲ့မိသေးပေ။ သူနာပြု ဆရာမလုပ်သူက

လင်မယားအဖြစ်ဖြင့် အသိအမှတ်ပြု၍ မေးမြန်းပြောဆိုလိုက်တော့ကာမှပင် ကိုသက်တင်အား လင်အဖြစ်ဖြင့် အသိအမှတ်ပြုရတော့မည့် မိမိဘဝကိုစဉ်းစားမိ လေသည်။ သို့ရာတွင် ကိုသက်တင်ကိုကား မြိုင်သည် လင်ဟူ၍ အသိအမှတ်ပြု လက်ခံ ခြင်းမရှိသေးသည့်အတွက်၊ သူနာပြုဆရာမကိုပင် စိတ်ဆိုးသလို ဖြစ်လာသည်။ သို့ရာတွင် ကိုသက်တင်အား မိမိ၏လင်ယောကျ်ားမဟုတ်သည့်အကြောင်းကို ငြင်းဆန်ရန်ပြုလုပ်ပြီး ကာမှ မိမိဘာသာ မိမိ နောက်ဆုတ်ခဲ့မိသောအဖြစ်ကိုလည်း ပြန်စဉ်းစားမိလာသည်။ မြိုင်သည် မိမိကိုယ်ကိုပါ မကျေနပ်သလိုဖြစ်လာပြန်လေသည်။ ထို့ကြောင့်...

"ဆရာမ.. ဆရာမ..."

ဟု ခပ်ကျယ်ကျယ်ကလေး အော်ခေါ်လိုက်မိသည်။

သူနာပြုဆရာမသည် ရုတ်တရက် မြိုင့်ဆီသို့ မလာပေ။ သို့ရာတွင် မြိုင်သည် သူနာပြုဆရာမအား ပေးအပ်သင့်သော အခွင့်အရေးကိုပင် ခွင့်ပြုရမှန်း သတိမရနိုင်ဘဲ...

"ဆရာမ ဆရာမ"

ဟု နောက်ထပ်၍ ခပ်ကျယ်ကျယ်ကလေး ခေါ်လိုက်ပြန်လေသည်။ ဤတစ်ကြိမ်တွင် သူနာပြုဆရာမသည် သုတ်သီးသုတ်ပျာနှင့် မြိုင်၏ အခန်းတွင်းသို့ ဝင်၍ လာပြီးလျှင်...

"ဘာများ အလိုရှိပါသလဲရှင်..."

ဟု မြိုင့်အား လေးလေးစားစား မေးမြန်း လေသည်။

"ဆရာမကို ကျွန်မ စကားပြောချင်လို့ခေါ်တာပါ..."

မြိုင်က ဒါပဲပြန်ပြောကာ စောင်ကို ခွာချလိုက်ပြီးနောက်၊ အိပ်ရာထက်တွင် ထ၍ ထိုင်လေသည်။

သူနာပြု ဆရာမသည် ကလေးဆိုးတစ်ယောက်နှင့် ရင်ဆိုင်ခြင်းပြုရသော အာယားမကဲ့သို့ စိတ်ရှည်လက်ရှည်နှင့် မြိုင်၏ ခြင်ထောင်ကို တင်ပေးရပြန်လေသည်။ "ကျွန်မ အိပ်လို့မရဘူးဆရာမ၊

ဒါကြောင့် ဆရာမနဲ့ စကားပြောချင်တယ်…”

မြိုင်က ၎င်း၏ လိုအင်ဆန္ဒကိုသာ ရှေ့တန်းသို့ တင်လေသည်။

သူနာပြုဆရာမသည် ၎င်း၏ လက်ပတ်နာရီကို တစ်ချက်မျှငုံ့၍ ကြည့်လိုက်ပြီးနောက်…

“သုံးနာရီတောင် ထိုးခါနီးနေပါပြီရှင်၊ ရှင်လည်း ကောင်းကောင်း အားရှိတာမဟုတ်လို့ အိပ်ဖို့ကောင်းပါတယ်”

ဟု တောင်းပန်ပြောဆိုရှာသည်။

“ခဏလောက် ထိုင်ပါဦးလားဆရာမ၊ ကျွန်မတစ်ယောက်တည်း အိပ်ရတာ တစ်မျိုးကြီး ဖြစ်နေလို့ပါ…”

“ရှင်က ရှင့်ယောက်ျားကို ခုမှပြန်သတိရလာပြီလား..”

“ကျွန်မယောက်ျားဆိုတာ ဘယ်သူ့ကို ပြောနေတာလဲ ဆရာမရဲ့…”

“ဦးသက်တင်ကိုပြောတာလေ…၊ ရှင့်ယောက်ျားမဟုတ်လို့ ဘယ်သူ့ယောက်ျား ဖြစ်ဦးမှာလဲ…”

“ဆရာမ ပြောနေသလို ကိုသက်တင်ဟာ ကျွန်မယောက်ျားမဟုတ်ဘူးရှင့်…”

သူနာပြုဆရာမသည် မြိုင့်အား ပါးစပ်အဟောင်းသားနှင့် ငေးစိုက်ကြည့်နေ၏။ မိမိပြောဆိုလိုသောစကားကို ဖွင့်ထုတ်ပြောဆိုလိုက်ရသဖြင့် မြိုင်သည် ပေါ့ပါးသွားဟန်ရှိသည်။

အတန်ကြာမျှ တိတ်ဆိတ်နေကြပြီးမှ…

“ဆရာမ အံ့သြနေသလား…”

ဟု မြိုင်က အနည်းငယ်ပြုံး၍ မေးလိုက်သည်။

“ရှင်ပြောတဲ့ စကားတွေ ကျွန်မ နားမလည်ဘူးရှင့်…"

"ကျွန်မပြောတာ ရှင်းပါလိမ့်မယ်၊ ကျွန်မယောက်ျားလို့ ဆရာမ ပြောလိုက်တဲ့ ကိုသက်တင်ဟာ ကျွန်မ ယောက်ျားကိုမဟုတ်ဘူးရှင့်.."

"ဟိုတယ် မန်နေဂျာကတော့ လင်မယားလို့ ပြောပါလား"

"မန်နေဂျာကတော့ လင်မယားမှတ်လို့ ပြောတာဖြစ်ပါလိမ့်မယ်"

"ဟိုတယ် ဧည့်သည်စာရင်းမှာလည်း လင်မယားလို့ စာရင်းပေးထားတယ် မဟုတ်လား"

"ဆရာမကို ကျွန်မဒါတွေ ပြောပြချင်လို့ ခဏလောက် ထိုင်ပါဦးလားလို့ တောင်းပန်ပါရစေ"

သူနာပြုဆရာမသည် မြိုင် ပြောသောစကားများကို နားမလည်နိုင်သလို မယုံကြည် နိုင်သလို ဖြစ်နေသည်။ ထို့ကြောင့် ခုတင်ဘေးတွင် ရပ်မြဲရပ်နေသည်။

"ထိုင်ပါဦး ဆရာမရဲ့၊ ဆရာမဟာ ဒီအရပ်မှာ ကျွန်မနဲ့ ပထမဦးဆုံးအသိအကျွမ်းမို့လို့ ဆရာမကို အားကိုးတိုင်ပင်ချင်တာ တစ်ခုရှိလို့ ကျွန်မအဖြစ်ကို အမှန်အတိုင်းပြောဆို နေတာပါ"

မြိုင်သည် သူနာပြုဆရာမ၏လက်ကို လှမ်းဆွဲကာ အထိုင်ခိုင်းသဖြင့် သူနာပြု ဆရာမသည် အူကြောင်ကြောင်နှင့် ခုတင်ထက်တွင် တင်ပါးလွှဲဝင်၍ ထိုင်လိုက်သည်။

"ဆရာမကို ကျွန်မမြင်မြင်ချင်း ယုံကြည်နိုင်လောက်တဲ့ အမျိုးသမီးတစ်ယောက်လို့ ထင်ပါတယ်၊ ဒါကြောင့် အကူအညီတောင်းတဲ့အနေနဲ့ ပြောစရာရှိတဲ့ စကားကလေးကိုတော့ ပြောခွင့်ပြုစေချင်ပါတယ်..."

မြိုင်က ဤကဲ့သို့ တောင်းတောင်းပန်ပန်နှင့် ခခယယ ပြောဆိုလိုက်သောအခါတွင် သူနာပြုဆရာမ လုပ်သူသည် မြိုင့်အား များစွာအားနာလာဟန် ရှိသည်။

"ဟုတ်ကဲ့လေ.. ရှင် ပြောချင်တာလည်း ပြောတာပေါ့၊ ဒါပေမဲ့ ညဉ့်ကလည်း နက်လို့ အချိန်ကတော့ သိပ်မရှိဘူးနော်"

သူနာပြုဆရာမက မြိုင်ပြောလိုသော စကားကို ခွင့်ပြုလိုက်သည်။

"ဆရာမတို့အားလုံးက ထင်သလို ကျွန်မနဲ့ ကိုသက်တင်ဟာ လင်မယားမဟုတ်ကြ သေးပါဘူး၊ ကျွန်မမှာ အရင်အိမ်ထောင်လည်း ရှိပါသေးတယ်..."

မြိုင်က ဤကဲ့သို့ ၎င်း၏အကြောင်းရင်း အမှန်အကန်ကို စတင်ဖွင့်ပြောလိုက်လျှင်ပင် သူနာပြုဆရာမသည် ထိုင်ရာမှ ထပြေးမည့်ဟန် ပြုလိုက်သည်။

"ဆုံးအောင် နားထောင်ပါဦး ဆရာမ၊ ကျွန်မ စကားပြောစရာ ကျန်ပါသေးတယ်"

ဟု မြိုင်က ထပ်မံ၍ တောင်းပန်ရလေသည်။

"ဟုတ်ကဲ့ ပြောပါ..."

သူနာပြု ဆရာမသည် များစွာ နားမထောင်လိုလှသော အမူအရာဖြင့် ပြောဆိုလေသည်။

"ကျွန်မကို သိပ်ဆိုးတဲ့ မိန်းမတစ်ယောက်လို့ ဆရာမက အောက်မေ့သွားပြီ ထင်တယ်၊ ဟုတ်လား... ဆရာမ"

"ဒါတွေ ကျွန်မကို မေးမနေပါနဲ့တော့လေ၊ ရှင် ပြောချင်တာကိုသာ တိုတိုတုတ်တုတ် ပြောစေချင်တယ်"

ယခင်က အိမ်ထောင်ရှိပါလျက်နှင့် အခြားလူတစ်ယောက်နှင့် လိုက်လာခဲ့မိသော မိမိအား သူနာပြုဆရာမကပင် အထင်သေး အမြင်သေး ဖြစ်လာသောကိစ္စကို မြိုင်သည် ရိပ်မိလိုက်လေပြီ။ ထို့ကြောင့် မိမိ၏ဘဝကိုလည်း ပြန်လည်သတိရစ ပြုလာသည်။

"ဆရာမကို အမှန်အတိုင်းဖွင့်ပြောလိုက်လို့ ကျွန်မကို အထင်သေးချင်လည်း သေးပေါ့ ဆရာမရယ်... ဒါကိုတော့ ကျွန်မအနေနဲ့ ဘာမှမတတ်နိုင်ဘဲကိုး"

"အထင်သေးတယ်လို့ ကျွန်မ မပြောရသေးပါကလား ရှင့်…

"ဆရာမက ဖွင့်မပြောပေမဲ့ အထင်သေးစရာကိစ္စမို့လို့ ကျွန်မအနေနဲ့ ကျွန်မ ပြောတာပါ"

"အိမ်ထောင်ကြီး ရှိရက်သားနဲ့ နောက်လူတစ်ယောက်နဲ့ လိုက်တယ်ဆိုတာကတော့ သိပ်ကောင်းလှတဲ့အလုပ်မဟုတ်ဘူးပေါ့လေ၊ ဒါပေမဲ့ လူဆိုတာ ကိုယ့်ဝမ်းနာကိုယ်သာ သိကြတာပဲ မဟုတ်လား"

"ဆရာမပြောတာ မှန်ပါတယ် အရင်ကျွန်မ အိမ်ထောင်က ကျွန်မ ခပ်စောစောက ထင်ခဲ့သလို ပျော်မွေ့စရာမကောင်းလို့ ပျော်မွေ့စရာကို တွေ့ရလို တွေ့ရငြား ဒီကိုသက်တင် ဆိုတဲ့ လူရဲ့အဖြားယောင်းခံရပြီး လိုက်လာခဲ့မိတာပါ ဆရာမရယ်"

"သြော်.. သြော်…. သြော်.."

"ဒီ ကိုသက်တင်ဆိုတဲ့လူက ကျွန်မအရင် အိမ်ထောင်တုန်းက လူထက်ပိုပြီး ဆိုးနေတယ်၊ ကျွန်မကို ဘာမှညှာတာမှုမရှိဘူး၊ တစ်ကိုယ်ကောင်းစိတ်ကလည်း အားကြီးတယ်ရှင့်"

"နောက် အိမ်ထောင်သက်ကကော ဘယ်လောက်ကြာသွားပြီလဲဟင်"

"ကနေ့ညပါနဲ့မှ သုံးရက်ပဲရှိပါသေးတယ်"

"ဘုရားရေ… ရှင့်ဟာက မြန်ပဲမြန်လှပါကလား…"

"ခုလို မြန်မြန်ကွဲသွားတာက ပိုကောင်းတယ်"

"ဟင် ရှင်တို့လင်မယား ကွဲကြမှာမို့လို့လား"

"ဒါကို မေးမနေပါနဲ့တော့ ဆရာမ.. ဒီကိစ္စအတွက် ကျွန်မမှာအကူအညီတောင်းစရာ ဒီအရပ်မှာ အသိအကျွမ်းတစ်ယောက်မှ မရှိလို့ ဆရာမကို အတင်းမိတ်ဆွေဖွဲ့ပြီး အကူအညီတောင်းချင်လို့ပါ"

"ကျွန်မက ဘယ်လိုကူညီရမှာလဲ…"

“ကျွန်မ မနက်ဖြန်မနက် ဒီဟိုတယ်က ပြောင်းဖြစ်အောင်ပြောင်းချင်တယ်၊ ဒါပေမဲ့ ပြောင်းစရာအိမ်မရှိလို့ ဆရာမကို အကူအညီတောင်းချင်တာပါပဲ”

“ကျွန်မအိမ်မှာတော့ ကလေးတွေကများတယ်၊ ပြီးတော့ ကျွန်မယောက်ျားက သိပ် အရက်သောက်တတ်လို့ ရှင်နဲ့ဖြစ်မယ်မထင်ဘူး….”

“ဟင်… ဆရာမယောက်ျားလည်း အရက်သောက်တတ်သလား…”

“ယောက်ျားမှန်သမျှ တစ်ခုခုတော့ ချို့ယွင်းချက်ရှိတတ်တာပေါ့ရှင်… ခြောက်ပြစ် ကင်း သဲလဲစင်ချည်း ဘယ်ဟုတ်နိုင်ပါ့မလဲ….” ၎င်း၏ယောက်ျားအား အရက်သောက်တတ်သလား ဟု မြိုင်က မေးမြန်းလိုက်သည့်အတွက် သူနာပြုဆရာမက အနည်းငယ်, မကျေမနပ်သော အမူအရာဖြင့် ပြောဆိုလိုက်သည်။

“ကျွန်မကတော့ အရက်သောက်တာကို မကြိုက်လို့ပြောမိတာပါ ဆရာမရယ်… ဘယ်လိုမှတော့ မအောက်မေ့ပါနဲ့…”

“အောက်မေ့လို့ ကျွန်မကပြောတာ မဟုတ်ပါဘူး၊ ယောက်ျားဆိုတာ အရက်လည်း သောက်တတ်ရင် သောက်တတ်၊ ပြီး ဖဲရိုက်ရင်လည်း ရိုက်တတ်ကြတယ် ဒါမှ မဟုတ်ရင် တော့ မိန်းမ လိုက်တတ်တာပဲ”

“ယောက်ျားတိုင်း ဒီလိုချည်းပဲလား ဆရာမရဲ့”

“အားလုံးတော့ မဟုတ်ဘူးပေါ့လေ၊ အများစုကိုသာ ပြောတာပါ… အခု ယောက်ျားနဲ့ မရခင် ကျွန်မအရင်ယောက်ျားတုန်းက မိန်းမ အင်မတန်လိုက်တယ်… အဲဒါကို ကျွန်မ နလုံးနာလွန်းလို့ သူ့ကိုကွာရှင်းပြီးမှ အခုအရက်သမားကို အရက်ဖိုးပေးပြီး ယူထားရတာရှင့်…”

“သြော် … ဒီလိုလား….”

“ကျွန်မယောက်ျားက အရက်သမားမို့ ရှင့်လို အရက်မုန်းတဲ့ မိန်းမနဲ့ အိမ်မှာထားလို့ ဖြစ်မယ်မထင်ဘူး ထင်တယ်၊ တော်တော်ကြာ ရှင်စိတ်ညစ်သထက် ညစ်နေရလိမ့်မယ်…”

မြိုင်သည် ခေတ္တမျှငိုင်၍ စဉ်းစားသလို ပြုလုပ်နေမိပြီးမှ…

"ဆရာမအိမ်မှာ ခဏလောက် နေလို့မဖြစ်နိုင်ဘူးထင်ရင်လည်း ဆရာမနဲ့ အသိတစ်ယောက်ယောက်ရဲ့ စိတ်ချရတဲ့အိမ် တစ်ခုခုကို စီစဉ်မပေးနိုင်ဘူးလား ဆရာမရယ်၊ ကျွန်မ ဆရာမ ကျေးဇူးကို မမေ့ပါဘူး၊ ကျေးဇူးလည်းဆပ်ပါ့မယ်…"

"တခြားတစ်အိမ်အိမ်မှာဆိုရင်တော့ ကျွန်မ မနက်စုံစမ်းလိုက်ပါရစေဦးနော်… စုံစမ်းပြီးမှ လာပြန်ပြောပါရစေ…"

"ကျွန်မက မနက်ဖြန်ကို ဒီဟိုတယ်က ပြောင်းချင်နေလို့ပါ ဆရာမရယ်၊ ဖြစ်နိုင်တဲ့နည်းနဲ့ ကျွန်မကို ကူညီပါဦး…"

ဟု ပြောဆိုကာ မြိုင်သည် အရေးအကြောင်းရှိလာသော အခါ သုံးစွဲရန် ခြေစောင့်လက်စောင့် သုံးစွဲခြင်းပြုရန်အတွက် သိမ်းဆည်းထားရသော ငွေကလေး တစ်ရာ့ငါးဆယ်ခန့်ထဲမှ ငွေငါးဆယ်လောက်ကို ထုတ်ယူ၍ ပေးရန် ခုတင်ပေါ်မှ ဆင်းလာခဲ့ပြီးလျှင် ခုတင်အောက်တွင် ထားရှိသော ၎င်း၏သားရေသေတ္တာကို ထုတ်ယူကာ ဖွင့်လေသည်။

"အို… ဒါတွေလုပ်နေဖို့ မလိုဘူးလေ၊ ကျွန်မ ကြိုးစားပေးပါ့မယ်…"

ဟု သူနာပြု ဆရာမက လောကဝတ်ကျေ စကားကို ပြောဆိုလိုက်သည်။

တစ်လင်က နှစ်လင် ပြောင်းလာခဲ့ပြီးနောက်၊ ယခု ဒုတိယလင်ကိုလည်း ပြောင်းရပြန်ဦးမည်ဖြစ်သော မြိုင်သည် လူ့လောက၏စရိုက်ကို အတော်အသင့် နားလည်လာခဲ့ပြီ ဖြစ်သည့်အလျောက် သားရေသေတ္တာထဲမှ ငွေငါးဆယ်ကို ထုတ်ယူလာခဲ့ပြီးလျှင် သူနာပြု ဆရာမအား အတင်းပေးအပ်ခြင်းပြုလေသည်။

သူနာပြုဆရာမသည် တစ်ချက်နှစ်ချက် ဟန်လုပ်ပြီးနောက် မြိုင်၏ ငွေငါးဆယ်ကို လက်မခံချင်လိုသော အမူအရာဖြင့် အားတောင့်အားနာ လက်ခံလိုက်လေသည်။

"ကျွန်မကိုဖြစ်နိုင်တဲ့နည်းနဲ့ ကူညီပါဆရာမရယ်၊ နောက်ထပ်လည်း ဆရာမကို ကျွန်မ ကျေးဇူးဆပ်ပါဦးမယ်…"

ဟု မြိုင်က ထပ်မံ၍ တောင်းပန်ပြောဆိုခြင်းပြုလေသည်။

"ကျွန်မ မနက်ဖြန်ကြိုးစားပြီး စီစဉ်ကြည့်ပါ့မယ်လေ… မနက်ဖြန်မနက် မပြောင်း နိုင်ရင်တောင် မနက်ဖြန် ညနေလောက်တော့ ပြောင်းဖြစ်အောင် ပြောင်းနေရပါစေ့မယ်…"

"ဪ တစ်ခုတော့ ဆရာမကို မှာထားပါရစေ"

"မှာပါ…"

"တခြားတော့ မဟုတ်ပါဘူး… ကနေ့ည ဆရာမကို ကျွန်မပြောထားတဲ့ ကျွန်မရဲ့ အဖြစ်အပျက်နဲ့ ကနေ့ည ဒီဟိုတယ်ပေါ်မှာ ဖြစ်ပျက်တာတွေကို ဆရာမတစ်ယောက်က လွဲပြီး တခြား ဘယ်သူ့ကိုမှ အသိမပေးစေချင်ဘူး.."

"စိတ်ချပါလေ ဒီအတွက် ကျွန်မ တာဝန်ယူပါ့မယ်…"

"ဒီလိုဆိုရင် မနက်ဖြန်ခါ ကျွန်မ စိတ်ချနေလိုက်တော့မယ်နော်…"

"စိတ်ချလက်ချနဲ့ စိတ်အေးအေးသာ နေပါလေ၊ ကဲ ညလည်းနက်လှပြီ ရှင်အိပ် တော့နော်"

ဟုသာ ပြောဆိုပြီးနောက် သူနာပြုဆရာမသည် ခုတင်ပေါ်မှဆင်းကာ အခန်း အတွင်းမှ ထွက်သွားသဖြင့် မြိုင်သည် သက်ပြင်းကိုချရင်း ကျန်ရစ်ခဲ့လေသည်။

မြိုင်သည် နောက်တစ်နေ့နံနက် ၉ နာရီသာသာ ခန့်လောက်မှ အိပ်ရာမှ နိုးလေသည်။ အိပ်ရာမှ နိုးလျှင်နိုးချင်း ပထမဦးဆုံး စဉ်းစားမိသောကိစ္စမှာ ဤဟိုတယ်ပေါ်မှ အမြန်ဆုံး ပြောင်းရွှေ့ခြင်းပြုဖို့နှင့် ထိုသို့ ပြောင်းရွှေ့ရာတွင် ၎င်းအား အကူအညီပေးမည်ဟု အာမခံ၍ သွားသော သူနာပြုဆရာမပင် ဖြစ်လေသည်။

မနေ့ညက သူနာပြုဆရာမနှင့် စကားပြောဆိုပြီးစီး၍ သူနာပြုဆရာမ ထွက်သွားပြီးသည့်နောက် မြိုင်သည် တော်တော်နှင့် အိပ်၍ ကား မရခဲ့ပေ။ ၎င်း၏အနာဂတ်အရေးကို လေးလေးနက်နက် တွေးတောရင်း လင်းလုခါနီး အချိန်အထိ မျက်လုံးများကြောင်နေခဲ့သည်။ မြိုင်သည် ၎င်းလုပ်မိလုပ်ရာ လုပ်ပြီးခဲ့သော အမှုကိစ္စများကို ကောင်းစွာစဉ်းစား ဆင်ခြင် ကြည့်မိပြီးဖြစ်သည်။ မြိုင်သည် ၎င်း ပြုလုပ်ခဲ့ပြီးသော အမှားများအတွက် ယခု အခါတွင် ဝမ်းနည်းမိဟန် မရှိတော့ပေ။ မှားခဲ့ပြီးနောက် မည်သို့မျှ ပြန်ပြင်၍ မဖြစ်နိုင် တော့သည့်အမှုဖြစ်နေ၍ မိမိအပြစ်နှင့်မိမိခံဖို့ စိတ်နှလုံးတုံးတုံးချ ဆုံးဖြတ်လိုက်ခဲ့ပြီး ဖြစ်ဟန် ရှိသည်။

အပျိုစင်ဘဝနှင့်တုန်းက မြိုင်သည် မိဘဆွေမျိုးတို့က သဘောတူ ရွေးချယ်ထားသော သူကို လက်မခံဘဲ မိမိသဘောတစ်ခုတည်းနှင့် မိမိကြိုက်သောသူကိုသာ ဆွေမျိုးသားချင်းများက ပြင်းပြင်းထန်ထန် ကန့်ကွက်ဖျက်ဆီးနေကြသည့်အကြားမှ ဇွတ်ယူခဲ့သည်။ မိမိစိတ်တိုင်းကျ လူတစ်ယောက်ကို ယူငင်ခဲ့ရသဖြင့် မိမိ၏အနာဂတ်သည် သာယာချမ်း မြေ့ခြင်း ရှိလိမ့်မည်ဟု မျှော်လင့်ထားခဲ့သည်။ သို့ရာတွင် မိမိကြိုက်နှစ်သက်၍ လက်ထပ် ယူငင်ခဲ့သောသူနှင့် အတူတကွပေါင်းသင်းနေထိုင်ခြင်း ပြုလာရသောအခါ၌ မြိုင်၏ အိပ်မက်နှင့် လက်တွေ့ နေထိုင်ရခြင်းတို့သည် မြိုင့်အတွက် တလွဲစီဖြစ်နေပေသည်။ လင်နှင့် မယား ကွဲလွဲမှုများ တွေ့ရှိခဲ့ရပါသည်။ ဤကဲ့သို့ တွေ့ရှိခဲ့သော ကွဲလွဲချက်များကို မြိုင်သည် နီးစပ်ခြင်းရှိလာအောင် ဘာတစ်ခုမျှ ကြိုးပမ်းအားထုတ်ခြင်းကား မပြုလုပ်ခဲ့ပေ။

မြိုင်သည် ကွဲလွဲချက်များကို ရင်ဆိုင်ဖြေရှင်းခြင်းမပြုဘဲ ရှောင်တိမ်းထွက်ပြေးခဲ့လေသည်။ မိမိ၏တစ်ကိုယ်ကောင်း သာယာမှုနှင့် သက်သာမှုကို မိမိ၏အိမ်၌ ရှာဖွေခြင်းမပြုဘဲ အိမ့်အပြင်ဘက်၌ လိုက်လံရှာဖွေခဲ့သည်။ ဤကဲ့သို့ အိမ်မှထွက်ပြေး၍ အိမ်၏အပြင်၌

သာယာမှုကို လိုက်လံရှာဖွေရင်း မိမိ၏အိမ်ကို စိတ်ပျက်သည်ထက် ပျက်လာသည်။ စိတ်ပျက်လာသော အိမ်နှင့် ဝေးသည်ထက် ဝေးလာသည်။ နောက်ဆုံး၌ မိမိ၏အိမ်ကိုပင် အကျဉ်းထောင်လို သဘောထားလာမိသည်။ နှလုံးနာလာမိသည်။

နောက်ဆုံး၌ မြိုင်သည် မိမိသဘောနှင့် မိမိတည်ဆောက်လာခဲ့သော အိမ်ကိုဖျက်ဆီး၍ ထွက်လာခဲ့သည်။ ထိုသို့ထွက်လာခဲ့ပြီးနောက် မြိုင်သည် ဖခင်လုပ်သူ၏ အရိပ်အာဝါသ အောက်သို့ မလိမ့်တပတ်လုပ်ကာ ဝင်ရောက်ခိုကပ်ရန် ကြိုးပမ်းခဲ့သည်။ ဤသို့ ကြိုးပမ်းရင်း ၎င်း၏ဇာတိသည် ပေါ်၍ လာခဲ့သည်။ ဤသို့ ဇာတိပေါ်၍ အကျပ်အတည်းဖြစ်ကာ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိအောင်ဖြစ်နေစဉ် မြိုင်သည် ကိုသက်တင်၏ ဆွဲဆောင် ဖြားယောင်းရာသို့ အဆုံးအဖြတ်မပြုနိုင်ဘဲ လိုက်ပါလာခဲ့ခြင်းဖြစ်သည်။

မြိုင်သည် ရှေ့အဖို့ အဘယ်သူ၏ထံ၌ ပြေးလွှား ခိုဝင်ဦးမည်နည်း။ အဘယ်သူကကော မြိုင်လိုမိန်းမတစ်ဦးအား လက်ခံခြင်းပြုကြဦးမည်နည်း။

ဖခင်လုပ်သူသည် မြိုင့်အား လက်ခံနိုင်ပါဦးမည်လော။ အစ်ကိုလုပ်သူနှင့် ဆွေမျိုး သားချင်းများကကော လက်ခံကြပါဦးမည်လား။ မိမိအား ပြန်လည်လက်ခံခြင်းပြုနိုင်ဦးမည့်လူများ စာရင်းတွင် ကိုတင်ဦး ဆိုသော လူတစ်ယောက်ကိုကား၊ မြိုင်သည် ထည့်သွင်းစဉ်းစားခြင်းပြုရန် အမှတ်ပင်မရနိုင်တော့၊ မြိုင့်အဖို့ စဉ်းစားခြင်းလည်း ပြုဝံ့စရာမရှိတော့။ မိမိအပြစ်နှင့်မိမိ ဖြစ်လာခဲ့ပြီဖြစ်သော မြိုင်သည် မိမိ၏လောကကို မိမိဘာသာ တစ်ယောက်တည်း ရင်ဆိုင်ရန်ဆုံးဖြတ်လိုက်ပြီးဖြစ်သည်။ မြိုင်သည် ၎င်း၏အနာဂတ်ကို ၎င်းဘာသာဖြစ်သလို ရင်ဆိုင်ပြင်ဆင်ဖို့ စဉ်းစားရလေသည်။ ကိုသက်တင်အကြောင်းဆို၍ ဘာမျှပင် မစဉ်းစားမိတော့ပေ။

မြိုင်သည် ၎င်း၏အတိတ်ဘဝအား မြှုပ်နှံပစ်ရတော့မည့်အရေးကို ကောင်းစွာဆင်ခြင် စဉ်းစားမိလေသည်။ မြိုင်သည် မြိုင်မဟုတ်တော့ပေ။ စက်ရှင်မင်းကြီး ဦးထွန်းမင်း၏ တစ်ဦးတည်းသောသမီးသည် သေဆုံးလေပြီ။ သတင်းစာဆရာ ကိုတင်ဦးဆိုသူ၏မိန်းမ မြိုင်သည်လည်း သေဆုံးခဲ့လေပြီ။ မြိုင်သည် မရှိတော့။ မြိုင်၏နေရာ၌ မိန်းမတစ်ယောက်သာ ရှိတော့၏။ ထိုမိန်းမသည် ထိုညကမှပင် မွေးဖွားသည်။ ကင်ပွန်းပင်လျှင် မတပ်ရသေး။ မြိုင်သည် ၎င်းအတွက် နာမည်သစ်ကိုပင် စဉ်းစားထားခဲ့ပြီး ဖြစ်လေသည်။

မြိုင်သည် ၎င်း၌ရှိနေသေးသော ပစ္စည်းစာရင်းကိုလည်း တွက်ချက်ထားပြီးဖြစ်လေသည်။ မိမိဖခင်က ပေးကမ်းလိုက်သော မိခင်၏ပစ္စည်းများသည် ကာလတန်ဖိုးနှင့် အနည်းဆုံး တစ်သောင်းထက်မနည်းတန်ဖိုးရှိလေသည်။ ထိုပစ္စည်းများကို သင့်လျော်သလို ထုခွဲပြီးနောက် လူလောကတစ်ချောင်ချောင်တွင် တစ်ခုခုကို ရင်းနှီးလုပ်ကိုင်စားသောက်ခြင်း ပြုရန် မြိုင်သည် အိပ်မက်မက်ကြည့်ထားသည်။ တစ်သက်လုံးက ဘာမျှလုပ်ကိုင် စားသောက်ခြင်းလည်း မပြုခဲ့။ ပြုရန်လည်း ယောင်၍ မျှပင် အိပ်မက်မမက်ခဲ့ဖူးသော မြိုင်သည် အသက်တစ်ချောင်း ရှင်နေနိုင်ရေးအတွက် တစ်ခုခုကိုလုပ်မှ ကိုင်မှ ဖြစ်မည်ဆိုသော လူသား၏တာဝန်ကိုလည်း တစ်ညတည်းနှင့် တော်တော်ကလေး နားလည်လာခဲ့ရလေသည်။ သဘောလည်း ပေါက်လာခဲ့ရသည်။

ညက လင်းခါနီးလောက်မှ မှေးခနဲ အိပ်ပျော်သွားသော မြိုင်သည် ကိုးနာရီသာသာခန့်တွင် အိပ်ရာမှ နိုးလာသည်။ အိပ်ရာမှ နိုးလာလျှင် နိုးလာချင်း မျက်နှာသစ်ဖို့အရေးကို သတိမရနိုင်သေးဘဲ ၎င်း၏ပစ္စည်းများကို သိမ်းဆည်းရန် ပြင်ဆင်ခြင်းပြုလုပ်သောအခါ ကိုသက်တင်၏ သားရေသေတ္တာနှင့် ပစ္စည်းများကို မတွေ့ရသဖြင့် ရုတ်တရက်သော် ထိတ်လန့်တကြား ဖြစ်သွားမိသည်။

"အစ်မကြီးအတွက် ကော်ဖီယူလာပေးရတော့မလား..."

ဟိုတယ် စားပွဲထိုး ကုလားက အင်္ဂလိပ်လို ရိုရိုသေသေ မေးမြန်းခြင်းပြုလိုက်သောအသံကို ကြားလိုက်ရတော့မှ မြိုင်သည် ခေါင်းထောင်၍ မော့ကြည့်မိလေသည်။ မြိုင်သည် ကော်ဖီအကြောင်းကို သတိမရနိုင်သေးဘဲ ကိုသက်တင်၏ ပစ္စည်းများမတွေ့ရ၍ ဘယ်ရောက်နေသည်ဆိုသည့် အကြောင်းကိုသာ ပြန်၍ မေးခွန်းထုတ်လိုက်မိသည်။

"မနက်အစောကြီးကပဲ လူတစ်ယောက်လွှတ်ပြီး လာယူခိုင်းသွားပါတယ်။ အစ်မကြီးအတွက်လည်း မန်နေဂျာဆီမှာ စာတစ်စောင်ပေးထားခဲ့ပါတယ်"

ဟု စားပွဲထိုးက ယဉ်ယဉ်ကျေးကျေးပြန်၍ ပြောကြားသည်။

ပစ္စည်းများလည်း လူလွှတ်ယူ၍ စာတစ်စောင်လည်း ပေးထားခဲ့သည်ဆိုသည့် အတွက် မြိုင်သည် ရုတ်တရက်ငိုင်၍ စဉ်းစားနေမိသည်။ ကိုသက်တင်သည် အဘယ်မှာနည်း။ ညက မိမိလုပ်လိုက်သော ဒဏ်ရာသည် အဘယ်မျှ ပြင်းထန်သွားသနည်း။

"အစ်မကြီးအတွက် ကော်ဖီယူလာပေးရတော့မလားခင်ဗျာ..."

ဟု စားပွဲထိုးကတော့ သူ၏ဝတ္တရားကျေပွန်အောင် ထပ်၍ မေးနေသည်။

"ကော်ဖီ ယူမလာပါနဲ့တော့လေ.. ဆယ်နာရီခွဲလောက်ကျမှပဲ ထမင်းစားချင် စားတော့မယ်"

ဟုသာ ခပ်တိုတို ပြန်ပြောလိုက်ပြီးနောက် မြိုင်သည် ၎င်း၏ ပစ္စည်းများနှင့် အိပ်ရာလိပ်များကိုထုပ်ပိုးပြင်ဆင်လေသည်။ မြိုင်သည် အိပ်ရာလိပ်ကို ထုပ်ပိုးပြင်ဆင် နေရသောကြောင့် စောစောက စားပွဲထိုး ပြောဆိုသွားသော ကိုသက်တင်ထံမှ စာကိုပါ မေ့လျော့သွားသည်။

သိမ်းဆည်းစရာများကို သိမ်းဆည်းပြီးစီးသောအခါမှ မြိုင်သည် မျက်နှာမသစ်ရသေးသော ကိစ္စကို သတိရလာပြီးလျှင် ရေချိုးခန်းအတွင်းသို့ ဝင်၍ မျက်နှာသစ်လေသည်။

မျက်နှာသစ်ပြီးနောက် အဝတ်အစားလဲနေစဉ် ဟိုတယ်မန်နေဂျာသည် မြိုင်၏ အခန်းတံခါးဝ၌ရပ်ကာ အခန်းအတွင်းသို့ ဝင်လာဖို့ လှမ်း၍ ခွင့်တောင်းသဖြင့် မြိုင်က ခွင့်ပြုလိုက်သည်။ ဟိုတယ်မန်နေဂျာသည် စာအိတ်တစ်အိတ်ကိုကိုင်ကာ ဝင်လာပြီးနောက် စာရေးစားပွဲဘေးရှိ ကုလားထိုင်လွတ်တစ်လုံးတွင် ဝင်၍ ထိုင်လိုက်သည်။

"ဦးသက်တင် ခုမနက်ရထားနဲ့ မေမြို့က ထွက်သွားတဲ့အကြောင်း မစ္စက်သက်တင် သိပြီးပါပြီလား"

ဟု ဟိုတယ်မန်နေဂျာက ထိုင်ပြီးလျှင်ပြီးချင်း ကောက်၍ မေးလိုက်သည်။

"ဪ... သူရန်ကုန်ကို ပြန်သွားပြီတဲ့လား"

ဟု မြိုင်က လှုပ်ရှားသောလေသံဖြင့် ပြန်၍ မေးလိုက်မိသည်။

"ဟုတ်တယ်… မနေ့က တစ်ရက် ဒီဟိုတယ်မှာ တည်းခိုလို့ ကုန်ကျတဲ့စရိတ်ကိုလည်း လူလွှတ်ပြီး ရှင်းပေးသွားတယ်… နောက်ပြီးတော့ မစ္စက်သက်တင်အတွက် စာတစ် စောင်လည်း ပေးသွားပါသေးတယ်"

ဟု ပြောဆိုရင်း ၎င်း၏လက်ထဲမှ စာအိတ်ကို မြိုင့်အား လှမ်း၍ ပေးသဖြင့် မြိုင်သည် စာအိတ်ကို မယူချင်လှသော်လည်း ဟိုတယ်မန်နေဂျာ အပေါ်၌ ရိုင်းစိုင်းရာ ကျနေမည်စိုး၍ လက်ခံယူငင်လိုက်သည်။

"ဒါထက် မစ္စက်သက်တင်ကော ကနေ့ပြန်လိုက်ဖို့ စီစဉ်ပြီးပြီထင်ပါတယ်…"

"ကျွန်မကို မစ္စက်သက်တင်လို့ မခေါ်စေချင်ပါဘူး။ ကျွန်မနာမည် မြိုင်လို့ ခေါ် ပါတယ်"

"ဝမ်းနည်းပါတယ်မြိုင်…"

"ကျွန်မ ကနေ့ မြို့ထဲကို ပြောင်းဖို့ အစီအစဉ် လုပ်ထားပါတယ်… ကနေ့အတွက် တည်းခိုခ ကျသင့်တဲ့စရိတ်ကို ကျွန်မ သွားခါနီးတော့ ဘီ(လ်) လုပ်ပေးတာပေါ့…"

"မနက်စာတော့ ဒီမှာပဲ စီစဉ်ထားပါတယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်… ကျွန်မ ဆာတော့မှပဲ စားပါရစေ…"

"ကောင်းပါပြီ ခင်ဗျာ…"

ဟု ရိုရိုသေသေ ပြန်ပြောပြီးနောက် ဟိုတယ်မန်နေဂျာသည် ထိုင်ရာမှထကာ အပြင်သို့ ပြန်ထွက်သွားသည်။

ဟိုတယ်မန်နေဂျာအပြင်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် မြိုင်သည် ကိုသက်တင် အပေးခိုင်းလိုက်သည်ဆိုသော စာအိတ်ကိုပင် ဖွင့်ကြည့်မနေတော့ဘဲ တစ်ခါတည်း ဆွဲဆုတ်၍ ခပ်လှမ်းလှမ်းမှ အမှိုက်ခြင်းထဲသို့ ပစ်ထည့်လိုက်လေသည်။ ဤကဲ့သို့ ကိုသက်တင်ထံမှ စာအိတ်ကို ဖွင့်၍ မျှပင် ဖတ်ကြည့်ခြင်း မပြုတော့ဘဲ ဆတ်ခနဲ ဆွဲဆုတ် ကာ

အမှိုက်ခြင်းထဲသို့ ပစ်ထည့်လိုက်စဉ် တစ်သက်လုံးက လူလောကကြီးအား ရင်ဆိုင်ခြင်းမပြုခဲ့ဘဲ ထွက်ပြေးရှောင်တိမ်းနေခဲ့သော မြိုင်သည် သည်လူ့လောကအား မိမိ တစ်ယောက်တည်း ရင်ဆိုင်ရန် ရဲရဲဝံ့ဝံ့သန္နိဋ္ဌာန်ချလိုက်ပြီးဖြစ်ပေတော့သတည်း။

အခန်း[၂၈]

(က)

မြိုင်၏တစ်သက်နှင့်တစ်ကိုယ်တွင် မိဘအိမ်နှင့် လင်သားအိမ်ကလွဲ၍ အခြားသူတစ်ပါးအိမ်၌ တကြိမ်တစ်ခါမျှ မနေထိုင်ခဲ့ဖူးပေ။ ယခုမူ မိမိ၏အပြစ်နှင့် မိမိနေထိုင် ခြင်း ပြုရလေပြီ။

သူနာပြုဆရာမက ဆက်သွယ်ပေးသော မေမြို့ ညံတောဘက်ရှိ အဒေါ်ကြီးတစ်ဦး၏ အိမ်တွင် မြိုင်သည် ဟိုတယ်မှ ပြောင်းရွှေ့နေထိုင်ခြင်း ပြုရသည်။ ဟိုတယ်ပေါ်မှ မဆင်းရသေးမီပင် မြိုင်သည် ပြောင်းရွှေ့နေထိုင်ရမည့် အိမ်ရှင်အဒေါ်ကြီးအတွက် အိမ်လခနှင့် ထမင်းလခများ သုံးလစာခန့် ကြိုတင်ပေးထားရမည့် ပြဿနာနှင့် ရှေးဦးစွာ ရင်ဆိုင်ရလေသည်။ သူနာပြု ဆရာမကို ငွေငါးဆယ်ထုတ်ပေးပြီးနောက်၊ မြိုင့်လက်ထဲတွင် ကျန်နေသေးသော ငွေတစ်ရာထဲမှ ဟိုတယ် တစ်နေ့တွက်နှင့် မနက်စာတစ်နပ် အတွက် ငွေနှစ်ဆယ်ခန့် ပေးဆပ်လိုက်ရသဖြင့် ငွေရှစ်ဆယ်ခန့်သာ လက်ထဲတွင် ကျန် လေသည်။

"အိမ်လခက တစ်လကို ဘယ်လောက်တဲ့လဲ ဆရာမရဲ့..."

ဟု သေချာအောင် မြိုင်က မေးလိုက်သည်။

"အခန်းသီးသန့်အတွက်ရော၊ ရေနဲ့ မီးအတွက်ပါ အားလုံးလေးဆယ်လောက် ကျလိမ့်မယ်တဲ့"

"ထမင်းလခနဲ့ လက်ဖက်ရည်တို့ကော်ဖီတို့အတွက်ကကော ဟင် ဆရာမ.."

"အဒေါ်ကြီးက အရင် ဗိုလ်ကတော်တစ်ယောက်ကို လက်ခံထားတုန်းက တစ်လ တစ်လကို တစ်ရာအထိတောင် ယူတယ်..."

တစ်လအတွက် ထမင်းစရိတ် တစ်ရာ ဆိုသော ငွေမှာ နည်းသည့် ငွေကား မဟုတ်ပေ။ မြိုင်သည် တစ်လတစ်ရာပေးရမည့် စားစရိတ်အတွက် ကျောချမ်းသွားမိသည်။ မြိုင်၏အရိပ်အကဲကို မသိမသာ အကဲခတ်နေသော သူနာပြုဆရာမက...

"ဒါပေမဲ့ ကျွန်မက ရှင့်အခက်အခဲကို ပြောပြလို့ အစိတ်လျှော့ပြီး တစ်လကို ခုနစ်ဆယ့် ငါးကျပ်နဲ့ ထားပေးမယ်လို့တော့ ပြောတယ်..."

ဟု ပြောလိုက်သည်။

ငွေအစိတ် လျော့သွားသဖြင့် မြိုင်သည် စိတ်သက်သာမှု အနည်းငယ် ရသွားလေသည်။ သို့ရာတွင် အိမ်လခ လေးဆယ်နှင့် ထမင်းစရိတ် ခုနစ်ဆယ့်ငါးကျပ်ပါ တစ်လ တစ်လလျှင် စုစုပေါင်းတစ်ရာ့ဆယ့်ငါးကျပ်မျှ ပေးရမည့်ငွေကို စဉ်းစားချိန်ဆနေမိသည်။ မြိုင်၌ ယခုလက်ထဲတွင် ငွေများများစားစား မရှိပေ။ ပစ္စည်းသာရှိသည်။

"ထမင်းလခ တစ်လကို ခုနစ်ဆယ့်ငါးကျပ်ပေးရတာ များတယ် ထင်ရင်လည်း ရှင်ကိုယ်တိုင် အဒေါ်ကြီးကို ပြောစမ်းကြည့်ပါဦးလား..."

ဟု မြိုင်အရိပ်အကဲကို ကြည့်ရှု နေသော သူနာပြုဆရာမက ပြောဆိုလိုက်သည်။

"တစ်လ ငါးဆယ်လောက်နဲ့ကော မဖြစ်နိုင်ဘူးလားဟင် ဆရာမ..."

ဟု မြိုင်က မရဲတရဲနှင့် မေးလိုက်သည်။

"ကျွန်မကတော့ မပြောဝံ့ဘူး၊ ရှင့်ကိုယ်တိုင် ပြောကြည့်ရင် ပြောကြည့်ပါလား"

"ခြောက်ဆယ်လောက် ဆိုရင်ကော - ဘယ်လိုနေမလဲ ဆရာမရယ်..."

"ကျွန်မလည်း ပြောကူပါ့မယ်လေ... ရှင်ကသာ သူ့အတွက် သုံးလခလောက် ကြိုပေးထားဖို့ လိုလိမ့်မယ်..."

"သုံးလခဆိုတော့ ခြောက်ဆယ်နဲ့သာ သဘောတူကြရင် သုံးရာလောက်တော့ ကျလိမ့်မယ်နော် ဆရာမ.."

"ဟုတ်ကဲ့ ဒါတောင် ထမင်းလခအတွက် ခြောက်ဆယ်နဲ့ရအောင် တော်တော် ပြောယူရလိမ့်ဦးမယ် ထင်တယ်..."

"ဖြစ်အောင်တော့ ပြောပေးပါဦး ဆရာမရယ်.. ကျွန်မဒုက္ခကိုလည်း

ရှင့်ကို အကုန်လုံး ဖွင့်ပြောထားသားပဲ..."

"ဒါထက် ရှင် ကနေ့ ပြောင်းမယ်ဆိုရင် ကနေ့ပဲပေးမှ ဖြစ်လိမ့်မယ်ထင်တယ်..."

ငွေသုံးရာပေးရန် မြိုင်၌မရှိပေ။ သို့ရာတွင် မြိုင်သည် ၎င်းမိခင်၏ပစ္စည်းများထဲမှ လက်စွပ်တစ်ကွင်းကိုတော့ မလွှဲသာမရှောင်သာထုတ်၍ ရောင်းရမည့် အရေးကို စဉ်းစားထားပြီးကားဖြစ်လေသည်။

"ကျွန်မမှာ ငွေသုံးရာတော့ မရှိဘူး ဆရာမ.... ဒါပေမဲ့ စိန်လက်စွပ်တစ်ကွင်းတော့ ရှိတယ်... အဲဒါကို ကျွန်မ ရောင်းချင်တယ်..."

"စိန်လက်စွပ်က ဘယ်လောက်ရှိသလဲ"

"သုံးရတီလောက် ရှိတယ်... မေမေလုပ်တုန်းက တစ်ရတီကို သုံးရာလောက် ပေးရတယ်လို့ ပြောသံကြားတာပဲ"

"ခုနေခါ စိန်ဈေးကွက်တွေက သိပ်မရှိလှဘူး ရှင့်..."

"သူ့ပေါက်ဈေးပေါ့ရှင်..."

မြိုင်သည် မတတ်သာလွန်းလှသဖြင့် ၎င်းမိခင်၏ စိန်လက်စွပ်ကြီးကို ထုခွဲရောင်း ချခြင်း ပြုလိုက်ရလေသည်။ ပစ္စည်းတစ်ခုအား မိမိက လိုချင်သောအခါ တန်ဖိုးကြီးကြီး ပေးဝယ်ရ၍ မိမိက ရောင်းချချင်သောအခါ၌ကား မိမိပေးခဲ့ရသော တန်ဖိုးကို မရရှိနိုင်တော့သည့်အကြောင်းကို မြိုင်သည် ကိုယ်တိုင်တွေ့ကြုံ၍ နားလည်လာရသည်။ လက်စွပ်ကို ရောင်း၍ ရသော ငွေကလေးခုနစ်ရာထဲမှ အိမ့်ရှင် အဒေါ်ကြီးအား ငွေသုံးရာပေးလိုက် ရသည်။ ၎င်းအပြင် လက်စွပ်ကို ကြားမှ ရောင်းချပေးသော ပွဲစားကိုလည်း ထုံးစံအတိုင်း ပွဲခငါးဆယ်ထပ်ပေးလိုက်ရသေးသည်။ ပစ္စည်းတစ်ခုခုကို ရောင်းချသောအခါ ကြားမှ ပွဲစားထားရသော ကိစ္စနှင့် ပွဲခပေးရသော လူ့ကိစ္စတစ်ခုကိုလည်း မြိုင်သည် ဗဟုသုတ ရရှိခဲ့ပြန်သည်။

ဤသို့ကြံဖန်၍ မြိုင်သည် ညံတောဘက်သို့ မေမြို့တွင် ပထမဦးစွာ သိကျွမ်းသော သူနာပြုဆရာမ၏ အကူအညီဖြင့်

ပြောင်းရွှေ့နေထိုင်ရလေသည်။ တစ်သက်နှင့် တစ်ကိုယ်တွင် တစ်ကြိမ်တစ်ခါမျှ ရင်ဆိုင်ခြင်းလည်းမပြု၊ အမြဲလိုလိုသာ ရှောင်ကွင်းထွက်ပြေးလေ့ ရှိခဲ့သော မြိုင်သည် လူ့လောကအား ရင်ဆိုင်ရလေပြီ။ အားငယ်ခြင်းတော့ ဖြစ်မိ၏။ သို့ရာတွင် ကိုယ်ရေးကြံ့ခဲ့ပြီဖြစ်ရကား သက်လုံကောင်းရပေတော့မည်သာတည်း။

❦ ❦ ❦

ညံတောဘက်သို့ ပြောင်းရွှေ့နေထိုင်လာခဲ့ပြီးနောက် တစ်လခန့်အတွင်း စိတ်ဝန်လေး ပင်ပန်းစရာနှင့် နောက်ဆုံးစိတ်မချမ်းမြေ့စရာများကို တစ်ခုပြီးတစ်ခု ဆိုသလို မြိုင်သည် ဆက်တိုက်တွေ့ကြုံရပြန်လေသည်။

မိမိအကြောင်းနှင့် ပတ်သက်၍ နောက်ထပ် မည်ကဲ့သို့သော သတင်းများ ပါလာလိမ့်ဦးမည်နည်းဟူသော စိုးရိမ်သိရှိလိုသော စိတ်ဖြင့် ညံတောအိမ်သို့ ပြောင်းရွှေ့နေထိုင် လာခဲ့သောနေ့မှစ၍ မြိုင်သည် အင်္ဂလိပ်သတင်းစာ တစ်စောင်နှင့်မြန်မာနေ့စဉ်သတင်းစာ တစ်စောင်ကို နေ့တိုင်းမှန်မှန် ဝယ်ယူဖတ်ရှုခြင်း ပြုလေသည်။ ညံတောအိမ်သို့ ရောက်ရှိပြီးနောက် ဆယ်ရက်ခန့်အကြာတွင် မြန်မာသတင်းစာတစ်စောင်၌ မိမိနှင့် ပတ်သက်နေသော ကြော်ငြာတစ်ခု ပါလာသည်ကို တွေ့ ရလေသည်။

မြိုင်...

ဘယ်မှာ ရောက်နေသည်ကို အမြန်ဆုံး အကြောင်းပြန်စေလိုပါသည်။ အကြောင်းပြန်စာ ရလျှင်ရချင်း လာခေါ်ပါရစေ။

တင်ဦး...

ကိုတင်ဦး ထည့်သွင်းလိုက်သော ကြော်ငြာကို ဖတ်ရသောအခါ မြိုင်သည် ဝမ်းသာ ဝမ်းနည်းဖြစ်သည်။ မိမိက အဘယ်မျှကြီးလေးသော အပြစ်ကြီးတစ်ခုကို ကျူးလွန်လာခဲ့သည်တိုင်အောင် မိမိအား မည်ကဲ့သို့မျှ အပြစ်အနာအဆာမယူဘဲ ပြန်လည်လက်ခံလိုသော ကိုတင်ဦး၏ သဘောထားနှင့် စေတနာကို သိရှိရသည့်အတွက် မြိုင်သည် ဝမ်းသာ မိသည်။ သို့ရာတွင် ထိုမျှသဘောထားကြီးမားသော ယောကျ်ားတစ်ဦးကို ဘာမျှမဖြစ်လောက်သော အပြစ်အနာအဆာကလေးများနှင့် မိမိက စွန့်ပစ်ထားခဲ့သော မိမိ၏ အပြုအမူအတွက် မြိုင်သည် ဝမ်းနည်းသလို ဖြစ်လာသည်။ မြိုင်သည် မိမိတို့လင်မယားကွဲလာခဲ့ရသော အကြောင်းများကို ပြန်လည် ရှာဖွေကြည့်မိသည်။ ပထမတစ်ရက် ကြော်ငြာ ပါလာသောညကမူ မြိုင်သည်တစ်ညလုံး အိပ်၍ မပျော်နိုင်ပေ။ မိမိတို့လင်မယား အဘယ်ကြောင့် ကွဲလာခဲ့ရသောအကြောင်းကို တောင်စဉ်းစား မြောက်စဉ်းစားရင်း မြိုင်သည် အိပ်၍ မရခဲ့ပေ။ ရင်ဝကို ဖနောင့်နှင့် စုံကန်ကာ ထွက်သွားသော

မယားလုပ်သူအပေါ်၌ စိတ်မနာနိုင်သေးဘဲ လာခေါ်ပါရစေဟု တိုင်းသိပြည်ကြား ကြော်ငြာ၍ ခေါ်နိုင်လောက်အောင် သဘောထားကြီးမားလျက် ခွင့်လွှတ်နိုင်ခြင်းလည်းရှိသော ယောကျ်ားတစ်ယောက်ကို မြိုင်သည် အဘယ်ကြောင့် စွန့်ပစ်ထားခဲ့ရသနည်း။ မိမိတို့လင်မယား ကွဲလာခဲ့ရသော အကြောင်းရင်းကို သေသေချာချာ ရှာဖွေကြည့်သောအခါ ဘာမျှ ရေရေရာရာ မရှိလှသည်ကို မြိုင်သည် တွေ့လာရသည်။ လူ့လောကအမြင်နှင့် ခံယူချက်ချင်းမတူသောအကြောင်း ကလေးများကြောင့်သော်လည်းကောင်း၊ စိတ်သဘောချင်း မတိုက်ဆိုင်မှုကလေးများကြောင့် သော်လည်းကောင်း၊ ဤမျှရိုင်းရိုင်းစိုင်းစိုင်းနှင့် ဆိုးဆိုးဝါးဝါးဖြစ်လာရသောကိစ္စတွင် မိမိ၌သာ အဓိက တာဝန်ရှိနေခဲ့သော အဖြစ်ကိုလည်း စဉ်းစားမိလာသည်။ သို့ရာတွင် မြိုင်၏ စဉ်းစားမိခြင်းနှင့် အသိဉာဏ်တို့သည် နှောင်းခဲ့လေပြီတကား။ မြိုင်သည် ဝမ်းနည်း၍ ငိုခဲ့မိသည်။ သို့ရာတွင် နှောင်တရသောစိတ်နှင့် လင်သားထံသို့ ပြန်ရန်ကိုကား စိတ်ကူး၍ မရတော့ပေ။ မိမိ၏ မသန့်ရှင်းသော ကိုယ်သည် ထိုဖြူစင်လှသော ယောကျ်ားနှင့် မထိုက်တန်တော့ဟု ဆုံးဖြတ်လိုက်သည်။

ထိုကြော်ငြာသည် ၇ ရက်တိတိဆက်၍ ပါလာသည်။ ထိုသတင်းစာတစ်စောင်တည်းတွင်သာမဟုတ်၊ ရန်ကုန်မြို့မှ ထုတ်ဝေလျက်ရှိသော နေ့စဉ်သတင်းစာတိုင်းတွင် ပါလာသည်ကို တွေ့ရသည်။ မြန်မာသတင်းစာများ၌ သာလျှင်မဟုတ်သေး၊ အင်္ဂလိပ်သတင်းစာများ၌ပင် ပါလာသည်။ ထိုကြော်ငြာ ၇ ရက်တိတိ ထုတ်ဝေသမျှ သတင်းစာများထဲတွင် ပါလာပြီးနောက် ရှစ်ရက်မြောက်သောနေ့တွင် ကိုတင်ဦး၏ကြော်ငြာသည် နောက်တစ်မျိုးပြောင်းလွဲ၍ ပါလာပြန်သည်။

မြိုင်...

ဦး-ရောဂါအခြေအနေ စိုးရိမ်နေရပါသည်။ မြိုင်အမြန်ဆုံး ပြန်လာပါ။ ဒေါ်လေး ဒေါ်စောခင်ကိုလည်း မမာ၍ ဆေးရုံတင်ထားရပါသည်။

တင်ဦး...

မြိုင်သည် ရင်ထဲ၌ ကတုန်ကယင်ကြီး ဖြစ်သွားသည်။ မိမိ၏ဖခင်သည် မိမိအတွက်နှင့် စိတ်နှလုံးထိခိုက်ကာ

ရောဂါသည်းလာခြင်းဖြစ်သလော။ ဒေါ်လေး ဒေါ်စောခင်တစ်ယောက်လည်း စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်ကာ ဗုန်းဗုန်းလဲကျခြင်းလော။

မိုးစင်စင်လင်းသည်အထိ မြိုင်သည် တစ်ရေးမှ အိပ်၍ မရတော့ပေ။ ဤအဘိုးကြီးနှင့် အဒေါ်ကြီးနှစ်ယောက် တစ်ခုခုသာဖြစ်သွားလျှင် မိမိတာဝန်မကင်း ဖြစ်တော့မည့် အရေးကို စဉ်းစားရင်း မြိုင်သည် ငိုယိုမိပြန်သည်။ သို့ရာတွင် မြိုင်သည် ဤမသန့်ရှင်း မစင်ကြယ်သော ခန္ဓာကိုယ်နှင့် ရွှေတောင်ကြားအိမ်သို့ အဘယ်သို့ ပြန်၍ ဖြစ်ပါတော့မည်နည်း။

ဖခင် လုပ်သူသည် ရောဂါသည်းသည်ဆိုသည့်အတွက် ကြည့်ရှုပြုစုရအောင် မြိုင်သည် ပြန်ချင်လှပေသည်။ သို့ရာတွင် မိမိဘာသာ သိမ်ငယ်နေသဖြင့် မပြန်ဝံ့ပေ။ လူတကာက ကဲ့ရဲ့ကြမည့် ပတ်ဝန်းကျင်၌ အသက်ရှင်နေရမည့်အရေးထက် ဘယ်သူကမျှ မသိကြသော တစ်ရပ်တကျေးတွင် ဇာတ်မြှုပ်၍ မထင်မရှားနေလိုတော့သည်။ ပထမက မိမိအား ပြန်လာ၍ ခေါ်ပါရစေဟု သဘောထားကြီးမြတ်လှသော လင်လုပ်သူ၏ စေတနာကို လက်မခံနိုင်၍ မြိုင်သည် ဝမ်းနည်းခဲ့ရသည်။ ယခုတစ်ဖန် ဖအေ တစ်ယောက်လုံး ရောဂါသည်းနေသည်ကို သိရှိရပါလျက် မပြန်ဝံ့၊ မပြန်နိုင် ဖြစ်နေရသော မိမိဘဝကို တွေးတောကာ ဝမ်းနည်းခြင်း ဖြစ်ရပြန်သည်။

မြိုင်သည် နံနက်အိပ်ရာမှ နိုးလျှင်နိုးချင်း သတင်းစာကို ရှေးဦးစွာ ဖွင့်ကြည့်သည်။ ဖခင်လုပ်သူ၏ရောဂါနှင့် ပတ်သက်၍ သိနိုင်ရန်မှာ သတင်းစာတစ်ခုတည်းသာ အားကိုးရာရှိတော့သည်။

ဖခင်လုပ်သူ ရောဂါသည်းလာသည့်သတင်းကြော်ငြာကို ၃ ရက်မျှ ဆက်၍ ဖတ်ရ ပြီးနောက်၊ နောက်တစ်နေ့ နံနက်သတင်းစာကို ကိုင်တွယ်လိုက်သောအခါ မြိုင်၏မျက်လုံးများသည် ပြာဝေ၍ သွားကာ လက်ထဲ၌ ကိုင်ထားသော သတင်းစာသည်လည်း လွတ်ကျ၍ သွားလေသည်။ သတိပြန်ရလာသောအခါ၌လည်း မြိုင်သည် လွတ်ကျသွားသော သတင်းစာကို ပြန်ကောက်ယူ၍ မကြည့်ရဲမဖတ်ရဲအောင် ဖြစ်သွားလေသည်။

သတင်းခေါင်းစဉ်ကို ဖတ်ကာမျှနှင့် သတင်းစာလက်ထဲမှ လွတ်ကျသွားသော မြိုင်သည် သတင်းအကျယ်ကို ဖတ်နိုင်ရန်အတွက် ပြန်၍ အားယူရသည်။ သတင်းစာကို ပြန်ကောက်၍ ယူလိုက်သော

မြိုင်၏လက်များသည် တုန်နေသည်။ မရဲတရဲနှင့်ပင် သတင်း ခေါင်းစဉ်ကို ပြန်၍ ဖတ်ကြည့်လိုက်မိပြန်သည်။

“ပြည်သူ့အလင်းသတင်းစာ အယ်ဒီတာ ဦးတင်ဦးကို ပြည်ထဲရေးဌာနမှ ပုဒ်မငါးဖြင့် ဖမ်းဆီးပြီး ရန်ကုန်ထောင်သို့ ပို့လိုက်ပြီ”

“အစိုးရနဲ့ ဆန့်ကျင်တဲ့ အလုပ်တွေကို မလုပ်ပါနဲ့တော့လို့ မြိုင်သတိပေးနေရက်သားနဲ့ ကိုတင်ဦးရယ်..."

မြိုင်သည် သတင်းခေါင်းစဉ်ကို ဖတ်ရင်း ညည်းတွားပြောဆိုလိုက်မိသည်။

"ဆန့်ကျင်ဘက်ရယ်လို့ တမင်တကာ လုပ်နေတာမှ မဟုတ်ဘဲ မြိုင်ရယ်... တိုင်းပြည်အတွက် မှန်ကန်တာကိုသာ ကိုတင်ဦး လုပ်နေတာပါ... တိုင်းပြည်ငြိမ်းချမ်းသာယာဖို့အတွက်
တိုင်းပြည်ကောင်းစားချမ်းသာဖို့အတွက် ကိုယ့်အခွင့်အရေး ရှိလို့ ကိုယ်လုပ်တာကိုမှ ဆန့်ကျင်ဘက်လုပ်တယ် ထင်ပြီး သတ်ပစ်ရင်လည်း ခံရမှာပေါ့မြိုင်...”

တစ်ကြိမ်က ကိုတင်ဦးပြောဆိုခဲ့သော စကားများကိုလည်း ပြန်လည်ကြားယောင်လာမိသည်။ ထိုသို့ ပြောကြားခဲ့စဉ်က ကိုတင်ဦး၏ စကားကို မြိုင်သည် နားမလည်၍ လက်ခံခြင်းလည်း မပြုခဲ့ပေ။ ယခုတော့မူ နားလည်လာ၍ မဟုတ်သည့် တိုင်အောင် ကိုတင်ဦးအား ဖမ်းဆီးလိုက်သော ပြည်ထဲရေးဌာနအား မကျေမချမ်း ဖြစ်လာမိသည်။

“အနှိပ်စက်ခံရမှာ ကြောက်လို့ပဲ ဖြစ်ဖြစ်၊ အသတ်ခံရမှာ ကြောက်လို့ပဲဖြစ်ဖြစ်၊ တိုးတက်မှုနဲ့ အမှန်တရားဘက်က ရပ်တည်မယ့်လူတွေသာ သမိုင်းတစ်လျှောက်မှာ ပေါ် ပေါက်မလာခဲ့ရင် လူ့လောကဟာ တိရစ္ဆာန်လောကသာသာလောက်ပဲ ရှိနေဦးတော့မှာ ပေါ့ မြိုင်ရယ်...”

ကိုတင်ဦးသည် ဤကဲ့သို့လည်း မြိုင့်အား ပြောဆိုခဲ့ဖူး၏။ သို့ရာတွင် မြိုင့်အား ပြောဆိုခဲ့ဖူး၏။ သို့ရာတွင် မြိုင်သည် ထိုစကားများကို နားမလည်ခဲ့ပေ။ ထိုစဉ်က ကိုတင်ဦးသည် အဓိပ္ပာယ်မရှိသော စကားများကိုသာ ပြောဆိုတတ်သူဟု မြိုင်သည် နား လည်ခဲ့သည်။ ယခုမူ

မြိုင်သည် ထိုစကားများကို အဓိပ္ပာယ်ပေါက်၍ နားလည်လာခဲ့သည် မဟုတ်သေးသော်ငြားလည်း အဓိပ္ပာယ်တော့ ရှိရမည့်အကြောင်းကို စဉ်းစားမိစပြုလာသည်။ ကိုတင်ဦးကဲ့သို့ တကယ့်ပညာတတ်ကြီးများက အံ့သြချီးမွမ်းရသော လူတစ်ယောက်သည် အဓိပ္ပာယ်မရှိသောအလုပ်မျိုးကို အမိုက်ခံ၍ လုပ်နေလိမ့်မည်မဟုတ်သည့်အကြောင်းကို မှျမှျတတ စဉ်းစားလာမိသည်။

"ကိုတင်ဦး ငြိမ်းချမ်းရေးကိစ္စ ဆောင်ရွက်တာကို မြိုင်က နားမလည်ဘူး... အဓိပ္ပာယ် မရှိဘူးလို့ ပြောချင်တယ်"

"ဟုတ်လား.. ဒါကတော့ မြိုင် နားမလည်သေးလို့ ဒီလို ပြောတယ် ဆိုတာကို ကိုတင်ဦးကောင်းကောင်း နားလည်ပါတယ်လေ... ဒါပေမဲ့ မြိုင်နားလည်သလောက် နားလည်အောင် ပြောပြဖို့တော့ ကိုတင်ဦးမှာ ဝတ္တရားသာ မဟုတ်ဘူး။ တာဝန်လည်း ရှိပါတယ်..."

ဟု ကိုတင်ဦး ပြောပြခဲ့စဉ်က...

"တော်ပါတော့ ကိုတင်ဦး ရှင် ပြောတဲ့စကားကို မြိုင် နားမလည်ဘူး ကြားလည်း မကြားပါရစေနဲ့တော့...."

ဟု မြိုင်က ဘုကျကျ ပြန်ပြောခဲ့သည်။

ကိုတင်ဦးဆိုသော လူတစ်ယောက်ကတော့ အင်မတန် စိတ်ရှည်လှသူ ဖြစ်သည်။

"မြန်မာပြည်မှာ ငြိမ်းချမ်းရေးဟာ သေရေးရှင်ရေး ပြဿနာလောက် အရေးကြီး နေတယ် မြိုင်ရဲ့.. ငြိမ်းချမ်းရေး မရှိတဲ့အတွက် လူတိုင်းလူတိုင်းဟာ တိုက်ရိုက်ပဲ ဖြစ်စေ၊ သွယ်ဝိုက်၍ ပဲ ဖြစ်စေ တစ်နည်းမဟုတ်ရင် တစ်နည်းနဲ့ ခံနေကြရတယ်... ဒါကို မြို့ပေါ်မှာ အေးအေးချမ်းချမ်း မနေနိုင်တဲ့ လူတွေထက် တောဘက်မှာ နေထိုင်ကြရတဲ့ လူတွေက ပိုသိကြတယ်..."

ကိုတင်ဦး၏စကားများကို မြိုင်သည် ထိုစဉ်က နားထောင်၍ မရခဲ့ပေ။ ယခုတော့မူ မြိုင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟု ခေါ်တွင်သော တိုင်းပြည်၌ ငြိမ်းချမ်းရေး မရှိသည့်အတွက် ဘုန်းတော်ကြီးကအစ ပစ္စည်းလေးပါး ရှားပါးကျပ်တည်းနေရသော ဒုက္ခကို

နားလည်နိုင်ခြင်း မရှိသေးသော်လည်း တစ်ခုခုတော့ ရှိရမည်ဟု တွေးတောစဉ်းစားစ ပြုလာသည်။

မြိုင်သည် ကိုတင်ဦး အဖမ်းခံရသော သတင်းကို ဖတ်ရှုရသောနေ့က တစ်နေ့လုံး ဘာမျှ မစားပေ။ ၎င်း၏ အခန်းထဲတွင်သာ အောင်းနေခဲ့သည်။ ညဘက်တွင် တစ်ခုခု မစားထားလျှင် အနေရခက်မည်ကို စဉ်းစားမိ၍ ပေါင်မုန့်တစ်ချပ်နှင့် ကော်ဖီတစ်ခွက်ကို ကြိုးစား၍ သောက်ရ စားရလေသည်။ မြိုင်သည် တစ်ညလုံး ကိုတင်ဦး၏ အကြောင်းကိုသာ စဉ်းစားနေမိသည်။ လူသားတို့အား နှိပ်စက်ညှဉ်းပန်းခြင်းပြုရာ အကျဉ်းထောင်ထဲ၌ ကိုတင်ဦး အဘယ်ကဲ့သို့ နေထိုင်ရမည့် အရေးကိုလည်း တွေးမိ တွေးရာ လျှောက်တွေးနေမိသည်။ ထိုကဲ့သို့ တွေးရင်း အိပ်ရာထက်မှထ၍ ရန်ကုန်မြို့တော်ကြီးဆီသို့ ပြေးသွားပြီးလျှင် ကိုတင်ဦးအား တွေ့လို ဆုံလိုသော စိတ် လှုပ်ရှားမှုများ ပေါ်ပေါက်လာသည်။ သို့ရာတွင် မိမိပြုလုပ်ခဲ့ပြီးသော ပြစ်မှုကြီးကို ရုတ်တရက် စဉ်းစားမိသောအခါ မြိုင်သည် ရင်ထဲ၌ အောင့်သွားလေသည်။ အသည်းထဲ၌လည်း နာကျင်သွားလေသည်။

စဉ်းစားရလွန်းသဖြင့် အိပ်ရာထက်တွင် ခွေနေရလင့် ကစား မောပန်းလာသည်။ မောပန်းလာသည့်အတွက် မေးခနဲ ပျော်သွားသည်။ သို့ရာတွင် ကြာကြာတော့မဟုတ်၊ စိတ်စောလွန်း၍ ခေတ္တမျှသာဖြစ်သည်။ ခေတ္တခဏမျှသာ အိပ်ပျော်ရသည့်အခိုက် ကိုတင်ဦးနှင့် တွေ့ ရသည်ဟု အိပ်မက် မက်မိသည်။ အိပ်မက်ထဲ၌ လူချင်းတွေ့သောအခါ ထိုလူသည် မြိုင့်အား ခွင့်လွှတ်လျက်ရှိသည်ကိုသာ တွေ့ ရသည်။ မိမိအပြစ်နှင့်မိမိဖြစ်နေသော မြိုင်ကသာ သိမ်ငယ်ခြင်း ဖြစ်နေသည်။

“တစ်နေ့တော့ မြိုင် ပြန်လာလိမ့်မယ် ဆိုတာကို ကိုတင်ဦး ယုံကြည်ထားပြီးသားပါ မြိုင်ရယ်…”

ဟု သူက မြိုင့်အား ရွှန်းရွှန်းစားစား ကြည့်ရင်း ပြောဆိုသည်။ ထို့နောက် မြိုင့်အား ခါးမှဆွဲ၍ ပွေ့ဖက်လိုက်ပြီးလျှင် ရှေးဦးစွာ မြိုင်၏နဖူးပြင်ကို နမ်းသည်။ ထို့နောက် မြိုင့်အား သူ၏ ရင်ခွင်အတွင်းသို့ ဆွဲသွင်းကာ ဖက်ထားလိုက်သည်။

အိပ်မက်ကို အဟုတ်တကယ်ထင်၍ မြိုင်သည် ဝမ်းသာဝမ်းနည်း ငိုပစ်လိုက်သည်။ ငိုရင်းနှင့် အိပ်ရာက လန့်နိုးလာသည်။

နိုးလာသောအခါ၌လည်း ဝမ်းနည်းမိပြန်၍ ဆက်ကာဆက်ကာ ငိုရပြန်လေသည်။

နောက်တစ်နေ့ အိပ်ရာမှ နိုးသောအခါ မျက်နှာပင်မသစ်ရသေးမီ မြိုင်သည် သတင်းစာကို ဦးစွာ တောင်းကာ ဖတ်ရှုလေသည်။ ကိုတင်ဦးအား အစိုးရက ဖမ်းဆီး လိုက်သော သတင်းနှင့် ဆက်နေသော နောက်ဆက်တွဲ သတင်းများကို ဖတ်ရလေသည်။ သတင်းစာဆရာနှင့် စာရေးဆရာ အသင်းကြီးများက ပြည်ထဲရေးဌာနသို့ ကန့်ကွက်ကြသော သတင်းများကိုလည်းကောင်း၊ ငြိမ်းချမ်းရေးအဖွဲ့နှင့် အလုပ်သမားအဖွဲ့များက ကိုတင်ဦးအား မတရားဖမ်းဆီးထားခြင်းမှ ပြန်လွှတ်ပေးရန် တောင်းဆိုကြသော သတင်းများနှင့် မေတ္တာရပ်ခံသော သတင်းများအပြင် သံဃအဖွဲ့အစည်းအချို့ကပင် အစိုးရထံ၌ ကိုတင်ဦးအား အလျှုခံကြသော သတင်းများကိုပါ မြိုင်သည် ကြက်သီး တဖြန်းဖြန်းနှင့် ဖတ်ရှုရလေသည်။

ကိုတင်ဦးအားအစိုးရက ဖမ်းဆီးလိုက်သော ကိစ္စနှင့်ပတ်သက်၍ လူရောသံဃာပါ ဝိုင်းဝန်းမေတ္တာထားကြသော အကြောင်းရင်းကိုကား မြိုင်သည် နားမလည်သေးပေ။ သို့ရာတွင် မိမိ၏လင်သားအပေါ်၌ ဤကဲ့သို့ မေတ္တာထားရှိခြင်းအတွက် အားရနှစ်သိမ့် သလိုတော့ ဖြစ်မိသည်။ ၎င်းအပြင် မိမိ၏လင်သားအား အစိုးရ၏ငြိုငြင်မှုကိုပင် မကြောက်ရွံ့ဘဲ ရဲရဲဝံ့ဝံ့ မေတ္တာထားကြသောကိစ္စကို ကြည်နူးမိသည်။

လူအများက ကိုတင်ဦးဘက်မှ မေတ္တာထား၍ ခုခံကြသဖြင့် မြိုင်သည် အားရှိလာသည်။ စိတ်သက်သာမှုလည်း ရလာသည်။ ထိုသို့ သက်သာမှုနှင့် ခွန်အားကို ရရှိလာသောကြောင့် မြိုင်သည် နောက်တစ်ညတွင် ကောင်းစွာ အိပ်ပျော်ခွင့် ရလေသည်။

သုံးလေးရက်ခန့်မျှ ကိုတင်ဦးအား ဖမ်းဆီးသော ကိစ္စနှင့်ပတ်သက်၍ ရန်ကုန်မြို့မှ သာလျှင် မဟုတ်ဘဲ အနယ်နယ်အရပ်ရပ်မှ မေတ္တာရပ်ခံသော သတင်းများကို မြိုင် ဖတ်ရှု ရလေသည်။ ဤကဲ့သို့ အားတက်ဖွယ်ရာ သတင်းများကို ဖတ်ရှုရ၍ စိတ်သက်သာမှုကို ရရှိရုံမျှမကြာမီ ကိုတင်ဦးအား ဖမ်းဆီးပြီးနောက် ၇ ရက်မြောက်သောနေ့တွင် မြိုင့် အဖို့ ကမ္ဘာကြီးချာချာလည်သွားသော သတင်းကြော်ငြာတစ်ခုကို ဖြုန်းခနဲ ဖတ်လိုက်ရ လေသည်။

ညီမလေး - မြိုင်...

ဖေဖေဆုံးပြီ၊ ဤကြော်ငြာကို တွေ့လျှင် တွေ့ ချင်း အမြန်ဆုံးပြန်လာပါ။ ၃ ရက် စောင့်မည်။

ဇော်ဝင်း...

ထိုသတင်းကြော်ငြာကို ဖတ်၍ မဆုံးမီ ရင်ထဲတွင် လှပ်လှပ် လှပ်လှပ် ဖြစ်လာပြီးနောက် ဦးခေါင်းထဲတွင် မိုက်ခနဲဖြစ်ကာ မြိုင်သည်သတိလစ်သွားလေသည်။ မြိုင်သည် အဘယ်မျှကြာအောင် ၎င်းကိုယ်ကို သတိလစ်သွားမှန်း သတိမရလိုက်ပေ။ သတိရ၍ မျက်လုံးများကို ဖွင့်ကြည့်လိုက်သောအခါ မိမိအိပ်ရာထက်တွင် ပြန်ရောက်နေသည်ကို ရေးဦးစွာ သတိရလာသည်။ နောက်မှ မိမိအိပ်ရာဘေးတွင် စိုးရိမ်ကြီးစွာဖြင့် ရပ်စောင့်၍ ကြည့်နေကြသော အိမ်ရှင်အဒေါ်ကြီးနှင့် သူနာပြုဆရာမတို့ကို မြင်သည်။ ထို့နောက်မှ မြိုင်သည် ယခင်ပဟိုတယ်ပေါ်မှာတုန်းက တွေ့ခဲ့ရသော ကုလားဆရာဝန်ကို မြင်လာသည်။

"ကျွန်မ ဘာဖြစ်သွားတာလဲဟင်..."

ဟု သတိရလာလျှင် ရလာချင်း မိမိသိလိုသော ကိစ္စကို မြိုင်သည် အလန့်တကြားနှင့် မေးလိုက်မိသည်။

"ဘာမှဖြစ်တာတော့ မဟုတ်ပါဘူး.. အားနည်းနေလို့ပါ..."

ဟု ကုလားဆရာဝန်က အားပေးစကား ပြောကြားလိုက်လေသည်။

မြိုင်သည် ဆရာဝန်၏မျက်နှာကို အတန်ကြာမျှ စူးစိုက်၍ ကြည့်နေရင်း စောစောက သတင်းစာထဲတွင် ပါလာသော ဖခင်လုပ်သူ သေဆုံးသည့် သတင်းကြော်ငြာကို ပြန်သတိရ လာသည်။

"ဖေဖေ ဆုံးပြီး.... ဟုတ်တယ် ဖေဖေဆုံးပြီ..."

မြိုင်သည် လွတ်ခနဲ အော်ပြောကာ ငိုချလိုက်သည်။

ကုလားဆရာဝန်သည် ၎င်း၏ လူနာကို လက်လျှော့လိုက်သည့်အလား ဦးခေါင်းကို ခါ၍ အခန်းအတွင်းမှ

လှည့်ထွက်သွားသည်။

မြိုင်သည် ခုတင်ပေါ်တွင် မှောက်ကာ အားရပါးရ ငိုပစ်လိုက်သည်။ ငိုရသော အလုပ်သည် ပင်ပန်းသော အလုပ်ဖြစ်ရကား ငိုရလွန်းသောအခါ မြိုင်သည် မောပန်းလာ သည်။ မောပန်းလာသဖြင့် မြိုင်သည် မငိုနိုင်တော့ပေ။ အနားယူရသည်။

အိမ်ရှင်အဒေါ်ကြီးနှင့် သူနာပြု ဆရာမတို့က မြိုင့်အား အားပေးနှစ်သိမ့်ခြင်းပြုရန် ကြိုးစားကြသည်။ သို့ရာတွင်ထိပ်၌ မြွေကိုက်ခြင်းခံနေရသော မြိုင့်အဖို့ နှစ်သိမ့်အားပေးသော စကားများသည် အရာမထင်ပေ။

အဖေတစ်ယောက်လုံး သေဆုံးနေရပြီကိုလည်း သိရှိနေရလျက် အစ်ကိုလုပ်သူကလည်း ၃ ရက်စောင့်ပါမည်ဟု ကြေညာထားပြီးသည့်အကြားမှပင် မြိုင်သည် မွေးသ ဖခင်အား နောက်ဆုံးပြုစုခြင်းဖြစ်သော သင်္ဂြိုဟ်ရန်အမှုကို ပြုရန်အတွက် ရန်ကုန်ရွှေတောင်ကြားသို့ မပြန်ဝံ့ပေ။ မိမိ၏အပြစ်နှင့်မိမိ သိမ်ငယ်နေသည်။ လူတကာက အထင်သေးသော မျက်စိဖြင့် ဝိုင်းကြည့်ကြမည်ကို အကြည့်ခံနိုင်ရန် မြိုင်၌ ခွန်အားမရှိပေ။ မိမိအား အထင်သေး အမြင်သေးနေကြမည်ဖြစ်သော ပတ်ဝန်းကျင်သို့ မြိုင်သည် တစ်နာရီတစ်မိနစ်မျှ သွားရောက်ခြင်းပြုရန် မဝံ့ရဲပေ။

ဖခင်လုပ်သူအား နောက်ဆုံးဝတ်ပြုရခြင်းအမှုကို မြိုင်သည် ပြုလုပ်လိုလှသည်။ မြိုင်သည် ယခုပင် ထပြေး၍ ဖခင်လုပ်သူ၏ ခြေရင်းတွင် ဝပ်စင်းကာ တောင်းပန်ငိုယို လိုလှသည်။ မိမိဖခင်သေဆုံးရခြင်း၌ မိမိပယောဂပါသည်ဟုလည်း မြိုင်သည်စွဲလမ်းမိသည်။ သမီးအတွက် စိတ်ဆင်းရဲခြင်း အမျိုးမျိုးကို ခံခဲ့ရသော ဖခင်သည် မခံနိုင်တော့သည့်အဆုံးတွင် နောက်ဆုံးထွက်သက်ကို ရှူထုတ်၍ မျက်နှာလွှဲထားခြင်း ဖြစ်လိမ့်မည်။

မိဘဆွေမျိုးများ သဘောမတူသည့် လူတစ်ယောက်ကို ရွေးချယ်ယူငင်သွားသော သမီးငယ်အတွက် ဖခင်လုပ်သူသည် အဘယ်မျှ စိတ်ဆင်းရဲခဲ့ရပြီနည်း။ သူကြိုက်နှစ်သက်သောသူကို ရွေးချယ်ယူငင်သွားပြီးသည့်နောက်၌လည်း သူ့အိုး သူ့အိမ်နှင့် အေးအေး ဆေးဆေး မနေလိုက်သေးဘဲ လင်မယား စိတ်ဆိုးကာ မိဘအိမ်သို့

ကပ်လာပြန်သော သမီးအတွက် ဖခင်လုပ်သူသည် အဘယ်မှ စိတ်ဒုက္ခရောက်ခဲ့ရပြီနည်း။ မိဘအိမ်သို့ ပြန်ကပ်လာပြီးနောက်၊ ဣန္ဒြေရရနှင့် အေးအေးဆေးဆေး မနေလိုက်ပြန်သေးဘဲ အခြား လူတစ်ယောက်နှင့် ထွက်ပြေးသွားပြန်သော သမီးလုပ်သူအတွက် ဖအေလုပ်သူသည် အဘယ်မျှ ရှက်ရှာမည်နည်း။ နောက်ထပ်တစ်ဖန် လိုက်ပြေးသွားသောလင်ငယ်နှင့် သင့်သင့် မြတ်မြတ် မပေါင်းသင်းနိုင်ဘဲ ၃-၄ ရက်အတွင်း ကွဲသွားပြန်သောကိစ္စအတွက်နှင့် ဖခင် လုပ်သူသည် အဘယ်မျှ စိတ်ညစ်ညျုး၍ အရှက်ရခဲ့မည်နည်း။

မြိုင်သည် တစ်နေ့လုံး တစ်ညလုံး ငိုယိုခဲ့ရသဖြင့် ချုံးကျသွားသည်။ သို့ရာတွင် ရန်ကုန် ရွှေတောင်ကြားသို့ကား မပြန်ဝံ့တော့ပေ။

ဖအေတစ်ယောက်လုံး သေဆုံးရသည်အထိ ဒုက္ခပေးခဲ့မိသော မိမိအပြစ်ကို မြိုင်သည် ခွင့်မလွှတ်နိုင်အောင် ဖြစ်မိသည်။ ထို့ထက် ဖအေတစ်ယောက်လုံး သေဆုံးနေရသည်ကိုပင် ပြန်၍ သင်္ဂြိုဟ်ခြင်း မပြုနိုင်လောက်သော မိမိ၏အဖြစ်နှင့် ဘဝကို ပိုမို၍ စိတ်နာမိသည်။ ကြေကွဲဝမ်းနည်းမိသည်။

ဤကဲ့သို့ ဖခင်တစ်ယောက်လုံး သေဆုံးရသောအခါ၌ သွားရောက် သင်္ဂြိုဟ်ခြင်း မပြုနိုင်သော မိမိ၏အဖြစ်ကို စဉ်းစားခဲ့မိသည့် အချိန်မှစ၍ မြိုင်သည် မိမိဘဝကြီးတစ်ခုလုံး ပြောင်းလွဲသွားခဲ့ရပြီဆိုသော အချက်ကို လေးလေးနက်နက်သဘောပေါက်နားလည်လာသည်။ မြိုင်သည် ယခင်ကမြိုင် မဟုတ်တော့ပေ။

ယခင်က ရွှေတောင်ကြားမှ မြိုင်ဖြစ်၏။ စက်ရှင်တရားသူကြီး၏သမီး မြိုင်လည်း ဖြစ်၏။ ဆွေမျိုးသားချင်းများ ခြံရံလျက် ဂုဏ်ရှိန်မြင့်မားခဲ့သော မြိုင်တစ်ယောက်ပင် ဖြစ်ခဲ့၏။ ယခုမြိုင်သည် အကျင့်စာရိတ္တပျက်ပြား၍ လူတကာ တံတွေးခွက်၌ ပက်လက် မျောနေရပြီဖြစ်သော မြိုင်သာဖြစ်၏။ အဘယ်အထက်တန်းစား ပတ်ဝန်းကျင်ကမှ လက်မခံနိုင်တော့သည့် အောက်တန်းစား မိန်းမတစ်ယောက်သာ ဖြစ်သွားခဲ့လေပြီ။

မြိုင်သည် မိမိ၏ဘဝသစ်ကို ရင်ဆိုင်ခြင်းပြုရတော့မည်ဖြစ်၏။ ကမ္ဘာသစ်တစ်ခုသို့ ပြောင်းရွှေ့နေထိုင်ရတော့မည် ဖြစ်၏။ မြိုင်၏အတိတ်ကမ္ဘာသည် ပျက်စီးလေပြီ။ သို့ရာတွင် ထိုကမ္ဘာကို

မည်သူကမျှ ဖျက်ဆီးကြသည်မဟုတ်။ မြို့ငှဘာသာမြို့င် ဖျက်ဆီးခဲ့ခြင်းမျှသာ ဖြစ်တော့သည်တကား…။

အခန်း [၂၉]

(က)

မြိုင်သည် မိမိ၏အတိတ်ဘဝနှင့် ကမ္ဘာတို့ကို မေ့ပျောက်ခြင်း ပြုနိုင်ရန် ကြိုးစားရသည်။ ပင်ပင်ပန်းပန်း ကြိုးစားရသည်။ ထိုအလုပ်သည် သက်သာသော အလုပ်တော့ ကား မဟုတ်ပေ။

မည်ကဲ့သို့သော ပြစ်မှုကို ကျူးလွန်ခဲ့သည် ဖြစ်စေကာမူလည်း မိမိအား ခွင့်လွှတ်ပါသည်။ လာခေါ်ပါရစေဆိုသော လင်၏ရင်ခွင်အတွင်းသို့ မြိုင်သည် ပြေးဝင်လိုလှပါလျက် ကျောခိုင်းနေခဲ့ရသည်။ ဖအေတစ်ယောက်လုံး သေဆုံးရသော ကာလ၌လည်း မြိုင်သည် သွားရောက်သဂြိုဟ်ခြင်းအမှုကို မပြုဝံ့မပြုရဲလောက်အောင် သိမ်ငယ်ကာ ပုန်းလျှိုးနေခဲ့ရသည်။ မြိုင်၏အဖြစ်သည် မိမိကိုယ်ကိုပင်လျှင် ခွင့်မလွှတ်နိုင်လောက်သော အဖြစ်မျိုး ဖြစ်ခဲ့သည်။

ညံတောဘက်ရှိ ငှားရမ်းနေထိုင်ရသော အိမ်ထဲတွင် ပုန်းအောင်းကုပ်ကပ်နေခဲ့သော မြိုင်သည် ရံဖန်ရံခါ စိတ်ပြေလက်ပျောက် အပြင်သို့ ထွက်ကြည့်ရန် စိတ်ကူးမိသည်။ သူနာပြု ဆရာမက ရုပ်ရှင်ကြည့်ရန်ဖြစ်စေ၊ ပွဲကြည့်ရန်ဖြစ်စေ၊ မကြာခဏမြိုင့်အားလာ၍ ခေါ်တတ်သည်။ ထိုသို့ လာခေါ်သောအခါတိုင်း မြိုင်သည် စိတ်ပြေလက်ပျောက်လိုက် ကြည့်ရန် စိတ်ကူးမိလေသည်။ သို့ရာတွင်မြိုင်၏ စိတ်ကူးသည် လက်တွေ့ ၌ကား မဖြစ်ခဲ့ပေ။ မြိုင်သည် မိမိနေထိုင်သော အိမ်အတွင်းမှ အိမ်အပြင်သို့ ထွက်ရန်ပင် လိပ်ပြာမလုံအောင် ဖြစ်နေသည်။ မိမိ၏ ယခင်အသိဟောင်း ကျွမ်းဟောင်းတစ်ယောက်ယောက်နှင့်များ လမ်းတွင် တွေ့ ရမည်ကို ဘီလူးသဘက် တွေ့ ရမည်ထက် ကြောက်ရွံ့စိုးရိမ်မိသည်။

ယခင်က ပွဲသဘင်နှင့် အခမ်းအနား အဆောင်အယောင်တို့ကို ခုံမင်ခဲ့သော မြိုင်သည် ယခုအခါတွင် ဘာကိုမှ ခုံမင်ခြင်းမရှိတော့၊ ထိုဟာများအားလုံးကို ထိတ်လန့်ကြောက်ရွံ့ လျက် ရှိလေပြီ။

"လိုက်ခဲ့ပါ မခင်သစ်ရဲ့ ကနေ့ည အင်္ဂလိပ်ကားက သိပ်ကောင်းလို့ လာခေါ်တာပါ"

ဟု ကားအသစ်လဲသောအခါတိုင်း အင်္ဂလိပ်ရုပ်ရှင်ကားကို မှန်မှန်ကြည့်တတ်သော သူနာပြု ဆရာမက မြိုင့်အား တမင်တကာ လာခေါ်တတ်သည်။

မြိုင်သည် ၎င်းနာမည်ရင်းကိုပင် ၎င်း၏ ဘဝနှင့်အတူ မြှုပ်နှံခြင်းပြုကာ မခင်သစ် ဆိုသော နာမည်နှင့် နေထိုင်ခဲ့ခြင်း ဖြစ်သည်။ မြိုင့်ကို မြိုင်မှန်း ဘယ်သူ့ကိုမျှ အသိမပေး ခဲ့ချေ။ သူနာပြုဆရာမကအစ အိမ့်ရှင်အဒေါ်ကြီးအထိ မြိုင်သည် ၎င်းကိုယ်ကို မခင်သစ် ဟူသော နာမည်သစ်ဖြင့် ဆက်ဆံခဲ့သည်။

"ကျွန်မ မလိုက်ပါရစေနဲ့ ဆရာမရယ်... ရုပ်ရှင်တွေ ဘာတွေလည်း မကြည့်တတ်လို့ပါ..."

ဟု မြိုင်က သူနာပြုဆရာမ ကျေနပ်အောင် တောင်းပန်ရသည်။

"ဒီလို တစ်သက်လုံး အိမ်ခန်းထဲမှာပဲ အောင်းနေလို့ ဘယ်ဖြစ်မလဲ မခင်သစ်ရဲ့ လာပါ... အညောင်းပြေ လမ်းလည်းလျှောက်ရင်း လိုက်ခဲ့ပါ.."

ဟု သူနာပြုဆရာမက ဇွတ်အတင်း ခေါ်နေပြန်သည်။

"ဘယ်လိုမှ မအောက်မေ့ပါနဲ့ ဆရာမရယ်... ကျွန်မ ရုပ်ရှင်ကြည့်လေ့ကြည့်ထ မရှိလို့ တောင်းပန်နေတာပါ..."

"မခင်သစ်ကမှ မလိုက်ချင်ရင်တော့လည်း ဘယ်တတ်နိုင်ပါ့မလဲလေ... ဪ. ဒါထက် မခင်သစ်မှာ ငွေနည်းနည်းပါးပါး လွယ်သေးရင် ကျွန်မကို တစ်ဆယ်လောက်တော့ ချေးလိုက်ပါဦး... လခ ထုတ်တော့မှပဲ ပြန်ပေးပါရစေ..."

ဟု သူနာပြုဆရာမက သူ၏ ထုံးစံအတိုင်း မကြာခဏ ငွေချေးလေ့ရှိသည်။

မြိုင်သည် တစ်ဖက်သားကို အင်မတန်အားနာတတ်သည်။ ထို့ကြောင့် ငွေ တစ်ဆယ်လောက်ကို သူနာပြုဆရာမ လာပြောသောအခါတိုင်း ထုတ်၍ ထုတ်၍ ပေးလိုက် တတ်သည်။ သို့ရာတွင် လများသာ တစ်လပြီးတစ်လကုန်၍ သွားသည်။ သူနာပြု ဆရာမ ထံမှငွေကိုကား ပြန်ရသည်မရှိခဲ့။ သူနာပြုဆရာမက ပြန်မဆပ်သည့်အတွက် မြိုင်ကလည်း

ပြန်တောင်းသည်မရှိ၊ နောက်ထပ်၍ လာချေးသောအခါလည်း လွယ်လင့်တကူပင် ထုတ်၍ ပေးလိုက်တတ်သည်။

သူနာပြု ဆရာမတစ်ဦးတည်းသာလျှင် မဟုတ်သေး၊ မြိုင် ငှားရမ်းနေထိုင်သော အိမ်ရှင်အဒေါ်ကြီးကလည်း မြိုင့်ထံတွင် ရှိမှန်းလည်း သိ၍ လွယ်လင့်တကူ ပေးတတ် ကမ်းတတ်သော သဘောရှိမှန်းလည်း သိသဖြင့် ခဏတဖြုတ်လောက် လှည့်ပါဆိုကာ မကြာခဏ ချေးငှားတတ်သည်။

"ဒေါ်ဒေါ့်မှာ ဒီလ ငွေကျပ်နေလို့ အစိတ်လောက် လှည့်ပေးထားပါဦး မခင်သစ် ရယ်... နောက်တော့မှလည်း မခင်သစ်အိမ်လခထဲက နှိမ်ယူတာပေါ့"

ဟု အိမ်ရှင်အဒေါ်ကြီးက ပြောလာသောအခါ မြိုင်သည် လက်စွပ်ရောင်းထား၍ ကျန်နေတတ်သေးသော ငွေကလေးများထဲမှ ထုတ်၍ ပေးလိုက်တတ်သည်။ ဤကဲ့သို့ သူနာပြုဆရာမနှင့် အိမ်ရှင် ဒေါ်ကြီးတို့က တစ်ယောက်တစ်လှည့်စီ နုတ်ယူကြသဖြင့် ညံတောဘက်ရှိ အဒေါ်ကြီး အိမ်သို့ ပြောင်းရွှေ့လာခဲ့ပြီးနောက် သုံးလခန့်အကြာတွင် မြိုင်၏လက်ကျန်ငွေကလေးများသည် တစ်စထက်တစ်စ လုံးပါးပါး၍ ကုန်ခန်းသွားလေသည်။

ဤသို့ဖြင့် အိမ်ရှင်အဒေါ်ကြီးက မြိုင့်အား ၎င်းတွင် အရေးတကြီး ငွေလိုနေ၍ နောက်ထပ် သုံးလခစာလောက် ပေးထားရန် ပြောဆိုလာပြန်သည်။ သို့ရာတွင် မြိုင့်ထံတွင် ငွေမရှိတော့ပေ။ မြိုင်သည် ထိုအဒေါ်ကြီးအိမ်ကိုသာ မှီခိုအားထား၍ နေရသဖြင့် ထိုငွေ ကို တစ်နည်းနည်းနှင့်ပေးမှ အေးတော့မည့်အခြေကို နားလည်ပေသည်။ ထို့ကြောင့် မိမိ လက်ထဲတွင် ကျစ်ကျစ်ပါအောင် ထုပ်ထားသော မိခင်လုပ်သူ၏ပစ္စည်းကလေးများထဲမှ လက်ကောက်တစ်ဖက်ကို ထုခွဲရောင်းချရန် စဉ်းစားခြင်းပြုရလေသည်။ ဤတစ်ကြိမ် လက်ကောက်ကိုထုခွဲရာ၌ သူနာပြုဆရာမနှင့် အိမ်ရှင်အဒေါ်ကြီးများ မသိအောင် မိမိ ဘာသာ တစ်ယောက်တည်း ပိပိရိရိ ပြုလုပ်ရမည့်အကြောင်းကိုလည်း စဉ်းစားလာရ လေသည်။

ဤကဲ့သို့ လက်ကောက်တစ်ဖက်ကို ထုခွဲရောင်းချခြင်းပြုရန် စဉ်းစားချိန်ဆနေရ သည့်အတွင်း အိမ်ရှင်အဒေါ်ကြီးက နေ့တပူပူ ညတဆူဆူ

တောင်းလာသည့်အတွက် မြိုင်သည် စိတ်ညစ်ညူးခြင်း ဖြစ်ရပြန်လေသည်။ ဤကဲ့သို့ စိတ်ညစ်ညူးလိုက်ရခြင်းအားဖြင့် လူ့သဘာဝနှင့် လူ့လောက၏ ဆက်ဆံရေးတို့ကို မြိုင်အတွက် ပိုမိုနားလည်စေရန် အကြောင်းများဖြစ်လာပေသည်။ မြိုင်သည် ၎င်း၏လက်ကောက်တစ်ဖက်ကို ထုခွဲရောင်းချ ခြင်းပြုရန် စဉ်းစားချိန်ဆနေသည့် လေးငါးရက်အတွင်း အိမ်ရှင်အဒေါ်ကြီးသည် မြိုင် စိတ်ညစ်ညူးသည်ထက် ညစ်ညူးအောင် အမျိုးမျိုးစောင်းမြောင်းပြောဆိုခြင်းနှင့် လုပ်ကိုင် ခြင်းများ ပြုလာသဖြင့် မြိုင်သည် စဉ်းစားနေ၍ မဖြစ်တော့ဘဲ လုပ်ကိုင်ရရှိသော အလုပ်ကို ခပ်သွက်သွက်လုပ်ကိုင်ရန် ပြင်ဆင်ရလေတော့သည်။

ရှောင်လွှဲ၍ မဖြစ်တော့သည့်အဆုံး၌ မြိုင်သည် ငွေအသာ တစ်ယောက်တည်း အိမ်မှ ထွက်လာခဲ့သည်။ မြိုင်သည် ထုခွဲရောင်းချရန် ပစ္စည်းကို ထည့်ယူလာခဲ့ပြီးနောက် ဘယ်ကလာ၍ ဘယ်ကို သွားကာ ထုခွဲခြင်းပြုရမည်ကို မသိပေ။ ဈေးဘက်သို့ သွား၍
စုံစမ်းလျှင်တော့ ဖြစ်နိုင်လိမ့်မည်ဟူသောအထင်နှင့် မြင်းရထားစီးကာ ဈေးဘက်သို့ ထွက်လာခဲ့လေသည်။

ဈေးသို့ရောက်ပြန်သောအခါ၌လည်း မြိုင်သည် ဘယ်ကလာ၍ ဘယ်ကို သွားရမှန်း မသိပေ။ ရွှေဆိုင်များ ဘယ်ဘက်တွင်ရှိ၍ မိမိပစ္စည်းသည် အဘယ်မျှ တန်ဖိုးရှိသည် ကိုလည်း သိသည်မဟုတ်ပေ။

မြိုင်သည် ရွှေဆိုင်များဘယ်ဘက်တွင်ရှိသည်ကို စုံစမ်းမေးမြန်းခြင်းပြုရန် လမ်းသွား လမ်းလာများကို အကဲခတ်ကြည့်ရှုနေသည့်အခိုက်…

"မမမြိုင်"

ဟူသောခေါ်သံကို မိမိ၏ ကျောနောက်နားမှ ကပ်၍ ကြားလိုက်ရသဖြင့် တစ်ကိုယ်လုံး တုန်လှုပ်ချောက်ချားသွား လေသည်။

"မမမြိုင်…"

ဟူ၍ မိမိအား ခေါ်ဝေါ်လိုက်သော အသံကို မြိုင်သည် ရင်းရင်း နှီးနှီး မှတ်မိလိုက်သည်။ သို့ရာတွင် ဘယ်သူမှန်းကိုကား ဝေခွဲ၍ မရပေ။ ၎င်းအပြင် ထိုအသံရှင်ကို လှည့်ကြည့်ကာ မျက်နှာချင်းဆိုင်ရမည့်အရေးကိုလည်း များစွာကြောက် ရွံ့ထိတ်လန့်လျက် ရှိနေသည်။

"ဟုတ်ပါတယ် မမမြိုင်ပါ"

ဟူ၍ နောက်မှ အသံကို ကြားလိုက်ရပြန်သောအခါ မြိုင်သည် မျက်နှာချင်း မဆိုင်လျှင် မဖြစ်တော့၍ ရဲဆေးတင်ကာ လှည့်ကြည့်လိုက်ရသည်။

"ဟင် မယ်အေးပါလား…"

မြိုင်သည် ခြောက်လသားကလေးငယ်တစ်ယောက်ကို ပွေ့ချီကာ မိမိအား ဝမ်းသာအားရကြည့်ရှုနေသော မယ်အေးကို လုံးဝမမျှော်လင့်ဘဲ တွေ့လိုက်ရသည်။ မယ်အေးသည် ရွှေတောင်ကြားအိမ်မှ ထွက်သွားပြီးနောက် မည်သည့်အချိန်က လင်သားရကာ ကလေးပင် မွေး၍ ယခုတစ်ဖန် ဤအရပ်ဒေသသို့အဘယ်နည်းဖြင့် ရောက်ရှိနေရသနည်း။ မြိုင့်အဖို့ အဘယ်သို့မျှ ဆက်စပ်စဉ်းစားမရအောင် ဖြစ်နေသည်။

"ဒါ… ညည်းကလေးလား… ဟင်… မယ်အေး…"

ဟု မြိုင်သည် ရုတ်တရက် မေးမြန်းလိုက်မိသည်။

"ကျွန်မသားလေ ခြောက်လတောင် ပြည့်တော့မယ်"

ဟု မယ်အေးက ကြွားကြွားဝင့်ဝင့် ပြန်ပြောလေသည်။

"ဒါထက် ညည်းက ဒီကို ဘယ်လိုရောက်လာပြီး ညည်းယောက်ျားကကော ဘာလုပ်သတဲ့လဲ…"

"ကျွန်မ ယောက်ျားက တပ်မတော်က ရဲဘော်လေ၊ အခု မေမြို့ကို ကျွန်မတို့ ပြောင်းလာရတာပဲ ခြောက်လလောက်တောင် ရှိသွားပြီ…"

"ဒါဖြင့် ညည်းတို့လင်မယားနေတော့ ဘယ်မှာနေကြသလဲဟင်…"

"စစ်တပ်က ပေးထားတဲ့ တန်းလျားမှာ နေရတယ် မမမြိုင်ရဲ့… ဒါပေမဲ့ ကျွန်မ ယောက်ျား လွန်ခဲ့တဲ့ တစ်လလောက်ကတည်း တိုက်ပွဲထွက်သွားရတယ်… ဒါကြောင့် ကျွန်မတို့ သားအမိနှစ်ယောက်ပဲ အိမ်မှာ ရှိတယ်…"

"ဒါထက် ညည်း ဘယ်တုန်းကများ ယောက်ျားရလိုက်တာလဲဟင် မယ်အေး"

"မမမြိုင်တို့အိမ်က ရွာကို ပြန်လာခဲ့ပြီး တစ်လလောက်အကြာမှာ ရတာပါပဲ… သူက ရဲဘော်ဆိုတော့ ကျွန်မတို့ရွာမှာ ရှိတဲ့ သူပုန်တွေကို လာတိုက်ရင်း တိုက်ပွဲမှာ ကျွန်မတို့ အဘကလည်း သေနတ်မှန်ပြီး ဆုံးလို့ အားကိုးရာမဲ့နေတုန်း ဖမ်းဆွဲလိုက်ရတာပဲ ဆိုပါတော့ မမမြိုင်ရယ်…"

"ငါ့အကြောင်းနဲ့ ညည်းအကြောင်းတွေတော့ နောက်မှပဲ အေးဆေးပြောကြသေး တာပေါ့ကွယ်.. ဒါထက် ရွှေဆိုင်တွေ ဘယ်နားမှာ ရှိသလဲဆိုတာ ညည်းသိရင် ငါ့ကို လိုက်ပြစမ်းပါဦး..."

ဟု မြိုင်က ၎င်း၏အရေးတကြီးကိစ္စအတွက် တစ်ကြိမ်က အိမ်တွင်တောက်တိုမည်ရ ခိုင်းစေထားခဲ့သော မယ်အေးအား ဆရာတင်၍ အကူအညီတောင်းရင်း တပည့်ခံရလေသည်။

"မမမြိုင်က ရွှေဝယ်မလို့လား ဟင်"

ဟု မယ်အေးက ရွှေဆိုင်ရှိရာသို့ တန်းတန်း မတ်မတ် မခေါ်သွားဘဲ ထပ်၍ မေးလိုက်ပြန်သည်။

"ရွှေဝယ်မလို့ မဟုတ်ပါဘူးအေ... ငါ့ပစ္စည်းတစ်ခု ရောင်းချမလို့ပါ"

"ရွှေရိုးရိုးလောက် ရောင်းချင်ရင်တော့ ရွှေဆိုင်ထဲ သွားရမှာပေါ့လေ.. ဒါပေမဲ့ ကျောက်တွေ ဘာတွေ ပါနေရင် ရွှေဆိုင်သွားရောင်းလို့ ဈေးရမှာတော့ မဟုတ်ဘူး..."

"စိန် ဆိုရင်ကော ဘယ်မှာ ရောင်းရသတဲ့လဲဟင် မယ်အေး ညည်းသိသလား"

"တစ်လောက ကျွန်မတို့ ဗိုလ်ကတော်တစ်ယောက် စိန်လက်ကောက်တစ်ရန် သွားရောင်းတာ အဖော်လိုက်သွားခဲ့ရလို့ ကျွန်မ စိန်ရောင်းတဲ့ ဝယ်တဲ့ ဘာဘူအိမ်ကို သိတယ် မမမြိုင်ရဲ့..."

"အေးး ဒါဖြင့် ညည်းသိရင်လည်း ငါ့ကို လိုက်ပြစမ်းပါဦးကွ.."

ဟုသာ ပြောကာ မြိုင်သည် မယ်အေးတို့ သားအမိနှင့်အတူ စိန်အရောင်းအဝယ်များ ပြုလုပ်သော ဘာဘူ ကုလားတိုက်သို့ လိုက်ပါသွားရလေသည်။ အကယ်၍ မယ်အေးတစ်ယောက်နှင့်သာ မတွေ့ခဲ့လျှင် မြိုင်သည် ၎င်း၏ပစ္စည်းအား ထုခွဲရောင်းချဖို့အရေးအတွက် အဘယ်ကဲ့သို့ အခက်အခဲများ တွေ့ရဦးမည်ကို မသိပေ။

မယ်အေး၏ ရှေ့ဆောင် လမ်းပြမှုဖြင့်မြိုင်သည်

၎င်း၏စိန်လက်ကောက်တစ်ကွင်းကို ငွေထောင့်နှစ်ရာနှင့် ထုခွဲနိုင်ခဲ့လေသည်။ ပစ္စည်းအတွက် ငွေရရှိပြီးနောက် မယ်အေးကို ၎င်းနှင့် တစ်ပါးတည်း ညံတောအိမ်သို့ ခေါ်ဆောင်လာခဲ့ပြီးလျှင် ညံတောအိမ်သို့ ရောက်သောအခါ အိမ်ရှင်အဒေါ်ကြီးအား ပေးစရာရှိသောငွေကို ပေးခဲ့ပြီးနောက် မယ်အေး နှင့် အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် စကားပြောဆိုလိုသေးသဖြင့် မယ်အေးနှင့် အတူပင် ၎င်းတို့နေသော စစ်တန်းလျားသို့ လိုက်ပါသွားလေသည်။

မယ်အေးတို့ လင်မယားသားအမိနေထိုင်ကြသော စစ်တန်းလျားသို့ ရောက်သောအခါ မယ်အေးသည် ၎င်း၏သားငယ်ကို သိပ်ပြီးနောက် မြိုင် မေမြို့သို့ မည်သည့်ကိစ္စနှင့် ရောက်ရှိနေသည့်အကြောင်းကို မေးမြန်းလိုက်သဖြင့် မြိုင်သည် လှည့်ပတ်၍ ဖွင့်ပြောရ ကောင်းနိုးနိုးနှင့် ရုတ်တရက်ဝေခွဲ၍ မရအောင် ဖြစ်နေသည်။

“မမမြိုင်ကို ကြည့်ရကာ ဟိုအရင်ကနဲ့ မတူဘူး။ တစ်မျိုးကြီးပဲ…”

ဟု မယ်အေးက ပြောဆိုလိုက်သည်။

“ဘယ်လို တစ်မျိုးကြီးလဲ အေ့…”

ဟု မြိုင်ကပင် မယ်အေးကို ပြန်၍ မေးယူ ရသည်။

“မမမြိုင် အခု အိမ်ထောင်ကျသွားပြီးလား ဟင်”

ဟု မယ်အေးက မေးခွန်းသစ်ကို ရုတ်ခနဲ မေးလိုက်ပြန်သဖြင့်…

“အေး ငါ့ယောကျ်ားနဲ့ စိတ်ဆိုးလို့ စိတ်ပြေလက်ပျောက် ငါထွက်လာခဲ့တာပါကွယ်”

ဟု မြိုင်က ၎င်း၏အဖြစ်ကို တစ်ဝက်လိမ်၍ တစ်ဝက်ကိုကား အမှန်အတိုင်း ပြောဆိုလိုက်သည်။

“ကိုသက်တင်နဲ့ မမမြိုင် ဘယ်တော့မှ တည့်မှာ မဟုတ်ဘူးဆိုတာ ကျွန်မ အရင်တုန်းကတည်းက သိပြီးသားပါ မမမြိုင်ရဲ့..”

ဟု ယခင်က ကိုသက်တင်နာမည်ကို ခဲခဲယဉ်းယဉ်း ခေါ်ဝေါ်ရသော

မယ်အေးက သွက်သွက်လက်လက်နဲ့ လွတ်ခနဲ ပြောချလိုက်နိုင်သည့်အတွက် မြိုင်သည် ကျောမျှားပင် စိမ့်၍ လာသည်။

"ငါ့ ယောက်ျား ကိုသက်တင်လို့ ညည်းဘယ်လို သိသလဲဟင်... မယ်အေး"

"ဟိုတုန်းက ဒီလူကြီးက မမမြိုင်ကို နောက်ပိုးပြီး အိမ်ကိုလာလာ နေတာပဲ မဟုတ်လား၊ သူမဟုတ်ရင် တခြားဘယ်သူရှိဦးမလဲ မမမြိုင်ရဲ့"

"ကိုသက်တင်ဟာ မမမြိုင် ယောက်ျားမဟုတ်ပါဘူးကွယ်... မမမြိုင် ယောက်ျားကို ပြောပြနေလို့လည်း ညည်းသိမှာ မဟုတ်လို့ ပြောမနေပါရစေနဲ့တော့..."

"ကိုယ့် ယောက်ျားနဲ့ စိတ်ဆိုးတာလောက်နဲ့ မမမြိုင် ခုလို တစ်မြို့တစ်ရွာကို ထွက်လာတာတော့ မကောင်းဘူး ထင်တယ်..."

"ဒါတွေ ပြောနေလို့ ညည်းနားလည်မှာ မဟုတ်ပါဘူးကွယ်... ငါ့ကို ဒီအကြောင်းတွေ မေးမနေစမ်းပါနဲ့တော့...."

"လင်နဲ့ စိတ်ဆိုးပြီး ကိုယ် တစ်ယောက်တည်းထွက်လာတာ ကောင်းတဲ့ အလုပ်မှ မဟုတ်ဘဲ မမမြိုင်... ပြီးတော့ မမမြိုင် ယောက်ျားတစ်ယောက်ကကော မမမြိုင် ခုလို ထွက်လာတာကို လိုက်မခေါ်တာများ အံ့ပါရဲ့..."

"ဒါတွေ ပြောမနေပါနဲ့တော့လို့ ဆိုထားပြီးပါပကောလား မယ်အေးရယ် မမမြိုင်ကို ဒီအကြောင်းနဲ့ ပတ်သက်ပြီး နောက်ထပ် ဘာမှ မေးလည်း မမေးနဲ့၊ ပြောလည်း မပြောနဲ့တော့ကွယ်..."

"မမမြိုင် လုပ်နေတာ မဟုတ်သေးပါဘူးလေ ... ဒီလိုနေရင် တစ်နေ့မမမြိုင် ဒုက္ခ တွေ့ နေလိမ့်မယ် "

မယ်အေး ပြောလိုက်သော စကားကားမှန်နေသည်။ မြိုင်သည် ယခုပင် ဒုက္ခရောက် နေရပြီ မဟုတ်လော။

"ဒါထက် ညည်းယောက်ျား တစ်လကို ဘယ်လောက်ရသတဲ့လဲ"

မြိုင်က အကြောင်းအရာသစ်ကို လွှဲပြောင်း၍ မေးလိုက်သည်။

"တစ်လကို ရှစ်ဆယ်လောက်တော့ အိမ်ပြန်ပေးတာပဲ မမမြိုင်... သူဘယ်လောက် ရတယ်ဆိုတာကိုတော့ ကျွန်မလည်း တစ်ခါမှ မေးမကြည့်မိဘူး"

"ညည်းအမေများကကော အခု တောမှာပဲလား ဟင်..."

"တောမှာနေလို့ မဖြစ်တာနဲ့ အမေလည်း ရန်ကုန်ကို ပြေးလာကြပြီး အခုတော့ ဒေါပုံမှာ ဆိုလား... စင်ကာပူမှာ ဆိုလား အသိတစ်ယောက်နဲ့ နေတယ်လို့ ပြောတာပဲ..."

"တောမှာ ဘာပြုလို့ နေမဖြစ်ရတာတဲ့လဲကွဲ့"

မြိုင်သည် တော၌ နေ၍ မဖြစ်ဆိုသော စကားကို ကောင်းစွာ နားမလည်သလိုရှိသောကြောင့် ပြန်၍ မေးကြည့်လိုက်မိသည်။

"တောမှာ ဆူနေတာ မမမြိုင်က မသိလို့ အဆန်း လုပ်ပြီးများ မေးနေရသေးတာလား"

"တောမှာ ဒါလောက် ဆူရအောင်က ဘာဖြစ်နေလို့တဲ့လဲဟင် မယ်အေး"

"ဒီတိုင်းပြည်ကြီးမှာ သူပုန်ထနေတာ မမမြိုင်က မသိတဲ့အတိုင်း ကျနေတာပဲ"

"သူပုန် ထနေတာက ဒါလောက်ပဲ ဆူသတဲ့လားဟင်။ သူပုန်ဆိုတာတွေက ကွန်မြူနစ်ဆိုတာတွေပဲ မဟုတ်လား"

"ကွန်မြူနစ်တွေချည်း မဟုတ်သေးဘူး မမမြိုင်ရဲ့၊ ရဲဘော်တို့ အလံနီတို့ဆိုတာတွေလည်း ပါတယ်၊ နောက်ပြီးတော့ ကော်သူလေးတို့ မွန်တပ်ဦးတို့ ဆိုတာတွေလည်း ရှိသေးတယ်..."

"ဟဲ့... သူပုန်တွေကလည်း များပဲများလှပါကလား..."

"ဒါကြောင့် တိုင်းပြည်ကြီး ကနေ့ထိ မအေးနိုင်သေးဘဲ ဆူဆူပူပူ

ဖြစ်နေတာပေါ့...."

"ဒီလိုဆိုရင် ဒီတိုင်းပြည်ကြီး ဘယ်တော့အေးတော့မှာတဲ့လဲကွယ်..."

"မြို့ပေါ်က လူတွေထက် တောက လူတွေက တိုင်းပြည်ကြီး အေးချမ်းစေချင်တော့မှာပေါ့ မမမြိုင်... ရွာတွေဆိုတာကတော့ စစ်တလင်းဖြစ်လို့ ကြေလုပါပကောလား... တချို့ ရွာတွေဆိုရင် ရွာဆိုးကုန်းဖြစ်ကုန်ကြလို့ လယ်တွေလည်း ဖုန်းဆိုးဖြစ်ကုန်ကြပါပကော.."

"တောရွာတွေမှာ လူတွေ ဒါလောက် ဒုက္ခဖြစ်နေကြသတဲ့လား..."

မြို့ပေါ်မှာ မော်တော်ကားစီးနေတဲ့ လူတွေကတော့ တောက လယ်သမားဆင်းရဲ သားတွေ ဘယ်လောက် ဒုက္ခဖြစ်နေကြတယ်ဆိုတာကို ပြောပြလို့လည်း ဘယ်လိုနားလည်နိုင်ပါ့မလဲ မမမြိုင်..."

မြိုင်သည် မယ်အေးထံမှ တော၏ဒုက္ခများကို ကြားနာရစဉ်၊ ပုဒ်မငါးနှင့် ရန်ကုန် ထောင်ကြီးထဲတွင် အဖမ်းခံနေရသော ကိုတင်ဦးကို ပြေး၍ သတိရမိသည်။

"ရန်ကုန်မြို့မှာ မှန်ကားကြီးတွေ စီးပြီး သက်တော်စောင့်တွေနဲ့ ပန်ကာအောက်မှာ အိုက်စကရင် စားနေနိုင်တဲ့ လူတွေကတော့ တောက နောက်ပိတ် ခွေးတွေက ပေးပါ ပေးပါလို့ တစာစာ တောင်းဆိုနေကြတဲ့ ငြိမ်းချမ်းရေးအသံကို ဘယ်ကြားချင်ပါ့မလဲ မြိုင်... ဒီလို သူတို့ မှန်ကားကြီးတွေ နိုင်ငံခြားတိုင်းပြည်တွေက သုံးလေးငါးသောင်း ပေးပြီး ဝယ်စီးနိုင်အောင် ကျည်ဆန်တွေအကြားထဲ ရှာပေးရတဲ့ လယ်သမားတွေကိုတော့ သနားသင့်လှပါပြီ"

ကိုတင်ဦးသည် မြိုင့်အား ၎င်းလုပ်ကိုင်နေသော ငြိမ်းချမ်းရေးလုပ်ငန်း အကြောင်းနှင့် ပတ်သက်၍ တစ်ရံတစ်ခါက ရှင်းလင်းပြောပြခဲ့ဖူး၏။ ထိုစဉ်ကသာ မြိုင်သည် နားမလည်ခဲ့သေးခြင်းဖြစ်သည်။

"တိုင်းပြည်ကြီးသာ ငြိမ်းချမ်းရေး ရပြီး မြန်မာတွေ အားလုံး ညီညီညွတ်ညွတ်နဲ့ လုပ်ကြကိုင်ကြရရင် သုံးလေးနှစ်အတွင်း တိုးတက်လာမှာပေါ့မြိုင်.."

ဟုလည်း ကိုတင်ဦး က ပြောပြခဲ့သည်။ တိုင်းပြည်ကြီးငြိမ်းချမ်းရေး

သာယာသော ကိစ္စကိုလည်းကောင်း၊ တိုင်းပြည်ကြီး တိုးတက်စည်ပင်သော ကိစ္စကိုလည်းကောင်း၊ မြိုင်သည် ထိုစဉ်က ဘာမျှလည်း နားမလည်၊ စိတ်ဝင်စားခြင်းလည်း မရှိခဲ့ပေ။

"လေးငါးရက်လောက်ကပဲ ကျွန်မတို့ တန်းလျားက မိန်းမသုံးယောက် မုဆိုးမ ဖြစ်သွားခဲ့ကြပြီ မမမြိုင်ရဲ့"

ဟု မယ်အေးက ဆက်လက်ပြောဆိုလိုက်ပြန်သည်။

မယ်အေး၏စကားကို မြိုင်သည် နားရှိ၍သာ ကြားနေရသော်လည်း တကြိမ်က ၎င်း ယောကျ်ားလုပ်ကိုင်ခဲ့သော မွန်မြတ်လှသည့် လုပ်ငန်းများ အကြောင်းကို ယခုမှ တဖြည်းဖြည်းသဘောပေါက်ကာ လွမ်းဆွတ်တသနေမိသည်။

"ကျွန်မယောကျ်ားလည်း တိုက်ပွဲထွက်ထွက်နေရလို့ ညအိပ်ရာဝင်တိုင်း ဘုရားမှာ ဆုတောင်းရတယ် မမမြိုင်... စစ်တိုက်ထွက်တယ်ဆိုတာ သူမသေရင် ကိုယ်သေရတဲ့ အလုပ်မျိုးပဲ မဟုတ်လား... ကျွန်မတော့ သူ့ကိုလည်း မသေစေချင်သလို ကိုယ့်လင်လည်း မသေစေချင်ဘူး..."

မြိုင်သည် ငိုင်၍ နားထောင်နေသည်။

"လူတစ်ယောက်နဲ့တစ်ယောက် သတ်ကြဖြတ်ကြတယ်ဆိုတဲ့ အလုပ်က လူယဉ်ကျေးတွေရဲ့ အလုပ်မဟုတ်ဘူးမြိုင်ရဲ့၊ အင်မတန်ရိုင်းစိုင်းကြမ်းကြုတ်တဲ့ တိရစ္ဆာန်များသာ လုပ်လေ့ရှိတဲ့အလုပ်ပဲ"

တစ်ကြိမ်က ကိုတင်ဦးပြောဆိုခဲ့ဖူးသော စကားများကို မြိုင်သည် ပြန်လည်ကြားယောင်ကာ လွမ်းဆွတ်နေမိသည်။ သို့ရာတွင် ထိုသူကို မြိုင်သည် ရက်ရက် စက်စက် စွန့်ပစ်ထားခဲ့ပြီးနောက် အခြားလူတစ်ယောက်နှင့် ထွက်ပြေးလာခဲ့ပြီးပြီ မဟုတ်လော။ ဤကဲ့သို့ စဉ်းစားလိုက်မိသောအခါ မြိုင်သည် ၎င်းကိုယ်ကိုခွင့်မလွှတ်နိုင်လောက်အောင် အသည်းနာမိသည်။ သို့ရာတွင် နောင်တဆိုသည်မှာ နောင်မှပင် ရတတ်ကြသည် မဟုတ်လော။

မယ်အေးတို့ စစ်တန်းလျားမှ ညံ့တောအိမ်သို့ပြန်လာသောအခါ လမ်းတစ်လျှောက်လုံး၌ မြိုင်သည် ကိုတင်ဦးအကြောင်းကိုသာ

စဉ်းစားလာမိသည်။ သို့ရာတွင် ထိုလူတစ်ယောက်အကြောင်းကို စဉ်းစား၍ မဖြစ်နိုင်တော့သော မိမိဘဝကိုလည်း မြိုင်သည် မေ့လျော့ခြင်း မရှိပေ။

"မြိုင် သိပ်မှားခဲ့တာပဲ ကိုတင်ဦးရယ်..."

ဟု ဝမ်းထဲမှ တောင်းပန်ခြင်းပြုမိသည်။ သို့ရာတွင် အကျဉ်းထောင်ထဲမှ လူကတော့ မြိုင်၏နောင်တရသံကို မသိနိုင်၊ မကြားနိုင်တော့ပေ။

အခန်း [၃၀]

(က)

လက်စွပ်တစ်ကွင်းကုန်၍ လက်ကောက်တစ်ဖက်ကို ထုခွဲရောင်းချလိုက်ရပြီးနောက် လက်ထဲတွင်ရှိသော ပိုက်ဆံကလေးများ တတိတတိနှင့် ကုန်လိုက်လာသောအခါ မြိုင်သည် မိမိ၏ရှေ့ရေးကို လေးလေးနက်နက် စဉ်းစားခြင်း ပြုလာရပြန်လေသည်။ မြိုင်သည် မိမိ၌ရှိနေသေးသော ပစ္စည်းကလေးများကို ဤကဲ့သို့ ထုခွဲရောင်းချစားသောက်၍ တစ်သက်လုံး နေထိုင်သွားလို့ဖြစ်ပါမည်လော။ ဤကဲ့သို့ လက်ထဲတွင်ရှိသော ပစ္စည်းကလေးများ ထုခွဲရောင်းချ စားသောက်ရင်းနှင့် ကုန်ခန်းသွားသော တစ်နေ့တွင် အဘယ်ကဲ့သို့ နေထိုင် စားသောက်ခြင်း ပြုပါမည်နည်း။

ဤလောက၌ တစ်စုံတစ်ရာ လုပ်ကိုင်ခြင်းမပြုဘဲ နေထိုင်စားသောက်၍ မဖြစ်နိုင်ကြောင်းကို မြိုင်သည် လေးလေးနက်နက် စဉ်းစားမိစပြုလာသည်။ ယခင်က ဖခင်လုပ်သူ၏ အိမ်၌ထမင်းစားပွဲဝိုင်းတွင် ထိုင်မိတော့မှ လက်ဆေးကာ အဆင်သင့် စားသောက်ခဲ့ ရသည်။ လင့်အိမ်တွင် နေထိုင်ခဲ့ရစဉ်ကလည်း လင်လုပ်သူက သူ့ဟာနှင့်သူ ရှာဖွေပေးခဲ့၍ မြိုင်က ချက်ပြုတ်ရုံမျှ ချက်ပြုတ်ကာ စားသောက်နေထိုင်ခဲ့ရသည်။ ယခုတော့မူ မြိုင်၏ ဘဝသည် ဤကဲ့သို့ကား မဟုတ်တော့ပေ။ ကိုယ့်ဝမ်းအတွက် ကိုယ့်ဘာသာပင် ရှာကြံ ရတော့မည့်အရေးကို နားလည်လာခဲ့ပေပြီ။

ဤကဲ့သို့ မိမိ၏ရှေ့နေရေး ထိုင်ရေးကိစ္စများကို တွေးတောစဉ်းစားရင်း မည်သည့် အရပ်ဒေသတွင် မည်သည့်အလုပ်အကိုင်ကို လုပ်ကိုင်စားသောက်ရမည့် အရေးကိုပါ ထည့်သွင်းစဉ်းစားလာရသည်။ မြိုင်သည် ဤမေမြို့တွင် အဘယ်သို့နေထိုင်၍ လုပ်ကိုင် စားသောက်ရမည်နည်း။ တစ်သက်လုံးက ဘာမျှမလုပ်ဖူး မကိုင်ခဲ့ဖူးသော မြိုင့်အတွက် အစစအရာရာ အသစ်ချည်းဖြစ်နေသော မေမြို့ကဲ့သို့အရပ်တွင် မည်သည့်အလုပ်အကိုင် ကို လုပ်ကိုင်ခြင်း ပြုရမည်နည်း။ အလုပ်မလုပ်ဖူးသော မြိုင်သည်တစ်ခုခု လုပ်ကိုင်ရမည့် အရေးကို ထိတ်လန့်ကြောက်ရွံ့နေသည်။

"အလုပ်မလုပ်ဘဲ သူတစ်ပါးရဲ့ လုပ်စာကို ခေါင်းပုံဖြတ်စား၊

အညွန့်ခူးစားနေတဲ့ လူတွေလောက် ရိုင်းစိုင်းတဲ့လူဟာ ကမ္ဘာမြေကြီးမှာ မရှိတော့ဘူး၊ ဒီကမ္ဘာပေါ်မှာ အယဉ်ကျေးဆုံး လူတွေကို ပြစမ်းပါဆိုရင် ဆပ်ပြာမွှေးနဲ့ ရေချိုးပြီး ကတ်တီကူရီပေါင်ဒါလိမ်း ထားတဲ့ လူတွေကို လက်ညှိုးထိုးပြရင် မှားလိမ့်မယ်... ဒီလူတွေဟာ တကယ်ဆိုတော့ တကယ်သန့်ရှင်းပြီး တကယ်ယဉ်ကျေးတာ မဟုတ်ဘူး မြိုင်... ရေဆေးပြီး ဆေးရောင် ခြယ်ထားကြတဲ့ လူတွေသာ ဖြစ်တယ်၊ တကယ်ယဉ်ကျေးပြီး သန့်ရှင်းတဲ့ လူတွေက လူ့လောကကြီးစည်ပင် တိုးတက်လာအောင်၊ သာယာဝပြောလာအောင်၊ ကုန်းလုပ်ပေးနေ ကြတဲ့ အလုပ်သမားတွေပေါ့ မြိုင်ရဲ့... အလုပ်သမားတွေဟာ အင်နဲ့အားမမျှတဲ့ အလုပ်တွေကို ကုန်းပြီးလုပ်ကိုင်နေကြလို့ ချွေးတွေသံတွေနဲ့ နံစော်ချင် နံစော်နေလိမ့်မယ်... ပင်ပင်ပန်းပန်း လုပ်ကိုင်နေရသလောက် ဝအောင်မစားရလို့ ကြမ်းကြမ်းတမ်းတမ်း ဆဲချင် ဆဲဆိုချင်ဆိုလိမ့်မယ်... ဒါပေမဲ့ ဒီအလုပ်သမားတွေလောက် လူ့လောကကို အကျိုးပြု တဲ့ လူသားတွေ ဘယ်မှာများရှိဦးမလဲ၊ မြိုင်တွေ့ ထားတာများရှိရင် ကိုတင်ဦးကို လိုက်ပြစမ်းပါ..."

ငင်း၏အပေါင်းအသင်းနှင့် မိတ်ဆွေများဖြစ်ကြသော အလုပ်သမားများကို အထင်သေး အမြင်သေး ပြောဆိုဆက်ဆံလေ့ရှိခဲ့သော မြိုင့်အား ငင်း၏မိတ်ဆွေများဘက်မှ ခုခံကာကွယ်၍ ပြောဆိုခဲ့ဖူးသော ကိုတင်ဦး၏ စကားများကို မြိုင်သည် ပြန်လည် ကြားယောင်လာမိသည်။ ထိုစဉ်က လုပ်အား၏စွမ်းပကားနှင့် မွန်မြတ်ခြင်းရှိလှပုံကို မြိုင်သည် နားမလည်သေးပေ။ ချေ့ခန်းလယ်၌ သွားမပေါ်အောင် လှလှပပပြုံးပြတတ်သူများလောက် ကိုသာ မြိုင်က လူယဉ်ကျေးတွေဟု နားလည်ထားခဲ့သည်။

"အလုပ်မလုပ်တဲ့လူကို အစားမကျွေးဘဲ ထားဖို့ကောင်းတယ်... ကိုယ်က ဘာမှ မလုပ်ဘဲမကိုင်ဘဲ သူတစ်ပါးရဲ့ ချွေးနဲ့စာကို မိုက်ကြေးခွဲစားတဲ့ လူတွေလောက် ရွံစရာ ကောင်းတဲ့ သတ္တဝါတွေဟာ ဒီလောကမှာ ရှိဦးပါဦးမလား မြိုင်ရယ်..."

ကိုတင်ဦး၏စကားများကို ထိုစဉ်က မြိုင်သည် နားလည်းမလည်၍ နားလည်း မဝင်ခဲ့ပေ။ ဒီလူတစ်ယောက် အဓိပ္ပာယ်မရှိသောစကားတွေကို ပြောနေသည်ဟု အမှတ် သညာပြုကာ နှလုံးနာခဲ့မိဖူးသည်။ ယခုတော့မူ မြိုင်သည် လူတစ်ယောက်အဖြစ်နှင့် အသက်ရှင်နေနိုင်ဖို့ အရေးကို လက်တွေ့ ရင်ဆိုင်နေရပြီဖြစ်၍ ထိုနှလုံးနာခဲ့မိသော စကားက လေးများကို

ပြန်လည်လက်ခံစပြုလာသည်။ လောကကြီးဟာ ဒီလိုပါကလားဟုလည်းဝိုးတဝါး နားလည်စပြုလာသည်။

မြိုင်သည် ၎င်း၏ရှေ့ရေးအတွက် တိုင်ပင်စရာဆို၍ ဤမြေမြို့၌ မယ်အေးတစ်ယောက်ကိုသာ စဉ်းစားတွေ့ မြင်မိသည်။ ခြောက်လကျော် ၇ လနီးပါးခန့်မျှ ပေါင်းသင်း လာခဲ့ရပြီဖြစ်သော သူနာပြုဆရာမနှင့် အိမ်ရှင်အဒေါ်ကြီးတို့၏သဘောနှင့်စရိုက်ကိုကား သိရှိစပြုခဲ့လေပြီ။ မိမိအားကိုးရာမဲ့နေသည့်အခိုက် ဤမိန်းမနှစ်ဦးသည် မိမိအား လှည့်ပတ်စားသောက်နေကြသူများအဖြစ်နှင့်လည်း မြိုင်သည် ရိပ်မိစပြုလေပြီ။ ထိုကြောင့် တစ်ရံရောအခါက မိမိတို့အိမ်တွင် ခိုင်းစေထားခဲ့ရသော အစေခံမကလေးတစ်ဦးပင် ဖြစ်စေကာမူလည်း မြိုင်သည် မယ်အေးကို ယခုအခါ၌ မိမိ၏လက်အောက်ငယ်သား တစ်ဦး တစ်ယောက်အနေနှင့် မဟုတ်တော့ဘဲ ညီတူတန်းတူသဘောဖြင့် ပြောင်းလဲဆက်ဆံခြင်း ပြုလာသည်။ မိမိ၌အခက်အခဲ တွေ့လျှင် မယ်အေးကို အားကိုးအားထားပြုကာ သွားရောက်တိုင်ပင်လေ့ ရှိခဲ့ပြီးလျှင် မယ်အေးထံမှရရှိသော အကြံဉာဏ်များကိုလည်း လေးလေး နက်နက် ခံယူလေ့ရှိသည်။

စိန်လက်ကောက်တစ်ရန်ရှိသည့်အနက် တစ်ဖက်ကို ထုခွဲရောင်းချလိုက်ရသော ငွေကလေးများ တစ်စတစ်စနှင့် ကုန်ခန်းသွားသောအခါ၌ကား မြိုင်သည်များစွာ စိတ်ညစ်ညူးလာသည်။ ဤလောက၌ လက်ထဲတွင် ငွေမရှိသောအခါ အဘယ်မျှ စိတ်ညစ်ညူး စရာကောင်းသည်ကို မြိုင်သည်ကောင်းစွာ နားလည်လာခဲ့သည်။ နောက်ထပ်၍ လက်ကောက်တစ်ဖက် ထုခွဲရန်ဖြစ်လာသော မိမိ၏အကျပ်အတည်းကို စဉ်းစားလာရသည်။ မြိုင်သည် မိမိ၏ လက်ဝတ်လက်စားပစ္စည်းများကို စာရင်းလုပ်ကြည့်မိသည်။ ကိုတင်ဦးနှင့် လက်ထပ်ခဲ့စဉ် မိမိဖခင်ပေးလိုက်သော ပစ္စည်းများထဲတွင် လက်စွပ်တစ်ကွင်း၊ လက်ကောက်တစ်ရန်၊ ကြယ်သီးတစ်စုံ၊ နားကပ်တစ်ရန်နှင့် ဘီးတစ်ချောင်းပါသည်။ ယခုမူ လက်စွပ်တစ်ကွင်းနှင့် လက်ကောက်တစ်ဖက်ကား ကုန်ခဲ့လေပြီ၊ လက်ကောက်တစ်ဖက်နှင့် အခြားပစ္စည်းကလေးများသာ ကျန်တော့သည်။ ဝင်ငွေရှိသော အလုပ်အကိုင် ဘာမျှမလုပ်ဘဲနှင့် ဤကဲ့သို့လက်ထဲတွင် ရှိသည့်ပစ္စည်းကလေးများကိုသာ ယခုကဲ့သို့ လွယ်လင့်တကူ ထုခွဲရောင်းချ စားသောက်သွားလျှင် တစ်နေ့ထိုပစ္စည်းများ ကုန်သောအခါ ဘာနှင့်စားသောက်ရမည်နည်း။ မြိုင်သည် မိမိရှေ့ရေးကို မျှော်၍ တွေးရင်း ကြက်သီး မွေးညင်းများပင်

ထလာသည်။

ဤသို့အားဖြင့် ယခုအခါ လက်ကောက်တစ်ဖက်ကို ထုခွဲလိုက်ရသောအခါ ရရှိသော ငွေကလေးကို အရင်းအနှီးပြု၍ တစ်ခုခုလုပ်တော့မှ ဖြစ်မည့်အရေးကို မြိုင်သည် လေးလေးနက်နက် စဉ်းစားလာရခြင်း ဖြစ်လေသည်။ ထိုသို့မှမလုပ်လျှင် မဖြစ်တော့သော မိမိ၏ဘဝကိုလည်း မြိုင်သည် ကောင်းစွာ နားလည်လာလေသည်။

(ခ)

မြိုင်သည် တစ်မနက်တွင် ယခင် လက်ကောက်တစ်ဖက်ကို ထုခွဲခဲ့ရသော ဘာဘူ ဆိုင်တွင် ကျန်လက်ကောက်တစ်ဖက်ကို ထုခွဲခဲ့ပြီးနောက်၊ ထိုထုခွဲရရှိသော ငွေကလေးများနှင့် အလုပ်အကိုင် တစ်ခုခု လုပ်ကိုင်ရန် မယ်အေးနှင့် တိုင်ပင်မည်ဟု စိတ်ကူးကာ မယ်အေးတို့ သားအမိနေထိုင်သော စစ်တန်းလျားသို့ ထွက်လာခဲ့လေသည်။ စစ်တန်းလျားသို့ ရောက်သောအခါ မယ်အေးတို့ နေထိုင်ကြသော အခန်း၌ မယ်အေးတို့သားအမိကို မတွေ့ သဖြင့် အခန်း နီးချင်းများကို မယ်အေးတို့ သားအမိအကြောင်း စုံစမ်းမေးမြန်းကြည့် ရလေသည်။

"စောစောက တပ်ရင်းမှူး ရုံးခန်းက အခေါ်လွှတ်လိုက်လို့ ထွက်သွားတာ မြင်လိုက်မိတာပဲ… ပြန်လာဖို့တော့ နီးပါပြီ…"

ဟု အိမ်နီးချင်းအခန်းမှ ရဲဘော်မယားတစ်ယောက်က ပဲဟင်းချက်နေရာမှ လှမ်း၍ ပြောလိုက်သည်။

"သိပ်များ ကြာနေဦးမလားပဲ…"

ဟု မြိုင်က စုံစမ်းကြည့် မိသည်။

"ဆယ်နာရီခွဲလောက်က လာခေါ်သွားတာပဲ… ခုလောက်ဆိုရင် လာနေပြီ ထင်တယ်… မအေးကိုတွေ့ဖို့ဆိုရင်လည်း ကျွန်မတို့အခန်းကပဲ ထိုင်ပြီး စောင့်နိုင်သားပဲ အစ်မကြီးရဲ့…"

ဟု ပဲဟင်းချက်နေသော ရဲဘော်မယားက ယဉ်ယဉ်ကျေးကျေး ဖိတ်ခေါ်ရင်း တရိုတသေ သိမ်းထားရဟန်ရှိသော သင်ဖျာကလေးတစ်ချပ်ကို ထုတ်၍ ခင်းပေးသည်။

မြိုင်သည် မယ်အေးကို တွေ့မှ ဖြစ်မည့်အရေးကို စဉ်းစားမိသဖြင့် ထိုရဲဘော်မယား ခင်းပေးသော ဖျာပေါ်တွင် ဝင်၍ ထိုင်ရင်း မယ်အေးကို စောင့်ရလေသည်။ မြိုင်က ၎င်း ခင်းပေးသော ဖျာပေါ်သို့ ထိုင်လျှင်ထိုင်ချင်း ရဲဘော်မယားက ပြာကလပ်တစ်ခုတွင် မန္တလေးနဂါးဆေးလိပ်နှစ်လိပ်နှင့် မီးခြစ်ကို ထည့်ယူလာပြီးလျှင်…

"ဆေးလိပ်သောက်ပါဦး အစ်မကြီး…"

ဟု ယဉ်ယဉ်ကျေးကျေး တည်ခင်းဧည့်ခံလေသည်။

"ကျွန်မ ဆေးလိပ် မသောက်တတ်ပါဘူး..."
ဟု ပြန်ပြောရင်း... "

ဘာဟင်းချက်သလဲ ရှင့်"
ဟု မေးလိုက်မိသည်။

"ရဲဘော်သားမယားဆိုတော့ ပဲဟင်းပဲ ချက်စားရတာပေါ့ အစ်မကြီးရယ်.."
ဟု ရဲဘော်မယားက ရိုးရိုးသားသားပင် ပြန်၍ ပြောသည်။

ပဲဟင်းသာ ချက်စားနိုင်ရှာသည်ဆိုသော ရဲဘော်မယားကို မြိုင်သည် သနားသွားသည်။ တိုင်းပြည်၏ဝန်ကို အသက်ပေးထမ်းဆောင်နေရသော ရဲဘော်တစ်ဦး၏ မယားသည် ပဲဟင်းကို အားကိုးပြု၍။ အသက် ဆက်နေရချေသည် တကား....

မြိုင်သည် နောက်ထပ်ဘာမျှ မေးမြန်းပြောဆိုခြင်းမပြုတော့ဘဲ မလှမ်းမကမ်းတွင် စုတ်ပြတ်နေသော မြဝတီမဂ္ဂဇင်းဟောင်းတစ်ခုကို ဆွဲယူကာ မယ်အေး စောင့်ရင်း လှန်လှော ကြည့်ရှုနေမိသည်။

ဧည့်သည်ကို ဖျာခင်း၍ ဆေးလိပ်တည်ထားပေးပြီးနောက် ပဲဟင်းကို ချက်ပြုတ် နေရသော ရဲဘော်မယားသည် ဟင်းအိုးကျလျှင် ကျချင်း ပစ်ထားရသော ဧည့်သည်ကို ဧည့်ခံရန်အတွက် မီးဖိုချောင်ထဲမှ ထွက်လာပြီးလျှင် မြိုင်နှင့် မလှမ်းမကမ်းတွင် ကျုံ့ကျုံ့ကလေးလာ၍ ထိုင်လေသည်။

"ချက်လို့ ပြုတ်လို့ ပြီးသွားကုန်ပြီလား..."
ဟု မြိုင်က မဂ္ဂဇင်းကို ဘေးသို့ ချထားရင်း မေးလိုက်သည်။

"ဟုတ်ကဲ့ထမင်းကတော့ ခပ်စောစောကပဲ ချက်ပြီးသွားပါပြီ၊ ဟင်းအိုးကလည်း ပဲဟင်းတစ်အိုးတည်းမို့ ဒါပါပဲ"
ဟု ရဲဘော်မယားက မြိုင်၏ မေးခွန်းကို ဖြေရင်း...

"အစ်မကြီးက မေမြို့ကပါပဲလား..."

ဟု မေးလိုက်သည်။

"မဟုတ်ပါဘူး"
ဟု ဖြေလိုက်ပြီးကာမှ မြိုင်သည် တစ်စုံတစ်ရာ စဉ်းစားမိသကဲ့သို့...

"တောင်ငူကပါ"
ဟု ပြောဆိုလိုက်သည်။

"ဟင် အစ်မကြီးလည်း တောင်ငူကလား၊ ဘယ်အပိုင်းကလည်း... ကျွန်မတို့လည်း တောင်ငူကပါပဲ"
မြိုင်သည် ၎င်း၏ဖခင် ရာဇဝတ်တရားသူကြီးဘဝနှင့်တုန်းက တောင်ငူတွင် နှစ်နှစ်ခန့် နေခဲ့ဖူးသဖြင့်...

"တိုက်တန်းဘက်ကပါပဲ"
ဟု မရဲတရဲနှင့် ဖြေလိုက်သည်။

"ကျွန်မတို့ကတော့ ဒယ်စုထဲကပါပဲ... ဒါပေမဲ့ ကရင်သူပုန်တွေ ပြန်ထွက်သွားပြီးကတည်းက တောင်ငူကို တစ်ခေါက်မှကို ပြန်မရောက်တော့ပါဘူးလေ..."

"သြော်.. သြော်... သြော်..."

"ကရင်သူပုန်တွေ ဝင်တုန်းက တစ်ဖက်နဲ့ တစ်ဖက် အထင်မှားပြီး သတ်ကြဖြတ်ကြတဲ့အထဲ ကျွန်မအစ်ကိုရော အဖေရော ပါသွားလိုက်ရသေးတယ် အစ်မကြီးရဲ့.. တောင်ငူ အကြောင်းပြောရင် ကျွန်မလည်း ဒီအကြောင်းတွေ အသစ်အသစ်ပြန်ပြန် ဖြစ်လာတယ်"

"အဖေရော အစ်ကိုရော အသတ်ခံရတယ် ဟုတ်လား..."

"ကျွန်မတို့ တစ်ဦးတည်းတော့ မဟုတ်ပါဘူးလေ၊ အများနဲ့ ဖြစ်ကြရတာပဲ၊ ဒါကြောင့် တိုင်းပြည်ကြီး မြန်မြန် ငြိမ်းချမ်းစေချင်လှပါပြီရှင်"

မြိုင်သည် ငြိမ်းချမ်းရေးတရားကို နာရပြန်လေသည်။ ယခင်က ကိုတင်ဦးထံမှသာ နာခဲ့ရသဖြင့် ငြီးငွေ့သလို ရှိခဲ့၏။ ယခုမှ ငြိမ်းချမ်းရေးကို အဘယ်မျှ လူတွေ မွတ်သိပ်၍ အဘယ်ကြောင့် မွတ်သိပ်နေသည်ဆိုခြင်းကိုလည်း သိရှိလာသည်။ တစ်စထက် တစ်စလည်း

ပို၍ နားလည်လာလေသည်။

ဤကဲ့သို့ မြိုင်သည် ရဲဘော်မယားနှင့် စကားကောင်းနေခိုက်၊ ရဲဘော်တစ်ယောက်သည် ပင်ပန်းနွမ်းနယ်စွာ ဝင်လာရင်း…

“မြခင်ရေ ငါတော့ဆာလာပြီကွာ.. မင်း ပဲဟင်းကြီးနဲ့ပဲ ကျွေးစမ်းပါဦး”

ဟု ရှုံ့ရှုံ့မဲ့မဲ့နှင့် ပြောဆိုလိုက်သည်။

မင်း ပဲဟင်းကြီးနဲ့ပဲ ကျွေးစမ်းပါဦးဟု ဆိုလာသော ရဲဘော်အား မြိုင်သည် သနားသွားသည်။ တိုင်းပြည်အတွက် ရင်မြေကတုတ်လုပ်၍ ခုခံတိုက်ခိုက်နေသော သားကောင်း ရတနာများ၏ ဘဝကိုလည်း လေးလေးနက်နက် စဉ်းစားမိသည်။

“ထိုင်ဦးနော် အစ်မကြီး…”

ဟု ရဲဘော်မယားသည် မြိုင့်အား တောင်းပန်ပြောဆိုကာ ပင်ပန်းဆာလောင်လာသော လင်အား ထမင်းခူးခပ်၍ ကျွေးမွေးလေသည်။ မယားလုပ်သူ ခူးခပ်ပြင်ဆင်ပေးသော ထမင်းနှင့်စားနေကျပဲဟင်းကို မသက်မသာ ဝင်၍ စားသောက်မည်ပြုလုပ်ရင်း…

“အစ်မကြီး ထမင်း သုံးဆောင်ပါဦးလား”

ဟု တိုင်းပြည်ဝန်ထမ်းက မြိုင့်အား ဂါရဝပြုလေသည်။

“စားပါရှင်… စားပါ…”

ဟု မြိုင်က မသက်မသာပြန်ပြောလိုက်သည်။

“စစ်တိုက်ရတဲ့အလုပ်လောက် မကောင်းတဲ့အလုပ်ဟာ ဒီကမ္ဘာပေါ်မှာရှိများ ရှိသေးရဲ့လား မပြောတတ်ပါဘူးဗျာ…”

ဟု ထမင်းပန်းကန်ထဲသို့ ပဲဟင်းကို ခပ်ရွဲရွဲ့ကလေး ဇွန်းနှင့် ကော်၍ ထည့်ရင်း ရဲဘော်သည် ၎င်း၏အသက်မွေးဝမ်းကျောင်းရသော အလုပ်ကို ညည်းညူပြောလိုက်လေသည်။

“ဆယ်နှစ်လောက် စစ်ချည်းတိုက်နေရတော့

ကိုယ်လုပ်နေရတဲ့အလုပ်ကို ငြီးငွေ့လာတယ်ဗျ အစ်မကြီး…”

ရဲဘော်သည် ပဲဟင်းကို ကုလားနယ်နယ်ရင်း ၎င်းဘာသာ ပြောသလို ပြောနေပြန်၏။

“ကိုယ်မသေရင် သူသေ၊ သူမသေရင် ကိုယ်သတ်ရမယ့် အလုပ်ဟာ စင်စစ်တော့ စိတ်မကောင်းစရာအလုပ်ပဲ… တစ်လောကလည်း ကွန်မြူနစ်တွေဘက် ရောက်နေတဲ့ ကျွန်တော့်ညီကို တိုက်ပွဲမှာ ဖမ်းမိလို့ ခေါင်းဖြတ်လာတဲ့ သတင်းကို သတင်းစာထဲမှာ တွေ့လိုက်ရတယ်၊ အဲဒါပဲ ကြည့်တော့လေ အစ်မကြီး…”

ဟု မသက်မသာ ညည်းတွား ပြောဆိုရင်း ကုလားနယ် နယ်ထားသော ထမင်းကို ပါးစပ်ထဲသို့ မသက်မသာသွင်းလိုက်သည်။ စောစောက ၎င်းရဲဘော်မယား၏ ကြေကွဲဖွယ်ရာ ဝတ္ထုကို ကြားနာခဲ့ရပြီးသည့်နောက် မြိုင်သည် ယခုတစ်ဖန် ညီအစ်ကိုချင်း တစ်ဖက်ဖိတိုက်ခိုက်နေရသော ရဲဘော်၏ ရင်နာဖွယ်ရာ ဝတ္ထုကို မသက်မသာ လက်ခံကြားနာခြင်း ပြုရပြန်သည်။

“ကနေ့မြန်မာပြည်မှာ ပြည်တွင်းစစ် ဖြစ်နေတာဟာ ကိုယ့်သွေးချင်းကိုယ်တူးနေတာပဲမြိုင်… ကိုယ်သေရင်လည်း ကိုယ်သေပြီး ဟိုဘက်က သေရင်လည်း ကိုယ်သေတာပဲ မဟုတ်လား… အဆုံးမှာတော့ ဗမာတွေဟာ ကိုယ့်အမျိုးကိုယ်ဖြုတ်နေကြတာပဲလေ…”

ဟု ကိုတင်ဦး ပြောဆိုခဲ့ဖူးသော စကားများကို ကြားယောင်လာမိသည်။ ယခုမှပင် ကိုတင်ဦးသည် တိုင်းပြည်နှင့် အမျိုးသားများအတွက် မည်ကဲ့သို့ အလုပ်ကို လုပ်ကိုင်လျက် ရှိသော လူတစ်ယောက်မှန်း မြိုင်သည် နားလည်စ ပြုလာသည်။ ထိုသူကို ကျေးဇူးတင်ရမှန်း သဘောပေါက်လာသည်။

“တိုင်းပြည်ကြီးသာ အေးချမ်းသွားတဲ့ တစ်နေ့ကျရင် ကိုယ့်ရွာကိုယ်ပြန်ပြီး အေးအေးဆေးဆေးပဲ လယ်လုပ်စားတော့မလို့ ဆုံးဖြတ်ထားတယ် အစ်မကြီး..”

ပဲဟင်းနှင့် နယ်ထားသော ထမင်းကို လည်ချောင်းထဲသို့ သွတ်သွင်းရင်း ရဲဘော်က ၎င်း၏ အိပ်မက် ကို ပြောကြားပြန်လေသည်။

"ဟုတ်ကဲ့..."

မြိုင်က ဟုတ်ကဲ့ လိုက်သည်။

"အေးအေး ချမ်းချမ်းနဲ့သာ လုပ်ရရင် လယ်လုပ်စားရတာလောက် ကောင်းတဲ့ အလုပ်မျိုး ဘယ်ရှိမလဲ အစ်မကြီးရဲ့ အလုပ်က အင်မတန် ဖြူစင်သန့်ရှင်းတဲ့ အလုပ်ပဲ"

ဟု ရဲဘော်က ထွန်များနှင့် ထယ်တို့ကို လွမ်းလွမ်းဆွတ်ဆွတ် ပြောဆိုလိုက်သည်။

ဤကဲ့သို့ ရဲဘော်လင်မယားအခန်းတွင် ဧည့်သည်လုပ်ရင်း မယ်အေးကို စောင့်နေရသည့်အခိုက် သားငယ်ကို ပွေ့ချီကာ ငိုယိုရှ် မယ်အေး ခပ်လှမ်းလှမ်းမှ လာနေသည်ကို လှမ်းမြင်လိုက်ရသဖြင့် မြိုင်သည် ရုတ်တရက် နားမလည်နိုင်အောင် ဖြစ်နေမိသည်။ မယ်အေးသည် ဘာ့ကြောင့် ငိုယိုလာရသနည်း။ ထိုသူငယ်မသည် စိတ်များမှ ကောင်းပါသေး၏လော။

မယ်အေးသည် မြိုင်တစ်ယောက်လုံးကို မမြင်ဘဲ ၎င်း၏အခန်းဘက်သို့ သွားမည် အပြု...

"ဟဲ့ မယ်အေး ညည်း ဘာဖြစ်လာတာလဲဟင်..."

ဟု မြိုင်က စိုးရိမ် ထိတ်လန့်စွာ လှမ်း၍ မေးလိုက်မိသည်။ မယ်အေးသည် မြိုင့်ကို မြင်လိုက်သောအခါ ပိုမို၍ ဝမ်းနည်း သွားသကဲ့သို့...

"အမယ်လေး မမမြိုင်ရဲ့ ကျွန်မယောကျ်ားဆုံးပြီးတဲ့တော့..."

ဟု အော်ဟစ် ငိုယိုပစ်လိုက်သည်။

မြိုင်သည် ဦးခေါင်းထဲ၌ နောက်ကျိ၍ သွားသည်။ နောက်ထပ်၍ လည်း ဘာမျှ မမေးတတ် မပြောတတ်အောင် ကြောင်နေသည်။

"ကြို့ပင်သာ တိုက်ပွဲမှာ ကျွန်မယောကျ်ားကျသွားပြီးတဲ့ မမမြိုင်ရဲ့.. ကျွန်မ ဒီကလေးနဲ့ ဘယ်လိုနေရစ်ခဲ့ရပါ့မလဲ"

ဟု အော်ဟစ်ပြောဆိုရင်း မယ်အေးသည် အလုံးဆို့ကာ

ရုတ်တရက်တက်သွားလေသည်။ မယ်အေး၏ ရင်ခွင်ထဲမှ သားငယ်သည်လည်း မြေကြီးပေါ်သို့ လွတ်ကျသွားပြီးလျှင် ငယ်သံပါအောင် အော်ဟစ်ငိုယိုလိုက်လေသည်။

အခန်း [၃၁]

(က)

မယ်အေးမုဆိုးမဖြစ်သွားလိုက်ရပြီးသည့်နောက်တွင် မယ်အေးကိုသာ အားကိုးပြု၍ တစ်ခုခုလုပ်ကိုင်စားသောက်ရန် စိတ်ကူးယဉ်ထားခဲ့သော မြိုင့်အိပ်မက်သည်လည်း ပျက်သွားလေသည်။ မူလက လက်ကောက်တစ်ဖက်ကို ထုခွဲ၍ ရရှိခဲ့သော ငွေကြေးကလေးဖြင့် မေမြို့ တချောင်ချောင်တွင် မယ်အေးနှင့် တိုင်ပင်၍ တစ်ခုခုလုပ်ကိုင်စားသောက်ရန် မြိုင်သည်ကြံရွယ်ခဲ့သော်လည်း မုဆိုးမဖြစ်သွားရပြီးသည့်နောက် မေမြို့တွင် ဆက်လက် နေထိုင်ခြင်းပြုရန် ခက်ခဲလာသော မယ်အေးက ရန်ကုန်ရှိ ၎င်း၏ မိခင်ထံသို့ ပြန်မည် ဆိုသည့်အတွက် မြိုင်သည်လည်း ၎င်း၏ ရှေ့ရေးကို တစ်မျိုးတစ်ဖုံ စဉ်းစားရပြန်လေသည်။

တပ်မတော်မှ ထောက်ပံ့လိုက်သော ကရုဏာကြေးကလေးများကို ထုတ်ယူရရှိပြီးနောက်၊ လင့်တစ်မျက်နှာ တစ်ရွာလုပ်၍ မေမြို့သို့ လိုက်ပါလာခဲ့ရသော မယ်အေးသည် မေမြို့၌ ၎င်းဆက်လက်နေထိုင်၍ မဖြစ်တော့သည့် အခြေအနေကို နားလည်ပြီး ဖြစ်သည့်အလျောက် ရန်ကုန်၌ရှိနေသော ၎င်း၏မိခင်မုဆိုးမထံသို့ပြန်၍၊ မိခင်မုဆိုးမနှင့်အတူ တစ်ခုခုလုပ်ကိုင် စားသောက်ရန် ဆုံးဖြတ်ထားပြီး ဖြစ်လေသည်။

မြိုင်သည် မယ်အေးအား ၎င်းနှင့်အတူ မေမြို့တွင် တစ်ခုခုလုပ်ကိုင် စားသောက်ရန် ဆွယ်ကြည့်သေးသည်။ မြိုင်ထက်စာလျှင် လူ့လောကအတွေ့ အကြုံများပြားခဲ့သော မယ်အေးက တစ်မြို့တစ်ရွာတွင် လင်သားမောင်ဖားမရှိဘဲ မိန်းမသားချည်း လုပ်ကိုင်စား သောက်ဖို့ မဖြစ်နိုင်သည့် အကြောင်းကိုပြ၍ မြိုင့်စိတ်ကူးကို ချေဖျက်ပစ်လိုက်လေသည်။

"လင်သားလည်း မရှိ၊ ဆွေမျိုးအရင်းအချာလည်း မရှိတဲ့ အရပ်မှာ ကျွန်မတို့လို မိန်းမသားတွေကို ဘယ်သူက လေးစားခန့်ညားမှာတဲ့လည်း မမြိုင်ရဲ့... ခေတ်ကြီးက ကြီးနိုင်ငယ်ညှဉ်းဆဲ ခေတ်ကြီးဆိုတော့ ကျွန်မတို့ မိန်းမသားတွေချည်း နေလို့မဖြစ်သေး ပါဘူးလေ..."

မယ်အေးပြောသော စကားများသည် မှန်ကန်၍ နည်းလမ်းကျသဖြင့် မြိုင်သည် ငြင်းပယ်ခြင်း မပြုနိုင်ပေ။ မိမိမှာသာလျှင် မိမိ၏ အပြစ်နှင့်

မိမိဖြစ်နေ၍ ဤကဲ့သို့ စဉ်းစားဆင်ခြင်မိရန် သတိမရရှိသောအဖြစ်ကို မြိုင်သည် တဖြည်းဖြည်းစဉ်းစားလာမိသည်။

"ကျွန်မတော့ အားကိုးအားထား ဘယ်သူမှမရှိတဲ့ အရပ်မှာ တစ်ရက်တောင် မနေရဲဘူး မမမြိုင်... မမမြိုင် ခုလိုနေရဲတာကိုတော့ ကျွန်မဖြင့် သိပ်အံ့ဩမိတာပဲ..."

မယ်အေးက ထိုသို့ ပြောကြားလိုက်သောအခါမှာ မြိုင်သည် မိမိတစ်ယောက်တည်း မိုက်ရူးရဲ နေထိုင်လာခဲ့သော အဖြစ်ကို ပြန်လည်စဉ်းစားမိရင်း ကျောထဲ၌ ချမ်းစိမ့်လာသည်။ အဖိနှိပ်ခံနေရသော ဘဝမှ လွတ်မြောက်ခွင့် မရရှိသေးသော မိန်းမသားများသည် မွေးဖွားသည့်အချိန်မှစ၍ သေဆုံးရသော အချိန်ကာလအထိ မိဘမောင်ဖွားနှင့် လင်သားတို့၏ အစောင့်ရှောက်ခံဘဝမှ မလွတ်ကင်းနိုင်သေးသောအဖြစ်ကို မြိုင်သည် စဉ်းစားလာမိသည်။

"မိန်းမသားတွေဟာ လူ့လောကကို မွေးထုတ်လိုက်ကြတဲ့ မိခင်တွေ ဖြစ်ကြပေမဲ့လည်း ဒီမိခင်တွေဟာ ကနေ့ထက်အထိ ယောကျ်ားသတ္တဝါတွေရဲ့ လက်အောက်ခံ၊ ကရုဏာခံဘဝက လွတ်မြောက်ခွင့် မရကြသေးဘူး မဟုတ်လား မြိုင်ရဲ့၊ ဒီလောကကြီးမှာ မိန်းမသားတွေ လွတ်မြောက်ခွင့် မရရှိမချင်း၊ မိခင်ဘဝကို မရောက်ရှိမချင်း၊ မိန်းမသားတွေဟာ သူတို့ လွတ်မြောက်ရေးကို တိုက်ကြရလိမ့်ဦးမယ်"

တစ်ကြိမ်က မိန်းမသားတို့၏ ဘဝ လွတ်မြောက်ရေးတိုက်ပွဲအကြောင်းကို ကိုတင်ဦးက မြိုင့်အား ပြောဆိုခဲ့ဖူး၏။ ထိုစဉ်က ဒီလူဟာ ဘာတွေများ ပြောနေတာပါလိမ့်မလဲဟု မြိုင်က အောက်မေ့ခဲ့မိ၏။ ယခုတော့ မြိုင်သည် ဝိုးတဝါးသိမြင်နားလည်စပြုလာသည်။

"လင်သားမရှိတဲ့နောက်မှာ ကျွန်မတို့ မိန်းမသားတွေကို ဘယ်သူကမှ တယ်ပြီး ခန့်ညားချင်တော့တာ မဟုတ်ဘူး မမမြိုင်"

ဟု မယ်အေးက ဆက်လက်ပြောဆိုလိုက် ပြန်သည်။

"ဒါထက် ညည်း ရန်ကုန်ကိုပြန်ပြီး ဘာများ လုပ်ကိုင် စားသောက်ဖို့ စိတ်ကူး ထားသလဲ..."

ဟု မြိုင်က ပြန်လည်မေးမြန်းလိုက်မိသည်။

“အမေတို့နဲ့ ပြန်နေပြီး စက်ကလေးတစ်လုံးဖြစ်ဖြစ် ဝယ်ချုပ်စားဖို့ စိတ်ကူးထားတာပဲလေ၊ မုဆိုးမဖြစ်လာရတဲ့ ဘဝမှာ တစ်ခုခုတော့ လုပ်စားရမှာပေါ့ မမမြိုင်ရယ်”

“ညည်း ဒီမှာ မရှိရင်တော့ ငါလည်း ဒီမှာဆက်နေဖို့တောင် ခပ်ကျပ်ကျပ်ပဲ”

“ကျွန်မနဲ့ ရန်ကုန်ကို လိုက်နေပေါ့ မမမြိုင်၊ ရန်ကုန်ကျတော့ မမမြိုင်လည်း အင်္ဂလိပ်စာ တတ်သားပဲ၊ ရုံးတစ်ရုံးမှာ စာရေးမ ဝင်လုပ်တာပေါ့…”

“ငါ့ဘဝက ရန်ကုန်မြို့မှာ လူသိရှင်ကြားနဲ့ ထင်ထင်ပေါ်ပေါ်နေလို့ ဖြစ်တော့တဲ့ ဘဝမှ မဟုတ်တာ မယ်အေးရယ်…”

“ဒီလိုဆိုရင် ကျွန်မကပဲ ရှာကြံလုပ်ကိုင်ပြီး ကျွေးပါ့မယ်မမမြိုင်… ဒီအရပ်မှာတော့ မမမြိုင် ခုလိုတစ်ယောက်တည်း မနေရစ်ခဲ့စေချင်ဘူး…"

“ငါလည်း ညည်းနဲ့ ရန်ကုန်ကို ပြန်လိုက်ပြီး ညည်းတို့ သားအမိတစ်တွေနဲ့ပဲ ကိုယ့်ဇာတ်ကိုယ်မြှုပ်ပြီး တစ်ခုခု လုပ်ကိုင်စားသောက်ရမလားလို့ စဉ်းစားနေတာပါပဲအေ"

"ကျွန်မနဲ့သာ ရန်ကုန်ကို ပြန်လိုက်လာခဲ့ပါ မမမြိုင်… မမမြိုင်ကို ကျွန်မ အစ်မကြီး အရင်းလို စောင့်ရှောက်ပြီး ကျွန်မလုပ်ကိုင်တတ်သလို ရှာဖွေပြုစုပါ့မယ်…”

"ငါ့မှာလည်း.. တစ်လောကလုံးမှာ ညည်းတစ်ယောက်ကိုသာ အတွင်းတိုင်ပင်နဲ့ အားကိုးစရာရှိတော့တယ် မယ်အေးရယ်…”

“ဘာမှ အားမငယ်ပါနဲ့ မမမြိုင်… မမမြိုင်အတွက် ကျွန်မ တာဝန်ယူပါတယ်”

“ငါကလည်း တစ်သက်လုံးက ဘာမှလုပ်ခဲ့ကိုင်ခဲ့ဖူးတာမဟုတ်တော့လည်း ညည်းကိုချည်း တာဝန်ပေးသလိုဖြစ်နေမှာ စိုးတယ်.. "

"ဒါတွေ ပြောမနေပါနဲ့တော့ မမမြိုင်၊ ကျွန်မတာဝန်ယူပါ့မယ်လို့ ပြောထားပြီး ပါပကော"

ဟု မယ်အေးက တကယ့်စိတ်ရင်းဖြင့် စိတ်အားထက်သန်စွာ ပြောဆိုလျက် ရှိသည်။

မြိုင်သည် ယခုအခါတွင် ၎င်းအဖို့ မယ်အေးတစ်ယောက်က လွဲ၍ အားကိုး အားထားစရာလည်း မရှိတော့ပေ။ မယ်အေးကလည်း ၎င်းအတွက် အစစအရာရာ အာမခံ နေပြီဖြစ်သဖြင့် ဖြစ်လိုရာဖြစ်၊ မယ်အေးနှင့်အတူ ရန်ကုန်သို့ မထင်မရှားလိုက်ပါသွားပြီးနောက် မယ်အေးတို့မိသားစုနှင့်ပင် ရန်ကုန်မြို့၌ မထင်မရှားလုပ်ကိုင်စားသောက်နေထိုင်ခြင်းပြုရန် ဆုံးဖြတ်လိုက်လေသည်။

❦ ❦ ❦

မေမြို့မှ မန္တလေးသို့ ဆင်းလာခဲ့ကြပြီးနောက်၊ မန္တလေးမှ ရန်ကုန်သို့ ပြန်ရန် အစုန်ရထားကို တက်စီးရသော နံနက်က မြိုင်သည် တစ်သက်နှင့် တစ်ကိုယ် တစ်ကြိမ် တစ်ခါမျှ ဝမ်းမနည်းခဲ့ရဖူးသော ဝမ်းနည်းခြင်းမျိုးဖြင့် ဝမ်းနည်းခဲ့ရလေသည်။

မြိုင်သည် အဝတ်အစား ခပ်နွမ်းနွမ်းကိုသာလျှင် ဝတ်ဆင်၍ မိမိအား အသိ တစ်ယောက်ယောက်က တွေ့ လျှင် ရုတ်တရက် မမှတ်မိနိုင်အောင် မျက်မှန်နက်ကိုလည်း တပ်ဆင်ကာ မီးရထားပေါ်သို့ တက်လေသည်။ ၎င်းနောက် ချောင်ကျကျတစ်နေရာတွင် ခပ်ကုပ်ကုပ် ဝင်ထိုင်လေသည်။

မီးရထားထွက်ခါနီး၌ မြိုင်သည် ဘူတာရုံအတွင်းသို့ ၎င်း၏မယား ဘိလပ်သူနှင့် ရုတ်တရက်ဝင်လာသော အစ်ကိုလုပ်သူ ကိုဇော်ဝင်းအား တွေ့မြင်လိုက်ရသဖြင့် တုန်လှုပ် ချောက်ချားသွားလေသည်။ ရင်ထဲ၌လည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။ မိမိ၏ အစ်ကိုတစ်ယောက်လုံးကိုပင် မြိုင်သည် မျက်နှာချင်းဆိုင် တွေ့ ဆုံရန် အားခွန်မရှိတော့ပေ။ ယခုအခါတွင် မြိုင့်အဖို့ ဤလောက၌ အရင်းအချာဆုံးဆွေမျိုးဆို၍ ဤအစ်ကို တစ်ယောက်သာ ရှိသည်။ ဤတစ်ယောက်သော ဆွေမျိုးကိုပင် မြိုင်သည် ဆွေမျိုးမတော်ဝံ့ တော့ပေ။ မိမိအား မတော်တဆ တွေ့ မြင်သွားမည်ကို စိုးရိမ်ကြောက်ရွံ့မိသော မြိုင်သည် ချောင်ထဲသို့ ပုဝင်သည်ထက်ဝင်ကာ ဒူးနှစ်လုံးအကြား၌ ဦးခေါင်းကို ဝှက်ထားလိုက် ရသည်။

တရားသူကြီး ဦးဇော်ဝင်းနှင့် ၎င်း၏ဇနီးဘိလပ်သူတို့ကတော့ မြိုင့်ကို မမြင်ကြပေ။ မြိုင်တို့ လိုက်ပါမည့် တတိယတန်းတွဲနှင့် ကပ်နေသော အထူးတန်းတွဲတစ်တွဲမှ ရန်ကုန်သို့ လိုက်ပါမည့် မိတ်ဆွေတစ်ဦးအား လာရောက်နှုတ်ဆက်လျက်ရှိကြသည်။

အစ်ကိုတစ်ယောက်လုံးကို တွေ့မြင်နေရပြီးမှ နှုတ်ဆက်စကားကလေးလောက်ကိုမျှပင် မပြောဝံ့၊ မပြောနိုင်သော မိမိ၏အဖြစ်နှင့် ဘဝကို စဉ်းစားမိရင်း မြိုင်သည် မျက်ရည်များ ကျလာသည်။ တစ်သက်နှင့် တစ်ကိုယ် တစ်ကြိမ်မျှ ဝမ်းနည်းမိဖူးသော ဝမ်းနည်း ခြင်းမျိုးဖြင့် ဝမ်းနည်းမိသည်။ တခြားစီဖြစ်သွားပြီဖြစ်သော မိမိ၏လက်ရှိဘဝကိုလည်း မြိုင်သည် လေးလေးနက်နက် သဘောပေါက် နားလည်လာသည်။ မြိုင်သည် ဝမ်းနည်း၍ ငိုယိုရခြင်း၌မှာပင်

ဒူးနှစ်လုံး၏အကြားမှ ဦးခေါင်းကိုဖော်၍ မငိုဝံ့ရှာပေ။ ကျိတ်၍သာလျှင် ငိုရလေသည်။

မန္တလေးဘူတာကြီးမှ ရန်ကုန်အစုန်ရထားထွက်လာသောအခါ မြိုင်သည် မျက်ရည်များကို လူမမြင်အောင် သုတ်ကာ ဦးခေါင်းကို ဖော်ရသည်။ ခပ်လှမ်းလှမ်းတွင် သားငယ်ကို နို့တိုက်နေသော မယ်အေးက မြိုင့်အား လှမ်း၍ ကြည့်ရင်း...

"မမမြိုင်မျက်လုံးထဲ ကျောက်မီးသွေး ဝင်ပြီထင်တယ်..."

ဟု လှမ်း၍ ပြောလိုက်သည်။

"အေးဟယ် ကျောက်မီးသွေးစ ဝင်တယ်ထင်ပါရဲ့"

ဟု မြိုင်က ပြန်ပြောလိုက်ပြီးနောက် ခါးထဲမှ လက်ကိုင်ပဝါစကို ထုတ်ယူကာ နှပ်ညှစ်လိုက်ရသည်။

မန္တလေးမှရန်ကုန် အစုန်ရထားသည် တစ်ဘူတာဝင် တစ်ဘူတာထွက်နှင့် ခုတ်မောင်းလာခဲ့ရာ သာစည်ဘူတာသို့ဝင်လာသည်။ သာစည်ဘူတာတွင် ခရီးသည်များသည် နံနက်စာကို စားသောက်လေ့ရှိကြသည့်အတိုင်း မယ်အေးသည် ထမင်းချိုင့်ကိုဆွဲကာ ရထားပေါ်မှ ဆင်း၍ ၎င်းနှင့် ၎င်း၏ မမမြိုင်အတွက် ထမင်းဟင်းများကို ဝယ်ယူလာပြီးနောက် မြိုင့်အား နံနက်စာစားဖို့ သတိပေးပြောဆိုလေသည်။

"ညည်းသာ စားပါ မယ်အေးရယ်... ငါတော့ မဆာလို့ မစားချင်တော့ဘူး.."

ဟု မြိုင်က နံနက်စာတွင် မစားချင်လောက်အောင် စိတ်ထိခိုက်နေ၍ ငြင်းဆန်လိုက်သည်။

"မဆာလို့မစားဘဲနေရင် တော်တော်ကြာ မမမြိုင်ရင်ခံနေပြီး နေထိုင်မကောင်းဖြစ်နေပါဦးမယ်၊ ဝင်တတ်သလောက်တော့ နည်းနည်းဖြစ်ဖြစ် စားလိုက်ဦးမှပေါ့..."

မယ်အေး က အစားခိုင်းပြန်သည်။

"ညည်းသာစားနှင့်ပါအေ၊ ငါဆာတော့မှပဲ ထစားပါရစေ"

ဟု ပြောလိုက်တော့မှ သားသည်အမေသည် ၎င်းဘာသာ ၎င်းမြိန်ရေရှက်ရေ စားသောက်ခြင်းပြုလေသည်။ သာစည်ဘူတာမှ ရထားထွက်လာပြီးသည့်နောက်၌လည်း မြိုင်သည် ထမင်း စားသောက်လိုစိတ်သည် မရှိခဲ့ပေ။ အစ်ကိုလုပ်သူတစ်ယောက်လုံးကို တွေ့မြင်ခဲ့ရပါလျက် တွေ့ဆုံနှုတ်ဆက်ခြင်းမှ မပြုနိုင်လောက်အောင် ဖြစ်ချင်တိုင်း ဖြစ်လာခဲ့ရသော မိမိအဖြစ်ကို တစိမ့်စိမ့်စဉ်းစားမိရင်း မိမိဘဝကို စိတ်နာနေမိသည်။ သို့ရာတွင် ထိုဘဝသို့ အခြား မည်သူကမျှ ပို့ဆောင်ခြင်းပြုခဲ့သည်ကား မဟုတ်ပေ။ မြိုင့်ဘဝကို မြိုင့်ဘာသာ စီမံဖန်တီးခဲ့သည်မဟုတ်လော။

ရမည်းသင်းဘူတာသို့ ရထားဝင်လာသောအခါ တစ်ရေးတစ်မော အိပ်ပျော်ရာမှ နိုးလာသော မယ်အေးသည် နေရာမယွင်းသေးသော ထမင်းချိုင့်ကို လှမ်းကြည့်ရင်း...

"မမမြိုင် မနက်စာ မစားသေးဘူးလားဟင်"

ဟု လှမ်း၍ မေးလိုက်လေသည်။

"ငါ မဆာတာနဲ့မို့ မစားသေးတာပါကွယ်..."

ဟု မြိုင်က ခပ်တိုတိုပင် ပြန်ပြော လိုက်သည်။

မယ်အေးသည် ပင့်သက်ကို ရှူလိုက်သည်။ နောက်ထပ်၍ ကား ထမင်းစားဖို့ တိုက်တွန်းခြင်းမပြုတော့ပေ။

ရထားသည် ပျဉ်းမနား၌ ညအိပ်ရလေသည်။ တတိယတန်းခရီးသည်အဖြစ်ဖြင့် ခရီးသွားညအိပ်ခြင်းမပြုဖူးသော မြိုင်သည် အတော်ကလေး စိတ်ဆင်းရဲလူဆင်းရဲဖြစ်ရသည်။ သို့ရာတွင် ဤကဲ့သို့သော ဆင်းရဲရခြင်းနှင့် ဒုက္ခဖြစ်ရခြင်းများကို မြိုင်သည် ယခုဘဝတွင် ခံနိုင်ရည်ရှိရပေတော့မည်။ ကျော်လွှားခြင်းလည်း ပြုနိုင်ရပေတော့မည်။ ထိုသို့မှ ခံနိုင်ရည်မရှိ၍ ကျော်လွှားခြင်း မပြုနိုင်လျှင်လည်း မဖြစ်တော့ပေ။

ပျဉ်းမနားမှ နောက်တစ်နေ့ မီးရထားဆက်ထွက်သောအခါ မယ်အေးသည် ညကတည်းက မြိုင့်အား ခပ်တိုးတိုးလာ၍

သတိပေးသွားသဖြင့် မြိုင်သည် ကျစ်ကျစ် လျစ်လျစ် သိမ်းဆည်းရန် ရှိသော ၎င်း၏ ပစ္စည်းကလေးများကို ၎င်း၏ ကိုယ်တွင် သိမ်းဆည်းခြင်း ပြုရလေသည်။

"ဒီနေရာတစ်ပိုက်က သိပ်စိတ်မချရဘူးတဲ့ မမမြိုင်ရဲ့.."

ဟု မယ်အေးက ပြောဆိုလိုက်ခြင်းကို မြိုင်သည် ဘာစိတ်မချရမှန်းနားမလည်သော်လည်း မယ်အေးစိတ်မချသလို မချဘဲ နေလိုက်ရသည်။

ရထားသည် တောင်ငူဘူတာသို့ ဘေးမသီရန်မခဘဲ ဝင်လာခဲ့ပြီးနောက် တောင်ငူမှ အုတ်တွင်း၊ အုတ်တွင်းမှ ဖြူးသို့ ရောက်သည်အထိလည်း ချောချောမောမောပင် ခုတ်မောင်း၍ လာသည်။ သို့ရာတွင် ဖြူးမှထွက်၍ များမကြာမီအတွင်းကြောက်မက်ဖွယ်ရာ ပေါက်ကွဲသံကြီးတစ်ခုကို နားကွဲလုမတတ် ကြားလိုက်ရပြီးနောက် ရထားသည်လည်း ရုတ်တရက်ဆောင့်၍ ရပ်သွားသည်။ ပျဉ်းမနား၌ ညအိပ်ခဲ့ရစဉ်က တစ်ညလုံးအိပ်မပျော်သဖြင့် ငိုက်မျဉ်း၍ လိုက်ပါလာသော မြိုင်သည် ရုတ်တရက်လန့်နိုးသည်။

မြိုင်သည် ဘာဖြစ်မှန်းကား မသိပေ၊ သို့ရာတွင် များစွာတုန်လှုပ်ကြောက်လန့်၍ နေလေသည်။

ပေါက်ကွဲသံနှင့် မရှေးမနှောင်း ရထားလည်း ရုတ်တရက် ရပ်သွားသဖြင့်ရထားပေါ်မှ ခရီးသည်များသည် ကြောက်အားလန့်အားနှင့် အော်ဟစ်သူက အော်ဟစ်၍ ငိုယိုသူများက ငိုယိုကြလေသည်။

မြိုင်သည် မယ်အေးကို လှမ်း၍ ရှာဖွေမိသည်။ မယ်အေးသည် သားငယ်ကို ရင်ခွင်တွင် ပိုက်ကာ ဘုရားရှိခိုးတစ်ပုဒ်ကို တုန်တုန်ရီရီနှင့် ရွတ်နေသည်။ မယ်အေးဘေးတွင်ရှိသော ကုလားမတစ်ယောက်ကလည်း "အလာ... ဟူလာ... အလာ" ဟု ၎င်း၏ ဘာသာထုံးစံအတိုင်း အော်ဟစ်ဆုတောင်းနေသည်။

ဤအခိုက်မှာပင် သေနတ်သံများ ရုတ်တရက်ထွက်ပေါ်လာသည်။ ထွက်ပေါ်လာကတည်းက သေနတ်သံသည် ရပ်စဲသည်မရှိ၊ အဆက်မပြတ် ပစ်ခတ်လျက်ရှိသည်။ ယခင်က မီးရထားများ မိုင်းဗုံးထိမှန်၍

တိုက်ပွဲဖြစ်ပွားသော သတင်းလောက်ကိုသာ တစ်ခါတစ်ရံသတင်းစာများ၌ ဖတ်မိသောမြိုင်သည် ယခု ကိုယ်တွေ့ကြုံရလေပြီ။ မြိုင်သည် အလွန်တရာ ထိတ်လန့်အားငယ်မိသည်။ ဘာလုပ်၍ ဘာကိုင်ရမှန်းလည်း မသိ။ မျက်လုံးသူငယ်နှင့် ဖြစ်နေသည်။

တစ်ဖက်နှင့် တစ်ဖက် ပစ်ခတ်တိုက်ခိုက်သော သေနတ်သံများကား ရပ်စဲနိုင်သည်ပင်မရှိ။ မီးကုန် ယမ်းကုန်ပစ်ခတ်နေကြသည်။

ဒုက္ခတွေ ပင်လယ်ဝေနေအောင် တွေ့ခဲ့ရသော မြိုင်သည် ဘုရားကို မေ့လျော့လျက် နေခဲ့ရာမှ ယခုကဲ့သို့ ထိတ်လန့်ကြောက်မက်ဖွယ်ရာ ဘေးအန္တရာယ်နှင့် တွေ့ကြုံရသောအခါ၊ ဘာလုပ်၍ ဘာကိုင်ရမှန်း မသိသဖြင့် ဘုရားကို ဆုတောင်းမိလေသည်။

တိုက်ပွဲသည် နာရီဝက်သာသာခန့် ကြာသည်။ ထို့နောက် သေနတ်သံများ တဖြည်းဖြည်း စဲသွားသည်။ သည်တော့မှပင် အစောင့်အရှောက် လိုက်ပါလာသော စစ် ရထားကို မိုင်းဗုံးထိ၍ တိုက်ပွဲဖြစ်ပွားကြောင်း ပြောသံ ဆိုသံများ ကြားလာရသည်။ ရထားလမ်းနှင့် တံတားပျက်စီးသွား၍ ယနေ့အဖို့ ခရီးမဆက်နိုင်တော့သည့်အကြောင်း ပြောသံဆိုသံများ ကြားလာရသည်။

မြိုင်သည် ဘာလုပ်၍ ဘာကိုင်ရမှန်းမသိသဖြင့် မယ်အေးကိုသာလှမ်း၍ ကြည့်မိသည်။ မယ်အေးသည် ရထားတွဲပေါ်မှ ဆင်းသွားပြီးလျှင် အခြားတွဲမှ ခရီးသည်များနှင့် အတန်ကြာစကားပြောဆိုပြီးနောက် တွဲပေါ်သို့ ပြန်တက်လာသည်။

“ဘယ်လို လုပ်ကြမလဲဟင် မယ်အေး”

ဟု မြိုင်က လှမ်း၍ မေးလိုက်သည်။

“တံတားနဲ့ လမ်းကတော့ ကနေ့တစ်ရက်နဲ့ ပြင်လို့ပြီးမှာ မဟုတ်လို့ ကျွန်မတို့ ညောင်ပင်သာကျတော့မှ ကားကြုံစောင့်စီးရမှာပဲ မမမြိုင်…”

ဟု မယ်အေးက ပြန်ပြော သည်။

ဘာမျှ သိလည်း မသိ၊ လုပ်လည်း မလုပ်တတ်သော မြိုင်သည် မယ်အေးစကားကို နားထောင်၍ မယ်အေးခိုင်းသမျှကို လုပ်ကိုင်ခြင်းပြုရန်

အသင့်ပြင်ဆင်ထားလေသည်။ လုပ်စရာကိုင်စရာရှိသမျှကိုလည်း မိမိ တတ်နိုင်သလောက် လုပ်ကိုင်ရလေသည်။

ရထားလမ်းပျက်သောနေရာနှင့် ညောင်ပင်သာရွာမှာ များစွာ မဝေးလံလှသော်လည်း သူ့ထက်ငါ အလုအယက်လှည်းငှား၍ ပစ္စည်းများ သယ်ကြရသဖြင့် လှည်းငှား ရန်မှာ မလွယ်ကူပေ။ မယ်အေးက လှည်းသွားငှားနေသည့်အခိုက် မြိုင်သည် မယ်အေး၏ သားကို ထိန်းရင်း ပစ္စည်းများကို စောင့်ရသည်။ လှည်းသွားငှားသော မယ်အေးက လှည်းမရသေး၍ တော်တော်နှင့် ပြန်မလာနိုင်သောအခါ ၎င်း၏ကလေးက ငိုသဖြင့် မြိုင်သည် မချော့တတ်ချော့တတ်နှင့် ကလေးကို ချော့ရပြန်လေသည်။

မြိုင်သည် မယ်အေး၏ သားကို ထိန်းကာ ပစ္စည်းများကို စောင့်၍ နေရာမှ မီးရထား လမ်းပျက်၍ ခရီးသွားရေးလာရေးတွင် ဒုက္ခရောက်ခြင်းမလှ ရောက်နေကြသော ခရီးသည် များ၏ဒုက္ခကို ကိုယ်တိုင်တွေ့မြင်ရသည်။ ဘုန်းတော်ကြီးများနှင့် သက်ရှယ်ကြီးပြင်းသူများက အစ နို့စို့ကလေးငယ်ခရီးသည်ပါ အဘယ်သို့ ဆင်းရဲဒုက္ခရောက်ကြရပုံများမှာ စာတွေ့ မဟုတ်တော့ဘဲ ငါတွေ့ ဖြစ်လာသည်။

"ဒီ တိုင်းပြည်မှာ ငြိမ်းချမ်းရေး မရရင် မဖြစ်တော့ဘူး၊ ခရီးသွားခရီးလာရတာက အစ ဘယ်လောက် ဒုက္ခရောက်ကြရတယ်ဆိုတာကို ခရီးမသွားဖူးတဲ့လူတွေကသာ မသိကြပေမဲ့ ခရီးသွား ခရီးလာရင်း ထမင်းစားနေရတဲ့ လူတွေက ပိုသိတယ်..."

တစ်ကြိမ်က ကိုတင်ဦး ပြောဆိုသွားခဲ့ဖူးသော စကားများကို မြိုင်သည်ပြန်လည် သတိရလာသည်။ ကြားယောင်လာသည်။ ထိုသို့ကြားရစဉ်အခါက မြိုင်သည် နားမလည် ခဲ့သေးသော်လည်း ယခုတော့ ကိုယ်တိုင်တွေ့မြင်ခံစားနေရပြီးဖြစ်၍ ကောင်းကောင်းကြီး နားလည်လာသည်။ အတွေ့အကြုံဆိုသည်မှာ ဝယ်ယူ၍ လည်း မရ၊ သင်ကြား၍ လည်း မဖြစ် ဆိုသော အင်္ဂလိပ်စကားပုံတစ်ခုကို ကောင်းကောင်းကြီးသဘောပေါက်လာသည်။ ရထားလမ်းပျက်သည်မှာ နေ့ခင်းတစ်နာရီသာသာခန့်က ဖြစ်သော်လည်း လှည်းက ညနေသုံးနာရီခွဲသာသာလောက်မှ ငှား၍ ရသည်။ လှည်းငှားရလာပြီးနောက် ရထား ပျက်သော နေရာမှ ညောင်ပင်သာရွာသို့ အရောက်

သယ်ရပြောင်းရသည်နှင့်ပင် လေးနာရီ ခွဲသွားသည်။ ညနေလေးနာရီခွဲတွင် ညောင်ပင်သာသို့ ရောက်သောအခါ ရန်ကုန်သို့ ဘတ်စ်ကားကိုကား ဝေးစွ၊ ညောင်လေးပင်သို့ပင် သွားမည့်ကားများကို မရနိုင်တော့ပေ။

“တိုင်းပြည်ကြီး ဒါလောက် ဆူပူသောင်းကျန်းနေတာ ဒီလိုလမ်းခရီးကြီးကို ဒီလို အချိန်မျိုးမှာ ဘယ်သူကကော သွားရဲ လာရဲပါ့မလဲ မိန်းကလေးရဲ့…”

ဟု ညောင်ပင်သာမှ အဘအိုတစ်ယောက်က မြိုင့်အား ပြောပြလိုက်သည်။

“သူပုန်တွေက နိုင်ငံရေးသမားတွေမို့လို့ လမ်းသွားခရီးသွားတွေကို ဘယ်လိုမှ အနှောင့်အယှက်မပေးကြပေမဲ့ သူပုန်နဲ့အစိုးရကြားမှာ ခွတုတ်နေကြတဲ့ တောကြောင်တွေကတော့ ဘယ်သူ့မှ ချမ်းသာပေးကြတာ မဟုတ်ဘူး သမီးရဲ့.. တစ်နေ့ကပဲ ညနေ လေးနာရီလောက် ညောင်လေးပင် ဆင်းသွားတဲ့ ကုန်ကားတစ်စီးကို တောကျွဲအင်း အထွက်နားက ဆီးတိုက်ပြီး ကားပေါ်မှာ ပါသွားတဲ့ မိန်းမသားတစ်ယောက်ကိုလည်း ထင်သလို စော်ကားလိုက်ကြသေးတယ်လေ…”

ဟု အဘိုးကြီး၏ ဇနီးအမေအိုကလည်း မြိုင့်ကို လေးနက်အောင် ထပ်၍ ပြောပြပြန်သည်။

မြိုင်သည် ကျောချမ်းသွားမိသည်။ ယခင်က သူပုန်များကို သူခိုးဓားပြသာသာလောက် အသိအမှတ်ပြုထားခဲ့သော မြိုင်သည် သူပုန်ယောင်ယောင် အစိုးရယောင်ယောင်နှင့် လုယက်တိုက်ခိုက်နေကြသော တောကြောင်များ ရှိနေသေးကြောင်းကို နားလည်လာရသည်။

ထိုနေ့အဖို့ ခရီးဆက်၍ မဖြစ်နိုင်တော့သဖြင့် မြိုင်သည် မယ်အေးတို့ သားအမိနှင့်အတူ ညောင်ပင်သာရွာ၌ တည်းခိုအိပ်စက်ခြင်း ပြုရသည်။ မြိုင်နှင့် မယ်အေးတို့ သားအမိကို သားထောက် သမီးခံ မရှိရှာဟန်တူသော အဘိုးကြီး အဘွားကြီး လင်မယားနှစ်ဦးအိမ်က လက်ခံကြသည်။

မုဆိုးမဖြစ်လာခဲ့ရသည့်တိုင်အောင် များစွာပူပန်တတ်ခြင်း ရှိပုံ မရသော မယ်အေးသည် အဘိုးကြီး အဘွားကြီး အိမ်၌ ချက်ပြုတ်စားသောက်ရသော ညစာကို ညနေ ၆ နာရီသာသာခန့်တွင်

စားသောက်ပြီးနောက် မကြာမီ တရှူးရှူးနှင့် အိပ်ပျော်သွားသည်။ မြိုင်သည် ရှေ့ရေး နောက်ရေးများကို မစဉ်းစား၍ မဖြစ်သေးသည့်အလျောက် မယ်အေးနှင့် ပြိုင်၍ မအိပ်စက်နိုင်ပေ။ ၎င်းအပြင် နေ့ခင်းက မီးရထားလမ်းတွင် ကြုံတွေ့ ခဲ့ရသော အဖြစ်အပျက်များနှင့် မအိပ်စဖူးသောရွာတွင် အိပ်ရသောကြောင့်လည်း အားငယ်စိုးရိမ်လျက်ရှိသည်။

မယ်အေး အိပ်ရာဝင်သွားပြီးနောက် မြိုင်သည် အိမ်ရှင်အဘိုးကြီး အဘွားကြီးလင်မယားနှင့် တစ်နာရီခန့် စကားပြောဆိုကြည့်ရာမှ မြိုင်သည် ဗဟုသုတ အမြောက်အမြားကိုလည်း ရရှိခဲ့သည်။

တစ်အိမ်လုံးတွင် ဤအဘိုးကြီး အဘွားကြီးလင်မယားနှစ်ဦးသာ ရှိလျက်၊ နွားစာ ကျွေး၍ တင်းကုပ်သို့သွင်းသည်ကအစ အဘိုးကြီးအိုကိုယ်တိုင် လုပ်ကိုင်နေရသည်ကိုသာ တွေ့ ရသဖြင့်...

"ဦးကြီးနဲ့ ကြီးတော်တို့မှာ သားသမီးမရှိဘူးလား"

ဟု မြိုင်က မေးမြန်းလိုက်မိသည်။ မြိုင်၏ အမေးကို အဘိုးကြီး အဘွားကြီးလင်မယားသည် တော်တော်နှင့် အဖြေ မပေးကြပေ။ မြိုင်သည်ပင်လျှင် မိမိမေးခွန်းများ အမှားအယွင်းပါသွားလေသလားဟု ပြန်စဉ်းစားရသည်အထိ ဖြစ်လေသည်။

"အစတုန်းကတော့ သားနှစ်ယောက်တောင် ရှိသပေါ့ မိန်းကလေးရယ်..."

ဟု အဘိုးအိုက ခြောက်သွေ့ သော အသံဖြင့်ခပ်လေးလေးဖြင့် ပြောဆိုလိုက်စဉ် အဘွားအိုသည် မျက်ရည်စကလေးများကို ၎င်း၏တဘက်စဖြင့် တို့နေသည်။

"သြော်.... သြော်.. သြော်"

မြိုင်သည် ဒါပဲ ပါးစပ်မှ ထွက်လိုက်မိသည်။

"သားအကြီးက ဂျပန်တော်လှန်ရေးပြီးခါစက ရွာကို တစ်ခေါက်ပြန်လာပြီးနောက် စစ်ထဲလိုက်သွားလိုက်တာ မနှစ်ကမှ ပခုက္ကူဘက်တိုက်ပွဲတစ်ခုမှာ ကျသွားတယ်လို့ ကြားရတယ်

မိန်းကလေးရဲ့...”

အဘိုးအို၏ အသံမှာ တုန်လာသည်။

မြိုင်သည် အဘိုးအို၏ ဝတ္ထုကိုကြားနာရစဉ် ရင်ထဲ၌ ဝေဒနာသစ်တစ်ရပ်ကို ခံစားလာရသည်။ မိမိကိုယ်တိုင်မြင်ဖူးခြင်းလည်း မရှိ။ သိဖူးခြင်းလည်း မရှိသောလူတစ်ယောက် တိုက်ပွဲတွင် ကျဆုံးသွားရခြင်းအတွက် မြိုင်သည် လှိုက်လှိုက်လှဲလှဲဖြစ်လာမိသည်။ အဘိုးအို၏ ဝတ္ထုသည် သားအကြီးလုပ်သူ တိုက်ပွဲတွင် ကျဆုံးသွားရသည်နှင့် မဆုံးသေး၊ ဆက်ရန်က ရှိသေးသည်။ သို့ရာတွင် အဘွားကြီးကား မျက်ရည်ကိုသုတ်နေရလေပြီ။

“အငယ်ကောင်ကတော့ တပ်နီထဲပါသွားပြီး လေးငါးလလောက်ကမှ ကျောက်ကြီး ပေါက်တိုက်ပွဲမှာ ကျသွားတယ်လို့ ပြောသံကြားတာပဲ၊ တချို့လူတွေက သူ့ခေါင်းကိုတောင် မြင်လာရတယ်လို့ ပြောတယ်... အဘကတော့ မကြည့်ရဲတာနဲ့မို့ သွားမကြည့် မိပါဘူးကွယ်...”

ဟု ပြောရင်းဆိုရင်းပင် အဘိုးကြီးအို၏ အသံများသည် တိမ်ဝင်သွားသည်။

“ဘကြီးသား ခေါင်းကို ဘယ်သူက ဖြတ်ယူလာတာမို့လို့လဲ ဟင်...”

ဟု မြိုင်က ထိတ်လန့်တကြား မေးလိုက်မိသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ တစ်နှစ်ထက် တစ်နှစ် နက်ရှိုင်းလာသော ပြည်တွင်းစစ်ကြောင့် မိမိတို့ အမျိုးသားများအချင်းချင်း ညီအစ်ကိုအချင်းချင်း ခေါင်းဖြတ်ကြသော လူရိုင်းဓလေ့ကို မြိုင်သည် မသိခဲ့ပေ။

“ဒါတွေကို မိန်းကလေးတို့လို မြို့ကြီးသူတွေသိဖို့ကြားဖို့ မကောင်းတဲ့ဟာတွေ ပါပဲကွယ် မသိချင်ပါနဲ့တော့လေ...”

ဟု ပြောဆိုကာ အဘိုးအိုသည် ထိုင်ရာမှ ထ၍ သွားသည်။

“ဒီသားနှစ်ယောက်ရှိတာ ခုတော့နှစ်ယောက်စလုံး မရှိကြတော့ဘူး သမီးရဲ့..”

ဟု ငိုသံပါနှင့် အဘွားအိုက သူ၏နာကြည်းချက်ကို ဆက်လိုက်ပြန်သည်။

မြိုင်သည် ပြည်တွင်းစစ်၏ဝဋ္ဋကို ကာယကံရှင်များထံမှ ယခုအကြိမ်သည် ပထမဦးဆုံးအကြိမ် ကြားနာလိုက်ရခြင်းဖြစ်သည်။ ရင်ထဲ၌လည်းနာကျင်၍ သွားသည်။

"ကနေ့အစိုးရလုပ်နေကြတဲ့ သခင်နုတို့ သခင်တင်တို့ဆိုတဲ့ လူတွေရော၊ တောထဲ ရောက်နေကြတဲ့ သခင်သန်းထွန်းတို့ သခင်စိုးတို့ဆိုတဲ့ လူတွေရော တစ်ကြိမ်က ကိုယ့်တိုင်းပြည်ကြီး လွတ်လပ်အောင် လည်ပင်းဖက်ပြီး လုပ်လာကိုင်လာကြတဲ့ ရဲဘော်ရဲဘက်တွေပဲ မဟုတ်လား၊ တစ်ဖက်နဲ့တစ်ဖက်က နိုင်ငံရေးကွဲလွဲတာကလေးနဲ့ ဒါလောက် သဲသဲမဲမဲ ဖြစ်နေကြရင်တော့ ဒီတိုင်းပြည်ဟာ ဘယ်တော့မှ လူဖြစ်နိုင်တော့မှာ မဟုတ်ဘူး.."

၎င်း၏ နိုင်ငံရေးလုပ်ဖော်ကိုင်ဘက်များနဲ့ ပြောရာဆိုရာတွင် ကြားနာခဲ့ရဖူးသော ကိုတင်ဦး၏ စကားများသည် ယခုတော့ အဘယ်မျှ အဖိုးတန် နက်နဲသည်ကို မြိုင်သည် စမ်းတဝါးဝါးရိပ်မိစပြုလာသည်။

"သင်းတို့နှစ်ယောက်ပဲ အိုစာမင်းစာအတွက် အားကိုးနေရတာ၊ သင်းတို့နှစ်ယောက်စလုံးမရှိကြတော့တဲ့နောက်မှာ အမေတို့တစ်တွေ ဘယ်သူ့ကိုသွားပြီး အားကိုအားထားပြုရဦးမှာလဲ သမီးရယ်..."

ဟု ငိုသံပါနှင့် ပြောဆိုရင်း အဘွားကြီးသည် ၎င်း၏ နာကျင်လှသော ဝေဒနာကိုဆက်၍ မပြောလိုတော့သကဲ့သို့ ထိုင်ရာမှအထလိုက်တွင် ရွာပတ်ပတ်လည်မှ တဒိုင်းဒိုင်း ပစ်ခတ်လိုက်သော သေနတ်သံများကို နားကွဲလုမတတ် ကြားလိုက် ကြရလေသည်။

"တောကြောင်တွေပဲဟေ့... လာ လာ မိန်းကလေး... မယ်ခင်ရေ ဟိုအိပ်ပျော်နေတဲ့ သူငယ်မသားအမိနှစ်ယောက်ကိုလည်း နှိုးစမ်းပါဦးကွယ်..."

ဟု အဘိုးအိုကြီးက မြိုင့်အား ပြောဆိုရာမှ ၎င်း၏ အဘွားကြီးကိုလည်း သတိပေးလိုက်သည်။ သို့ရာတွင် တောကြောင်များကား လက်ဦးသွားခဲ့လေပြီ။ အဘွားကြီးသည် မယ်အေးတို့ သားအမိကို အိပ်ရာမှ

နှိုးနေစဉ် တောကြောင်များသည် အိမ်တံခါးကို အတင်းအဓမ္မရိုက်ချိုးကန်ကျောက်ကာ အိမ်တွင်းသို့ ဝင်ရောက်လာခဲ့ကြလေပြီတကား။

အခန်း [၃၂]

(က)

မီးရထားလမ်းပျက်၍ ညောင်ပင်သာရွာတွင် တစ်ညမျှ တည်းခိုအိပ်စက်ခဲ့ရစဉ် ဓားပြအတိုက်ခံလိုက်ကြရသဖြင့် မြိုင်ရော မယ်အေးပါ ရှိရှိသမျှ ပစ္စည်းကလေးများ အကုန် ပါသွားသည်။ မယ်အေးသည် တပ်မတော်က ထောက်ပံ့ပေးကမ်းလိုက်သော ကရဇာကြေးကလေးများကိုသာလျှင် ထုတ်ပေးလိုက်ရရုံမျှမက ရဲဘော်သားမယားဘဝနှင့် အစစအရာရာ ခြိုးခြံစုဆောင်းထားခဲ့ရသော ရွှေတိုရွှေစကလေးများကိုပါ ထုတ်ပေးလိုက်ရသည်။ မြိုင် သည်လည်း ဓားပြားနှင့် ကျောကို ခပ်နာနာကလေးတစ်ချက်လောက် အချခံလိုက်ရပြီးနောက် ၎င်းတွင် ရှိသမျှသော နားကပ်၊ ဘီးနှင့်ကြယ်သီးများ အားလုံးကို ထုတ်ပေးလိုက်သည်။

ညောင်ပင်သာ၌ ဓားပြ အတိုက်ခံရပြီးနောက် မြိုင်နှင့်မယ်အေးတို့သားအမိသည် ခဲခဲယဉ်းယဉ်းနှင့် ရန်ကုန်သို့ လိုက်ပါလာကြသည်။ ရန်ကုန်သို့ ရောက်သောအခါ၌ မြိုင်သည် အစစအရာရာတွင် မယ်အေးအား ၎င်း၏ ခေါင်းဆောင်အဖြစ်ဖြင့် တင်မြှောက်ခြင်း ပြုလိုက်သည်။

"ညည်းအမေရှိရာကိုသာ လိုက်ရှာပေါ့ကွယ်.... ညည်းအမေနဲ့ တွေ့တော့မှ တိုင်ပင် ကြသေးတာပေါ့၊ အော်... နောက်ပြီးတော့ ငါ့ကို ဘယ်သူဘယ်ဝါဆိုတာ ဘယ်သူ့ကိုမှ မပြောစေချင်ဘူး၊ ညည်းအမေတောင်မပြောဘဲ ထားလို့ရရင် မပြောဘဲထားစေချင်တယ်၊ ငါ့နာမည်ကိုလည်း မြိုင်လို့ ဘယ်သူမှ မသိရင်ကောင်းမယ်။ ညည်းကလည်း ငါ့ကို မမြိုင်လို့ ခေါ်မနေနဲ့တော့ မခင်သစ်လို့ပဲ ခေါ်နော်.. ဟုတ်လား မယ်အေး"

မြိုင်သည် ၎င်း၏ဇာတ်ကို မြှုပ်ပစ်လိုက်ရန် မယ်အေးကို သေသေချာချာမှာကြားခြင်း ပြုလေသည်။

ရန်ကုန်သို့ ရောက်ကြပြီးနောက် မယ်အေး၏မိခင်ကို သုံးလေးရက်ခန့်မျှ ခက်ခက်ခဲခဲနှင့် ဟိုမေးဒီမေး လိုက်လံစုံစမ်းရသည်။ မူလက ဒေါပုံဘက်တွင် မောင်ဝမ်းကွဲတစ်ယောက်၏အိမ်၌ နေသည်ဆို၍

ဒေါပုံဘက် လိုက်သွားကြရသည်။ ဒေါပုံဘက်က မယ်အေး၏ ဦးလေးဝမ်းကွဲက စင်ကာပူထဲသို့ ပြောင်းနေသည်မှာ သုံးလေးလခန့်ရှိသွားပြီဟု သတင်းပေးလိုက်ပြန်သဖြင့် စင်ကာပူထဲတွင် လိုက်လံမေးမြန်းရပြန်သည်။ စင်ကာပူ ထဲမှ အသိများက ဗိုလ်တထောင် မဏ္ဍိုင်ကွက်သစ်ဘက်သို့ ပြောင်းသွားသည်ဟု ဆိုလိုက်ကြပြန်သောအခါ မြိုင်နှင့် မယ်အေးတို့သည် မဏ္ဍိုင်ကွက်သစ်ရှိရာ ဗိုလ်တထောင်သို့ လိုက်ကြရလေသည်။

မဏ္ဍိုင်ကွက်သစ်သို့ရောက်တော့မှပင် မယ်အေးသည် ၎င်း၏မိခင်နှင့် တွေ့ ရလေသည်။ သားအမိချင်း တွေ့ ကြသောအခါ တစ်ယောက်ဇာတ်ထုပ်ကို တစ်ယောက် ပြန်ပြောရင်း ငိုကြသည်ကို မြိုင်သည် ဘေးမှ စိတ်မချမ်းမသာ ကြည့်ခဲ့ရသည်။ မယ်အေး၏မိခင်သည် မဏ္ဍိုင်ကွက်သစ်ရှိ ၎င်း၏တူ မယ်အေး၏ အစ်ကိုဝမ်းကွဲ အိမ်၌ ဆင်းဆင်းရဲရဲခိုကပ်နေရရှာသည်။ ၎င်း၏တူဆိုသူမှာလည်း ဘီအိုစီတွင် အလုပ်သမားတစ်ယောက်မျှသာ ဖြစ်၍ ကလေးလည်း ငါးယောက်မျှပင် ရှိသဖြင့် ၎င်းရရှိသော လခကလေးနှင့် ဆင်းဆင်းရဲရဲ ချို့ချို့တဲ့တဲ့ နေထိုင်ရသူဖြစ်လေသည်။ ညောင်ပင်သာ၌ ဓားပြအတိုက်ခံရစဉ်က ပါမသွားဘဲ ကျန်ရစ်ခဲ့သော လက်ပတ်နာရီကလေးကအစ အခြားအတိုအစကလေးများကို မယ်အေးတို့သားအမိနှင့် တိုင်ပင်ထုခွဲပြီးနောက် မြိုင်နှင့် မယ်အေးတို့သားအမိမြေအဘွားသည် ရေးဦးစွာ မိမိတို့ချည်း လွတ်လွတ် လပ်လပ်နေထိုင်နိုင်ရန်အတွက် အိမ်ခန်းတစ်ခန်းကို ငှားရမ်းရလေသည်။ အိမ်ခန်းကို ငှားရမ်းရရှိပြီးနောက် မယ်အေးတို့သားအမိက ဘူးသီးကြော် ရောင်းချလိုသည်ဟု ပြောဆိုလာသဖြင့် မြိုင်က ၎င်း၏ ရှိစုမဲ့စု ငွေကလေးများထဲမှ အရင်းအနှီး ထုတ်ပေးရလေသည်။

မြိုင်က အရင်းအနှီး ထုတ်ပေးသော ငွေကလေးဖြင့် ညဘက်တွင် မယ်အေးတို့ သားအမိသည် ကွက်သစ်ထိပ်၌ ဘူးသီးကြော်ဆိုင်ကို ဖွင့်လေသည်။ နေ့ခင်းဘက်တွင် မယ်အေးသည် ဘီအိုစီတွင် အလုပ်ဝင်လုပ်၍ ကလေးကိုမူ ၎င်း၏မိခင်က ထိန်းလေသည်။

ဤနည်းအားဖြင့် ရွှေတောင်ကြားမှ စက်ရှင်မင်းကြီးသမီး မြိုင်သည် ရန်ကုန်မြို့အစွန်ရှိ မထင်ရှားသော ကွက်သစ်ကလေးတစ်ခု၌ မခင်သစ်ဘဝဖြင့် မထင်မရှား နေထိုင် လာခဲ့ရသည်။ ဤသို့ နေထိုင်လာခဲ့ရင်း ဘူးသီး အကြော်ရောင်းရသော မယ်အေးတို့ သားအမိတို့ကိုလည်း

ကူညီလုပ်ကိုင်တန်သမျှကို ကူညီလုပ်ကိုင်ပေးရလေသည်။ မယ်အေးတို့ သားအမိက ၎င်းအား အဘယ်မျှ ဦးစားပေး၍ အစစအရာရာတွင် သက်ညှာစေကာမူ ထိုသားအမိနှစ်ယောက် ပင်ပင်ပန်းပန်း လုပ်ကိုင်နေကြသည်ကိုကား ဘေးမှထိုင်၍ မကြည့်နိုင်တော့သည့်အဆုံး၌ မြိုင်သည် ၎င်းတို့အိမ်၌ တစ်ကြိမ်က ခိုင်းစေထားခဲ့သော မယ်အေး၏ ကလေးကို ထိန်းတန်ထိန်း၍ ထမင်းအိုးတည်တန်က တည်ရသည်။ အိမ်ထောင်တစ်ခု၌ မိန်းမသားသုံးဦးနှင့် လူမမယ်ကလေးတစ်ဦးတို့ အသက်ရှင်နေထိုင်ရန်အတွက် တာဝန်ကို ဤမျှယူရသောအလုပ်ကို မြိုင်သည် သဘောပေါက်လာသည်။ ဤလောက၌ အလုပ်မလုပ်ဘဲ ထမင်းမစားရသော လူ့ဝတ္တရားကိုလည်း လေးလေးနက်နက် သိမြင်လာသည်။ မြိုင်သည် ဤကဲ့သို့ မိမိ၏နောက်ကြောင်း ဇာတ်ထုပ်ကြီးတစ်ခုလုံးကိုမြှုပ်နှံ၍ ဆင်းရဲသားကွက်သစ်တစ်ခု၌ မထင်မရှားနေထိုင်ရသည့်အတွက် စိတ်ပျက် အားငယ်ခြင်း မရှိမိ။ မယ်အေးတို့ သားအမိ မြေးအဘွားနှင့်လည်းကောင်း၊ ကွက်သစ်ရှိ အိမ်နီးနားချင်းများနှင့်လည်းကောင်း၊ ပူးပူးကပ်ကပ်၊ ရင်းရင်းနှီးနှီး နေထိုင်လာခဲ့ရသဖြင့် တစ်စတစ်စ နေသားကျလာသည်။ သို့ရာတွင် မိမိကိုယ်ကို လိမ်လည်၍ ဤအရပ်ဒေသ၌ နေထိုင်ရခြင်းကိုကား သတိရ၍ တွေးမိသောအခါ မြိုင်သည် အနည်းငယ်စိတ်မကောင်းဖြစ်တတ်သည်မှအပ ၎င်း၏ ဘဝသစ်နှင့် ပတ်ဝန်းကျင်သစ်တို့ကို တဖြည်းဖြည်းတွေ့ထိစပြုလာသည်။ နေသားကျစလည်း ပြုလာသည်။

မဏ္ဍိုင်ကွက်သစ်သို့ မြိုင်ရောက်၍ လာခဲ့ပြီးနောက် သုံးလေးလခန့်အကြာတွင် ဆင်းရဲသားနှင့် အလုပ်သမားများသာ စုဝေးနေထိုင်ကြသော မဏ္ဍိုင်ကွက်သစ်၌ နှစ်မြုပ်၍ သွားလေသည်။ မြိုင်သည် ရိုးသားသော ဤပတ်ဝန်းကျင်၌ ၎င်းကိုယ်ကို လိမ်လည်လှည့်ဖြား၍ နေထိုင်ခြင်းပြုရသည့်အတွက် စိတ်ထဲ၌ကား မကောင်းလှပေ။ သို့ရာတွင် ၎င်း၏ မခင်သစ်ဆိုသော နာမည်သစ်နှင့် ကိုက်ညီအောင် လူသစ်တစ်ယောက်အဖြစ်နှင့် စတင်နေထိုင်နိုင်ရန်ကိုကား အတတ်နိုင်ဆုံး ကြိုးပမ်းခဲ့သည်။

မြိုင်သည် ဤရိုးသားသော ဆင်းရဲသားများ အလုပ်သမားများနှင့် နီးနီးကပ်ကပ် ပေါင်းသင်း ဆက်ဆံလာရသောအခါ ဤလူတန်းစားများ၏ဖြူစင်သန့်ရှင်းသော နှလုံးသားကို တစ်စတစ်စ တွေ့မြင်လာသည်။ နားလည်လာသည်။

အားလုံးကပင် မြိုင့်အား သစ်သစ်၊ သစ်သစ်နှင့် ခေါ်ဝေါ်ကာ ခင်မင်လာကြသည်။ မယ်အေးကပင်လျှင် မြိုင်အား မမသစ်ဟုခေါ်လာသည်။

မြိုင်သည် မြိုင်မဟုတ်တော့၊ မြိုင့်နေရာတွင် သစ်သစ်ခေါ် မခင်သစ်ဆိုသူသည် ဆင်ရဲသားအလုပ်သမား ကွက်သစ်တစ်ခု၌ မွေးဖွားခြင်းပြုလေပြီ။

မယ်အေးတို့ သားအမိ နှစ်ဦးတည်း၏ လုပ်စာနှင့် ထိုင်၍ စားမလောက်မှန်း မြိုင်သည် တဖြည်းဖြည်း သိလာရသောအခါ ၎င်းကိုယ်တိုင်လည်း တစ်ခုခုလုပ်မှဖြစ်တော့မည်ကို နားလည်လာသည်။ မယ်အေး၏ မိခင်ကို ထမင်းချက်၊ ကလေးထိန်း ဝင်ကူသောအလုပ်ကလေးလောက်နှင့် မိမိတို့ သုံးဦး၏ တစ်လတစ်လကုန်ကျစရိတ်ကို မကာမိနိုင်မှန်း မြိုင် သိရှိလာရသည်နှင့်တစ်ပြိုင်နက် ခြေနင်းစက်တစ်လုံးကိုဝယ်၍ စက်ချုပ်ရန်ပြင်ဆင်လေသည်။

မြိုင် စက်ချုပ်မည်ဆိုသောအခါ မယ်အေးတို့ သားအမိက ပင်ပန်း၍ အညောင်း မိမည်စိုးသဖြင့် တားမြစ်ကြသေးသည်။ သို့ရာတွင် မြိုင်လုပ်ချင်သော အလုပ်ကို ဘယ်သူမှ တားမြစ်၍ ရသည်ကား မဟုတ်ခဲ့ပေ။

မြိုင်စက်ချုပ်သည့် သတင်းထွက်လာသောအခါ ကွက်သစ်တစ်ခုလုံးလိုလိုက ၎င်းတို့ အပ်နှံစရာရှိသမျှကို လာရောက်အပ်နှံကြသည်။ မြိုင်ကလည်း လာအပ်သမျှကို ဈေးအသက်သာဆုံးနှင့် သေသေသပ်သပ် ချုပ်လုပ်ပေးသဖြင့် မခင်သစ်၏ အပ်ချုပ်ဆိုင်မှာ သတင်းကြီးလာသည်။ အချို့အလွန်တရာဆင်းရဲချို့ငဲ့သော အလုပ်သမားသားသမီးကလေးများကို မြိုင်သည် ချုပ်ခပင် မယူဘဲ စေတနာဖြင့် ချုပ်ပေးခြင်း ပြုလေသည်။ အလုပ်သမား လူတန်းစားများသည် ၎င်းတို့အပေါ်၌ စေတနာထားသူများကို အလွန်တရာ လေးစားခင် မင်တတ်ကြသည့်အလျောက် မခင်သစ်ခေါ် မြိုင်သည် မဏ္ဍိုင်ကွက်သစ်၌ ခိုကပ်နေကြရသော အလုပ်သမားများ၏ မိတ်ဆွေကြီးဖြစ်လာသည်။ မခင်သစ်ခေါ် မြိုင်၌ အရေး တစ်စုံတစ်ရာ ရှိလာသောအခါတိုင်း တစ်ရပ်ကွက်လုံးက ဝိုင်း၍ ဝိုင်း၍ လာကြသည်။ ဤကဲ့သို့ဘဝ၏ ပို့ဆောင်ရာ၌ မြိုင်သည် ၎င်းတစ်ကြိမ်က များစွာ အထင်သေး အမြင်သေး ဖြစ်ခဲ့သော အလုပ်သမား လူတန်းစားများ၏ အကြောင်းကို ကောင်းကောင်းကြီး နားလည်ကာ လေးစားချစ်ခင်ရကောင်းမှန်း နားလည်လာရသည်။

"အလုပ်သမားတွေဟာ ပင်ပင်ပန်းပန်းလုပ်ကိုင်နေရလို့ ကြေးတွေပေပြီး ချွေးစော်တွေ နံနေပေမဲ့လည်း သင်းတို့ရဲ့အသည်းနှလုံးတွေဟာ ဘယ်လောက်ဖြူစင်ပြီး သန့်ရှင်း

တယ်ဆိုတာကို မြိုင် မသိသေးလို့ပါကွယ်”

တစ်ကြိမ်က ကိုတင်ဦး ပြောဆိုခဲ့ဖူးသော စကားကလေးများကို မြိုင်သည် မကြာခဏ ကြားယောင်လာမိသည်။ ဤလူတန်းစားများ၏ လွတ်မြောက်ရေးအတွက် ၎င်း၏ ဘဝကြီးတစ်ခုလုံးကို ဖောက်ချမြှုပ်နှံကာ မအိပ်မနေလုပ်ကိုင်ခဲ့သော ကိုတင်ဦး၏ လုပ်ငန်းကို မြိုင်သည် ယခုမှပင် လေးလေးနက်နက် သဘောပေါက် နားလည်လာသည်။ အမိပ္ပာယ်လည်း ရှိလာသည်။

မိုးချုပ်၍ အိပ်ရာဝင်သောအခါတိုင်း ကိုတင်ဦးကို မြိုင်သည် သတိရမိသည်။ မွတ်မွတ်သိပ်သိပ် တောင်းတလာမိသည်။ မိမိ မလိမ္မာ၍ စွန့်ပစ်ထားခဲ့သော သူရဲကောင်းကြီးကို ယခုမှပင် စုံမက်ရမှန်း၊ မြတ်နိုးရမှန်း နားလည်လာသည်။ သို့ရာတွင် ဤဘဝ၌ ဤကဲ့သို့သော လူ့အဖိုးတန်ကြီးတစ်ဦးတစ်ယောက်နှင့် မည်ကဲ့သို့မျှ ပြန်လည်ဆုံစည်းရန် လမ်းကား မရှိတော့ပေ။

မိမိက ကြီးမားလှသော ပြစ်မှုကြီးတစ်ခုကို ကျူးလွန်လာခဲ့ပြီးသည့်နောက်မှာပင် မိမိအား အပြစ်တစ်စုံတစ်ရာမျှ မယူဘဲ၊ လာခေါ်ပါရစေဟု ခွင့်တောင်းမှာခဲ့သော လင်ကြီးအား မြိုင်သည် ယခုမှပင် အသည်းထဲ ရင်ထဲ လှိုက်လှိုက်လှဲလှဲ လွမ်းဆွတ်မိသည်။

သို့ရာတွင် မြိုင်သည် မိမိနောင်တရခြင်းသည် နှောင်းသွားခဲ့လေပြီဟု နားလည်ကာ ကျိတ်၍ ဆွေးခဲ့ရသည်။ ယူကျုံးမရ ဖြစ်ခဲ့မိသည်။

မြိုင်သည် တစ်ခါတစ်ရံ ရန်ကုန်ထောင်ကြီးသို့ ထပြေးသွားပြီးလျှင် ယခုထက်တိုင် ဖမ်းဆီးအချုပ်အနှောင်ခံနေရသော လင်လုပ်သူအား တွေ့ချင် ကြည့်ချင်လှသည်။ သို့ရာတွင် မိမိ၏အပြစ်နှင့် မိမိဖြစ်နေ၍ မြိုင်သည် မသွားဝံ့မလာရဲပေ။ မိမိသွားတွေ့လျှင် ကိုတင်ဦးက လက်ခံတွေ့ဆုံခြင်းပြုမည်ကိုကား မြိုင်သည် အနည်းငယ်မျှ သံသယမဖြစ် မိပေ။ ထိုသူတစ်ယောက်၏ သဘောထားကြီးမြင့်ခြင်းကိုလည်း စိတ်ချပြီးဖြစ်သည်။ သို့ရာတွင် မိမိ၏အပြစ်က မိမိကို ခြောက်လှန့်လျက်ရှိနေသောကြောင့် မြိုင်သည် မသွားရဲခြင်းမျှသာ ဖြစ်သည်။

နေ့လယ်နေ့ခင်း အချိန်များ၌ လုပ်စရာ အလုပ်အကိုင်များက မြိုင်၏ အာရုံကို ထိန်းချုပ်ထားသဖြင့် မြိုင်၏စိတ်သည် ပျံ့လွင့်ခြင်း မရှိသော်လည်း

လူခြေတိတ်ဆိတ်သော ညပိုင်းများတွင်ကား ပျံ့လွင့်ချင်တိုင်း ပျံ့လွင့်လျက်ရှိလေသည်။ ဤသို့ ပျံ့လွင့်လျက်သော စိတ်တို့သည် ရွှေတောင်ကြား၊ ရှစ်မိုင်နှင့် ကံဘဲ့ဘက်သို့ကား လုံးဝ မရောက်ပေ။ ရေကျော်အိမ်သို့သာ ရောက်ရှိနေပေသည်။ ကိုတင်ဦးနှင့် တရားရုံးတော်တွင် မင်္ဂလာဆောင်ခဲ့ရပြီးနောက် ထိုရေကျော်အိမ်တွင် လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ရသော နေ့ရက်များအကြောင်းကိုသာ စဉ်းစားနေမိသည်။

မြိုင်သည် မိမိ၏အမှားများကို တစ်ခုပြီးတစ်ခု ပြန်လည်မြင်ယောင်လာသည်။ မိမိ၏ ချို့ယွင်းချက်များနှင့် အားနည်းချက်များကိုလည်း သိမြင်လာသည်။ စင်စစ်ကိုတင်ဦး၌ ချို့ယွင်းချက်လုံးလုံး မရှိ၍ တော့ကား မဟုတ်ပေ။ သူလည်း လူတစ်ယောက်ဖြစ်၍ ချို့ယွင်းချက်တော့ရှိသည်။ သို့ရာတွင် သူ၏ချို့ယွင်းချက်မှာ အဓိကမဟုတ်ဘဲ မိမိ၏ ချို့ယွင်းချက်သည်သာ အဓိကဖြစ်သည်ကို မြိုင်သည် ကောင်းစွာ သဘောပေါက် သိမြင်လာသည့်အတွက် မိမိ၏ဘဝကို မိမိကိုယ်တိုင် ဖျက်ဆီးခဲ့မိခြင်းကို များစွာ နောင်တရမိသည်။ သို့ရာတွင် မြိုင်သည် မိမိ၏နောင်တကို နှောင်းသွားခဲ့လေပြီဟု ယူကျုံးမရဖြစ်ကာ ညဉ့်နက်သန်းခေါင်ယံအချိန်များ၌ တစ်ယောက်တည်း ကျိတ်၍ ငိုယိုခဲ့ရသည်။

မြိုင်သည် တစ်ခါတစ်ရံ ကိုတင်ဦးအား ဖမ်းဆီးချုပ်နှောင်၍ ထားသော ကိစ္စနှင့် ပတ်သက်၍ လိုက်လံစုံစမ်းကြည့်လိုသော စိတ်များ တားမနိုင်ဆီးမရ ပေါ်ပေါက်လာတတ် သည်။ သို့ရာတွင် မြိုင်သည် ဘယ်သူဘယ်ဝါ၏ထံ၌ အဘယ်သို့ လိုက်လံစုံစမ်းခြင်း ပြုရမည်ကိုကား မသိပေ။ ထိုသို့မသိသည့်အတွက် သာလွန်၍ စိတ်မကောင်းဖြစ်ရပြန် သည်။ ဤကဲ့သို့ စိတ်မကောင်းရာမှ ဝတ်လုံတစ်ယောက်ယောက်ဆီသို့ တဖြည်းဖြည်း သွားပြီးလျှင် အကျိုးအကြောင်းဖွင့်ပြော၍ ကိုတင်ဦး၏ လွတ်မြောက်ရေးအတွက် ကြံစည် လုပ်ကိုင်လိုသောစိတ်များ ပေါ်ပေါက်လာပြန်လေသည်။ သို့ရာတွင် မြိုင်၏စိတ်ကသာ အလုပ်လုပ်၍ ကိုယ်ကမူကား စိတ်၏နောက်သို့ မလိုက်ပါနိုင်ချေ။ မြိုင်နှင့် ကိုတင်ဦးတို့သည် နှစ်ဦးစလုံး အသက်ရှင်၍ နေကြပါလျက် ဘဝမှာ တစ်ခုစီ၌ ဖြစ်နေကြလေပြီတကား...

❀ ❀ ❀

အလုပ်သမား၏ ရပ်ကွက်ဖြစ်သော မဏ္ဍိုင်ကွက်သစ်တွင် ပင်ပင်ပန်းပန်း စက်ချုပ်စားရသောဘဝ၌ မြိုင်သည် တစ်စထက်တစ်စ ပျော်ပိုက်ခြင်းကို တွေ့ရှိလာရသည်။ အလုပ်လုပ်ရခြင်းသည် ပျော်မွေ့စရာ ကောင်းမှန်းနှင့် စိတ်ဝင်စားစရာကောင်းမှန်းကို မြိုင်သည် အလုပ်လုပ်စားရသော အခါမှပင် သဘောပေါက် နားလည်လာသည်။ ထို့ကြောင့် ယခင်က လက်ပြင်ကြော တင်းအောင် ဘာမျှမလုပ်မကိုင်ခဲ့ဖူးသော မြိုင်သည် ယခုကဲ့သို့ တစ်နေကုန် တစ်နေခန်း အညောင်းထိုင်၍ စက်ချုပ်နေရသော အလုပ်ကိုပင် ပင်ပန်းသည် ဟု မအောက်မေ့တော့၊ တစ်နေကုန်၍ အင်္ကျီဘယ်နှထည်ပြီးလျှင် ငါ့အတွက် အနည်းဆုံး ဘယ်လောက် ကျန်မည်ဟူသော တွက်ကိန်းဖြင့် ကြည်နူးနေလေ့ရှိသည်။ ယခင်အခါများက အလုပ်လုပ်ရခြင်းကို မြိုင်သည် အနည်းငယ်မျှ မနှစ်သက်ခဲ့ပေ။

ကိုယ့်အိမ်နှင့်ကိုယ် ထမင်းချက် ဈေးသွားရသော အလုပ်များကိုပင် စက်ဆုပ်ခဲ့မိသည်။ အလုပ်လုပ်ရခြင်းကို အထင်သေးခဲ့သည့်အတွက် အလုပ်သမားများကိုလည်း အထင် သေးခဲ့ခြင်းဖြစ်သည်။ မြိုင်သည် ဘာအလုပ်မျှ မလုပ်ကိုင်ဘဲ၊ အားအားရှိတိုင်း ကဗျာဖတ် ရသော အလုပ်ကို အဟုတ်တကယ် ထင်ခဲ့သည်။ သို့ရာတွင် မိမိ၏ဘဝတည်တံ့ရေး အတွက် ရုန်းကန်ရရင်း မြိုင်သည် မိမိ၏လုပ်အားနှင့် စွမ်းပကားကို သိရှိလာသည်။ မိမိ ကိုယ်ကို အားကိုးသော စိတ်များလည်း ဝင်လာသည်။ ဤလောက၌ မိမိကိုယ်ကိုသာ မိမိ ကိုးကွယ်ရာ ဖြစ်သည်ကိုလည်း လေးလေးနက်နက် သဘောပေါက်လာသည်။

အလုပ်လုပ်ကိုင်ရင်း မြိုင်သည် မိမိကိုယ်ကို ယုံစားခြင်း ရှိလာသည်။ ထို့ကြောင့် စက်ချုပ်ရင်း မြိုင်သည် တစ်စထက်တစ်စ သီချင်းများ ဆိုလာနိုင်သည်။

မဏ္ဍိုင်ကွက်သစ်၌ မိမိ၏စွမ်းပကားဖြင့် လုပ်ကိုင်စားသောက်ရင်း မြိုင်သည် ၎င်း၏အတိတ်ဘဝများကို သတိရ လွမ်းဆွတ်ခြင်း မရှိတော့။ ရွှေတောင်ကြားအရပ်ဒေသကိုပင် မေ့လျော့စပြုလာသည်။ ဥယျာဉ်ပါတီနှင့် ဘုရားကိုးဆူကပ်လှူပွဲများကိုလည်း ယောင်၍ မျှပင် သတိမရတော့ပေ။

ညနေ ၄ နာရီခန့်တွင် မြိုင်သည် ၎င်း၏အလုပ်ကို

သိမ်းဆည်းပြီးနောက်၊ အညောင်းပြေ အညာပြေ ကွက်သစ်ထဲ၌ လမ်းလျှောက်လေ့ရှိသည်။ အသိမိတ်ဆွေများ အိမ်သို့ဝင်၍ ခေတ္တခဏထိုင်ကာ စကားစမြည် ပြောဆိုလေ့ရှိသည်။

မြိုင် ကွက်သစ်ထဲသို့ လမ်းလျှောက်ဆင်းလာသည်ကိုမြင်လျှင် အိမ်တိုင်းလိုလိုက ဆီး၍ နှုတ်ဆက်တတ်ကြသည်။ တချို့က အိမ်ပေါ်သို့ ဖိတ်ခေါ်တတ်သည်။

"တစ်နေ့လုံး စက်ချုပ်ရတာ ညောင်းလွန်းလို့ ခဏလောက်တော့ အညောင်းပြေ အညာပြေ လျှောက်လိုက်ပါရစေဦးနော်"

မြိုင်က ပြန်၍ ပင် တောင်းပန်ယူရသည်။

ဤကဲ့သို့ ညနေခင်း အညောင်းပြေအညာပြေ လမ်းလျှောက်လာရင်း တစ်ညနေ ၌ မဏ္ဍိုင်ကွက်သစ်အစွန်းဘက်ရှိ အိမ်တစ်လုံးတွင် မိန်းမတစ်ယောက် အရက်များမူးကာ ဆူဆူပူပူလုပ်နေသည်ကို ရုတ်တရက်တွေ့ လိုက်ရသဖြင့် မြိုင်သည် အံ့သြ လှုပ်ရှားသွား မိသည်။ မိန်းမသားတန်မဲ့ အရက်များ သောက်စား မူးယစ်ကာ ဆူဆူပူပူလုပ်နေသည့် အတွက် မြိုင့်အဖို့ များစွာထူးခြားနေသည်။ မြိုင်သည် ထိုကဲ့သို့ ဆူပူနေသော အိမ်ပေါ်မှ မိန်းမသားကို မလှမ်းမကမ်းမှ ရပ်၍ ကြည့်နေသည့်အခိုက်...

"သစ်သစ် လမ်းလျှောက်လာတာ လား..."

ဟု မြိုင့်အား အလုပ်မှ ပြန်လာသော မိန်းမသုံးလေးယောက်အနက် မြိုင်နှင့် တော်တော်ကလေး ရင်းနှီးခင်မင်သော မိန်းမပျိုတစ်ယောက်က မေးလိုက်တော့မှ မြိုင်သည် မိမိကိုယ်ကို ပြန်၍ သတိရလာသည်။

"သြော်... မထွေးတင်ပါလား အလုပ်က ပြန်လာတယ် ထင်တယ်...."

ဟု ပြန်၍ နှုတ်ဆက်လိုက်သည်။

"ဟုတ်တယ် ကျွန်မတို့ ကနေ့ စောစောပြန်ရတယ်... ဒါထက် ကျွန်မအင်္ကျီတော့ သန်ဘက်ခါ ရပါတယ်နော် သစ်သစ်"

ဟု မတင်ထွေးဆိုသော အလုပ်သမက ၎င်း၏ အပ်ထားသောအင်္ကျီအကြောင်းကို ဆက်၍ မေးလိုက်ပြန်သည်။

"ရပါတယ်...စိတ်သာ ချပါလေ"

ဟု မြိုင်က အာမခံချက် ပေးလိုက်ရသည်။ မထွေးတင်နှင့်အတူ လိုက်လာကြသော အလုပ်သမ သုံးယောက်တို့သည် မြိုင်နှင့် မထွေးတင် စကားပြောဆိုနေကြခြင်းကို စောင့်၍ ပင် နားမထောင်နိုင်အားကြတော့ဘဲ ၎င်းတို့ အိမ်များဘက်သို့ ထွက်သွားကြလေသည်။

မြိုင်သည် မထွေးတင်၏အင်္ကျီအကြောင်းကို ပြောဆိုပြီးနောက်၊ ခပ်လှမ်းလှမ်း အိမ်ထဲမှ အရက်မူး၍ အော်ဟစ် ဆူပူနေသော မိန်းမ၏အကြောင်းကို သိလိုစိတ်ရှိနေ သေးရကား မထွေးတင်အနေနှင့် သိလိုသိငြား...

"ဒါထက် ဟိုအိမ်ထဲမှာ မိန်းမတစ်ယောက် အရက်မူးသလား မပြောတတ်ပါဘူး၊ တော်တော်ကလေး ဆူနေတယ်.."

ဟု မေးပြော ပြောလိုက်မိသည်။

"သစ်သစ်က မသိသေးဘူးနဲ့ တူတယ်၊ အဲဒီမိန်းမဟာ အရင်က နာမည်ကျော် ရုပ်ရှင်နဲ့ပြဇာတ်မင်းသမီး မေမေခင်ဆိုတဲ့ မိန်းမပေါ့.."

"ရုပ်ရှင်မင်းသမီး မေမေခင်တဲ့လား ဟင်.. မထွေးတင်"

မြိုင်သည် ရုတ်တရက် ပြန်မေးလိုက်မိသည်။ ရင်ထဲ၌လည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားပုံရသည်။

"အခုတော့ ရုပ်တွေဘာတွေကျလို့ ဘယ်ကမှလည်း မငှားကြတော့ဘူးနဲ့ တူပါတယ်"

"မေမေခင်က ဒီမှာ အစက နေတာ မတွေ့မိပါဘူး၊ ဘယ်တုန်းက ဒီမှာ ပြောင်း လာသလဲဟင်"

"လေးငါးရက်လောက်ပဲ ရှိပါသေးတယ်... မိန်းမက အရက်လည်း သောက်တယ်.. စိတ်ကလည်း ကောင်းကောင်းမမှန်ဘူးလို့ပြောသံကြားမိတာပဲ..."

"သူ အခုနေတဲ့အိမ်က ဘယ်သူ့အိမ်တဲ့လဲဟင် မထွေးတင်..."

"သူ့အစ်ကို ဦးတင်ဦးရဲ့ မိတ်ဆွေတစ်ယောက်အိမ်ပဲ... ဦးတင်ဦးကို အစိုးရက ဖမ်းထားလို့ သူ့နှမကို ဦးတင်ဦးရဲ့ မိတ်ဆွေတွေက ဝိုင်းစောင့်ရှောက်ထားတယ်လို့ ပြောသံကြားတာပဲ..."

မိမိ၏လင်နာမည်ကို ပထမဆုံးအကြိမ် ပြောသံဆိုသံ ကြားလိုက်ရသဖြင့် မြိုင်သည် ရင်ထဲ၌ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ သို့ရာတွင် ၎င်းကိုယ်ကို ပြန်၍ ထိန်းသိမ်းလိုက်လေသည်။

"ကျွန်မက မူးပြီး ဆူဆူပူပူလုပ်နေတဲ့အသံကြားလို့ ဘာဖြစ်တာများလဲဆိုပြီး နား ထောင်နေမိတာပါ..."

ဟု မြိုင်က ပြန်ပြောလိုက်သည်။

"ဒီအရပ်ကတော့ ဦးတင်ဦးနဲ့ မကင်းရာမကင်းကြောင်း ဖြစ်နေကြတဲ့လူတွေမို့ ဦးတင်ဦးနဲ့သာ ပတ်သက်လာရင် ဘာပဲဖြစ်နေဖြစ်နေ သည်းညည်းခံကြမှာပါပဲ"

"ဒါထက် ဒီအရပ်က လူတွေနဲ့ ဦးတင်ဦးဆိုတဲ့လူနဲ့ ဘယ်လိုကျေးဇူးခံ ကျေးဇူးစားများ ရှိကြလို့လဲဟင်... မထွေးတင်... ကျွန်မကတော့ လူသစ်တစ်ယောက်မို့ ဘာမှမသိလို့ မေးမိတာပါနော်"

"ကျွန်မတို့ ကွက်သစ်က အလုပ်သမားတွေအတွက် ဦးတင်ဦးက တော်တော် ဆောင်ရွက်ပေးခဲ့ဖူးတယ် သစ်သစ်ရဲ့၊ ဦးတင်ဦးဆိုရင် ဒီအရပ်က လူတွေကတော့ ဘုရားလောက် ကြည်ညိုကြတာပဲ..."

ဦးတင်ဦး၏ မယားလုပ်သူရှေ့တွင် ဦးတင်ဦး၏အကြောင်းကို ရွှန်းရွှန်းဝေအောင် ပြောဆိုလျက်ရှိသော မထွေးတင်အား မြိုင်သည်ငေးမော၍ ကြည့်နေမိသည်။ အကယ်၍ ဦးတင်ဦးအား စွန့်ပစ်ထားခဲ့ပြီးနောက် အခြားယောကျ်ားတစ်ယောက်နှင့် ထွက်ပြေးသွားသော ဦးတင်ဦး၏မယားအနေနှင့် ဤရပ်ကွက်မှ သိရှိကြလျှင် မိမိအား အဘယ်သို့ သဘောထားဆက်ဆံကြမည်နည်း။ မြိုင်သည် မိမိကိုယ်ကို မလုံခြုံအောင် ဖြစ်လာသည်။ ကျောထဲ၌လည်း စိမ့်တက်လာသည်။ ထို့ကြောင့် မြိုင်သည် နောက်ထပ်၍ မထွေးတင်အား ဘာမျှ မေးမြန်းပြောဆိုခြင်း မပြုတော့ဘဲ နေလိုက်သည်။

"ကျွန်မ ညစာမချက်ရသေးလို့ သွားဦးမယ်နော် သစ်သစ်..."

ဟု မထွေးတင်က နှုတ်ဆက်၍ ထွက်သွားသည်ကိုပင် မြိုင်သည် မသိလိုက်တော့ပေ။

မြိုင် အိမ်သို့ ပြန်ရောက်သောအခါ၌လည်း မိမိကိုယ်ကို မလုံမခြုံဖြစ်နေ၍ မယ်အေးတို့သားအမိ မြေးအဘွားတို့ကိုပင် ခါတိုင်းကဲ့သို့ စကားမပြောနိုင်တော့ဘဲ၊ မိမိအခန်း အတွင်းသို့ ဝင်ကာ ပုန်းအောင်းနေမိသည်။ အိပ်ရာထက်တွင် အသာလှဲရင်း ဤအရပ် ဒေသမှ လူများသည် တစ်နေ့သောအခါ မိမိ၏ဇာတိအမှန်ကို သိရှိသွားခဲ့လျှင် မိမိအား အဘယ်ကဲ့သို့ သဘောထား ဆက်ဆံကြမည်ကို မြိုင်သည် တွေးတောထိတ်လန့်လျက် ရှိလေသည်။ မိမိအား မခင်သစ်အနေဖြင့် သိရှိခင်မင်နေကြသူများသည် အကယ်၍ ၎င်းတို့ချစ်သော ဦးတင်ဦးအပေါ်၌ ရက်ရက်စက်စက် သစ္စာဖောက်သွားခဲ့သော မိန်းမတစ်ဦး တစ်ယောက်အဖြစ်နှင့် သိလာခဲ့ကြသော တစ်နေ့တွင် မိမိအား ၎င်းတို့ဒေသတွင် လက်သင့် ခံထားကြပါဦးမည်လော။ ဤမျှရိုးသား၍ နှစ်လိုဖွယ်ရာကောင်းသော လူများက မိမိအား လက်မခံကြလျှင် မိမိသည် အဘယ်သို့ ပြေးလွှားခိုလှုံရပါမည်နည်း။

သဘာဝအားဖြင့် အားငယ်တတ်သော မြိုင်သည် စိတ်အားငယ်စရာအကြောင်းများကို လျှောက်၍ တွေးရင်း အနေရအထိုင်ရ ကျပ်နေမိသည်။ ထိုအခိုက်အိမ်ရှေ့မှ လူ သုံးလေးယောက် တက်လာသော ခြေသံများကို ကြားရသည်။

"မယ်အေးရေ မခင်သစ် တစ်ယောက်များရှိရဲ့လားဟေ့" ဟူသော အသံကိုလည်း ကြားလိုက်ရသဖြင့် မြိုင်သည် အခန်းတွင်း၌နေ၍ မဖြစ်တော့ဘဲ အိမ်ရှေ့သို့ ထွက်လာရသည်။

အိမ်ရှေ့ခန်းတွင် ဘီအိုစီ အလုပ်သမားခေါင်းဆောင်သုံးဦးကို တွေ့ရသဖြင့်...

"ဘယ် လို ကိစ္စများ ရှိပါသလဲရှင်.."

ဟု မြိုင်က အိမ့်ရှင် ဝတ္တရားအတိုင်း မေးလိုက်မိသည်။

“ကိစ္စကတော့ ရပ်ရေးရွာရေးဆိုလည်း ဟုတ်ရဲ့၊ တိုင်းရေးပြည်ရေးဆိုလည်း မမှားပါဘူး..”

ဟု သုံးဦးအနက် ရှေ့ဆောင်လာသူက စကားခပ်ကြွယ်ကြွယ်ဖြင့် နိဒါန်းပျိုး လာသည်။

“ကျွန်မက ဘယ်လိုပါဝင်ဆောင်ရွက်ရမယ်ဆိုတာကိုသာ တစ်ဆိတ်လောက် အမိန့် ရှိပါဦးရှင်...”

“မခင်သစ်ကတော့ ကျွန်တော်တို့ အရပ်ကို ရောက်တာ မကြာသေးလို့ သိချင်မှ သိမှာမို့ ရာဇဝင်ကလေးပါ ချီပြီးပြောပြမှ ဖြစ်လိမ့်မယ်...”

“ဟုတ်ကဲ့ အမိန့်ရှိပါဦးရှင်..."

“ကျွန်တော်တို့ ရပ်ကွက်မှာ နေကြတဲ့ အလုပ်သမားတွေအတွက် အစစအရာရာ နည်းပေး လမ်းပြပြီး ဆောင်ရွက်ပေးခဲ့တဲ့ ကျွန်တော်တို့ အားလုံးရဲ့ ခေါင်းဆောင်တစ်ယောက်ကို အစိုးရက အမှုလည်းမစစ်ဘဲ ဖမ်းထားတာ တစ်နှစ်ကျော်ကျော်ရှိသွားပါပြီ”

“ဟုတ်ကဲ့...”

“အဲဒီ ကျွန်တော်တို့ရဲ့ ခေါင်းဆောင်ကို အစိုးရက ခုလို မတရားဖမ်းဆီးထားတဲ့ ကိစ္စနဲ့ပတ်သက်လို့ ကျွန်တော်တို့ရပ်ကွက်က လူတွေကရော၊ တခြားရပ်ကွက်က လူတွေ ကပါ စုဆောင်းရသမျှနဲ့ ဝတ်လုံငှားပြီး တရားလွှတ်တော်ချုပ်ကို တက်အရေးဆိုကြဖို့ စိုင်းပြင်နေကြပါတယ်...”

“ဟုတ်ကဲ့ အမိန့်ရှိပါဦး...”

“အဲဒီလို ဝတ်လုံငှားပြီး အရေးဆိုကြဖို့အတွက် ကျွန်တော်တို့ရပ်ကွက်က စေတနာရှိသလောက်နဲ့ တတ်အားသလောက် အိမ်ပေါက်စေ့ လိုက်အလှူခံတာပါပဲ”

“ဒါဖြင့် ကျွန်မလည်း တတ်အားသလောက် ပါဝင်ရတာပေါ့ရှင်...”

ဟု ပြောဆိုကာ မြိုင်သည် အခန်းတွင်းသို့ ပြန်ဝင်လာပြီးနောက်

ငှင်း၏သားရေသေတ္တာထဲတွင် ကျစ်ကျစ်လျစ်လျစ် သိမ်းဆည်းထားသော အထုပ်ကလေးထဲမှ ငွေတစ်ဆယ်တန်တစ်ချပ်ကို ဆွဲထုတ်ယူလာခဲ့ပြီးလျှင် အလှူခံများလက်တွင်းသို့ ထည့်လှူလိုက်သည်။

"မခင်သစ် ငွေတစ်ဆယ်.."

ဟု တစ်ယောက်သော သူက ငှင်း၏စာရင်း စာအုပ်ကို ဖွင့်ကာ ရေးမှတ်လေသည်။

မြိုင့်ထံမှ ငွေတစ်ဆယ်ကို လက်ခံရရှိပြီးနောက် အလှူခံများသည် ထိုင်ရာမှ ထကြသည်။

"ရပ်ရေးရွာရေးကိစ္စနှင့်ပတ်သက်လာရင် ကျွန်မလည်း တတ်အားသမျှတော့ ပါ ပါရစေရှင်၊ အချိန်မရွေး ဝင်လာခဲ့ကြပါ"

ဟု မြိုင်က ပြောဆိုလိုက်သည်။

"ကျေးဇူးတင်ပါတယ်။ မခင်သစ်.. ဪ ဒါထက် ကျွန်တော်တို့ ခေါင်းဆောင် ဆိုတဲ့ လူရဲ့ နာမည်ကလေးတောင် မပြောခဲ့ရသေးဘူး ထင်တယ်...."

"ကိစ္စမရှိပါဘူးရှင်...
လူထုခေါင်းဆောင်တစ်ယောက်အတွက်ဆိုရင်တော့ ကျွန်မက စေတနာရှိပြီးသားပါ...."

"ဒီလို ကြားရတာ ဝမ်းသာပါတယ် မခင်သစ်... အခုကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော်တို့မှာ ပြောပြဖို့လည်း ဝတ္တရားက ရှိလို့ပါ မခင်သစ်ကတော့ ဒီအရပ်ကို ရောက်လာတာ မကြာသေးလို့ သိလိမ့်မယ်တော့ မဟုတ်သေးဘူး။ အခု ကျွန်တော်တို့ လိုက်လံ ဆောင်ရွက် နေကြတဲ့ ခေါင်းဆောင်ဆိုတာကတော့ အရင် ပြည်သူ့အလင်းနေ့စဉ်သတင်းစာတိုက်ကြီးမှာ အယ်ဒီတာချုပ် လုပ်နေတဲ့ ဦးတင်ဦးဆိုတဲ့ ပုဂ္ဂိုလ်ပါပဲ..." ,,

အလှူခံသုံးဦးအနက် ခေါင်းဆောင်လုပ်လာသူက ငှင်း၏ ဝတ္တရားရှိသည့်အတိုင်း ပြောဆိုရာရှိသမျှကို ပြောဆိုပြီးနောက် ပြန်ဆင်းသွားသောအခါ မြိုင်သည် ငှင်းကိုယ်ကို လဲကျ၍ မသွားရအောင်

တော်တော်ကြီး အားယူ၍ ထိန်းသိမ်းလိုက်ရပေသတည်း။

အခန်း [၃၃]

(က)

မဏ္ဍိုင်ကွက်သစ်၌ နေထိုင်ရခြင်းအားဖြင့် မြိုင်သည် ယခုအခါတွင် တစ်နေ့တခြား ထိတ်လန့်သည်ထက် ထိတ်လန့်လာလေသည်။ ဘာမျှမသိရမီက မြိုင်သည် ဤရိုးသားသော အလုပ်သမားပတ်ဝန်းကျင်၌ စိတ်ချမ်းမြေ့ပျော်ရွှင်ခြင်းရှိခဲ့သော်လည်း ယခုတော့မူ မြိုင်သည် ဝန်လေးပင်ပန်းခြင်း ရှိလာသည်။ သိမ်ငယ်သလို ကျဉ်းကျပ်သလိုလည်း ဖြစ်လာသည်။

အကယ်၍ မိမိ၏ဇာတိမှန်၊ အကြောင်းမှန်များကိုသာ ဤရပ်ကွက်ရှိလူများ သိရှိ သွားကြသော တစ်နေ့တွင် မိမိအပေါ်၌ အဘယ်သို့ ထင်မြင်ကြမည်နည်း၊ အဘယ်သို့ သဘောထား ဆက်ဆံကြမည်နည်း။ မြိုင့်အား သစ်သစ်အဖြစ် လေးစားချစ်ခင်လက်ခံ၍ ထားခဲ့ကြသောသူများသည် သစ်သစ်အား မြိုင်အဖြစ်ဖြင့် ဆက်လက်၍ လက်ခံကြပါဦး မည်လော။ လေးစားချစ်ခင်ခြင်းကော ရှိနိုင်ကြပါဦးမည်လော။

မြိုင်သည် မိမိ၏လိမ်လည်လှည့်ဖြားခဲ့မိသော အလုပ်ကြီးကို တစ်နေ့ထက်တစ်နေ့ ကြောက်ရွံ့လာမိသည်။ ၎င်းတို့ ချစ်ခင်မြတ်နိုးကြသော လူတစ်ယောက်အား ရက်ရက်စက်စက် စွန့်ပစ်ထားခဲ့ပြီးနောက် အခြားသူတစ်ယောက်နှင့် လိုက်ပြေးသွားခဲ့ဖူးသော မိန်းမ တစ်ယောက် အဖြစ်နှင့် ဤရပ်ကွက်လူများက သိရှိကြပါက မိမိသည် ဤအရပ်ဒေသ၌ အဘယ်သို့ ဆက်လက်နေထိုင်နိုင်ပါဦးမည်နည်း။

ကိုတင်ဦး၏ နှမ မေမေခင် ဤရပ်ကွက်သို့ ရောက်ရှိနေမှန်းနှင့် ကိုတင်ဦး၏ လွတ်မြောက်ရေးအတွက် ၎င်း၏ မိတ်ဆွေများက လိုက်လံဆောင်ရွက်နေမှန်းကို သိရှိခဲ့ရသောနေ့ကစ၍ မြိုင်သည် နေ့လယ်နေ့ခင်း၌ လုပ်ကိုင်ရသော အလုပ်အကိုင်ကို ဘာမျှ စိတ်ဝင်စား၍ မရတော့သကဲ့သို့ ညဘက်များတွင်လည်း အိပ်၍ မရနိုင်လောက်အောင် ချောက်ချောက်ချားချားနှင့် အိပ်၍ မပျော်သော ရောဂါစွဲကပ်လာသောအခါ မြိုင်သည် ချောင်၍ ကျသွားသည်။

“မမမြိုင် နေမကောင်းဘူးလားဟင်”

ဟု တစ်အိမ်ထဲတွင် အတူနေသော မယ်အေး ကပင် နားမလည်ဖြစ်ကာ မေးယူရသည်။

"ကောင်းသားပဲ.. ည ညဘက် အိပ် မပျော်လို့ပါ"

ဟု မြိုင်က ဘာမျှမဖြစ်သလို ခပ်ပေါ့ပေါ့လုပ်၍ ပြန်ပြောလိုက်ရသည်။

မြိုင်သည် မိမိအသားအရေများ လျော့ပါး၍ ကောင်းစွာနေထိုင် မကောင်းချင် သလို ဖြစ်လာသဖြင့် နေ့လယ် နေ့ခင်းဘက်တွင် အညောင်းထိုင်ရသော အလုပ်ကို ခေတ္တ အနားယူ၍ ညဘက်တွင် အိပ်ပျော်အောင် အိပ်ရန် ကြိုးပမ်းရပြန်လေသည်။ အိပ်ပျော်အောင် အိပ်ရန် အလုပ်သည် ကြိုးပမ်း၍ ရလွယ်သော အလုပ်ကား မဟုတ်ပေ။ စိတ်ထဲ၌ အထုံးတစ်ထုံးရှိနေလျှင် ထိုအထုံး မပြေမချင်း အိပ်ပျော်အောင် အိပ်ရန်မှာ လွယ်ကူသော အလုပ်မဟုတ်ပေ…။

ခါတိုင်း လမ်းလျှောက်သလို ညနေခင်းများ၌လည်း ဆင်းလျှောက်သည်ကိုလည်း မတွေ့မမြင်ရ၊ စက်လည်း မချုပ်ဘဲ အနားယူနေသည်ဟု ကြားသိရသောကြောင့် မြိုင့်အား သစ်သစ်၊ သစ်သစ်နှင့် အလွန်တရာ ချစ်ခင်ကြသော မိန်းမ လေးငါးယောက်တို့သည် တစ်ညသ၌ မြိုင့်ထံသို့ လာရောက်လည်ပတ်ရင်း အကျိုးအကြောင်း မေးမြန်းကြလေသည်။

"သစ်သစ် ပိန်သွားတယ် အညောင်းမိလို့ ထင်တယ်…"

"ပင်ပန်းလွန်းလို့ ထင်တယ်-သစ်သစ် တော်တော့်ကို ကျသွားတယ်…"

"သစ်သစ် အညောင်းအားကြီးသွားလို့ ထင်တယ်၊ ကျွန်မတို့ တဲအနားက အနှိပ်သည် ဒေါ်မင်းဘုံကြီး ကျွန်မ မနက်ဖြန် နေ့ခင်း ခေါ်လာခဲ့ဦးမယ်"

မိမိအပေါ်၌ မေတ္တာ စေတနာထားရှိကာ လာရောက်မေးမြန်းကြသော ပရိသတ်ကို မြိုင်သည် ကော်ဖီဖျော်၍ တိုက်ရင်း ဧည့်ခံရသည်။ ၎င်းတို့၏ မေတ္တာကို ခံယူရသည့် အတွက် ကြည်နူးနှစ်သိမ့်မိသည်။

လာရောက်မေးမြန်းခြင်းပြုကြသော ဧည့်သည်များသည်

နောက်ပိုင်းတွင် အလုပ် အကိုင်များရှိကြသည့်အလျောက် ကြာကြာတော့ မနေနိုင်ကြရှာပေ။ ထိုဧည့်သည်တစ်သုတ် ဆင်းသွားပြီးနောက် နောက်ထပ်ဧည့်သည်တစ်သုတ် ရောက်လာကြပြန်လေသည်။ ထို ဧည့်သည်များထဲတွင် တစ်လောက မေမေခင် ဤရပ်ကွက်သို့ လာရောက်နေထိုင်သည့် အကြောင်း ပြောပြသွားခဲ့သော မထွေးတင်ဆိုသူလည်း ပါလာသည်။ မထွေးတင်နှင့် ၎င်းအဖော်များသည် မြိုင်အား အကျိုးအကြောင်းမေးမြန်းကြပြီးနောက် ကြာကြာပင် မထိုင်ကြတော့ဘဲ အိမ်သို့ ထပြန်ကြမည်အပြုတွင် မြိုင်သည် မေမေခင်၏အကြောင်းနှင့်ပတ်သက်၍ နောက်ထပ်သိရှိလိုလှသဖြင့်...

"မထွေးတင် ခဏလောက် နေနိုင်ရင် နေခဲ့ပါဦးလား... ရှင့်ကို ကျွန်မပြောစရာကလေးတစ်ခု ရှိနေသေးလို့"

ဟု မထွေးတင်အား ဆိုင်းထားလိုက်မိသည်။

အခြား ဧည့်သည်များ ရှင်းသွားပြီးနောက် မိမိနှင့်မထွေးတင်တို့နှစ်ယောက်တည်း ကျန်ရစ်ခဲ့ကြတော့မှ...

"ဒါထက် ရှင် တစ်လောက ကျွန်မကိုပြောတဲ့ ရုပ်ရှင်မင်းသမီး မေမေခင်ဆိုတာ အရင်အိမ်မှာပဲ ရှိသေးသလားဟ..."

ဟု မရဲတရဲ မေးမြန်းလိုက်မိသည်။

"ရှိသားပဲ တစ်လောကလည်း သူ့ကို ထိန်းသိမ်းစောင့်ရှောက်နေတယ်ဆိုတဲ့ အဒေါ်ကြီးနဲ့တွေ့လို့ မေမေခင်တော်တော်ကလေး နေထိုင်မကောင်းဖြစ်နေတဲ့အကြောင်းကိုတောင် ပြောလိုက်သေးတယ်..."

"ဪ ... မေခင် နေထိုင်မကောင်းလို့တဲ့လား"

"သူ့ရောဂါက တော်တော်ကလေးကြာပြီလို့ ပြောတာပဲ.. မီးယပ်ရော၊ စိတ္တဇရော လို့ ပြောသံကြားတယ်..."

"စိတ္တဇလည်း ပါသတဲ့လားဟင်.. မထွေးတင်"

"အရင် သူဌေးသားတစ်ယောက်နဲ့ ရသေးသတဲ့ သစ်သစ်ရဲ့.. အဲဒီသူဌေးသား သူ့ကို ကလေးတစ်ယောက်နဲ့ ပစ်ထားခဲ့ပြီး

သူဌေးသမီးတစ်ယောက်နဲ့ ယူသွားတယ်လို့တော့ ပြောသံဆိုသံကြားရတာပဲ၊ ကျွန်မလည်း ကိုယ့်ထမင်းကိုယ်ရှာစားနေရလို့ ဒါမျိုး တွေကိုတော့ သေသေချာချာ မမေးမိဘူး”

“ဩော်.. ဩော်.. ဩော်... သူခမျာ သနားစရာပဲနော်...

“အပျိုဘဝနဲ့တုန်းကတော့ တော်တော်ထက်၊ တော်တော်သန်တဲ့ မိန်းမတစ်ယောက်လို့ ပြောသံကြားရဖူးတယ်... အခုလို ဆင်းရဲသွားပြီးတဲ့ နောက်မှာတောင် စိတ်က မကျသေးဘူးလို့ ပြောတာပဲ... ဒါပေမဲ့ ဦးတင်ဦးရဲ့မျက်နှာကိုထောက်ပြီး သူ့ကိုတော့ တစ်ရပ်လုံးက ဂရုစိုက်ကြပါတယ်... ကရုဏာထားကြပါတယ်..."

“ဒါထက် မေမေခင့်ရောဂါအခြေအနေကကော ဘယ်လိုများ နေသတဲ့လဲဟင်”

“ထမင်းမစားဘူးလို့ အဒေါ်ကြီးက ပြောတာပဲ နောက်ပြီးတော့ ဆရာဝန်က သူ့ရောဂါကို ကုဖို့အတွက် အရက်လည်း အဖြတ်ခိုင်းထားသတဲ့ အဲဒီ အရက်ဖြတ်ထား ရကတည်းက ထမင်းကို မစားတော့ဘူးလို့ ပြောတာပဲ... ကျွန်မတော့ သေသေချာချာလည်း မပြောတတ်ဘူး...”

“ထမင်းမစားဘဲနေရင် ဘယ်ကြာကြာခံပါ့မလဲ မထွေးတင်ရဲ့...”

“အဒေါ်ကြီးကတော့ အရက်ချည်း တောင်းတောင်းနေတာပဲလို့ ညည်းသွားတယ်”

“ဒါဖြင့်လည်း နည်းနည်းပါးပါး စားနိုင်သောက်နိုင်အောင် ပေးဦးမှပေါ့...”

ဟု မြိုင်က ကြားမှဝင်၍ ယောက်မလုပ်သူဘက်မှ ကရုဏာနှင့် ရှေ့နေလိုက်မိသည်။

“ဒါဖြင့် သစ်သစ် သွားဝယ်ပေးလိုက်ပါလား”

ဟု မထွေးတင်က ရယ်သလို မောသလိုနှင့် ပြောဆိုလိုက်လေသည်။

“အရက်မသောက်ရလို့ ထမင်းမစားရင် ထမင်းစားအောင်လို့

အရက်ကို ဆေးဝါး အဖြစ်နဲ့ နည်းနည်းလောက်တော့ ပေးမှပေါ့...”

“အစက ဆေးဝါးအဖြစ်နဲ့ ပေးရင်း ခုလို ဖြစ်လာတာပဲလို့ အဒေါ်ကြီးက ပြောတယ် သစ်သစ်ရဲ့၊ ခုဆရာဝန်က အရက်မသောက်ရဘူး ဆိုကတည်းက အဒေါ်ကြီးက အရက် ဝယ်မပေးလို့ မေမေခင်က ဒီအဒေါ်ကြီးကိုပဲ ရန်လုပ်နေသတဲ့...”

“သူ့ဟာက ဒါလောက်တောင်မှပဲ ဆိုးနေသတဲ့လား...”

“အိမ်မှာရှိတဲ့ ပန်းကန်ခွက်ယောက်တွေလည်း ခွဲလိုခွဲ၊ အဝတ်အစားတွေလည်း ဓားနဲ့ ခုတ်လိုခုတ် လုပ်နေသတဲ့လေ... ကြာရင် ကြိုးနဲ့ ချည်ထားရလိမ့်မယ်လို့တောင် အဒေါ်ကြီးက ညည်းသွားရှာတယ်...”

“ဒါထက် အဲဒီအိမ်မှာ မေခင်နဲ့ အဲဒီ အဒေါ်ကြီးအပြင် တခြားဘယ်သူများ နေသေး သလဲ..."

“အိမ်မှာ တောက်တိုမည်ရ ကူဖော်လောင်ဖက် ခေါ်ထားတဲ့ မိန်းကလေးတစ်ယောက်တော့ ရှိတယ်”

“ဩော်... ဩော်.. ဩော်..”

ဟု မြိုင်သည် ညည်းတွားလိုက်ပြီးနောက် မေခင့် အတွက် စိတ်မကောင်းဖြစ်မိသည်။ မေခင် ဤမျှ ဒုက္ခရောက်နေသည်ကိုပင် ပြန်လှည့်ကြည့်ဖော်မရသော ၎င်း၏ အစ်ကိုလုပ်သူ မောင်မောင်လတ်အပေါ်၌ မကျေချမ်းသလို လည်း ဖြစ်မိသည်။ မောင်မောင်လတ်သည် လဲ့လဲ့နှင့် မင်္ဂလာဆောင်သွားပြီးသည့်တိုင်အောင် တစ်ကြိမ်က မိမိနှင့် ပေါင်းဖော်၍ ကလေးတစ်ယောက်ပင် ရရှိခဲ့ဖူးသော မိန်းမသား တစ်ဦးတစ်ယောက်အပေါ်၌ ဤမျှ မျှစ်ချိုးမှိုချိုး ပြုလုပ်ထားဖို့မသင့်ဟု မြိုင်က စဉ်းစားမိသည်။ ယုတ်စွအဆုံး မေခင် ဒုက္ခရောက်နေရသည့် အခိုက်အတန့်အတွင်း တတ်အားသမျှ ထောက်ပံ့စောင့်ရှောက်သင့်သည်ဟုလည်း အောက်မေ့မိသည်။ မထွေးတင် နှုတ်ဆက်၍ ပြန်သွားပြီးသည့်နောက် မြိုင်သည် အိမ်ရှေ့ဧည့်ခန်းတွင်း၌ တစ်ယောက်တည်း ငိုင်၍ ကျန်ရစ်ခဲ့ရာ...

“မမမြိုင် ဘာတွေများ စဉ်းစားနေတာလဲ ဟင်”

ဟု မယ်အေးက မေးလိုက် တော့မှ...

"ဘာမှ မစဉ်းစားပါဘူးကွယ်..."

ဟု ပြန်ပြောကာ အခန်းအတွင်းသို့ ပြန်ဝင်လာ ခဲ့သည်။

မြိုင်သည် ထိုနေ့ညက တစ်ညလုံး အိပ်၍ မရပေ။ မိုးသာ စင်စင်လင်းသွားခဲ့သည်။ တစ်ညလုံး မေခင့်အကြောင်းကိုသာ စဉ်းစားရင်း များစွာစိတ်မကောင်းဖြစ်ခဲ့ရသည်။ မောင်မောင်လတ်ကိုပင် မိမိကိုယ်တိုင်သွားရောက်ပြောဆို၍ ခေါ်ယူပြသရလျှင် ကောင်းလေမည်လားဟုပင် စဉ်းစားသည်။ သို့ရာတွင် ရှစ်မိုင်ဘက်ရှိ ရဲတိုက်ကြီးအတွင်း၌ ဘုရင်တစ်ဆူပမာ မင်းမူနေသော မောင်မောင်လတ်အား ယခုအခါတွင် မထင်မရှားနှင့် အညတရဘဝသို့ ရောက်ရှိနေပြီဖြစ်သော မြိုင်က အဘယ်သို့ သွားရောက်ရပါမည်နည်း။

မြိုင့်ကိုကော ထိုအထက်တန်းလွှာများက အသိအမှတ်ပြု၍ လက်ခံကြပါဦးမည်လော။ မောင်မောင်လတ်ကို သွားရောက်ခေါ်ငင်ရမည့်အကြောင်းကို စဉ်းစားရင်း ထို အထက်တန်းလွှာများနှင့် ယတိပြတ်ပြတ်စဲခြားနားသွားခဲ့ပြီဖြစ်သော မိမိဘဝကိုလည်း စဉ်းစားလာမိသည်။ မိမိကိုယ်ကို အောက်တန်းစားဘဝသို့ ပို့ဆောင်လိုက်ခဲ့ပြီဖြစ်သော မိမိ၏အကြောင်းကိုလည်း စဉ်းစားမိသည်။ သို့ရာတွင် မြိုင်သည် ဤသို့ စဉ်းစားမိသည့် အတွက် ဝမ်းနည်းတသခြင်း မဖြစ်မိတော့။ ကျေနပ်သလိုပင် ရှိမိသည်။ ကိုတင်ဦးနှင့် တရားရုံးတွင် မင်္ဂလာဆောင်၍ အထက်တန်းလွှာကို စွန့်ခွာခဲ့ရစဉ်က ဝမ်းနည်းတသခြင်း ဖြစ်ခဲ့သလောက် ယခုမူ မြိုင်သည် မိမိ၏အောက်တန်းစား သစ်သစ်ဘဝကို ကျေနပ်မိ သည်။ ကွက်သစ်တစ်ခု၌ စက်ချုပ်စားနေရသော အလုပ်သမ ဘဝကိုလည်း ဂုဏ်ယူ မိသည်။

နောက်ဆုံး၌ မြိုင်သည် ယောက်မတော်ခဲ့သော မေခင်ကို မိမိကိုယ်တိုင် သွားရောက်ကြည့်ရှု၍ တတ်နိုင်သမျှပြုစုရန် ဆုံးဖြတ်လိုက်သည်။ ထိုသို့သာ မြိုင်သည် ဆုံးဖြတ်လိုက်ခြင်းဖြစ်သော်လည်း ၎င်းတို့သမီးယောက်မချင်းကား တစ်ဦးနှင့်တစ်ဦး တစ်ကြိမ် တစ်ခါမျှ လူချင်းမတွေ့ဆုံခဲ့ဖူးကြပေ။ သို့ရာတွင် မြိုင်သည် မိမိ ဘယ်သူဘယ်ဝါဖြစ်သည့်အကြောင်းကို မေခင့်အား ဖွင့်ပြော၍ တတ်နိုင်သမျှ ပြုစုစောင့်ရှောက်တော့မည်ဟု ဆုံးဖြတ်လိုက်ပြီးဖြစ်သည်။ တစ်ရံရောအခါက

ရွှေတောင်ကြား နန်းတော်ကြီးထဲမှ ဧကရီသည် ၎င်း အထင်သေး အမြင်သေးဖြစ်ခဲ့သော ကချေသည်မကို နှိမ့်ချသော နှလုံးဖြင့် သွားရောက်ဖူးမြော်ခြင်းပြုတော့မည်ပါတကား...။

မရဲတရဲနှင့် အိမ်ပေါ်သို့ တက်လာခဲ့ပြီးနောက် အိမ်ရှေ့ခန်းဘက်တွင် တစ်စုံတစ်ယောက်ကိုမျှ မတွေ့သဖြင့် မြိုင်သည် အိမ်ရှေ့တံခါးဝတွင် အသာရပ်လိုက်သည်။ မြိုင် သည် အတန်ကြာမျှ အားယူလိုက်ပြီးနောက်...

အိမ်သားတွေ ရှိကြရဲ့လား...”

ဟု မတိုး မကျယ်မေးလိုက်သည်။

အိမ်တွင်း၌ကား တိတ်ဆိတ်လျက်ရှိသည်။

ဘာသံမျှ မကြားရသဖြင့် မြိုင်သည် အိမ်တွင်းသို့ ဝင်ရန် ခက်ခဲနေသည်။ ချီတုံ ချတုံ ဖြစ်နေသည်။ မြိုင်သည် ပြန်လှည့်ဆင်းသွားရလျှင် ကောင်းလေမည်လားဟု စဉ်းစားမိသည်။ ဤကဲ့သို့ စဉ်းစားနေသည့်အခိုက်...

“ဘယ်သူ့ တွေ့ချင်လို့လဲဟင် မိန်းကလေး..."

ဟု မေးသံကို ကြားလိုက်ရသဖြင့် မြိုင်သည် အားတက်လာကာ အသံလာရာ အိမ်တွင်းသို့ လှမ်းကြည့်လိုက်သည်။ အသက် ၅၀ သာသာခန့် အဒေါ်ကြီးတစ်ယောက်ကို တွေ့ ရသဖြင့်...

“ကျွန်မ မေခင့်ကို တွေ့ ချင်လို့ လာကြည့်တာပါ ဒေါ်လေး”

ဟု မရဲတရဲ ပြန် ပြောရင်း အိမ်ရှေ့တံခါးဝတွင် ရပ်မြဲ ရပ်နေသည်။

“မေခင့်ကို လာကြည့်တယ်ဆိုရင်လည်း အိမ်ပေါ်ကို တက်လာလေ မိန်းကလေး"

ဟု အဒေါ်ကြီးက မြိုင့်အား အိမ်တွင်းသို့ခေါ်ရင်း အိမ်ရှေ့ခန်းဘက်သို့ ထွက်လာသည်။ သည်တော့မှပင် မြိုင်သည် အိမ်ထဲသို့ ဝင်လာပြီးလျှင်...

“ထိုင်လေ မိန်းကလေး”

ဟု အဒေါ်ကြီးက အထိုင်ခိုင်သော ကုလားထိုင်ထက်တွင်

အသာအယာဝင်၍ ထိုင်လိုက်သည်။

အဒေါ်ကြီးသည် မြိုင်ထိုင်နေသော ကုလားထိုင်အနီးရှိ ကုလားထိုင်အလွတ်တစ်လုံးတွင် ဝင်၍ ထိုင်လိုက်ပြီးနောက် မြိုင့်အား စေ့စေ့စပ်စပ်ကြည့်နေပြီးမှ...

"မိန်းကလေးက ဘယ်ကလဲဟင်... ဒေါ်လေးက တစ်ခါမှ မမြင်မိဘူးလို့ ခုလို မေးတာကိုတော့ စိတ်မရှိ နဲ့နော်..."

ဟု ရုတ်တရက် မေးလိုက်မိသည်။

မြိုင်သည် အပြောရခက်နေသည်။ ထို့ကြောင့် ဦးခေါင်းကိုငုံ့ကာ စဉ်းစားချိန်ဆ နေသည်။

"ဒေါ်လေးက မေခင့်အဖေရဲ့ နှမဝမ်းကွဲပါ မိန်းကလေးရဲ့၊ မေခင့်ကို စောင့် ရှောက်နေရတာလေ..."

ဟု အဒေါ်ကြီးက ၎င်းကိုယ်ကို မိတ်ဆက်ပေးလိုက်တော့မှ မြိုင်သည် ပြန်လည်၍ အသက်ဝင်လာသလို လှုပ်ရှားလာသည်။ မေခင့်အဖေ၏နှမဝမ်းကွဲ ဆိုလျှင် ကိုတင်ဦး၏ဒေါ်လေးဆိုသူလည်း ဖြစ်ရပေတော့မည်ဟု တွက်ချက်မိသည်။

"ဪ.. ကိုတင်ဦး ဟိုတုန်းက ပြောပြောနေတဲ့ ဒေါ်လေး ဒေါ်လေး ဆိုတာ ဒေါ်လေးကိုး"

ဟု မြိုင်သည် အမှတ်တမဲ့ ပြောထုတ်လိုက်မိသည်။ ထိုကဲ့သို့ ပြောထုတ်လိုက်မိပြီးကာမှ မြိုင်သည် မိမိစကားမှားများ သွားလေပြီလောဟု စိုးရိမ်သွားသည်။

"ဪ.. မိန်းကလေးက မေခင့်အစ်ကိုကြီး မောင်တင်ဦးကိုလည်း သိသကိုး မေခင်နဲ့လည်း သူငယ်ချင်းလား..."

ဟု မေခင်နှင့် ကိုတင်ဦးတို့၏ ဒေါ်လေးက တူမ တစ်ယောက်လုံးကို မသိရှာသေးဘဲ စေ့စေ့စပ်စပ် မေးမြန်းနေသည်။

မြိုင်သည် ဦးခေါင်းကို ငုံ့ကာ အတန်ကြာမျှ စဉ်းစားချိန်ဆနေပြီးမှ...

"ကျွန်မ ကိုတင်ဦးရဲ့မိန်းမပဲ ဒေါ်လေးရဲ့"

ဟု မြိုင်သည် မထူးတော့ပြီဖြစ်၍ အရဲစွန့်ကာ ဖွင့်ပြောချလိုက်သည်။

"ဟင်… မြိုင်ဆိုတာ မိန်းကလေးပဲလား"

ဟု အဒေါ်ကြီးက ဝမ်းသာအားရသော အမူအရာဖြင့် မေးရင်း မြိုင့်အား အနီးသို့ကပ်၍ စေ့စေ့စပ်စပ်ကြည့်လေသည်။

မြိုင်သည် ဦးခေါင်းကိုသာ ညိတ်ပြလိုက်နိုင်ပြီးနောက် မျက်ရည်များ ကျလာသည်။

"အို.. ဘာပြုလို့ ငိုရတာလဲ မြိုင်ရယ်…"

ဟု ဒေါ်လေးက မြိုင်၏နဖူးပြင်ကို ယုယုယယ သပ်ပေးရင်း ကြင်နာစွာ မေးလေသည်။

သူ့တူတစ်ယောက်လုံးကို အရှက်တကွဲ အကျိုးနည်းအောင် လုပ်ပစ်ထားခဲ့သော မိန်းမမိုက်တစ်ဦးတစ်ယောက်အား မည်ကဲ့သို့မျှ အပြစ်အနာအဆာမယူဘဲ ကြင်ကြင်နာနာ ရှိလှသော ဒေါ်လေးလုပ်သူ၏ ယုယမှုကို ခံယူရရင်း မြိုင်သည် ရင်ထဲ၌ လှိုက်လှိုက်လှဲလှဲ ဖြစ်လာသည်။ ဝမ်းသာဝမ်းနည်းဖြစ်လာသည်။

"တိတ်ပါမြိုင်ရ… ဒေါ်လေးတို့နဲ့ ခုလို တွေ့ ရတာ ဝမ်းနည်းစရာ မဟုတ်ပါဘူးကွယ်.. မေခင်တစ်ယောက်ကလည်း မြိုင့်ကို ခုလိုမမျှော်လင့်ဘဲ တွေ့ ရရင် ဘယ်လောက်များ ဝမ်းသာလိုက်မယ် မသိဘူး"

ဟု ဒေါ်လေးက မြိုင့်အား လှမ်း၍ ဖက်ရင်း ပြောဆို လေသည်။

ဒေါ်လေးက မြိုင့်အား ယုယုယယ ပိုက်ထွေးလိုက်သဖြင့် မြိုင်သည် ကြည်နူး နှစ်သိမ့်သလို ရင်ထဲ၌ ခံစားလိုက်ရသည်။ မျက်ရည်များကိုလည်း လက်ကိုင်ပဝါဖြင့် သုတ်ယူလိုက်သည်။

"ဒါထက် မြိုင် ခု ဘယ်မှာနေလို့ ဒေါ်လေးတို့ မေခင်တို့ဆီကို ဘယ်လိုစုံစမ်းပြီး ရောက်လာတာလဲဟင်…"

"မြိုင် ဒီကွက်သစ်ထဲမှာ ရောက်နေတာ ၆ လကျော်သွားပြီ ဒေါ်လေး.."

"ဟင်... ဒီကွက်သစ်ထဲရောက်နေတာ ၆ လကျော်သွားပြီ ဟုတ်လား မြိုင်...၊ ဘယ်နားကအိမ်မှာ ဘယ်သူနဲ့နေသလဲ..."

"အရင် မြိုင်တို့အိမ်မှာ ကူဖော်လောင်ဖက် ခေါ်ထားတဲ့ မယ်အေးတို့သားအမိနဲ့ အတူနေရင်း မြိုင်လည်း စက်ချုပ်နေတယ် ဒေါ်လေးရဲ့"

"မြိုင့်မိဘတွေ ဆွေမျိုးတွေဆီကို မပြန်ဘဲနဲ့ ဘာပြုလို့ ခုလို တစ်ယောက်တည်း ဒုက္ခခံနေရတာလဲ မြိုင်ရယ်"

"ဖေဖေလည်း မြိုင့်အတွက်နဲ့ ဆုံးရှာပြီ ဒေါ်လေး.. နောက်ပြီးတော့ ဆွေမျိုး သားချင်းတွေဆီ ပြန်နေဖို့ကိုတော့ ဒီတစ်သက်မှာ ဘယ်လိုမှ စဉ်းစားလို့ မဖြစ်တော့ပါဘူး လေ"

"ဒီလိုဆိုရင် မြိုင်ဒေါ်လေးတို့နဲ့အတူတူ လာနေနိုင်ရင် နေပါလားဟင်"

"ဒါထက် မြိုင့် မေခင့်ကို တွေ့ပါရစေ ဒေါ်လေး.."

"တွေ့တာပေါ့ကွယ်.. မေခင်ကတော့ သိပ်အသက်ရှည်မယ့် သူငယ်မတော့ မဟုတ်ပါဘူးလေ"

ဟု ပြောဆိုရင်း ဒေါ်လေးသည် ထိုင်ရာမှထ၍ အတွင်းခန်းဘက်ဆီသို့ ထွက်သွားသဖြင့် မြိုင်သည်လည်း ထိုင်ရာမှ ထကာ ဒေါ်လေးနောက်က လိုက်ပါသွားလေသည်။

အခန်းတွင်းသို့ရောက်လျှင်ပင် မြိုင်သည် မျက်လုံးပြူးသွားလေသည်။ တစ်ရံရောအခါက ရုပ်ရှင်နှင့် ပြဇာတ်လောကတွင် ဖိန့်ဖိန့်တုန်လောက်အောင် နာမည်ကျော်ကြားခဲ့သော မေခင်သည် ယခုအခါတွင် ကမ္ဗဏ္ဍာန်းရုပ်ပေါက်ကာ ခုတင်ပေါ်တွင် ပက်လက် ကလေးဖြစ်နေရှာသည်။

“မခေင်…”

ဟု ဒေါ်လေးက မတိုးမကျယ်စမ်း၍ ခေါ်ကြည့်လိုက်သည်။ ခုတင်ထက်တွင် မှိန်းနေသော မခေင်သည် ၎င်းနာမည်ကို ခေါ်သံကြားသဖြင့် အနည်းငယ်လှုပ်လာသလို ထင်ရပြီးနောက် မျက်လုံးနှစ်လုံးကို ဖြည်းညင်းစွာ ဖွင့်လာသည်။ မျက်လုံးပွင့်လာ၍ ဒေါ်လေးလုပ်သူကို မြင်လျှင်မြင်ချင်း ဒေါ်လေးနှင့်အတူ ပါလာသော ဧည့်သည်ကိုပင် ပမာဏာမထားနိုင်တော့ဘဲ…

“မခေင့်ကိုသနားရင် ဘရန်ဒီ နည်းနည်းလောက်တော့ ပေးပါ ဒေါ်ဒေါ်ရယ်.. မခေင် မသေခင် ဘရန်ဒီသောက်ပြီး ကိုလတ်နဲ့ သားကလေးကိုတော့ တစ်ခါလောက် ကြည့်သွားပါရစေဟု..”

ဟု မပီကလာ ပီကလာနှင့် ပြောလေသည်။

မခေင်က ထိုသို့ သနားဖွယ်ရာပြောကြားလိုက်သောအခါ မြိုင်သည် ပထမအကြိမ် မြင်ဖူးသော ၎င်း၏ ယောက်မလုပ်သူအပေါ်၌ များစွာ ကြင်နာမိသည်။ စိတ်မကောင်း ခြင်းလည်း ဖြစ်မိသည်။

“မခေင် သတိများ ထားစမ်းပါဦးကွယ်…၊ ဧည့်သည်လည်း ပါလာသေးတယ် လေ…”

ဒေါ်လေးက မခေင်၏လက်ဖျားကလေးများကို စမ်းသပ်ရင်း နားအနားသို့ ကပ်၍ သတိပေးပြောဆိုလိုက်သဖြင့် မခေင်သည် မြိုင့်အားလှမ်း၍ ကြည့်လေသည်။

“သူ ဘယ်သူလဲဆိုတာ သိသလား မခေင်”

ဟု ဒေါ်လေးက မေးလိုက်ပြန်သည်။ မခေင်က ဦးခေါင်းကိုသာ ခါရမ်း၍ ပြလေသည်။

“မြိုင်လေ…”

ဒေါ်လေးက တစ်ဦးနှင့်တစ်ဦး သမီးယောက်မ နှစ်ခါပြန်သာ တော်ခဲ့ကြသော်လည်း တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးကြသေးသော မြိုင်နှင့် မခေင့်ကို မိတ်ဆက် ပေးလိုက်သည်။

“မြိုင်… ဟုတ်လားဟင် ဒေါ်လေး”

“အေး.. ညည်းအစ်ကို မောင်တင်ဦး၏ မိန်းမ မြိုင်လေ”

“သြော်.. မြိုင်လား၊ ကိုလတ်နဲ့ မောင်နှမတော်တယ်နော်”

မြိုင်က မေခင့်ကို ငေးစိုက်ကြည့်နေရာမှ ဦးခေါင်းကို ညိတ်ပြလိုက်လေသည်။ မေခင်သည် ၎င်း၏ယောက်မကို မမျှော်လင့်ဘဲ ဖြုန်းခနဲ တွေ့ ရသဖြင့် ဝမ်းသာ အားရနှင့် အိပ်ရာထက်မှထရန် ကြိုးစားကြည့်လေသည်။ သို့ရာတွင် အားက အလွန်နည်းပါးနေ၍ လက်ပင် မထောက်နိုင်ဘဲ ပြန်လဲကျသွားသည်။

“မထနဲ့လေ မေခင်.. မောနေပါ့မယ်…”

ဟု မြိုင်က ယခုမှပင် တွေ့ရသော ယောက်မလုပ်သူအား ကြင်ကြင်နာနာ နှစ်သိမ့်လိုက်မိသည်။

မေခင်သည် ဝမ်းနည်းကာ မျက်ရည်များကျလာသည်။ ထို့နောက် အိပ်ရာထက်တွင် တစောင်းကလေး ခွေကာ တရှုံ့ရှုံ့ငိုယိုနေသည်။

“ဘာပြုလို့ ငိုရတာလဲ မေခင်… ဝမ်းနည်းစရာ မဟုတ်တာကို ဝမ်းနည်းမနေပါ နဲ့ကွယ်”

ဟု ဒေါ်လေးက ချော့မော့ရပြန်သည်။

“မြိုင်…”

ဟု မေခင်သည် ယောက်မလုပ်သူအား ခေါ်လေသည်။

“ဘာပြောချင်လို့လဲဟင် မေခင်”

မြိုင်သည် မေခင်၏နဖူးပြင်မှ ဆံစကလေးများကို ယုယုယယ သပ်ပေးရင် မေးမြန်းလိုက်သည်။

“မေခင် မသေခင် ကိုလတ်နဲ့ သားကလေးကို တစ်ခါလောက်တော့ တွေ့သွားချင်လိုက်တာမြိုင်ရယ်….. အဲဒါ မေခင့်ကို ကူညီနိုင်ရင်

ကူညီပေးပါဦးလား…”

မေခင်သည် တော်တော်ကလေးအားယူ၍ ပြောဆိုနေရလေသည်။

မေခင်က ဤသို့ ပြောဆိုလာသည့်အတွက် မြိုင်ပင်လျှင် ဝမ်းနည်းကာ မျက်ရည်များ ဝိုင်းလာသည်။

“မေခင့်ကိုတော့ ကူညီပါဦး မြိုင်ရယ်”

ဟု မေခင်က တောင်းပန်ပြောဆိုနေသည်။ မေခင်၏ ငိုသံပါနှင့် ပြောဆိုနေသော စကားများကို မြိုင်သည် လက်ခံကြားနာ နိုင်ခြင်းငှာ ခွန်အားမရှိတော့ပေ။ မေခင့်ခုတင်ဘေးမှ ချာခနဲ လှည့်ထွက်လာခဲ့ပြီးလျှင် အပြင်ဘက်ရှိ ကုလားထိုင်တစ်လုံးတွင် ထိုင်ကာ ငိုချလိုက်သည်။

တစ်ကြိမ်က ကချေသည်မကို အထင်သေးအမြင်သေးခဲ့သော တက္ကသိုလ်ကျောင်းကြီးထွက် မြိုင်သည် ယခုတော့မူ ထိုကချေသည်မအတွက် ရင်နာကာ မျက်ရည်များလည်း ယိုစီးဆင်းလေပြီ။

(၈)

မြိုင်သည် မေခင့်ကို တတ်နိုင်သမျှ ပြုစုစောင့်ရှောက်ခြင်းပြုရန်အတွက် မယ်အေးတို့အိမ်မှပင် ပြောင်းရွှေ့၍ မေခင်၏အိမ်တွင် နေထိုင်ခဲ့လေသည်။

မြိုင်နှင့် ဒေါ်လေးတို့ တူဝရီးနှစ်ယောက် အားလပ်ခွင့်ရရှိကြသောအချိန်များတွင် ဒေါ်လေးက သူ့တူမောင်တင်ဦး၏အကြောင်းကို မြိုင့်အား ပြောပြတတ်သည်။ မောင်တင်ဦးသည် ငယ်ငယ်လေးကတည်းက အဘယ်မျှ ထက်မြက်သော ကလေးတစ်ယောက်ဖြစ်သည်က အစ၊ အဘယ်မျှ သဘောထားကြီးသည့် အကြောင်းများကို ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောပြ လေ့ရှိသည်။

ဒေါ်လေးက ပြောပြလျက်ရှိသော မောင်တင်ဦး၏အကြောင်းကို နားထောင်ရခြင်း၌ မြိုင်သည် ကြည်နူးနှစ်သိမ့်မှုကို ရရှိလေသည်။ နားထောင်၍ မညည်းနိုင်သည့်ပြင် သာယာခြင်းကိုလည်း ရရှိသည်။

"မောင်တင်ဦးဆိုတဲ့ သူငယ်က သူတစ်ခုခုကို စွဲလမ်းလိုချင်မိရင် ငယ်ငယ်တုန်းက ကတည်းက တခြားကလေးတွေနဲ့ မတူဘူးကွဲ့... တစ်ခါ သူ့ကို ကျောင်းမှာ ဘော်ဒါထား ရာက ခဏသွားခေါ်လာခဲ့ပြီး သူ့အဖေက သူ့သားအတွက် ဝယ်ပေးချမ်းပေးဖို့ ရိုးကုမ္ပဏီကို ခေါ်သွားတုန်းက အဖြစ်အပျက်တစ်ခုကို ပြောရဦးမယ်..."

"ဟုတ်ကဲ့ ဒေါ်လေး..."

"ရိုးတိုက်ကို သူ့အဖေက သူ့သားခေါ်သွားတော့ ဒေါ်လေးတို့ လင်မယားလည်း ပါသွားတာကိုး၊ ရိုးတိုက်ရောက်တော့ သူ့ဖေဖေက သူ့သားကို အနွေးထည်တို့ ဘာတို့ ဝယ်ပေးရာက မောင်တင်ဦးက သူ့အဖေကို ရေကူးဝတ်စုံ ဝယ်ခိုင်းတယ်ကွဲ့...

"ဟုတ်ကဲ့ ဒေါ်လေး..."

"သူ့အဖေက သူ့သားကို ရေကူးတဲ့အလုပ်ကို မလုပ်စေချင်ဘူး၊ သူ့သား ရေနစ်မှာကို စိုးပြီး မဝယ်ပေးဘဲလုပ်နေတော့ ဒီအကောင်ဟာ ရေကူးဝတ်စုံမှမရရင် ရိုးတိုက်ထဲက မထွက်ပါဘူးလို့ဆိုပြီး လုပ်နေလို့ နောက်ဆုံး သူ့အဖေကကို လက်လျှော့ပြီး ဝယ်ပေးခဲ့ ရဖူးတယ်ကွဲ့..."

"သြော်.... သြော်.. သြော်..."

ဒေါ်လေးက သူ့တူ မောင်တင်ဦး၏ အကြောင်းကို ပြောပြသလိုပင် ဒေါ်လေး ပင်ပန်း၍ အိပ်စက်သော အချိန်များတွင်လည်း မေခင်က သူ့အစ်ကိုကြီး ကိုတင်ဦး၏ အကြောင်းကို မြိုင့်အားပြောပြရင်း မြိုင့်ကိုလည်း ၎င်း၏အစ်ကိုဝမ်းကွဲမောင်မောင်လတ်၏အကြောင်းကို အပြောခိုင်းတတ်သည်။

မြိုင်က ရှေးဦးစွာ မောင်မောင်လတ်၏အကြောင်းကို ပြောပြရလေသည်။ မောင်မောင်လတ်၏အကြောင်း ပြောဆိုပြီးစီးသွားသောအခါ မေခင်က ကိုတင်ဦး၏အကြောင်းကို ပြောပြပြန်လေသည်။

"အစ်ကိုကြီးကို မေခင် အချစ်ဆုံးတစ်ခုကတော့ ဘယ်သူ့အပေါ်မှာပဲဖြစ်ဖြစ် အင်မတန် စိတ်ရှည်ရှည်နဲ့ သည်းညည်းခံတတ်ပြီး လူတစ်ဖက်သားကို ခွင့်လွှတ်နိုင်တာပဲ မြိုင်ရဲ့.. ဒါပေမဲ့ မေခင် မကြိုက်တာ တစ်ခုက အစ်ကိုကြီးဟာ တစ်ခုခုကို စူးစိုက်မိပြန် ရင်လည်း သူ့ကိုယ်ကိုတောင် ပြန်ပြီး ဂရုစိုက်ရကောင်းမှန်း မသိလောက်အောင်ကို စူးစိုက် တတ်အားကြီးတဲ့ အကျင့်ပဲ.."

"ဒါတော့ အမှန်ပဲ မေခင်..."

"မြိုင်ကတော့ ကိုယ် ပေါင်းသင်းလာတဲ့လင်မို့ မေခင့်ထက် ပိုသိမှာပေါ့လေ"

"မေခင့်အစ်ကိုကြီးလို လူမျိုးကတော့ ယောက်ျားတစ်ထောင်မှာ တစ်ယောက်တောင် ရှိနိုင်ဖို့ ခက်သားပဲ၊ သူက အင်မတန်မြင့်နေတော့ သူ့ကို မီအောင်လိုက်နိုင်ဖို့က မလွယ်လှဘူး မေခင်ရဲ့..."

"သြော်... ဒါထက် မြိုင် ကိုလတ်ကို စုံစမ်းတာ ဘယ်လိုများ ထူးခြားလာသေးသလဲ ဟင်.."

မြိုင် သူ့ဆီကို စာရေးတာ ၃ စောင်တောင် ရှိသွားပြီ ကနေ့အထိတော့ ဘာမှ အကြောင်း မထူးသေးဘူး.... နောက်ထပ် ၂ ရက်လောက် စောင့်ကြည့်ဦးမယ်လို့ စိတ်ကူး ထားတယ်...."

,"မေခင့်အတွက်နဲ့ မြိုင်လည်း ဒုက္ခပဲနော်...

"တစ်ယောက်ကို တစ်ယောက် တတ်နိုင်သလောက် ကူညီရတာဟာ ဒုက္ခမဟုတ်ပါဘူး မေခင်ရယ်..."

"မေခင်ကတော့ ကြာကြာ နေရမှာ မဟုတ်လို့ မသေခင်ကလေး ကိုယ့်လင်နဲ့ ကိုယ့်သားကိုတော့ ဝဝကြီး ကြည့်သွားချင်တာ တစ်ခုပါပဲ မြိုင်ရယ်"

တခြားအကြောင်း များကို ပြောဆို၍ ကောင်းနေရင်းက မေခင်သည် လင်နှင့် သားအကြောင်းကို ပြောဆိုရင်း ငိုချလိုက်ပြန်သည်။

မြိုင်သည် သက်ပြင်းကို ချလိုက်ရသည်။

မြိုင်သည် မေခင့်ကို အဘယ်မျှ ဂရုစိုက်၍ ပြုစုနေသော်လည်း တစ်နေ့ထက်တစ်နေ့ သက်သာတိုးတက်မှုမရှိဘဲ၊ ကျသည်ထက် ကျလာသော မေခင်၏အခြေကို အကဲခတ်ရင်း ထိုမိန်းမ မသေမီ လင်နှင့် သားတို့ကို တစ်နည်းမဟုတ်လျှင် တစ်နည်းနည်းနှင့် တွေ့ဆုံခွင့် ရအောင် ကြံဆောင်ပေးရန် ဆုံးဖြတ်လိုက်မိသည်။

မြိုင်သည် မောင်မောင်လတ်အား မေခင့်ကို လာရောက် ကြည့်ရှုခြင်းပြုရန် ၎င်း၏ နာမည်နှင့် မဟုတ်စေကာမူ ဘေးမှ မိတ်ဆွေတစ်ဦးအနေနှင့် စာသုံးစောင်တိတိကား ရေးသားခဲ့ပြီးလေပြီ။ သို့ရာတွင် မိမိရေးလိုက်သော စာများပင်လျှင် မောင်မောင်လတ် လက်ထဲသို့ မရောက်၍ လားတော့မသိ၊ မောင်မောင်လတ်ဆီမှ ဘာမျှ ထူးထူးခြားခြား မဖြစ်လာသည့်အတွက် မိမိကိုယ်တိုင် လိုက်လံစုံစမ်း၍ မောင်မောင်လတ်အား တိတ်တဆိတ် တွေ့ဆုံနိုင်အောင် ကြံဆောင်ပြီးလျှင် မေခင့်ဆီသို့ အပါခေါ်လာရန် ဆုံးဖြတ် လိုက်လေသည်။

မြိုင်သည် မဏ္ဍိုင်ကွက်သစ်၌ နေထိုင်လာခဲ့သည့် အချိန်မှစ၍ အခြား ဘယ်သို့ မျှ သွားလည်း မသွား၊ ရောက်လည်း မရောက်ခဲ့ပေ။ မြိုင်သည် လမ်းထွက်ရမည့်အရေး ကိုပင် သိမ်ငယ်လျက်ရှိခဲ့သည်။ သို့ရာတွင် ယခုမေခင်၏ ကိစ္စနှင့် ပတ်သက်၍ လာသော အခါ၌ မြိုင်သည် စွန့်စွန့်စားစား သွားလာခြင်းပြုရန် မာန်သွင်းယူရလေသည်။ ဤကဲ့သို့ ရဲဆေးတင်ကာ မာန်သွင်းပြီးနောက် မြိုင်သည် မယ်အေးကို အဖော်ပြု၍

မောင်မောင်လတ်နှင့် နှစ်ဦးချင်း တွေ့ဆုံရန် ကြံစည်ကြိုးပမ်းခြင်းပြုလေသည်။ မောင်မောင်လတ်နှင့် နှစ်ယောက်ချင်း တွေ့ဆုံနိုင်ဖို့နှင့် မေခင့်ဆီသို့ ခေါ်လာနိုင်ဖို့အရေးအတွက် မြိုင်သည် သုံးရက်မျှ ခက်ခက်ခဲခဲ ကြိုးပမ်းခဲ့ရပြီးနောက်၊ နောက်ဆုံး၌ မောင်မောင်လတ်ကိုရော ၎င်း၏သားကိုပါ မဏ္ဍိုင်ကွက်သစ်ကို မရရအောင် ခေါ်ဆောင် လာခဲ့လေသည်။ သို့ရာတွင် မောင်မောင်လတ်တို့ သားအဖနှစ်ယောက် မဏ္ဍိုင်ကွက်သစ်သို့ ၎င်းတို့အိမ်မှ ကားနှင့် ရောက်ရှိလာကြသောအချိန်တွင် မေခင်သည် နောက်ဆုံးသော ထွက်သက်ကို ရှူမထုတ်မိရန်အတွက် များစွာ ဖျစ်ညှစ်အားခဲထားရသော အချိန်သို့ ရောက်နေလေပြီ။

မောင်မောင်လတ်တို့ သားအဖနှစ်ယောက်အိမ်ပေါ်သို့ တက်လာကြသောအခါ ဒေါ်လေးသည် ဆီး၍ မငိုမိရန် မနည်းကြီးချုပ်တည်းထားရပုံရသည်။ ၎င်းတို့ သားအဖ အား မေခင်ရှိရာ အခန်းအတွင်းသို့ ပို့ထားခဲ့ကြပြီးနောက် မြိုင်နှင့် ဒေါ်လေးသည် အပြင်ခန်း သို့ ထွက်လာကြပြီးလျှင် ကျိတ်၍ ငိုကြသည်။

ဤကဲ့သို့ ဒေါ်လေးနှင့် မြိုင်တို့တူဝရီး အိမ်ရှေ့ခန်းတွင် ကျိတ်၍ ငိုကြစဉ်၊ အိမ်ရှေ့ ၌ ကားတစ်စီးထိုး၍ ရပ်သံကိုကြားလိုက်ရသဖြင့် တူဝရီးနှစ်ယောက်သည် မျက်ရည်များကို ကတိုက်ကရိုက်သိမ်းဆည်းကြရကာ မည်သူမည်ဝါများ ဖြစ်လေမည်နည်းဟု အိမ်ရှေ့သို့ ထွက်၍ ကြည့်ကြသည်။

ကားတံခါးကိုဖွင့်၍ ရှေးဦးစွာ ဆင်းလာသူမှာ ဒေါ်လေးရော၊ မြိုင်ပါ လုံးဝမျှော်လင့် ထားခြင်းမရှိသော လူတစ်ယောက်ဖြစ်နေ၍ တူဝရီးနှစ်ယောက်စလုံး ကြက်သေသေကာ ကျောက်ရုပ်များပမာ ရပ်နေမိကြသည်။

ထိုသူသည် မြိုင်နှင့် ဒေါ်လေးတို့နှစ်ယောက်စလုံးကို တစ်ချက်မျှပြုံး၍ နှုတ်ဆက် လိုက်ပြီးနောက် အိမ်ပေါ်သို့ ဣန္ဒြေရရပင် တက်လာသည်။ ထိုသူအိမ်ပေါ်သို့ ရောက်လာသည်အထိလည်း မြိုင်ရော ဒေါ်လေးပါ စကားမပြောနိုင်ကြသေး။ ကြက်သေသေနေကြ တုန်း ဖြစ်သည်။

"ဒေါ်လေးလည်း တော်တော့်ကို ပိန်သွားတာပဲ"

ဟု ထိုသူသည် ရှေးဦးစွာ ဒေါ်လေးကို နှုတ်ဆက်လိုက်ပြီးနောက် မြိုင့်အား ဘာမျှ မေးမြန်းပြောဆိုခြင်းမပြုဘဲ အတန်ကြာမျှ ကြည့်နေလေသည်။

ဆင်ဖြူ၏မျက်နှာကို ဆင်မည်းက မကြည့်ဝံ့သကဲ့သို့ ထိုသူအား မြိုင်သည် ကြည့်လိုလှပါလျက် မကြည့်ဝံ့သဖြင့် မျက်လွှာကို ချထားလိုက်သည်။ ထိုသူသည် သူ၏ အပေါ်အင်္ကျီအိတ်ကပ်အတွင်းမှ ဖြူဆွတ်သော လက်ကိုင်ပဝါကို ထုတ်ယူလိုက်ပြီးလျှင် မြိုင်၏မျက်လုံးအိမ်မှ မျက်ရည်များကို ကြမ်းပြင်ပေါ်သို့ မကျစေရန် သိမ်းဆည်းခြင်းပြုလေသည်။ ဤကဲ့သို့ မြိုင်၏မျက်လုံးအိမ်မှ မျက်ရည်ပေါက်များကို ထိုသူက သူ၏လက်ကိုင်ပဝါဖြင့် သိမ်းဆည်းလျက်ရှိစဉ် မောင်မောင်လတ်တို့ သားအဖ နှစ်ယောက်သည် ညှိုးငယ်သော မျက်နှာပေးကလေးများဖြင့် ဦးခေါင်းကို ငိုက်စိုက်ချ၍ အခန်းပြင်သို့ ထွက်လာကြသည်။ မေခင့်အခန်းထဲမှ မျက်နှာသေကလေးများဖြင့် မောင်မောင်လတ်တို့ သားအဖ ထွက်လာသည်နှင့်တစ်ပြိုင်နက် ဒေါ်လေးသည် မေခင့် အခန်းတွင်းသို့ ကတိုက်ကရိုက် ပြေးဝင်၍ သွားလေသည်။ ဤကဲ့သို့ ဒေါ်လေးအခန်း အတွင်းသို့ ဝင်သွားပြီးနောက် တအောင့်လောက်အကြာတွင်... “ညည်းအစ်ကိုကြီးနဲ့ တွေ့ ရအောင်မှ မစောင့်နိုင်တော့လို့လား မေခင်ရဲ့၊ ညည်းအစ်ကိုကြီး ပြန်လာပြီလေ... ညည်း ထပြီးတော့များ မကြည့်နိုင်ဘူးလားကွဲ့... ”

ဟူသော အော်ဟစ်ငိုယိုသံသည် တိတ်ဆိတ် ငြိမ်သက်နေသော အိမ်ကလေးအတွင်း၌ ပေါက်ကွဲအန်ထွက်၍ သွားလေသည်။

ဒေါ်လေး၏အခန်းတွင်းမှ ပေါက်ကွဲသံအန်ထွက်လာတော့မှ မောင်မောင်လတ်သည် မြိုင်နှင့် မြိုင်၏ မျက်ရည်များကို လက်ကိုင်ပဝါဖြင့် သိမ်းဆည်းပေးနေသူအား မြင်တော့သည်။ မောင်မောင်လတ်သည် သူ့နှမလုပ်သူ၏ မျက်ရည်စကလေးများကို လက်ကိုင်ပဝါဖြင့် သိမ်းဆည်းပေးနေသူအား မျက်နှာချင်းဆိုင်၍ မကြည့်ဝံ့ မကြည့်ရဲ သကဲ့သို့ ဦးခေါင်းကို ငုံ့ထားလိုက်သည်။

မြိုင်၏ မျက်လုံးအိမ်မှ မျက်ရည်စများကို ကုန်စင်အောင် သိမ်းဆည်းပြီးသောအခါ ထိုသူသည် မောင်မောင်လတ်အနီးသို့ ခပ်မှန်မှန်လျှောက်လာပြီးလျှင် မောင်မောင်လတ်၏ဘေးတွင် ဟိုကြည့်ဒီကြည့်နှင့် ဖြစ်နေသော ကလေးအား ပွေ့ ယူလိုက်ပြီးနောက်...

"လာ... ကိုမောင်မောင်လတ်... ခင်ဗျားတို့ သားအဖကို ကျွန်တော်ကားပေါ်ရောက်အောင် လိုက်ပို့ပေးပါရစေ..."

ဟု မှာကြားပြောဆိုကာ အိမ်ပေါ်မှဆင်းသွားသဖြင့် မောင်မောင်လတ်သည် ၎င်း၏နှမလုပ်သူ မြိုင့်အား တစ်ချက်မျှလှမ်းကြည့်ကာ... "ကိုလတ် ပြန်ဦးမယ်နော် မြိုင်... မခင့်အတွက် ကုန်ကျတဲ့စရိတ်ကို ကိုလတ်အိမ်ပြန်ရောက်ရောက်ချင်း အပို့ခိုင်းလိုက်မယ်လို့ ဒေါ်လေးကိုသာ ပြောပြလိုက်ပါ..."

ဟု ပြောဆိုပြီးနောက် အိမ်ပေါ်မှ ဆင်းသွားလေ သည်။

မောင်မောင်လတ်တို့ သားအဖအား ကားပေါ်သို့ တင်ပေးပြီးနောက် ကားထွက်သွားတော့မှ ထိုသူသည် အိမ်ပေါ်သို့ ပြန်တက်လာသည်။ အိမ်ပေါ်သို့ ပြန်တက်လာပြီး နောက် ထိုသူသည် အိမ်ခန်းအတွင်း၌ သေဆုံးနေပြီဖြစ်သော နှမလုပ်သူနှင့် နှမ၏ အလောင်းဘေးတွင် ငိုယိုနေသော ဒေါ်လေးဆီသို့ မသွားသေးဘဲ ကျောက်ရုပ်လိုရပ်နေသော မြိုင့်အနီးသို့လာ၍ ရပ်လိုက်သည်။

မြိုင်သည် ထိုသူအား မျက်နှာချင်းဆိုင်၍ မကြည့်ဝံ့သဖြင့် ဦးခေါင်းကိုသာ ငုံ့၍ ထားလေသည်။

"ဒီတစ်ခါတော့ ကိုတင်ဦးနဲ့ တစ်သက်လုံး အတူတူနေတော့မယ်မဟုတ်လား မြိုင်"

ဟု ကိုတင်ဦးက မြိုင်၏မေးဖျားကလေးကို ကြင်ကြင်နာနာ ကိုင်တွယ်စမ်းသပ်ရင်း မေးလိုက်သည်။

မြိုင်သည် ဘာပြန်ပြောရမည်ကို မသိတော့ချေ။ သိသည် တိုင်အောင်လည်း ပြော၍ ထွက်ချင်မှ ထွက်ပေတော့မည်။

"ကိုတင်ဦးကတော့ မြိုင့်ကို မျှော်လင့်ထားတယ်လေ..."

"မြိုင် ဒီဘဝမျိုး ရောက်လာခဲ့ပြီးမှ ဖြစ်ကောဖြစ်နိုင်ပါ့ဦးမလား ကိုတင်ဦးရယ် အမှန်အတိုင်းသာပြောရရင် မြိုင့်လို ယုတ်ညံ့တဲ့ မိန်းမစားတစ်ဦးဟာ ကိုတင်ဦးလို တကယ့် ယောကျ်ားကောင်းတစ်ဦးနဲ့ မထိုက်တန်တော့ပါဘူး..."

"မြိုင် နားမလည်သေးလို့ ဖြစ်ပါလိမ့်မယ်လေ၊ စင်စစ်တော့ မြိုင်ဟာ အခုမှ ကိုတင်ဦးနဲ့ ပိုတန်လာတာပါကွယ်..."

"ကိုတင်ဦး ဘယ်လိုစကားပြောလိုက်တာလဲ ဟင်..."

"မြိုင်ဟာ အခုမှ ဘဝမှန်ကို ရောက်လာခဲ့ပြီလေ.. ဒီလိုဆိုတော့ကော နားလည်ရဲ့လား"

"ဟင့်အင်း မြိုင်တော့ နားမလည်သေးဘူး"

"မြိုင်ဟာ အရင်တုန်းက အထက်တန်းစား မိန်းကလေးတစ်ယောက်ဖြစ်ခဲ့လို့ ကိုတင်ဦးလိုအောက်တန်းစား လူတစ်ယောက်နဲ့ ဘဝချင်း မတူခဲ့ကြဘူး... အခုတော့ မြိုင်ရဲ့ အထက်တန်းစားဘဝကို မြိုင့်ဘာသာ မြိုင်ဖျက်ဆီးပစ်လိုက်ပြီး ကိုတင်ဦးနဲ့ ဘဝချင်းတူတဲ့ အောက်တန်းစားဘဝကို ဆင်းလာခဲ့ပြီမဟုတ်လား၊ အခု မြိုင်နဲ့ ကိုတင်ဦး ဘဝချင်း တူသွားကြပြီမို့ ပိုတန်လာပြီလို ပြောရတာပါ..."

ကိုတင်ဦးက ဤကဲ့သို့ ရှင်းလင်းပြောပြလိုက်တော့မှ မြိုင်သည် သဘောပေါက်၍ သွားသည်။ ကိုတင်ဦးကိုလည်း ပို၍ နားလည်ခြင်း ရှိလာသည်။

ဘဝတွင် ဤသို့သော လူတစ်ယောက်နှင့် ပြန်လည်၍ နီးစပ်ခွင့်ရရှိရန် အနည်းငယ်မျှ မမျှော်လင့်ခဲ့သော မြိုင်သည် ယခုကဲ့သို့ ကိုတင်ဦး၏ထံမှ စကားကို ကြားလိုက် ရသောအခါ မိမိ၏နားကိုပင် သံသယရှိချင်သေးသလို ဖြစ်နေမိသည်။

မြိုင်သည် အိပ်မက်များပင် မက်နေခြင်းလော။ မဟုတ်ပါ။ မြိုင်သည် ယခုအခါ တွင် ကဗျာစာအုပ်တွင် မကိုင်တွယ်တော့ဘဲ စက်ချုပ်ခဲ့လေပြီ။

ကိုတင်ဦးသည် ဆုံးရှုံးလိုက်ခဲ့ရပြီဖြစ်သော အထက်တန်းလွှာမှ မယားပေါင်း မြိုင်နှင့် နှမလုပ်သူ မေခင်တို့၏အစား ယခုအခါတွင် မဏ္ဍိုင်ကွက်သစ်၌ စက်ချုပ်၍ စားနေရသည့် မခင်သစ်ကို အစားပြန်ရလေပြီ။

"ကနေ့ ကိုတင်ဦး ထောင်ကလွတ်လာတယ်၊ ကနေ့က စပြီးတော့

အိမ်ထောင်သစ်ကို ပြန်စကြစို့နော် မြိုင်…”

ဟု ကိုတင်ဦးက မြိုင်နားအနားသို့ ကပ်၍ ခပ်တိုးတိုး ပြောဆိုလိုက်သည်။

မြိုင်သည် စောစောက မျက်နှာချင်းဆိုင် မကြည့်ဝံ့ မကြည့်ရဲခဲ့သော ကိုတင်ဦး၏ မျက်နှာအား ယခုအခါတွင် ရွှန်းရွှန်းစားစားနှင့် မော်၍ ကြည့်နေမိသည်။ ရင်ထဲ၌လည်း ကြည်နူးနေမိသည်။

“စဆိုရင် ကိုတင်ဦးကတော့ ကနေ့ညကစပြီး စချင်တာပဲလေ… မြိုင့်သဘော ကကော ဘယ်လိုလဲဆိုတာ ပွင့်ပွင့်လင်းလင်း ပြောပြဦးမှပေါ့….”

မြိုင်က အနည်းငယ် ရှက်သွားသကဲ့သို့ ဦးခေါင်းကို ငုံ့ထားလိုက်သည်။ ထိုအခိုက် ဒေါ်လေးသည် အခန်းထဲမှ ပြန်ထွက်လာပြီးလျှင် ကိုတင်ဦးနှင့် မြိုင်တို့ လင်မယားကို တစ်ချက်မျှ လှမ်း၍ ကြည့်လိုက်ပြီးနောက်…

“မင်းတို့ လင်မယား ညအိပ်ဖို့ထက် မင်းတို့နှမကိစ္စ မြန်မြန်ပြီးသွားအောင် လုပ်စရာရှိတာလည်း လုပ်ကြဦးမှပေါ့ ကွယ်…”

ဟု ပြောဆိုကာ အိမ်ရှေ့မှ ဆင်းသွားသဖြင့် ပြန်ပေါင်းထုပ်ကြတော့မည့်ဆဲဆဲ မြိုင်နှင့် ကိုတင်ဦးတို့ လင်မယားသည် တစ်ယောက်မျက်နှာတစ်ယောက် မကြည့်ဝံ့ မကြည့်ရဲအောင် ဖြစ်လာကြသဖြင့် မျက်နှာချင်း လွှဲလိုက်ကြရလေသတည်း။ ။

❋ ❋ ❋

ပြီးပါပြီ

ဇန်းမော်တင်အောင်

Whisper of Words